
www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၉)
၂၀၁၅ခုနှစ် စက်တင်ဘာလ

# သရဖူ

မဂ္ဂဇင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

# သုဓမ္မာ

မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၉)
၂၀၁၅ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ






## ဘာသာရေးဆောင်းပါးများ


၅ တရားဂုဏ်တော်ပူဇော်လိုလျှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော
အောင်-စည်-တီး-ဖွင့်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

၁၃ မဟာဗောဓိမြိုင်
ဆရာတော်ဘုရားကြီးညွှန်ပြသော
သရဏဂုံပွားသူတို့
ထားရှိရမည့်ရှေးပြေးစိတ်ထားများ
မြဝင်း(ဒဿန)

၁၅ သောတာပန်တို့၏ဘဝနေအိမ်
ဖျာပုံတင်နိုင်ဝင်း

၁၇ ရဟန္တာအရှင်မြတ်မည်တွင်
ကျေးဇူးတော်ရှင် ဦးကေသရ
လျောင်းစက်ရာအောင်မြေ
အောင်သာကျော်

၂၆ မြတ်ဗုဒ္ဓဘုရားမိန့်မြွက်တရား
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၂၇ ဖွဲ့တင်းမှုအခြေမှာခိုင်
သံအင်းဂူရွှေကြာအိုင်ဝိပဿနာ
ထင်ကျော်စွာ(ဂန္ထိရရွာစု)

၂၉ မြသိန်းတန်တောရရှေးဘုရားများနှင့်
သက်တော်ရှည်ဆရာတော်ဘုရားကြီး
ခင်(တောင်ကြီး)

၃၉ မုန့်သည်မနှင့်အိုးဖိုးတစ်ထောင်
တက္ကသိုလ်ဝင်းမြင့်

၄၁ နေ့စဉ်အလုပ်ခွင်တွင်အဆင်ပြေသည့်
ဂါထာတော်
နတ်မောက်မင်းသန့်နိုင်

၄၂ ပရိတ်ကြီးနှင့်ပရိတ်တန်ခိုး
ဘိုဘို(ရွှေကံကူ)

၅၁ ထားဝယ်ရှင်ကိုးရှင်မှသည်
ထိုင်းနိုင်ငံ ကန်ချနာဘူရီဆီသို့
မောင်ပွင့်ဉာဏ်(မောရ)

၅၅ သေကျွတောင်ဆရာတော်
ဦးတိလောကအမှတ်တရ
တင်အောင်(စက်မှုတက္ကသိုလ်)

၆၁ ပေလီမြို့ ဂိုတ္တောရပ်ကွက်
ရေလည်ကျောက်ဆောင်ကြီးပေါ်တွင်
ထပ်မံတည်ထားကိုးကွယ်သည့်
အောင်ချာဇေယျ
မြသိန်းတန်နဂါးရုံဘုရား
ဌာပနာပိတ်အနေကဇာတင်အောင်ပွဲ
ရွှေချို့အောင်(ပေလီ)

၇၃ သရဏဂုံကိုယ်လုံးခြုံ
လုံးစုံဥပဒ်မရောက်ကပ်
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

၈၆ တောကြမ်းနယ်မြေ
အောင်မြင့်ထွန်း(မသုံးလုံး)

၉၆ ရင်ဆိုင်အတွေ့ကို
အောင့်ကာရှောင်ရှား
အာရုံငါးပါးသည်းခံထား
အာကာသ(သာစည်)

၁၀၃ ဘုန်းကံကြီးမား မင်းကေရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ (၉)
သစ္စာဝါဒီ-ဦးမြင့်အောင်

၁၀၆ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ရာဇဂြိုဟ်မြို့
မှ ပင့်ဆောင်လာသော မြတ်ဗုဒ္ဓ၏
ဓာတ်တော်အား ဌာပနာ၍ တည်ထား
ကိုးကွယ်လျက်ရှိသည့် ကချင်ပြည်နယ်
မိုးကောင်းမြို့နယ် ပင်းဘောဒေသမှ
ဓမ္မရာဇိကစေတီတော်မြတ်ကြီး
သထုံ-ငယ်ငယ်

၁၁၀ အမျိုးဘာသာ သာသနာအတွက်
စဉ်းစားသုံးသပ် ဆုံးဖြတ်နိုင်စေ
ကိုရွှေမြသန်း(သမိုင်း)

၁၁၄ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
ဝဏ္ဏသီရိ

၁၂၆ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၁၉)
ကံဝင်း

၁၇၉ ဗန်းမော်ဆရာတော်၏
ဂုဏ်တော်ဆယ်ပါးပုတီးစိပ်
ကောင်းသော်


## သုတရသဆောင်းပါး


၈၀ မဏ္ဍိုင်ငါးရပ်လျှို့ဝှက်ချက်
ဖုန်းရှိအောင်

၈၄ သတိ၊ ဝီရိယ၊ ပညာ
ချောင်းဆုံအုန်းသွင်

၁၀၂ နိုင်းနွားများအပူလျှပ်မဖြစ်စေရန်
နတ်မောက်မင်းသန့်နိုင်

၁၃၃ လက်ပံပင်ငဲ့မပြန်လာသူ (သို့)
လူဝင်စား မောင်စံပေါ်
အောင်သီဟ

၁၆၁ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ
မကွေးဝင်းမြင့်

၁၆၇ ဝေသာလီရွာအနောက်ဘက်ဘုန်း
ပန်းချီထူးလု
(ရှေးဟောင်းသုတေသန)


www.burmeseclassic.com

www.burmeseclassic.com


[illegible] မြေငလျင်လှုပ်ခြင်းနှင့်
ကြုံခဲ့ရသည်ရှိသော်
ထင်တရာ
[illegible] ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ကိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၆)
ပထမံဆရာဦးအေးရွှေ
[illegible] မဲဇာတံတားဖောက်ခွဲဖျက်ဆီးခဲ့စဉ်က
လှမိုး(ပညာရေး)
[illegible] ကျွန်တော်နဲ့ညီကြီး
ဆလိုင်းငွန်သိန်း(ရမည်းသင်း)
[illegible] မွေးကင်းစဖွံ့ဖြိုးမှုအဆင့်ဆင့်နှင့်
ဖြစ်ပွားတတ်သောရောဂါများ
ရီရီငွေး
[illegible] ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး
[illegible] ရခိုင်-သီရိလင်္ကာ
ဗုဒ္ဓသာသနာတော်
ဆက်ဆံရေးပုံရိပ်တချို့
ဝေမင်းဦး(စိတ်ပညာ)
[illegible] ရတနာသိုက်
လျှမ်းထက်
[illegible] ရွှေတိဂုံစေတီတော်မြတ်ဆိုင်ရာ
တံဆိပ်ခေါင်းပစ္စည်းများ
ကြည်လွင်
[illegible] ပန်းချီမှုရုပ်ရှင်ဖြစ်လာသည့်
"ဝေယဒီသ" ဇာတ်ကားကြီး
ကိုတိုး(ရန်ကင်း)
[illegible] ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏
အဂ္ဂိရတ်ဝါသနာ
လှမြင့်(ရန်ကုန်တက္ကသိုလ်)
[illegible] မြန်မာ့မုန့်ပဲသရေစာ
ရန်နိုင်
[illegible] ကျွေးရင်စားမယ်၊ စားရင်ကျွေးမယ်
ချောင်းဆုံအုန်းသွင်


## သုရဇ္ဇဝတ္ထုတို


[illegible] သိဒ္ဓိအဖုံဖုံ
ထွန်း(နောင်ချို)
[illegible] ပြကျောက်(၂)
နေပြည်တော်ကျော်ကျော်စိုး
[illegible] နတ်နှင့်နဂါးသီးခြားရှိနေ
ကျွန်းနဲ့သာမြေ
မောင်လင်းခိုင်
[illegible] ဘိုးဩဘာ၏ရွှေလုပ်နည်း
မင်းဟိန်းထိဝ်

၁၆၂ တောရွာမှပရဝိညာဉ်
အောင်ဆန်းလင်း(ဘီအေ)
၁၈၂ ဖဲသမားသာခင်နှင့်နတ်စောမေ
ကိုသဲယု(ပုဂံမြေ)
၁၈၈ ကြောင်ဝင်စားနိမိတ်
နေအောင်လင်း(စလေ)
၁၉၄ ကလေးအငိုတိတ်အောင်ပ
အောင်ဖြိမ့်မိုး
၂၀၀ ဂမ္ဘီရပညာရှင်တစ်ဦးနှင့်တွေ့ဆုံခြင်း
တင်တင်ဦး(ပေါင်းတည်)
၂၁၄ နားကိုက်တဲ့ကုလားလေး
စိုးထွန်း(ဥပဒေ)
၂၃၀ တူသောအကျိုးပေးခြင်း
နေဦး(အ·စ)အောင်ဆန်း
၂၅၄ ပွဲသာရွာမှဖြစ်ရပ်ဆန်း
မောင်လှထွေး(မြန်အောင်)
၂၇၀ ရန်ကုန်ထောင်ပျက်ကြီးထဲက
အတွေ့အကြုံ
စိုးရာဇာကျော်
၂၇၄ -သိုက်နန်းရှင်
မဟာသျှံ
၂၉၈ ရေတွင်းတူးသမားတစ်ယောက်
ပြောသောဇာတ်လမ်း
မျိုးသစ်
၃၀၂ အမှောင်လမ်းမှ
ချောက်ကမ်းပါးသို့လျှောက်ခဲ့သော
ရဲဘက်ပြေး အောင်လောက်
မောင်စိန်ဝင်း(ရွှေမိုးညို)
၃၁၄ လွတ်လမ်းမမြင်
ခင်မမလင်း(ကလော)
၃၃၈ ငါးညှီနံ့မွှေး
မျိုးညွန့်ဦး
၃၅၀ ရှင်ပြုအလှူပွဲနှင့်ထူးကဲဖြစ်စဉ်
ငြိမ်းဝေ(ပြည်)
၃၆၂ ဦးသိန်းရွှေနှင့်
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ(၂)
အဈ္ဈဝါလိုင်း
၃၇၀ ကျွတ်ကြီးဂရန်တောတန်းမှ
တဲလေးတွင်···
ဓာတ်ပုံ-မောင်မောင်အေး
၃၇၄ ကားသမားလှမှန်းနှင့်
လမ်းပေါ်မှပရလောကသားများ
မောင်မောင်တိုးမြင့်(မုံရွာ)


## သုရဇ္ဇအခန်းဆက်ဝတ္ထုရှည်


၂၄၂ ဂန္ဓာရီသမားအယူမှားသော်
ဖိုးကျော့
၂၈၆ ပညာရှင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)


## သုရဇ္ဇတိုင်းရင်းဆေး


၁၂၅ ဆင်ခွလည်ပြတ်နာမြန်စွာကုသပါ
သန္ဓါ(ဥပဒေ)
၁၃၆ ကမ္ဘာ့ဦးအချစ်သစ်သီး၏ဆေးဖက်ဝင်
အစွမ်းဖြင့် လူပဍ်ကျန်းမာနိုင်ကြပါစေ
ဦးမင်းဇင်(ရွှေနဝင်း)
၁၄၅ ထက်အောက်စုန်ဆန်
အော့အန်ဝမ်းကျ
နေပြည်တော်ကျော်ကျော်စိုး
၁၅၄ အပူနာအဖုအကျိတ်နှင့်
ကိန္နရာနာ၊ စက်တန့်နာတို့ကို
ပျောက်ကင်းစေသော
မြန်မာတိုင်းရင်းဆေးနည်းကောင်းများ
ရောမြေ-ကျော်ဝေ
၁၉၁ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)
၁၉၃ ပွေးပင်တစ်ပင်အသုံးဝင်
ဖိုးသုည(ဘဝမိတ်ဆွေ)
၁၉၇ ဆီးကျင်ဝေဒနာဆေးမခက်ပါ
နေပြည်တော်ကျော်ကျော်စိုး
၂၂၈ အိမ်တိုင်းစိုက်အပ်
အင်တာနေရှင်နယ်
ရှားစောင်းလက်ပပ်
ဝေစည်(ရွှေဘို)
၂၅၀ မွေးရာပါသဂ္ဂျန်းနာကုနည်း
နေပြည်တော်ကျော်ကျော်စိုး
၂၅၁ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်၊
လျှာလည်းလောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၉)
ရွှေနဝင်း(ပုသိမ်)
၂၆၄ သွေးတိုးအတွက်ဆေးနည်းမခက်
ရောမြေ-ကျော်ဝေ
၂၆၅ မျက်စိသူငယ်အိမ်အတွင်း
ပဆုပ်ပနီအတုပ်ခံရလျှင်
အောင်ဖြိမ့်မိုး
၂၆၉ သိဖွယ်မှတ်ဖွယ်
ကင်းအဆိပ်အတွက်
ဆေးနည်းကောင်းများ
ရောမြေ-ကျော်ဝေ
၃၄၂ အမျိုးသမီးများအတွက် ဆေးတစ်လက်
နတ်မောက်မင်းသန့်နိုင်
၃၄၉ လေးဖက်နာအတွက်
တောဖရုံဆေးရွက်(၄)
နေဝင်းဝင်း(ထွန်ဆေး)
၃၇၃ ဆီးပူ၊ ဆီးကျင်သော်
လှစွမ်းမြင့်(နတ်မောက်)
၃၈၉ ကျောက်တည်ရောဂါအတွက်
တင်နိုင်ဝင်း(ထမင်းဈေးမြို့)
၄၀၁ ဒူးနာ၊ ဒူးကိုက်၊
အဆစ်အမြစ်ရောင်သော်
နတ်မောက်မင်းသန့်နိုင်


www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၁၂၀ ကတ္တီပါဖိနပ်စီး၊
ရွှေထီးဆောင်းအစီအရင်(၂)
ဘြိရတနာ-ဆရာဇေယျာလင်း
(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)

၁၄၆ ဖုန်းရှေပညာသိကောင်းစရာ
ဦးအောင်လှိုင်(သုဝဏ္ဏ)

၁၇၅ ဘဝရှင်သန်ရာသင့်လက်မှာ
ဦးအောင်မင်း

၂၀၆ အမှတ်မထင်ခရီးနှင့်
အနီးဆုံးအတွေ့အကြုံများ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၂၄ မဟာကိန်းဂဏန်းများ
ကိုးနဝင်း

၂၈၂ တားရော့ဖြန့်ခင်းပုံနည်းစနစ်
ဆရာကြီး

၃၂၆ လက်တွေ့အမှိုက်ရှင်း
လက်ငင်းချမ်းသာ
မင်းပြည့်

၃၄၃ ဝိဇ္ဇာဓရမြန်မာ့အင်္ဂါရပ်ပညာ(၅၄)
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

၃၈၀ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
ဆရာစိုး-ရွှေအာရဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်း


## သုရဿလက်တွေ့အသုံးချ


၂၄ သောအန္တရာယ်ဟူသမျှကင်းဝေးကြပြီး
အလိုဆန္ဒပြည့်စုံစေသော
ဝဋ္ဋသုတ်နှင့်ငုံးမင်းစမ
ဆောင်ကြရအောင်
ပညာကျော်

၁၃၁ ကယုက်ကယုက်ပလ္လင်ခံနှင့်
ဗျည်းစမဘုရားကို
နမောဗုဒ္ဓါယဂါထာဖြင့်ပူဇော်လျှင်
ဘုန်းခေါင်

၁၉၉ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
ဦးအောင်စောလှိုင်(ပုသိမ်)

၂၁၇ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၂၄၁ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂန္ဓိရ)

၂၉၇ လိုသူများသုံးစေဖို့
မုဒိတာ(ကျိုက်လတ်)

၃၁၁ ဆန်းပြည့်ကွယ်အခါကြုံတဲ့
ဒီဝါခေါင်မှာ
ပန်းစကြာစမစီမံရအောင်
သုဓ္ဓ(နဝင်းမြို့)

၃၂၅ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၈၈ ပြည်မြန်မာ၏
၂၀၁၅ ခုနှစ်၊ ကန်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၉၀ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၃၉၃ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၉၆ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)

၃၉၈ ကားလာဘ်ကောင်းခြင်းအတွက်
သုရဿလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလွဲလွဲထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှုံးရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်ထွန်း
နင်းသဇ္ဇာကျော်

**ရုံးအဖွဲ့**
တင်မိုးနိုင်၊ သဲယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုထံ၊ နနနု၊ ဖြိုးရတနာ၊ စန်းထွန်းမြင့်
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၃၈
တမှုနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မဂ္ဂဇင်း**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကြီး**-ဂရိနီး၊ ဗိလုံ့မှာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



တရားဂုဏ်တော် ပူဇော်လိုလျှင်

- ဗုဒ္ဓကွယ့်ကြည်ညို
မှီခိုကြ ဂုဏ်ဝယ်မျှော်မှန်း
ပူဇော်ရာ ဆီမီးပန်း
ဆွမ်းနှင့်ရေချမ်း။

- သံဃကွယ့်ကြည်ညို
မှီခိုကြ ဂုဏ်ပုဒ်အထား
ပူဇော်ရာ ဘုရားအလား
ဆွမ်းစသည်များ။

- ဓမ္မကွယ့်ရည်ရော်
ပူဇော်လိုကြလျှင်ဖြင့်
ဓမ္မပေါ် ဓမ္မထား
တရားဖြည့်ကျင့်။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ပဋိပတ်တောကျောင်း)

ချစ်ရှုမဂ္ဂဇင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဇယန္တော ဗောဓိယာမူလေ၊
သကျာနံ နန္ဒိ ဝဍ္ဎနော၊
ဧဝ မေဝ ဇယောဟောတု၊
ဇယဿု ဇယမင်္ဂလေ။ ။

**သကျာနံ** - သာကီမင်းတို့၏၊ **နန္ဒိဝဍ္ဎနော** - နှစ်သက်မှုကိုတိုးပွားစေတတ်သောဘုရားရှင်သည်၊ **ဗောဓိယာ**-ဗောဓိပင်၏၊ **မူလေ** - အနီးတစ်ခွင်မြတ်ပလ္လင်၌၊ **ဇယန္တောယတာ** - မာရ်ငါးပါးကို အောင်တော်မူဘိသို့၊ **ဧဝ မေဝ** - ထိုနည်းလည်းကောင်းသာ. . . ။

**တေ (တုမှေ)** - သင်အလှူရှင်အပေါင်းတို့သည်၊ **ဇယော** - ဘေးရန်ခပင်း အောင်မြင်ခြင်းသည်၊ **ဟောတု** - ဖြစ်ပါစေသား. . . ။

**တေ (တုမှေ)** - သင်အလှူ့ရှင်အပေါင်းတို့သည်၊ **ဇယမင်္ဂလေ** - အောင်သင့်အောင်ရာမင်္ဂလာတို့ကို၊ **ဇယဿု** - ခရီးရောက်ရောက် ထီးပေါက်ပေါက်ဖြင့် ပြီးမြောက်လျှင်လျှင် အောင်မြင်ကြပါစေသတည်း။

အောင်စည်တီးဖွင့် အောင်သံလွှင့် ထီးပွင့်ဝုဒ္ဓိကျောင်း. . . ။

ဝါဆန်းဆယ်ပင် ဆင်ပေါ်တင် ပွဲဝင်အလှူပေါင်း. . . ။ ။

၁၃၇၅ ခုနှစ် (အောင်စည်တီးဖွင့်)

ဝါဆိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၉) နာရီဆိုသော မင်္ဂလာရက်ရာဇာအချိန်တွင် ဥဒေ ယျမိမ်တောရ၌ တည်ဆောက်ပြီးစီးသွားသော . . .

က။ သာသနာ့ဝုဒ္ဓိကျောင်းတော်နှင့် အခြံအရံအားလုံး. . . ၊

ခ။ ပုညဝုဒ္ဓိကျောင်းတော်နှင့် အခြံအရံအားလုံး. . . ၊

ဂ။ သီရိဆောင်နှင့်အခြံအရံအားလုံး (ရေကန်များပါ)

ဃ။ ၉-ခန်းကြီးဇရပ်နှင့် အခြံအရံအားလုံး (ရေကန်များပါ)

င။ ဓမ္မပဒလမ်းတော်ကြီးနှင့် အခြံအရံအားလုံး (တံတားများပါ)



www.burmeseclassic.com

www.burmeseclassic.com



အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားစီရင်တော်မူသော

# အောင်-စည်-တီး-ဖွင့်

ထိုအားလုံးတို့ စုပေါင်းရေစက်ချ ပွဲ ကျင်းပကြသည်။

ဝါဆန်းဆယ်ပင် ဆင်ပေါ်တင် ပွဲဝင်အလှူပေါင်း (အဓိပ္ပာယ်)

ထိုသည့် ထာဝရသာသနိက အဆောက်အဦများ၏ ရေစက်ချ ပွဲဝင်ရက်သည် နှစ်အားဖြင့် တစ်ထောင့်သုံးရာခုနစ်ဆယ့်ငါးခုနစ်ဆိုသော ကောဇာနှစ်၌ဖြစ်ခြင်းကြောင့် 'အောင်-စည်-တီး-ဖွင့်'စာစဉ်ဖြစ်ပေါ်လာသည်။ထိုစဉ်. . .

'အောင်' ကား တစ်ဂဏန်း၏ သင်္ကေတ။

'စည်'ကား သုံးဂဏန်း၏သင်္ကေတ။

'တီး'ကား ခုနစ်ဂဏန်း၏သင်္ကေတ။

'ဖွင့်'ကား ငါးဂဏန်း၏သင်္ကေတ။

ဤဧဍ ယျမ်ကျောင်းလွှတ်ပွဲတော်ကြီး၏မှတ်တမ်းကို ပြီးခဲ့သော ဝါခေါင်လပြည့်နေ့ကပင် အဆုံးသတ်ပြီးစီးခဲ့လေပြီ။

တစ်ဖန်. . . ထိုလပြည့်နေ့မှာပင် ဗွီဒီယိုမှတ်တမ်းပြားများရောက်ရှိလာ၏။ ထိုညကဖွင့်ကြည့်လိုက်သောအခါ. . .

အောင်-စည်-တီး-ဖွင့်ကလည်း ကဗျာ့ကစား မစုံမလင်တွေ့ရ၏။

နေ့ရက်မှတ်တမ်းစာကလည်း မပီမပြင်တွေ့ရပြန်၏။

သို့ကြောင့် ဤစာတမ်းကို ထပ်ကျော့မှတ်တမ်းအဖြစ် ရေးရပြန်ပါ၏။

ဤ၌ ဧဍ ယျမ်တောရကို ဖန်ဆင်းပေးကြသော ဆင်ကြီးနှစ်ကောင်က စတင်ကာ ရေးပြလို၏။

တို့များ၌ မဟာမြိုင်၏ မဟာဗောဓိမြိုင်နာမည်အနုကြမ်းစီးမှုကြီးနှင့်ရင်ဆိုင်နေရ၏။ သို့ကြောင့် မဟာမြိုင်မှ အကျွတ်အလွတ် ထွက်ကာ. . .


မဟာမြိုင်၌ လေးကျွန်းမာရ် အောင်ဘုရားတည်တာ ငါတို့မဟုတ်ကြောင်းပြလို၏။

မဟာမြိုင်အစောင့်များကို ချုပ်နှောင်ခိုင်းစားတာလည်း ငါတို့မဟုတ်ကြောင်းပြလို၏။ သို့ ပြလိုသောအခါ ရုတ်တရက်ကို အသုံးချမှုဖြစ်မည်။ နူတ်လုံသူများကို တာဝန်ပေးမှုဖြစ်မည်။ သည်အတွေးများဖြင့် ၇၃-ခုနှစ် တပေါင်းလပြည့်ကျော်တွင် ရှမ်းတောင်မှ လားဟူ၊ လီရှော၊ ရှမ်း သုံးရာကျော်တို့ မဟာမြိုင်သို့ လာရောက်ကြရာ . . . ထိုအထဲ ဦးဝိလာသ(ဦးဝင်းဆွေ)ဆင်တစ်ကောင်လည်း ရောပါလာခဲ့၏။ ယင်းကို သိသန့်ခေါ်ကာ မဟာမြိုင်မှ တန်ခူးလဆန်း



www.burmeseclassic.com

www.burmeseclassic.com




၁၃ - ရက်နေ့ထွက်လိုကြောင်း၊ ကား စီစဉ်ပေးစေလိုကြောင်း တာဝန်ပေးလိုက်သည်။

ယင်း ဗုဒ္ဓဟူးသားဦးဝင်းဆွေသည် ငါတို့နှင့် ညီတော်၏။ မန္တလေး၌ အိမ်မြေခြံအရောင်းအဝယ်ဖြင့် အသက်မွေးဝမ်းကျောင်းနေ၏။ သို့ကြောင့် မန္တလေးကားဖြင့် မဟာမြိုင်မှထုတ်ယူရန် မျှော်လင့်၏။

၇၄-ခုနှစ် တာကူး(တန်ခူး)လဆန်း ၁၃-ရက်၊ ဗုဒ္ဓဟူးနေ့ နေ့ရောက်သော အခါတွင်ကား မန်းကားမဟုတ်၊ မန်းသားလည်းမဟုတ်။ ဇီးကုန်းမှ ဒေါက်တာလှထွန်းဝင်းနှင့် ၎င်းပိုင်ကား ဖြစ်နေ၏။ ထိုကား မန္တလေးမှ ယမန်နေ့ကပင် ဝယ်ယူ၍ မောင်းလာသော ကားသစ်။ ယင်း ဒေါက်တာလှထွန်းဝင်းကလည်း ဗုဒ္ဓဟူးဖွား ဆင်တစ်ကောင်ပင် . . . ။

၁၃-ရက်နေ့ ည ၇း၀၀နာရီတိတိ အချိန်တွင် ဆင်ကြီးတစ်ကောင် ဆွဲယူသွားသောအတိုင်း လိုက်ပါခဲ့ရ၏။ ၁၄-ရက်နေ့ ည ၇း၀၀ နာရီတွင် မိုးမိတ်သို့ရောက်၏။ အနောက်မှ အရှေ့သို့ . . . မလယ်မှ မိုးလယ်သို့အပြောင်း . . . ။

ထိုစဉ်က ငါတို့အကြံကား မဘိန်းနှင့် မိုင်-၃၀ လောက် အဝေး၌ရှိသည်ဆိုသော ကျောက်တောင်ကြီးတစ်လုံးထဲမှ ဂူအလုံးပေါင်း-၉၀ သဘာဝအတိုင်းဖြစ်တည်နေသောနေရာသို့ တစ်ပါးထီးတည်းနေရန် အကြံဖြင့်လာ၏။

ဆင်ကြီးနှစ်ကောင် ထိုအထိ အပို့ခိုင်းက ယင်းတို့၌ တာဝန်မကင်း ဖြစ်နေ၏။ အားလုံးက မေးကြမည်။ မပြောမကောင်း ပြောမကောင်း ဖြစ်တော့မည်။ သို့ကြောင့် မိုးမိတ်အရောက် ကားပေါ်ကဆင်း၍ မဘိန်းဘက် လမ်းလျှောက်သွားရန် စီစဉ်ခဲ့ရ၏။ သို့သော် . . . ကံကငါ့နောက်မလိုက် . . . ။

နောက်နေ့ (လပြည့်နေ့) နံနက်ညခိုရာ မိုးဘုံရွာနားမှနေ မိုးမိတ်သို့ပြန်လာရာ ဆင်ကြီးနှစ်ကောင် တည်းခိုရာ မြနှင်းဝေတည်းခိုခန်းရှေ့ ဖြတ်လျှောက်မိလျက်သား ဖြစ်တော့သည်။ မြင်သည်နှင့် လိုက်လာကြ၏။ ဆွမ်းလောင်း၏။ ပြီး . . . နောက်ယောင်ခံကားနှင့်လိုက်ကြ၏။ ရွှေစာရံရွာတွင် နေရစ်ကြတော့ ပြောယူရ၏။ ၎င်းတို့နေရစ်သည်နှင့် မကြာမီ အတားနှင့်တိုးမိ၏။

အုန်းချောရွာသစ်၏ နတ်ကွန်းကြီးအနီးအရောက်တွင် နတ်ပွဲပြင်ရန် ခေါင်းပေါ်၌ အုန်းငှက်ပျောများ ရွက်ထားသည့် မာတုဂါမက "အရှင်ဘုရား၊ တပည့်တော်အိမ် ကြွပါဦး။ ဆွမ်းကပ်ချင်လို့ပါ" သည်ကလည်း ပါလာသော ဆွမ်းထုပ်ကလေးချစားရန် နေရာအခက်တွေ့နေတုန်းဆိုတော့ ရှောရှောရှူရှူပင် သူမနောက်က လိုက်ပါမိလျက်သား ဖြစ်သွားတော့၏။

ဆွမ်းကပ်၏။ အနီးမှလည်း လာ၏။ ရွှေစာရံမှ ငါတို့အခြေကို အကဲခတ်နေသူများလည်းလာ၏။ ဆွမ်းစားရင်း အမေး အဖြေလုပ်ကြ၏။ နောက်ဆုံးကား မဘိန်းမကောင်း မိုးမိတ်သာကောင်းသည်။ မဘိန်းနယ်ကား မဆိတ်ငြိမ်၊ မိုးမတ်နယ်၌ကား ဆိတ်ငြိမ်နေရာရှိသည်။

သို့ဖြင့် ထိုသည့်ငါ မဘိန်းသွားကားလမ်းမကြီးပေါ် တင်ထားသောခြေတို့ကို မိုးမတ်ရွှေမြင်တင်သွားရာလမ်းကြား ချထားလိုက်ရပြီ။ လပြည့်မှ လပြည့်ကျော် ၆-ရက်အထိ ရွှေမြင်တင်၌ မဟာဗောဓိမြိုင်ဆရာတော် ဖူးမြော်ပွဲကြီးအကျင်းပခံရ၏။ နောက်ရက် လပြည့်ကျော် ၇ - ရက် နံနက်တွင်ကား မပဒ်ဂူရှိရာသို့ ပြောင်းခဲ့ပြီ။

ထိုဂူသည် မြို့ရွာများနှင့် ၄-မိုင်ကျော်ကွာဝေး၏။ လူများစီးပွားဝမ်းစာရှာဖွေစရာ လုပ်ကွက်မရှိ။ တိတ်ဆိတ်အေးဆေး၏။ ထိုမှနေ ၄-မိုင်ခန့်ဝေး၍ ဂူနှင့်အနီးဆုံးဖြစ်သောအထက်(အောက်)ညောင်နီရွာသို့ လပြည့်ကျော် ၈-ရက်နေ့မှ စတင်ကာ ဆွမ်းခံဆင်း၏။



www.burmeseclassic.com

www.burmeseclassic.com

ပြီးသော် ဒကာများ ပြင်ပေးထားသည့်နေရာတွင် ဝင်ထိုင်မိ၏။ ကပ်သမ္မစား၍ အမောအပန်းဖြေရ၏။ ပြေသွားပြီ။ အားပြည့်လာပြီ။ တပည့်တော်များအား သီလတရား ချီးမြှင့်ပေးသနားပါဘုရား. . . လာပြီ။ အချိန်ကလည်း သင်္ကြန်တွင်းကာလအချိန်ပေကိုး။ သည်ကလည်း မဟာဗောဓိမြိုင်ဘွဲ့ပိုင်ရှင်ပေကိုး. . .။ သို့ဖြင့် ရက်တိုင်းစေ့ဆွမ်းခံကြ၏။ ကပ်သမ္မစားရ၏။ ပြန်လည်တရားဟောပေးရ၏။

မကြာလှပါ. . . မဟာဗောဓိမြိုင်ဆရာတော် မိုးမိတ်မှာ တရားဟောနေပြီတဲ့. . . ထိုသတင်းက မြန်မာပြည်တစ်နံတစ်လျား ပျံ့နှံ့သွားတော့သည်။

၆၁-ခုနှစ်မှ ၇၃-ခုနှစ်အထိ လုံး၀ တရားမဟောခဲ့သော သည်ကိုယ်တော် . . .

အတင်းရော အဓမ္မ ပတ်လိုက်ကပ်လိုက်လိုသည်များကို လက်မခံသော သည်ကိုယ်တော်. . . ပုံရိုင်းဖြင့် နှိုင်းရသော် နွားသိုးပေါင်းများစွာ လိုက်ပါတတ်လွန်းလှသဖြင့် ပြေးနေရသည့် အရိုင်းမ ပြေးရင်းလွှားရင်းကပင် ဝါးချုံ၏အကြား ဦးခေါင်းတစ်ဆုံး ဝင်သွားသဖြင့် တိုးမရဆုတ်မရအဖြစ်ဆိုးနှင့် ကြုံရသည့်ပမာ. . .

လာကြသည်မိုးကုတ်က၊ မန္တလေးက အခြားနီးရာရာတို့က. . .။

လာကြသည် ရန်ကုန်က အထက်၊ အောက် မြို့များစွာတို့က. . .။

သို့ကြောင့် တစ်နေ့ပြီးတစ်နေ့ လူလှိုင်းကြီးများ ပင်လယ်ဒီရေတက်နည်း ပမာ ဖြစ်လာနေပြီ။

ကဆုန်လဆန်း-၅ရက်နေ့။ ထိုနေ့က ဦးလှထွန်းဝင်း (ဒေါက်တာ) လာသည်။ ငါတို့နှင့်အတူ ဆွမ်းခံလိုက်လာသည်။ လမ်းသွားရင်း စကားပြောမိသည်။

"ပရိသတ်က လျော့မသွားဘူး။ တိုးလာနေတယ် ဦးလှဝင်းရဲ့။

သည်အတိုင်းဆို ဆိတ်ငြိမ်စရာလမ်းမမြင်တော့ဘူး. . .။ သည်တော့ မိုးမိတ်ကထွက်ဖို့ ကြိုးစားကြစို့ရဲ့. . .။ ငါတို့သဘောဆိုလျှင် မလည်ရဲ့မြောက်ဘက်နားတစ်ဝိုက် နေရာရှာဆောက်စေချင်တယ်. . ."

သို့ဖြင့် ဦးလှထွန်းဝင်း(ဒေါက်တာ) ပြန်သွားပြီ။ ဦးဝင်းဆွေနှင့် တိုင်ပင်ကြသည်။ ဘုန်းကြီးက ဘုန်းကြီးကြိုက်ပြောသဖြင့် သူတို့က သူတို့ကြိုက် စီစဉ်ကြသည်။

ဘုန်းကြီးကြိုက်က ဂေါစရဂါမ်နှင့် ဝေး၍ အသွားအလာခက်ခဲသောနေရာ . . .။

လူကြိုက်ကား သူတို့ရွာများ (ဂေါစရဂါမ်) နှင့်နီး၍ အသွားအလာလွယ်သောနေရာ။ သို့ဖြင့် နတ်တလှ ဂေါစရဂါမ်၏ နယ်ထိပ်ဖြစ်သော စကျင်ရွာနှင့် သုံးမိုင်ကွာဒေသတွင် 'ဥယျာဉ်တောရ' စီစဉ်ကြတော့သည်။

နယုန်လဆန်း ၈-ရက်တွင် အားလုံးပြီးစီးသည်။

ဥယျာဉ်ကျောင်း ကုဋီခန်း၊ ရေချိုးခန်းများ ဆိုလာမီးများ အပါအဝင် . . . .။

ကပ္ပိယကျောင်းနှစ်ကျောင်းဆိုလာမီးများ အပါအဝင်. . .။

ရေတွင်း ရေကန်နှင့်ရေချိုးတုံကင်များ. . .

ရေတင်စက်နှင့် ရေတင်စင်. . . ပြီး ခြံဝင်းနှင့် ခြံတံခါးကြီး. . .။

ဆင်နှစ်ကောင် ရင်ဘောင်တန်းဖြင့် ထိုအားလုံး တစ်လလောက်နှင့် ပြီးစီးသည်။ ဘူးခင်းကြီးထဲက ဘူးသီးလုံးများသည် မပါမဖြစ် ပါရ၏။

၁၃၇၄-ခုနှစ် နယုန်လဆန်း ၁၃-ရက် သန်းခေါင်ယံအချိန်တွင် ဆင်နှစ်ကောင် ရင်ဘောင်ဆွဲဖြင့် မိုးမိတ်မှ ဥယျာဉ်သို့ထွက်ခွာလာခဲ့ကြပြီ။မဟာမြိုင်တနေ အရှေ့ထိုး၍ နောက်ပြန်ကွေ့ခဲ့ရပုံများ. . .။

သို့ဖြင့် လဆန်း၁၄-ရက်နေ့နံနက် ၁၀း၁၀ နာရီတွင် ဥယျာဉ်သို့ဝင်သည်။

ရောက်ရောက်ချင်း ဥယျာဉ်ကျောင်းပေါ် တက်၏။ ပစ္စည်းများထား၏။ ပြီးသော်. . . ကျောင်းဝင်းထဲလှည့်လည်ကြည့်ရာ . . . တစ်လအတွင်း သည်မျှ ကြီးကျယ်ခမ်းနားစွာ စီစဉ်ထားသည်ကို ကြည့်၍ -

"ခင်ဗျားတို့ ဆင်ကြီးနှစ်ကောင်က ဘာလုပ်လုပ် ကြီးကြီးကျယ်ကျယ်ချည်းပဲ၊ မဆန်းပြား မခမ်းနား ခင်ဗျားတို့က အိပ်မပျော်မယ့်ပုံဘဲ. . ."

ဝေဖန်မိခဲ့၏။

မြိုင်ဆူ၍ ဂူပြောင်း ဂူကလည်း လူချောင်းပေါက်လာသည်။

တစ်ဖန်. . . ဂူစောင်း၍ကျောင်းခို ကျောင်းမပြိုဖို့တော့ လိုလိမ့်မည်။

၇၄ - ခုနှစ်၏ ဝါသည် ဥယျာဉ်တောရ၏ ဥယျာဉ်ကျောင်း၌ ဝါဆိုရ၏။ ဝါကျွတ်ပြီ. . .။ ဝါကျွတ်၍မှ တစ်ပတ်မပြည့်မီ ဆင်ကြီးနှစ်ကောင် ရောက်လာကြ၏။ ခိုင်ခံ့သော တိုက်တာ ဆောက်လုပ်ရန် ဒေါ်ရီရီဝင်းက အလှူ့ကိုခိုင်း၍ဆို၏။ ဒေါ်ရီရီဝင်း ဆိုသူက ဦးလှထွန်းဝင်း၏ ဇနီးသည် . . .။

"ခင်ဗျား မိန်းမခိုင်းတိုင်း လိုက်လုပ်နေ"

ဟန့်ရသေး၏။ ပြီးမှ . . .

"ဆောက်တော့ဆောက် ဖုတ်မီးတိုက်မလုပ်နဲ့။ မတန်တဆမလုပ်နဲ့ . . .။

ဝန်နဲ့အားမျှတအောင်ချိန်။ ဒေသနဲ့အဆောက်အအုံမျှတအောင်ချိန်. . . လုပ်ချင်တာထက် လုပ်နိုင်တာကို ဦးစားပေးရွေး. . ."

ပြောလိုက်မိသည်။ သို့ဖြင့်. . .

ငါတို့နေမည့် (သာသနာ့ဝုဒ္ဓိကျောင်း) က တန်ဆောင်မုန်းလပြည့်နေ့ ပန္နက်တင်။

ကပ္ပိယတို့နေမည့် (ပုညဝုဒ္ဓိကျောင်း) က နတ်တော်လပြည့်နေ့ပန္နက်တင်။ ပြီးသည်နှင့် မန္တလေးမှ ပန်းရန်ပညာရှင်အဖွဲ့ အလျင်ဝင်ပြီးလုပ်သည်။ နောက် ဇီးကုန်းလက်သမားအဖွဲ့ဝင်ပြီး အားဖြည့်ပေးကြသည်။

တစ်ဆောင်းကား တုန်ပြီ၊ အဆောက်အအုံများက မဖြုန်။

တစ်နွေပါကုန်သွားပြီ၊ အဆောက်အအုံများက မဖြုန်။

ဘာ့ကြောင့်. . .။ ငါတို့ကိုလှူမည့် သာသနာ့ဝုဒ္ဓိကျောင်းကြီး၌ အစွမ်းကုန်ခြယ်မှုန်းနေကြ၍. . .။

ကျောင်းအပြင်. . . ဝင်းတစ်ခုလုံး အုတ်တံတိုင်းကြီးများ ကာသည်။ ဝင်းတစ်လုံး သမံတလင်းများ သွန်နေရာနှင့်သူ ခင်းသည်။ ပင်းတစ်ခုလုံး အမွှေးရော အကြိုင်ရော ပေးမည့် ပန်းမျိုးစုံ စိုက်သည်။ ရေလှောင်ကန်ကြီး ပြုလုပ်သည်။

ကြီးကျယ်၍ အလှကြိုက်၊ အကောင်းကြိုက် ဆင်ကြီးနှစ်ကောင်တို့၏ လက်ရာများ. . .

တစ်ဖန်. . . ကျောင်းအတွင်း၌လည်း ကြမ်းခင်းအားလုံး ကျောက်ပြားခင်းသည်။ ရေချိုးခန်း၊ ကုဋီခန်းများ၏ နံရံအားလုံးကြွေပြားများကပ်ထားသည်။ ချိုးရေကန် အတွင်းရောအပြင်ပါ ကြွေပြားများကပ်ထားသည်။

အခန်းတိုင်း မှန်ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com

ကျယ်များထားရှိသည်။

အပေါက်များအားလုံး ဟိုတယ်သုံး ခန်းဆီးလိုက်ကာများ တပ်ဆင်ထားသည်။

ဆိုလာမီးအားလုံး L.E.D မီးခွက်များချည်းဖြစ်ကြသည်။ ဘုန်းကြီးတစ်ပါးနေစရာနှင့်မတူ။ လူဇိမ်ခံများ နေရာနှင့်သာ တူတော့သည်။

ထိုစဉ် ဆင်ကြီးနှစ်ကောင်တို့ကို တစ်ပေါင်းကျော်သည်နှင့် ငါတို့အော်ရပြီ။ ဆင်နှစ်ကောင့်ဒဏ် မခံနိုင်တော့၍ . . . ။

"ခင်ဗျားတို့ ကိုယ်လုပ်ချင်တာချည်း တွန်းလုပ်မနေကြနဲ့။

ဘူးသီးတွေ ရိတ်သိမ်းချိန် မအားမလပ်ဖြစ်နေတာလည်း မျှော်ကြည့်ဦး။

အလုပ်သမားသုံးနပ်ကျွေးစရိတ်၊ နေ့စားစရိတ်များက ကျောင်းများထဲ ဝင်တဲ့ငွေကြေးနဲ့ အညီအမျှဖြစ်တော့မယ်. . . ။

လာသမျှ လုပ်အားပေး ဆီးကျွေးနေရတဲ့ စရိတ်ကလည်း တွက်ကြည့်ဦး . . .

အကောင်းက ငွေကုန်ခံမှ၊ အချိန်ပေးမှရတယ်ဆိုတာ သဘောပေါက် . . ."

သို့ စကားရိုက်မောင်းပုတ်မောင်းလုပ်ပေးမှ လက်စသတ်ကြ၏။

၇၅ - ခုနှစ် ဝါဆိုလဆန်း ၉၊ ၁၀ ရက် (အင်္ဂါ၊ ဗုဒ္ဓဟူး) တွင် ပွဲကျင်းပရန် သတ်မှတ်၏။

"တို့မပြော တန်ဆောင်မုန်းအထိ နှစ်ပတ်လည်မယ်"

ဦးလှထွန်းဝင်းအား အပြော။ ဦးလှထွန်းဝင်းကလည်း-

"မပြော လည်မှာ"

ဟု ပြန်လျှောက်သည်။

ကျောင်း၊ လမ်း၊ တံတားအမည်များ သတ်မှတ်ပေးသည်။

(က)သာသနာ့ဝုဒ္ဓိကျောင်းတော် - ဤကျောင်းနေ သံဃာများ သာသနာ့ကြီးပွားရာ၊ ကြီးပွားကြောင်းများကိုသာ ကျင့်သုံးဆောင်ရွက်တော်မူကြရန်ရည်၍ . . . ။

(ခ) ပုညဝုဒ္ဓိကျောင်းတော်-ဤကျောင်းနေ ဝေယျာဝစ္စအမှုဆောင် ကပ္ပိယများ ကောင်းမှုကုသိုလ် တိုးပွားရာ တိုးပွားကြောင်းများ ဆောင်ရွက်ကြရန်ရည်၍ . . . ။

(ဂ) သီရိဆောင်-ချက်ပြုတ်စားသောက်ကြရာ၌ ဣန္ဒြေရှိကြရန်ရည်၍ . . . ။

၁။ ဓမ္မပဒလမ်းတော် - တရားအကြောင်းပြု သွားလာရာလမ်းဖြစ်ရန်ရည်၍ . . . ။

၂။ ဓမ္မပါလက တံတား - တရားအစောင့်ဖြင့် ကျော်ဖြတ်ကြရန်ရည်၍ . . . ။

၃။ ဓမ္မဒီပကတံတား- တရားပွင့်လင်းခြင်းဖြင့် ကျော်ဖြတ်ကြရန်ရည်၍ . . . ။

ယင်းတို့ကို ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၉၊ ၁၀-ရက်တို့တွင် ကျောင်းလွှတ်ပွဲ ဆင်ယင်ကျင်းပ၏။ ပရိသတ်အာရုံစိုက် အများဆုံးခံရသောပွဲ ဖြစ်ခဲ့၏။

နောင်လာတို့ မှတ်မိစေရန် အတိုကောက် ကမ္ပည်းဆောင်ပေးထားခဲ့၏။

- အောင်စည်တီးဖွင့် အောင်လံလွှင့် ထီးပွင့်ဝုဒ္ဓိကျောင်း . . .
- ဝါဆန်းဆယ်ပင် ဆင်ပေါ်တင် ပွဲဝင်အလှူပေါင်း. . . ။

ရေစက်ချပွဲက ဝါဆိုလဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့မှာ . . . ငါတို့ကား လဆန်း ၇ - ရက်၊ တနင်္ဂနွေနေ့ကပင် ပြောင်းရွှေ့လာခဲ့ပြီ။ လဆန်း ၈-ရက်နေ့ ဘူးသီးများ အလုပ်ဝင့်ကြမည် ဖြစ်သောကြောင့်။

- ဤနေရာသည် အရှေ့မှနေ အနောက် ပြန်ကွေ့ဒေသ. . . ။
- ဆင်နှစ်ကောင်တို့ကား မိုးမိတ်ရှမ်းတို့ကပြန်မပေးဘဲနှင့် ငါတို့ကိုပြန်ကပေးဆွဲလာသော ဆင်နှစ်ကောင် . . . ။
- ယခုနေခွင့်ရ သာသနာ့ဝုဒ္ဓိကျောင်းတော်ကြီးကား မဘိန်းဂူ . . . ။ မိုးမိတ် မပဒ်ဂူ ထိုဂူတို့ဖြတ်ခြားရာအကြား အစားထိုးဂူကျောင်းတလား . . . ။

သို့ဖြစ်ရာ. . . ငါတို့သည် ဤကျောင်းကိုလျှင် ဂူကျောင်းအဖြစ် အသိအမှတ်ပြု၏။ ဤကျောင်းကိုပင် ဂူအဖြစ် သီတင်းသုံး၏။

အနီးနေ ကပ္ပိယလုံထိန်းများကလည်း. . . မည်သူလာရပ်ရပ် ဧည့်ယျမ်တောရဆိုင်းဘုတ် ချိတ်ဆွဲထားသောဂိတ်မှနေ ရှေ့မကျော်စေရ။ မေတ္တာရပ်ခံနည်း သုံးကြ၏။ 'ဆရာတော် အဓိဋ္ဌာန်ဝင်နေတယ်' စကားဖြင့် လိမ်ပေးကြ၏။ ငါတို့ကလည်း အပြင်ထွက်မပြ။ အပြင်ထွက်စရာရှိ နောက်ကျောကပင် ထွက်၏။ ဝင်စရာရှိလည်း နောက်ကျောမှပင် ဝင်၏။

အားလုံးက ဂူကျောင်းအောင်းနေသည် ထင်ကြ၏။ ငါကား မဟုတ်ချေ . . . ။

အားလုံးက တရားအားထုတ်နေပြီ ထင်ကြ၏။ ငါကား မဟုတ်ချေ. . . ။

ဟုတ်ချေသည်မှာ နေ့ပုန်း ညထွက် ညငှက်ပမာမျိုးသာ. . . ။ အားထုတ်ချိန်တိုင်း စားချိန်စား၊ နားချိန်နား၊ စားရေးချိန်စာရေးသားနေခြင်းသာ။

ကျောင်းဒကာ၊ ကျောင်းအမများ (ဘုရားဒကာ၊ ဘုရားအမများ) နှင့် ဝေယျာဝစ္စဖြင့် ကုသိုလ်ဝင်ပါကြသော ဒကာ၊ဒကာမတို့၏စေတနာငှဲ၍ တစ်နေ့ ရှစ်ကြိမ်ကျကာ တရားထိုင်ပေးသေးသည်။ ထိုစဉ်. . .

(က) နံနက် ၆:၀၀၊ ၈:၀၀နာရီ နှစ်ကြိမ်။

(ခ) နေ့လယ် ၂:၀၀၊ ၄:၀၀နာရီ၊ နှစ်ကြိမ်။

(ဂ) ည ၆:၀၀၊ ၈:၀၀၊ ၁၀:၀၀၊ ၁၂:၀၀ နာရီ လေးကြိမ်။ ပေါင်း ရှစ်ကြိမ်၊ (၈) နာရီ။

ကျန်သော ၁၆-နာရီများကား ဆော့မြဲဆော့ပေ့ါမြဲပေ့ါသာ. . . ။

အထက်ပါ ၈-ကြိမ်တို့ကို လေးလ တစ်ကြိမ် အဓိဋ္ဌာန်တင်၍ အားထုတ်၏။

နာမကျန်းဖြစ်လာခဲ့သော်. . . ကန်တော့ပါသေးရဲ့။

သာသနာ့ကိစ္စ လက်ခံနေရသော် . . . ကန်တော့ပါသေးရဲ့။

ခရီးသွားလာနေရသော် . . . ကန်တော့ပါသေးရဲ့. . . ။

ထိုခြွင်းချက်သုံးချက်မှလွတ်သော် မချွတ်မချော်မရှိ ထမ်းဆောင်၏။

သို့သော် သာသနာ့ဝုဒ္ဓိရောက်ကာစ ဝါဆို၊ ဝါခေါင်အတိတွင်ကား ရာသီဥတုက ပူအိုက်ခြင်းဖြင့် တို့၍စမ်းသပ်နေချေရာ . . . ၊ ကျောင်း၏အခိုးပျံ့ အပူလှိုင်းများကဆွ၍စမ်းသပ်နေချေရာ . . . အပြင်ကိုယ်ခန္ဓာတွင်မက ဝမ်းတွင်းပါ ပူကျက်စွာခံစားနေရပြီ။ ဝဋ် (ဝတ်) ရှိလို့ စွပ်မိပါသဖြင့် ပြီးပြေနေရသည်။ သွေးများ (ရေများ) ၏ ယိုစီးဖွဲ့စည်းများကို အပြင်းခုခံနေရသည်။ ထိုအားလုံး ဝါခေါင်လပြည့်နောက်ပိုင်းကျမှသက်သာသလိုရှိသည်။

ယခု ဤသာသနာ့ဝုဒ္ဓိကျောင်းတော်သည် မြိုင်ကြီး၊ ဂူကြီးများအစား ဖန်ဆင်းထားသော အစားထိုးကျောင်း ဂူကြီးပင်ဖြစ်ရာ ငါတို့ကား ဝါဆိုလဆန်း

www.burmeseclassic.com

www.burmeseclassic.com

၁၀- ရက် ရေစက်ချပြီးမှ စတင်ကာ အောင်းလိုက်ပြီ။ ထိုစဉ် . . .

သည်ကိုယ်တော်ကြီးက ဂူထဲ
အောင်း ကောင်းကောင်းကြီးအိပ်
စားလုပ်နေပြီ။
ဦးလှထွန်းဝင်းကား သည်နေရာ
ကျောင်းဒကာ (ဘုရားဒကာ)
အမည်ခံခွင့်ရခဲ့ပြီ။
ကပ္ပိယကြီး ဦးကျော်ဌေးကား
အေးအေးဆေးဆေး နေခွင့်စား
ခွင့်ရခဲ့ပြီ။
တို့သုံးဦး မဟာမြိုင်ပွဲအပြီး စိတ်
မကျေပွဲ နွှဲလိုက်ကြစို့. . . ။

## ၂ ကောင်းခြင်းသုံးဖြာမင်္ဂလာ

ဥဒေ ယျမ်တောရမှာ. . . ငါတို့လည်း ကောင်းကောင်းနေရ၏။ ဦးကျော်ဌေးကြီးပါကောင်းကောင်းနေရ၏။ ဦးလှထွန်းဝင်းလည်း အလှူဒကာအမည်ကောင်းကောင်းခံခွင့်ရ၏။

တွဲဘက်ပေါင်းတို့ အကောင်းဆုံးသော ပြန်တွေ့ပွဲဆိုရမည်။

မဟာမြိုင်သည် ရွှေဘိုပရိသတ်၏ ဒါနမြုပ်ရာနယ်မြေ ဖြစ်၏။ ထိုမဟာမြိုင်၌ ရွှေဘိုကိုသာ အသိမှတ်ပြု ဦးစားပေး၏။ မဟာမြိုင်နှင့် ရွှေဘိုရာဇဓာတ်သက်၊ ဓမ္မဓာတ်သက်များ ကူးစက်နေသောကြောင့်။ ယခု ဥဒေ ယျမ်တော (ရေငန်တွင်းတော) ကား ရွှေဘိုနှင့်မဆိုင်တော့။ ဇီးကုန်း၊ မလည်၊ ခင်ဦးတို့နှင့်သာဆိုင်တော့သည်။ ထိုစဉ်. . .

ဇီးကုန်းသည်သာ ငါတို့နှင့် ဓာတ်သက်အားဖြင့် အနီးစပ်ဆုံး. . . ။

ဦးလှထွန်းဝင်းသည်သာ ငါတို့နှင့် ဓမ္မအားဖြင့် အနီးကပ်ဆုံး. . . ။

သို့ဖြစ်ရာ. . . ဦးလှထွန်းဝင်းကား မိုးမိတ်မှအပြန် အလိုလိုအမွေဆက်ခံခွင့်ရတော့သည်။ ကျောင်းနှင့် အခြံအရံကို စိတ်ကြိုက်လုပ်၏။ တားယူရ၏။ အကောင်းပေါ် အကောင်းထပ်၍လည်း လုပ်၏။ တားယူရ၏။ သို့ကြောင့် ကျောင်းတက်စက သတို့သမီးအိမ်ပေါ်တက်ရသလို ခံစားနေရ၏။ ရဟန်းကို လူကြိုက်၊ သူကြိုက်တို့ဖြင့်ပူဇော်ထားသောကြောင့်။

သို့သော် ထိုဦးလှထွန်းဝင်း သူ့စိတ်ကြိုက် ကောင်းကောင်းကြီးဖန်ဆင်းပူဇော်ခွင့်ရသဖြင့် ပျော်ရွှင်ချမ်းမြေ့လျက်ကသာ. . . ။

တစ်ဖန် ကပ္ပိကြီး ဦးကျော်ဌေး . . .

မဟာမြိုင်၌ ၇၁ - ခုနှစ် ပရိသတ်အဖူးခံခွင့်ပြုစဉ်ကပင် ထိုမဟာမြိုင်၌ကျန်ခဲ့၏။ ငါတို့ကြောင့်မဟုတ်။ ဦးလှထွန်းဝင်းက ခင်ဗျားနေရစ်ခဲ့ရမည်ဆိုသောကြောင့်။

ထိုစဉ် သူ့အလျင်ရောက်နှင့်နေသော ဦးသုမန (ဒေါက်တာသန်းထွေးအောင်)၊ သူနှင့် မရှေးမနှောင်းရောက်လာသော ဘူးငေါက် (ဦးသန်းထွေး) သူတို့သုံးဦးကို ဝါတွင်းကာလတွင် တရားပြ၏။ တရားထိုင်စေ၏။ တရားအစစ်အဆေးလည်းခံစေ၏။ သုံးရက်လွန်သော် . . . ဦးကျော်ဌေး ငါတို့နေရာ အကျွတ်အလွတ် လိုက်မလာတော့. . . ဦးသုမနနောက်လိုက်လာသည်ကား လူကြုံပါးစကား. . . ။

ဦးသုမနက လျှောက်ထားသည် . . .

"ဦးကျော်ဌေး လျှောက်ခိုင်းလိုက်တယ် ဘုရား။ သူတရားမကျင့်နိုင်ဘူးတဲ့ဘုရား။ တရားမကျင့်လို့ ကျောင်းကထွက်ဆို ထွက်ပါ့မယ်တဲ့ဘုရား". . . ဟူ၍။

ထိုစဉ် ငါတို့ကလည်း ချက်ချင်းတုံ့ပြန်လိုက်သည်. . .

"သာသနာပြုစခန်း လာနေပြီးမှ တရားမကျင့်နိုင်ဘူးဆို ခုထွက်" . . . ဟူ၍။ သို့သော် တစ်ပတ်ကျော်ကြာသည်အထိ မထွက်သေး. . . ။ ထိုအခါ . . .

"ခင်ဗျားလူ မထွက်သေးဘူးလား"
ငါတို့က မေးပြန်၏။

သည့်နောက် လူကြုံ ကားကြုံဖြင့်ထိုဦးကျော်ဌေး ပြန်သွားတော့သည်။

ယခုသော် ထိုစဉ်က စည်းကမ်းမျိုးမရှိ။ ဟောပြောလိုလည်း မရှိ။ ဆုံးမလိုလည်း မရှိ။ အဖော်ခေါ်လိုမှုလည်း မရှိ။ သို့ကြောင့် သည်ဦးကျော်ဌေးကြီး တရားအားမထုတ်ဘဲ နေချင်သလို နေခွင့်ကောင်းကောင်းကြီးရခဲ့လေပြီ။

တစ်ဖန် ငါတို့ကို ကြည့်ဦးမလား . . .

ဥဒေ ယျမ်တောရ၏တံခါးပေါက်ကြီးကလည်း အလုံကာပိတ်ပေးထား၏။ ငါတို့နေရာ သာသနာ့ဝုဒ္ဓိကျောင်းဝတံခါးကြီးလည်း အလုံကာပိတ်ပေးထား၏။ ကျောင်းတံခါးများကိုလည်း ငါတို့က အတွင်းကနေ အလုံကာပိတ်ထားပြန်၏။ ဗွီဒီယိုစီဒီပြားမှနေ၍လည်း မလာကြရန် မေတ္တာရပ်ခံပေးထားကြသေး၏။

သို့ကြောင့် ထိုသည့်ငါလည်း အေးချမ်းစွာ ကောင်းကောင်းကြီးနေခွင့်ရခဲ့ပြီ။ သည်နေရာ သည်တောကား ကောင်းခြင်းသုံးဖြာရှိသော နေရာနှင့်တော. . . ။

မဟာမြိုင်မှနေ စိတ်မကျေပွဲ (တို့သုံးဦး) သည်သို့ နွှဲခွင့်ရရန်အတွက် မောင်းအားရှင်များကား ဆင်ကြီးနှစ်ကောင်. . . ။

ဆင်ကြီးနှစ်ကောင်သည် . . .
စိတ်ကူးတော်တော်ယဉ်တတ်ကြ၏။
အလှအပလည်း တော်တော်ကြိုက်ကြ၏။
ကြီးကြီးကျယ်ကျယ်လည်း တော်တော်လုပ်ချင်ကြသေး၏။
ဇီးဆင်က အတွင်ငွေထုတ်၏။
မန်းဆင်က အတွင်အကျိုးဆောင်၏။

မန်းဆင်သည် ဆရာလုပ်ရမည်ဆို (အကျိုးဆောင်ရမည်ဆို) ဆွေမေ့မျိုးမေ့တင်၏။ ဆောင်းလေးလ၊ နွေလေးလတို့လုံးလုံး ဤတောရ၌ ပြတ်သည်မရှိ။ မန္တလေးသို့ ပစ္စည်းအသယ်၊ အဝယ်ရှိမှ သွားတတ်၏။ ထိုအခါလေးမျှ ဇနီးနှင့်သမီးတို့ တွေ့ခွင့်ရကြ၏။ ပန်းရန်များကိုလည်း မန်းမှပင် စိတ်တိုင်းကျ ခေါ်ယူလာ၏။

ငွေထုတ်ဆင်နှင့် ငွေဆွဲဆင် စိတ်ကူးယဉ်ချင်တိုင်း ယဉ်ကြသည်။ ယင်းတို့ကို သာသနာ့ဝုဒ္ဓိကျောင်းနှင့် ကျောင်းဝင်းတို့၌ တွေ့ရမည်။

ကျောင်းဝင်း ပြင်ဆင်ထားပုံကလည်း စိတ်ကူးကျအတိုင်း ဖြစ်၏။

ကျောင်းတစ်ဝင်းလုံး ပန်းပင်များစိုက်ထားပုံကလည်း စိတ်ကူးကျအတိုင်းဖြစ်၏။

ကျောင်းအဆင်း မုခ်ဝပုံဟန်နှင့် စိန်တောင်လေးများကလည်း စိတ်ကူးကျအတိုင်း ဖြစ်၏။ ဤစိတ်ကူးကျ၏ လမ်းပြအားလုံးတို့က အလှအပတို့ကို သရုပ်ဆောင်၏။ ကြီးကျယ်ခမ်းနားခြင်းကို နေရာပေး၏။ ထည်ဝါခြင်းကို တံခွန်ထူစေ၏။

ထိုအလှအပနှင့် ခမ်းနားထည်ဝါမှုတို့ကိုကား ပန်းရန်နှင့်လက်သမားတို့က ဖန်ဆင်းပေးကြရ၏။ ပန်းရန်လက်သမားတို့ ဖန်ဆင်းနိုင်ခွင့်ကိုကား. . . ဘူးခင်း (ဘူးကုန်း) ထဲက ဘူးသီးများက တန်းစဉ်ခံပေးထားကြရသည်။ သည်မှာတွင် ဘူးခင်းစောင့် အဘိုးလှရွှင်အခန်းရောက်ပြီ . . . ။



www.burmeseclassic.com

www.burmeseclassic.com

အဘိုးရှင်သည် ကျား၊ မ သေးကြီး အားလုံးကားပေါ်သို့ အကွင်လှမ်းတင်ပေးနေရ၏။ ကျားကြီး၊ မကြီးများချည်း လှမ်းတင်ပေးပို့နေသည်လည်းရှိ၏။ ကျားငယ်၊ မငယ်လေးများချည်း လှမ်းတင်ပေးပို့နေရသည်လည်းရှိ၏။ ကျားစုံ၊ မစုံ အကုန်လှမ်းပို့ပေးရသည်လည်းရှိ၏။

ဤနေရာ. . . ငါတို့ ရွှေကျောင်းကုန်း အရိယာရွှေပြည်ဆည်တော်ကြီး တည်ဆောက်စဉ်တုန်းက. . ..မြေဂိုရွာနေ အဘိုးပြူးပြောသော အောက်ရွာကျွဲများအကြောင်း နေရာပေးဦးအံ့။

"ဆည်အတွက် လုပ်အားပေးခေါ် သတဲ့"

ကို အကြောင်းပြုပြောထားခြင်းဖြစ်၏။

အောက်ပြည်၏ မြစ်ဝကျွန်းပေါ် ဒေသသည် မိုးလည်းကောင်း၏။ ကျွန်းပေါ် မြေဖြစ်သဖြင့် နွံကလည်းအားကြီး၏။ နေရာတိုင်း နွံဗွက်တို့ကသာ ကြီးစိုး၏။ ထိုဒေသများသို့ ထွန်စက်စခန်းကြီးဖွင့်ပေးထား၏။ တောင်သူများ လူရောကျွဲ၊ နွားများပါ သက်သာစေရန် ရည်ရွယ်၏။

သို့သော် ထွန်စက်ကြီးများ ထွန်ယက်ရင်း လယ်တွင်းပျက်သွားသောအခါတိုင်း ကျွဲများဖြင့် ဆွဲတင်ပေးကြရဆို၏။ တစ်ချီမဟုတ်။ အချီချီ. . .။ ကြာသော်. . . ကျွဲကြီးများ ထွန်စက်သံကြား နားရွက်ကားထားကြဆို၏။ ထွန်စက်ကြီးမြင်လျှင်ကား (အားလုံး) ကိုင်းတောထဲဝင်ပြေးကြလေသတည်း. . .။

ဤအကြောင်း ပြောပြီးသည်နှင့် ထိုအဘိုးပြူးက အခုလည်း ကိုယ်တော်ဆည်လုပ်အားပေးရမှာတဲ့ဆို ကိုင်းတောထဲ ဝင်ပုန်းချင်နေကြပြီ. . . ဟူ၏။

ယခု ဘူးခင်းထဲက ဘူးသီးအနုအရင့်တို့သည်လည်း. . .

အဘိုးရှင်အသံကြား လန့်ဖျားဖျားလောက်ကြသည်။

အဘိုးရှင်မြင် ကိုင်းတောထဲထွက်ပြေးလောက်ကြသည်။

သဒ္ဓါခိုင်၊ အင်အားလည်း တောင့်ခိုင်၍သာ တော်တော့သည်။

ဆောင်းတွင် ရိတ်သိမ်းချိန်၊ နယ်ဖတ်ချိန်၊ စပါးသွင်းချိန်များတွင် လူလဲဖြင့် လာရောက် လုပ်အားပေးကြဆို၏။ နွေတွင်ကား အုပ်လိုက်ဝင်လာကြ၏။

သည်က ငွေဆွဲဆင့်ကလည်း လူဆွဲဆင်အဖြစ်ပြောင်းလဲကာ လူဆွဲဆို၏။

သည်နေ့ ဘာလုပ်စရာရှိသည် ဘယ်လောက်လာခဲ့ကြ . . . ဖုန်းဆက်ခေါ်၏။

သည်နေ့ ဘာအရေးကြီးနေ၍ ပါနိုင်သမျှပါအောင် ခေါ်ခဲ့ကြ . . . ဖုန်းဆက်ခေါ်၏။

ဘူးခင်းစောင့်ကြီး အဘိုးရှင်ကလည်း ကားပေါ်လှမ်းတင် အတွင်ပို့ပေး၏။ ဘူးသီးကြီးငယ်များလည်း လှမ်းဆင်း လှမ်းတက်ဖြင့် ပွဲထွက်ပေးကြရ၏။

ဥ ယျမ်တောရရှိ. . .

ကျောင်းများဆောက်ရာ၌လည်း ဘူးတို့ သီးနေအောင်ပါ၏။

ရေကန်ကြီးများ တည်ရာ၌လည်း ဘူးများ သီးနေအောင်ပါ၏။

လမ်းတံတားတည်ရာ၌လည်း ဘူးများသီးနေအောင်ပါ၏။

ဘူးတစ်ကုန်းလုံး ဆောင်ထားသော ဥ ယျမ်တောဆိုကမမှား. . .။

တစ်ဖန် အားလုံးပြီးစီးပြီ၊ ရေစက်ချပွဲ ပြင်ကြစို့. . .

ဆိုသောအခါတွင်လည်း မဏ္ဍပ်ဖျက်ရာ၊ ဆောက်ရာတို့၌လည်း ဘူးတွေချဉ် အစားအသောက်ချက်ပြုတ်ရာများ၌လည်း ဘူးများမလစ်ဟင်း။ အစားအသောက် ပြင်ဆင်ကျွေးမွေးရာများ၌လည်း ဘူးမပါ ပွဲမပြီး။ ပန်းကန်အိုးခွက်များ ဆေးကြောရာ၌လည်း ဘူးများပင်သီးနေကြသည်။

ဘုရားဒကာ၊ ဘုရားအမ၊ ကျောင်းဒကာ၊ ကျောင်းအမများ၏လုပ်အားတွင် ဘူးတို့ဆင့်ပိုးပါဝင်ခြင်းဖြင့် ပွဲကြီးပြီးမြောက်စေခဲ့ပြီ။

ထိုပွဲအကြောင်း သူရဋ္ဌမဂ္ဂဇင်းကြီးထဲ၌ ဖတ်ရှုရသောအခါ . . . ကျောင်းလွှတ်ပွဲသို့လာသော ပရိသတ်ကား တစ်သောင်းငါးထောင်ကျော် ဆို၏။ ကျောင်းလွှတ်ပွဲ၌ ကျွေးမွေးရသည်ကား ဆန်တင်းပေါင်း ၉၀-ကျော် ဟူ၏။

ဤစာတမ်းသည် ဗွီဒီယိုစီဒီပြား၌ စာတမ်းထိုးပြထားသော ပွဲကျင်းပရာ ခုနှစ်၊ ရက်၊ နေ့ မှတ်တမ်းများ မပြည့်စုံရာမှ စတင်၏။

ဤ၌ ဥ ယျမ်တောရ စတင်တည်ဆောက်ကလည်းက သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယအား ကြီးမားစွာဖြင့် ကျရာတာဝန်ကျေပွန်စွာ ကုသိုလ်ယူ ထမ်းဆောင်ခဲ့ကြသော ဘူးကုန်းရွာမှ စေတနာရှင်အားလုံးတို့ကိုပါ ဆက်လက်၍ မှတ်တမ်းပြုထား၏။

ထမ်းဆောင်လျက်က နာမည်မပါသူများ ရှိသေးကလည်း 'အညတရ စစ်သည်' ဆိုသော စကားဖြင့်ပင် မှတ်တမ်းရေးထိုးပါ၏။ ဤ၌ကား 'အညတရ ကောင်းမှုရှင်' ဟူ၍။

ဤဆိုခဲ့သမျှ ကုသလအဝဝတို့သည် သာသနကြီးပွားကြောင်းသာ ဖြစ်ပါစေ။

ဤပြုခဲ့ပြီးသမျှ ပုညဘာဂတို့သည် လောကကြီးပွားကြောင်းသာ ဖြစ်ပါစေ။

ဌ သာသနဿ စ လောကဿ၊
ဝုဒ္ဓိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ
ရက္ခန္တု သဗ္ဗဒါ။
သဒ္ဓိံ ဟောန္တု သုခီသဗ္ဗေ၊ ပရိဝါ
ရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ
သဗ္ဗေဟိ ဉာတိဘိ။ ။

အကျွန်ုပ်တို့တစ်စု ယခုပြုရ ကုသလအဝဝတို့ကြောင့်. . .၊

သာသနာရော လူသားများပါ ကြီးပွားကြပါစေဟု အကျွန်ုပ်တို့တစ်စု ဆန္ဒပြုပါသည်။

သာသနာရော လူများကိုပါ နတ်များစောင့်ကြပါစေဟု အကျွန်ုပ်တို့တစ်စု ဆန္ဒပြုပါသည်။

တို့လျှသူများ တို့မိသားနှင့် မြန်မာအပါ ကမ္ဘာတစ်လွှား ၃၁-ဘုံသားအားလုံး မိမိတို့ အခြံအရံများ ဆွေမျိုးများနှင့်အတူ. . . ကိုယ်များချမ်းသာ စိတ်မှာအနှမ်းကင်း လန်းဆန်းခြင်းများ ဖွားသည်မှစ ဘဝဟွားအလယ် ဘဝတည်အဆုံး သိမ်းကျုံးပိုက်မိကြပါစေဟု အကျွန်ုပ်တို့တစ်စု ဆန္ဒပြုကြပါသည်။

အာသီသပတ္ထနာ ဤဆန္ဒပြုလွှာနှင့်အတူ. . . အကျွန်ုပ်တို့တစ်စု ပြုခဲ့ဖူးသမျှ ကုသလအဝဝတို့ကို အကျွန်ုပ်တို့နှင့်အတူ အမျှရကြပါစေရန် အမျှပေးဝေကြပါ၏။

အမျှ. . . အမျှ. . . အမျှ . . . ။

အကျွန်ုပ်တို့တစ်တွေ ပေးဝေငှအေးဒါနကို. . .

အားလုံးကိုယ်စီကိုယ်ငှရကြသဖြင့် ဘဝဒုက္ခ ဝိဘဝဒုက္ခ ကာမဒုက္ခတို့မှ မုချလွတ်မြောက်ကြပါစေသောဝ် . . . ။ ။

၁၃၇၅ - ခုနှစ် . . .
ဝါခေါင်လဆွေး၊ ဗုဒ္ဓဟူးနေ့။
သာသနာ့ဝုဒ္ဓိကျောင်းတော်။
ဥယျာဉ်တောရ၊ မလည်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



# ဖြူဝင်း(အဿသန)

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးညွှန်ပြသော သရဏဂုံပွားသူတို့ထားရှိရမည့် ရှေ့ပြေးစိတ်ထားများ

တစ်နေ့ဆီက သရဏဂုံနှင့် စပ်လျဉ်း၍ ဓမ္မမိတ်ဆွေတစ်ဦးနှင့် အချိန်အတော်ကြာစကားပြောဖြစ်ခဲ့ပါသည်။ ထိုဓမ္မမိတ်ဆွေမှာ သရဏဂုံပွားများအားထုတ်နေသူ ဖြစ်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးစီရင်သော မဟာသရဏဂုံတော်ကြီးကို အရဆောင်ထားသူ ဖြစ်ပါသည်။ ထိုသရဏဂုံတော်ကြီးကို တစ်နေ့ သုံးကြိမ် ဝတ်ထား၍ ပွားများအားထုတ်နေသူ ဖြစ်ပါသည်။ ထိုနေ့က ကျွန်တော်က ဦးစွာစကားစပါသည်။

"တစ်လောက ကျွန်တော်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရေးတဲ့ 'သာသနာတော်ကြီး၏ ရေသောက်မြစ်သုံးသွယ် (ဓမ္မောဝါဒကထာ)' စာအုပ်ကို ဖတ်ဖြစ်ခဲ့တယ်ဗျ။ အဲဒီစာအုပ်ထဲမှာ သရဏဂုံနဲ့ ပတ်သက်တဲ့ ရေးသားချက်တွေ တွေ့ရပါတယ်"

"မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက သရဏဂုံနဲ့ပတ်သက်လို့ဘာတွေရေးထားသလဲ ဆရာ"

"ပြောပြပါ့မယ်ဗျာ၊ ဒါပေမယ့် သရဏဂုံအကြောင်းတန်းပြောလို့မဖြစ်သေးဘူးဗျ။ သူတော်ကောင်းကြီးတွေ ကိုင်စွဲတဲ့ လက်နက် (၄) မျိုးအကြောင်း အရင်ပြောမှဖြစ်မယ်။ အဲဒီလက်နက် (၄) မျိုးက သီလ၊ သစ္စာ၊ မေတ္တာနဲ့ ခန္တီတို့ပါပဲ။ သီလ ဆိုတာက ကိုယ်ကျင့်တရားမပျက်ပြားခြင်းတဲ့။ သစ္စာ ဆိုတာက မှန်တာကိုသာ ပြုလုပ်ပြောဆိုခြင်းတဲ့။ မေတ္တာ ဆိုတာက တစ်ဦးတည်းဖြစ်တဲ့သားအပေါ်မှာထားတဲ့စိတ်ထားမျိုး အများအပေါ်မှာ ထားခြင်းတဲ့။ ခန္တီဆိုတာက တစ်ဦးတည်းဖြစ်တဲ့သားရဲ့ အကောင်း၊ အဆိုးကို ခွင့်လွှတ်တဲ့ပုံမျိုး အများအပေါ်မှာထားရှိခြင်းတဲ့။ အဲဒါ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး ဖွင့်ဆိုတဲ့အနက်တွေပဲ။ သူတော်ကောင်းတွေဟာ အဲဒီလက်နက် (၄) မျိုးကို ကိုင်စွဲထားရမတဲ့။

ကျွန်တော် ဆက်ပြောပါ့မယ်။ သရဏဂုံအကြောင်းရောက်ပါတော့မယ်။ ခုနကပြောခဲ့တဲ့ လက်နက် (၄) မျိုးထဲမှာ သီလဟာ ဣစ္ဆာသယပတ္တမြားရတနာကြီးတဲ့။ သီလမပါရင် ဘယ်အရာမှမပြီးဘူးတဲ့။ သီလလို့ဆိုလိုက်တာနဲ့ သရဏဂုံပါလာပြီ။ သရဏဂုံ(၃)ပါးအနက် တစ်ပါးပါးမှာ ပွားထုံထားခြင်းမရှိရင် သီလဟာ မစင်ကြယ်ဘူးတဲ့။ သရဏဂုံဟာ အင်မတန် အရေးကြီးသတဲ့။ သရဏဂုံပွားထုံခြင်းနဲ့ လေ့ကျင့်ပေးထားတဲ့ သီလမျိုးမဟုတ်သမျှ လောကဓံနဲ့ ပက်ပင်းတွေ့လာရင် စိတ်မချရဘူးတဲ့"

"ကျွန်တော် သဘောပေါက်လာပြီ ဆရာ။ ဒါကြောင့်မို့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

သီလဆောက်တည်တဲ့အခါ သရဏဂုံကို ဦးစွာပွားရတာကိုး"

"ကျွန်တော်ဆက်ပြောပါဦးမယ်"

"ပြောပါဆရာ"

"ဆရာတော်ဘုရားကြီးရေးထားတာက သရဏဂုံဟာ ရန်ဘေးမှကင်းဝေးအောင်လည်း ပြုတတ်သတဲ့။ သတ္တဝါတွေကို ရန်မူနေတဲ့ ကိလေသာတွေကိုလည်း သတ်ဖြတ်ဖျက်ဆီးတတ်သတဲ့"

"အခု ဆရာပြောတာတွေကြားရတော့ ကျွန်တော့်အဖို့ သရဏဂုံပွားများအားထုတ်ခြင်းကို အခုထက်ပိုပြီးအားထုတ်ရတော့မှာပဲ"

"အားထုတ်ပါဗျာ"

"ဒါ့ထက် ဆရာ၊ ဆရာတော်ဘုရားကြီးရေးသားထားတဲ့ အချက်တွေထဲမှာ သရဏဂုံပွားများအားထုတ်တဲ့သူဟာ ဘယ်လိုစိတ်ထားမျိုးထားရမယ်၊ ဘယ်လိုပွားများအားထုတ်ရမယ်ဆိုတာကော မပါဘူးလားဆရာ"

"ပါတာပေါ့ဗျာ၊ ဆရာတော်ဘုရားကြီးက 'ဘာဝနာပရိက်များ' ဆိုပြီး သရဏဂုံကို ပွားများအားထုတ်သူတွေ သရဏဂုံမပွားမီ ရှေ့ပြေးထားရှိရမယ့် စိတ်ထားများကို ဖော်ပြထားပါတယ်"

"အဲဒါကို ကျွန်တော် သိချင်နေတာပါ ဆရာ"

"ဘာဝနာပရိက်က (၁၅) ပါး ရှိတယ်။ အလွတ်ပြောရင် အစီအစဉ်မတူဘဲဖြစ်နေလိမ့်မယ်။ စာအုပ်ယူပြီး ကျွန်တော်ဖတ်ပြပါ့မယ်။ (ကျွန်တော်သည် ကျွန်တော့်စာကြည့်ခန်းသို့သွား၍ စာအုပ်စင်၌ရှိနေသော 'သာသနာတော်ကြီး၏ ရေသောက်မြစ်သုံးသွယ်' စာအုပ်ကိုယူခဲ့ပြီး ဘာဝနာပရိက်များပါရှိသော စာမျက်နှာ(စာမျက်နှာ- ၂၁၈) ကိုလှန်၍ ဖတ်ပြပါသည်။)

**❑ ဘာဝနာပရိက်များ**

ဘာဝနာဆိုသည်မှာ -

သရဏဂုံသုံးပါး တစ်ဂုဏ်ဂုဏ် မပွားမီ ရှေ့ပြေးထားရမည့် စိတ်ထားများကိုပင် ဆို၏။ သရဏဂုံပွားသည့် ကမ္မဋ္ဌာန်းတိုင်းသည်ကား အတူတူပင်။ ထိုသရဏဂုံသည် စိတ်မည်းမှ စိတ်ဖြူလဲလှယ်ယူရာ၏ ကိရိယာတည်း။

ထိုသရဏဂုံသည် အရှိန်းမှ အယဉ် မေတ္တာစိတ်ဝင်ရာ၏ လမ်းမတည်း။

ထိုသရဏဂုံမပွားမီ -

၁။ ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ ရက်ရက်စက်စက်ကြီး ကျင့်မည်ဟူသောစိတ်ထား။

၂။ ကိုယ်-နှုတ်-နှလုံး (၃) ပါးစလုံး ဖြောင့်မှန်စေမည် ဟူသောစိတ်ထား။

၃။ ကိုယ်-နှုတ်ဖွင့်ရာ စေတနာပါပင် ဖြောင့်မှန်စေမည် ဟူသောစိတ်ထား။

၄။ ဘုရားစကား၊ ဆရာသမားစကား တထစ်ချနားထောင်မည်ဟူသောစိတ်ထား။

၅။ နူးညံ့သောသဘောထား ငါအမြဲထားမည်ဟူသောစိတ်ထား။

၆။ ထောင်လွှား တက်ကြွ မာန်မာန အဝဝကိုလည်း ချိုးနှိမ်ချထားမည်ဟူသော စိတ်ထား။

၇။ တရားသောက အခြားသောက ငါ့ဆီမဝင်စေရဟူသောစိတ်ထား။

၈။ စိတ်အလိုကိုယ်မလိုက် ထိုက်သင့်ရာလေးဖြင့်သာပြီးဖြေအံ့ဟူသောစိတ်ထား။

၉။ မလုပ်မဖြစ်သော ကိစ္စမှတစ်ပါး အခြားပြုဖွယ်ရာ ငါစွန့်ပယ်မည်ဟူသောစိတ်ထား။

၁၀။ သရဏဂုံပွားဘာဝနာတရားများ လျင်မြန်စွာ တိုးပွားစေမည် ဟူသောစိတ်ထား။

၁၁။ စိတ်လည်းလုံ၊ အာရုံလည်းမများစေရန် မျက်စိ စသည် တံခါးများ အမြဲပိတ်ထားမည် ဟူသော စိတ်ထား။

၁၂။ ကိလေသာအလိုဆိုးအတွင်း ဝင်၍ပိုးနေသည်ကိုလည်း ဖျက်ချိုးချထားခဲ့တော့မည် ဟူသောစိတ်ထား။

၁၃။ ခန္ဓာဝန် ခန္ဓာကိစ္စ ကျဉ်းနိုင်သမျှ ကျဉ်းစေမည်ဟူသောစိတ်ထား။

၁၄။ ဆွေမိတ်မျိုးမိတ်တို့သို့ ငြိနေသောစိတ်ကိုလည်းမခိုက်မိစေရန်ပြုပြင်ထားသည်ဟူသောစိတ်ထား။

၁၅။ ပညာရှိတို့ ပညာမျက်စိဖြင့် အကြည့်ခံနိုင်ရန်လည်း ကြိုးစားမည်ဟူသောစိတ်ထား။

ဤစိတ်ထား (၁၅) မျိုးတို့သည်ကား ကိုယ့်အကျိုး၊ ကိုယ့်စီးပွား တကယ်လိုလားသဖြင့် သရဏဂုံပွား စိတ်ကုစားမည့်သူတော်ကောင်းများ ယင်းသရဏဂုံမပွားမီ ထားရှိရမည့်စိတ်ထားများတည်း"

"ကျွန်တော်သိချင်နေတဲ့အချက်တွေပါ ဆရာ။ သည်အချက်တွေကို နာရတော့ သရဏဂုံမပွားမီ ဘယ်လိုစိတ်ထားရမယ်ဆိုတာ သဘောပေါက်လာတယ်"

"မိတ်ဆွေ သရဏဂုံကို မဆုတ်မနစ် ကျင့်ချင်စိတ်ပေါက်လာအောင် ဆရာတော်ဘုရားကြီး ရေးထားတာကို ကျွန်တော် ဆက်ဖတ်ပြပါဦးမယ်"

"ဖတ်ပြပါ ဆရာ၊ နာပါ့မယ်"

"သရဏဂုံလည်းပွား သည်စိတ်မျိုးလည်းထား၊ ဆိုလိုသည်မှာ ဤ ငါ၏ ကိုယ်ခန္ဓာသည်ကား သိုးကုန်ပုပ်ကုန် ဆိုလည်းဟုတ်၏။

သေလျှင်ထားပစ်ခဲ့ရမှာကလည်း သေချာ၏။ ငါရရှိခံစားရမည့်တရားကား သိုးလည်းမသိုး၊ ပုပ်လည်းမပုပ်။ တစ်ဘဝ၌ရရှိသောတရား တစ်ဘဝထားပစ်ခဲ့ရမည့်အစားမျိုးလည်း မဟုတ်ချေ။ သို့ကြောင့် ခန္ဓာနှင့် တရား အလဲအလှယ်ထား ငါကြိုးစားမည်။

တစ်ဖန် -

ကာမအရသာကား တိရစ္ဆာန်အလား၊ လူအလား၊ နတ်အလား ဘဝမခြားပင် ခံစားခဲ့ရဖူးပြီ။ ဓမ္မအရသာကား မြည်း၍မျှမကြည့်မိ။ ခံစားခွင့်အထိ မရောက်ရှိသေးချေ။

ထို့ကြောင့် အဆန်းကိုသာကြိုက်လေ့ရှိသော ငါ့စိတ်ကို အရိုးဆုံးအဆန်းဖြစ်သည့် တရားအရသာများ ခံစားစေမည်။ ဤသို့ ကာမဂုဏ်အာရုံဆက်သွယ်လျက်ရှိသော စိတ်ကလေးကို ဓမ္မအာရုံဘက်သက်စေ၍ နိဗ္ဗာန်ဘက်သွက်သွက်ကလေးထွက်ရန် ရှေ့ပြေးလမ်းခင်းဟူလို၊ ထိုရှေ့ပြေးလမ်းခင်း စိတ်နှလုံးသွင်းမပါချေက နိဝရဏအတား ကိလေသာတို့ အကြားဖြတ်သွား သွားရလေသောအခါ အထိနာတတ်သည်။ စခန်းမမြင် လမ်းမမြင်ဖြင့် လမ်းတွင်းမှာပင် မျက်စိလည်နေတတ်သည်တဲ့"

"ဆရာဖတ်ပြသွားတဲ့အထဲမှာ တရားအရသာကို အရိုးဆုံးအဆန်းလို့ ကြားလိုက်ရတယ်။ ကျွန်တော် သိပ်သဘောကျပါတယ်ဆရာ။ ကျွန်တော်တို့က အဆန်းနောက်ကိုလိုက်နေကြတယ်။ တကယ်တော့ အရိုးဆုံးအဆန်းကိုတော့ သတိမမူမိကြဘူး။ အခုတော့ အရိုးဆုံးအဆန်းကို သတိမူမိပါပြီ။ သရဏဂုံတရားကို ကိုယ်နဲ့ အသက် မငဲ့ကွက်ဘဲ ရက်ရက်စက်စက်ကြီးကျင့်ပါတော့မယ် ဆရာ"

"သာဓုပါဗျာ၊ သာဓု၊ သာဓု"

မြဝင်း (ဒုဩဝန်)



www.burmeseclassic.com

www.burmeseclassic.com

# ဖျာပုံတင်နိုင်ဝင်း

## သောတာပန်တို့၏ဘဝနေအိမ်



လောကသတ္တဝါတို့သည် မွေးဖွားခြင်း၊ သေဆုံးခြင်းတို့ဖြင့် ဘဝပေါင်းများစွာ ကျင်လည်ရလျက် သံသရာရှည်လျားခဲ့ကြ၏။ ရရှိအပ်သော ဘဝတိုင်းတွင်လည်း ဒုက္ခမျိုးစုံကိုသာ ခံစားရလျက် သတ္တဝါတို့၏ နဂိုနေအိမ်မည်သော အပါယ်လေးဘုံ၌ ပို၍အနေကြာကာ ဆင်းရဲကြရ၏။ ထိုသို့သံသရာနှင့်အမျှ သတ္တဝါတို့ ဆင်းရဲနေကြရသော်လည်း ကယ်တင်လမ်းပြမည့်သူမရှိသောကြောင့် ထွက်ပေါက်မရကြဘဲ သံသရာဝဲဩဃ၌သာ တဝဲလည်လည်ဖြစ်နေကြရ၏။

သို့သော် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ဖြင့် ဖြည့်ဆည်းလျက် ဘုရားအဖြစ်သို့ရောက်တော်မူကြသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာသောအခါမှသာ ဒုက္ခလွတ်ကြောင်း တရားတော်တို့ကို ဟောကြားဆုံးမလမ်းပြတော်မူနိုင်ကြပါသည်။ ကျင့်အပ်သော ကျင့်စဉ်အမှန်ကို ထုတ်ဖော်ပြသတော်မူသဖြင့် သံသရာပတ်လုံး ကျင်လည်ခဲ့ရသော ဝေနေယျသတ္တဝါများစွာတို့ ဒုက္ခခပ်သိမ်းမှ ကင်းလွတ်ငြိမ်းကုန်ကြရ၏။

ဘုရားရှင်တို့၏ အဆုံးအမတော်ကို နာယူလျက် ကျင့်ကြံအားထုတ်ကြသောကြောင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုက်ကာ တစ်ဘဝဖြင့် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရသော ရဟန္တာပုဂ္ဂိုလ်မှစ၍ အနာဂါမ်၊ အသဒါဂါမ်၊ သောတာပန် အဆုံး ပုဂ္ဂိုလ်အလိုက် ဒုက္ခအနည်းအများ ချုပ်ငြိမ်းလျက် အပါယ်တံခါးတို့ ပိတ်ကုန်ကြ၏။

ဤနေရာ၌ လေးမဂ်၊ လေးဖိုလ်ရှိသည့်အနက် တစ်မဂ်တစ်ဖိုလ်မျှဖြင့် အပါယ်ဘုံသို့ လုံးဝမကျရောက်တော့ဘဲ အချိန်တန်လျှင် ဒုက္ခအလုံးစုံအကုန်ငြိမ်းအေးရာ နိဗ္ဗူတာသို့ ဝင်စံရမည့် သောတာပန်အကြောင်းကို တင်ပြလိုပါသည်။ မဂ္ဂင်တရားနှင့်အညီ သမထ၊ ဝိပဿနာကို ကျင့်ကြံအားထုတ်မည်ဆိုပါက (၁) သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ် ဟူသော မဂ်ဖိုလ်တစ်စုံရ သောတာပန်၊ (၂)သောတာပတ္တိမဂ်ဖိုလ်နှင့်တကွ အသဒါဂါမိမဂ်၊ အသဒါဂါမိဖိုလ်ဟူသော မဂ်ဖိုလ်နှစ်စုံရ အသဒါဂါမ်၊ (၃) အထက်ပါမဂ်၊ ဖိုလ်နှစ်စုံနှင့်တကွ အနာဂါမိမဂ်၊ အနာဂါမိဖိုလ် ဟူသော မဂ်ဖိုလ်သုံးစုံရအနာဂါမ်၊ (၄) အထက်ပါ မဂ်ဖိုလ်သုံးစုံနှင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဟူသော မဂ်ဖိုလ်လေးစုံရရဟန္တာ ဟူ၍ အကြောင်းတရားပေါ် မူတည်ကာ အရိယာသူတော်စင်ပုဂ္ဂိုလ်လေးမျိုးလေးစားပေါ် ထွန်းနိုင်ပါသည်။

၎င်းအရိယာသူတော်စင်လေးမျိုးအနက် သောတာပန်ပုဂ္ဂိုလ်သည် အနိမ့်ဆုံးပုဂ္ဂိုလ်ဖြစ်၍ ရရှိအပ်သော မဂ်၊ ဖိုလ်မှာလည်း အရေအတွက်အားဖြင့် အနည်းဖြစ်၏။ သို့သော် ဤသာသနာ၌ သောတာပန်ဖြစ်ရန် လွယ်ကူသောကြောင့် ပါရမီနုသူတို့အဖို့ သောတာပန်ဖြစ်ရန်သာ ကြိုးစားအားထုတ်လိုကြ၏။ သောတာပန်သည် တစ်မဂ်တစ်ဖိုလ်ရရုံမျှဖြင့် အပါယ်မလားတော့ဘဲ သုဂတိဘဝများကိုသာ စံစားရလျက် နောက်ဆုံး၌ နိဗ္ဗာန်ချမ်းသာကို ရရှိကြမည်ဖြစ်သည်။ ထို့အပြင် အိမ်ထောင်သားမွေး၊ လောကီရေးတို့ကိုပါ ပုထုဇဉ်တို့ကဲ့သို့ ပုံမပျက်ဆက်လက်ဆောင်ရွက်နိုင်သောကြောင့် လောကုတ္တရာတရားရထားသော်လည်း လောကီရေးကိစ္စများမပျက်ကွက်နိုင်ချေ။ ထို့ကြောင့် ဉာဏ်နုသူသူလိုကိုယ်လို ပုထုဇဉ်အများစုက သောတာပန်ဖြစ်ရန် ရည်မှန်းထားတတ်ကြ၏။

သောတာပန် ဆိုသည်မှာ သောတာပန္န ဟူသော ပါဠိဘာသာမှ ဆင်းသက်လာသော ပါဠိပျက်စကားဖြစ်သည်။ မဂ္ဂသံယုတ် အဋ္ဌကထာတွင် သောတံ - (၁) ရုပ်နာမ်ကို ပိုင်းခြားသိမြင်၍သက္ကာယဒိဋ္ဌိကိုဖြုတ်နိုင်သောဉာဏ်နှင့် (၂) ရုပ်နာမ်ဖြစ်ကြောင်း အဝိဇ္ဇာ၊ သင်္ခါရ စသည်တို့ကို အကြောင်းအကျိုးသိမ်းဆည်းသိ၍ ဝိစိကိစ္ဆာကွာသောဉာဏ်၊ ဤဉာဏ်နှစ်ပါးနှင့်ပြည့်စုံလျက် မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေအလျဉ်သို့ အာဒိတောအပဇ္ဇိ - ဝိပဿနာဉာဏ်အမြင်ဖြင့် စတင်၍ ရောက်ရှိနေကြကုန်ပြီ။ ထို့ကြောင့် သောတာပန္နာ - သောတာပန်မည်၏ဟူ၍ မြန်မာလိုအဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ရှင်းရှင်းဆိုရသော် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာသောကြောင့် သောတာပန် မည်၏။

သက္ကာယဒိဋ္ဌိ ဆိုသည်မှာ မိမိ၏ကိုယ်ခန္ဓာ၊ သူတစ်ပါး၏ခန္ဓာကိုယ်တို့ကို အကောင်အထည်အဖြစ် စွဲလမ်းလျက် ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဟု ထင်မှတ်မှားသောအယူအဆ ဖြစ်သည်။ အမှန်တကယ်တွင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဟု စင်စစ်မရှိမူဘဲ ရုပ်နှင့် နာမ်နှစ်ပါးသာ ဧကန်ထိကျဖြစ်တည်နေကြ၏။ သို့သော် ရုပ်နှင့်နာမ်ကို ပိုင်းခြားမသိကြသော ပုထုဇဉ်များအဖို့ သူ၊ ငါရှိသည်။ အကောင်အထည် ဒြပ်ထုရှိသည်ဟု အမှတ်မှားနေကြသည်။ ၎င်းအမှတ်မှားမှု၊ အယူအဆမှားမှုကို သက္ကာယဒိဋ္ဌိဟုခေါ်၏။ သောတာပန်ပုဂ္ဂိုလ်တွင်ကား ကျင့်ကြံအားထုတ်မှု စွမ်းအားကြောင့် ရုပ်နှင့် နာမ်ကို ကွဲပြားစွာသိ၍ ငါ၊ သူ၊ လူ၊ ပုဂ္ဂိုလ်တို့အပေါ်၌ အလုံးအထည်ရှိသည်ဟု မမြင်ကြတော့ဘဲ သတ္တဝါမှန်

www.burmeseclassic.com

သမျှ ရုပ်နှင့် နာမ်သာ ကွဲပြားစွာရှိသည်ဟု ပထမမဂ်ဉာဏ်ဖြင့်သိ၏။

ထို့ပြင်တဝ သောတာပန်ပုဂ္ဂိုလ်တို့သည် ဝိစိကိစ္ဆာလည်း ကင်းကွာပါသေးသည်။ ဝိစိကိစ္ဆာ ဆိုသည်မှာ သံသယဖြစ်ခြင်း၊ ယုံမှားခြင်းဟု အဓိပ္ပာယ်ဆောင်ပါသည်။ ဘုရား၊ တရား၊ သံဃာတို့သည် အမှန်တကယ် အားထားကိုးကွယ်အပ်ပါသလား၊ ကံ-ကံ၏အကျိုးဆိုသည်လည်း ဧကန်မှန်သည့်တရားမျိုးဟုတ်ပါ့မလားဟု မိမိစိတ်၌ ခွဲခြားမရဘဲ သံသယဖြစ်နေခြင်းကို ဆိုလိုသည်။ သောတာပန်ပုဂ္ဂိုလ်ကား ဝိစိကိစ္ဆာကင်းကွာသောကြောင့် ဘုရား၊တရား၊သံဃာအပေါ်၌ အကြွင်းမဲ့ယုံကြည်၏။ ကံ-ကံ၏အကျိုးကိုလည်း သက်ဝင်ယုံကြည်၏။

၎င်းအပြင် သောတာပန်ပုဂ္ဂိုလ်သည် သီလဗ္ဗတ ပရာမာသ ဟူသောမှားယွင်းသော သီလပျက်ကျင့်စဉ်များ၊ မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင်ကျင့်ခြင်း၊ ဇိမ်ခံယစ်မူးလိုသော အကျင့်များစသည့်မမှန်ကန်သောအကျင့်ပျက်သီလများကိုလည်း လုံးဝကျင့်ကြံခြင်းမရှိတော့ချေ။ ဘုရားရှင် သွန်သင်တော်မူသောကောင်းမြတ်သော အကျင့်သီလ အထူးသဖြင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံ၏။ သောတာပန်သည် အိမ်ထောင်သားမွေးလောကီရေးတို့ကို ပြုလုပ်နိုင်သေးသော်လည်း သူ့အသက်သတ်ခြင်း၊ ခိုးခြင်း၊ သူတစ်ပါးသားမယားအိမ်ရာကို စော်ကားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်းများ လုံးဝမရှိတော့ချေ။

မူလပဏ္ဏာသကျမ်း၌ သောတာပန်ပုဂ္ဂိုလ်သည် -

(၁) ကိလေသာ၊ (၁၀) ပါးအနက် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာနှစ်ပါးသာ ပယ်နိုင်သေးသောကြောင့် ရံဖန်ရံခါ လောဘ၊ ဒေါသ စသည့်ကိလေသာများဖြစ်ကြသေး၏။ ထိုအခါ သောတာပန်သည် မိမိရရှိထားသော ပထမမဂ်ဖြင့် ဆင်ခြင်ရှုမှတ်၍ သိမ်းဆည်းပြီး ကိလေသာကို ဖြစ်ကြောတိုအောင် ကြိုးစား၏။

(၂) ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာမှလွဲ၍ ကျန်ရှိသေးသော ကိလေသာများ၊ **ကာမစ္ဆန္ဒ**-ကာမဂုဏ် ဖောက်ပြန်လိုသောဆန္ဒ၊ **ဗျာပါဒ**-သူတစ်ပါးအား ဖျက်ဆီးလိုသောစိတ်ယုတ် စသည့် နီဝရဏဟရားဆိုးများကို ငြိမ်းသတ်လိုသည့်စိတ်သည် သောတာပန်၌ အမြဲတမ်းရှိ၏။

(၃) ဤဘုရားသာသနာတော်၌ သာလျှင် သံသရာဝဲဩဃဒုက္ခတောမှ ထွက်ရပ်လမ်းရှိပြီး အခြားသော တိတ္ထိအယူဝါဒများ၌ သံသရာထွက်ရပ်လမ်းအကျင့်ကောင်းအကျင့်မှန်မရှိဟု သိမြင်ယုံကြည်၏။

(၄) သောတာပန်ပုဂ္ဂိုလ်သည် တစ်စုံတစ်ရာ အမှားအယွင်းကြောင့် အပြစ်ဖြစ်ခဲ့လျှင် ကုသသည့်အနေဖြင့် ချက်ချင်းအမြန် တရားရှုမှတ်ကာ အပြစ်တို့ကို ရပ်တန့်ပယ်ဖျက်၏။

(၅) သောတာပန်သည် မည်သို့သောအခက်အခဲ၊ မည်သူ၏ခြိမ်းခြောက်မှုမျိုးများရှိနေပါစေ မိမိ၏သီလ၊ သမာဓိ၊ ပညာကို အပျက်မခံဘဲ ထိန်းသိမ်းထား၏။

(၆) ထို့အတူ သောတာပန်သည် ခန္ဓာ၊ အာယာတန၊ ဓာတ်၊ သစ္စာ စသော ငံလေးနက်သည့် တရားဓမ္မများနာကြားမှု၌ အလွန်စိတ်ပါဝင်စား၍ ဂရုတစိုက် နာယူတတ်၏။

(၇) ဘုရားရှင်အား ကိုးကွယ်ရခြင်း၊ တရားဓမ္မများနာကြားကျင့်ကြံရခြင်း၊ သံဃာတော်တို့ကို ထောက်ပံ့လှူဒါန်းရခြင်းတို့အပေါ်၌ ရင်ထဲလှိုက်ဖိုနေအောင် ကျေနပ်နှစ်သက်၍ ကြည်ညိုမဆုံးဖြစ်ခြင်းတို့သည် သောတာပန်တို့၏ အင်္ဂါခုနစ်ပါးတည်း။

ဤအင်္ဂါကောင်းခုနစ်ပါးနှင့်ပြည့်စုံသောကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ပုထုဇဉ်တို့ထက် များစွာသာလွန်မြင့်မြတ်လှပေ၏။ ပုထုဇဉ်တို့ကား အမြင်မှားမှု ဒိဋ္ဌိတန်းလန်းဖြင့် အသက်ရှင်သန်ရပ်တည်နေရသောကြောင့် တစ်နေ့တစ်နေ့ လောဘ၊ ဒေါသ စသော ကိလေသာများ ဖြစ်ကြာရှည်စွာထကြွသောင်းကျန်းလျက် ဘုရား၊ တရား၊ သံဃာအပေါ်၌ပင် သံသယဖြစ်ကာ သေလွန်သော် ပုထုဇဉ်တို့၏နဂိုနေအိမ်ဖြစ်သောအပါယ်လေးဘုံ၌ စုပြုံရောက်ရှိကာလအသခ်ေ အနေကြာရတော့၏။

သောတာပန်ပုဂ္ဂိုလ်ကား ပထမမဂ်ဖြစ်သော သောတာပတ္တိမဂ်၏အစွမ်းကြောင့် သေလွန်သော် အပါယ်သို့လုံးဝမကျရောက်ရတော့ဘဲ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌သာ မိမိ၏မဂ်ဖိုလ်အစွမ်းပေါ် မူတည်၍ ကာလအတိုအရှည် စံမြန်းကြရမည်ဖြစ်သည်။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်တို့၏နဂိုနေအိမ်ကား လူ၊ နတ်၊ ဗြဟ္မာ တည်းဟူသော သုဂတိဘုံများသာတည်း။

ကျွန်ုပ်တို့သည် အတိတ်ကံကုသိုလ်များကြောင့် ကောင်းသောလူ့ဘုံသုဂတိဌာနသို့ ရောက်ရှိနေကြပေပြီ။ ထိုကောင်းသော သုဂတိဘုံဌာနမျိုးသည် ကုသိုလ်ရှိသလောက် ခေတ္တမျှသာနေကြရ၍ အတိတ်ကံကုသိုလ်စွမ်းအားများကုန်ခန်းသောအခါ ဤလူ့ဘုံသုဂတိဌာနအား စွန့်ခွာထားရစ်ခဲ့ကြရလျက် ကိလေသာထူပြောသူများပီပီ အပါယ်ဘုံသို့သာ ကျရောက်ရဖွယ်ရှိ၏။ ထို့ကြောင့် သုဂတိဘုံဌာန ဟူသည် ပုထုဇဉ်တို့အတွက် ခေတ္တနေအိမ်မျှသာဖြစ်၏။ ထိုခေတ္တနေအိမ်မျှ၌ နေနေခိုက်မှာ သမထ၊ ဝိပဿနာတရားများ ကျင့်ကြံအားထုတ်လျက် အနည်းဆုံး ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကွာအောင် ကြိုးစား၍ သောတာပန်အဖြစ်ကို ရယူပိုင်ဆိုင်နိုင်ကြမည်ဆိုလျှင် ထိုသောတာပန်ပုဂ္ဂိုလ်တို့အဖို့ အပါယ်ဘုံဟူသည် ဖွန့်ပစ်နေအိမ်သဖွယ်ဖြစ်ကာ လူ၊ နတ်၊ ဗြဟ္မာသုဂတိဘုံတို့အား မကျဆင်းသောနေအိမ်အဖြစ်ဖြင့် သင့်သလောက်ရှည်ကြာပျော်ပိုက်စွာနေကြရလျက် နောက်ဆုံးဘဝ၌ အရဟတ္တဖိုလ်အထိ အဆင့်ဆင့်တက်ကာ ပရိနိဗ္ဗာန်ပြုလျက် သံသရာဝဋ်ဒုက္ခနေအိမ်မျိုးစုံမှ ကျွတ်လွတ်ပြီးနောက် နိဗ္ဗာန်ရွှေအိမ်နန်းစံမြန်းခွင့်ရကြမည် ဖြစ်သည်။

ထို့ကြောင့် ရလာသော လူ့ဘဝ၊ ကြုံလာရသော သာသနာနှင့် လျော်ကန်စွာ နဂိုအိမ်နေရာဟောင်းဖြစ်သော အပါယ်ဘုံသို့ မကျရောက်စေဘဲ သုဂတိဘုံများကို မိမိ၏ ကိုယ်ပိုင်အိမ်သဖွယ် နှစ်သက်သလို နေထိုင်စံမြန်းလိုခြင်းငှာ အနည်းဆုံး တစ်မဂ်တစ်ဖိုလ်ရအောင် (တစ်နည်းအားဖြင့်) သောတာပန်ဖြစ်အောင် သမထ၊ ဝိပဿနာတရားများ ကြိုးစားအားထုတ်လျက် သာမန်လောကီလုပ်သားလူအများတို့ ပြုနိုင်ခဲလှသော ဘာဝနာဖြင့် သာသနာပြုနိုင်ကြစေရန် သတိပေး တိုက်တွန်းအပ်ပါသည်။

ဖျာပုံတင်နိုင်ဝင်း

**မှီငြမ်းကိုးကား -**

(၁) ဦးကံညွန့် ရေးသား ပူဇော်သော မိုးကုတ်ဝိပဿနာအခြေခံတရားအနှစ်သာရနှင့်ရှုပွားနည်း

(၂) ၂၀၁၂။ ဩဂုတ်လထုတ် အပ္ပမာဒမဂ္ဂဇင်းပါ မောင်ဝင်းလှိုင် (မောရမြိုင်) သောတာပန်အံ့ဖွယ် တရားနှစ်ဆယ့်နှစ်ပါး (ခေါင်းပါး)





www.burmeseclassic.com

www.burmeseclassic.com

# အောင်သာကျော်


# ရဟန္တာအရှင်မြတ်များတွင် ကျေးဇူးတော်ရှင် ဦးကောသရ

## လျှောင်းစက်ရာအောင်မြေ

မြစ်ပြင်ကျယ်သို့ တဖွဲဖွဲကျနေသည့် ငွေမြားခက်တို့ တလက်လက်ကြွေကျသက်ဆင်းနေသည့်အခါသမယလေးမှာပင် ဘောလယ်မြစ်ကြောင်းဝယ် စက်တပ်သမ္ဗန်ငယ်ဖြင့် နဲ့သမိန်ရွာတည်ရာသို့ ဦးတည်သွားနေမိဖြစ်သည်။ လှိုင်းကြက်ခွက်ကလေးများကို မြင်တွေ့မိရသည်နှင့် ၁၉၇၉ ခုနှစ်ကာလဆီက တစ်ကြိမ်ရောက်ဖြစ်ခဲ့မိရသော ခရီးစဉ်လေးကို ပြေးသတိရဖြစ်သည်။ မှတ်မှတ်ရရ ထိုစဉ်ကာလက စာရေးသူနှင့်အတူ ရေးဖော်ရေးဖက်တစ်ဦးဖြစ်သူ ဆရာဝင်းတင့်ဦး (ကြံခင်း)နှင့်အတူ သွားဖြစ်ခဲ့ခြင်း ဖြစ်သည်။ နှစ်ဦးစလုံးက ဌာနတစ်ခုတည်းတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်လေရာ ဌာနဆိုင်ရာတာဝန်ဖြင့် ထန်းတပင်မြို့နယ်တွင် (၃)ပတ်ကြာမျှ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန် ရောက်နေမိဖြစ်ကြခြင်းပင် ဖြစ်သည်။

တစ်နေ့သော နံနက်ခင်းတွင် မြို့နယ်ခံမိတ်ဆွေအချို့က နဲ့သမိန်ရွာတွင် အောင်လမ်းသို့ မြန်းကြွတော်မူသွားသော နဲ့သမိန်ဆရာတော် ဦးကောသရ လျှောင်းစက်ရာအောင်မြေသို့သွားလိုက လိုက်ပို့ပေးမည်ဆိုလာသဖြင့် ဘာသာရေးဆိုင်ရာဆောင်းပါးများကို ဦးစားပေးရေးသားနေဖြစ်ကြသည့် စာရေးသူတို့အဖို့ ရေငတ်နေတုန်း ရေတွင်းထဲကျဖြစ်သည့်အလား ရှောရှောရှူရှူပင် လက်ခံကာ လိုက်ပါသွားဖြစ်ကြသည်။ ထိုစဉ်က ဘောလယ်မြစ်အတွင်း လှေငယ်လေးများဖြင့် သွားလာခဲ့ကြရသည်ဖြစ်ရာ သည်းထိတ်ရင်ဖိုခရီးစဉ်တစ်ခုကို သွားနေရသကဲ့သို့ခံစားမိဖြစ်ကြသည်။ ယခုမူ သွက်လက်လှသည့်စက်တပ်သမ္ဗာန်ဖြင့် သွားနေဖြစ်ရာ ယခင်အခေါက်ရောက်ခဲ့စဉ်ကရသနှင့် ကွာခြားလှသည့်ရသတို့က ရင်ထဲမှာနေရာယူလျက်ရှိနေသည်။

မြစ်ပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသည့်လေနုအေးက တွဲလွဲခိုကာ လိုက်ပါလာကြသည့် ငွေမြားစက်လေးများက မျက်နှာပြင်ကို လာရောက်ထိမှန်နေကြလေရာ စူးခနဲစူးခနဲ အေးရှရှအရသာက ရင်ထဲအထိ စိမ့်ဝင်လာသည်။ ဘောလယ်မြစ်၏ အရှေ့ဘက်မြစ်ကမ်းတစ်လျှောက်သည် ယခင်လာဖူးခဲ့စဉ်ကနှင့် အကွာခြားကြီး ကွာခြားလျက်ရှိနေပြီပင် ဖြစ်သည်။ ဩော်-ထန်းတပင်မြို့



အောင်မြေဝင်းအတွင်းရှိ စေတီတော်



ရုပ်ပွားတော်



ကျောင်းအတွင်းရှိ ဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

နယ်သည် တိုးတက်ဝေစည်ပွင့်ထွန်းမှု များရှိနေပါပြီကောဆိုသည့် အတွေးစ တစ်စက ရင်ထဲတိုးဝင်လာသည်။

စက်တပ်သမ္ဗာန်ဖြင့်(၁)နာရီကျော် ကျော်ခန့်လာခဲ့ရာ နဲ့သမိန်တည်နေရာ သို့ ရောက်လာမိဖြစ်သည်။ နဲ့သမိန်ရွာ သည် ယခင်ကာလများစွာက နဲ့သမိန် တိုက်နယ် မော်ဘီခရိုင် ပဲခူးတိုင်းဒေသ ကြီးတွင် တည်ရှိပြီး ထန်းတပင်မြို့နယ် အပိုင်ပင် ဖြစ်သည်။ နဲ့သမိန်ရွာသည် လှိုင်ဘောလယ်မြစ်၏ အရှေ့ဘက်ကမ်း တွင်တည်ရှိပြီး အနောက်ဘက်ကမ်းသည် မအူပင်ခရိုင်ဖြစ်လေသည်။ ၁၉၅၆ တွင် သန်းခေါင်စာရင်းခန့်မှန်းခြေအရ လူဦး ရေ (၈၅၀၀၀) ကျော်ရှိသည်ဟုဆိုသည်။

သမ္ဗန်ပေါ်မှဆင်းသည်နှင့် နဲ့သမိန် ဆရာတော် ဦးကေသရလျှောင်းစက်ရာ အောင်မြေအောင်ဌာနဆီသို့ တန်းတန်း မတ်မတ်ဦးတည်သွားမိဖြစ်သည်။ စာရေး သူ များစွာအုံ့အားသင့်သွားမိဖြစ်ရသည်။ ပြောင်းလဲတိုးတက်မှုများ မြင်တွေ့လိုက် ရသောကြောင့်ပင် ဖြစ်သည်။ ရုပ်ပွား ဆင်းတုတော်များ၊ စေတီတော်များ၊ ကျောင်းတိုက်ကြီးများ သပ္ပာယ်ကြည်ညို ဖွယ်ကောင်းလှသကဲ့သို့ ခံ့ညားထည်ဝါ လှသော အဆောက်အအုံများကလည်း ပြောင်းလဲတိုးတက်နေမှုတို့၏ သက်သေ အဖြစ် မားမားမတ်မတ် ရပ်တည်လျက် သားရှိနေသည်။ ဆရာတော်ဘုရားကြီး ဦးကေသရ၏ ယနေ့ထက်တိုင်မပုပ်မသိုး တည်ရှိနေသည့် ရုပ်ခန္ဓာလျှောင်းစက်ရာ ကျောင်းတော်အတွင်း ဝင်ရောက်သွား မိရာ တိတ်ဆိတ်ငြိမ်သက်မှု လွှမ်းခြုံထား သည့် အနေအထားရှိနေသည်ဟု ခံစား ရသည်။ ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာ အား ထိခြင်းငါးပါးအပြည့်ဖြင့် ဦးချ ကန်တော့ရင်း ငြိမ်သက်စွာ ကြည်ညို နေမိခဲ့သည်။ နဲ့သမိန်ရွာရှိကျောင်းမှာ အောင်မြေမှန်ရာကျောင်းဟုဆိုက မမှား နိုင်ပေ။

နဲ့သမိန်ကျောင်းတွင် ရဟန္တာ အရှင်မြတ်ဟု သမုတ်ခြင်းခံရသော ဆရာတော်ဘုရားကြီး ဦးဝိစာရ ပျံလွန် တော်မူသွားခဲ့ပြီးနောက် ဆရာတော် (၆) ဆက်မြောက် ကျောင်းထိုင်ဆရာတော် ဘုရားကြီး ဦးပညာ ပျံလွန်တော်မူသော အခါ ၎င်း၏ တပည့်အရင်းဖြစ်သော ရေနံချောင်းမြို့တွင် ပညာဆည်းပူးလျက် ရှိနေသည့် ရှင်ကေသရအား ပင့်ဖိတ် ကာ ကျောင်းထိုင်ဆရာတော်အဖြစ်အပ် နှံထားခဲ့ရာက အောင်လမ်းသို့ ကြွမြန်း



လျောင်းတော်မူရုပ်ပွားတော်



အောင်မြေမြင်ကွင်း



အောင်မြေအတွင်းမြင်ကွင်း




www.burmeseclassic.com

www.burmeseclassic.com



ဒေါင်မြေအတွင်းမြင်ကွင်း



ဒေါင်မြေဝင်းအတွင်းရှိ စေတီတော်များ

သွားတော်မူသည်အထိ နဲသမိန်ရွာကျောင်းတွင် သီတင်းသုံး နေထိုင်သွားတော်မူခဲ့ခြင်းပင် ဖြစ်သည်။

ဆရာတော် ဦးကေသရကို ရန်ကုန်တိုင်းဒေသကြီး နဲသမိန်ရွာတွင် ခမည်းတော် ဦးကြာဥနှင့် မယ်တော်ဖြစ်သူ ဒေါ်သေးသေးတို့မှ ၁၈၉၄ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ မြန်မာနှစ် ၁၂၅၆ ခုနှစ်၊ တန်ခူးလဆန်း၁၂ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့သည်။ ညီအစ်ကိုမောင်နှမ မွေးချင်း (၄) ယောက်ရှိသည့် အနက်မှ ဆရာတော်လောင်းလျာမှာ ဒုတိယမြောက်သားရတနာပင်ဖြစ်သည်။ အသက် (၉) နှစ် ပြည့်မြောက်သည်တွင် နဲသမိန်ရွာကျောင်း ဆရာတော်ဦးပညာထံတွင် လောကုတ္တရာအခြေခံကျမ်းစာများကို စတင် သင်ကြား ခံယူခဲ့သည်။ အသက် (၁၂) နှစ်အရွယ်တွင် ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့ကာ ရဟန်းအဖြစ်ကိုမူ အဘိုးဖြစ်သူ ဦးဒွေး၏ပစ္စယာနုဂ္ဂဟဖြင့် တက်ရောက်ခဲ့သည်။ နဲသမိန်ရွာတွင် (၈) ဝါမျှ သီတင်းသုံးတော်မူခဲ့ပြီး (၈) ဝါလွန်သည်နှင့် ရေနံချောင်းမြို့သို့ ကြွသွားတော်မူကာ လောကုတ္တရာစာပေကျမ်းဂန်တို့ကို ဆက်လက် လိုက်စားတော်မူခဲ့သည်။

နဲသမိန်ရွာတွင် သီတင်းသုံးနေ



www.burmeseclassic.com

www.burmeseclassic.com


တော်မူလျက်ရှိသည့် နဲသမိန်ဆရာတော် ဦးပညာ ဘဝနတ်ထံပျံလွန်တော်မူသည်နှင့် အရှင်ဦးကေသရသည် မိမိဇာတိရွာဖြစ်သော နဲသမိန်ကျေးရွာသို့ ရေနံချောင်းမြို့မှ ပြန်လည် ကြွတော်မူလာခဲ့ပြီး အောင်လမ်းသို့ မြန်းကြွသွားတော်မူသည်အထိ နဲသမိန်ကျေးရွာရှိ ကျောင်းတွင်ပင် သီတင်းသုံးတော်မူသွားခဲ့ခြင်းဖြစ်သည်။ နဲသမိန်ကျေးရွာသည် စံပြကျေးရွာတစ်ရွာအဖြစ် ထင်ရှားခဲ့သည်။ အိမ်ခြေအားဖြင့် (၅၀၀)၊ (၁၀၀၀)ခန့်မျှရှိသော်လည်း ဆေးရုံနှင့် အထက်တန်းကျောင်းတို့ရှိနေခဲ့သည်။

နဲသမိန်ဆရာတော်ဘုရားကြီး ဦးကေသရ၏ သက်တော်(၇၇)နှစ်၊ ဝါတော်(၄၇) ဝါ၊ ၁၃၃၃ ခုနှစ်၊ ကဆုန်လ၁ရက်နေ့၊ မွန်းလွဲ (၁၂) နာရီ၊ (၃၅) မိနစ်တွင် နဲသမိန်ရွာအထက်ကျောင်း ခေမာသိဝံကျောင်းတိုက်ကြီးပေါ်၌ ခန္ဓာဝန်ချပ်ငြိမ်းသွားတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနကို ခမ်းနားစွာစီစဉ်ဆောင်ရွက်ပူဇော်သမှုပြုခဲ့ကြသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာတော်အား ပလ္လင်တော် ကြာကလပ် ထီးဖြူတော်မြတ်တို့ဖြင့် မွမ်းမံပြင်ဆင်ကာ ပွဲလမ်းသဘင်ကြီးကျယ်စွာ ခင်းကျင်းပသခဲ့ကြလေသည်။ ၁၃၃၃ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်နေ့၊ ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့မှစ၍ အန္တိမအဂ္ဂိဈာပနသဘင်ကို ဆင်ယင်ကျင်းပခဲ့ကြသည်။ ဆရာတော်ဘုရားကြီးသည် ပရိနိဗ္ဗာန်မပြုသေးမီကာလတွင် ရုပ်ခန္ဓာကိုယ်ကြီးအား မီးသဂြိုဟ်ခြင်းမပြုရန်နှင့် ဂူသွင်းထားရန် မိန့်မှာစကားထားရှိခဲ့သည်။ ၁၉၇၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်၊ ကြာသပတေးနေ့၊ ၁၃၃၃ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် ဆရာတော်ကြီး၏ ရုပ်အလောင်းတော်မှ လူကောင်းပကတိတို့ စွန့်ပစ်သည့်အတိုင်း ကျင်ကြီးတို့ ယိုထွက်ကျလာခဲ့သည်။ ယိုထွက်ကျလာသောကျင်ကြီးတို့အား ဖယ်ရှားသုတ်သင်ရှင်းလင်းပေးနေကြစဉ် လူကောင်းပကတိတို့ပေါက်လွှတ်သောကျင်ငယ်ရေမျိုးပန်းထွက်လာခဲ့သည်။

ယနေ့ထက်တိုင်ပင် ဆရာတော်ကြီး၏ ရုပ်ခန္ဓာမှာ ကွေးခြင်း၊ ဆန့်ခြင်း၊ လှုပ်ရှားနိုင်ခြင်း စသည့် ပျော့ပျောင်းမှုများရှိနေခဲ့ပါသည်။ ဦးခေါင်းတော်ရှိ ဆံပင်တို့လည်း မကြာခဏရှည်လာလေ့ရှိနေသဖြင့် မကြာခဏရိတ်ပေးကြရသည်။ ဆရာတော်ဘုရားကြီးသက်တော်


ရုပ်ခန္ဓာလျောင်းစက်ရာကျောင်း


ဦးကေသရရုပ်ခန္ဓာလျောင်းစက်ရာ


ဆရာတော်ကြီးသက်တော်အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားရှိနေခဲ့စဉ်က အံ့ဖွယ်ကောင်းသော ဖြစ်ရပ်ဆန်းတို့ ဖြစ်ပေါ်ခဲ့သည်။

ဖြစ်ရပ်ဆန်းနှင့် ပတ်သက်၍ ဒကာတစ်ဦးဖြစ်သူ ဦးသန်းအောင်က ကိုယ်တွေ့မှတ်တမ်းအဖြစ် ရေးသားကာ မှတ်တမ်းတင်ထားခဲ့သည်။ ထိုမှတ်တမ်းအရသိခွင့်ရခဲ့သည်မှာ လှေကြီး၊လှေငယ်လေးဆယ်၊ ငါးဆယ်ခန့်ဖြင့် လူအများအပြားတွင် လှိုင်ဘောလယ်မြစ်ပြင်ကျယ်ဆီမှ ဆရာတော်သီတင်းသုံးနေတော်မူရာ အထက်ကျောင်းကြီးဆီသို့ ဦးတည်လာနေကြရင်း 'တပ်ကိုဆုတ်လို့ သုတ်သုတ်လျှော် အထက်ကျောင်းကိုယ်တော်ဖူးမည့်အသွား'ဆိုသည့်ရေကင်းသံပေါက်ကို နားဝင်ချိုစွာ သံပြိုင်သီဆိုလာကြသည်မှာ ကျောင်းဝင်းကြီးအတွင်းဝယ် ပေါက်ရောက်နေသော ပျမ်းမပင်ရေဆိပ်သို့ ဆိုက်ရောက်လာကြသည်အထိပင်။

နဲ့သမိန်ရွာရှိ ရွာသားများ၊ ကျောင်းရှိ ကိုရင်နှင့် ကျောင်းသားများအားလုံးလိုလို မှင်တက်အံ့ဩဖြစ်နေမိစဉ်မှာပင် လှေအများအပြားဖြင့် ရောက်ရှိလာကြသောလူအုပ်ကြီးမှာ လှူဖွယ်ဝတ္ထုပစ္စည်းများကိုယ်စီကိုင်ဆောင်ကာ ဆရာတော်ကြီးသီတင်းသုံးတော်မူရာ ကျောင်းဆီသို့ တန်းတန်းမတ်မတ်တက်သွားကြသည်။ ကျက်သရေခန်းအတွင်းမှ ပြင်ပသို့ထွက်လှမ်းထွက်ထနည်းပါးလှသောဆရာတော်ဘုရားကြီးအား ကျက်သရေခန်းအပြင်သို့ထွက်၍ အံပူဇော်ခံပေးပါရန် ပင့်လျှောက်ကြပြီး ပါလာသောလှူဖွယ်ဝတ္ထုပစ္စည်းအစုစုဖြင့် ကပ်လှူပူဇော်ကြသည်။ ထိုသို့ ပူဇော်ကြသည်မှာ ၎င်းတို့ကိုးကွယ်ဆည်းကပ်လျက်ရှိနေသည့် ဆရာတော်က နဲ့သမိန်ဆရာတော်ကြီးသည် ထူးမြတ်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တစ်ပါးဖြစ်ကြောင်း အိပ်မက်မြင်မက်သဖြင့် သွားရောက် ဖူးမြော်ရန် တိုက်တွန်းသဖြင့် လာရောက် ဦးခိုက်ပူဇော်ကြခြင်းပင် ဖြစ်လေသည်။

နဲ့သမိန်ဆရာတော်ဦးကေသရမှာ စိတ်တည်ငြိမ်လေးနက်မှုစွမ်းပကားမြင့်မားလွန်းလှသည်။ အရာရာကို စွန့်လွှတ်ထားနိုင်စွမ်းကလည်း အံ့မခန်းစရာကောင်းလှသည်။ လောကီဆိုင်ရာကိစ္စရပ်များအား တုန်လှုပ်မှုမရှိဘဲ စွန့်လွှတ်နေခဲ့ကာ အောင်လမ်းသို့ မြန်းကြွတော်မူနိုင်ရေးအတွက် လောကုတ္တရာအကျိုးများ တိုးတက်ရေးကိုသာ အဓိကထားကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပါသည်။


တစ်နေ့ ဆရာတော်ဘုရား တရား



ကျောင်းအဝင်မုခ်ဦး



နှစ်ထပ်ကျောင်းတိုက်ကြီး



ကြာကန်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးပုံတော်



ဆရာတော်ကြီးပုံခဲခြစ်ပန်းချီ



ယခုလက်ရှိကျောင်းထိုင်ဆရာတော်

ဘာဝနာကျင့်ကြံပွားများအားထုတ်နေစဉ် ကာလဝယ် ဆရာတော်၏ ကျက်သရေခန်း လေသာပြတင်းပေါက်မှ လှမ်းမြင်နေရသော သရက်ပင်တစ်ပင်ရှိ သရက်သီးများအား သူခိုးတစ်ယောက် တက်ခိုးနေခဲ့သည်။ ဆရာတော် တရားထိုင်ပြီး ပြန်လည်အထတွင် သရက်သီးသူခိုးအား လှမ်းမြင်လိုက်ရသည်။ ဆရာတော်သည် သူခိုးမမြင်နိုင်စေရန် တံခါးဘောင်နှင့် ကွယ်၍ ကျောင်းခန်းထဲဝင်သွားပြီး ကျောင်းရှိ ကျောင်းသားများနှင့် ဒကာအချို့အား -

"စားချင်လို့ခူးတာ ခူးကြပါစေကွာ၊ ဘယ်လိုမှသွားပြီးမနှောင့်ယှက်ကြပါနဲ့"

ဟူ၍ ဆုံးမစကားဆိုသွားခဲ့သည်။

တစ်ကြိမ်တွင်လည်း ရွာသူရွာသားများ ဆရာတော်၏ ကျက်သရေခန်းအား ဝင်ရောက် သန့်ရှင်းရေးပြုကြရာတွင် ဆရာတော်ကြီး၏ ခေါင်းအုံး၊ စောင်နှင့် အခင်းတို့တွင် ကြမ်းပိုးများ အမြောက်အမြားရှိနေသည်ကို မြင်တွေ့ကြရသည်။ ဖယ်ရှားသုတ်သင်ကြရန် ပြင်ဆင်ကြသည်ကို ဆရာတော်ဘုရားကြီးက -

"အို-နေပါစေကွယ်၊ သတ္တဝါတွေကို အနေအထိုင်ပျက်စေတာ မကောင်းပါဘူးကွယ်"

ဟု မိန့်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ခန္ဓာဝန်မှ ပေးသောဒုက္ခကို သည်းခံသည့်အပြင် တပည့်သားမြေးများအပေါ် ညာတာသနားမှုအပြည့်အဝရှိနေခဲ့သည်။ ဆရာတော် အပြင်းအထန်နာမကျန်းဖြစ်ကာ ထိုင်ရာမှမထနိုင်လောက်အောင် အားအင်ကုန်ခန်းချိနဲ့နေမှုဝေဒနာခံစားနေရစဉ် ရွာထဲမှ တပည့်သားမြေးများ ကျောင်းတွင် လာရောက်ကာ ညအိပ်စောင့်ခဲ့ကြရသည်။ တစ်ည ညအချိန်မတော်ကြီးတွင် ရေငတ်လွန်းအားကြီးမှုပြင်းထန်လာလေရာ အိပ်မောကျနေကြသော တပည့်သားမြေးတို့ကိုနှိုးထခိုင်းစေမှုမပြုဘဲ ခုတင်ပေါ်မှဆင်းကာ ဖင်ရွှေ့ဖင်ရွှေ့ဖြင့် သောက်ရေအိုးဆီသို့အရောက်သွားပြီး ရေကိုခပ်၍ သောက်တော်မူသည်။ အပြန်လမ်းတွင် ဖင်ရွှေ့ပြန်လာစဉ် ကတုန်ကယင်ဖြစ်နေသည်ကို နိုးလာသော တပည့်သားမြေးတို့က မြင်တွေ့သွားမှ ဝိုင်းဝန်းပွေ့ချီကာ ခုတင်ပေါ်အရောက် ပြန်လည်ပို့ပေးခဲ့ကြရသည်။

ဆရာတော်သည် ဒါနပြုစွန့်ကြဲမှုပြုသည့်နေရာတွင်လည်း စံထားရလောက်သည်။ အလှူခံတစ်ဦးက ဆရာတော် အသုံးပြုတော်မူလျက်ရှိနေသည့် ခြင်ထောင်အား လာရောက်အလှူခံလေရာ ဆရာတော်သည် မဆိုင်းမတွပင် ခြင်ထောင်အား ဖြုတ်ချပေးကာ လှူဒါန်းသမှုပြုတော်မူခဲ့သည်။ နောက်တစ်နေ့ ဒကာ၊ ဒကာမတို့ လာရောက်ကြသောအခါတွင်ကား သင်္ကန်းအား ခေါင်းမြီးခြုံကာ ကျိန်းစက်နေသည့် ဆရာတော်အားဖူးတွေ့ကြရသဖြင့် အကျိုးအကြောင်းမေးမြန်းလျှောက်ထားကြလေမှ ခြင်ထောင်အား လှူဒါန်းသမှုပြုလိုက်ကြောင်း သိခွင့်ရခဲ့ကြသည်။

တစ်ချိန်တွင်လည်း မြန်မာနိုင်ငံတွင် ရဟန္တာဟုသမုတ်ကြသော မော်ဘီသဲအင်းဂူ ဆရာတော်ဘုရားကြီးသည် နဲ့သမိန်အထက်ကျောင်း ခေမာသီဝံကျောင်းတော်ကြီးသို့ ကြွရောက်တော်မူလာခဲ့ပြီး ရေကန်တော်ကြီးထဲတွင် လောင်းလှေဖြင့် လှည့်လည် အပူဇော်ခံခြင်း၊ ဆရာတော်နှင့် တရားဒေသနာများ ဆွေးနွေးခြင်း၊ တပည့်ဒကာဒကာမတို့အား တရားဘာဝနာများ ပေးသဖော်



www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပြပေးခြင်းများကို နှစ်ရက်၊သုံးရက်မျှ သီတင်းသုံးနေထိုင်စဉ် ပြုလုပ်ခဲ့သည်။ ထိုသို့ ဆုံဖြစ်ရသည်မှာ ရဟန္တာအချင်းချင်း အတွင်းစိတ်သဘောအရ ဆက်သွယ်သိနားလည်မှု ရရှိနေကြသောကြောင့်ပင် ဖြစ်မည်ဟု ယူဆရဖွယ်ရှိလေသည်။ နဲသမိန်ဆရာတော် ဦးကေသရသည် မြတ်ဗုဒ္ဓ၏ အဆုံးအမတော်အတိုင်း ကျစ်လျစ်သိပ်သည်းစွာ နေထိုင်ကျင့်ကြံပွားများ အားထုတ်တော်မူရင်း နှစ်ပေါင်း (၃၀) ခန့် သက်သတ်လွတ်ဘုဉ်းပေးတော်မူခဲ့ကာ အသက်အရွယ်ကြီးရင့်အိုမင်းမစွမ်းရှိလာသောအခါ ကျန်းမာရေးချို့တဲ့လာသဖြင့် ဆရာဝန်ကြီးများ၏ အတင်းတိုက်တွန်းချက်အရ သက်သတ်လွတ်ဘုဉ်းပေးခြင်းကို စွန့်လွှတ်ခဲ့ရသည်။ ဆရာတော်အရပ်တော်မှာ (၅) ပေ၊ (၃) လက်မခန့်ရှိပြီး ဖြူဖြူ ပိန်ပိန်ပါးပါးကိုယ်နေဟန်ထားရှိသည်။ မျက်လုံးတော်မှာ စူးရှတောက်ပလျက်ရှိပြီး နေရာတစ်နေရာတွင် အချိန်ပေါင်းများစွာ နေထိုင်လေ့ရှိတော်မူခဲ့သည်။

နဲသမိန်ဆရာတော် ဦးကေသရ ရုပ်ခန္ဓာလျောင်းစက်ရာအတွင်း လှည့်လည်ကြည့်ညိုအလေးထားမှုပြုနေမိစဉ်မှာပင် ဆရာတော်ဦးကေသရနှင့် ပတ်သက်နေသည့် အကြောင်းအရာများကို သိခွင့်ရခဲ့ခြင်းပင် ဖြစ်သည်။ အောင်မြေအတွင်း ရုပ်ပွားဆင်းတုတော်များ၊ စေတီပုထိုးများဖြင့် ပွင့်ထွန်းဝေစည်လျက်ရှိနေပြီပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ခန္ဓာလျောင်းစက်ရာ တိုက်ကျောင်းအတွင်း အေးငြိမ်းတိတ်ဆိတ်နေမှုက လွှမ်းခြုံထားလျက်ရှိနေသည်။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို အာရုံညွှတ်ကာ ထိခြင်းငါးပါးဖြင့် ဦးချကန်တော့နေမိစဉ် အိမ်မြှောင်တို့၏ စုတ်ထိုးသံတို့က လွင့်ပျံ့ထွက်လာခဲ့သည်။ ကျောင်းတွင် လက်ရှိကျောင်းထိုင်နေသည့် ကျောင်းထိုင်ဆရာတော်အား ဖူးတွေ့ခွင့်ရလိုက်သည်တွင် ထူးခြားဆန်းကြယ်သည့် ဖြစ်စဉ်တို့ကို သိခွင့်ရခဲ့ပါသည်။ ကျောင်းထိုင်ဆရာတော် ဦးကောဝိဒ ပြောပြသဖြင့် သိခွင့်ရခဲ့ခြင်းပင် ဖြစ်သည်။

ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာစွန့်သွားခဲ့သည့်အချိန်တွင် ဈာပနကိစ္စစီစဉ်ဆောင်ရွက်ကြရာ ဆရာတော်ဘုရားကြီး ရုပ်ခန္ဓာဝမ်းဗိုက်အားခွဲကာ ဝမ်းအတွင်းမှ အူများကိုထုတ်ယူကာ အိုးသန့်အိုးဖြင့် လုံခြုံစွာထည့်သိမ်းကာ ယခု



ကျောက်စာ

ကြာကန်နေရာ၌ မြှုပ်နှံထားခဲ့ကြသည်။ (၁၀) နှစ်ခန့်အကြာတွင်မှ ဆရာတော်ဘုရားကြီးက အိပ်မက်ဖြင့် မိန့်တော်မူသဖြင့် မြှုပ်နှံထားသောအိုးကို ပြန်လည်တူးဖော်ကြည့်ကြရာ ပုပ်သိုးနံစော်ခြင်းလုံးဝမရှိဘဲ လတ်ဆတ်သောအသားစိုင်အသားလုံးအတိုင်း တည်ရှိနေသည်ကို တွေ့မြင်ကြရသည်။ အိပ်မက်တွင် မိန့်မှာတော်မူသည့်အတိုင်း ယနေ့တိုင် မပုပ်မသိုး တည်ရှိနေတော်မူသည့် ရုပ်ခန္ဓာအတွင်း ပြန်လည်သွတ်သွင်းပေးထားခဲ့ကြရသည်ဟု သိခွင့်ရခဲ့ပါသည်။

ဆရာတော်ဘုရားကြီးဟောကြားတော်မူခဲ့သည့် စိတ်ကိုဆုံးမခြင်းတရားတော်ထဲမှ အနှစ်သာရများက စာရေးသူ၏ နှလုံးအိမ်ထဲအထိ တိုးဝင်လာမိခဲ့ရသည်။ ဆရာတော်ဘုရားကြီး မိန့်တော်မူထားခဲ့သည်မှာ -

"အကျင့်သီလဟာ နိဗ္ဗာန်တရားရဲ့ အထောက်အပံ့ဖြစ်တယ်။ နိဗ္ဗာန်တရားဟာ သဒ္ဓါ၊ စာဂ၊ ဝီရိယ စတဲ့ တရားတွေ ရင့်ကျက်ကြီးထွားလာပြီးနောက် ပြီးမြောက်သွားတာပဲ ဖြစ်တယ်။ ဥပါဒါန်အစွဲအလမ်းမထားဘဲ လွတ်လွတ်လပ်လပ် ပြုမူနေထိုင်သွားတာပဲပေါ့။ ဝိသုဒ္ဓိ (၇) ပါးနဲ့ ပြည့်စုံစေဖို့ အဆင့်ဆင့်ကျင့်ကြံအားထုတ်မှုရလာတယ်။ သီလစင်ကြယ်မှုဟာ စိတ်ရဲ့စင်ကြယ်မှုအတွက် အထောက်အပံ့ဖြစ်တယ်။ ပညာကိုသီလနဲ့ ဆေးကြောရတယ်။ ပညာရှိတဲ့ပုဂ္ဂိုလ်ဟာ သီလ ဆိုတာရှိတယ်။ သီလရှိတဲ့ပုဂ္ဂိုလ်မှာ ပညာဆိုတာရှိတယ်။ ကာမဂုဏ်အာရုံမှာ တုန်လှုပ်တတ်တဲ့အာရုံရဲ့ မတည်ငြိမ်မှုတွေကို စောင့်ရှောက်နိုင်ခဲ့တယ်။ ဒီစိတ်ကို လေးသမားများဟာ မြားကောက်ကို တဖြည်းဖြည်းဖြောင့်မှုရတယ် ဆုံးမပြီးတော့ ယဉ်ကျေးလာတဲ့ စိတ်ဟာ ချမ်းသာကိုရတယ်။ ဒါဟာ ဘုရားရှင်ရဲ့ကျင့်စဉ်အခြေခံတရားတွေပဲ"

ဟုပင် ဖြစ်ပါသည်။

အောင်မြေမှန်ရာ ကျောင်းဝင်းအတွင်းမှထွက်လာမိတော့ နေပင်အတော်စောင်းနေပြီ ဖြစ်သည်။ တိုက်ခတ်လာသောလေပြည်လေညင်းကြောင့် စေတီတော်ငယ်များတွင် တွဲလွဲကျနေသည့် ဆည်းလည်းများ လှုပ်ခတ်လျက်ရှိနေလေရာ ထွက်ပေါ်လာသည့် ဆည်းလည်းသံတို့က သင်္ခါရဓမ္မတေးသွားတစ်ပုဒ်ကို ဖော်ကျူးနေသည့်အလားထင်မှတ်များရသည်။ လှေဆိပ်ဆင်းမိသည်နှင့် မြစ်ပြင်ကျယ်ကို လှမ်းကြည့်မိဖြစ်သည်။ ငုပ်လျှိုးစပြုနေသော နေမင်းကြီး၏ အလင်းရောင်တို့က မြစ်ပြင်ပေါ်ဝယ် ပဒ္မွန်ဆီရောင်သန်းလျက်သားရှိနေပြီပင် ဖြစ်သည်။ လှေပေါ်ရောက်တော့မှ ရင်ထဲသို့ အတွေးစတစ်စဝင်ရောက်လာမိဖြစ်သည်။ ထိုအတွေးစလေးမှာ ၁၆ ရာစုခန့်ကပင် တည်ရှိနေခဲ့သည့် နဲသမိန်ရွာသည် အောင်မြေမှန်ရာရပ်ဝန်းတစ်ခုဧကန်ဖြစ်သည်ဟုပင်။ အကြောင်းမှာ ယနေ့တိုင်ပင် ရုပ်ကလာပ်တော်ကို ဖူးမြော်နိုင်သေးသော နဲသမိန်ရွာ ပထမ နဲသမိန်ဆရာတော်ဘုရားကြီးဦးဝိစာရနှင့် ယခု ဖူးမြော်ခွင့်ရရှိခဲ့သည့် နဲသမိန်ဆရာတော်ဦးကေသရရုပ်ခန္ဓာလျောင်းစက်ရာအောင်မြေတို့ တည်ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။

**တကြွင်း -**

နဲသမိန်ရွာသို့ ရေးဖော်ရေးဖက်ဖြစ်သော ဆရာကိုမိုး (ရွှေပြည်သာ) သတင်းစာဆရာ ရွှေမြင့်ဦးတို့နှင့်အတူသွားဖြစ်ခဲ့ရာ မှတ်တမ်းဓာတ်ပုံများရိုက်ကူးပေးသော ကိုမိုး (ရွှေပြည်သာ) အား ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

အောင်မြေမှန်ရာ
အရောက်လှမ်းခွင့်ကြုံနိုင်ကြပါစေ
အောင်သာကျော်

**ကျမ်းကိုး -**


၁။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးကေသရ-ရေးသူဦးအောင်သန်း
၂။ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ-မောင်ပန်းမွှေး
၃။ ဒုတိယအကြိမ် ကိုယ်တိုင် သွားရောက်လေ့လာမှု




www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

ဘားအံ့ဘုရားရှင်ကိုယ်ဟူ သမျှကင်းဝေးကြပြီး အလိုဆန္ဒပြည့်စုံစေသော

# ဝဋ္ဋသုတ်နှင့်ငုံးမင်းစမ

ဆောင်းကြာရောင်

တနင်္ဂနွေနေ့။

လပြည့်နေ့ (ဝါခေါင်လပြည့်နေ့)။

ထိုနေ့မှာ မေတ္တာအခါတော်နေ့လည်း ဖြစ်နေပြန်ပါသည်။

ကျွန်ုပ်နေအိမ်၏အနောက်တောင်ထောင့်အရပ်ဌာန (၁)မိုင်ခန့်အဝေးတွင် ဆုတောင်းပြည့်ဘုရားတစ်ဆူ ကိန်းဝပ်စံပယ်တော်မူပါသည်။ ထိုဘုရားအာရုံခံ တန်ဆောင်းတော်အတွင်းမှသံဃာတော်အရှင်မြတ်များ၏ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်နေသံတို့သည် အနောက်တောင်လေနှင့်သယ်ယူလာခဲ့သဖြင့် ပဋ္ဌာန်းရွတ်သံတို့ကို ကြည်ညိုသဒ္ဓါပွားနေမိပါတော့သည်။

ကျွန်ုပ်သည် မြန်မာတို့၏ စန္ဒရမာသအလိုက်အထူးပြုသောလများတွင် မြတ်စွာဘုရားရှင်အား ဂုဏ်တော်ရည်မှန်းပြီး အထူးစီမံအပ်သည့် ကန်တော့ပွဲများကို ပူဇော်မြဲဖြစ်ပါသည်။

မြတ်စွာဘုရားရှင်ကို အထွတ်ထိပ်တင်ပြီး သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဆရာတော်များနှင့် ဟိမဝန္တာနှင့် မဟာမြိုင်မှာ လူမျိုးကွဲပြား စည်းမထားဘဲ မေတ္တာအထူးဖြင့် လူသားများကို အကျိုးပြု ချီးမြှောက်နေကြသောဆရာတော်သခင်များကိုလည်း အကြောင်းအားလျော်စွာ ကန်တော့ပွဲတို့ဖြင့် ကပ်လှူမြဲလည်း ဖြစ်ပါသည်။

စန္ဒရမာသအလိုက် အထူးစီမံသော ကန်တော့ပွဲများတည်ခဲ့သောလများကို စာချစ်သူမိတ်ဆွေများ သိလိုသောဆန္ဒရှိမည်ထင်ပါသည်။ ထိုလများကို အောက်တွင် ဖော်ပြထားလိုက်ပါသည်။

- တန်ခူးလ - လဦးနှစ်ဦး မဟိဒ္ဓိပွဲလှူခြင်း။
- ကဆုန်လ - (ဗုဒ္ဓနေ့နှင့် ညောင်ရေသွန်းပွဲ) မဟိဒ္ဓိပွဲလှူခြင်း။
- ဝါဆိုလ - မဟိဒ္ဓိပွဲလှူခြင်း။
- ဝါခေါင်လ (ထွင့်ခေါင်ပွဲနှင့် မေတ္တာအခါတော်) မဟိဒ္ဓိပွဲလှူခြင်း။
- သီတင်းကျွတ်လ - မဟိဒ္ဓိပွဲလှူခြင်း။
- တန်ဆောင်မုန်းလ - (နက္ခတ်စုံပွဲ) မဟိဒ္ဓိပွဲလှူခြင်း။
- တပေါင်းလ - (ဆရာသခင်များလ) မဟိဒ္ဓိပွဲလှူခြင်း။

ကျန်သော အခြားလများတွင် ကျွန်ုပ် ကူညီပေးရသူများအတွက် သီးခြားအထူး စီမံပေးရသော အာဏာတိက္ကမ သိဒ္ဓိပွဲများ ကပ်လှူပေးရပါသည်။ အထူးပြုရသော သိဒ္ဓိမဟိဒ္ဓိပွဲများကို ကပ်လှူရသောအခါများတွင် တစ်ဦးတည်းဒကာအဖြစ် တောင်းခံကြသော်လည်း ခွင့်ပြုခြင်းမရှိပါ။

မိတ်ဆွေများနှင့်တပည့်များ 'အများပေါင်းစုရသောကောင်းမှုကုသိုလ်အဖြစ်' စုပေါင်းပြီးအထူးစီမံအပ်သည့်ကန်တော့ပွဲများကိုသာ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ ကပ်လှူရသော အထူးပွဲများကို မြန်မာပြည်အနှံ့ အဝေး၊ အနီးမိတ်ဆွေများ၊ တပည့်များအားလုံး ပါဝင်ခဲ့ကြပါသည်။

ယခု ၁၃၇၆ ခုနှစ်၊ ဝါခေါင်လထဲတွင် ဝါခေါင်လဆန်း ၁၀ ရက်နေ့ (အင်္ဂါနေ့)တွင် ထွင့်ခေါင်ဆရာတော်ကြီးအမှူးထား၍ ခေါင်ငါးခေါင်ပွဲတစ်ပွဲကပ်လှူခဲ့ပါသည်။ လပြည့်နေ့ (ဝါခေါင်လပြည့်ပွဲ) မှာ မေတ္တာအခါတော်နေ့ဖြစ်နေပြန်၍ အထူးစီမံအပ်သောကန်တော့ပွဲတည်၍ သဒ္ဓါကြည်ဖြူစွာ မြတ်စွာဘုရားရှင်အား ကပ်လှူပူဇော်ရပြန်ပါတော့သည်။

ဝါဆိုလထဲက ကပ်လှူခဲ့သော ကန်တော့ပွဲတွင် သက်မဲ့ဖြစ်ကြသော ငှက်ပျောဖီးများက ဝိသေသလက္ခဏာအဖြစ် မြင်သာအောင် သိဒ္ဓိပြနေခဲ့ပါသည်။ ဖီးကြမ်းငှက်ပျော (၃) ဖီးနှင့်ကပ်လှူသော ကန်တော့ပွဲတွင် နှစ်ဖီးက ရွှေအိုရောင်တောက်ပြီး ကွင်းလုံးကျွတ်မှည့်နေပါသည်။ ထူးနေတာက တစ်ဖီးမှာ ကျောက်စိမ်းအလား စိမ်းလဲ့နေပါတော့သည်။

နောက် ပွဲဆက်တော့ ထိုပွဲတွင် သုံးဖီးလုံးကွင်းကျွတ်ရွှေရောင်ဝင်း၍နေအောင် အမှည့်ညီပြီး ထူးဆန်းသော အမွှေးရနံ့ကို ရရှိနေပြန်ပါတော့သည်။ မထင်ခဲ့၊ မစဉ်းစားခဲ့မိသောအဖြစ်ကို မျက်မြင်တွေ့ရကြုံရတော့ မအံ့ဩဘဲ မနေနိုင်တော့ပါ။

ငှက်ပျောဖီးတစ်ဖီး၏ အလယ်အလုံးလောက်၏ အညှာဘက်မှ တစ်လက်မခွဲလောက်အမြင့်တွင် အင်္ဂလိပ်ဂဏန်း သင်္ချာအရကြည့်လျှင် ရှစ်ဂဏန်း (8) သင်္ကေတန် ပေါ်နေခဲ့ပါတော့သည်။ မြန်မာတို့၏ ဗျည်းအက္ခရာအရကြည့်မည်ဆိုပါလျှင် 'ဝလုံး လုံးကြီးတင်-ဝိ' (ဝိ) ဟု ဖတ်ရပါမည်။ အထင်အရှားမြင်တွေ့နေရပါသည်။

ကျွန်ုပ် လျှောက်လှမ်းလာခဲ့သော ဘာသာရေးနှင့် ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်တွင် ကန်တော့ပွဲကပ်လှူလျှင် ငှက်ပျောသီးများကို စိန်ကြည့်ကျောက်ကြည့် စစ်ဆေးပြီး အပြစ်လုံးဝကင်း၍ လုံးဝစိမ်းလဲ့နေရပါသည်။ အုန်းသီးကိုလည်း အထူးစစ်ဆေးပါသည်။ ငှက်ပျောဖီးများကို ခေတ်ကာလတွင် ဆေးရည်စိမ်ကြရာတွင် ကျွန်ုပ် ကန်တော့ပွဲကပ်လှူမည့် ငှက်ပျောကို ဆေးစိမ်ခြင်း လုံးဝလက်မခံပါ။ ပကတိအတိုင်းကိုသာ ကပ်လှူမြဲဖြစ်ပါသည်။

မြို့ခံတပည့်များ ကိုယ်တိုင်ကိုယ်ကျ သဟာဒိကပူဇော်ရန်လာကြဖို့မှာထားပြီးဖြစ်၍ လူစုံတက်စုံရောက်နေကြပြီဖြစ်ပါသည်။ လှူဒါန်းခြင်းကိစ္စပြီးတော့ စကားဝိုင်းတွင် ဈာန်ဝင်နေကြပါတော့သည်။ ထိုအထဲမှ အင်္ဂါသား လူဝကြီးမောင်စောလှမြင့်က သူ့ဆန္ဒတင်ပြ၍ တောင်းဆိုခြင်းကို အားလုံးကလည်း သဘောတူပြီး ကျွန်ုပ်ကို အပူကပ်ပါတော့သည်။

သို့နှင့်ပင် လွန်ခဲ့သော နှစ်ပေါင်း (၁၂၀) ကျော် ကြာလာခဲ့ပြီဖြစ်သော ရုပ်စမအင်းကျမ်း(လက်ရေးမူ)မှာပါဝင်သော ငုံးမင်းရုပ်စမများထဲမှ ငုံးမင်းရုပ်စမအင်းတစ်ခုကို ချီးမြှင့်ပေးမည်ဟု ကတိပြုခဲ့ရလေတော့သည်။

ကျွန်ုပ်သွားနေသည့် မဟာဂန္ဓာရီလမ်းသည် မေတ္တာ+သစ္စာလမ်းဖြစ်နေသဖြင့် ကျွန်ုပ်အတွက်လည်း ပါရမီမြှောက်သလို ခုနစ်နေ့သား၊ ခုနစ်နေ့သမီး တပည့်များအတွက်လည်း အထူးအကျိုးရှိမည် ဖြစ်ပါသည်။

ငုံးမင်းစမအင်းနှင့် ဝဋ္ဋသုတ်ပရိတ်တော်သည် လောကီနယ်ပယ်မျိုးစုံတို့တွင် ထဲထဲဝင်ဝင် အကျိုးပေးကောင်းမည် ဖြစ်ပါသည်။ ထိုငုံးမင်းစမ တည်ဆောက်ထားပုံမှာ စဓဗဝ စမလေးလုံးနှင့် ငုံးမင်းရုပ်စမကို ဗျည်းအက္ခရာဖြင့် စီမံထားသည်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုငုံးမင်း၏ စမအင်းသည် မျက်မှောက်ကာလတွင် တာဝန်ထမ်းဆောင်နေသူများအားလုံးဖြစ်သော-

- ❑ အစိုးရဝန်ထမ်း (အရာထမ်း၊ အမှုထမ်းများ)၊
- ❑ ကုမ္ပဏီဝန်ထမ်းများ၊
- ❑ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ယူရသော အရာထမ်းအမှုထမ်းများ၊
- ❑ မိမိကိုယ်ပိုင်စီးပွားရှာကြသူများအားလုံးတို့ အသုံးပြု ဆောင်နိုင်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်သည် ကတိပေးပြီးဖြစ်သည့်အတိုင်း ငုံးမင်းစမနှင့် ဝဋ္ဋသုတ်ပရိတ်တော်ပွားရပုံအပြည့်အစုံကို တပည့်များနှင့်မိတ်ဆွေများ (ဒေသခံများ) အား အသီးသီးပေးအပ်ပြီး ဖြစ်ပါသည်။

သုရဋ္ဌမဂ္ဂဇင်းတွင် ကျွန်ုပ်ရေးသားခဲ့ပြီးသောကျင့်စဉ်များ၊ အဆောင်များဆောင်းပါးကိုဖတ်၍ ဆောင်ရွက်ကြသည့် စာချစ်သူ အဝေးနေမိတ်ဆွေများထံမှ တယ်လီဖုန်းနှင့်တစ်မျိုး၊ တချို့မိတ်ဆွေများဆိုလျှင် လူကိုယ်တိုင် လာရောက် မေးမြန်းကြသည်မှာ လစဉ်နီးပါး ဖြစ်ပါသည်။ ဆောင်ရွက်လိုသော စာချစ်သူမိတ်ဆွေများနှင့် ဆောင်ရွက်နေကြပြီဖြစ်သော မိတ်ဆွေတို့အား အမြဲပြန်လည်ကူညီပေးခဲ့ပါတော့သည်။

အဝေးတွင်ရှိကြသော စာချစ်သူမိတ်ဆွေများအတွက် ငုံးမင်းစမအင်း ဝဋ္ဋသုတ်ပရိတ်တော်အဆောင် စီမံရပုံအပြည့်အစုံတို့ကို အောက်တွင် ရေးသားဖော်ပြလိုက်ပါသည်။

**၁။ ငုံးမင်းရုပ်စမစီမံကြရန်**

ကာယကံရှင်ကိုယ်တိုင် ငုံးမင်းစမကိုဆွဲရန် ဖြစ်ပါသည်။ မစီမံနိုင်ပါက ကွန်ပျူတာမိတ္တူကူးနိုင်ပါသည်။

**၂။ ကြိုတင်စီမံထားရန်**

- က။ ငုံးမင်းစမတစ်လုံး
- ခ။ နံ့သာရည်တစ်ပုလင်း
- ဂ။ ပန်းသုံးမျိုး၊ သစ်သီးသုံးမျိုး
- ဃ။ အမွှေးတိုင်၊ ဖယောင်းတိုင်တို့ စီမံထားပါ။

(ကာယကံရှင်၏ သဒ္ဓါနှင့် ဆန္ဒအရ ကန်တော့ပွဲတင်ခြင်း၊ သင်္ကန်းသတ်လှူတ်စားခြင်းများ ပြုလုပ်နိုင်ကြပါသည်။)


**၃။ ရက်ရွေးခြင်းနှင့်ကာလသတ်မှတ်ခြင်း**

၁။ ရက်ရာဇာ၊ အမြိတ္တစုတ်ရက်တစ်ရက်တွင် စတင်ပါ။

၂။ ကာလကို (၉) ရက် (၃)ကြိမ် (၂၇) ရက် သတ်မှတ်ပါ။

**၄။ ကာလအတွင်း နေ့စဉ်ပြုရန်များမှာ**

- က။ တန်ခိုးကြီးသော နတ်မင်းကြီးများ၊ သိကြား၊ ဗြဟ္မာတို့အား ဖိတ်ထားပါ။
- ခ။ ဝိဇ္ဇာလေးပါးနှင့် မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင် ဆရာသခင်များကို ပင့်ဖိတ်ထားရပါမည်။
- ဂ။ ဒါနခန်း - လှူဖွယ်ပစ္စည်းအစုစုတို့ကို မြတ်စွာဘုရားရှင်အား ကပ်လှူ ပူဇော်ပါရန်။
- ဃ။ ဘုရားရှိခိုးခြင်း၊ သီလခံယူဆောက်တည်ခြင်း။ ဆုတောင်းခံခြင်း။ မေတ္တာပို့သခြင်းတို့ပြုလုပ်ပါရန်။
- င။ ဝဋ္ဋသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ရန်။ ပရိတ်ရွတ်ဖတ်ပူဇော်ရာတွင် အသံပါဠိတို့မှန်အောင် ရွတ်ဆိုရန် ဖြစ်သည်။ စာကြည့်၍ ဖြည်းဖြည်းနှင့်မှန်မှန် ရွတ်ဆိုနိုင်ပါသည်။ (၁၀) ခေါက်တိတိ နေ့စဉ်ရွတ်ဆိုရပါမည်။
- စ။ သစ္စာပြုပြီး ဆုတောင်းခံပါ။ ဝေနေယျများစွာတို့အား ကုသိုလ်အမျှပေးဝေပါ။
- ဆ။ မူလက ဖိတ်ထားခဲ့သူအားလုံးကို နေရပ်ဌာနသို့ ပြန်လည်ပို့ပါရန်။



မှတ်ချက် -

ဝဋ္ဋသုတ်ပရိတ်တော်ကို အဆောင်သင့်မဖြစ်သူများရှိခဲ့ပါက အခက်အခဲမရှိစေရန်အတွက် အောက်တွင် ဝဋ္ဋသုတ်ပရိတ်တော်ကို ရေးသားဖော်ပြပေးထားပါသည်။

ကျွန်ုပ် ယခု ရေးသားမည့်အကြောင်းအချက်တို့သည် မိတ်ဆွေတို့ သိရှိပြီးသား၊ နားရည်ဝပြီးသားဖြစ်မှာ သေချာလှပါသည်။ ကျွန်ုပ်အနေကတော့ အရေးကြီးလို့ အသိပေးရေးသားရပါဦးမည်။

ဆောင်ရွက်မည့် ကာယကံရှင်ယောဂီများအနေဖြင့် စိတ်ကို လုံခြုံအောင်ထိန်းပြီး ဆန္ဒ၊ ဝီရိယ၊ သမာဓိအကြောင်း (၃) ချက်ညီမျှအောင် အားစိုက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ကြသူများအနေနှင့် ဆောင်းပါးခေါင်းစဉ်တွင်ပါရှိသည့် အကျိုးတရားများထက် များစွာပင် သာလွန်ကောင်းမွန်သော အကျိုးထူးများ မုချရကြမည် ဖြစ်ပါသည်။ ကိုယ်တွေ့ဖြစ်လာအောင် ဆောင်ရွက်ကြစေလိုပါသည်။

**ဝဋ္ဋသုတ်**

❑ ပူရေန္တံ ဗောဓိသမ္ဘာရေ<br>
နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။<br>
ယဿ တေဇေန ဒါဝဂ္ဂိ<br>
မဟာ သတ္တံ ဝိဝဇ္ဇယိ။

❑ ဇေရဿ သာရိပုတ္တဿ၊<br>
လောကနာထေန ဘာသိတံ။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

# မြတ်ဗုဒ္ဓဘုရား မိန့်မြွက်တရား

(မျိုးဆက်သစ်လူငယ်လူရွယ်များနှင့်ဗဟုသုတရှာမှီးသူများအတွက်)

□ ဘဝတိုင်းမိတ်ဆွေ □

၁။ ခရီးသွားသောသူ၏မိတ်ဆွေကား အဘယ်သူနည်း။

ခရီးသွားသောသူ၏မိတ်ဆွေကား ခရီးသွားဖော်တည်း။

၂။ အိမ်၌နေသောသူ၏မိတ်ဆွေကား အဘယ်သူနည်း။

အိမ်၌နေသောသူ၏မိတ်ဆွေကား မိခင်တည်း။

၃။ အလုပ်ကိစ္စဆောင်ရွက်သူ၏ မိတ်ဆွေကား အဘယ်သူနည်း။

အလုပ်ကိစ္စ ဆောင်ရွက်သူ၏ မိတ်ဆွေကား သူငယ်ချင်းတည်း။

၄။ တမလွန်ဘဝသွားရသောသူ၏မိတ်ဆွေကား အဘယ်သူနည်း။

တမလွန်ဘဝသွားရသောသူ၏ မိတ်ဆွေကား မိမိပြုထားသည့်ကောင်းမှုဖြစ်၏။

(သဂါထာဝဂ္ဂသံယုတ်၊
ဇရာဝဂ်၊ မိတ္တသုတ်)

□ အို-အောင် ကောင်းတာဘာလဲ □

၁။ အဘယ်တရားသည် အိုသည့်တိုင်အောင်ကောင်းပါသနည်း။

ကိုယ်ကျင့်သီလတရားသည် အိုသည့်တိုင်အောင်ကောင်း၏။

၂။ အဘယ်တရားသည် မိမိသန္တာန်၌တည်လျှင် ကောင်းပါသနည်း။

ယုံကြည်မှု သဒ္ဓါတရားသည် မိမိသန္တာန်၌တည်လျှင်ကောင်း၏။

၃။ အဘယ်အရာသည် လူတို့၏ရတနာမည်သတည်း။

ပညာသည် လူတို့၏ရတနာမည်၏။

၄။ အဘယ်အရာကို ခိုးသူတို့မခိုးယူနိုင်သနည်း။

ကုသိုလ်ကောင်းမှုကို ခိုးသူတို့မခိုးယူနိုင်ပေ။

(သဂါထာဝဂ္ဂသံယုတ်၊
ဇရာဝဂ်၊ ဇရာသုတ်)

□ ချစ်ခြင်းမှလွတ်ကင်းလျှင် □

ချစ်ခြင်းကြောင့်သောကဖြစ်ရ၏။

ချစ်ခြင်းကြောင့် ဘေးတွေ့ရ၏။ ချစ်ခြင်းမှလွတ်ကင်းသူမှာ သောကဖြစ်ရတော့မည် မဟုတ်။ ဘေးတွေ့မှုကား အဘယ်မှာရှိတော့မည်နည်း။

(ဓမ္မပဒ၊ ပိယဝဂ်)

□ သေဖို့ဖန်တီးပေးနေသောတရား □

ဇရာဟူသော အိုခြင်းတရားသည် အသက်ကို သေခြင်းဘက်သို့ ဆောင်ယူနေ၏။ သတ္တဝါတို့၏ အသက်သည် အနည်းငယ်တိုလျှ တစ်ခဏသာဖြစ်၏။ ဇရာတရားက သေဖို့ဘက်သို့ဆောင်ယူခြင်းခံရသောသတ္တဝါမှာ အားကိုးမှီခိုစရာ ဘာမှမရှိ။ ငြိမ်းချမ်းရာနိဗ္ဗာန်ကို အလိုရှိသောသူသည် သေခြင်းတရား၌ ထိုကြောက်ဖွယ်သော ဘေးသုံးမျိုးကို မြင်အောင်ကြည့်၍ လောက၌ တွယ်တာနေသောတရားစုကို ပယ်စွန့်ရာ၏။

(သဂါထာဝဂ္ဂ
သံယုတ်ပါဠိတော်၊
ဒေဝတာသံယုတ်၊ နဠသုတ်၊
ဥပနီယသုတ်)

□ ဘာကြောင့်အိုရတာလဲ □

မြတ်စွာဘုရားကမိန့်မြွက်တော်မူသည်မှာ ရဟန်းတို့၊ စူးစမ်းဆင်ခြင်တတ်သောသူသည် လောက၌ အထူးထူးအပြားပြား များစွာလှသောအိုခြင်း-ဇရာ၊ သေခြင်း-မရဏ ဟုဆိုအပ်သော ဆင်းရဲဒုက္ခသည်ဖြစ်နေ၏။ ဤအိုခြင်း၊ သေခြင်းဟူသောဆင်းရဲသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း။ အဘယ်တရားက ဇရာ-မရဏကို ဖြစ်ပေါ်စေသနည်း။ အဘယ်တရားက စတင်၍ ဇရာ-မရဏဖြစ်လာသနည်း။ အဘယ်တရားရှိလျှင် ဇရာ-မရဏဖြစ်သနည်း။ အဘယ်တရားမရှိလျှင် ဇရာ - မရဏ မဖြစ်သနည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် လောက၌ အထူးထူးအပြားပြား များစွာသော အိုခြင်း ဇရာ၊ သေခြင်း မရဏဟုဆိုအပ်သော ဆင်းရဲဒုက္ခသည် ပဋိသန္ဓေနေမှု ဟူသော ဇာတိလျှင် အကြောင်းရင်းရှိ၏။ ဇာတိတရားက ဇရာ-မရဏကိုဖြစ်ပေါ်စေ၏။

ဇာတိကြောင့် ဇရာ-မရဏဖြစ်၏။ ဇာတိတရားကစတင်၍ ဇရာ-မရဏဖြစ်လာရ၏။ ဇာတိတရားရှိလျှင် ဇရာမရဏဖြစ်၏။ ဇာတိတရားမရှိလျှင် ဇရာမရဏမဖြစ်ဟုသိ၏။ ထိုသူသည် အိုခြင်းဇရာ၊ သေခြင်းမရဏကိုလည်း သိ၏။ ဇရာ-မရဏဖြစ်ပေါ်ခြင်း၏အကြောင်းကိုလည်းသိ၏။ ဇရာ-မရဏ၏ချုပ်ငြိမ်းရာကိုလည်းသိ၏။ ဇရာ-မရဏချုပ်ငြိမ်းရာ (နိဗ္ဗာန်) သို့ရောက်ရန် လျောက်ပတ်သောအကျင့်ကိုလည်းသိ၏။ သိသည့်အတိုင်းကျင့်၏။

ရဟန်းတို့၊ ထိုပုဂ္ဂိုလ်ကို ဝဋ်ဆင်းရဲကုန်ရန် ကောင်းစွာကျင့်သောသူဟု ဆိုအပ်၏။

(နိဒါနသံယုတ်ပါဠိတော်၊
ဒုက္ခဝဂ်၊ ပရိဝီမံသနသုတ်)

*ဖတ်-မှတ်-ကျင့်-ကြံ-ပွားများ*
*အားထုတ်နိုင်ကြပါစေ*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

ကပ္ပဋ္ဌာယိံ မဟာတေဇံ၊
ပရိတ္တံ တံ ဘဏာမဟေ။
□ အတ္ထိ လောကေ သီလဂုဏော၊
သစ္စံသောစေယျ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စ ကိရိယ မုတ္တမံ။
□ အာဝဇ္ဇေတွာ ဓမ္မဗလံ၊
သရိတွာ ပုဗ္ဗကေဇိနေ။
သစ္စဗလ မဝဿာယ၊
သစ္စကိရိ ယ မကာသ' ဟံ။
□ သန္တိ ပက္ခာ အပတနာ၊
သန္တိ ပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊
ဇာတ ဝေဒ ပဋိက္ကမ။
□ သဟ သစ္စေ ကတေ မယှံ၊
မဟာ ပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

မေတ္တာအခါတော်နေ့မြတ်အတွက် ကျွန်ုပ်အသက်(၇၃)နှစ်ရောက်ကောင်းမှုတစ်ခုပြုခြင်း၊ မေတ္တာသစ္စာကျင့်စဉ်အတွက် ပါရမီအဖြစ် ရည်သန်၍ ရေးသားလိုက်ရပါတော့သည်။

ကာလာမရွာတွင် ဘုရားရှင်ပြောခဲ့သောစကားကို စွဲမှတ်ထားပြီး ကိုယ်တွေ့ကြုံမှ ယုံကြပါဟု။

(ပညာပေးခဲ့ကြသော ဆရာအပေါင်းတို့အား ကာယကံ၊ ဝစီကံ၊ မနောကံ (၃) ပါး အလုံးစုံဖြင့် ကန်တော့ပါ၏။)

*ပညာတိုးပွား၍အကျိုးများကြပါစေ*
*ပညာကျော်*



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ နယ်သိလူမိုက်ကြီး တစ်ဦးက သာသနာပြု ကမ္ဘဋ္ဌာန်းတိုက်ကြီးထူထောင်လိုက်သည်ဆိုငြားအံ့။ မယုံစကောင်းပင်။ သို့ပါသော်လည်း မြို့ခြေမှ သုံးမိုင်အကွာ ကွင်းထီးခေါင်ခေါင်၌ ကတ္တရာကားလမ်းဖြင့် လာနိုင်အောင် လမ်းပေါက်ချေပြီ။ ထို့ပြင် သာသနာ့ သာသနာ့ဗိမာန်တော်ကြီး၊ သာသနာ့ ပရိဝုဏ်ကြီးတစ်ခု ထီးထီးမားမားရပ်တည်နေပေ၏။ စင်စစ်ကား သတ္တဝါအများကို ချေချွတ်ဆိုဆုံးမနိုင်သည့် 'သဲအင်း၊ ဖွဲ့တင်း၊ အမြဲလင်း' ဟူသော ဆောင်ပုဒ်နှင့်အညီ ဖွဲ့တင်းသည့်အခြေခံမှု၏ကျင့်သုံးမှုအကျိုးတရားများဟုပင် ဆိုရပေမည်။

စာရေးသူအဖို့ မူလတန်းကျောင်းသားဘဝကပင် ပထမသဲအင်းဂူဆရာတော်ကြီး ပွင့်ထွန်းပေါ်လာချိန်မှီခဲ့သည်။ ဆရာတော်ကြီး၏ အဆိုအမိန့်၊ တရားပြသပုံ၊ နားဖြင့်ဆက်ဆက်ကြား၊ မျက်စိဖြင့် ထင်ထင်လင်းလင်းမြင်ခဲ့ရ၏။

သို့ကြောင့်ပင် မြန်မာနိုင်ငံတွင် ပေါ်ထွန်းသမျှ ဝိပဿနာတရားရှုမှတ်နည်းများထဲမှာ ဝိသေသရှိနေရပါသော သဲအင်းဂူတရားရှုမှတ်နည်း သော့ချက်အချို့ကို တင်ပြလိုပေသည်။


ဆရာတော်ကြီးနှင့် စာရေးသူတို့၏ဖခင်တို့သည် ဆရာတော်ကြီး လူဝတ်ကြောင်ဘဝက တေဖော်တေဖက်ဖြစ်ကောင်းလောက်သည်။ သို့ကြောင့်ပင် အိမ်မှ မြင်းရထားအပိုင်ဖြင့် မိဘနှစ်ပါးနှင့်အတူ စာရေးသူ ပါသွားတတ်သည်။ နေ့ညမရွေး လာလိုလျှင် အနီးလေးပင်။

ဆရာတော်ကြီးအဖို့ အစိမ်းသက်သက် အားမထုတ်ဘူးသေးသူများကို အသေတတ်ဖို့ အရင်သင်ရမည့် အကြောင်းမိန့်ခြွေသည်။ အသေတတ်မှ အနေမြတ်မည်။ အစမ်းသေကြည့်ရမည်။ လေ့ကျင့်ရမည်။ ခွေးသံကြားတော့ ခွေးဖြစ်သည်။ နွားသံကြားတော့ နွားဖြစ်သည်။ သီရိမမှာလို ကုသိုလ်ကောင်းမှုအများကြီးလုပ်သူပင် အသေမတတ်တော့ စပါးကြီးမြွေဘဝရောက်သွားသည်။ 'နမ်ညွှတ်ရာ ရုပ်ဇာတိ' ဟု မိန့်သည်။ တင်ပျဉ်ခွေထိုင်၊ လက်နှစ်ဖက်ထပ်ထား၊ နှာသီးဝမှာ ဝင်ရင်ဝင်တယ်သိ၊ ထွက်ရင်ထွက်တယ်သိ၊ ကြာလာတော့ ခန္ဓာကပြလာမည်။ တောင့်လာသည်။ တင်းလာသည်။ ပူလာသည်။ နွေးလာ

(ဇမ္ဗူရွာစု)

# ထင်ကျော်စွာ

## ဖွဲ့တင်းမှုအခြေမှာခိုင်
## သဲအင်းဂူရှေ့ကြာအိုင် ဝိပဿနာ





www.burmeseclassic.com

www.burmeseclassic.com

သည်။ ပညတ်နှင့်ပရမတ်ကိုခွဲ၊ ငါဆိုတဲ့ ဒိဋ္ဌိကိုဖြုတ်ရမည်၊ ခန္ဓာကိုမပြင်ရပါ။

ပေါ်လာသည့်ဝေဒနာအပေါ်မှာ လက္ခဏာတင်ထားရမည်။ ဩော် - မမြဲတဲ့သဘော ငါ့ခန္ဓာကိုယ်ငါမပိုင်ပါလား။ ငါဆိုတဲ့ဒိဋ္ဌိကိုဖြုတ်ရမည်။ ငါယောကျ်ား၊ ငါမိန်းမဆိုတာ ပရမတ်မှာ မရှိပါလား။ ဒီအခါမှာ နှာသီးဝကို ပြင်းပြင်းရှူဖို့ သမာဓိတင်ရမည်။ ဝေဒနာတစ်မတ်သား၊ သမာဓိတစ်မတ်သား၊ ဝေဒနာတစ်ကျပ်သားဆိုလျှင် သမာဓိတစ်ကျပ်သားတင်ပေးရသည်။ ဖွဲလျှော့လို့မရ။ ဖွဲကိုတင်းထားရမည်။ ဒါကြောင့် သဲအင်းတရားသည် ဖွဲတင်းဖို့ အခြေခံဖြစ်သည်။

စာရေးသူတို့က လူငယ်ပီပီ အစဉ်မခံမရပ်နိုင်အောင် ဝေဒနာတက်လာသောအခါ တော်ချင်လာသည်။ ဒီအခါမှာ ဆရာတော်ကြီးကမိန့်သည်။

ရှေ့စိတ်ကတော်ချင်ရင် နောက်စိတ်ကတွန်းတင်။ သေရင်သေ၊ မသေရင် တရားရ၊ ဒီလိုစိတ်ကိုမွေး။ တရားထိုင်ရင်းသေသွားရင်မြတ်တယ်။ ခင်ဗျားတို့ နတ်ပြည်စောင်းတန်းရောက်မှာ အသေအချာဟု ဆိုပါသည်။

ဆရာတော်ကြီးက -

သေခါနီးမှာ နိုပ်စက်မယ့်၊ ပေါက်သတ်မယ့် မြွေကြီးလေးကောင်ရှိသည်ဟု ဆိုပါသည်။ ထိုမြွေလေးကောင်မှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ မြေ၊ လေ၊ ရေ၊ မီးမဟာဘုတ်ဓာတ်ကြီးလေးခုကို ဆိုလိုသည်။

ဘယ်သူ့ကိုဖြစ်ဖြစ် ဒီမြွေကြီးတွေ အလွတ်ပေးမယ်မထင်နဲ့။ ပထဝီသတ်လို့ သေရမယ့်သူက သေခါနီးမှာ ပထဝီမြွေပေါက်မှာပဲ။ တောင့်လာမယ်၊ တင်းလာမယ်၊ ထုံလာမယ်၊ ကျဉ်လာမယ်။ ဒါ ပထဝီမြွေသတ်တယ်လို့ ခေါ်တယ်။ ပူလာမယ်။ လောင်လာမယ်။ ရင်ထဲမှာ တဖျပ်ဖျပ်ပူနေမယ်၊ ဒါက တေဇောမြွေ။ အဲ - အာပေါမြွေကယိုစီးလာမယ်။ သွေးသံရဲရဲထွက်မယ်။ အော့အန်မယ်။ ကျင်ကြီးကျင်ငယ်ထွက်မယ်။ ဒါက အာပေါမြွေ။ ဝါယောမြွေကတော့ လေဖြတ်မယ်၊ လေသင်တုန်း၊ လေတက်စို့ထိုးဆိုတာ ဝါယောမြွေပေါက်တာပဲ။

ဒီတော့ သေရင် ဘယ်မြွေနှိပ်စက်ကလူပြုလို့ ပေါက်သတ်မှာလဲဆိုတာ ခင်ဗျားတို့ အခုကတည်းက လက်တွေ့သေကြည့်ရမယ်။ 'ပွဲမဝင်ခင် အပြင်ကကျင်းပတဲ့'။ အစမ်းသေကြည့်နေတာ ဒကာကြီးတို့။ အရင်ဆုံးလုပ်နေတာ သေကြည့်နေတာ။ တကယ်သေတဲ့အခါ အသေတတ်အောင်။

ဒကာကြီးတို့ အသေတတ်သွားရင် ဘဝကူးကောင်းပြီး ဒုက္ခတိဘုံက အပါယ်လေးပါးကိုမလားဖို့ အားထုတ်ရမယ်။ အသေတတ်ဖို့ ကြိုးစား။ ဒုတိယ အပါယ်လေးပါးကလွတ်အောင်အားထုတ်ဖို့လိုတယ်။ ကြားဖူးမှာပေါ့။ တေဘုမ္မာ သီချင်းမှာပါတယ်။ 'ခွင့်သာတုန်းမှမရုန်းချင်၊ အရှုံးနှင့်ပြင်ရှိဦးတော့လေး' ဆိုတာလေ။ ခုမအားသေးဘူး၊ နောက်လ။ နောက်လရောက်တော့ နောက်နှစ်၊ ဒီလို ရွှေ့ရွှေ့သွားတယ်။ ခင်ဗျားတို့သေဖို့ကိုတော့ ရွှေ့လို့ရမလား။ အဲ - 'ရွှေ့လို့မရတော့ သေပြီ။ ဘာမှကိုယ့်မှာမပါဘူး။ သွားပြန်ပြီ အပါယ်လေးဘုံ။ ကုသိုလ်လေးရှိသေးတော့ ပြန်တက်လာပြန်တယ်။ ဒီလိုနဲ့ သံသရာလည်နေတော့တာပဲ။

နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တဲ့ခန္ဓာနာမ်၊ နာမ်ရုပ်တို့အပေါ် ဉာဏ်မြင်လာမယ်။ တစ်လကျော် နှစ်လလောက်အားထုတ်လို့ သမာဓိအားသန်လာပြီဆိုတော့ ဒကာတို့မြင်လာပါလိမ့်မယ်။ အလင်းရောင်တန်းဖွေးဖွေးကြီးထိန်လင်းပြီး မြင်ရတာမျိုး၊ ဥဂ္ဂနိမိတ်လို့ခေါ်တယ်။ တရားရတော့မယ်။ နှာသီးဝကရှူသွင်းရှူထုတ်လုပ်ကာ လမ်းကြောင်းကြီးလို ပြတ်ပြတ်ထင်ထင်မြင်လာမယ်။ အဲ-နောက်ပြီးပြီး ပြက်ပြက်တလက်လက်နဲ့အရောင်တွေထွက်လာတာမြင်ချင်မြင်လာမယ်။ ဒီအချိန်မှာ ဒါတွေကို ဝိတက်စာရလို့ခေါ်တဲ့စိတ်ကူးအတွေး၊ စိတ်ကူးစိတ်သန်းမလုပ်နဲ့။ သမထဘက်ကူးသွားမယ်။ နှာသီးဝမှာ အသိလေးကပ်ထားပါ။ ပေါ်လာဆဲ ဝေဒနာ ကိုယ့်မှာဘယ်ဝေဒနာမျိုးလာစွဲကပ်တာလဲ။ ဒါကိုကြည့်ထားသိလား။ လက္ခဏာတင်။ အနိစ္စအမြဲမရှိပါလား၊ ဒုက္ခဆင်းရဲခြင်းပါတကား၊ အနတ္တဆိုတာ ဘာမှပိုင်ဆိုင်တာမရှိပါလား ဒီလို လက္ခဏာတွေတင်ရမယ်။

တရားထိုင်တယ်၊အားထုတ်တယ်ဆိုတာ ကုသိုလ်စိတ်သုံးမျိုးတစ်ပြိုင်နက်ရနေတာနော် ဒကာကြီးတို့။ ပရိကံယူတုန်းက ခန္ဓာကို မြတ်စွာဘုရားရှင်နဲ့ တရားပြဆရာကို လှူဒါန်းထားတယ်။ ဒါနကုသိုလ်ခေါ်တယ်။ အခုအားထုတ်တဲ့အခါ အာရုံငါး၊ အာရုံခြောက်တို့မှာ ငါးပေါက်ပိတ်ထားပြီးတစ်ပေါက်ဖွင့်ထားတယ်။ ဒါကြောင့် အင်မတန်သန့်ရှင်းတဲ့ သီလကို ဆောက်တည်ပြီးသားပဲ။ ကျွန်ုပ်ယသံဝရသီလလို့ခေါ်တယ်။ ကဲ - သီလလည်း လုံခြုံနေပြီ၊ ဘာဝနာမှုအတွက် နှာသီးဝမှာ အာနာပါနနဲ့ သမာဓိထူထောင်နေတယ်။ ဒါန၊ သီလ၊ ဘာဝနာပါလို့ သမာဓိလည်းရှိနေပြီ။ အဲ - အမြင်အတွေ့အာရုံတွေဖြစ်စေတယ်။ ဒီပညာတွေရင့်ကျက်လာတော့ မဂ်ဆိုက်လာတော့မယ်။ မဂ်ဆိုတာ တစ်ကြိမ်ပဲကျမယ်။ နောက်အဖန်တလဲလဲပြန်ပြီးဝင်စားလို့ရလာတာကို ဖိုလ်လို့ခေါ်တယ်။ ဖိုလ်ဆိုတာတော့ ပြန်ပြီးပေါ်ပေါက်လာတာကို ခေါ်တာပဲ။ ပထမဆုံးရမှာက သောတာပတ္တိမဂ်၊ နောက်ဖိုလ်အထပ်ထပ်ရလာမယ်။ ဒီကနေတက်တော့ သကဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တမဂ် တစ်ဆင့်စီရလာလိမ့်မယ်။

တရားရှာ ကိုယ်မှာတွေ့တဲ့။ ဒီခန္ဓာကပဲ တရားရပါလိမ့်မယ်။ တရားဆိုတာ အကာလိကော - အချိန်ကာလအပိုင်းအခြားမရှိ ရနိုင်ပါတယ်တဲ့။ ဆရာတော်ကြီးကိုယ်တိုင် အောက်မဂ်များကို ကျင်ကြီး၊ ကျင်ငယ်စွန့်ချိန်အတွင်း ရရှိခဲ့ကြောင်း ဆိုပါတယ်။ သဲအင်းထဲမှာ အားထုတ်ရင်း မဂ်စရတာက နောက်တစ်နေရာပါ။

စာရေးသူတို့ သိရှိရသည်မှာ နှောကုန်းရွာ၏ အနောက်ဘက်စွန်၌ ထိုမဂ်ဆိုက်ခဲ့သောနေရာရှိသည်။ ထိုနေရာကို အောင်မြေအဖြစ် သတ်မှတ်၍ အောင်ထူးမြတ်စေတီ တည်ထားသည်။ လေးဖာလုံခန့်ဝေးပေမည်။ အရိယာဗိမာန်ကြီးမှ မြေနီလမ်းအတိုင်းဆက်သွားကရောက်သည်။ တရားထိုင်သူတွေ ဖြတ်သန်းရမည့် အပိုင်းတွေအနေနှင့် ဈာန်အင်္ဂါငါးပါးဆိုတာရှိသည်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ လွယ်လွယ်မှတ်ရင် စိတ်ကူး၊ ဉာဏ်ဆင်၊ ငြိမ်သက်၊ ချမ်းသာ၊ ချုပ်သိမ်းဟု ဆိုရမှာဖြစ်သည်။ ဒါကြောင့် သစ္စာလေးပါးဖြစ်တဲ့ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂကို သိ၊ ပယ်၊ ဆိုက်ပွား နားလည်နိုင်စေဖို့ တတ်အားသမျှ အားထုတ်ကြပါဟု တိုက်တွန်းအပ်ပါသည်။ အားထုတ်နေသူတစ်ယောက် တစ်မဂ်တစ်ဖိုလ်ဆိုက်ရောက်ပြီဆိုလျှင် ဖြင့် ဖွဲတင်းမှုခိုင်မာသဖြင့် သဲအင်းဂူရွှေကြာအိုင်က ပဋိဝေဓသောသနာဟုခေါ်ဆိုသည့် သာသနာ့ကြာအသီးအပွင့်တွေဝေပြီမို့ လက်ဆင့်ကမ်းရကျိုးနပ်ပါသည်ဟုသာ ဆိုပါရစေတော့။

ထင်ကျော်စွာ (ကျွန်ုပ်ရွှေစု)




www.burmeseclassic.com


www.burmeseclassic.com



ရှေးဟောင်းမြသိန်းတန်စေတီ၏
ကြည်ညိုဖွယ်ရာ



တည်ဆောက်ပြီးစီး သိမ်တော်နှင့်စေတီကို
ကောင်းကောင်းနောက်ခံမြင်ရ




ရှေးဟောင်းမြသိန်းတန်စေတီ၏
အဝင်မုခ်တစ်ခု

# ခင်(တောင်ကြီး)

# မြသိန်းတန်တောရရှေးဘုရားများ နှင့် သက်တော်ရှည်ဆရာတော်ဘုရားကြီး


စာရေးသူ ငယ်စဉ်ကာလက ကလောမြို့ အ-ထ-က (၃)၊ ယခု အ-ထ-က (၂) ယခင်က S.A.Cကွန်ဗင့်ကျောင်းတွင် ပညာသင်ကြားခဲ့စဉ် မှတ်မှတ်ရရ တစ်ခေါက်ရောက်ခဲ့ဖူးသော ဒေသတစ်ခု ဖြစ်ပါ၏။ ထိုစဉ် ၁၉၆၂ - ၆၃ ခုနှစ် ဝန်းကျင်ခန့်ဖြစ်ပြီး အဘိုး အဘွားအဆွေအမျိုးတို့နှင့် ရောက်ခဲ့ကြခြင်း ဖြစ်၏။ ငယ်ခါက ထိုနေရာလေးသည် ကားလမ်းမကောင်း၊ လှည်းလမ်းကြောင်းကြမ်းကြမ်း၊ လူသွားလမ်းဖုံဖုံလေးများသာရှိခဲ့သောဒေသ ဟူ၍သာ စိတ်တွင်မြင်သိခဲ့သောဒေသဖြစ်ပါသည်။

ငယ်စဉ် ကလေးဘဝဖြစ်၍ ပတ်ဝန်းကျင်လေ့လာမှုတို့ကလည်း မရှိနိုင်တတ်သေးသည်ဖြစ်ရာ မို့အိုဖအို (အဘွားနှင့် အဘိုး) တို့ ဦးဆောင်ပြီး ရပ်နီးချင်းအိမ်နီးချင်းတို့ စုပေါင်းကြပြီးကာ ထိုခေတ်က အလွန်အသုံးဝင်ခဲ့သော GMCကားကြီးများဖြင့် သွားခဲ့ကြခြင်း ဖြစ်ပါသည်။ စာရေးသူတို့ ရှမ်းတောင်ဒေသသည် အခါကြီးရက်ကြီးရက်လအခါများတွင် လပြည့်၊ လကွယ်ရက်တို့၌သာ ကျောင်းတက်ဘုရားသွားကြသည်မျိုးမဟုတ်ဘဲ ထိုလ၏တစ်လတာလုံးလုံးသွားကြခြင်း ဖြစ်သည်။ ထို့ကြောင့် သီတင်းကျွတ်တွင်လည်း



ရှေးဟောင်းသက်ရာမြစ်သော မြသိန်းတန်စေတီ


www.burmeseclassic.com



နှစ်ကာလ တစ်ရာ့ငါးဆယ်ခန့်မှ ရှေးအနုပညာ



မြသိန်းတန်စေတီတော်ကြီး၏အရံစေတီတော်များ



ရွှေဟောင်းစေတီတော်များ



နဂါးကိုးကောင်ဘုရားအား တောင်မြင့်ထက်တွင်



အလွန်ရှေးကျသောလက်ရာ
ဘုရားတစ်ဆူအား ဖူးမြင်ရစဉ်



ရှားပါးခဲ့ပြီဖြစ်သော ရှေးဘုရားဆင်းပုံဟန်တော်

သီတင်းကျွတ်လတစ်လလုံး၊ တန်ခူးလတွင်လည်း တန်ခူးလတစ်လလုံး ကျောင်းတက်ကြခြင်း ဖြစ် လေသည်။

စာရေးသူတို့ ပထမအကြိမ် သွားရောက်ခဲ့ကြစဉ်က ဝါလကင်းလွတ် သီတင်းကျွတ်ချိန်ဖြစ်ပါ၏။ ဓလေ့ရိုးရာအတိုင်း အလှူစာအမျိုးပေါင်းစုံ ခြံထွက်သီးနှံများ၊ ချိုချဉ်ရသာခဲဖွယ်ပစ္စည်းမျိုးစုံတို့ဖြင့် တပျော်တပါးသွားခဲ့ကြခြင်း ဖြစ်ပါ၏။ လမ်းပေါက်နိုင်လေသမျှနေရာများသို့ထိတိုင် ကားကိုမောင်းခဲ့ကြပြီး ကားလမ်းမပေါက်နိုင်သောနေရာများသို့ရောက်သောအခါ လယ်ကွက်များကိုဖြတ်သန်းလမ်းလျှောက်ကြပြီးကာ မြသိန်းတန်တောင်တော် ရှေးဘုရားဆင်းတုတော်များရှိရာသို့ တက်ရောက် ဖူးမြော်ခဲ့ကြကြောင်း မှတ်မိနေခဲ့ပါ၏။ ထိုစဉ်က တောင်တော်ပေါ်တွင် စတုဒိသာအခနေ



www.burmeseclassic.com

www.burmeseclassic.com









မြသိန်းတန်တောင်တော်အောက်တောင်ခြေရှိ တန်ဆောင်းမုန်းစေတီ



ကနုတ်ပန်းတို့၏သွယ်ပျောင်းလှပသော လက်ရာမှာ



တောင်အမြင့်ဆုံးပေါ်ရှိ ရွှေဘုရား၏မှုဟန်မှာ



ရွှေကဘုရားပုဏ္ဏ်ကြော မှန်နှင့် တံကဲထုဆစ်ထားပုံမှာ

ဖြင့် ကျွေးမွေးခဲ့ကြသော မုန့်ကြွပ်ဖြူ ငှက်ပျောထုပ်၊ ဟင်းထုပ်၊ ငှက်ပျောသီး စသည့် ကျောင်းတော်မှ ကျွေးမွေးသမျှ တို့ဖြင့် ပျော်ပျော်ပါးပါးရှိခဲ့ကြကြောင်း မှတ်မိနေပါလေသည်။


ကံ့ရွာဘုန်းတော်ကြီးကျောင်းတို့မှ ကျွေးမွေးတတ်ကြသော ရိုးရာထမင်းဟင်းများ၊ မုန့်ဆီကြော်၊ မုန့်ဆင်နားရွက်ကြော်၊ မုန့်ဆီစွန်း၊ ကြွေမုန့်ကြော် စသည်များက အပင်ပန်းမှန်သမျှတို့ကို ပြေပျောက်စေနိုင်ခဲ့သောသဘောမျိုး ခံစားမိခဲ့ရပါလေ၏။ ထိုအမှတ်ရနေမှုများကြောင့်လည်း ယခုအသက်အရွယ်ရောက်ခဲ့ချိန်အထိ အခွင့်သာပါက ထိုဒေသသို့ တစ်ခေါက်ရောက်အောင် ပြန်ဦးမည်ဟူ၍ ဆုံးဖြတ်ခဲ့မိ၏။

အဆင်ပြေနိုင်လေမည့်ရက်များကို စောင့်မျှော်ကြရင်းမှ တီကျစ်နဂါးဘိလပ်မြေစက်ရုံမှ ဒါရိုက်တာ ဦးမြင့်သိန်း၏ ကျေးဇူးဖြင့် ဒုတိယအကြိမ် စာရေးသူ

www.burmeseclassic.com

တို့မိသားစုရောက်အောင်သွားနိုင်ခဲ့ကြရပါသည်။ ဘုရားရှင်ပေါ်တော်မူခဲ့သည့်အတိုင်း အဆွေအမျိုးတို့၏အေးမြသောအရိပ်ကို ရင်းနှီးစွာခိုလှုံရင်း တီကျစ်စက်ရုံမှတစ်ဆင့် မြသိန်းတန်တောရတောင်ပေါ် သို့ ရောက်ရှိခဲ့ကြပါလေ၏။

မြသိန်းတန်တောင်ပေါ် သို့ရောက်သွားသောအခါ မူလမြင်ကွင်းတို့ထက်ဆန်းသစ်သော အဆောက်အအုံများကိုတွေ့မြင်လိုက်ကြရပါသည်။ ဆရာတော်စံကျောင်းပေါ် သို့ရောက်သွားကြသောအခါ လဲလျောင်းတော်မူနေရာမှ လူငယ်


မြသိန်းတန်စေတီအနီးရှိ
ရွှေသက်ရာကျောင်းတော်


မြသိန်းတန်တောင်တော်၏
ရွှေဟောင်းဟင်္သာတိုင်


ဂျပန်ခေတ် ကျည်ဆန်ခွံဖြင့် ပြုလုပ်ထားသော
ကွမ်းတောင်းဆုံလေး


ရွှေကဘုရားတစ်ဆူကို ပူဇော်ထားရှိပုံ


ခေါင်းလောင်းပေါ်မှ ရွှေသက်ရာနတ်ရုပ်


မုဒ်ပေါက်စောင့်နတ်ရုပ်၏အနေအထားတစ်မျိုး


ရွှေဟောင်းခေါင်းလောင်းတော်၏
ခေါင်းလောင်းညှာမှ ခြသေ့ရုပ်များ


ရွှေနှစ်ကာလများစွာကပင် တောင်ပေါ်၌
တည်ရှိနေခဲ့သော ခေါင်းလောင်းကြီး


မုဒ်ပေါက်စောင့်နတ်ရုပ်၏ဘုရားရှင်အား
ပူဇော်နေဟန်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာမှ
ဒေသခံလူတို့၏ရှေးလက်ရာများ



မြသိန်းတန်ရှေးဟောင်းစေတီတော်အား တောင်အောက်မှ လှမ်း၍မြင်ရနိုင်သော ပုံ



သက်တော်ရှည် မြသိန်းတန်တောရ
ဆရာတော်ကြီး ဦးဝိလာသ



သက်တော်ရှည်ဆရာတော်ကြီးမှ ကွမ်းတောင်းပြနေပုံ

အလား သွက်လက်စွာ ထထိုင်တော်မူလိုက်သော ကိုယ်တော်ကြီးကို ဦးစွာသတိထားမိလိုက်ပါသည်။ စာရေးသူစိတ်တွင်း၌ ငယ်စဉ်ကလေးဘဝက ဖူးတွေ့ဖူးသော ဆရာတော်နှင့်တူနေသည်လိုမတူနေသည်လိုမျိုးတွေးမိပြီး သို့လောသို့လောဖြစ်နေမိပါ၏။ ဖြစ်နိုင်လေမည်လားဟူ၍ မယုံမရဲ ဖူးမြော်ရင်း ဇဝေဇဝါဖြစ်နေခဲ့မိပါသည်။

"အရှင်ဘုရား၊ ကျန်းမာတော်မူခဲ့လားဘုရား"

"အေး - ကျန်းမာပ့ါ၊ ဖယ်ကလာကြတုံး"

(ဘယ်ကလာကြတုံး)

"တောင်ကြီးကပါဘုရား"

ခရီးရောက်မဆိုက်ပင် စာရေးသူတို့မိသားစုဖြစ်ကြသော ဦးစိုင်းထွန်းညွှန့်၊ သမီးကြီး၊ သမီးထွေး၊ မြေးမလေးနှစ်ယောက်တို့က နိဗ္ဗာန်အကျိုးမျှော်ကိုး



မြသိန်းတန်ကျောင်း၌ သီတင်းသုံးတော်မူသောသံဃာတော်နှင့် ကိုရင်များ



www.burmeseclassic.com

www.burmeseclassic.com


မြသိန်းတန်ကျောင်းပေါ်အတက်လမ်း၌ တွေ့ရသော ရွာစမ်းချောင်းလေး


မြသိန်းတန်တောင်ပေါ်အသွားလမ်းရှိ ရွာမှ ဂေါ်ဖီထုပ်စိုက်ခင်း


ရှေးခေါင်းလောင်း၏ ပုစွန်ကွေးနေရာမှ ခြသေ့်ရုပ်တစ်မျိုး


ရွာငယ်လေး၏အဝေးမှမြင်ရသောမြင်ကွင်း


စိုက်ခင်းများသို့ ရေပေးဝေရာ ချောင်းလေး


သဘာဝပါးရုံတောနှင့် ဂေါ်ဖီစိုက်ခင်း

လျက် နဝကမ္မအလှူတော်ငွေများနှင့် ပူဇော်ကန်တော့ကြပါသည်။တောင်ရိုးသံဝဲလျက် အားရှိမာန်ရှိစွာ ကန်တော့ချီးရှည်ကြီးကိုပေးလာသော ဆရာတော်ကြီးကို ပီတိဖြစ်မိရင်း ကန်တော့နေမိပါလေသည်။

မြသိန်းတန်တောင်တော်သည် ပေပေါင်း (၄၀၀) ခန့် မြင့်မားလှသဖြင့် တော်တန်ရုံ ကုသိုလ်ဖွဲ့မျိုးဖြင့် တောင်ပေါ်သို့အထိ ခြေကျင်တက်လာနိုင်မည် မဟုတ်ပါပေ။ လူခြေပြတ်ခြင်းသည် ရှေးဟောင်းဘုရားတောင်တို့အတွက် လုံခြုံစိတ်ချအဆင်ပြေလှသည်ဟုဆိုနိုင်သော်လည်း ပတ်ဝန်းကျင်အနေအထားတိတ်ဆိတ်လွန်းခြင်း၊ လူစသူစကင်းကွာပြတ်တောက်လွန်းခြင်းတို့က ရှေးဟောင်းဘုရားတို့ ပျက်စီးပျောက်ဆုံးမှုတို့ကို အများဆုံး ဖြစ်ပေါ်စေတတ်လေ့ရှိပါသည်။ ဤအချက်ကို လူများစွာတို့ကလည်း သဘောပေါက် နားလည်ကြလေ့ရှိပါသည်။

"အရှင်ဘုရားစာတွေဖတ်နိုင်သေးလားဘုရား"

"မျက်စိကတော့နည်းနည်းမှုန်ပြီ"

"နားကောကောင်းနေသေးလားဘုရား"

"နားလည်းနည်းနည်းလေးတယ်"

"သက်တော်ဘယ်လောက်ရပြီလဲဘုရား"

"(၉၂) နှစ်ရပြီ"

"တောင်ပေါ်မှာ သီတင်းသုံးတာကြာပြီလားဘုရား"

"ကြာပြီ"

"ဒီတောင်ပေါ်မှာ ရှေးကဘုရားတွေကောရှိသေးလား"

"ဘုရားမဲ၊ ရှေးဘုရားချည်းပဲပါ"

ဆရာတော့်စကားကြောင့် အားလုံးပင် ပြုံးမိသွားကြ၏။ ဆရာတော်ကိုယ်တိုင်မှလည်း ပြုံးတော်မူပါ၏။ ထို့နောက်မှ ဆရာတော်ကြီးက -

"ရှေးဟောင်းဘုရားတွေသူများခိုး၊ ဟိုးတီကျစ်မှာ. . ."

"တင်ပါ့၊ တီကျစ်မှာတွေ့တာလားဘုရား"


"တီကျစ်မှာ ဖမ်းမိတယ်။ အဲဒါဘုန်းကြီးကိုလာပင့်တယ်။ အရှင်ဘုရား၊ အရှင်ဘုရားရဲ့တောင်ပေါ်ကဘုရားတွေ ပါနေလားဘုရားပေါ့။ ပါတော့ပါနေလောက်တယ်။ ပါလည်း နောက်ခါလာခိုးဦးမှာပဲဆိုပြီးခါ ပါနိုင်ဘူးလို့ပြောလိုက်တယ်"

ထပ်မံခိုးလျှင် ထပ်မံငရဲကြီးမည်ကို စိုးရိမ်သောအားဖြင့် တောင်တော်ပေါ်မှ ဘုရားများပါနိုင်ဟန်မတူကြောင်း ပြောလိုက်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်ဘုရား၏ စကားကြောင့် အားလုံးပင် ရယ်မိလိုက်ကြပါ၏။ မြသိန်းတန်တောင်တော်သည် ရှေးဟောင်းတောရကျောင်းလေးအဖြစ် တောင်တော်ပေါ်ရပ်တည်ခဲ့သော်လည်း သီးခြားဖြစ်၍နေ



www.burmeseclassic.com


www.burmeseclassic.com



မြသိန်းတန်တောင်တော်အောက်ခြေရှိ ဖောင်တော်ဦးဘုရားများ စံပယ်တော်မူရာ ကျောင်းတော်



ဒေသ၏အမှတ်သညာဖြစ်သော ပင်စိမ်းသီးပင်နှင့် မြေနီ



မြသိန်းတန်တောင်ပေါ်မှ မြင်တွေ့ရသော တီကျစ်နဂါးဘီလပ်မြေစက်ရုံကို ပျပျဝေးဝေးအနေအထားဖြင့်



ဆရာတော်သီတင်းသုံးရာကျောင်းတော်

သောအနေအထား။ ထို့ကြောင့် ဘုရားခိုးများက ရှေးလက်ရာဘုရားရုပ်တုများစွာတို့ကိုခိုးယူခဲ့ခြင်းခံကြရခြင်း ဖြစ်လေသည်။

"ဘုန်းကြီးက ပောတောင်ပေါ်ကို (ဒီတောင်ပေါ်ကို) ၁၃၂၂ ခု၊ သီတင်းကျွတ်လဆုတ် ၁ ရက် တက်လာတယ်။ ဘုန်းကြီးရှေ့ကိုယ်တော်က (၂၁) ခုမှာ ပျံလွန်ခဲ့တယ်။ အခုထိဆိုရင် တောင်ပေါ်မှာချည်း (၅၅) နှစ်ရှိပြီ"

"တင်ပါ့ဘုရား"

"ရှေ့ကဘုန်းကြီးက ဦးမေဓာလို့ခေါ်တယ်။ သက်တော် (၈၀) မှာ ပျံလွန်တယ်။ (၂၁) ခုပေါ့"

"ဦးမေဓာရဲ့ရှေ့မှာ ဘယ်ကိုယ်တော်ရှိသလဲဘုရား"

"ဦးမေဓာရှေ့မှာကရသေ့၊ ရသေ့ရှိတယ်"

"အရင်က ဒီတောင်ပေါ်မှာ ရှေးကျောင်းကြီးတွေရှိခဲ့လားဘုရား"

ဆရာတော်ကြီးသည် အတန်ငယ်စဉ်းစားပြီးဆက်၍မိန့်တော်မူပါသည်။

"ဟိုး - အရင်ခါက နန်းကျောင်းရှိခဲ့တယ်။ နန်းကျောင်းက ကြာလာခါ ပျက်လာပေါ့။ လက်သမားက အဲဒီနန်းကျောင်းကိုပြင်ဖို့လုပ်ခဲ့ရာ အဲဒါ နန်းကျောင်းက လေတိုက်လို့လဲခဲ့ရော"

"လေတအားပြင်းလို့လားဘုရား"

"ဟိုး လေသန်ခါ (လေအလွန်သန်လှသည်) ပြင်ဖို့လုပ်တဲ့ နန်းကျောင်းပြိုခဲ့ပါ့။ အဲဒါ ဘုန်းကြီးက ငယ်နေသေးကို"

"တင်ပါ့ ဘုရား"

www.burmeseclassic.com

အတန်ကြာ ငြိမ်သက်သွားမိကြပါ၏။ အမှန်မှာ မိမိတို့ရှေ့တွင်ဖူးမြင်နေရသော သက်တော်ရှည်ဆရာတော်ဘုရားကြီးအား ကြည်ညိုစွာ ငေးမျှော်ကြည့်မိနေကြခြင်း ဖြစ်သည်။

စာရေးသူမှ -

"အရှင်ဘုရားတောင်အောက်ကြွနိုင်သေးလားဘုရား"

"အေး - ကြွနိုင်တယ်"

"ဟုတ်လား ဘုရား"

"အရင်က ကျွန်တော်တို့ကားဝယ်မလျှိုသေးခင်ကတည်းက ဦးပဥ္စင်းကြီးက တောင်ပေါ်၊တောင်အောက်ခြေကျင်သွားနေခဲ့တာပါ"

"ဩော်"

လိုက်ပါလာခဲ့သောကိုမောင်လေး၏ အပြောကြောင့် စာရေးသူ အံ့ဩစွာနားထောင်နေခဲ့မိပါသည်။ ဆရာတော်မှ ဆက်၍မိန့်တော်မူသည်မှာ -

"အရင်နှစ် ဝါခေါင်လ၊ ဟိုးတီကျစ်သွားခါ ဘုန်းကြီးဆင်းခါကျ မိုးကရွာကို၊ ဟိုက တစ်ခါပြန်လာ မိုးလောင်းရွာ (မိုးထပ်ရွာသည်) ဦးပဥ္စင်းသုံးပါးပြန်တက်လာကြခါ အောင်စကြာကျောင်းကျခါ တက်နိုင်တော့ဘူး၊တောင်ပေါ်ကို။ တောင့်နေပေါ့. . ." (ခြေထောက်များအေးခဲ၍ တောင့်နေသည်။)

မိုးရွာရွာနှင့် တောင်အောက်သို့ ရွာများဆီဖြတ်၍ တီကျစ်အထိသွားရာ အပြန်ခရီး၌လည်း မိုးမိပြန်သည်ဆိုပါ၏။ ခြေထောက်များ မိုးရေစွတ်၍ တောင့်တင်းနေသောကြောင့် တောင်ပေါ်သို့ထိအောင် ပြန်မတက်နိုင်ဖြစ်ခဲ့ဖူးကြောင်း တောင်ရိုးသံဝဲဝဲဖြင့် မိန့်တော်မူခြင်း ဖြစ်လေသည်။

စာရေးသူမှ -

"ဒီလောက်ဝေးတာကြီးကိုဘုရား၊ တီကျစ်ထိဆို အကွာအဝေးက နည်းမှ မနည်းတာ"

ဆရာတော်မှပင် -

"ဟုတ်ပ"

ဟူ၍ မိန့်လေသည်။

"တပည့်တော်တို့တောင် အဲလောက်မသွားနိုင်တော့ဘူးဘုရား"

"အေး - ဘုန်းကြီးဖိနပ်ကလည်း လော်ဘာ (ရော်ဘာ) ဆိုခါချော်ပေါ့"

ရော်ဘာဖိနပ်နှင့်ဖြစ်၍ ရွှံ့များကြားတွင် လမ်းလျှောက်ရသည်မှာ ချော်ကြောင်း မိန့်ခြင်းဖြစ်လေသည်။

"တစ်ခါတလေ ပေါင်တစ်ဖက်ဟာ ကျဉ်တယ်၊ သွားလို့မရဘူး။ တုတ်ထောက်နဲ့သွား၊ အဲခါမှ ရတယ်။ ခြေထောက်မှာ ဘွတ်ဖိနပ်စီးထားသလိုမျိုး ဖြစ်ပြီးခါ ကျဉ်တယ်"

သက်တော် (၉၂) နှစ်အရွယ်ဖြစ်ခဲ့ပြီဖြစ်၍ ခန္ဓာတော်၏ အနေအထားများ ပြောင်းလဲလာမှုတို့ကိုပြသောအချိန်အခါဟူ၍ပင် စာရေးသူယူဆမိပါသည်။

"အရှင်ဘုရား၊ ဘွဲ့တော်ကို မိန့်ပါဦးဘုရား"

ဟု လျှောက်တင်လိုက်ရာ ပီသမြန်ဆန်သော အသံတော်ဖြင့် -

"ဝိလာသ"

ဟူ၍ မိန့်ပါ၏။

"တပည့်တော်ငယ်ငယ်က ဒီတောင်ပေါ် တစ်ခေါက်ရောက်ဖူးခဲ့ပါတယ်ဘုရား။ ဝါကျွတ်ဘုန်းကြီးကျောင်းတက်လာခဲ့ကြတာမှာ မို့အိုဖအို (အဘွားနှင့်အဘိုး) တို့နဲ့ လယ်ကွင်းတွေကိုဖြတ်ပြီး လမ်းလျှောက်လာပြီး တောင်ပေါ်အထိတက်ခဲ့ကြတာပဲ မှတ်မိနေတယ်ဘုရား . . ."

"အေး"

"အခု ဒါကဒုတိယအကြိမ်ရောက်ခဲ့တာပါဘုရား။ တပည့်တော်လာချင်နေတာ ကြာပါပြီ ဘုရား"

"အေး"

"အရှင်ဘုရား၊ မြသိန်းတန်စေတီကို ဘယ်သူတည်ခဲ့တာပါလဲဘုရား"

"ဟိုးအရင်ခါကတည်းကပ"

(ဟိုအရင်ကတည်းကဟု ဆိုလိုခြင်းဖြစ်၏။)

"ဦးမေဓာလား ဘုရား"

"ဟုတ်ဘူး၊ ဦးမေဓာမတိုင်ခင်ကတည်းက တည်ထားတာ။ ဟိုးအရင်ကတော့ ရသေ့ဘုန်းကြီးတို့အရင်ကတော့ ရသေ့ရှိခဲ့တယ်။ ရသေ့ပြီးမှ ဦးမေဓာ ရသေ့ကို ဘုန်းကြီးမီဝူး (မမီခဲ့ဘူး)။ လူတွေပြောပြလို့သိတယ်"

ဆရာတော် တည်ခဲ့တာတော့ မဟုတ်ပါဘူး။ ဆရာတော်က အဆက်ဆက်ပြုပြင်ထိန်းသိမ်းခဲ့တာမျိုးပါ။ အရင်က ခွန်ဒုံစေတီလို့ခေါ်ခဲ့ကြတာကိုနော။ ဒုံ ဆိုတာကရွာ၊ ခွန်ဆိုတာကမင်း၊ ပြောရရင် မင်းရွာက ကိုးကွယ်တဲ့ဘုရားလို့ ပြောနိုင်တာပေါ့ ဒကာမကြီး"

ဆရာတော်ကြီး၏အနီးမှ ဦးပဥ္စင်းတစ်ပါး၏ ရှင်းပြသည်တို့ကလည်း မှတ်သားဖွယ်ပင် ဖြစ်ပါသည်။

"ခွန်ဒုံစေတီ၊ မင်းရွာကကိုးကွယ်တဲ့စေတီဆိုတော့ အဓိပ္ပာယ်ပြန်ရရင် မင်းရွာဦးစေတီပေါ့။ အဲလိုလားဘုရား"

"အဲလိုလည်း သင့်တော်ပါတယ်။ ဒီဘုရားက တပေါင်းလမှာ ပွဲရှိတယ် ဒကာမကြီး"

"တင်ပ့၊ တပေါင်းလပြည့်ပေါ့ဘုရား"

"ဟုတ်တယ်၊ အဲဒီနေ့ဆို တပေါင်းပွဲရှိတယ်။ ဆွမ်းလောင်းပွဲလည်းရှိတယ်။ ရပ်ဝေး၊ရပ်နီးအကုန်လာကြတာ။အဖိတ်နေ့ညကတည်းက တောင်ပေါ် ညအိပ်ကြပြီး အစောကြီးဆွမ်းထချက်ကြတယ်။ ပြီးရင် ဆွမ်းလောင်းဖို့ပြင်ကြတာပဲ"

"ရွာအများကြီးက လာကြလားဘုရား"

"ဟုတ်တယ်၊အကုန်လာကြတယ်။ မင်းရွာ၊ တီကျစ်၊ လုံးပြင်၊ လွယ်မော၊ လက်ပံပင်၊ ကုန်းလှ၊ မြင်းတွင်း၊ တောင်ခြေ အကုန်လာကြတယ်။ ဒေသရိုးရာပွဲတွေလည်းရှိတယ်"

"တင်ပ့ဘုရား၊ တပည့်တော်တို့လည်း လာချင်ပါတယ် ဘုရား"

ထို့နောက် စာရေးသူတို့မှ ဆရာတော်ကြီးအား ဓာတ်ပုံရိုက်ခွင့်တောင်း၍ပူဇော်ကြပါသည်။ ဆရာတော်ကြီးမှ-

"ဟိုးအရင်ခါက နိုင်ငံခြားသားတွေ ခဏခဏရောက်လာတယ်။ ဝေးဝေးတစ်ခါတစ်ခါလာကြတယ်။ ရန်ကုန်ကလည်းလာကြတယ်"

မြသိန်းတန်တောင်တော် တည်ရှိရာဒေသသည် နိုင်ငံခြားသားများ လေ့လာကြည့်ရှုကြရာ လမ်းကြောင်းမကျသော အနေအထားမျိုးရှိပါ၏။ များသောအားဖြင့် အောင်ပန်းဘက်မှ အင်းတိန်အထိဆင်းသွားကြသည်သာ များပါသည်။

"ဒါဆို အရှင်ဘုရား၊ ဒီမြသိန်းတန်စေတီကြီးက ရှေးနှစ်ပေါင်းများစွာကတည်းကတည်ထားခဲ့တဲ့ စေတီမျိုးပေါ့နော်ဘုရား"

"ဟုတ်တယ်၊ ဘုန်းကြီးကပြင်ဆင်ပြုပြင်ပြီး ထိန်းသိမ်းခဲ့တာ။ ဟိုးအရင်ခါက စိန်ဖူးတော်ကျိုးခဲ့ဖူးတယ်။ ကျိုးတော့ကာ ငြမ်းဆင်ပြီး တက်ဖြုတ်ကြပြင်ကြရတယ်။ ကြိုးနဲ့တက်ကြရခါလည်းရှိတယ်။ ပန်းရန်ဖော်ပြင်ရခါလည်းရှိတယ်။ အင်တေခွာ၊ အုတ်ရိုးခွာလုပ်ကြရတယ်။ တစ်ခါက ပြင်မယ်ဆိုပြီး ကြိုးနဲ့တက်ရကိုနော။ အဲဒီမှာ နည်းနည်းအရာလေး ဟောလောက်လေးတွေ့ခါ ပန်းရန်ဖော်ပြီးကြည့်တော့ ၁၂၂၂ ခုလို့ တင်ထားခဲ့တယ်။ အဲလို ဘုန်းကြီးတို့ မျှော်ရ (မြင်ရ) ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဲလိုလား ဘုရား။ ဒါဆို ခုဒီနှစ် ရဲ့မြန်မာနှစ်က ၁၃၇၇ ခုဆိုတော့ကာ နှစ်ပေါင်း (၁၅၀) ကျော်နေပြီပဲ ဘုရား"

ဆရာတော်ကြီး၏ နံဘေးမှ ဦးပဥ္ဇင်းက -

"အဲဒါလည်း ပြင်ခဲ့တဲ့ခုနှစ်လား၊ စိန်ဖူးလှူခဲ့တဲ့ခုနှစ်လားဆိုတာတော့ မသိနိုင်နေဘူး ဒကာမကြီး။ ဦးပဥ္ဇင်းတို့ အထင်တော့ ဒီမြသိန်းတန်ဘုရားကြီးဟာ နှစ်ပေါင်းတစ်ရာမကဘူး။ ဆရာတော်ဘုရားကြီးငယ်ငယ်က ဒီတောင်မှာ ရသေ့တစ်ပါးရှိခဲ့တယ်ပဲကြားရဖူးခဲ့တာ။ စေတီက ရသေ့တည်တာလား၊ အရင်ကတည်းကရှိနေခဲ့တာလားလည်း ဘယ်သူမှ တိကျသေချာမပြောနိုင်ကြဘူး"

"တင်ပါ့ဘုရား"

ထိုဦးပဥ္ဇင်းကပင် ဆက်လက်၍ -

"ဦးပဥ္ဇင်းကြားဖူးတာက ဒီမြသိန်းတန်ဘုရားဟာ ကက္ကူဘုရား၊ အလိုတော်ပေါက်ဘုရား၊ အင်းလေးထဲက တောင်တိုဘုရား၊ မိုင်းသောက်က ခွဲခြားဘုရား၊ ရပ်စောက်ဖတ်က ရပ်စိတ်ဘုရားဆိုတာတွေနဲ့ ခေတ်ပြိုင်တည်ခဲ့တာလို့ ပြောတာရှိခဲ့တယ်"

"ဟုတ်လား ဘုရား"

စာရေးသူမှ ဆရာတော်ကြီးအား -

"အရှင်ဘုရား၊ အရှင်ဘုရားက သက်တော် (၉၂) ဆိုတော့ အရှင်ဘုရား မွေးသက္ကရာဇ်က အင်္ဂလိပ်ခေတ်ထဲက ပေါ့ဘုရား"

ဟု လျှောက်တင်သောအခါ-

"အေး - ဂျပန်ဝင်တော့ နေဆယ့်တစ်နှစ် (၂၀ နှစ်) ရပြီ၊ ကိုရင်ဘဝပေါ့။ ၁၂၈၅ မှာဖွားတယ်"

"တင့်ပါ့၊ အင်္ဂလိပ်လို ၁၉၂၃ မှာ ပေါ့ဘုရား"

"ဟုတ်တယ်၊ ၁၂၉၈ မှာ ဆယ့်သုံးနှစ် ကိုရင်ဝတ်ပြီ"

ခေတ်များစွာမီခဲ့သော ဤသက်တော်ရှည် ဆရာတော်ဘုရားကြီးသည် ပင်လောင်းမြို့နယ် တီကျစ်ရွာမြောက်ဘက်အရပ် (၄)မိုင်ခန့်အကွာ လွယ်မောအိုင်းရွာဇာတိ ဖြစ်သည်။ ခမည်းတော် ဦးခွန်းမဲ့၊ မယ်တော် ဒေါ်နန်းခတို့မှ ၁၂၈၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၆) နာရီအချိန်တွင် မွေးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ မွေးချင်း (၅) ဦးရှိပြီး သားဦးရတနာလည်းဖြစ်ပါသည်။ မိဘများက ရုပ်ဆင်းအင်္ဂါလှပသူဟူ၍ အမည်အားဖြင့် ခွန်ဖိုးလှဟု မှည့်ခေါ်ခဲ့ကြပါ၏။ ခွန်ဖိုးလှ အသက် (၁၂) နှစ်ရှိသော အချိန် ၁၂၉၇ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်နေ့တွင် မိဘတို့က မြင်းတွင်းကျေးရွာအုပ်စု ရေခေါင်းတိုကျောင်းဆရာတော် ဦးကိတ္တိသာရထံ၌ ကျောင်းသားဘဝဖြင့် စာပေများ စတင် လေ့လာသင်ကြားခဲ့ပေသည်။

ခွန်ဖိုးလှ အသက် (၁၃) နှစ်ရှိလာခဲ့သော မြန်မာနှစ် ၁၂၉၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့တွင် ရေခေါင်းတိုကျောင်းဆရာတော် ဦးကိတ္တိသာရကပင် ဥပဇ္ဈာယ်ပြုတော်မူပြီး ရှင်ဝိလာသဘွဲ့တော်ဖြင့် ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့ပါ၏။ ရှင်ဝိလာသသည် ရေခေါင်းတိုကျောင်းတွင် ရဟန်းဘဝရောက်သည့်အတိုင် ကာလအားဖြင့် (၁၂) နှစ်ကြာခဲ့သည် ဖြစ်ပါလေ၏။

မြန်မာနှစ် ၁၃၀၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့တွင် မိဘနှစ်ပါးတို့က ပစ္စည်းလေးပါးဒကာအဖြစ်ခံယူ၍ ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့ပါလေသည်။ ရှင်ဝိလာသမှ ရဟန်းဘွဲ့တော် ဦးဝိလာသ၏ ရဟန်းဘဝသို့ ဥပဇ္ဈာယ်ပြုတော်မူသော ဆရာတော်မှာလည်း ရေခေါင်းတိုကျောင်းဆရာတော်ဦးကိတ္တိသာရပင် ဖြစ်လေသည်။

သက်တော်ရှည်ဆရာတော်ဘုရားကြီးဖြစ်လာတော်မူမည့် ဦးဝိလာသသည် ရေခေါင်းတိုကျောင်း၌ (၂)ဝါသီတင်းသုံးတော်မူခဲ့ပြီး ကလောမြို့နယ် လယ်ကြားကျေးရွာအုပ်စု ကုန်းနီကျောင်းဆရာတော်ထံ (၅)ဝါတိုင်တိုင် ပညာသင်ကြားလေ့လာတော်မူခဲ့ပါသည်။ ထို့နောက် လွယ်ခေါ်ကျောင်း၌(၁)ဝါ၊ ကလောမြို့နယ် နန်းအုံကျေးရွာအုပ်စု ပတ်တူပေါက်ကျောင်း၌ (၆) ဝါ သီတင်းသုံးတော်မူခဲ့ပါလေသည်။

ဆရာတော်မှ -

"ဟိုးရေခေါင်းတိုကျောင်းမှာ ကိုရင်ဘဝနဲ့နေခါ လေပျံ (လေယာဉ်ပျံ)တွေ လာတော့ တီကျစ်တောထဲပုန်းနေကြရတယ်။လေပျံ(လေယာဉ်ပျံ)တွေလာပြီဆိုရင် တစ်ယောက်ကလေပျံ(လေယာဉ်ပျံ) ခေါင်းတစ်လုံးပေါ်လာပြီဆိုမောင်းတယ်။ တစ်ယောက်က စက်သေနတ်ပစ်၊ ကျန်နေယောက် (နှစ်ယောက်) က ဗုံးကြဲ၊ အဲဒါမျိုးလုပ်တယ်။ တစ်လထဲကို ခဏခဏဗုံးလာကြဲကြတယ်"

"တီကျစ်နဲ့အနီးတစ်ဝိုက်အကုန်ဗုံးကြဲတာပဲလားဘုရား"

"အေး - ဟုတ်တယ်၊ လေပျံ(လေယာဉ်ပျံ) ခေါင်းတစ်လုံးပေါ်လာပြီဆို ဗုံးချ၊ ဗုံးတွေကို နေဖက် (နှစ်ဖက်) ချအောက်ကလူနေလို့ရဘူး။ ဗုံးရှောင်ရင်း စက်သေနတ်ထဲပါတာပဲ"

"အဲသလိုလား ဘုရား။ တပည့်တော်ရဲ့ မို့အိုဖအိုတို့က ဒီနားက လုံးပိုးရွာကပါဘုရား။ ဦးမင်းငှားနဲ့ ဒေါ်ဖွားသန်တို့ပါဘုရား။ လုံးပိုးရွာကို ဂျပန်ဝင်မယ်၊ လမ်းကြောင်းကျနေပြီဆိုလို့ရွာကိုပစ်ပြီး သားသမီးငါးယောက်နဲ့ အောင်ပန်းထိပြေးခဲ့ကြတဲ့သူတွေပါဘုရား"

"အေး - အဲခါတုန်းက အနောက်ဘက်ရွာတွေကို ဂျပန်တွေဝင်ခဲ့တယ်။ အရှေ့ဘက်ရွာတွေတော့ မရောက်ခဲ့ဘူး"

အတူလိုက်ပါလာသော ကိုမောင်လေးမှ -

"တီကျစ်ကနေ လမ်းသုံးခုသွားနိုင်တယ်ဆရာမ။ တီကျစ်ကိုလည်း ကလောမြို့နယ်ကနေလည်းလာလို့ရတယ်။ ပင်မိဘက်ကလည်းလာလို့ရတယ်။ပင်လောင်းဘက်ကနေလည်းလာလို့ရတယ်။ လမ်းသုံးခုဆုံဆိုနိုင်တယ်။ ဆရာမတို့ငယ်ငယ်က လယ်ကွင်းတွေဖြတ်ပြီးလာရတယ်ဆိုတာဟုတ်နိုင်ပါတယ်။ ပင်မိ၊ ကုန်းလှဘက်လမ်းကဖြစ်မှာ. . ."

"ဟိုး အရင်ခါ မြသိန်းတန်ဘုရားကိုတည်မယ်လုပ်ခါ မြောက်ဘက်တောင်မှာ သပြေတောင်လို့ခေါ်တယ်။ နောက်တစ်ခါ ဟိုးစမတောင်မှာတည်မယ်လုပ်တယ်။ ဘုရားတည်ဖို့ဌာပနာတွင်းတူးခါ တောခွေးမတစ်ကောင် ခွေးသငယ်လာမွေးနေခါမတည်ဖြစ်ဘူး။ ဟော့ရာ(ဒီဟာ) က ဆင်တောင် ဟိုးအဝေးကကြည့်ရင် ဆင်နဲ့တူလို့ ဆင်တောင်လို့ခေါ်တယ်"

ဟူ၍ မြသိန်းတန်ဘုရားတောင်၏ရှေးသမိုင်းဖြစ်စဉ်တော်ကို ရှင်းပြတော်မူပါသည်။

"အခု ဒီတောင်ပေါ်မှာ ဦးပဥ္ဇင်း ဘယ်နှပါးရှိပါသလဲဘုရား"

"ဦးပဥ္ဇင်းက (၇) ပါး၊ ကိုရင်က (၆) ပါး"

စာရေးသူ မေးလျှောက်သမျှတို့ကို သွက်လက်စွာ ကြည်လင်စွာ ပြန်လည်မိန့်ကြားပေးနေသောဆရာတော်ကြီးကို ဖူးမြင်ရသည်မှာ အားရကျေနပ်ဖွယ်ရာကောင်းလွန်းလှပါသည်။ စာရေးသူတို့အား မေတ္တာရှေ့ထားလျက် ဖြည့်ဆည်းမိန့်မြွက်ပေးနေသည်ကို ကြည်နူးစွာဖူးတွေ့နေရသဖြင့် အားလုံးကပင် ဆရာတော်ကြီးအား ပြုံးလျက်ကြည့်နေမိကြပါသည်။ အင်္ဂလိပ်ခေတ်တွင် ဖွား၍



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်တွင် လူလားမြောက်ခဲ့သော ဆရာတော်ကြီးသည် ခေတ်ပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဤတောင်တော်ပေါ်တွင် အေးချမ်းတည်ငြိမ်စွာ သီတင်းသုံးနေထိုင်တော်မူခဲ့သည်ပဲ ဖြစ်ပါ၏။ မေတ္တာဘာဝနာစီးဖြန်းလျက် လူ၊ နတ်၊ သတ္တဝါအပေါင်းတို့အပေါ် ကောင်းမှုအစုစုအမျှပေးဝေရင်း သက်တော်တစ်ရာနီးပါးထိတိုင် ဘေးမသီရန်မခ ရပ်တည်နိုင်ခဲ့သည်ပဲ ဖြစ်ပါသည်။ တိုင်းရင်းသားအပေါင်းတို့၏မူလဗီဇဖြစ်သော ရိုးသားမှု၊ တည်ငြိမ်မှု၊ အေးဆေးမှု၊ လောဘ၊ ဒေသ၊ မောဟတရားများ နည်းပါးမှု စသည်တို့က ချမ်းမြေ့စွာ သက်တော်ရှည်စေနိုင်သည်ကလည်းတစ်ကြောင်း ဖြစ်ပါလေမည်။

စာရေးသူမှ -

"အရှင်ဘုရား၊ တပည့်တော်တို့လည်း အဲသလောက်အသက်ရှည်ချင်ပါတယ်ဘုရား"

"အေး"

"အရှင်ဘုရားအနေနဲ့ ဒီလောက်အသက်ရှည်ကျန်းမာနေနိုင်အောင် ဘာအားဆေးကောင်းတွေများ မှီဝဲပါသလဲဘုရား"

ဆရာတော်ဘုရားမှ မကြားသဖြင့် ထပ်မံလျှောက်တင်ကြရပြန်ပါသည်။

"ဘာအားဆေးမှမမှီဝဲဘူး၊ အသီးအရွက်စားတယ်။ (သတ်သတ်လွတ်ဖြစ်၏) အငြိမ်မနေဘူး။ (လှုပ်လှုပ်ရှားရှားနေခြင်းကို ပြောပါ၏)။ တောင်ပေါ်၊ တောင်အောက် ခြေကျင်လျှောက်တယ်။ စိတ်မပူတတ်ဘူး။ (စိတ်အေးဆေးခြင်းရှိ၏) တစ်ခါတလေနေမကောင်းဘူးထင်ရင် ဆေးကက္က၊ (တိုင်းရင်းဆေး) အတောင့်လေးကို ကွမ်းညှပ်နဲ့ ကိုက်ပြီးသောက်လိုက်တယ်"

ဆရာတော်ဆိုလိုသည်မှာ အသီးအရွက်များများစားကြောင်း၊ အပင်စိုက်ခြင်း၊ ပေါင်းနုတ်ခြင်း စသည့် ပတ်ဝန်းကျင်ရှင်းလင်းခြင်း စသည်များ ပြုလုပ်လေ့ရှိကြောင်း၊ တောင်ပေါ်မှ တောင်အောက်သို့ ခြေကျင်ဆင်းကာ၊ တက်ကာပြုလုပ်လေ့ရှိကြောင်း၊ အရာရာအကြောင်းကြောင်းတို့ကို ပူပန်သောကမဖြစ်အောင်နေလေ့ရှိကြောင်း၊ မိမိကိုယ်မိမိစောင့်ရှောက်ကြည့်ရှု၍ လိုအပ်သည်ဟုထင်ပါက သက်စောင့်ဆေး ဒေသရိုးရာဆေးတစ်စုံတစ်ခုကိုသောက်လေ့ရှိကြောင်း မိန့်ကြားခြင်း ဖြစ်ပါသည်။ ထိုအနေအထားများဖြင့် မေတ္တာဓာတ်ဖြန့်ဝေပေးနိုင်ခြင်းများကြောင့် ထိုမျှအသက်ရှည်နေနိုင်ခြင်း ဖြစ်ပါမည်ဟု စာရေးသူတို့မှာ တွေးတောနေမိကြပါသည်။ ဘေးမဲ့သက်ပယ်ခြင်းသည်လည်း မေတ္တာဘာဝနာလုပ်ငန်းတွင် အရေးပါလှသည်ပဲ ဖြစ်ပါ၏။

ထိုစဉ်မှာပင် သက်တော်ရှည်ဆရာတော်ဘုရားကြီးသည် လွယ်အိတ်ငယ်လေးအတွင်းမှ တစ်စုံတစ်ခုထုတ်ယူလိုက်သည်ကို တွေ့မြင်ရပါလေသည်။ ထိုအထဲသို့ ကွမ်းနှင့် ကွမ်းသီး၊ ထုံးတို့ထည့်လိုက်ပြီးကာ လက်ကိုင်ကိရိယာငယ်လေးနှင့်ဆုံထောင်းသကဲ့သို့ ထောင်းပါသည်။

စာရေးသူက -

"အဲဒါ ဘာလေးတုံးဘုရား"

ဟု မေးကြသောအခါ -

"ဒါ ကွမ်းထောင်းဆုံ"

ဟု မိန့်၏။

စာရေးသူက သဘောကျလှသဖြင့် -

"ဓာတ်ပုံရိုက်မယ်နော် ဘုရား"

"အေး - မျှော်ဖူးလား"

(မြင်ဖူးလား)

ဟူ၍ မြေးနှင့် သမီးတို့ကို မေးတော်မူ၏။ ကလေးများက အံ့သြဝမ်းသာစွာကြည့်ကြရင်း -

"မမြင်ဖူးဘူးဘုရား"

ဟု ဖြေကြသည်။

"ဂျပန်ယမ်းတောင့်ကနေလုပ်ထားတာ"

ဟူ၏။

"ကြာပြီလား ဘုရား"

"အေး - ကြာပြီ"

"ကြေးလားဘုရား"

"အေး - ကြေး"

ကြေးဟုဆိုသော်လည်း ကြေးဝါဖြစ်သည့်အပြင် ဂဟေတို့ပေါင်းစပ်ပြုလုပ်ထား၍လားမသိ၊ ရွှေဝါရောင်ဝင်းတောက်လျက်ရှိနေပါလေသည်။

"ရွှေအစစ်ကြောင်းဘုရား"

(ရွှေအစစ်လားဘုရား)

ဟု မေးသောအခါ ရယ်၏။

"နှစ်ပေါင်းကြာလှပြီပေါ့ဘုရား"

"အေး - ရေခေါင်းတိုကျောင်း၊ ဘုန်းကြီးအိုအမွေပေးခဲ့တာ။ အကိုင်များခါ ဝင်းလာခဲ့ပဲ့"

ကွမ်းထောင်းပြီး ညက်သွားသော ကွမ်းယာကို တမြုံ့မြုံ့ငုံရင်း ကွမ်းထောင်းဆုံကို စာရေးသူတို့ကြည့်ရန် လှမ်းပေးလာခဲ့ပါသည်။

အလွန်လက်ရာမြောက်စွာပြုလုပ်ထားသော ကွမ်းထောင်းဆုံလေး ဖြစ်ပါသည်။ လက်ဝါးတစ်ဆုပ်ကိုင်နိုင်သောအရွယ်ဖြစ်ကာ ထောင်းရသော ကိရိယာလက်ကိုင်လေးတွင်လည်း လက်ရာအလွန်ကောင်းသော ပန်းခက်နွယ်များကို တွေ့မြင်ကြရပါသည်။ ကြေးဝါစစ်၍ပင်လားမသိနိုင်ဘဲ ရွှေသားအလားဖိတ်ဖိတ်တောက်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ စာရေးသူတို့ပင် ထိုလိုပစ္စည်းမျိုးကို မတွေ့ခဲ့ရဘူး၍ စိတ်ဝင်တစားရှိမိရပါသည်။

မည်သို့ပင်ဖြစ်ပါစေ ရှေးကပင်ရှိခဲ့သော ကိုဘုရားတောင်၌ မည်ကဲ့သို့သော သိဒ္ဓိအမျိုးအမည်တို့ရှိနေနိုင်မည်မှန်း သာမန်လူပုဂ္ဂိုလ်တို့ သိနေနိုင်ကြမည်မဟုတ်ပါပေ။ ဆရာတော်ကြီးငယ်ဘဝသည် နယ်ချဲ့ခေတ်ကာလဖြစ်ခဲ့ပေရာ ထိုအချိန်၌ တောင်တော်ရှိနှင့်ပြီးဟုဆိုသောကြောင့် စေ့စေ့တွေးကြည့်လျှင် နယ်ချဲ့ခေတ်ကာလ အင်္ဂလိပ်တို့အုပ်ချုပ်ခဲ့ကြစဉ်ကပင်ရှိနေခဲ့သော ပီဘိရှေးဟောင်းဘုရားတောင်တော်တစ်ခုပင် ဖြစ်ပါလေသည်။

မျက်မြင်တပ်အပ် မပြောနိုင်၍ ဝိဇ္ဇာဇော်ဂျီတပသီတို့ပင် ခိုအောင်းပျော်ပါး ဆေးဝါးတို့ပင်ဖော်စပ်နေခဲ့ကြသည်လားဟူ၍ပင် စာရေးသူမှာ တွေးတောယူဆနေမိပါလေ၏။ သာသနာတော်ကို မြတ်နိုးစွာ ကိုးကွယ်စောင့်ရှောက်တတ်သူတို့၏ ထိန်းသိမ်းတတ်မှုတို့ကြောင့် ယခုခေတ်ကာလထိပင် မတိမ်မကော၊ မပျောက်မပျက် တည်ရှိနေနိုင်ခဲ့သော ရှေးဟောင်း တောရဒေသတစ်ခုလည်း ဖြစ်ပါသည်။

ထိုဒေသ၏ထူးခြားသောအေးမြမှု၊ သာယာမှု၊ လှပမှုအစုစုတို့ကို ခံစားရင်း သက်တော်ရှည်ဆရာတော်ဘုရားကြီး၏ မေတ္တာဓာတ်ကိုလည်း ခံယူရရှိစေနိုင်ကြစေရန် တစ်ခါတစ်ခေါက်အရောက်လာစေချင်သည်ကလည်း ဒေသခံတိုင်းရင်းသားတို့၏ စေတနာပင် ဖြစ်ပါသည်။ ထိုဒေသ၏ စည်ပင်ဖွံ့ထွားတိုးတက်မှုအများအပြားတို့ကိုလည်း အံ့သြဖွယ်ရာ တွေ့မြင်နိုင်ကြပါကြောင်း စုဆောင်းရှာဖွေ လေ့လာ၍ တင်ပြလိုက်ရပါပေသည်။

ခင် (တောင်ကြီး)



www.burmeseclassic.com

www.burmeseclassic.com

### တက္ကသိုလ်ဝင်းမြင့်

# မုန့်သည်မနှင့်အိုးဖိုးတစ်ထောင်


သလ္လာဝတီရွှေမြို့တော် မုံရွာမြို့သို့ ကျွန်တော် အခေါက်ပေါင်း (၅၀) ကျော်မျှအကြိမ်ကြိမ်ရောက်ခဲ့ဖူးပါသည်။ ရောက်တိုင်းလည်း ပျော်ရွှင်စွာသွားလာလည်ပတ်ခဲ့ပါသည်။ ဘုရားပေါင်းစုံကိုလည်း ဖူးမြော်ကြည်ညိုခဲ့ပါသည်။ ဆုတောင်းပြည့်သော ဘုရားစေတီပုထိုးတော်များပင် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏မြို့တော် မုံရွာမြို့သည် ယခုအခါ အလွန်ခေတ်မီစွာဖြင့် တိုးတက်ပြောင်းလဲနေပြီဖြစ်ပါသည်။ ခေတ်မီခြင်းမရှိသေးသည့် ယခင်နှစ်ပေါင်းများစွာကပင် မုံရွာမြို့သည် သူ့ခေတ်နှင့်သူ့အခါ သာယာဝေစည်ခဲ့သည်သာ ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့နှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သောကြောင့် ကုန်ပစ္စည်းမျိုးစုံ၊ သီးနှံမျိုးစုံရောင်းဝယ်ဖလှယ်ရာဈေးမြို့တော်ကြီးဟုဆိုလျှင်လည်း ရပါသည်။ သလ္လာဝတီမြစ်ခေါ် ချင်းတွင်းမြစ်ကြီးကလည်း မုံရွာမြို့အနီးမှ ဖြတ်သန်းစီးဆင်းနေသဖြင့် ရေကြောင်းခရီးသွားလာသူများလည်းများလှပါသည်။ အထင်ကရထင်ရှားကျော်ကြားသော ဘုရားစေတီပုထိုးများလည်း များစွာတည်ရှိနေပြန်သဖြင့် သာသနာရောင်ဝါလင်းသည့်မြေဟုလည်း အမြွက်တနိုး ပြောဆိုနိုင်ပါသည်။ မိုးညှင်းသမ္ဗုဒ္ဓေ၊ ဇောဓိတစ်ထောင်၊ ကျောက္ကာရွှေဂူနီ၊ ရွှေဂူဖြူ၊ တစ်ဖက်ကမ်းမှရွှေဘတောင်၊ ဖိုလ်ဝင်တောင်တစ်ခွင်၌ ဘုရားစေတီများက များပြားလှပါသည်။ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ အထင်ကရ နေရာများလည်းရှိပေရာ မုံရွာတစ်ဖက်ကမ်းရှိ ရွှေတောင်ဦးစေတီတော်မြတ်မှာလည်း လယ်တီဆရာတော်ယခင်က သီတင်းသုံး တရားအားထုတ်ရာဖြစ်ခဲ့ပြီး သာယာကြည်နူးဖွယ်ရာဖြစ်ပါသည်။ မြို့လယ်တွင် ရွှေစည်းခုံစေတီ၊ ဆုတောင်းပြည့်စေတီတို့ တည်ရှိပြီး ကြည်ညိုဖွယ်ဖြစ်ပါသည်။ဘုရားပရဝဏ်တို့ကလည်း ကျယ်ဝန်းလှသဖြင့် နွေရာသီတွင် ဘုရားကျောင်းကန်အရိပ်အာဝါသများကြောင့် အေးမြစေပါသည်။

ကျွန်တော်ရေးပြသောဘုရားများမှာ မစုံလင်လှသေးပါ။ ရပ်ကွက်တိုင်းအနှံ့အပြားတွင် ဘုရားစေတီများတည်ရှိနေပါသည်။ သီရိဓမ္မာသောကမင်းတည်ထားသော ဘုရားစေတီများ၊ အလောင်းစည်သူမင်းတည်ထားသော ဘုရားများ၊ ဗဒုံမင်း၊ အလောင်းမင်းတရား စသည့်ဘုရင်မင်းများတည်ထားသော ဘုရားစေတီများ၊ ခေတ်အဆက်ဆက် တန်ခိုးကြီးဆရာတော်ကြီးများတည်ထားခဲ့သော စေတီတော်များစွာတို့သည် တစ်ခါတစ်ခေါက်ရောက်ရုံနှင့် ဖူးမြော်၍ကုန်နိုင်လိမ့်မည် မဟုတ်ပါ။


အခေါက်(၅၀)ကျော်မျှ အကြိမ်ကြိမ်ရောက်ဖူးခဲ့သော ကျွန်တော်သည်ပင် ဘုရားအစုံအလင်မဖူးမိသေးပါ။






www.burmeseclassic.com

www.burmeseclassic.com





၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ကျွန်တော် မုံရွာသို့အလည်တစ်ခေါက်ရောက်ရှိခဲ့ပြန်ပါသည်။ ကျွန်တော့်တူမတော်စပ်သူ သစ်စက်အရာရှိတာဝန်ထမ်းဆောင်ရာ အမှတ် (၁) သစ်ပါးလွှာစက်ရုံ (အိုးဘိုတောင်) သို့ လည်ပတ်ရင်းခေတ္တတည်းခိုပါသည်။ကျွန်တော့်အစ်ကိုကြီးလည်း သမီးဖြစ်သူနှင့်အတူ လိုက်ပါနေထိုင်သောကြောင့် ကျွန်တော်ရောက်သွားသည့်ရက်တွင် နံနက်ပိုင်း ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးလမ်းလျှောက်ထွက်ခဲ့ပါသည်။ မော်တော်ကားနှင့်ဆိုင်ကယ်တို့ရှုပ်ထွေးသော လမ်းမကြီးများပေါ် မလျှောက်ကြဘဲ မြို့ပတ်လမ်း ကမ်းနားလမ်းတို့မှသာ လျှောက်ကြသဖြင့် ယာဉ်ရထားမရှုပ်ထွေးဘဲလျှောက်၍ကောင်းပါသည်။ ထိုနေရာသည် ချင်းတွင်းမြစ်ကူးတံတားကြီးနှင့်လည်းနီးပါသည်။ ချင်းတွင်းမြစ်ကမ်းဘေးကမ်းနားလမ်းတစ်လျှောက်ကို လျှောက်ကြရင်း တစ်ဖက်ကမ်းမှ ရွှေတော်ဦးစေတီ၊ မှုန်ရီမှိုင်းပျသော တောင်တန်းကြီးများကိုကြည့်ရင်း တမာပင်တန်းများအောက်တွင် လမ်းလျှောက်ရင်း စကားများစွာပြောဖြစ်ကြပါသည်။ တမာမြေနှင့်အညာလေဆိုသော စကားလေးကို သွားသတိရမိပါသည်။ ရွက်နုသစ်လေးများဝေနေသော တမာပင်များမှာ မျက်စိတစ်ဆုံးမြင်တွေ့နေရပါသည်။

ဘုရားဖူးသည်ကို စိတ်အားထက်သန်သော ကျွန်တော်က အမှတ် (၁) သစ်ပါးလွှာစက်ရုံ၊ အမှတ် (၅) သစ်ပါးလွှာစက်ရုံတို့နှင့်နီးသော မုံရွာ-ဘုတလင်-ရေဦးကားလမ်းမကြီး အနောက်ဘက်ရပ်ကွက်အတွင်းမှ ရွှေရောင်တဝင်းဝင်းရှိနေသော စေတီတော်ကို သွားဖူးလိုကြောင်း အစ်ကိုကြီးကို ပြောလိုက်ပါသည်။

အစ်ကိုကြီးက သူနေ့တိုင်းလမ်းလျှောက်တိုင်း ထိုစေတီတော်သို့ရောက်ကြောင်း၊ သို့သော် သံတံခါးကြီးအမြဲတမ်းပိတ်ထား၍ အပြင်ကပဲလမ်းလျှောက်သွားရင်းက ဖူးရကြောင်းပြောပြီး ထိုစေတီတော်ရှိရာသို့ ကျွန်တော့်ကို ခေါ်သွားပါသည်။

ကျွန်တော်လည်း အထဲဝင်ခွင့်မရလည်းနေပါစေ အပြင်ကပဲအနီးကပ်ဖူးကြည့်ခွင့်ရလျှင် ကျေနပ်ကြောင်းပြောရပါသည်။ စေတီတော်အနီးသို့ရောက်သောအခါတွင် လမ်းပေါ်ကနေ၍ စေတီတော်ကို လက်အုပ်ချီကန်တော့လိုက်ပါသည်။ ထိုအခိုက် ရပ်ကွက်အတွင်းက ထွက်လာကြသော အမျိုးသမီးကြီးများကိုတွေ့ရပါသည်။ အားလုံးယောဂီတဘက်များ ပခုံးပေါ်တင်ပြီး ခေါင်းပေါ်တွင်လည်း ပန်းကန်ခွက်ယောက်များပါသောဗန်းများကိုယ်စီရွက်ထားကြသဖြင့် ဥပုသ်စောင့်ရန်ဘုန်းကြီးကျောင်းသွားကြမည့်သူတွေပဲဟု သိလိုက်ပါသည်။

သူတို့တစ်တွေက ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com

# နေ့စဉ်အလုပ်ခွင်တွင် အဆင်ပြေစေသည့်ဂါထာတော်

## နတ်မောက်မင်းသန့်နိုင်

လူတိုင်းနီးပါးပင် နေ့စဉ်လိုလို မိမိ၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းခွင်သို့ သွားရောက်ဝင်ထွက်အလုပ်လုပ်ကိုင်လှုပ်ရှားနေကြရပါသည်။ သို့မှသာ စား၊ ဝတ်၊ နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများအတွက် အသပြာရရှိမည်မဟုတ်ပါလား။ အကြမ်းဖျင်းဆိုလိုခြင်းဖြစ်ပါသည်။

ထိုသို့ လုပ်ငန်းခွင်တွင်ဝင်ကြသူတိုင်း တစ်ဦးနှင့်တစ်ဦး အယူအဆ၊ အတွေးအခေါ်၊ အမြော်အမြင်၊ ထင်မြင်ချက်၊ လုပ်နည်းကိုင်နည်း စသည်ဖြင့် မတူကွဲပြားနိုင်ပြီး အဆင်မပြေမှု၊ ကတောက်ကဆပြဿနာ အဖုအထစ်၊ စိတ်အနှောင့်အယှက်များတွေ့ကြုံတတ်သည်မှာလည်း ယေဘုယျအားဖြင့် နေ့စဉ်လိုပင်ရှိမည်ထင်ပါသည်။

သို့အတွက် လုပ်ငန်းခွင်တွင် လူနတ်ချစ်ခင်၊ မိတ်ကောင်းဝင်လျက် လုပ်ငန်းခွင်တွင် အဆင်ပြေ စိတ်ကြည်လင်ချမ်းသာစေရန် ရွတ်ပွားနိုင်သည့် ဂါထာတစ်ပုဒ် တင်ပြလိုက်ပါသည်။

ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဒေဝ မနုဿ သမ္ဘိယံ၊
ရာဇာမိရာဇ ပူဇိတံ၊
ဥပဂုတ္တံ ဘိပူဇာမိ၊
ဧတေန သမ္ဘိယော ဟေဿံ။ ။

**အနက်မြန်မာပြန်** ။ ။ နတ်-လူတို့ ကောင်းစွာချစ်အပ်သော၊ မင်းထက်မင်းဖြစ်သောသူတို့ပူဇော်အပ်သော အရှင်ဥပဂုတ္တမထေရ်ကို လွန်ကဲစွာ ပူဇော်ပါ၏။ ထိုသို့ပူဇော်ရသောကြောင့် သတ္တဝါအားလုံးတို့၏ ချစ်ခင်မြတ်နိုးခြင်းသည် ဖြစ်ရပါလို၏။

မြန်မာပြန်ကို သိထား၊ နှလုံးသွင်းထားရန် ဖြစ်ပါသည်။ ရွတ်ဆိုရန်မလိုပါ။ နေ့စဉ် အိမ်မှအထွက် (၉) ကြိမ်၊ လုပ်ငန်းခွင်တွင် (၉) ကြိမ် ပုံမှန်ရွတ်ပွားသွားပါ။ လုပ်ငန်းခွင်တွင် အထူးအဆင်ပြေပြီး လာဘ်ရွှင်ကံမြင့်ဖြစ်လာစေပါသည်။

*တိုးတက်အောင်မြင်ကြပါစေ*

နတ်မောက်မင်းသန့်နိုင်

ကိုကြည့်ရင်း ဘုရားဖူးလိုလျှင် ဘေးတစ်ဖက်ရှိ ဘုန်းကြီးကျောင်းထဲဝင်ပြီး ကျောင်းဝင်းထဲကလှည့်၍ ဘုရားဝင်းထဲသို့ဝင်၍ရကြောင်း ပြောကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့လည်း ဝမ်းသာအားရ သူတို့ပြောသည့်လမ်းမှဝင်ကြပါတော့သည်။

"မင်းက တော်တော်ကုသိုလ်ထူးပေတာပဲ။ မင်းဖူးချင်တဲ့ဘုရားကို အနီးကပ်ဖူးရပြီ"

ဟု အစ်ကိုကြီးကပြောပါသည်။

ကျွန်တော်တို့ စေတီတော်ကို လှည့်ပတ်ကြည့်ရှုကာ ကြည်နူးသဒ္ဓါစိတ်များဖြင့်ကန်တော့ကြပါသည်။ထို့နောက် စေတီတော်ကို အမှတ်တရ ဓာတ်ပုံများရိုက်ယူကြပါသည်။ စေတီတော်တောင်ဘက်တွင် ကျောက်စာရုံလေးကိုတွေ့ရာ ကျောက်စာဝင်ရောက်ဖတ်ကြည့်သောအခါ ကျွန်တော်တို့ ယခင်ကမသိခဲ့သေးသည့် အချက်အလက်များကို သိရှိမှတ်သားရပါတော့သတည်း။

ဤရွှေရောင်တဝင်းဝင်းနှင့် ဘုရားစေတီတော်မှာ ရွှေဘုန်းပွင့်ဘုရားဟု ဆိုပါသည်။ အနီးရှိ ဘုန်းကြီးကျောင်းမှာ မဟာဗောဓိရာမကျောင်းတိုက် ဖြစ်ပါသည်။ စေတီတော်၏ အရှေ့ဘက်တွင် စောင်းတန်းလှေကားငယ်တစ်ခုရှိပြီး လှေကားထစ်များမှတက်သွားလျှင် ခေါင်းလောင်းပုံနေရာ၌ ဂန္ဓကုဋိတိုက်ရှိပြီး အတွင်း၌ ဆင်းတုရုပ်ပွားတော်တစ်ဆူ တည်ရှိသည်။ လှေကားထစ်များအောက်ခြေတစ်ဖက်တစ်ချက်တွင် ရှေးဟောင်းပန်းတော့ရုပ်လုံးလက်ရာများကိုလည်း တွေ့ရပါသည်။

ကျောက်စာအရ ဤရွှေဘုန်းပွင့်ဘုရားစေတီတော်ကို ကောဇာ ၄၀၆ ခုနှစ်မှ ၄၃၉ ခုနှစ်အထိ နန်းတက်တော်မူသော ပုဂံပြည်၏ (၄၂) ဆက်မြောက် အနော်ရထာမင်းလက်ထက်၌ 'နာဗေလ' ဘသူကြွယ်မင်းက တည်ထားခဲ့ကြောင်း သိရပါသည်။ ထိုစဉ်က မုံရွာဟုမခေါ်တွင်သေးဘဲ မုန့်သည်မ (မုံ့သည်မ)ရွာဟု သာခေါ်ဝေါ်ခဲ့ကြောင်း ကျောက်စာအရ သိရှိရပါသည်။

အနော်ရထာမင်း၏ အမိန့်အရ 'နာဗေလ' ဘသူကြွယ်သည် ကောဇာ ၄၁၆ ခုနှစ်တွင် မုန့်သည်မရွာ (ကျောက်စာတွင် မုံ့သည်မရွာဟု စာလုံးပေါင်းထားပါသည်။) သို့သွားရောက်ရင်း မုန့်သည်မရွာသို့မရောက်မီ မြောက်ဘက် (၄) မိုင်ရှိသောအရပ်၌ လှေဖောင်ကို ရပ်နားသည်ဟုဆိုပါသည်။

ထိုအခါ ရွာသားများက ရေပြည့်အိုးများကို ဆက်သကြကြောင်း ဘသူကြွယ်မင်းက ရွာသားများကို အိုးဖိုးငွေတစ်ထောင်ချီးမြှင့်ခဲ့ကြောင်း၊ ထို့ကြောင့် အိုးဖိုးတစ်ထောင်ရွာ(အိုးဘိုးတစ်ထောင်)ဟုခေါ်တွင်ခဲ့ကြောင်း၊ ထိုကောဇာ ၄၁၆ ခုနှစ်၌ပင် ဘသူကြွယ်မင်းသည် ဗဒုံမြို့ခေါ် အလုံမြို့၌ နန်းတည်ပြီး ကောဇာ ၄၁၇ ခုတွင် ဤရွှေဘုန်းပွင့်စေတီတော်ကိုတည်ထားခဲ့သည်ဟု ကျောက်စာတွင် ဖော်ပြရေးထိုးထားပါသည်။

နောင်တွင် အလောင်းစည်သူမင်းသည် ရှင်အရဟံ ညွှန်ပြ၍ ဖောင်တော်ဖြင့် အိုးဖိုးတစ်ထောင်ရွာသို့ ရောက်ရှိလာသောအခါ ဘိုးတော်သိကြားမင်းက ဖောင်တော်ဦး၌ ကိုယ်ထင်ပြပြီး ဘုရားရှိရာညွှန်ပြခဲ့သဖြင့် အလောင်းစည်သူမင်းကြီးက ကမ်းပေါ်ရှိ ရွှေဘုန်းပွင့်ဘုရားကို မွမ်းမံတည်ထားခဲ့ကြောင်း၊ ထို့နောက် ကောဇာ ၁၁၄၅ ခုနှစ်၌ ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းကြီးက ထပ်ဆင့်ပြုပြင်ခဲ့ပြန်ကြောင်းဖြင့် ကြည်ညိုစွာ ဖတ်ရှု၍ ကျောက်စာကို လေ့လာခဲ့ရပါသည်။

ထိုကျောက်စာအရ မုံ့သည်မရွာ (မုန့်သည်မရွာ)မှ မုံရွာဖြစ်ပေါ်ခဲ့ကြောင်း၊ အိုးဘိုးတစ်ထောင်ရွာ (အိုးဖိုးတစ်ထောင်ရွာ) မှ အိုးဘိုတောင်ရွာဟူ၍ ဖြစ်ပေါ်ခဲ့ကြောင်း သိရှိမှတ်သားရပါပေတော့သတည်း။

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# ဘိုဘို(ရွှေကံကူ)

## ပရိတ်ကြီးနှင့်ပရိတ်တန်ခိုး



(ယခင်လမှအဆက်)

၂၀၀၅ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်အား ကျောက်ဆည်မြို့ ခရိုင်တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးထွန်း၊ ဇနီး ဒေါ်စန်းရင်မိသားစုတို့မှ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ ရဲမေများအားလုံး လာရောက်ပြီး ရုပ်ရှင်တော်မြတ်၏ ဝေယျာဝစ္စနှင့် မယ်တော်ကြီး၊ အန်တီအေးတို့၏ဝေယျာ



www.burmeseclassic.com

www.burmeseclassic.com

ဝစ္စများကို ဆောင်ရွက်ပေးကြရပါသည်။ ၎င်းတို့အား မယ်တော်ကြီးမှ ပရိတ်ကြိုးများ ပေးအပ်လိုက်ပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်သည် ကျောက်ဆည်မြို့မှ ခရီးစဉ်ပြီးဆုံးသောအခါ စဉ့်ကိုင်မြို့သို့ ပြန်လည် ကြွမြန်းတော်မူခဲ့ပါသည်။

ရဲမှူးကြီးဦးအေးထွန်းမှာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် (ယခု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မဟုတ်ပါ။ ပထမဦးရဲမြင့်ဖြစ်သည်)၏ ညီအရင်းဖြစ်ခြင်း၊ တပ်မတော်အုပ်ချုပ်ရေးကာလတွင် ရဲမှူးကြီးသည် ခ-ယ-ကတွင်ပါဝင်နေခြင်းတို့ကြောင့် အရှိန်အဝါကြီးလှပါသည်။ ရဲမှူးကြီး၏ ဇနီးမှာလည်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့တွင် အရေးပါအရောက်ပါသည်။ရဲမှူးကြီးကတော်သည် ထက်မြက်သူဖြစ်ပြီး တပည့်များ လုပ်ငန်းဆောင်ရွက်မှုတို့ စိတ်တိုင်းမကျလျှင် ပြောဆိုဆုံးမရာ၌ အားမနာတမ်း ပြောဆိုဆုံးမလေ့ရှိ၏။ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူပြီးသည့်နောက်တွင် တပည့်များအား ပြောဆိုကြိမ်းမောင်းရန် ခေါ်ယူလိုက်သော်လည်း တပည့်များနှင့်တွေ့သောအခါ ပြောမထွက်ဆိုမထွက်ရှိနေသဖြင့် ဘယ်လိုဖြစ်တာပါလိမ့်ဟူ၍တွေးမရဘဲရှိနေရာမှ မယ်တော်ကြီး၏ ပရိတ်ကြိုးတို့ကို သတိရသွား၍ -

"ဟော့ - ညည်းတို့ ငါ့ဆီလာရင် မယ်တော်ကြီးရဲ့ပရိတ်ကြိုးတွေခဏဖြုတ်ခဲ့ကြ။ ငါ့မှာ ညည်းတို့ကို ငေါက်ဖို့ရာကို ပြောမထွက်ဘူး"

ဟူ၍ အမိန့်ထုတ်ရသည်။

ထိုအခါ ရဲမေများကလည်း လိုက်နာကြပါသည်။ ဒေါ်စန်းရင်ထံလာလျှင် ပရိတ်ကြိုးများကို ဝတ်ဆင်လာခြင်းမပြုတော့ပါ။ သို့သော် ပရိတ်ကြိုးမျှင်လေးများကိုတော့ ဆံညှပ်နှင့် နားကပ်တို့တွင် ကွယ်ဝှက်ဆောင်ယူသွားကြပါသည်။ ထိုအခါ ဒေါ်စန်းရင်သည် အရင်ကလို ဆူပူကြိမ်းမြောင်းခြင်းမပြုတော့ပါဟု ရဲမေများက မယ်တော်ကြီးကို ပြန်လည် ပြောပြကြပါသည်။

နောက်တစ်ဦးမှာ ရှမ်းပြည်နယ်တောင်ပိုင်း နဂါးဘိလပ်မြေစက်ရုံ တီဂျစ်မှ ကိုဝင်းမင်းထွန်း၊ မစောယုနိုင်တို့ဖြစ်ပါသည်။ မစောယုနိုင်သည် မန္တလေးမြို့ဇာတိဖြစ်၍ ၂၀၁၁ ခုနှစ် ဇွန်လတွင် ပထမဆုံး ရွှေကူဆောင်းပါး သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိပြီးသည်နှင့် မကြာမီ စဉ့်ကိုင်မြို့အောင်မြေသို့ရောက်ရှိလာခဲ့ကြသူများဖြစ်ပါသည်။ မန္တလေး



မြို့တွင် နေအိမ်နှင့် အမေ၊ မောင်နှမများ ပါရှိနေသူဖြစ်ရာ တစ်နှစ်လျှင် နှစ်ကြိမ်ခန့် အောင်မြေသို့ရောက်ရှိလာတတ်ပါသည်။ ကိုဝင်းမင်းထွန်းကတော့ ရန်ကုန်ဇာတိဖြစ်မည်ထင်ပါသည်။ တစ်ကြိမ်တွင် မစောယုနိုင်သည် တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်နေသော မောင်တော်စပ်သူနှင့် ယောက္ခမတို့ကိုပါ ခေါ်လာခဲ့ပြီး စာရေးသူ၏ စောင့်ရှောက်မှုကို ခံယူစေကာ ကျွင့်စဉ်များလည်းတောင်းခံကြပါသည်။ မစောယုနိုင်သည်လည်း စာရေးသူထံမှ ကျွင့်စဉ်များ အမြဲမပြတ် တောင်းခံပြီး အမိဋ္ဌာန်ဝင်နေသူ ဖြစ်ပါသည်။

သို့ဖြင့် ၂၀၁၄ ရွှေကူ (၉) ရက် (၉) လ ဗုဒ္ဓပူဇနီယပွဲတော်သို့ ရောက်ရှိလာခဲ့သည်။ မစောယုနိုင်တို့ဇနီးမောင်နှံလည်း ပွဲတော်နေ့တွင် လာရောက်ခဲ့ကြသေးသော်လည်း စာရေးသူနှင့် စကားပြောခွင့်မရသွားကြပါ။ ထို့ကြောင့် ပွဲတော်ပြီး၍ ရက် (၂၀) ခန့်အကြာတွင် တစ်ဖန် ပြန်လည် ရောက်ရှိလာကြပါသည်။ စာရေးသူနှင့် စကားစမြည်များ ပြောဆို၍ အတန်ကြာမှ ပြန်ရန်နှုတ်ဆက်ကြပြီး သစ္စာရေနှင့်ပရိတ်ကြိုးများ တောင်းခံပါသည်။ ပရိတ်ကြိုးမှာ ကျစ်ပြီးသားမရှိပါ။ ၎င်းတို့ဘာသာ နေအိမ်တွင် ကျစ်မည်ဖြစ်၍ ပေါင်းပြီးသားကြိုးများကိုသာ ပိုပိုသာသာလေးပေးလိုက်ပါဟု မေတ္တာရပ်ခံပြီး ကိုဝင်းမင်းထွန်းမှ -

"ရန်ကုန်မှာ ဆရာတို့ပရိတ်ကြိုးတွေ နာမည်ကြီးနေတယ်။ လူတော်တော်များများရဲ့လက်တွေမှာ တွေ့နေရတယ်"

ဟု ပြောရာ -

"အေးကွာ၊ ကောင်းတာပေါ့။ ပရိတ်ကြိုးကို အခုလို ယုံယုံကြည်ကြည် ဆောင်ကြတဲ့အခါ ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုတွေ ခိုင်မြဲလာကြသလို ဘေးအန္တရာယ်တွေလည်းကင်းကြတာပေါ့"

ဟုစာရေးသူမှပြောလိုက်ပါသည်။ ထိုသို့ကြားသိရသောအခါ စာရေးသူတို့သည် ဝမ်းသာပီတိဖြစ်ရပြီး သာဓုခေါ်ဆို၍မဆုံးနိုင်အောင်ဖြစ်ရပါသည်။

ယနေ့အချိန်တွင် ရွှေကူလေပျံ့သစ်တော်ရုပ်ရှင်တော်မြတ်သည် မြန်မာနိုင်ငံအနှံ့အပြားသာမကတော့ဘဲ ကမ္ဘာ့နိုင်ငံအချို့မှပင် ပင့်ဆောင်ပူဇော်လျက်ရှိနေကြပြီး ပင့်ဆောင် ပူဇော်ကြသူတို့မှာလည်း ရာထူးဌာနန္တရကြီးမားသော ပုဂ္ဂိုလ်များ ပါဝင်လျက်ရှိနေပြီဖြစ်ရာ မယ်တော်ကြီး၏ ပရိတ်ကြိုးတို့မှာလည်း အလွှာအသီးသီးသို့ ပျံ့နှံ့ရောက်ရှိလျက်ရှိနေသည်မှာ ဝမ်းမြောက်ဖွယ်ပင်ဖြစ်ပါ၏။

မယ်တော်ကြီး၏ ပရိတ်ကြိုးကို ဆောင်ယူသူတို့တွင် ဘေးအန္တရာယ်ကင်းရှင်းသည်မှာ မှန်ကန်သော်လည်း ပရိတ်ကြိုးဆောင်ယူသူတို့သည် ကံငါးပါးကို ထိန်းသိမ်းရန်တော့ လိုအပ်ပါသည်။ ကံငါးပါးကျူးလွန်လျှင် ပရိတ်ကြိုးမှ အချက်ပေးလေ့ရှိပြီး ဆက်လက်ကျူးလွန်လျှင်တော့ ပရိတ်အာနိသင်များ ပျက်ပြယ်နိုင်ပါသည်။ ကျောက်ဆည်မြို့ ရွှေရတီစားတော်ဆက်မှ မောင်မျိုးသက်သည် ပရိတ်ကြိုးကို ဆောင်ယူဖူးပြီး -

"မယ်တော်ကြီးရဲ့ ပရိတ်ကြိုးက သိသာတယ်ဗျ၊ ဘီယာသောက်လို့မရဘူး။ ဘီယာသောက်ရင် ဘယ်လိုပဲမြဲအောင်ချည်ထားထား ပြုတ်ထွက်သွားတာပဲ"

ဟု ပြောဖူးပါသည်။

စဉ့်ကိုင်မြို့ မိုးတိမ်ယံ အလှူမိနီယမ်နှင့် မှန်ပေါင်လုပ်ငန်းမှ မောင်မင်းမင်းထွန်းသည် ရွှေကူသာဝကများဖြစ်ပါသည်။ မန္တလေးမြို့ အောင်ပင်လယ်ရှိ ၎င်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို (၃) ကြိမ်တိုင်တိုင် ပင့်ဆောင်ပူဇော်ပြီးဖြစ်ကာ လာမည့်နှစ်တွင်လည်း ပင့်ဆောင်ပူဇော်ရန် လျှောက်ထားပြီး ဖြစ်ပါသည်။ မောင်မင်းမင်းထွန်းတို့မိသားစုအားလုံးသည်လည်း မယ်တော်ကြီး၏ ပရိတ်ကြိုးကို ဆောင်ယူထားသကဲ့သို့ ၎င်း၏ဆိုင်မှ လုပ်သားလေးများကိုလည်း မယ်တော်ကြီး၏ ပရိတ်ကြိုးများကို

www.burmeseclassic.com

ဆောင်ယူထားစေပါသည်။

တစ်ခါတွင် ၎င်း၏တပည့်ကလေးတစ်ဦးသည် -

"အရက်က ဘယ်ဘက်လက်နဲ့ သောက်တာပဲကွာ၊ ပရိတ်ကြိုးပါတဲ့ညာဘက်လက်ကို ခေါင်းပေါ်တင်ထားလိုက်မယ်။ ဒါဆိုရတာပဲ"

ဟု ဆိုကာ ဘီယာသောက်လိုက်ပါသည်။ ဆိုင်မှအထွက်တွင် မမူးပါဘဲလျက် ဝုန်းခနဲ နောက်ပြန်လဲကျသွား၍ ထိတ်လန့်ကြောက်ရွံ့သွားပါသည်။

နောက်တစ်ဦးမှာလည်း စဉ့်ကိုင်မြို့တောင်ဘက်အထွက် တံတားလေးမရောက်မီ လမ်းအရှေ့ဘက်ရှိ ရွှေကြယ်စင်ကဖေးမှ မောင်မင်းသူ ဖြစ်ပါသည်။ ၎င်းသည်လည်း မယ်တော်ကြီး၏ပရိတ်ကြိုးကိုဝတ်ဆင်ထားပြီး ဘီယာသောက်မိပါသည်။ ညဦးပိုင်းက သောက်လိုက်ခြင်း ဖြစ်ပါသည်။ တစ်ညလုံးမည်သည့်ထူးခြားမှုမှမရှိပါ။ နောက်တစ်နေ့နံနက်တွင် ခေါင်းငုံ့ပြီး လက်ဖက်ရည်ဖျော်လိုက်ရာ နှာခေါင်းအတွင်းမှ ညတုန်းက သောက်ထားသော ဘီယာများအားလုံးထွက်ကြလာသည်ကို ထူးဆန်းအံ့ဩဖွယ်တွေ့ရှိရပါသည်။

ထို့ကြောင့် ပရိတ်ကြိုးကိုဆောင်ယူသူတို့တွင် ဘေးရန်အန္တရာယ်များမှ လွတ်မြောက်ခြင်းမျှသာမက မကောင်းမှုအကုသိုလ်တို့ ကျူးလွန်ခြင်းကိုပင် ကာကွယ် ဟန့်တားပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ပရိတ်ကြိုးကိုဆောင်ယူကြလျှင် ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်စေရုံမျှမက အထက်လူကြီးတို့၏ မေတ္တာ၊ ခုနစ်ရက်သားသမီးအပေါင်းတို့၏မေတ္တာတို့ရရှိစေရုံမျှမက အပါယ်သို့လားစေတတ်သောမကောင်းသောအမှုတို့ကျူးလွန်ခြင်းကိုပင်လျှင် တားဆီးပေးစေနိုင်ကြောင်းလက်တွေ့သာဓကများစွာ ထုတ်ဆောင်၍ ခုနစ်ရက်သားသမီးတို့၏ အကျိုးစီးပွားကိုရည်၍ ရေးသားတင်ဆက်အပ်ပါသတည်း။

(အထက်ပါ သာဓကများတွင် ပါဝင်သူတို့၏ ကိုယ်တိုင်ပြောပြချက်ကို သိရှိလိုပါလျှင် ၎င်းတို့၏ ဖုန်းနံပါတ်များအား စာရေးသူ (၀၉-၉၁၀၅၇၂၉၆) ထံတွင် တောင်းယူနိုင်ပါသည်။)

နောက်တစ်ဦးမှာ မန္တလေးမြို့ (၆၂) လမ်း သိပ္ပံလမ်း၏ တောင်ဘက် သူနာပြုတက္ကသိုလ်အနီး လမ်းအနောက်ဘက်မှ အရှေ့ဘက်မျက်နှာပြု သစ္စာဓာတ်မှန်နှင့်ဘေးချင်းကပ်လျက်ဖြစ်သောလွင်မိတ္တူမှ ဗိုလ်မှူးကြီး (ငြိမ်း) ဦးသိန်းလွင် အမေစန်း (ဒေါ်စန်းစန်းမြင့်) တို့နေအိမ်တွင်ဖြစ်ပါသည်။ အဘ (ဗိုလ်မှူးကြီးသိန်းလွင်) ၏သမီး မညိုမီလွင်သည် သူရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ရုပ်ရှင်တော်မြတ်ကို ၂၀၁၂ ခုနှစ်တွင် စတင်သိရှိခဲ့ပြီး အောင်မြေသို့ရောက်ရှိလာခဲ့ရာမှ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ တိုင် (၃)နှစ်တိတိ ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြပြီးဖြစ်ပါသည်။ စာရေးသူတို့နှင့်လည်း မိသားစုသဖွယ် ခင်မင်ရင်းနှီးလျက်ရှိနေပြီး ၎င်းတို့မိသားစုသည် စာရေးသူ၏ဆေးသိဒ္ဓိ သစ္စာရေကိုလည်း ယုံကြည်စွာ သောက်သုံးကြ၍ ရောဂါဝေဒနာများလည်း လက်တွေ့ ပျောက်ကင်းထားကြသူများဖြစ်ကြပါသည်။ မယ်တော်ကြီး၏ ပရိတ်ကြိုးကိုလည်း ယုံကြည်စွာဖြင့် တစ်အိမ်လုံး သမီးများနှင့် မြေးများပါ ဆောင်ယူထားကြသူများဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မန္တလေးခရီးစဉ်တွင် ၎င်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူသောအခါ -

"ဆရာဘို၊ အမေတို့အိမ်တော့ ထုံးစံအတိုင်းကြွခဲ့ရမှာနော်။ အဘကရော၊ သမီးတွေ၊ မြေးတွေကရော ဆရာဘိုကို တွေ့ချင်နေကြတာ။ အမေစန်း လက်ကိုက်တာတော့ မနှစ်က ဆရာဘိုကုပေးခဲ့လို့ ပျောက်သွားပြီ"

ဟု ဖုန်းဆက်ပါသည်။

စာရေးသူသည် မန္တလေးခရီးစဉ်တွင်လည်း ရုပ်ရှင်တော်မြတ်နှင့်အတူ လိုက်ပါခြင်းမရှိပါ။ စဉ့်ကိုင်တွင်သာနေရစ်ပြီး ရင်းနှီးသောအိမ်များသို့သာ ခဏတစ်ဖြုတ် သွားရောက်လေ့ရှိပါသည်။ စဉ့်ကိုင်နှင့် မန္တလေးမှာ မိုင် (၂၀) ကျော်မျှသာ ကွာဝေး၍ ကားနှင့်သွားလျှင် (၄၅)မိနစ်ခန့်သာကြာမြင့်ပါသည်။

ထိုနေ့က စာရေးသူ အမေစန်းတို့အိမ်သို့ရောက်ရှိသောအခါ မယ်တော်ကြီးနှင့် အနီးကပ်နေသည် ဦးဆောင်၍ အိမ်ရှင်မိသားစုတို့ ဆွမ်းကပ်နေကြပါသည်။ ဘုရားရှင်အား ဆွမ်းများဆက်ကပ်ပြီးသောအခါ စာရေးသူကို မယ်တော်ကြီးတို့နှင့်အတူ ထမင်းကျွေးပါသည်။ စာရေးသူတို့ ထမင်းစားနေစဉ်မှာပင် အမေစန်းမှ -

"ဆရာဘို၊ ပြောရဦးမယ်။ အလှူဦးသင့်တဲ့ဆောင်းပါးမှာထည့်ရေးရအောင်လို့"

ဟု အစချီ၍ အောက်ပါအတိုင်း ပြောပြပါသည်။

ဤနေရာတွင် အမေစန်း၏ ပုံသဏ္ဌာန်ကိုဖော်ပြပေးပါဦးမည်။ အမေစန်းသည် ဖြူဖြူနုနုပိန်ပိန်ပါးပါးကလေးဖြစ်ပြီး အသက် (၇၀)ခန့်ရှိပြီဖြစ်ရာ နဂိုကမှ နုနယ်သူဖြစ်၍ ခပ်ယဲ့ယဲ့မျှသာဖြစ်ပါသည်။ အမေစန်းသည် ယဉ်ကျေးသိမ်မွေ့၍ ငွေကြေးချမ်းသာသူမိသားစုမှ ဆင်းသက်လာသူဖြစ်ရာ ပကတိတည်ငြိမ်အေးချမ်းလျက် ဘုရားတရားနှင့် ပျော်မွေ့နေထိုင်သူဖြစ်ပါသည်။

အမေစန်းသည် နံနက်တိုင်း အိမ်အနီးဝန်းကျင်တွင် လမ်းလျှောက်ထွက်လေ့ရှိပါသည်။ အမေစန်းလမ်းလျှောက်ထွက်လေ့ရှိသောနေရာရှိ အိမ်တစ်အိမ်တွင် ကြီးမားထွားကျိုင်းလှသော နိုင်ငံခြားခွေးကြီးတစ်ကောင်ရှိပါသည်။ ထိုခွေးကြီးသည် ဒေါသကြီးလှပြီး ၎င်းကိုပုလင်းနှင့်ပစ်လျှင် ပုလင်းကိုကြေမွအောင် ကိုက်ဝါးပစ်တတ်ပါသည်။ ၁၂-၈-၂၀၁၄ နေ့ နံနက် (၅) နာရီခွဲခန့်တွင် အမေစန်းသည် ခါတိုင်းနေ့များကဲ့သို့ လမ်းလျှောက်ထွက်လာခဲ့ပါသည်။ ခိုင်ရွှေဝါလပ်းထောင့်အရောက် အမြဲတမ်း သံကြိုးဖြင့်ထိန်းထားသော ထိုခွေးကြီးသည် လွတ်ထွက်သွားသဖြင့် လူအချို့မှအော်ကြပါသည်။ အမေစန်း၏သမီးများလည်း စိုးရိမ်ကြီးစွာ အော်ကြပါသည်။ အမေစန်းမှာ ပြေးနိုင်သည့်ခွန်အားမရှိပါ။ ခွေးကြီးသည် အမေစန်းထံသို့ တည့်တည့်မတ်မတ်ပြေးလာပြီး အမေစန်းကို မတ်တတ်ရပ်၍ခုန်အုပ်လိုက်စဉ် အမေစန်းသည် ပရိတ်ကြိုးကိုသတိရသွားပြီး -

"ငါ့အမေရဲ့ ပရိတ်ကြိုးပါတယ်၊ မကြောက်ဘူးဟေ့၊ အမေ ကယ်ပါ၊ အမေကယ်ပါ"

ဟု မယ်တော်ကြီးကို တ,လိုက်သည်။ ခွေးကြီး၏လက်တို့မှာ အမေစန်း၏ ပခုံးနှစ်ဖက်ပေါ်တွင် ကျရောက်ပြီး ခွေးကြီး၏ ခန္ဓာကိုယ်ဝိတ်နှင့် ခုန်အုပ်လိုက်သောအရှိန်တို့ကြောင့် အမေစန်းသည် နောက်သို့လဲကျသွားသဖြင့် လက်ထောက်လိုက်ရသည်။ ထိုအချိန်မှာပင် ခွေးကြီးသည် ကိုယ်ရှိန်သတ်လိုက်ပြီဖြစ်ပါသည်။ တကယ်တမ်းသာ အားဖြင့်ခုန်အုပ်လိုက်မည်ဆိုပါက အမေစန်းမှာ အရှိန်ပြင်းစွာလဲကျသွားမည်ဖြစ်ပါသည်။

ထိုအချိန်တွင် အမေစန်းသည် သတိလစ်မတတ် ကြောက်လန့်တုန်လှုပ်လျက်ရှိပါသည်။ ခွေးကြီးသည် အမေ

www.burmeseclassic.com

စန်းကို မကိုက်ပါ။ ချက်ချင်း နောက်သို့ ပြန်လှည့်ပြေးသွားပါသည်။ လူများအားလုံး မှင်တက်မိနေကြပြီးမှ အမေစန်းကို လာ၍ထူကြပါသည်။ အမေစန်းသည် လဲကျသောအချိန်တွင် လမ်းပေါ်သို့ လက်ထောက်လိုက်ရသည့်အတွက် လက်အနည်းငယ်နာသွားသည်မှာအပ မည်သည့်ထိခိုက်မှုမျှမရှိပါ။ အားလုံးက အံ့ဩနေကြပါသည်ဟူ၍ ဖြစ်ပါသည်။

ထို့နောက် -

"ဆရာဘိုရယ်၊ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲလေ။ ပရိတ်ကြိုးသာ မပါလျှင် မတွေးရဲပါဘူး။ အခုတောင် ပြန်ပြောရင်းကြောက်လာမိတယ်"

ဟု ဆက်ပြောပါသည်။

တကယ်တော့ ဤမိသားစုမှာ စာဖတ်ပရိသတ်များနှင့်မစိမ်းပါ။ သူရဋ္ဌမဂ္ဂဇင်းတွင် စာရေးသူ၏ဆောင်းပါးများကို မလွတ်တမ်းစောင့်ဖတ်ခဲ့ကြသောသူတို့ မှတ်မိပါလိမ့်မည်။ '၂၀၁၂ မန္တလေးခရီးစဉ်မှ ထူးခြားမှုများ' ဆောင်းပါးတွင် ဤမိသားစုနေအိမ်၌ မီးပျက်စဉ် ဘုရားကျောင်းဆောင်နေရာအနံ့မှ လျှပ်စီးလက်သကဲ့သို့ တဖျပ်ဖျပ်နှင့် အလင်းရောင်များထွက်ပေါ်ခဲ့သည်။ တစ်ဖန် မီးပြန်လာသည်။ အလင်းရောင်များကွယ်ပျောက်သွားသည်။ တစ်ဖန် မီးပျက်သွားသည်။ အလင်းရောင်များထွက်ပေါ်လာပြန်သည်။ ထိုသို့ ကြိမ်ဖန်များစွာဖြစ်ပေါ်နေသည်။ ပတ်ဝန်းကျင်ကိုလှေလာကြည့်ရာ အခြားအိမ်များတွင် မီးမပျက်။ တစ်ဖန် အောက်ထပ်မှ မီးရောင်များ လှေကားမှ ထွက်ပေါ်နေ၍ အောက်ထပ်သို့လှမ်းကြည့်ရာ ဤအိမ်အောက်ထပ်မှာပင် မီးလာနေပြီး အပေါ်ထပ်တွင်သာ ထူးဆန်းအံ့ဩဖွယ် မီးပျက်လိုက်၊ အလင်းရောင်တို့ထွက်ပေါ်လိုက်ဖြစ်နေပါသည်။

နီးစပ်ရာလူများမှ ဖုန်းဆက်ခေါ်ယူကြ၍ ထိုညက ဘုရားဖူးပရိသတ်တို့မှာ ညဉ့်နက်သည့်တိုင် မပြန်ကြဘဲရှိ၍ အမေစန်းမှ မေတ္တာရပ်ခံ၍ ပြန်လွှတ်ခဲ့ရပါသည်ဟု ထိုဆောင်းပါးတွင် ဖော်ပြခဲ့ပါသည်။

ထို့ကြောင့် ဤမိသားစုသည် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်များကို ထူးခြားစွာဖူးမြော်ခဲ့ကြရသူများဖြစ်ပြီး ယခုတစ်ဖန် ပရိတ်ကြိုး၏ စောင့်ရှောက်မှုကိုလည်း ထူးခြားစွာကြုံတွေ့ရသူများအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

နောက်တစ်ဦး၏ ထူးခြားမှုမှာ အနော်ရထာတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းထိန်လယ်ရပ်မှ ဦးစိုးအောင်၏ ဇနီး ဒေါ်သောင်းစိန် ဖြစ်ပါသည်။ ဒေါ်သောင်းစိန်နှင့် စိန်စိန်အုန်းတို့သည် သူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်များဖြစ်၍ ရုပ်ရှင်တော်မြတ်ကို သိရှိကြည်ညိုနေကြသူများဖြစ်ကြပါသည်။ ၂၀၁၂ ခုနှစ် ရွှေကူ (၉) ရက် (၉) လ ဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် စဉ့်ကိုင်မြို့ အောင်မြေသို့ လာရောက်ခဲ့ကြပြီး ရုပ်ရှင်တော်မြတ်ကို ထားဝယ်သို့ ပင့်ဆောင်ရန် လျှောက်ထားခဲ့ကြသူများဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ၂၀၁၂ တွင်တစ်ကြိမ်၊ ၂၀၁၃တွင် တစ်ကြိမ်၊ ၂၀၁၄တွင် တစ်ကြိမ် ရုပ်ရှင်တော်မြတ်ကို ၎င်းတို့၏ နေအိမ်များသို့ ပင့်ဆောင်ပူဇော်ပြီးဖြစ်ကြကာ အောင်မြေသို့ စတင်ရောက်ရှိချိန်မှ ဤယနေ့တိုင် မယ်တော်ကြီး၏ ပရိတ်ကြိုးကို ယုံကြည်လေးမြတ်စွာ ဆောင်ယူထားကြသူများလည်း ဖြစ်ပါသည်။

ဤသို့ဖြင့် ၂၀၁၄၊ (၅) လပိုင်းခန့်တွင် ဒေါ်သောင်းစိန်၌ အစာအိမ်ရောဂါလိုလို ရောဂါဝေဒနာဖြစ်ပေါ်ခံစားရ၍ ထိုင်းနိုင်ငံသို့ သွားရောက်စစ်ဆေးကုသမှုခံယူရာ အသည်းကင်ဆာဖြစ်ပွားနေကြောင်း တွေ့ရှိရပါသည်။ ရောဂါကျွမ်းနေပြီဖြစ်၍ ကုသ၍မရနိုင်တော့ကြောင်း ဆရာဝန်မှ ပြောကြားပြီး ပြန်လွှတ်လိုက်ပါသည်။ ၎င်းတို့မိသားစုအားလုံး စိတ်ဆင်းရဲကြရကာ မယ်တော်ကြီးထံသို့ဖုန်းဆက်၍ ဒေါ်သောင်းစိန်အား မေတ္တာပို့သပေးရန် ပြောကြားပါသည်။ ထိုအခါ မယ်တော်ကြီးသည် ဒေါ်သောင်းစိန်အတွက် ပရိတ်ကြိုးတစ်ချောင်းပြုလုပ်ပြီး အထူးရွတ်ဖတ်သရဇ္ဈာယ်၍ သစ္စာဆို၊ သစ္စာပြုခြင်းများပြုလုပ်ပြီးလျှင် ထိုပရိတ်ကြိုးကို ထားဝယ်သို့ပို့ပေးလိုက်ပါသည်။

မယ်တော်ကြီးသည် ဒေါ်သောင်းစိန်၏ ကျန်းမာရေးအခြေအနေကို ဖုန်းဖြင့် မေးမြန်းစုံစမ်းလျက် အမြဲမပြတ် ပရိတ်တရားတော်များရွတ်ပွားပူဇော်၍ မေတ္တာများပို့သ၍နေခဲ့ရာ မကြာမီပြန်လည်ကျန်းမာလာခဲ့ပါသည်။ ထို့ကြောင့် ၂၀၁၄၊ (၉) လပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ သွားရောက်ပြသပြန်ရာ ခွဲစိတ်ကုသရန်လိုအပ်သည်ဟု သိရပြန်၍ ခွဲစိတ်ကုသမှုခံယူလိုက်ပါသည်။ ထိုသို့ ခွဲစိတ်လိုက်သောအခါမှ လူနာအခြေအနေသည် ပို၍ဆိုးသွားပါသည်။ ထိုအချိန်တွင် (၉) ရက်၊ (၉)လ ရွှေကူဗုဒ္ဓပူဇနိယပွဲတော်ရက်လည်း နီးကပ်၍လာနေပြီဖြစ်ပါသည်။ သောင်းသောင်း (မယ်တော်ကြီးနှင့်အများမှာ ထိုသို့ခေါ်ကြသည်) သည် နှစ်စဉ်လာနေကျ ရွှေကူဗုဒ္ဓပူဇနိယပွဲတော်သို့ မလာရောက်နိုင်တော့ပါ။ ဘန်ကောက်မြို့ ဆေးရုံပေါ်တွင် စိုးရိမ်ရသောအခြေအနေသို့ရောက်ရှိနေပါသည်။ ထို့ကြောင့် စိန်စိန်အုန်းမှ ယခုနှစ် ရွှေကူပွဲတော်သို့ ၎င်းတို့မလာရောက်နိုင်တော့ကြောင်း ဖုန်းဖြင့်ပြောကြားပါသည်။

ထိုသို့ကြားသိရသောအခါ စာရေးသူတို့လည်း စိတ်မကောင်းဖြစ်မိပါသည်။ သို့သော် (၇) ရက်နေ့သို့ရောက်ရှိသောအခါ သောင်းသောင်းသည် မိမိကိုယ်တိုင်မလာရောက်နိုင်သော်လည်း နှစ်စဉ်ဝတ္တရားမပျက်စေရန် ၎င်း၏သားငယ်ဖြစ်သူကို စေလွှတ်ပါသည်။ ထို့ကြောင့် မောင်အောင်အောင်၊ စိန်စိန်အုန်းဇနီး မောင်နှံနှင့်အတူ သောင်းသောင်း၏ သားငယ်လေးတို့ (၈) ရက်နေ့နံနက်တွင် အောင်မြေသို့ ရောက်ရှိလာပါသည်။ ခါတိုင်း သားအမိနှစ်ယောက် လာနေကျ ယခု သားငယ်လေးတစ်ယောက်တည်းသာ လာရောက်နိုင်တော့သဖြင့် စာရေးသူတို့ ပို၍စိတ်မကောင်းဖြစ်ရပါသည်။

ထိုအချိန်မှာပင် သောင်းသောင်း အခြေအနေသည် ပိုဆိုးလာသဖြင့် ဘန်ကောက်မှ ထားဝယ်သို့ပြန်ရတော့မည်ဟု သိရသဖြင့် စိန်စိန်အုန်းနှင့် သောင်းသောင်း၏ သားလေးတို့မှာ (၉) ရက်၊ (၉) လဗုဒ္ဓပူဇနိယပွဲတော်နေ့မှာပင် ထားဝယ်သို့ပြန်ကြရပါသည်။ မယ်တော်ကြီးမှ သောင်းသောင်းအတွက် ပရိတ်ကြိုးအသစ်ထပ်မံစီရင်ပြုလုပ်ပေးလိုက်ပြန်ပါသည်။ သောင်းသောင်း၏ အခြေအနေမှာ လုံးဝပြန်လည်ကောင်းမွန်လာခြင်းမရှိပါ။ ထို့ကြောင့် သာမန်ခရီးသည်များ လိုက်ပါသည့် လေယာဉ်ဖြင့် စီးနင်းလိုက်ပါနိုင်ခြင်းမရှိပါ။ လေယာဉ်စင်းလုံးငှား၍ ထားဝယ်သို့ပြန်ခဲ့ရပါသည်။ စာရေးသူတို့လည်း ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲဆင်နွှဲ၍နေကြရသော်လည်း သောင်းသောင်းထံမှ မည်သို့သောသတင်းများ ကြားရမည်နည်းဟု စိတ်တထင့်ထင့်နှင့်ရှိနေရပါသည်။ မယ်တော်ကြီးတို့လည်း ပွဲတော်ရက်ပြီးဆုံး၍ ၁၂-၉-၂၀၁၄ နေ့တွင် ပုဂံမြို့သို့ ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်တွင် လိုက်ပါသွားခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်သည် ပုဂံမြို့၌



www.burmeseclassic.com

www.burmeseclassic.com

ပုပ္ပားမြို့သို့ ဆက်လက် ကြွမြန်းတော်မူသောနေ့မှာပင် ထားဝယ်မှ ဖုန်းလာပါသည်။ အံ့ဩဝမ်းသာဝမ်းမြောက်ဖွယ်ရာ သတင်းစကားပင်ဖြစ်ပါသည်။ သောင်းသောင်းသည် လုံးဝပကတိပြန်လည်ကျန်းမာသွားပြီ ဟူ၍ ဖြစ်ပါသည်။ သောင်းသောင်းနှင့်တကွ မိသားစုအားလုံးတို့သည် မယ်တော်ကြီးကို အထူးကျေးဇူးတင်ရှိကြောင်းပြောကြားပြီး လာမည့် ၂၀၁၅ (၉) ရက် (၉)လ ဗုဒ္ဓပူဇနီယပွဲတော်နေ့တွင် ကိုယ်တိုင်လာရောက်ပူဇော်ကန်တော့နိုင်မည်ဖြစ်၍ ပီတိဝမ်းမြောက်ပါကြောင်း သောင်းသောင်းမှ ပြောကြားပါသည်။ သောင်းသောင်းသည် သေလူအဖြစ်မှ ယခုကဲ့သို့ အကောင်းပကတိဘဝသို့ ပြန်လည်ရောက်ရှိရခြင်းမှာ မြတ်စွာဘုရားရှင်တို့ ဟောကြားတော်မူခဲ့သော ပရိတ်တရားတော်များ၏ ဂုဏ်ကျေးဇူးကြောင့်ပင်ဖြစ်ပါသည်။

မယ်တော်ကြီး၏ပရိတ်ကြိုးများနှင့် ပတ်သက်၍ နောက်ထပ်ထူးထူးခြားခြား ကြုံတွေ့ရသူနှစ်ဦးမှာ မန္တလေးမြို့ (၆၂× ၆၃)လမ်းကြား (၃၇) လမ်း (B) တိုက်တန်း အခန်း (၁) နေ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း (ငြိမ်း)၊ ဇနီး ဒေါ်ငြိမ်းငြိမ်းတို့၏ သားများဖြစ်သော ဗိုလ်ကြီးနောင်နောင် (တပ်မတော်ဆေး-ယခုမန္တလေးနန်းတွင်းတပ်ရင်း) နှင့် မောင်ထွန်းထွန်းကျော် (ယခု စူးထက်ဆောက်လုပ်ရေး မန္တလေးမြို့) ညီအစ်ကိုတို့ ဖြစ်ပါသည်။ ဗိုလ်မှူးကြီးသန်းထွန်းသည် တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် မန္တလေးမြို့ မျက်ပါးရပ် စစ်ကြောရေးနှင့်တည်းခိုရေးတပ်သို့ ပထမဦးဆုံးအကြိမ် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ပြီးချိန်မှ ဤယနေ့တိုင် ရုပ်ရှင်တော်မြတ်ကို နှစ်စဉ်အကြိမ်ပေါင်းများစွာ ပင့်ဆောင်ပူဇော်ခဲ့ကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူတို့မိသားစုနှင့် ဆွေမျိုးရင်းချာသဖွယ် ခင်မင်ရင်းနှီးလျက်ရှိကြပါသည်။

ဗိုလ်မှူးကြီးသန်းထွန်းမိသားစုတို့ ရုပ်ရှင်တော်မြတ်ကို စတင် ပင့်ဆောင်ပူဇော်စဉ်က ဗိုလ်ကြီးနောင်နောင်နှင့် ထွန်းထွန်းကျော်တို့မှာ အထက်တန်း၊ အလယ်တန်းကျောင်းသားကလေးများသာရှိကြပါသေးသည်။ မောင်ထွန်းထွန်းကျော်သည် ရုပ်ဆင်းနနယ်လှသည်နှင့် အညီ ချူချာလှပါသည်။ မယ်တော်ကြီး၏ပရိတ်ကြိုးနှင့် လုံးဝကင်းကွာ၍မရပါ။ ပရိတ်ကြိုးမရှိတော့လျှင် ကျန်းမာရေးတစ်ခုခုဖြစ်ခြင်း၊ ထိခိုက်ရှနာဖြစ်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ခြင်းတို့ကြောင့် ပရိတ်ကြိုးကို အမြဲမပြတ်ဆောင်ယူထားရှိရပါသည်။ ထို့ကြောင့် ရွှေကြုတ်တွင် ပရိတ်ကြိုးစကိုထည့်၍ ဆွဲထားရသည်အထိ ပရိတ်ကြိုးကို စွဲမြဲအောင်ဆောင်ထားရပါသည်။

ဗိုလ်ကြီးနောင်နောင်ဆိုလျှင်လည်း ကျောင်းသားဘဝမှ စစ်တက္ကသိုလ် ထိုမှ တာဝန်ကျရာ တပ်စခန်းများ အစရှိသဖြင့် ရောက်ရှိရာဌာနတိုင်းတွင် မယ်တော်ကြီး၏ပရိတ်ကြိုးကို မပြတ်တမ်းဆောင်ယူခဲ့သူဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်ကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ ထိုအချိန်တွင် ဗိုလ်ကြီးနောင်နောင်သည်လည်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှာပင် တာဝန်ထမ်းဆောင်လျက်ရှိ၍ မယ်တော်ကြီးတို့နှင့် တွေ့ဆုံရာ ဗိုလ်ကြီးနောင်နောင်မှ မယ်တော်ကြီးထံ အခြားသော အရာရှိစစ်သည်များနည်းတူ ပရိတ်ကြိုးကို တောင်းခံခဲ့ပါသည်။ ရှေ့တန်းစစ်မြေပြင်သို့လိုက်ပါရမည်ဆိုသဖြင့် မယ်တော်ကြီးမှ ပရိတ်ကြိုးစလွယ် ပြုလုပ်ပေးလိုက်ပါသည်။

ထို့နောက်တွင် ဗိုလ်ကြီးနောင်နောင်သည် ကရင်ပြည်နယ်စစ်ဆင်ရေးများတွင် လိုက်ပါသွားခဲ့ရပါသည်။ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားသော်လည်း ဗိုလ်ကြီးနောင်နောင်မှာ အန္တရာယ်အသွယ်သွယ်မှ ထူးထူးခြားခြား လွတ်မြောက်ခဲ့ရသဖြင့် ဗိုလ်ကြီးနောင်နောင်သည် ပရိတ်ကြိုးကိုပိုမိုယုံကြည်အားကိုးမိပါသည်။ ခွင့်ဖြင့် မိဘရပ်ထံသို့ ပြန်လည်ရောက်ရှိချိန်မှာပင် ပရိတ်ကြိုးကို ရေချိုးသောအခါမှာပင် မချွတ်ပါ။

ထို့ကြောင့် မိခင်ဒေါ်ငြိမ်းငြိမ်းမှ-

"သားရယ်၊ ရေချိုးတဲ့အချိန်လေးတော့ ပရိတ်ကြိုးကိုဖြုတ်ပါဦး"

ဟု ဆိုရာ -

"အမေကြီး၊ ဒီပရိတ်ကြိုးက သားရဲ့အသက်သခင်ဗျ။ သားက ကိုယ်တွေ့ကြုံမှသိတာ၊ ဒါကြောင့် ပရိတ်ကြိုးကို ဘယ်တော့မှမချွတ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ။ တစ်ကြိုးကုန်ရင် မယ်တော်ကြီးဆီ တစ်ခါထပ်တောင်းမှာ"

ဟုပြောပါသည်။

ထိုအကြောင်းအရာများမှာ အန်တီငြိမ်းမှပြောပြသဖြင့် စာရေးသူတို့ သိရှိရခြင်း ဖြစ်ပါသည်။

ထို့အပြင် တပ်မတော်ထိပ်တန်းအရာရှိကြီးတစ်ဦးမှာလည်း ပရိတ်ကြိုးကို ဆောင်ယူ၍ ရဟတ်ယာဉ်ဖြင့် သောင်းကျန်းသူနယ်မြေတွင် လှည့်လည်စဉ် သောင်းကျန်းသူများမှ ရဟတ်ယာဉ်ကို လက်နက်ကြီးဖြင့်ပစ်ခတ်ရာ လက်နက်ကြီးကျည်တို့ မပေါက်ကွဲဘဲရှိသည်ဟု သိရပါသည်။ ထို့ကြောင့် မယ်တော်ကြီးသည် ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေအိမ်ဌာနတိုင်းတွင် ရှိရှိသမျှယာဉ်ရထားအားလုံးအတွက် ပရိတ်ကြိုးများပေးအပ်လေ့ရှိပါသည်။

တစ်ခါကလည်း ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၄)လမ်းရှိ ဒေါ်ခင်စန်းဝင်း၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိစဉ်ကလည်း စင်ကာပူနိုင်ငံတွင် ကျောင်းတက်နေသော ကျောင်းသားလေးတစ်ဦးရောက်ရှိလာပြီး မယ်တော်ကြီးထံ ပရိတ်ကြိုးတောင်းခံပါသည်။ မယ်တော်ကြီးသည် ထိုကျောင်းသားလေးကို မသိရှိပါ။ သူများနည်းတူ ပရိတ်ကြိုးကိုတောင်းခံသည်ထင်မှတ်၍ ပရိတ်ကြိုးတစ်ချောင်းတည်းအနေ တန်ဖိုးသင့်ကြည့်လျှင်တော့ မပြောပလောက်သော ငွေကြေးမျှသာ ကုန်ကျသည်ဖြစ်သော်လည်း ပြုလုပ်ရသောအချိန်နှင့် ရွတ်ဖတ်သရဇ္ဈာယ်ရသော စရဏတို့၏တန်ဖိုးမှာ ကြီးမားလှပါသည်။

ယခင်က စင်္ကာပူကိုင်မြို့ ခေတ်ဆန်သူစားဥယျာဉ် မပေါင်းပေါင်းမှ ပရိတ်ကြိုးများကို တာဝန်ယူ၍ ကျစ်ပေးပါမည်ဟုဆိုခဲ့သော်လည်း ရေရှည်နှစ်ရှည် ပရိတ်ကြိုးကျစ်ရသောအခါ တကယ်တမ်းတွင် ကျစ်မပေးနိုင်တော့ပါ။ ထို့ကြောင့် အန်တီအေးနှင့် မယ်တော်ကြီးတို့သာလျှင် မအားလပ်သည့်ကြားမှ အချိန်လု၍ အားစိုက်ထုတ်ပြီး ပရိတ်ကြိုးများကို ဒိုင်ခံကျစ်နေရပါသည်။ ထို့ကြောင့် တကယ်ယုံကြည်ပြီး အမြဲတမ်း ဆောင်ထားနိုင်မှ တောင်းယူပါ။ ထိုသို့မဟုတ်ဘဲ ပရိတ်ကြိုးကိုတောင်းယူသွားပြီး တွေ့ကရာတွင် ပစ်ထားလျှင် အပြစ်သင့်ရောက်မည့်အပြင် တကယ်ဆောင်ယူလိုသူတို့ လာတောင်းချိန်၌ မရရှိခဲ့လျှင် တစ်ဖက်တွင် များစွာနစ်နာနိုင်ပါသည်ဟု မယ်တော်ကြီးမှပြောလျှင် ကျောင်းသားလူငယ်လည်း ပျာပျာသလဲဖြစ်သွားပြီး -

"မယ်တော်ကြီး၊ ကျွန်တော်လွန်ခဲ့တဲ့တစ်နှစ်ကလည်း မယ်တော်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ကြိုးကို တောင်းယူဖူးပါတယ်။ ကျွန်တော်တောက်လျှောက်ဆောင်ထားခဲ့တာ တကယ့်ကို အစစအရာရာအဆင်ပြေအောင်မြင်မှုတွေရရှိပြီး ဘေးအန္တရာယ်တွေကင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့တစ်လလောက်က ပရိတ်ကြိုးဟာ ဘယ်မှာပြေတ ပြုတ်ကျခဲ့သလဲမသိပါဘူး။ အဲဒီတတည်းက ကျွန်တော့်မှာ သိသိသာသာ အဆင်မပြေမှုတွေကြုံလာရလို့ မယ်တော်ကြီးရဲ့ပရိတ်ကြိုးကို ဘယ်မှာသွားတောင်းရပါ့မလဲလို့ အခက်တွေ့နေတာ။ အခု အန်တီတို့အိမ်မှာ ဘုရားကြွနေတယ်ဆိုလို့ ကျွန်တော်လာတောင်းတာပါ"

ဟုဆိုပါသည်။

အိမ်ရှင် ဒေါ်ခင်စန်းဝင်းမှာ အပျိုကြီးဖြစ်ပါသည်။ ဒေါ်ခင်စန်းဝင်းတွင် အတူနေ စန်းယုဝါခေါ် ဘုတ်ဘုတ်ဟုသော တူမလေးတစ်ဦးလည်းရှိပြီး ၎င်းသည်လည်း စင်ကာပူနိုင်ငံတွင် ကျောင်းတက်နေသူဖြစ်ပါသည်။ စန်းယုဝါသည် ရုပ်ရှင်တော်မြတ် ဒေါ်ခင်စန်းဝင်း၏နေအိမ်၌ ပင့်ဆောင်ပူဇော်သောအချိန်တွင် စင်ကာပူမှ ခေတ္တပြန်လည်ရောက်ရှိနေပါသည်။ ၎င်းသည်လည်း မယ်တော်ကြီး၏ ပရိတ်ကြိုးကို ယခင်ကလည်း ဆင်မြန်းထားရှိပြီး ယခုလည်း ထပ်မံတောင်းခံဆောင်ယူထားပြီဖြစ်ပါသည်။

မယ်တော်ကြီးသည် ပရိက်ကြိုးအဟောင်းအသစ်လဲပေးသောအခါတိုင်းကြိုးအဟောင်းကိုဖြတ်ပေးပြီး နီးစပ်ရာဗောဓိပင်ခြေရင်းသို့ သွားရောက်ထားရှိရန်၊ သို့မဟုတ်ပါကလည်း သစ်ပင်အမြင့်တစ်နေရာတွင် ချည်နှောင်ထားရှိရန်၊ သို့မဟုတ်ပါကလည်း အိမ်တွင်း အခန်းတွင်း၌ထားရှိမည်ဆိုပါက မြင့်သောသန့်ရှင်းသောနေရာတွင်သာထားရှိရန် ညွှန်ကြားပေးပါသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ နည်းပြချုပ် ကိုကျော်သန်းဦးဆိုလျှင် နှစ်စဉ် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်သည့်အခါတိုင်း မယ်တော်ကြီးထံမှ ပရိတ်ကြိုးကို တောင်းခံလေ့ရှိပြီး ပရိတ်ကြိုးအဟောင်းကိုလည်း မဖြုတ်ဘဲထပ်၍ဝတ်ဆင်ပါသည်။ ထို့ပြင် ၎င်း၏ တပည့်များအားလုံးကိုလည်း ပရိတ်ကြိုးများကိုဆောင်ယူစေပါသည်။

"အရင်ကဆို ကျွန်တော်တို့အဖွဲ့ဟာ အရှုံးပွဲတွေနဲ့သာရင်ဆိုင်နေခဲ့ရလို့ မျက်နှာပန်းမလှဖြစ်နေခဲ့ရတာ။ မယ်တော်ကြီးရဲ့ပရိတ်ကြိုးတွေဆောင်ပြီးတဲ့နှစ်ကစပြီး ဒီကနေ့တိုင်အောင် အောင်မြင်မှုတွေ ဆက်တိုက်ရရှိခဲ့ပါတယ်။ လေ့ကျင့်ချိန်တွေ၊ ပြိုင်ပွဲတွေမှာလည်း ကြီးကြီးမားမားထိခိုက်ဒဏ်ရာရတာတွေ မရှိတော့ဘူး"

ဟု ပြောပါသည်။

ထို့ပြင် အနုပညာရှင်များလည်း မယ်တော်ကြီး၏ပရိတ်ကြိုးကိုဆောင်ယူကြပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က လက်သစ်တေးသံရှင် ရှင်မင်း စာရေးသူတို့နေအိမ်သို့ ရောက်ရှိလာပါသည်။ မယ်တော်ကြီး၏ပရိတ်ကြိုးများကို တွေ့မြင်သွားသောအခါ ဤပရိတ်ကြိုးကို တေးသံရှင် ဩရသ ဝတ်ဆင်ထားသည်ကို သတိပြုမိကြောင်း၊ တေးသံရှင် ဩရသသည် ဤပရိတ်ကြိုးကို တရိုတသေသိမ်းဆည်းထားပြီး စတိတ်ခုံပေါ်သို့ တက်သည့်အခါမှထုတ်၍ဝတ်ဆင်ကြောင်းတို့ကိုပြောပြပြီး ရှင်မင်းသည်လည်း မယ်တော်ကြီး၏ပရိတ်ကြိုးကိုရယူလိုကြောင်း ပြောကာ တောင်းခံသွားခဲ့ပါသည်။ မယ်တော်ကြီး၏ ပရိတ်ကြိုးကို ဆင်မြန်းပြီးနောက် ရှင်မင်းတွင်လည်း အစစအရာရာ အဆင်ပြေ အောင်မြင်မှုများရရှိခဲ့သည်ဟု သိရပါသည်။

ထိုအချိန်က ရှင်မင်း၏ ဖခင်မှာ တပ်မတော်အရာရှိကြီးတစ်ဦးဖြစ်ပြီး မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်နေရချိန်ဖြစ်၍ ရှင်မင်းသည်လည်း မန္တလေးမြို့တွင်နေထိုင်လျက် ကျောင်းတက်နေဆဲဖြစ်သောကြောင့် ၎င်း၏ဆရာမများနှင့်အတူ စဉ့်ကိုင်မြို့ အောင်မြေသို့ မကြာကြာရောက်ရှိလာတတ်ပါသည်။ တစ်နှစ်ကျော်ခန့်အကြာတွင် ၎င်း၏ဖခင်သည် ရာထူးတိုးမြှင့်၍ နေပြည်တော်သို့ ပြောင်းရွှေ့သွားခဲ့ပါသည်။ ၂၀၁၄ ခုနှစ်ဦးပိုင်းတွင် ရှင်မင်း၏ ဆရာမများ အောင်မြေသို့ ရောက်ရှိလာခဲ့ပါသေးသည်။ ရှင်မင်းသည် အစစအရာရာ တိုးတက် အောင်မြင်မှုများရရှိလျက်ရှိသကဲ့သို့ ၎င်း၏မိဘများလည်း ရာထူးများတိုးတက်လျက်၊ အဆင်ပြေတိုးတက်အောင်မြင်လျက်ရှိကြောင်းနှင့် ရှင်မင်းသည် မယ်တော်ကြီး၏ ပရိတ်ကြိုးကို စွဲစွဲမြဲမြဲဆောင်ယူထားမြဲဖြစ်ကြောင်းတို့ကို ပြောပြကြပါသည်။

ထို့အတူ နိုင်ငံကျော် ရုပ်ရှင်နှင့်ဗွီဒီယိုသရုပ်ဆောင်၊ တေးသံရှင်တစ်ဦးဖြစ်သော ဒေါ်ချိုပြုံးသည် သူရဇ္ဇမဂ္ဂဇင်းစာဖတ်ပရိသတ်တစ်ဦးဖြစ်ရာ စာရေးသူ၏ဆောင်းပါးများကို တွေ့ရှိဖတ်ရှုမိရာမှ ရုပ်ရှင်တော်မြတ်ကို အထူးပင်ကြည်ညိုသွားခဲ့ပြီး စဉ့်ကိုင်မြို့အောင်မြေသို့ လာရောက်ခဲ့သူ ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် နွေရာသီ ရန်ကုန်ခရီးစဉ်ကာလဖြစ်နေပါ၍ စာရေးသူနှင့်သာ တွေ့ဆုံရပါသည်။ ဒေါ်ချိုပြုံးသည် အပြင်တွင် အတော်ပင်နုလျက်ရှိပြီး စာရေးသူနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဖူးခြင်းသာဖြစ်သော်လည်း စာရေးသူ၏စာများမှ တစ်ဆင့် ရင်းနှီးလျက်ရှိသည်ဖြစ်သောကြောင့် စာရေးသူကို ဆရာဘိုဘိုဟုခေါ်ဆိုကာ တရင်းတနှီးပင်ဆက်ဆံပါသည်။

အန်တီချိုသည် သီချင်းဆိုရာတွင်သာ အသံကောင်းသည် မဟုတ်ပါ။ စကားပြောရာမှပင် အသံချိုလှပြီး မျက်နှာမှာလည်း အစဉ်ပြုံးလျက်ရှိသောကြောင့် အမည်နှင့်လိုက်ဖက်လှပါသည်။ စာရေးသူမှ မယ်တော်ကြီး၏ဖုန်းနံပါတ်ကို ပေးလိုက်ပါသည်။

ရန်ကုန်ရောက်သော် အန်တီချိုသည် မယ်တော်ကြီးထံဖုန်းဆက်ပြီး ရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ပါသည်။ မယ်တော်ကြီးမှ ပရိတ်ကြိုးလေးပေးအပ်ပါသည်။ အန်တီချိုမှလည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ရန် ရက်ချိန်းတောင်းခံခဲ့ရာ (၃)လခန့်အကြာတွင် အန်တီချို၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ပါသည်။

ယနေ့အချိန်တွင် ရုပ်ရှင်တော်မြတ်သည် မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်မြို့ရွာအနှံ့အပြားမျှသာမကတော့ဘဲ ကမ္ဘာ့နိုင်ငံအချို့မှပင် ပင့်ဆောင် ပူဇော်လျက်ရှိရာ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေရာဌာနတိုင်းတွင် မယ်တော်ကြီး၏ပရိတ်ကြိုးတို့ ပျံ့နှံ့လျက်ရှိနေပြီဖြစ်ပါသည်။ ပျံ့နှံ့ရာနေရာဌာနများတွင်လည်း ပရိတ်ကြိုး၏ထူးခြားသောအစွမ်းသတ္တိတို့ကို တွေ့ကြုံရသူတို့မှာလည်း အဆက်မပြတ်ပေါ်ထွက်ရှိနေပါသည်။

ထို့ကြောင့် ပရိတ်တော်၏တန်ခိုးတော်တို့ကို သိရှိလာသူတို့ တိုးပွားလာနေပါ၍ စာရေးသူတို့မှာ ဝမ်းသာပီတိဖြစ်ကြရပါ၏။ ထိုအကြောင်းကို ၂၀၁၄ ရန်ကုန်ခရီးစဉ်၌ ဗဟန်းမြို့နယ် ရွှေနှင်းဆီကျောင်းလမ်းရှိ ရွှေသံသာဂေယာမသင့်သင့်သူတို့၏ နေအိမ်တွင် ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူစဉ် နိုင်ငံတော်ဗဟိုသံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ



www.burmeseclassic.com

www.burmeseclassic.com

ဗန်းမော်ဆရာတော်ကြီး ဒေါက်တာ အရှင်ကုမာရအား ရွှေကံကူသာသနာပြု မယ်တော်ကြီးမှ လျှောက်ထားတော်မူရာ -

"လူတွေကို ရတနာသုံးပါး အားကိုးလာအောင်၊ ယုံကြည်လာအောင်၊ အားထားလာအောင် ပြုလုပ်ခြင်းဟာ သာသနာပြုခြင်းတစ်ရပ်ပါပဲ။ ဒါကြောင့် သာဓုခေါ်ပါတယ်။ ကျန်းမာပါစေ၊ ချမ်းသာပါစေဗျာ"

ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ထိုအကြောင်းအရာကိုပင် မယ်တော်ကြီးမှ မန္တလေးမြို့ တောင်စလင်းတိုက်သစ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသသာသနာပြု နာရေးကာအသင်းများကိုစတင်ဖွဲ့စည်းတည်ထောင်ခဲ့သော ဝါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခအား ထပ်မံလျှောက်ထားသောအခါတွင်လည်း ဝါခင်းကုန်းဆရာတော်ကြီးမှ -

"ရွှေကံကူဘုရား ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းနဲ့ ရွှေကံကူသာသနာပြုမယ်တော်ကြီး ပေါ်ပေါက်လာခြင်းဟာ ဗုဒ္ဓသာသနာတော်အတွက် လည်းကောင်း၊ ခုနစ်ရက်သားသမီးများအတွက်လည်းကောင်း အလွန်ပင်အကျိုးကြီးမားလှပါတယ်။ မယ်တော်ကြီး အသက်ရာကျော်ရှည်ပြီး သာသနာအကျိုး သည့်ထက်မက ဆောင်ရွက်နိုင်ပါစေ"

ဟု မိန့်ကြားတော်မူခဲ့ပြန်ပါသည်။

ယနေ့အချိန်တွင် ပရိတ်ကြီးတောင်းခံကြသူတို့ ပေါများလျက်ရှိနေ၍ ကိုမင်းအောင်၊ မနန်းဆိုင်ဖောင်းတို့လှူဒါန်းသော အပ်ချည်လုံးများဖြင့် မလုံလောက်တော့သော်လည်း ရောက်လေရာအရပ်တိုင်းတွင် အိမ်ရှင်များမှ အပ်ချည်လုံးများကို ဒါနပြုကုသိုလ်ယူလျက်ရှိကြသောကြောင့် ပရိတ်ကြီးအတွက် အပ်ချည်ပြတ်လပ်မှုမရှိပါ။ ထို့ကြောင့် အန်တီအေးနှင့် မယ်တော်ကြီးတို့သည် ပရိတ်ကြီးများကို မနားတမ်းပြုလုပ်၍ နေရပါသည်။

မယ်တော်ကြီးနှင့် အန်တီအေးတို့သည်လည်း နှစ်ပတ်လည်ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ရာဌာနများသို့ မနားတမ်း လိုက်ပါနေရသည်မှာလည်း ပင်ပန်းလှသကဲ့သို့ တာဝန်လည်းကြီးမားလှပါသည်။ ထို့အတူ အောင်မြေတွင် ချန်နေရစ်ခဲ့သော စာရေးသူတွင်လည်း ကျောင်းတော်ကြီး၏ အတွင်း၊ အပြင်နှင့်ဘုရားခန်းသန့်ရှင်းရေးတို့ စီမံဆောင်ရွက်ရခြင်း၊ ရုပ်ရှင်တော်မြတ်ရှိသည်နှင့်မခြား ပန်းပွဲ၊ သစ်သီးတို့ပြင်ဆင်လှူဒါန်းရခြင်း၊ ဆေးသိဒ္ဓိသစ္စာရေလာရောက်တောင်းခံပါက ပေးဝေရခြင်း၊ နေ့စဉ် ပရိတ်ကြီး(၁၁)သုတ်၊ ပဋ္ဌာန်း၊ မဟာသမယသုတ်တို့ကို ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဒုတိယအကြိမ်မြောက် ပိဋကတ်သုံးပုံ (အုတ် ၄၀) အဓိဋ္ဌာန်မပျက်ပူဇော်ရခြင်း၊ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရခြင်း၊ ပုံမှန်ပွားများခဲ့သော ပုတီးစိပ်ဝတ်တို့ကိုလည်း မပျက်ကွက်အောင် ဆောင်ရွက်ရခြင်းတို့အပြင် ဒေသစာရီခရီးစဉ်တစ်လျှောက်၌ ဖြစ်ပေါ်လျက်ရှိသော ရုပ်ရှင်တော်မြတ်၏ ထူးခြားမှုတို့ကို မှတ်တမ်းတင် ရေးသားလျက်ရှိနေရပြီး ဝါသနာအလျောက် မဂ္ဂဇင်းဝတ္ထုတို/ရှည်လေးများရေးသားခြင်းနှင့် အခါအားလျော်စွာ ရွှေကံကူဆောင်းပါးပေါင်းချုပ်စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ်စာအုပ်၊ ရွှေကံကူမယ်တော်ကြီး၏ ကျင့်စဉ်တော်စာအုပ်များကိုပါ စီစဉ်နေရပြီး ရွှေကံကူထူးခြားမှုမှတ်တမ်း VCD ခွေတို့ကိုပါ စီစဉ်နေရခြင်းဖြစ်ပါ၍ မအားလပ်နိုင်အောင်ရှိပါသည်။

ထို့ကြောင့် သာဝကများမှ ရုပ်ရှင်တော်မြတ်နှင့်ပတ်သက်၍ ထူးခြားမှုများကိုဖြစ်စေ၊ ပရိတ်ကြီးနှင့် ပတ်သက်၍ ထူးခြားမှုများကိုဖြစ်စေ စာရေးသူအားလာရောက် ပြောကြားကြလျှင် စာဖြင့်ရေးပေးကြပါဟု ပြောကြားရပါသည်။ သို့သော် အများစုမှာ မိမိတို့က စာချောအောင်မရေးတတ်ပါ၊ ဆရာဘာသာရေးပါဟုဆိုကြ၍ အကြောင်းအရာဖြစ်စဉ်မတူသူများကိုသာ ရွေးနုတ်တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ပရိတ်ကြီးဖြင့် ဘေးအန္တရာယ်လွတ်မြောက်ခဲ့သူအများအပြားကို ဖော်ပြနိုင်ခြင်းမရှိဘဲ ချန်ထားရစ်ခဲ့ရပါသည်။

စာရေးသူ၏ ဖိတ်ခေါ်တိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ရေးသားပေးပို့ခဲ့သူအချို့၏ စာများကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

**ဆရာဘိုဘိုပေးသော အန္တရာယ်ကင်းလက်ပတ်ကြိုး**

၂၀၀၉-၂၀၁၀ ခုနှစ်။

ကျွန်တော့်အမည် ကိုဦးပါ။ ၁၉၈၇ ခုနှစ် မန္တလေးတက္ကသိုလ် (ပထဝီဘာသာ)နဲ့ ဘွဲ့ရရှိခဲ့ပါသည်။ မန္တလေးမြို့ (၃၄)လမ်း (၈၃×၈၄)လမ်းကြား ယုပုံနှိပ်တိုက်လုပ်ငန်းတွင် အလုပ်လုပ်ပါသည်။ ကျွန်တော်တို့ လုပ်ငန်းနားရက်သည် လပြည့်၊ လကွယ်ရက်များဖြစ်သည်။ ဆရာဘိုဘိုသည် ကျွန်တော့်တို့ဆိုင်နှင့်ရင်းနှီးကာ စာမူများကိုစာလာစီပါသည်။ စာမူများပြီးလျှင် ကျွန်တော်တို့ကိုစဉ့်ကိုင်မြို့သို့ဘုရားဖူးခေါ်ပါသည်။ ၂၀၁၁ခုနှစ်၊ မတ်လတွင် ကျွန်တော်တို့ အလုပ်နားရက်(လပြည့်နေ့)တွင် စဉ့်ကိုင်မြို့ ရန်အောင်မြင်ရပ်ကွက် 'ရွှေကံကူလေပျံသစ်တော်ဘုရား'သို့ ဘုရားဖူးသွားကြသည်။ ဘုရားဝတ်ချပြီး ဘုရားဝင်းအတွင်း လိုအပ်သောသန့်ရှင်းရေးများလုပ်ကြသည်။ ပြီးလျှင် ဆရာဘိုဘိုနှင့် စကားပြော၊ လက်ဖက်ရည်သောက်ကြသည်။ ဆရာဘိုဘိုသည် ကျွန်တော်တို့ဆိုင်သို့ တစ်လတစ်ခါ အရေးကြီးလျှင် တစ်ပတ်တစ်ခါ စာမူလာစီသည်။ စာစီပြီး ဆိုင်ကယ်နှင့် စဉ့်ကိုင်ပြန်သွားလျှင် ကျွန်တော့်စိတ်ထဲ အလိုလိုလွမ်းသည်။ ဆရာဘိုဘိုသည် ရုပ်ရည်တည်ကြည်သည်။ စိတ်ထားမွန်မြတ်သည်။ ဆရာဘိုဘိုနှင့်စကားပြောရသောနေ့များတွင် ကျွန်တော် အရမ်းပျော်သည်။ စိတ်ထဲမှာကြည်လင်သည်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသည်။ ဆရာဘိုဘိုဆီရောက်လျှင် ဘုရားဖူးချေ့သည်များသည် သိဒ္ဓိရေမန်းနှင့် အန္တရာယ်ကင်းလက်ပတ်ကြိုးတောင်းခံကြသည်။ ကျွန်တော်လည်း ဆရာဘိုဘိုထံမှ သိဒ္ဓိရေမန်းနှင့် အန္တရာယ်ကင်းလက်ပတ်ကြိုးကိုတောင်းခဲ့သည်။ သိဒ္ဓိရေမန်းသည် ရောဂါများပျောက်ကင်းသည်။ အန္တရာယ်ကင်း လက်ပတ်ကြိုးသည် ဆရာဘိုဘိုထံမှ သရဏဂုံခွတ်ပြီး ညာဘက်လက်တွင် အမြဲဝတ်ထားပါသည်။

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် ကျွန်တော်တို့အလုပ်သည် အဆက်မပြတ်လုပ်ရသည်။ ကျွန်တော်သည် ဆိုင်တွင် စက္ကူဝယ်ငွေခံထွက်ရသည်။ ငွေခံသွားလျှင် ဆိုင်မှ စူပါကတ်ဆိုင်ကယ်နှင့်သွားရသည်။

၂၀၁၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ မွန်းလွဲ (၂) နာရီ ကျွန်တော်နှင့်ဆိုင်မှ ဝန်ထမ်း ဖိုးအောင်အတူတူ (၇၇)×(၇၈)လမ်း (၃၃)×(၃၄)လမ်းအကြား ဒိုင်းမွန်းပလာဇာဘက်သို့ ငွေခံထွက်ခဲ့သည်။ ကျွန်တော်တို့နှစ်ယောက် ငွေခံပြီး (၇၈)လမ်းအတိုင်း မြောက်မှ တောင်သို့ ပြန်လာကြသည်။ (၃၅) လမ်း မီးပွိုင့်ရောက်၍ မီးနီနေသဖြင့် ဆိုင်ကယ်ကိုရပ်စက်

www.burmeseclassic.com

မေးထားလိုက်သည်။ မီးစိမ်းတော့ ကျွန်တော်လည်း ဆိုင်ကယ်ထွက်လိုက်သည်။ မီးပွိုင့်အရှေ့မှ အနောက်သို့ မီးဝါ၊ မီးနီအရှိန်ပြင်းစွာဖြတ်လာသော ဆလွန်းကားသည် ကျွန်တော်တို့ဆိုင်ကယ်ကိုဝင်တိုက်ပါတော့သည်။ ကျွန်တော်သည် ကားလမ်းမပေါ်သို့ရောက်သွားသည်။ ကျွန်တော့်နောက်က ဖိုးအောင်သည် ခုန်ချလိုက်၍ ကားနှင့်လွတ်သွားသည်။ ဆိုင်ကယ်သည် ကားအောက်သို့ရောက်သွားသည်။ နောက်မှလိုက်လာသော ဆိုင်ကယ်၊ ကားများပေါ်မှ -

"ဟိုကလေး နှစ်ယောက်တော့ သေပြီ"

ဆိုပြီး အသံများ ကျွန်တော်ကြားလိုက်ရသည်။ ကားလည်း ကျွန်တော်တို့ဆိုင်ကယ်ကိုတိုက်ပြီးစက်ရပ်သွားသည်။ ကျွန်တော်လည်း ကားလမ်းမပေါ်မှ ကျောက်လမ်းမသို့ ပြုတ်ကျသွားသည်။ ချက်ချင်း သတိဝင်ပြီး ဆရာဘိုဘိုပေးထားသော အန္တရာယ်ကင်းလက်ပတ်ကြိုးလေးကို ဘယ်ဘက်လက်နှင့်ပွတ်ပြီး ဘုရားစာများရွတ်လိုက်သည်။ မတ်တတ်ရပ်ကြည့်သည်၊ ရပ်၍မရတော့ ဘေးမှလူများဝိုင်းထူကြသည်။ ညာဘက်ခြေထောက်ထောက်၍မရ။

"တစ်ခုခုဖြစ်ပြီလို့ကျိုးသွားပြီထင်တယ်"

လို့ ဘေးမှဖိုးအောင်ကပြေးလာပြီး ပြောသည်။ ကျွန်တော်လည်း ဆိုင်ရှင်ဦးဇော်ဆီဖုန်းဆက်ခိုင်း၏။ မီးပွိုင့်မှ မော်တော်ပီကယ်လည်းဝိုင်းထူပြီး ဘေးက လက်ဖက်ရည်ဆိုင်သို့ ခဏတွဲပြီးနားခိုင်းပါသည်။ခဏအကြာ ဆိုင်ရှင်ဦးဇော်နှင့် ကိုအောင်ကိုကိုတို့ ရောက်လာပြီး ကားဆရာနှင့် အကျိုးအကြောင်းပြောပြီး ဆေးရုံကြီးသို့ သွားပြကြသည်။ ဆေးရုံကြီးသို့ရောက်ပြီး OPT မှ တစ်ဆင့် ဓာတ်မှန်ခန်းသို့ ရောက်သွားသည်။ ကျွန်တော့်စိတ်ထဲမှာတော့ ဘုရားစာများရွတ်ပြီး ဆရာဘိုဘိုပေးသော အန္တရာယ်ကင်းကြိုးလေးကိုပွတ်ပြီး 'တပည့်တော် နဂိုအတိုင်းဖြစ်ပါရစေ၊ မကျိုးပါရစေနှင့်' ဟု ဆုတောင်းနေရသည်။ ဓာတ်မှန်ခန်းမှထွက်ပြီးမကြာပါ။ အဖြေထွက်လာသည်။ ညာဘက်ခြေထောက်မကျိုး။ ကျောက်လမ်းမနှင့်ရိုက်မိပြီး အရိုးနည်းနည်းဒဏ်ဖြစ်သွားခြင်း ဖြစ်သည်။ ကျွန်တော်စိတ်ထဲ အတိုင်းမသိ ပျော်ရွှင်မိသည်။ အမေ့ကိုလည်း စိတ်ထဲက ကန်တော့လိုက်သည်။ အမေမွေးတဲ့အတိုင်း သားအန္တရာယ်ကင်းသည်။ ဆေးရုံမှပြန်လာပြီး မြန်မာဆေးနှင့်နှစ်ပတ်လောက် ဆေးပတ်တီးစည်းလိုက်သည်။ လုံးဝသက်သာပြီးအကောင်းအတိုင်းဖြစ်သွားသည်။ (၂၀၁၁ ခုနှစ် သင်္ကြန် အိမ်မှာ ပတ်တီးလေးနှင့် အနားယူရသည်။)

ကျွန်တော်တို့ဗုဒ္ဓဘာသာ 'ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ'ဦးထိပ်ထားလျှင် လူအများသေပြီလို့ ယူဆတာတောင် 'ဆရာဘိုဘိုပေးသောအန္တရာယ်ကင်းလက်ပတ်ကြိုး'လေးကို အမြဲယုံကြည်စွာ အားကိုးစွာ ၂၀၁၄ ခုနှစ် ယနေ့မှ နောင်နှစ်ပေါင်းများစွာထိ ပတ်ထားဦးမှာပါ။

ဆရာဘိုဘိုစာဖတ်ပရိသတ်ကြီးကို ရိုသေလေးစားစွာ ကိုယ်တွေ့တင်ပြလိုက်ပါသည်။

ဆရာဘိုဘို (လေးစားလျက်)
ကိုဦး (ယုပုံနှိပ်တိုက်)
(၈၄) လမ်း
(၃၁)×(၃၂)လမ်းကြား
မန္တလေးမြို့။
၀၉-၂၅၉၇၇၂၅၉၉

❑

ကျွန်မ မခင်ဖြူမာနှင့် ကျွန်မ၏ဖခင် ဦးစိန်သန်းတို့သည် နေ့စဉ် ရုံးဖွင့်ရက်များ၌ မန္တလေးမြို့ပေါ်ရှိ တရားရုံးများသို့ အမှုများစစ်ဆေးရန်သွားလေ့ရှိပါသည်။ ကျွန်မမှာ လိုစဉ်က အထက်တန်းရှေ့နေတစ်ဦးဖြစ်ပြီး ဖခင်ဖြစ်သူမှာ တရားလွှတ်တော်ရှေ့နေကြီးတစ်ဦးဖြစ်ပါသည်။ လွန်ခဲ့သော (၂) နှစ် ဖေဖော်ဝါရီလကုန်ပိုင်းလောက်ဖြစ်မည်ဟု ထင်ပါသည်။ ကျွန်မတို့နေထိုင်ရာ ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်မှ နံနက် (၉း၃၀) ခန့်တွင် ပုံမှန်ထွက်လာနေကျအတိုင်း ဆိုင်ကယ်ဖြင့် သားအဖ(၂)ဦး ဖေဖေက ရှေ့မှမောင်းနှင်၍ အိမ်မှထွက်လာခဲ့ပါသည်။ ရန်ကုန်-မန္တလေးလမ်းမကြီးမှတစ်ဆင့် သိပ္ပံလမ်းသို့မောင်းနှင်ခဲ့ပြီး သိပ္ပံလမ်းမှ (၆၉)လမ်းအတိုင်း ချိုးဝင်ခဲ့ပါသည်။ ထိုနေ့က မန္တလေးခရိုင်ရုံးနှင့် ချမ်းအေးသာစံမြို့နယ်တရားရုံး၊ ချမ်းမြသာစည်မြို့နယ်တရားရုံးများ၌ အမှုများစစ်ဆေးရန်ဖြစ်ပါသည်။ ထိုသို့ဆိုင်ကယ်မောင်းနှင်လာစဉ် (၆၉) လမ်းပေါ် စည်ပင်ဝန်ထမ်းအိမ်ရာများအနီး၌ မြောက်မှတောင်သို့ တရုတ် Loji ဆိုင်ကယ်ပန်းရောင် (၁)စီးဖြင့် ရှေ့တွင်အမျိုးသား(၁)ဦးမောင်းနှင်၍ နောက်၌ အမျိုးသမီး(၁)ဦးပါသော ဆိုင်ကယ်မှာ အရှိန်ပြင်းစွာကျွန်မတို့မောင်းနှင်လာသော ဆိုင်ကယ်အား မျက်နှာချင်းဆိုင်ဝင်တိုက်ပါတော့သည်။

ကျွန်မ၏ဖခင်မှာ အသက် (၆၀) ကျော်ခန့်ရှိပြီဖြစ်ပါသည်။ ဖခင်အတွက် ကျွန်မမှာ စိတ်ပူသွားမိပါသည်။ ကျွန်မတို့ဆိုင်ကယ်မှာ လဲကျသွားပြီး ဖခင်မှာလည်း ဆိုင်ကယ်နားတွင် လဲကျနေပါသည်။ကျွန်မမှာလည်း ဘယ်လိုပြုတ်ကျမှန်းမသိ ပြုတ်ကျသွားပြီး ကျွန်မလက်ထဲမှ အတာချီကေ့(စ်)အိတ်မှာလည်း လွင့်ထွက်သွားပါသည်။ ကျွန်မမှာအိတ်ကိုသတိမရအားဘဲ အဖေ့ဆီအပြေးသွားရင်း အဖေ့ကိုခေါ်နေမိပါသည်။ ဘေးပတ်ဝန်းကျင်ရှိလူများရောက်ရှိလာပြီး အဖေ့ကိုတွဲ၍ အနီးရှိ ပန်းဆိုင်နားမှ ခုံဖြင့် ထိုင်ခိုင်းထားပါသည်။ ထို့နောက် ကျွန်မလည်း မျက်နှာချင်းဆိုင်ရှိ စတိုးဆိုင်မှ ဖုန်းဖြင့်အိမ်သို့ဆက်ပါသည်။ ပြီးလျှင် ဖခင်၏တပည့် ဦးအောင်ဇော်ထွေး (အထက်တန်းရှေ့နေ)ဆီလည်းဖုန်းဆက်၍ အကြောင်းကြားပါသည်။ တစ်ဖက်မှဆိုင်ကယ်သမားက ဘာမှမဖြစ်သလို သူ့နောက်မှ မိန်းကလေးလည်း ဘာမှမဖြစ်ပါ။ ၎င်းတို့ဆိုင်ကယ်လော့ဂျားမှာ ကာတာများကျိုးပဲ့သွားတာတော့ တွေ့မြင်ရပါသည်။ ကျွန်မတို့ ဆိုင်ကယ်မှာလည်း ရှေ့ဘီးခွေကောက်၍ ဖက်လန်သွားပါသည်။တစ်ဖက်ဆိုင်ကယ်သမားမှာ ဖခင်အားရှိခိုး၍တောင်းပန်ပါသည်။

ကျွန်မတို့မှာ ဥပဒေသမားများဖြစ်၍ ဆိုင်ကယ်အက်စီးဒင့်ဖြစ်လျှင် မလွဲမသွေ တချို့မှာ အမှုရင်ဆိုင်ရလေ့ရှိမှန်းသိပါသည်။ ယခုမူ (၂)ဖက်စလုံး ဘာမှမဖြစ်သည့်ပြင် ၎င်းတို့ဘက်မှလည်း တောင်းပန်သောကြောင့် စိတ်အေးချမ်းခဲ့ရပါသည်။ ၎င်းမှာ တာမိုးညဲမှအလုပ်သမားတစ်ဦးဖြစ်ပြီး လိုင်စင်လည်းမရှိကြောင်း၊ ယခုထမင်းပို့သွားခိုင်း၍သွားရကြောင်း ပြောပါသည်။ ထို့နောက် ၎င်းတို့ဘက်မှ လူရောက်ရှိလာပြီး ၎င်းကလည်း တောင်းပန်ပါသည်။ ကျွန်မ၏ဖခင်မှာလည်း ၎င်းတို့အား ခွင့်လွှတ်၍ပြန်သွားကြပါသည်။ ထိုနေ့က ကျွန်မတို့ရုံးချိန်းများကို ခွင့်တင်ခဲ့ကြရပါသည်။ ကျွန်မတို့ဆိုင်ကယ်အား အိမ်မှကားဖြင့်တင်၍ပြန်ခဲ့ကြပါသည်။ အိတ်မှာလွဲ၍ ကိုင်မရတော့ပါ။ အိမ်ရောက်၍ ဒဏ်ရာများကိုပြန်ကြည့်သောအခါ ဖခင်မှာ



www.burmeseclassic.com

www.burmeseclassic.com

အညိုအမည်းဒဏ်ရာ အနည်းငယ်နှင့် နာကျင်မှုများမှလွဲ၍ ပေါက်ပြဲသွေးထွက်ခြင်းမျိုးပင်မရှိခဲ့ပါ။ ကျွန်မမှာလည်း ဒူးခေါင်းအနည်းငယ်ညိုမည်းရုံမျှနှင့် ခန္ဓာကိုယ်နာကျင်ရုံမှလွဲ၍မရှိခဲ့ပါ။ ကျွန်မတို့မှာ ကိုယ့်ကိုယ်ကိုယ်အံ့သြရပါသည်။ အရှိန်ပြင်းပြင်း မျက်နှာချင်းဆိုင်ဝင်တိုက်လျှင် အနည်းဆုံး ပေါက်ပြဲတာလောက်တော့ ဖြစ်နိုင်ပါသည်။ သို့သော် ကျွန်မတို့ တစ်အိမ်သားလုံး ကိုးကွယ်ယုံကြည်သည့် ရွှေကံကူဘုရားကြီး၏ပရိတ်ကြိုးကို တစ်မိသားစုလုံး၏ လက်ကောက်ဝတ်တွင် ကျွန်မတို့ အမြဲတစေပတ်ထားသောကြောင့်ဟု ယုံကြည်မိပါသည်။ ယနေ့တိုင်လည်း ပရိတ်ကြိုးကို အမြဲတစေပတ်ထားလေ့ရှိပါသည်။

**ရွှေကံကူလေပုံ့သစ်တော်ရပ်ရှင်တော်မြတ်ကြီး၏ ပရိတ်ကြိုးလေးများနှင့် တန်ခိုးတော်များ**

ကျွန်မ အေးအေးမိုးသည် ရွှေကံကူမြတ်စွာဘုရား၏ အကြောင်းအရာကြားဖူးကတည်းက ကြည်ညိုခဲ့ပါသည်။ နောက်ပိုင်း ၂၀၁၂ ခုနှစ် ဘုရားကျောင်းတော်ရှိရာ ဆရာဘိုဘိုတို့၏ အိမ်ဂေဟာ (ကျောင်းတော်ရာ) ကို ရောက်တော့ ဘုရားဓာတ်ပုံတော်လေးများ၊ VCD အခွေ စသည်ဖြင့် ပူဇော်ခဲ့ပါသည်။ မြတ်စွာဘုရားအားလည်း ဖူးမြင်လှူဒါန်းပူဇော်ခဲ့ရာ ၂-၁၀- ၂၀၁၄ အထိဆိုလျှင် အကြိမ်(၂၀)ကျော်လောက်ရှိပါပြီ။ အိမ်ကိုပင့်၍ ပူဇော်ချင်ရာ ရက်ချိန်းမရသေးပါ။

ကျွန်မကို ဆရာဘိုဘိုမှလည်း ဆေးကုပေးပါသည်။ 'စီ'ပိုးအနည်းငယ်ရှိသည်မှာလည်း ဆရာဘို၏ သစ္စာရေများ တောက်လျှောက်သောက်ခဲ့ရာ ဆေးစစ်ကြည့်သောအခါ စီပိုးလုံးဝမရှိတော့ကြောင်း တွေ့ရပါသည်။ တခြားကိစ္စများလည်း အများကြီးအောင်မြင်ခဲ့ပါသည်။ ကားမတော်တဆမှုများလည်း အမြဲကြုံခဲ့ရာ ကား၏စီရင်ယာတိုင်တွင် ပရိတ်ကြိုးချည်ထားခြင်း၊ ရွှေကံကူမြတ်စွာဘုရား၏ပုံတော်များကို ကားထဲမှာကပ်ထားခြင်း၊ ကားမှန်၌ ထောင်ထားခြင်းတို့ကြောင့် လုံးဝအန္တရာယ်မဖြစ်ခဲ့ပါ။

ထို့အပြင် ကျွန်မလိုချင်သောကားကို မြတ်စွာဘုရားထံဆုပန်ခဲ့ရာ လက်ရှိကားကိုလည်း ဝယ်ဈေးအတိုင်း အမြန်ရောင်းရပြီး လိုချင်သောကားလည်း အမြန်ရရှိခဲ့ပါသည်။ အိမ်ရှိပြီးဖြစ်၍ ကားဆုပန်ခြင်းဖြစ်သည်။ ရောင်းလိုက်သောကားမှာလည်း ဘုရားထံဆုတောင်းပြီးရထားခြင်းဖြစ်သည်။ ကျွန်မရဲ့အမျိုး Dr.(P.hd) ဆရာမတစ်ယောက်လည်း ပလ္လင်လှူ၍ ကားဆုပန်စေခဲ့ရာ သူလိုချင်သည့် Surf ကားရခဲ့ပါသည်။ကျွန်မရဲ့အမျိုးများလည်း ပလ္လင်လှူ၍ ကားဆုပန်ထားကြပါသည်။

ရွှေကံကူမြတ်စွာဘုရားမှ တခြားကယ်ခဲ့၊ ပေးခဲ့တာတွေလည်း အများကြီးပါပဲ။ ဆရာဘိုဘိုအား ရေးပေးထားပါသည်။ ယခုပရိတ်ကြိုးနှင့်ပတ်သက်တဲ့ ဒီစာကတော့ ရွှေကံကူကျောင်းတော်ရာမှာ ဘုရားဖူးရောက်ရှိနေစဉ် ရေးခဲ့ခြင်းဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ အမည်ခံ သီလရှင် ဒေါ်မေတ္တာကြောင့်ဖြစ်ပါသည်။

လက်ရှိ သက်ရှိထင်ရှား အသက် (၇၄) နှစ်ရှိသေးတာကြောင့် နာမည်ပြောင်းရေးထားပါသည်။ ယခု နေနေတာက စစ်ကိုင်းတောင်ရိုး နိဗ္ဗာန်ချောင်မှာ ကျွန်မတို့ဆွေမျိုးများလှူထားတဲ့ ကျောင်း ဖြစ်ပါသည်။ ဒေါ်မေတ္တာသည် အလွန် ကြောက်စရာကောင်းပါသည်။ မိစ္ဆာပညာများကို တစ်ဖက်ကမ်းခပ်တတ်မြောက်ပြီး တစ်နေ့ ဒေါ်မေတ္တာ၏အခန်းအတွင်းသို့ဝင်ကြည့်ရာ နာနာဘာဝအရုပ်ပေါင်းများစွာကို တွေ့ရှိခဲ့ရပါသည်။ ဒါကြောင့် ဒီစာကိုအိမ်မှာ ရေးလျှင် ရင်များကျပ်လာပြီး ဆက်၍မရေးနိုင်တော့ပါ။ ထို့ကြောင့် ဘုရားရှေ့တော်မှောက်၌ရေးရခြင်း ဖြစ်ပါသည်။

ဒေါ်မေတ္တာသည် မိစ္ဆာလမ်းမှားကိုလိုက်နေသူဖြစ်၍ စိတ်ကောင်းမရှိပါ)။ သူ့အပေါ် ဘယ်လောက်ကောင်းကောင်း ပြန်မကောင်းပါ။ လူမိုက်ဖြစ်၍ ဘယ်သူ့အပေါ်မှလည်း ကောင်းသည်ဟူ၍မရှိပါ။ အထူးသဖြင့် လွန်ခဲ့တဲ့ (၁၀)နှစ်ခန့်က ကျွန်မအိမ်မှာ တစ်လနေခဲ့ရာ မပြန်ချင်တော့၍ သူလိုချင်သောပစ္စည်းအားလုံးပေးပြီး ဇွတ်အတင်းပြန်လွှတ်ခဲ့ရပါသည်။

ဒါကြောင့် အိမ်မှာနှစ်ကိုယ်ခွဲ၍ တစ်ကိုယ်နေနေကြောင်း အကြားအမြင်ရရှိသောပုဂ္ဂိုလ်များမှ ပြောပါသည်။ သူ့ကို ဘုန်းကြီးဆွမ်းကျွေး၊ ကမ္မဝါစာဖတ်၍နှင်သော်လည်း သူ့ပညာနှင့်သူ ကျွန်မတို့ စရဏအားနည်းချိန်၌ရောက်ရောက်လာပါသည်။ သူ့ပစ္စည်းတစ်ခုခုထားခဲ့၍ လာနိုင်ခြင်းလားမသိပါ။ သူ့ကို ကျွန်မတို့အိမ်မှပြန်ခေါ်စေရန် ကျွန်မတို့အိမ်တွင် အိမ်ဖော်များမမြဲအောင် အမြဲလုပ်ပါသည်။ အသံပေး၊ အရိပ်အယောင်ပြ၍ ခြောက်လှန့်ပြနေ၍ အိမ်ဖော်များမနေရဲကြပါ။ ကျွန်မကိုလည်း ခုတင်ကိုလှုပ်၍လည်းကောင်း၊ အရိပ်အယောင်ပြလည်းကောင်း အမြဲခြောက်ခဲ့ပါသည်။

ကျွန်မက အစတွင် ငလျင်လှုပ်တယ်ထင်ခဲ့ပါသည်။ ဒါပေမယ့် ငလျင်မလှုပ်ဘဲ ခုတင်သာလှုပ်နေကြောင်း တဖြည်းဖြည်းသိရပါသည်။ ဒါကြောင့် ရွှေကံကူမြတ်စွာဘုရား၏ပုံတော်လေးကို တောင်းပန်ပြီး ခေါင်းအုံးပေါ်တင်၊ ခြင်ထောင်တိုင်ကို ပရိတ်ကြိုးချည်နှောင်၊ ခြံစည်းရိုးတံခါးတိုင်၊ ပြတင်းပေါက်သံပန်း အဝင်တံခါးမကြီး၊ လက်ဆွဲကွင်း စသည်တို့ကိုလည်း ပရိတ်ကြိုးများချည်နှောင်ထားရှိလိုက်ပါသည်။ ထိုအခါမှ ခုတင်မလှုပ်တော့ပါ။ ပရိတ်ကြိုးကို ကျွန်မလည်ပင်း၌လည်း အမြဲဆွဲထားပြီးနေရပါသည်။ ပရိတ်ကြိုးမရှိဘဲမနေရဲတော့ပါ။

ကျွန်မသည် အောင်မြေသို့ရောက်တိုင်း ဆရာဘိုဘိုထံ ပရိတ်ကြိုးလေးများ တောင်းယူပြီး မိတ်ဆွေများကိုပေးခဲ့ပါသည်။ သူတို့လည်း အန္တရာယ်ကင်းကြပါသည်။ ဒေါ်မေတ္တာက ကားဘောနက်ပေါ် လက်တင်၍ မေးထောက်လိုက်လျှင် ကားစက်နိုးမရတော့ပါ။ ပရိတ်ကြိုးချည်ပြီးနောက် ဒေါ်မေတ္တာနှင့်တွေ့သောအခါ ဒေါ်မေတ္တာသည် ကားနားသို့သွားသေးသော်လည်း ကားနားရောက်သည်နှင့် မျက်နှာပျက်ပြီး နောက်ဆုတ်သွားပါသည်။ ကျွန်မတို့အိမ်တွင်လည်း အရိပ်အယောင်များ၊ အသံဗလံထွက်ပေါ်ခြင်းများမရှိတော့ပါ။ ဒေါ်မေတ္တာ၏ အကြောင်းမှာ ရှည်လျားများပြားလှ၍ နောက်မှသပ်သပ်ရေးပါဦးမည်။

ဤစာကို ရွှေကံကူဘုရားရှေ့တွင် သစ္စာဆို၍ ရေးသားခြင်း ဖြစ်ပါသည်။ အမြဲတမ်း ညရောက်မှာကို ကြောက်ရွံ့နေရသော ကျွန်မတို့မိသားစုလည်း ရွှေကံကူပရိတ်ကြိုးများကို ဆောင်ထားသောအခါမှစပြီး အန္တရာယ်ဟူသမျှ ကင်းဝေးရပါပြီ။

ဆရာဘိုဘိုနှင့် မယ်တော်ကြီး၊ အန်တီအေး၊ ရွှေကံကူမောင်နှမများကို အစဉ်လေးစား ကျေးဇူးတင်ကန်တော့လျက်။

သဥ္ဇာလင်း (မန်းတက္ကသိုလ်)


ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

ရှင်ကိုးရှင်သမိုင်းဝင် တောင်ဘက်အစွန်ဆုံး မြတ်ရှင်မော်ဘုရား




မောင်ပွင့်ဘုန်း(မောရ)

# ထားဝယ် ရှင်ကိုးရှင်မှသည် ထိုင်းနိုင်ငံ ကန်ချနာဘူရီဆီသို့

*The world is a book, and those who do not travel, read only a page.*

❑ *ကမ္ဘာလောကကြီးဟာ စာအုပ်တစ်အုပ်နဲ့တူတယ်။ ခရီးမသွားတဲ့သူဟာ စာတစ်မျက်နှာသာ ဖတ်ရသေးတယ်။*

အနောက်တိုင်းက အဆိုအမိန့်တစ်ခုပါ။

ကိုယ့်ရပ်ကိုယ့်ရွာကလွဲပြီး ဘယ်ကိုမှ မသွားမလာဘူးတဲ့သူဟာ ကျွဲခြေရာခွက်ထဲက ဖားသူငယ်နဲ့ တူပါလိမ့်မယ်။

တစ်နှစ်ပတ်လုံး အလုပ်တာဝန်တွေနဲ့ လုံးထွေးနေရာက အားလပ်ရက်မှာ စိတ်လွတ်ကိုယ်လွတ် အပန်းဖြေခရီးထွက်တာဟာ လူကိုလန်းဆန်းတက်ကြွစေပါတယ်။ 'များသော-အကြားအမြင်' လို့ ဆိုတဲ့ 'ဗဟု-သုတ'တွေလည်း တိုးပွားစေပါတယ်။ဗဟုသုတဆိုရာမှာ ဒေသန္တရဗဟုသုတ၊ ဘာသန္တရဗဟုသုတ စသည်ဖြင့် အကုန်ပါပါတယ်။ အထူးသဖြင့် ကိုယ့်တိုင်းပြည်ရဲ့ အပြင်ဘက် နိုင်ငံရပ်ခြားတွေကို ခရီးထွက်ရင် အဲဒီနိုင်ငံတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ လူနေမှုဘဝစတာတွေကို လေ့လာရတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။

အနောက်နိုင်ငံကလူတွေ နွေရာသီအားလပ်ရက် (Summer Vacation) လိုမျိုးမှာ မိသားစုလိုက် အပန်းဖြေခရီးထွက်တတ်ကြပါတယ်။ ကျောပိုးအိတ်တစ်လုံးလွယ်ပြီး ကမ္ဘာအနှံ့ခြေဆန့်နေတဲ့ခရီးသွားတွေကိုလည်း တွေ့ဖူးကြ




ခေါင်းလောင်းပုံအထက်ပိုင်းတွင် သိမ်ရိဝဏ္ဏပုံပန်းများရှိသော ရှင်သထွန် (ရှင်စထွန်) စေတီ (မြို့ဟောင်းရွာ)



www.burmeseclassic.com

www.burmeseclassic.com



**လမင်းအလင်းရောင်အောက်တွင် ဖူးမြင်ရသော ရှင်ဆံတော် (ကလိန်အောင်) နှင့် အတွင်းရှိရုပ်ပွားတော်**
**(မြားပြထားသောနေရာမှာ ဓာတ်တော်ကွန့်မြူးလေ့ရှိသည့် ဗွာပနာတိုက်နေရာ ဖြစ်သည်)**

မှာပါ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေကျတော့ ဘုရားဖူးခရီးထွက်တတ်ကြလို့ အပန်းလည်းပြေ၊ ကုသိုလ်လည်းရလို့ ဆိုရပါမယ်။ တစ်ခုတော့ရှိသပေါ့ဗျာ။ လမ်းပန်းအဆင်မပြေရင်၊ ပို့ဆောင်ပေးတဲ့ခရီးသွားအဖွဲ့ စီစဉ်မှုညံ့ဖျင်းရင်တော့ အပန်းလည်းမပြေ၊ ကုသိုလ်လည်းမရတဲ့အပြင် အကုသိုလ်ပါပွားရတတ်ပါတယ်။ သူတို့ပို့ပေးလို့ရောက်ရတာပဲလေလို့ အကောင်းဘက်က လှည့်တွေးပြီး သည်းခံစိတ်မွေးလိုက်တာက ကောင်းပါတယ်။

စာပေနယ်ပယ်မှာ ခရီးသွားမှတ်တမ်း (Travelogue) လို့ဆိုတဲ့ ခရီးသွားစာပေဟာလည်း တစ်ကဏ္ဍအနေနဲ့ရှိပါတယ်။ အစောဆုံးအနေနဲ့ ပြောရရင် ကင်းဝန်မင်းကြီးရဲ့ ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်တမ်းရှိပါတယ်။ ခရီးသွားမှတ်တမ်းတွေဖတ်ခြင်းအားဖြင့် ကိုယ်တိုင်မရောက်ဘူးဘဲနဲ့ ရပ်ရွာဒေသပေါင်းစုံက ဗဟုသုတတွေ တစ်လှေကြီးရနိုင်သလို ကိုယ်တိုင် အဲဒီခရီးကိုသွားခဲ့ရင်လည်း အများကြီး အထောက်အကူဖြစ်စေပါတယ်။ ခရီးသွားစာပေကောင်းဖတ်လိုသူများအတွက် ဆရာကြီး ဒေါက်တာလှဘေရဲ့ 'တရုတ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း' ကို ညွှန်းလိုပါတယ်။

ဒီနှစ်သကြန်မှာ ထားဝယ်ကနေ လမ်းပေါက်တဲ့ ထိုင်းနယ်စပ်မြို့ ကန်ချနာဘူရီ (Kanchanaburi) ကို အလည်သွားဖို့ လူစုတော့ မော်လမြိုင်ကောလိပ်/တက္ကသိုလ်ကျောင်းသားဟောင်းအဖွဲ့ဝင် (၉) ယောက် စုမိကြပါတယ်။ ဆရာမဒေါ်နွယ်နီဝင်း(ရုက္ခဗေဒပါမောက္ခအငြိမ်းစား) က ထားဝယ်ဒေသမှာ ရှင်ကိုးရှင်လို့ နာမည်ကျော်ကြားတဲ့ ဘုရားစေတီ (၉) ဆူကိုပါ (အပြည့်အစုံ) ဖူးရမယ်ဆိုတဲ့ ရန်ကုန်က ခရီးသွားအဖွဲ့တစ်ဖွဲ့နဲ့ ချိတ်ဆက်ပေးပါတယ်။ ဗေဒင်စကားနဲ့ပြောရင်တော့ အားလုံး နဝင်းကိုက်ပေါ့။ ဘုရားလည်းဖူး၊ အင်း . . . လိပ်ဥတော့လည်း တူးဖို့မရှိပါဘူးလေလို့ စိတ်ထဲက တွေးလိုက်မိပါတယ်။

ထားဝယ်ဘက်ကို ခရီးမထွက်ခင် ထားဝယ်ဒေသနဲ့ ရှင်ကိုးရှင်အကြောင်းကို လက်လှမ်းမီသလောက် လေ့လာကြည့်ပါတယ်။

### ❏ ထားဝယ်ဒေသ

ကျွန်တော်တို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဖွဲ့စည်းထားတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေ အားလုံးမှာ သူ့ဒေသနဲ့သူ စိတ်ဝင်စားစရာတွေအသီးသီးရှိကြပါတယ်။ ထားဝယ်ဒေသလို့ပြောရင် ထားဝယ်သူထားဝယ်သားတွေ အဓိကနေထိုင်တဲ့ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်၊ ထားဝယ်မြို့နယ်နဲ့ သရက်ချောင်းမြို့နယ်တွေကို ဆိုလိုပါတယ်။ အခုခေတ်မှာတော့ ဒီ (၄) မြို့နယ်ကို ထားဝယ်ခရိုင်လို့ ခေါ်ပါတယ်။

သမိုင်းမှတ်တမ်းတွေအဆိုအရ ထားဝယ်ဒေသဆိုတာ မရှိခင်ကတည်းက တဝယ်(ဝါ)ထားဝယ်တိုင်းရင်းသားဆိုတာ အရင်ရှိခဲ့တယ်လို့ ဆိုပါတယ်။ ထားဝယ်တိုင်းရင်းသားတွေဟာ ရခိုင်ကလာတဲ့ မြို့တို့ကနေ ဆင်းသက်လာတယ်လို့ တချို့ကဆိုတယ်။ ရခိုင်တွေကိုယ်တိုင်လည်း ဒီအပြောမျိုးပြောလေ့ရှိတယ်။ ဒါကို သမိုင်းပညာရှင်တွေက လက်မခံပါ။

သမိုင်းခေတ်ဦးတည်းက မြန်မာနိုင်ငံထဲကိုဝင်လာတဲ့ လူမျိုးစုတွေထဲမှာ ပထမဆုံးဝင်လာတဲ့ နီဂရစ်တိုလူမျိုး ဆိုတာ အခု မြန်မာနိုင်ငံထဲမှာမရှိတော့ဘဲ တစ်ကျွန်းလို့ခေါ်တဲ့ ကပ္ပလီကျွန်းမှာ နေထိုင်ကြပါတယ်။ ဒုတိယဝင်ရောက်လာတဲ့ ဩစထရိုလိုက်အနွယ်တွေက ဆလုံတိုင်းရင်းသားတွေအဖြစ် တနင်္သာရီဒေသထဲမှာ နေထိုင်ကြဆဲ ဖြစ်ပါတယ်။

တတိယဝင်ရောက်လာသူတွေကတော့ မွန်၊ ထားဝယ်၊ မြန်မာ၊ ရှမ်း(ထိုင်း) တို့ဖြစ်တယ်လို့ ဆိုတယ်။ အဲဒီ တိဗက်တိုဗားမင်း (Tibeto-Burman) အနွယ်ဝင်အုပ်စုတွေဟာ မြန်မာနိုင်ငံထဲကို အနောက်မြောက်ဘက်ကရော အရှေ့မြောက်ဘက်ကပါ ဝင်လာခဲ့ကြတဲ့ဆီမှာ ထားဝယ်ဟာ ရခိုင်၊ တောင်ရိုး၊ အင်းသား၊ ရဘိန်း၊ ဓနု၊ ယော စတာတွေနဲ့ အရှေ့မြောက်ဘက်ကနေဝင်လာခဲ့ကြတဲ့ မြန်မာအဆက်အနွယ်တွေသာဖြစ်တယ်လို့ သမိုင်းပညာရှင်တွေက ဆိုပါတယ်။ ထားဝယ်ဆိုတာ 'မြန်မာ (၇) မျိုးတွင် တစ်မျိုး၊ မင်းနေပြည် (၂၀) မှာ တစ်ပြည်' ဆိုတဲ့ စကားလည်း ရှိပါတယ်။

### ❏ ထားဝယ်အဓိပ္ပာယ်

မြို့ရွာတွေရဲ့ အမည်ဆင်းသက်လာပုံကို စူးစမ်းလေ့လာရတာလည်း အင်မတန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကျွန်တော်တို့ မော်လမြိုင်ဆိုရင် ဒေါင်းတွေပေါတဲ့တော 'မောရမြိုင်'က ဆင်းသက်လာတာလို့လည်းဆိုရဲ့။ 'မျက်စိတစ်ဖက်လပ်' ဘုရင်ကို မွန်လို 'မွတ်မဲ့လိမ်' ခေါ်ရာမှ ကာလရွေ့လျောပြီး မော်လမြိုင်ဖြစ်လာတယ်လို့လည်း ဆိုကြပါတယ်။

သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားရှင်ဟာ (၁၁) ဝါမြောက်မှာ ဝေမိဿကတောင်(ကဏန်းတောင်) ထိပ်ကို ကြွရောက်လာပြီး ထက်ဝယ်ဖွဲ့ ခွေထိုင်နေတော်မူတာကို မွန်ဘာသာနဲ့ 'ထဝိုင်း'၊ ရှမ်း(ထိုင်း)ဘာသာနဲ့ 'ထဝါ' ခေါ်ရာက ထားဝယ်ဖြစ်လာတယ်လို့ ဆိုပါတယ်။ ဒီအဆိုဟာ 'ထားဝယ်' ဆိုတာ လူမျိုးအမည်အနေနဲ့ အရင်ရှိတာဖြစ်ပြီး ထားဝယ်လူမျိုးတွေနေတဲ့ဒေသကို ထားဝယ်လို့ခေါ်တာဖြစ်တယ်ဆိုတဲ့ သမိုင်းဆရာတွေရဲ့အဆိုနဲ့မကိုက်ညီပါ။



www.burmeseclassic.com


www.burmeseclassic.com

ထားဝယ်ဒေသဲဟာ ရှမ်း (ယိုးဒယား) မင်းတွေလက်ထဲက မြန်မာမင်းတွေ တိုက်ခိုက်မသိမ်းယူခင် ရှမ်းနယ်ထဲမှာပါတယ်။ အဲဒီအရပ်ဟာ ကြိမ်အလွန်ပေါတဲ့ ကြိမ်ဝိုက်တောကြီးဖြစ်လို့ ရှမ်း(ယိုးဒယား)လူမျိုးတွေက လှေဆိပ်လုပ်ပြီး အနယ်နယ်အရပ်ရပ်ကို ကြိမ်တွေ တင်ပို့ရောင်းဝယ်ကြတယ်။ ဒီလိုနဲ့ ထင်ရှားကျော်စောတဲ့ ကြိမ်ဆိပ်ဖြစ်လာပြီး ရှမ်း(ယိုးဒယား)ဘာသာနဲ့ 'ထဝိုင်' (ထ-ဆိပ်+ဝိုင်-ကြိမ်) လို့ ခေါ်တာဖြစ်တယ်လို့ အဲခိုင်အမာပြောကြတယ်။

ရှမ်း(ယိုးဒယား)ဘာသာနဲ့'ထဝိုင်း' လို့ ခေါ်တာကို အင်္ဂလိပ်လို (Tavoy) လို့ရေးပြီး အဲဒီကနေ ထားဝယ်ဖြစ်လာတယ် ဆိုတာကို ဆရာကြီး ဦးဖေမောင်တင်က ပြောဖူး၊ ရေးဖူးပါတယ်။ အခုတော့ ထားဝယ်ကို အသံထွက်အတိုင်း "Dawei" လို့ရေးပါတယ်။ အခုအချိန်အထိ ထားဝယ်နယ်မှာ ကြိမ်ပေါပြီး ထားဝယ်ကြိမ် နာမည်ကြီးနေတာက ဒီအဆိုကိုထောက်ခံနေပါတယ်။ သမိုင်းမှာ အချိန်ကာလနဲ့ နေရာဒေသကိုလိုက်ပြီး အကြောင်းအမျိုးမျိုးကို အခြေခံကာ ထဝယ်၊ တဝဲ၊ ဓာဝယ်၊ တဝဲ၊ ဒဝယ်၊ ခဝယ်၊ ဒါးဝယ်၊ ထဝိုင်းဆိုပြီး ခေါ်ဝေါ်ရေးသားခဲ့ရာက နောက်ဆုံးမှာတော့ ထားဝယ် ဆိုတဲ့ ရေးထုံးဖြစ်လာတယ်။

ထားဝယ်မြို့ရဲ့ အရှေ့ဘက် (၁၀) မိုင်အကွာ သတ္တုတွင်းတွေဆီသွားတဲ့ ကားလမ်းပေါ်မှာ ရှမ်း(ယိုးဒယား)မင်းတွေ တည်ထား စိုးစံဖူးတဲ့ မှိုင်းကာရီမြို့ဟောင်းရှိပါတယ်။ အခုအဲဒီနေရာဟာ ကောရီရွာ ဖြစ်ပါတယ်။ ထားဝယ်ဒေသဟာ ရှမ်းလို့ခေါ်တဲ့ ထိုင်းနဲ့ တလိုင်းလို့ခေါ်တဲ့မွန်တို့အကြားမှာညပ်နေတဲ့ဒေသဖြစ်လို့ ထိုင်းနဲ့ မွန်တို့ရဲ့ နှောင့်ယှက်အနိုင်ကျင့်တာကို သမိုင်းတစ်လျှောက်လုံး အမြဲခံခဲ့ရတယ်။

ကောဇာနှစ် ၁၁၁၃ ခုနှစ်မှာ အင်းဝဘုရင်ရဲ့ လက်အောက်ခံ ဇလွန် (သာဂရ) မြို့စား မင်းနဲ့လှဟာ မွန်နဲ့မြန်မာ အရေးတော်ပုံဖြစ်ပွားနေတာကို အခွင့်အရေးယူပြီး အင်းဝဘုရင် ဟံသာဝတီကို ပါသွားချိန်မှာ ဘယ်သူ့လက်အောက်မှမခံဘဲ တသီးတခြား မင်းအဖြစ် ကြက်စားမြို့ကို တည်ထားစိုးစံပါတယ်။ မွန်တို့ရဲ့ရန်မှရှောင်ရန်အတွက်လို့ဆိုပြီး တလိုင်းရှောင်မြို့လို့လည်းခေါ်တယ်။ အခု ကြက်စားပြင်ရပ်နေရာ ဖြစ်တယ်။




မင်းနဲ့လှဟာ တလိုင်းရှောင်မြို့ (ဝါ) ကြက်စားမြို့ကို စိတ်တိုင်းမကျတာကြောင့် 'ဥဩအော်သည်' ဆိုတဲ့ အမှတ်သင်္ကေတ နံသင့်အကွာရာအရ ၁၁၁၆ ခုနှစ်မှာ အခု ထားဝယ်မြို့နေရာကို အုတ်မြို့ရိုးအခိုင်အခံ့နဲ့ မြို့သစ်တည်ပြီး သာယာဝတီမြို့လို့ အမည်ပေးခဲ့တယ်။ ဒါပေမယ့် ထားဝယ်မြို့လို့သာ ဆက်ပြီး အမည်တွင်တယ်။ အခုရောက်နေတဲ့ ကောဇာနှစ် ၁၃၇၇ ခုနှစ်နဲ့တွက်ရင် ထားဝယ်မြို့ရဲ့ မြို့သက်ဟာ နှစ်ပေါင်း (၂၆၁) ရှိပြီး ဖြစ်တယ်။

**❑ ဒူးရင်း စုံပတတ်အစ ထားဝယ်က**

ထားဝယ်ဒေသမှာ ဒူးရင်းသီးပေါသလို ထားဝယ်ဒူးရင်းယိုဟာလည်း နာမည်ကြီးပါပဲ။ ထားဝယ်ဒေသကို ရှေးအခါက ဒူရကတိုင်းလို့ ခေါ်ပါတယ်။ ဂေါတမဘုရားရှင် (၁၁) ဝါမြောက် ကြွလာတုန်းက ဒူရကနတ်သားက နတ်သစ်သီးတစ်မျိုးကို ဆက်ကပ်ပါတယ်။ အဲဒီနတ်သစ်သီးမျိုးစေ့က ဆင့်ပွားလာတဲ့ အသီးကို 'ဒူရကသီး' လို့ ခေါ်ရာက 'ဒူးရင်းသီး' ဖြစ်လာပြီး အဲဒီအသီးထွက်ပေါ်ရာအရပ်ကိုလည်း 'ဒူရကတိုင်း'ခေါ်တယ်လို့ ဆိုတယ်။

'ဝေါဟာရလီနတ္ထဒီပနီ' မှာ 'ဒူးရင်းသီးဟု ခေါ်ဝေါ်ရေးသားကြသည်မှာလည်း ဒူရကတိုင်း ဒါးဝယ်မြို့က ရောက်လာသောကြောင့် ဒုရင်းသီးဟု ဝေါဟာရကွဲလွဲလေသည်' လို့ ရေးထားပါတယ်။

ဒူရကနတ်သားနဲ့အတူ ကုမ္ဘဏ္ဍနတ်ဘီလူးကလည်း ဘုရားရှင်ကို 'စုမ္ပိယ' နတ်သစ်သီး ဆက်ကပ်ပါတယ်။ နတ်သုဒ္ဓါ ပိန္နဲသီး 'စုမ္ပိယ' ကနေ 'စုမ္ပဒသီး'၊ ထားဝယ်အခေါ် 'စောင်ပဒသီး' ဖြစ်လာတယ်လို့ ဆိုပါတယ်။ မြန်မာအဘိဓာန်မှာတော့ 'စုံပတတ်' ကို 'တနင်္သာရီဒေသတွင် ပေါက်ရောက်သော အနံ့ပြင်းပိန္နဲတစ်မျိုးလို့ ဖွင့်ဆိုပြီး မွန်ဝေါဟာရ 'စမ္ပဒှာက်' က ဆင်းသက်လာတာလို့ ပြထားပါတယ်။

'ဒူရကတိုင်း' ဆိုတာ 'အဝေး၌တည်ရှိသောတိုင်း' (နေပြည်တော်ဗဟိုအုပ်ချုပ်ရေးနှင့်အလှမ်းဝေးသောတိုင်း) လို့လည်း အဓိပ္ပာယ်ရပါတယ်။ ဘိုးတော်ဘုရားလက်ထက်က မြန်မာနိုင်ငံတစ်ဝန်းလုံးကို တိုင်းကြီး (၁၂) တိုင်းဖွဲ့တဲ့အခါ ရေး၊ ထားဝယ်၊ တနင်္သာရီမြို့တွေရှိတဲ့ မြန်မာပြည်တောင်ဘက်စွန်း ကမ်းမြောင်ဒေသကို ဒူရကတိုင်းလို့ သတ်မှတ်ခဲ့တယ်။

**❑ ထားဝယ်ဒေသနှင့်ပျူယဉ်ကျေးမှု**

ကျွန်တော်တို့နိုင်ငံမှာ တိမ်ကောပျောက်ကွယ်သွားပြီးဖြစ်တဲ့ ပျူလူမျိုး၊ ပျူစာပေ၊ ပျူယဉ်ကျေးမှုလို့ပြောရင် သရေခေတ္တရာ (ပြည်ဒေသ) ကိုပဲ မြေးမြင်တတ်ကြပါတယ်။ အခုဆိုရင် ရှေးဟောင်းသုတေသနဌာနနဲ့သမိုင်းကို စိတ်ဝင်စားတဲ့ သုတေသီတွေရဲ့ တူးဖော်လေ့လာမှုတွေကြောင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသတွေဟာ ပျူတွေနဲ့ ဆက်စပ်နေတယ် ဆိုတဲ့ အထောက်အထားတွေ တွေ့လာရပါတယ်။

ထားဝယ်ကနေ ကမြောကင်းတံတားကိုဖြတ်ပြီး မောင်းမကန်လမ်းအတိုင်းသွားရာက သောကြာပြင်ရွာ

www.burmeseclassic.com

ကနေ ညာဘက် (မြောက်ဘက်) ကို (၆) မိုင်လောက်သွားလိုက်ရင် သာဂရမြို့ဟောင်းကို ရောက်ပါတယ်။ အခုတော့ မြို့ဟောင်းကျေးရွာလို့ခေါ်ပါတယ်။ အဲဒီရွာက ရှင်ကိုးရှင် အဝင်အပါဖြစ်တဲ့ ရှင်ဇလွန်စေတီရဲ့ခေါင်းလောင်းပုံအထက်ပိုင်းပတ်လည်မှာ သီရိဝစ္ဆပုံ အင်္ဂတေပန်းတွေ တွေ့ရပါတယ်။ အဲဒီပန်းပုံတွေဟာ အင်မတန်ရှေးကျပြီး အိန္ဒိယလည်းဆန်တဲ့အတွက် ပျူခေတ်နဲ့ ခေတ်ပြိုင်လို့ ယူဆကြတယ်။

သာဂရမြို့ဟောင်းမှာ ပျူအရိုးအိုးနဲ့တူတဲ့အိုးတွေ၊ ပျူပုတီးတွေနဲ့ဆင်တူတဲ့ မြေပုတီးလုံးကြီးတွေ၊ မြေပုတီးရောင်စုံ ယယ်တွေ၊ သလင်းပုတီးတွေသာမက အိန္ဒိယပြည် ကလိင်္ဂရာဇ်အဆက်အနွယ်တွေ ဦးညွှတ်ရာ သျှိဝလိင်နဲ့ ယောနိ ကျောက်ပြားတွေကိုလည်းတွေ့ရတယ်။ ဒီပစ္စည်းတွေအကြောင်းတော့ အသေးစိတ် ရေးမပြတော့ပါဘူး။ စိတ်ဝင်စားသူများ ဆက်လက် လေ့လာကြပါကုန်။ မုတ္တသုခနဂရ (အခုအခေါ် ရှင်မုတ္တီး) ကျေးရွာအုပ်စုမှာတော့ အထု(၅)လက်မရှိပြီး (၅) ပေ × (၁) ပေခွဲအရွယ် သဲကျောက်ပြားချပ်ကြီးပေါ်မှာ ဟိန္ဒူနတ်ဘုရားရုပ်တု ထုလုပ်ထားတာ တွေ့ရပါသည်။ ဒေါက်တာ နိုင်ပန်းလှက ဒီကျောက်ပြားမျိုးကို သီရိခေတ္တရာမြို့ဟောင်းမှာလည်းတွေ့ရကြောင်း ဆိုပါတယ်။

ဒီအချက်အလက်တွေအရ သာဂရမြို့ဟောင်းနဲ့ ရှင်မုတ္တီးမြို့ဟောင်းတို့ ကောင်းစားစဉ်က သရေခေတ္တရာနဲ့ အဆက်အသွယ်ရှိလိမ့်မယ်လို့ ခန့်မှန်းရတယ်။ ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)က 'ထားဝယ်နယ်၊တနင်္သာရီနယ်တွေဟာ ရှေးဟောင်း ပျူနိုင်ငံရဲ့ ဒေသတွေဖြစ်တယ်' လို့ ဆိုခဲ့တယ်။ တမ္ပဝတီဦးဝင်းမောင်ကတော့ 'ရှေးဟောင်း ပျူနိုင်ငံ ပျက်စီးတဲ့အခါ ပျူလူမျိုးတွေ သုံးစုကွဲပြီး ရခိုင်ကိုတစ်စု၊ တနင်္သာရီကို တစ်စု၊ ထားဝယ်ကိုတစ်စုရောက်သွားတယ်' လို့ ဆိုတယ်။

### □ ရှင်ကိုးရှင်ဘုရားများ

ထားဝယ်ဒေသက ဘွဲ့အမည်မှာ 'ရှင်'နဲ့စတဲ့ ရှေးဟောင်းတန်ခိုးကြီးစေတီတော်ကိုးဆူမှာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဆံတော်ဓာတ်၊ အံတော်ဓာတ်တွေအပါအဝင် ဓာတ်တော်မွေတော်အစစ်တွေ ဌာပနာထားတဲ့အတွက် တစ်ဆူချင်းတောင် အလွန်ဆုတောင်းပြည့်တယ်လို့ ဆိုပါတယ်။

ဓာတ်တော် - ပရိနိဗ္ဗာန်စံတော်မူသောဘုရား၊ ရဟန္တာတို့မှ ကြွင်းကျန်ရစ်သောအရိုးစသည်။

မွေတော် - ပရိနိဗ္ဗာန်စံတော်မူသောဘုရား၊ ရဟန္တာတို့မှ ကြွင်းကျန်ရစ်သောအသုံးအဆောင်၊ ဓာတ်တော်။

ရှင်ကိုးရှင် စေတီတော်တွေကို တည်နေရာမြေမျက်နှာပြင်အနေအထားကိုလိုက်ပြီး ပြင်သုံးပြင်၊ ကုန်းသုံးကုန်းနဲ့ တောင်သုံးတောင်ဆိုပြီး သုံးဆူစီသုံးစုခွဲခြားနိုင်တယ်။ ရှင်ကိုးရှင်စေတီတော်တွေရဲ့ တည်နေရာ အကျဉ်းချုပ်ကိုပါ ဖော်ပြလိုက်ပါတယ်။

(က) ပြင်သုံးပြင် - မြေပြင်၌တည်ထားသော စေတီသုံးဆူ။

၁။ ရှင်ဥဩ - ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့။

၂။ ရှင်ပင်ခရု - ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့။

၃။ ရှင်ဓာတ်ဝဲ - မောင်မယ်ရှောင်ကျေးရွာ၊ ထားဝယ်မြို့မှ မြောက်ဘက် (၈) မိုင် ကွာဝေးသည်။

(ခ) ကုန်းသုံးကုန်း - ကုန်းမြင့်ပေါ်၌တည်ထားသော စေတီသုံးဆူ။

၁။ ရှင်တောက်ထိန် - ကမျောကင်းရွာ၊ လောင်းလုံးမြို့နယ် (ထားဝယ်တစ်ဖက်ကမ်း)။

၂။ ရှင်မုတ္တီး - မုတ္တီးကျေးရွာ၊ ထားဝယ်မြို့မှ တောင်ဘက် (၈)မိုင် ကွာဝေးသည်။

၃။ ရှင်သလွန်(ရှင်ဇလွန်)-သာဂရမြို့ဟောင်း၊ ထားဝယ်မြစ် အနောက်ဘက်ကမ်း (ထားဝယ်မြို့မှ ၇ မိုင်)။

(ဂ) တောင်သုံးတောင် - တောင်ထိပ်ပေါ်၌တည်ထားသောစေတီသုံးဆူ။

၁။ ရှင်ဆံတော် - ကလိန်အောင်ကျေးရွာ၊ ထားဝယ်မြို့မှမြောက်ဘက် (၄၇) မိုင် ကွာဝေးသည်။

၂။ ရှင်တောင်းပုံ- သရက်ချောင်းမြို့၊ ထားဝယ်မြို့မှ တောင်ဘက် (၁၆) မိုင်ကွာဝေးသည်။

၃။ ရှင်မော် - ထားဝယ်အငူစွန်း၊ ထားဝယ်မြို့မှ တောင်ဘက် မိုင် (၄၀) ကွာဝေးသည်။

ရှင်ကိုးရှင်ရဲ့ တည်နေရာဟာ ထားဝယ်မြစ်ကို အလယ်မှာထားကြည့်ရင် မြစ်ရဲ့အရှေ့ဘက်ခြမ်းမှာ ရှင်ငါးရှင်ရှိပြီး မြစ်ရဲ့အနောက်ဘက်ခြမ်းမှာ ရှင်လေးရှင်ရှိတယ်။ မြောက်ဘက်အစွန်ဆုံးဖြစ်တဲ့ ရှင်ဆံတော်ဟာ ထားဝယ်မြို့ကနေ (၄၇) မိုင်ကွာဝေးပြီး တောင်ဘက်အစွန်ဆုံးဖြစ်တဲ့ ရှင်မော်ကတော့ ထားဝယ်မြို့ကနေ မိုင် (၄၀) ကွာဝေးတယ်။

### □ ကျွန်တော် ဒီစာကို ဒီလိုရေးပါတယ်

ဒီဆောင်းပါးကို စမရေးခင်မှာ ကိုးကားဖို့ ကျွန်တော့်စာအုပ်စင်နဲ့ ကွန်ပျူတာမှာ မွှေနှောက်ရှာလိုက်တော့ ဒီစာအုပ်စာတမ်းတွေထွက်လာပါတယ်။


၁။ စာရေးဆရာကြီး ရွှေဝယ်ဇရေးတဲ့ 'ထားဝယ်ရာဇဝင်သမိုင်း' (ထားဝယ်မြို့၊ ကြီးပွားရေးစာအုပ်တိုက်က ၂၀၀၅-ဩဂုတ်လ ဒုတိယအကြိမ်ထုတ်)။

၂။ အမျိုးသားစာပေဆုရ ဆရာ မောင်သန်းဆွေ(ထားဝယ်)ရေးတဲ့ 'ထားဝယ်ဥဒါန်း' (ကုံကော်ဝတ်ရည်စာပေ၊ ၂၀၁၄၊ ဇန်နဝါရီလ၊ ပထမအကြိမ်)။

၃။ ၁၉၉၆ ခုနှစ်ထုတ် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း အမှတ် ၁၂၀၊ ၁၂၁၊ ၁၂၂။

၄။ Microsoft Encarta Premium 2009.

၅။ Encyclopaedia Britannica Ultimate Reference Suite 2013.


ကျွန်တော် ဘာအတွက် စာအုပ်ရှာနေသလဲဆိုတာကိုသိတဲ့ ကျွန်တော့်မဟေသီက အခုလို ကျီစယ်ပါတယ်။

"စာရေးဆရာ စာရေးတယ်ဆိုတာ ဟိုစာအုပ်ကနည်းနည်း၊ ဒီစာအုပ်ကနည်းနည်း ခိုးချပြီးရေးတာကိုး"

"မင်းပြောတာမှားတယ် မိန်းမ။ စာအုပ်တစ်အုပ်ထဲက ကူးရေးမှ ခိုးချတယ်ခေါ်တယ်။ ဟိုစာအုပ်ကနည်းနည်း ဒီစာအုပ်ကနည်းနည်း ကိုးကားပြီး ရေးရင် သုတေသနလုပ်တယ်လို့ ခေါ်တယ်။ (သုတ - အကြားအမြင်+ ဧသန - ရှာမှီးခြင်း) စာဖတ်သူ အတော်များများက အကိုးအကားအထောက်အထားနဲ့ရေးမှ သဘောကျတတ်ကြတယ်။ ဒီလိုရေးနိုင်ဖို့ စာအုပ်စာတမ်းတွေလည်း စုဆောင်းထားဦးမှ၊ ဘယ်အကြောင်းအရာကို ဘယ်စာအုပ်မှာ ရှာရမယ်ဆိုတာလည်း သိဦးမှ။ နောက်တစ်ခါ စာအုပ်တစ်အုပ်နဲ့တစ်အုပ် အချက်အလက်တွေ ကွဲပြားနေရင် ဘယ်ဟာကအမှန်ဖြစ်နိုင်မလဲဆိုတာ စဉ်းစားကြံဆပြီး ရေးရသေးတယ်။ ဒါကြောင့် 'ကျမ်းကြည့်မခက်၊ ကျမ်းညှိခက်' လို့ ဆိုကြတာပေါ့။ လွယ်တယ် အောက်မေ့လို့"

"ပြောမိတာမှားပါပြီတော်"

(ဆက်ရန်)

မောင်မြင့်ဘွက် (မော

www.burmeseclassic.com

## တင်အောင်(စက်မှုတက္ကသိုလ်)

# သေက္ခတောင်ဆရာတော်ဦးတိလောက

## အမှတ်တရ

၉-၃-၁၉၈၅ နေ့။

အဖေ စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာ သုတေသီမြင့်ထွန်းနှင့် ကျွန်တော်တို့သည် သေက္ခတောင်သို့ခရီးထွက်လာခဲ့ကြသည်။ ကျိုက်ထီးရိုးဘုရားသို့သွားသော ကျိုက်ထို - ကင်ပွန်းခေန်း ကားလမ်းမကြီးမှ မြေနီလမ်းခွဲသို့ ဝင်ရသည်။ မြေနီလမ်းသည် နိုင်ငံတော်ပိုင်သစ်ထုတ်လုပ်ရေးမှသစ်တင်ကားကြီးများ ဝင်ထွက်သွားလာရာလမ်းကြောင်းဖြစ်ပါသည်။ လမ်းတွင် ကုံကော်ပင်ကြီးများက စကြိုလမ်းသဖွယ် အရိပ်မိုးကာ သာယာအေးချမ်းလှပသောသာယာကုန်းကျောင်းကို တွေ့ရသည်။ ထိုမှရှေ့ဆက်လျှင် မနိမ့်မမြင့်လှသော သေက္ခတောင်ခြေကျောင်းဝင်းကို ရောက်ပါသည်။ သေက္ခတောင်ထိပ်တွင် ထုံးဖြူဖြူနှင့် စေတီတစ်ဆူရှိပါသည်။

တောင်ခြေတွင် ဇရပ်တစ်ဆောင်၊ ကျောင်းတစ်ဆောင်ရှိကာ ကျောင်းပေါ်သို့ တက်ရောက်ကြည့်သောအခါ လူတစ်ရပ်ခန့်ရှိ သေက္ခတောင်ဆရာတော်ဦးတိလောက၏ ပန်းချီပုံတူကြီးကို တွေ့ရပါသည်။ ကျောင်းဆောင်မျက်နှာကြက်တန်းပေါ်၌ သေက္ခတောင်စေတီမှ မူလထီးတော်ဟောင်းကို တွေ့ရပါသည်။ လွန်ခဲ့သော နှစ် (၂၀) ခန့်က လေပြင်းတိုက်ခတ်၍ ထီးတော်မြေခခဲ့ရသည်ဟု ဆိုပါသည်။ ၁၃၄၆ ခုနှစ်ကမှ ထီးတော်အသစ် ပြန်လည် တင်လှူနိုင်ပါသည်။ တောင်ပေါ်သို့တက်ရာ တောင်ခါးပန်းတွင် ရိပ်သာကျောင်းငယ်များရှိပါသည်။ တောင်တက်လမ်းတစ်လျှောက် တညင်းပင်နှင့်မြရာပင်များ လမ်းဘေးဝဲယာတွင် တန်းရံထားပေးကြသည်။ သစ်ရိပ်ဝါးရိပ်တို့ကြောင့် သေက္ခတောင်ထိပ်ဝန်းကျင်သည် အေးမြလှပါသည်။

သေက္ခတောင်ထိပ်မှကြည့်လျှင် အရှေ့ဘက်အရပ်မှာ ရော်ဘာပင်တန်းများကို တွေ့ရပါသည်။ အနောက်ဘက်မှ ကျိုက်ထိုမြို့နှင့် ကျိုက်ထိုမြို့စွန်ကို ကျော်၍ စစ်တောင်းမြစ်ဝကို ရေးတေးမြင်တွေ့ရပါသည်။ တောင်ဘက်တွင် မရမ်းတောင်၊ ဘုရားသုံးဆူတောင်များ၊ မြောက်ဘက်တွင်ကား ကျိုက်ထီးရိုးဘုရား၊ ကျိုက်ထီးရိုးဘုရားတောင်နှင့် သီဟိုဠ်ခြံများကို ဖူးတွေ့ရပါသည်။

သုဝဏ္ဏဘုမ္မိမှ သာသနာပြုအရှင်သောနနှင့် အရှင်ဥတ္တရမထေရ်မြတ်နှစ်ပါးသည် ကျိုက်ထိုမြို့အနီးသို့ကြွရောက်ကာ တောင်ထိပ်သုံးခုတွင် ဗုဒ္ဓဆံတော်သုံးဆူကို ဌာပနာကာ ကျောက်စေတီငယ်သုံးဆူတည်ခဲ့ကြောင်း၊ သေက္ခတောင်၊ မရမ်းတောင်၊ မောရတောင်တို့ဖြစ်ကာ နောင်တွင် မောရတောင်ကို ဘုရားသုံးဆူတောင်ဟု ခေါ်လာကြကြောင်း ဘုရားသမိုင်းတစ်ခု၌ ဖတ်သားရဖူးပါသည်။

သေက္ခတောင်သည် ကမ္မဋ္ဌာန်းတရားရှုပွားသူသေက္ခပုဂ္ဂိုလ်တို့နေရာဖြစ်





www.burmeseclassic.com

www.burmeseclassic.com

၍ သေကျွတောင်ဟု ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်သည်။ ယခုလည်း ကမ္မဋ္ဌာန်းတရားပွားများကျင်ကြံကြသော ရဟန်းနှစ်ပါး၊ သုံးပါး မပြတ်တော့ရှိပါသည်။ သေကျွတောင်ကို ရောက်သောအခါ ကမ္မဋ္ဌာန်းတရားနှင့်စပ်လျဉ်း၍ ပဏ္ဍိတဝေဒနီယကျမ်းကို သတိတရရှိမိသည်။ ကျွန်တော်သည် ၉ - ၂ - ၁၉၉၅ တွင် ချင်းတောင်ပေါ်ရှိ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ဦးဥတ္တမသာရ ကျောင်းတွင်ခေတ္တနေရခိုက် ဆရာတော်ဘုရားကြီး၏ဘုရားကျောင်းဆောင်တွင် ပဏ္ဍိတဝေဒနီယကျမ်းကို ဖူးတွေ့ရလေသည်။

**□ ပုဂ္ဂိုလ်ထူး**

ပဏ္ဍိတဝေဒနီယကျမ်းကြီးသည် ကမ္မဋ္ဌာန်းအလုပ်နှင့်စပ်လျဉ်း၍ အထင်ရှားဆုံးဖြစ်ပါသည်။ ကသိုဏ်းရှုပွားနည်းများအတွက် ဤကျမ်းစာအုပ်လောက် ပြည့်စုံသောကျမ်းသည် မရှိ။ အဘိဓာဉ်လမ်းကိုလိုက်လိုသူတို့အတွက် စိတ်ဝင်စားဖွယ် အထူးကောင်းလှသည်သည်။ သက်ရှိ၊ သက်မဲ့လောကဓာတ်တစ်ခုလုံးကိုခြုံ၍ ဓာတ်(၆)ပါး ရှုပွားပုံမှာလည်း လယ်တီဆရာတော်ဘုရားကြီး၏စာများထက်ပင် ပြည့်စုံလှပါပေသည်ဟု ပုဂ္ဂိုလ်အချို့က ပြောဆိုခဲ့ပြီး ထင်ရှားလှစွာသော ပဏ္ဍိတဝေဒနီယကျမ်းကြီးကိုပြုစုသူမှာ သေကျွတောင်ဆရာတော်ဖြစ်သော ဦးတိလောကပင်ဖြစ်သည်။ ဆရာတော်ဦးတိလောကသည် ပဏ္ဍိတဝေဒနီယကျမ်းကြီးကို ပြုစုခဲ့သဖြင့် နောင်သောအခါဝယ် ကျမ်းပြုဆရာအပေါင်းတို့၏ရှိသေလေးစားခြင်းခံရသောပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပါသည်။ ပဏ္ဍိတဝေဒနီယကျမ်းကြောင့်ပင်လျှင် ကျမ်းပြုစုသူအရှင်အား ပုဂ္ဂိုလ်မြတ်အဖြစ် ရည်ညွှန်းကာ ဤစာကို ရေးသားခဲ့ရခြင်း ဖြစ်ပါသည်။

**□ ကောက်ကြောင်း**

ဆရာတော် ဦးတိလောကသည် ခေါ်သန္တီရွာမှာ သူ၏မွေးဇာတိဖြစ်ကြောင်းကို ပဏ္ဍိတဝေဒနီယကျမ်းနိဂုံး၌ ကိုယ်တိုင်ရေးသားဖော်ပြထားပုံမှာ-

□ *ခေါ်သန္တီနာမတော၊ နိဗ္ဗာန်သဖွယ်၊ အကယ်စင်စစ်၊ ချမ်းသာသောရွာဖြစ်ခြင်းကြောင့် ခေါ်သန္တီဟု အမည်ရှိသော ဂါမေရွာမြတ်၌ တေတ္တိံဒွေကသာသမီသက္ကရာဇ် ၁၂၃၃ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ စနေနေ့ ညနေ သုံးချက်တီးအချိန်၌ အဟံ ငါသည် သုနိဋ္ဌယော ကောင်းစွာဘေးကင်းလျက် အမိဝမ်းတွင်းမှ ဖွားမြင်၏။*

ဟု ဆရာတော်ကိုယ်တိုင်ရေးသားထားသည်ကို တွေ့ရပါသည်။

ဆရာတော်လောင်းလျာကို မုံရွာခရိုင် ယင်းမာပင်မြို့နယ် ဗန့်ကျီတိုက်နယ် (ရှေးအခါက ပန်းချီတိုက်ဟုခေါ်သည်) ခေါ်သန္တီကျေးရွာတွင် ဖွားမြင်သည်။ ဆရာကြီးလယ်တီဦးလှပိုင် ရေးသော 'လယ်တီဂန္ထဝင်ကျော်များသမိုင်း' စာအုပ်တွင် 'အမိ၊ အဖအမည်ကိုဖော်ပြနိုင်ရန် စုံစမ်းလျက်ရှိပါသည်' ဟုပါရှိပြီး ဓမ္မာစရိယဦးဌေးလှိုင်၏ 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ' စာအုပ်တွင် ဦးတက်ဖြိုး၊ ဒေါ်သီတို့မှ ဖွားမြင်သည်။ အဘ သူဌေးမျိုး၊ အမိ မင်းဆွေမျိုးဟု ဆိုပါသည်။ မွေးသက္ကရာဇ်မှာ ၁၂၃၃ ခု၊ တန်ဆောင်မုန်း လဆန်း ၉ ရက်၊ (အေဒီ. ၁၈၇၁ခု၊ အောက်တိုဘာလ ၂၁ ရက်) ဖြစ်ပါသည်။ ငယ်အမည်မှာ မောင်ထွန်းဝဖြစ်ပါသည်။ မွေးချင်းများရှိခဲ့သည်။ ကိုပေါလှ၊ မအေးမြိုင်နှင့် မအေးခိုင်တို့ဖြစ်၏။ ယခုတိုင် ဆရာတော်၏ မျိုးနွယ်များ ခေါ်သန္တီကျေးရွာတွင် ရှိပါသေးသည်။

အေဒီ ၁၈၉၁ ခု၊ ဇူလိုင်လ (၁၂၅၃ ခုနှစ်၊ နယုန်လ) တွင် ခေါ်သန္တီရွာအနီး ငှက်ပျောတောမြောက်ကျောင်း ဆရာတော် စာတော်ပြန် တိပိဋကရေ ဦးဇဝနအား ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်လေသည်။ ရဟန်းဘွဲ့တော်မှာ အရှင်တိလောကဖြစ်ပါသည်။ ငှက်ပျောတောမြောက်ကျောင်းဆရာတော် ဦးဇဝနနှင့် ငှက်ပျောတောတောင်ကျောင်းဆရာတော် ခင်ကြီးဆန်းတို့ထံတွင် စာပေပရိယတ္တိများသင်ကြားခဲ့သည်။

**□ သာသနာခရီးအစ**

ရဟန်းတော် ဦးတိလောကသည် ၁၂၅၃ ခုနှစ်၊ ဝါဆိုလတွင် ပညာရှာဖွေရန်ထွက်ခဲ့ရာ လယ်တီဆရာတော်ဘုရားကြီးရှိရာ မုံရွာသို့ ထိုနှစ်၊ ထိုလတွင် ရောက်ခဲ့သည်။ လယ်တီသို့ရောက်သောအခါ ဦးတိလောကသည် ပဒရူပသိဒ္ဓိ၊ သဒ္ဒနီတိ စသော ဗျာကရုဏ်းကျမ်းကြီးများနှင့်ဌာကွ ပိဋကသုံးပုံ၊ နိကာယ်ငါးရပ်တို့ကို သင်ကြားခဲ့လေသည်။ ထိုအချိန်တွင် ဦးတိလောကသည် နေ့ညမပြတ်လေ့လာခဲ့ရာ ကျမ်းပေါက်ခဲ့လေသည်။

ရဟန်းတစ်ဝါအရတွင် ပရိတ္တဋီကာသစ်ပါဌ်ကို ရေးသားသည်။ နှစ်ဝါအရတွင် ပိဋက၊ နိကာယ်အစုံတို့ကို ချောက်ချားအောင် တတ်မြောက်သည်။ ရဟန်းငါးဝါအရတွင် 'နေက္ခမပဋိပဒါနဒီပနီကျမ်း' ကို စီရင်လေသည်။ ထိုစဉ်က လယ်တီကျောင်းတိုက်ကြီးမှာ ဝါးမိုး၊ ဝါးကာကျောင်းမျှသာရှိသေး၏။ ဦးတိလောကသည်လည်း ဝါးကျောင်းတွင်ပင် သီတင်းသုံးခဲ့ရလေသည်။

ထိုခေတ်အခါက (အေဒီ ၁၈၉၆ ခု) ရေနံဆီမီးအိမ် ဟူ၍ပင် မရှိသေးချေ။ လက်ဆွဲမီးအိမ်ရိုးရိုးများကိုသာ သုံးကြလေသည်။ ထိုမီးအိမ်ကို ပုဏ္ဏားဆီမီးအိမ်ဟု ခေါ်ကြသည်။ ဦးတိလောကသည်လည်း ပုဏ္ဏားဆီမီးအိမ်ကို နေ့စဉ်ပွတ်တိုက်ပြင်ဆင်၍ စာကြည့်လေသည်။ ညအခါ ပေစာတို့ကိုကြည့်၍ကောင်းတုန်း မီးစာကုန်ဆီခန်းဖြစ်ရလေသည်။ ထိုဒုက္ခကို ဦးတိလောကသည် သည်းမခံနိုင်ချေ။ စာထဲတွင် စျာန်ဝင်နေသဖြင့် ပုဏ္ဏားဆီမီးအိမ်၏ ခရီးမတွင်မှုကို သည်းမခံနိုင်ဖြစ်လာတော့၏။ ထို့ကြောင့် ရေနံဆီပုံးကြီးတစ်ခုကိုရှာ၏။ ရေနံဆီအပြည့်ထည့်၏။ ပြီးတော့ ထောင့်တစ်ထောင့်မှာ အပေါက်ကြီးတစ်ပေါက်ဖောက်လိုက်သည်။ သက်နံးကိုဆုတ်၏။ လက်ညှိုးခန့်ကြီးသော မီးစာကြီးလုပ်ကာ သုံးလေသည်။ ထိုရေနံဆီပုံးကြီးဖြင့် ညလုံးပေါက် စာကြည့်ခဲ့သည်။ ဆရာတော်သည် ညအခါတွင် အိပ်စက်ခြင်းမရှိသလောက်နည်းသဖြင့် ရက်တွေ၊ လတွေကြာလာသောအခါ ဦးတိလောကတွင် မျက်စိဝေဒနာစွဲကပ်လာသည်။ သို့သော်လည်း ဦးတိလောကသည် စိတ်မပျက်ဘဲ စာကိုကြည့်မြဲကြည့်၏။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်လေသည်။ မျက်လုံးနှစ်ဖက်တို့မှာ နီရဲလာ၏။ ကျီးအာသီးများမှည့်၍လာသကဲ့သို့ နီရဲလာသည်။ ထိုသို့မျက်စိဝေဒနာကြီးစွဲကပ်လာသော်လည်း စာကိုကြည့်မြဲကြည့်၏။ ထိုအခါ အလွန်သနားဖွယ်ကောင်း၏။ အံ့ဩဖွယ်လည်းကောင်း၏။ မျက်လုံးနှစ်ဖက်မှ လည်းကောင်း၊ နှာခေါင်းဝမှလည်းကောင်း သွေးများယိုစီး၍ကျလာသည်။ ထိုသို့သော သီတင်းဆိုးကြီး (ဝါ) သတင်းကောင်းကြီးကို လယ်တီဆရာတော်ကြီး ကြားသိသောအခါ အံ့ဩလျက် ဝမ်းသာ၊ ဝမ်းနည်းဖြစ်မိသော်လည်း ဦးတိလောက၏ ဇွတ်တရွတ်ဝါသနာကို ချွတ်မှုဖြစ်မည်ဟု ဆိုပြီးလျှင် လယ်တီဆရာတော်ကြီး အမိန့်တော်ထုတ်ကာ -

'ဦးတိလောက၏အနီး၌ရှိသော



www.burmeseclassic.com

www.burmeseclassic.com

ကမ္မလွေစာထုပ်များကို တစ်ထုပ်မကျန် အမြန်သိမ်းဆည်း၍ ငါ့ထံယူခဲ့ရမည်'

ဟု အမိန့်ထုတ်လိုက်လေသည်။

လယ်တီဆရာတော်ကြီး၏အမိန့်ဖြစ်သဖြင့် မည်သူမျှတင်း၍မခံနိုင်ချေ။

ဦးတိလောကသည် ကမ္မလွေစာထုပ်များမရှိသဖြင့် စာမကြည့်ရတော့ချေ။ ထို့ကြောင့် တရားစကားဘက်သို့ လှည့်ရသည်။ သူ့ထံသို့ ဘယ်သူလာလာ ဝမ်းမြောက်ဝမ်းသာဖြင့် တရားဟောလေ့ရှိပါသည်။ ဤသို့ဖြင့် လတွေ၊ ရက်တွေ ကြာညောင်းလာသောအခါ မျက်စိဝေဒနာက ပျောက်ကင်းခဲ့သည်။ သို့သော်လည်း လယ်တီဆရာတော်ကြီး၏ အမိန့်အရ အချိန်မှန်မှန်စာကြည့်ရုံမှတစ်ပါး ယခင်ကကဲ့သို့ ရေနံဆီပုံးကြီးတွင် မီးစာကြီးတပ်ကာ စာကြည့်ခွင့်မရတော့ချေ။ စာကိုလည်း အချိန်များစွာ ကြည့်ခွင့်မရတော့ချေ။ ဦးတိလောကသည် ဉာဏ်ထက်သလောက် ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားလှပေသည်။ ထိုအချိန်၌ ဦးတိလောကသည် ရည်ရွယ်ချက်တစ်ခုရှိ၍ ကျမ်းတစ်ကျမ်းကို မအိပ်မနေ ပြုစုနေသောအချိန်ဖြစ်ပေသည်။ ထိုကျမ်းကား 'နေကွမ္မဝိဓာနဒီပနီ' ဖြစ်ပေသည်။

စင်စစ် ထိုအချိန်ကား စာပေပရိယတ္တိကို လိုလေသေးမရှိ လေ့လာပြီး၍ တောထွက်ရန် အရှိန်ယူနေခိုက်ဖြစ်၍ နေကွမ္မဇ္ဈသယ (တောထွက်လိုသော ဆန္ဒများ) တက်ကြွနေချိန် ဖြစ်ပါသည်။ ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးပြောင်းမည့်ဆဲဆဲဖြစ်သည်။ မျက်စိရောဂါလည်း လုံးဝပျောက်ကင်းသွားသည်။

ရွှေပင်နား ရွှေကျေး ဟူသကဲ့သို့ လယ်တီဆရာတော်ဘုရားကြီးနှင့် လယ်ပွန်းတတီးနေရသူဖြစ်၍ ဆရာတော်ကြီး၏ဓာတ်များလည်း ကူးစက်နေပုံရသည်။ လေးထောင့်သံဖြူပုံးမီးခွက်ကြီးနှင့် စာကြည့်၊ စာရေးသည်မှာ ဆရာတော်ကြီးလည်း ထို့အတူဖြစ်၍ သာသနာ့ဂုဏ်ဆောင်ရဟန်းထူးကြီးများ ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဆရာစန္ဒထံတွင် စာရေးသူရှိနေစဉ်က ဆရာစန္ဒပြောဖူးသည်မှာ -

မန္တလေးမြို့ ပလိုင်းရပ်နေ စက်ဆရာ ဦးသာထွန်းသည် လယ်တီဆရာတော်ကြီးထံတွင် သာမဏေဘဝဖြင့်နေစဉ် မြင်တွေ့ခဲ့ရသည်မှာ လယ်တီဆရာတော်ကြီးကား နောင်ကာလတွင် မီးကိုပင်မထွန်းညှိတော့ဘဲ မျက်လုံးတော်အစုံမှထွက်ပေါ်လာသည့် အလင်းရောင်ဖြင့် ညအခါ စာရေးလေသည်ဟု ။ မည်သို့ပင်ဖြစ်စေ ဆရာတော်ဘုရားကြီးသည် ဦးတိလောက၏ ပရိယတ္တိအရည်အချင်းများကိုသာမက ပဋိပတ္တိအရည်အချင်းများကိုပါ အတွင်းကျကျရိပ်စားသိရှိနေပုံရသည်။ ထို့ကြောင့် ဦးတိလောက၏ စာအုပ်စာတမ်းကို အသိမ်းအဆည်းခံလိုက်ရပြီး ပဋိပတ်ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်တော့ဟု သတိပေးလိုက်သကဲ့သို့ရှိလေသည်။ထိုအချိန်မှစ၍ ကမ္မဋ္ဌာန်းတရားရှုပွားလေသည်။ သက်တော်ကား (၂၅) နှစ်မျှသာရှိသော ဦးတိလောကကား တစ်ဖက်က စာချရင်း ညအချိန်၌ ရဟန်းတရားကို အထူးကြိုးစားတော်မူလေသည်။

ထိုခေတ်က လယ်တီတောအုပ်တွင် အခြောက်အလှန့်များလှသည်။ သရဲမကြီးတစ်ဦး ကျောင်းလှေကား၌ မကြာခဏ လာရောက်အိပ်နေတတ်သည်။ သရဲမကြီးက ဦးတိလောကအား စမ်းသပ်ပုံမှာ -

ဦးတိလောကသည် ဝါးကျောင်းငယ်တွင် သီတင်းသုံးနေစဉ်ကဖြစ်သည်။ ထိုဝါးကျောင်းငယ်တွင် လှေကားသုံးဆင့်ရှိသည်။ တစ်နေ့သောအခါ ထိုသရဲမသည် ထိုလှေကားသုံးဆင့်ကို အုပ်မိအောင် သူ၏လျှာကို အရှည်ကြီးပြုလုပ်လျက် ဖြန့်ခင်းထားလေ၏။ဦးတိလောကသည် ထိုသရဲမကြီးကိုတွေ့သော်လည်း တုန်လှုပ်ခြင်းမရှိ။ စာကြည့်နေရင်းဖြစ်သဖြင့် အနားတွင်ရှိသော ပေထုပ်ကျမ်းကိုယူပြီးလျှင် လာ၍ရှုပ်သော ထိုသရဲမကြီးကို ရိုက်မည်ဟုပြုလိုက်သောအခါ သရဲမကြီးသည် ဦးတိလောကကိုခြောက်လှန့်ခြင်းမဟုတ်၊ ပညာပြိုင်ခြင်းလည်းမဟုတ်၊ သမာဓိစမ်းသပ်ရုံမျှသာဖြစ်သဖြင့် သရဲမသည် ကြောက်ကြောက်လန့်လန့်ဖြင့် အလျင်အမြန် ထွက်ပြေးရလေသည်။

## ▫ ပြောစမှတ်ကျန်နေသော ထူးခြားချက်တစ်ခု

၁၂၅၉ ခုနှစ်၊ သက်တော် (၂၆) နှစ်အရွယ် မိုးမှောင်ကျသောညတစ်ညတွင် ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်အိပ်မောကျနေချိန် ဆရာတော်ကြီးကား အတောင်ခြောက်ဆယ်ရှည်သည့်စင်္ကြံကျောင်းထိုက်၌ လမ်းလျှောက်တော်မူသည်။ ဦးတိလောက သီတင်းသုံးနေသော ထနောင်းပင်အနီးရှိ ဝါးကျောင်းကလေးသို့ ဆရာတော်ကြီးလှမ်းကြည့်မိသောအခါ စကြီလျှောက်နေသော ခြေလှမ်းများ ရပ်တန့်သွားသည်အထိ အံ့ဩသွားသည်။အကြောင်းမှာ ဦးတိလောကနေသော ကျောင်းတစ်ဆောင်လုံး မီးထွန်းထားခြင်းမရှိဘဲ အောက်လင်းဓာတ်မီးထွန်းထားဘိသကဲ့သို့ လင်းထိန်နေသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။ ထိုညမှ လေးရက်ခန့်ကြာသောအခါ လူသူရှင်းခိုက် ဆရာတော်ကြီးမှ ဦးတိလောကကိုခေါ်တော်မူပြီး -

"မောင်တိလောက၊ မင်းလည်း စာသင်စာချနဲ့ ပရိယတ္တိဘက်ကတော့ ပြည့်စုံသွားပြီ။ အခုအချိန်ကစပြီး ငါ့ကျောင်းမှာနေဖို့မသင့်တော့ဘူး။ သွားလိုရာသွားနိုင်တယ်"

ဟု မိန့်တော်မူပါသည်။

ဦးတိလောကက -

"မှန်လှပါ ဘုရား"

ဟူ၍ ပြန်လည်လျှောက်တင်ကာ နောက်တစ်ရက်တွင် သပိတ်တစ်လုံး၊ သက်န်းသုံးထည်နှင့် ရေးသားပြုစုလက်စ 'နေကွမ္မဝိဓာနဒီပနီစာမူ' ကိုယူကာ လယ်တီတိုက်မှထွက်ခွာရန်ကျောင်းလေးမှဆင်းလာခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီးအား ဝင်ကန်တော့စဉ် -

"တပည့်တော် ဤလယ်တီတိုက် ဆရာတော်ဘုရားထံ ကောင်းကင်မှလာနိုင်မှ ရောက်ပါတော့မည် ဘုရား"

ဟု လျှောက်၍ ထွက်သွားလေသည်။

ဦးတိလောကသည် တရားသမာဓိများအလွန်ကောင်းနေပြီဖြစ်၍ လယ်တီတိုက်တွင် ပရိသတ်များအကြားမှာနေလျှင် သမာဓိများယုတ်လျော့သွားမည်စိုး၍ လယ်တီဆရာတော်က ထိုသို့အမိန့်ရှိသည်ကို ဦးတိလောကက မိမိအား မနေစေချင်၍ နှင်သလောဟု စိတ်ခုသွားကြောင်း လယ်တီဆရာတော်ဘုရားကြီးက ပျော်ဘွယ် ဆရာသက်ကြီးအား တစ်နေ့တွင် ပြောပြဖူးကြောင်း သိရှိရပါသည်။

(ကျမ်းကိုး - အဂ္ဂမဟာပဏ္ဍိတ စာပေ၊ ပါရဂူကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးဘဒ္ဒန္တဉာဏဓဇ(၁၈၄၆-၁၉၂၃)၏ တပည့်ရင်းဖြစ်သူ အနာဂါမ်ဆရာသက်ကြီး (၁၈၇၃-၁၉၄၅) က ထိုအကြောင်းများကို ပြန်ပြောသဖြင့် ဆရာကြီးဦးဌေးလှိုင်ထံမှတစ်ဆင့် ပြန်လည် သိရှိရပါသည်။)

မည်သို့ဆိုစေကာမူ ဤဖြစ်ရ

www.burmeseclassic.com



သည် သေက္ခတောင်ဆရာတော် ဦးတိလောက၏ နုစဉ်ဘ၀ကပင် ထူးခြားသောအချက်များကို သိသာထင်ရှားစေခဲ့ပါသည်။

**သာသနာ့မှတ်တမ်းကျမ်းကြီးများစွာ**

သေက္ခတောင် ဆရာတော် ဦးတိလောကသည် ရဟန်းပြုပြီးနောက် စာပေပရိယတ္တိသင်ယူရင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းရင်း အနားယူသည့်အချိန်များတွင် နောင်လာနောင်သားတို့အတွက် စာပေကျမ်းဂန်များကို ရေးသား ပြုစုခဲ့သည်။

ခေါ်သန္တိကျောင်း ဆရာတော် ဦးသုမင်္ဂလ၏မှတ်တမ်းများအရ သေက္ခတောင်ဆရာတော် ဦးတိလောက ရေးသားပြုစုခဲ့သော ကျမ်းပေါင်း (၁၄) ကျမ်းမှာ -

၁။ နိက္ခမဝိဓာနဒီပနီကျမ်း
(၁၂၅၈ ခု၊ အေဒီ ၁၈၉၆ ခု)
၂။ အရိယာမဂ္ဂဒီပနီကျမ်း
(၁၂၆၂ ခု၊ အေဒီ ၁၉၀၀ ပြည့်)
၃။ အနေကဇာတင်ပါဠိနိဿယကျမ်း
(၁၂၆၃ ခု၊ အေဒီ ၁၉၀၀ ခု)
၄။ ဓမ္မရာသီကျမ်း
(၁၂၆၆ ခု၊ အေဒီ ၁၉၀၄ ခု)
၅။ ပဏ္ဍိတဝေဒနိယဒီပနီကျမ်း
(၁၂၆၇ ခု၊ အေဒီ ၁၉၀၅ ခု)
၆။ သုမေဓာသုမိတ္တာဗျာဒိတ်ခန်း
(၁၂၇၂ ခု၊ အေဒီ ၁၉၁၀ ပြည့်)
၇။ အန္တရာယ်ကင်းမဟာပရိတ်တော်ကြီး
(၁၂၇၂ ခု၊ အေဒီ ၁၉၁၀ ပြည့်)
၈။ အဘိဓမ္မတ္တပကာသနီကျမ်း
(၁၂၇၅ ခု၊ အေဒီ ၁၉၁၃ ခု)
၉။ ပစ္စယတ္တ ပကာသနီကျမ်း
(၁၂၇၅ ခု၊ အေဒီ ၁၉၁၃ ခု)
၁၀။ တိုင်းကြီးသောင္ဃသမြေပုံငယ်ကျမ်း
(၁၂၈၀ ပြည့်၊ အေဒီ ၁၉၁၈ ခု)
၁၁။ သောင္ဃသရဋ္ဌဒီပနီကျမ်း
(၁၂၈၀ ပြည့်၊ အေဒီ ၁၉၁၈ ခု)
၁၂။ လယ်တီထေရ်ဗျာပနဝိနိစ္ဆယကျမ်း
(၁၂၈၆ ခု၊ အေဒီ ၁၉၂၄ ခု)
၁၃။ နိရုတ္တိပဒဗျူဋ္ဌနပါဠိ
(၁၂၈၆ ခု၊ အေဒီ ၁၉၂၄ ခု)
၁၄။ စတုဗ္ဗိဓဗျာကရဏကျမ်း
(၁၂၈၈ ခု၊ အေဒီ ၁၉၂၆ ခု)

အခြားသောမင်္ဂလာအဆုံးအဖြတ်ဝိနိစ္ဆယနှင့် ကဗျာရတုများ၊ ဘုရားရှိခိုးအမျိုးမျိုးနှင့် သီဟနာဒသုတ်၊ ယသော်ဓရာဆုတောင်းခန်း စသော ကျမ်းစာအုပ်များပါရေးခဲ့သည်ဟု အချို့စာများကဆိုသည်။ အချို့လည်း ပုံနှိပ်အဆင့်ရောက်သည်။ အချို့လည်း ပုံမနှိပ်ရသေးချေ။

(မှတ်ချက်-သေက္ခတောင်ဆရာတော် ဦးတိလောက၏ အတ္ထုပ္ပတ္တိကို စာပြုစာဆိုပုဂ္ဂိုလ်ကျော်များ ကျမ်း၌ မတွေ့ရပါ။ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်း၊ မြန်မာစာပေသမိုင်းကျမ်းတို့၌လည်း မတွေ့ရပါ။ ဆရာတော်၏ ကျမ်းတို့သည် လေးနက်ခက်ခဲသော လောကုတ္တရာ၊ ပိဋကတ်ရေးဆိုင်ရာနှင့်ယှဉ်သော ကျမ်းများပင်ဖြစ်၍လော စဉ်းစားဖွယ်ဖြစ်ပါသည်။)

သမာဓိအလွန်ရင့်ကျက်လာသော ဦးတိလောကသည် ၁၂၅၉ ခု၊ အေဒီ ၁၈၉၇ မှစ၍ လယ်တီတောရကျောင်းတိုက်မှထွက်ခဲ့သည်။ ထို့နောက် အထက်အညာ ချင်းတွင်းမြစ်ဖျားအရပ်သို့ ကြွရောက်၍ တရားအားထုတ်ခဲ့သည်။ ယင်းနောက် ငှက်ဖျားထူသောထိုအရပ်များကိုစွန့်ခွာလျက် တစ်တောဝင်တစ်တောထွက်ကျင့်ကြံခဲ့ရာ ရန်ကုန်မြို့ ပုဇွန်တောင်ရှိ နေဒ်မံကျောင်းကြီးတိုက်သို့ရောက်ရှိလာသည်။ ထိုအချိန် ဦးတိလောကအား နေဒ်မံကျောင်းကြီးတိုက် အုပ် စာချပုဂ္ဂိုလ်တို့က ပညာစမ်းကြလေသည်။ဦးတိလောကသည် မေးလေတိုင်း ဒိုးဒိုးဒေါက်ဒေါက် ဖြေစွမ်းပြနိုင်လေသည်။ မဖြေနိုင်စွမ်းမရှိ ဟူ၍ဖြစ်သည်။ ဦးတိလောကက ပြန်လည်မေးသောအခါ တိုက်အုပ်စာချဆရာတော်တို့ ဖြေဆိုရန်မစွမ်းနိုင်ကြတော့ချေ။ ထို့ကြောင့် နေဒ်မံကျောင်းကြီးဆရာတော်က -

"ကိုယ်တော်တို့၊ အညာပခန်းနယ်က ရဟန်းငယ်ကို မစမ်းကြလေနှင့်။ ပညာဉာဏ်စမ်းက ထက်မြက်လှပါပေ



www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဟူ၍ မိန့်တော်မူသည်။

ဦးတိလောကသည် နော်မံကျောင်းကြီးတိုက်တွင် တည်းခိုသည်မှာ နော်မံကျောင်းကြီးဆရာတော်ကြီးသည် ပန်းချီ (ဗန့်ဂို) တိုက်နယ်သား ဖြစ်ပေသည်။ နောင်သောအခါတွင် ကျိုက်ထိုမြို့အရှေ့ဘက်တွင်ရှိသောသေကျွပဗ္ဗတမည်သော သေကျွတောင်သို့ရောက်ရှိလာပါသည်။ သေကျွတောင်သို့ရောက်သောအခါမှာလည်း ထုံးစံအတိုင်းပင် ဦးတိလောကသည် နေ့မသိ၊ ညမသိ၊ နေ့မရှိ၊ ညမရှိ တရားကိုသာ တွင်တွင်ကြီးအားထုတ်လေသည်။ ထိုတောင်ပေါ်တွင် သက်ငယ်မြက်မိုးဝါးကျောင်းကလေးတစ်ဆောင်ဆောက်လုပ်ပြီး ထိုဝါးကျောင်းမှာပင် ထူးထူးကဲကဲ တရားအားထုတ်ခဲ့လေသည်။ ဆွမ်းအာဟာရကို ဖြတ်လျက် မတ်တတ်မှ လဲလုမျှကျင့်ကြံအားထုတ်ခဲ့သည်။ သေကျွတောင်တွင် လိုဏ်ဂူတစ်ဂူရှိသည်။ ဦးတိလောကသည် ထိုလိုဏ်ဂူအတွင်းတံခါးကိုပိတ်လျက် ဆွမ်းအာဟာရဖြတ်၍ ကျင့်ကြံအားထုတ်ခဲ့သည်။ ဦးတိလောကသည် ပြင်းထန်သောလုံ့လဖြင့် မဟာတပခေါ် အကျင့်မြတ်ကိုကျင့်၍နေခဲ့လေသည်။

ထိုကျောင်းတွင် ဆွမ်းတစ်ထပ်မျှဘုဉ်းပေးလေသည်။ ဤသို့အားထုတ်၍ တစ်နှစ်ကြာသောအခါ မုံရွာမြို့ လယ်တီဆရာတော်ဘုရားထံသို့ စာတစ်စောင်ရေးသားလျှောက်ထားခဲ့ပါသည်။ ထိုစာတွင် -

"တပည့်ကော်သည် ယခုနေအခါ အမှီသဟဲရခဲ့ပါလျှင် ရဟန်းကိုစွန့်ခွာမောပါတော့မည်"

ဟု ပါရှိလေသည်။

လယ်တီဆရာတော်ဘုရားသည် ဦးတိလောက၏လျှောက်လွှာအရ လယ်တီတောရတိုက်မှ တပည့်နှစ်ဦးနှင့်အတူ ၁၂၆၀ ပြည့်နှစ်၊ နတ်တော်လတွင် ကျိုက်ထိုမြို့သို့ ကြွလာခဲ့လေသည်။ ကြွရောက်သောခရီးစဉ်မှာ မုံရွာမှ မြင်းမူသို့ လှည်းဖြင့်လာရသည်။ မြင်းမူမှ မန္တလေးသို့ မီးသင်္ဘောဖြင့်လာ၍ မန္တလေးမှ ပဲခူးသို့ မီးရထားဖြင့်လာသည်။ ပဲခူးမှ ကျိုက်ထိုသို့လာ၏။ ကျိုက်ထိုမှ သေကျွတောင်သို့ ခြေကျင်ကြွသည်။ ဤသို့ဖြင့် ကုန်းတစ်တန်၊ ရေတစ်တန် ကြွရောက်ခဲ့လေသည်။

ဆရာတော်ကြီးသည် သေကျွတောင်ပေါ်သို့ရောက်သောအခါ တပည့်ကြီးဦးတိလောကနှင့်တွေ့ဆုံလေသည်။ ထိုအခါ ဦးတိလောက အားထုတ်သောတရားအစဉ်များကို မေးမြန်းစိစစ်တော်မူလေသည်။ ဈာန်မဂ်ဖိုလ်တရားတို့ကို ဧကန်ပင်ရနိုင်သည်ဟူသောဦးတိလောက၏ မျှော်လင့်ချက်ကြီးများမှုကို တွေ့မြင်ရလေသည်။ ထိုအခါ ထိုတောင်မှာပင် လယ်တီဆရာတော်ဘုရားကြီးက တရားအားထုတ်ပြတော်မူသည်။ ထိုသို့ တရားအားထုတ်ရာတွင် တစ်နေ့သောအခါ ဦးတိလောကအံ့ဩလောက်သော အဖြစ်အပျက်တစ်ရပ်ကို ရင်ဆိုင်ရလေသည်။ ရင်ဆိုင်ရပုံမှာ ဤသို့ဖြစ်ပါသည်။

သေကျွတောင် ဦးတိလောကသည် လယ်တီဆရာတော်ဘုရားကြီး တရားထိုင်တော်မူသည့် သစ်ခက်မိုး၊ ကမ္မဋ္ဌာန်းကျောင်းလေးသို့ အမှတ်မထင်ရောက်သွားသောအခါ ကြမ်းပေါ်မှ နှစ်တောင်လောက်မြင့်တက်လျက် ဈာန်ပျံနေသည့် လယ်တီဆရာတော်ဘုရားကြီးကို မျက်ဝါးထင်ထင် ဖူးတွေ့လိုက်ရလေသည်။ လယ်တီဆရာတော်ဘုရားကြီးသည်တင်ပျဉ်ခွေလျက်ရှိသည်။ မျက်လွှာချထားသည်။ တရားအားထုတ်နေသည်။ ကြမ်းပြင်နှင့် နှစ်တောင်ခန့်မြင့်တက်နေသည်။

ထိုကဲ့သို့ မြင်ရသူများအထဲတွင် ဦးတိလောကသာမကဘဲ ဦးပဏ္ဍိတ၊ ဦးဝိသုဒ္ဓ၊ ဦးသုမင်္ဂလတို့ပါ၏။ ပဏ္ဍိတမှာလည်း နှစ်ပါးရှိ၏။ ပဏ္ဍိတတစ်ပါးမှာ လယ်တီပဏ္ဍိတဖြစ်၍ အခြားပဏ္ဍိတတစ်ပါးမှာ မုံရွာမြို့အနီး ခိုသန်းရွာဇာတိ ဦးပဏ္ဍိတဖြစ်၏။ ခိုသန်းဦးပဏ္ဍိတမှာ နောင်အခါ လူဝတ်လဲသွား၏။ ခိုသန်းရွာ ဦးကျောင်းဒကာကြီးဖြစ်လာ၏။ အခြားပဏ္ဍိတမှာ လယ်တီပဏ္ဍိတဦးမောင်ကြီးဖြစ်လာခဲ့သည်။ ခိုသန်းရွာ ဦးပဏ္ဍိတက လယ်တီပဏ္ဍိတဦးမောင်ကြီးထက်(၄)နှစ်ကြီးလေသည်။

ထိုသို့သောအချိန်အခါတွင် လယ်တီဆရာတော်ကြီးသည် ဦးတိလောက၊ လယ်တီပဏ္ဍိတတို့နှင့်အတူ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားသို့ ဘုရားဖူးသွားရောက်ခဲ့လေသည်။ လျှိုမြောင်အထပ်ထပ်ကို ဖြတ်သန်း၍သွားကြရသည်။ ထိုအချိန်အခါက ကျိုက်ထီးရိုးဆံတော်ရှင်ဘုရားသို့အသွား လမ်းခရီးတွင် ဆင်ကြီးများရှိလေသည်။ ထိုဆင်ကြီးများမှာ ဘုံဘေဘားမားသစ်ကုမ္ပဏီမှ သစ်ထုတ်သူများပိုင်သောဆင်ကြီးများ ဖြစ်လေသည်။ ထိုဆင်ကြီးများထဲမှ ဆင်ရိုင်းကြီးတစ်ကောင်သည် ဆရာတော်၏ နောက်သို့ပြေး၍လိုက်လေသည်။ ထိုအခါ ဆရာတော်ကြီးနောက်တွင်လိုက်ပါလာသောတပည့်နှစ်ယောက်မှာ ခွနှစ်ခုရှိသောသစ်ပင်ကြီးပေါ်သို့ ပြေး၍တက်လေသည်။ ထိုသို့ ပြေး၍တက်သွားသူများထဲတွင် ဦးတိလောကလည်းပါဝင်လေသည်။ လယ်တီဆရာတော်ကြီးက မတုန်မလှုပ်ဆက်၍ကြွသွားတော်မူလေသည်။ ထိုသို့ကြွတော်မူရင်းကပင် -

"တောကျောင်းမှာနေပြီး ရဟန်းကိုစွန့်ခွာမောလုပါပြီ ဆိုတဲ့ ရဟန်းဟာ ဆင်လာနေတာကို ကြောက်နေရသေးသလား"

ဟု မိန့်တော်မူခဲ့လေသည်။

လယ်တီဆရာတော်ဘုရားကြီး မုံရွာသို့ပြန်ကြွတော်မူသောအခါ ဦးတိလောကသည် ထိုတောင်မှာပင် တရားဆက်၍အားထုတ်လေသည်။ ထိုအခါ သေကျွတောင်ဦးတိလောကသည်လည်း ဆရာတော်ကြီးနည်းကိုမှီ၍ ဈာန်ပျံခဲ့လေသည်။ ဤရွေ့ဤမျှထူးသော ဦးတိလောကဖြစ်ပါသည်။

**၁လက်တွေ့သိကြ အဘိညာဉ်ရသူ**

သေကျွတောင်ဆရာတော် ဦးတိလောကနှင့်စပ်လျဉ်း၍ အံ့ဩဖွယ်ကောင်းသောဖြစ်ရပ်ထူးတစ်ခုကို The Open Door (ဖွင့်ထားသောတံခါးကြီး)အမည်ရှိ အင်္ဂလိပ်လိုထုတ်ဝေသည့် ဗုဒ္ဓသာသနာ့သမာဂမအဖွဲ့စာစောင် အတွဲ(၁)၊အမှတ်(၃)၊ စာမျက်နှာ(၉)၌ ရေးသားဖော်ပြခဲ့ဖူးသည်။ ရေးသားသူမှာ အမြတ်ခွန်မင်းကြီး ဦးစံသိမ်း ဖြစ်သည်။ ဦးစံသိမ်းသည် နိုင်ငံတော်ဗုဒ္ဓသာသနာ့အဖွဲ့ပဋိပတ္တိဌာနခွဲ၏အတွင်းရေးမှူး၊ ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီက ညောင်တုန်းမြို့၌ ကူးစက်(ကပ်)ရောဂါကြီးဖြစ်ပွားသဖြင့် မြို့သူမြို့သားများက လယ်တီဆရာတော်ကြီးအား ပရိတ်မေတ္တာအကာအကွယ်ပြုရန် ပင့်ဆောင်ကြ၏။ ရောက်လျှင် ထုံးစံအတိုင်း ညစဉ်တရားဟောကာ ရောဂါကာကွယ်ရေးလုပ်ငန်းများကို လမ်းညွှန်ပြသတော်မူရသည်။ ဆရာတော်ကြီးပြန်ကြွမည်ပြုစဉ် ညောင်တုန်းမြို့၌ ရက်ရှည်သီတင်းသုံးကာ အဘိဓမ္မာဓာတ်ပညာနှင့် သမထဝိပဿနာတရားများ သင်ကြားပြသပေးပါရန် တောင်းပန်လျှောက်ထားကြရာ ဆရာတော်ကြီးက -

www.burmeseclassic.com

"ဒကာတို့၊ ဘုန်းကြီးမှာ ကိစ္စတွေများတယ်။ ဒီမှာနေဖို့အချိန်မရဘူး။ ဒါပေမယ့် အားတော့မငယ်ကြနဲ့။ ကျိုက်ထိုမှာ ဘုန်းကြီးတပည့် သေက္ခတောင်ဦးတိလောကရှိတယ်။ သူဟာ ဘုန်းကြီးလိုပဲ သာသနာပြုနိုင်ပြီး ဒကာတို့အလိုရှိတဲ့တရားကိုပေးနိုင်တယ်။ သွားပင့်ချေကြ။ဘုန်းကြီးကလွှတ်လိုက်တယ်လို့သာလျှောက်။ သာသနာအတွက် ဘုန်းကြီးကလွှတ်လိုက်တယ်ဆိုရင် သူလည်းမငြင်းချေဘူး။ လိုက်လာမှာသေချာတယ်"

ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ ညောင်တုန်းမြို့မှ ဒကာကြီးသုံးဦးသည် သေက္ခတောင်တောရသို့ရောက်ကြလေသည်။ ဆရာတော်ဦးတိလောကကို မဖူးတွေ့ရချေ။ အကျိုးအကြောင်းလျှောက်ထားကြသောအခါ ဆရာတော်၏တပည့်ရဟန်းက -

"ဆရာတော် ကျောင်းကထွက်သွားတာ လေး၊ ငါးရက်ရှိသွားပြီ။ ဘယ်ကြွသွားတယ်ဆိုတာ ဦးပဥ္စင်းမှာ ပြောပိုင်ခွင့်မရှိဘူး၊ ဒီလိုပဲကြွနေကျ။ ဒီအတွက် သိလည်းမသိချင်ကြပါနဲ့"

ဒကာကြီးသုံးဦးသည် မမျှော်လင့်သောစကားကိုကြားရ၍ စိတ်အပျက်ကြီးပျက်သွားကြသည်။ ထိုစဉ် ဒကာတစ်ဦးက ရုတ်တရက်အကြံရကာ -

"ဦးပဥ္စင်းဘုရား၊ တပည့်တော်တို့က ဟိုးအဝေးကြီး ညောင်တုန်းကနေလာရတာ။ တပည့်တော်တို့သဘောတစ်ခုတည်းနဲ့က ဖူးတွေ့ရရုံသက်သက်လာတာမဟုတ်ပါဘူး။ ဆရာတော်ဦးတိလောကရဲ့ဆရာ လယ်တီဆရာတော်ဘုရားကြီးရဲ့ အထူးညွှန်ကြားချက်အမိန့်တော်အရ သာသနာရေးကိစ္စအတွက် သွားပင့်ချေကြဆိုလို့ လာပင့်ရတာပါ"

ထိုအခါ ဦးပဥ္စင်းလည်း သက်ပြင်းချကာ -

"ကဲ၊ ကဲ - ဒကာကြီးများလာကြ"

ဟုခေါ်ကာ ကျောင်းဝင်းအထွက်သို့ရောက်အောင်ခေါ်လာပြီး တောင်၏ဆင်ခြေလျှောတောအုပ်သို့ သွားသောမထင်မရှား လူသွားလမ်းကလေးကို လက်ညှိုးထိုး၍ပြ၏။

"ဆရာတော် အဲဒီလမ်းကလေးကနေ တောထဲကြွသွားတာပဲ။ အဲဒီလမ်းအတိုင်းလိုက်သွားပြီး ဒကာတို့ဘာသာ ဆရာတော်ကို လိုက်ရှာချင်ရှာကြပေတော့"

ဟု ဆိုကာ ဦးပဥ္စင်းကျောင်းဘက်သို့ ပြန်လှည့်သွား၏။ ဒကာများလည်း ခေတ္တမျှရပ်ပြီးစဉ်းစားကာ ဒီရောက်လာပြီးမှတော့ တွေ့အောင်ရှာကြမယ်ဆိုတာအားလုံးသဘောတူတောထဲသို့လိုက်လံရှာဖွေကြသည်။

ထိုလမ်းကြောင်းကလေးအတိုင်း တောင်တော်ပေါ် သွားမိကြလျှင် တောအုပ်တစ်နေရာ၌ သစ်ရွက်၊ သစ်ခက်မိုးယာယီတဲကျောင်းသင်္ခမ်းလေးကို လှမ်းမြင်ကြရသည်။ ကျောင်းကလေးအနီးရောက်လျှင် သစ်ရွက်တံခါးလေးကိုဖွင့်ကြည့်ရာ ဖြစ်သလိုခင်းထားသောကြမ်းခင်းများပေါ်၌ တင်ပျဉ်ခွေထိုင်ကာ တည်ငြိမ်အေးချမ်းစွာ တရားရှုမှတ်နေသော ဆရာတော်ဦးတိလောကကို ဖူးတွေ့ကြရသည်။ ဒကာသုံးဦးတို့ ညင်သာစွာ ဆရာတော့်အနားသို့ တိုးကပ်သွားကြပြီး ရှိခိုးဦးချကြ၏။ အသက်ကို ပြင်းပြင်းမရှူရဲကြ။ အချိန်ကြာမြင့်လျှင် ဒကာတစ်ဦးက သူ၏အဖော်အား လက်တို့ပြီး တိုးတိုးလေးပြော၏။

"ငါကြားဖူးတယ်၊ အဓိဋ္ဌာန်သမာဓိအားကောင်းပြီး ဝသီဘော်နိုင်နင်းတဲ့ ပုဂ္ဂိုလ်များဟာ ဈာန်ဝင်စားနေတုန်းမှာ ဣရိယာပုတ်ကို ဘယ်လိုမှနှောင့်ယှက်မရအောင် ထိန်းသိမ်းနိုင်ကြသတဲ့။ ဘယ့်နှယ်လဲ - ဟုတ်၊ မဟုတ် ဆရာတော်ကို စမ်းကြည့်ကြရအောင်"

ပြောပြောဆိုဆို မျက်ရိပ်မျက်ခြည်ပြကြပြီး မြေကြီးမှ တစ်တောင်ကျော်ခန့်မြင့်သည့် ဆရာတော်ထိုင်နေသော ယာယီကြမ်းခင်းများကို တစ်ချောင်းပြီးတစ်ချောင်း အသာအယာဆွဲ၍နုတ်ကြလေ၏။ဆရာတော်ကား ထိုသို့ပြုလုပ်နေကြသည်ကိုသိပုံမရ။တုတ်တုတ်မျှမလှုပ်။ ဣရိယာပုတ်လည်း ပြောင်းလဲခြင်းမရှိ။ အံ့ဖွယ်ကောင်းသည်ကား ကြမ်းခင်းများအားလုံးထုတ်ယူပြီးသောအခါ ဆရာတော်မှာ မူလဣရိယာပုတ်အတိုင်း တင်ပျဉ်ခွေလျက် တစ်တောင်ခန့်မြင့်သော လေဟာပြင်၌ နေလျက်ရှိနေသည်ကို ဖူးတွေ့ကြရ၏။ဒကာများ မကြုံစဖူး အထူးအံ့သြကြသည်။ အတန်ကြာကြည်ညိုပြီးနောက် ကြမ်းခင်းများကို တစ်ချောင်းချင်းအသာအယာပြန်ခင်းပေးကြသည်။ ဆရာတော်အားလည်း ဦးချတန်တော့ကာ နုတ်ကတွတ်တွတ်ရွတ်ဆိုတောင်းပန်ကြ၏။ အချိန်အတန်ကြာသောအခါ ဒကာတစ်ဦးက အသံမြှင့်၍ -

"ဆရာတော်ဘုရား၊ လယ်တီဆရာတော်ဘုရားကြီးရဲ့အမိန့်တော်အရ ညောင်တုန်းမြို့က တပည့်တော်များအရှင်ဘုရားကိုလာပင့်ကြတာပါဘုရား"

ဟု လျှောက်ထားလိုက်မှ ဆရာတော်သည် မှိတ်ထားသော မျက်လုံးအစုံကို အသာအယာဖြည်းညင်းစွာဖွင့်ကြည့်တော်မူ၏။ အကျိုးအကြောင်းလျှောက်ထားမေးမြန်းပြီး နောက်တစ်ရက်တွင် ညောင်တုန်းမြို့သို့ ကြွတော်မူသည်။ အထက်ပါဖြစ်ရပ်ကား သေက္ခတောင်ဆရာတော်ဦးတိလောက၏သီလ၊သမာဓိ၊ပညာကို ကြည်ညိုဖွယ်ရာအကြောင်းများထဲမှ တစ်ခုအပါအဝင်ဖြစ်ပေသည်။

ဆရာတော် ဦးတိလောကသည် အေဒီ ၁၉၃၁ ခု၊ ဩဂုတ် ၂၆ ရက်နေ့၊ ဗုဒ္ဓဟူးနေ့ (၁၂၉၃ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်) ညဉ့်နာရီပြန် (၂)ချက်တီးအချိန်၊ သက်တော် (၆၀) အရွယ်တွင် လေနာရောဂါဖြင့် ကျိုက်ထိုမြို့နယ် သေက္ခတောင်၌ပင်ပျံလွန်တော်မူသည်ဟု ဆရာကြီးလယ်တီဦးလှပိုင်က အတိအကျ မှတ်တမ်းပြုခဲ့ပါသည်။ ဆရာတော်၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ထိုနှစ်တပေါင်းလတွင် (အခမ်းအနားမလုပ်ဘဲ) သေက္ခတောင်ပေါ်၌ အထိမ်းအမှတ်အဖြစ် အုတ်တိုက်ကြီးတစ်တိုက် တည်ဆောက်ကာ ဈာပနပွဲကျင်းပခဲ့သည်။ သေက္ခတောင်ဆရာတော်ဦးတိလောကကား လယ်တီဆရာတော်ဘုရားကြီးကဲ့သို့ပင် ပဋိပတ္တိသာသနာပြုရာ၌ လွန်စွာကျေးဇူးကြီးမားလှပေသည်။

ဤဆောင်းပါးဖြင့် သေက္ခတောင်ဆရာတော် ဦးတိလောကနှင့် ကွယ်လွန်သူ အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ လယ်တီဦးလှပိုင်၊ လယ်တီဂန္ထဝင်ကျော်များသမိုင်း၊ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ သုခဝတီပုံနှိပ်တိုက်၊ မန္တလေးမြို့။
၂။ ဆရာမောင်ပန်းမွှေး၊ မြန်မာနိုင်ငံရဟန္တာနှင့်ရဟန်းထူးများ၊တော်ဝင်မြို့မစာအုပ်တိုက်။
၃။ ဆရာတင်မြင့်၊ ဗန်းဂျီကိုလှမ်းပါလို့ပခန်းကိုဝင်ခဲ့တယ်၊ စာပေဗိမာန်စာမူဆုရ၊ ၁၉၉၁ခု၊ စာပေသာပထမဆု၊ ၁၉၉၃ ခု၊ ပထမအကြိမ်၊ ဧပြီလ။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် လွန်ခဲ့သည့် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလထုတ် သူရဿ မဂ္ဂဇင်းပါ ဂျပ်မြွေသူတော်စင်ကြီးစောင့်ရှောက်သည့် ဂျိတ္တောကျေးရွာ ပေလီကမ်းခြေအနီး ပုလဲကျွန်း (အပေါ်ရည်ကျွန်း) ရှေ့ရှိ ရေလည်ကျောက်တောင်ပေါ်မှ ရွှေတိဂုံပုံစံတူစေတီတော် အကြောင်းဆောင်းပါး ရေးသားပါရှိခဲ့လေသည်။ အထူးသဖြင့် ဘုရားတည်ထားရာ ကျောက်တောင်ကြီးအတွင်းတွင် သဘာဝအလျောက် နေထိုင်သည့် ပင်လယ်ဂျပ်မြွေကြီးအကြောင်းနှင့် အဆိုပါ ဂျပ်မြွေကြီးထွက်မလာစေရန် ကိုနိုင်ကြွေက အဓိဋ္ဌာန်ပြုခဲ့ကြောင်း၊ ပန်းရန်ဆရာက ဘုရားပြီးစီး၍အလုပ်အပ်သည့်နေ့တွင်မှ ရေကန်အတွင်းထွက်လာပြီး လူးလိမ့်ရေကစားကာပြန်ဝင်သွားကြောင်းနှင့် နောက်နေ့ထွက်သည့်အခါ အစာအဖြစ် ငါးသေးငါးနုပ်လေးများချကျွေးသည့်အခါ မစားတော့ဘဲ ပေါက်ပေါက်ဆုပ်များကြဲချသည့်အခါသာ စားသောက်ကြောင်း မှတ်ပုံအထောက်အထားဖြင့် အကျယ်တဝင့် ရေးသားခဲ့ပါသည်။

သို့ရာတွင် မယုံမကြည်မလေးစားသူအချို့တို့က ကိုနိုင်ကြွေနှင့် စာရေးသူတို့ကို မဟုတ်ကဟုတ်ကလုပ်ကြံရေးသားသည်ဟု သားပုပ်လေလွင့် ပြောဆိုနေပါသည်။ စာရေးသူကို တည့်တည့်မေးခြင်းမဟုတ်ဘဲ စာရေးသူ ကြားရလောက်အောင် အခြားသူများကို ပြောပြနေလေ့ရှိပါသည်။ နတ်နဂါးကိစ္စနှင့် ပတ်သက်၍ အယုံအကြည်မရှိကြောင်းလည်းပြောဆိုသံကြားရပါသည်။ သို့ရာတွင် စာရေးသူက ဂရုမစိုက်ခဲ့ပါ။ အမှန်တရားဟူသည် ကွယ်ဝှက်စရာအကြောင်းမရှိသောကြောင့် တစ်နေ့နေ့တွင် အဖြေမှန်ပေါ်ရလိမ့်မည်ဟု မေတ္တာပို့ကာ သည်းခံစောင့်စားနေခဲ့ပါသည်။ စာရေးသူ၏ အသိစိတ်ထဲတွင် ဆရာတော်ကြီးတစ်ပါး

ရှုချိုအောင်(ပေလီ)


ပေလီမြို့ ဂျိတ္တောဂုပ်ကျွက် ရေလည်ကျောက်တောင်ကြီးပေါ်တွင် [illegible]

# အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရား

## ဌာပနာပိတ်အနေကထာတင်အောင်ပွဲ



အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရား



ရွှေတိဂုံပုံစံတူစေတီတော်



အောင်ချာဇေယျမြသိန်းတန်ဘုရား



www.burmeseclassic.com


www.burmeseclassic.com



ရှင်ဥပဂုတ္တနှင့် စေတီတော်မြင်ကွင်း



စေတီတော်ကို တောင်ဘက်မှ ဖူးမြင်ရစဉ်



တံခွန်တိုင်



ကျောက်တောင်ပေါ်တွင် တည်ထားကိုးကွယ်မည့် မထေရ်မြတ်နှစ်ပါးနှင့် ကြေးဆင်းတုတော်



ကျောက်သလင်း၊ ကျောက်စိမ်း၊ မြဆင်းတုတော်များ

ဆိုဆုံးမထားသည့် ဆောင်ပုဒ်လေးကို သတိတရရှိနေခဲ့ပါသည်။ အဆိုပါဆောင်ပုဒ်မှာ 'သူတစ်ပါးဂုဏ်မြှင့်မှ ကိုယ့်ဂုဏ်မြင့်မည်၊ သူတစ်ပါးဂုဏ်ကိုနှိမ့်က ကိုယ်ဂုဏ်ကျလိမ့်မည်' ဆိုသည့် ဆုံးမဩဝါဒစကားပင် ဖြစ်ပါသည်။

ထိုဘုရားပွဲပြီးမြောက်အောင်မြင်ပြီးနောက် ဧပြီလတွင် ကိုနိုင်ကြွေက အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ပင်လယ်ဂျပ်မြွေသူတော်စင်ကြီးက နဂါးရုံဘုရားတည်ပေးစေလိုကြောင်း၊ ထိုနဂါးရုံဘုရားတည်ပေးမှသာ ၎င်းအနေဖြင့် ကုသိုလ်ပြုအမျှဝေခံရပါက ယခုဘဝမှ ကျွတ်လွတ်နိုင်မည်ဖြစ်ကြောင်း အိပ်မက်ပေးသည်ဟု စာရေးသူကို ပြောပြပါသည်။ ကိုနိုင်ကြွေက အိပ်မက်ထဲတွင် နဂါးရုံဘုရားတည်ရန် ဂျပ်မြွေကြီးကို သူကတိမပေးလိုက်မိကြောင်း၊ နဂါးရုံဘုရားတည်ရန် သူမှာ ငွေကြေးပြည့်စုံမှုမရှိသေးကြောင်း၊ ဤအတွက် များစွာစိတ်မကောင်းဖြစ်မိကြောင်း စာရေးသူကိုပြော




www.burmeseclassic.com

www.burmeseclassic.com



ကြေးဝါပနာပစ္စည်းများ



မဲနိုက်လှူဒါန်းပေးမည့်ဆင်းတုတော်များ



လက်ရာမြောက်သည့် ကြေးနဂါးရုပ်လေး



ကြေးဝါပနာပစ္စည်းများ



ပုလဲပုတီးနှင့်ဓာတ်တော်များ


ပြပါသည်။ သို့ရာတွင် မိုးရာသီကုန်သည့်အခါ ငွေစကြေးစအနည်းငယ်အဆင်ပြေလာသဖြင့် ပန်းရန်ဆရာ ဦးကံထွန်းနှင့် ဆုံမိသည့်အခါ သူနဂါးရုံဘုရားတစ်ဆူတည်လိုပါကြောင်း၊ သူ့မှာ ငွေကြေးမပြည့်စုံသေးသဖြင့် ဈေးများများလက်ခံမတောင်းဘဲ ငွေနှစ်သိန်းကျပ်ဖြင့်သာ လက်ခံတည်ပေးပါရန် ပန်းရန်ဆရာကို ကိုနိုင်ကြွေက တောင်းပန်ပြောဆိုကာ နဂါးရုံဘုရားတည်ရန် သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

ဤအတောအတွင်း တစ်နေ့တွင် ဂျိုဗွေ့ကျေးရွာ ရွှေတိုးစတိုးဆိုင်ပိုင်ရှင် ကိုသူရနှင့် မနုနုလှိုင်တို့မှ ရေလည်ကျောက်ဆောင်ကြီးပေါ်တွင် နဂါးရုံဘုရားတည်ရန် အလှူရှင်များရောက်ရှိနေသည်ဟု ဆက်သွယ်အကြောင်းကြားပါသည်။ ထိုနဂါးရုံဘုရားအလှူရှင်ဖြစ်မည့်သူများမှာ ပြင်ဦးလွင်မှ မချောစု၊ မချောငယ်နှင့် မရီမာတို့ ဖြစ်ကြပါသည်။

www.burmeseclassic.com




နဂါးရုံပေါ်တွင် သီတင်းသုံးမည့် ဆင်းတုတော်




ရေလယ်ကျောက်ဆောင်ကြီးပေါ်မှစေတီတော်



လက်ရာမြော်သည့် နဂါးသားအေဖများ



စေတီတော်ရင်ပြင်မှ နဂါးညီနောင်



ဂုဏ်တော်ကွန်ရျာအင်း

၎င်းတို့သည် ရေလည်ကျောက်ဆောင်ကြီးပေါ်သို့ ဖောင်ဖြင့်သွားရောက်၍ နဂါးရုံဘုရားတည်ရန် သင့်တော်မည့်နေရာကိုရွေးချယ်ကြလေသည်။ ထိုအခါ ရွှေတိဂုံပုံစံတူစေတီတော်၏တောင်ဘက်အရပ်ရှိ ဂျပ်မြွေသူတော်ရေကန်နှင့် ဗောဓိညောင်ပင်တို့အကြားရှိ ကွက်လပ်နေရာကို အာရုံကျကြလေသည်။ ထိုနေရာတွင်ပင် ဘုရားတည်ရန် ရည်စူးကြပြီးနောက် ပြင်ဦးလွင်မြို့ရှိ မရီမာနှင့် အဆက်အသွယ် ပြုလုပ်ကြလေသည်။ မချောငယ်နှင့် မချောစုတို့မှာ ညီအစ်မအရင်းသဖွယ် ခင်မင်မိကြပြီး ပြင်ဦးလွင်မြို့တွင် ဓာတ်ပေါင်းစုစေတီတော်တစ်ဆူနှင့်နဂါးရုံဘုရားတစ်ဆူကို လှူဒါန်းတည်ထားဖြစ်ကြသည့် စိတ်တူကိုယ်တူအလှူရှင်များဖြစ်ကြလေသည်။ ၎င်းတို့သုံးဦးမှာ တံတားဦးမြို့ သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ကြီး၏ တပည့်ရင်းဒကာမများဖြစ်ကြ၍ ဆရာ



www.burmeseclassic.com

www.burmeseclassic.com


ဖောင်တော်အား အနီးကပ် မြင်တွေ့ရစဉ်


ရှင်သီဝလိကြေးဆင်းတုတော်


ရှင်ဥပဂုတ္တ


ဖောင်မျှောပူဇော်မည့် ရှင်ဥပဂုတ္တမထေရ်


ကြေးအင်းပြားနှင့် ရတနာများ

တော်ကြီး၏လမ်းညွှန်ဆိုဆုံးမမှုအောက်တွင် နေထိုင်ကြပြီး အမိဌာန်ကျင့်စဉ်များကို ဆောက်တည်ပွားများ အမိဌာန်အောင်နေသူများလည်း ဖြစ်ကြသည်။


မရီမာ၊ မချောငယ်နှင့် မချောစုတို့သည် နဂါးရုံဘုရားတည်ရန် အောင်ခြင်းရှစ်ပါးအမိဌာန်ကို ရွှေတိဂုံဘုရား၊ ကျိုက်ထီးထပ်ကြီးဘုရား၊ ဗိုလ်တထောင်ဘုရားတို့တွင် အမိဌာန်ဝင်၍ ပဋ္ဌာန်းပဉ္စဂါရပါဠိတော်ရွတ်ဖတ်ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာသုတ်ရွတ်ဆိုမေတ္တာပို့ခြင်း၊ ကုသိုလ်ပြုမှုအစုစုတို့ကို အမျှပေးဝေ၊ သာဓုခေါ်ဆိုခြင်း စသည်တို့ကို နေ့စဉ်ဆောင်ရွက်ကြလေသည်။ ဤသို့ဆောင်ရွက်ခြင်းမှာလည်း မချောစုနှင့် မချောငယ်တို့ ဂျိုတ္တောရွာရောက်ရှိစဉ် ကိုသူရ၊ ဇနီး မနုနုလှိုင်တို့မှတစ်ဆင့် ဘုရားဒကာကိုနိုင်ကြွေနှင့်တွေ့ဆုံကာ နဂါးရုံဘုရားတည်ရန် နေရာစီစဉ်ပေးမှုကြောင့် နဂါးရုံဘုရားတစ်ဆူ တည်ထား ပြီးမြောက်အောင်မြင်စေရန်နှင့် (၇)ရက်သားသမီးအလှူရှင်များက ပါဝင်လှူဒါန်းနိုင်ကြရန်ဖြစ်လေသည်။သို့ရာတွင် သတ္တမမြောက်ကျော်အောင်စံထား ဆရာတော်ကြီးက နဂါးရုံဘုရားတည်ရန် အုတ်မြစ်ပန္နက်ချရန် ကိုယ်တိုင်ကြွရောက်ကြည့်ချင်သည်ဆိုသဖြင့် ဆရာတော်ကြီးကို လေယာဉ်ဖြင့် ပင့်ဆောင်ကာ ၆-၇-၂၀၁၄ နေ့တွင် ဂျိုတ္တောကျေးရွာ ငပလီကမ်းခြေရှိ ပုလဲကျွန်း(အပေါ်ရည်)ကျွန်းရှေ့ရှိ ကျောက်ဆောင်ကြီးပေါ်သို့ ကြွရောက်တော်မူကာ နတ်နဂါးအပေါင်းတို့အား မေတ္တာပို့သ၍ နဂါးရုံဘုရားတည်ထားပါက လက်ခံနိုင်ခြင်းရှိ၊ မရှိ၊ အောင်မြင်နိုင်ခြင်းရှိ၊ မရှိတို့ကို စိတ်အာရုံဖြင့် ကြည့်


www.burmeseclassic.com


www.burmeseclassic.com



ပွဲများပြင်ဆင်ဆက်ကပ်ထားစဉ်



စေတီတော်အနီးကပ်မြင်ကွင်း



ဆွမ်းတော်ပွဲများ လှူဒါန်းရန် ပြင်ဆင်နေစဉ်



ဓေါ်ရီမာ ဆွမ်းကပ်ရန် ပြင်ဆင်နေပုံ

လေသော် အောင်မြင်မည့်အတိတ်နိမိတ်များ မြင်တွေ့ရ၍ အခါတော်ပေးကာ ဇင်းညွှန်ကြားသည့်အတိုင်း ဩဝါဒခံယူကြရန် သီလခံယူ၍ ပုတီးစိပ်အဓိဋ္ဌာန်ဝင် အောင်ပွဲဆင်ကာ မေတ္တာပို့သ ကုသိုလ်ပြုကြမည့်အကြောင်း ညွှန်ကြားတော်မူပါသည်။

ထိုအခါ နဂါးရုံဘုရားတည်မည့် ဗိသုကာပညာရှင်ကို ရွေးချယ်စဉ်းစားကြသည့်အခါ ပြင်ဦးလွင်မြို့တွင် ယခင်နဂါးရုံဘုရားတည်ထားဖူးခဲ့သည့်လက်ရာမြောက်ဗိသုကာပညာရှင် ဦးချစ်ဆောင်ကိုပင် လုပ်ငန်းအပ်နှံတည်ဆောက်စေပါသည်။ နဂါးရုံဘုရားဗိသုကာပညာရှင် ဦးချစ်ဆောင်မှာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ သူငယ်တော်ရွာမှ ဖြစ်လေသည်။ ပန်းရန်၊ ပန်းပုဗိသုကာပညာကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ သူငယ်တော်ကျေးရွာမှ ဆရာကြီးဦးစိန်မောင်ထံတွင် ကုံကူလက်လှည့် ပန်းရန်၊ ပန်းပုဗိသုကာပညာကို သင်ယူခွင့်ရရှိခဲ့သူဖြစ်လေသည်။ ပန်းပုပညာကို ကျောင်းနေရင်း (၁၈) နှစ်သားမှစတင်၍ လက်သင်အဖြစ် လုပ်ကိုင်ခဲ့ဖူးလေသည်။ မိုးကုတ်မြို့တွင် မာတ်ပေါင်းစုစေတီတော်တစ်ဆူကို စတင်တည်ထားခဲ့ပြီး မိုးကုတ်တွင် နဂါးရုံဘုရား (၇) ဆူကို တည်ဆောက် လုပ်ကိုင်ဖူးခဲ့လေသည်။ ဂျိတ္တောရပ်ကွက် ပေလီမြို့ရှိ ပေလီကမ်းခြေ ပုလဲကျွန်းရှေ့ရှိ ရေလည်ကျောက်ဆောင်ကြီးပေါ်တွင် တည်ထားမည့် နဂါးရုံဘုရားအတွက် အောက်ခံနဂါးပလ္လင်ခံ၊ နဂါးရုပ်တုများကို လက်ထောက်ပန်းရန် ဆရာဦးခင်မောင်ထွေး၊ ဦးကျော်မောင် စသူတို့နှင့် ပညာသား



www.burmeseclassic.com


www.burmeseclassic.com



ဦးပဥ္စင်းဦးသုခ၊ ကိုမျိုးချစ်တို့နှင့် အမှတ်တရ



ဗိသုကာပညာရှင် အဘစိန်ထွန်းကြည်နှင့် စာရေးသူ



ဒေါ်မြင့်မြင့်ရည်၊ မလှိုင်၊ ဦးသုခတို့နှင့် အမှတ်တရ

ပါပါ၊ စေတနာရှိရှိ၊ ရုပ်လုံးကျကျ ပုံစံပီပီပြင်ပြင်ဖြင့် အသေးစိတ် စိတ်တိုင်းကျ တည်ဆောက်ခဲ့ကြလေသည်။

နဂါးရုံဘုရား စတင်တည်ရန်အတွက် အောက်ခံနဂါးမင်းကြီးရုပ်တုတော်အား စတင်ပြုလုပ်ရန် ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် စတင်ကျင်းပ ပြုလုပ်ခဲ့သည်။ ကိုနိုင်ကြွေဦးဆောင်၍ ကိုသူရနှင့် ဇနီး မနုနုလှိုင်တို့ ပါဝင်ကာ သံဃာတော် (၉) ပါးပင့်ဆောင်၍ ပန္နက်တင်မင်္ဂလာနှင့်အုတ်မြစ်ချစတင်ပွဲကို ကျင်းပခဲ့ကြသည်။ ထိုပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချပွဲသို့ ပြင်ဦးလွင်မှ မချောငယ်နှင့် မချောစုတို့ ရောက်ရှိပါဝင်ကာ " ရွှေလက်ဝတ်တန်ဆာနှင့် . ရတနာကျောက်မျက်များဖြင့် ထည့်သွင်း ဌာပနာခဲ့ကြသည်။ နဂါးရုံဘုရားကို နဂါးတစ်ကောင်တည်းဖြင့် အရွယ်အစားခပ်သေးသေးပုံစံဖြင့် တည်ထားရန်ဖြစ်သော်လည်း နောင်တွင် အတိတ်ထူး၊ နိမိတ်ထူး၊ အိပ်မက်ထူးများအရ နဂါးမင်းကြီးရုပ်တုကြီးကြီးတည်ဖြစ်ခဲ့ကြသည်။ ပထမမူလ နဂါးရုံပုံစံမှာ ဘုရားတည်ရန် ဗိနိုင်းစဖြင့် ကြေညာပုံနှိပ်ဖြစ်သည့်အခါ ရေနတ်နဂါးပုံစံမဟုတ်ဘဲ အာကာသကောင်းကင်ကျက်စား တိမ်နဂါးပုံစံဖြင့် နဂါးတစ်ကောင်တည်းပုံစံထုတ်ခဲ့ကြသည်။ သို့ရာတွင် အိပ်မက်ထူးများကြောင့် ရေနတ်နဂါးမင်းကြီးပုံစံတည်ဖြစ်ခဲ့သည်သာမက သမီးတော်နှစ်ပါးခြံရံလျက် နဂါးသုံးကောင်ခံနဂါးရုံဘုရားတည်ဖြစ်ခဲ့ပြန်၏။

ထူးဆန်းသည်မှာ နဂါးရုံဘုရားစတင်တည်နေစဉ်မှာပင် မန္တလေးမြို့ ဗိသုကာပညာရှင် ကိုချစ်ဆောင်၊ ပန်းရန်ပန်းပုခေါင်းဆောင်ကို အတိတ်ပြနိမိတ်ပြအိပ်မက်များပေးခဲ့ရာ စတည်သည့်နဂါးမင်းကြီးရုပ်တုအတွက် အသက် (၃၀) အရွယ်ခန့်ရှိ လူငယ်သဏ္ဍာန်ဖန်ဆင်းပြခြင်း၊ သမီးနှစ်ယောက်ကို ပခုံးထမ်းပြခြင်း စသည့် အတိတ်နိမိတ်ပေးအိပ်မက်များမက်ခဲ့ရာ ဗိသုကာပညာရှင်ဦးချစ်ဆောင်က ဒေါ်ရီမာ၊ ဒေါ်ချောငယ်၊ ဒေါ်ချောစုတို့ထံသို့ ဖုန်းဖြင့်ဆက်သွယ်၍မေးမြန်းကာ အကြံဉာဏ်တောင်းခံ၍ အလှူရှင်တို့၏ စရဏအလိုကျ ပြုပြင်ပြောင်းလဲတည်ခဲ့ရခြင်း ဖြစ်လေသည်။

ဦးချစ်ဆောင်သည် နဂါးရုံဘုရားကို အစပထမက နဂါးရုံဘုရားအတွက် အောက်ခံနဂါးတစ်ရုပ်တည်းသာ တည်

www.burmeseclassic.com



ဘုရားအနေကဇာတင်ဆောင်နေစဥ်



ကိုနိုင်ကြွေ၊ သားကြီး၊ စာရေးသူနှင့် ကိုမျိုးချစ်



ဘုရားပွဲတော်လာ ပရိသတ်များ

ထားရန် စတင်ခဲ့သော်လည်း အတိတ် ထူးနိမိတ်ထူးများအရ အလှူရှင်များထံသို့ ဖုန်းဆက်မေးမြန်းခြင်း၊ ထုလုပ်နေဆဲ နဂါးရုပ်တုတော်ကို တယ်လီဖုန်းမှ ဓာတ်ပုံရိုက်ကာ Viber ဖြင့် ပေးပို့၍ အလှူရှင်များအလိုကျ နဂါးတစ်ကောင်မှသည် နဂါးသုံးကောင်အထိ တည်ဖြစ်ခဲ့လေသည်။ ထိုနည်းတူစွာပင် နဂါးရုံဘုရားစတည်ရန် လမ်းပြမိတ်ဆက်ပေးသူ ဂျိတ္တောရွာရွှေတိုးစတိုးပိုင်ရှင် ကိုသူရနှင့် မနုနုလှိုင်တို့မှာလည်း စေတီတော်ရင်ပြင်တွင် နဂါးနှစ်ကောင်ဦးခိုက်ဦးတိုက်၍ စေတီတော်အောက်ခြေကိုဝိုက်၍ အနောက်ဘက်တွင် အမြီးချင်းဆက်နေသည့် နဂါးညီနောင်ကို တည်ထားရန် စေတနာဖြစ်ပေါ်ခဲ့ကြသည်။ ၎င်းတို့ဇနီးမောင်နှံသည် ရွှေတိဂုံပုံစံတူစေတီတော်စတည်စဉ်က အလယ်မဏ္ဍိုင်အဖြစ် သံပိုက်လုံးလှူဒါန်းရန် ကိုနိုင်ကြွေတို့ထံတွင် ကတိပေးထားခဲ့သည်။ နောင်သော်ရေရှည်တည်တံ့ရေးကိုရှေးရှု၍ ဘုရားမဏ္ဍိုင်ကို စတီးလုံးဖြင့်ပြောင်းလဲလှူဒါန်းခဲ့ကြသည်။ ဘုရားတည်ရန် စတီးမဏ္ဍိုင်စတင်ထူမတ်ပြီး နောက်နေ့နံနက်တွင် အဆိုပါစတီးမဏ္ဍိုင်ကို ရေလည်ကျောက်ခဲကြီးအတွင်းမှ ပင်လယ်ဂျပ်မြွေများထွက်လာ၍ ရစ်ပတ်ပူဇော်နေကြသည်ကို အံ့သြစွာတွေ့ရှိကြရလေသည်။ ယခုနဂါးရုံဘုရားတည်သည့်အခါ ၎င်းတို့အနေဖြင့် ငွေကြေးမပြည့်စုံလင့်ကစား မဖြစ်မနေ ကြိုးစားအားထုတ်မှုကြောင့် နဂါးရုပ်တုများကို ပူဇော်ဖြစ်သွားခြင်းဖြစ်ပါသည်။

စာရေးသူမှာလည်း ပဋ္ဌာန်းဆက်အရ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ငပလီမြို့ ဂျိတ္တောရပ်ကွက် ပုလဲကျွန်းရှေ့ ရေလည်ကျောက်ဆောင်ကြီးပေါ်တွင် စတင်တည်နေပြီဖြစ်သည့် 'အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရားကြီး'တွင် ကုသိုလ်တော်ပါဝင်နိုင်ရန် အခွင့်အလမ်းရရှိခဲ့သည်။ ဘုရားတည်ရန်ဖြစ်ကြောင်း ကိုနိုင်ကြွေနှင့်ကိုဘိုကြီးတို့ထံမှ သတင်းရရှိခဲ့ပြီးနောက် ကိုသူရနှင့်မနုနုလှိုင်တို့အိမ်သို့ရောက်ရှိကာ မရီမာ၏ဖုန်းနံပါတ်ကို ရရှိပြီးနောက် ဘုရားအလှူရှင်နှင့်ဆက်သွယ်ရရှိခဲ့ပါသည်။ ဂျိတ္တောကျေးရွာသို့ ခေတ္တလာရောက်ကာ ဟောပြောပေးနေသည့် မိတ်ဆွေသူငယ်ချင်း ကိုအောင်ခန့်(နက္ခတ္တဗေဒပညာရှင်)တို့ဇနီးမောင်နှံကို ရေလည်ကျောက်ခဲကြီးဘုရားပေါ်သို့ လိုက်ပါပို့ဆောင်ရင်း ဗိသုကာ




www.burmeseclassic.com

www.burmeseclassic.com

ပန်းရန်၊ ပန်းပုပညာရှင် ကိုချစ်ဆောင်တို့အဖွဲ့နှင့် ရင်းနှီးခွင့်ရရှိခဲ့ပါသည်။ ဘုရားအလှူရှင်ဒေါ်ရီမာ(ပြင်ဦးလွင်)မှ စာရေးသူအား နဂါးရုံဘုရားတည်ဆောက်ရေးကိစ္စနှင့်ပြီးစီးအောင်မြင်ရေးကိစ္စ ဘုရားပွဲတော်နှင့် ဘုရားအနေကဇာတင်အောင်ပွဲအခမ်းအနား ကျင်းပပြီးစီးရေး စသည်ဖြင့် အထွေထွေကိစ္စအဝဝကို ဒေသခံတစ်ဦးအနေဖြင့် အနီးကပ် ကြီးကြပ်ပါဝင် ဆောင်ရွက် ကူညီပေးပါရန် ပန်ကြားလာပါသည်။ ထိုအခါ စာရေးသူမှ ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ကတိပေးလိုက်ကာ နဂါးရုံနဂါးမိသားစု ပြီးစီးအောင်မြင်ရေးအတွက် ကိုနိုင်ကြွေနှင့်တိုင်ပင်ကာ ဆောင်ရွက်လုပ်ကိုင်ပေးခဲ့ပါသည်။ ရေလည်ကျောက်ဆောင်ရှိ ဘုရားကုန်းမြေရင်ပြင်တော်သို့ အားလပ်တိုင်းသွားရောက်ကာ ဖောင်ဆွဲလုပ်သား ဦးကျော်ကြီးအကူအညီဖြင့် ဘုရားရင်ပြင်တော်သို့ အကြိမ်ကြိမ်ရောက်ရှိခဲ့ပါသည်။ ဖောင်ဆွဲလုပ်သား ဦးကျော်မှာ ဘုရားသို့သွားလာလိုသူများကို နိဗ္ဗာန်ဖောင်ကူးတို့ပေးပို့ရုံသာမက နဂါးရုပ်တုများတည်ရာတွင် လိုအပ်သည့် ဘိလပ်မြေအိတ်၊ ကျောက်၊ သဲ၊ ရေ စသည်ဖြင့် လိုလေသေးမရှိ ပို့ဆောင်ကူညီပေးလျက်ရှိပေသည်။

ဤသို့ဖြင့် တစ်လအကြာတွင် နဂါးရုံရုပ်တုများတည်ဆောက်မှု ပြီးစီးသဖြင့် ကိုချစ်ဆောင်တို့ ဗိသုကာအဖွဲ့ မန္တလေးသို့ ပြန်သွားခဲ့ပါသည်။ မရှေးမနှောင်းပင် နဂါးရုံရုပ်တုအားဆေးသုတ်ရန် မန္တလေးမှဆေးသုတ်ရန်အဖွဲ့ရောက်ရှိလာပါသည်။ အဖွဲ့ခေါင်းဆောင်မှာ မန္တလေးမြို့ အောင်ပင်လယ်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်မှ ဦးလှိုင်မြင့်ဖြစ်ပါသည်။ ဆေးသုတ်၊ ဆေးခြယ်ပညာကို (၁၅) နှစ်ခန့် လုပ်သက်ရပညာရှင်တစ်ဦးဖြစ်ပါသည်။ အဖွဲ့လုပ်သားများမှာ ကိုညီဝင်းနှင့် ကိုကျော်စိန်ဝင်းတို့ ဖြစ်ကြပါသည်။ အကျွမ်းကျင်ဆုံး ဆေးခြယ်ပန်းချီပညာရှင်များဖြစ်ကြပြီး အလှူရှင်များအလိုကျ လက်စွမ်းပြနိုင်သူများ ဖြစ်ပါသည်။ မရီမာ၊ မချောငယ်နှင့် မချောစုတို့၏ အလိုကျ နဂါးဝမ်းဗိုက်နှင့် ပါးပျဉ်းခွက်တို့ကို အဝါရောင်ဖျော့ဖျော့သုတ်၍ ဆေးခြယ်ကြပါသည်။ နဂါးအကြေးခွံအကွက်များကိုမူ အစိမ်းရောင်ခြယ်သပြီး ပါးစပ်အာခံတွင်းကိုမူ လူ့အသားအရောင်ခြယ်သကာ ရေးခြယ်ပေးကြပါသည်။ ထိုမျှသာမက လက်ရှိ ရွှေတိဂုံစေတီတော်ကို ရေငန်ဆားဒဏ်ခံနိုင်သည့်အောက်ခံဆေးထူထူသုတ်ကာ ရွှေရောင်သင်္ကန်းတော် ထပ်မံခြယ်သပြီး ပူဇော်သွားခဲ့ကြပါသည်။ ထို့နောက် လုပ်ငန်းပြီးစီးသဖြင့် ဆေးဆရာများပြန်သွားကြပါသည်။

သို့ဖြင့် ဒီဇင်ဘာလဝက်လောက်တွင် ဗိသုကာပညာရှင် ကိုချစ်ဆောင်အဖွဲ့ ပြန်လည် ရောက်ရှိလာခဲ့ကြပါသည်။ မရီမာတို့ လှူဒါန်းသည့် ဉာဏ်တော် (၁၈) လက်မရှိ ရှင်သီဝလိကြေးရုပ်တုတော်နှင့် ရှင်ဥပဂုတ္တရုပ်တုတော်များကို ဘုရားအရှေ့ဘက်ရင်ပြင်တော်ရှိ ပန်းတင်ခုံအစွန်နှစ်ဖက်တွင် လက်ယာ၊ လက်ဝဲအသီးသီးပြသာဒ်ဆောင်များဖြင့် ပူဇော်ထားရှိရန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲပောင်းတစ်ဦးလှူဒါန်းသည့် တံခွန်တိုင်နှင့် ရွှေဟင်္သာရုပ်တုတည်ဆောက်ရန် ဖြစ်ပါသည်။ ၎င်းတို့မှာ ဘုရားပွဲတော်ရက်အမီချိန်ကိုကား တံခွန်တိုင်ကြီးကို ဆယ်ရက်အတွင်း အပြီးသတ်လုပ်ဆောင်ကြရမည်ဖြစ်ပေသည်။ တံခွန်တိုင်ခြေရင်းတွင် နဂါးမယ်တော်၊ ယက္ခမယ်တော်၊ နတ်သိကြားနှင့် မေခလာနတ်သမီးတို့ ပူဇော်နေဟန်ထုလုပ်ကြရသည်။ ဆေးဆရာလိုအပ်သဖြင့် ဟိုတယ်များတွင် ဆေးသုတ်နေကျပညာရှင် ကိုကုလားနှင့်အဖွဲ့အား အကူအညီတောင်းရလေသည်။ တံခွန်တိုင်ကြီးမှာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင်မှ အပြီးသတ်နိုင်သဖြင့် ဆေးခြယ်ပညာရှင်အဖွဲ့က လူအင်အားဖြင့် နှစ်ရက်နှင့်



ရေလယ်ကျောက်ဆောင်နှင့်ကျွန်းအလှ




ကျောက်တောင်ပေါ်မှ တောပင်



www.burmeseclassic.com

www.burmeseclassic.com



ဂျပ်မြွေကြီး ရေကစားရာ ရေကန်



ရင်ပြင်တော်ရှိ နဂါးရုပ်တု



ဂျပ်မြွေကြီးအား မြင်တွေ့ရစဉ်



ဆေးခြယ်ပညာရှင်

အပြီးဆောင်ရွက်ရာ လပြည့်နေ့တွင်ပင် ပြီးစီးအောင်မြင်လေသည်။ လပြည့်နေ့ ညတွင် နိုင်ငံတော်မြန်မာ့ဂုဏ်ရည်ဘွဲ့ တံဆိပ်တော်ရ ရွှေဆုများရှင် အဘစိန်ထွန်းကြည်၏ ရုပ်သေးပွဲဖြင့် ကပြတင်ဆက်လေသည်။ ကိုသူရနှင့် မနုနုလှိုင်တို့၏စီစဉ်မှုဖြင့် အဘစိန်ထွန်းကြည်ကို စာရေးသူက ဂှားရမ်းဆက်စပ်ပေးရလေသည်။

ထိုနေ့ည (၇)နာရီခန့်တွင် ဦးမြတ်စိုး(ယာဉ်မောင်း)နှင့် ဒေါ်သန်းသန်းဌေး ခေါင်းဆောင်သည့် မန္တလေးအဖွဲ့ မှန်လုံကားကလေးဖြင့် ရောက်ရှိလာကြသည်။ စာရေးသူက သူတို့ကို ငှက်ပျောချောင်း ဆည်ရှေ့ရှိ Excellent ဆိုင်သို့ ညစာစားရန် လိုက်လံ ပို့ဆောင်ပေးခဲ့ရသည်။

အဘစိန်ထွန်းကြည်က နဂါးရုံဘုရား ဌာပနာပိတ်ရာတွင် ထည့်သွင်းပူဇော်ရန် ကြေးဆင်းတုတော်တစ်ဆူကို ရန်ကုန်ရှိ ဒေါ်ရီမာထံ လှမ်းမှာလိုက်သည်။ ကျွန်တော်လည်း သတိရသဖြင့် ရှင်သီဝလိရုပ်တုတော်မှာကြားရာ မရီမာက ရှင်ဥပဂုတ္တကြေးရုပ်တုတော်နှစ်ပါးကို ဝယ်ယူပေးသည်။ သို့ဖြင့် အဘစိန်ထွန်းကြည် (ရုပ်သေးဆရာကြီး) နှင့် စာရေးသူတို့မှာ နဂါးရုံဘုရား 'အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရား' တွင် ဌာပနာထည့် ပူဇော်ခွင့်ရရှိခဲ့ကြပါသည်။ ဒေါ်ရီစာသည် ဘုရားပြီးစီးအောင်မြင်ရေးနှင့် ဌာပနာပစ္စည်းများ (၇) ရက်သားသမီးများလှူဒါန်းပါဝင်နိုင်ရန်အတွက် ရွှေတိဂုံကိုးထပ်ကြီး၊ ဗိုလ်တထောင်ဘုရားတို့တွင် အောင်ခြင်းရှစ်ပါးအမိဌာန်ဝင်ခြင်း၊ ပဋ္ဌာဝါရပဌာန်းဒေသနာများရွတ်ဖတ်ခြင်း၊ ဂုဏ်တော်ပုတီးစိပ်ခြင်းတို့ဖြင့် ဘိုးတော်၊ မယ်တော်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏အကူအညီများကို တောင်းခံလျက် နေ့စဉ်စရဏတရားကို အားထုတ်ခဲ့ရာ ဘုရားပလ္လင်၌ထည့်သွင်းဌာပနာမည့် ရတနာများနှင့်တကွ ဆင်းတုတော်အမျိုးမျိုး၊ ရုပ်တုတော်အမျိုးမျိုး၊ ပုလဲပုတီး၊ ဓာတ်တော်မွေတော်အမျိုးမျိုး စသည်တို့ကို လှူဒါန်းစုဆောင်းရရှိခဲ့ပါသည်။ အဆိုတော် ဦးသန်းလှိုင်၏ဇနီး နဂါးမယ်တော်လည်း ကူညီပူးပေါင်းဆောင်ရွက်ပေးလာခဲ့ပါသည်။ တံတားဦးမြို့ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးကို အမှူးပြု၍ ဒကာ၊ ဒကာမများကလည်း ဌာပနာပစ္စည်းများ ပါဝင်လှူဒါန်းခဲ့ကြသည်။

ထိုအချိန် မရီမာ၌ တစ်လက်မအရွယ်အစားရှိ အလွန်လက်ရာမြောက်သည့် နဂါးရုပ်တုငယ်သေးသေးလေး

www.burmeseclassic.com

ကို မမျှော်လင့်ဘဲနှင့် ရှေးဟောင်းပစ္စည်းရောင်းသူထံမှ ရရှိခဲ့လေသည်။ ဆရာတော်ကြီးအား ဌာပနာထည့်သွင်းရန် လျှောက်ထားရာ ဆရာတော်ကြီးက ဘုရားတည် ပဌာန်းဆက်အရ အဓိဋ္ဌာန်အောင်ရရှိခြင်းဖြစ်၍ အဆောင်ကောင်းအဖြစ်ထားသင့်ကြောင်း လမ်းညွှန်သဖြင့် ဆောင်ထားမည် ဖြစ်လေသည်။

မရီမာ၊ မချောငယ်၊ မချောစုတို့ရောက်ရှိလာသည့်အခါ ဉာဏ်တော်တစ်တောင်အမြင့်ရှိသည့် ရှင်သီဝလိရုပ်တုတော်၊ ရှင်ဉပဂုတ္တရုပ်တုတော်ကြီးနှစ်ဆူအပြင် သမုဒ္ဒရာပြင်ဖောင်တော်မျှော၍ ပူဇော်မည့် ကျောင်းဆောင်နှင့်တကွ ရှင်ဉပဂုတ္တရုပ်တုတော်အလတ်စားလည်း ပါလာခဲ့လေသည်။ ထို့ပြင် ဘုရားအနေကဇာတင်အောင်ပွဲနေ့တွင် လှူဒါန်းမည့် ဉာဏ်တော် ခြောက်လက်မအရွယ်ရှိ ဘုရားရုပ်တုတော် (၁၀၈) ဆူနှင့်တကွ ရာနှင့်ချီသည့် စိပ်ပုတီးများ၊ ပွဲထိုးရန် ငှက်ပျောစိမ်း၊ အသီးအနှံ၊ ပန်းမန်များနှင့် တံခွန်၊ ကုက္ကား၊ မုလေးပွားအစရှိသည်တို့ အစုံအလင် ပါရှိလာခဲ့လေသည်။ ရွှေတိုးစတိုး ကုန်စုံဆိုင်အိမ်ရှေ့ဧည့်ခန်းတွင် ဘုရားရုပ်တုတော်များစွာနှင့် ဌာပနာပစ္စည်းမျိုးစုံတို့ကို ထားရှိရာ လွန်စွာမှ ကျက်သရေရှိ ဂုဏ်တင့်တယ်လှပေသည်။ ဒေါ်ရီမာတို့ညီအစ်မသုံးယောက် အဓိဋ္ဌာန်ဝင်၍ ကိုချစ်ဆောင်က ဂိုတ္တောကမ်းခြေ ကျောက်ဆောင်ကြီးထက်တွင် နဂါးရုံဘုရားတည်ရာအစပထမရည်မှန်းသည်မှာ ဇီနိုင်းဆိုင်းဘုတ်အရ တစ်ဆူတည်းသာဖြစ်ပြီး အာကာသနဂါး(တိမ်နဂါး)ရုပ်တုဖြစ်သော်လည်း ဘိုးတော်၊ မယ်တော်များ၏ အတိတ်ထူးနိမိတ်ထူးအဓိဋ္ဌာန်အမြင်အရ ရေနဂါးပုံစံသို့ ပြောင်းလဲတည်ဖြစ်ကာ ဖခင်နဂါးမင်းကြီးနှင့် သမီးတော်နှစ်ပါးခြံရံနေပုံ၊ နဂါးတို့အသွင်မှာ နဂါးမာန်ဝင်နေသည့်ပုံစံမဟုတ်ဘဲ မေတ္တာဓာတ်ဖြင့်အေးငြိမ်းနေသည့် နဂါးရုံဘုရားအသွင်ကိုဆောင်ကာထုလုပ်ပုံဖော်စေခဲ့သည်။ဆရာတော်ကြီး၏ အလိုတော်အရ နဂါးရုံဘုရားတင်သည့် ပန္နက်တင်ဌာပနာထည့်သွင်းပွဲတွင် ပတ္တမြား၊ ပုလဲစသည့်ရတနာအစစ်များဖြင့် ဌာပနာထည့်သွင်းပန္နက်ချခဲ့လေသည်။

(xxx) ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့ နံနက် (၇) နာရီတွင် သတ္တမမြောက်ကျော်အောင်စံထားဆရာတော်ကြီး ကြွသာမည်ဖြစ်၍ မရီမာ၊ မချောစု၊ မချောငယ်၊ ဦးမျိုးချစ်နှင့် ကျွန်တော်တို့က ပေလီ၊ မဇင်လေဆိပ်သို့ ဦးမြတ်စိုး၏ ကားဖြင့် သွားရောက် ကြိုဆိုခဲ့ကြသည်။ ဆရာတော်ကြီးမှာ သက်တော် (၉၀)နှစ်ရှိပြီဖြစ်၍ လက်တွန်းဘီးခဲ့ဖြင့်ပင့်ဆောင်ရလေသည်။ တစ်ဖန် ဆရာတော်ကြီးက သံတွဲမြို့ရှိဘုရားများ ဖူးချင်သည်ဆို၍ စာရေးသူကပင် ဦးဆောင်ကာ သံတွဲမြို့ အကျော်တော်လေးတော်ဘုရားသုံးဆူအား လိုက်ပါပို့ဆောင်ပေးရလေသည်။ ဆရာတော်ကြီး ဘုရားဖူးရာသို့ မန္တလေးအဖွဲ့၊ ရန်ကုန်အဖွဲ့နှင့် ပြင်ဦးလွင်အဖွဲ့ ဒကာ၊ ဒကာမများက အနီးကပ်လိုက်ပါကြသည်။ သံတွဲမြို့ရှိ ရွှေအံတော်စေတီ၊ ရွှေဆံတော်စေတီ၊ ရွှေနံ့တော်စေတီများကို ဖူးမြော်ကြရာတွင် တပည့် ဒကာမများက ဆရာတော်ကြီး၏ဩဝါဒတော်အတိုင်း ရင်ပြင်တော်အသီးသီးတွင် အဓိဋ္ဌာန်ဝင်ပုတီးစိပ်ကြလေသည်။ထို့နောက် နေ့လယ် (၁၂) နာရီတွင် ဘုရားဖူးရာမှ ပြန်လည်ရောက်ရှိကြပြီးနောက် နေ့လယ်စာစားသုံးကြကာ ခေတ္တနားနေကြပါသည်။ ထို့နောက် ဆရာတော်ကြီးက 'အောင်ချာဇေယျပြည်သိန်းတန်နဂါးရုံဘုရား' အား ညနေသုံးနာရီတွင် ဌာပနာတော်ပစ္စည်းများ ထည့်သွင်းပြီး ဌာပနာပိတ်ရန် ညွှန်ကြားသဖြင့် ဌာပနာပိတ်ရန် ပြင်ဆင်ကြရပါသည်။

စာရေးသူနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့မှာလည်း ရန်ကုန်မှ မရီမာပင့်ဆောင်လာသည့် ရှင်သီဝလိနှင့်ရှင်ဉပဂုတ္တကြေးရုပ်တုတော်နှစ်ဆူအား ဌာပနာထည့်သွင်းနိုင်ရန် နေအိမ်မှ ပင့်ဆောင်ကာ ရေလည်ကျောက်ဆောင်ရှိ စေတီတော်မြတ် ရင်ပြင်တော်သို့ ဖောင်ဖြင့်ကူးကြရပြန်သည်။ မရီမာ၊ မချောငယ်၊ မချောစုတို့က ခုနစ်ရက်သားသမီးအပေါင်းတို့ လှူဒါန်းထားသည့် ရတနာပစ္စည်းများ၊ ဘုရားရဟန္တာဓာတ်တော်များ၊ ဆင်းတုတော်၊ ရုပ်တုတော်အမျိုးမျိုးနှင့် အင်းတော်ကြေးပြားချပ်များကို နဂါးသမီးတော်များ ခြံရံလျက်ရှိသည့် ပလ္လင်တော်အတွင်း ထည့်သွင်းပေးကြလေသည်။ ဌာပနာပစ္စည်းများကို မရီမာ၊ မချောငယ်နှင့် မချောစုတို့ကယူဆောင်၍ ရန်ကုန်မြို့မှ ဦးမျိုးချစ်နှင့် ဦးခင်မောင်ဒွေးတို့က ဌာပနာတော်များကိုအသီးသီးထည့်သွင်းပေးကြပါသည်။ ရန်ကုန်မြို့မှ ဦးပဥ္စင်းဦးသုခက ပရိတ်ပဌာန်းဂါထာတော်များကို မပြတ်မလပ် ရွတ်ဆိုတော်မူပေးပါသည်။ ဌာပနာတော်ထည့်သွင်းနေစဉ် ခုနစ်ရက်သားသမီးအပေါင်းတို့မှ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်နှင့် ပဋ္ဌာန်းပဌာန်းတော်ရွတ်ဖတ်ခြင်း၊ နှစ်ဆယ့်လေးပစ္စည်းပဌာန်းဒေသနာတော်ရွတ်ဖတ်ခြင်းတို့ကို ညီညီညာညာ ရွတ်ဆိုပူဇော်ကြပါသည်။ ဌာပနာတော်ပိတ်သွင်းပြီးသည့်အခါတွင် အောင်ဂါထာတော်များရွတ်ဆို၍ အမျှပေးဝေကာ သာဓုခေါ် ဆိုကြသည့်အသံသည် ပင်လယ်ရေလှိုင်းများ ရိုက်ခတ်နေသံကိုလွှမ်းမိုး၍ အဏ္ဏဝါပင်လယ်ပြင်အနှံ့နှင့် မိုးယံသို့တိုင်လွင့်ပျံ့သွားခဲ့လေသည်။

ထိုအချိန်တွင် ရန်ကုန်မှ ကိုခင်မောင်ဒွေးက မြွေသူတော်စင်ကြီးထွက်ရာ ရေကန်အနီးတွင် ပရိတ်ကြီးဆယ့်တစ်သုတ်နှင့် မေတ္တာသုတ်တို့ကို တံခွန်တိုင်ကြီးခြေရင်းတွင် ရွတ်ဖတ်ပူဇော်နေသည်ကိုတွေ့ရပါသည်။ သို့သော် ၎င်းက မြွေသူတော်စင်ကြီးထွက်လာလေ့ရှိသည့် ရေကန်နေရာဟုမသိပါ။အဘယ်ကြောင့်ဆိုသော် တံခွန်တိုင်ကြီး တည်ဆောက်စဉ် ဘိလပ်မြေကွန်ကရစ်အပိုင်းအစများ စုပုံကျရောက်ခဲ့သဖြင့် ရေကန်ထဲမှရေများကို ခေတ္တခပ်တုတ်ယူထားခြင်းကြောင့် ဖြစ်ပါသည်။ စာရေးသူကလည်း ရှင်ဉပဂုတ္တကျောင်းဆောင်အနီးမှနေ၍ သူတော်စင်မြွေကြီး ထွက်၊ မထွက်ကို စောင့်ကြည့်နေပါသည်။ ကိုနိုင်ကြွေကလည်း မြွေကြီးလွတ်လပ်စွာထွက်လာနိုင်စေရေးအတွက် ၎င်း၏အဓိဋ္ဌာန်ကို ပြန်လည်ရုပ်သိမ်းခွင့်ပြုထားသည်ဟုဆိုခဲ့ပါသည်။ ထို့ကြောင့် ဂျပ်မြွေသူတော်စင်ကြီးမှာ ဌာပနာတော်ပိတ်အပြီး အမျှဝေ၊ သာဓုခေါ် လိုက်သည်နှင့် တံခွန်တိုင်ခြေရင်း ဘုရားပန်းတင်ခုံကျောက်ထပ်များအကြားမှ တရွေ့ရွေ့ထွက်ပေါ်လာရာ ပရိတ်နှင့် မေတ္တာသုတ်ရွတ်ဆိုနေသည့် ကိုခင်မောင်ဒွေးက -

"မြွေကြီး မြွေကြီး"

ဟု အော်လိုက်ပါသည်။

ကိုခင်မောင်ဒွေးအော်သံကြောင့် ရင်ပြင်တော်ပေါ်ရှိ ခုနစ်ရက်သားသမီးများက တံခွန်တိုင်ခြေရင်းရှိ မြွေရေကန်သို့ စုပြုံတိုးဝှေ့လာကြည့်ကြပါသည်။ စာရေးသူက ပရိသတ်ကို ထိန်းသိမ်းပန်ကြားရင်း မြွေကြီးကြောက်လန့်မသွားစေရန် ပြောကြား၍ စေတီတော်ခြေရင်းကျောက်ခေါင်းတွင်းမှ တဖြည်းဖြည်းချင်း ထွက်လာနေသည်ကို ဓာတ်ပုံရိုက်ခြင်း၊ ဗွီဒီယိုမှတ်တမ်းတင်ခြင်းများကို မဆိုင်း



www.burmeseclassic.com

www.burmeseclassic.com

မတွ မှတ်တမ်းတင်နိုင်လိုက်ပါသည်။ ကျောက်တွင်းထဲမှ နှစ်တောင်ခန့်အပြင်သို့ထွက်နေသည့် ဂျပ်မြွေသူတော်စင်ကြီးသည် ပရိသတ်များ ဝိုင်းစုအော်ဟစ်ပြောဆိုနေသံကြောင့် ထိတ်လန့်မှုဖြစ်ပေါ်ကာ မြွေတွင်းထဲသို့ ပြန်လည်ဝင်ရောက်သွားလေတော့သည်။ တိုက်ဆိုင်မှုမဟုတ်ဘဲ ဂျပ်မြွေသူတော်စင်ကြီးသည် အမျှပေးဝေသံကို သာဓုခေါ် ဆိုခြင်းအနေဖြင့် နဂါးရုံဘုရားတည်ဆောက်နေဆဲကာလတစ်လအတွင်း လုံးဝထွက်မလာဘဲ ဘုရားပြီးစီးကာ ဌာပနာပိတ်အမျှပေးဝေသာဓုခေါ် ဆိုသည့်အချိန်တွင် တစ်ပြိုင်နက်ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ ဘုရားအောက်ခြေ ကျောက်လိုဏ်ဂူအတွင်း ပင်လယ်ဂျပ်မြွေများရှိနေသော်လည်း ၎င်းတစ်ကောင်တည်း အကြီးအကဲအနေဖြင့်ထွက်လာခဲ့ခြင်းဖြစ်သည်။ ရွှေတိဂုံစေတီတော်ထီးတင်ပွဲကျင်းပစဉ်ကလို လူနည်းခဲ့ပါက ကန်ထဲတွင် ရေများရှိနေပါက မြွေခေါင်းထဲမှထွက်ကာကန်အတွင်း ရေချိုးလူးလိမ့်၍ပျော်နေမှာ သေချာပါသည်။ တံခွန်ပြုလုပ်စဉ်ရေကန်ထဲမှ ရေများကို ခပ်ထုတ်ထားသဖြင့် ရေကူးမြူးပျော်ခွင့်မရရှာပေ။

ထိုအခါတွင် ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မှ ဒကာ၊ ဒကာမများသည် စာရေးသူနှင့် ကိုနိုင်ကြွေတို့ ပြောဆိုရေးသားတင်ပြခဲ့သည့် ဘုရားသာသနာနယ်မြေကို စောင့်ရှောက်လျက်ရှိသည့် ပင်လယ်ဂျပ်မြွေသူတော်စင်ကြီးကို တွေ့မြင် ယုံကြည်ခဲ့ကြပါသည်။ အမျှဝေ၊ သာဓုခေါ် ချိန်တွင် ဂျပ်မြွေသူတော်စင်ကြီးထွက်လာကြောင်း ဘုရားပွဲလာပရိသတ်များနှင့် ဂျိတ္တောရွာတွင် သတင်းပျံ့နှံ့သွားပါတော့သည်။ နောက်တစ်နေ့ နံနက်တွင် ဆင်းတုတော်အား ဖောင်ဖြင့်ပင့်ဆောင်ခဲ့ကာ နဂါးရုံရုပ်လုံးပေါ်ရှိ ပလ္လင်ထက်ဝယ် သီတင်းသုံးစံနေတော်မူစေ၍ သံဃာကိုးပါးဖြင့် အနေကဇာတင်ခဲ့ပါသည်။ ရွှေတိဂုံစေတီတော်နှင့် အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရားစံပယ်တော်မူရာ ကျောက်တောင်ကြီးရှေ့ရှိ ပင်လယ်သဲသောင်ပြင်ရှိ ဘုရားပွဲအလှူမဏ္ဍပ်တွင် လူထုပရိသတ်တစ်ထောင်ကျော်ဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပါသည်။ မဏ္ဍပ်အတွင်း၌ ဘုရားပွဲ၊ သိုက်ပွဲ၊ ဘိုးတော်ပွဲ၊ မယ်တော်ပွဲ၊ နဂါးပွဲ၊ ရဟန္တာပွဲ စသည်ဖြင့်ပွဲများစွာထိုး၍ပူဇော်ထားရှိပြီး အောင်သပြေ၊ ကံ့ကော်၊ သစ်သီးဝလံပန်းမန်များဖြင့် လည်းကောင်း၊ ဆွမ်းတော်၊ ငါးကြော်၊ မုန့်ပွဲဆွမ်းတော် စသည်များဖြင့် လှူဒါန်းထားရှိလေသည်။

ပွဲတော်များပြင်ထားသည့်ရှေ့ဝယ် မဲဖောက် လှူဒါန်းရန်အတွက် ဉာဏ်တော်တစ်ထွာခန့်ရှိ ရုပ်တုတော်ဆင်းတုတော်ပေါင်း (၁၀၈) ဆူမှာလည်း ရွှေရောင် ထိန်လင်းဝင်းပစွာ စံပယ်တော်မူလျက်ရှိလေသည်။ မဏ္ဍပ်အတွင်း၌ နံနက်စောစောတွင် ရခိုင်မုန့်တီဖြင့် ဘုရားပွဲလာပရိသတ်များကို လှူဒါန်းကျွေးမွေးပါသည်။ စိပ်ပုတီးအမျိုးမျိုးကိုလည်း ဘုရားပွဲတော်လာသူများအား တစ်ဦး တစ်ကုံးကျရရှိအောင် လှူဒါန်းပေးပါသည်။ အနေကဇာတင်ပြီးနောက် သတ္တမမြောက်ကျော်အောင်စံထားဆရာတော်ကြီးက ငါးပါးသီလနှင့် အနုမောဒနာတရား ချီးမြှင့်ဟောကြားပါသည်။ နံနက်ပိုင်းတွင် 'အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရားပွဲတော်'သို့ လာရောက်ကြသူပရိသတ်များအား ဂုဏ်တော်စိပ်ပုတီးများ တစ်ကုံးကျစီဝေငှပေးပါသည်။ နေ့လယ်ပိုင်းတွင် ဓမ္မသုခကျောင်းတိုက်တွင် ရေစက်ချအမျှပေးဝေကြပြီးနောက် ဆွမ်းအလှူဒါနပြုလုပ်ကြပါသည်။ နေ့လယ်ပိုင်းတွင်မူ ဘုရားဆင်းတုတော် တစ်ရာ့ရှစ်ဆူအား မဲနှိုက်၍ ပူဇော်ရန် လှူဒါန်းပေးပါသည်။ ထို့နောက် ရှင်ဥပဂုတ္တကြေးသွန်းမထေရ်မြတ်အား ဖောင်တော်ရေချ၍ စက်လှေဖြင့်ဆွဲယူပင့်ဆောင်ကာ ရေနက်ပိုင်းတွင် ရှင်ဥပဂုတ္တဖောင်တော်အား သမုဒ္ဒရာပင်လယ်အတွင်း ပင့်ဆောင်၍ ရေမျှောပူဇော်ကြပါသည်။

သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီးက ပြင်ဦးလွင်၊ ရန်ကုန်နှင့် မန္တလေးမှ ဒကာ၊ ဒကာမများအား ငပလီမြို့ရှိ ငပလီအပန်းဖြေရေချိုးဆိပ်တွင် တစ်ညနေအပန်းဖြေခြင်း၊ ရေချိုးရေကစားစေခြင်း၊ ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးကြခြင်း၊ ငပလီလက်ဆောင်ပစ္စည်းများ ဝယ်ယူခြင်းတို့ကို ခွင့်ပြုတော်မူပါသည်။ ဆရာတော်ကြီးအား မန္တလေးမှ ဆရာကိုမြတ်စိုး၏ကားဖြင့် ပင့်ဆောင်ကာ ငပလီကမ်းခြေတွင် သီတင်းသုံးစေခဲ့ပါသည်။ ငပလီကမ်းခြေအပန်းဖြေကြသူများ ညနေ (၆) နာရီတွင် ပြန်လည်ရောက်ရှိကြပြီးနောက် ည(၇)နာရီတွင် ပင်လယ်ကမ်းခြေသဲသောင်ပြင်ပေါ် ဝယ် ဆီမီးခွက်များဖြင့် တန်းစီမီးထွန်းညှိပူဇော်ကြပါသည်။ 'ရွှေတိဂုံစေတီတော်နှင့် အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရား' တွင် နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားဖြင့် မီးပူဇော်ထားရှိသဖြင့် ညအချိန်တွင် လျှပ်စစ်မီးရောင်တထိန်ထိန်ဖြင့် အဝေးသဲသောင်ပေါ်မှ ဖူးမြော်ရသည်မှာ နှစ်ရက်တာဘုရားပွဲတော်ကိစ္စအဝဝအတွက် ပင်ပန်းထားသမျှကို ပြေပျောက်စေခဲ့ပါသည်။

ညရှစ်နာရီတွင် ကမ်းခြေသဲသောင်ပေါ်ရှိ ဘုရားပွဲအလှူမဏ္ဍပ်တွင်ပင် ပြင်ဦးလွင်၊ ရန်ကုန်၊ မန္တလေးမှ ဓမ္မမိတ်ဆွေများကို ညစာကျွေးမွေးဧည့်ခံပါသည်။ ကမ်းခြေတွင် ပင်လယ်လေအေးအေးတိုက်ခတ်မှုအရသာကိုခံစားပြီး ညစာစားသုံးရသည်မှာ ကြည်နူးစရာကောင်းလှပေသည်။ ကိုနိုင်ကြွေက အုန်းလက်ခြောက်များကိုယောင်၍ စုစည်းမီးရှို့ကာ မီးပုံပွဲပြုလုပ်ပေးပါသည်။ ထို့နောက် ညကိုးနာရီတွင် ပါဆယ်ဂိမ်းကစားပွဲကို ပင်လယ်ကမ်းစပ်သောင်ခုံတွင်ပင်စုဝေးကာ ကံစမ်းမဲဖောက်၍ ပါဝင်ကစားကြပါသည်။ မန္တလေးမှ ဦးမြတ်စိုးက အစီအစဉ်ကြေညာသူအဖြစ် ဆောင်ရွက်ပါသည်။ ငပလီကမ်းခြေရောက် ပြင်ဦးလွင်၊ ရန်ကုန်၊ မန္တလေးသားဘုရားပွဲတော်လာသူများမှာ အလှည့်ကျ မန္တလေးစတမ်း ပါဝင်သရုပ်ဆောင်ကြရသဖြင့် တဝါးဝါးပွဲကျကာ လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် စည်ကားလှပေသည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝကာ ငပလီကမ်းခြေတွင် ပျော်ကြရွှင်ကြသည့် သူတို့အဖွဲ့များကို စာရေးသူက ပီတိသောမနဿဖြစ်ပွားရပါသည်။

ဇန်နဝါရီလ ၇ ရက် နံနက်ပိုင်းတွင် သတ္တမမြောက်ကျော်အောင်စံထားဆရာတော်ကြီးအား မဇင်လေဆိပ်သို့ ပင့်ဆောင်၍ ရန်ကုန်သို့ လေယာဉ်ဖြင့် ကြွချီစေပါသည်။ မန္တလေးအဖွဲ့က ဆရာတော်ကို လေဆိပ်သို့ပင့်ဆောင်ပေးပြီး ငပလီမှ ရန်ကုန် မန္တလေးသို့ ကားဖြင့် ပြန်ကြပါသည်။ ပြင်ဦးလွင်နှင့် ရန်ကုန်မှ ခုနစ်ရက်သားသမီးအလှူရှင်များမှာ ရဲအောင်လံလေအိတ်ကားဖြင့် ညနေသုံးနာရီတွင် ရန်ကုန်သို့ ထွက်ခွာသွားခဲ့ကြပါသည်။ ဤသို့ဖြင့် 'အောင်ချာဇေယျမြသိန်းတန်နဂါးရုံဘုရား' ပွဲတော်ကြီးသည် ပြီးစီးအောင်မြင်ခဲ့ကြပါကြောင်း ရေးသားတင်ဆက်လိုက်ရပါတော့သည်။

ရွှေချိုအောင် (ငွေဗိုလ်)

www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံကိုယ်လုံးခြုံ လုံးစုံဥပဒ် မရောက်ကပ်

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မြတ်စွာဘုရားရှင်၏ သရဏဂုံသုံးပါးကို အမြဲဆည်းကပ်ပူဇော်ခဲ့ကြသည်။ ဥပုသ်သီတင်းဆောက်တည်ကြသည်ဖြစ်စေ၊ အလှူအတန်းမှအစ သာရေး၊ နာရေးများတွင်လည်း သရဏဂုံသုံးပါးကို မမေ့မလျော့ ရှိခိုးပူဇော်ကြသည်။ ပုတီးစိပ်ကြသည့်အခါမှာလည်း သက်ကြီးရွယ်အိုများကအစ အရွယ်ကြီးငယ်အလိုက် သရဏဂုံသုံးပါးကို ရွတ်ဆိုပူဇော် ပုတီးစိပ်ကြသည်။ လူငယ်လူရွယ်လေးများလည်း ဘုန်းကြီးကျောင်းသားဘဝကတည်းက သရဏဂုံနှင့် မကင်းနိုင်ပေ။သာမဏေဝတ်သည့်အခါ၌ ဥပဇ္ဈာယ်ဆရာတော်က သာမဏေလောင်းများကို သရဏဂုံသုံးပါးအား ဌာန်၊ ကရိုဏ်းကျကျသံနေသံထားနှင့် ပီပီသသရွတ်ဆိုချပေးရ၏။ သရဏဂုံရွတ်ဆိုပီသမှ ရှင်ဖြစ်၏။

လောကတစ်ခွင်လုံး ဘုရား၊ တရား၊ သံဃာဟု ဆိုသော ရတနာသုံးပါးသည် အထွတ်အထိပ်အမြင့်ဆုံး၊ အမြတ်ဆုံး ဖြစ်သည်။ ထိုရတနာမြတ်သုံးပါးထက် မြင့်မြတ်သောအရာ ဘာမှမရှိပါ။ သရဏဂုံသုံးပါးကို ဗုဒ္ဓဘာသာဝင်တိုင်း အမြဲဆောက်တည်ရပါမည်။ မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန်အတွက် ယနေ့နိုင်ငံတော်တွင် ရဟန်းသံဃာတော်များကအစ ဦးဆောင်၍ လူပုဂ္ဂိုလ်များပါ ယခုခေတ်လူငယ်များအဖို့ ဓမ္မကျောင်းများ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းများ၊ (၃၈) ဖြာ မင်္ဂလာများနှင့် ဗုဒ္ဓဝင်စာမေးပွဲများကို မြို့နယ်ကျေးရွာများပါမကျန် သင်ကြားပို့ချဖွင့်လှစ်ပေးနေ၏။

ယနေ့ခေတ်လူငယ်များအဖို့ လိမ္မာယဉ်ကျေးရန် အထူးလိုအပ်သည်။ ဘာသာရေးဗဟုသုတနှင့်ပတ်သက်၍ အလွန်အားနည်းနေသည်။ ဗုဒ္ဓဘာသာတရားတော်၏ အဆုံးအမ၊ လမ်းညွှန်ချက်များနှင့် လူငယ်များ အလှမ်းကွာဝေးလှသည်။ ဘုန်းကြီးကျောင်းပညာရေးနှင့် လူငယ်များ ဝေးကွာနေကြသည်မှာ နှစ်ပေါင်းကြာရှည်လှပြီ ဖြစ်၏။

မိဘများကလည်း ယနေ့ခေတ်၏ စားဝတ်နေရေး ဝမ်းစာရှာဖွေလုံးပန်းနေကြရသဖြင့် ဘာသာရေးနှင့်ပတ်သက်၍ မိမိတို့၏သားသမီးများကို သွန်သင်ဆုံးမသင်ကြားမပေးနိုင်ကြ။ သူတို့ကိုယ်တိုင်တောင် ဘုရားရှိခိုးဖို့အနိုင်နိုင်ဖြစ်နေကြသည်။ ထိုသို့ မအားမလပ်ကြသော မိသားစုများ၊ အချိန်လု၍အလုပ်လုပ်နေကြရသော မိသားစုများအတွက် လမ်းသွားရင်း၊ ကားစီးရင်း သရဏဂုံ (သုံးပါး) ကို နှုတ်မှ ရွတ်ဆို ပူဇော်သွားနိုင်ကြပါသည်။ အချိန်ကို တန်ဖိုးရှိစွာ အသုံးပြုခြင်းဖြင့် သရဏဂုံသုံးပါးတည်ခြင်း၏ အကျိုးတရားကြီးမားပုံကို မကြာခင်ကာလမှာ ကိုယ်တွေ့ကြုံတွေ့ကြရမည်ဖြစ်ပါသည်။

## ❑ သရဏဂုံတည်ခြင်း၏အကျိုး

သရဏဂုံတကယ်မြဲလျှင် အပါယ်
ငရဲကြောက်ဖို့မလို၊ နတ်ဖြစ်သော်
လည်း တူနိုင်ရိုးလား၊ ဆယ်မျိုး
ဂုဏ်စု သူ့ထက်ပို၊ ငါးဖြာအာရုံ
လာမတုနှင့် အာယု ဝဏ္ဏ သုခ
ဆို အာဏာပိုင်စိုး ခြွေရံတိုး၊
ဆယ်မျိုးဂုဏ်ကပို၊ အဲဒါကြောင့်
သရဏဂုံလန်း၊ အစဉ်လန်း၊ ဆင်မြန်း
ပန်စေလို။

သရဏဂုံသုံးပါးကို အမြဲတည်နေသောသူသည် ဘေးဥပဒ်ရန်အသွယ်သွယ်မှ လည်းကောင်း၊ အပါယ်ငရဲမှလည်းကောင်း ကင်းလွတ်ချမ်းသာရ၏။ သရဏဂုံတည်သူသည် နတ်ဖြစ်၍ နတ်ပြည်ရောက်လျှင် သရဏဂုံမတည်သူနတ်များနှင့်ကွာခြားသည်။ ဆယ်ပါးသောဂုဏ်များနှင့်ပိုမိုသောနတ်ဖြစ်၏။

ဒိဗ္ဗေန အာယုနာ ဝဏ္ဏေန သုခေန
ယသေန အာဓိပတေယေန၊
ဒိဗ္ဗေဟိ ရူပေဟိ သဒ္ဒေဟိ ဂန္ဓေ
ဟိ ရသေဟိ ဖောဋ္ဌဗ္ဗေဟိ။

(သဠာယတနသံယုတ်၊ သက္ကသုတ်၊
နှာ ၄၆၉)

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ အခြံအရံများခြင်း၊ အစိုးရခြင်း၊ အာရုံငါးပါးမှာလည်း ပိုလွန်၏။

## ❑ ရာသက်ပန်ဆောက်တည်ရန်သရဏဂုံ

၁။ **အဇ္ဇာဒိံ ကတ္ွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ။** ယနေ့မှအစပြု၍၊ **အဟံ** - အကျွန်ုပ်သည်၊ **အတ္တာနံ** - မိမိကိုယ်ကို၊ **ဗုဒ္ဓဿ** - မြတ်စွာဘုရားအား၊ အပ်နှင်းလှူဒါန်းပါ၏။

၂။ **အဇ္ဇာဒိံ ကတ္ွာ အဟံ အတ္တာနံ ဓမ္မဿ နိယျာဒေမိ။** ယနေ့မှအစပြု၍၊ **အဟံ** - အကျွန်ုပ်သည်၊ **အတ္တာနံ** -မိမိကိုယ်ကို၊ **ဓမ္မဿ**-တရားတော်မြတ်အား၊ အပ်နှင်းလှူဒါန်းပါ၏။

၃။ **အဇ္ဇာဒိံ ကတ္ွာ အဟံ အတ္တာနံ သံဃဿ နိယျာဒေမိ**-တရားတော်မြတ်အား အပ်နှင်းလှူဒါန်းပါ၏။

၄။ **ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဇီဝိတ ပရိယန္တံ။** အသက်ဆုံးသည့်တိုင်အောင်၊ **ဗုဒ္ဓံ**-မြတ်စွာဘုရားကို၊ **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။

၅။ **ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဇီဝိတပရိယန္တံ**-အသက်ဆုံးသည့်တိုင်အောင်၊ **ဓမ္မံ** - တရားတော်မြတ်ကို၊ **သရဏံ** - ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။

၆။ **ဇီဝိတ ပရိယန္တံ သံဃံသရဏံ ဂစ္ဆာမိ။ ဇီဝိတ ပရိယန္တံ**-အသက်ဆုံးသည့်တိုင်အောင်၊ **သံဃံ**-သံဃာတော်မြတ်ကို၊ **သရဏံ**-ကိုးကွယ်ရာဟူ၍၊ **ဂစ္ဆာမိ**-ဆည်းကပ်ပါ၏။


ခုနစ်နေ့သားသမီးများအားလုံး သရဏဂုံကိုယ်လုံးခြုံ၍ အလုံးစုံ ဥပဒ်မရောက်ကပ်ကြဘဲ ကိုယ်၊ စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



(နောင်ချို)ထွန်း

# သိဒ္ဓိအဖုံဖုံ

'သိဒ္ဓိအဖုံဖုံ××× အစုံစုံအလီလီ ××× နေ့စဉ် ဖိုမထိုးဘဲ အကျိုးပေးနိုင်သည်×××'

နဂါးနီသီချင်း၏ အပိုင်းအစ ဖြစ်ပါသည်။ မကြာမကြာ ထိုသီချင်းကို ဆိုညည်းရင်း သိဒ္ဓိအကြောင်းကို စဉ်းစားမိပါသည်။ သိဒ္ဓိကိုပြီးမြောက်အောင်မြင်ခြင်းဟု ဖွင့်ဆိုရမည် ထင်ပါသည်။ သိဒ္ဓိဟူသော စကားလုံးရှေ့မှာမူ အထူးပြုသိဒ္ဓိကိုထည့်ပါသည်။ ဥပမာ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ စသည်ဖြင့် ရေးသားအသုံးပြုကြပါသည်။ ကျွန်တော့်အဘိုးပြောသော သိဒ္ဓိကို သတိရမိပါသေးသည်။ ဟိုးရှေးရှေးကဟု ဆိုပါသည်။ လွန်ခဲ့သောနှစ် (၁၀၀) ကျော်မို့ ဟိုရှေးရှေးကဟု သုံးပါသည်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်သည် တောကြီးတောင်ကြီး၊ သစ်ကြီးဝါးကြီးများဖြင့် စိမ်းညို့နေအောင် ဖုံးလွှမ်းနေပါသည်။ ထိုစဉ်က နေစရာမရှိသော အစိမ်းသရဲများကို နှင်ထုတ်လျှင် ရှမ်းပြည်နယ်နှင့် တရုတ်ပြည်အကြား တောကြီးများတွင် နေရာချထားပါဟု ကုဝေရနတ်မင်းအား တိုင်တည်၍ နှင်ထုတ်ကြသည် ဆိုပါသည်။ ကားလမ်းမရှိ နွားလှည်းများကိုသာ အသုံးပြုသွားလာကြသည်။ကျောက်မဲမြို့နယ်မှနယ်ပိုင်တစ်ဦးသည် သီပေါစော်ဘွားထံ လက်ဆောင်ပဏ္ဏာများကို လှည်းဖြင့်တင်၍သွားပါသည်။ လမ်းခရီးတွင် စမ်းချောင်းတစ်ခုနံဘေးတွင် ခေတ္တရပ်၍ နံနက်စာချက်ပါသည်။ မီးဖိုပေါ် ထမင်းအိုးတည်ပြီးကာမှ အိုးဖုံးမပါလာမှန်းသိရ၍ နီးရာအပင်မှ ဖက်ရွက်ကြီးတစ်ရွက်ကိုယူ၍ ဖုံးထားလိုက်သည်။ နောက်ဟင်းအတွက် ပဲပုပ်ဖုတ်ပြီး ရေနွေးအိုးတည်သည်။ ဆာလှပြီဖြစ်၍ ထမင်းအိုးကို မီးဖိုပေါ်မှချပြီး မီးကျီးခဲနှင့်နှပ်ကာ စားဖို့ပြင်ဆင်သည်။ ထမင်းဇလုံထဲသို့ ထမင်းများခူးထည့်သောအခါ ထမင်းမှာ ရွှေရောင်သန်းနေသည်။ သိပ်မတွေးအားဘဲ အမြန်စားသောက်ကာ ခရီးဆက်ခဲ့သည်။

ထူးခြားသည်ကား ထိုနေ့မှစ၍ ဆာလောင်မှုမရှိခြင်းပင် ဖြစ်သည်။ ကြက်ကြော်ကြီးတွေ့၍ စားမည်ဟုပြင်သည်နှင့် အလိုလိုဝကာ စားချင်စိတ်မရှိဖြစ်သွားပါသည်။ ကြာသော် နယ်ပိုင်ကြီးမှာ သူ့ကိုယ်သူစိုးရိမ်လာ၏။ ဘာမှမစားသောက်ဘဲနေလာသည်မှာ တစ်လကျော်လာသောအခါတွင် ယခင်ကလို



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအဖော်များနှင့်စားလာသောက်လာလုပ်ချင်သည်။ ယခုတော့ မစားမသောက်နိုင် သေများသေမှာလားနောက်ဆုံး။ ဆေးဆရာကြီးထံသွားပြီးရောဂါကိုတင်ပြရတော့သည်။

"နယ်ပိုင်ကြီး၊ ခုလိုမစားမသောက်ဘဲနေရတာ မကျေနပ်ဘူးလား"

"ဆရာရယ် အရင်ကလိုပျော်ပျော်ပါးပါး သောက်သောက်စားစားနေချင်တာပေါ့။ အခု ဒီရောဂါကြောင့် ခက်နေတာ"

"ကဲ- ဒါဆို ဒီဆေးလေးသောက်ပြီး အန်ချင်ရင် ဒီဇလုံထဲသာအန်လိုက်"





www.burmeseclassic.com

www.burmeseclassic.com

ဒီဆေးသောက်ပြီးမကြာပါ။ ရွှေရောင်ဝင်းနေသည့်ထမင်းများအန်ထွက်လာပါသည်။ ထို့ပြင် အန်ဖတ်များမှာ ချက်ပြီးထမင်းလိုပင် သန့်သန့်ရှင်းရှင်းရှိနေသည်ကို အံ့ဖွယ်တွေ့ရ၏။

"ကဲ- ခင်ဗျားမစားလိုတော့လည်း ကျပ်စားရတာပေါ့ဗျာ။ ကျေးဇူးတင်ပါတယ်"

ဆေးဆရာကြီးသည် ဇလုံထဲမှ အန်ဖတ်များကို အားရပါးရစားလိုက်သည်။ မကြာမီ ရွာမှထွက်ခွာပြောင်းရွှေ့သွား၏။ ထိုအကြောင်းကို စကားစပ်မိ၍ ရွာဦးဆရာတော်ကို လျှောက်တင်သည်။ ရွာဦးဆရာတော်က-

"မိုက်ပ့ါ ဒကာရယ်။ အဲဒီထမင်းအိုးဖုံးတဲ့ဖက်ရွက်မျိုးရှိရင် သွားယူခဲ့။ မြင်းနဲ့သွား"

ဟု နိုင်းပါသည်။

သို့သော် ဖက်ရွက်ကိုမမှတ်မိလိုက်ပါ။

"အဲဒါအာဟာရသိဒ္ဓိပြီးတဲ့အရွက်ဟဲ့"

ဟု ဆရာတော်မိန့်မှ ဝမ်းနည်းခြင်း၊ နှမြောတသခြင်းဖြစ်ရသည်ဟုဆိုပါသည်။

❑

လွန်ခဲ့သော နှစ် (၄၀) ခန့်က ကျွန်တော် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့သို့ အစိုးရဝန်ထမ်းအဖြစ် ရောက်ရှိခဲ့ပါသည်။ ထိုစဉ်က နောင်ချိုဈေးမှာ ငါးရက်နေမှတစ်ဈေးဖြစ်၍ ဈေးနေ့တွင် ငါးရက်စာဖူလုံအောင်ဝယ်ထားရပါသည်။ နောင်ချိုဈေးနှင့် နှစ်ရက်ခြား ကံကြီးရွာတွင် တစ်ဈေးဖြစ်ပါသည်။ ကံကြီးကျနေ့ဟု မှတ်ယူကြပါသည်။ တစ်ရက်တွင် နယ်ဆင်းရင်း ကံကြီးဈေးနေ့နှင့်ကြုံ၍ ဝင်ရောက်လည်ပတ်ကြ၏။ ကံကြီးကျနေ့ဟု မှတ်ယူကြပါသည်။ တစ်ရက်တွင် နယ်ဆင်းရင်း ကံကြီးဈေးနေ့နှင့်ကြုံ၍ ဝင်ရောက်လည်ပတ်ကြ၏။ ကံကြီးဈေးအရှေ့ဘက်တွင် ကံကြီးဆည်ရှိပါသည်။ ဈေးထဲမှ ကံကြီးဆည်ဘက်သို့အသွား ဈေးအထွက်တွင် လူတွေဝိုင်းနေ၍ စပ်စပ်စုစုဝင်ကြည့်ရာ လူအများအလယ်တွင် အင်္ကျီမပါ၊ပုဆိုးခါးတောင်းကျိုက်နှင့်လူတစ်ဦးရပ်နေပြီး ရှေ့တွင် ငှက်ကြီးတောင်ဓားတစ်လက်ကိုမြေတွင် စိုက်ထားသည်။

"ကဲ- မရဲကြဘူးလား၊ ယောကျ်ားတွေပဲ မစမ်းရဲကြတာလား၊ တစ်ခါခုတ်တစ်မတ်ပေးရမယ်။ ခုတ်လို့ဒဏ်ရာရသွားလည်း အမှုမဖြစ်စေရဘူး၊ ဘာမှမထိခိုက်ရင်တော့ တစ်မတ်ပေး"

ထိုစဉ်တုန်းက ကျွန်တော့်လစာမှာ (၁၂၆) ကျပ်သာရပြီး လူတန်းစေ့နေနိုင်အောင် ငွေမှာ တန်ဖိုးရှိပါသည်။ သို့သော် ဓားခုတ်ခံပြီးမှ တစ်မတ် ဆိုသည်က နည်းလွန်း၏။ ကျွန်တော့်အသက်က လည်းငယ်သေး၊ စိန်ခေါ်သူလည်းခေါ် နေရာသိပ်မစဉ်းစားဘဲ ဓားကို ဆွဲနုတ်ပြီး သူ့လက်ကိုလွှဲခုတ်လိုက်ပါသည်။ ဘေးမှကြည့်နေသူများက 'ဝေး' ခနဲ ဩသံပေး၏။ ကျွန်ုပ်၏ခံစားချက်မှာ ရော်ဘာတုံးကို တုတ်ဖြင့်ရိုက်ရသလို ခံစားရပြီး ဓားမှာ ပြန်ခုန်ထွက်လာပါသည်။ ထိုသူက ဓားကိုကိုင်ပြီး သူ့ဇက်ကိုခုတ်ရန် အမူအရာဖြင့်ပြရာ စိတ်ထဲက ခံပြင်းလာ၍ ဖြစ်ချင်ရာဖြစ်ဟုတွေးပြီး ဇက်ကိုဓားဖြင့်အားကုန်လွှဲ၍ခုတ်လိုက်ပါသည်။ သို့သော် ခုနကလိုခံစားချက်သာရှိပြီး သူကဘာမှမဖြစ်ပါ။

ကျွန်ုပ်က စပ်စုချင်၍ သူ့ကို ငွေ (၅) ကျပ်ပေးပြီး အနားရှိကောက်ညှင်းပေါင်းအကြော်ဆိုင်ထဲသို့ သူ့ကိုခေါ်သွားပါသည်။ ကောက်ညှင်းပေါင်း၊ အကြော်၊ ရေနွေးကြမ်းတို့ကို ကျွေးမွေးရင်း မေးစမ်းရာ သူ့အဖြစ်ကို ပြောပြပါသည်။ သူ့အမည်က မောင်လှ (အမည်လွှဲ) ဖြစ်ပြီး သူ့ရွာကိုမူ မပြောပြပါ။ နောင်လင်၊ ညံထော၊ နောင်ချိုကြီး၊ ပါသွန်း၊ ရေဖြူစသော ရွာတစ်ရွာမှ ဖြစ်ပုံရပါသည်။

သူလူပျိုပေါက်အရွယ်တွင် ရှမ်းပြည်နယ်ရှိရွာများမှာ ထုံးစံအတိုင်း တန်ဆောင်မုန်းလပြည့်နေ့တွင် တစ်ရွာလုံးရှိ ကာလသားများသည် တစုတဝေးဖြင့် ပြီးဆေးထိုးကြပါသည်။ ဆရာဦးချစ်ပန်းကား သိုင်းဆရာကြီးဖြစ်၍ ရွာခံလူငယ်အားလုံးမှာ သိုင်းပညာနှင့်ပတ်သက်လျှင် သူ့လက်ထွက်များသာ ဖြစ်ပါသည်။ ယခု တန်ဆောင်မုန်းလပြည့်ကား ဆေးပေါင်းခသည့်နေ့ဖြစ်သဖြင့် တပည့်အားလုံးကို ပြီးဆေးထိုးပေးပါသည်။ ပြီးဆေးထိုးသည့်နေရာကို ကြိုးများဖြင့် ဝိုင်းကာထားပြီး စည်းအတွင်း မိန်းကလေးများမဝင်ရပါ။ စည်းဝိုင်းအပြင်တွင် စားစရာအစုံ၊ ကွမ်း၊ ဆေး၊ လက်ဖက်စသည်တို့ကို ရွာခံမိန်းကလေးများက လာပို့ရင်း ကိုယ်ရည်မှန်းထားသော ဆေးထိုးသည့်အလှည့်တွင် အပြင်ဘက်မှ မျက်နှာလေးရှုံ့တွကာကြည့်ရင်း အချင်းချင်း-

"နာရှာမှာနော်"

ဟု ကရုဏာစကားကို ဆိုကြ၏။ စည်းအတွင်းမှ ကာလသားများကလည်း အချင်းချင်း -

"မနာပါဘူး၊ ယောကျ်ားပဲ။ ဒါလောက်ကတော့"

ဟု အပျိုကလေးများကြားအောင် ခပ်ကျယ်ကျယ်ပြောကြ၏။ အထိုးခံရတဲ့ကောင်မှာတော့ နာလိုက်သမှ မျက်ရည်ပေါက်ပေါက်ကျသည်ကို သူများမမြင်အောင် သုတ်နေရ၏။ အားလုံးဆေးထိုးပြီးချိန်တွင် ညဥ့်သန်းခေါင်နီးနေပြီ။

"ကဲ-အားလုံးထိုင်စမ်း"

ဆရာကြီးဦးချစ်ပန်းက ဝိုင်းထိုင်နေသော ကာလသားများကို ဝါးလုံးခပ်တုတ်တုတ်ဖြင့် အကြီးဆုံးကောင်မှစ၍ ခပ်ဆတ်ဆတ်ရိုက်လာသည်။ 'အမလေး' တသည့်ကောင်ကတ၏။ ကြိတ်ခံသည့်ကောင်ကလည်း မကြာမီမျက်ရည်ထွက်လာ၏။ အငယ်ဆုံးမောင်လှကို ထိုးပြီးသည်နှင့် ဆရာကြီးသိလိုက်၏။ ဒီကောင်အောင်ပြီ။

ထို့ကြောင့် ကန်တော့ပွဲရှေ့မှ ငှက်ကြီးတောင်ဓားကိုဆွဲပြီး 'ဟိတ်' ဟု အော်ကာ မောင်လှရှေ့သို့ခုန်ဝင်လာပြီး ဓားနဲ့ခုတ်၏။

"အမေလေး. . ."

"ဟား. . . သေပြီ"

စသည့် အာမေဋိတ်သံများကြားရသော်လည်း မောင်လှဘာမှမဖြစ်။

"တစ်ရွာလုံးမှာ ဒီကောင်မောင်လှအောင်ပြီ"

ဟု ဆရာကြီးက ကြေညာသည်။

ကာလသားများကဝမ်းသာအားရအိုးစည်ဖြင့် ကကြ၏။ အကြောင်းကားရွာအချင်းချင်း ကာလသားချင်းစကားများလျှင် ကာယသိဒ္ဓိအောင်ပြီးသူရှိသည့်ရွာကား အပေါ်စီးကပင် နေရမြဲ။ သတ္တိရှိလျှင် တစ်ယောက်ချင်းရိုက်မည်လားဟု စိန်ခေါ်နိုင်၏။ ရိုက်လျှင်လည်း ယှဉ်နိုင်သူမရှိ။ ကာလသားများကြားမှာ မျက်နှာပွင့်၏။

သူကြီးက သွားလေရာတွင် မောင်လှကို ခေါ်သွား၏။ ကြေးရတတ်များက မောင်လှကို ကြွေးသွားတောင်းရန်၊ လယ်သိမ်းရန်ရှိလျှင် မောင်လှကို ခေါ်သွား၏။ ဆုကြေးအဖြစ် မြိုးမြိုးမြက်မြက်ရသည်။ သို့သော် ဤဘဝတွင် မပျော်မွေ့ရန် အကြောင်းဖန်လာသည်။

မောင်လှတို့မှာ သားအမိနှစ်ဦးသာရှိရာ လယ်အပိုင်ရှိ၏။ ကွဲနွားရှိ၏။

www.burmeseclassic.com

အဖေထားရစ်ခဲ့သော ကိုယ်ပိုင်အိမ်နှင့် ဟန်ဟန်ပိုင်ပိုင်နေနိုင်သည်။ မိုးဦးကျ၍ စပါးစိုက်သောအခါ သူ့အမေက သူ့အား လယ်နှစ်ဧကကို သီးခြားခွဲ၍ စိုက်ခိုင်းသည်။ ကျန်လယ်များကို သူ့အမေကိုယ်တိုင် လူငှား၍စိုက်သည်။ သူဝင်စိုက်ပေးသည်ကိုပင် သူ့အမေ လက်မခံပေ။ 'အမေကဘာမှန်းလဲမသိဘူး' ဟုသာ စိတ်၌မှတ်ထားကာ သူလက်နှစ်ဧကပြီးသည်နှင့် သူများလယ်ကို အငှားလိုက်ထွန်၏။ ပေါင်းလိုက်၏။

သီတင်းကျွတ်ပြီး လယ်ရိတ်ချိန်တွင် ရာသီဥတုကောင်း၍ စပါးများရသည်။ - သို့သော် မောင်လှစိုက်သည့်လယ်နှစ်ဧကမှာ အမှော်အဖျင်းများသာရ၍ စပါးတစ်စေ့မှမရချေ။ မောင်လှမှိုမိသလိုလိုရှိလာ၍ သူအငှားလိုက်သောလယ်များကို မသိမသာစုံစမ်းရာ အရနည်းကြသည်။ အချို့မှာ ယခင်နှစ်များ၏ တစ်ဝက်ပင်မထွက်ချင်ပေ။ ရင်ထဲမတင်မကျဖြစ်နေသော ပြဿနာကို ကြာကြာမထား။ ညမီးဖိုဘေးတွင် ရေနွေးကြမ်းသောက်ရင်း သူ့အမေကို ဖွင့်မေးသည်။

"အမေကြားဖူးတာတော့ရှိတယ်ငါ့သား။ ဒါပေမယ့် သေချာအောင်လို့ မင်းကို နှစ်ဧကပဲ စိုက်ခိုင်းတာ။ ကာယသိဒ္ဓိအောင်သူတွေဟာ တခြားအလုပ်လုပ်စားလို့မရဘူး။ ဓားပြတိုက်စား၊ လူမိုက်လုပ်စားလို့ပဲရတယ်။ ရိုးရိုးသားသားလုပ်စားလို့မရတော့ဘူး။ ဒါကြောင့်နှစ်ဧကပဲပေးစိုက်တာ။ ခုတော့ ကြားတာမှန်နေပြီထင်ပါရဲ့။ မပူပါနဲ့ သားရယ်၊ အမေစိုက်တဲ့လယ်ယာတွေအောင်အားတာပဲ"

မည်သို့ဆိုစေ မောင်လှ စိတ်ထိခိုက်လာမိသည်။ ဟုတ်ချင်မှဟုတ်မှာပါလေလို့တွေးပြီး ဖြေရသည်။ နောက် (၂) နှစ် ထိုအဖြစ်မျိုးချည်း ကြုံရသောအခါ ရွာမှလူများလည်း ရိပ်မိလာကြသည်။ ပြီးဆေးကိုပေးသော ဆရာဦးချစ်ခန်းကိုယ်တိုင်က-

"ငါလည်း ဒီအကျိုးဆက်တွေမသိခဲ့အမှန်ပါကွာ"

ဟု ဆိုပြီး အတော်စိတ်မကောင်းဖြစ်သွား၏။ မကြာမီပင် ထိုသိုင်းသင်ခြင်း ပြီးဆေးထိုးပေးခြင်းအလုပ်ကိုမလုပ်ဘဲ ရဟန်းဘောင်ဝင်သွားခဲ့သည်။

မိဘကအသွန်အသင်အဆုံးအမကောင်းလှသော မောင်လှတစ်ယောက်ကောင်းမှုကို လုံးဝမလုပ်ချင်။ တတ်နိုင်သမျှ ငါးပါးသီလကို ထိန်းသူဖြစ်ရကား ကြွေးတောင်းလယ်သိမ်းအလုပ်များတွင် မလုပ်တော့ဘဲ စားစရာမရှိလျှင် တောင်းစားမည်ဟု ဆုံးဖြတ်ကာ ဘုရားတွင် အဓိဋ္ဌာန်ပြုလေ၏။ ဈေးနေ့များတွင် သူ့ကာယသိဒ္ဓိကို အစမ်းခံရင်း ငွေရှာသည်။ စစချင်းတွင် ငါးကျပ်မျိုး၊ တစ်ဆယ်မျိုးနှင့်အစမ်းခံသော်လည်း နောက်ပိုင်း စမ်းသူမရှိတော့ဘဲ တစ်မတ်သို့ ဈေးကျသွားသည်ဟု ဆိုပါသည်။

❑

ကျွန်တော် အသက် (၅၅) နှစ်တွင်ပင်စင်ယူပါသည်။ (ထိုစဉ်က အစိုးရဝန်ထမ်းများသည် (၅၅) နှစ်ပြည့်လျှင် ပင်စင်ယူပါသည်။) အသက်ကြီးလှပြီဖြစ်သော မိဘနှစ်ပါးက -

တို့များမျက်စိမမှိတ်ခင် ငါ့သားကို ရဟန်းဝတ်နှင့်မြင်လိုသည်ဟု ဆို၍ ဒုလ္လဘဝတ်ပါသည်။ မိမိဝတ်သောကျောင်းမှ ကျောင်းထိုင်ဆရာတော်သည် ပရိယတ္တိကျောင်းဖြစ်၍ တရားထိုင်ခြင်း၊ တရားရှုမှတ်ခြင်း၊ ဓူတင်ဆောင်ခြင်းတို့ကို သင်ကြားပေးရာ လေ့ကျင့်သင်ကြားရင်းနှင့်ပင် ရဟန်းဘောင်၌ပျော်ပိုက်လာပါသည်။

တစ်နေ့တွင် ရှမ်း/မြောက်ရှိ မြို့ကြီးတစ်မြို့မှ နာမည်ကြီးကျောင်းထိုင်ဆရာတော်က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဘုန်းကြီးကျောင်းများမှ တစ်ကျောင်းလျှင်တစ်ပါး အလှူခံကြွရန် ဖိတ်ကြားရာ ဆရာတော်က -

"မောင်ပဥ္စင်းပဲသွားလိုက်ပါ"



ဟု ခိုင်းသဖြင့် ထိုမြို့ကျောင်းသို့သွားရာ ကျွန်ုပ်မှာ တကယ့်တောသားမြို့ရောက်ဖြစ်ရပါသည်။

ကျောင်းကြီးမှာ ကြီးမားလှပြီး စေတီဇရပ်များ၊ အသုံးအဆောင်များစုံလှသည်။ ကြွလာသောကျောင်းထိုင်ဆရာများမှာ အများအားဖြင့် သက်ကြီးရွယ်ကြီးများသာ ဖြစ်ပါသည်။ ကျွန်ုပ်မှာ သင်္ချိုင်းဓူတင်ဆောက်သူဖြစ်သော်လည်း တစ်မြို့တစ်ရွာဖြစ်နေ၍ ည (၁၂) နာရီမှသာ တိတ်တိတ်ထပြီး ကျောင်းဝင်းကြီးအတွင်း ချောင်ကျကျနေရာရှိ သစ်ပင်အောက်တွင် ရုက္ခမူဓူတင်ဆောင်ရပါသည်။

နောက်တစ်နေ့ နံနက်အရုဏ်ဆွမ်းစားအပြီးတွင် ကျောင်းထိုင်ဆရာကြီးမှ ဦးစန္ဒောဘာသအား ခေတ္တကြွပါရန်ဟု ဒကာတစ်ဦးမှပင့်လာ၍ ဆရာတော်ကြီးထံလိုက်သွားပါသည်။ ဆရာတော်ကြီးအားဝတ်ဖြည့်ပြီးတော့ ဖူးလိုက်သည်နှင့် ဆရာတော်ကြီးသည် စရဏအားကြီးသူမှန်း ချက်ချင်းသိပါသည်။

"ဒီလိုပါ ဦးစန္ဒောဘာသ၊ အခုဘုန်းကြီးအလှူမှာ အကူအညီလိုနေတယ်။ ဦးပဥ္စင်းက လာတဲ့ရဟန်းတွေထဲမှာတော့ ဖျတ်ဖျတ်လတ်လတ်ရှိသေးတဲ့အပြင် ဝန်ထမ်းဘဝကထွက်လာတဲ့သူဆိုတော့ စာရင်းဇယားလည်းနိုင်မှာပါ။ ဒီတော့ ဘုန်းကြီးရဲ့အကူလက်ထောက်အနေနဲ့ ကူညီပါ"

သို့နှင့်ပင် ကျွန်ုပ်မှာ ဘုန်းကြီးလက်ထောက် စာရင်းကိုင်စာရေးကြီးအဖြစ် ရောက်ရပါသည်။ နေ့စဉ်ရေးမှတ်ပြီး ညပိုင်း စာရင်းအချုပ်အပြီးတွင် ဝန်ထမ်းစရိုက်ကိုမစွန့်နိုင်ဘဲ ပစ္စည်းများကိုကိုယ်တိုင်စစ်ဆေးခြင်း၊ အမြင်မတော်သည်များကို စနစ်တကျနေရာချခြင်းများပါ ပြုလုပ်နေရရာ ည (၁၁) နာရီအထိ မအိပ်ရပါ။ အလှူမှာ ခုနစ်ရက်ခုနစ်လီဖြစ်၍ ခုနစ်ရက်ပဲလေ အကောင်းဆုံးဖြစ်အောင်လုပ်ပေးလိုက်မည်ဟု စိတ်ထားကာ လုပ်ကိုင်ပေးနေပါသည်။

လာရောက်လှူဒါန်းသည့်ပစ္စည်းများမှာ တစ်နေ့ထက်တစ်နေ့ မိုမိုများပြားလာရာ အလုပ်မှာ မနိုင်မနင်းဖြစ်လာပါသည်။ (၃) ရက်မြောက်နေ့တွင် နှုတ်ခမ်းမွေးစစ၊ အသားဖြူဖြူ လူပုံချောချောတစ်ဦးရောက်လာပြီး -

"တပည့်တော် မောင်ကြည်ပါဘုရား။ ကူညီပါရစေ၊ စာရင်းအင်းလည်းနားလည်ပါတယ်"

www.burmeseclassic.com

ဟု လာရောက်လျှောက်ထားပါသည်။

"ကူတာတော့ လက်ခံပါတယ်။ ဒါပေမယ့် ပစ္စည်းတွေ၊ ငွေတွေကများတော့ ဒကာရဲ့အမည်၊ အဖအမည်၊ မှတ်ပုံတင်နံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံရေးပေးပါ။ နောက်ပြီး အလှူမပြီးမချင်း ဒီမှာနေနိုင်မှာလား"

"အားလုံးပြည့်ပြည့်စုံစုံ ရေးပေးပါ့မယ် ဘုရား။ ညအိပ်တာတောင် အရှင်ဘုရား မျက်စိအောက်မှာရှိနေအောင် ဒီလိုက်ကာအကွယ်မှာ တပည့်တော် အိပ်ရာခင်းထားပါတယ် ဘုရား"

သို့ဖြင့်ပင် ဒကာလက်ထောက်တစ်ဦး ရရှိလိုက်ပြီး ည (၁၂) နာရီထိုးလျှင် ရုက္ခမူစုတင်ကို အပျက်မခံဘဲ ကျင့်ကြံပါသည်။ ဒကာမောင်ကြည်မှာ သွက်လက်ဖျတ်လတ်ရုံမက စာရင်းအင်းနိုင်နင်းကြောင်း လက်တွေ့သိလာရပြီး ကျွန်ုပ်မှာလည်းများစွာသက်သာရာရခဲ့ပါသည်။ (၅) ရက်မြောက်နေ့တွင်မူ ကျွန်ုပ်မှာ အအိပ်ပျက်ရာမှ အစားပါပျက်ပြီး မကြာခဏ မိုက်ခနဲဖြစ်သွားပါသည်။ ထိုအချိန်များတွင် ဒကာမောင်ကြည်ဖျော်ပေးသော ကော်ဖီခါးခါးလေး တစ်ခွက်သာမရှိလျှင် ဆက်လုပ်နိုင်စရာပင်မရှိပါ။

(၆) ရက်မြောက်နေ့တွင် ပစ္စည်းများ၊ ငွေများ အလှူခံရာနေရာကိုသွားကြည့်ရင်းအလှူခံသည့်နေရာတွင် လူမျိုးခြားတစ်ဦးကို သတိထားမိပါသည်။ ဘယ်သူကလက်ခံခေါ်ထားတာလဲ၊ ဘာကြောင့် ဒီနေရာကိုဝင်ရတာလဲ။ ကျွန်ုပ်အကဲခတ်နေသည်ကို ထိုသူရိပ်မိသွားပုံပေါ်ပါသည်။

"တပည့်တော် အားတီပါ ဘုရား။ ဆရာတော်ကခေါ်ထားတာပါ"

ကျွန်ုပ် စဉ်းစားကြည့်သောအခါ အလှူခံမည့်သူစာရင်းတွင် ဤနာမည်မရှိ။ ဆရာတော်ခေါ်ထားလျှင်လည်း ကျွန်ုပ်ကို အကြောင်းကြားမည်ဖြစ်ရာ ဆရာတော်ကို တိုက်ရိုက်မေးခြင်းသာ အကောင်းဆုံးဟုဆုံးဖြတ်၍ ကျောင်းမကြီးသို့ ခပ်သွက်သွက်တက်ခဲ့ပါသည်။ ကျောင်းပေါ်တွင် ဆရာတော်သည် ပြတင်းပေါက်မှ အလှူခံဌာနဘက်သို့ မျှော်ကြည့်နေပါသည်။ ထိုစဉ် ရုတ်ရုတ်သဲသဲအသံများကိုလည်း ကြားရ၏။ ဒကာတစ်ဦးအပြေးရောက်လာပြီး -

"အဝင်ဝမှာ ဒကာတစ်ဦးမူးလဲသွားလို့ပါဘုရား"

ဟု လျှောက်၏။

"ဦးစန္ဒော ဒီပရိတ်ရေနဲ့ သွားကုပေးလိုက် ဘာမှမဖြစ်ပါဘူး"

ဟု ဆို၍ အနားရှိငွေဖလားအသေးတစ်လုံးကို လှမ်းပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ငွေဖလားထဲမှ ပရိတ်ရေကို မဖိတ်စင်အောင်ထိန်းကိုင်ရင်း ကျောင်းဝင်းပေါက်သို့လာခဲ့ပါသည်။

"ဟင် - အားတီပါလား"

ကျောင်းပေါက်တွင် ခုနကကျွန်ုပ်တွေ့ခဲ့သော အားတီသည် အိတ်တစ်လုံးနှင့် လဲနေပါသည်။ အကြောများလဲဆွဲနေ၍-

"မူးလဲတာ မဟုတ်ဘူး ဒကာ၊ တက်နေတာ ဖယ်ကြ. . . ဖယ်ကြ"

အနားရှိ လူအုပ်မှာလည်း ကျွန်ုပ်ဝင်လာသောအခါ ဘေးသို့ဖယ်ပေးကြ၏။ အားတီးကို ပရိတ်ရေဖြင့်ဖျန်းရင်း ပါးစပ်ထဲသို့ ပရိတ်ရေတိုက်မှ ငြိမ်သွားပါသည်။ ခဏအကြာတွင် အားတီသည် လက်များကိုဖယ်ရမ်းရင်း-

"ကလေးတွေ ဖယ်ကြစမ်း၊ ငါပြန်ပေးမှာ၊ ဖယ်ကြ"

ဟု အော်ဟစ်နေပါသည်။ သို့ဖြစ်၍ အားတီနှင့် သူ့ကျောပိုးအိတ်ကို ကျောင်းထဲသို့သယ်လာပြီး လဲလျောင်းစေကာ ပရိတ်ရေအကုန်လုံးကိုတိုက်မှ 'ဟင်းခနဲ' သက်ပြင်းရှည်ချရင်း သတိရလာသည်။ ထိုစဉ် ဆရာတော်ကြွလာရာ အားတီသည် ကမန်းကတန်း လူးလဲထရင်း ဆရာတော်ကိုဦးတိုက်ပါသည်။

"တပည့်တော်မှားပါတယ် ဘုရား။ အလှူခံဌာနမှာ ငွေတွေအပုံလိုက်မြင်တော့ လောဘတက်လာပြီး ကူသလိုလိုနဲ့ အလှူငွေများကိုလက်ခံပြီး တပည့်တော် ကျောပိုးအိတ်ထဲ သိပ်ထည့်ပါသည်။ ဒီဦးပဉ္စင်းလာကြည့်တော့ ရိပ်မိပုံရတယ်ထင်ပြီး ငွေအိတ်ကိုဆွဲ ခပ်သုတ်သုတ်ပြေးတာ ဒါပေမယ့် ဘယ်ကကလေးတွေလဲမသိဘူး၊ တပည့်တော်ကို ဝိုင်းဖိကြ၊ ထုကြ၊ ထောင်းကြနဲ့ တပည့်တော် သတိလစ်သွားပါတယ် ဘုရား။ ကလေးမှာ လေးငါးဆယ်ရှိပါတယ်။ ကျောင်းဝင်းထဲမှာလည်း ကလေးဒီလောက်များများ မမြင်ဘူးပါ။ ငွေအားလုံး ဒီအိတ်ထဲမှာပါဘုရား။ တပည့်တော်ကျောပိုးအိတ်လည်း မယူတော့ပါဘူး ဘုရား။ တပည့်တော်ကိုသာ သွားခွင့်ပြုပါ"

ဆရာတော်က ခေါင်းညိတ်ခွင့်ပြုသည်နှင့် သုတ်ခနဲထပြေးသွားပါသည်။ လက်စသတ်တော့ သူခိုးပဲ။ ရောယောင်ဝင်လာပြီး ခိုးတာကိုး။ ငွေများကိုရေတွက်ရာ သိန်း (၂၀) ခန့်ရှိပါသည်။ ဝိုင်းဖမ်းတဲ့ကလေးတွေကိုပဲ ကျေးဇူးတင်ရမှာပေါ့။ သို့နှင့်ပင် အလှူတွေပြီးဆုံးရက်၌ ကျောင်းထိုင်ဆရာတော်အားလုံးကို တစ်ပါးလျှင် သိန်း (၅၀) ခန့်လှူလိုက်ပါသည်။ အခြားဆရာတော်များ ပြန်ကြသော်လည်း ကျွန်ုပ်မှာ ဒကာမောင်ကြည်နှင့် စာရင်းများကို အပြီးချုပ်နေကြရာ ည (၁၀) နာရီခန့်တွင် ဒကာမောင်ကြည်က -

"ဒီမှာ စာရင်းအချုပ်ပါဘုရား"

ဟု လာပြရာ စာရင်းများကိုကြည့်ရင်းနှင့်ပင် မိုက်ခနဲဖြစ်သွားပါသည်။ ကျွန်ုပ် အိပ်ရာမှနိုးသောအခါ နူးညံ့ငြိမ့်ညောင်းအိစက်သော အိပ်ရာတစ်ခုပေါ်တွင်ရောက်နေကြောင်း သတိထားမိပါသည်။ ကျောင်းပေါ်မှ ထိုးလိုက်သော ခေါင်းလောင်းသံကြောင့်နိုးလာခြင်းဖြစ်ပြီး ခေါင်းလောင်းငါးချက်သံဖြစ်၍ နေ့ဆွမ်းဘုဉ်းပေးရန်ထိုးသောအသံ ဖြစ်ကြောင်း သတိပြုမိပါသဖြင့် လူးလဲထလိုက်၏။ ထိုအခါမှ မိမိသည် ကျောင်းထိုင်ဆရာတော်၏အခန်းတွင်းရှိ အိပ်ရာပေါ်တွင် အိပ်ပျော်နေကြောင်း သိရပါသည်။ ထိုစဉ် ဆရာတော်ဘုရားဝင်လာပြီး -

"မောင်ပဉ္စင်း-နိုးလာပြီလား။ကိုယ်လက်မြန်မြန်သုတ်သင်ချေ။ ဆွမ်းစားရအောင်။ နေထိုင်လို့ကောင်းရဲ့လား"

"တင်ပါ့ . နေထိုင်လို့ကောင်းပါသည်ဘုရား။ ဘယ်လို့လုပ် ဆရာတော်ဘုရား အိပ်ရာပေါ်ရောက်တယ်ဆိုတာပဲ မသိတာပါ"

"မောင်ပဉ္စင်း ပင်ပန်းပြီးလဲသွားလို့ ဒီပေါ်သယ်လာပြီး သိပ်ထားတာ။ နှစ်နှစ်ခြိုက်ခြိုက်အိပ်နေတာ (၂) ရက်ရှိပြီ။ သိပ်ပင်ပန်းနေမှန်းသိလို့ မနှိုးတာ။ ကဲ- သွား၊ သွား"

ကိုယ်လက်သုတ်သင်ပြီး ဆွမ်းစားကျောင်း၌ ခန်းနေဦးပဉ္စင်းနှင့်အတူဆွမ်းစားပြီး အချိုပွဲသုံးသောအခါ ကျောင်းထိုင်ဆရာတော်က သူ့စားပွဲတွင်လာသုံးပါဆိုသဖြင့် ဆရာတော်စားပွဲသို့ကူး၍ ဝတ်ဖြည့်ပါသည်။ ကျောင်းဝင်းအတွင်းတွင် အလှူပြီးပြီဖြစ်၍ ပစ္စည်းများအားလုံးကို သိမ်းဆည်းပြီးဖြစ်နေပါသည်။ ကျောင်းဝင်းမှာလည်း တိတ်ဆိတ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်ကို ခွင့်လွှတ်ပါဘုရား။ နောက်ဆုံးပင်ပန်းရမယ့်အပိုင်းကျမှ အိပ်ပျော်သွားရတယ်လို့"

"စိတ်မကောင်းမဖြစ်ပါနဲ့ မောင်ပဥ္စင်း။ စိတ်စေတနာကောင်းပေမယ့် ခန္ဓာက ပင်ပန်းလွန်းတော့ မခံနိုင်တာ။ မောင်ပဥ္စင်းမှာ တာဝန်ကျေတာထက်တောင် လွန်သွားပါပြီ။ ဒါကြောင့်လည်း ကျေးဇူးတင်ကြောင်း ဆရာတော်က ပြောချင်လို့ဘောဇဉ်သုံးဆောင်ရအောင် လှမ်းခေါ်လိုက်တာပါ"

"ဒကာမောင်ကြည်ရဲ့ကျေးဇူးတွေ အများကြီးပါပါတယ်ဘုရား။ သူ့တောင် နှုတ်မဆက်လိုက်ရဘူး။ သူမရှိရင် တပည့်တော်မလုပ်နိုင်ပါဘူး။ ဘယ်အရပ်မှာ နေလဲတောင်မမေးလိုက်ရဘူး"

"သူလာတွေ့ပါလိမ့်မယ်။ ကနေ့တော့ မောင်ပဥ္စင်း ကောင်းကောင်းနားပါဦး"

"တင်ပါဘုရား၊ တပည့်တော်လည်း မနက်ဖြန်ပြန်ပါတော့မယ်"

ကျွန်ုပ်သည် ကျွန်ုပ်အိပ်ခဲ့သော ဆရာတော်ဘုရား၏အိပ်ရာကို သန့်ရှင်းရေးလုပ်ရန်သွားသောအခါ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်များပင် အသစ်လှဲခင်းကျင်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မိမိတည်းရာခမ္မာရုံသို့ ပြန်သောအခါ ကျွန်ုပ်၏ အိပ်ရာကိုလည်း သပ်သပ်ရပ်ရပ် သိမ်းဆည်းခင်းကျင်းထားပြီး ဖြစ်ပါသည်။

ဒကာ မောင်ကြည် အိပ်စက်ရာ နောက်သို့ကြည့်လိုက်သောအခါ ဇဝေဇဝါဖြစ်ရပါသည်။ကန့်လန့်ကာကိုမကြည့်ရာ နံရံကိုသာတွေ့ရပြီး အိပ်ရန်မဆိုထားနှင့် ကန့်လန့်ကာကြားမှာ တစ်ထွာလောက်ကျယ်ရာ ဒကာမောင်ကြည် ဘယ်လိုများ အိပ်သွားပါလိမ့်ဟု စဉ်းစား၍ပင်မရပါ။

ထိုတစ်နေ့လုံးနားပြီး ည (၁၂) နာရီတွင်မှ ဝတ်မပျက် ရုက္ခမူတင်ဆောင်ပြီး နံနက် (၄) နာရီ ရောင်နီလာမှ ဂူလင်မှထရာ မိမိရှေ့တွင် ဒကာမောင်ကြည်သည် လက်အုပ်ချီ၍ထိုင်နေပါသည်။

"ဒကာ မောင်ကြည်၊ အစောကြီးရောက်နေပါလား။ ကနေ့ ဦးပဥ္စင်းပြန်မလို့ ဒကာ့ကို နှုတ်မဆက်ရလို့ စိတ်မကောင်းဖြစ်နေတာ။ ဒကာကြီးကို ကျေးဇူးတင်ပါတယ်။ ဒကာမှမကူရင် ဦးပဥ္စင်းအလုပ်ကိုဘယ်လိုမှနိုင်မှာမဟုတ်ဘူး"

"အမှန်မလျှောက်မိသည်ကို ခွင့်လွှတ်ပါဘုရား။ တပည့်တော်သည် ဦးပဥ္စင်းဓူတင်ဆောင်သောအပင်ကိုအမြဲပြုနေတဲ့ရုက္ခစိုးပါဘုရား။ ဆရာတော်ဘုရားက သွားကူဦးဟု ကူညီခွင့်ပြု၍သာ တပည့်တော်သည် ကူညီရင်း ရခဲသောကုသိုလ်ကိုရပါသည်ဘုရား။ ဆရာတော်ဘုရားကြီးကား ဓနသိဒ္ဓိအောင်သူ ပီပီ အလှူမတိုင်မီတစ်လကပင် ဘယ်သူ့ကို ဘယ်နေရာတာဝန်ပေးမည်ဟု စီစဉ်ပြီး ဖြစ်ပါသည်။ ဦးပဥ္စင်း ရောက်လာမည်ကိုလည်း ကြိုပြောထားပါသည်။ ဦးပဥ္စင်း မဆုတ်မနစ်သောဓူတင်ဆောင်ခြင်းကိုလည်း ဆရာတော်က ချီးမွမ်းပါသည် ဘုရား"

"ဒကာကြီးက ရုက္ခစိုးကိုး ဦးပဥ္စင်းဖြင့် မရိပ်မိပါဘူး"

"တပည့်တော်လည်းမရိပ်မိအောင် နေပါသည်ဘုရား။ အားတီ ငွေခိုးပြေးတုန်းက တစ်ချက်ပေါ်မလိုဖြစ်သွားပါသည်။ အားတီ ခိုးပြေးပြေးချင်း တပည့်တော်က အနီးအနားမှ မှင်စာလေးများကို 'ဟဲ့- လိုက်ကြစမ်း' ဟု ခိုင်းလိုက်ပါသည်။ ထို့ကြောင့်ပင် အားတီသတိရရချင်း 'ဟဲ့-ကလေးတွေ ဖယ်စမ်း' ဟူ၍ အော်ခြင်း ဖြစ်ပါသည်။ ထိုသို့ ကာကွယ်စောင့်ရှောက်သော ကုသိုလ်ကြောင့်ပင် မှင်စာလေးများ အဆင့်မြင့်ဘုံသို့ ကူးသွားနိုင်ကြပါသည်။ ဆရာတော်ဘုရား၏ ကျေးဇူးပါပဲဘုရား။ တပည့်တော်ကို သွားခွင့်ပြုပါ"

"ကောင်းပါပြီ ဒကာကြီး၊ ဘယ်လိုပဲဖြစ်ဖြစ် ဒကာကြီးကို ကျေးဇူးတင်ပါတယ်"

အရှက်ဆွမ်းဘုဉ်းပေးပြီးသည်နှင့် အထုပ်အပိုးပြင်ပြီး ဆရာတော်ကြီးထံသွား၍ ပြန်ခွင့်ပြုပါရန် လျှောက်ထားပါသည်။

"မောင်ပဥ္စင်းမှာ မေးချင်တာတွေ ရှိနေတယ်။ မေးခွန်းသုံးခု မေးခွင့်ပြုတယ်မေး"

"ဆရာတော် ဓနသိဒ္ဓိအောင်သည်ဆိုသည်မှာ မှန်ပါသလားဘုရား"

"အင်း - မိမိအလိုရှိရာပစ္စည်းကို ရနိုင်တာကို ဓနသိဒ္ဓိလို့ခေါ်ရင်တော့ မှန်တယ်လို့ပြောရမှာပဲ"

"ကျင့်စဉ်ကို တပည့်တော်သိချင်ပါတယ်ဘုရား။ တပည့်တော်ကျင့်ရင် ရနိုင်မလား"

"ဓနသိဒ္ဓိရဖို့ဆိုရင် တချို့က ဓာတ်လုံးကိုစီရင်တယ်။ တချို့က အင်းအိုင်လက်ဖွဲ့များကို စီရင်တယ်။ ဘုန်းကြီးကတော့ ဘုန်းကြီးရဲ့ ဆရာတော်ဘုရားကျင့်ခိုင်းတဲ့ကျင့်စဉ်ကိုကျင့်တယ်။ တစ်ခုရှိတာက မနေ့က မောင်ပဥ္စင်းအိပ်ခဲ့တဲ့ အိပ်ရာကို ဘုန်းကြီးတစ်ခါမှမအိပ်ခဲ့ဘူး။ ဒီအိပ်ရာကို မောင်ပဥ္စင်း ပထမဦးဆုံး အိပ်ဖူးတာပဲ။ မောင်ပဥ္စင်း လှူချင်တန်းချင်တဲ့ပစ္စည်းကို လိုချင်တိုင်းရတယ်။ ဒါပေမယ့် မောင်ပဥ္စင်း ဖိမ်ခံဖို့ ကိုယ်ကျိုးအတွက် သုံးခွင့်မရှိဘူး။ ဒါကကျင့်စဉ်ကိုး"

"ကျင့်လို့ ဓနသိဒ္ဓိအောင်ရင် နိဗ္ဗာန်ကိုမြင်နိုင်ရနိုင်ရပါသလားဘုရား"

"မရဘူး၊ ကံမကောင်းရင် အပါယ်လားနိုင်တယ်။ လောဘတက်လာရင်၊ မောဟတတ်လာရင် ငရဲကျနိုင်တယ်။

ဒါဖြင့် ဘုန်းကြီးက ဘာကြောင့်ကျင့်နေသလဲမေးရင် ကျင့်ရင်းနဲ့ ဒီသမထကိုအခြေခံရင်း နိဗ္ဗာန်ရောက်ကြောင်း ကြပ်ကြပ်မတ်မတ်သင်ကြားပြောပြပေးမယ့် ဆရာတော်တစ်ပါး ရနိုင်တယ်။ သမထစွမ်းအားနဲ့ ရှေ့ဖြစ်ကိုကြိုသိနိုင်တယ်။ မကြာခင် ဘုန်းကြီးကို နိဗ္ဗာန်ရောက်ကြောင်းသင်ကြားပေးမယ့် ဆရာတော်တစ်ပါးရောက်လာမှာပါ"

ထိုသို့ မိန့်ပြီးနောက် ကျင့်စဉ်ကို အသေးစိတ်ပြောပြပါသည်။

"မောင်ပဥ္စင်း ကျင့်ချင်မှကျင့်။ နိဗ္ဗာန်ရဖို့ဆိုရင်တော့ ဒီလမ်းက အကွေ့အကောက်များတယ်။ သမထကနေ ဝိပဿနာကိုကူးတာ အမြန်ဆုံးပဲ။ ဘုန်းကြီးလည်း ငယ်တုန်းကတော့ လောဘလေးကို အခြေခံပြီး ကျင့်ခဲ့မိတာ။ ဒီကျင့်စဉ်မှာ ပီတိဖြစ်စရာ၊ ပျော်ရွှင်စရာ၊ စွဲလမ်းစရာတွေကလည်းရှိတယ်။ လမ်းလွဲလို့ကတော့ တစ်ဘဝစံပဲ။ ပြီးရင် သွားရော့ အဝီစိပဲ။ သတိမခိုင်ရင် သံသရာထဲမှာပဲ ဝဲလည်လှည့်နေရမယ်"

ဆရာတော်ရှေ့မှပြန်လာ၍အထုပ်အပိုးပြင်နေစဉ်မှာပင် ကားတစ်စီးဝင်လာပြီး-

"လမ်းကြုံလို့ပါ ဘုရား"

ဟု ဆိုကာ ကျွန်ုပ်နှင့် ဆရာတော် လှူဒါန်းသည့် ပစ္စည်းများကိုတင်ကာ မိမိ၏ မူရင်းကျောင်းသို့ အရောက်ပြန်နိုင်ခဲ့ပါသည်။

ဤအကြောင်းအရာများကာ ကျွန်ုပ်ကြားဖူး၊ ကြုံဖူးသော သိဒ္ဓိများပင် ဖြစ်ပါသည်။

ထွန်း (နောင်ချို)



www.burmeseclassic.com

www.burmeseclassic.com

မဉ္စဝတီခေတ် (ဘီစီ ၃၃၂၅ - အေဒီ ၃၂၇)၊ ဝေသာလီခေတ် (အေဒီ ၃၂၇ - ၇၉၄)၊ လေးမြို့ခေတ် (အေဒီ ၈၁၈-၁၄၀၆)၊ မြောက်ဦးခေတ် (အေဒီ ၁၄၃၀- ၁၇၈၄) ဟူသော ရှည်လျား ထွေပြားလှသည့်သမိုင်းစဉ်တစ်လျှောက်တွင် ရခိုင်ဒေသတစ်နံတစ်လျားဝယ် ဗုဒ္ဓဘုရားရှင်မျက်မှောက်တော်ကာလကပင် ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားခဲ့ရကား မင်းနှင့်ပြည်သူအပေါင်းတို့သည် ခေတ်အဆက်ဆက်မှာ 'သဇင်ပန်းခိုင်တလှိုင်လှိုင် ရခိုင်ဘုရားပေါင်း' ဟူသည့် စာဆိုနှင့်အညီ ဘုရားစေတီပုထိုးပေါင်း မြောက်မြားစွာကို တည်ထားကိုးကွယ်ခဲ့ကြလေသည်ပင် ဖြစ်၏။

ထိုထိုသော ဘုရားစေတီပုထိုး မြောက်မြားစွာကို အဆိုပါမင်းနှင့်ပြည်သူတို့သည် သံသရာလွတ်ကင်းကောင်းကျိုးချမ်းသာကို ရည်မျှော်၍ လည်းကောင်း၊ သံသရာဝဲအတွင်း ကောင်းကျိုးချမ်းသာကို ရည်မျှော်၍ လည်းကောင်း ရည်ရွယ်ချက်အမျိုးမျိုး၊ မျှော်မှန်းချက်အမျိုးမျိုး၊ နည်းနိဿယအမျိုးမျိုးတို့ဖြင့် ဤရခိုင်ဒေသတစ်ခွင်တစ်ပြင်တွင် တည်ထားကိုးကွယ်ခဲ့ကြသည်ကတော့ အမှန်ပင်။

ဤနေရာမှာ အထူးတလည်တင်ပြချင်သည်က ရခိုင်ဘုရင်တချို့က ရှားရှားပါးပါး တည်ထား ကိုးကွယ်ကြသော 'မဏ္ဍိုင်ငါးရပ်ပါဘုရားနှင့် ပတ်သက်၍ ဖြစ်သည်။ ဤတွင် မဏ္ဍိုင်ငါးရပ် ဆိုသည်မှာ အဘယ်နည်း ဆိုသည်ကို သိရှိရန်လိုပါပေပြီ။ ကနဦးဆုံးမှာ မဏ္ဍိုင် ဆိုသော ဝေါဟာရအနက်ကို သိရှိရန် လိုအပ်မည်ထင်သည်။

မဏ္ဍိုင် ဟူသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲမှာ -

၁။ အလယ်ချက်၊ အချက်အချာ
၂။ ကြီးမား ခိုင်ခံ့၍ မလှုပ်မယှက် တည်သောအရာ
၃။ ဝန်းဝိုင်းသောအပြင်
၄။ ကြည်လင်ခြင်း၊ ကြည်လင်ရာ

ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရှိရပေသည်။

ဤနေရာမှာ အလယ်ချက်၊ အချက်အချာဟူသော အနက်အဓိပ္ပာယ်ကိုယူက ပိုကောင်းမည်ထင်သည်။

သက္ကတအဘိဓာန်များတွင် မဏ္ဍိုင်ကို မဏ္ဍလဟု ဖော်ပြပြီး အစုအဝေး အဖွဲ့အစည်းဟု အဓိပ္ပာယ်ပေးကြသည်။ ဦးဘုတ်စိန်၏ မြန်မာ၊ အင်္ဂလိပ်၊ ပါဠိ

# ဖုန်းရှိအောင်
# မဏ္ဍိုင်ငါးရပ်လျှို့ဝှက်ချက်


သျှစ်သောင်းပုထိုးတော်ကြီးရင်ပြင်တော်တစ်စိတ်တစ်ပိုင်း


သျှစ်သောင်းဘုရားကြီး (ဗုဒ္ဓမဏ္ဍိုင်)

အဘိဓာန်ထဲတွင် မဏ္ဍိုင်ကို a crele or pivot ဟု ပြဆိုထားလျက် အဝန်းအဝိုင်း ဝင်ရိုးဟု အနက်ပေးထားသည်ကို တွေ့ရှိရပါသည်။ အနှစ်ချုပ်လိုက်လျှင် မဏ္ဍိုင်ဟူသည် အစုအပေါင်း၊ အစုအဝေး၊ အဖွဲ့အစည်း၊ အချက်အချာ၊ ဗဟိုချက်မ၊ ဝင်ရိုးဟု အဓိပ္ပာယ်ဖော်ဆောင်ပေးက ပိုကောင်းမည်မှာ ဧကန်ဖြစ်ပါသည်။

သို့ဆိုလျှင် ရခိုင်ဘုရားတချို့တွင် ပါရှိတတ်သော မဏ္ဍိုင်ငါးရပ် ဟူသည် အဘယ်နည်း။ ထိုမဏ္ဍိုင်ငါးရပ်ဆိုသည်မှာ တခြားမဟုတ်။

၁။ ဗုဒ္ဓမဏ္ဍိုင် (ပထမမဏ္ဍိုင်)
၂။ ဗြဟ္မာမင်းမဏ္ဍိုင် (ဒုတိယမဏ္ဍိုင်)
၃။ သိကြားမင်းမဏ္ဍိုင် (တတိယမဏ္ဍိုင်)
၄။ စတုမဟာရာဇ်နတ်မင်းမဏ္ဍိုင် (စတုတ္ထမဏ္ဍိုင်)
၅။ မနုဿလူမင်းမဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်)

တို့ပါဝင်သော တည်ဖွဲ့မှုပင် ဖြစ်သည်။

ဤမဏ္ဍိုင်ငါးရပ်တည်ဖွဲ့ပုံသဘောသဘာဝကို နားလည်သဘောပေါက်လိုသည်ရှိသော် ဗုဒ္ဓစာပေကျမ်းဂန်လာ (၃၁) ဘုံတည်ရှိဖွဲ့စည်းပုံကို ပထမဦးဆုံး ခရေစေ့တွင်းကျ သိရှိထားရန် အထူးတလည် လိုအပ်မည်ထင်သည်။ ဗုဒ္ဓဘာသာ (၃၁) ဘုံကို ယေဘုယျအားဖြင့် လေ့လာ ဆန်းစစ်ကြည့်မည်ဆိုပါလျှင် အောက်မှအထက်သို့ -

၁။ ငရဲ ပြိတ္တာ၊ အသူရကာယ် တိရစ္ဆာန်ဘုံတို့ ပါဝင်သော

www.burmeseclassic.com

အပါယ်လေးဘုံအုပ်စု(ဒုဂ္ဂတိလေးဘုံ)။

၂။ မနုဿလူသားတို့ မှီတင်းနေထိုင်ရာ လူ့ဘုံအုပ်စု။

၃။ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရိနိမ္မိတဝသဝတ္တီ ဟူသည့် နတ်ပြည်ခြောက်ထပ်သော နတ်ဘုံအုပ်စု။

၄။ ရူပဗြဟ္မာဘုံ (၁၆) ဘုံ၊ အရူပဗြဟ္မာဘုံ (၄) ဘုံ (ဝါ) ဗြဟ္မပါရိသဇ္ဇာဗြဟ္မာဘုံမှ အကနိဋ္ဌဗြဟ္မာဘုံထိပါဝင်သော ဘုံ (၂၀) ပါဝင်သည့် ဗြဟ္မာဘုံအုပ်စုတို့ရှိနှင့်နေကြသည်ကို တွေ့သိကြမည်မှာ အသေအချာဖြစ်သည်။

ဤမဏ္ဍိုင်ငါးရပ်တည်ဖွဲ့ပုံမှာ အဆိုပါ (၃၁) ဘုံကို အောင်နိုင်တော်မူသော (ဝါ)စကြဝဠာကိုအောင်နိုင်တော်မူသော ဗုဒ္ဓဘုရားရှင်ကို ကိုယ်စားတော်ပြုသော (ဝါ) အထိကရပြုသော ဗုဒ္ဓမဏ္ဍိုင်ကို အလယ်ဗဟိုချက်မှာထားလျက် အပါယ်လေးဘုံကို အစိုးတရဖြစ်သော စတုမဟာရာဇ်မတ်မင်းမဏ္ဍိုင်၊ မနုဿလူ့ဘုံကို လက်ဝါးကြီးအုပ် စိုးမိုးခွင့်ရသော မနုဿလူမင်းမဏ္ဍိုင်၊ ဗြဟ္မာဘုံ(၂၀)လုံးကိုအစိုးရသော ဗြဟ္မာမင်းမဏ္ဍိုင်တို့ ဝိုင်းရံခအင်အားဖြည့်လျက် အစုအဝေး (အသိုက်အမြုံ) ဖော်ဆောင်ထားခြင်းပင်ဖြစ်သည်။တစ်နည်းပြောရလျှင် (၃၁)ဘုံ၏ အထိကရဝင်ရိုးဖြစ်သော ဗုဒ္ဓမဏ္ဍိုင်၊ အပါယ်လေးဘုံ၏ အထိကရဝင်ရိုးဖြစ်သော စတုမဟာရာဇ်နတ်မင်းမဏ္ဍိုင်၊ မနုဿလူ့ဘုံ၏ အထိကရာင်ကိုးဖြစ်သော လူမင်းမဏ္ဍိုင်၊ နတ်ပြည်နတ်ဘုံ၏ အထိကရဝင်ရိုးဖြစ်သော သိကြားမင်းမဏ္ဍိုင်၊ ဗြဟ္မာ့ပြည်ဗြဟ္မာဘုံ၏ အထိကရဝင်ရိုးဖြစ်သော ဗြဟ္မာမင်းမဏ္ဍိုင်တို့၏ စုဝေးတည်ဖွဲ့သော အသိုက်အဝန်းသည် (၃၁) ဘုံပင် ဖြစ်သည် (ဝါ) စကြဝဠာပင် ဖြစ်သည်။ သို့ဆိုလျှင် ဤမဏ္ဍိုင်ကြီးငါးရပ်သည် (၃၁) ရပ်ဘုံကို အစိုးတရဖြစ်လိုခြင်း (ဝါ) စကြဝဠာကို အစိုးတရဖြစ်လိုခြင်းဆိုသော အရိပ်နိမိတ်ကို ဖော်ညွှန်းသည်။ စွမ်းရည်ဂုဏ်သတ္တိတစ်ရပ်ကို ခွဲတည်စုစည်းနေသည်များလား။

တကယ့်တကယ်တော့ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ဟူသော သမိုင်းစဉ်တစ်နံတစ်လျား၌ သဇင်ပန်းခိုင်တလှိုင်လှိုင် ရခိုင်ဘုရားပေါင်း ဆိုသည့်အတိုင်း



ဗြဟ္မာမင်းမဏ္ဍိုင်



မနုဿလူမင်းမဏ္ဍိုင်



စတုမဟာရာဇ်နတ်မင်းကြီးမဏ္ဍိုင်

ရခိုင်ဒေသတစ်ခွင်တပြင်၌ ဘုရားစေတီပုထိုးများ မြောက်မြားစွာရှိနေသည့်တိုင် ဆိုနေသော မဏ္ဍိုင်ငါးရပ်ပါဘုရား(စေတီပုထိုး) ကတော့ လက်ငါးချောင်းချိုးရေတွက်လျှင်ပင်မပြည့်မီပေ။ တိတိပပပြောရလျှင် ရခိုင်မဉဝတီပြည့်ရှင်စန္ဒာသူရိယမင်း(ဘီစီ၅၈၀-၅၂၈)တည်ထားကိုးကွယ်သော မဟာမုနိဘုရား၊ ရခိုင်ဝေသာလီပြည့်ရှင် မဟာတိုင်းစန္ဒြာမင်း (အေဒီ ၃၂၇ - ၃၈၄) တည်ထားကိုးကွယ်သော မြေထဲဘုရား၊ ရခိုင် ပုရိန်ပြည့်ရှင် ကောလိယမင်း (အေဒီ ၁၁၁၈-၁၁၂၃) တည်ထား ကိုးကွယ်သော မဟာထီးဘုရား၊ မြောက်ဦးပြည့်ရှင်မင်းဗာကြီးမင်း (အေဒီ ၁၅၃၁ - ၁၅၅၃) တည်ထား ကိုးကွယ်သော သျှစ်သောင်းဘုရားတို့သာလျှင် မဏ္ဍိုင်ငါးရပ်ပါဘုရားအဖြစ် တထင်တရှားရှိနေပါသည်။

မှတ်သားစရာတစ်ခုက ဤမဏ္ဍိုင်ငါးရပ်ပါဘုရားကို တည်ထားကိုးကွယ်လိုသော ပြည့်ရှင်မင်းတို့သည် ရဟန်းမှာ သိက္ခာ၊ မင်းမှာဘိသိက် ဆိုသည့်အတိုင်း မိမိတည်ထားကိုးကွယ်မည့် မဏ္ဍိုင်ငါးရပ်ပါဘုရားအတွက် ရွေးချယ်ထားသည့် မင်္ဂလာမြေနေရာအဝန်းအဝိုက်ထဲတွင် ရေးကျမ်းဂန်များနှင့်အညီ ရာဇဘိသေကမင်္ဂလာအခမ်းအနားကို တထည်တဝါ ခံယူကျင်းပရသည်ဟူ၏။ ဆိုချင်သည်က ပြည့်ရှင်မင်းတို့သည် ရာဇဘိသေမင်္ဂလာပွဲကို (ဝါ) ရာဇဘိသိက်ခံယူပွဲကို တခမ်းတနားကျင်းပပြုလုပ်ပြီးမှ မဏ္ဍိုင်ငါးရပ်ပါဘုရားကို တည်ထား ကိုးကွယ်ရသည်ဟုဆိုလိုခြင်းပင် ဖြစ်၏။

ဤသည်ကို ပိုမိုထင်ရှားစေရန်အတွက် ရခိုင်မြောက်ဦးပြည့်ရှင် မင်းဗာကြီးမင်း၏ မဏ္ဍိုင်ငါးရပ်ပါဘုရားဖြ



www.burmeseclassic.com

www.burmeseclassic.com

သည့် သျှစ်သောင်းဘုရားတည်ဆောက်ပုံယေဘုယျသဘော တင်ပြချင်ပါသည်။ အဆိုပါ မင်းဗာကြီးမင်းသည် မြောက်ဦး ရွှေနန်းတော် (ယခု မြောက်ဦးမြို့ နန်းတော်ကုန်း) မှ မြောက်ဘက် လေးဖာလုံခန့်အကွာ ဖိုးခေါင်တောင်ကုန်းကြီး၏ ပေ(၄၀)ခန့်အမြင့်ရှိ တောင်ခါးပန်းနေရာမှာ လူမျိုးခြား ဘာသာခြား သူရတန်မင်းတို့ တာရှည်တာများ သိမ်းပိုက်အပိုင်စီးထားသော မောက်သူဇာ၊ ဒက္ကာ၊ စစ်တကောင်း၊ ပဋိက္ကရား အစရှိသော ဘင်္ဂါ (၁၂) ပြည်တောင် နယ်မြေကို ပြန်လည်သိမ်းပိုက်ရယူနိုင်သော အောင်ပွဲအထိမ်းအမှတ်အဖြစ် မြောက်ဦးနေပြည်တော်သို့ ဝင်ထွက်သွားလာနေသော ပေါ်တူဂီ ကုန်သည်သင်္ဘောများကိုအကာအကွယ်ပေးရန်ဟူသော အကြောင်းပြချက်ဖြင့် ဘင်္ဂလားပင်လယ်ပြင်ကို ဗိုလ်ကျစိုးမိုးခြယ်လှယ်နေရုံသာမက ရွှေပြည်ရခိုင်၊ မြောက်ဦးရွှေနန်းအား တိုက်ခိုက်သိမ်းပိုက် ကိုလိုနီပြုရန် ကြိုးစားလာသော ပေါ်တူဂီ ရေတပ်စစ်သင်္ဘောအုပ်စုကို တိုက်ခိုက်ဖြိုခွင်း အောင်ပွဲဆင်နိုင်သော အထိမ်းအမှတ်အဖြစ် ဤရန်အောင်ဇေယျခေါ် သျှစ်သောင်းဘုရား (ပုထိုးတော်ကြီး) ကို တည်ထား ကိုးကွယ်ရန် စီစဉ်ဆောင်ရွက်လေတော့သည်။

အလေးဂုရုပြုဖွယ်ကောင်းသည်က ဤရန်အောင်ဇေယျသျှစ်သောင်းဘုရား (ပုထိုးတော်ကြီး) ကို အကြီးအမှူးပြု တည်ဆောက်ပေးသူမှာ ဂန္ဓာရီပညာရှင် သျှင်မြဝါဖြစ်ပါသည်။ သူသည် မင်းဗာကြီးမင်းနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူလည်း ဖြစ်သည်။ နောက် သျှင်မြဝါသည် အိန္ဒိယမဇ္ဈိမဒေသသို့ သွားရောက်ပြီး သိဝဂိုဏ်းသားရသေ့ကြီး သိရိဗိသနိုးထံတွင် ဂန္ဓာရီပညာရပ်များကို (၂၄) နှစ်တိုင်တိုင် ဆည်းပူးသင်ကြားခဲ့သူလည်း ဖြစ်သည်။

သျှင်မြဝါသည် မဏ္ဍိုင်ငါးရပ်ပါ ဤသျှစ်သောင်းဘုရားကို မတည်ဆောက်မီ သျှစ်သောင်းဘုရားတည်ဆောက်ရန် ရွေးချယ်ထားသော မင်္ဂလာမြေနေရာအဝန်းအဝိုက်ထဲ၌ ရာဇပလ္လင်တော်နှင့် မြေနန်းစမုတ်ဆောင်တော်သစ်ကို တည်ဆောက်စေပြီး သက္ကရာဇ် ၈၉၇ ခုနှစ် နှစ်ဦးပေါ် ကဆုန်လဆန်း ၅ ရက်နေ့၌ မင်းဗာကြီးမင်းကို ရာဇာဓိပတိရာဇာဘိသေကမင်္ဂလာပွဲတော်ကို တခြိမ့်သဲသဲ ဝှဲချီးသဘင်ဆင်ယင်ကျင်းပစေခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် မဏ္ဍိုင်ငါးရပ်ပါဘုရားတည်ထားကိုးကွယ်လိုသော ပြည့်ရှင်မင်းသည် ရှေဦးစွာ မင်းမှာ ဘိသိက်၊ ရဟန်းမှာ သိက္ခာ ဟူသော ဆိုရိုးစကားနှင့်အညီ ရာဇဘိသိက်ခံရရိုးထုံးစံရှိသောကြောင့် ဖြစ်၏။

ပြီး ၎င်း ၈၉၇ခုနှစ်(အေဒီ-၁၅၃၅) တန်ဆောင်မုန်းလပြည့်၊ စနေနေ့မှာ ဘုရင်မင်းဗာကြီး၏မွေးနံကိုဆောင်လျက် သျှင်မြဝါက မိုးသောက်နံနက် နေထွက်စမင်္ဂလာအခါတော်ကို ယူပြီးသကာလ 'အပြည်ပြည်ကိုးရှင်ငယ်ရစ်ဝန်း၊ အမှုထမ်း' ဟု ကျူးရင့်ကာ သျှစ်သောင်းဘုရား(ပုထိုးတော်)ကြီးကို ရွှေပန္နက်ခတ်နှိပ် အုတ်မြစ်ချမင်္ဂလာပြုတော်မူလေသည်။

ဤနေရာမှာ ရန်အောင်ဇေယျခေါ် သျှစ်သောင်းဘုရား (ပုထိုးတော်)ကြီး၏ သွင်ပြင်သဏ္ဌာန်ကို ပေါ်လွင်အောင် ညွှန်းဆိုချင်ပါသည်။ သျှစ်သောင်းဘုရားပုထိုးတော်ကြီး၏ အလျားမှာ (၁၆၈) ပေ၊ အနံ (၁၂၄) ပေ၊ ဉာဏ်တော်အမြင့် (၈၆) ပေ ရှိသည်။ ပုထိုးတော်ကြီး၏ မဟာရံတံတိုင်းသည် အရှေ့မှ အနောက်သို့ (၂၂၅) ပေ၊ မြောက်မှ တောင်သို့ (၁၈၀) ပေရှိသည်။ ပုထိုးတော်ကြီးကို လိုဏ်ငါးထပ်ဖြင့် တည်ဆောက်ထားသည်။ ပုထိုးတော်ကြီးခေါင်မိုးတွင် ခေါင်းလောင်းပုံ (စက်လုံးခြမ်း) စေတီတော်ကြီးတစ်ဆူကို အရံစေတီငယ် (၂၆) ဆူ ဝန်းရံထားသည်။ ယင်းမှာ သတ္တဗိသျှနက္ခတ် (၂၇) လုံးကို ရည်ညွှန်းတည်ဖွဲ့ထားခြင်း ဖြစ်သည်။

ထိုသျှစ်သောင်းဘုရားပုထိုးတော်ကြီးအား တည်ဆောက်ရာဝယ် တစ်ရာရှစ်ခန်းသော ဌာပနာတိုက်ကို မြေအောက်တွင် စီရင်တော်မူရာ၌ မင်းဗာကြီးမင်းသည် ဘင်္ဂါ (၁၂) ပြည်တောင်ကို သိမ်းပိုက်အောင်တော်ပြီးနောက် အလျဉ်းသင့်စွာဖြင့် သိပ်မဝေးလွန်းလှသော ဗုဒ္ဓဂယာကို သွားရောက် ဖူးမြော်ရင်းဖြင့် ရယူပင့်ဆောင်တော်မူလာသော ဘုရား၊ ရဟန္တာဓာတ်တော်မွေတော်များနှင့် ဆင်းတုရုပ်ပွားရတနာမျိုးစုံသွန်းစက်တော်များကို ထိုဌာပနာတိုက်၌ ဌာပနာတော်မူသည့်အပြင် ပွင့်တော်မူပြီးသော၊ ပွင့်တော်မူလတ္တံ့သော ဗုဒ္ဓဘုရားရှင်များကို ရည်မှန်း၍ ဗုဒ္ဓဆင်းတုတော် ရှစ်သောင်းလေးထောင်၊ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူသော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်။ အာရှာနာဋ္ဌိယသုတ်လာ နတ်ဒေဝတာ ရှစ် သောင်းလေးထောင်အားရည်လျက် နတ်ရုပ်ရှစ်သောင်းလေးထောင်၊ အထူးတလည် စီရင်တော်မူထားသော ဆိုင်ရာဆိုင်ရာ အင်းချပ်ကြီး၊ အင်းချပ်ငယ်ရှစ်သောင်းလေးထောင်တို့ကိုလည်း စီရင်ဌာပနာပြုထားသေးသည် ဟူ၏။ ထိုသို့သော ရှစ်သောင်းလေးထောင်အရာများကိုရည်၍ ဤရန်အောင်ဇေယျ မည်သော ပုထိုးတော်ကြီးကို သျှစ်သောင်းလေးထောင်ဘုရားဟုမည်တွင်လာစေရာမှ သျှစ်သောင်းဘုရားဟုတွင်ရှိလာဟန်တူပေသည်။

တစ်ခါ ဤသျှစ်သောင်းဘုရားပုထိုးတော်၌ အထိကရကျသော သော့ချက်တစ်ခုမှာ မဏ္ဍိုင်ငါးရပ်အခင်းအကျင်းပင် ဖြစ်သည်။ ဤသျှစ်သောင်းဘုရားပုထိုးတော်ကြီး၏ လိုဏ်ပတ်လမ်းကို လက်ယာရစ်ဝင်ရောက်လှည့်လည်ကြည့်ညိုသောအခါ ပထမဆုံး ဗြဟ္မာ့မဏ္ဍိုင် (ဒုတိယမဏ္ဍိုင်)၊ နောက် မနုဿလူမင်းမဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်)၊ ယင်းနောက် စတုမဟာရာဇ်နတ်မင်းကြီးမဏ္ဍိုင် (စတုတ္ထမဏ္ဍိုင်)ပြီးနောက် သိကြားမင်းမဏ္ဍိုင် (တတိယမဏ္ဍိုင်) တို့ကို အစဉ်အတိုင်း တွေ့မြင်ရလိမ့်မည်။ အားလုံး နောက်ဆုံးတွင် ဗုဒ္ဓမဏ္ဍိုင် (ပထမမဏ္ဍိုင်) ကို ဖူးတွေ့ရမည်မှာ ဧကန်ဖြစ်သည်။

တစ်နည်းဆိုရသော် သျှစ်သောင်းဘုရားပုထိုးတော်၏ အတွင်းတော်ထဲ၌ အရှေ့တောင်ထောင့်အရပ်တွင် ဗြဟ္မာ့မဏ္ဍိုင် (ဒုတိယမဏ္ဍိုင်)၊ အနောက်တောင်ထောင့်အရပ်တွင် မနုဿလူမင်းမဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်)၊ အနောက်မြောက်ထောင့်အရပ်တွင် စတုမဟာရာဇ်နတ်မင်းကြီးမဏ္ဍိုင် (စတုတ္ထမဏ္ဍိုင်)၊ အရှေ့မြောက်ထောင့်အရပ်တွင် သိကြားမင်းမဏ္ဍိုင် (တတိယမဏ္ဍိုင်) တို့ကို နေရာတော်ချထားပြီး အလယ်ဗဟိုချက်တည့်တည့် မဟာဂန္ဓကုဋီတိုက်တော်ထဲဝယ် ဉာဏ်တော် (၉) ပေအမြင့်ရှိသော ထိုင်တော်မူ ကျောက်ညိုဗုဒ္ဓဆင်းတုတစ်ဆူကို ဗုဒ္ဓမဏ္ဍိုင် (ပထမမဏ္ဍိုင်) အဖြစ် သီတင်းသုံးစံတော်မူနေစေသည်ကို ဖူးတွေ့ရပါသည်။

ထိုထက် ပိုပြင်အောင် ဆိုရလျှင် ဗြဟ္မာ့မဏ္ဍိုင် (ဒုတိယမဏ္ဍိုင်) ၌ ယင်းကာရဗြဟ္မာမင်းရုပ်တု၊ မနုဿလူမင်းမဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်) ၌ တောင်နန်းမိဖုရားကြီး၊ မြောက်နန်းစံမိဖုရား[illegible] ခြံရံလျက် မင်းဗာကြီးမင်းရုပ်တု၊ စတု



www.burmeseclassic.com

www.burmeseclassic.com

ဟာရာဇ်နတ်မင်းကြီးမဏ္ဍိုင် (စတုတ္ထ ဏ္ဍိုင်) ၌ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ဝေရဟူသော စတုမဟာရာဇ်နတ်မင်း ကြီးလေးပါးရုပ်တု၊ သိကြားမင်းမဏ္ဍိုင် (တတိယမဏ္ဍိုင်) ၌ နတ်မိဖုရားကြီး လေးပါးခြံရံလျက် ဧရာဝဏ်ဆင်မင်းကို စီးနင်းစံမြန်းနေသော နတ်တို့သနင်း သိကြားမင်းရုပ်တုတို့ကို ပီပြင်ကြွရွစွာ ဆစ်ပုံဖော်ထားပြီး သျှစ်သောင်း ဘုရားပုထိုးတော်ကြီး၏ အလယ်ဗဟို ချက် ဂန္ဓကုဋိတိုက်ထဲတွင် ဗုဒ္ဓမဏ္ဍိုင် (ထမမဏ္ဍိုင်) အဖြစ် အရှေ့ဘက်ကို ျက်နှာမူလျက် ထက်ဝယ်ခွေဖွဲ့ထိုင် တော်မူနေသော ဘုရားတော် (၉) ပေရှိ ကော်မုဒြာပုံတော် ကျောက်ညိုတစ်လုံး တည်းဖြင့်ထုဆစ်ထားသော ဗုဒ္ဓဆင်းတု တော် သီတင်းသုံးစံပယ်ခြင်းဖြင့် တည် ဖွဲ့ထားသည်ကို တွေ့ရှိရသည်။

ဤတွင် မေးစရာ၊ တွေးစရာဖြစ် လာသည်က ဗုဒ္ဓမဏ္ဍိုင်ကို အလယ်ဗဟို ချက်မှာထား၍ ဗြဟ္မာ့မဏ္ဍိုင်၊ စတုမဟာ ရာဇ်မဏ္ဍိုင်၊ သိကြားမင်းမဏ္ဍိုင်၊ မနုဿ လူမင်းမဏ္ဍိုင်တို့က ဝိုင်းရံခတည်ဖွဲ့ခြင်း ဖြင့် စွမ်းရည်ဂုဏ်သတ္တိတစ်ရပ်ကို ဖော် ဆောင်နေသည်များ ဖြစ်နေလေမလား။

ဤနေရာမှာ အနည်းငယ် ဝေဖန် ဆောကြောကြည့်ကြပါမည်။ နတ်ပြည် ခြောက်ထပ်၌ အောက်ဆုံးအထပ်ဖြစ် သော စတုမဟာရာဇ်နတ်ပြည်ဝယ် ဓတ ရဋ္ဌနတ်မင်းကြီး၊ ဝိရူပက္ခနတ်မင်းကြီး၊ ဝိရူဠှကနတ်မင်းကြီး၊ ကုဝေရနတ်မင်းကြီး ဟူ၍ နတ်မင်းကြီးလေးပါးရှိသည်။ ဓတ ရဋ္ဌနတ်မင်းကြီးသည် အရှေ့ဘက်ကို အစိုးရပြီး ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်ရ သည်။ ဝိရူဠှကနတ်မင်းကြီးသည် တောင် ဘက်အရပ်ကိုအစိုးရပြီး ကုမ္ဘဏ်တို့ကို အုပ်ချုပ်ရသည်။ ဝိရူပက္ခနတ်မင်းကြီး သည် အနောက်ဘက်ကို အစိုးရပြီး နတ် မင်းတို့ကို အုပ်ချုပ်ရသည်။ ကုဝေရ နတ်မင်းကြီးသည် မြောက်ဘက်အရပ်ကို အစိုးရပြီး ယက္ခဘီလူးများကို အုပ်ချုပ်ရ သည်။ အနည်းငယ် ဝိတ္ထာရချဲ့ပြောရ လျှင် ဤစတုမဟာရာဇ်နတ်မင်းကြီးတို့ သည် နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ တစ္ဆေ၊ သရဲ သဘက်၊ ဖုတ်၊ ဝေမာနိက၊ ဝေနိ ပါတိကတို့ အပါအဝင် ငရဲဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံ၊ တိရစ္ဆာန်ဘုံ ဟူသော အပါယ်လေးဘုံကို စိုးမိုးအုပ်ချုပ်သူများ ဖြစ်ကြသည်။ အနှစ်ချုပ်ပြောရလျှင် ဤ စတုမဟာရာဇ်နတ်မင်းကြီးတို့ကိုအပါယ် လေးဘုံတို့၏ အဓိပတိအချုပ်အချာ ပြယုဂ်အဖြစ် စတုမဟာရာဇ်နတ်မင်းကြီး မဏ္ဍိုင် (စတုတ္ထမဏ္ဍိုင်) အား တည်ဖွဲ့ ထားခြင်း ဖြစ်သည်။

တစ်ဖန် သုဓမ္မာ၊ သုဇာတာ၊ သုနန္ဒာ၊ သုစိတ္တာဆိုသော နတ်မိဖုရား ကြီးတို့၏ ကြင်ရာတော်၊ ဧရာဝဏ်နတ် ဆင်မင်း၏ အရှင်သခင်၊ နတ်တို့သနင်း သိကြားမင်းကို စတုမဟာရာဇ်၊ တာဝတိံ သာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရ နိမ္မိတဝသဝတ္တီအမည်ရှိသော နတ်ပြည် နတ်ဘုံ ခြောက်ထပ်စလုံး၏ အဓိပတိ အချုပ်အခြာသရုပ်အဖြစ် သိကြားမင်း မဏ္ဍိုင် (တတိယမဏ္ဍိုင်) ကို ဖွဲ့တည် လိုက်ခြင်း ဖြစ်သည်။

ယင်းသို့ပင်လျှင် တောထွက်လာ သော ဗောဓိသတ္တလောင်းလျာ သိဒ္ဓတ္ထ မင်းသားကို ရွှေကြာသက်န်းကပ်လှူခဲ့ သော ဃဋိကာဗြဟ္မာကြီးကို ရူပဗြဟ္မာ (၁၆) ဘုံ၊ အရူပဗြဟ္မာဘုံ (၄) ဘုံဟု ဆိုအပ်သော ဗြဟ္မပါရိသဇ္ဇာဗြဟ္မာဘုံမှ အကနိဋ္ဌဗြဟ္မာဘုံအထိဖြစ်သည့် ဗြဟ္မာ ဘုံ(၂၀)၏ အဓိပတိအချုပ်အခြာနိမိတ် ပုံအဖြစ် ဗြဟ္မာမင်းမဏ္ဍိုင် (ဒုတိယ မဏ္ဍိုင်) အား ဖွဲ့စည်းယူလိုက်ခြင်း ဖြစ် သည်။

နောက်အလေးဂရုပြုစရာတစ်ခု က ဒုတိယမြောက်ဦးမြို့တည်နန်းတည် ဘုရင် မင်းဗာကြီးမင်းကို လူ့ဘုံလူ့ပြည် လောကတစ်ခုလုံး၏ အဓိပတိအချုပ် အခြာ သင်္ကေတအဖြစ် မနုဿလူမင်း မဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်) ကို အားယူတည် ဖွဲ့ထားခြင်းပင် ဖြစ်သည်။

ထို့ပြင် ဆိုနေသော မဏ္ဍိုင်ကြီး ငါးရပ်ထဲတွင် အထိကထီးချက်ခရိုင်ပမာ သော့ချက်ကျနေသော ပထမမဏ္ဍိုင်ဖြစ် သည့် ဗုဒ္ဓမဏ္ဍိုင်၏ အလိုတော်မှာ လူ မင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဦးညွှတ် ကော်ရော် အပူဇော်ခံဖြစ်တော်မူသော (ဝါ) လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ အပါယ် ဘုံသားတို့၏ ဦးညွှတ်ကော်ရော် အပူ ဇော်ခံဖြစ်တော်မူသော ဗုဒ္ဓဘုရားရှင်ကို (၃၁) ဘုံအားလုံး၏ စကြဝဠာအားလုံး ၏ အဓိပတိ၊ အချုပ်အခြာမကိုဋ်အဖြစ် ဖွဲ့တည်ထားခြင်းပင် ဖြစ်သည်။

တစ်ဖက်တွင်လည်း ဗောဓိသတ္တ လောင်းလျာ သိဒ္ဓိတ္ထမင်းသားငယ်ဖွား တော်မူစက ရာမ၊ ဓဇ၊ လက္ခဏ၊ မန္တိ၊ ယည၊ သုဘောဇ၊ သုယာမ မည်သော ဝေဒပညာရှင် ပုဏ္ဏားတော်တို့က ဤ မင်းသားငယ်သည် ဘုရားဖြစ်လျှင်ဖြစ်၊ မဖြစ်လျှင် စကြဝတေးမင်းဖြစ်လိမ့်မည် ဟု ရဲရဲဝံ့ဝံ့ ဟောကြားတော်မူခဲ့သည်။ ကောဏ္ဍညပုဏ္ဏားကမူ ဤမင်းသားငယ် သည် ဘုရားစင်စစ်ဖြစ်လိမ့်မည်ဟုလက် ညှိုးတစ်ချောင်းထောင်၍ ဧကံသ တစ်ခွန်းတည်းစကားဖြင့် ဟောကြား တော်မူခဲ့လေသည်။

ပြီး ဗုဒ္ဓဘုရားရှင်သည် မဟာပုရိသ လက္ခဏာ (၃၂) ပါးနှင့် ပြည့်စုံသည်။ စကြဝတေးမင်းသည် မဟာပုရိသလက္ခ ဏာ(၃၂)ပါးတစ်ခုယုတ်ဖြင့်ပြည့်စုံသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်အလောင်းတော် များသည် စကြဝတေးမင်းဖြစ်ခွင့်ရှိသည်။ စကြဝတေးမင်းများသည် ဗုဒ္ဓဘုရားရှင် အလောင်းအလျာများ ဖြစ်ကြသည်။ တစ်နည်းဆိုလျှင် ဗုဒ္ဓဘုရားရှင်နှင့် စကြ ဝတေးမင်းသည် စည်းတစ်ခု၏ ဟိုမှာ ဘက်သည်မှာဘက်ဟုဆို၍ ရမည်ထင် သည်။ ထို့ကြောင့် ရှေ့ဗုဒ္ဓဘာသာဝင် မင်းများသည် စကြဝတေးမင်းအဖြစ်ကို ရည်မျှော်လျက် ဘုရားဆုပန်လေ့ရှိကြ သည်။ သို့ဆိုလျှင် ဤဗုဒ္ဓမဏ္ဍိုင် (ပထမ မဏ္ဍိုင်)သည် ဗုဒ္ဓဘုရားရှင်ကို ရည်ညွှန်း နေသလို စကြဝတေးမင်းကိုလည်း ညွှန်း ဆိုနေလေသလား။

အနှစ်ချုပ်လိုက်လျှင် မနုဿလူ မင်းမဏ္ဍိုင်၊ သိကြားမင်းမဏ္ဍိုင်၊ ဗြဟ္မာ မင်းမဏ္ဍိုင်၊ စတုမဟာရာဇ်နတ်မင်းကြီး မဏ္ဍိုင်တို့က ဗုဒ္ဓမဏ္ဍိုင်ကို ဝိုင်းရံခလျက် တည်ဖွဲ့နေသော အခင်းအကျင်းသည် စကြဝတေးမင်းကဲ့သို့ စွမ်းရည်ဂုဏ်သတ္တိ မျိုးကို ရရှိစေနိုင်သော အစီရင်တစ်ခုခု များဖြစ်နေလေသလား။

မည်သို့ပင်ဆိုစေ ဤမဏ္ဍိုင်ငါးရပ် ပါ သျှစ်သောင်းဘုရား(ပုထိုးတော်)ကြီး အား ဒါယကာ ပြုတည်ထားကိုးကွယ်ခဲ့ သော ရခိုင်မြောက်ဦးပြည့်ရှင် မင်းဗာ ကြီးမင်း (၁၅၃၁ - ၁၅၅၃) သည် စီးပွား ရေးအရ၊ စစ်ရေးအရ အလွန်တရာကြီး မားစွာသော အောင်မြင်မှုများကို ရရှိပြီး လျှင် တပင်ရွှေထီးမင်း၊ ဘုရင့်နောင်မင်း တို့၏ တတိယမြန်မာနိုင်ငံတော်ထဲတွင် မပါဝင်ဘဲနှင့် သီးခြားတိုင်းပြည်အဖြစ် ရပ်တည်ပြီးလျှင် နောင်မင်းဆက် (၆) ဆက် နှစ်ပေါင်း (၈) နှစ်တိုင် ကြွယ်ဝ သောလက်နက်နိုင်ငံအဖြစ် တန်ခိုးအရှိန် အဝါကြီးမားနေခဲ့သည်ကတော့ အမှန် ပင်။

ဖုန်းမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအနန်းသွင်

သတိ၊ ဝိရိယ၊ ပညာ



"ငါပဲ့ယောက်ျား၊ ရွက်တိုင်ဖျားက တအားနော်ခုန်လိုက်မယ်။ ဝဠာကုန်သောင်းစက်က၊ ‌ေ စာင်းသွက်သွက်ခါရော့လဟယ်"

အသက်ကြီးလာတော့ မနေ့က အကြောင်းအရာကို ဒီနေ့ သတိမရတော့ ဖြစ်နေပေမယ့် ငယ်ငယ်ကအကြောင်းအရာများကိုတော့ ပြန်သတိရနေတတ်ပါတယ်။ ငယ်စဉ်က ဇာတ်ပွဲကြည့်တော့ မဟာဇနကမင်းဇာတ်လမ်းမှာ ဇနကမင်းသား သင်္ဘောပျက်တော့ ရွက်တိုင်ဖျားတက်ပြီး ခုန်ထွက်တဲ့အခါမှာ မာန်သွင်းကြုံးဝါးတဲ့စကားကို ပြန်သတိရမိ၍ ပြန်ဆိုကျင့်ရာ အသံတော်တော်ကျယ်ကျယ်ထွက်သွားပါသည်။

"ဘိုးဘိုးကြီးဘာတွေရွတ်နေသလဲ"

ကျွန်တော့်အသံကိုကြားသွားသောမြေးဖြစ်သူ စည်သူအောင်က မေးပါသည်။

ကျွန်တော်က -

"ဘိုးဘိုးကြီး ငယ်ငယ်တုန်းက ရွာနားက မူးယစ်ကြီးဆိုတဲ့ရွာမှာ အောင်ကျော်ငြိမ်းဇာတ်ပွဲကတယ်။ သူက အဲဒီရွာသားပဲ။ နောက် ရန်ကုန်ကိုတက်ပြီး ဝိဇ္ဇာမောင်ဆိုတဲ့အမည်နဲ့ နာမည်ကြီးတယ်။ ဘိုးဘိုးကြီးသွားကြည့်တဲ့ညက နောက်ပိုင်းဇာတ်ထုပ်ကို မဟာဇနကဇာတ်ခင်းတယ်။ အဲဒီမှာ သင်္ဘောပျက်တဲ့အခန်းမှာ မင်းသားက ဇာတ်သေတ္တာပေါ်ကနေပြီး အဲဒီလို ဇာတ်စကားနဲ့ဟန်နဲ့မာန်နဲ့ခုန်ကြတယ်။ ပွဲကြည့်ပရိတ်သတ်များက တကယ်ရွက်တိုင်ထိပ်ဖျားကခုန်ချသလိုခံစားရတယ်"

"အဓိပ္ပာယ်ကိုပြောပြပါဦးဘိုးဘိုးကြီး"

သူကအဓိပ္ပာယ်ကိုမေးသည်။

ကျွန်တော်က -

"ရွက်တိုင်ဖျားက တအားခုန်မယ်။ အဲဒီအရှိန်ဟာ စကြဝဠာတိုက်တစ်သောင်းစလုံး ဘယ်ညာစောင်းပြီး သွက်သွက်ခါသွားစေသတည်းလို့ အဓိပ္ပာယ်ရတယ်။ ကမ္ဘာနဲ့ ဂြိုဟ်တွေစုနေတဲ့ အစုတစ်စုကို စကြဝဠာတစ်စုလို့ခေါ်တယ်။ မြတ်စွာဘုရားရှင်က အာဏာစက်ဟာ အဲဒီစကြဝဠာပေါင်းတစ်သောင်းကို ပျံ့နှံ့စေတယ်။ အဲဒါကိုပေါ်လွင်အောင် စကြဝဠာတိုက်တစ်သောင်းလို့ခေါ်တယ်"

"ဘိုးဘိုးကြီးတို့ ငယ်ငယ်တုန်းက တောမှာကြည့်ရတဲ့ဇာတ်ပွဲတွေအကြောင်း ပြောပြပါလား။ တကယ်ပြောရရင် သားဇာတ်ပွဲကို တစ်ခါမှမကြည့်ဖူးဘူး။ တီဗွီမှာလာတဲ့ အငြိမ့်တို့၊ နှစ်ပါးသွားအကတို့ ဒါလောက်ပဲကြည့်ဖူးတယ်"

ဟု သူက ဇာတ်ပွဲအကြောင်းမေးပါသည်။

ကျွန်တော်က -

"ဘိုးဘိုးကြီးတို့ ငယ်ငယ်တုန်းက တောရပ်ဒေသတွေမှာ ပွဲလမ်းသဘင်များ အလွန်ကြည့်ရခဲ့ပါတယ်။ တစ်နှစ်တစ်ခါ ရွာတွေမှာဘုရားပွဲကျင်းပတဲ့အခါနဲ့ အခါအားလျော်စွာ ငွေကြေးတတ်နိုင်သူများ အလှူလုပ်ပြီး ဇာတ်ပွဲသွင်းတဲ့အခါလောက်ပဲကြည့်ရတာ။ ရွာတစ်ရွာမှာ ဇာတ်ပွဲဖြစ်တယ်ဆိုရင် (၁၀) မိုင်ပတ်လည်အတွင်းရှိတဲ့ရွာတွေက လာကြည့်ကြတယ်။ အချို့လှည်းနဲ့၊ အချို့ခြေကျင်ပေါ့။ အဲဒီတော့ မိုးလင်းမှ ပြန်နိုင်ကြတယ်။ ဒါကြောင့် ဇာတ်ပွဲက မိုးလင်းအထိကပေးရတယ်။

ဘိုးဘိုးကြီးမှတ်မိသလောက် ပွဲအစမှာ အပျိုတော်ထွက်တယ်။ ပြီးလို့ရှိလျှင် တောအခေါ် လူဘိုင်စကုပ်လို့ခေါ်တဲ့ ပြဇာတ်တိုလေးကတယ်။ လူငယ်ကြိုက် ထိုးကြိတ်၊ ကျွမ်းထိုး၊ ဓားခုတ်၊ အဲဒါပြီးတော့ တစ်ပါးသွားလို့ခေါ်တဲ့ မင်းသမီးနဲ့ တောအခေါ် လူပြက်တို့ကလိုက်ပြက်လိုက်ပေါ့။ လူငယ်ကြိုက်ပဲ။ ပြီးတော့ နှစ်ပါးသွားလေ။ အဲဒါ နာရီပြန် နှစ်ချက်လောက်အထိပဲ။ အဲဒီနောက်ပိုင်းမှာ ဇာတ်ထုပ်လို့ခေါ်တဲ့စောစောက ပြောခဲ့တဲ့ မဟာဇနကမင်းဇာတ်လမ်းလို ဇာတ်ထုပ်ခင်းတယ်။

အဲဒီတုန်းက ဘိုးဘိုးကြီးတို့ဒေသမှာ ဇာတ်သဘင်နာမည်ကြီးတာ နောက်ပိုင်းဇာတ်ထုပ်အပေါ် မူတည်ပြီးကြည့်တာ။ အဆို၊ အကက ဒီလောက်မဟုတ်ဘူး။ အကမှာဆိုရင် နှစ်ပါးသွားမထွက်ခင် ကားအဖွင့်အကလို့ခေါ်တဲ့ ယိုးဒယားက။ အဲဒါနဲ့ အကပညာကို ထုတ်ကြတာပဲ။ ကားက သိပ်များများရှိတာမဟုတ်ဘူး။ အရှေ့ဆုံး ကတ္တီပါကား၊ သူက တန်ဖိုးအကြီးဆုံး နောက်ကတောတောင်ကား၊ နန်းတော်ကားစသည်ဖြင့် ဇာတ်လမ်းအကွက်အလိုက်သုံးဖို့နှစ်ချပ်၊ သုံးချပ်ပဲရှိတယ်။

အဲဒီမှာ ပြည်ဖုံးကားလို့ခေါ်တဲ့ ရှေ့ကတ္တီပါကားကြီးဖွင့်လိုက်တဲ့အခါမှာ မင်းသားက ဇာတ်စင်ရဲ့ညာဘက်က မင်းသမီးက ဘယ်ဘက်က ကနေတာကို စတွေ့ရမယ်။ အဆိုကတော့ အနောက်ကဆိုပေးတာများတယ်။ ဆိုင်းရယ်၊ မင်းသား၊ မင်းသမီးရယ်၊ အတီး၊ အကပြိုင်ကြတာပဲ။ ပညာဂုဏ်ထုတ်ကြတာတွေပဲ။ ယိုးဒယားသီချင်းတစ်ပုဒ် ပြီးဆုံးတဲ့အထိပေါ့။ (၁၅) မိနစ်ကျော်ကျော်လောက်ကြာမယ်ထင်တယ်။ ပြီးရင် ပြည်ဖုံးကားချလိုက်တယ်။ တစ်ခုတစ်ခုရင်ဘတ်ထဲမှာ အဆုံးသတ်ရင် 'ပြည်ဖုံးကားချ' လို့ ပြောကြတာ အဲဒါပဲ။ ဆိုင်းဆရာရော၊ မင်းသား၊ မင်းသမီးရော ရေချိုးထားသလို တစ်ကိုယ်လုံးချွေးရွှဲနစ်သွားတယ်။

အဲဒါပြီးတော့ နှစ်ပါးသွားပြီးတော့ ဇာတ်ထုပ်စတာပဲ။ ဇာတ်ထုပ်တွေကို ငါးရာ့ငါးဆယ်နိပါတ်တော်ကထုတ်ကြတယ်။ ရာဇဝင်သမိုင်းကထုတ်တာ မရှိသလောက်နည်းတယ်။ အဲဒီမှာ ပါဋ္ဌိပါဌ်သားတွေ ဘယ်လောက်ထုတ်နုတ်သုံးနိုင်သလဲဆိုတဲ့အပေါ်မှာမူတည်တယ်။ အဲဒီမှာ ဇာတ်ဆရာရဲ့ အရည်အချင်းက စကားပြောတာပဲ။ အခုဇာတ်ဆရာဆိုတာ မင်းသားကိုခေါ်ကြတာများတယ်။ ဟိုတုန်းက ဇာတ်ဆရာ ဆိုတာ ဇာတ်ကို စီစဉ်သူ အထူးသဖြင့် နောက်ပိုင်း ဇာတ်ထုပ်ကို အကွက်ချစီစဉ်သူကိုခေါ်တယ်။ လူရွှင်တော်ထဲက ဝါရင့်သူ(သို့)မင်းသားကြီးထဲက ဝါရင့်သူ (သို့) ကတဲ့ထဲမပါဘဲ

www.burmeseclassic.com

www.burmeseclassic.com

သီခြားပုဂ္ဂိုလ်တို့ ဖြစ်တတ်တယ်။

နောက်ပိုင်း ဇာတ်ထုပ်မှာ တချို့ မင်းသမီးကလေးတွေ ဝါနုလို့ရှိရင် မသုံးဘူး၊ ဝါရင့်မင်းသမီးကြီးတွေကိုသုံးတယ်။ အချို့မင်းသမီးကြီးတွေဟာ နှစ်ပါးသွား ကတဲ့နေရာမှာ မပါနိုင်တော့ဘူး။ ဇာတ်ထုပ်မှာမှ ဝင်ပါတယ်။ မင်းသားနဲ့အရွယ် ကွာပေမယ့် သရုပ်ဆောင်ကောင်းတော့ ပွဲကြည့်ပရိသတ်က အရွယ်ကိုမမြင်တော့ဘူး။ မင်းသားကလည်း အရည်အချင်းရှိရတာပေါ့။ အရေးကြီးတာက ဇာတ်ဆရာရေးပေးတဲ့ ဇာတ်စကားတွေကို ဟန်ပါပါ သွက်သွက်လက်လက်ပြောနိုင်ဖို့ပဲ။ 'ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်ရမယ်' ဆိုတဲ့အတိုင်း ပွဲကြည့်ပြီးရင် အဲဒီဇာတ်ထုပ်တွေထဲက မှတ်သားစရာစကားတွေကိုပြောလေ့ရှိကြတယ်။ ဇာတ်သဘင်ရဲ့ အရည်အချင်းဟာ အဲဒီ ဇာတ်ထုပ်ခင်းကျင်းပြသမှုပေါ် မူတည်တာပဲ။ ဘိုးဘိုးကြီးတို့ ငယ်ငယ်တုန်းက ဒေသမှာရှိတဲ့ဇာတ်သဘင်တွေရဲ့ အခြေအနေကိုပြောတာ၊ တခြားမှာ ဘယ်လိုရှိတယ်ဆိုတာမသိဘူး။

အခုပြောတာ ဇာတ်သဘင်နဲ့ပတ်သက်တဲ့ ဗဟုသုတအသင့်အတင့်ရဖို့ပဲ။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဇနကဇာတ်ထုပ်မှာ ဇနကမင်းသားရဲ့ သတိ၊ ဝီရိယ၊ ပညာကို ပြောချင်တယ်။

ဇနကမင်းသားဟာ သမုဒ္ဒရာအလယ်မှာ လှေပျက်လို့၊ လှေမြုပ်မယ်ဖြစ်လို့ လှေပေါ်မှာပါတဲ့လူအားလုံးဟာ ထိတ်ထိတ်ပျာပျာဖြစ်ပြီး သေရတော့မယ်ဆိုတဲ့အသိနဲ့ အကြောက်လွန်ပြီး သတိမရှိကြတော့ဘူး။ ရှိက်ကြီးတငင် ငိုသူကငို၊ အိမ်မှာကျန်ခဲ့သူကို တသူတ ယုံကြည်ရာ ဘုရား၊ နတ်စတာတွေကို အသူတနဲ့ ဘာလုပ်ရမှန်းမသိတဲ့ ပျာယာခတ်နေတယ်။ ပွတ်လောရိုက်နေကြတယ်။ ဒီအခါမှာ ဇနကမင်းသားဟာ သတိထားလိုက်တော့ ဒီလိုလုပ်နေတာ ဘာမှအကျိုးမရှိဘူးဆိုတဲ့အသိကိုသိလာတယ်။ သတိထားလိုက်တာက သတိ၊ အကျိုးရှိ၊မရှိ အကျိုးအကြောင်း အဆိုးအကောင်းကို ဆင်ခြင်ပြီးသိတာက ပညာ၊ ဒီတော့ မင်းသားဟာ ဒီလိုစဉ်းစားတယ်၊

လှေမြုပ်ကျသွားရင် အဲဒီနေရာဟာ ဝဲဖြစ်ပြီး အားလုံးကိုရေအောက်ကို ဆွဲချသွားမယ်။ အဲဒီနောက် အဲဒီနေရာကို အန္တရာယ်ပေးနိုင်တဲ့ငါးမန်း စတာတွေကို ရောက်လာလိမ့်မယ်။ အဲဒီတော့ ဒါကို လွတ်အောင်ထွက်နိုင်မှ ဒီဘေးတွေကလွတ်မယ်။

လွတ်အောင်ထွက်ဖို့ဆိုတာ လှေရဲ့အမြင့်ဆုံးနေရာပေါ် တက်ပြီး တအားခုန်ထွက်မှလွတ်နိုင်မယ်။ ပြီးရင် အသက်ရှင်နေသရွေ့ ရေကူးနေရမယ်။ အဲဒီအခါမှာ အစာခံတဲ့အစာကို ဝအောင်စားထားရမယ်။ ပြီးတော့ ဝတ်ထားတဲ့ အဝတ်ရေစိုပြီးမလဲအောင် ဆီတွေ၊ထောပတ်တွေနဲ့သုတ်ရမယ်။

အဲဒီလို စဉ်းစားပြီး စဉ်းစားတဲ့အတိုင်းလုပ်တယ်။ ဒီလိုစဉ်းစားနိုင်တာလည်း ပညာပဲ။ အဲဒီပညာဟာ အလိုလိုဖြစ်လာတာမဟုတ်ဘူး။ ဗဟုသုတဆိုတဲ့ အကြားအမြင်တွေဆီကရလာတာ။ ဒါကြောင့် ဗဟုသုတကို ရသလောက်ဆည်းပူးရမယ်။ ဗဟုသုတမဖြစ်စေတဲ့ အလုပ်တွေနဲ့အချိန်မဖြုန်းရဘူး။လောကကြီးမှာ အချိန်ထက်တန်ဖိုးရှိတဲ့အရာဘာမှမရှိဘူး။ အချည်းအနှီးဆုံးရှုံးသွားတဲ့အချိန်ကို ဒီသံသရာမှာ ဘယ်တော့မှ ပြန်မရဘူး။ အစားထိုးလို့မရတာ အချိန်ပဲ။ လှေကချက်ချင်းမြုပ်သွားတာမဟုတ်တော့ ဇနကမင်းသားဟာ သူစဉ်းစားတဲ့အတိုင်း အကုန်လုပ်နိုင်ခဲ့တယ်။ အဲဒီမှာ ရွက်တိုင်ထိပ်ဖျားပေါ် တက်ပြီး စုပ်ချမယ့်ဝဲက လွတ်မြောက်အောင် တအားခုန်ထွက်လိုက်တယ်။ လွတ်သွားတယ်ပေါ့။

လွတ်ပြီးတဲ့နောက် သမုဒ္ဒရာထဲမှာ လက်ပစ်ကူးတော့တာပဲ။ သမုဒ္ဒရာဆိုတာ ကမ်းကိုရောက်အောင် ကူးနိုင်ဖို့ နေနေသာသာ ကမ်းကိုမြင်တောင်မြင်ရတာမှမဟုတ်ဘဲ။ ဒါပေမယ့် အားရှိသလောက် ဆက်ကူးနေတယ်။ အဲဒါ ထုတ်အပ်တဲ့ဝီရိယကို စိုက်ထုတ်တာပဲ။ ဝီရိယသည် မည်သည့်အမှုကိစ္စကိုမဆို မအောင်မြင်ဟူ၍မရှိလို့ ပါဠိစာပေကဆိုတယ်။ အင်္ဂလိပ်မှာလည်း ကြိုးပမ်းမှုတွေ မည်သည့်အခါမျှ အချည်းအနှီးမဖြစ်ဆိုတဲ့ စကားပုံရှိတယ်။

အဲသလို ကူးရင်းက ခုနစ်ရက်ကြာတော့ မေခလာနတ်သမီးရောက်လာတယ်။ မေခလာနတ်သမီးရဲ့တာဝန်က သမုဒ္ဒရာထဲမှာ သတိ၊ ဝီရိယ၊ ပညာနဲ့ ပြည့်စုံသူများ ဒုက္ခရောက်နေရင် ကယ်ဖို့ပဲ။ ဆိုလိုတာက ဒီလိုလူမျိုးတွေမပျက်စီးသင့်ဘူး။ မသေသင့်ဘူးဆိုတဲ့သဘောပဲ။ သတိ၊ ဝီရိယ၊ ပညာရှိသူတွေရဲ့ တန်ဖိုးဟာ အဲဒါပဲ။ မေခလာနတ်သမီးဟာ နတ်သဘင်အစည်းအဝေးသွားနေလို့၊ သမုဒ္ဒရာနဲ့ ခုနစ်ရက်ကင်းကွာသွားလို့ ဇနကမင်းသား ခုနစ်ရက်ကူးနေရခြင်းဖြစ်တယ်။

မေခလာနတ်သမီးဟာ -

သတိ၊ဝီရိယ၊ပညာအရည်အချင်းကြောင့် ကူးနေတာလား။ ရူးနေလို့ကူးနေတာလားလို့ သိချင်လို့ စုံစမ်းတယ်။

ဒီတော့ ဇနကမင်းသားက -

'ကမ်းမမြင်လမ်းမမြင်တဲ့သမုဒ္ဒရာအလယ်ကနေ ကမ်းကိုကူးလို့ မရောက်နိုင်ဘူးဆိုတာ ငါမသိလို့မဟုတ်၊ ငါသိတယ်။ ဒါပေမယ့် အဲဒါငါ့အလုပ်မဟုတ်ဘူး။ ငါ့အလုပ်က ငါဟာ ယောကျ်ားပဲ။ ယောကျ်ားဆိုတာ ယောကျ်ားတို့ရဲ့ဝီရိယဖွဲမာန်ကို အစွမ်းကုန် ထုတ်သုံးရမယ် အဲဒီလိုသိတယ်။ ယောကျ်ားဖြစ်လျက်နဲ့ ယောကျ်ားတို့ရဲ့ အရည်အချင်းဖြစ်တဲ့ ဝီရိယကိုမထုတ်သုံးတဲ့ အချည်းအနှီးယောကျ်ားဆိုတာမျိုး ငါအဖြစ်မခံနိုင်ဘူး။ ငါနဲ့အတူ လှေမှာပါလာတဲ့လူတွေအားလုံးဟာ ဖွဲ၊ လုံ့လ၊ ဝီရိယမထုတ်ကြလို့ သေကုန်ပြီ။ အဲဒီဝီရိယရဲ့အကျိုးနဲ့အခု သင်နဲ့တွေ့ရတာပဲ။ သင်ကယ်ရင်လည်း ငါအသက်ချမ်းသာရာရမယ်။ မကယ်ရင်လည်း ငါကတော့ ယောကျ်ားတို့လုံ့လသေခါမှလျှော့မယ်'

နောက်တော့ အားလုံးသိကြတဲ့အတိုင်း မေခလာနတ်သမီး ကယ်ပြီး ရှင်ဘုရင်ဖြစ်သွားတယ်။

ဘိုးဘိုးကြီး ပြောချင်တာက လောကမှာ ကြီးပွားလိုသူအားလုံးဟာ သတိ၊ ဝီရိယ၊ ပညာဆိုတဲ့ အချက်သုံးချက်ကို လက်မလွှတ်ဖို့ဘဲ။ ဘယ်တရားမှာမဆို 'ပိုတယ်' ဆိုတာရှိတယ်။ 'သတိ' တရားတစ်ပါးမှာပဲ ပိုတယ်ဆိုတာမရှိဘူး။

သတိကို လေ့ကျင့်ယူရတယ်။ လေ့ကျင့်လို့အောင်မြင်ရင် သမာဓိရတယ်။ သားကတရားစခန်းဝင်ဖူးတာပဲ။ ဘယ်လိုလေ့ကျင့်ရမယ်ဆိုတာသိမှာပေါ့။ သမာဓိရလာပြီဆိုရင် သမာဓိနဲ့လုပ်ရင် အဆင့်အမြင့်ဆုံးအလုပ်ဖြစ်တဲ့မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိရေးအလုပ်ကို အောင်မြင်တယ်။ လောကီအလုပ်ဆိုတာ ပြောစရာမလိုတော့ဘူး။

ဘယ်အလုပ်မျိုးကိုမဆို မိမိလုပ်တဲ့အလုပ်ကို အဆိုး၊ အကောင်း၊ အမှားအမှန်ကို ပညာနဲ့သိပြီး စူးစူးစိုက်စိုက် သတိ၊ သမာဓိနဲ့ ဝီရိယစိုက်ပြီးလုပ်မယ်ဆိုရင် အောင်မြင်မှာချည်းပဲ။

ဒီတော့ ဒီတရားသုံးပါးကို တစ်သက်လုံး လက်ကိုင်ထားပေတော့"

ကျွန်တော်က စကားကို ဤသို့ နိဂုံးချုပ်လိုက်ပါသည်။

ချောင်းဆုံအနုံးသွင်

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်နှင့် ခင်မင်ရသော အသက် (၈၀) ကျော်အရွယ်ရှိ ဦးမြင့်သန်းသည် လမ်းလျှောက်ထွက်ရင်း ကျွန်ုပ်အိမ်သို့ ရောက်ရှိလာ၏။

ကျွန်ုပ်က စကားစလိုက်ပါသည်။

"ကျွန်တော် မြောင်းမြနဲ့ ပတ်သက်တဲ့အကြောင်းစိတ်ဝင်စားတယ်"

"ခေတ်ဟောင်းက အကြောင်းအရာဆိုရင် ဘယ်လိုလဲ"

"ရှေးတုန်းက ဖြစ်ပျက်ခဲ့တဲ့အကြောင်းကို နှောင်းလူတွေ သိစေချင်တယ်"

"ဒါဆို ရှေးဟောင်းက ဖြစ်ပျက်ခဲ့တဲ့အချက်အလက်ရနိုင်ပါတယ်။ အားရင် အိမ်ဘက်လှည့်လာခဲ့ပါဦး"

ဆရာကြီး ဦးမြင့်သန်း ကျွန်ုပ်အား နှုတ်ဆက်၍ပြန်သွားပါသည်။

ဆရာကြီး မှာထားချက်အရ သူ့အိမ်သို့ အလည်တစ်ခေါက်ရောက်ခဲ့ရပါတော့သည်။ ဆရာကြီးသည် ဇာတ်ကြောင်းတစ်ခု ပြောပြရန် ရှေးဟောင်းမှတ်တမ်းစာအုပ်ထူကြီးကို သူ၏စာကြည့်ခန်းထဲမှ ထုတ်ယူလာခဲ့ပါ၏။ ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာတို့မှာ အင်္ဂလိပ်ခေတ်က ဖြစ်လေ၏။ ဆရာကြီးငယ်ရွယ်စဉ်ကအတွေ့အကြုံများနှင့်ဆက်စပ်နေပါသည်။ ကျွန်ုပ်ပို၍ စိတ်ဝင်စားသည်မှာ ကျွန်ုပ် ယခုအခြေချနေထိုင်သောကျွန်ုပ်၏မွေးဇာတိ မြောင်းမြမြို့တွင် ဖြစ်ပျက်ခဲ့သည့်အရာတစ်ခုဖြစ်ပါတော့၏။

စိတ်ဝင်စားဖွယ် ပုဂ္ဂိုလ်ထူးကြီးတစ်ဦး၏အကြောင်းကို အခြေခံပါသည်။

ပုဂ္ဂိုလ်ထူးကြီး၏ ထူးခြားစွာ ပြုမူနေထိုင်ပုံများ၊ လျှို့ဝှက်ဆန်းကြယ်မှုများ၊ ထိတ်လန့် ကြောက်ရွံ့ဖွယ်ရာများ၊ လွမ်းမောတသဖွယ်ရာ စုံလင်နေပါ၏။ စိတ်ဝင်စားဖွယ်ရာ တရှိုက်မက်မက်တ,သစွဲမက်ဖွယ်ရာတို့နှင့်ပြည့်နှက်လျက်ရှိသည်။

ကျွန်ုပ်၏ ဇာတိမြို့အတွင်း ဖြစ်ပျက်ခဲ့သည်တို့ကို ကျွန်ုပ်မှတ်တမ်းပြုစုတင်ပြပါအံ့။

စာရေးသူ

❑

(မြသန်းရင်)

# အောင်မြင့်ထွန်း

## တောကြမ်းနယ်မြေ



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်ကာလ။

ထိုအချိန်က မြောင်းမြမြို့ အနောက်ခြမ်းတွင် ကံ့ကော်ပင်များ ပေါများစွာ ပေါက်ရောက်လျက်ရှိပါ၏။ ထိုအရပ်ကို ကံ့ကော်ကုန်း (ယခု ကံ့ကော်မြိုင်) ဟူ၍ ခေါ်တွင်လေ၏။ ယခုကဲ့သို့ အိမ်ခြေများမရှိပါ။ ထိုအပိုင်းတွင် တောထူထပ်လျက် တောနက်ကြီးသဖွယ် ဖြစ်နေပါ၏။ တောပိုင်းကျ၍ တောတောင်ထူထပ်မှု ညို့ညို့မှိုင်းမှိုင်းဖြင့် အုပ်ဆိုင်းကာနေလေ၏။ စိမ်းစိုသော သစ်ပင်ကြီးများ သဘာဝအတိုင်း ကြီးထွားချင်တိုင်း ကြီးထွားနေကြပါသည်။

မြောင်းမြမြို့ အနောက်ခြမ်း ကံ့ကော်ကုန်း၌ စိမ့်စမ်းလျှိုမြောင်နှင့် သဘာဝတောအလှရှုခင်း အလှအပ ပသာဒမြင်ကွင်းသည် မြင်ရသူ စိတ်ချမ်းမြေ့စေပါသည်။

ကံ့ကော်ကုန်းတွင် ကုန်းမို့မို့ကြီး တစ်ခုရှိလေ၏။ ထိုနေရာကို အထွတ်အမြတ်ထားလျက် စေတီကြီးတစ်ဆူ တည်ထားသည်ကို ဖူးမြော်နိုင်ပါ၏။ ထိုစေတီကြီးကို ကံ့ကော်ကုန်းစေတီဟု ခေါ်တွင်လေ၏။ တောကြီးမျက်မည်းထဲတွင် တည်ထားသော စေတီဖြစ်သော်လည်း ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တန်ခိုး






www.burmeseclassic.com

www.burmeseclassic.com



ယခင် ကံ့ကော်ကုန်းစေတီ၊ ယခု ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး



ကံ့ကော်ကုန်းစေတီ (ပြည်လုံးချမ်းသာ) စာရေးသူ ဖူးမြော်ပြီး အမှတ်တရ





ရန်ပြေမာန်ပြေဘုရားဝင်း၌ရှိ ပေါ်တော်မူဘုရားလေးဆူ (အများကြည်ညိုရန် သိုက်နန်းရှင်များက ပူဇော်ပေးသော ပေါ်တော်မူဘုရားလေးဆူဟု အဆိုရှိသည်)

တော်ဖြင့် လာရောက် ဖူးမြော်ကြသူများ မစဲကြောင်း သိရှိရပါသည်။ ထိုကံ့ကော်ကုန်းစေတီကို အလောင်းစည်သူမင်း တည်ထားခဲ့သည်ဟု အဆိုရှိပါသည်။

ခေတ်ဟောင်းစနစ်ဟောင်းမှ နှစ်လကြာညောင်းလာခဲ့ရာ မှတ်တမ်းမှတ်ရာတို့ မှေးမှိန်ပျောက်ကွယ်ခဲ့လေပြီ။

သစ်ပင်တောအုပ် ထူထပ်သော ကံ့ကော်ကုန်းနှင့် မျက်နှာချင်းဆိုင်နေရာတွင် ရိုးချောင်းကြီးတစ်ခု စီးဆင်းနေပါ၏။ တောတောင်လျှိုမြောင်အတွင်း ရိုးချောင်းကြီးလွတ်လပ်စွာစီးဆင်းခဲ့ရသော်လည်း လူနေအိမ်ခြေများ ပေါ်ပေါက်လာခြင်း၊ ပရဟိတဂေဟာပေါ်ပေါက်လာခြင်းတို့ကြောင့် ယခုအခါဝယ် ရိုးချောင်းကြီးတစ်ဖြစ်လဲ အလျားရှည်ရေကန်ကြီး (ပရဟိတရေကန်) ဟု ဖြစ်လာရပါတော့သည်။


ယခု ပရဟိတဂေဟာနေရာတွင် အင်္ဂလိပ်ခေတ်အခါက သစ်ပင်တောတောင်ထူထပ်သော ရဂုံတောကြီးအဖြစ် တည်ရှိနေပါသည်။

ရိုးချောင်းကြီးအနီး မြေဆီမြေနှစ်အလွန်ကောင်းလေ၏။စိုက်ပျိုးမြေအဖြစ် အသုံးချနိုင်၏။ လူတို့သည် စားသုံးသီးနှံပင်များ စမ်းသပ်စိုက်ပျိုးအောင်မြင်ကြလေသည်။ ထိုအခါ ရိုးချောင်းကြီးအနီးရှိ သစ်ပင်ချုံနွယ်တို့ကို ခုတ်ထွင်ရှင်းလင်းကြပါသည်။ စပါးသီးနှံစိုက်ပျိုးကြရန် လယ်တည်ကြကုန်၏။ လယ်ယာမြေ တဖြည်းဖြည်း ဖော်ထုတ်လာကြလေသည်။ အိမ်ခြေ (၁၄-၅) အိမ်စုစုလေးသာ ရွာလေးတစ်ခုဖြစ်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပရဟိတရေကန်ကြီးအနီးရှိ ရန်ပြေမာန်ပြေဘုရား



ရန်ပြေမာန်ပြေဘုရားအား စာရေးသူဖူးမြော်ပြီး အမှတ်တရ



ရန်ပြေမာန်ပြေဘုရားဝင်းရှိ စရေဓာတ်ဆောင်မြေ

ဤရိုးချောင်းကြီးတစ်ဝိုက် မြေအနေအထားမှာကြမ်းတမ်း၏။ အနှောင့်အယှက်ရှိ၏။ တောကြမ်းနယ်မြေဖြစ်နေပါသည်။

ထိုနေရာတစ်ဝိုက် နေထိုင်ကြသူများ အနေအစားကြမ်းတမ်းကြ၏။ ရောဂါဆိုးများ၊ ကာလရောဂါများ မကြာခဏဖြစ်နေသောကြောင့် ထိုနေရာနေထိုင်ကြသူများ အသေအပျောက်များလေ၏။ အစားကြမ်းတမ်းခြင်း၊ အသေအပျောက်များခြင်းတို့ကြောင့် ခက်ထန်သောစိတ်များသို့ ထူးခြားစွာ ပြောင်းလဲလာကြကုန်သည်မှာ ထိုနယ်မြေ၏ အံ့ဖွယ်ဖြစ်ရပ်ကြီးတစ်ခုပါပေ။

လူအများ စိုးရိမ်ထိတ်လန့်တုန်လှုပ်ကြရလေကုန်သတည်း။

❑

ရိုးချောင်းကြီးနှင့် မနီးမဝေးတွင် လူအများသွားလာနိုင်သော မြေသွားလမ်း၊ တောလမ်းလေးတစ်ခု လမ်းကြောင်း ပေါ်ပေါက်လာ၏။ လူအများစုဝေးနေထိုင်လာကြရင်း အသွားအလာများသောနေရာများမှ စတင်ကာ လမ်းကြောင်းပေါ်ပေါက်လာရခြင်း ဖြစ်ပါ၏။ ထိုမြေသွားလမ်း သို့မဟုတ် တောလမ်းကလေးသည် နောင်သောအခါဝယ် မြောင်းမြမြို့၏ အပြင်ပတ်လမ်းအဖြစ် တည်ရှိသွားလေ၏။

တောလမ်းကလေး၏ နံဘေးတွင် ကျိုက်ညီနောင်စေတီလေးနှစ်ဆူ ရှိလေ၏။ ကျိုက်ညီနောင်စေတီနှစ်ဆူတို့သည် ရှေးဟောင်းဘုရားများဖြစ်ပြီး ရှေးခေတ်အခါကတည်းက မည်သူတည်ခဲ့မှန်းမသိရချေ။ ထိုနေရာတစ်ဝိုက်တွင် ဥစ္စာစောင့်ပေါ်များကြောင်း ဘုရားဖူးလာကြသူများ ထူးခြားသည့်မိန်းမချောလေးများကို တွေ့ရတတ်ကြောင်း၊ တစ်ခါတစ်ရံ အခြောက်အလှန့်လေးများလည်းရှိတတ်လေ၏။ တစ်ခါတစ်ရံ ဤအရပ်မှမဟုတ်သော ဘိုးသူတော်တစ်ဦးကိုလည်းတွေ့ရတတ်ကြလေ၏။

နွားပျောက်ရှာကြသူများ ညဦးအချိန်မတော် တောတွင်းလှည့်လည်ရှာဖွေကြရင်း ကျိုက်ညီနောင်စေတီနှစ်ဆူအနီးဝန်းကျင်သို့လည်း လာရောက် ရှာဖွေရတတ်ပါသည်။လမင်းထိန်ထိန်သာသော ညများမှာ ကျိုက်ညီနောင်စေတီအနီးရှိ ညောင်ပင်အိုကြီး (ယခုမရှိတော့ပါ)တွင် ရှေးခေတ်အဝတ်အစားနှင့် မိန်းမပျိုတစ်စု မြူးထူးပျော်ပါးစွာ ဒန်းစီးနေကြ

www.burmeseclassic.com

သည်တို့ကို နွားကျောင်းသားလေးတို့ မြင်တွေ့ခဲ့ကြဖူးသည်။


ကျိုက်ညီနောင်စေတီနှစ်ဆူနှင့် မျက်စောင်းထိုး မနီးမဝေး ရိုးချောင်းကြီးနံဘေးတွင် တဲလေးတစ်လုံးဆောက်လုပ်ထားသည်ကို ထိုအနီးနေရွာသားတို့မြင်တွေ့လာကြရပါသည်။ ထိုတဲလေးကား လူနေတဲဟု ခေါ်ဆိုနိုင်လောက်ရုံသာရှိ၏။ လူတစ်ယောက် (သူတစ်ဦးတည်း) နေထိုင်လာသောကြောင့် လူနေတဲဟု ခေါ်တွင်ရခြင်း ဖြစ်လေသည်။ တဲလေး စုတ်ချာမှုက လူနေတဲနှင့်လားလားမျှ မတူချေ။ တဲလေးသည် စုတ်ပြတ်သတ်လျက် ဓနိတံများ ထိုးထိုးထောင်ထောင် အကာအရံများ ကျိုးပေါက်နေပါ၏။

လူနေပါသည်ဟု ကျိန်တွယ်ပြောရမည့်တဲဖြစ်နေပါတော့၏။


ဤနုံချာသော တဲစုတ်ကလေးဝယ် လာရောက် နေထိုင်သူမှာလည်း ဘယ်လိုရောက်လာမှန်းလဲမသိ။ မည်သူတွေနှင့်ဆွေမျိုးတော်စပ်မှန်းမသိရသလို မည်သူနှင့်ပတ်သက်၍၊ မည်သူနှင့်ဆက်စပ်၍ရောက်ရှိလာပါသနည်း။ ထိုသူသည် မိုးကျရွှေကိုဖြစ်နေပါတော့သည်။ နေထိုင်သောတဲစုတ်ချာသလို သူ၏ဝတ်စားမှုမှာလည်း ဟောင်းနွမ်းမွေးမှိန်နေလေသည်။

သူနေထိုင်သောတဲမှာ တဲပုံစံမပေါက်သလို လူပုံစံမှာလည်း ထော်လော်ကန့်လန့် အချိုးမကျဖြစ်နေပါ၏။ လူတွေနှင့်နေဖူးသူမှ ဟုတ်ပါလေစ။ လမ်းမှာ သူနှင့် မျက်နှာချင်းဆိုင်တွေ့ပြန်လျှင်လည်း နှုတ်ဆက်စကားပြောသူ မဟုတ်ပါ။ ထိုသူသည် စကားမပြောတတ်လို့လားမေးစရာရှိပါ၏။ စကားမပြောတတ်သူလည်း မဟုတ်ပြန်။ သစ်ပင်ကြီးများအောက်တွင် လည်းကောင်း၊ ကွင်းပြင်ကြီးများတွင် လည်းကောင်း လမ်းလေးခွဆိုင်တွင် လည်းကောင်း တစ်ယောက်တည်း စကားပြောနေပြန်ပါသည်။


သူစကားပြောနေသည်ကို တွေ့ဖူးသူများက ပြန်လည်ပြောပြကြ၍ သူစကားပြောတတ်မှန်း သိလိုက်ကြရပါ၏။ ထို့ကြောင့် သူ၏အနေအထိုင်ထူးခြားမှုကြောင့် သူ့ကို လူထူးဆန်းကြီး ထူးခြားသောပုဂ္ဂိုလ်ကြီးအဖြစ်၊ ပေါကြောင်ကြောင် ရူးနှမ်းနှမ်းလူကြီးအဖြစ် လူအများက သတ်မှတ်ထားကြလေ၏။ ဘယ်သူတွေဘာပြောနေနေ သူ၏အမူအရာမှာ မည်သူ့ကိုမျှ ဂရုစိုက်ဟန်မပြ



ပရပဳိတရေကန်ကြီးအနီးရှိ ရန်ပြေမာန်ပြေဘုရား



ပရပဳိတရေကန်ကြီး (ယခင် ရိုးချောင်းကြီး)



ပရပဳိတရေကန်ကြီးသို့ စာရေးသူရောက်ခဲ့စဉ် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

ချေ။ သူ၏အလုပ်ကိုသာ သူလုပ်နေပါသည်။

သူ့ကို အရူးဟုပြောကြသူများကို ရယ်၍ကြည့်နေလိုက်ပါသည်။ ဘာမှ မလုပ်ချေ။

ညကြီးအချိန်မတော် တောထဲတွင်လည်း လျှောက်သွားနေတတ်လေ၏။ အကာလ ညဥ့်အခါ ကွင်းထီးထီးကြီး၌ တစ်ယောက်တည်း မတ်တတ်ရပ်နေပြန်ပါ၏။ ညဥ့်အချိန်အခါ ဖားရှာ၊ ငါးရှာ ထွက်လာကြသူတို့ သူ့ကိုသချိုင်းမြေပုံပေါ်မှာထိုင်နေသည်ကိုလည်း တွေ့ကြရပြန်သည်။ တဲနှင့် လူပုံစံမှာ စုတ်ချာသလောက် တဲလေးအတွင်းရှိ ဘုရားကျောင်းဆောင်မှာမူ သန့်ရှင်းသပ်ရပ်စွာဖြင့် ကြည်ညိုဖွယ်ရာ ဆင်းတုတစ်ဆူကိန်းဝပ်စံပယ်တော်မူနေပါသည်။

ဘုရားကျောင်းဆောင်၌ ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွားတော်ကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး နေ့စဉ်ဝတ်မပျက်ကပ်လှူပူဇော်ပါသည်။ အောင်သပြေပန်းများ ကပ်လှူထားသော အောင်အိုးတွင်း အောင်သပြေညွှန့်များအား အညှိုးမခံ အမြဲလန်းဆန်းနေစေပါသည်။ အမြဲတမ်းသူ၏ နှုတ်မှ ရွတ်ဖတ်နေသည်တားဘုရားနှုတ်ကပါဌ်တော်ဖြစ်လေ၏။

တောကြမ်းမြေမှ ညဥ့်ဦးယံချိန်ခါဝယ် ကုသိုလ် အမျှပေးဝေသံ ကြေးစည်သံလွင်လွင်လေးက ထိုတဲလေးအတွင်းမှ ပျံ့ဝဲလွင့်ပျံ့လာနေကျဖြစ်တော့၏။

လူထူးဆန်းကြီးသည် ညစဉ်ဘုရားဝတ်ပြု၊ သတ္တဝါအများကို ဆုတောင်း၊ မေတ္တာပို့၊ ကုသိုလ်အမျှဝေခြင်းသည် သူ၏နေ့စဉ်လုပ်ငန်းဖြစ်တော့၏။ အချိန်ရလျှင် ရသလို ပုတီးစိပ်နေသူလည်း ဖြစ်ပါ၏။ သူ၏ နေ့စဉ်အလုပ်သည် ဤအရာများသာတည်း။ သူဘယ်လိုစားသောက်နေသနည်းဆိုသည်ကတော့ မည်မျှမသိနိုင်ပါ။ သူ၏လျှို့ဝှက်ချက်သာဖြစ်ပါတော့သည်။

❑

ထိုလူထူးဆန်းကြီး၏ အမည်မှာ ဦးအောင်ဟု ခေါ်ပါသည်။ တောကြမ်းမြေမှာ တစ်ယောက်တည်းနေသော ဦးအောင်ကို ရွာမှလူအများက သေလူဟု သတ်မှတ်ထားကြလေ၏။ ထို့ကြောင့် ဦးအောင်ကို လူအများက စာချိုးတစ်ခုခြင့် ကမ္ပည်းတင်လိုက်ကြပါ၏။ ရွာရှိကလေးများ ဆော့ကစားကြလေ့ရှိသောနေရာမှာ အရိပ်အာဝါသကောင်းသော မြရာပင်ကြီးအောက် မြေတလင်းပြင်တွင်ဖြစ်လေ၏။ လူကြီးများ၏ စာချိုးသံကို နားယဉ်သွားကြသော မောင်ခွေးပုတို့ကလေးငယ်များ ခွေလိုမ့်တမ်းကစားကြစဉ်သော် လည်းကောင်း၊ လောက်စာလုံးခေါင်ဖိုကဲတမ်း ကစားနေကြစဉ်သော်လည်းကောင်း ရွတ်ဆိုနေကြပါသည်။

လူကြီးများ၏စာချိုး သို့မဟုတ် ကလေးငယ်တို့၏တေးသွားသံစဉ်မှာ-

"တောကြီးမျက်မည်းတစ်ယောက်ထဲ ဦးအောင်သေမယ့်ပွဲ"

ဟူ၍ ဖြစ်လေ၏။

စုဝေးကစားနေကြသော (၁၀)နှစ်ဝန်းကျင် သျှောင်ပေစူးနှင့် မောင်ခွေးပုတို့ ယောက်ျားလေးများ၊ ဆံရစ်ဝိုင်းလေးနှင့် မိကျစ်တို့ကလေးမလေးများတို့ကို ကြည့်ရသည်မှာ လွန်စွာမှပင် ချစ်စရာကောင်းလေ၏။ ကလေးတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတို့သည် လှပပြီး ကျက်သရေမင်္ဂလာနှင့် ပြည့်စုံကြပါ၏။

ဦးအောင်ဟု ခေါ်သော လူကြီးသည် ရူးသလိုလိုပေါသလိုလို နေထိုင်သော်လည်း သူ၏ ပုံမှန်အလုပ်သည် ဘုရားနှုတ်ကပါဌ်တော်များကို ရွတ်ဖတ်ပူဇော်နေခြင်းပင် ဖြစ်ပါလေသတည်း။ ဦးအောင်နေလေ့နေထရှိသော အများဆုံး အနေအထိုင်များသည့်နေရာမှာ တောခေါင်ခေါင်လိုနေရာမျိုး၊ ကွင်းခေါင်ခေါင်လိုနေရာမျိုးနှင့် တောကြမ်းနယ်မြေတစ်ဝိုက်တွင် ဘုရားစာရွတ်နေခြင်းဖြစ်ပါ၏။

လပြည့်နေ့အတွက်ကိုမူ ဦးအောင်၌ သီးခြားသတ်မှတ်တစ်ခုထားရှိလေ၏။ လပြည့်နေ့ရောက်လေတိုင်း မြောင်းမြမြို့အတွင်းသို့ မပျက်မကွက်သွားရောက်ခြင်းပင် ဖြစ်၏။ မြို့ထဲရှိ လမ်းပေါင်းစုံအနှံ့ လှည့်လည် ပရိတ်ရွတ်ခြင်း အလုပ်ကို မပျက်မကွက် အထူးလုပ်ဆောင်ပေးခြင်း ဖြစ်ပါ၏။

တောကြမ်းမြေမှာ ဦးအောင်နေထိုင်သော တဲပတ်ဝန်းကျင်၌ ထူးဆန်းသောဖြစ်ရပ် တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ဖြစ်တတ်လေ၏။ ဦးအောင်ပတ်ဝန်းကျင်တွင် လူနေအိမ်ခြေ ဆယ့်လေးငါးလုံးခန့် မိသားစုများ နေထိုင်လျက်ရှိကြပါ၏။ လယ်သမားများဖြစ်ကြ၍ လယ်ယာလုပ်ငန်းခွင် နွားများကိုလည်း မွေးမြူထားကြလေ၏။ ထူးဆန်းသော ဖြစ်ရပ်ဆန်း ညဘက်တွင်ဖြစ်တတ်ပါသည်။ ညဉ့်နက်နက်တွင် နွားအုပ်ထဲသို့ထူးဆန်းသောနွား၊ လူအများမမြင်ဘူးသောနွားတစ်ကောင် လျှင်မြန်စွာရောက်ရောက်လာတတ်လေ၏။

အပြင်မှရောက်လာသောထူးဆန်းသော နွားက နွားအုပ်ထဲမှ နွားများကို လိုက်လံဝှေ့လေတော့၏။ နွားအုပ်ကလည်း အညံ့မခံ ပြန်လည်ဝှေ့ယမ်းကြသည်။ နွားတင်းကုပ်အတွင်း၌ တရုန်းရုန်း ကသောင်းကနင်း ပြင်းထန်စွာတိုက်ခိုက်ကြလေ၏။ နွားတိုက်ပွဲပြီးဆုံးသွားလျှင် နွားအုပ်ထဲမှ နွားတစ်ကောင် သေကျန်ခဲ့ပါသည်။ ဝင်လာသော ရန်သူနွားကြက်ပျောက်ငှက်ပျောက်ပျောက်ကွယ်သွားပါတော့သည်။ ထိုအဖြစ်မျိုးသည် တစ်နှစ်လျှင် သုံးကြိမ်ဖြစ်တတ်လေရာ ခံစားရသူ နွားပိုင်ရှင်တို့အဖို့ မကြာခဏဖြစ်နေသကဲ့သို့ ကြောက်ရွံ့လာကြပါ၏။

နွားတိုက်ပွဲ ဖြစ်ပွားနေချိန်မှာ လူအများစုဝေးကာ ဝိုင်းဝန်းခြောက်လှန့်ကြသော်လည်း အချည်းနှီးသာဖြစ်ရလေ၏။ ရန်သူနွားလည်း နွားအုပ်ထဲမှ တစ်ကောင် မသေမချင်း အပြင်းအထန်တိုက်ခိုက်လေ၏။ နွားတစ်ကောင်မှသေသွားမှသာ ရန်သူနွားပြန်လည်ဆုတ်ခွာပါသည်။ ရန်သူနွားလာသောအချိန်သည် အများအားဖြင့် လကွယ်ညအချိန်၌ အလာများလေသည်။ လကွယ်ညသို့ရောက်ပြီဆိုလျှင် မည်သည့်အရပ်မှဟုခန့်မှန်း၍မရသော နွားတွန်သံကို ကြားလိုက်ရပါ၏။

ထိုနွားတွန်သံကို ကြားလိုက်ရသည်နှင့် နွားပိုင်ရှင်တို့ခမျာတုန်လှုပ်ကြရလေကုန်၏။ အဝေးမှ နွားတွန်သံကြားရပြီဆိုလျှင် လယ်သမားတစ်ဦး၏ နွားတစ်ကောင် သေဆုံးရပေတော့မည်။ လယ်သမားတို့စိတ်ပူပန်ဆင်းရဲကြရလေသည်။ တောကြမ်းမြေတွင် မနေရဲတော့သော လယ်သမားအချို့ မိမိတို့လယ်မြေကို ရင်နင့်စွာစွန့်ခွာ၍အပြီးအပိုင်ထွက်ပြေးကြကုန်သည်။ ထွက်ပြေးရန်မစွမ်းသာသူ၊ မိမိပိုင်လယ်မြေကို စွဲလမ်းစိတ်ကြီးမားပြီး မစွန့်ခွာရက်သူတို့ မိမိတို့လုပ်ကိုင်စားသောက်နေရသော လယ်မြေကို ဖက်တွယ်ထားကြလေ၏။

❑

အချို့သောလယ်သမားများ (ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်စွာ ကိုးကွယ်ကြသော) သူတို့သည် ဦးအောင်ကို အားကိုးသမှုပြုလာကြပါသည်။ ဦးအောင်သည် သူရူးတစ်ယောက်ကဲ့သို့ သွားလာလှုပ်ရှားနေသော်လည်း ဘုရား



www.burmeseclassic.com

www.burmeseclassic.com

စာများကိုသာ ရွတ်ဖတ်နေခြင်း၊ နံနက်တိုင်း အရုဏ်တက်ချိန်တွင် ကုသိုလ်ကောင်းမှုသင်္ကေတဖြစ်သော ကြည်နူးဖွယ် ကြေးစည်သံကြားနေရခြင်း၊ ကြေးစည်သံကြားရသူတို့၏ နှလုံးအိမ်ဝယ် အေးချမ်းမှု နိမိတ်ထင်ဟပ်လာရလေ၏။ ကြေးစည်သံကြောင့် မိမိတို့နှလုံးအိမ်ဝယ် ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ကြွလာဘိသကဲ့သို့ ခံစားရလေ၏။

ထိုလယ်သမားတို့သည် ဦးအောင်ကို မိမိတို့အဖြစ်သနစ် အစုံအလင်ပြောပြကာ သနားစဖွယ် အကူအညီတောင်းခံကြရှာပါတယ်။

"ကျုပ်နွားတစ်ကောင်တော့ သေပြန်ပြီ ဆရာကြီးရေ"

"သည်းခံလိုက်ပါကွာ၊ အချိန်တန်ရင် ပြီးစီးသွားပါလိမ့်မယ်"

ဟုသာ ပြန်ပြောလေ၏။ အပိုစကားတစ်ခွန်းတစ်လုံးတစ်ပါဒမျှထပ်မံမြွက်ကြားခြင်းမရှိချေတကား။

ကာလအတန်ကြာသော် ဦးအောင်သည် အနေအထိုင် အဝတ်အစားဆင်ယင်မှုပြောင်းလဲသွားသည်ကို တွေ့ကြရလေ၏။ ဦးအောင်ရောက်ခါစက သူသည် ပိတ်ဖြူဝတ်၊ ဝတ်ဖြူစင်ကြယ်ဖြင့်သာဝတ်စားထားတတ်ပါ၏။ ယခုမူကား သူ၏ပုံဟန်ကို ပြောင်းလဲပစ်လိုက်ပါတော့သည်။ ယခု သူ၏ဝတ်စားပုံကို ကြည့်၍ နဂိုကပင် အထင်သေးအမြင်သေးရှိကြသူများက ဦးအောင်တော့ ရူးသွားပြီဟု မှတ်ချက်ချကြလေ၏။ အကူအညီတောင်းခံဖူးသူ လယ်သမားများပင်လျှင် ဦးအောင်ကိုကြည့်၍ အားကိုးလိုစိတ်ကုန်ခန်းသွားကြပါတော့သည်။

ဦးအောင်တစ်ယောက် မည်သည့်စိတ်ရူးပေါက်သွားလေသနည်း။ လူစင်စစ်မှ ရေမြွေသနင်း ရှင်ဘုရင်မင်းမြတ်ကြီးအသွင် နေ့ချင်းညချင်း ကူးပြောင်းသွားခြင်းကြောင့် ဖြစ်ပါလေ၏။ ဦးခေါင်းတွင် ဗောင်းတော်၊ ခန္ဓာကိုယ်တွင်စလွယ်၊ ညာလက်တွင် သန်လျက်စွဲကိုင်လျက် ခံ့ညားထည်ဝါနေပါသည်။ သူ့အနားတွင် အခစားရောက်ရှိလာသောလုလင်ငယ်တစ်ဦးပင် တိုးလာပါ၏။ ထိုလုလင်ငယ်ကို မောင်မာဒင်ဟုခေါ်ပါသည်။

သူငယ်ကလေးသည် ကျေးသာတောင်မှ ရောက်လာကာ ဦးအောင်၏ ခြေတော်ရင်းဝယ် အလုပ်အကျွေးပြုရန် ရောက်ရှိလာခြင်း ဖြစ်ပါသည်။

ဦးအောင်တစ်ယောက် တောရိပ်မြိုင်ခြေမှ မြောင်းမြမြို့ထဲသို့ တပည့်ကိုခေါ်၍တိုင်းခန်းလှည့်လည်သည်။ ပရိတ်တရားတော်များကို ရွတ်ဖတ်လာတော့သည်။ သူတို့ဆရာတပည့်ကိုကြည့်ကာ မြို့သူမြို့သားတို့က လူထူးဆန်းများအဖြစ် သတ်မှတ်ကြပါသည်။ မြောင်းမြသားတို့ လူထူးဆန်းများကို မြင်ဖူးတွေ့ဖူးသွားကြပါတော့သည်။

ဦးအောင်သည် မြို့ထဲတွင်သော်လည်းကောင်း၊ တောကြမ်းမြေတွင်သော်လည်းကောင်း လှည့်လည်သွားလာရင်း အောက်ပါအတိုင်း ကြွေးကြော်လေ၏။

"ရန်တွေမာန်တွေပြေသွားရင် ငါဘုရားတည်မယ်၊ တောကြမ်းပျောက်သွားရင် ငါလည်းမနေပါဘူးကွာ။ အချိန်မတန်သေးလို့ပါ"

ဟူ၍ မကြာမကြာပြောလာလေ၏။

တောကြမ်းနယ်မြေတွင် နေထိုင်သောကြောင့် ဦးအောင်တော့ သေမှာပဲဟု အရပ်ထဲမှလည်း ပြောနေကြပြီဖြစ်ပါသည်။ ဗုဒ္ဓစာပေများကိုရွတ်ဖတ်နေခြင်း၊ ဗုဒ္ဓတရားတော်နှင့်သာ မွေ့လျော်နေသူဖြစ်ခြင်းကြောင့် အချို့က ဆရာအောင်ဟူ၍လည်းကောင်း၊ အချို့သောသူများက ပထမံဆရာကြီး ဦးအောင် ဟူ၍လည်းကောင်း၊ အချို့ကမူ 'ဝိဇ္ဇာဓိုရ်ဦးအောင်' ဟူ၍ အမျိုးမျိုးခေါ်ဝေါ်သမုတ်ကြလေ၏။

❑

တစ်နေ့သောအခါဝယ် ဦးအောင်သည် တပည့်ဖြစ်သူ မောင်မာဒင်ကိုခေါ်၍-

"တပည့်ရေ၊ ဒီတောလေးတော့ တို့တွေရှင်းမှဖြစ်မယ်ကွ။ ဒီတဲရှေ့မှာ သဲပုံစေတီတည်ကြမယ်။ အဲဒီနေရာဟာ ငါဘုရားတည်မယ့်နေရာပဲ။ ရန်သူတွေလည်း ရှင်းသွားလိမ့်မယ်"

(ဦးအောင်သဲပုံစေတီတည်ခဲ့သည့်နေရာသည် ယနေ့ဖူးတွေ့နေကြရသည့် ရန်ပြေမာန်ပြေဘုရား တည်ထားကိုးကွယ်သည့်နေရာ ဖြစ်ပါသည်။)

ဦးအောင် ပြောသည့်အတိုင်း ဆရာတပည့်နှစ်ယောက်တို့သည် သူတို့နေထိုင်ကြသော တဲလေး၏ ရှေ့မျက်နှာစာရှိတောကို ခုတ်ထွင်ရှင်းလင်းလိုက်ကြပါ၏။ ဇွဲလုံ့လဝီရိယအားထုတ်ကာ အပြင်းအထန် ကြိုးစားကြသောကြောင့် မကြာသောကာလဖြင့် ရှင်းလင်းပြီး ဖြစ်လေသည်။ ဦးအောင်သည် သူ၏အစီအစဉ်အတိုင်း လုပ်ဆောင်ဖွယ်အဆင့်ဆင့်ကို စီကာစဉ်ကာ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

အချိန်ကား မြန်မာနိုင်ငံလွတ်လပ်ရေးရခါနီး ၁၉၄၇ ခုနှစ်သို့ ရောက်လာခဲ့ပြီ ဖြစ်ပါသည်။ တောကြမ်းနယ်မြေတွင် ဦးအောင်သည် အချိန်တော်တော်ကြာကြာနေထိုင်လှုပ်ရှားခဲ့ရပါ၏။

ဦးအောင်၏ပါဝါစွမ်းအင်ကို ဤသို့တွေ့မြင်ကြရမည် ဖြစ်ပါတော့သည်။

ယနေ့သည် လကွယ်နေ့။ လယ်သမားတို့ စိုးရိမ်ပူပန်နေရရှာသည့် လကွယ်ညသို့ အချိန်သည် တရွေ့ရွေ့ ပြောင်းရွေ့လာ၏။ ရွာကလေးသည် မှောင်စပျိုးလာခဲ့ပြီ။ သဲပုံစေတီနေရာတွင် အနောက်ဂေါရာဆီသို့ယွန်းလျက်ရှိသည့် နေမင်းလင်းရောင်ခြည်ကင်းမဲ့



ယခင် ကုံကော်ကုန်းစေတီ၊ ယခု ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

လေ၏။ သဲပုံစေတီလေးကို မဟူရာရောင် လွှမ်းခြုံထားလိုက်ချိန်ဝယ် ဦးအောင်သည် တဲပေါ်မှဆင်းလာခဲ့သည်။ သဲပုံစေတီလေးကို ဝိုင်းပတ်ကာ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်လိုက်ပါ၏။

အခန်းထဲမှ သူ၏ လက်စွဲတော် ဆေးပုံးလေးကို ထုတ်ယူလိုက်ပါသည်။ ဤညတွင် သူ၏ဆေးပုံးလေးကို အသုံးချရပေတော့မည်။ ဦးအောင်သည် ဆေးပုံးကို ဘုရားရှေ့တွင် ချထား၏။

"တပည့်ရေ၊ ဆေးပုံးလေးကိုဖွင့်လိုက်ပါကွယ်"

ဦးအောင်၏နှုတ်မှ တဖွဖွရွတ်ဖတ်နေပြီ ဖြစ်ပါ၏။

မောင်မာဒင်သည် ဆေးပုံး၏အဖုံးကို ဖွင့်ထားပေးပြီး သူ့ဆရာ၏အနီးတွင် ငြိမ်ကျိုးကျိုးထိုင်နေလိုက်ပါသည်။ သူ၏ဆရာ ဘာတွေရွတ်ဖတ်နေသည်ကို တပည့်ဖြစ်သူ မောင်မာဒင် မသိပါ။ သို့သော် မောင်မာဒင် အထင်အရှား မြင်တွေ့ကြားသိလိုက်ရသည်ကတော့-

"အန္တရာယ်အသွယ်သွယ်က ကင်းဝေးလေ။ သတ္တဝါတွေအေးချမ်းစွာ လုပ်ကိုင်စားသောက်ကြတော့လေ။ ဘုရားဒကာ်စောင့်သူများလည်း ပျော်ရွှင်အေးချမ်းစွာနေကြ"

ဦးအောင်သည် သူ့လက်ယာလက်ကိုမြှောက်ထား၏။ မိုးပေါ်သို့တည့်တည့် သူ၏လက်ညှိုးထောင်ကာ ရယ်မောက်ပြုံးလျက်အသံခပ်ကျယ်ကျယ်ပြောလိုက်သည်ကို မောင်မာဒင် အထင်အရှား မြင်လိုက်ကြားရပါတော့သည်။

ဦးအောင်သည် ယနေ့ည (လကွယ်ည) သူလုပ်ရမည်တို့ကို ပြည့်စုံသည်အထိ သူ၏စိတ်ဆန္ဒပြည့်ဝစွာလုပ်ဆောင်နိုင်ခဲ့ပါ၏။ ဦးအောင် အားရကျေနပ်သွားပြီး သူ၏မျက်နှာ မြူတစ်မှုန်မရှိသည့်အကြေးကင်းစင်လျက် အထူးကြည်လင်နေပါသည်။ ယနေ့ည လုပ်ဆောင်ချက် ပြည့်စုံလုံလောက်သွားပြီဖြစ်၍ ဦးအောင်သည် သူ၏ တပည့်မောင်မာဒင်ကို အိပ်ခွင့်ပြုလုပ်လိုက်ပါ၏။ ဦးအောင်ကိုယ်တိုင်သည်လည်း စိတ်ကြည်ရှင်းလင်းစွာဖြင့် ကောင်းစွာအိပ်စက်လိုက်၏။

လယ်သမားတို့ နှလုံးမသာမယာဖြင့်ချောက်ချားနေကြရသည့် အနှီလကွယ်ည။

လကွယ်ည၏စရိုက်ဆိုး အကျည်းတန် နွားတစ်ကောင်၏ တွန်ကျူးသံကို ကျက်သရေကင်းမဲ့စွာကြားလိုက်ကြရပါတော့သည်။ နွားပိုင်ရှင်လယ်သမားတို့ ကြက်သီးဖြန်းဖြန်းထမျှ တုန်လှုပ်နေကြပါပြီ။ တိရစ္ဆာန်ဖြစ်သော ခြံထဲမှ နွားများသည်လည်း သူတို့မှာအသိစိတ်ရှိကြပါ၏။ လူသားတို့တုန်လှုပ်ကြရသလို သူတို့လည်း ဘယ်ကိုထွက်ပြေးကြရမည်မသိ၊ ချည်တိုင်မှရုန်းကန်နေကြတော့၏။ သနားစဖွယ် နွားသတ္တဝါများ ဝရုန်းသုန်းကား လှုပ်ရှားအော်မြည်နေကြသည်မှာ မကြည့်ရက်စရာ မြင်ကွင်းတစ်ခုပင်။

မောင်မာဒင်သည် ရုန်းရင်းဆန်ခတ်အသံဗလံဆူညံမှုတို့ကြောင့် -

"ဆရာ၊ ဆရာ ဘာဖြစ်တာလဲ"

ဟု အထိတ်တလန့် မေးရှာလေ၏။

"အိပ်ပါကွာ၊ သူ့ဘာသာသူ ဖြစ်တာ၊ အိပ်အိပ် ငါ့တပည့်"

ဟု ဦးအောင်က သူ၏တပည့်ကို နှစ်သိမ့်ပေးလိုက်ပါသည်။

နွားတွန်သံများကြားရခြင်း လယ်သမားတို့၏နွားများ ဝရုန်းကြွက်သည့်နှယ် လှုပ်ရှားရုန်းကန်နေသည့်အချိန်သည် လကွယ်ညသန်းခေါင်ယံအချိန်အခါတွင် ဖြစ်ပါ၏။ သဲပုံစေတီတွင် ထွန်းညှိပူဇော်ထားသောဖယောင်းတိုင်မီးများ ထိုသန်းခေါင်ယံအချိန်တွင် အားလုံးငြိမ်းသက်သွားကြပြီ ဖြစ်ပါ၏။ ဦးအောင်၏နှုတ်မှ မည်သူ့ကိုအမိန့်ပေးလေသနည်း။

သူပြောလိုက်သည်မှာ -

"ပြီးရင်လည်း အပြီးသာခေါ်ခဲ့ကွာ"

ဟု အမိန့်ပေးလိုက်ပါတော့၏။

မောင်မာဒင်သည် သူ့ကိုပြောသည်မဟုတ်သောကြောင့် သူ၏ဆရာ ဦးအောင်ကို ငေးကြောင်စွာ ကြည့်နေရှာ၏။

ဦးအောင်သည်လည်း သူ့စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဘုရားရှေ့တွင် ဖွင့်ထားသောဆေးပုံးကို ကျကျနနပိတ်လိုက်လေသတည်း။ ဆေးပုံးအဖုံးပိတ်လျှင်ပိတ်ချင်း ဆေးပုံးထဲမှ ရုန်းကန်လှုပ်ရှားမှုကြီး ထကြွသောင်းကျန်းပါတော့သည်။

"ဂလောက် ဂလောက် ဒုန်း"

ဆေးပုံးထဲမှ ရုန်းရင်းကန်ရင်းထိခိုက်မိပြီး ကျယ်လောင်စွာ ထွက်ပေါ်လာသောအသံကြီးမြည်ဟိန်းသွားသည်။ မောင်မာဒင်သည် သူ၏စိတ်တွင် ဇဝေဇဝါဖြင့် ဘာဖြစ်နေမှန်းသူမသိပါ။ သူ၏ဆရာကို မေးရလေ၏။

"ကြွက်တွေလားမသိဘူး ဆရာ"

ဟု ကြောင်အမ်းအမ်းမေးမိလေရာ ဦးအောင်က-

"မနက်ကျ မင်းသိရမှာပေါ့ကွာ"

ဟုသာ ပြောထားလိုက်ပါ၏။

ဆူညံသံများ ငြိမ်သက်တိတ်ဆိတ်သွားလေသည်။ လကွယ်ညကို အေးချမ်းစွာ ဖြတ်ကျော်လိုက်နိုင်ပြီ ဖြစ်ပါတော့၏။အေးချမ်းသာယာသောနံနက်အရုဏ်တက်တွင် ဦးအောင်သည် ဘုရားကို အရုဏ်ဆွမ်း ကပ်လှူပူဇော်နေပါသည်။ (၃၁) ဘုံသားတို့အား မေတ္တာပို့သည်။ ဦးအောင်သည် ယနေ့ယခု ပြုလုပ်ရရှိသည့် ကုသိုလ်အဖို့ဘာဂအစုစုတို့ကို အမျှအတန်းပေးဝေလိုက်ပါသည်။

"နောင် ဝေ ဝေ ဝေ"

"နောင် ဝေ ဝေ ဝေ"

"နောင် ဝေ ဝေ ဝေ"

ကြည်လင်သာယာသော ကြေးစည်သံ အထက်ဘဝဂ်သို့ ရိုက်ခတ်လေသည်။ နံနက်ခင်းချိန်ခါဝယ် ကုသိုလ်ကောင်းမှု အေးချမ်းစွာပြုလုပ်ပြီး နောက် ဦးအောင်သည် မောင်မာဒင်အား ဆေးပုံးယူခိုင်းလိုက်ပါသည်။

"တပည့်ရေ၊ ဆေးပုံးဖွင့်လိုက်ပါကွာ"

မောင်မာဒင်သည် ဆရာခိုင်းစေသည့်အတိုင်း ဆေးပုံးကို ဆရာ့အနီးသို့ ယူလာခဲ့သည်။မောင်မာဒင် ညကတည်းက စိတ်ဝင်စားစွာ သိချင်နေသည့် ကိစ္စဖြစ်ပါသည်။ ယခု ကိုယ်တိုင် ဖွင့်ကြည့်ရပေတော့မည်။ မောင်မာဒင် ဝမ်းသာသွားလေ၏။ ဆရာ့ရှေ့တွင် ဆေးပုံးကိုချလိုက်ပါသည်။မောင်မာဒင်သည် မမှိတ်မသုန်သောအကြည့်ဖြင့် ဆေးပုံးကို သေသေချာချာကြည့်ကာ ဖွင့်လိုက်ပါတော့သည်။

"ဟာ"

နှုတ်မှ အာမေဍိတ်သံထွက်ပေါ်လာ၏။ မောင်မာဒင် ပါးစပ်အဟောင်းသားဖြင့် အံ့ဩမှုတစ်ရပ်ကြုံတွေ့လိုက်ရပါ၏။ ရွာထဲမှ ကလေးများ ကစားလေ့ရှိသည့် ရွှံ့နွားရုပ်အရွယ် နွားကလေးနှစ်ကောင်ကို တွေ့လိုက်ရသည့်အတွက်ဖြစ်သည်။ နွားလေးတစ်ကောင်၏အရောင်မှာ အဖြူရောင်ဖြစ်ပါသည်။ ကျန်တစ်ကောင်၏အရောင်မှာ အမည်းရောင်ဖြစ်လေ၏။ နွားဖြူနှင့် နွားမည်းနှစ်ကောင်ဖြစ်ပါသည်။

မောင်မာဒင်လည်း အံ့ဩလွန်း၍-

"ဆရာ၊ ဒါဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီတောကြွမ်းနယ်မြေမှာသောင်းကျန်းနေတာ နွားမည်းလေးပဲ တပည့်ရဲ့။ အောက်လမ်းဆရာက လယ်သမားတွေရဲ့နွားတွေကို ဒီနွားမည်းလေးနဲ့တိုက်နေတာ။ ဆေးနွားရုပ်လို့ခေါ်တာပေါ့တပည့်ရယ်၊ အဲဒီမကောင်းတဲ့နွားမည်းလေးကို ဆရာ့ရဲ့ ဆေးနွားရုပ်အဖြူနဲ့ တန်ပြန်တိုက်ယူရတာပေါ့ကွာ။ မင်းသေသေချာချာကြည့်လိုက်စမ်း။ အခုတော့ နွားမည်းလေးချိုကျိုးသွားလို့ ရန်သူလည်း ဆရာ့ကို အရှုံးပေးလိုက်ပါပြီ"

ဦးအောင်သည် မောင်မာဒင် နားလည်သဘောပေါက်စေရန် ရှင်းပြလိုက်ပါ၏။ မောင်မာဒင်သည် နွားမည်းရုပ်လေးကို အဖန်ဖန်အထပ်ထပ်လှည့်ပတ်ကြည့်နေ၏။ ဆရာဦးအောင်ပြောသလိုပင် နွားမည်း၏ချိုမှာ ကျိုးပဲ့သွားပြီဖြစ်လေ၏။ နွားမည်းလေးပုံသဏ္ဌာန်သည် ချိုကျိုးနားရွက်ပဲ့စုတ်ပြတ်သတ်နေပါ၏။

ဦးအောင်က သူ၏စကားကိုဆက်လေ၏။

"အောက်လမ်းဆရာက ဆေးနွားရုပ်လုပ်ပြီး ဒီနယ်မြေကို နှောင့်ယှက်နေတာ။ ဒီပညာတွေလောက်တော့အသေးအမွှားလေးပါ တပည့်ရာ။ ငါက ဒါတွေမလုပ်ချင်ဘူး တပည့်ရဲ့။ မလွှဲသာမရှောင်သာ ထိပ်တိုက်ရင်ဆိုင်မိလာတော့မနေသာတော့ဘူးကွာ။ သတ္တဝါတွေရဲ့ဒုက္ခကိုကယ်တင်ပေးဖို့လုပ်ရပြန်တယ် တပည့်ရာ။ အေးလေ အခုတော့ တောကြွမ်းနယ်မြေလည်း ဆရာနှိမ်နင်းပေးလို့ အန္တရာယ်တွေလည်း ရှင်းလင်းကုန်ပါပြီ၊ အေးချမ်းသွားရပြီ တပည့်ရေ၊ ငါလည်း ဒီမှာမနေတော့ပါဘူးကွာ"

"အန္တရာယ်တွေ ရှင်းသွားလို့ ဝမ်းသာရပါတယ်ဆရာ။ ဒါပေမယ့် ဆရာရယ် ကျွန်တော်ကတော့ ဆရာကို ဘယ်မှမသွားစေချင်ပါဘူးဗျာ၊ ဆရာဘယ်မှ မသွားပါနဲ့နော်"

မောင်မာဒင် ဝမ်းနည်းသွားလေ၏။ သူ၏ဆရာကို တောင်းပန်ရှာသည်။ သို့သော် -

"မင်းမသိပါဘူးကွာ၊ ငါ့မှာလုပ်စရာ၊ ခရီးဆက်စရာရှိတယ်"

"ဒါနဲ့ဆရာ၊ ဆေးနွားဆိုတာ ဘာကိုခေါ်တာလဲ။ ဆေးနွားအကြောင်း ကျွန်တော်သိချင်လို့ နည်းနည်းလောက် ရှင်းပြပေးပါလား"

"တပည့်သိချင်ရင် ဆရာအကျိုးအကြောင်းလောက်ပဲ ပြောပြပါ့မယ်။ မင်းတို့က ငယ်သေးတော့ စိတ်ဓာတ်ရင့်ကျက်မှုက မရှိသေးဘူး။ ငါးပါးသီလ လုံခြုံဖို့ကလည်း လိုနေသေးတဲ့အရွယ်၊ ဆေးစီရင်တဲ့နေရာမှာ သမာဓိကောင်းရမယ်။ အဲဒါကြောင့် ငါ့တပည့်ကိုချစ်လို့ ဒုက္ခမရောက်စေချင်လို့ အသေးစိတ်တော့ပြောမပြတော့ဘူး၊ မနိုင်ဘဲနဲ့ သွားလုပ်ရင် ရူးချင်ရူးသွားနိုင်တယ်။ အသက်အန္တရာယ်လည်း ကျိန်းသေရှိတာ။ ဆရာပြောပြပေးမယ့် တပည့်က လိုက်မလုပ်ပါဘူးလို့ ဆရာ့ကို အရင်ဆုံးကတိပေးပါကွယ်"

"ကျွန်တော်မရင့်ကျက်သေးသရွေ့ ဆရာလုပ်သလို လိုက်မလုပ်ပါဘူးလို့ ဆရာ့ကို ကျွန်တော်ရဲရဲကြီးကတိပေးပါတယ်ဆရာရယ်"

ဆရာဦးအောင်သည် တပည့်ဒုက္ခမရောက်စေလို၍ မှာကြားနေရခြင်း ဖြစ်ပါ၏။ ဆရာ၏ စေတနာကို နားလည်သော တပည့်ဖြစ်သူ မောင်မာဒင်ကလည်း ဆရာ့စကားကို မြေဝယ်မကျနားထောင်မည့်အနေဖြင့် စိတ်ပါလက်ပါ ကတိပေးရှာ၏။ မောင်မာဒင်၏ ရိုးရှင်းစွာ ကတိပြုလိုက်ပုံကို ဆရာဦးအောင် သဘောကျသွားလေ၏။ ထိုအခါမှ ဦးအောင် ဆက်လက်၍ ရှင်းပြပေးလေ၏။

"ကောင်းလိုက်တာ တပည့်ရယ်၊ ငါ့တပည့်ကြီး ချမ်းသာပါစေကွယ်။ ဒီလိုကွယ့် ဒီနွားရုပ်လေးတွေကို ဆေးနွားရုပ်လို့ခေါ်တယ်။ ဆေးနွားရုပ်လုပ်တဲ့ဆေးစီရင်နည်း (၃) မျိုးရှိတယ်ကွယ့်။ တစ်မျိုးကအနီရောင်ဆေးနွား။ အဲဒါကိုအလယ်လမ်းဆေးနွားလို့ခေါ်တယ်။ တစ်မျိုးက အနက်ရောင်ဆေးနွား။ အဲဒါကတော့ အောက်လမ်းဆေးနွားပေါ့။ သူကတော့ အဆိုးဆုံးနဲ့ အယုတ်မာဆုံးပဲကွယ့်။



နောက်တစ်မျိုးကတော့ အဖြူရောင်ဆေးနွား။ ဒါက အထက်လမ်းလို့ခေါ်တယ်။ မြင့်မြတ်တဲ့ဆေးနွားပေါ့ကွယ်။ အထက်လမ်းဆေးနွားက အလယ်လမ်းနဲ့အောက်လမ်းဆေးနွားကို ကောင်းကောင်းနိုင်တယ်"

"အဲဒီအကြောင်းပြောပြပေးပါဦး။ ကျွန်တော်သိပ်သိချင်လို့ပါ ဆရာ"

"အေးပါကွယ်၊ ငါ့တပည့် သိအောင်ဆရာရှင်းပြခဲ့မယ်။သိတာကတော့ သိထားသင့်တယ်တပည့်ရေ။ လောကမှာ မသိတာမရှိလေ ကောင်းလေပေါ့။ ဗဟုသုတ ပြည့်စုံနေရမယ် တပည့်ရာ။

အလယ်လမ်းနဲ့ အောက်လမ်းဆေးစီရင်ပုံတော့ ဆရာလည်း မသိဘူးကွ။ သိလည်းမသိချင်ဘူး။ စိတ်လည်း မဝင်စားဘူး။ ငါ့အကြောင်းတော့ ငါသိတယ်။ ငါပြောပြတာကိုပဲ နားထောင်ပါ။ မင်းလိုက်မမှတ်နဲ့နော် တပည့်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဆေးနွားစီရင်ရာမှာ အချက် (၉) ချက်နဲ့ကိုက်ညီမှုရှိရတယ်။

(၁) **အချက်** - ကိုးသချိုင်းကမြေကိုယူ။ (သချိုင်းကိုးခုကိုဆိုလိုသည်။)

(၂) **အချက်** - ကိုးလေးခွကမြေကိုယူ။ (လမ်းလေးခွဆိုင်ကိုးနေရာ)

(၃) **အချက်** - ကိုးတောင်ထိပ်ကမြေကိုယူ။ (တောင်ကုန်းကိုးကုန်း)

(၄) **အချက်** - ကိုးယာခင်းကမြေကိုယူ။ (ယာခင်းကိုးခု)

(၅) **အချက်** - ကိုးနတ်စင်က မြေကိုယူ။ (နတ်စင်ရှိသောနေရာကိုးနေရာ)

(၆) **အချက်** - ကိုးခြသေ့်က မြေကိုယူ။ (ဘုရားခြသေ့်ကြီးများရှိသော ကိုးနေရာ)

(၇) **အချက်** - ကိုးနဂါးက မြေကိုယူ။ (ဘုရားနဂါးများရှိသောကိုးနေရာ)

(၈) **အချက်** - ကိုးညောင်ပင်က မြေကိုယူ။ (ညောင်ပင်ကိုးနေရာ)

(၉) **အချက်** - ကိုးရေဆိပ်က မြေကိုယူ။ (တံတားထိုးထားသော မြစ်ဆိပ်ကိုးနေရာ)

အခုပြောတဲ့ နေရာဌာနတိုင်းမှာ ဆိုင်ရာဆိုင်ရာအစောင့်အရှောက်တွေရှိကြတယ်ကွယ့်။နေရာဌာနအားလုံးပေါင်းရင် (၈၁) နေရာဖြစ်နေတာကို တပည့်တွေ့ရလိမ့်မယ်။ (၈) နဲ့ (၁) ကို ပေါင်းရင်လည်း (၉) ဂဏန်းပဲရတယ်ကွယ့်။ အဲဒါကြောင့် (၃) နဲ့ စားရင် ပြတ်လို့ သုံးတြင်းကျေ နဝင်းကျေ၏လို့ မှတ်ရတယ်။ တြင်းကျေဆိုတာက ရတနာသုံးပါးကို



www.burmeseclassic.com

www.burmeseclassic.com

ထားတာ။ နဝင်းကျေဆိုတာက တော့ ဘုရားဂုဏ်တော်ကိုးပါးကျေတာ။

ဤအရပ်မှ မြေကိုယူမယ်ဆိုရင် ဤအရပ်မှအစောင့်အရှောက်နဲ့အပေါင်း အသင်းဖြစ်ဖို့လိုအပ်တယ်တပည့်။ လူလူ ချင်းအနေနဲ့ပြောရင် တစ်ဦးနဲ့တစ်ဦး ခင်မင်ဖို့လိုတာပေါ့ကွာ။ သူတို့ကို ရှေးဦး စွာ မေတ္တာရပ်ခံရမယ်၊ မြေကိုယူတော့ မယ့်အရပ်မှာ ပြောရမှာက ဤအရပ်မှ အစောင့်အရှောက်များတို့ ငါ့အားစောင့် ရှောက်ကြကုန်လော့။ မိတ်ဆွေဖြစ်ကြ ကုန်လော့။တစ်ယောက်ကိုတစ်ယောက် ကူညီကြပါ၊ ရိုင်းပင်းကြပါ။ ငါပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေပါ တယ်လို့ပြောပြီး ကွမ်းတစ်ယာ၊ လက် ဖက်တစ်ထုပ်ချထားခဲ့ရမယ်။

ပြီးတော့ လေးလေးနက်နက် သစ္စာဆိုရမယ်။

ငါသည် မည်သူ့ကိုမျှ ဒုက္ခမပေး၊ ဒုက္ခရောက်သူတို့အား ကူညီစောင်မ ပါတော့မည်။ ဤမြေနှင့် နွားအရုပ် ရှင်ပါအံ့။ ထိုနွားရုပ်ကို ကဝိလမိုင်းနတ် အား အပ်ပါ၏။ ရှစ်ရပ်နယ်မြေကို လည်းကောင်း၊ အရပ်ရပ်လယ်မြေယာ များသို့ လည်းကောင်း၊ ကဝိလမိုင်း နွားရာတွင် ဤနွားကို စီးပါလေ။ ကဝိလမိုင်းနတ်ကို အပ်ပါ၏။ ဤနွားကို ကဝိလမိုင်းမင်းယူတော်မူပါ။ သုံးတော် မူပါ စီးတော်မူပါ။ ရန်ဟူသမျှ နှိမ်နင်း တော်မူပါ။ လူတို့အား ဒုက္ခပေးသော အာရှာ၊ အစိမ်း၊ သရဲ၊ သဘက်၊ စုန်း၊ တစ်မိုက်၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး ၍ ရန်ဟူသမျှ ကို ဤဆေးနွားသည် အောင်နိုင်ပါစေသတည်း။ အကျွန်ုပ် သည် ငါးပါးသီလမြဲပါ၏။ ဤဆေးနွား ဖြင့် ရန်ဟူသမျှကိုပယ်ရှင်းပါမည်။ ဤ ဆေးနွားဖြင့် သတ္တဝါတို့အား ဒုက္ခမပေး ပါ။ သူတစ်ပါးအား မနှိပ်စက်ပါ။

ဤသစ္စာစကားသည် မှန်ကန်ပါ က မှန်လျှင် အောင်မြင်ပါစေသတည်း။ သစ္စာကတိမတည်လျှင် မိမိခန္ဓာပျက်ပါ စေသတည်းလို့ သစ္စာဆို။ ဆေးနွားကို ဘုရားရှေ့မှာ မီးထွန်းပွဲနဲ့ မြှောက်ပြီး ကဝိလမိုင်းနတ်ကို အပ်နှင်းရတယ်။

သစ္စာဆိုတဲ့သူဟာ စည်းဖောက် ရင် မအောင်မြင်တော့ဘူး။ ခန္ဓာပျက် စီးကြုံရတယ်။ ပေါ့ပေါ့မတွက်နဲ့ တပည့်ရေ။ အဲဒါလောကီဝိဇ္ဇာအထက် လမ်းပဲကွယ့်။ အထက်လမ်းလို့ ခေါ်တာ ပေါ့။ အားလုံးပြီးပါပြီကွာ"

ဦးအောင်သည် သူ၏စကားကို အဆုံးသတ်လိုက်ပါ၏။

ဦးအောင်ကျေးဇူးကြောင့် တော ကြမ်းနယ်မြေသည် ငြိမ်းချမ်းနယ်မြေဖြစ် သွားလေ၏။ ရန်စွယ်များငြိမ်းအေးချမ်း သွားပြီဖြစ်၍ ဦးအောင်သည် ထိုနေရာ တွင် ရန်ပြေမာန်ပြေဘုရားတည်ရန် စီစဉ်လေတော့၏။ ဦးအောင် ဘုရား တည်မည့်သတင်းသည် တစ်မုဟုတ်ချင်း မြို့နယ် တစ်နယ်လုံး ပျံ့နှံ့သွားလေသည်။ ရန်ပြေမာန်ပြေဘုရားတည်ရန် အလှူ ရှင်များစွာပေါ်ပေါက်လာ၏။ ငွေအလှူ လုပ်အားအလှူမျိုးစုံပါဝင်၏။

ဆရာကြီး ဦးအောင်က စီမံညွှန် ကြားပြသရုံမျှသာ။

ဘုရားတည်ရန်လာရောက်ငွေလှူ ဒါန်းသူများပြားလေ၏။ ထိုအထဲတွင် အမည်မဖော်လိုသူ အလှူရှင်များ၏ လှူ ဒါန်းမှုက အံ့ဘနန်း အားရစဖွယ်ထူးကဲ လေ၏။ ဘုရားတည်ရန် မည်သည့် လိုအပ်ချက်မျှမရှိလောက်အောင် စိတ်ချ ရပြီ ဖြစ်၏။ အမည်မဖော်လိုသူ လူထူး ဆန်းတို့၏ ငွေလှူဒါန်းမှုက မက်မက် စက်စက်အားရစဖွယ်တည်း။ ကိုယ်တိုင် တစ်ဦးတည်း တာဝန်ယူနိုင်မည့်အခြေ အနေရှိလေ၏။

သို့သော် လှူဝှက်မှုကို ဖုံးကွယ် သည့်အနေအထား တစ်ထစ်လျှော့၍ လှူသွားကြသည်ကို ဆရာကြီးဦးအောင် သတိပြုမိပါသည်။

တောကြမ်းနယ်မြေဖြစ်ခဲ့ရသော ထိုနေရာသည် ရန်လည်းပြေပြီး မာန် လည်းပြေပြီး နေရာဒေသအေးချမ်းမှုကို ရယူပိုင်ဆိုင်ခဲ့ပါပြီ။ ထိုဒေသကို မှီတွယ် အားပြုနေကြရသည့် လယ်သမားတို့ သည်လည်း အေးရိပ်မှာ ခိုလှုံနိုင်ခဲ့ကြပြီ ဖြစ်ပါသည်။ ဤအရပ် ဤဒေသမှာ အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စား သောက်နိုင်သည့်အတွက် ဤအရပ်ကို စွန့်ခွာသွားသူအချို့ပင် ပြန်လည်ပြောင်း ရွှေ့ရောက်ရှိလာကြလေ၏။

ဦးအောင်သည် သူ၏ချစ်တပည့် မောင်မာဒင်ကို သူ၏ပညာအမွေပေး ချင်သော်လည်း မပေးခဲ့နိုင်ပါ။ ဆရာစား ချန်ထားခြင်းမဟုတ်ပါ။ အရာရာအသိ ပညာ၊ အတတ်ပညာ၊ စိတ်ဓာတ်၊ သမာဓိ နှံ့နည်းသေးသူကို ဆရာအောင် စိတ် မချနိုင်ပါ။ စေတနာမမည် ဓဝဒနာစည် ဝေမည့်အရေး ဆရာအောင် ဏာကွယ် လိုက်ခြင်း ဖြစ်ပါတော့၏။

မသင့်လျော်သည်ကို သဒ္ဒါလွန်၍ ပေးမိပါက ဒုက္ခပေးသည်နှင့် တူနေပါ၏။ လူတိုင်းနှင့် သင့်လျော်သည်မထင် ပါနှင့်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ် လျှင်ဘေးတွေ့ရပေလိမ့်မည်။

ဆရာကြီးဦးအောင်သည် မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်းတို့၏ထောက်ပံ့ ကူညီမှုက ပြည့်စုံလုံလောက်မှုရှိလေရ ကား ရန်ပြေမာန်ပြေဘုရားကို မိမိစိတ် ကြိုက် ဌာန်၊ ကရိုဏ်းကျကျအောင်မြင် စွာတည်၍ ပြီးစီးသွားလေ၏။ ဤအရပ် ဒေသတွင် ဆက်လက် နေထိုင်ကြမည့် လူအများအတွက် လုံလောက်သော အားကိုတစ်ခုကို ကောင်းစွာလုပ်ဆောင် ပေးနိုင်ခဲ့လေသည်။

ရန်ပြေမာန်ပြေဘုရား တည်ပြီး (၃) နှစ်ကြာသည်အထိ ဦးအောင် နေ ထိုင်သွားခဲ့ပါသည်။ ဘုရားတည်ပြီး (၃)နှစ်ပြည့်သည့်နေ့တွင် ဆရာကြီး ဦးအောင်ပျောက်ကွယ်သွားပါတော့၏။ မြေလျှိုးမိုးပျံသည့်အလား မည်သို့မည်ပုံ ထွက်ခွာသွားလေသနည်း။ လယ်သမား တို့သည် သူတို့၏ကျေးဇူးရှင်ကြီးကို ဝတ် ကြီးဝတ်ငယ်ပြုစုပေးကြရင်း သူတို့၏ မျက်စိအောက်မှ လျှပ်တစ်ပြက်ပျောက် ကွယ်သွားခြင်းအား မိမိကိုယ်ကိုမိမိ ခွင့်မလွှတ်နိုင်သည်အထိ ရင်ထုမနာ ယူကျုံးမရဖြစ်နေကြရှာသည်။

တပည့်ရင်းမောင်မာဒင်ဝမ်းနည်း ပူဆွေးရတော့သည်။

ရွာသူရွာသားများလည်း ဝိဇ္ဇာမိုရ် ကြီး ဦးအောင်ကို တမ်းတသတိရဆဲ။ မောင်မာဒင်သည်လည်း သူ၏ ဆရာ အောင်ကို ရင်ထဲမှ တစ်နေ့မှမေ့မရပါ။ ပြန်လာနိုးပြန်လာနိုး မျှော်ကိုးနေကြရင်း တမ်းတ လွမ်းဆွတ်နေကြရှာလေတော့ သတည်း။

❑

မြောင်းမြမြို့ အပြင်ပတ်လမ်း ပရ ဟိတရေကန်ကြီးအနီးရှိ ရန်ပြေမာန်ပြေ ဘုရားကို လာရောက် ဖူးမြော်ပူဇော်၍ လိုရာဆုတောင်းနိုင်ပါကြောင်း တင်ပြ လိုက်ရပေသည်။

*သုခီအတ္တာနံပရိဟရန္တု*

အောင်မြင့်ထွန်း (မသုံးလုံး)


**မှတ်ချက်** -

(ဆရာကြီးဦးမြင့်သန်းအား အထူး ကျေးဇူးတင်ရှိပါကြောင်း)



www.burmeseclassic.com

www.burmeseclassic.com



# အာကာသ

## ရင်ဆိုင်အတွေ့ကို အောင့်ကာရှောင်ရှား အာရုံငါးပါးသည့်ခံတား

လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်က အိန္ဒိယပြည်မြောက်ပိုင်း ဟိမဝန္တာတောင်ခြေတွင် သကျအနွယ် (သာကီဝင်) မင်းများ စိုးစံနေထိုင်ကြသည်။ ထိုမင်းများအုပ်ချုပ်သော ကပိလဝတ်၊ ဒေဝဒဟနှင့် ကောလိယတိုင်းတို့ ရှိခဲ့ရာ သုဒ္ဓေါဒနမင်းကြီးကား ကပိလဝတ်တိုင်းမှဖြစ်သည်။

ဘုရင် သုဒ္ဓေါဒနမင်းကြီးသည် ဒေဝဒဟရွှေနန်းသူ မဟာမာယာဒေဝီ မင်းသမီးကို ရွှေလက်ဆွဲ၍ ကပိလဝတ်ရွှေနန်းတော်ကြီးအား သိမ်းမြန်းအုပ်ချုပ်ကာ မင်းလုပ်တော်မူခဲ့၏။ ကိုယ်ဝန်အရင့်အမာရှိလာသော မဟာမာယာဒေဝီသည် ဒေဝဒဟရှိ ဆွေတော်မျိုးတော်များထံပြန်၍ သွားဖွားလိုသောဆန္ဒရှိနေခဲ့၏။

တစ်နေ့ မဟာမာယာဒေဝီနှင့် အခြွေအရံများသည် ကပိလဝတ်မှနေ၍

www.burmeseclassic.com

www.burmeseclassic.com

ဒေဝဒဟသို့ထွက်လာခဲ့ရာ လမ်းခရီးဖြစ်သော လုမ္ဗိနီသာမော အင်ကြင်းတော၌ တစ်ခဏနားနေကြ၏။ ကဆုန်လရာသီ တောင်လေသုတ်ဖြူး နွေနှင့်မိုးအကူးဖြစ်၍ တစ်ပြိုက်နှစ်ပြိုက်ဆွတ်ဖျန်းထားသောမိုးကြောင့် မြေသင်းရနံ့လေးက မွှေးကြိုင်နေသည်။ စံကားပန်း၊ ရင်ခတ်ပန်း၊ သရဖီပန်း၊ အင်ကြင်းပန်း စသော တောပန်းများကလည်း ပင်လုံးကျွတ်ပွင့်လျက်ရှိသည်။

ကျေးငှက်သာရကာများကလည်း သာယာရင့်ကျူး ပျော်မြူးနေကြလျက် တစ်ကိုင်းမှတစ်ကိုင်း၊တစ်ပင်မှတစ်ပင်သို့ ကူးကာ လူးလားတုံ့ခေါက်ပျံဝဲ၍နေကြ၏။ ရွက်လိပ်ပြေစ မြစိမ်းရောင်အညွန့်အဖူးများနှင့် စိုပြည်ဝေဆာနေသော သစ်ပင်သစ်ကိုင်းများက လေအဝှေ့တွင် ယိမ်းနွဲ့လှုပ်ရှားနေသည်မှာ မိုးကိုလက်ယပ်ခေါ်နေသလိုရှိ၏။

သာယာကြည်နူးဖွယ်အာရုံများ၌ နစ်မျောနေသော မဟာမာယာဒေဝီသည် ကမ္ဗဇလေရုတ်တရက်လှုပ်ရှားလာပြီး လဲမလိုခွေယိုင်သွားသဖြင့် အနီးရှိခေါင်းပေါ်မှ အင်ကြင်းကိုင်းအား ဆွဲကိုင်ထားလိုက်ရ၏။ ထိုနေရာ၌ပင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားငယ်ကို ဖွားမြင်တော်မူသည်။ အချိန်က မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့ဖြစ်ပါ၏။

တစ်ဆယ့်ခြောက်နှစ်မြောက် အရွယ်ရောက်လာခဲ့ပြီဖြစ်သော သိဒ္ဓတ္ထမင်းသားသည် ဒေဝဒဟတိုင်းပြည်မှ ယသော်ဓရာနှင့် ထိမ်းမြားလက်ထပ်၍ ကပိလဝတ်ရွှေနန်းတော်အား စိုးစံတော်မူသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်း နှစ်ဆယ့်ကိုးနှစ်အရွယ်ရောက်လျှင် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူခဲ့၏။ တောထွက်ရဟန်းပြုလိုနေသော ထိုအချိန်၌ ယသော်ဓရာမှ သားတော်ရာဟုလာကို မွေးဖွားသည့်အချိန်နှင့် တိုက်ဆိုင်နေသည်။

ကြာလျှင် သားမယားသံယောဇဉ် နှောင်ကြိုးငင်တော့မည်ဖြစ်၍ ဆိုင်းငံ့မနေတော့ဘဲ ယနေ့ညပင် တောထွက်တော့မည်ဟု ဆုံးဖြတ်လိုက်ပါ၏။ ညသန်းခေါင်ချင်း ခရီးပြင်းနှင်လာခဲ့ရာ သာကီဝင်မင်းတို့၏ ပိုင်နက်ကိုကျော်လွန်ပြီး အနော်မာမြစ်ကမ်းသို့ရောက်ရှိခဲ့တော့၏။ မောင်ဆန်နှင့်ကဏ္ဍကမြင်းတို့ကိုပြန်လွှတ်လိုက်ပြီး ထိုအနော်မာမြစ်သောင်ခုံ၌ပင် ဆံတော်ကိုပယ်၍ရဟန်းပြုခဲ့လေသည်။

ဘုရားမဖြစ်မီ မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လဆန်း ၁၄ ရက်၊ အင်္ဂါနေ့ မိုးသောက်ယံ၌ အိပ်မက်ကြီးငါးပါးကိုမြင်မက်တော်မူခဲ့သည်။

၁။ ဇမ္ဗူဒိပ်မြေမြတ်ကို မျက်နှာပြုလျက် မြောက်ဘက်က ဟိမဝန္တာတောင်ကိုခေါင်းအုံးပြုကာ အနောက်သမုဒ္ဒရာမှာ လယ်ယာတော်၊ အရှေ့သမုဒ္ဒရာက လက်ဝဲတော်၊ တောင်သမုဒ္ဒရာကို ခြေတော်တင်၍ အိပ်စက်တော်မူသည်ဟု မြင်မက်၏။

၂။ ဝန်ရိုးပမာ သန္တာအဆင်း နီမြန်းသော တိရိယမြက်သည် ချက်တော်မှဖောက်ထွက်လျက် အထက်ဘဝဂ်သို့တိုင် ထိုးတက်သွားသည်ဟု မြင်မက်၏။

၃။ အဖြူရောင် ပိုးမျိုးတို့သည် ခြေဖျားတော်မှ ပုဆစ်ဒူးတော်ထိတိုင် အပြည့်ဖုံးလွှမ်းတက်ရောက်လာသည်ဟု မြင်မက်၏။

၄။ အရောင်မျိုးစုံသော ကျေးငှက်သာရကာတို့သည် အရပ်ရှစ်မျက်နှာမှ လာရောက်ကြရာ ခြေတော်ရင်းအရောက်၌ ဖွေးဖွေးဖြူသောအရောင်များချည်း ဖြစ်ကုန်ကြသည်ဟု မြင်မက်၏။

၅။ မစင်ဘင်ပုပ်တောင်ကြီးပေါ်တွင် စင်္ကြံလျှောက်တော်မူရာ မစင်ဘင်ပုပ် စိုးစဉ်းမျှမပေမကျံ မထိမကပ်ဘဲရှိသည်ကို မြင်မက်တော်မူ၏။

ထိုသို့အိပ်မက်ကြီးငါးပါးမြင်မက်သောဗောဓိသတ္တဘုရားအလောင်း သိဒ္ဓတ္ထသည် 'ငါက ဧကန်စင်စစ် ဘုရားဖြစ်တော်မူလိမ့်မည်' ဟု မိမိကိုယ်ကို နိမိတ်ဖတ်တော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့် ညနေချမ်းအချိန်၌ ဗောဓိမဏ္ဍိုင်သို့ကြွလာတော်မူ၍ သုဒ္ဓိယငစင်လျှဒါန်းသော မြက်ရှစ်ဆုပ်ကို ဗောဓိပင်အရင်း၌ဖြန့်ခင်းလိုက်၏။ ဗောဓိပင်၏ အရှေ့ဘက်တွင် ရတနာပလ္လင်ပေါ်ထွန်းလာပြီး ထိုပလ္လင်ထက်၌ အရှေ့သို့မျက်နှာပြု၍ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသည်။

ဗုဒ္ဓအလောင်းအလျာသည် 'ဤနေရာ၌ ဘုရားမဖြစ်က ငါမထတော့ပြီ' ဟု အဓိဋ္ဌာန်ပြုရာ နေမဝင်မီ၌ ဒေဝပုတ္တမာရ်ကို အောင်တော်မူခဲ့သည်။ ညဉ့်ဦးယံ၌ ရှေးရှေးဘဝတို့ကို ပြန်လည်အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ အနီး၊ အဝေး၊ အကြီး၊ အသေး အရာခပ်သိမ်းတို့ကို ထိုးဖောက်မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ ကိလေသာအာသဝေါတရားတို့ကို ကုန်ခန်းစေသော အာသဝက္ခယဉာဏ်တို့ကို ရရှိတော်မူသည်။

သက်တော်(၃၅)နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့၊ ဘီစီ ၅၈၉၊ ဧပြီ ၃၀ ရက်နေ့၌ လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

❑

သုံးလောကထွတ်ထား သဗ္ဗညုမြတ်ဘုရားသည် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါပတ်လုံး ဝေနေယျသတ္တများအား တရားဓမ္မများ ဟောပြတော်မူကာ လူနတ်ဗြဟ္မာသတ္တဝါတို့၏အကျိုးစီးပွားကို ဆောင်ရွက်တော်မူခဲ့သည်။

ဘုရားရှင်သည် မိမိရရှိအပ်သော တရားမျိုးစေ့များကိုဖြန့်ဖြူးရန် ဆင်ခြင်တော်မူရာ၌ နားလည်ခံယူနိုင်မည့်သူများကိုဟောမှ အကျိုးရှိမည်ကိုမြင်တော်မူခဲ့၏။ မိမိတရားရှာစဉ်က ဆရာဖြစ်ခဲ့ဖူးသော အာဠာရနှင့် ဥဒကရသေ့တို့သည် မိမိဟောကြားသောတရားများအား ခံယူနိုင်ကြသူများဖြစ်သော်လည်း ကွယ်လွန်သွားကြပြီ ဖြစ်သည်။ တပုဿနှင့် ဘလ္လိကတို့မှာ သရဏဂုံမျှနှင့်သာ သင့်လျော်သူများဖြစ်ကြသည်ကို မြင်တော်မူခဲ့၏။

ဂေါတမဗုဒ္ဓသည် မိမိဘုရားမဖြစ်မီ၌ အလုပ်အကျွေးပြုခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးရှိရာ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ဥရုဝေလတောအုပ်မှနေ၍ တစ်ပါးတည်းကြွတော်မူခဲ့၏။ လမ်းခရီး၌ မြတ်စွာဘုရားနှင့် ဥပကတို့ ရင်ဆိုင်တွေ့ကြသည်။ မဇ္ဈိမဒေသ၌ ဂိုဏ်းဂဏ၊ ဘုရားအမည်ခံများက ပေါများလွန်းလှသည်။ဘုရားဟူသည် တစ်ပါးတည်းသာရှိသင့်သော်လည်း ဘုရားများက မှိုလိုပေါက်နေကြ၏။ ဥပကလည်း ယခုကဲ့သို့ သံသယတန်းလန်းနှင့်ဖြစ်နေ၍ မိမိတရားအား မခံယူနိုင်သေးဟု မြင်တော်မူသည်။

အဓမ္မဝါဒများက ဘုရားရှင်ပွင့်တော်မူစဉ်ကပင် အပြိုင်အဆိုင်ရှိခဲ့ကြ၏။ ဥပကသည် ဘုရားရှင်အား ရင်ဆိုင်အတွေ့၌ ကောင်းကင်မှ လပြည့်ဝန်းကြီးကျတောထဲ ပြုတ်ကျလာသည့်အလားအံ့အားသင့်နေခဲ့သည်။ ထူးခြားသော အသွင်သဏ္ဍာန်ကြောင့် တရားရှင်ရဟန်းဖြစ်သည်ကိုတော့ ရိပ်မိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဥပကသည် -

"ငါ့ရှင်ရဟန်း၊ သင့်၏ရုပ်ရည်က ကျက်သရေရှိလှပါ၏။ သင်တရားထူးရထားဟန်ရှိသည်။ သင့်ဆရာ မည်သူနည်း။ သင်၏နာမည်ကအဘယ်သို့ခေါ်ပါသနည်း"

ဟု မေး၏။

"အို - ဥပက၊ ငါ့မှာဆရာမရှိ၊ ငါ့အမည်ကား အနန္တဇိနဖြစ်၏။ အခုတော့ သင်ရော ငါပါ ခရီးသွားတန်းလန်းနှင့်ဖြစ်သည်။ အလျဉ်းသင့်သည့်အခါ ငါ့ထံ အရောက်လာခဲ့ပါ"

ဟု ဘုရားရှင်က မိန့်တော်မူကာ ခရီးဆက်ခဲ့တော့သည်။

ဥရုဝေလတောအုပ်မှ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ (၁၅၇)မိုင်ဝေးသောခရီးကို ဘုရားရှင်ကြွတော်မူလာရာ ပဥ္စဝဂ္ဂီငါးဦးတို့က ခရီးဦးကြိုကြသည်။

ဘုရားဖြစ်ပြီးစ ပထမဝါကို မိဂဒါဝုန်တော၌ ဝါကပ်တော်မူ၍ ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောတော်မူရာ ငါးဦးစလုံး ရဟန္တာဖြစ်ပော်မူကြ၏။ ထို့နောက် ဘုရားမဖြစ်မီလေးအတွင်း ယနာနှီဆွမ်းကပ်တော်မူ၍ သားဆုပန်ခဲ့သော သုဇာတာသူဌေးသမီး၏သားယသနှင့်အပေါင်းပါ (၅၄) ဦးတို့လည်း ရဟန္တာဖြစ်ကြကုန်သည်။

သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်ရန် တစ်ပါးတည်း ပါရမီဖြည့်ဆည်းခဲ့သော်လည်း သာသနာပြုရန်ကိုကား တပည့်သာဝကများအား တာဝန်ခွဲဝေပေးရသည်။ ရဟန္တာအပါး (၆၀) ပေါ်ထွက်လာပြီဖြစ်ရာ ထိုရဟန္တာများအား ဘုရားရှင်က အနားသို့ခေါ်ယူကာ သာသနာပြုစေလွှတ်သော မိန့်မှာစကားပြောကြားတော်မူခဲ့သည်။

၁။ ငါဘုရားနှင့် သင်တို့သည် နတ်၊ လူအာရုံကာမဂုဏ်၌မှီသော တဏှာကျော့ကွင်းမှ ရှင်းရှင်းကြီးလွတ်ခဲ့ကြပြီ။

၂။ သင်တို့သည် သတ္တဝါတို့၏ လောကီ၊ လောကုတ္တရာကောင်းကျိုးနှစ်ဖြာအတွက် အရပ်ရှစ်မျက်နှာအနှံ့ ခမ္မခရီးဆန့်ကြရမည်။

၃။ ကောင်းခြင်းသုံးစုံ အနက်သဒ္ဒါဂုဏ်နှင့် ပြည့်စုံသောတရားကိုဟော၍ သီလ၊ သမာဓိ၊ ပညာ သုံးပါးသိက္ခာသာသနာဟူသော မြတ်သောအကျင့်ကို ထင်ရှားပြကြရမည်။

၄။ ဉာဏ်မျက်စိမွဲ ကိလေသာပိတ်ဖုံးဆဲသတ္တဝါများသည် တရားမနာကြရလျှင် မဂ်ဖိုလ်အငြိမ်းဓာတ် တရားမြတ်ရခြင်းမှ ဆုံးရှုံးကြလိမ့်မည်ဖြစ်၍ တရားနာကြားသိရှိငြားက လူနတ်လူများစွာ ထွက်ပေါ်လာကြလိမ့်မည်။

၅။ ငါဘုရားလည်း ဤမိဂဒါဝုန်တော၌ ကျောင်းကန်ပရိဝုဏ်ကျောင်းများဆောက်လုပ်လျက် အလုပ်အကျွေးဒါယကာတို့၏ ပစ္စည်းလေးပါးအပြုအစုများနှင့်နေလိမ့်မည်မဟုတ်ဘဲ ရသေ့ညီနောင်နှစ်ထောင်တို့ကို တရားအသိပေးဖို့ ဥရုဝေလတောအုပ်ရှိရာ သေနနိဂုံးသို့ ကြွရောက်တော့မည်။

မန္တာရဝပန်းတို့မည်သည် လူ့ပြည်၌ တစ်ဆယ့်နှစ်ရာသီပတ်လုံးပွင့်ကြသောပန်းများမဟုတ်ကြပေ။ တန်ခိုးရှင်တစ်ဦးဦးက တန်ခိုးအစီရင်ပြုသည့်အခါ ဘုရားအလောင်းတော်မြတ်များ မယ်တော်ဝမ်း၌ ပဋိသန္ဓေယူတော်မူသောအခါ၊ ဘုရားအလောင်းတော်မြတ်များ ဖွားမြင်သည့်အခါ၊ သဗ္ဗညုတရွှေဉာဏ်တော်ရတော်မူသည့်အခါ၊ ဓမ္မစကြာတရားဦးဟောတော်မူသည့်အခါ၊ယမိုက်ပြာဋိဟာပြတော်မူသည့်အခါ၊ တာဝတိံသာ နတ်ပြည်မှလူ့ပြည်သို့ ပြန်ကြွလာသည့်အခါနှင့် အာယုသင်္ခါရလွှတ်တော်မူသည့်အခါမျိုး၌သာ ပွင့်ကြသည်။

မန္တဝရဝပန်းတို့ကား လူ့ပြည်၌ အကြိမ်ကြိမ်ပွင့်နေကြတော့၏။ ဘုရားရှင်နှင့်တပည့်သာဝကတို့၏ သာသနာပြုစွမ်းအားကြောင့် ဗုဒ္ဓသာသနာတော်ကြီးသည် မဇ္ဈိမဒေသမှ ကမ္ဘာအနှံ့တိုင်အောင် ပြန့်ပွားစည်ပင်ခဲ့သည်။

ဂေါတမဗုဒ္ဓသည် တရားဒေသနာများအား အကျယ်တဝင့်ဟောကြားရန် လံ့လပြုတော်မူခဲ့၏။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်နှင့်ပဒပရမပုဂ္ဂိုလ်ဖြစ်သော သာမန်လူပြိန်းများပါ အကျိုးတစ်စုံတစ်ရာရစေနိုင်သော တရားနည်းလမ်းများအားပေးခဲ့သည်။ အဘိဓမ္မာ၊ သုတ္တန်ဒေသနာတော်များအား သက်တော် (၈၀)၊ ဝါတော် (၄၅) သို့တိုင် မနေမနားဟောကြားတော်မူခဲ့ပါသည်။ ဝိနည်းသိက္ခာပုဒ် အမြောက်အမြားကိုလည်း ပညတ်ပေးတော်မူခဲ့၏။ ဝိနည်းကျင့်ဝတ် (၂၂၇) သွယ် အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သည်ဟုပင် ဆိုစမှတ်ရှိခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင် သံဃာ့အစည်းအဝေးကိုခေါ်ယူ၍ လပြည့်၊ လကွယ်ဥပုသ်နေ့တိုင်း ဩဝါဒပါတိမောက်ကို ပြသတော်မူသည်။ ဘုရား၏ရှေ့၌ ရဟန်းကျင့်ဝတ်သိက္ခာများကို တညီတညွတ်တည်းခံယူလိုက်နာကြဖို့ အမိန့်ဩဝါဒ်ပြုခြင်းဖြစ်သည်။ ဝါတော်နှစ်ဆယ်နောက်ပိုင်း၌ ကိုယ်တိုင် ဩဝါဒပါတိမောက်မပြတော့ဘဲ သံဃာများချည်းသာ ယနေ့အထိ တစ်လလျှင်နှစ်ကြိမ် သံဃာ့ဩဝါဒပါတိမောက်ပြနေကြသည်။

ဤကမ္ဘာကြီး၌ အကောင်းဆုံးနှင့် အစစ်အမှန်ဆုံးဖြစ်သော ဗုဒ္ဓဝါဒတည်မြဲထွန်းကားလာမည်ကို ဆန့်ကျင်ဘက်ဂိုဏ်းများက စိုးရိမ်ကြသည်။ ဆန့်ကျင်ဘက်များကသာမက မိမိတို့ဗုဒ္ဓဘာသာအား အငြင်းခြံထားသူတချို့ကလည်း မထီမဲ့မြင်ရှိတတ်ကြ၏။ ထေရဝါဒစစ်စစ်အား အဓမ္မဝါဒီများက နည်းအမျိုးမျိုးသုံး၍ အတွင်းသို့ဝင်ပြီး အားနည်းချက်များကိုရှာပြီး ဖျက်ဆီးတတ်ကြ၏။ ထိုအဓမ္မဝါဒီများအား ဗုဒ္ဓဘာသာဝင်တိုင်းက အသိရှိရှိ ဖော်ထုတ်တားဆီးကြရန် လိုပါသည်။

❑

ဗုဒ္ဓရှင်တော်မြတ်သည် သက်တော် (၈၀)၊ ဝါတော် (၄၅) အိုမင်းရင့်ရော်ရွယ်အထိ ကျွတ်ထိုက်သူဝေနေယျများအား တရားရေအေးတိုက်ကျွေးပေး၍ နိဗ္ဗာန်တံခါးဝအရောက် ပို့ဆောင်ပေးခဲ့ပြီးဖြစ်၏။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ အာယုသင်္ခါရလွှတ်တော်မူရန် ဆင်ခြင်ထားပြီး ဖြစ်သည်။ ထို့ကြောင့် မလ္လာမင်းတို့၏ အင်ကြင်းတောဥယျာဉ်ရှိရာ ကုသိနာရုံသို့ ကြွတော်မူခဲ့၏။

အင်ကြင်းပင်နှစ်ပင်ကြား အရှင်အာနန္ဒာခင်းပေးသော ဒုကုဋ်သင်္ကန်းကြီးထက် သလွန်ညောင်စောင်းပေါ်၌ လဲလျောင်း ငြိမ်သက်စွာနေတော်မူ၏။ ဘုရားရှင်သည် မြောက်သို့ဦးခေါင်းပြုကာ လက်ယာန်တောင်းဖြင့် လဲလျောင်းတော်မူ၏။ အင်ကြင်းပင်ပျိုအစုံတို့သည် အခါမဲ့ပွင့်၍ပင်လုံးကျွတ်မျှဖြစ်၏။ မန္တာရဝနတ်ပန်းတို့လည်း ကောင်းကင်မှကျလာကုန်၏။

ကဆုန်လပြည့်ကျော်တစ်ရက်နေ့ မနက်ပိုင်းသို့လူလာခဲ့ပြီဖြစ်၏။

ဗုဒ္ဓသည် -

ရဟန်းတို့၊ အပ္ပမာဒေန သမ္ပာဒေထ - မမေ့မလျော့နေရစ်ကြဖို့နောက်ဆုံးစကားမှာကြားရင်း ထွက်သက်၊ ဝင်သက်များ ငြိမ်သက်၍သွားတော့သည်။

အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် မန္တာရဝနတ်ပန်းများသွန်းကြ

www.burmeseclassic.com

www.burmeseclassic.com

ကျနေသည်အား သိမြင်တော်မူခဲ့၏။ 'ဧတန္တ ငါ့ဆရာမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီထင်ပါရဲ့' ဟုလည်း သိမြင်တော်မူနေသည်။

ထို့နောက် တက္ကတွန်းတစ်ဦးကို မေးရန် ထိုင်ရာမှထလိုက်၏။ အသက်ကြီးမှ ရဟန်းဝတ်လာသော တောထွက်ရဟန်းကြီး သုဘဒ္ဒဖြစ်၏။ အမှန်တော့ အရှင်မဟာကဿပကိုယ်တော်ကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူသွားသည်ကိုမသိ၍မဟုတ် သိနေပြီးဖြစ်၏။ သို့သော်လည်း အနီး၌ မိမိနှင့်အတူရှိနေသော ရဟန်းများသိစေလိုခြင်းကြောင့်သာမေးခြင်း ဖြစ်၏။

အရှင်မဟာကဿပကြီး၏အနီး၌ ရှိနေကြသောရဟန်းများတွင် ကာမရာဂ မကင်းသောရဟန်းများနှင့် ကာမရာဂ ကင်းပြီးဖြစ်သောရဟန်းများဟူ၍ နှစ်မျိုးရှိသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သည်ကိုသိကြလျှင် ကာမရာဂမကင်းသေးသောရဟန်းများက ဣန္ဒြေမဆည်နိုင်အောင် သက်နန်းများဖို့သိဖတ်သိဖြစ်အောင် လူးလှိမ့်ကာ ငိုကြလိမ့်မည်။ ကုသိနာရုံရောက်မှသိ၍ငိုကြလျှင် လူတွေ ကဲ့ရဲ့သဖြင့် သိက္ခာကျမည်။ ယခုတည်းက အားရအောင်ငိုထားမှ ဣန္ဒြေဆည်နိုင်ကြမည်ဖြစ်၏။

ထိုသို့ အရှည်တစ်ဆုံးမြင်တော်မူသော အရှင်မဟာကဿပကြီးက အာဇီဝကတက္ကတွန်းအားမေးခြင်း ဖြစ်၏။

"အို - ငါ့ရှင်- ရဟန်းကြီးဂေါတမ ပရိနိဗ္ဗာန်ပြုသွားတာ ကနေ့ဆို ခုနစ်ရက်တောင်ရှိပြီပဲ။ သင်တို့ဆရာ ပရိနိဗ္ဗာန်ပြုတဲ့နေရာက ဟောဒီ မန္ဒာရဝ မန်းပွင့်ကြီးတောင်ယူလာခဲ့သေးတယ်"

သုဘဒ္ဒရဟန်းအို တက္ကတွန်းကြီးက မန္ဒာရဝနတ်ပန်းကြီးအား ထီးလုပ်ကာမိုး၍ ပြောပြောဆိုဆိုထွက်သွားတော့၏။ ကာမရာဂမကင်းကြသေးသောရဟန်းများလည်း မြတ်စွာဘုရားအား တမ်းတကာ အရူးအမူးနှင့် သည်းထန်စွာ လူးလှိမ့်၍ငိုကြွေးကြကုန်သည်။ သုဘဒ္ဒရဟန်းကြီးက ပူဆွေးသောကဗျာပါဒများနေကြသောရဟန်းတော်များအကြည့်ကာ ဝမ်းသာအားရနှင့် အော်ပြောလိုက်သေးသည်။

"ငါ့ရှင်တို့ မငိုကြနဲ့၊ ပူဆွေးသောကမရောက်ကြနှင့်။ အခုဆိုရင် ငါတို့ဟာ ရဟန်းကြီးဂေါတမလက်အောက်ကလွတ်ကြပြီ။ ရဟန်းကြီးဂေါတမဟာ ငါတို့ကို ဟိုဟာမလုပ်ရဘူး၊ ဒီဟာမကိုင်ရဘူးနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ ပညတ်လိုက်တာကလည်း စုံနေတော့တာပဲ။ အခုဆိုရင် ရဟန်းကြီးဂေါတမမရှိတော့ဘူး။ မင်းတို့ ငါတို့ နေချင်သလိုနေလို့ရပြီ၊ မငိုကြနဲ့တော့"

ရိုင်းပျလွန်းသော သုဘဒ္ဒ၏စကားများက အရှင်မဟာကဿပကြီး၏ရင်အား မြားအစင်းတစ်ရာနှင့်ပစ်ခွင်းလိုက်သလို နာကြည်းခံစားလိုက်ရ၏။ ထိုအဓမ္မဝါဒီရဟန်းများကြောင့် ဗုဒ္ဓသာသနာတော်၏နောင်ရေးအား တွေးတောပူပန်လာသည်။ တရားမဟုတ်သည်ကို တရားဟူ၍ပြောဟောသူ အဓမ္မဝါဒီရဟန်းဆိုးများ အင်အားမကြီးမားလာမီ အကျင့်သိက္ခာဖြူစင်သော ရဟန်းကောင်းများ အင်အားမနည်းပါးမီ၌ သင်္ဂါယနာတင်ကြရန် ဆုံးဖြတ်တော်မူသည်။

ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး၍ သုံးလအကြာ၌ အရှင်မဟာကဿပကြီးကိုယ်တော်တိုင် ဦးဆောင်၍ အရှင်ဥပါလိ၊ အရှင်အာနန္ဒာ အစရှိသည့် ငါးရာသောရဟန္တာများနှင့် ပိဋကတ်တော်များကို နှုတ်တက်အကျရာ သင်္ဂါယနာတင်တော်မူခဲ့သည်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်း၏ အထောက်အပံ့ဖြင့် ဝေဘာရတောင် သတ္တပဏ္ဏိဂူ၌ ခုနစ်လတိုင်ကျင်းပခဲ့ခြင်း ဖြစ်သည်။

မဟာသက္ကရာဇ်၁၀၀ပြည့်နှစ်တွင်လည်း ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းတို့၏ မဖွယ်မရာ အဓမ္မဝတ္ထုဆယ်ပါးကို အကြောင်းပြု၍ ဒုတိယအကြိမ် သင်္ဂါယနာ နှုတ်တက်အကျရာကိုတင်တော်မူကြ၏။ အရှင်မဟာယသ အမှူးပြုသော အရှင်ရေဝတ၊ အရှင်သဗ္ဗကာမိ အစရှိသော ရဟန္တာခုနစ်ရာတို့သည် ဝေသာလီပြည် ကာဠာသောကမင်းကြီး၏ အထောက်အပံ့ဖြင့် ဝါဠုကာရုံကျောင်းတိုက်ကြီးတွင် ရှစ်လတိုင်ကျင်းပခဲ့ကြသည်။

မဟာသက္ကရာဇ် ၂၃၅ သို့ရောက်သောအခါ ရဟန်းစစ်များအတွင်း၌ ရဟန်းအတုများဝင်ရောက်ကာ ဗုဒ္ဓသာသနာတော်ကြီး ညှိုးနွမ်းသွားအောင် တရားတုတရားပျက်များ ထည့်သွင်းလာကြသည်။ ထို့ကြောင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာတစ်ထောင်တို့မှ တတိယသင်္ဂါယနာ နှုတ်တက်အကျရာတင်တော်မူကြသည်။ ပါဋလိပုတ်ပြည့်ရှင် ဘုရင်အသောကမင်းကြီး၏ အထောက်အပံ့နှင့် အသောကာရုံကျောင်းတိုက်ကြီး၌ ကိုးလတိုင်ကျင်းပခဲ့ကြသည်။

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးနှင့် အသောကမင်းကြီးတို့သည် သင်္ဂါယနာတင်ပြီး၍ သာသနာသန့်ရှင်းသွားပြီဖြစ်သော်လည်း တင်းတိမ်ရောင့်ရဲခြင်းမရှိခဲ့ကြပေ။ မဇ္ဈိမဒေသ၏အစွန်အဖျား ပစ္စန္တရာဇ်အရပ်များသို့ သာသနာပြုစေလွှတ်ရန် စီစဉ်ခဲ့ကြသည်။ သာသနာပြန့်အောင်ဖြန့်နိုင်ဖို့ သိက္ခာသုံးစုံစွမ်းရည်ဂုဏ်နှင့်ပြည့်စုံသော ရဟန်းများအား တာဝန်ခွဲဝေ၍ စေလွှတ်တော်မူခဲ့သည်။

ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ရာ၌ ရဟန်းခံခြင်းကံများ၊ သံဃာဂိုဏ်းများ ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် နောက်ပါရဟန်းငါးပါးစီ ထည့်ပေးခဲ့သည်။

၁။ ကသ္မီရဂန္ဓာရအရပ်သို့ အရှင်မဇ္ဈန္တိကထေရ်၊
၂။ မဟိံသကအရပ်သို့ အရှင်မဟာဒေဝ (အရှင်မဟာရေဝတ) ထေရ်၊
၃။ ဝနဝါသီအရပ်သို့ အရှင်ဒက္ခိတထေရ်၊
၄။ ပရန္တအရပ်သို့ အရှင်ယောနကဓမ္မဒက္ခိတထေရ်၊
၅။ မဟာရဋ္ဌအရပ်သို့ အရှင်မဟာဓမ္မရက္ခိတထေရ်၊
၆။ ယောနကအရပ်သို့ အရှင်မဟာရက္ခိတထေရ်၊
၇။ ဟိမဝန္တာအရပ်သို့ အရှင်မဇ္ဈိမထေရ်၊
၈။ သုဝဏ္ဏဘူမိအရပ်သို့ အရှင်သောနနှင့် အရှင်ဥတ္တရထေရ်၊
၉။ တမ္ဗပဏ္ဏိဒီပ သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒထေရ်တို့ဖြစ်၏။

အရှင်မဟိန္ဒထေရ်နှင့် နှမတော် သင်္ဃမိတ္တာထေရီမတို့၏ ကြိုးပမ်းမှုကြောင့် လင်္ကာဒီပခေါ် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာရောင်ဝါနေသို့လင်းခဲ့သည်။ နှစ်ပေါင်းနှစ်ရာခန့် ဘာသာသာသနာ ထွန်းကားပြီးနောက်ပိုင်း သီဟိုဠ်ကျွန်း၌ ဘေးဆိုးကပ်ဆိုးကြီးများ ဆိုက်ရောက်လာခဲ့ရာ ဆယ်နှစ်ကျော်ခန့် ကြာမြင့်ခဲ့၏။ တိုင်းသူပြည်သားများ စားဝတ်နေရေးအခက်အခဲကြုံလာကြရသည်။

ဆရာ၊ ဒကာ ရေနှင့်ကြာလိုဖြစ်နေသည့်အားလျော်စွာ ပရိယတ်၊ ပဋိပတ်အားထုတ်တော်မူကြသောရဟန်းသံဃာတော်များလည်း ပစ္စည်းလေးပါး ချို့ငဲ့လာခဲ့ကြသည်။ လျှုဒါန်းထောက်ပံ့မှုရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့သော ဤအရပ်၌ သာသနာ့တာဝန်ထမ်းဆောင်နေကြသော ရဟန်းအချို့သည် ကပ်ဘေးလွတ်ရာအရပ်သို့ ကြွသွားတော်မူကြသည်။

စိတ်ဓာတ်ကြံ့ခိုင် ယိမ်းယိုင်မှုမရှိကြသော သာသနာ့အာဇာနည် ရဟန်းခြောက်ကျိပ်တို့သည် ခက်ခက်ခဲခဲကြားမှ သာသနာပြုလျက်ရှိနေကြ၏။ ဗုဒ္ဓအဆုံးအမ ပိဋကတ်တော်များတည်ရှိရာ ဤဒေသကို ငါတို့အားလုံး စွန့်ခွာသွားကြမည်ဆိုလျှင် ပိဋကတ်တော်များအဆက်ပြတ်၍ သာသနာပျက်သုဉ်းသွားမည်ကို မြင်တော်မူကြ၏။ ထို့ကြောင့် ခြောက်ကျိပ်သောရဟန်းတို့က ဘာသာသာသနာသွေးရဲရဲတောက်လျက် အသက်အသေခံပြီး သာသနာပြုမည်ဟူသော စိတ်ဓာတ်ဖြင့် သာသနာပြုရင်း နေရစ်ခဲ့ကြသည်။

ဆယ်နှစ်ကျော်ကြာနှိပ်စက်ခဲ့သောဘေးအန္တရာယ်ကပ်ဆိုးကြီးသည်လည်း တဖြည်းဖြည်းနှင့် အေးငြိမ်းသွားခဲ့သည်။ ဤသို့ဖြင့် သာသနာတော်နှစ် ၄၅၀ တွင် ခြောက်ကျိပ်သောပိဋကတ်ဆောင်ရဟန်းတို့သည် နောင်အခါ၌ ရဟန်းတော်များ သတိ၊ ပညာ၊ သဒ္ဓါတရားတို့ ဆုတ်ယုတ်လာမည်ကို ကြိုတင်သိမြင်တော်မူကြသည်။ ထို့ကြောင့် အရှင်ဓမ္မရက္ခိတမထေရ် အမှူးရှိသော ပိဋကတ်ဆောင်သံဃာတော်ခြောက်ကျိပ်တို့သည် စတုတ္ထသင်္ဂါယနာ ပေထက်အက္ခရာတင်တော်မူကြသည်။ သီဟိုဠ်ဘုရင် အဘယဝဋ္ဋဂါမဏိ၏ပံ့ပိုးမှုနှင့် မလယဇနပုဒ်၊ အာသောကအမည်ရှိ လိုဏ်ဂူအတွင်း၌ ကျင်းပခဲ့ကြသည်။

မဟာသက္ကရာဇ် ၂၅၁၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင်လည်း မြန်မာပြည် မန္တလေးရတနာပုံ နေပြည်တော်နန်းမြို့အတွင်း၌ ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့သည်။ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဓဇမထေရ်နှင့် မြင်းဝန်တိုက်ဆရာတော်၊ ဆီးဘန်နီဆရာတော်တို့ကို အမှူးထား၍ သံဃာတော်နှစ်ထောင်တို့က ခြောက်လတိုင် ကျောက်ထက်အက္ခရာတင်တော်မူကြသည်။

မြန်မာသက္ကရာဇ် ၁၃၁၆ ခုနှစ်၊ ညောင်ရမ်းဆရာတော်ဘုရားကြီးအား သံဃာ့နာယကအဖြစ်တင်မြှောက်ကြပြီး ထေရဝါဒငါးနိုင်ငံမှ သံဃာတော်များစုပေါင်းပြီး ဆဋ္ဌသင်္ဂါယနာတင်တော်မူကြ၏။ မြန်မာနိုင်ငံမှ သံဃာတော် (၂၄၇၃) ပါးနှင့် ထေရဝါဒသာသနာထွန်းကားရာနိုင်ငံတကာမှ သံဃာတော် (၁၄၄) ပါးတို့ ကြွရောက်တော်မူကြသည်။ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ 'ဆဋ္ဌသင်္ဂီတိမဟာပါသာဏဂုဟာ' အမည်ရ လိုဏ်ဂူတော်ကြီးအတွင်း၌ နိုင်ငံတော်အစိုးရ၏အထောက်အပံ့နှင့် ပုံနှိပ်အက္ခရာတင်တော်မူခဲ့၏။ ၁၃၁၈ ခုနှစ်၊ မဟာသက္ကရာဇ် ၂၅၀၀ တင်းတင်းပြည့်သောကဆုန်လပြည့်နေ့တွင် ပြီးစီးအောင်မြင်တော်မူခဲ့သည်။

❑

သုံးလောကထွတ်ထား သဗ္ဗညုမြတ်ဘုရားမပွင့်ထွန်းမီက ဤလောကကြီး၌ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ဟူ၍ မရှိသေးဘဲ နတ်ကိုသာ အဓိကထားပြီး ကိုးကွယ်ခဲ့ကြ၏။ ထို့ကြောင့် ဘုရားမပွင့်မီက ကိုးကွယ်ခဲ့ကြသောနတ်ကွန်းစေတီများအား အချို့က ဘုရားစေတီအမှတ်ဖြင့် လွဲမှားစွာ ရေးသားကြ၊ ကိုးကွယ်နေကြသည်ကို သီတဂူဆရာတော်ဘုရားကြီးဟောကြားထားသောတရားတော်အား နာကြားရဖူးသည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်ဘုရား၏ ခြေတော်ရင်းတွင် တစ်ဦးတည်းအတွက် နိဗ္ဗာန်ယူမည်ဆိုလျှင် ယူနိုင်ပါ၏။ သို့သော်လည်း ဩဃလေးဖြာသံသရာ၌ နစ်မွန်းနေကြသော ဝေနေယျသတ္တဝါများအားသနားကြင်နာသဖြင့် နိဗ္ဗာန်ယူတော်မမူသေးဘဲနေခဲ့သည်။

ဘုရားစင်စစ်ဧကန်ဖြစ်သည်အထိ မာရ်နတ်၏ အဟန့်အတား အနှောင့်အယှက်များကြားမှ အနန္တဇိနအဖြစ် ရဲရဲတောက်ကြွေးကြော်ခဲ့သည်။ ဘုရားရှင်က 'ငါ၏ တပည့်သားသာဝကများ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သူများ မပေါ်ထွန်းသေးသမျှကာလပတ်လုံး၊ ထိုတရားတော်များကို နှုတ်ငုံဆောင်နိုင်ရုံသာမက ပြန်လည်သင်ကြားဟောပြောပို့ချပေးမည့်သူများ မထွက်ပေါ်လာသေးသမျှကာလပတ်လုံး ငါဘုရား ပရိနိဗ္ဗာန်မယူသေး' ဟူ၍ မာရ်နတ်အား ကြိမ်းဝါးတော်မူခဲ့သည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် သာသနာ့အန္တရာယ်အဓမ္မဝါဒီများက ဆန့်ကျင်ဘက်ဂိုဏ်းများနှင့်ပေါင်း၍ ဗုဒ္ဓသာသနာတော်ကို အမျိုးမျိုးဖျက်ခဲ့ကြသည်။ ဆန့်ကျင်ဘက်ဂိုဏ်းများက ဒေဝဒတ်နှင့်စိဉ္စမာဏဝိကာတို့လို လောဘ၊ ဒေါသ၊ မောဟလွှမ်းကဲနေသူများအား မက်လုံးအမျိုးမျိုးပေးကာ ခိုင်းစေခဲ့ကြ၏။ သံသရာဘေး တွေး၍မှ မကြောက်သူများက တစ်ဘဝလေးအတွက် နာမည်ကြီးပြီး ချမ်းသာဖို့အတွက် မျက်တောင်တစ်ဆုံးလောက်သာကြည့်ပြီးလုပ်ခဲ့ကြ၏။ အသုံးလုံးဖြစ်သော အလောဘ၊ အဒေါသ၊ အမောဟ ကျမ်းမကျေခဲ့သဖြင့် အဝီစိတိုင်အောင် အသုံးချခံလိုက်ကြရသည်။

တကယ်ဆို ဤပုဂ္ဂိုလ်များကား ရင်ဆိုင်တွေ့လာသော အာရုံငါးပါးကို အလွယ်လိုက်၍ ရေဆန်မလိုက်ဘဲ ရေစုန်ကိုမျောပြီး သက်သောင့်သက်သာလိုက်နေကြသည် အထက်ကိုတက်နိုင်မှ အမြင့်ရောက်နိုင်သလို အခက်ကိုရင်ဆိုင်ရဲမှလည်း အချက်အချာကိုတွေ့ရမည်ဖြစ်သည်။တဒင်္ဂပဟာန် အကျဉ်းအကျပ်အား မကျော်လွှားချင်ကြ၍ ဗုဒ္ဓဘာသာစစ်စစ်ကနေပြီး ဓမ္မကို အဓမ္မအဖြစ် ဖန်တီးနေကြသည်။

ရူပါရုံ၊ ဂန္ဓာရုံ၊ သဒ္ဒါရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသည့် အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အထိအတွေ့ အာရုံငါးပါး၌ လူတိုင်းသည်းခံနိုင်ရန် ခဲယဉ်းကြသည်။ 'စောင့်နိုင်ရင် သူခိုးမိ၊ အောင့်နိုင်ရင် အကျိုးရှိ' ဆိုသလို အာရုံငါးပါးကို ရင်ဆိုင်အတွေ့၌ အောင့်အည်းသည်းခံနိုင်မှသာ သာသနာ့အာဇာနည်ဖြစ်ပါလိမ့်မည်။

အတွင်းက လောက်ကောင်ထွက် မိမိ၏ဗုဒ္ဓဘာသာအား ဖျက်နေကြသော အဓမ္မဝါဒီများအနက်မှ ထင်ရှားသူတစ်ဦးဖြစ်သော မြအောင်၏ အကြောင်းတင်ပြချင်ပါသည်။ သာစည်မြို့နယ် ယင်းမရိုးရွာဇာတိဖြစ်သော မြအောင်သည် ဦးအေးနှင့် ဒေါ်ဖြူတို့၏သားဖြစ်သည်။ မူလက မိဘညီအစ်ကို မောင်နှမများ စုံညီစွာဖြင့် သိုက်သိုက်ဝန်းဝန်းရိုးသားစွာ တောင်သူလုပ်ကိုင်ခဲ့သည်။

မြအောင်က စာဖတ်ဝါသနာပါ၍ စကားပြောလည်းကောင်းသူတစ်ယောက်ဖြစ်၏။ တောထဲရှိ လယ်လုပ်တဲထဲ၌ မြအောင်တစ်ယောက်တည်း အရူးတစ်ယောက်လို စကားပြောလေ့ကျင့်ရင်း စာရေးစာဖတ်လုပ်နေတတ်၏။ တစ်ခုခုလုပ်ရန်လည်း အကြံအစည်ထုတ်နေတတ်၏။

တစ်နေ့ မြအောင်နှင့်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

တချို့ အလုပ်ချောင်သောရက်ဖြစ်၍ သာစည်မြို့ပေါ်သို့ ရုပ်ရှင်သွားကြည့်ကြသည်။ ထိုအချိန်က တောရွာများတွင် တီဗွီများမရှိသေးသဖြင့် ယင်းမရိုးရွာမှ သာစည်မြို့သို့ ခုနစ်မိုင်ခရီးခန့် ခြေကျင်သွားပြီး ရုပ်ရှင်ကြည့်ကြ၏။ ရုပ်ရှင်ပြီး၍ ရွာပြန်ကြရန်လူစုသောအခါ၌ မြအောင်အား ရှာမတွေ့သဖြင့် အားလုံးခေါင်းတောက်ကုန်ကြသည်။ မိဘဆွေမျိုးများကလည်း နည်းမျိုးစုံနှင့်ရှာဖွေစုံစမ်းကြပါ၏။ မည်သို့မျှ သဲလွန်စမရအောင်ရှိခဲ့သည်။

နှစ်ကာလအတန်ကြာသောအခါ သာစည်မြို့ပေါ်၌ မြအောင်ကိုသိနေသူတချို့က မြအောင်နှင့်တွေ့သလိုလို၊ မြင်လိုက်ရသလိုလို သိုးသိုးသန့်သန့်ကြားလာရ၏။ ထို့နောက် သာစည်မြို့ပေါ်၌ပင် ညီဖြစ်သူ မြဆောင်နှင့် မြအောင်တို့ မထင်မှတ်ဘဲ တွေ့လိုက်ကြပြန်၏။ မြဆောင်က ရွာပြန်ခေါ်ရာ မြအောင်က -

"အိုး - မလိုက်ပါဘူးကွာ။ ငါတစ်နေ့ကောင်းစားမှာပါ။ အဲဒီတော့မှ ငါဘာလုပ်နေတယ်ဆိုတာ မင်းတို့သိကြမှာပါ"

ဟု ပြောကာ ရှောင်ထွက်သွားသည်။

မိဘညီအစ်ကိုမောင်နှမများကလည်း မြအောင်ကိုအသက်ထင်ရှားရှိနေပါလျက် မိဖုန်းဘမှန်း၊ အဆက်အသွယ်လုပ်ရမှန်းမသိသဖြင့် မေ့မေ့ပျောက်ပျောက်နေခဲ့ကြ၏။ နှစ်အတန်ကြာသည်အထိ မြအောင် သေပြီလား၊ ရှိသေးလား မသိလောက်အောင် အဆက်အစပ်ပြတ်ခဲ့ကြသည်။

တစ်နေ့သော မိုးဦးကျကာလအခါသမယ၌ဖြစ်သည်။ အဓမ္မဝါဒဖော်ထုတ်တားဆီးရေးဆိုင်ရာ ဆရာတော်သံဃာတော်တချို့နှင့် လူပုဂ္ဂိုလ်များ မြအောင်၏ဇာတိရွာ ယင်းမရိုးသို့ ကားနှင့်ရောက်လာကြပါ၏။ သာစည်မြို့မြောက်ဘက်ရှိ ခြောက်မိုင်၊ ခုနစ်မိုင်ခန့်ဝေးသော ယင်းမရိုးရွာသို့ သာစည်မြို့ငါးဆူရိပ်သာကျောင်းတိုက်၌ တည်းခိုခိုမေးပြီး ခဲရာခဲဆစ်ရောက်လာကြခြင်းဖြစ်သည်။

ယင်းမရိုးရွာဦးကျောင်းမှနေ၍ မြအောင်၏ မိဘညီအစ်ကိုဆွေမျိုးသားချင်းများ၊ ရပ်မိရပ်ဖများအားခေါ်ပြီး ဆောင်လာသောဗွီစီဒီခွေအား ဖွင့်ပြသသည်။ တစ်ရွာလုံးရှိ ကလေး၊ လူကြီးမကျန် လာရောက်ဝိုင်းအုံကြည့်ကြသည်။ မြအောင်ဟုတ်မှန်ကြောင်း မိဘများကိုယ်တိုင်ကဝန်ခံခဲ့၏။ တစ်ရွာလုံး လာရောက်ကြည့်ရှုသူများကလည်း ထောက်ခံကြသည်။

မြအောင်က ဆန့်ကျင်ဘက်ဘာသာတစ်ခု၌ တရားဟောဆရာလုပ်နေ၍ မိမိဗုဒ္ဓဘာသာအပေါ် ပျစ်ပျစ်နှစ်နှစ် အပုပ်ချပြောနေသည်ကို ရင်နာစရာတွေ့နေပါ၏။ မိမိဘဝလေး သက်သောင့်သက်သာ ရပ်တည်နိုင်ဖို့အတွက်နှင့် မဟုတ်မဟတ် လုပ်ဇာတ်ဆင်ပြီးပြောနေသော မြအောင်အားကြည့်ရင်း မိခင်ကြီး ဒေါ်ဖြူ မျက်ရည်သုတ်နေသည်။ အစ်ကိုဖြစ်သူမှလည်း ကိုယ့်ဆရာတော်ဘုရားမျက်နှာမှ မထောက်ရကောင်းလားဆို၍ လူအုပ်ကြားထဲ၌ တရှုံ့ရှုံ့ဒေါသဖြစ်နေ၏။ ရပ်သူရွာသားများက စုတ်သပ်အံ့သြကာ မကြည့်ချင်တော့၍ ထပြန်သူကပြန်သွားကြတော့သည်။

မြအောင်လို အဓမ္မဝါဒီဘာသာသာသနာဖျက်များအား ဘာသာရေးအသိရှိသူတိုင်းက ဖော်ထုတ်တားဆီးကြရန် အရေးကြီးပါသည်။ မြအောင်ကဲ့သို့ ရင်ဆိုင်အတွေ့များကို အောင့်အည်းရှောင်ရှား သည်းခံအားမရှိကြသူများကလည်း ဒုနှင့်ဒေးရှိနေကြသည်။ အာရုံငါးပါး မရှောင်ရှားနိုင်ကြသည့်အထဲ၌ မိန်းကလေးများက လွန်စွာမှများပြားလွန်းလှပါသည်။

အချို့သော မိန်းကလေးများဆိုလျှင် အာရုံငါးပါးနောက်လိုက်ကာ ကိုယ်မမိသောပန်းအား မရမက တုံးခုကာလှမ်းနေကြ၏။ မိမိယဉ်ကျေးမှုနှင့် ဘာမှမဆိုင်သော အရှေ့နှင့်အနောက်ယဉ်ကျေးမှုများနောက် ကောက်ကောက်ပါအောင်လိုက်နေကြ၏။ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ခံယူထိန်းသိမ်းခဲ့သော မိမိဘာသာအား အပျက်ခံကာ ဘာသာခြားများ၏ သိမ်းရုံးခြင်းခံသွားကြသော မိန်းကလေးများကလည်း ရေးပြ၍မကုန်နိုင်အောင်ရှိနေသည်။

မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းနေသည်က ဗုဒ္ဓဘာသာ၏အဆုံးအမများပင် ဖြစ်သည်။ ထိုအဆုံးအမ တရားဓမ္မများကြောင့်လည်း မြန်မာ့ယဉ်ကျေးမှုများက မပျောက်မပျက် ဆက်လက်တည်မြဲလျက်ရှိနေသည်။

"ဟဲ့- ငရဲကြီးတတ်တယ် မလုပ်နဲ့၊ လူမြင်လို့မတော်ဘူး။ အဲဒါကြီးဝတ်မသွားနဲ့၊ ဘုန်းကြီးရဟန်းတွေကြားသွားရင် ငေါက်နေဦးမယ်၊ ဒီလိုကြီးမပြောနဲ့"

စသည် စကားများက ဗုဒ္ဓ၏အထိန်းကွပ်မှ ဆင်းသက်လာသော စကားများသာ ဖြစ်သည်။

သို့သော်လည်း ယခုနောက်ပိုင်းကာလများ၌ နယ်ရောမြို့ပါမကျန် လူငယ်တိုင်းနီးပါးက ဘုန်းကြီးကျောင်းများသို့ အရောက်အပေါက်နည်းလာကြကာ ဘုန်းကြီးရဟန်းများ၏ အဆုံးအမနှင့် ကင်းကွာနေကြသည်။ စာသင်ကျောင်းကဆင်းသည်နှင့် ကျူရှင်ကိုပြေးနေရ၏။ ကျောင်းတွင် တတ်ကျွမ်းအောင်သင်နိုင်ပါလျက်နှင့် အိမ်တွင် ကျူရှင်တက်မှ အတန်းအောင်မည့် အပိုဝင်ငွေရှာနေကြသော ကျောင်းဆရာတချို့၏ ကျူရှင်ကလည်းရှိနေသေးသည်။ ယခင်က ကိုးတန်း၊ ဆယ်တန်းလောက်သာ ကျူရှင်ယူနေကြသော်လည်း ယခု ကကြီး၊ ခခွေးတန်းများကပါ ကျူရှင်ဆိုပြီး ကလေးတွေလွှတ်ပေးနေရသည်။

စာသင်ကျောင်းကိုတက် ကျူရှင်ရက်ဆက်လိုဖြစ်နေကြသော ကလေးများကား ယခင်က နွေရာသီကျောင်းပိတ်သည်နှင့် ဘုန်းကြီးကျောင်းများ၌ ဘုန်းကြီးစာသင်ကြရ၏။ ဓမ္မစကြာဝတ်အသင်းများ၊ ယဉ်ကျေးမှုသင်တန်းများတက်ကြရ၍ ဗုဒ္ဓ၏အဆုံးအမများနှင့် ရင်းနှီးနေကြ၏။ ထိုသို့ရင်းနှီးကျွမ်းဝင်နေကြသဖြင့်လည်း မိမိတို့၏ယဉ်ကျေးမှုအား ထိန်းသိမ်းထားနိုင်ကြပါ၏။ မိမိတို့၏ဘာသာသာသနာအား ဓမ္မကို အဓမ္မလုပ်လာသူများကိုလည်း နာနာကြည်းကြည်းနှုတ်တုံ့ပြန်ချေပနိုင်ခဲ့ကြသည်။

ပစ္စည်းအစစ်များရှိလျှင် ပစ္စည်းအတုများက နောက်ကလိုက်ပေါ်နေသကဲ့သို့ စစ်မှန်သော တရားဓမ္မများနောက်ကလည်း အဓမ္မများကရှိနေကြပါသည်။ ထိုအထဲ၌ ဘုရားပေးသောသင်္ကန်းကိုဝတ်ရုံပြီး ဘုရားပေးသောအလုပ်အတိုင်း မလုပ်ကြသည့် သံဃာအယောင်ဆောင်များကလည်းရှိသေးသည်။ တချို့က လာဘ်သပ္ပကာမျှော်မှန်းပြီး ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်များလုပ်၍ ကိုးကွယ်သူတို့အလိုကိုလိုက်ပြီး အကြိုက်ဆောင်နေတတ်ကြ၏။ တချို့ဆိုလျှင် ဘောလုံးပွဲလောင်း၊ ချဲထိုး၍နေကာ သာသနာ့ တာဝန်ထမ်းဆောင်ရမှန်းမသိအောင်ရှိနေပါသေးသည်။

ပစ္စည်းတစ်ခု၏ အတု၊ အစစ်ကို တတ်ကျွမ်းနားလည်သူများကသာ ခွဲခြားသိနိုင်ပါ၏။ တရားသဘော၏ ဓမ္မနှင့်အဓမ္မကို လည်းကောင်း၊ တချို့သော



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်များ ဗုဒ္ဓ၏စကားတော်အား နားထောင်မှုရှိ မရှိကိုလည်းကောင်း သာသနာ့ဝန်ထမ်းများကသာ သိနိုင်ကြပါလိမ့်မည်။

သာသနာသုံးတန် အစစ်အမှန် ထမ်းဆောင်တော်မူနေကြသော သံဃာတော်အရှင်သူမြတ်များမှ ဓမ္မအန္တရာယ်မှန်သမျှအား ချေမှုန်းဖော်ထုတ်တားဆီးနေကြသည်။ ဘာသာသာသနာအတွက်ဆိုလျှင် အသက်ကိုပင်စွန့်ဝံ့ကြ၍ အတွင်း၊ အပြင် သာသနာဖျက်များအား အမုန်းခံ၊ အမိုက်ခံ၊ အနစ်နာခံကာ တိုက်ဖျက်နေကြသည်။

လယ်တီဆရာတော်ဘုရားကြီးဆိုလျှင် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသည်သာမက အဟောအပြော၊ အရေးအသားပါမကျန် ဘက်စုံစွာသာသနာပြုတော်မူခဲ့၏။ ဆရာတော်ဘုရားကြီးအပေါ် မစ္ဆရိယစိတ်ကြီးမား၍ မလိုမုန်းထား မရှုဆိတ်သူတချို့က သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားခဲ့ကြောင်း ဖတ်ရှုရဖူးသည်။ သို့သော်လည်း ဆရာတော်ဘုရားကြီးက အသက်အန္တရာယ် ခြိမ်းခြောက်ခံရသည့်ကြားမှပင် သာသနာပြုမပျက် ဆက်လက် ဆောင်ရွက်တော်မူခဲ့သည်။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ သုံးပါးတို့သည် ကိုးကွယ်အားထားရာဖြစ်သောကြောင့် သရဏမည်ပါ၏။ ထိုသရဏဂုံအပေါ်တွင် ယုံမှားတွေဝေမှုမရှိဘဲ ဆည်းကပ်ကိုးကွယ်သော သဒ္ဓါ၊ ပညာ စသည့် ကုသိုလ်စိတ်များသည် သရဏဂုံဖြစ်ပါသည်။

သရဏဂုံတည်နေသူတစ်ဦးအနေနှင့် ဓမ္မနှင့် အဓမ္မအား ခွဲခြားပြီးသိသလို လောဘ၊ ဒေါသ၊ မောဟတရားများကိုလည်း အလောဘ၊အဒေါသ၊အမောဟဟု ခံယူထားကြပြီးသူများဖြစ်၏။ ထိုပုဂ္ဂိုလ်များသည် ရင်ဆိုင်အတွေ့ကိုရှောင်၍ အောင်နိုင်သူများဖြစ်ကြပြီး အဓမ္မဝါဒများကိုလည်း ဖော်ထုတ်တားဆီးနိုင်ကြသူများလည်းဖြစ်ကြပါ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံဝင်မီက အရှင်မဟာကဿပကိုယ်တော်ကြီးအား မိမိကိုယ်၌ ဝတ်ရုံနေသော ဒုကုဋ်သင်္ကန်းကြီးအား ဘုရားရှင်ကိုယ်တော်တိုင်က ချီးမြှင့်ပေးအပ်ခဲ့ဖူးသည်။ အရှင်မဟာကဿပမထေရ်ကြီးက မြတ်စွာဘုရား ချီးမြှင့်တော်မူသော ထိုဒုကုဋ်သင်္ကန်းကြီးအား သေချာဝတ်ရုံ၍ စူးစူးစိုက်စိုက် ဆင်ခြင်စဉ်းစားတော်မူခဲ့သည်။

ထိုဒုကုဋ်သင်္ကန်းကို မြတ်စွာဘုရား ပုံ့သကူကောက်စဉ်အခါက မြေလျှော်လှုပ်ခဲ့ဖူးသည်။ ယခုလည်း ငလျင်ကြီး ပြင်းစွာ တုန်လှုပ်နေပြန်ပြီဖြစ်သည်။

မြတ်စွာဘုရားရှင်၏ လယ်ယာတော်ရုံနှင့် လက်ဝဲတော်ရုံ ကိုယ်တော်ကြီးနှစ်ပါးမရှိတော့သည့်နောက်၌ ဗုဒ္ဓ၏ သာသနာ့တာဝန်မှန်သမျှအား မိမိ၏ ပခုံးပေါ်သို့ လွှဲပြောင်းပေးလိုက်ပြီဟု ခံယူတော်မူလိုက်သည်။ အဓမ္မဝါဒီများအား ချေမှုန်းတိုက်ခိုက်ရာမှာ ဤဒုကုဋ်သင်္ကန်းတော်သည် ချပ်ဝတ်တန်ဆာကဲ့သို့ဖြစ်နေရမည်။ ဤချပ်ဝတ်တန်ဆာ ဒုကုဋ်သင်္ကန်းကိုဝတ်ရုံပြီး အောင်ပွဲခံရမည်ဟု အရှင်မဟာကဿပကိုယ်တော်ကြီးက လုံ့ဝ ယုံကြည်လိုက်ပါသည်။

ဗုဒ္ဓဘာသာခံယူထားသူတိုင်းက မိမိ၏ဘာသာအပေါ်၌ ကျေကျေညက်ညက်သိထားအောင် ကြိုးစားကြဖို့လိုသလို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံနေကြဖို့လည်း လိုပါသည်။အခြားဘာသာတစ်ခုအပေါ် မိမိက မထီမဲ့မြင်မလုပ်မိကြဖို့လိုသလို မိမိ၏ဘာသာအပေါ် စော်ကားသူတွေ့လာလျှင်လည်း ကြက်ခေါင်းဆိတ်မခံ တွန်းလှန်ချေမှုန်းပစ်ကြဖို့ အရေးကြီးပါသည်။

ဘုရားပေးသော သင်္ကန်းအားဝတ်ရုံထားကြသည့် ရဟန်းတော်သံဃာတော်များသည် ဘုရားပေးသော ဒုကုဋ်သင်္ကန်းကြီးအားဝတ်ရုံ၍ ချပ်ဝတ်တန်ဆာဝတ်ပြီး ရဲရင့်တော်မူနေသော အရှင်မဟာကဿပကြီးကဲ့သို့ ထင်ရှားတော်မူကြလေပြီ။ ဗုဒ္ဓဘာသာဝင်ဖြစ်သူတိုင်း ရင်ဆိုင်အတွေ့ကို ရှောင်ရှား၍ အာရုံငါးပါးမလိုက်စားဘဲ သည်းခံထားကြဖို့သာလိုပါတော့သည်။

*ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု*

အာကာသ (သာစည်)

**ကိုးကား -**

မောင်အုံ (မဟာဝိဇ္ဇာ-ဘုံဗေ) - မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ

ကျော်လွင် (နှစ်ဖက်လှ) - ဗုဒ္ဓနှင့် မာရ်နတ် အတွင်းရေးပဋိပက္ခများ

သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၏ ဗုဒ္ဓဘာသာကောင်း တစ်ယောက်

# ခိုင်းနွားများ အပူလျှပ်မဖြစ်စေရန်

နတ်မောက်မြို့နယ် စည်သာရွာသို့ လေ့လာရေးခရီးသွားရင်း နာမ်မြင့်စေတီ၊ ထောင်ပြည့်ဘုရား၊ ကိုးတောင်ပြည့်ဘုရားများသို့ ဝင်ရောက် ဖူးမြော်လေ့လာခဲ့သဖြင့် နေ့လယ် (၁၁) နာရီသာသာ အလွန်နေပူချိန်မှရောက်ရှိသွားပါသည်။

တည်းခိုစားသောက်ရန်အတွက် အဘဦးတင်အောင်၏အိမ်သို့ ရောက်သောအခါ အဘမှာလည်း ယာထွန်ပြန်ဖြစ်ပြီး နွားတင်းကုပ်ထဲတွင် ခိုင်းနွားတစ်ရှည်းကိုထွန်မှဖြုတ်၍ ဆေးကျွေးနေသည်ကိုတွေ့ရသဖြင့် မေးမြန်းကြည့်မိပါသည်။

"အဘ၊ နွားနေမကောင်းဖြစ်လို့လား"

"မဖြစ်ပါဘူးကွ၊ နေကောင်းအောင် ဆေးလုပ်ကျွေးတာလေကွာ"

"ဟင် - ကျွန်တော် ပိုပြီး နားရှုပ်သွားပြီ အဘ"

"ဒီလိုကွယ့်၊ အခု နေပူပူမှာ ထွန်ယက်အလုပ်လုပ်လာတော့ နွားမှာ အပူမိပြီး အပူရှပ်ရောဂါဖြစ်တတ်တယ်။ ဝမ်းထဲမှာအပူစုဝပ်ပြီးဆုံးရှုံးတဲ့အထိဖြစ်သွားတတ်တယ်။ အခုလို ဆေးလုပ်ကျွေးလိုက်တော့ အပူကျေပျက်ပြီး ကျန်းမာတာပေါ့ကွာ"

"ဪ - ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကြိုကာပေါ့နော်"

"အေးအေး - ကြိုကာကွယ်ထားတာပါ"

"ဆေးက ဘယ်လိုလုပ်တာလဲ အဘ"

"ဆေးက မီးဖိုချောင်ကဆေးပေါ့ကွာ။ ငါးပိအစိမ်းငါးကျပ်သားနဲ့ ဆားဟင်းသောက်ဇွန်းတစ်ဇွန်း၊ နနွင်းမှုန့်တစ်ဇွန်းနဲ့ နှမ်းဆီတစ်ဇွန်း ရောနယ်ပြီး ခွံ့ကျွေးပေးတာပဲကွ။ အပူရှပ်ရောဂါကိုကာကွယ်တဲ့အပြင် အပူရှပ်နေတဲ့နွားကိုလည်း နာရီခြားပြီး သုံး၊ လေးကြိမ်လုပ်ကျွေးရင် ပျောက်ကင်းတယ်ကွယ့်"

"ဟုတ်ကဲ့ အဘ၊ သိပါပြီ"

ကျွဲနွားနှင့်မကင်းနိုင်သောတောင်သူလယ်သမားတိုင်း သိရှိအသုံးပြုနိုင်ရန် လက်တွေ့သိမြင်ရရှိခဲ့သော ဗဟုသုတဖြန့်ဝေ ရေးသား တင်ပြအပ်ပါသည်။

*တိုးတက်ကြီးပွားကြပါစေ*

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းပညာရှင်-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းကောင်းမင်းများနှင့်အစီအရင်အဆောင်ဂါထာများ(၉)

# နရပတိစည်သူမင်းကြီးနှင့် ဖောင်တော်တွင်ဆောင်သောဂါထာတော်

ပုဂံပြည်တွင် မြန်မာနှစ် ၅၃၆ ခုနှစ်တွင် နရပတိစည်သူမင်း နန်းတက်စိုးစံတော်မူခဲ့ပါသည်။ ထိုမင်းကြီးလက်ထက်တွင် ထူးခြားသော ဖြစ်ရပ်များနှင့် ဆင်ခြင် သတိသံဝေဂယူဖွယ်၊ မှတ်သားဖွယ်အဖြစ်အပျက်တို့ ပေါ်ပေါက်ခဲ့ပါသည်။

ထိုဖြစ်ရပ်တို့ကား ပုဂံပြည်တွင် ကုလားကျမင်းနောက် သားတော်မင်းယဉ်နရသိင်္ခမင်း နန်းတက်ခဲ့ပါသည်။ ထိုမင်းသည် သုံးနှစ်စိုးစံပြီးနောက်တွင် ညီတော် အိမ်ရှေ့မင်း နရပတိစည်သူ၏ မိဖုရားကို မတရားသိမ်းပိုက်မိလေသဖြင့် ညီတော် နရပတိစည်သူ၏ အစီအမံဖြင့် လုပ်ကြံခံရကာ နတ်ရွာစံခဲ့ရပါသည်။

**□ ဝေဠုဝတီနှင့်ညီတော်၊ နောင်တော်**

အခါတစ်ပါး၌ မြင်းစိုင်းဝက်ဝင်အရပ်တွင် ပြော့လူမျိုးတို့ တောဝင်ဝါးခုတ်ရာမှ ဝါးလုံးကြီးအထဲမှ အင်္ဂါလက္ခဏာနှင့် ပြည့်စုံတင့်တယ်သော သံသေဒဇဖြစ်သည့် သတို့သမီးငယ်ကိုရ၍ ကောင်းစွာမွေးမြူခဲ့ရာမှ အရွယ်ရောက်သော် အဆင်းအလွန်လှပ၍ မင်းယဉ်နရသိင်္ခအား ဆက်သခဲ့ကြလေသည်။

မင်းယဉ်နရသိင်္ခမင်းကြီးသည် ထိုသတို့သမီးကို ကြည့်ရှုတော်မူပြီး ဘုန်းကံမဆုံသည်ဖြစ်၍ 'နားကျယ်နှင့် ဝမ်းပျက်လိလိ' ဟု မိန့်တော်မူလိုက်ပြီး သတို့သမီးအား ညီတော် နရပတိစည်သူ အိမ်ရှေ့မင်းအားပေးခဲ့လေသည်။ မယ်တော်မိဖုရားကြီးသည် သားတော်အငယ်ဖြစ်သူ နရပတိစည်သူနှင့်နေရာ သံသေဒဇသူဖြစ်သည့် သတို့သမီးကိုမြင်သော် ပညာဖြင့်ထောက်ရှု၍ နားကိုညီညွတ်တင့်တယ်အောင် ပြုပြင်ဖြတ်တောက်ပေးလေရာ အလွန်လှပဖြစ်သော တင့်တယ်လေ၍ တွေ့မြင်ရသူ ယောကျ်ားတကာတို့ တိမ်းညွတ်ဖွယ်ဖြစ်လေတော့သည်။

ထိုသို့ လွန်စွာ လှပတင့်တယ်လွန်းသည့် ခယ်မတော် ဝေဠုဝတီ၏ အဆင်းတို့ သီတင်းနေ့တွင် မယ်တော်ထံလာသည့် မင်းယဉ်နရသိင်္ခမင်းကြီး တွေ့မြင်လိုက်ရသည့်အခါ တိမ်းညွတ်တပ်မက်လှသောစိတ်ဖြင့် ဆောက်တည်ရာမရဖြစ်ကာ သိမ်းပိုက်ရန်ကြံစည်၍ ငဆောင်ချမ်းအရပ်တွင် သူပုန်သူကန်တို့ ထကြွသည်ကို နှိမ်နင်းလေဟုဆိုကာ ညီတော်နရပတိစည်သူအိမ်ရှေ့မင်းအားစေလွှတ်လိုက်လေသည်။

**□ နရပတိစည်သူနှင့်မြင်းခံငပြည့်**

ညီတော် နရပတိစည်သူ အိမ်ရှေ့မင်းလည်း ဆင်ခြင်သုံးသပ်၍ နောင်တော်၏အမိန့်ကို မသင့်ကြသဖြင့် မိမိ၏ကျွန်ယုံ မြင်းခံငပြည့်ကို မိမိစီးသည့် မြင်းသူတော်နှင့် စုံစမ်းကြည့်ရှုရန်ထားခဲ့ပြီးလျှင် နန်းတော်တွင် အကြောင်းခြင်းရာ ထူးခြားလေက ငါ့ထံအမြန်လိုက်ခဲ့ဟု မှာကြားထားခဲ့ပြီးနောက် ငဆောင်ချမ်းအရပ်သို့ စစ်ချီထွက်ခဲ့လေတော့သည်။ လမ်းခရီးတွင် ငါးဘတ်ချောင်းတစ်ဖက်ကမ်း၌ တပ်ချနေခဲ့လေသည်။ နောင်တော်မင်းယဉ်နရသိင်္ခမင်းကြီးသည် ညီတော်နရပတိစည်သူစစ်ထွက်သွားသည်နှင့် ခယ်မတော် ဝေဠုဝတီကို သိမ်းပိုက်လိုက်လေတော့သည်။

မြင်းခံငပြည့်လည်း မိမိအရှင်ဖြစ်သူ နရပတိစည်သူအိမ်ရှေ့မင်းအား ထိုသတင်းကိုကြားရန် မြင်းနှင့်အပြင်းလိုက်ခဲ့လေရာ ငါးဘတ်ချောင်းသို့ရောက်လာသည့်အခါတွင် မိုးချုပ်သွားသည်ဖြစ်၍ ထိုချောင်းတစ်ဖက်တွင် မိမိအရှင်တပ်ချနားသည်ကိုမသိလေဘဲ ချောင်းတစ်ဖက်ကမ်းတွင်ပင် ထိုညဉ့်အိပ်ခဲ့လေသည်။ ငပြည့် ထိုသို့အိပ်စဉ် ညဉ့်အခါတွင် မြင်းသူတော်သည် တစ်ဖက်ကမ်းတွင်ရှိ မိမိသခင် နရပတိစည်သူ၏အနံ့ကိုရ၍မြည်သည့်အသံကို တစ်ဖက်ကမ်းရှိ နရပတိစည်သူအိမ်ရှေ့မင်းကြားခဲ့လေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ငပြည့်သည် ချောင်းကို ကူးသည်တွင် တစ်ဖက်ကမ်းရှိ အရှင်ဖြစ်သူ နရပတိစည်သူနှင့်တွေ့၍ အဖြစ်အပျက်အလုံးစုံကို လျှောက်လေရာ မိမိမိဖုရားအတွက် ရတက်မအေးဖြစ်နေသည့် နရပတိစည်သူသည် အလွန်အရေးကြီးသည့်အကြောင်းကိစ္စဖြစ်နေပါလျက် ချောင်းတစ်ဖက်တွင် တစ်ညဉ့်အိပ်၍အချိန်ဖြုန်းရလေသာဟု အမျက်ထွက်ကာ ငပြည့်ကို ကွပ်မျက်ခဲ့လေသည်။

**□ နရပတိစည်သူနှင့် ငအောင်စွာ**

တစ်ရံသောအခါတွင် နောင်တော်၏အထိန်းတော် အနန္တသူရိယအမတ်ကိုလည်းသတ်လေဟု သူသတ်တို့အားအပ်ခဲ့လေသည်။ အနန္တသူရိယအမတ်ကြီးသည် စိတ်နှလုံးရဲရင့်တည်ကြည်၍ နှလုံးရည်ပြည့်စုံသူဖြစ်ကာ မသေမီတွင် လင်္ကာလေးပိုဒ်ကိုရေးပြီးလျှင် မင်းကြီးအာဆက်သရန်ထားခဲ့သည်။ သူသတ်တို့က သတ်ပြီးလေမှ အမတ်ကြီးရေးသားခဲ့သော မျက်ပြေလင်္ကာလေးပိုဒ်စာကို မင်းကြီးအား ဆက်သခဲ့လေသည်။

**အနန္တသူရိယအမတ်ကြီး၏ မျက်ပြေလင်္ကာ**

၁။ *သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။*

၂။ *ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား သမုဒ္ဒရာရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊ တစ်သက်လျှာတည်း။*

၃။ *ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊*



www.burmeseclassic.com

www.burmeseclassic.com

ခန္တာခိုင်ကြည်၊ အတည်မမြဲ၊
ဖောက်လွဲတတ်သည်၊ မချွတ်စသော
သတ္တဝါတည်း။
၄။ ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊
ပန်ခဲ့တုံ၏။
ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊
ကြိုက်လတွန်းမူ၊ တုံ့မယူလို၊
ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊
ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊
ခွင့်လျှင်ပေး၏၊ သွေးသည့် အနိစ္စာ၊
ငါ့ခန္ဓာတည်း။ ။

အနန္တသူရိယအမတ်ကြီးရေးသားခဲ့သော ဤမျက်ဖြေလင်္ကာလေးပိုဒ်တို့ကို နရပတိစည်သူမင်းကြီး ဖတ်ရှုရသောအခါ လွန်စွာ သံဝေဂရ၍ ယခုချက်ချင်း အမတ်ကြီးအားလွှတ်လေဟု မိန့်ဆိုရာ သူသတ်တို့က လက်လွန်လေပြီဖြစ်ကြောင်း လျှောက်ထားရာ 'နင်တို့သည် မသတ်ခင်က ဤစာကို မဆက်ကောင်းလော' ဟု သူသတ်တို့ကို ကွပ်မျက်ပြန်လေသည်။

အမတ်ကြီး၏ မျက်ဖြေလင်္ကာတို့ကို ဖတ်ရှုရသည်မှစ၍ မင်းကြီးနောင်တကြီးစွာရပြီးလျှင် -

"နောင်အခါ ငါကသတ်လေ မိန့်သော်လည်း တစ်လလေးသီတင်းထားလျက် စစ်ဆေးကြပါကုန်။ သေသင့်မှ သေပါစေ"

ဟူ၍ မင်းဆွေမင်းမျိုးဖြစ်သော မဟာသမန်းကို မိန့်တော်မူခဲ့လေသည်။

**□ နရပတိစည်သူနှင့်ယောက်ဖတော်**

တစ်ရံခါက နရပတိစည်သူမင်းကြီးသည် ယောက်ဖတော် သုဘရာဇ်၏ ကြင်ရာတော်ကို တပ်မက်သိမ်းယူမိ၍ ကျေနပ်ရန်ဟု မောင်းမငယ်နှစ်ယောက်ကို အစားပေးခဲ့ပါသည်။ ဤသို့အစားပေးပါသော်လည်း မသင့်လျော်သည်ကို ပြုမိချေ၍ အပြစ်ကား လွတ်မည်မဟုတ်ပါချေ။

**□ နရပတိစည်သူနှင့်ပုံသကူမထေရ်**

အခါတစ်ပါး၌ နရပတိစည်သူမင်းကြီးသည် စူဠာမဏိဘုရားတည်ရန် အတွက် မြေညီညာချောမွေ့မှုရှိစေရန် ချိုင့်ကြီးချောက်ကြီးကို တိုင်းသူပြည်သားတို့အားအပြင်းဖို့စေရာ ပုံသကူမထေရ်က -

"ဒါယကာမင်းကြီး၊ ကောင်းမှုပြုမည်စီမံရာတွင် ကောင်းမှုကား မဖြစ်၊ မကောင်းမှုသာဖြစ်လေပြီတကား။ သို့ဖြစ်၍ သင်၏ဆွမ်းကို ငါမစားလိုပြီ"

ဟု မိန့်တော်မူရာ၊ မင်းကြီးက -

"တပည့်တော်၏ဆွမ်းကို မစားလိုသော် တပည့်တော်၏ ပြည်တွင်မနေမှ ဖြစ်ချေတော့မည်"

ဟု တုံ့ပြန်ဆိုမိရာ မထေရ်က -

"ဤသို့ဆိုလျှင် သင့်ပြည်တွင် ငါ မနေတော့။ သီဟိုဠ်သို့သွားတော့အံ့"

ဆိုကာ နန်းတော်မှကြွသွားလေတော့သည်။

ပုံသကူမထေရ်ကြွလေလျှင် မင်းကြီးထွက်သောအခါ တံခါးစောင့်ဘီလူးသည် တံခါးဝတွင် ကာဆီးရပ်ကာ မလွှဲဖယ်ဘဲရှိနေလေရာ မင်းကြီးက ပညာရှိတို့ကိုမေးလေသော် ပုံသကူမထေရ်အား မခံ့မညားဆိုမိသောကြောင့်ဖြစ်လျက် လျှောက်တင်ကြရာ မင်းကြီးသည် မထေရ်ကို အလျင်အမြန်လိုက်၍ပင့်စေလေသည်။ အမတ်တို့ အကြိမ်ကြိမ်ပင့်သော်လည်း မရသဖြင့် တုရင်ပစ္စည်းမည်သောအမတ်ကို စေလွှတ်၍ ပင့်စေပြန်လေသည်။

ပရိယာယ်အရာ၌ လိမ္မာသော တုရင်ပစ္စည်းအမတ်သည် ဘုရားဆင်တုတော်ကို လှေပေါ်တွင် ပူဇော်တင်ထားပြီးလျှင် သီဟိုဠ်သို့ ရေကြောင်းခရီးကြွသွားသော ပုံသကူမထေရ်နောက်သို့ အပြင်းလိုက်လေရာ မထေရ်၏လှေကို မီ၍ -

"ဤလှေပေါ်တွင် ဘုရားသခင်ပါတော်မူပါသည်။ အရှင်မြတ်လာတော်မူစေသတည်း"

ဟု မထေရ်အား လျှောက်ထားလေရာ မထေရ်လည်း ဘုရားကို ရိုသေတော်မူသောအားဖြင့် ထိုလှေပေါ်သို့ ကြွတော်မူကာ ဘုရားဆင်းတုတော်ကို ဖူးမြော်ရှိခိုးနေစဉ် လှေကိုခွာ၍ အပြင်းလော်ကာ မထေရ်အား လျှောက်ထားတောင်းပန်၍ ပြန်လည်ပင့်ဆောင်လာခဲ့ကြလေသည်။

မထေရ်မြတ် ပုဂံသို့ ရောက်လေလျှင် နရပတိစည်သူမင်းကြီးသည် ရိုသေစွာ ဝန်ချတောင်းပန်၍ မထေရ်မြတ်၏ အဆုံးအမကို လိုက်နာ နာခံပါမည်ဟု လျှောက်ထားခဲ့လေသည်။

**□ နရပတိစည်သူနှင့်ရန်မန်ငထွေး**

တစ်ရံရောအခါတွင် နရပတိစည်သူမင်းကြီးသည် ကြက်ယက်ဘုရားနှစ်ဆူကို ထီးတော်ထင်အံ့ဆို၍ ရွှေဖောင်တော်နှင့်ဆန်ခဲ့လေရာ ရေလယ်တွင် မိကျောင်းကြီးတစ်ကောင်သည် ဖောင်တော်ကို သိမ့်သိမ့်ခါအောင် ကျောက်ကုန်းထက်၌ရှုက်လေရာ ရန်မန်ငထွေးဟူသော သူရဲကောင်းသည် ရေထဲသို့ဆင်း၍ငုပ်လျှိုးပြီးလျှင် မိကျောင်းအား သန်လျက်နှင့်ထိုးကြပ်၍ မိကျောင်းသေလေသည်။ သူရဲကောင်းရန်မန်ငထွေးသည် ကျားကို တစ်ယောက်ချင်းနှင့်သတ်နိုင်၏။ မင်းကြီးသည် ရန်မန်ငထွေးအား ရန်အောင်ဖန်များသူဖြစ်၍ အနန္တသူရိယဘွဲ့ကိုပေး၍ ရပ်စွန်ပြည်နား ခိုးသားဓားပြသူပုန်သူကန်တို့အား နှိမ်နင်းစေလျှင် ရန်သူကို အရှင်ဖမ်းယူခဲ့နိုင်သည်များ၏။

အနန္တသူရိယအမတ်သည် မဟာကဿပမည်သော ပေါင်လောင်ရှင် မဟာထေရ်ကိုဆရာပြု၍ ဘုရားသိမ်ကျောင်းတို့ကို ကြီးကျယ်စွာလှူ၍ သဘင်ကြီးစွာခံပြီးလျှင် သာဓုခေါ်၏။ ထိုကဲ့သို့ လှူခဲ့သည့် ဝတ္ထုကံကျေးတို့ကို ကမ္ပည်းစာရင်းရေးထိုး၍ မင်းကြီးရှေ့တော်၌ ဖတ်စေပြီးသော် မင်းကြီးသာဓုခေါ်တော်မူ၏။ မင်းကြီးလည်း အနန္တသူရိယသည် ပစ္စုပ္ပန်မျက်မှောက်၌လည်း ငါ၏အမှုတော်ကို ကြိုးစားအားထုတ်၍ထမ်းပေသည်။ သံသရာအဆက်ဆက်၌လည်း အကျိုးများမည့်အကြောင်းကိုလည်းပြုပေသည်။ သည်သူကဲ့သို့ ငါ၏ အကျိုးကို လိုသောသူကားမရှိပြီဆိုကာ မိဖုရားငယ်တွင်မြင်သော ဇေယျသိခ်နှမတော်မင်းသမီးနှင့် စုံဖက်စေ၍ ကြီးစွာသော အဆောင်အယောင်တို့ဖြင့် ချီးမြှောက်တော်မူ၏။ ထို့အတူ ဘေးတော် ထီးလှိုင်ရှင် ကျန်စစ်သားသူရဲဘက်ဖြစ်သော ညောင်ဦးဖီး၏ မြစ်၊ ညောင်ရမ်းစား နန်းတောင်းများကိုလည်း တရားသူကြီးအရာထားတော်မူ၍ ချီးမြှောက်တော်မူခဲ့ပါသည်။

**□ နရပတိစည်သူနှင့် သားတော်ငါးပါး**

နရပတိစည်သူမင်းကြီးသည် မင်း၏ တရားဆယ်ပါးကို မပြတ်ဆောက်တည်လျက် ပညာရှိတို့စကားကိုလည်း ယူတော်မူကာ ရာဇပရိယာယ်လိမ္မာကျွမ်းကျင်၍ ပြည်သူတို့နှစ်လိုကုန်၏။ မြန်မာပြည်အနှံ့ ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ ဆောက်လုပ်ပြီး ဝတ္ထုကံမိုးမြေ၊ လယ်ယာဥယျာဉ်တို့ကို လှူတော်မူ၏။ သားတော်ငယ် ဇေယျသိခ်ကို နန်းလျာထားကာ နန်းတော်ကို စောင့်စေ၏။ သားတော်ကြီးများဖြစ်သော ဇေယျသူရ၊ ရာဇသူရ၊ ဂင်္ဂါသူရ၊ ပုံချီတို့ကိုလည်း အဆောင်အယောင်



www.burmeseclassic.com

www.burmeseclassic.com

ကြီးစွာနှင့် တိုင်းကြီးခရိုင်ကြီးပေးတော်မူ၏။ သားတော်ငယ် ဇေယျသိခ် နန်းတောင်းများလည်း နောင်တော်လေးပါးတို့ကို ရိုသေနူးညွတ်စွာဖြင့် သိတင်းနေ့တိုင်း နောင်တော်တို့အိမ်သို့သွား၍ မပြတ် ဝတ်ပြုလေရာ နောင်တော်လေးပါးတို့လည်း ညီတော်လေးအား လွန်စွာအားနာလှ၍ နန်းရင်ပြင်တွင် ရုံးသို့ ငါတို့ညီနောင်လေးပါးတက်ပြီးမှ ညီတော်လာ၍ ဝတ်ပြုလေတော့ဟု မိန့်ဆိုကြ၏။ ထိုသို့ နောင်တော်တို့မိန့်ဆိုသည်နှင့်အညီ ရိုသေညွတ်နူးလေသဖြင့် ဇေယျသိခ်အား နောင်တော်တို့ နှစ်သက်ကြလေသည်။

တစ်နေ့သောအခါ ခမည်းတော် နရပတိစည်သူမင်းကြီးသည် သားတော်ငါးပါးအလယ်တွင် ထီးဖြူကို စိုက်ပြီးလျှင် မင်းပြုထိုက်သူကို ထီးဖြူညွတ်စေသတည်းဟု အမိန့်ရှာန်တော်မူရာ ထီးဖြူသည် သားတော်အငယ်ဇေယျသိခ်ဘက်သို့ညွတ်လေသဖြင့် ဇေယျသိခ်ကို ထီးလိုမင်းလိုဟုတွင်လေသည်။

**၁ နရပတိစည်သူ၏ သားတော်ငါးပါးသို့ ဆုံးမစကား**

နရပတိစည်သူမင်းကြီးသည် သာသနာတော်မြတ်၏ အကျိုးစီးပွား၊ မိမိ၏ပစ္စုပ္ပန်-သံသရာနှစ်ဖြာအကျိုးစီးပွား၊ သားတော်အစဉ်၊ မြေးတော်အဆက်၊ မြစ်တော်အညွန့်တို့၏ အကျိုးစီးပွား၊ ပြည်သူတို့ ၏အကျိုးစီးပွားကို ဆောင်တော်မူ၍ သက်တော်(၇၄)နှစ်ရောက်၍ နာမကျန်းဖြစ်တော်မူလျှင် သားတော်ငါးပါးတို့၏လက်တို့ကို အလှည့်အလှယ်ကိုင်ပြီးလျှင် ရင်တော်ထက်ထားကာ -

"အိုခမည်းငါးပါးတို့၊ မောင်တို့သည် ငါစီရင်တော်မူသည့်အတိုင်းမပျက်စေနှင့်။ ညီတော်၊ နောင်တော်ငါးပါးတို့သည် အမှုမျိုးတို့ကို ညီညွတ်ချစ်ကြည်စွာ ဆောင်ရစ်ကြ။ ဤသို့ အတူအညီကောင်းစားခြင်းသည်သာလျှင် အလွန်တင့်တယ်သည်၊ ကျွန်များစွာရှိငြားသော်လည်း ဆွေရင်းမျိုးချာမရှိသောသူသည် ကောင်းစားသည်မမည်၊ ပြည်ရေးရွာမှု၌လည်း ပြည်ရွာငြိမ်းချမ်းစေလိုသော် ညီနောင်ငါးပါးတို့သည် ဤသို့ကျင့်ရစ်။ နှုတ်သီးရှည်၍ ခွပ်အုံ့သို့ထင်သော် နှုတ်သီးကိုဖြတ်၊ အတက်ရှည်၍ ရှုးအုံ့သို့ထင်သော် အတက်ကိုဖြတ်၊ အတောင်ရှည်၍ ပျံအုံ့သို့ထင်သော် အတောင်ကိုဖြတ်၊ ငါတို့မင်းမည်သည်ကား ချစ်သည်၊ မုန်း



သည်မရှိ။ ထုံးစံနှင့်အညီ ဒဏ်ကိုပေးရာသည်။ ထိုသို့ကျင့်မှ၊ သူကြောက်ရွံ့ခဲ့ညားလေသည်ဖြစ်မှ ခပ်သိမ်းသောအမှုမျိုးတို့သည် အပြီးသို့ရောက်လေရာသည်။

တစ်ကြောင်းလည်း အမှုထမ်းတို့ကို ခြေဆယ်ပွဲမှ မြင်းတင်ရာသည်၊ မြင်းဆယ်ပွဲမှ ဆင်တင်ရာသည်၊ ဆင်ဆယ်ပွဲမှ လှေတင်ရာသည်၊ လှေဆယ်ပွဲမှလေးရာပြုမြို့ကို ပေးရာသည်။

ထိုမှတစ်ပါးလည်း ခပ်သိမ်းသော ပြည်သူလူတကာအပေါင်းတို့၏နှလုံးကို ယူကျုံးဘိသကဲ့သို့ တည့်မတ်ကောင်းမွန်စွာကျင့်သည်ဖြစ်မှ အခြွေအရံများလေသည်။ ထိုသို့အခြွေအရံများသည်ဖြစ်မှ သူကြောက်ရွံ့လေရာသည်။ ဤသို့ ငါ့စကားကို မပစ်မပယ်မှတ်၍ကောင်းစွာကျင့်ကြရစ်လေ"

ဟု သားတော်ငါးပါးတို့ကို သစ္စာပေးတော်မူခဲ့ပါသည်။

သားတော်တို့သစ္စာခံပြီးမှ မိဖုရားလေးပါးနှင့် မင်းဆွေစိုးမျိုးမှူးကြီးမတ်ရာတို့ကိုလည်း ဤသို့ မိန့်မှာတော်မူခဲ့ပါသည်။

"သားတော်ငါးပါးတို့သည် ငါစီရင်သည်ကို ဖျက်သော် အမိန့်တော်ကို မပစ်ပယ်သောသူက အုံ့ညီ၍ ဆုံးမရစ်လေ"

ဟု သစ္စာပေးတော်မူခဲ့ပါသည်။

ဤသို့အားဖြင့် နရပတိစည်သူမင်းကြီးသည် မိဖုရားလေးပါး၊ သားတော်ငါးပါးတို့ကို တိုင်းခရိုင်၊ ကျေးလက်၊ ရွာ၊ ပြည်ပေးတော်မူ၍ မင်းကျင့်တရားနှင့်အညီ စိုးစံတော်မူလျက် ပစ္စုပ္ပန်၊သံသရာနှစ်ဖြာအကျိုးစီးပွားကို ဆောင်တော်မူ၍ အိမ်နိမ့်သုံးဆယ့်ခုနစ်နှစ်၊ စည်းစိမ်သုံးဆယ်ခုနစ်နှစ်၊ သက်တော် ခုနစ်ဆယ်လေးနှစ်တွင် နတ်ရွာစံတော်မူခဲ့ပါသည်။

ဤကား ရာဇဝင်စာတင်ခဲ့သော ပုဂံခေတ်တွင် ထင်ရှားသည့် မင်းဧကရာဇ်တစ်ပါးဖြစ်သော နရပတိစည်သူမင်းကြီး၏အကြောင်းကိုကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

ဘုန်းကံကြီးမား မင်းဧရာဇ်တစ်ပါးဖြစ်သော နရပတိစည်သူမင်းကြီး ဖောင်တော်တွင်ဆောင်သော ဂါထာကို စာရှုသူအများ သိရှိမှတ်သားနိုင်ရန် ပူဇော် တင်ပြလိုက်ပါသည်။

**နရပတိစည်သူမင်းဖောင်တော်တွင်**
**ဆောင်သောဂါထာတော်**

ဗုဒ္ဓေါတိလောကဒီပေါစ၊
ဗုဒ္ဓေါသူရောတမောနုတ္တော။
ဗုဒ္ဓံသရဏံဂစ္ဆန္တဲ၊
နတ္ထိမယ့်ဘယ်သဒါ။
ဓမ္မောတိလောကဒီပေါစ၊
ဓမ္မောသူရောတမောနုတ္တော။
ဓမ္မံသရဏံဂစ္ဆန္တဲ၊
နတ္ထိမယံ့ဘယ်သဒါ၊
သံဃောတိလောကဒီပေါစ၊
သံဃောသူရောတမောနုတ္တော၊
သံဃံသရဏံဂစ္ဆန္တဲ၊
နတ္ထိမယ့်သယ်သဒါ။ ။

ဤဂါထာတော်ကား နေ့၊ ညဥ့် မပြတ်အမြဲရွတ်ပွားသရဇ္ဈာယ်အပ်သော ရတနာမြတ်သုံးပါးကိုပူဇော် သရဏဂုံဆောက်တည်၍ အခါခပ်သိမ်းဘေးဥပဒ်အန္တရာယ်တို့မှ ကာကွယ်နိုင်ရန် ပူဇော်သည့်ဂါထာတော်ဖြစ်၍ အစဉ်အဆောင်အရွက် ရွတ်ပွား သရဇ္ဈာယ်ခြင်းဖြင့် ဘေးရန်အသွယ်သွယ် ကင်းရှင်းပယ်လျက် ကောင်းကျိုးချမ်းသာမင်္ဂလာ အဖဝ ရရှိနိုင်ကြပါစေသောဝ်။

*သဒ္ဒိသံပါကံဇနေတိ*

သစ္စာဝါဒီ-ဦးမြင့်အောင်

**ကျမ်းကိုး -**


၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး စတုတ္ထတွဲ
၂။ ဦးကုလား မဟာရာဇဝင်ကြီး-ပထမအုပ်
၃။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ ပထမပိုင်း
အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသည်။
၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း တို့မြန်မာဝတ်ရွတ်စဉ်




www.burmeseclassic.com

www.burmeseclassic.com

သတ္တု-ဝယ်ဝယ်

# အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ရာဇဂြိုဟ်မြို့မှ ပင့်ဆောင်လာသော မြတ်ဗုဒ္ဓ၏ဓာတ်တော်အား ဌာပနာ၍ တည်ထားကိုးကွယ်လျက်ရှိသည့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသမှ

# ဓမ္မရာဇိကစေတီတော်မြတ်ကြီး



ပဲနောက်စေ့ပမာရှိ မြတ်ဗုဒ္ဓဓာတ်တော်အား အနီးကပ် ဖူးမြင်ရပုံ

**□ မြတ်ဗုဒ္ဓ၏ဓာတ်တော်သမိုင်း**


မောလိယမြို့၌ သာကီဝင်မင်းမျိုးမှဆင်းသက်လာသော သီရိဓမ္မာသောကမင်းကြီး တည်ထား ကိုးကွယ်ခဲ့သည့် မြတ်ဗုဒ္ဓ၏ ဓာတ်တော်များတည်ရှိရာ ပိပ္ပလိဝနသည် ကုသိနာရုံမှ အရှေ့တောင်ဘက် (၂၈) မိုင်ကျော် အိန္ဒိယနိုင်ငံ၏ ခေတ်သစ် စမ္ပာရန (Samparana) ခရိုင် ပရိဟာမြို့အနီးတွင် တည်ရှိသည်။ ပိပ္ပလိဝန၌ မြတ်ဗုဒ္ဓ၏ ဓာတ်တော်များနှင့်စေတီများတည်ထားခဲ့သည့် နေရာအား အေဒီ ၁၇၈၄၊ ခရစ်နှစ် ၁၈၃၅ - ၃၆ တွင် ဗြိတိသျှနိုင်ငံသား ရှေးဟောင်းသုတေသီဆာအလက်ဇန္ဒား (Sir Alexander Cunningham) တူးဖော်ခဲ့ရာ အလျား (၆) ပေ၊ အနံ (၃) ပေရှိသော ကျောက်သေတ္တာကြီးတစ်လုံးကို တူးဖော်ရှိခဲ့ပြီး ကျောက်သေတ္တာကြီးထဲတွင် ဗုဒ္ဓရုပ်ပွားတော်များနှင့် ဗုဒ္ဓဓာတ်တော်များကို ကြည်နူးမဆုံးဖွယ် ဖူးမြော်တွေ့ရှိခဲ့ရသည်။

တူးဖော်ရှိသောကျောက်သေတ္တာကြီးအား ကာလကတ္တားမြို့ (Museum) တွင် ထိန်းသိမ်းပြသထားခဲ့ပြီး မြတ်ဗုဒ္ဓ၏ ဓာတ်တော်များကို သီရိလင်္ကာနိုင်ငံ (သီဟိုဠ်) မှ သာသနာပြုကြွရောက်လာသော သံဃာ့မဟာနာယကဆရာတော်ဘုရားကြီးအား ပူဇော်နိုင်ရန်အတွက် လှူဒါန်းခဲ့သည်။ သီရိလင်္ကာသံဃာ့မဟာနာယကဆရာတော်ဘုရားကြီးသည် ခရစ်နှစ် ၁၉၇၃ ခုနှစ်တွင် ဓာတ်တော်များအား အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မြို့သို့ ပင့်ဆောင်လာခဲ့ပြန်သည်။ ရာဇဂြိုဟ်သို့ရောက်သောအခါ သာသနာပြုနေသော မြန်မာကျောင်းဆရာတော် ဘဒ္ဒန္တဇယန္တမထေရ်မြတ်အား တွေ့ရှိရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မိမိ၌ပင့်ဆောင်လာသော မြတ်ဗုဒ္ဓ၏ဓာတ်တော်များကို ဓာတုစေတီအဖြစ်တည်ထားကိုးကွယ်ရန် ပေးအပ်လှူဒါန်းခဲ့လေသည်။

မြတ်ဗုဒ္ဓ၏ဓာတ်တော်များလက်ခံရရှိသော ရာဇဂြိုဟ်မြို့ မြန်မာကျောင်းဆရာတော်ဘဒ္ဒန္တဇယန္တမထေရ်မြတ်သည် မြတ်ဗုဒ္ဓ၏ဓာတ်တော်များအား ဗုဒ္ဓဘာသာဝင်အပေါင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်းတို့ ကြည်ညိုပူဇော်နိုင်စေရန် မြန်မာနိုင်ငံရှိ တူတော်စပ်သူ ဦးကျော်မြအား ခေါ်ယူ၍ ဓာတ်တော်တိုက်စေတီအား တည်ထား ပြုလုပ်စေခဲ့သည်။

**□ ဓာတ်တော်တစ်ဆူ မြန်မာသို့လှူ**

ဓာတ်တော်တိုက်စေတီတည်ထားပြီးစီးသောအခါ သက်တော်ကြီးရင့်လာပြီဖြစ်သော မြန်မာကျောင်းဆရာတော်ကြီးသည် အမိမြေမြန်မာနိုင်ငံသို့ ပြန်ကြွကာ သာသနာပြုခဲ့သဖြင့် အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မြို့ရှိ ဓာတ်တော်တိုက်စေတီအား မြန်မာကျောင်းဆရာတော်ဘုရားကြီး၏ တူတော်စပ်သူ ဦးကျော်မြသည် ဆရာတော် ဒေါက်တာ အရှင်ကုဏ္ဍိ... ဒေါက်တာ အရှင်ဉာဏောဘာသတို့နှင့် အတူ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်



မြတ်ဗုဒ္ဓဓာတ်တော်နှင့်ဓာတ်တော်တိုက်စေတီ



www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသတွင် တည်ထားဆောက်လုပ်နေသည့် ဓမ္မရာဇိကစေတီတော်မြတ်ကြီး၏ပုံစံငယ်

ခဲ့သည်။ ထို့ကြောင့် မနုတိုင်းရင်းသားဖြစ်သူ ဦးကျော်မြသည် မြန်မာနိုင်ငံသို့ မပြန်နိုင်တော့သော်လည်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ၏ ဗုဒ္ဓဘာသာဝင်များအား မြတ်ဗုဒ္ဓ၏ဓာတ်တော်အစစ်များ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် မေတ္တာရှေ့ရှု၍ ဒေါက်တာဘွဲ့ရ ဆရာတော် (၁၀) ပါးတို့၏ ရှေ့မှောက်၌ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသ ဓမ္မခကုန်းမြေတွင် သာသနာနှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်မည့် ဓမ္မရာဇိကစေတီတော်မြတ်ကြီးအတွင်း ဌာပနာပြု တည်ထားကိုးကွယ်ရန် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန် (စရဏာတ်) မဇ္ဈိမသုခ ဆရာတော် ဒေါက်တာ အရှင်နန္ဒဝံသ၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသ ဓမ္မသုခဆရာတော် ဒေါက်တာ အရှင်ကောဝိဒ၊ မဇ္ဈိမ မနော သုခဆရာတော် ဒေါက်တာအရှင်ပညာ ဓဇ အရှင်သူမြတ်တို့အား မြတ်ဗုဒ္ဓ၏ ဓာတ်တော်အစစ်နှင့် ဓာတ်တော်တိုက် စေတီအား ကောဇာနှစ် ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၄:၀၀) နာရီအချိန်တွင် လှူဒါန်းခဲ့ပါသည်။

လှူဒါန်းပေးအပ်သောဓာတ်တော်




ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသ ဓမ္မသုခကျောင်းဆောက်



www.burmeseclassic.com

www.burmeseclassic.com


ဦးပဥ္စင်၊ အရှင်ပညာသရ


ဆရာတော်အရှင်ဒေါက်တာကောဝိဒနှင့် တည်ထားဆောက်လုပ်ဆဲ မွေ့ရာဝိကစေတီတော်ကြီး



မြစ်ကြီးနားလေဆိပ်မှ ပင့်ဆောင်ပူဇော်လာစဉ် မိုးကောင်းမြို့နယ်အရောက်

တိုက်စေတီနှင့် မြတ်ဗုဒ္ဓ၏ဓာတ်တော်တို့ကို အိန္ဒိယနိုင်ငံမှ ပင့်ဆောင်လာခဲ့ရာ ရန်ကုန်မြို့ ဝင်ဒါမီယာ အမှတ်(၇၃/၇၄) ဦးမျိုးဆွေ၊ သီရိသုမေ့သီဂီ ဒေါ်မြရွှေ မဏ္ဍိမသံဃမာတာတို့၏ မင်္ဂလာနေအိမ်တွင် (၃) ရက်တိုင်တိုင် အပူဇော်ခံပြီး ရန်ကုန်လေဆိပ်မှ မြစ်ကြီးနားသို့ ပင့်ဆောင်ပူဇော်ခဲ့ရာ လေယာဉ်အမှုထမ်း၊ အရာထမ်းများနှင့် ခရီးသွားပြည်သူအပေါင်း ကြည်နူးညွတ်တွားပူဇော်ခဲ့ကြသည်။ မြစ်ကြီးနားလေဆိပ်မှ မိုးကောင်းမြို့နယ် ပင်းဘောဒေသသို့ မော်တော်ယာဉ်များဖြင့် စည်ကား သိုက်မြိုက်စွာ ဆက်လက်ပင့်ဆောင်ခဲ့ရာ အေးမြကြည်လင်သော ညချမ်းအချိန်တွင် ပင်းဘောဒေသ ဓမ္မသုခကျောင်းတိုက်သို့ စံမြန်းရောက်ရှိလာခဲ့ပါသည်။

**□ သဒ္ဓါဇောရှင် ပါရမီရှင် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၏ဆန္ဒ**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ရာဇဂြိုဟ်မြို့မှ မြတ်ဗုဒ္ဓ၏ ဓာတ်တော်ပင့်ဆောင်ပူဇော်နိုင်ခဲ့ပုံကို ဆရာတော်က အခုလို မိန့်ကြားခဲ့ပါသည်။


"သာသနာပြုဆရာတော်တစ်ပါးအဖြစ် ဘုန်းကြီးတို့ ပင်းဘောဒေသမှာ စေတီတော်မြတ်ကြီးတစ်ဆူ တည်ထားကိုးကွယ်ချင်တဲ့ဆန္ဒက ဘုန်းကြီးဆီမှာရှိပြီးသား။ စေတီတော်မြတ်ကြီးတည်ထားကိုးကွယ်တဲ့အခါမှာလည်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဓာတ်တော်အဆူဆူနဲ့ ဌာပနာထည့်ပြီး ပူဇော်ပြီးတော့ တည်ထား ကိုးကွယ်နိုင်ရန် ကောင်းမှာပဲလို့ ဘုန်းကြီးစိတ်ထဲမှာအမြဲဖြစ်နေခဲ့တာ။ အဲဒီလိုဘုန်းကြီးစိတ်ထဲမှာဖြစ်တုန်း အိန္ဒိယနိုင်ငံ ဗာရာဏသီကို ပညာတော်သင်ကြွရတော့ ဖွား-ပွင့်-စံ-ဟော ဆိုတဲ့ သံဝေဇနီယလေးဌာနမှာရောက်နေတုန်း မြတ်ဗုဒ္ဓရဲ့ ဓာတ်တော်တစ်ဆူလောက်များ မရနိုင်ဘူးလားလို့ ဘုန်းကြီးတွေးမိတယ်။ အဲဒါနဲ့ ဘုန်းကြီးရဲ့ပညာသင်ဖက်ညီတော်၊ နောင်တော်တွေကို မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ ဓာတ်တော်တစ်ဆူလောက်များ ဘယ်မှာရနိုင်မလဲလို့ မေးမြန်းစုံစမ်းလျှောက်ထားကြည့်ပေမယ့် အကြောင်းမထူးခဲ့ဘူး။ နောက်ပိုင်းကျတော့မှ နောင်တော်ကြီးဖြစ်တဲ့ အိန္ဒိယနိုင်ငံ ရာဇဂြိုဟ်မြို့ မြန်မာကျောင်းဆရာတော်ကြီးဖြစ်တဲ့ ဒေါက်တာ အရှင်ဉာဏောဘာသကို တပည့်တော် မြတ်ဗုဒ္ဓရဲ့ဓာတ်တော်မြတ်တစ်ဆူလောက်ကို ပင့်ဆောင်ပူဇော်လိုပါတယ်။ ဘယ်မှာများရနိုင်မလဲလမ်းညွှန်ပေးပါဆိုတော့ မြန်မာကျောင်းဆရာတော် ဒေါက်တာ အရှင်ဉာဏောဘာသကရနိုင်ပါတယ်။ ဒါပေမယ့် နောင်တော်အာမတော့မခံနိုင်ပါ။ အဲဒီမှာ ငယ်ငယ်ကတည်းကနေလာတဲ့ မြန်မာကျောင်း ပထမဆရာတော်ကြီးဘဒ္ဒန္တဇယန္တမထေရ်မြတ်ရဲ့တူတော်ဦးကျော်မြကို ဓာတ်တော်တိုက်စေတီကိုစောင့်ရှောက်ဖို့ အပ်နှင်းထိန်းသိမ်းထားတာဖြစ်တယ်။ အဲဒါကြောင့် ဦးကျော်မြကို ပြောပြီးမှ ရနိုင်၊ မရနိုင်သိရမယ်လို့ ပြောပါတယ်။ အဲဒါနဲ့ ဒကာကြီးဦးကျော်မြကို ဘုန်းကြီးရဲ့ နောင်တော်ကြီး ဆရာသမားဆိုလည်း မမှားပါဘူး။ အဲဒီဆရာတော်က မြန်မာနိုင်ငံ ကချင်ပြည်နယ် မိုးကောင်းဒေသမှာ စေတီတော်မြတ်ကြီးတစ်ဆူ တည်ထားကိုးကွယ်မှာဖြစ်တယ်။ အဲဒီဒေသမှာ ဗုဒ္ဓသာသနာလည်း ပိုပြီးမှတွန်းလင်းစေရန် ဓာတ်တော်အားပေးလှူပါလို့မိန့်ကြားတော့ ဒကာကြီး ဦးကျော်မြကလည်း မြန်မာနိုင်ငံက တိုင်းရင်းသားတွေနဲ့ ဗုဒ္ဓဘာသာဝင်တွေကို ချစ်ခင်လေးစားမေတ္တာထားပြီး ပေးလှူခဲ့ပါတယ်။

အဲလို ဓာတ်တော်တစ်ဆူကို ဆောင်ပူဇော်နိုင်ပြီဆိုတော့ ဘုန်းကြီးတို့ ပညာသင်ဖက်ညီနောင်နောင်တော်ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ သိုက်သိုက်ဝန်းဝန်း စုစည်းပြီး ထား (၇) စီးနဲ့ ဓာတ်တော်တည်ရှိရာ ရာဇဂြိုဟ်မှ ဂယာသို့ပင့်ဆောင်ပူဇော်ခဲ့ ပါတယ်။ ဂယာက ပညာသင်ကျောင်းမှာ တစ်ညအပူဇော်ခံခဲ့ပြီး နောက်နေ့မနက် အရုဏ်တက်တာနဲ့ ဘုန်းကြီးတို့ ဘုရား ရှင်ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ် ရရှိတော်မူတဲ့ဗောဓိပင်ကို လက်ယာရစ် သုံးကြိမ်လှည့်ပတ်ပြီး အနေကဇာတင် ခဲ့ကြပါတယ်။ အဲဒီကနေမှ နောက်တစ် နေ့မှာ လေယာဉ်နဲ့ မြန်မာနိုင်ငံကို ပင့် ဆောင်ပူ ဇော်လာခဲ့ပြီး အခု ကချင်ပြည် နယ် မိုးကောင်းမြို့နယ် ပင်းဘောဒေသ မှာ ကိန်းဝပ် အပူဇော်ခံနေတာ ဖြစ်ပါ တယ်"

**၁ ထူးထူးခြားခြားငြိမ်းချမ်းသွား**

ကချင်ပြည်နယ် မိုးကောင်းမြို့ နယ် ပင်းဘောဒေသ ဓမ္မေခကုန်းမြေ တွင် တည်ထား ကိုးကွယ်နေသည့် ဓမ္မ ရာဇိကစေတီတော်မြတ်ကြီး ဖြစ်မြောက် ရေးတွင် စိတ်ရော၊ကိုယ်ပါ မြှုပ်နှံလျက် ဆောင်ရွက်နေသော ဦးပဥ္စင်း အရှင် ဉာဏသာရက အခုလို မိန့်ကြားခဲ့ပါ သည်။

"ဦးပဥ္စင်းတို့ ပင်းဘောဒေသကို မြတ်ဗုဒ္ဓရဲ့ဓာတ်တော် ပင့်ဆောင်ပူဇော် လာတဲ့ ဦးပဥ္စင်းတို့ဒေသက တိုင်းရင်း သားတွေနဲ့ဗုဒ္ဓဘာသာဝင်တွေက အများ ဖူးမြော်ကုသိုလ်ပြုနိုင်အောင် လှည့်လည် အပူဇော်ပေးဖို့ ဆရာတော်ကြီးကို လျှောက်ထားကြတယ်။ အဲဒါနဲ့ ဦးပဥ္စင်း တို့က ဖားကန့်ဒေသ၊ တန်မခမ်ဒေသ၊ ဟောင်ပါးဒေသမှာရှိတဲ့ ပြည်သူတွေ ကြည်ညို ဖူးမြော်နိုင်အောင် အဲဒီဒေသ တွေကို တစ်လတိတိလှည့်လည်အပူဇော် ခံခဲ့တယ်။ ထူးခြားတာက အဲဒီဒေသမှာ တိုက်ပွဲတွေ ကြိုးကြားကြိုးကြားဖြစ်နေခဲ့ ပေမယ့် ဦးပဥ္စင်းတို့ ဓာတ်တော်ကြွလာ ချိန်မှာတော့ ငြိမ်းငြိမ်းချမ်းချမ်းပဲ လှည့် လည် အပူဇော်ခံနိုင်ခဲ့တယ်။ အဲဒီဒေသ ကို ပြည်သူတွေအနေနဲ့လည်း မြတ်ဗုဒ္ဓရဲ့ ဓာတ်တော်ကို ကြည်ကြည်နူးနူးချမ်းချမ်း မြေ့မြေ့ ပူဇော်ကုသိုလ်ပြုနိုင်ခဲ့ကြတယ်။ ဦးပဥ္စင်းကတော့ ဦးပဥ္စင်းတို့ပင့်ဆောင် ပူဇော်လာတဲ့ မြတ်ဗုဒ္ဓရဲ့ ဓာတ်တော်နဲ့ ဦးပဥ္စင်းတို့ တည်ထား ကိုးကွယ်နေတဲ့ ဓမ္မရာဇိက စေတီတော်မြတ်ကြီးဟာ ဦးပဥ္စင်းတို့ဒေသကို အေးချမ်းစေမယ့် နိမိတ်ပဲလို့ ယုံကြည်ပါတယ်"

**၂ မြတ်ဗုဒ္ဓ၏ ဓာတ်တော်အစစ်နှင့် ဓမ္မ ရာဇိကစေတီတော်ကြီး**

အနန္တော အနန္တငါးပါး ဦးထိပ်ပန် ဆင်၍ ဘဝအဆက်ဆက် တော်စပ်ဖူး သော ဆွေတော်မျိုးတော်များနှင့်တကွ ကျေးဇူးအထူးရှိခဲ့ဖူးသူများကို ရည်မှန်း ပူဇော်ကျေးဇူးဆပ်ရန်နှင့် အနန္တသတ္တဝါ အပေါင်းတို့ အပါယ်တံခါးပိတ်၍ နိဗ္ဗာန် တံခါးပွင့်စေရန် ရည်ရွယ်လျက် ကချင် ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘော ဒေသ ဓမ္မေခကုန်းမြေ၌ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ရာဇဂြိုဟ်မြို့မှ ပင့်ဆောင် လာသော မြတ်ဗုဒ္ဓ၏ ဓာတ်တော်အစစ် အား ဌာပနာလျက် ဓမ္မရာဇိကစေတီ တော် ဟူ၍ ဘွဲ့အမည်ရသော စေတီ တော်မြတ်ကြီးကို ဉာဏ်တော် (၁၀၈) တောင်၊ အချင်း (၁၂၀) ပေ အလယ် တွင် ဗဟိုမဏ္ဍိုင်တစ်ခုထည့်သွင်းလျက် ကုလားကျောင်းခံပြီး ဥမင်လိုဏ်စေတီ ပေါက်ရန် လိုဏ်ကျင်းများဖြင့် တူးဖော် ဆောင်ရွက်လျက်ရှိပါသည်။

တိဋ္ဌန္တေသမေစိတ္တံသမ်ဖလံ သက်တော်ထင်ရှား ကိုယ်စား၌ စိတ် ထားကြည်ဖြူ ညီမျှမူကား ထပ်တူ ကောင်းကျိုးဖွံ့ဖွံ့ဖြိုး၏ဟူသော ဒေသနာ ဓမ္မစက်ကို နှစ်သက်လေးမြတ်လျက် စားနပ်ရိက္ခာလုံလောက်စွာဖြင့် ခေမာ ဆိုက်ရောက် လမ်းကြောင်းဖောက်ခြင်း ငှာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ရာဇဂြိုဟ် ပြည်မှ ပင့်ဆောင် ပူဇော်လာသည့် မြတ် ဗုဒ္ဓ၏ ဓာတ်တော်မြတ်အား သာသနာ တော်နှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ်ဖြင့် ဓမ္မေခကုန်းမြေ၌ ဓမ္မရာဇိကစေတီတော် မြတ်ကြီးအား တည်ထားကိုးကွယ်လျက် ရှိပါသည်။

စေတီတော်မြတ်ကြီးတည်ဆောက် ပြီးစီးသည့်အခါ မြတ်ဗုဒ္ဓ၏ ဓာတ်တော် အား အထက်ပစ္စယံ၌ ထာဝစဉ်အပူဇော် ခံထားရှိမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့အနေနှင့် လူ့ရပ် နတ်ဌာန်ပြနိဗ္ဗာန်အကျ မြတ်ချမ်းသာ အဝဝတို့ကို ဇကန်ပေးစွမ်းနိုင်သော မြတ် ဗုဒ္ဓဓာတ်တော်၏ ပူဇော်ဒါနကို ထက် သန်သောလုံ့လတရားဖြင့် သဒ္ဓါဇောရှင် ကုသိုလ်ပါဝင်လျက် သွားရောက်ဖူးမြော် ကုသိုလ်ထူးနိုင်စေရန် ရေးသားနှိုးဆော် အပ်ပါသည်။

သထုံ-ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



(ဆောင်းပါး)

# ကိုရွှေမြသန်း

## အမျိုးဘာသာ သာသနာအတွက် စဉ်းစားသုံးသပ် ဆုံးဖြတ်နိုင်စေ

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် တာကျီးအဗျားကျေးရွာရှိ ဆရာတော် ဦးသုမင်္ဂလ(ဝေါ)၏ ပရဟိတကျောင်းတွင်ပြုလုပ်သည့် တတိယအကြိမ်မြောက် ဓမ္မစကူးလ်ဆင့်ပွားသင်တန်းဆင်းပွဲသို့ ရောက်ရှိခဲ့ပြီး ဆရာတော်အသီးသီးတို့၏ ဩဝါဒစကားများနှင့် လမ်းညွှန်မှာကြားချက်များကို နာခံခွင့်ရရှိခဲ့သည်မှာလည်း မိမိအတွက် တန်ဖိုးဖြတ်၍မရနိုင်။

သင်တန်းဆင်းပွဲအပြီး အပြန်ခရီးတစ်လျှောက်လုံး နှလုံးသားထဲ ငြိတွယ်ပါလာသည့် -

နိုင်ငံတစ်နိုင်ငံကို တစ်နိုင်ငံမှ ကျူးကျော်သည့်အခါ စစ်ရေးဖြင့်ကျူးကျော်ခြင်း၊ စီးပွားရေးဖြင့် ကျူးကျော်ခြင်း၊ ယဉ်ကျေးမှုဖြင့် ကျူးကျော်ခြင်း၊ အမျိုးဘာသာရေးဖြင့် ကျူးကျော်ခြင်း ဟူ၍အသီးသီးရှိကြောင်း၊ အမျိုးဘာသာရေးဖြင့် ကျူးကျော်ခြင်းမှာ အလွန်တရာ သိမ်မွေ့နူးညံ့ကြောင်း၊ တစ်စတစ်စဖြင့် ကျူးကျော်မှန်းမသိ ကျူးကျော်ခြင်းဖြစ်ကြောင်း၊ ယခုလို ဓမ္မစကူးလ်များပြန့်ပွားနိုင်သမျှပြန့်ပွားအောင် ဆင့်ပွားနိုင်သမျှဆင့်ပွားအောင် ဆောင်ရွက်နေခြင်း၊ ဆောင်ရွက်စေခြင်းမှာလည်း ကျူးကျော်မှန်းမသိ ကျူးကျော်ခံနေရသည့် အမျိုးဘာသာသာသနာရေးအတွက် ကျူးကျော်မှုကိုတွန်းလှန်ရာရောက်သလို ကာကွယ်ရာလည်းရောက်ကြောင်းဟူသည့်စကားစုများက မိမိအား အတွေးစကို ရှည်စေခဲ့ပါသည်။

ဤသို့ဖြင့် မိမိ၏အတွေးစုတို့သည် အမျိုးဘာသာသာသနာအတွက် အတွေးအမြင်ရောမထွေးစေရန်နှင့် စဉ်းစားသုံးသပ်ဆုံးဖြတ်နိုင်စေရန်ဘက်သို့ရောက်ရှိသွားပါသဖြင့် မှတ်မိလေ့လာခဲ့ဖူးသည်များထဲမှ ဘာသာသုံးမျိုးနှင့် ကျမ်းစာသုံးမျိုးတို့၏အကြောင်းကို ချမ်းမြေ့ဆရာတော်၏တက္ကသိုလ်ဓမ္မသဘင်မှပြန်လည်ကောက်နုတ် ရေးသား တင်ပြလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

**၁။ ထေရဝါဒဗုဒ္ဓဘာသာ**

မြတ်ဗုဒ္ဓ၏ပရိနိဗ္ဗာန်စံဝင်တော်မူရာဖြစ်သော မဟာသက္ကရာဇ် ၁၄၈ ခုနှစ်တွင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာအမှူးရှိကုန်သော မထေရ်မြတ်ကြီးတို့သည် ပထမသင်္ဂါယနာကိုတင်တော်မူကြသည်။ ယင်းသင်္ဂါယနာတင်မှုသည် မြတ်ဗုဒ္ဓဟောပြထားချက်အတိုင်း အတည်ပြုထားရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ထေရဝါဒသာသနာ ဆိုသည်မှာ မြတ်ဗုဒ္ဓ၏ မူရင်းအတိုင်း အတည်ပြုထားသည့် ဒေသနာစဉ်များနှင့် ကျင့်စဉ်များပင် ဖြစ်ပါသည်။ ထိုသင်္ဂါယနာတင်မှုကို အစွဲပြု၍ ထေရဝါဒသာသနာတော်ဟု တွင်လာခြင်းပင် ဖြစ်ပေသည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ဆိုသည်မှာ ခရစ်တော်မပေါ်သေးမီ (၅၄၃) နှစ်ခန့်ရှေးကျသည့်ကာလပင် ဖြစ်ပါသည်။ ၎င်းနှစ်ကိုပင် သာသနာတော် (၁) နှစ်ဟု သတ်မှတ်ကြပါသည်။

အဆိုပါ ထေရဝါဒသာသနာတော်ကို သည်ခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာဟု ခေါ်ဆိုကြောင်း သိရပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကို မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့မှာ ကိုးကွယ်နေလျက်ရှိကြသည်။ ထေရဝါဒဗုဒ္ဓဘာသာ ဟူသည်မှာ မြတ်စွာဘုရား၏တရားတော်တို့ကို မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း မပြုမပြင်၊ မဖြည့်မစွက်၊ မပယ်မနုတ်ဘဲ လိုက်နာကျင့်သုံးသည့် ဗုဒ္ဓဘာသာကို ခေါ်ဆိုခြင်းသာတည်း။

**၂။ ဟီနယာနဗုဒ္ဓဘာသာ**

ထေရဝါဒဗုဒ္ဓဘာသာကဲ့သို့ မူရင်းတရားအစစ်အမှန်တွေကိုလည်း အတိအကျ မလိုက်နာနိုင်။ မဟာယာနတွေလောက်လည်း ပြုပြင်ဖြည့်စွက်ပယ်နုတ်ခြင်းမလုပ်ချင်သော ဗုဒ္ဓဘာသာကို ဟီနယာနဗုဒ္ဓဘာသာဟု ခေါ်ဆိုသည်။ ၎င်းတို့သည် အမှန်အားဖြင့် သာသနာနှစ် (၁၀၀) တွင် ပေါ်ပေါက်ခဲ့သည့် ဝဇ္ဇီပုတ္တကဂိုဏ်း (မဟာသံဃိကဂိုဏ်း) မှ ဆက်သက်ဖြစ်ပွားလာသည့်ဂိုဏ်းပင် ဖြစ်သည်။ ဟီနယာနအမည်ခံသည့်ဂိုဏ်းတို့သည် ရှေးက အိန္ဒိယပြည် ဂန္ဓာရတိုင်း၊ ကသ္မီရတိုင်းအထိ အနောက်မြောက်ပိုင်းနှင့် မြောက်ပိုင်းတစ်လျှောက် ပြန့်ပွားခဲ့ကြသည်။ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ သုတ္တန္တိကဂိုဏ်း စသည်ဖြင့် နာမည်တွင်ခဲ့ကြသေးသည်။ ယခုအခါမှာတော့ ၎င်းဂိုဏ်းတို့သည် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းက မျိုထားခြင်းကိုခံလိုက်ရသည်ဖြစ်၍ မဟာယာနအတွင်းမှာ တိမ်မြုပ်ကြကုန်ပြီး ပျောက်ကွယ်သလောက်ဖြစ်သွားကြပါသည်။ ယင်းဂိုဏ်းတို့အား ဟီနယာန-နိမ့်ကျသည့်ယာဉ် ဟူ၍ နာမည်တပ်မှုကို မဟာယာနတို့က ပြုလုပ်ခဲ့ကြသည်။ သာသနာတော်နှစ် (၁၀၀) တွင် စတင်ပေါ်ထွန်းသည့်ဂိုဏ်းဟု ဆိုနိုင်ပါသည်။

**၃။ မဟာယာနဗုဒ္ဓဘာသာ**

မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်းမဟုတ်ဘဲ ကာလ၊ ဒေသ၊ ပုဂ္ဂလ အစရှိသော အခြေအနေအရပ်ရပ်တို့နှင့် ကိုက်ညီအောင် ဘုရားရှင်၏တရားတော်တို့ကို ပြုပြင်ပြီး သာဝကအဖြစ်၊ ပစ္စေကအဖြစ်ဖြင့် နိဗ္ဗာန်ကို မရနိုင်ဘဲ သမ္မာသမ္ဗုဒ္ဓအဖြစ်ဖြင့်သာ နိဗ္ဗာန်ကိုရနိုင်သည်ဟု ယူဆသည့် ဗုဒ္ဓဘာသာကို မဟာယာနဗုဒ္ဓဘာသာဟု ခေါ်ဆိုသည်။

ယခု တိဗက်၊ ဆိုက်ကင်၊ ဘူတန်၊ နီပေါ၊ မွန်ဂိုလီးယား၊ တရုတ်၊ ကိုးရီးယား၊ ဂျပန်၊ ဗီယက်နမ် အစရှိသော နိုင်ငံတို့မှာ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်နေကြသည်။ ၎င်းမဟာယာနတို့က ဗုဒ္ဓယာနတစ်ခုတည်းကိုသာ လက်ခံသူများဖြစ်၍ ရှေးကရှိပြီးဖြစ်နေသော သဗ္ဗတ္ထိဝါဒဂိုဏ်း၊ သုတ္တန္တိကဂိုဏ်း အစရှိသော ဗုဒ္ဓဘာသာတို့ကို သာဝကယာနနှင့်ပစ္စေကယာနနှစ်ခုတို့ကို လက်ခံထားခြင်းကြောင့် ဟီနယာနဟု နာမည်တွင်စေခြင်းပင် ဖြစ်ပေသည်။

မဟာယာန ဗုဒ္ဓဘာသာသည် သာသနာနှစ် ၆၀၀ ခန့်တွင် စတင်ပေါ်လာသည့်ဂိုဏ်း ဖြစ်သည်။ ထိုအချိန်တွင် အိန္ဒိယနယ်အတွင်း၌ ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းဝင်များ အနည်းအပါးမျှသာ ကျန်ရှိနေကြပါသည်။ ထေရဝါဒသာသနာကွယ်ပျောက်နေပြီဟုပင်ဆိုနိုင်သည်။ ဟီနယာနနှင့် မဟာယာနတို့က ထေရဝါဒဗုဒ္ဓဘာသာကို ပျက်စီးစေခဲ့ကြောင်းသိရပါသည်။ ယခုခေတ်တွင် အချို့သူတို့က ထေရဝါဒဗုဒ္ဓဘာသာကို ဟီနယာနဗုဒ္ဓဘာသာဟုပင် အထင်မှားနေကြသည်။ ဟီနယာန၊ မဟာယာန ကွဲပြားချိန်တွင် အိန္ဒိယအတွင်း၌ ထေရဝါဒဗုဒ္ဓဘာသာ ပျောက်ကွယ်နေရပြီဖြစ်၍ ၎င်းဝါဒကွဲမှုထဲတွင် ထေရဝါဒဗုဒ္ဓဘာသာမပါကြောင်း သိရှိရပါသည်။ ထိုအချိန်တွင် ထေရဝါဒဗုဒ္ဓဘာသာသည် သီဟိုဠ်ကျွန်းအတွင်း၌ ထွန်းလင်းပြန့်ပွားနေကြောင်း တွေ့ရှိရမည်။

**၁။ ထေရဝါဒဗုဒ္ဓဘာသာကျမ်းစာများ**

ထေရဝါဒဗုဒ္ဓဘာသာတရားတော်များသည် မြတ်စွာဘုရားလက်ထက်တော်မှစပြီး ယနေ့တိုင်အောင်တည်ရှိပြီး အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အာနန္ဒာအစရှိကုန်သော ရဟန္တာအရှင်ကြီးများမှ စပြီးတော့ မထေရ်မြတ်ကြီးအဆက်ဆက်တို့သင်ယူပွားများဆောင်ထားတော်မူခဲ့ကြသည့် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ပါဠိတော်များပင် ဖြစ်ကြသည်။ ထို့ကြောင့် ထိုတရားတော်များအတိုင်း လိုက်နာကျင့်သုံးသူများကို မထေရ်မြတ်ကြီးအဆက်ဆက်တို့၏ ဝါဒအတိုင်း လိုက်နာကျင့်သုံးသူများဖြစ်ခြင်းကြောင့် ထေရဝါဒဗုဒ္ဓဘာသာဝင်များဟု ခေါ်ဆိုကြသည်။

ထို့ပြင် 'တတ္ထ တတ္ထဘာဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာ ယေဝဟိ အဋ္ဌကထာ' (သာရတ္ထဒီပနီ၊ ၂၁) ဟု ဆိုထားခြင်းကြောင့် ထိုထိုသိက္ခာပုဒ်ပညတ်ရာတွင် ပုဂ္ဂလဇ္ဈာသယအားလျော်စွာ တရားဟောရာ ဌာနတို့၌ မြတ်စွာဘုရားဟောထားအပ်ကုန်သော ပကိဏ္ဏကဒေသနာတော်သည်သာလျှင် အဋ္ဌကထာမည်၏။

ထိုပကိဏ္ဏကဒေသနာတော်များကား 'ဘဂဝါ ကိရ (ပ) ဓမ္မဒေသနံ ကရောတိ' (ပါရာဇိက ကဏ္ဍဋ္ဌကထာ ၁၈၈) ၌ဆိုထားသော စကားအရ ပထမပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူခါနီး၌ တဒနုစ္ဆဝိက၊ တဒနုလောမိက ဓမ္မဒေသနာဟောရာမှာပင် မြတ်စွာဘုရားသည် အဆင်းငါးမျိုးရှိသော ပန်းကုံးကို ပြုလုပ်သကဲ့သို့ လည်းကောင်း၊ ရတနာပန်းဆိုင်းကို စီရင်သကဲ့သို့လည်းကောင်း၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို နှိမ်နင်းလိုစိတ်ရှိကုန်သော မစောင့်စည်းမှု၌ မွေ့လျော်ကုန်သော ရဟန်းတို့ကို 'ဒုဿီလပုဂ္ဂိုလ်တို့သည် ငရဲ စသည်၌ ဆင်းရဲသို့ရောက်ကုန်ကြကုန်၏' ဟု တမလွန်၌ဖြစ်သောဝဋ်ဘေးဖြင့် ခြိမ်းခြောက်လျက် များစွာသောအပြစ်တို့ကို ပြတော်မူပြီးလျှင် သိက္ခာသုံးပါးကို အလိုရှိကုန်သော၊ စောင့်စည်းမှု၌ တည်ကုန်သောရဟန်းတို့ကို 'အချို့အရဟတ္တဖိုလ်၌ အချို့အနာဂါမိမဂ်ဖိုလ်၌တည်စေလျက်

www.burmeseclassic.com

ဥပနိဿယကင်းကုန်သော ရဟန်းတို့ကို အချို့နတ်ပြည်လမ်းကြောင်း၌တည်စေလျက်၊ ဒီဃနိကာယ်အတိုင်းအရှည်ရှိသော ဒေသနာတော်ကို လည်းကောင်း၊ မဇ္ဈိမနိကာယ် အတိုင်းအရှည်ရှိသော ဒေသနာတော်ကိုလည်းကောင်းပြုတော်မူသည်။ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ် အတိုင်းအရှည်ရှိကုန်သော ဤဒေသနာစကားတော်များသည် ပကိဏ္ဏကဒေသနာတော်များဖြစ်ကြသည်။ ထိုပကိဏ္ဏကဒေသနာတော်များသည်ပင် အဋ္ဌကထာမည်သတည်း။

ထိုအဋ္ဌကထာများသည် သင်္ဂါယနာသုံးတန်တင်တော်မူကြောင်းကို သီလက္ခန်၊ အဋ္ဌကထာ စသည်တို့၏ အစဦးပိုင်း၌ ပြဆိုထားပြီး ဖြစ်ကြသည်။ ထိုအဋ္ဌကထာများရှိနေလျက် အရှင်မဟာဗုဒ္ဓဃောသ အဘယ်ကြောင့်နောက်ထပ်အဋ္ဌကထာများကို ရေးရသနည်းဟု ဆိုလျှင် ထိုအဋ္ဌကထာများကို သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒထေရ် ဆောင်ယူသွားပြီး သီဟိုဠ်ကျွန်းသူများအတွက် အက္ခရာတင်ရေးသားထားခဲ့သဖြင့် အခြားကျွန်းသားများ သင်ယူမှုမဖြစ်နိုင်ကြ၍ ထိုသီဟိုဠ်ဘာသာကိုပယ်ပြီး မဂဓဘာသာဖြင့်ပြန်ဆိုလျက် လည်းကောင်း၊ ပါရာဇိကတ် အဋ္ဌကထာ အစဦးပိုင်းဂါထာနှင့်အညီ အကျယ်ဖြစ်သော မူလအဋ္ဌကထာစကားများကို အကျဉ်းချုံးလျက် လည်းကောင်း၊ အားလုံးသောအဆုံးအဖြတ်တို့ကို မကြွင်းကျန်စေဘဲ ပြည့်စုံစေလျက်လည်းကောင်း၊ ဘုရားရှင်ဟောထားသောအစဉ်ကိုမကျော်လွှားဘဲ အစဉ်လိုက်တည်စေလျက်လည်းကောင်း အရှင်မဟာဗုဒ္ဓဃောသဆရာ ရေးသားခဲ့ကြောင်းသိရသည်။

သို့ဖြစ်ပါ၍ လက်ရှိ အဋ္ဌကထာများသည် အရှင်မဟာဗုဒ္ဓဃောသ စသူတို့က ဘုရားရှင်၏ဒေသနာပါဠိတော်တို့ကို ကိုယ်တိုင်ဉာဏ်ဖြင့် ထင်သလိုဖွင့်ပြရေးသားထားသည့် ကျမ်းစာများမဟုတ်ကြပေ။ မူရင်းအားဖြင့် မြတ်စွာဘုရားဟောထားရင်း တရားများသာ ဖြစ်ကြပေသည်။ ၎င်းအဋ္ဌကထာများကို သာသနာတော်နှစ် ၉၃၇ ဝန်းကျင်တွင် ပြုစုရေးသားထားကြောင်း သိရပါသည်။ အခြားအဋ္ဌကထာများ၊ ဋီကာများသည်လည်း ဤသဘောအတိုင်းပင် ဖြစ်ကြပါသည်။ ခေတ်ကာလကွာဟမှုများသာ ထူးခြားကြပါသည်။ မူအားဖြင့် ဘုရားဟောထားသည့် တရားရင်းများအတိုင်း



ပင်တည်ကြပါသည်။

(အမှတ်-၉၊ ဝိနိစ္ဆယ၊ ၃၉-၄၀)

အဆိုပါ ပါဠိတော်များနှင့် အဋ္ဌကထာများကို သင်္ဂါယနာသုံးကြိမ်ဆက်တိုက်တင်တော်မူကြပြီး ဖြစ်ပါသည်။ ယခုအခါမှဆိုလျှင် သင်္ဂါယနာခြောက်ကြိမ်တိုင်တိုင်တင်ကြပြီး ဖြစ်ပါသည်။

**၂။ ဟီနယာနဗုဒ္ဓဘာသာကျမ်းစာများ**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ်(၁၀၀)အရောက်တွင် ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများသည် ဘုရားရှင်၏ ဝိနည်းပညတ်တော်ထဲက အချက်(၁၀)ချက်တို့ကို မိမိတို့လိုသလို ပြုပြင်၍ ကျင့်သုံးကြသည့်အတွက်ကြောင့် သံဃာစည်းဝေးပြီးတော့ ကမ္မဝါဖတ်ပြီး ၎င်းဝဇ္ဇီပုတ္တကရဟန်းတို့ကလည်း ဝေသာလီပြည်မှ ထွက်ခွာသွားပြီးတော့ စိတ်တူသဘောတူ သံဃာများနှင့် ဒကာ၊ ဒကာမများကိုပါ စည်းရုံးသိမ်းသွင်းပြီး ကောသမ္ဗီပြည်မှာ သံဃာတစ်သောင်းတို့ဖြင့် ဒုတိယသင်္ဂါယနာ (စင်ပြိုင်) ကို ပြုလုပ်ကြသည်။ ၎င်းတို့က သူတို့၏သင်္ဂါယနာကို မဟာသံဂီတိ သင်္ဂါယနာဟု သမုတ်ပြီး သူတို့၏ဂိုဏ်းသစ်ကိုလည်း မဟာသံဂီတိဂိုဏ်းဟု သမုတ်ကြပါသည်။ သံဃာများသည်ကို အစွဲပြု၍ မဟာသံဃိကဂိုဏ်းဟုလည်း ခေါ်တွင်စေကြပါသည်။ ၎င်းဂိုဏ်းသည် မြတ်စွာဘုရား၏ မူရင်းတရားတော်များကို စတင်၍ ပြုပြင်သည့်ဂိုဏ်း ဖြစ်သည်။

၎င်းဂိုဏ်းက -

"ဂေါတမမြတ်စွာဘုရားဟာ လူသားဘုရားမဟုတ်ဘူး။ နိဗ္ဗာန်ဘုံမှာ အမြဲတည်ရှိနေပြီး ရုပ်ခန္ဓာကိုယ်မရှိခြင်းကြောင့် လူသားတွေမမြင်ရတဲ့ အနန္တတန်ခိုးရှင်ဘုရားဖြစ်တယ်"

ဟူ၍ ယူဆကြသည်။

ဤအချက်သည် မဟာယာနဗုဒ္ဓဘာသာဖြစ်ပေါ်လာခြင်း၏ မျိုးစေ့တစ်စေ့ပင်တည်း။

ထိုသို့ သင်္ဂါယနာ (စင်ပြိုင်) တင်ချိန်မှစ၍ သံဃာတော်များ အယူအဆအမျိုးမျိုးကွဲပြားပြီး ဂိုဏ်းကြီး (၁၈) ဂိုဏ်းအထိပင် ကွဲပြားခဲ့ကြပါသည်။ ထို့နောက်နှစ်ပေါင်း (၁၃၅) နှစ်အကြာတွင် သာသနာတော်နှစ် (၂၃၅) ရောက်တော့ ကွဲပြားနေသောဂိုဏ်းကြီးများကို ညီညွတ်စေဖို့နှင့် သာသနာတော်သန့်ရှင်းစင်ကြယ်စေဖို့ ရည်ရွယ်ထားလျက် သီရိဓမ္မာသောကမင်းကြီးက တတိယသင်္ဂါယနာကိုတင်တော်မူခဲ့သည်။

သို့သော်လည်း ဟီနယာနဂိုဏ်းဝင် သဗ္ဗတ္ထိဝါဒဂိုဏ်းသားသံဃာများက မညီညွတ်နိုင်ကြသည်ဖြစ်၍ ရာဇဂြိုဟ်အနီးရှိ နာလန္ဒာမြို့မှာ တတိယသင်္ဂါယနာ (စင်ပြိုင်) တင်ကြပါသည်။ တတိယသင်္ဂါယနာတင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် အစရှိသော သံဃာတော်များနှင့် သီရိဓမ္မာသောကမင်းကြီးတို့၏ ကျေးဇူးကြောင့် ထေရဝါဒသာသနာတော်ကြီးက အိန္ဒိယတောင်ပိုင်း၊ သီဟိုဠ်ကျွန်း၊ မြန်မာပြည်၊ ယိုးဒယားပြည် အစရှိသည့် တောင်ပိုင်းဒေသများမှာ ပျံ့နှံ့နေစဉ် သဗ္ဗတ္ထိဝါဒဂိုဏ်း (ဟီနယာနသာသနာ) ကလည်း အိန္ဒိယမြောက်ပိုင်းအနောက်မြောက်ပိုင်းမှာ ပျံ့နှံ့နေသည့် ဂန္ဓာရတိုင်း၊ ကသ္မီရတိုင်းအထိတောင်ရောက်ရှိသည်။

၎င်းဂိုဏ်း၏အခြေခံမူဝါဒမှာ သဗ္ဗအတ္ထိ - အားလုံးဟာ အစစ်အမှန်အနေအားဖြင့် အမြဲတမ်းရှိနေကြတယ်ဟူ၍ပင် ဖြစ်သည်။ သာသနာနှစ် (၆၅၀) ဝန်းကျင်တွင် သဗ္ဗတ္ထိဝါဒဂိုဏ်းကို ကြည်ညိုသော သကမင်းမျိုး ကနိသျှက ဘုရား ဝသုမိတြမထေရ်ကို ဒုက္ကဋ္ဌ၊ ဒဿဃောသမထေရ်ကို ဥပဉက္ကဋ္ဌတင်မြောက်ပြီး ဂန္ဓာရတိုင်း (ယခု အနောက်ပါကစ္စတန်) ဇလန္ဓရမြို့ ကုဝနကျောင်းမှာ တင်သည်ဟုလည်း ဆိုကြသည်။ ယင်းသင်္ဂါယနာ၏ထူးခြားချက်မှာ ကနိသျှကဘုရင် သံဃာတော်တွေကို ပိဋကတ်အဖွင့်ကျမ်းတွေကို သက္ကတဘာသာဖြင့် ရေးသားစေတော်မူခြင်းပင် ဖြစ်သည်။ ထို့ပြင် ထိုသို့ရေးသားပြုစုထားသော ကျမ်းများ ထွက်လာကြပြီး ဝိဘာသာကျမ်းကြီး

www.burmeseclassic.com

ဟု ထင်ရှားကြပါသည်။

ထိုအခါက အိန္ဒိယတွင် အချို့က သီရိဓမ္မာသောကမင်းကြီး၏ တတိယ သင်္ဂါယနာကို ထောက်ခံကြ၍ အချို့က မူ သဗ္ဗတ္ထိဝါဒဂိုဏ်းကို ထောက်ခံကြလေ သည်။ ဟီနယာနဗုဒ္ဓဘာသာဟု နာမည် တပ်ခံရမည့် သဗ္ဗတ္ထိဝါဒဂိုဏ်း သင်္ဂါယနာ တွင် ထင်ရှားကျော်ကြားသော အရှင် အဿဃောသမထေရ် ပါဝင်နေသော ကြောင့် အဿဃောသမထေရ်သည် မဟာယာနဗုဒ္ဓဘာသာဂိုဏ်းဝင်ဟုတ်၊ မဟုတ် ရှုပ်ထွေးလျက်ရှိနေကြရသည်။

**၃။ မဟာယာနဗုဒ္ဓဘာသာကျမ်းစာများ**

အထက်ပါအတိုင်း သံသယဖြစ် ဖွယ်များရှိနေကြသော်လည်း သာသနာ နှစ် (၆) ရာစုနှစ်၊ ခရစ်နှစ် (၁) ရာစုနှစ် တွင် ပေါ်ထွန်းခဲ့သူ အဆိုပါ အဿ ဃောသမထေရ် ရေးသားပြုစုထားသည့် ဗုဒ္ဓစရိတကျမ်းမှာ 'မဟာယာန' စကား လုံးကို ပထမဆုံးတွေ့ကြရမည်။ မဟာ ယာနဗုဒ္ဓဘာသာ၏အစပျိုးစကားလုံးဟု လည်း ဆိုနိုင်ကြပေလိမ့်မည်။

မဟာယာန ဗုဒ္ဓဘာသာကျမ်းပြု ဆရာများမှာ ရှင်အဿဃောသ၊ ရှင်နာ ဂဇ္ဇုန၊ ရှင်အသင်္ဂ၊ ရှင်ဝသုဗန္ဓု အစရှိ သော ဘုန်းတော်ကြီးများ ဖြစ်ကြသည်။ ထိုဘုန်းတော်ကြီးများရေးသားထားသည့် ကျမ်းများသည် ပြင်ချင်သလို ပြင်ထား သည့် ကျမ်းစာများချည်း ဖြစ်ကြသည်။ ထို့ကြောင့် မဟာယာနကျမ်းစာများသည် ဘုရားဟောကျမ်းဂန်များမဟုတ်ကြပေ။ သာသနာတော်နှစ်၆၀၀တွင် ရှင်အဿ ဃောသ၊ သာသနာတော်နှစ် ၇၀၀ တွင် ရှင်နာဂဇ္ဇုန၊ သာသနာနှစ် ၉၀၀ တွင် ရှင်အသင်္ဂနှင့် ရှင်ဝသုဗန္ဓုတို့ အသီးသီး ပေါ်ထွန်းခဲ့ကြောင်း တွေ့ရသည်။ မဟာ ယာနကျမ်းစာများသည် သာသနာနှစ် ၇၀၀ နောက်ပိုင်းရောက်မှ မြတ်စွာ ဘုရား၏ တရားတော်တွေကို အနည်း ငယ်မျှလောက်သာ မှီငြမ်းပြုလျက် မိမိ တို့အယူဝါဒအတိုင်း ဖွင့်ပြဖော်ပြရေး သားထားကြသည့်စာများချည်း ဖြစ်ကြ သည်။

အထူးခြားဆုံး အယူဝါဒမှာ ဗုဒ္ဓ ဘာသာတို့က (၁) ဘုရားဖြစ်ပြီးလည်း နိဗ္ဗာန်ဝင်စံနိုင်သည်။ (၂) ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးလည်း နိဗ္ဗာန်စံဝင်နိုင်သည်။ (၃) တပည့်သာဝက ရဟန္တာဖြစ်ပြီးလည်း နိဗ္ဗာန်စံဝင်နိုင်သည်။ ဤသို့ နိဗ္ဗာန်ဝင်စံ နိုင်ပုံ သုံးနည်းရှိသည်ဟူ၍ ယူကြသည်။



ထို့ကြောင့် မဟာယာနတို့က ထေရဝါဒ တို့ကို သမ္မာသမ္ဗောဓိယာန၊ ပစ္စေက ဗောဓိယာန၊ သာဝကဗောဓိယာနဟု သုံးနှုန်းကြသည်။

မဟာယာန ဗုဒ္ဓဘာသာတို့ကမူ ဘုရားဖြစ်ပြီးမှသာလျှင် နိဗ္ဗာန်ဝင်စံနိုင် ကြမည် ဖြစ်သည်။ မဟာယာနတို့က သမ္မာသမ္ဗောဓိယာနတစ်ခုတည်းကိုသာ လျှင် လက်ခံကြသည်။ (ပစ္စေကဗုဒ္ဓါ အဖြစ်၊ တပည့်သာဝကရဟန္တာအဖြစ်ဖြင့် နိဗ္ဗာန်မဝင်စံနိုင်ဟူ၍ယုံကြသည်။) ဤ အချက်၌ မဟာယာနတို့၏ အယူဝါဒကို အတိအကျပြောရလျှင် ဘုရားဖြစ်ပြီးမှ နိဗ္ဗာန်ဝင်စံသည်ဟု မပြောနိုင်ဘဲ နိဗ္ဗာန် ဝင်စံပြီးမှသာလျှင် ဘုရားဖြစ်သည်ဟူ၍ သာပြောရမည်။

မဟာယာန ဗုဒ္ဓဘာသာဝင်တွေ က သူတို့၏ အမြတ်ဆုံးယာဉ်ဖြစ်သော သမ္မာသမ္ဗောဓိယာနတစ်ခုတည်းဖြင့်သာ နိဗ္ဗာန်ကို သွားနိုင်သည်ဟူ၍ ယုံကြည် ခြင်းကြောင့် သူတို့၏ ဗုဒ္ဓဘာသာကို မဟာယာနဗုဒ္ဓဘာသာဟု သူတို့ဘာသာ နာမည်တပ်ကြသည်။ ထို့ပြင် သဗ္ဗတ္ထိဝါဒ ဂိုဏ်း၊ သုတ္တန္တိကဂိုဏ်းတို့ကို ဟီနယာန ဟု သူတို့ကပင် နာမည်တပ်လိုက်ကြ သည်။ ထိုနာမည်များတွင်လာသော ကြောင့် မဟာယာနစတင်ပေါ်ထွန်းလာ ချိန်တွင် မူလဝဋ္ဋိပုတ္တကနွယ်ဝင်တို့၏ မဟာသံဂီတိဂိုဏ်းခေါ် မဟာသံဃိတ ဂိုဏ်းသည် ဟီနယာနဂိုဏ်းအဖြစ်ဖြင့် ထင်ရှားလာရပေတော့သည်။ သို့သော် နောက်ပိုင်းတွင်မူ ရင်းမဟာသံဃိတ ဂိုဏ်းကို မဟာယာနတို့က မျိုပစ်ပြီး ဖျောက်ပစ်လိုက်ကြပါသည်။

အနှစ်ချုပ်အားဖြင့် ဆိုရပါမူ မဟာယာနဗုဒ္ဓဘာသာကျမ်းများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက် နှစ်ပေါင်း (၁၀၀) အရောက်တွင် သက်ဆိုင်ရာဒေသ၊ သက်ဆိုင်ရာခေတ် ကာလ၊ သက်ဆိုင်ရာပုဂ္ဂလတို့နှင့် ကိုက် ညီအောင်၊ လူ့အကြိုက်ဖြစ်အောင်၊ လူ ကြိုက်များနေသည့် ခေတ်ပေါ်ဝါဒများ နှင့် ကိုက်ညီအောင် အံဝင်ခွင်ကျဖြစ် လောက်အောင် မိမိတို့လိုသလို တစ်စ ချင်းတစ်စချင်း ပြုပြင်ပြောင်းလဲထား သည့် ကျမ်းစာများချည်းသာ ဖြစ်ကြပါ သည်။ မဟာယာနဗုဒ္ဓဘာသာခေါင်း ဆောင်များသည် မိမိတို့တရားတွေကို မှန်ခြင်း၊ မှားခြင်းအပေါ် အရေးမထား ဘဲ လူကြိုက်များပြီး နောက်လိုက်ဘာ သာဝင်များလျှင်ပြီးရောဟူ၍သာ အရေး ထားကြသည်။ ထို့ကြောင့် ခေတ်ကာလ အလိုက် လူကြိုက်များမည့် အယူအဆ အမျိုးမျိုးတွေကို ဗုဒ္ဓတရားတော်တွေထဲ သို့ သွတ်သွင်းပြီးတော့ အမျိုးမျိုးပြုပြင် ပြောင်းလဲပစ်သူများ ဖြစ်ကြသည်။ သို့ဖြစ်၍ ရှေ့ပိုင်း မဟာယာနတရား များမှာ ဗုဒ္ဓ၏တရားတော်များကို မူရင်း အဓိပ္ပာယ်ဖြင့် အတော်အတန်တွေ့ကြရ သော်လည်း နောက်ပိုင်း မဟာယာန တရားများမှာကျတော့ ဗုဒ္ဓ၏ မူရင်း တရားများထဲမှ သစ္စာလေးပါး၊ မဂ္ဂင် ရှစ်ပါး၊ နိဗ္ဗာန်၊ အသင်္ခတ အစရှိသော စကားလုံးများလောက်ကိုသာ တွေ့ကြရ ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း သာသနာနှစ် ၆၀၀ ပြည့်နှစ်၊ ခရစ်နှစ် ၁ ရာစုနှစ်တွင် နောင်အခါမှာ မဟာယာနဗုဒ္ဓဘာသာ ဟူ၍ ထင်ရှား လာမည့် အယူအဆဝါဒအမျိုးမျိုးတွေ ကို တီထွင်ဟောပြောရေးသားဖြန့်ဝေခဲ့ ကြသော်လည်း မိမိတို့၏အယူဝါဒအသီး သီးကို စုစုစည်းစည်းဖြစ်အောင်၊ စည်း စည်းလုံးလုံးဖြစ်အောင် ဆောင်ရွက်နိုင်မှု မရှိကြသေးပေ။ သူကတစ်မျိုး ငါကတစ် မျိုးငြင်းခုံနေကြရုံမျှသာ ရှိနေကြပါသေး သည်။ အများက လက်ခံနိုင်လောက် အောင်မလုပ်နိုင်ကြသေးပေ။ ထို့ကြောင့် သာသနာနှစ် ၁၀၀ မှသည် သာသနာ နှစ်၇၀၀ပြည့်ခန့်ထိ ကာလတစ်လျှောက် ကို မဟာယာနအကြိုခေတ်ဟုသတ်မှတ် နိုင်ကြမည် ဖြစ်သည်။ လိုရင်းမှာ မဟာ သံဃိကဂိုဏ်းမှ မဟာယာနဂိုဏ်းသို့ ချီတက်လာစဉ် သမိုင်းခေတ်ပင် ဖြစ်ပေ သည်။

ကိုရွှေမြသန်း (သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com



ညီတော်အာနန္ဒာ၏ပါရမီဆက်လမ်းများ

# ပဏ္ဏာသီရိ
## ဂင်္ဂါမြစ်ထဲက ရွှေပြာသာဒ်ကြီး

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ပကိဏ္ဏကနိပါတ်၊ သုရုစိဇာတ်တော်၌ ဘုရားအလောင်းတော် သိကြားမင်း၏အမိန့်အရ မဟာပနာဒမင်းသားအတွက လူနေအထပ်အပေါင်းတစ်ရာရှိသောရွှေပြာသာဒ်ကြီးကို ဖန်ဆင်း၍ပေးခဲ့ရဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်ခဲ့၏။ ညီတော် အာနန္ဒာသည် ထိုသိကြားမင်း၏အမှုကိစ္စဟူသမျှကို ဆောင်ရွက်ပေးရသော ဝိသကြုံနတ်သားဖြစ်ခဲ့လေသည်။

ထိုအချိန်၌ လူတို့ရပ်ရွာ ဝိဒေဟပြည် မိထိလာမည်သော မင်းနေပြည်တော်၌ သုရုစိဟူသောမင်း ထီးနန်းစိုးစံလျက်ရှိ၏။ ထိုသုရုစိမင်း၏ သားတော်သည်လည်း သုရုစိမင်းသား ဟူ၍ပင် အမည်တွင်၏။ သုရုစိမင်းသား အရွယ်ရောက်လာသောအခါ တက္ကသိုလ်မြို့တော်သို့ အတတ်ပညာသင်ယူရန် နေပြည်တော်မှ ထွက်ခွာလာခဲ့၏။ တက္ကသိုလ်မြို့တော်သို့ရောက်သောအခါ မြို့တော်အဝင်ဝ၌ရှိသော ဇရပ်ပေါ်သို့ တက်၍ ခေတ္တနားနေ၏။ ထိုအချိန်မှာပင် ဗာရာဏသီမြို့တော်မှ ဗြဟ္မဒတ်မည်သော မင်းသားကလည်း တက္ကသိုလ်မြို့တော်သို့ ပညာသင်ရန် ရောက်လာခဲ့၍ ထိုဇရပ်ပေါ်မှာပင် ခေတ္တနားနေ၏။ ဤတွင် မင်းသားနှစ်ပါးတို့သည် တစ်ပါးအကြောင်းတစ်ပါးမေးမြန်းကြ၊ ဖြေကြားကြ၍ မိတ်ဆွေရင်းချာဖြစ်လာကြ၏။ ထိုဇရပ်မှဆင်းလာခဲ့ကြ၍ ဒိသာပါမောက္ခဆရာကြီးထံ ဝင်ရောက်၍ ပညာသင်ခွင့်ပန်ကြားရာတွင်လည်း အတူတူပင်ဖြစ်ကြလေသည်။

မင်းသားနှစ်ပါးတို့သည် ဒိသာပါမောက္ခဆရာကြီးအတွက် ပညာသင်ကြေးကိုပေးဆပ်ကာ ကြိုးကြိုးစားစား လေ့လာသင်ယူခဲ့ကြသဖြင့် တစ်ချိန်တည်းမှာပင် ပညာစုံတတ်မြောက်လာကြ၏။ ထို့နောက် မိတ်ဆွေရင်းချာမင်းသားနှစ်ပါးတို့သည် ဒိသာပါမောက္ခဆရာကြီးကို ဦးခိုက်ကန်တော့၍ မိမိတို့ဇာတိရပ်ဌာန်သို့ပြန်ကြရန် အတူတကွထွက်လာခဲ့ကြ၏။ ခရီးတစ်ဝက်ခန့်ပေါက်လာသောအခါ မိထိလာမြို့တော်နှင့် ဗာရာဏသီမြို့တော်တို့ဆီသို့ဦးတည်လျက်ရှိသော လမ်းနှစ်ခွကို တွေ့ကြရ၏။ ထိုအခါ မင်းသားနှစ်ပါးတို့သည် အပြန်အလှန် ပွေ့ဖက်နှုတ်ဆက်ကာ သုရုစိမင်းသားက အဆိုတစ်ခုကို တင်ပြ၏။

"အဆွေတော် ဗြဟ္မဒတ်၊ ငါတို့နှစ်ပါးလက်ထက်မှာ ရာသက်ပန် မိတ်ဆွေရင်းချာဖြစ်ခဲ့ကြပြီး ငါတို့လက်ထက်မှာလိုပဲ ငါတို့ရဲ့သားသမီးတွေလက်ထက်ကျတော့လည်း ဒီအတိုင်းပဲဖြစ်နေစေချင်တယ်။ ဒါကြောင့် ငါ့မှာ သားယောက်ျားလေးရှိလာလျှင် သင့်သမီးနဲ့ လက်ထပ်ပေးပါရစေ။ တကယ်လို့ သင့်မှာ သားယောက်ျားကလေးရှိလာရင်လည်း ငါ့သမီးနဲ့လက်ထပ်ပါစေ။ အဲဒါကို သဘောတူပါရဲ့လား"

"တူပါတယ် အကြည်တော်။ ဒီအတိုင်းဆောင်ရွက်ဖို့ကတိပြုပါတယ်"

ဤသို့ဖြင့် အပြန်အလှန် ကတိကဝတ်ပြုကြပြီးလျှင် မင်းသားနှစ်ပါးတို့သည် မိမိလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လာကြရာ မိမိတို့၏ တိုင်းတော်ပြည်တော်သို့ ချောမောစွာရောက်လာကြလေသည်။

သုရုစိမင်းသား မင်းအဖြစ်သို့ ရောက်သောအခါ သူ၏မိဖုရားမှာ သားတော်လေးတစ်ပါး ဖွားမြင်လာ၏။ ထို

www.burmeseclassic.com

သားတော်လေးလိုလည်း သုရုစိမင်းသား ဟူ၍ပင် အမည်ပေးကြ၏။ ထို့အတူပင် ဇာရာဏသီမြို့တော်၌ ထီးနန်းစိုးစံလျက်ရှိသော ဗြဟ္မဒတ်မင်း၏ မိဖုရားမှလည်း သမီးတော်လေးတစ်ပါးဖွားမြင်လာ၏။ ထိုသမီးတော်လေးကို သုမေဓာမင်းသမီး ဟူ၍ အမည်ပေးကြ၏။ ထိုသုမေဓာမင်းသမီးလေးသည်ကား ကျောင်းအမကြီး ဝိသာခါ၏ အလောင်းလျာဖြစ်ပေသည်။

သားတော် သုရုစိမင်းသား တက္ကသိုလ်မြို့တော်မှ ပညာစုံတတ်မြောက်၍ ပြန်လာသောအခါ ခမည်းတော်မင်းကြီးက ထီးနန်းလွှဲအပ်ရန် အစီအစဉ်ပြုလုပ်၏။ သားတော်အား ပြည့်ရှင်မင်းအဖြစ် ထီးနန်းလွှဲအပ်၍ နန်းသိမ်းပွဲ၌ မိဖုရားတစ်ပါးကိုလည်း တင်မြှောက်ရန် လိုအပ်လာ၏။

ဤတွင် သုရုစိမင်းကြီးသည် တက္ကသိုလ်မြို့တော်မှာတုန်းက အပြန်အလှန်ထားရှိခဲ့သော ကတိစကားကို သတိရလာ၍ သုမေဓာမင်းသမီးအား မိမိသားတော်နှင့် လက်ထပ်ထိမ်းမြားလိုပါ၍ မိထိလာမြို့တော်သို့ ပို့ဆောင်ပေးပါရန် ဗြဟ္မဒတ်မင်းထံ သဝဏ်လွှာ ပေးပို့လိုက်လေသည်။

သဝဏ်လွှာသယ်ဆောင်လာသော အမတ်ကြီးများ ရောက်မလာမီတွင် ဗြဟ္မဒတ်မင်းသည် သမီးတော်၏ ရေးရေးကို တွေးတောကာ မိဖုရားနှင့်တိုင်ပင်၏။

"မိဖုရားကြီး၊ ငါတို့နဲ့တကွ ဆွေတော်မျိုးတော်အားလုံးက သမီးတော်လေးကို အင်မတန်ချစ်ကြတယ်။ သမီးတော်လေး စိတ်ဆင်းရဲမှာကို သိပ်ပြီး တော့စိုးရိမ်ကြတယ်။ ဒါကြောင့် အိမ်ထောင်ရှင်အမျိုးသမီးများအကြောက်ဆုံးဆင်းရဲဒုက္ခက ဘာပါလဲ"

ဟု မေးမြန်းလေရာ -

"အရှင်မင်းကြီး၊ အိမ်ထောင်ရှင်အမျိုးသမီးတို့ အကြောက်ဆုံးဆင်းရဲဒုက္ခမှာလင်တူမိန်းမတွေကြားမှာနေရတာဖြစ်ပါတယ်"

ဟု မိဖုရားက လျှောက်တင်၏။

ထို့နောက် မကြာမီမှာပင် သုရုစိမင်းထံမှ သဝဏ်လွှာသယ်ဆောင်လာသော အမတ်ကြီးတို့ ရောက်လာကြသဖြင့်-

"သံတမန်အမတ်ကြီးတို့၊ ငါတို့ပြည့်ရှင်မင်းနှစ်ပါးကြားမှာ ကတိစကားထားခဲ့တာတော့ မှန်ပါတယ်။ ဒါပေမယ့် ငါတို့မှာ ဒီသမီးတော်လေးတစ်ပါးပဲရှိကြတာမို့ တစ်ဆွေတစ်မျိုးလုံးက တုန်နေအောင် ချစ်မြတ်နိုးနေကြတယ်။ အဲဒါကြောင့် ဒီသမီးတော်လေး စိတ်ဆင်းရဲဒုက္ခမခံစားရလေအောင် မိဖုရားတစ်ပါး



www.burmeseclassic.com

တည်းထားမယ့်မင်းနဲ့သာ ထိမ်းမြားပေးချင်ပါတယ်"

ဤသို့ ဗြဟ္မဒတ်မင်းက မိန့်ကြားလိုက်သည်တွင် သံတမန်အမတ်ကြီးများက ထိုစကားကို သုရုစိမင်းထံတစ်ဆင့် သံတော်ဦးတင်ကြရ၏။

ဤတွင် သုရုစိမင်းက -

"ငါတို့ရဲ့ မိထိလာမြို့တော်ကြီးက ခုနစ်ယူဇနာကျယ်တယ်။ ငါတို့ရဲ့ ဝိဒေဟပြည်က ယူဇနာသုံးရာကျယ်ဝန်းတယ်။ အဲလောက်တောင်ကြီးကျယ်တဲ့တိုင်းပြည်ကို အုပ်ချုပ်ရတဲ့ မင်းတစ်ပါးအတွက် မိဖုရားပေါင်းတစ်သောင်းခြောက်ထောင် လိုအပ်နေတာ မဟုတ်လား"

ဟု မိန့်ကြား၏။

သို့ရာတွင် သားတော် သုရုစိမင်းသားကမူ သံတမန်တို့အထံမှ သုမေဓာမင်းသမီးလေး ချောမောလှပပုံအကြောင်းစုံကို ကြားသိရသဖြင့် -

"ခမည်းတော်ဘုရား၊ သားတော်အတွက် မိဖုရားတွေအများကြီးမလိုအပ်ပါ။ သုမေဓာမင်းသမီးလေးတစ်ပါးနဲ့ပဲ လုံလောက်နေပါပြီ"

ဟု ခမည်းတော်ထံ တင်လျှောက်လာ၏။

ဤတွင် ခမည်းတော်မင်းကြီးက သားတော်၏ အလိုဆန္ဒသို့ လိုက်လျောကာ အခြေအရံမြောက်မြားစွာနှင့် အတူ တကွ မင်္ဂလာလက်ဖွဲ့ရတနာပစ္စည်းမျိုးစုံတို့ကို ပို့ဆောင်စေ၍ သုမေဓာမင်းသမီးကို မိထိလာမြို့တော်သို့ ခေါ်ဆောင်လာစေပြီးလျှင် သုရုစိမင်းနှင့် သုမေဓာ မိဖုရားအဖြစ် ဘိသိက်သွန်းပွဲကြီးကျင်းပပေးလေသည်။

ထိုစဉ်တုန်းက လူတို့၏သက်တမ်းသည် အလွန်တရာရှည်လှ၏။ သုရုစိမင်းသည် သုမေဓာမိဖုရားနှင့်အတူ မွေ့လျော်စံပျော်လာခဲ့သည်မှာပင် နှစ်ပေါင်းတစ်သောင်းကြာခဲ့ပြီ ဖြစ်၏။ သို့ရာတွင် သုမေဓာမိဖုရားမှ သားတော်တစ်ပါးမျှ ဖွားမြင်မလာခဲ့ပါ။ ဤတွင် တိုင်းသူပြည်သားတို့က ထီးရိုးနန်းနွယ်မင်းဆက်ပြတ်သွားမည်ကိုစိုးရိမ်ကြသဖြင့် ခမည်းတော်ကြီး လိုလားခဲ့သည့်အတိုင်း မိဖုရားတစ်သောင်းခြောက်ထောင် တင်မြှောက်ပါရန် နန်းတော်သို့ ဝိုင်းအုံ၍ အရေးဆိုကြ၏။ သို့ရာတွင် သုရုစိမင်းကတော့ သူတို့၏အဆိုကို လက်မခံနိုင်ပါချေ။

ဤတွင် သုမေဓာမိဖုရားက ဤသို့စီစဉ်၏။

"မင်းကြီးကတော့ ထားရှိခဲ့တဲ့ ကတိသစ္စာကို မှန်ကန်စွာ ထိန်းထားနိုင်ဖို့ ငြင်းပယ်လိုက်တယ်။ ဒါပေမယ့် ငါကတော့ အမိနဲ့တူတဲ့မယားဖြစ်တယ်။ ဒါကြောင့် အမိအနေနဲ့သင့်တော်အောင် စီစဉ်ပေးဖို့ လိုအပ်နေပြီ"

ဤသို့စဉ်းစားပြီးလျှင် မင်းမျိုးမင်းနွယ်ထဲက သမီးကညာတစ်ထောင်၊ မှူးကြီးမတ်ရာများထဲက သမီးကညာတစ်ထောင်၊ သူဌေးသူကြွယ်များ၏သမီးကညာတစ်ထောင်၊ ကချေသည် စသောသဘင်မျိုးနွယ်စုထဲက သမီးကညာတစ်ထောင် ဤသို့အားဖြင့် လေးထောင်သော သမီးကညာတို့ကို ရွှေနန်းတော်သို့ ခေါ်ဆောင်စေ၍ မိမိနှင့်အတူ မင်းကြီးထံပါး၌ မိဖုရားအဖြစ်ခစားကြရန် စီစဉ်လိုက်လေသည်။

ထိုမိဖုရားလေးထောင်တို့ရောက်လာကြ၍ နှစ်ပေါင်းတစ်ထောင်ကြာလာခဲ့သော်လည်း သားဖွားနိုင်သူမိဖုရားဟူ၍ကား တစ်ပါးတလေမျှ ပေါ်မလာခဲ့ပါ။ ဤတွင် သုမေဓာမိဖုရားကြီးက အလားတူ သမီးကညာလေးထောင်တို့ကိုလည်း ရွှေနန်းတော်သို့ ထပ်မံ၍ ခေါ်ဆောင်ရပြန်၏။

ဒုတိယအကြိမ်ခေါ်ဆောင်လာ၍ နှစ်ပေါင်းတစ်သောင်းကြာလာခဲ့ပါသော်လည်း သားဖွားနိုင်သည့်မိဖုရားက ပေါ်ပေါက်မလာနိုင်သေးပါ။

ဤသို့ဖြင့် သုမေဓာမိဖုရားကြီးမှာ တတိယအကြိမ်မှ စတုတ္ထအကြိမ်အထိ သမီးကညာများ ဆောင်ယူလာခဲ့ရာ ရွှေနန်းတော်ကြီးတွင် မိဖုရားပေါင်း တစ်သောင်းခြောက်ထောင်တို့ ရှိလာခဲ့ပေသည်။

သုမေဓာမိဖုရားကြီးတစ်ပါးတည်းနှင့် စံပျော်ခဲ့သည်မှာ နှစ်ပေါင်းတစ်သောင်း။ လေးကြိမ်လေးလီဆောင်ယူထားရသောမိဖုရားများနှင့်စံပျော်ရသည်က နှစ်ပေါင်းလေးသောင်း။ ဤသို့ဖြင့် နှစ်ပေါင်းငါးသောင်းမျှ ကြာခဲ့ပြီဖြစ်ပါသော်လည်း သားဖွားနိုင်သည့် မိဖုရားတစ်ပါးမျှ မပေါ်ပေါက်လာသေးပါ။

ဤတွင် တိုင်းသူပြည်သားများက ရွှေနန်းတော်ကြီးသို့ ဝိုင်းအုံလာကြ၍ -

"အရှင်မင်းကြီး၊ နှစ်ကာလတွေ ဒါလောက်ကြာလာခဲ့ပေမယ့် သားဖွားနိုင်တဲ့မိဖုရားတစ်ပါးမျှ ပေါ်မလာသေးပါ။ ဒီအတိုင်းဆိုရင် သုရုစိမင်းဆက်ပျက်သုဉ်းသွားပါလိမ့်မယ်။ ဒါကြောင့် မိဖုရားများကို သားဆုပန်ဖို့ အမိန့်ပေးတော်မူပါဘုရား"

ဟု အရေးဆိုကြရပြန်၏။

ဆိုသင့်ဆိုထိုက်သော အရေးကိစ္စဖြစ်နေ၍ သုရုစိမင်းကလည်း မိဖုရားများအား သားဆုပန်ရန် မိန့်ကြားလိုက်၏။ မင်းကြီး၏မိန့်ကြားချက်အရ မိဖုရားတို့သည် နတ်တို့ကို ရှိခိုး၍လည်းကောင်း၊ ကောင်းနိုးရာရာအကျင့်များကို ကျင့်၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ သားဆုပန်ကြသော်လည်း သားသန္ဓေကကပ်မလာခဲ့ပါ။

ဤတွင်မှ သုရုစိမင်းသားက သုမေဓာမိဖုရားကြီးကိုယ်တိုင် သားဆုပန်ရန် မိန့်ကြားရ၏။ သုမေဓာမိဖုရားကြီးကလည်း အမိန့်တော်သံကို လေးမြတ်စွာခံယူပြီးလျှင် သားဆုပန်ဖို့အစီအစဉ်များ ပြုလုပ်၏။ အကြောင်းတိုက်ဆိုင်စွာပင် ထိုနေ့သည် လပြည့်နေ့ဖြစ်နေ၏။ လပြည့်နေ့ဖြစ်သည်နှင့်လျော်စွာ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို မိမိဘာသာ ခံယူပြီးလျှင် မင်္ဂလာရှိသော တိုက်ခန်းသို့တက်၍ သလွန်ငယ်တစ်ခုပေါ်၌ တစ်ပါးတည်းလျောင်းစက်ကာ-

"ဘဝဘဝများစွာတုန်းက ငါပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုများကြောင့် ငါနဲ့ထိုက်တန်တဲ့ သားကောင်းရတနာ ကပ်ရောက်လာပါစေသတည်း"

ဟု စိတ်ထဲက ဆုပန်လိုက်လေသည်။

သုမေဓာမိဖုရားကြီး၏ သားဆုပန်ခြင်း၏ အရှိန်အဟုန်က ရိုက်ခတ်လာသဖြင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမှာ တုန်လှုပ်လာရ၏။ ဤတွင် သိကြားမင်းသည် တုန်လှုပ်ရခြင်း၏အကြောင်းရင်းကို စဉ်းစားကြည့်၍သိလာရသောအခါ သုမေဓာမိဖုရားကြီးနှင့် ထိုက်တန်သော သားရတနာလောင်း နတ်သားကို ရှာဖွေကြည့်ရှုလေရာ ကျူထရံသည်ဖြစ်ခဲ့ဖူးသော နတ်သားနှစ်ပါးထဲမှ သားဖြစ်ခဲ့သူနတ်သားကို တွေ့လာရပေသည်။

ထိုနတ်သားသည်ကား အရှင်ဘဒ္ဒဇိအလောင်းလျာဖြစ်၏။ လူ့ဘဝမှာရှိနေစဉ်တုန်းက သူတို့သားအဖသည် ကျူထရံလုပ်ငန်းဖြင့် အသက်မွေးခဲ့ကြ၏။ ကျူထရံလုပ်ငန်းအတွက် သားအဖနှစ်ယောက်တို့ ဂင်္ဂါမြစ်ကမ်းပါးသို့ ဝါးရှာဖွေရန် လှည့်လည်လာကြသည်တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကို ဖူးမြော်တွေ့ကြရလေသည်။

ပစ္စေကဗုဒ္ဓါ ဟူသည် ဘဝ[illegible] များစွာက ဖြည့်ကျင့်ဆည်းပူးလာခဲ့သည့် ပါရမီကုသိုလ်များအရ [illegible]ဘဝတွင်



www.burmeseclassic.com

www.burmeseclassic.com

သမ္မာသမ္ဗောဓိဉာဏ်တော်ကိုရ၍ သစ္စာလေးတန်တရားမှန်ကို သိမြင်လာခဲ့၏။ သို့ရာတွင် သဗ္ဗညုတဉာဏ်တော်သခင်ဘုရားရှင် ကိုယ်တော်မြတ်များကဲ့သို့ ဖွယ်ဖွယ်ရာရာတန်ဆာဆင်၍ဟောကြားနိုင်သော ဒေသနာစွမ်းအားမရှိသဖြင့် တပည့်သာဝကဟူ၍မပေါ်လာနိုင်ပါချေ။ တပည့်သာဝကမကျန်ခဲ့သဖြင့် ထိုအရှင်မြတ်တို့သိမြင်ထားသောတရားသည် ထိုအရှင်မြတ်တို့ ပရိနိဗ္ဗာန်စံသွားသောအခါ တစ်ပါတည်းပျောက်ကွယ်သွားကြရပါတော့သည်။

ကျူထရံသည် သားအဖတို့သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံမှ တရားစကားကို မကြားနာရပါသော်လည်း အရှင်မြတ်၏တည်ကြည်ငြိမ်သက်သောကာယိန္ဒြေကို အကြောင်းပြုကာ ကြည်ညိုသဒ္ဓါပွားများကြသဖြင့် မိမိတို့အိမ်သို့ ပင့်ဆောင်၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်ကြ၏။ ဆွမ်းကိစ္စပြီးစီး၍ ပစ္စေကဗုဒ္ဓါအရှင်မြတ် ဂင်္ဂါမြစ်ကမ်းပါးသို့ ပြန်ကြွလာသောအခါ ရေယဖန်းသားတို့ကို အမာခံထားကာ ကျူထရံကာ သစ်ရွက်မိုးကျောင်းကလေး ဆောက်လုပ်ကြ၏။ ကျောင်းကလေးနှင့်ယှဉ်လျက် စင်္ကြံလမ်းဖောက်လုပ်ပေးကြ၏။ ဆောက်လုပ်ရေးကိစ္စများပြီးစီးသွားသောအခါ အရိပ်ရသောတစ်နေရာ၌ သောက်ရေအိုးအသစ်ဖြင့် ဂင်္ဂါမြစ်ရေကို သယ်ဆောင်၍တည်ထားပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းကြလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုကျောင်းကလေး၌ ဝါတွင်းသုံးလပတ်လုံး အေးချမ်းစွာ တစ်ပါးတည်း သီတင်းသုံးတော်မူပြီး၍ သီတင်းဝါလကျွတ်လာသောအခါ ခရီးဆက်လက်ထွက်ခွာရန် ကျောင်းဒကာသားအဖတို့ကို အသိပေးတော်မူ၏။ ဤတွင် ကျောင်းဒကာ ကျူထရံသည်သားအဖတို့က တိစီဝရိတ်သင်္ကန်းသုံးထည်ကိုကပ်လှူလိုက်ကြလေသည်။

ကျူထရံသည် သားအဖတို့သည် နောက်ထပ်ကြွရောက်လာသည့်ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးကိုလည်း ဤသို့ပင် ဆည်းကပ် ကိုးကွယ်လာခဲ့ကြရာ အားလုံးပေါင်း ပစ္စေကဗုဒ္ဓါအရှင်မြတ် ခုနစ်ပါးအထိရှိလာခဲ့ပေသည်။

ထိုသားအဖနှစ်ယောက်တို့ ကွယ်လွန်သောအခါ ထိုကုသိုလ်ကံတို့၏ အရှိန်အဟုန်ဖြင့် ပထမဦးစွာ တာဝတိံသာနတ်ပြည်သို့လားကြရ၏။ သူတို့ပြုစုအားထုတ်ခဲ့သော ကုသိုလ်ကံအားလျော်စွာပင် တာဝတိံသာနတ်ပြည်မှာလည်း ကျူထရံသည်နတ်သားဟူ၍ပင် အမည်တွင်ခဲ့ကြ၏။ ကျူထရံသည်နတ်သားတို့ တာဝတိံသာဘုံမှနတ်သက်ကြွေသောအခါမှာလည်း အထက်အထက်ဘုံများသို့ ပြောင်းရွှေ့စံပျော်ကြရ၏။ အထက်အထက်ဘုံတို့ကုန်ဆုံးသွားသောအခါ အောက်ဆုံး စတုမဟာရာဇ်နတ်ဘုံသို့ပြန်ဆင်းကာ အထက်အထက်ဘုံများသို့ တက်လာကြရပြန်၏။

ဤသို့ဖြင့် ကာမာဝစရနတ်ဘုံခြောက်ထပ်တို့၌ စုန်ချည်ဆန်ချည်စံစားလာခဲ့ကြလေရာ ထိုအချိန်သည်ကား တာဝတိံသာနတ်ဘုံ၌ စံပျော်နေခိုက်ဖြစ်ပေသည်။

ဘုရားအလောင်းတော် သိကြားမင်းသည် ထိုနတ်သားနှစ်ပါးထဲမှ သားဖြစ်ခဲ့ဖူးသော နတ်သားထံ ချဉ်းကပ်၍ လူ့ပြည်သို့ဆင်း၍ ပဋိသန္ဓေယူပါရန် တောင်းပန်တိုက်တွန်း၏။ ဤတွင် ကျူထရံသည်နတ်သားက -

"အရှင်သိကြားမင်း၊ လူ့ပြည်ဆိုတာ လူနေမှုအဆင့်အတန်းနိမ့်ကျလှပါတယ်။ ဒါကြောင့် လူ့ပြည်မှာ ကုသိုလ်ကောင်းမှုပြုကြသူတိုင်းဟာ နတ်ပြည်ရောက်ဖို့ကိုသာ ဆုတောင်းခဲ့ကြရပါတယ်။ ဒါကြောင့် လူ့ပြည်သို့ မဆင်းပါရစေနဲ့"

ဟု တောင်းပန်သဖြင့်-

"အသင်နတ်သား၊ လူ့ပြည်မှာလည်း အဆင့်အတန်းမနိမ့်စေရပါဘူး။ နတ်ပြည်မှာလိုပဲ စံစားရပါစေ့မယ်။ လူ့ပြည်မှာ အသင်နတ်သားစိုးစံရမယ့် ရွှေပြာသာဒ်ကြီးက အမြင့် (၂၅) ယူဇနာရှိလိမ့်မယ်။ အလျားက (၉) ယူဇနာ၊ အနံကတော့ (၈) ယူဇနာရှိပါလိမ့်မယ်"

ဤသို့ သိကြားမင်းက အာမခံချက်ပေးသဖြင့် ကျူထရံသည်နတ်သားက လက်ခံလိုက်လေသည်။

ထို့နောက် သိကြားမင်းသည် ရသေ့တစ်ပါးအသွင် ဖန်ဆင်း၍ လူ့ဘုံသို့ဆင်းလာခဲ့ပြီးလျှင် ဥယျာဉ်တော်၏ ကောင်းကင်ယံ၌ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေ၏။ ဤတွင် သားဆုရလိုရခြား ဥယျာဉ်တော်မှာ စုဝေးနေကြသော မိဖုရားအပေါင်းက ရှင်ရသေ့ထံ စုဝေးလာကြ၍ -

"အို-အရှင်ရသေ့၊ ဘုရားတပည့်တော်မတို့အား သားဆုပေးတော်မူပါဘုရား"

ဟု လျှောက်တင်ကြသဖြင့် -

"အေး- ကောင်းပြီ။ ငါက သားဆုပေးဖို့လာခဲ့တယ်။ ဘယ်သူ့ကို သားဆုပေးရမလဲ။ ဘယ်သူဟာ ကျင့်ဝတ်သီလနဲ့ ပြည့်စုံပါသလဲ"

ဟု တုံ့ပြန်မေးမြန်းရာ-

"အရှင်ရသေ့ဘုရား၊ တပည့်တော်မတို့မှာ ကျင့်ဝတ်သီလရှိပါသော်လည်း သုမေဓာမိဖုရားကြီးကိုတော့ မမီနိုင်ပါ။ ဒါကြောင့် သုမေဓာမိဖုရားကြီးနန်းဆောင်သို့သာ ကြွတော်မူပါဘုရား"

ဤသို့ မိဖုရားများက လျှောက်တင်ကြသဖြင့် ရှင်ရသေ့သည် သုမေဓာမိဖုရားကြီး၏ စံနန်းဆောင် လေသာပြတင်းဝ၌ ရပ်တန့်နေ၏။ ဤတွင် သုမေဓာမိဖုရားကြီးသည် နေရာမှထလာ၍ ရှင်ရသေ့အား ရိုသေလေးမြတ်စွာ ရှိခိုး၏။

ဤတွင်ရှင်ရသေ့က -

"သုမေဓာမိဖုရားကြီး၊ ကျင့်ဝတ်သီလနဲ့ပြည့်စုံတဲ့ အမျိုးသမီးကို သားဆုပေးဖို့လာခဲ့တယ်။ ဥယျာဉ်တော်မှာ ရှိနေကြတဲ့ မိဖုရားများက အသင်မိဖုရားကြီးရဲ့ ကျင့်ဝတ်သီလက အမြင့်မြတ်ဆုံးလို့ ပြောလိုက်ကြတယ်။ ဒီတော့ အသင်မိဖုရားကြီး ဆောက်တည်ကျင့်သုံးလာခဲ့တဲ့ ကျင့်ဝတ်သီလတွေက ဘယ်လိုပါလဲ"

ဤသို့ ရှင်ရသေ့ကမေးမြန်းသဖြင့် သုမေဓာမိဖုရားကြီးက ဤသို့လျှောက်ထားလေသည်။

"အို- အရှင်ရသေ့၊ တပည့်တော်မ ဟာသုရုစိမင်းကြီးရဲ့ မိဖုရားဖြစ်လာခဲ့တာ ပထမအပိုင်းမှာ နှစ်ပေါင်းတစ်သောင်းကြာခဲ့ပါတယ်။ အဲဒီအချိန်ကာလအတွင်းမှာ ဝိဒေဟတိုင်းကြီးရဲ့ အရှင်သခင် သုရုစိမင်းကြီးကို မထီမဲ့မြင်မပြုခဲ့ပါဘူး။ ကိုယ်နဲ့လည်းမပြုခဲ့ပါ။ နှုတ်နဲ့လည်းမပြုခဲ့ပါ။ စိတ်နဲ့တောင်မှ မပြစ်မှားခဲ့ပါ။ ရှေ့မှောက်မှာရော ကွယ်ရာမှာပါ လုံးဝမပြုခဲ့ပါဘူး။

အို- အရှင်ရသေ့၊ တပည့်တော်မရဲ့ ယောက္ခမကြီးနှစ်ယောက်တို့ဟာ သူတို့အသက်ရှင်နေသမျှ ကာလပတ်လုံး တပည့်တော်မကို အဆုံးအမပေးခဲ့ကြပါတယ်။တပည့်တော်မကလည်း ယောက္ခမကြီးနှစ်ဦးလုံးကို မွေးမိဘနဲ့မခြား ရာသက်ပန် ရိုရိုသေသေ လေးလေးစားစား ဆက်ဆံလာခဲ့ပါတယ်ဘုရား။

အို- အရှင်ရသေ့၊ သုရုစိမင်းကြီးနဲ့အတူနေလာလို့ နှစ်ပေါင်းတစ်သောင်း



www.burmeseclassic.com

www.burmeseclassic.com

ကျော်လွန်လာတဲ့အခါ ရွှေနန်းတော်မှာ တပည့်တော်မနဲ့ လင်တူမိန်းမ မိဖုရား တစ်သောင်းခြောက်ထောင်တို့ ရောက်လာကြပါတယ်။ ဒီမိဖုရားတို့ကို တပည့်တော်မက မနာလိုဝန်တိုတာ အလိုမကျတာ လုံးဝမရှိခဲ့ပါ။ သူတို့အကျိုးစီးပွားတိုးတက်လာတာကို တွေ့ရတဲ့အခါ အားရကျေနပ်ခဲ့ပါတယ်။ သူတို့အားလုံးကို မိမိကိုယ်နဲ့ထပ်တူထားပြီး သနားကြင်နာခဲ့ပါတယ်ဘုရား။

အို- အရှင်ရသေ့၊ တပည့်တော်မတို့ကို အမှီပြုပြီး အသက်မွေးနေရတဲ့ အလုပ်သမားအဆင့်ဆင့်တို့ရှိကြပါတယ်။ တပည့်တော်ဟာ သူတို့ထမ်းဆောင်ရမယ့်တာဝန်များကို ညွှန်ကြားရတဲ့အခါ ဘယ်တော့မှ မျက်နှာထားတင်းတင်း မထားခဲ့ပါဘူး။ အသံပြင်းပြင်းနဲ့ မခိုင်းစေခဲ့ပါဘူး။ မျက်နှာထားချိုချိုသာသာ ဆက်ဆံလာခဲ့ပါတယ်ဘုရား။

အို- အရှင်ရသေ့၊ တပည့်တော်မတို့နိုင်ငံမှာ ရသေ့ရဟန်းသူတော်ဝင်များ ရှိနေကြပါတယ်။ အလှူခံပုဏ္ဏားများလည်း ရောက်လာကြပါတယ်။ အနယ်နယ်အရပ်ရပ်က ခရီးသည်တွေလည်း တပည့်တော်မတို့ နန်းတော်အနားသို့ ရောက်လာကြပါတယ်။ အဲဒီအလှူခံပုဂ္ဂိုလ်အသီးသီးတို့ကို ထမင်းချိန်မှာ ထမင်းကျွေးလာခဲ့ပါတယ်။ ဖျော်ရည်အချိန်မှာ ဖျော်ရည်များ ကပ်လှူလာခဲ့ပါတယ်ဘုရား။

အို - ရှင်ရသေ့၊ တပည့်တော်မဟာ လစဉ်လတိုင်း လဆန်း ၈ ရက်၊ လဆုတ် ၈ ရက်၊ လပြည့်၊ လကွယ်နေ့များနဲ့ဟက္ခ အဲဒီနေ့များရဲ့ အကြိုအပို့နေ့များမှာပါ အင်္ဂါ (၈) ပါးရှိတဲ့ ဥပုသ်သီလ ဆောက်တည်လာခဲ့ပါတယ်။ ငါးပါးသီလကတော့ အချိန်ပြည့်မြဲလာခဲ့ပါတယ်ဘုရား"

ဤသို့ သုမေဓာမိဖုရားကြီးက မိမိကျင့်သုံးဆောက်တည်လာခဲ့သော ကျင့်ဝတ်သီလတို့ကို အပြည့်အစုံ လျှောက်ထားလိုက်ရာ ကောင်းကင်ယံမှာရပ်လျက်ရှိနေသော ရှင်ရသေ့က အားရကျေနပ်လှသဖြင့် -

"အို - မိဖုရားကြီး၊ အသင်မိဖုရားကြီးရဲ့ကျင့်ဝတ်သီလများက ကောင်းမြတ်လှပါပေတယ်။ ဒါကြောင့် အသင်မိဖုရားကြီးကို ကျွန်ုပ်က သားဆုပေးပါ့မယ်။ မကြာခင်မှာ ကြံ့အင်လက္ခဏာ၊ ဘုန်းသမ္ဘာနဲ့ ပြည့်စုံတဲ့သားရတနာကို ရစေသတည်း"

ဤသို့ သားဆုပေးစကားပြောကြားလိုက်သောအခါ သုမေဓာမိဖုရားကြီးက -

"အို-အရှင်ရသေ့၊ အရှင်ရသေ့က တန်ခိုးကြီးလှပါပေတယ်။ လူ့တို့ပြည်က ရိုးရိုးရသေ့မှဟုတ်ပါရဲ့လား။ အထက်နတ်ဘုံက နတ်သားတစ်ပါးများဖြစ်လေမလား"

ဟု မေးမြန်း၏။

သိကြားမင်းသည် သုမေဓာမိဖုရားကြီးအား မိမိ၏အဖြစ်မှန်ကို ပြောပြခဲ့ပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပြန်တက်လာခဲ့၍ ကျူထရံသည်နတ်သားထံ အကြောင်းပြန်ကြားလေသည်။

ထို့နောက် ကျူထရံသည်နတ်သားသည် တာဝတိံသာနတ်ပြည်မှ မိမိအလိုအလျောက် နတ်သက်ခြွေခဲ့ပြီးလျှင် သုမေဓာမိဖုရားကြီး၏ ဝမ်းတိုက်၌ ပဋိသန္ဓေတည်လာ၏။ ထိုသန္ဓေသားဆယ်လစေ့၍ ဖွားမြင်လာသောအခါ ခမည်းတော်၊ မယ်တော်များနှင့်တကွ ဆွေတော်မျိုးတော်အပေါင်းက မဟာပနာဒမင်းသားဟူ၍ ဘွဲ့မည်ပေးအပ်ကြလေသည်။

မဟာပနာဒမင်းသားကလေးဖွားမြင်လာသည်ကို အကြောင်းပြုကာ ခမည်းတော်နှင့်မယ်တော်တို့၏ မိထိလာ၊ ဗာရာဏသီမြို့တော်နှစ်ရပ်မှလူအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာရောက်လာကြ၍ သားတော်လေးအတွက် နို့ဖိုးဖြစ်ပါစေဟုဆိုကာ တစ်ယောက်လျှင် ငွေဒင်္ဂါးတစ်ပြားတစ်ပြား နန်းရင်ပြင်သို့ပစ်ချကြလေရာ ငွေဒင်္ဂါးတို့မှာ တောင်ပူစာတမျှဖြစ်နေပါတော့သည်။

မဟာပနာဒမင်းသား အရွယ်ရောက်လာ၍ တက္ကသိုလ်မြို့တော်မှ ပညာရပ်အစုံ သင်ယူတတ်မြောက်လာသောအခါ ခမည်းတော် သုရုစိမင်းကြီးက သုမေဓာမိဖုရားကြီးနှင့် တိုင်ပင်၍ ထီးနန်းလွှဲအပ်ရန် အစီအစဉ်ပြု၏။ ထီးနန်းလွှဲအပ်ပွဲကျင်းပသောအခါ သားတော်အား ထီးနန်းအသစ်မှာ စံပျော်စေလို၍ ထီးသုံးနန်းသုံး ဗိသုကာပညာရှင်ကြီးတို့အား ထီးနန်းအသစ်ဆောက်လုပ်ရန် တာဝန်ပေးလိုက်၏။ ဗိသုကာပညာရှင်တို့ကလည်း ထီးနန်းအသစ်ဆောက်လုပ်ရေးအတွက် သင့်လျော်သည့် မြေနေရာကို ရွေးချယ်ကာ ဆောက်လုပ်ရေးလုပ်ငန်းစဉ်များ စတင်ကြ၏။

ထိုအချိန်မှာပင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာပူနွေးလာသဖြင့် အကြောင်းရင်းကို ကြည့်ရှုဆင်ခြင်ကာ ဝိသကြုံနတ်သားကို လူ့ပြည်သို့ စေလွှတ်လိုက်၏။ ညီတော်အာနန္ဒာ၏ အလောင်းလျာဖြစ်သော ဝိသကြုံနတ်သားသည် လူတို့ရပ်ဌာန်သို့ဆင်းလာခဲ့၍ ဗိသုကာပညာရှင်ကြီးများ ရွေးချယ်ထားသော မြေပြင်ပေါ်၌ လက်ထဲမှာပါလာသော တုတ်တံဖြင့်ရိုက်ခတ်လိုက်၏။ ထိုတစ်ခဏမှာပင် မြေကြီးထဲမှ ရွှေပြာသာဒ်ကြီးထိုးထွက်ပေါ်ပေါက်လာ၏။ ထိုပြာသာဒ်ကြီးမှာ အလျား (၉) ယူဇနာ၊ အနံ (၈) ယူဇနာကျယ်ဝန်း၍ အမြင့်မှာ (၂၅) ယူဇနာရှိပေ၍ ဘုံအဆင့်ပေါင်း (၁၀၀) ကျော်ပါဝင်ပေသည်။

ကျူထရံကာကျောင်းကလေးတစ်ဆောင်လှူဒါန်းခဲ့ရသောကုသိုလ်ကောင်းမှုကြောင့် ပေါ်ပေါက်လာခဲ့သော ရွှေဗိမာန်ကြီးတွင် မင်းသစ်မင်းပျို မဟာပနာဒမင်းသားအတွက် ရွှေပြာသာဒ်ကြီးသိမ်းမြန်းခြင်းမင်္ဂလာ၊ ထီးဆောင်းမင်္ဂလာနှင့် ထိမ်းမြားခြင်းမင်္ဂလာ ဟူသော မင်္ဂလာသဘင်သုံးရပ်ကို တစ်ပြိုင်နက်တည်း ကျင်းပလေရာ မင်္ဂလာပွဲတော်များ၏အစီအစဉ်တွေ၊ အခမ်းအနားတွေများပြားလှသဖြင့် (၇) နှစ်တာမျှ ကြာသွားရပါတော့သည်။

ထိုမျှလောက် အချိန်တွေကြာသွားခဲ့ရသော်လည်း ဖျော်ဖြေရေးသဘင်ပွဲများကိုတော့ အဆုံးမသတ်နိုင်သေးပါ။ ဤတွင် မင်္ဂလာပွဲများအတွက် ဗာရာဏသီမြို့တော်မှ လာခဲ့ရသူများက ကိုယ့်ရပ်ကိုယ့်ရွာပြန်ပါရစေဟု ခွင့်တောင်းကြ၏။

ဤတွင် ခမည်းတော် သုရုစိမင်းကြီးက -

"သည်းခံကြပါဦး ဆွေတော်မျိုးတော်တို့။ စံနန်းတော်ရွှေပြာသာဒ်ကြီးမှာ နေရာခုနစ်နေရာသတ်မှတ်ပြီးတော့ ကချေသည်အကျော်အမော်တွေနဲ့ ကပြဖျော်ဖြေလာခဲ့တာ အခုချိန် (၇)နှစ်တိတိ ပြည့်သွားပါပြီ။ ဒါပေမယ့် သားတော်မဟာပနာဒက အခုထိ မရယ်သေးဘူး။ ပြုံးရုံလေးတောင်မှ ပြုံးမပြသေးဘူး။ ဒါကြောင့် သားတော်မဟာပနာဒပြုံးလာရအောင်၊ ရယ်လာရအောင် နိုင်ငံတော်တစ်ခုလုံးမှာ အကျော်ကြားဆုံး သဘင်သည်ကြီးများနဲ့ ပျော်တော်ဆက်ဖို့ စီစဉ်ထားပါတယ်။ အဲဒီပွဲကြီးကို ဆက်ပြီးတော့ ရှုစားကြပေးကြပါဦး"

ဤသို့ တောင်းပန်စကားပြောကြားသဖြင့် ဆက်လက်၍ နေကြရပြန်၏။

www.burmeseclassic.com

အေးရွှေ(ဇီးကုန်း)

## ဆီးမှန်၊ ဝမ်းမှန်၊ စားကောင်းအိပ်ပျော်စေသည့်

# ရှောက်တစ်လုံးဆေး

လူတွင် ဆီးနှင့် ဝမ်းသည် အလွန်အရေးကြီးပေသည်။ ဆီး၊ ဝမ်းမမှန်လျှင် အဖွဲ့အစည်းများလွန်၍ အကြောအခြင်များ တင်းတောင့်ခြင်း၊ မျက်စိဝေခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မအီမသာဖြစ်ခြင်း၊ အစာကြေညက်မှုနည်းခြင်း၊ စားမဝင်ခြင်း၊ နှုတ်မမြိန်ခြင်း၊ အိပ်၍မပျော်ခြင်းများနှင့် အခြားဆိုးကျိုးများကိုဖြစ်စေပါသည်။

ဤကဲ့သို့သော ဝေဒနာမျိုးခံစားနေရသူများအတွက် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ယခင်ချောင်းကမ်းအုပ်စု (ယခု) ကန္တလီအုပ်စု၊ ပေါက်ပင်ဆိပ်ကျေးရွာတွင် နေထိုင်ခဲ့သည့် တိုင်းရင်းဆေးဆရာကြီး ဆရာကြီးဦးဖိုးရဲထံမှ ရရှိသော ဆေးနည်းလေးကိုလိုအပ်သူများ အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်ပါရန် သုရဿမဂ္ဂဇင်းကြီးမှ တစ်ဆင့် တင်ပြလိုက်ပါသည်။

လိုအပ်သောဆေးမည်များ -

၁။ ရှောက်သီးကောင်းကောင်းတစ်လုံး၊
၂။ ထန်းလျက် (ဆေးမချွတ်သော)အခဲ (၂၅)ကျပ်သား၊
၃။ စမုန်မျိုးငါးပါး (၁) ကျပ်သား၊

ရှောက်သီးကို ရေသန့်သန့်တွင် ဆေး၍ တစ်လုံးလုံးကို တွယ်ချိတ်သို့မဟုတ် အပ်ကြီးကြီးဖြင့် ခပ်စိပ်စိပ် အပေါက်ကလေးများထိုးဖောက်ပါ။

နောက် မြေအိုးအသစ်၌ ရေမတ်ခွက်တစ်လုံးထည့်ပြီး ၎င်းရှောက်သီးကို မီးအေးအေးဖြင့် ရေခန်းအောင်ပြုတ်ပါ။ ရေခန်းသည်နှင့် ရှောက်သီးလည်း နူးနပ်သွားပါပြီ။ (ပေါင်းအိုးဖြင့်ပေါင်း၍လည်း ရပါသည်။)

၎င်းရှောက်သီးကို အဝကျယ်ကျယ်လေလုံသည့် ဖန်ဘူးတွင်ထည့်ပြီး ထန်းလျက် (၂၅) ကျပ်သားကို ညောင်စေးကျအောင်ကျို၍ လောင်းထည့်ကာ ဇွန်းကြီးကြီးဖြင့်ထိုးထိုးပြီးမွှေပေးပါ။

အားလုံးသမလောက်လျှင် စမုန်မျိုးငါးပါးကို အမှုန့်ထောင်းပြီး ဖြူးထည့်ကာ အလုံပိတ်၊ စပါးတွင် (၇) ရက်မြှုပ်ထားပါ။ (၇)ရက်စေ့သည်နှင့် ထမင်းစားဇွန်းနှင့် အထက်ဖော်ပြပါ ဝေဒနာမျိုးခံစားနေရသူများ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့သုံးကြိမ် မှန်မှန်မှီဝဲသွားပါ။

နေ့စဉ် အချိန်မှန်မှန်မှီဝဲသွားပါက လေရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေနိုင်ပြီး ဆီးမှန်၊ ဝမ်းမှန်ဖြစ်လာကာ စားကောင်းအိပ်ကောင်းလာမည် ဖြစ်ပါသည်။

ဆရာကြီးဦးဖိုးရဲက ၎င်းဆေးသည် လိပ်ခေါင်းရောဂါနှင့်အကြောအခြင်သို့ ဒသွားအား၊ လေအားအလျှောက်နည်းရောဂါများအတွက်လည်း အထူးသင့်လျော်ကြောင်း ဆိုပါသည်။

အနီယာဟောဇ္ဇ
အေးရွှေ (ဇီးကုန်း)

---

မဟာပနာဒမင်းသားသည် နတ်ပြည်မှာတုန်းက တကယ့်အကျော်အမော်နတ်သဘင်သည်တို့၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုခံစားလာခဲ့ရသဖြင့် လူသားအချေသည်တို့ မည်မျှပင် ကြိုးစား၍ ကပြဖျော်ဖြေကြပါသော်လည်း နှစ်သိမ့်ကြည်နူးစွာ မခံစားရပေ။

သို့ဖြစ်၍ပင် ဘဏ္ဍုကဏ္ဍနှင့် ဗဏ္ဍုကဏ္ဍအမည်ရသော အတော်ဆုံးအတတ်ဆုံး သဘင်သည်ကြီးနှစ်ဦးတို့က လူ့ဘောင်လောကတွင် တစ်ကြိမ်တစ်မျှပေါ်လာခဲ့သော၊ ဖြစ်နိုင်ဖွယ်ရာမရှိသော ပြက္ခင်းပြကွက်များကို ပြသဖျော်ဖြေကြရ၏။ သို့ပါသော်လည်း မဟာပနာဒမင်းကတော့ ပြုံးရုံကလေးမျှ မပြုံးခဲ့ပါ။

မဟာပနာဒမင်းက မပြုံးနိုင်သေးသဖြင့် ဗာရာဏသီမြို့တော်က ပရိသတ်များမှာလည်း ပြန်ခွင့်မရကြသေးပါ။

ဤအရေးကို သိကြားမင်းသိလာ၍ နတ်သဘင်သည်အကျော်အမော်ကို စေလွှတ်ပေးပါမှ ပွဲတော်ကြီးပြီးဆုံးသွားပါတော့သည်။

မဟာပနာဒမင်းသည် ထိုရွှေပြာသာဒ်ကြီး၌ နှစ်ပေါင်းများစွာ အလွန့်အလွန်ကြာမြင့်စွာ စည်းစိမ်ချမ်းသာခံစား၍ ကွယ်လွန်သောအခါ နတ်ပြည်သို့ပြန်တက်လာခဲ့ပြန်၏။ သူကွယ်လွန်သွားပြီးသောအခါ သူ၏ ရွှေပြာသာဒ်ကြီးသည် ဂင်္ဂါမြစ်ကမ်းပါးပြိုရာ၌ပါဝင်၍ ပြိုလဲကျကာ ဂင်္ဂါမြစ်ထဲမှာ နစ်မြုပ်သွား၏။ မဟာပနာဒမင်း၏ ဆွေတော်မျိုးတော်များမှာ ရွှေပြာသာဒ်ကြီးကို မခွဲရက်နိုင်အောင် တပ်မက်စွဲလမ်းနေကြသဖြင့် ထိုပြာသာဒ်ကြီးရှိရာ မြစ်ရေထဲမှာပင် ရေသတ္တဝါများ ဖြစ်လာကြရလေသည်။

ထိုမဟာပနာဒမင်းသည် မြတ်စွာဘုရားပွင့်တော်မူလာသောအခါ အရှင်ဘဒ္ဒဇိ ဟူသောဘွဲ့တော်ဖြင့် ရဟန္တာပုဂ္ဂိုလ်တစ်ပါး ဖြစ်လာ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် အရှင်ဘဒ္ဒဇိ ပါဝင်သော ရဟန်းများစွာဖြင့် ဂင်္ဂါမြစ်ကို လှေနှင့်ဖြတ်ကူးတော်မူခဲ့ရာ ထိုရွှေပြာသာဒ်ကြီးရှိရာ အရပ်သို့ရောက်လာသည်တွင် -

"ဘဒ္ဒဇိ မဟာပနာဒမင်းဘဝတုန်းက သင်ခံစားခဲ့တဲ့ ရွှေပြာသာဒ်ကြီး အခု ဘယ်မှာရှိနေသလဲ"

ဟု မေးတော်မူသဖြင့် -

"အရှင်ဘုရား၊ ဒီနေရာမှာပဲရှိနေပါတယ် ဘုရား"

ဤသို့ အရှင်ဘဒ္ဒဇိက လျှောက်ထားပြီးလျှင် မိမိ၏ တန်ခိုးအားဖြင့် ထိုရွှေပြာသာဒ်ကြီး၏ ဦးထိပ်ဖျားကို ခြေမကြား၌ညှပ်၍ ကောင်းကင်သို့ ပျံတက်၍ပြ၏။

ဤတွင် ရွှေပြာသာဒ်ကြီး၌ သားစဉ်မြေးဆက်နေလာခဲ့ကြသော ရေသတ္တဝါတို့မှာ သေဘေးကို ကြောက်သဖြင့် ရေထဲသို့ သူထက်ငါ အလုအယက်ခုန်ဆင်းကြ၏။

ဤတွင် မြတ်စွာဘုရားက -

"ဘဒ္ဒဇိ၊ သင့်ဆွေတော်မျိုးတော်တွေ ပင်ပန်းကုန်ကြပြီ"

ဟု မိန့်တော်မူရ၏။

ဤတွင်မှ အရှင်ဘဒ္ဒဇိက ပြန်လွှတ်ချလိုက်ရာ ရွှေပြာသာဒ်ကြီးမှာ မူရင်းနေရာသို့ ပြန်ရောက်သွားလေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com



# ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်

(ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း)

ဘာသာပြန်-ဆရာမြဲဇေယျာလင်း

ကျွန်ုပ်သည် သူရဋ္ဌမဂ္ဂဇင်းကြီး၌ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်အကြောင်းကို ရေးသားဖော်ထုတ်ခဲ့ပါသည်။ ထိုဆောင်းပါးရေးသားပြီးနောက် စာဖတ်သူ ပရိသတ်များစွာ ကျွန်ုပ်ထံသို့ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းတစ်သွယ်၊ လူကိုယ်တိုင် ပည်းတစ်မျိုး စသဖြင့် ဆက်သွယ် မေးမြန်းစုံစမ်းနေခဲ့ကြသည်မှာ ယနေ့အချိန်ကာလထိပါပေ။ ဤကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်ကြီးအားများသောအားဖြင့် တယ်လီဖုန်းဆက်သွယ်မေးမြန်းကြသည်က များပါသည်။ ခက်သည်က ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်အား ဖုန်းဖြင့်ပြန်ဖြေရန် မလွယ်ကူခြင်းပါ။ အကြောင်းမှာ ကျွန်ုပ်သည် ဓာတ်ခန်းဖွဲ့၍ အချိန်ပြည့်ဟောပြောလုပ်စားနေသည်မဟုတ်။ ကုမ္ပဏီတစ်ခု၏ အထွေထွေမန်နေဂျာတစ်ဦးအဖြစ် လုပ်ကိုင်နေသူတစ်ဦးဖြစ်လေရကား အလုပ်တာဝန်ကြီးလေးသကဲ့သို့ အလွန်လည်း အလုပ်များပါသည်။ ထို့အပြင် မကြာခဏလည်း ခရီးထွက်ရလေ့ရှိရကား အချိန်မပေးနိုင်ခြင်းကလည်း အကြောင်းတစ်ခု။ ထို့အပြင် ဤကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်ကို အကြမ်းပြောလျှင်ပင် အနည်းဆုံး (၂၀) မိနစ်မှ (၃၀) မိနစ်အထိ ကြာနိုင်ပေသည်။ စိတ်ရှည်လက်ရှည် အကျိုးနှင့်အကြောင်းသင့်ရှင်းလင်းပြောရပါလေမူကား မိနစ် (၄၅) ခန့်အနည်းဆုံးကြာနိုင်ပေသည်။ ဤအခြေအနေကို ကျွန်ုပ်ထံလာရောက်တွေ့ဆုံခဲ့ဖူးသူအပေါင်း ကောင်းကောင်းသိကြသည့်အပြင် ဘဝင်ကျ ကျေနပ်လက်ခံသွားကြသည်ချည်းပင်။ ကျွန်ုပ်နှင့် ထိုသို့တွေ့ဆုံဖူးသူအပေါင်းများစွာပင် ကျွန်ုပ်နှင့်တွေ့ဆုံပြီးနောက် သူတို့ကို ဖုန်းမှတစ်ဆင့် ကျွန်ုပ် အဘယ်ကြောင့် ပြန်မဖြေနိုင်ကြောင်း သိရှိနားလည်သွားကြသည့်အပြင် ကျွန်ုပ်ကို ဖုန်းနှင့်သူတို့မေးမြန်းခဲ့မိသည့်ဖြစ်အင်အတွက်ကိုပင်လျှင် အားနာသွားတတ်ကြပါပေသည်။

"ဪ-ဆရာရယ်၊ ဆရာနဲ့တွေ့မှပဲ ကျွန်တော်/ကျွန်မတို့သဘောပေါက်တော့တယ်။ ဖုန်းနဲ့ဆရာဘယ်လူအများကြီးကိုပြောနိုင်ပါ့မလဲ။ ဆရာအခုရှင်းပြပြောပြတော့မှ ကျွန်တော်/ ကျွန်မတို့သည် ကတ္တီပါဖိနပ်စီးဓာတ်အစီအရင်ဟာ ဘယ်လောက်လေးနက်မှုရှိတယ်၊ ဘယ်လောက် စနစ်တကျလုပ်ရတယ်၊ ဘယ်လောက် အကျိုးအကြောင်းခိုင်လုံတယ်ဆိုတာ သိရှိသွားရတာကို ပိုပြီးလေးလေးနက်နက် ယုံကြည်တယ်။ သဘာဝကျလို့ဖြစ်နိုင်တယ်၊ ထူးနိုင်တယ်ဆိုတာ ယုံပြန်ပါတယ်ဆရာ။ ဆရာခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်မှာပါဆရာ။ ဆရာနဲ့တွေ့မှမသိတာတွေလည်း ပိုသိလာရတယ်ဆရာ။ ကျေးဇူးတင်ပါတယ်"

သည်စကားတွေက ကျွန်ုပ်ထံလာရောက်တွေ့ဆုံလျက် ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်ကို လိုချင်၍ လာရောက်ကြသူအပေါင်း အများစုပြောသွားလေ့ရှိသောစကားများကို ခြုံငုံ၍ ကျွန်ုပ်တင်ပြရခြင်းပါ။ သူတို့စကားသံကိုကြည့်လျှင် ကျွန်ုပ်၏ ဤကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်သည် မည်မျှကျိုးကြောင်းခိုင်လုံပြီး နည်းစနစ်ကျနသည်ကို ဖာရှူသူတို့ ရိပ်စားမိလောက်ပါသည်။

ဤလောကတွင် လူသားတို့သည် မိမိတို့၏ အလုပ်အကိုင်၊ အကြံအစည်၊ လိုအင်ဆန္ဒမှန်သမျှတို့ကို ပြီးပြည့်စုံအောင်မြင်ရရှိရန်အတွက် နည်းအမျိုးမျိုးဖြင့် ကြိုးစားလုပ်ဆောင်နေကြပါသည်။ သို့သော် လုပ်တိုင်းမဖြစ်၊ ဖြစ်တော့လည်း ကျေနပ်လောက်ဖွယ်မရ။ ကိုယ်က အခက်အခဲဆူးငြောင့်ခလုတ်ကန်သင်းတွေနှင့် ကြုံတွေ့ရပြီး အလုပ်အကိုင်အကြံအစည်များဖုထစ်လေးကန်မှုမိန်နေချိန် သူတကာတွေက အလုပ်အကိုင်၊ အကြံအစည်တွေ အဆင်ပြေချောမွေ့ပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနေကြရသောအခါ ကိုယ့်မှာ စိတ်အားတွေငယ်လာရသည်။ စေတနာကောင်းလျှင် ကံကောင်းမည် ဆိုသော်လည်း နောက်တော့ကောင်းမည်ကားမှန်၏။ ယခုတော့ အခက်တွေ့နေရပြီ။ အလုပ်ပဲ လုပ်လျှင်ဖြစ်မှာပေါ့ ဆိုတော့ လုပ်ကြည့်သည်၊ မဖြစ်။ စိတ်ညစ်ရသည်။ သည်လိုအခြေအနေမျိုးတွေမှာ လူတွေအားကိုးရှာကြသည်။ ထိုအခါ ဗေဒင်၊ နက္ခတ်၊ ဂါထာ မန္တန်၊ အင်း၊အိုင်၊ ခါးလှည့် လက်ဖွဲ့၊ ဆေးဝါး တတ်မြောက်သော လောကီပညာရှိများထံ ချဉ်းကပ်လျက် အကူအညီတောင်းခံကြသည်။ အဆင်ပြေသွားသည်လည်းရှိသည်၊မပြေသည်လည်းရှိသည်။

တကယ်တော့ လူတိုင်း မိမိတို့အလုပ်အကိုင်၊ အကြံအစည်၊ လိုအင်ဆန္ဒများပြည့်ဝအောင်မြင်ရန် ကံ၊ ဉာဏ်၊ ဝီရိယကို အားကိုးရသည်။ ဤနေရာ၌ ကံသည်ပြုပြင်ပြောင်းလဲ၍ရသည်လည်းရှိသည်၊ မရသည်လည်းရှိသည်။ ရသည်၊ မရသည်ကိုကား ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဈာန်အဘိညာဉ်ရရဟန္တာပုဂ္ဂိုလ်၊ သူတော်စင်များသာသိနိုင်သည့်အရာပါ။ မိမိကံသည် ပြုပြင်၍ရသည်၊ မရသည်ကိုထားကံအတိုင်းပါပဲကွာဟူ၍ လက်မြှောက်အရှုံးပေးပြီး ခေါင်းထိုး၍ပေခံပါမည်လား။ ထိုကံကိုပေခံမည့်အစား ထိုကံကိုကျွန်ုပ်တို့ဉာဏ်ဝီရိယစိုက်ထုတ်ကြိုးစားပြုပြင်ကြည့်ရပါမည်။ ထိုသို့ ကံကိုပြုပြင်



www.burmeseclassic.com

www.burmeseclassic.com

၌ လောကီပညာစာတ်ယတြာအစီအရင်နည်းများစွာရှိကြပါသည်။ ပညာရှိများသည် မိမိတို့ ဆည်းပူး လေ့လာထားအပ်သော ဓာတ်ယတြာပညာများဖြင့် မိမိတို့ထံ ချဉ်းကပ်အကူအညီတောင်းခံလာသူများအား ကူညီစောင့်ရှောက်လေ့ရှိကြပါသည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုဘိသကဲ့သို့ မဟာသမုဒ္ဒရာသဖွယ် အပြောကျယ်လှသော လောကီပညာရပ်နယ်၌ ဓာတ်ယတြာအစီအရင်နည်းပေါင်းများစွာ ရှိနေကြပါသည်။ သူ့နည်းသူ့ဟန်၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကိုယ်သန်ရာ၊ ကိုယ်ကျွမ်းကျင်ရာနည်းအသီးသီးတို့ဖြင့် စီမံဆောင်ရွက် ကောင်းကျိုးတတ်အောင် လုပ်ဆောင်နေကြပါလေသည်။ ဥပမာဆိုကား နဝင်းစီးဓာတ်ယတြာ၊ ဓာတ်ကြီးလေးပါးဆွဲမ်း၊ အမြစ်ရေလောင်း၊ ဆီမီးညှိ၊ ရွှေချ၊ အညွန့်ပန်းတင် စသဖြင့် အပြည့်မကုန် စုံလင်အောင်ရှိနေကြပါသည်။

ယခု ကျွန်ုပ်၏ 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း' ဓာတ်အစီအရင်ကား စင်စစ်မှာဘုရားအား ကတ္တီပါဖိနပ်တော်၊ ရွှေထီးတော်များ ဖြန့်ကြက်မိုးကာ ပူဇော်ခြင်းဖြင့် ထိုကုသိုလ်ကို အခြေခံ၍ 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း' အတိတ်တကောင်း နိမိတ်ဆောင်၍ မိမိသည်လည်း ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းသကဲ့သို့ ဘုန်းကျက်သရေ အပေါင်း၊ စီးပွားဥစ္စာရတနာရွှေငွေအပေါင်းတို့၌ ပြီးပြည့်စုံသောဘဝမျိုးသို့ လျင်မြန်စွာ ရရှိရောက်ရှိရလေအောင် လုပ်စီရင်အပ်သော ဓာတ်အစီအရင် တစ်ခု ဖြစ်ပေသည်။ အသေးစိတ်မှာ အလွန်ပင်လျှင် အနုစိတ်ရှည်လျား ပြောပြလှပေသည်ကို လည်းကောင်း၊ ၄င်း၏ ကျိုးကြောင်းညီညွတ် ဆီလျော်သည်ကို လည်းကောင်း ကျွန်ုပ်ထံ လာရောက် တွေ့ဆုံဖူးသူများအားလုံး ကောင်းစွာ သိရှိကြပါလေသည်။

ကျွန်ုပ်သည် စီရင်နည်း အသေးစိတ်ကို ယနေ့တိုင် ရေးသား ဖော်ပြခြင်း မပြုခြင်းမှာ တန်ဖိုးကြီးမားသောအရာကို လွယ်လွယ်ကူကူပေးလျှင် လူတို့သဘော တန်ဖိုးမထားတတ်ကြပါချေ။ ထိုသို့ တန်ဖိုးမထားလေသည်နှင့်အမျှ ထိုအရာ ကောင်းစွာ ဆောင်ယူလုပ်ဆောင် ခြင်းမရှိတော့ဘဲ ပေါ့ပေါ့တန်တန် ဆောင်ထားခဲ့ပါက ထိုဓာတ်အစီအရင် သည်လည်း ထိရောက် ပေါက်မြောက်ခြင်းမရှိ။ အကျိုးမဖြစ်ထွန်း။ ထိုသော အခါ၌ ပေးရသူလည်း အချိန်ကုန်လူပန်း၊ ယူသွားသူလည်း အကျိုးမရှိ။ ပညာလည်း အချည်းနှီးတန်ဖိုးမဲ့ရလေတော့သည်။ ဤနေရာ၌ စာဖတ်သူများကို အလေးအနက်ထားပြောလိုသည်မှာ မည်သူကပေးသည့် ဓာတ်ယတြာအစီအရင်ဖြစ်စေ (ပညာသိမှန်ပါက) လိုအပ်သော အကြောင်းအချက်၊ အချိန်အခါ၊ လုပ်ဆောင်ပုံနည်းနိသျရည်းများအတိုင်း ချို့ယွင်း ဟာကွက်မရှိစေဘဲ တိကျသေချာ စနစ်တကျစွာ လုပ်ဆောင်ဖို့ လိုအပ်ပါလေသည်။ မလုပ်ချင်လျှင် မလုပ်နှင့်။ မလုပ်နိုင်သေးလျှင် မလုပ်နှင့်ဦး။ လုပ်ပြီဆိုလျှင်တော့ အလွန်သေချာ စေ့စေ့ သတိပြုလျက် စနစ်တကျ လုပ်ဆောင်ဖို့ လိုအပ်ပါပေသည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထုတ် သူရဋ္ဌမဂ္ဂဇင်းကြီး၌ ကျွန်ုပ်ရေးသား တင်ပြခဲ့သော 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း'ဓာတ်အစီအရင် ပေါ်ထွက်လာပြီးနောက် အထက်တွင်ဆိုခဲ့သည့်အတိုင်း အနယ်နယ်အရပ်ရပ်မှ အမှန်တကယ် တန်ဖိုးထား လိုလားစွာ ဆောင်ယူလုပ်ကိုင်လိုသောသူများ မြောက်မြားစွာ ကျွန်ုပ်ထံ လာရောက် တွေ့ဆုံလျက် 'ဤကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်းဓာတ်အစီအရင်ကြီးကို လာရောက် တောင်းခံကြပါသည်။ထိုပရိသတ်များတွင် ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်ကိုအပထားလျက် အဝေးရပ်ဌာနေများဖြစ်သောမြစ်ကြီးနား၊ မုံရွာ၊ ပြင်ဦးလွင်၊ မန္တလေး၊ နေပြည်တော်၊ ပုသိမ်၊ မော်လမြိုင်၊ ဟသ်ာတ၊ မြန်အောင် စသော ရပ်ဝေးမြို့ရွာများမှပင် လာရောက်ကြပါသည်။ ထိုကြားထဲကမှ အချို့က -

"ဆရာဇေယျာလင်းလားခင်ဗျ"

"ဟုတ်ပါတယ်"

"ဒီလိုပါဆရာ၊ သူရဋ္ဌမဂ္ဂဇင်းထဲမှာ ဆရာရေးထားတဲ့ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်လိုချင်လို့ပါဆရာ"

"ဟုတ်ကဲ့ - ပြောပါဗျာ"

"အဲတာ ဆရာဖုန်းနဲ့ပြောပေးလို့ ရမလားခင်ဗျ"

"နေပါဦး၊ ခင်ဗျားကဘယ်မှာနေတာမို့တုံး"

"ကျွန်တော်က လာရမှာဝေးလို့ပါဆရာ။ ဆရာကဘယ်မှာနေပါသလဲ"

"ကျွန်တော်က ဘုရင့်နောင်ပွဲရုံတွေနားမှာပါ။ ခင်ဗျားက ဘယ်မှာနေတာမို့တုံး"

"ကျွန်တော်က တောင်ဒဂုံကပါဆရာ"

ကိုင်း - ထိုအဖြစ်ကိုသာကြည့်ပါတော့။ မြစ်ကြီးနား စသည့်မိုင်ပေါင်းများစွာဝေးသောအရပ်ဒေသများကပင်လျှင် လာရောက်နေကြသည်ကို တောင်ဒဂုံကလူကဝေးလို့ပါဆိုတော့ ကျွန်ုပ်မည်သို့ပြောရပါမည်နည်း။ လာလိုလျှင် အနီးလေး၊ မလာလိုလျှင် ခရီးဝေး။ စိတ်ရှိကကန့်ဘလူ၊ စိတ်မရှိက ကြက်သွန်ဖြူပါတဲ့။ တကယ်လိုချင်သူတွေက ဘယ်လောက်ဝေးဝေး မဖြစ်ဖြစ်အောင်လာကြသည်လေ။ ထိုသို့ ကြိုးစားပမ်းစားလာကြသူများကို ကျွန်ုပ်ကလည်း ကရုဏာသက်ကာ သေသေချာချာ ရှင်းပြပြောပြလိုက်ပါသည်။ ဘဝင်ကျနှစ်ခြိုက်ပြီး ယုံကြည်သဒ္ဓါအားဖြင့် စနစ်တကျကြိုးစားပမ်းစားလုပ်ချင်အောင်ပြောပြပေးပါသည်။

ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံကြရာတွင် ထိုသို့ အလွန်ဝေးလံသောအရပ်ဒေသများမှပင်လာရောက်ကြသည့်အပြင် လာရောက် တွေ့ဆုံသူ လူတန်းစားများကလည်း စုံလင်လှပါသည်။ အဆင့်မြင့်စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ ဆရာဝန်၊ ရှေ့နေ၊ တရားသူကြီး၊ ဌာနဆိုင်ရာအရာရှိ၊ ဝန်ထမ်းများ၊ ကုန်သည်ပွဲစား၊ ကုမ္ပဏီပိုင်ရှင်များမှသည် လက်လုပ်လက်စား ဆင်းရဲသူများအထိ ပါဝင်ကြပါသည်။ သူတို့သည် အမှန်ပင်ယုံကြည်လေးစားစွာလာရောက်တောင်းဆိုခံယူကြသလို ကျွန်ုပ်ကလည်း စေတနာမေတ္တာအပြည့်ဖြင့် ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောပြ ဘဝင်ကျအောင်ဆောင်ရွက်ပေးလိုက်သည်။ သူတို့ကလည်း တကယ့်ကို လေးလေးစားစားယုံယုံကြည်ကြည်ဖြင့်ပြောသည့်အတိုင်း တကယ်လုပ်ကြသည်။ တကယ်လုပ်တော့လည်း တကယ်ဖြစ်ကြပါလေသည်ပေါ့။ ခြွင်းချက်အားဖြင့် မိန်းမက ဆန္ဒရှိ၍လာတွေ့သော်လည်း ဝတ်ကျေတန်းကျေလိုက်လာပေးသည့် လင်သား၊ ယောက်ျားက ယုံကြည်အားထား၍လာသော်လည်း အပိုတွေပါဟုထင်နေပုံရှိခဲ့သော ဇနီးမယား စသည်တို့လည်း ကျွန်ုပ် တကယ်ရှင်းပြပြောပြ အကျိုးအကြောင်းတွေနှင့် နည်းပေးလမ်းပြလိုက်သောအခါ ထိုထိုသော အပိုထင်ထားသည့်အဖော် ဇနီးမယား၊ လင်သားဆိုသူတို့လည်း လေးစားသက်ဝင် ယုံကြည်

www.burmeseclassic.com

သွားကြသည်ချည်းသာ။

ဤမှုများပြာသောပရိသတ်များထံမှ ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခတ်အစီအရင်၏အကျိုးကို မည်သူတွေမည်မျှရကြပါသနည်းဆိုသည်ကို ကျွန်ုပ်ပြောပြချင်ပါသည်။ အကြောင်းမှာ အချို့က ဟုတ်ကောဟုတ်ရဲ့လားဟု မိုးပြောကျိုးပြော ဘေးပြောသည်များလည်းရှိသည်ဟု ကျွန်ုပ်တစ်စွန်းတစ်စကြားသိရလေခြင်းကြောင့်ပါပေ။ ဤသို့ ရေးပြခြင်းသည် ကျွန်ုပ်ကိုယ်ကျွန်ုပ်ကြွေးကြော်ပြနေခြင်း မဟုတ်။ ဤကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းခတ်အစီအရင်ကို ကျွန်ုပ်ဝေမျှပေးနေရခြင်းမှာ ကျွန်ုပ်တတ်နိုင်သောနည်းဖြင့်သာ သာသနာပြုနေခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် ကိုယ်တိုင်လည်း ကုမ္ပဏီ၏ရာထူးတာဝန်ကြီးရရှိလုပ်ကိုင်နေရလင့်ကစား ဝန်ထမ်းသာဖြစ်သဖြင့် ငွေကြေးပြည့်စုံချမ်းသာသူ မဟုတ်လေရကား ကျွန်ုပ်၏ တတ်ကျွမ်းသော ပညာဖြင့်သာ သာသနာပြုခြင်းကို ဆောင်ရွက်နိုင်ပေသည်။

ကျွန်ုပ် သာသနာပြုပုံကား -

၁။ ကျွန်ုပ်ထံ 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းခတ်အစီအရင်လာရောက်တောင်းခံသူများအား ဤကျွန်ုပ်၏ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းခတ်အစီအရင်ကိုရယူပြီး လုပ်ငန်းစီးပွား၊ အကြံအစည်များ အောင်မြင်ပါက ဒါန၊ သီလ၊ ဘာဝနာကောင်းမှုကုသိုလ်တို့အား တိုးပွားလုပ်ဆောင်ပါမည်ဟု ကတိပြုခိုင်းခြင်း။

၂။ ကျွန်ုပ်၏ခတ်အစီအရင်လုပ်ငန်းစဉ်တွင် သီလဆောက်တည်ရသဖြင့် သီလကုသိုလ်ရစေခြင်း။

၃။ အောင်ဂါထာ 'အောင်မန္တန်များဖြင့် ဘုရားကို အဓိဋ္ဌာန်မြောက်ပူဇော်ရသဖြင့် ဗုဒ္ဓါနုဿတိဘာဝနာပွားများခြင်းမှ ဘာဝနာကုသိုလ်ရစေခြင်း။

၄။ မြတ်စွာဘုရားအား ကတ္တီပါဖိနပ်၊ ရွှေထီးမြတ်၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ရခြင်းကြောင့် ဒါနကုသိုလ်ရစေခြင်းတို့ကြောင့် လူအများတို့ကို ဘုရားရှင်အလိုတော်ကျ ဒါန၊ သီလ၊ 'ဘာဝနာကုသိုလ်မှုတို့ အလိုလိုပြုစေပြီးဖြစ်သောကြောင့် ဤနည်းများဖြင့် ကျွန်ုပ်သည် သာသနာပြုလုပ်ငန်းများကို လုပ်ဆောင်နေပြီး ဖြစ်နေပါသည်။

ဤကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်းခတ်အစီအရင်ကို ဆောင်ယူကြသူများအနက်မှ ကျွန်ုပ် လက်လှမ်းမှီသိရှိရပြီး ဖော်ပြရန် သဘောတူထားသူများ၊ ဖော်ပြ၍လည်း ပြဿနာမဖြစ်လောက်သည့် ကျွန်ုပ်၏ လူရင်းပရိသတ်အချို့၏ ထူးခြားစွာ အကျိုးသက်ရောက် ခံစားရရှိခဲ့ပုံအချို့ကို ဖော်ပြပါမည်။

သူ့ကို ဦးရွှေတိုးဟု ခေါ်ပါသည်။ သူသည် ကျွန်ုပ်၏လူရင်းတစ်ဦးဟုပြောရမည့်သူပါပေ။ လွန်ခဲ့သော(၂)နှစ်ခန့်က ဂျပန်ရောက်နေသူ သမီးဖြစ်သူအား လူပြုစားသလိုလို၊ မကောင်းဆိုးဝါးဖိစီးနှိပ်စက်ခံနေရသလိုလိုဖြစ်နေရာမှ ကျွန်ုပ်ရေးသားအပ်သော သူရဇ္ဇမဂ္ဂဇင်းပါ အင်းစမပညာဆောင်းပါးအချို့ကို ဖတ်ရှုရပြီးနောက် မဂ္ဂဇင်းတိုက်မှပင်တစ်ဆင့် ကျွန်ုပ်ထံ ဆက်သွယ်လာခဲ့ဖူးသူ ဖြစ်လေသည်။ အကျဉ်းအားဖြင့် ကျွန်ုပ်၏ပညာဖြင့် ကူညီပေးလိုက်သည့် သမီးဖြစ်သူ နေကောင်းကျန်းမာအနှောင့်အယှက်တွေကင်းကွာသွားလေပြီးသည့်နောက် ကျွန်ုပ်၏ မိတ်ရင်းလူရင်းတစ်ဦးဖြစ်ခဲ့ပါသည်။

ထိုသည့်နောက် ကျွန်ုပ်ထံမှ ဤကတ္တီပါဖိနပ်စီး၊` ရွှေထီးဆောင်းခတ်အစီအရင်ကို ဆောင်ယူစီရင်လုပ်ကိုင်ခဲ့ပါသည်။ ထိုသို့ လုပ်ကိုင်ပြီးတစ်လခန့်အကြာ သူ့အပြောအရ ငွေကြေးလက်ထဲမရှိဘဲ ကားတစ်စီးကို ပေါ်ချောင်ကောင်းရခဲ့သည်ဟုဆိုပါသည်။ (ထိုကားဖြင့် မကြာခဏ ကျွန်ုပ်သွားလိုရာကို ပို့ပေးတတ်ပါသည်။) သူ့ယုံကြည်ချက်က ဘုရားကို ကတ္တီပါဖိနပ်လှူဒါန်းသဖြင့် ထိုကားကို သူလွယ်ကူစွာရရှိသည်ဟု ယုံကြည်ကြောင်း ဆိုခဲ့ပါသည်။ ထို့ထက် အံ့သြဖွယ်ကောင်းသည်ကား သူသည် ယခင် ဆင်မင်းဈေးအနီး မင်္ဂလာဆင်မင်းအိမ်ရာ၌ငှားနေရာမှ ယခု လှိုင်မြို့နယ်တွင်း ရွာမကွေ့အနီး၌ ကျွန်ုပ်အထင် (၂၀'×၄၅') ရှိ တိုက်ခန်းများကို (၄)လွှာလေးခန်းဝယ်ယူပိုင်ဆိုင်ရရှိသွားခြင်းပင်ဖြစ်ပါလေသည်။ ထိုအိမ်တက်မင်္ဂလာအခမ်းအနားကိုဖိတ်သဖြင့် ယမန်နှစ်နိုဝင်ဘာလက ကျွန်ုပ်ကိုယ်တိုင် သွားရောက်ခဲ့ရပေသေးသည်။ ယခု ထိုအိမ်တိုက်ခန်းများတွင် Tokyo Myanmar Trading Co.Ltd မှုသော (ဂျပန်များနှင့်ဆက်စပ်ကုမ္ပဏီတစ်ခုဖြစ်သည်)ကုမ္ပဏီလုပ်ငန်းတစ်ခုနှင့် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုကိုပါ ဖွင့်လှစ်ထားပါလေသည်။

နောက်တစ်ဦးကား သီဂီဆိုသော မိန်းကလေးတစ်ဦး။ သူမသည်လည်း တွေ့ကြုံနေရသော အခက်အခဲကြောင့် ကျွန်ုပ်အား ဖုန်းအကြိမ်ကြိမ်ဆက်ကာ တွေ့ဆုံခွင့်တောင်းခဲ့သူဖြစ်၏။ သူမ၏ အခက်အခဲကား အလုပ်လက်မဲ့ဖြစ်နေခြင်းပင်။ သူမသည် စာရင်းကိုင်အဖြစ် ကုမ္ပဏီအချို့မှာ လုပ်ကိုင်ခဲ့ပြီးနောက် အကြောင်းကြောင်းကြောင့် လုပ်ငန်းမှ နားကာ (၈)လ၊ (၁၀)လခန့်ထိ အလုပ်ရှာဖွေနေခဲ့ရရှာသည်။ အဆောင်လည်း ငှားနေရသည်ဖြစ်ရာ အလွန်အခက်အခဲကြုံခဲ့ရသောကာလများဖြစ်ခဲ့လေသည်။ သူမအပြောအရ အလုပ်များလျှောက်ခဲ့ရာ အင်တာဗျူးပင်အခေါ် မခံရ။ (Short list ၌ပင်တစ်ခါမှမပါခဲ့ဆိုပါသည်)ချေ။ ထို့ကြောင့် ကြာတော့ စိတ်အားငယ်လာသည်။ သို့နှင့် ကျွန်ုပ်ရေးထားသော ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းခတ်အစီအရင်ဆောင်းပါးအား ဖတ်မိသည့်အပြင် ကျွန်ုပ်၏ အင်းစမပညာရပ်ဆောင်းပါးများကိုလည်း ဖတ်ဖူးခဲ့လေသဖြင့် ကျွန်ုပ်ထံအားကိုးတကြီးဆက်သွယ်ခဲ့ကြောင်း၊ အခြားခတ်ယတြာပညာရှိများနှင့် တွေ့ဆုံခဲ့ရာတွင်လည်း သူတို့တောင်းဆိုသော ဉာဏ်ပူဇော်ခအခကြေးငွေများကိုမတတ်နိုင်ကြောင်းများကို နောင်အခါ ပြောပြခဲ့ပါသည်။

ဤသို့ဖြင့် နောက်ဆုံး ကျွန်ုပ်ထံမှ ကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်းခတ်အစီအရင်နည်းကိုယူသွားသည့်အပြင် ကျွန်ုပ် သူမအား အရေးပေါ် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ခိုင်းခဲ့ရာ ကျွန်ုပ် မှတ်မိသလောက် ကျွန်ုပ်နှင့်တွေ့ပြီး (၂) ပတ်ခန့်အကြာ တစ်ခုသောနံနက်၌ -

"ဆရာ၊ ဆရာ့ကို သီဂီဝမ်းသာစရာစကားပြောရဦးမယ်။ ခု သီဂီ NGO အဖွဲ့အစည်းတစ်ခုနဲ့ Interview လုပ်ပြီးပြီ ဆရာ။ သီဂီတောင်းထားတဲ့လစာ (Salary) ကိုညှိဖို့ပဲကျန်ပါတော့တယ်"

ဟု ကျွန်ုပ်ထံဖုန်းဖြင့်သတင်းပေး လာခဲ့ပါသည်။

အချုပ်ဆိုသော် ထိုအခါမှစ၍ သီဂီတစ်ယောက် တစ်လလျှင် USD800 နှုန်းဖြင့် လစာရရှိသော Accountant အလုပ်ကိုရရှိသွားခဲ့ပါလေတော့သည်။

တရားသူကြီးမှ တရားခံဖြစ်သွား[illegible] သူတစ်ယောက်လည်း ကျွန်ုပ်ကြုံတွေ့[illegible] ရပါသည်။ သူမသည် ယခင်က မြို့နယ်[illegible] တရားသူကြီးတစ်ဦး။ ထိုမှ အမှုအခင်း[illegible] ကိစ္စတစ်ခုအမှားအယွင်းကြောင့် အ[illegible] ရာထူးတာဝန်မှ နုတ်ထွက်လိုက်ရသည့် အပြင် အမှုအခင်းကို တရားဆိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသည်မှာ (၁) နှစ်ကျော်ကျော်သို့ရှိပြီ ဖြစ်သည်။သူမ၏အမည်ကို ဒေါ်မူမူတင် ဟု ခေါ်ကြပါစို့။ (ကာယကံရှင်၏ဂုဏ် သိက္ခာကိုငဲ့ကွက်လျက် အမည်နာမကို လွှဲပြောင်းထားခြင်းအား ခွင့်ပြုကြစေလို သည်။) ယခုနေသည်က ရန်ကုန်မှာ။ အမှုဆိုင်အတွက် တရားသွားရင်ဆိုင်ရ သည်က အလွန်ဝေးသောမြို့တစ်မြို့မှာ။ တရားသူကြီးကနေ တရားခံဖြစ်နေရ သည့်အပြင် ကိုယ်စားအမှုရင်ဆိုင်ရန် ရှေ့နေကိုပါငှားထားရရှာသူဖြစ်ပါသည်။

"သည်အမှုအတွက် ကျွန်မအရမ်း စိတ်အနှောင့်အယှက်ဖြစ်နေရပါပြီဆရာ။ ဒါကြောင့် ဆရာ့ကတ္တီပါဖိနပ်စီး၊ ရွှေထီး ဆောင်းဓာတ်အစီအရင်ကိုရရင် တစ်ခုခု တော့ထူးခြားမလားလို့ပါ။ ကျွန်မကိုကူ ညီပါဆရာ"

သူမ၏အားကိုးတကြီးတောင်းဆို ကြောင့် ကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်း အစီအရင်လုပ်ဆောင်နည်းအသေးစိတ် ကို ကျွန်ုပ်ပြောပြလိုက်သည်။ ထိုဓာတ် အစီအရင်မှာ တစ်ခါတစ်ရံ ရက်အချိန် အခါကောင်းကို စောင့်ရတတ်ရာ အချို့ က တစ်လခန့်ကြာမှ ရက်ကောင်းရက် မြတ်ရတတ်သည်။ ဒေါ်မူမူတင်မှာလည်း နည်းတူ · ကတ္တီပါဖိနပ်စီး၊ ရွှေထီး ဆောင်းဓာတ်အစီအရင် လုပ်ဆောင်ရန်၊ ခွင့်မြတ်သည့်ရက်မြတ်ချိန်ခါကျရောက် ရန် အချိန်အတန်ပင်လိုနေသေးသဖြင့် ထိုကြားကာလ၌ အရေးပေါ် လုပ်ဆောင် ရန် အခြားဓာတ်ယတြာများကိုကြားဖြတ် လုပ်ဆောင်ရန် ကျွန်ုပ် လမ်းညွှန်ပေး လိုက်ပါသည်။ သို့နှင့် ကျွန်ုပ်မှတ်မိ သလောက် သုံးလခန့်အကြာ -

"ဆရာ တြိရတနာဆရာဇေယျာ ကောင်းသားရှင့်။ ကျွန်မ မူမူတင်ပါ။ မှတ်မိ သေးရဲ့လားမသိဘူး ဆရာ"

"ဪ - မှတ်မိပြီ ဟိုအမှု. . ."

"ဟုတ်ပါတယ် ဆရာ၊ အဲဒီအမှု အကြောင်းပြောမလို့ပါဆရာ။ အခုလေ ဝမ်းသာစရာပါ ဆရာ၊ အမှုကိစ္စပြီး သလောက်ဖြစ်သွားတဲ့အကြောင်းသတင်း ပေးတာပါဆရာ။ ကျွန်မလေ ဆရာ့ကို အရမ်းကျေးဇူးတင်ပါတယ်ဆရာ။ ဆရာ့ ဆီ ကျွန်မလာတွေ့ပါဦးမယ်"

အခြေအနေကတော့ ထိုကဲ့သို့ ကောင်းမွန်သွားပါလေပြီ။ သို့သော် ဒေါ်မူမူတင်ကား ယခုအထိ အရိပ် အယောင်ပင်မမြင်ရလေတော့။ သို့သော် ကျွန်ုပ်ဝမ်းသာကျေနပ်မိပါသည်။

ယခု ဖော်ပြထားခဲ့သည်များကား ကျွန်ုပ်၏ကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်း ဓာတ်အစီအရင်အား ဆောင်ယူစီရင်ခဲ့ ကြသူများစွာအနက်မှ ကျွန်ုပ်လက်လှမ်း မီသိရှိရသောသူများအနက်မှ ၎င်းတို့၏ အဖြစ်အပျက်များကိုဖော်ပြခွင့်ကြုံသော သူများ၊ ဖော်ပြ၍လည်း ပြဿနာမဖြစ် နိုင်သူများ၏လက်တွေ့၊ တွေ့ကြုံကြရ သည်များမှအချို့ကို ကောက်နုတ် ဖော်ပြ လိုက်ခြင်းသာ ဖြစ်ပါသည်။ အခြား အတွေ့အကြုံထူးခြားချက်များလည်းရှိ ပါသေးသည်။

သို့သော် လွန်ခဲ့သော (၂) လခန့် က သူရဋ္ဌမဂ္ဂဇင်း စာတည်းချုပ် ဆရာ ဦးအောင်မြတ်မှ -

"ဆရာရေ ကတ္တီပါဖိနပ်စီးရွှေထီး ဆောင်းဓာတ်အစီအရင်အကြောင်းက ဆောင်းပါးတစ်ခုနဲ့ရပ်နေတယ်။ နောက် ဆက်တွဲလေးလုပ်ဦးလေဆရာ။ စာဖတ် ပရိသတ်က စိတ်ဝင်စားနေကြတယ်"

ဟု ကျွန်ုပ်နှင့် တွေ့ဆုံစဉ် တိုက် တွန်းပြောကြားချက်အရ ဤနောက် ဆက်တွဲ (၂) ဆောင်းပါးကို ရေးသားရ ခြင်း ဖြစ်ပါသည်။

အမှန်စစ်စစ် ကျွန်ုပ်သည်လည်း စာတည်းချုပ်ကြီးနှင့် မတွေ့ဆုံမီကပင် နောက်ဆက်တွဲဆောင်းပါးကို ရေးသား ရန် ကြံရွယ်မိခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်အနေဖြင့် -

၁။ ကျွန်ုပ်၏ ဤကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းအစီအရင်အား အလွန် ကြားလုံးထုတ်ရာကျလေမလား ဟူသော အတွေးကြောင့်လည်းကောင်း၊

၂။ မဟုတ်တာကိုအဟုတ်၊ မဖြစ် တာကိုဖြစ်တယ်ဟု မပြော၊ မရေးချင် သောကြောင့် အချို့ဖြစ်ရပ်များကို သေချာအောင်စောင့်ကြည့်နေခြင်းကြောင့် လည်းကောင်း၊

၃။ အချို့ဖြစ်ရပ်များမှ မှန်လွန်း၊ ကောင်းလွန်းနေသော်လည်း ကာယကံ ရှင်ကခွင့်မပြုမပြုမသေချာ၍လည်းကောင်း၊

၄။ အချို့ဖြစ်ရပ်များမှာ ကာယကံ ရှင်၏ဂုဏ်သိက္ခာကို ထိခိုက်နိုင်သော ကြောင့်လည်းကောင်းစသည့်အကြောင်း ကြောင်းများကြောင့် ကျွန်ုပ် မရေးသား ဖြစ်ခဲ့ခြင်းပင်။ ယခုသော်ကား စာတည်း ချုပ်ကြီးကလည်း တိုက်တွန်း၊ ဤသို့ ဖော်ပြခြင်းဖြင့် အခြားခုနစ်ရက်သား သမီးအပေါင်းတို့အတွက် အကျိုးရှိစေ မည်ဟုလည်း ယူဆလိုက်သဖြင့် ယခု ကဲ့သို့ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း ဓာတ်အစီအရင်အကြောင်းနောက်ဆက် တွဲဆောင်းပါး(၂)ကို ရေးသားလိုက်ရခြင်း ဖြစ်ပါလေသည်။ ရေးသားစရာတွေ လည်း ကျန်နေပါသေးသည်။ သို့သော် ယခုတော့ ဤမျှလောက်သာ ဖော်ပြပါ ရစေ။

ဤကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်း ဓာတ်အစီအရင်နှင့်ပတ်သက်၍ မကြာ ခဏ မေးမြန်းလေ့ရှိကြသော မေးခွန်း အချို့ကို တစ်ပါတည်း ဖြေကြားလိုပါ သည်။ ယနေ့ အင်တာနက်ခေတ်၌ အင်တာနက်ဆက်သွယ်ရေးအသုံးအစီ အရင်များ၌ဆိုလျှင် (FAQ - Frequently Asked Questions = မကြာခဏမေးလေ့ရှိ ကြသောမေးခွန်းများ) ဟူ၍ ရှိပါသည်။ ဥပမာ အင်တာနက်ဆက်သွယ်ရေးအစီ အစဉ်များ ဖြစ်ကြသည့် Facebook, Twitter, Viber စသော ဆက်သွယ်ရေး ဝက်ဆိုက်များတွင် ထိုအစီအစဉ်များနှင့် ပတ်သက်၍ အင်တာနက်သုံးစွဲသူများ မေးလေ့ရှိသော မေးခွန်းများနှင့် အဖြေ များကို အောက်တွင်ပြောခဲ့သလို FAQ ခေါင်းစဉ်အောက်၌ ရှင်းလင်း ပြန်ကြား ထားလေ့ရှိပါသည်။ ထို့အတူ ကျွန်ုပ်၏ ဤကတ္တီပါဖိနပ်စီး၊ရွှေထီးဆောင်းဓာတ် ယတြာအစီအရင်နှင့်ပတ်သက်၍လည်း လာရောက်ကြသူ ပရိသတ်အပေါင်းမေး လေ့သိချင်လေ့ရှိသော FAQ မေးခွန်း များကို အောက်၌ဖော်ပြလိုက်ပါသည်။

## ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း ဓာတ်အစီအရင်နှင့်ပတ်သက်၍ မေးလေ့မေးထသောမေးခွန်းများနှင့် ပြန်ကြားချက်များ

*□ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း ဓာတ်အစီအရင်ကို လူတိုင်းလုပ်၍ရပါ သလား။*

**ဖြေ ။ ။** ခုနစ်ရက်သားသမီးတိုင်း လုပ်၍ရပါသည်။ သို့သော် ဗုဒ္ဓဘုရားရှင် သာသနာတော်ကို သက်ဝင်ယုံကြည် သော ဗုဒ္ဓဘာသာဝင်ဖြစ်ရန်နှင့် ဤအစီ အရင်ကြောင့် ထူးခြားတိုးတက်ပါက ဒါန၊ သီလ၊ ဘာဝနာကောင်းမှုတို့ကို တိုးတက်လုပ်ဆောင်ပါမည်ဟု ကတိပြု နိုင်သူများကိုသာ ဆရာမှ ပညာပေးဝေ ပါသည်။

*□ ဤဓာတ်အစီအရင်ကို အချိန် မရွေးလုပ်၍ရပါသလား။*

**ဖြေ ။ ။** မရပါ။ ခုနစ်ရက်သားသမီး အပေါင်းတို့ မိမိတို့မွေးနေ့မွေးနံအလိုက် စီရင်လုပ်ဆောင်သင့်သော ရက်မြတ်မင်္



www.burmeseclassic.com

www.burmeseclassic.com

လာအချိန်အခါများမတူကြပါ။

□ *ဓာတ်အစီအရင်ကို လုပ်ပုံလုပ်နည်း လုပ်ဆောင်နည်း လူတိုင်းအတွက် တူပါသလား။*

**ဖြေ။**။လုပ်ပုံလုပ်နည်းလုပ်ဆောင်နည်းအဆင့်ဆင့်အတူတူပင်ဖြစ်ပါသည်။ သို့သော် ခုနစ်ရက်သားသမီးအပေါင်းတို့ နေ့နံသားအလိုက် ဓာတ်ဆွမ်းကပ်ခြင်း၊ ဓာတ်အောင်အိုးတည်ခြင်းများမတူကြပါ။

□ *ဓာတ်အစီအရင်မှာ နေအိမ်ဘုရားကျောင်းဆောင်၌ ကတ္တီပါဖိနပ်လှူထားရမည်ဟုပါပါသည်။ အချို့က ဖိနပ်ကို ဘုရားခန်းမှာမထားကောင်းဟုဆိုကြပါသည်။ ဟုတ်ပါသလားဆရာ။*

**ဖြေ။**။ ဖိနပ် ဟူသည်မှာ ယုတ်နိမ့်သောပစ္စည်းဖြစ်၍ ဘုရားကျောင်းဆောင်၌ မထားသင့်ဟု ယူဆကြပုံရပါသည်။ ယခု ကျွန်ုပ်လှူခိုင်းသော ကတ္တီပါဖိနပ်သည် မြတ်စွာဘုရား၏ ခြေနင်းတော်အဖြစ်ရည်မှန်းလှူဒါန်းသော ဖိနပ်ဖြစ်ပါသဖြင့် ဘုရားရှင်၏ ဖိနပ်တော်ဖြစ်ပါသည်။ သာမန်ဖိနပ်မဟုတ်။ မြင့်မြတ်သောဖိနပ်တော်ဖြစ်ပါသည်။ဗုဒ္ဓဘာသာဝင်တို့မည်သည် ကောင်းမှုကုသိုလ်အတွက်ပြုသောအရာကိုမပြုသင့်ဟုပြောထိုက်ပါသလား။ ကျွန်ုပ်ဆိုလျှင် မိမိကြောင့် သူတစ်ပါးကောင်းမှုကုသိုလ်ပြုမည့်စိတ်စေတနာကို အနှောင့်အယှက်ဖြစ်စေမည့်စကားမျိုး တစ်ခွန်းတစ်ပါဒမျှဟမိမည်မဟုတ်ပါ။ ထိုဖိနပ်တော်ကို ဖုန်တက်တိုင်း အဝတ်စ သို့မဟုတ် brush နှင့် ပွတ်တိုက်သန့်ရှင်းပေးသောအခါ ကုသိုလ်ပီတိကိုပင် သင်ခံစားနေရပါလိမ့်မည်။

□ *ဤဓာတ်အစီအရင်သည် မည်မျှအထိ အကျိုးပေးနိုင်ပါသနည်း။*

**ဖြေ။**။ ဦးစွာပြောလိုသည်မှာ အကျဉ်းအားဖြင့် ဘုရားရှင်ဟောထားခဲ့သည်မှာ 'သဗ္ဗေသတ္တာ ကမ္မသကာ' ဟု ဟောထားခဲ့ပါသည်။ ကံသာလျှင်အမိ၊ ကံသာလျှင် အဖဖြစ်ပါသည်။ သတ္တဝါတိုင်း မိမိတို့ အတိတ်၊ ပစ္စုပ္ပန်ပြုခဲ့သော၊ ပြုနေသောကံများအလျောက် အကျိုးပေးခံစားနေရပါသည်။ သတ္တဝါတို့၏ မူလမူရင်းကံကို လောကီပညာဓာတ်ယတြာတို့မဆိုထားနှင့်၊ ဘုရားရှင်ပင်လျှင် ပြုပြင်မပေးနိုင်ပါ။ သို့သော် ဤဓာတ်အစီအရင် အပါအဝင် လောကီပညာဓာတ်ယတြာအစီအရင်များစွာတို့သည် လက်ရှိ မိမိတို့၏ ဘဝအခြေအနေတွင် ဘဝအခြေအနေချင်းတူပါက ဤဓာတ်အစီအရင်များကို စီရင်ဆောင်ယူလုပ်ကိုင်ကြသူများသည် ဘဝတူများထက် ပိုမိုသာလွန်ကောင်းမွန်နိုင်ကြမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ဥပမာသော်ကား -

ဤဓာတ်အစီအရင်ဖြင့် ကျွန်ုပ်တို့သည် ဆိုက်ကားသမားတစ်ယောက်ကို လင်ခရူဇာ၊မာစီဒီးကားပိုင်ရှင်ဖြစ်အောင် မပြုလုပ်ပေးနိုင်ပါ။ သို့သော် ဤဓာတ်အစီအရင်ကြောင့် ထိုဆိုက်ကားသမားသည် ၁။ အငှားဆိုက်ကားသမားဘဝမှနေ ကိုယ်ပိုင်ဆိုက်ကားပိုင်ရှင်ဖြစ်သွားနိုင်သည်။ ၂။ သူတစ်ပါးက ဆိုက်ကားနင်းခဝင်ငွေတစ်နေ့ (၅၀၀၀) ကျပ်ခန့်ရလျှင် ဤဓာတ်အစီအရင်ဆောင်သူသည် တစ်နေ့ (၇၀၀၀)၊(၈၀၀၀)၊(၁၀၀၀၀)စသဖြင့် သူများထက် သာလွန်ထူးကဲစွာ ရရှိခံစားရလေမည်သာ ဖြစ်ပေသည်။

ထို့အတူ လမ်းဘေးဈေးသည်တစ်ယောက်သည် ဤဓာတ်အစီအရင်ကို ဆောင်ယူလေပါက ၁။ ဈေးရောင်းပိုကောင်းလာမည်၊ ဝင်ငွေတိုးမည်။ ၂။ ထိုမှတစ်ဆင့် ယုံကြည်သက်ဝင် သဒ္ဓါတရားအားကောင်းစွာ ကျင့်ဆောင်လေပါက ဆိုင်နှင့်ကနားနှင့်တင့်တယ်သောဈေးသည်ဖြစ်လာမည်။ သာမန်ဈေးသည်တစ်ယောက်ကို စူပါမားကတ်ပိုင်ရှင်ကြီးဖြစ်ရမည်ဟုတော့ ကျွန်ုပ်အာမမခံနိုင်ချေ။ ဤသို့သော ကံ၊ ကံ၏ သဘောတို့ကို တရားသဘောတို့နှင့် နှိုင်းယှဉ်ချိန်ဆသဘာဝကျကျသာ စဉ်းစားသင့်အပ်လှပေသည်ဟု ကျွန်ုပ်ပြောလိုပေသည်။

□ *ဤဓာတ်အစီအရင်သည် မည်မျှကာလ (ဘယ်နှရက်၊ ဘယ်နှလ၊ ဘယ်နှနှစ်) အတွင်း အကျိုးပေးပါမည်လဲ။*

**ဖြေ။**။ ဤမေးခွန်းသည် အမေးနွားကျောင်းသား၊ အဖြေ ဘုရားလောင်းဟု ပြောရမည့်ကိစ္စမျိုးဖြစ်သည်။ ယေဘုယျအားဖြင့် -

၁။ သင်သည် ကံကြမ္မာအလွန်နိမ့်ကျနေပါက အစီအရင်၏ အကျိုးကို လျင်မြန်သိသာစွာ မခံစားရပါ။ သို့သော် သင်ကံကြမ္မာနိမ့်ကျသည့်ကာလအတွင်း သင်ကံကြမ္မာနိမ့်ကျသလောက် သင့်တွင် ဆိုးကျိုးများမခံစားရအောင် ဓာတ်အစီအရင်က ကာကွယ်တားဆီးပေးနေပါလိမ့်မည်။ ဤနေရာ၌ ကျွန်ုပ်ပြောလိုသည်ကား အချို့သောသူများ ကျွန်ုပ်ကိုပြောပြသည့် ယင်းတို့၏ ဖြစ်ရပ်များကို လေ့လာကြည့်ရင်း ၎င်းတို့၏ ကံကြမ္မာများကို ကျွန်ုပ်စစ်ဆေးကြည့်သည့်အခါ အချို့မှာ အလွန်ကံနိမ့်နေသည်ကိုတွေ့ရပါသည်။ ဥပမာ အချို့သည် ဘုမ္မိကြီး ဘုမ္မိနှစ်ထပ်အပြင် ရာဟု၊ စနေတည်၍ အင်္ဂါပါပဂြိုဟ်များဖြစ်သည့်အပြင် မရဏ ရှားမီး စသော အနိဋ္ဌကိန်း၊ ဂြိုဟ်စားသက်ရောက်များ၊ မရဏ၊ ဗျာယစသော ဒသာအစီးအနင်းများ၌ ကျရောက်နေသည်ကို တွေ့ရပါသည်။ ထိုသူတို့၌ ဤဓာတ်အစီအရင်ကိုဆောင်ယူလုပ်ဆောင်သောအခါ အညံ့များယုတ်လျော့သွားသော်လည်း ကောင်းကျိုးသုခများမှာမူ အချိန်အတန်ကြာမှ ခံစားရရှိကြကြောင်း တွေ့ရပေသည်။

၂။ ဓာတ်အစီအရင်အပေါ်၌ ယုံကြည်သက်ဝင်မှု သဒ္ဓါတရား၊ ဆရာညွှန်ကြားသည့်အတိုင်း စနစ်တကျ လုပ်ဆောင်နိုင်မှု၊ ဓာတ်အစီအရင်ပြုလုပ်ရာ၌ ဆရာရှင်းလင်းပြောကြားသည့် ကုသိုလ်သဒ္ဓါတရားစိတ်မျိုး နှလုံးသွင်းအားကောင်းမှု၊ အစီအရင်ကျင့်စဉ်များကိုလုပ်ဆောင်နိုင်သည့် ကြိုးစားအားထုတ်မှုတို့အပေါ် တည်မှီနေပါသည်။ ဤအချက်များအပေါ် မူတည်လျက် အစီအရင်၏အကျိုးပေးမှုလျင်မြန်ခြင်း နှောင့်နှေးခြင်းတို့ တစ်ဦးနှင့်တစ်ဦး ကွာခြားနေခြင်းဖြစ်နိုင်ပေသည်။

ကျွန်ုပ်အနေဖြင့် အထူးပြောလိုသည်ကား 'ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း'သည့်ဘဝအခြေအနေမျိုးသည် သာမန် ဘဝအခြေအနေမျိုး မဟုတ်၊ အလွန်ဘုန်းကံကြီးမား၊ စည်းစိမ်ချမ်းသာများနှင့် ကြီးမားမြင့်မြတ်သည့်ဘဝအခြေအနေမျိုးကို ညွှန်းဆိုသည့် အောင်အတိတ်အောင်နိမိတ်ဟိတ်ဂုဏ်တို့ဖြင့် ပြည့်စုံသော၊ တကောင်းအတိတ်အောင်နိမိတ်ကိုအခြေခံလျက်စီရင်သော ဓာတ်အစီအရင်ဖြစ်ခြင်း၊ မြတ်စွာဘုရားအား ထိုအောင်အတိတ် အောင်နိမိတ်ဓာတ်မြင့်မြတ်သောအကျိုးထူးများဖြင့် ပြည့်စုံစေရန် မြတ်စွာဘုရားအား ကတ္တီပါဖိနပ် ရွှေထီးတော်မြတ်တို့ ဖြန့်ကြက်အုပ်မိုးရှိခိုးကန်တော့လှူဒါန်းမှုပြုလျက် ဒါန၊ သီလ၊ ဘာဝနာကောင်းမှုအစုစုတို့ ပြည့်စုံစေရန် စီမံဆောင်ရွက်ရသော ဓာတ်အစီအရင် ဖြစ်သဖြင့် သာမန်ဓာတ်အစီအရင်မျိုး မဟုတ်။ ထူးခြားထက်မြက်သောစိတ်ခဲနက်

www.burmeseclassic.com

သဒ္ဒါ(ဥပဒေ)

# ဆင်ခူလည်ပြတ်နာ မြန်စွာကုသပါ

မြန်မာတိုင်းရင်းဆေးပညာတွင် ဆင်ခူလည်ပြတ်နာကို ဆံစပ်အရင်း လည်ကုပ်ပေါ်တွင်ပေါက်သောအနာဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ခန္ဓာကိုယ်တွင်ပေါက်သောအနာများစုသည် သွေးသားမသန့်ရှင်းခြင်းကြောင့် အဓိကဖြစ်လာခြင်း ဖြစ်သည်။ ဆင်ခူလည်ပြတ်နာသည် ခူနာရောဂါအမျိုးစားထဲတွင်ပါဝင်ပြီး လည်ပင်းကုပ်ဆက်တစ်လျှောက်လုံး မာကျောတောင့်တင်းကာ အကြောများဆိုင်းနေတတ်ပါသည်၊ ထို့ကြောင့် ဦးခေါင်း ဘယ်၊ ညာ လှည့်မရခြင်း၊ နောက်သို့လှန်မရခြင်းတို့ကြောင့် ဦးခေါင်းကိုရှေ့သို့ဆိုင်းပြီးနေတတ်ပါသည်။ ဒါ့ပြင် လဲလျောင်းအိပ်စက်ရာတွင်လည်း စိတ်ရှိတိုင်း အိပ်စက်၍မရနိုင်ပါ။ လည်ကုပ်တွင်ဖြစ်နေသောကြောင့် မှောက်လျက်အိပ်ရတတ်သည်။

အိပ်စက်အနားယူခြင်းသည် လူတစ်ယောက်အတွက် လိုအပ်သော အခန်းကဏ္ဍတစ်ခုဖြစ်ခြင်းကြောင့် ဆင်ခူလည်ပြတ်နာ ဝေဒနာရှင်အနေနှင့် ကောင်းမွန် ပြည့်ဝစွာ အိပ်စက်အနားမယူရဖန်များလာလျှင် အခြားနောက်ဆက်တွဲကိစ္စရပ်များဖြစ်ပေါ်လာဖွယ်ရှိပါသည်။ ထို့ပြင် ဆင်ခူလည်ပြတ်နာသည် ကုသမှုပေါ့လျော့လျှင် လည်ပင်းပတ်လည် ကူးစက်သွားနိုင်ပြီး အသက်အန္တရာယ်စိုးရိမ်ရဖွယ်ရှိပါသည်။

ထိုဆင်ခူလည်ပြတ်နာအတွက် အကောင်းဆုံးသော မြန်မာ့ဆေးတစ်လက်ကတော့ မြန်မာ့တိုင်းရင်းဆေးဆရာတိုင်း လက်စွဲထားကြရသည့် ဆင်တုံးမနွယ်နှင့် ကုသခြင်းပဲ ဖြစ်ပါသည်။ ဆင်တုံးမနွယ်သည် တောတွင်သဘာဝအတိုင်း ပေါက်ရောက်သော အပင်ဖြစ်ပြီး တွေ့ရများရဖို့ လွယ်ကူပါသည်။

ဆင်တုံးမနွယ်အား ရေနှင့်ပျစ်ပျစ်သွေး၍ ဆင်ခူလည်ပြတ်နာပေါ်တွင် လိမ်းပေးပါ။ ဂရုစိုက်၍ တစ်နေ့ (၅)ကြိမ်လောက်အထိ လိမ်းပေးပါး။ ဖြစ်ခါစဆိုလျှင် ရက်တိုတိုနှင့် အပြစ်ပြတ်ပျောက်စေပါမည်။ ရောဂါရင့်လျှင်တော့ စိတ်ရှည်ရပါမည်။

ဝေဒနာရှင်သည် ကြက်သွန်ဖြူ၊ ငရုတ်ညှော်များ၊ သစ်ရွက်ညှော်များ၊ အပုပ်နံ့ မကောင်းသော အနံ့သက်များကို ရှောင်ရှားရပါမည်။ သို့မဟုတ်က အနာပြည်တည်ကာ ဆိုးလာစေနိုင်ပါသည်။

အစားအသောက်အနေဖြင့် ခြေလေးချောင်းသားများကိုရှောင်၍ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးမြစ်ချင်း၊ ငါးပနော် စသည့်ငါးများကို ကြော်ချက်စားခြင်း၊ ဘူး၊ ကျောက်ဖရုံ၊ ကန်စွန်း၊ ဟင်းနုနယ်၊ ခွေးတောက် စသည့် ပိုးသတ်ဆေးကင်းသော သဘာဝသစ်သီး၊သစ်ရွက်များကို များများစားသုံးပေးရပါမည်။

သဒ္ဒါ(ဥပဒေ)

---

သော ကောင်းကျိုးသုခချမ်းသာမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်ဝစေနိုင်သည့် အစီအရင်ထူးဖြစ်သဖြင့် 'သိသူဖော်စား၊ မသိသူကျော်လွှား' ဆိုဘိသကဲ့သို့ သိရှိဖော်စား ဆောင်ယူပွားများ ကျင့်သုံးသင့်သော ဓာတ်အစီအရင်ဖြစ်ကြောင်းကို မျှော်ရှေ့ထားလျက် ရေးသား တင်ပြအပ်ပါသည်။

လာလိုလျှင် အနီးကလေး၊ မလာလိုလျှင် ခရီးဝေး ဆိုဘိသကဲ့သို့ ရှေးရှေးက အမှန်တကယ်လိုချင်ဆန္ဒပြင်းပြကြသူများ ကျွန်ုပ်ထံ လာရောက် ဆောင်ယူကြသကဲ့သို့ ဆောင်ယူလိုသောသူများ ကျွန်ုပ်ထံ လာရောက် တွေ့ဆုံ ဆောင်ယူနိုင်ကြပါသည်။ သို့သော် ကျွန်ုပ်သည် အခြားကလည်း ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်နေသည့်အားလျော်စွာ ကျွန်ုပ်ထံ လာရောက်တွေ့ဆုံလိုသူများသည် -

၁။ တနင်္ဂနွေနေ့ နံနက်(၁၀)နာရီမှ ညနေ (၄)နာရီ တစ်ရက်သာ တွေ့ဆုံရပါသည်။

၂။ မလာရောက်မီ ကြိုတင်ဖုန်းဆက်ထားရန်လိုပါသည်။ (ခရီးသွားနေခြင်းကြုံမှာစိုး၍ဖြစ်ပါသည်။)

၃။ လာရောက်သည့်အခါ ရေးမှတ်ရန် မှတ်စုစာအုပ်များယူဆောင်လာကြရပါမည်။

၄။ ကိုယ်တိုင်မလာနိုင်ပါက လူကြုံကို မိမိမွေးသက္ကရာဇ်၊ မွေးနေ့၊ မွေးလများကို ပေးလိုက်ရန် လိုအပ်ပါသည်။ လူကြုံနှင့်အတူ ဤဓာတ်အစီအရင်ကြောင့် အောင်မြင်ပါက ဒါန၊ သီလ၊ ဘာဝနာကောင်းမှုကုသိုလ်တို့အား ကြိုးစား တိုးပွားလုပ်ဆောင်ပါမည်ဟု ကတိဝန်ခံချက်ရေးပေးလိုက်ရပါမည်။

(မှတ်ချက် - မွေးနေ့ခုနှစ်သက္ကရာဇ်မှာ ဗေဒင်ဟောစားရန်မဟုတ်ပါ။ ပြောပြသော အကြောင်းတရား အကြီး၊ အသေးပေါ်မူတည်လျက် လိုအပ်ပါက ကံကြမ္မာကို အကြမ်းခန့်မှန်းရန်သာ ဖြစ်ပါသည်။)

၅။ တစ်ပါတည်းပြောလိုသည့် တစ်ခုကား ကျွန်ုပ်ထံမှ အင်းအစီအရင် အဆောင်ရရှိချင်သူများသည် မိမိ၏ဖြစ်လိုသောဆန္ဒနှင့် အကျိုးအကြောင်းကို အနည်းဆုံး တစ်ပတ်ခန့် ကြိုတင် ဖုန်းဆက် အကြောင်းကြား သတင်းပေးထားရန်လိုပါသည်။ အကြောင်းမူကား အင်းအစီအရင်အမျိုးအစားပေါ် မူတည်လျက် မင်္ဂလာရက်မြတ်နက္ခတ်ချိန်ခါရွေးချယ်စီရင်လုပ်ဆောင်ရရန်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်၍ ဖြစ်ပါကြောင်း။

ကျွန်ုပ်၏ **ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းဓာတ်အစီအရင်** ကို အကြောင်းပြု၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ပြီး ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်းသကဲ့သို့ ဘုန်းကျက်သရေအပေါင်း စည်းစိမ်ချမ်းသာ ရတနာရွှေငွေအပေါင်းတို့နှင့် ပြီးပြည့်စုံသောဘဝမျိုးသို့ လျင်မြန်ချက်ချင်း နေ့ချင်းညချင်း ရရှိရောက်ရှိကြပြီးလျှင် ဒါန၊ သီလ၊ ဘာဝနာကောင်းမှုကုသိုလ်အစုစုတို့အား အလိုရှိတိုင်း၊ တောင့်တတိုင်း၊ အလိုရှိသည့်၊ တောင့်တသည့်အတိုင်း ဆောင်ကြဉ်းနိုင်ကြသည်၊ ပြုလုပ်နိုင်ကြသည်ဖြစ်ကြပါစေသော်။

*သိသူဖော်စား၊မသိသူကျော်သွား*
*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*
*မေတ္တာများဖြင့်*

တိုရေတနာ-ဆရာဇေယျာလင်း
(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com

www.burmeseclassic.com



အနောက်ဘက်အာရုံခံတန်ဆောင်းလိုဏ်ဂူတော်မှာ သီတင်းသုံးတော်မူသော ကဿပဘုရား

ကံ့ဝင်း

အမှတ်(၁၉)

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ထူးထူးခြားခြား ကဿပဘုရား

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများကို လစဉ်ရေးသား တင်ဆက်ခဲ့သည်မှာ ယခုအခါ (၂) နှစ်နီးပါး ကြာမြင့်လာသောအချိန်အခါတွင် စေတီဘုရားများ (၁၉) ဆူမြောက် ခရီးရောက်ခဲ့ပြီ ဖြစ်ပါသည်။



ကဿပဘုရားရွှေတည့်တည့်မှ အာရုပါနေပွားများနေသော ရုပန်းတော်

ထိုသို့ စဉ်ဆက်မပြတ် ရေးသားမှုအဖြစ် ယခုလ စာရှုသူ ဓမ္မမိတ်ဆွေများသို့ ရေးသားတင်ဆက်လိုသည်ကတော့ ရွှေတိဂုံစေတီတော် အနောက်ဘက် စောင်းတန်းမီးကြီးမှတစ်ဆင့် အနောက်ဘက် အာရုံခံတန်ဆောင်းသို့ မီးကြီးလောင်စဉ် ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သွပ်ပဥ္စလောဟာ(၅)မျိုးဖြင့် သွန်းလောင်းပြီးနောက် သီတင်းသုံးတော်မူနေသော မူလကဿပရုပ်ပွားတော်မြတ်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



ကောဏာဂမနပဋ္ဌလောဟာဘုရား



ကကုသန်ပဋ္ဌလောဟာဘုရား



ကျောင်ကျောက်ရှစ်ပွားကဿပဘုရား



ဂေါတမမြတ်စွာပဋ္ဌလောဟာဘုရား

ပျောက်ခြင်းမလှပျောက်၍ မည်သို့သော အရပ်သို့ ကြွမြန်းသွားသည်ကို နှစ်ပေါင်း (၈၅) နှစ်ကျော်ကြာမြင့်လာသော ယနေ့ ယခုတိုင် သတင်းအစအနမရတော့ပါ။ ထိုစဉ်အခါက နတ်သားများက နတ်ပြည်သို့ ပင့်ဆောင်သွားသည် ဟူ၍ လည်းကောင်း၊ မဟိဒ္ဓိထွက်ရပ်ပေါက်ဘိုးဘိုးကြီးများမှ ဝိဇ္ဇာခရေနည်းပညာများဖြင့် ပင့်ဆောင်သွားသည် ဟူ၍လည်းကောင်း၊ အတည်ပြု၍မရနိုင်သော သတင်းအမျိုးမျိုး ကောလာဟလတွေပြောကြလေ၏။

လေးဆူဓာတ်ပုံ ဘုရားရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဤဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့၏ မွေတော်ဓာတ်တော်များ ဌာပနာထား တည်ထားတော်မူခြင်းကြောင့် လေးဆူဓာတ်ပုံမြတ်ရွှေတိဂုံစေတီတော်ကြီးအဖြစ် ခေါ် ဝေါ် တော်မူကြပါသည်။

**❑ လေးဆူဓာတ်ပုံမြတ်ဘုရားရွှေတိဂုံ**

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံစေတီတော်ကြီးတည်တော်မူရာ သိင်္ဂုတ္တရကုန်းတော်ဘုရားရှင်မြတ်တို့၏မွေတော်များ၊ ဌာပနာရာအရပ်တွင် ဥမင်အစောက်၊ အဝ၊ အလျား (၄၄) တောင်စီအညီအမျှတူးကြသောအခါ ကကုသန်မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံမြတ်စွာဘုရား၏ ဓမ္မကရိုဏ်ရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ ရေသနုပ်သင်္ကန်းတော်မြတ်တို့ကိုဖူးတွေ့ရလေ၏။ ထိုဘုရား(၃)ဆူမြတ်၏ ဓာတ်တော် ပရိဘောဂမွေတော်မြတ်များနှင့်



ယနေ့ခေတ် အနောက်ဘက်အာရုံခံတန်ဆောင်းကြီး



ယနေ့တွေ့မြင်ရသော အနောက်ဘက်စောင်းတန်း

www.burmeseclassic.com

www.burmeseclassic.com

ဂေါတမဘုရားရှင်တော်၏ ဆံတော်မြတ်တို့ ဌာပနာတော်များ ကိန်းဝပ်စံပယ်တော်မူရန်အတွက် ရှေးဘုရားသုံးဆူတို့၏ဓာတ်တော်မြတ်များကို တူးဖော်တွေ့ရှိရသည့် မြေတွင်းဥမင်ကြီးကို ဌာပနာတိုက်ပြုလျက် ဆောင်ယူထားအပ်သော ကျောက်ဖျာကြီးခြောက်ချပ်ဖြင့်ခင်းကျင်းကာရံကြရာတွင် ငွေရောင်အဆင်းရှိသည့် ကျောက်ဖျာကြီးကို အရှေ့ဘက်နံရံ၊ မြရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို အနောက်ဘက်နံရံ၊ ပုလဲရောင်အဆင်းရှိသော ကျောက်ဖျာကြီးကို မြောက်ဘက်နံရံနှင့် နီလာရောင်အဆင်းရှိသောကျောက်ဖျာကြီးကို တောင်ဘက်နံရံတို့၌ အသီးသီးကာရံမှုပြုကြလေ၏။

ဌာပနာတိုက်အတွင်း၌ အဖိုးအနဂ္ဃထိုက်တန်သော ရတနာပစ္စည်းမျိုးစုံကို ဒူးဆစ်ခန့်နစ်သည့်တိုင်အောင် ဖြိုးဖြိုးလက်လက်နှင့် ရောင်စုံဖြာပန်းတွေခင်းသကဲ့သို့ ကျောက်မျက်ရတနာများထည့်လှူကြလေ၏။ ထိုရတနာများအပေါ်မှ ရတနာအမျိုးမျိုးတို့ဖြင့် မွမ်းမံစီခြယ်အပ်သောရွှေသင်္ဘောတော်ကိုတင်လှူကြလေ၏။ ရွှေသင်္ဘောထက်၌ ရတနာအတိပြီးသော ပြာသာဒ်ငါးဆူကို အစီအရီတင်လှူလေ၏။ရတနာပြသာဒ်ငါးဆူအတွင်းသို့ ဘုရား(၃)ဆူမြတ်၏ ပရိဘောဂမွေတော်များကို ပတ္တမြားပြာသာဒ်တော်သုံးဆူတွင် တစ်ဆူစီထည့်သွင်းပူဇော်လေ၏။ ဂေါတမဘုရားရှင်ထံ မှ တပုဿနှင့် ဘလ္လိကတို့ ရရှိခဲ့သော ဆံတော်မြတ်တို့ကို ပတ္တမြားပြာသာဒ်တော်အတွင်းရှိ ပတ္တမြားကြုတ်တော်အတွင်း၌ထည့်သွင်းပူဇော်ကြလေ၏။ ကျန်ရှိသော ပတ္တမြားပြသာဒ်တစ်ဆူကိုမူ နောင်ပွင့်ထွန်းတော်မူမည့် အရိမေတ္တယျဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကို ထည့်သွင်းဌာပနာရန် ရည်မှန်းထားကြလေ၏။

ထို့အပြင် ဖယောင်းတိုင်ထိပ်အကျယ်သုံးဆုပ်၊ အမြင့်ငါးတောင်ခန့်ရှိသည့် ဖယောင်းတိုင်ကြီးလေးတိုင်တို့ကို ဆီမီးထွန်းညှိလျက် ဌာပနာတိုက်၏ ထောင့်လေးထောင့်တွင် 'သာသနာငါးထောင်ပတ်လုံး ဆီမီးအလင်းရောင်မငြိမ်းဘဲ တည်ပါစေသတည်း' ဟူ၍ ဆုတောင်းအဓိဋ္ဌာန်ပြုလျက် စိုက်ထူထားလေ၏။

(ဂေါပကအဖွဲ့ထုတ်
၂၆၀၀ ပြည့်စာအုပ်
စာမျက်နှာ ၁၄/၁၅ မှ)



ရွှေတိဂုံစေတီတော် မီးကြီးမလောင်မီက
အနောက်ဘက်အာရုံခံတန်ဆောင်း၊
မုခ်ဦးတန်ဆောင်းတို့ တွေ့ရပုံ



ရှေးခေတ်
အနောက်ဘက်အာရုံခံတန်ဆောင်း



တန်ဆောင်းကြီးများ မီးစွဲလောင်နေသည်ကို ဘုရားကြီးပစ္စယာပေါ်မှမြင်ရပုံ



၆-၃-၁၉၃၁ နေ့က စေတီတော်ကြီး မီးခ လြင်းခံရစဉ်က အရှေ့ဘက်တန်ဆောင်းကြီးများ
မီးစွဲလောင်နေသည်ကို မြင်ရပုံ (မီးခုတ်သတင်းစာမှ)

ဤဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူသောဘုရားလေးဆူတို့၏ပရိဘောဂမွေတော်၊ ဓာတ်တော်(၃)မျိုးနှင့်ဆံတော်မြတ်(၈)ဆူတော်မြတ်တို့ကို မဟာသက္ကရာဇ် ၁၀၃ခု၊ တပေါင်းလပြည့်နေ့တွင် ဌာပနာတော်သွင်းတော်မူပြီးနောက် ကျောက်ဖျာကြီးတင်၍ပိတ်လိုက်ပါသည်။

လေးဆူသောမြတ်စွာဘုရားများ၏ ဓာတ်မြတ်တော်များ ဌာပနာထားဌာပနာတိုက်ပေါ်မှ ကျောက်ဖျာကြီးအထက်တွင် ဉာဏ်တော် (၄၄) တောင်အမြင့်ရှိ စေတီတော်ကြီးတည်တော်မူခဲ့ပါသည်။ ၎င်းစေတီတော်မြတ်ကြီးအား ရွှေတိဂုံစေတီတော်မြတ်ကြီးဟု ဘွဲ့တော်မော်ကွန်းထိုးလေသည်။ ဘုရားလေးဆူမြတ်၏ဓာတ်တော်များဌာပနာထားခြင်း



www.burmeseclassic.com

www.burmeseclassic.com

ကို အကြောင်းပြု၍ 'လေးဆူဓာတ်ပုံ ရွှေတိဂုံ' ဟုလည်းခေါ်ဝေါ်တော်မူကြပါသည်။

**(၃)ကြိမ်(၃)ခါတည်ထား ရွှေတိဂုံဘုရား**

**(က)ပထမဦးဆုံးအကြိမ်တည်တော်မူခြင်း**

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဥက္ကလာပမင်းကြီးနှင့် တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့မှ တည်တော်မူသည်မှာ ဉာဏ်တော် (၄၄) တောင်၊ ပေအားဖြင့် (၆၆) ပေ။

**(ခ) ဒုတိယအကြိမ်တည်တော်မူခြင်း**

ခရစ်နှစ်၁၄၃၆ခုနှစ်တွင် ဘုရင်မကြီး ရှင်စောပုနှင့် မောင်တော် ဗညားကင်းတော(ဗညားကျန်း)တို့မှဉာဏ်တော် (၃၀၂) ပေထိလည်းကောင်း၊

**(ဂ) တတိယအကြိမ်တည်တော်မူခြင်း**

ခရစ်နှစ် ၁၇၆၈ ခုတွင် အင်းဝဘုရင် ဆင်ဖြူရှင်မှ ဉာဏ်တော် (၃၂၆) ပေအထိ လည်းကောင်း၊ (၃)ကြိမ်(၃)ခါ **အသီးသီးတိုးချဲ့တည်ထားတော်မူကြောင်း**



ကဿပဘုရားရှေ့၌ တရားထိုင်၊ ပုတီးစိပ်နေကြသူများ



ရေးခေတ် အနောက်ဘက်အာရုံခံတန်ဆောင်း

လေ့လာတွေ့ရှိရပါသည်။

**စဥ့်ကူးမင်းအလှူ မုခ်လေးမုခ်မှ ဘုရားလေးဆူ**

အင်းဝဘုရင် ဆင်ဖြူရှင်မင်း၏ သားတော် စဥ့်ကူမင်းသည် သက္ကရာဇ် ၁၁၃၈ ခုနှစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေမျက်ပါး သင်္ကန်းကပ်လှူတော်မူသည်။ တစ်ဆက်တည်း အလှူတော်အဖြစ် ရင်ပြင်တော် မုခ်လေးမုခ်တွင် တန်ဆောင်းပလ္လင်တော်နှင့်တကွ ရုပ်ပွားတော်မြတ်များကို ပဥ္စလောဟာ ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သွတ် (၅) မျိုးဖြင့် ဥဒါန်းကျူးဟန်သွန်းလုပ်လှူဒါန်းတော်မူခဲ့ပါသည်။

(က) ပဥ္စလောဟာဖြင့် သွန်းလောင်း လှူဒါန်းတော်မူခဲ့သော ဘုရားများမှာ အရှေ့ဘက်အာရုံခံတန်ဆောင်းလိုဏ်ဂူတော်တွင် ကကုသန်ဘုရား၊

(ခ) တောင်ဘက် အာရုံခံတန်ဆောင်းလိုဏ်ဂူတော်တွင် ကောဏာဂုံဘုရား၊

(ဂ) အနောက်ဘက် အာရုံခံတန်ဆောင်းလိုဏ်ဂူတော်တွင် ကဿပဘုရား၊

(ဃ) မြောက်ဘက် အာရုံခံတန်ဆောင်းလိုဏ်ဂူတော်တွင် ဂေါတမဘုရား စသည်ဖြင့် ရုပ်ပွားတော်မြတ်လေးဆူ သွန်းလှူတော်မူခဲ့ပါသည်။


**၁ ထူးထူးခြားခြားမီးမခဘုရား**

စဥ့်ကူးမင်း ဥဒါန်းကျူးဟန် လှူဒါန်းတော်မူသော ဘုရားလေးဆူတော်အနက် အနောက်ဘက် အာရုံခံတန်ဆောင်းလိုဏ်ဂူအတွင်း လှူဒါန်းခဲ့သော ရုပ်ပွားတော်မြတ်သည် ၁၂၉၂ ခုနှစ်၌ အနောက်ဘက်မုခ် မီးကြီးလောင်ကျွမ်းတော်မူစဥ်မှာ ပျောက်ဆုံးသွားတော်မူပါသည်။ မီးခသွားသည်ဟု ဘုရားလူကြီးများမှ မှတ်တမ်းပြုထားကြပါသည်။ စဥ်းစားစရာတစ်ခုမှာ အကယ်၍ မီးခသည်ဆိုပါစို့ - ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သွပ်ဟု ပဥ္စလောဟာဖြင့် သွန်းလောင်းထား ရုပ်ပွားတော်ဖြစ်ခြင်းကြောင့် ပလ္လင်ကြမ်းပြင်တွင်မီးလောင်ကျွမ်းထားသော ကြေး၊ သံ၊ သွပ် စသည်ဖြင့် အကြွင်းအကျန်များ အနည်းနှင့်အများတွေ့ရမှာဖြစ်သော်လည်း မီးခထား ကြေး၊ သံ၊ သွပ်အစများ တစ်စမကျွမ်း တစ်ခုမရှိ ရှင်းလင်းနေသည်က အံ့သြစရာကောင်းလှ၏။ ပြည်သူပြည်သားဘုရားဖူးများက



www.burmeseclassic.com

www.burmeseclassic.com



**ပြန်လည်တည်ဆောက်ပြီးသော အနောက်ဘက်စောင်းတန်း၊ နစ်ပြားတန်ဆောင်းတော်ကြီး၊ မော်ကွန်းမှတ်တမ်း၊**

စာနိဒါန်းတွင် စာရေးသူ တင်ပြထားသကဲ့သို့ နတ်သိကြားများ ပင့်ဆောင်သွားသလော သို့တည်းမဟုတ် ဝိဇ္ဇာကြီးများ၊ ဝိဇ္ဇာဓရအတတ်ပညာဖြင့် တခြားတစ်နေရာ ပင့်ဆောင်သွားသလော၊ သို့မဟုတ် ရုပ်ပွားဆင်းတုတော်မြတ်၏ တန်ခိုးရှိန်စော် မေတ္တာဓာတ်တော်ကြောင့် မီးလွတ်ရာဒေသ မြင့်မြတ်နေရာ စံဌာနသို့ ကြွမြန်းတော်မူလေသလော အမျိုးမျိုးပြောကြားသတင်းစကားများက ထူးဆန်းလှပေစွ။ ရဟန်းရှင်လူပြည်သူပြည်သားအများက မူလပဥ္စလောဟာဘုရားသည် မီးမခဘုရားဟု ဆိုကြ၏။ ယခု စာရှုသူ ဓမ္မမိတ်ဆွေများ ဖူးမြော်ရသည့် ကဿပရုပ်ပွားတော်မြတ်ကား မူလပဥ္စလောဟာဘုရားမဟုတ်တော့ပါ။ စကျင်ကျောက်ဆင်းတုတော်ရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့ရမှာ ဖြစ်ပါသည်။ ကျန်မုခ်(၃)မုခ်မှ ရုပ်ပွားဘုရားများသည် ပဥ္စလောဟာဖြင့် သွန်းလောင်းထား ရုပ်ပွားတော်များဖြစ်ကြောင်းနှင့် ယခုလက်ရှိ ကဿပရုပ်ပွားတော်သည် ကျောက်ဆင်းတုဖြစ်နေသည်ကား ထင်ရှားစွာ ဖူးမြင်နိုင်ကြပေပြီ။

**သောကအပူကင်းဝေး ချမ်းသာမှုပေးသော ဘုရား**

ယခု ကဿပရုပ်ပွားမြတ်ဘုရားသည် မုခ်လေးမုခ် လိုဏ်ဂူတော်အတွင်း သီတင်းသုံးတော်မူ ရုပ်ပွားလေးဆူတွင် အထူးခြားဆုံး ရုပ်ပွားတော်မြတ် ဖြစ်တော်မူပါသည်။ မူလပဥ္စလောဟာမီးမခဘုရားနေရာတော်၌ ကိုယ်စားကြွလာတော်မူသောရုပ်ပွားမြတ်ဘုရားဟု ဘုရားဖူးများတွင် အမိဋ္ဌာန်ဝင်ဘာဝနာပွားများသူတော်စင်များက ဆိုကြ၏။ စကျင်ကျောက်ရုပ်ပွားမြတ်ဘုရားရှေ့တော်သွား၍ စိတ်ကြံသမှု အဓိဋ္ဌာန်ပြုသူများက သောကအပူကင်းပျောက် ချမ်းအေးသာယာမှုကို ရရှိခံစားရပါကြောင်း ပြောကြ၏။ စာရေးသူအနေဖြင့်လည်း ကဿပဘုရားရှေ့မှောက် သွားရောက် ဖူးမြော်ကုသိုလ်ယူစဉ်မှာ မိမိစိတ်အတွင်းဝယ် အလွန်အေးချမ်းမှုကိုလက်တွေ့ခံစားရရှိပါသည်။

ကဿပတန်ဆောင်းအတွင်းသို့ ရောက်လာကြသောကဿပဘုရားဖူးသူများ၊ အဓိဋ္ဌာန်ဝင်ဘာဝနာပွားများ အားထုတ်ကြသူများကို အကဲခတ်လေ့လာကြည့်သောအခါ အလုပ်ဒဏ်ပိ၊စိတ်ဖိစီးနေသောလုပ်ငန်းရှင်များ၊ စိတ်ပန်းလူပန်းဖြစ်နေကြသူများ၊ ရတာမလို လိုတာမရစိတ်သောကရောက်နေသူများ၊ ကဿပဘုရားကြီးသို့လာရောက်ဖူးမြော်ကုသိုလ်ယူနေကြသည်ကိုတွေ့ရပါသည်။

စာရှုသူဓမ္မမိတ်ဆွေများအနေဖြင့် အခက်အခဲတစ်ရပ် အကျပ်အတည်းဆိုက်နေသူများ၊ ပူပင်သောကဗျာပါဒနှင့် ရင်လှိုက်ဖိုမောပူဆွေးနေရသူများ ရွှေတိဂုံစေတီတော် မြတ်စွာဘုရားအနောက်ဘက် အာရုံခံတန်ဆောင်းမှာ သီတင်းသုံးတော်မူ ကဿပဘုရားရှင်ရှေ့တော်မှောက်အရောက်သွား၍ အာနာပါနရှုမှတ်ပွားများအားထုတ်ကြည့်လိုက်ပါ။ နှာသီးဖျားမှာ ဝင်လေသိ၊ ထွက်လေသိ၊ လေဝင်လေထွက်သတိပြု၍ ပွားများအားထုတ်လိုက်ကြပါ။ အပူတွေကင်းပျောက် ငြိမ်းအေးချမ်းသာခြင်းသို့ ချက်ချင်းလက်ငင်းရောက်မှာဖြစ်ကြောင်း ရဲရဲတောက် အာမခံရေးသားလိုက်ရပါသည်။ ဓမ္မမိတ်ဆွေများ စိတ်ချမ်းသာကိုယ်အေး လိုလေသေးမရှိ ပြည့်စုံကြပါစေသော၀်။

မေတ္တာများစွာဖြင့်

ကံဝင်း

**ကျမ်းကိုးစာအုပ် -**

ဂေါပကအဖွဲ့ထုတ် ၂၆၀၀ ပြည့်
အထူးထုတ်စာအုပ်
မောင်မောင်ကြီး၊ မန္တလေး၊ ဓာတ်
ပုံ ရုပ်ပုံ မြင်ကွင်းစုံ
ကိုယ်တိုင်ကွင်းဆင်းလေ့လာ



www.burmeseclassic.com

www.burmeseclassic.com

ဟာသ်းခေါင်း

# ကယုက်ကယက်မလွှင်ခံနှင့်ဗျည်းစမဘုရားကို နမောဗုဒ္ဓါယဂါထာဖြင့်ပူဇော်လျှင်

တစ်နေ့သ၌-

ကျွန်ုပ်သည် ရာသီဥတု၏ အပူဒဏ်ကို မျှတစွာနေထိုင်နိုင်ရန်အတွက် ချည်ထည်စွပ်ကျယ်ဝတ်၍ လေဝင်လေထွက်ကောင်းသော ကျွန်ုပ်၏ အလုပ်စားပွဲတွင်ထိုင်နေခဲ့ပါသည်။

မိန်ရာသီ လတပေါင်းမှာ အပူမြင့်လာချိန်တွင် ကျွန်ုပ်တို့ အညာသားများ အလေ့အထအတိုင်း ရေနွေးကြမ်း (အခါးရည်) နွေးနွေးကို သောက်ရင်း အပူဒဏ်ကြောင့် ဖြာထွက်လာနေသော ချွေးဖြင့် အအေးဓာတ်ဖြင့် ချမ်းသာစွာ နေနိုင်ကြမြဲ ဖြစ်ပါသည်။

ဇယန်းဟုခေါ်ရသော လက်ဖက်ကောင်းနှင့် လက်ဖက်ခြောက် ရောင်းချနေသော လက်ဖက်အကြော်စုံဆိုင်ရှင် တပည့်မတစ်ယောက် စေတနာဖြင့် တန်တော့လိုက်သော ရွှေဖီမိုးလွတ် လက်ဖက်ခြောက်အညွန့်လေးကိုနှပ်ထားသော အခါးရည်၏အရသာမှာ လျှာရင်းမြက်လှပါဘိသည်။

တပည့်မ၏စေတနာသဒ္ဓါကို ကျွန်ုပ်မှလည်း မေတ္တာထားပြီး ဆုတောင်းပေး၍ ချီးမြှောက်ရမြဲလည်း ဖြစ်ပါသည်။ သဘာဝ၏ ထူးခြားထက်မြက်မှုသည် သောဒဖြစ်အောင်ကူခြင်းထက် မြင့်မြတ်လှပါပေသည်။

အခါးရည်ကိုအကြမ်းပန်းကန်နှင့် (၂) ခွက် ဆက်တိုက်ပင် သောက်ဖြစ်ပါသည်။ အတွေးတစ်ခုဝင်လာခဲ့ပါသည်။

ဝန်ထမ်းများတွင်လည်း အပြိုင်အဆိုင်၊ စီးပွားရေးလောကတွင်လည်း အပြိုင်အဆိုင် ပြိုင်လို့မပြီးနိုင်ကြသော ပြိုင်ပွဲကြီးတစ်ခုလို ဖြစ်နေပေတော့ရာ ဆရာများ၏ အဆုံးအမစကားတွေကို အမြဲတမ်း သတိရနေခဲ့ပါသည်။ ဆင်းရဲဒုက္ခရောက်နေသူကို ကယ်မစောင့်ရှောက်ရမည်ဟု အခွင့်ကြုံတိုင်း ဆုံးမစကားပြောပါသည်။

ယခု ကျွန်ုပ်၏အတွေ့အကြုံကို တချစ်သူမိတ်ဆွေများကို တင်ပြရမည်ဆိုလျှင် နေစကြဝဠာကြီးအတွင်းတွင် နေ လ၊ နက္ခတ်များနှင့် ဂြိုဟ်ကြီးများမှာ မငြိမ်ကြဖောက်ပြန်နေကြလေသည်။ ဘဝကံပစ်ချလိုက်သည့်သူအားလုံးသည် သံသရာဒါရိုက်တာညွှန်ပြသည့်အတိုင်း ဘဝဇာတ်ဆရာ ဇာတ်ညွှန်းရေးပြီး ဘဝတွင် စင်တင်လိုက်ပါတော့သည်။

သတ္တလောကဇာတ်ရုံတွင် ကပြချိန်တွင် အာကာသတွင် ရွေ့လျားနေကြမြဲဖြစ်သောဂြိုဟ်တို့မှ ယခု တပေါင်းလထဲတွင် ဖောက်လွဲဖောက်ပြန်လမ်းမှန်မသွား နောက်ပြန်သွားနေခဲ့ကြသောဗုဒ္ဓဟူးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့ကို မြင်နိုင်သိနိုင်ကြပါသည်။

လွန်လေခဲ့ပြီးသော နှစ်ပေါင်း (၂၆၀၀) ကျော်ကာလကပင်လျှင် သုံးလောက၏မင်း ပြိုင်ဘက်ကင်းတော်မူသော ရွှေဘုန်းတော်သခင် မြတ်စွာဘုရားရှင်ကို ဖွားမြင်စဉ်အခါကာလ သမယတွင်ပင် ကောင်းကင်ပြင်အဇရာတွင် ဝေဒပညာခွင်၊ လေးပုံသော ဇေဒင်ပညာခွင့်တွင် အလောင်းတော်မြတ်ဖွားသန့်စင်ချိန်တွင်ရှိနေကြသော ဂြိုဟ်များ၊ နက္ခတ်တာရာများတို့မှာလည်း အံ့မခန်းဖြစ်သည်မှာလည်း ထင်ရှားပါသည်။

ကျွန်ုပ်၏ အတွေးအမြင်ကတော့ ကောင်းမှုကိစ္စမှန်သမျှကို လိုလားတောင့်တတိုင်း ပြီးမြောက်စေချင်သောစေတနာဖြင့် သတ္တဝါများကို ကူညီကယ်မ စောင့်ရှောက်ပေးရန်သာ တွေးပါသည်။

ကျွန်ုပ်တို့ ကိုးကွယ်အားထားပြီး ကြည်ညိုနေကြသော ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကံကိုယုံရပါသည်။ ကံ၏အကျိုးကိုလည်း ယုံရပါသည်။ ထိုယုံကြည်မှုသည် မျက်ကန်းယုံတော့ မယုံရပါ။ အမှန်ကို သိမြင်ခြင်းဖြင့်သာ ယုံကြည်ကြရမည်လည်း ဖြစ်ပါသည်။

အထက်တွင် ကျွန်ုပ်တင်ပြထားခဲ့သည့်အတိုင်း ဘဝဇာတ်ခုံတွင် ဇာတ်ဆရာ၏ စင်တင်ပြဇာတ်ကို ကပြနေရချိန်တွင် ဘဝကံပြစ်အရ ကပြရသော ဇာတ်ရုပ်ကို မလွဲမသွေ ကပြရမြဲ ဖြစ်ပါသည်။

ပစ္စက္ခကာကွက်တွင် မျက်မှောက်ကံအမှုကြောင့် ကောင်းကင်မှ ပြောင်းလဲသောဂြိုဟ်များ၊ နက္ခတ်များကြောင့် အပြောင်းအလဲသည် အဆိုးကို ရှေးရှုနေပါမူ ဘဝရှေ့ရေးကို တွေးခေါ်ရန် ပြုပြင်ပေးရန် လိုအပ်ပါသည်။

ဒီနေရာတွင် ကျွန်ုပ်အနေဖြင့် ဘဝ (မျက်မှောက်ဘဝ) ကံကို တန်ဖိုးအမှတ် (၁၀၀) စံထားပြီး လေ့လာဝေဖန်ခြင်း ဖြစ်ပါသည်။ အမှတ် (၁၀၀) ကို ခွဲခြမ်းပြီး စစ်ဆေးလိုက်လျှင် အမှတ် (၆၀) သည် ပကတိဖြစ်တည်မှုများဟု ဆိုချင်ပါသည်။ အမှတ် (၄၀) ကို အတိတ်ကံအမှတ်ဟု ပြောချင်ပါသည်။ ထိုအမှတ် (၄၀) ထဲမှ (၂၅) မှတ်သည် ပစ္စက္ခအမှုကြောင့်ဖြစ်တတ်၏။ ဂြိုဟ်စီးဂြိုဟ်နင်းကြောင့်ဖြစ်ခြင်းကို ဝေဒပညာတစ်နည်း ဝိဇ္ဇာဓရဂမ္ဘီရပညာဖြင့် ကူညီ၍ ပြုပြင်ပေးနိုင်ပါသည်။ ပစ္စက္ခကံပေါ်သို့ အတိတ်ကံက မိလိုက်ပြီးဆိုပါလျှင်-

ကျန်ရှိနေသော (၁၅) မှတ် အခွင့်အရေးသည် ကျွန်ုပ်တို့ သုံးလောကအရှင်မြတ်စွာဘုရားပင် မကယ်မနိုင်သော သံသရာမှ ဝဋ်ကြွေးဟု ပြောရမည်ပင် ဖြစ်ပါသည်။ စာချစ်သူ မိတ်ဆွေများ စဉ်းစားနိုင်ကြမည် ဖြစ်သည်။

ကျွန်ုပ်၏ အတွေးအမြင်ကို တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ချမ်းချမ်းသာသာဖြင့် တင့်တောင့်တင့်တယ်နေနိုင်လိုကြသော မိတ်ဆွေတို့ကို လွန်စွာအားကြီးသော အဖျက်အဆီး မုန်တိုင်းကြီးလို့ ပြောရမည်။ မလိုမုန်းထား ငြူစူစောင်းမြောင်းခြင်း၊ ချောက်တွန်းကြခြင်း၊ အပြိုင်အဆိုင်ကဲနေခြင်းကို ခံစားနေရသူများအတွက် အကောင်းဆုံးလက်ဆောင် ရတနာတစ်ခုကို ပေးလိုသော ဆန္ဒစေတနာဖြင့် ယခု ဤစာစုကို ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။


ကျွန်ုပ် ဗျည်းစမဘုရားနှင့် ထူးဆန်းစွာ တွဲဖက်ထားသော ဂါထာ (၂) ပုဒ်နှင့် ဘိုးဘိုးအောင်၏ အောင်သမ္ဗုဒ္ဓေဂါထာတို့ ရရှိခဲ့ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ် (၄၀) ကျော်ကာလက ကျွန်ုပ် ဌာနတစ်ခုတွင်တာဝန်ထမ်းဆောင်နေစဉ်ဖြစ်ပါသည်။ထိုအချိန်ကာလက ပြည်သူ့တရားစီရင်ရေးကာလဖြစ်သည်။ တရားရေးဝန်ထမ်းများ လိုအပ်သည့်အတိုင်းအတာအထိ မခန့်နိုင်သေးချိန်ဖြစ်၍တစ်ကြောင်း၊ ယခင်ကစက်ရှင်တရားသူကြီးရုံးတွင် တာဝန်ထမ်းခဲ့ကြသော ကျွန်ုပ်တို့မှာ အခြေစိုက်ရုံးတွင် (၂၀) ရက်လောက် တာဝန်များ



www.burmeseclassic.com

www.burmeseclassic.com



အောင်သိဒ္ဓိဗျည်းစမဘုရား

ထမ်းဆောင်လိုက်၊ ကျန် (၁၀) ရက်လောက်က မြို့နယ်အတွင်း စစ်ကြောင်းများနှင့် ကျေးရွာအရောက် ကွင်းဆင်းပြီး ပြည်သူများအကျိုးကို ဆောင်ရွက်ပေးနေရချိန် ဖြစ်လေသည်။

ကျွန်ုပ်အနေနှင့်ကတော့ ကျောင်းသားဘဝ ငယ်စဉ်ကပင် အရှူးအမူးဖြစ်နေသော ဝိဇ္ဇာဓရဂမ္ဘီရပညာမှာ အမြစ်တွယ်ခံနေရသော ကင်ဆာရောဂါလို ဖြစ်နေပါသည်။ တာဝန်အရ ဆောင်ရွက်စရာများပြီးသွားသည်နှင့် ကိုယ်ပိုင်အချိန်ရသလောက် ထိုကျေးရွာများ၏ ဘုန်းတော်ကြီးကျောင်းများရှိရာဆီသို့ အရောက်သွားခဲ့ပါတော့သည်။

ပေများ၊ ပုရပိုက်များစွာနှင့် တွေ့လုံးနေမြဲလည်း ဖြစ်ပါသည်။ သို့နှင့်ပင် ယခု ရေးသားသောစာစုမှ ဗျည်းစမဘုရားနှင့် ဆန်းပြားသောဂါထာများကို ကူးယူရေးသားပြီး မှတ်သားထားနိုင်ခြင်း ဖြစ်ပါသည်။ မူလဆန္ဒအရ ယခုတော့ ခုနစ်နေ့သားခုနစ်နေ့သမီးများအတွက် အလိုရှိသူများ သုံးနိုင်ကြစေရန် အကူအညီပေးနိုင်ပြီဖြစ်၍ ဝမ်းမြောက်ရပါတော့သည်။

အောင်သိဒ္ဓိ ဗျည်းစမဘုရားကို ဦးစွာလေ့လာကြည့်မည်ဆိုလျှင် ရှေးဆရာတချို့ကတော့ ရုပ်စမဟုသုံးကြသည်။ မည်သို့ပင်အခေါ်ကွဲနေသည့်ဖြစ်နေ ရုပ်စမအင်း၊ ဗျည်းစမရုပ်အင်းတွင် ကြီးလေးကြီးနှင့် အခြားဗျည်းများ ပါဝင်နေပါသည်။

ထိုင်ဟန်မှာ ပထဝီဖဿမုဒြာ ဖြစ်ပါသည်။ လက်တော်၏ လက်နေဟန်ထားမှာမူ မဟာကရုဏာမုဒြာဟန်ဖြစ်ပါသည်။ ပလ္လင်တော်တွင် တနင်္လာမှ ကိတ်အထိ သင်္ချာဖြင့် ပြထားပါသည်။ နောက်'ကယှက်ယယှက်'တစ်ချောင်းဆွဲဖြင့် ပလ္လင်တော်တည်ထားခြင်းသည်လည်း တစ်မူဆန်းနေပါသည်။

ပလ္လင်အောက်ခြေတွင် လက်ဝဲဘက်က စ-ခ-ဗ-ဝဓာတ်စမနှင့် ယာဘက်က က-ဃ-ဏ-ဋကြီးလေးကြီးစမများ ပါဝင်နေပါသည်။ စုပေါင်းပြီး အရကောက် သုံးသပ်လိုက်လျှင် အတိုက်အခိုက်ရန်ဟူသမျှ အောင်စေကြောင်းနှင့် စီးပွားဥစ္စာလာဘ်များစွာတို့ကို ရရှိတိုးပွားစေနိုင်သည်ဟု ပြောပြနေသလို ခံစားကြရမည် ဖြစ်ပါသည်။

ထိုဗျည်းစမဘုရားနှင့် တွဲဖက်ပူဇော်ရမည့် ဂါထာ (၂) ပုဒ်နှင့် ဘိုးဘိုးအောင်သမ္ဗုဒ္ဓေတို့ဖြစ်နေ၍လည်း ဆန်းနေပြန်ပါသည်။

### ဂါထာနှစ်ပုဒ်

- တခသေတေ၊ နမောဗုဒ္ဓါယ၊ လောမာယဒ္ဓါ၊ ဗုမောနန၊ ဒါမအဥ၊ ဒန္တာဥအ၊ မတဇောက္က သွာသုမံသိ၊
  သုသွာက္က အတ္တိ နမောဗုဒ္ဓါယံ။
- သံသာရ စက္ကဝိဒ္ဓံသံ၊ သမ္ဗုဒ္ဓမသဩရသံ၊ သံဆိန္နက ဘဝေအာသံ၊ သံယံ အဝိသုမာနသံ။

### ဘိုးဘိုးအောင်သမ္ဗုဒ္ဓေဂါထာ

- သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ပဉ္စသတသဟဿာနိ၊ ဒွါဒသဉ္စ သဟဿကေ၊ ဂုဂ်ီယံ ဝါဠုကစုဏ္ဏော၊
- ပရာဇတ္ထာ ဗဟုဖုလ္လေ၊ နမာမိ သီရသာမဟံ၊
  တေသံဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ အာဒရေန် နမာမဟံ၊
- နမကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊ အနေကာ အန္တရာယာပိ ဝိနာသန္တု အသေသတော။

လူ့လောက ဘဝဇာတ်ခုံပေါ်တွင်

www.burmeseclassic.com

အောင်သိဟ

# လက်ပံပင်ငရဲမှပြန်လာသူ (သို့) လူဝင်စား မောင်စံပေါ

"အဘွား၊ ကျွန်တော် မောင်စံပေါလေ၊ မမှတ်မိဘူးလား"

"ဟင့်အင်း - မမှတ်မိဘူး"

"အဘွားရဲ့ မြေးအရင်း၊ အမေမိမီးကမွေးတာ"

မထင်မှတ်စွာ ကြားလိုက်ရသော စကားကြောင့် ဒေါ်ငွေသိန်း ငိုင်သွားသည်။ သူ့ကိုယ်သူ မောင်စံပေါလို့ ဆိုလာသူလေးကိုကြည့်လိုက်တော့ (၅) နှစ်သား လူငယ်လေး။

"ဘယ့်နှယ်- ငါ့မြေး မောင်စံပေါက သေပြီလေ။ အရွယ်က (၁၈) နှစ်၊ (၁၉) နှစ်အရွယ်မှာ ဆုံးတာ။ အခုထိဆိုရင် (၃၀) ဝန်းကျင်လောက်ရှိပြီ။ အခုဟာက တစ်ခုခုတော့လွဲနေပြီတူတယ်"

ထိုအခါ မောင်စံပေါဟုဆိုသော လူငယ်ကလေးက ခေါင်းကိုကုတ်ရင်း စဉ်းစားမိဟန်ဖြင့် ပြောလိုက်ပြန်သည်။

"အဘွားအမည်က ဒေါ်ငွေသိန်း၊ အဘိုးအမည်က ဦးချို။ အဘိုးက ငါးပိရည် အရမ်းကြိုက်၊ အဖွားက ငါးကလေးဟင်းကိုကြိုက်၊ မြေး မောင်စံပေါက ကြက်ဥကြော်ကို အရမ်းကြိုက်။ ဒါဆိုရင် လက်ခံမလား"

"ဟေ. . ."

ဒေါ်ငွေသိန်း အံ့ဩခြင်းများစွာဖြင့် မောင်စံပေါ၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း-

"သူငယ်လေးပြောတာ မှန်တယ်။ မောင်စံပေါက ကြက်ဥကြော် အရမ်းကြိုက်တာ။ ဒါနဲ့ ဘယ်လိုကဘယ်လို မောင်စံပေါအကြောင်းတွေလာပြောပါလိမ့်"

ထိုအခါ တစ်ချိန်လုံး ငြိမ်နားထောင်နေသူ၊ မောင်စံပေါအား ဒေါ်ငွေသိန်းထံခေါ်လာသူ အမျိုးသမီးကြီးတစ်ဦးက ရောက်လာရခြင်း အကြောင်းစုံရှင်းပြပါတော့၏။

"ဒီလိုပါ အစ်မကြီးရဲ့။ ကျွန်မတို့က မော်လမြိုင်ကပါ။ မောင်စံပေါက ကျွန်မရဲ့မြေး၊ ကျွန်မ သမက်နဲ့ သမီးက မွေးတာ။ မောင်စံပေါရဲ့ အမည်မှန်က မောင်ပြည်မြင့်မြတ်။ စကားစပြောတတ်ကတည်းက သူ့နာမည် မောင်စံပေါ။ ယခင်ဘဝက အဘိုး၊ အဘွားတွေက ကျိုက်ထိုမှာနေတယ်။ လိုက်ပို့ပေးပါ။ အထူးသဖြင့် အဘွားကိုတွေ့ချင်တယ်။ အဲဒီလို အမြဲတမ်းပြောပြောနေတာ။ သူ့မိဘနှစ်ပါးကလည်း အလုပ်မအားကြရာပါဘူး။ ဟိုတစ်နေ့တော့ ရောက်အောင် ပို့ပေးမယ်လို့ ဆုံးဖြတ်ထားတာ။ ကလေးရဲ့ တစာစာပြောနေတာကို သနားလာပြီး အခုကျောင်းပိတ်တုန်း လိုက်ပို့ဖြစ်တာပါ"

ထိုအခါကျမှ ဒေါ်ငွေသိန်း သက်ပြင်းချနိုင်တော့၏။ မောင်စံပေါ လူဝင်စား မောင်ပြည်မြင့်မြတ် ဆိုတာ ရိပ်စားမိတော့၏။ ဒေါ်ငွေသိန်းရဲ့မြေးအနှစ်ကလေး အချစ်ဆုံး မောင်စံပေါကို ပြန်

---

ထင်ပေါ်ကျော်ကြား လူသိများသည့် သရုပ်ဆောင်တစ်ယောက်ကဲ့သို့ လူတွေ ခင် အန္တရာယ်ကင်း ဘေးရန်တွေရှင်းပြီး တ်တွေချစ်ကြခြင်းကိုခံရကာ ရတနာ စ်ပါးနှင့် ချမ်းသာကြပြီး သာသနာ တော်အကျိုးကို သယ်ပိုးနိုင်သော သာသနာကို ထောက်ပံ့သည့် အာဇာ နည်များဖြစ်စေရန်အတွက် ဗျည်းစမ အောင်သိဒ္ဓိဘုရားကို ပူဇော်ခြင်း ဂါထာ နှင့် သမ္ဗုဒ္ဓေတို့ ရွတ်ဖတ်ပူဇော်နိုင်ရန် အတွက် မိမိကိုယ်တိုင် ဆောင်ရွက်နိုင် ကြရန် အောက်တွင် ပြည့်စုံအောင် ရေး သားလိုက်ပါသည်။

**ဆောင်ရွက်ရပုံအသေးစိတ်**

၁။ ပုံတွင်ပါသောဗျည်းစမဘုရားကို ကိုယ်တိုင်စီမံပါ။ အကယ်၍ မစီမံနိုင်ပါက ယခုခေတ် မိတ္တူဆိုင်များ တွင် ကူးယူပါ။

က။ ပုံကြီးကူး၍ ဘုရားခန်းမှာထား ကိုးကွယ်ခြင်း။

ခ။ ပုံငယ်ကူး၍ အမြဲအိတ်ဆောင် ထား ကိုးကွယ်ခြင်းတို့ ပြုလုပ်နိုင် ကြပါသည်။

၂။ ရက်ရွေးခြင်းနှင့် ကာလသတ်မှတ်ခြင်း။

က။ ရက်ရာဇာတစ်ရက်တွင် စတင်ပါ။

ခ။ စီမံရသောကာလကို (၇) ရက် သတ်မှတ်ပါ။

၃။ ပင့်ဖိတ်ရန်ပုဂ္ဂိုလ်များ

- မဟိဒ္ဓိပုဂ္ဂိုလ်ဆရာတော်များ
- ဝိဇ္ဇာလေးပါး

၄။ နေ့စဉ်ပြုဖွယ်များ

က။
- ဘုရားရှိခိုးခြင်း
- သီလခံယူခြင်း
- ဆုတောင်းခြင်း

ခ။ ၁။ အထက်တွင် ဖော်ပြထားခဲ့သော ဂါထာ (၂) ပုဒ်ကို (၃၃) ခေါက် ရွတ်ဖတ်ပူဇော်ပါ။

၂။ ပဌမံဘိုးဘိုးအောင် သမ္ဗုဒ္ဓေ ဂါထာတော်ကို (၁၀) ခေါက် ရွတ်ဖတ် ပူဇော်ပေးပါ။

ဂ။
- မေတ္တာပို့သပါ။
- သစ္စာပြုပြီး ဆုတောင်းပါ။
- ကုသိုလ်အမျှပေးဝေပါ။
- ဖိတ်ထားသူများကို နေရပ်ဌာနသို့ ပြန်ပို့ပါ။

အဓိဋ္ဌာန်ကာလ (၇) ရက်ပြီးသည်နှင့် မိမိ၏ ဆန္ဒအတိုင်း ဆောင်ထားခြင်းနှင့် ဘုရားခန်းတို့တွင်ထားပြီး ပူဇော်နိုင်ကြပါသည်။ ထိုပုံတော်ကို နံ့သာတိုင်နှင့် အလွန်ကောင်းသောရေမွှေး (နံ့သာရည်) တို့ဖြင့် ပူဇော်နိုင်ကြပါသည်။

မိမိကိုယ်တွင် အမြဲဆောင်ထားကြလိုသူ အမျိုးကောင်းသားများအနေဖြင့် သူရာ (၅) ပါးနှင့် မေရယ (၅) ပါးတို့ကို လုံးဝကင်းအောင် ရှောင်ကြရမည်ဖြစ်ကြောင်း အသိပေးလိုက်ရပါသည်။

မိမိတို့၏ ရည်မှန်းချက်များကို အောင်မြင် ပြီးမြောက်ကြပါစေဟု မေတ္တာရည်၍ ပညာပါရမီအလို့ငှာ ရေးသားလိုက်ရပါသည်။

(ကျွန်ုပ်အား ပညာသင်ကြားပေးခဲ့ကြသော ဆရာသခင်များအားလုံးကို ဤစာစုဖြင့် ပညာဒါနအဖြစ် ရေးသားခြင်းဖြင့် ကန်တော့လိုက်ပါသည်။)

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတော့ ဒေါ်ငွေသိန်း ထိန်းမထားနိုင် ဝမ်းနည်း၊ ဝမ်းသာဖြစ်ခြင်းများဖြင့် ရှိုက်ရှိုက်ပြီး ငိုရှာပါတော့၏။ သူ့အချစ်ဆုံးမြေး မောင်စံပေါက သေဆုံးပြီး လူပြန်ဖြစ်တာတောင် အဘွားဖြစ်သူကို မမေ့ ဆိုတော့ ဒေါ်ငွေသိန်း ကြေကွဲရပါသည်။

ထိုစဉ် မောင်စံပေါက ဘာမပြောညာမပြော ပလတ်စတစ်ခုံကိုယူ ဘုရားဆောင်ရှေ့မှာထား၊ ခုံပေါ်တက်ပြီး ခေါင်းရင်းဘုရားဆောင်ရှိ မှန်ကျောင်းဆောင်ဘေးတံခါးကိုဖွင့်ပြီး ဘုရားရုပ်ပွားတော်ရှေ့က ဆွဲပြားကြိုးကလေးကို လှမ်းယူပြီးနောက် လည်ပင်းတွင်ဆွဲထားလိုက်၏။

"အဘွား၊ ဒါ ကျိုက်ထိုဆရာတော်ကြီး ချီးမြှင့်ခဲ့တဲ့ အဆောင်ဆွဲပြားလေ။ အန္တရာယ်ကင်းဘေးရှင်းဖို့ ဆရာတော်က အမြဲဆွဲထားဆိုတာလေ။ သား ငါးဖမ်းသင်္ဘောလိုက်ဖို့သွားတော့ မေ့ကျန်ခဲ့တာ။ အကယ်၍ ဒီအဆောင်ဆွဲပြားလေးသာ သားဆွဲထားခဲ့မယ်ဆိုရင် သေချင်မှသေမှာ"

မောင်စံပေါက ဆွဲပြားကလေးကိုင်ပြီး ဒေါ်ငွေသိန်းကိုပြလိုက်၏။ ထိုအခါမှ ဒေါ်ငွေသိန်း မှတ်မိသွား၏။ ခြင်္သေ့ရုပ်ပါတဲ့ တစ်မတ်စေ့ အပေါက်ဖောက်ပြီး ပရိတ်ကြိုးနှင့် အမြဲဆွဲထားဖို့ ကျိုက်ထိုဆရာတော် မိန့်ကြားခဲ့လေ၏။ အကယ်၍သာ မောင်စံပေါ အမြဲဆွဲထားမည်ဆိုပါလျှင်. . .။

မောင်စံပေါအဖေက မောင်စံပေါ လူပျိုပေါက်အရွယ်တွင် ဆုံးပါးသွားခဲ့၏။ မွေးချင်းများက သမီးမိန်းကလေးများဆိုတော့ ယောကျ်ားလေးဖြစ်သူ မောင်စံပေါက ဦးဆောင်ပြီး ရှာဖွေလုပ်ကိုင်ကျွေးမွေးရ၏။ ကြုံရာကျပန်း အလုပ်စခန်းများနှင့် ပင်ပန်းကြီးစွာ ဘဝကို ရုန်းကန်ခဲ့ရသူ ဖြစ်၏။ ဝင်ငွေကောင်းကောင်းရမည့်အလုပ်ရှိပါက အလုပ်ပြောင်းမည်ဟု ဆုံးဖြတ်ထား၏။

တစ်နေ့ ငယ်သူငယ်ချင်းဖြစ်သူ သန်းဇော်ဝင်းက ဝင်ငွေကောင်းမည့် အလုပ်တစ်ခုရှိကြောင်း၊ ငါးဖမ်းသင်္ဘောလိုက်ရမှာဖြစ်ကြောင်း၊ စရိတ်ငြိမ်းလုပ်အားခအသားတင်ရမှာဖြစ်ကြောင်း ပြောသောအခါ မောင်စံပေါ ထိုအလုပ်ကိုလုပ်ရန် ဆုံးဖြတ်လိုက်၏။ အမေနှင့် အဘွားကိုပြောတော့ မလွှတ်ချင်ကြပါ။ နောက်ဆုံး မောင်စံပေါဆန္ဒကို လိုက်လျောလိုက်ရ၏။

ဤသို့ဖြင့် မောင်စံပေါတို့ ငါးဖမ်းစက်လှေဖြင့် လိုက်ပါခဲ့ကြသည်။ ကော့သောင်းမြို့ တစ်ဖက်ကမ်း ထိုင်းနယ်စပ် ပင်လယ်ပြင်တွင် ငါးဖမ်းအလုပ်လုပ်ကြရ၏။ ငါးဖမ်းအလုပ်ပြီးချိန်မှာ စက်လှေပေါ်တွင် လုပ်သားများ အနားယူရင်း အရက်သောက်ကြ၏။ အရက်သောက်ရင်း ငါးဖမ်းလုပ်သားတစ်ဦးနှင့် စကားများရန်ဖြစ်ကြပြီးနောက် ထိုလူက မောင်စံပေါကို ရေထဲ တွန်းချလိုက်လေ၏။ မောင်စံပေါကရေကောင်းစွာမကူးတတ်။ ငါးဖမ်းလုပ်သားများက ပြန်ဆယ်ရန် ကြိုးစားကြသော်လည်း မရတော့။ ပင်လယ်ရေထဲမှာ မောင်စံပေါကို ငါးကြီးတွေက ဝိုင်းတွတ်ကြ၊ကိုက်ကြ၏။ နောက်ဆုံး မောင်စံပေါ သေဆုံးပြီး ရေထဲ မျောနေလေတော့၏။

ထိုအချိန်၌ ချို(၂)ချောင်းပါသော ဦးထုပ်ဆောင်းထားသူ ငရဲသားနှစ်ဦးက မောင်စံပေါကိုလာခေါ်သွားပါတော့၏။ ငရဲပြည်ရောက်တော့ ငရဲမင်းကမေး၏။

"မင်း လူ့ပြည်မှာ ဘာတွေလုပ်ခဲ့သလဲ"

"ရေထမ်းရောင်း၊ ဆိုက်ကားနင်း၊ မြေတူး၊ ကြုံရာ ရရာအလုပ်ကိုလုပ်ပြီး အမေနဲ့မိသားစုကို ရှာကျွေးခဲ့ပါတယ်"

"နောက်ဘာတွေလုပ်သေးလဲ"

"ဘုန်းကြီးကျောင်းအလှူမှာ ခိုင်းတာ ဝိုင်းလုပ်ပါတယ်။ ကျောင်းသားနည်းတဲ့အခါ ကျောင်းသားဝင်လုပ်ပေးတယ်။ ကိုယ်တိုင်လည်း ဘုန်းကြီးကိုလှူဖူးတယ်"

ငရဲမင်းမေးသမျှ မောင်စံပေါက သူသိသလို၊ သူပြောတတ်သလို ရိုးရိုးသားသား ဖြေကြားခဲ့၏။

"ရှိသေးတယ်။ နောက်ကော ဘာလုပ်ခဲ့သလဲ"

မောင်စံပေါ စဉ်းစားနေ၏။ ခဏနေတော့ ဖြေပါသည်။

"ပင်ပန်းတဲ့အခါ သူငယ်ချင်းတွေနဲ့ အရက်သောက်ဖူးပါတယ်။ မဟုတ်တာ ဘာမှမလုပ်ပါ၊ သူတစ်ပါးကို ဒုက္ခမပေးပါ။ ကူညီပါတယ် . . ."

"ဘာကြောင့်သေပြီးငရဲကိုရောက်လာလဲ"

"အမေနဲ့ မိသားစုစားဝတ်နေရေးအတွက် ငါးဖမ်းစက်လှေနဲ့ လိုက်လာခဲ့ရပါတယ်။ စက်လှေပေါ်မှာ အရက်သောက်ကြရင်း ရန်ဖြစ်ပြီး ရေထဲတွန်းချခံခဲ့ရပါတယ်။ ငါးတွေဝိုင်းကိုက်လို့သေပါတယ်။ ငရဲသား လာခေါ်လို့ ငရဲပြည်ရောက်ရခြင်း ဖြစ်ပါတယ်"

ငရဲမင်းကြီးက ခေါင်းတညိတ်






ယခင်ဘဝက အဘွားဒေါ်ငွေသိန်းနှင့် မောင်စံပေါ



www.burmeseclassic.com

www.burmeseclassic.com



လူဝင်စား မောင်စံပေါ်အား စာရေးသူနှင့်အတူ ဇင်မင်းထွန်းတို့မှ တွေ့ဆုံမေးမြန်းနေစဉ်

ညိတ်လုပ်နေသည်။ပြီးတော့ မောင်စံပေါ်ကို အသံဩဇာကောင်းကောင်းဖြင့်ပြောလိုက်၏။

"မောင်စံပေါ် လူ့ဘဝမှာ လုပ်ခဲ့တာ ကောင်းတာများပါတယ်။ ဒါပေမယ့် အကုသိုလ်အနည်းငယ်ရှိလို့ ငရဲ (၇) ရက်ခံရမယ်"

မောင်စံပေါ်ရှေ့မြင်ကွင်းမှ ငရဲမင်းကြီး ချက်ချင်းပျောက်သွား၏။ ငရဲသားနှစ်ဦးက မောင်စံပေါ် လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက်ကိုင်ပြီး လေဟာနယ်ထဲ ပစ်ထည့်လိုက်တော့ အလွန်တရာမှ ကြီးမားသော ဒယ်အိုးကြီးနားကျသွားတယ်။ ဒယ်အိုးထဲမှာ လူတွေအများကြီး အော်နေကြတယ်။ ဒယ်အိုးထဲတော့မကျ။ သို့သော် ခွေးနက်ကြီးတွေလိုက်ကိုက်လို့ သေပြေးရှင်ပြေးပြေးရတယ်။ ခြေသလုံးသား၊ တင်ပါးအသားနေရာကိုမှ ရွေးပြီးကိုက်ကြတယ်။ နီးစပ်ရာ အပင်တစ်ပင်တွေ့တယ်။ အဲဒီအပင်ပေါ်တက်ပြေးတော့ အပင်က ဆူးရှိတယ်။ ဆူးတွေစူးပြန်တယ်။ အောက်က ခွေးရန်က လွတ်ရုံရှိသေး၊ အပေါ်က ငှက်ကြီးတွေ၊ လင်းတကြီးတွေက ထိုးဆိတ်လုပ်ပြန်တယ်။ သစ်ပင်အောက်ဆင်းပြေး၊ ခွေးနက်ကြီးတွေရောက်လာပြန်တော့ သစ်ပင်ပေါ်ပြန်တက်၊ နားချိန်နားရက် မရှိဘူး။ (၇) ရက်လုံးလုံးခံခဲ့ရတယ်။

❑

စာရှုသူများ အထက်ပါဖြစ်ရပ်များသည် (၁)တန်းကျောင်းသားမောင်စံပေါ်ကိုယ်တိုင် ကျိုက်ထီးရိုးတောင်ပေါ်ဟာဆောင်စားရိပ်မြုံတွင် ဝန်ထမ်းဖြစ်သူ ဦးဇင်မင်းထွန်းနှင့်ဝန်ထမ်းများရှေ့၌ ကိုယ်တွေ့ကြုံများကို သူပြောတတ်သလို အခြွင်းအချန်မရှိပြောပြခဲ့ခြင်း ဖြစ်ပါသည်။ မောင်စံပေါ်သည် မိဘကိုလုပ်ကျွေးခဲ့သည်မှာ မှန်သော်လည်း ဘုရားမကြိုက်သော အရက်သေစာသောက်စားမှု၊ ငါးအိုင်ပက်၊ ငါးဖမ်း စသော အကုသိုလ်အနည်းပါးပြုလုပ်မှုကြောင့် ထင်ပါသည်။ ငရဲမှာ (၇) ရက်ခံခဲ့ရပါသည်။ မောင်စံပေါ်ပြောသော ငရဲမှာ ကျမ်းစာအုပ်မှာပါသော လက်ပံပင်ငရဲကအတိုင်း ငရဲခံခဲ့ရသည်ဟု စာရေးသူယုံကြည်ပါသည်။ ငရဲပြည်မှာ (၇) ရက်သည် (၇)နှစ်ကြာသည်ဟု ထင်ပါသည်။ ငရဲမှာခံပြီးမှ လူပြန်ဖြစ်တာဖြစ်၍ ယခုအခါ (၅) နှစ်ကျော် (၆) နှစ်ခန့် ရှိနေခြင်း ဖြစ်ပါသည်။ မိဘလုပ်ကျွေးခြင်း၊ ဘုန်းကြီးကျောင်း ဝေယျာဝစ္စလုပ်ခြင်း၊ ဘုန်းကြီးသို့လှူဒါန်းခြင်းများကောင်းမှုကြောင့် လူ့ဘဝပြန်ရောက်ရပြန်သည်ဟု ထင်မြင်မိပါသည်။ လူ့ဘဝပြန်ရောက်ပုံကို စာရေးသူနှင့်အတူ တည်းခိုဆောင်ဝန်ထမ်း ဦးဇင်မင်းထွန်းတို့ ဆက်လက်မေးမြန်းထားမှုကို ရှုစားတော်မူ ကြပါ။

"လူ့ဘဝပြန်ရတော့မယ်သိရတော့ အဦးဆုံး သတိရတာက ငယ်သူငယ်ချင်း သန့်ဇော်ဝင်း။ သူက အိမ်ထောင်ကျ ခါစလေး။ ဒါနဲ့ သူငယ်ချင်းဇနီး ငြိမ်းငြိမ်းထွန်းကိုအိပ်မက်ပေးလိုက်တယ်။ နင့်အိမ်မှာ ငါလာနေမယ်ပြောတော့ ငြိမ်းငြိမ်းထွန်းက 'ခဏလေးနေဦး၊ ငါ ရပ်ကွက်ရုံးမှာ လက်မှတ်သွားထိုးမယ်။ အဲဒီလိုပြောတယ်။ သဘောကတော့ သူ့အိမ်မှာနေခွင့်ရအောင် လူကြီးအိမ်မှာ စာရင်းသွားသွင်းမယ်လို့ပြောတာ"

ဦးသန့်ဇော်ဝင်းနှင့် ဒေါ်ငြိမ်းငြိမ်းထွန်းမိဘနှစ်ပါးထံ လူပြန်ဖြစ်ပြီးနောက်ပိုင်း ထူးခြားမှုတချို့ကတော့ ရေကိုကြောက်ခြင်း၊ ပင်လယ်စာ ငါး၊ ပုစွန်ကျွေးမရခြင်းများ ဖြစ်ပေါ်ပါသည်။ လူ့ဘဝကြီးကလည်းဆန်းကြယ်လှပါသည်။ အတိတ်ကို ပြန်ပြောင်းပြောနိုင်သော လူဝင်စားများအကြောင်း သူရဋ္ဌမဂ္ဂဇင်းမှာ မကြာခဏဖတ်ရပါသည်။ ပြည်တွင်း၊ ပြည်ပလူဝင်စားများအကြောင်းကို ဆရာတိုးထက် ရေးသားခဲ့သည်များကို ဖတ်ဖူး၊ မှတ်ဖူးပါ၏။ ယခု (၅) နှစ်သားကျော်အရွယ် မောင်စံပေါ်၏ ယခင်ဘဝနှင့် ယခုဘဝ အတွေ့အကြုံပြောပြချက်များကို ဖတ်၍ကောင်းအောင်၊ အဆင်ပြေအောင် အပိုအလိုမပါ ရေးသား တင်ပြအပ်ပါသည်။

မောင်စံပေါ်ခင်မင်တွယ်တာသော ယခင်ဘဝက အဘွားဒေါ်ငွေသိန်းသည် ယခုအခါ ကျိုက်ထီးရိုးတောင်တော်ကောင်ပေါ်တွင် ဘုရားဖူးတည်းခိုသူများ စားသောက်မှုအဆင်ပြေစေရေးအတွက် ချက်ပြုတ်ကျွေးခံသော ဝန်ဆောင်မှုကို ဆောင်ရွက်နေသူ ဖြစ်ပါသည်။ မောင်စံပေါ်ဟု အတိတ်ဘဝကအမည်နှင့် ယခုဘဝ လူလာဖြစ်၍ မိဘနှစ်ပါးပေးထားမောင်ပြည်မြင့်မြတ်သည် ယခင်ဘဝက အဘွားဖြစ်သူ ဒေါ်ငွေသိန်းအား လွန်စွာ သံယောဇဉ်ကြီးလှသည်ဖြစ်ရာ ယခု ဒေါ်ငွေသိန်းရှိရာ ကျိုက်ထီးရိုးတောင်ပေါ်သို့ လိုက်ပါလာပြီး အဘွားဒေါ်ငွေသိန်းနှင့် အတူတကွ နေထိုင်လျက်ရှိပါသည်။ မောင်စံပေါ် ဆိုသော မောင်ပြည်မြင့်မြတ်အား နောက်ဆုံးအနေဖြင့် စာရေးသူမှ-

"ယခုလာမယ့်စာသင်နှစ်ဒုတိယတန်းကို မိဘနှစ်ပါးရှိတဲ့ မော်လမြိုင်မှာ တက်မှာလား ဒါမှမဟုတ် ယခင်ဘဝက အဘွားဖြစ်သူရှိရာ ကျိုက်ထိုမှာတက်မှာလား"

မေးသောအခါ မောင်စံပေါ် ဆိုသော မောင်ပြည်မြင့်မြတ်က ဖြေကြားပါသည်။

"အဘွားဒေါ်ငွေသိန်းနေတဲ့ကျိုက်ထိုမှာ ကျောင်းတက်မှာ"

ဟု ဖြေကြားသွားပါသည်။

မေတ္တာများစွာဖြင့်
အောင်သီဟ



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း)

# ကမ္ဘာ့ဦးအချစ်သစ်သီး၏ဆေးဖက်ဝင်အစွမ်းဖြင့် လှပ၍ ကျန်းမာနိုင်ကြပါစေ



အာဒံနှင့် ဧဝတို့ ပန်းသီးတစ်လုံးနှင့်စခဲ့တဲ့ ကမ္ဘာကြီးဟာ ယနေ့ဆိုလျှင် လူသားပေါင်း သန်း (၉၀၀၀) နီးပါးသို့ ချဉ်းကပ်ခဲ့ပြီမို့ ကမ္ဘာ့လူဦးရေသိပ်သည်းမှု မြင့်မားလာသည်နှင့်အမျှ ကမ္ဘာနှင့်အဝန်း သဘာဝဘေးဒဏ်အန္တရာယ်များ နေ့စဉ်နှင့်အမျှ တွေ့ကြုံခံစားနေရပြီး -

အိုနာသေဘေးက မလွတ်နိုင်ကြသည့် လူသားတို့၏ ရုပ်ခန္ဓာသဘာဝတရားတို့တွင်လည်း အမျိုးမျိုးသော ရောဂါဘယများ ဖြစ်ပေါ်ခံစားနေကြရပေသည်။

'အားလုံး ကျန်းမာ သက္ကရာဇ် (၂၀၀၀) မှာ' ဆိုတဲ့ ဆောင်ပုဒ်ကြီးကို ကြွေးကြော် မြည်တမ်းပြီးကတည်းက လူသားမျိုးပြုတ်စေနိုင်လောက်သော ကပ်ရောဂါအသွင် ရောဂါဆိုးကြီးများက တစ်ခုပြီးတစ်ခု ဆက်ကိုက်ပေါ်ထွက်လို့လာခဲ့ကြသည်ကို ယနေ့ ကမ္ဘာသူကမ္ဘာသားများ လက်ငင်းဒိဋ္ဌ တွေ့ကြုံခံစားနေကြရသည်မှာ · မငြင်းနိုင်သည့် အမှန်တရားပင် ဖြစ်ပေသည်။

ဒါကြောင့် ကမ္ဘာ့ဦးအချစ်သစ်သီးဟုပင် ကင်ပွန်းတပ်ခံရသည့် ဆေးဖက်ဝင်သစ်သီး ရွှေပန်းသီး၏ လူသားတို့ ကျန်းမာရေးအတွက် ဆေးစွမ်းထက် အကျိုးပြုစေသည့်စွမ်းရည်များနှင့် ဆေးဖက်ဝင် အသုံးပြုမှုနည်းစနစ်များကို ရေးသား တင်ပြပေးပါမည်။

ပန်းသီးနှင့်ပတ်သက်လို့ ကမ္ဘာက အသိအမှတ်ပြုထားတဲ့ တစ်နေ့ ပန်းသီးတစ်လုံးစားပေးလျှင် ဆရာဝန်နှင့် သံယောဇဉ်ပြတ်နိုင်သည်ဆိုတဲ့ ကျန်းမာရေးဆောင်ပုဒ်လေးကို လူတိုင်းနီးပါး ကြားဖူးကြပေမည်။

သို့သော် ထိုဆောင်ပုဒ်ကို လိုက်နာကျင့်သုံးကြသူများမှာ လွန်စွာနည်းပါးလှပေသည်။ ဒါကလည်း ပန်းသီး၏ဆေးစွမ်းထက် ဆေးဖက်ဝင်မှု စွမ်းရည်များကို သေချာမသိကြခြင်းကြောင့် ဖြစ်ပါလိမ့်မည်။

ပန်းသီးမျိုးရင်းဝင် အမျိုးအစားပေါင်း ထောင်ကျော်ရှိပါသည်။ ၎င်းမျိုးစိတ်ပေါင်းမြောက်မြားစွာထဲမှ ယနေ့ခေတ်မီ သိပ္ပံနည်းများဖြင့် မျိုးကောင်းမျိုးသန့်များကို သုတေသနပြုရွေးချယ်၍ မျိုးစပ်၍ ပန်းသီးပင်များကို စီးပွားဖြစ်တိုင်းပြည်၏ အဓိကထွက်ကုန် သီးနှံအနေဖြင့် စိုက်ပျိုးလာခဲ့ကြသည့် တိုင်းပြည်များထဲတွင် ကမ္ဘာမှာ တရုတ်နိုင်ငံဟာ ပန်းသီးနှင့်ပတ်သက်လျှင် ကမ္ဘာ့ထုတ်လုပ်စိုက်ပျိုးမှု အများဆုံးနိုင်ငံတစ်ခုဖြစ်ပါသည်။

ပန်းသီးကို အမျိုးမျိုးသုတေသနပြုမျိုးစပ်ကြပြီး တစ်နှစ်ပတ်လုံးသီး၍ အပင်မှာလည်း လူတစ်ရပ်မကျော်စေဘဲ ပန်းအိုးဖြင့်ပင် စိုက်ပျိုးထုတ်လုပ်နိုင်သည်အထိ နည်းစနစ်ပိုင်းဆိုင်ရာမှာ ကျွမ်းကျင်ကြပါသည်။

အချို့ ချမ်းသာကြွယ်ဝကြသည့် တရုတ်သူဌေးများ၏ အိမ်ဧည့်ခန်းမှာ ကျက်သရေဆောင်သစ်ပင်အဖြစ် မြေအိုးနှင့်စိုက်ပြီး တစ်နှစ်ပတ်လုံး ပန်းသီးသီးနိုင်သည့် ပန်းသီးပင်ပန်းအိုးများကို အလွန်ဈေးကြီးပေး၍ ဝယ်ယူအလှဆင်ထားကြသည်အထိ ပန်းသီးကို အလေးထားစိုက်ပျိုးကြသည့်နိုင်ငံ ဖြစ်ပါသည်။

ကမ္ဘာမှာ ဒုတိယပန်းသီးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးကတော့ U.S.A အမေရိကန်နိုင်ငံ ဖြစ်ပါသည်။

ကမ္ဘာ့ပန်းသီးဈေးကွက်တွင်လည်း တစ်ကမ္ဘာလုံးတွင် အရောင်းရဆုံးသစ်သီးမှာ ပန်းသီး ဖြစ်ပါသည်။ ပန်းသီးသည် သစ်သီးများထဲတွင် တော်ဝင်နန်းသုံးသစ်သီးမျိုးဖြစ်သလို လူတို့၏ကျန်းမာရေးအတွက်လည်း အများဆုံးအကျိုးပြုစွမ်းဆောင်ပေး၍ အသက်ရှည်ကာ အနာကင်းစေနိုင်သော ဂုဏ်စွမ်းရည်နှင့်ပြည့်စုံစေသောသစ်သီး ဖြစ်ပါသည်။

**ပန်းသီး၏ ဆေးဖက်ဝင် အစွမ်းထက်စေမှုများမှာ**

ပန်းသီးကို မစားသုံးမီအဆင့်မှာပင် ၎င်း၏အရောင်အသွေးနှင့် အသီးပုံသဏ္ဌာန်အနေအထားအရရော စားသုံးသူ၏ စိတ်ဘဝင်ကို ဆွဲဆောင်စေတဲ့ ပန်းသီး၏မွှေးပျံ့သင်းချိုတဲ့ ထူးခြားသည့် ရနံ့အရကပါ စိတ်နှလုံးကို ကြည်လင်စေသည့် သတ္တိထူးရှိပါသည်။

လျှာပေါ်တင်၍ အရသာကို စားသုံးလိုက်တဲ့အခါမှာ ချိုချဉ်မွှေး၍ အေးမြပြီး လျှာခံတွင်းမှာ စွဲမက်စေပြီး နူးညံ့သိမ်မွေ့သည့်အရသာကို ပေးစွမ်းစေပါသည်။

ပန်းသီးမှာ ကွာစီတင် (Quercetin) ဟု ခေါ်သည့် အစွမ်းထက် အင်တီအောက်စီးဒင့်ဓာတ်များစွာပါဝင်နေတာကြောင့် ဦးနှောက်ဆဲလ်များ ပျက်စီးအိုမင်းမှုကို ကာကွယ်ပေးပြီး ဦးနှောက်အာရုံကြောများကို လန်းဆန်းစေသည့် သတ္တိကြောင့် အယ်လ်ဇိုင်းမားရောဂါကို ကုသရာတွင် ပန်းသီးသည် အကောင်းဆုံးဆေးဖက်ဝင်ဓာတ်သီးနှံ ဖြစ်ပါသည်။

ပန်းသီးတွင် ဆယ်လူလို့(စ်)၊ ကာဗိုဟိုက်ဒြိတ်၊ သံဓာတ်၊ သတ္တုဓာတ်၊ မီးစုန်းဓာတ်၊ မဂ္ဂနီဆီယမ်၊ ဆီလီနီယမ်၊ Vit.C၊ ကာဘာရစ်အစ်ဆစ်ဓာတ်၊ ပက်တင်ဓာတ်၊ စစ်ထရစ်အက်စစ်နှင့် ခရိုမီယမ်ဓာတ်တို့ ပြည့်ဝစွာပါဝင်နေပါသည်။

ပန်းသီးတွင် ကျန်းမာရေးအကျိုးပြုအမျှင်ဓာတ် ပမာဏများစွာ ပါဝင်နေပြီး (Flavonoids) ဖလေဗိုနွိုက်ဓာတ်တို့ ပါဝင်နေခြင်းကြောင့် အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါများနှင့် လေသင်တုန်းဖြတ်ခြင်းတို့ကို လျော့နည်းစေပါသည်။

နေ့စဉ် ပန်းသီးတစ်လုံးကို ပုံမှန်စားပေးနိုင်ခဲ့လျှင် သွေးတိုးရောဂါဖြစ်နိုင်ခြေ (၃၇) ရာခိုင်နှုန်းလျှော့ချနိုင်သည်ဟု သုတေသနပြုတွေ့ရှိထားပြီး ပက်တင် (Pectin) ဓာတ် ပါဝင်နေခြင်းကြောင့် သွေးအတွင်းရှိ အဆီဓာတ်များကို ထိန်းချုပ်ပေးပြီး ကိုလက်စထရော Level ကို လျှော့ချပေးနိုင်ပါသည်။

အချို့က ပန်းသီးစားလျှင် အခွံခွာပြီးစားကြတာများသည်။ ပန်းသီး၏ အခွံပိုင်းတွင် အဖိုးတန် ပက်တင် Pectin

www.burmeseclassic.com

ဓာတ် ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ပန်းသီးကိုစားလျှင် ရေ (၄)၊ (၅) ထပ်ဖြင့် စင်ကြယ်စွာဆေးပြီး အခွံပါစားပေးပါမှ ကျန်းမာရေးအတွက် အကျိုးများမည် ဖြစ်သဖြင့် သတိပြုကြရန် လိုအပ်ပါသည်။

၎င်းပတ်တင်ဓာတ်သည် အူလမ်းကြောင်းအတွင်း ကိုလက်စထရောစုပ်ယူမှုများကို တားဆီးပေးနိုင်သောကြောင့် ကိုယ်တွင်းမှ မကောင်းသည့် အဆီပိုများကင်းစင်၍ သွေးကြောများကို သန့်ရှင်းစင်ကြယ်စေပါသည်။

ပန်းသီး၏ ထိုအစွမ်းသတ္တိကြောင့် ဆေးသိပ္ပံသုတေသန တွေ့ရှိချက်များအရ နေ့စဉ် ပန်းသီး(၁)လုံး (သို့) နံနက်၊ ည တစ်လုံးစီ စားပေးသူများသည် နှလုံးရောဂါနှင့်သွေးကြောပိတ်ဆို့မှုများသည့် အခြေအနေများကို ကာကွယ်မှုကောင်းစွာပေးနိုင်သည်ဟု တွေ့ရှိထားပါသည်။

ပန်းသီးကို ဤသို့ နေ့စဉ် သတ်မှတ်ထားသည့် နှုန်းအတိုင်း (၆) လကြာ စားသုံးသူများ၏ ခန္ဓာကိုယ်အတွင်းရှိ ကိုလက်စထရောလေးပုံတစ်ပုံခန့်သိသာစွာ လျော့ကျစေပြီး သိပ်သည်းဆလျော့နည်းသည့် လိုင်ပိုပရိုတင်းခေါ် သည့်ခန္ဓာကိုယ်တွင်းမှာ အကျိုးမပြုသည့် ဆိုးရွားသော အဆီဓာတ်များကို လျော့ချနိုင်ပြီး ၎င်းလိုင်ပိုပရိုတင်းက သွေးလွှတ်ကြောများ၏အတွင်းနံရံတစ်လျှောက်ကို အဆီနှံတက်လာပြီး သွေးလွှတ်ကြောများ၏ အတွင်းဘက်နံရံထူလာပြီး မာကျောလာခြင်းကြောင့် အသက်အန္တရာယ်ကိုပေးစေသည့် နှလုံးနှင့် ဦးနှောက်တွင် သွေးခဲမှုတို့ကို ပိုမိုဖြစ်ပွားစေပါသည်။ ထိုသုတေသနတွေ့ရှိချက်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါတက္ကသိုလ်မှ သုတေသီများက ထပ်ဆင့်၍ အပြည့်အဝ ထောက်ခံ အတည်ပြုပေးခဲ့သည့် နောက်ဆုံး လေ့လာ တွေ့ရှိချက်ဖြစ်ကြောင်း အင်တာနက်တွင် ဖော်ပြထားပါသည်။

ပန်းသီးတွင် ပါဝင်ဖွဲ့စည်းထားသော အမျှင်ဓာတ်နှင့် ဆယ်လူလို့(စ်)တို့သည် အစာအိမ်နှင့် အူလမ်းကြောင်းတစ်လျှောက်ကို နှိုးဆွပေးပြီး ခန္ဓာကိုယ်အတွက် မလိုလားအပ်သောမလအညစ်အကြေးနှင့် အဆီပိုများကို ဝမ်း(မစင်)ထဲသို့ ရောက်ရှိစေပြီး ခန္ဓာကိုယ်ပြင်ပသို့ ထုတ်ဆောင်ပေးနိုင်သဖြင့် ဝမ်းချုပ်ခြင်းရောဂါ၊ အူမကြီးကင်ဆာရောဂါတို့ကို ကာကွယ်ပေးပြီး မြင်းသရိုက်၊ လိပ်ခေါင်းရောဂါကိုလည်း တားဆီးပေးပါသည်။

ထို့ကြောင့် ဝမ်းချုပ်၊ ဝမ်းကျန်နေတတ်သူများ ပန်းသီး (၁) လုံးကို ညစဉ်အိပ်ရာဝင်ခါနီး နာရီဝက်အလိုတွင် စားသုံးပေးပါက လွန်စွာအကျိုးပြုပါသည်။

အချစ်သင်္ကေတသစ်သီးဖြစ်သော ပန်းသီးသည် လှပမှုကို မြတ်နိုးကြကုန်သော အမျိုးသမီးထုတစ်ရပ်လုံးကို အကျိုးပြုသည့်သစ်သီးလည်း ဖြစ်ပါသည်။

**❑ ပျိုမေများအတွက်ပန်းသီး၏အကျိုးပြုပုံ**

တစ်နေ့ကို ပန်းသီးတစ်လုံးစားပေးခြင်းကြောင့် မီးယပ်သွေးဆုံးချိန်တွင် ဖြစ်စေတတ်သော ပြဿနာများအတွက် အကျိုးပြုပါသည်။

သွေးဆုံးပြီးချိန်တွင် ဖြစ်ပေါ်လာတတ်သော သွေးတွင်းအဆီများစုပုံလာမှုကို ပန်းသီးက သိသာထင်ရှားစွာလျော့နည်းစေပါသည်။

သွေးဆုံးချိန်တွင် ဟော်မုန်းအပြောင်းအလဲရေချိန်ကျဆင်းလာမှုကြောင့် ရေဓာတ်လျော့နည်းပြီး အသားအရေလျော့နည်း၍ပူခြင်း၊ အသားအရေနီမြန်းခြင်း၊ မိန်းမကိုယ်ခြောက်သွေ့ခြင်းတို့ကို တစ်နေ့ ပန်းသီး(၂)လုံး စားပေးခြင်းက သိသာစွာ သက်သာစေပါသည်။

**တစ်နည်း**

ပန်းသီးနှင့် ရှားစောင်းလက်ပပ် (၂) မျိုးကို ဖျော်ရည်လုပ်၍သောက်ပေးပါ ကလည်း ထိရောက်ပါသည်။

ပျိုမေများ အသားအရေအဆီပြန်ခြင်း၊ ဝက်ခြံ၊ တင်းတိပ်ထွက်ခြင်း၊ အသားအရေတွန့်ခြင်း၊ ခြောက်သွေ့ခြင်းတို့ကို ပန်းသီးတစ်လုံးနှင့် ရှားစောင်းလက်ပပ်အတွင်းသား အကြမ်းပန်းကန် (၁) လုံး ဆတူရောမွှေပြီး ပျားရည်စားပွဲဇွန်း(၃)ဇွန်းထည့်၍ အားလုံးရောမွှေပြီး မျက်နှာနှင့် အသားအရေတစ်ကိုယ်လုံးကို လိမ်းပေးပြီး မိနစ် (၃၀) ခန့်ထားပြီး ရေအေးနှင့် ပြန်လည် ဆေးကြောလိုက်လျှင် ချောမွေ့နူးညံ့၍ တင်းရင်းသည့် အသားအရေကို တွေ့ရပေမည်။

ပျိုမေများ မီးယပ်ဖြူဆင်းပြီး ယားယံပူလောင်နေခြင်းတို့တွင် ပန်းသီး (၁) လုံးကို ကြိတ်ချေပြီး ဒိန်ချဉ်နှင့်ဆတူရောစပ်၍ နံနက်၊ ည ဒိုပါလာသကြားခဲသင့်ရုံခတ်၍ သောက်ပေးပါက ပျောက်ကင်းစေပါသည်။

နိဂုံးချုပ်အနေဖြင့် သတိပေးတင်ပြချင်သည်မှာ စာရှုသူမိတ်ဆွေများ ပန်းသီး၏ ကောင်းကျိုးများကို တွေ့ရပြီး ပန်းသီးကို အားရပါးရ စားသုံးတော့မည်ဆိုလျှင် -

**❑ သတိထားစားသုံးရန်အချက်များ**

ပန်းသီးပင်သည် ပိုးမွှားများကြိုက်နှစ်သက်သည့် သစ်သီး၊ သစ်ပင်မျိုးဖြစ်၍ ၎င်းပိုးမွှားများကို ပန်းသီးစတင်သီးပွင့်ချိန်မှ ခူးဆွတ်သည့်အချိန်အထိ စိုက်ခင်းခြံများတွင် ပိုးသတ်ဆေးဖျန်းပြီး နှိမ်နင်းရပါသောကြောင့် ပန်းသီးတွင် ပိုးသတ်ဆေး၊ ဓာတ်ကြွင်းများကပ်၍ကျန်ရှိနေတတ်သဖြင့် ပန်းသီးကို စားသုံးမည်ဆိုလျှင် ရေဖြင့်အထပ်ထပ်သန့်စင်ဆေးကြောပြီးမှ စားသုံးသင့်ပေသည်။

နိုင်ငံခြားမှတင်သွင်းသောပန်းသီးများကို အထားခံ၍ ကြာရှည်ထားနိုင်ရန် ပန်းသီးကို ဖယောင်းရည်စိမ်ပြီး တင်ပို့တတ်ကြလေသည်။ ထိုဖယောင်းရည်စိမ်ထားသောပန်းသီး၏အခွံကိုစားသောက်မိလျှင် ကျန်းမာရေးထိခိုက်စေသည်ကို သတိပြုရပါမည်။

ဤနေရာတွင် နိုင်ငံခြားမှတင်သွင်းလာသောပန်းသီးတွင် ပန်းသီးအကြွပ်သီးနှင့် အပျော့သီးဟူ၍ (၂) မျိုး ရှိပါသည်။

ပန်းသီးအကြွပ်သီးမှာ ဖယောင်းရည်စိမ်ထားခြင်းမရှိ၍ ကျန်းမာရေးအတွက် အခွံပါစားသုံးပေးလျှင် သင့်တော်ပါသည်။

ယိုးဒယားသီး အပျော့သီးသည် ဖယောင်းရည်စိမ်ထားခြင်းကြောင့် ၎င်းကို အခွံသင်ပြီးမှ စားသုံးသင့်ပေသည်။

ပန်းသီးသည် ဆေးဖက်ဝင်အရသာကောင်းသလောက် ပန်းသီး၏အစေ့သည် အဆိပ်သင့်စေသည့် ဓာတ်ပေါင်းများ ပါဝင်နေပါသဖြင့် ပန်းသီးအစေ့ကို မစားသောက်မိစေရန် အထူးသတိထားရပေမည်။

ယခု စာရေးသူ တင်ပြရေးသားခဲ့သည်တို့မှာ -

ပန်းသီး၏ ကောင်းကျိုးနှင့်ရှောင်စရာ သတိထားရမည့် အချက်များကို တတ်နိုင်သမျှ စုံလင်စွာ စေတနာထား၍ ရေးသားလိုက်ပါသည်။

စာရှုသူများ ပန်းသီးစားပြီး ပြီးပြည့်စုံသော ကျန်းမာရေးကို တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဦးမင်းဇင်(ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

▫ ရတနာထိုက်သူများ

ပြကျောက် (၁) တွင် မိုးကုတ်သမိုင်းကို အခြေခံလျက် နတ်တို့ပြသဖြင့် မိုးကုတ်ပတ္တမြားမြေပေါ် ပေါက်လာပုံကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။

မိုးကုတ်ပတ္တမြားမြေတွင် မွေးဖွားလာသူတို့ကိုလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ မိုးကုတ်တွင် ကျောက်တူးရန်ရောက်လာသူတို့ကို လည်းကောင်း မိုးကုတ်တွင်နေထိုင်ရုံမျှ၊ ကျောက်တွင်းတူးရုံမျှဖြင့် ထိုသူတို့အား ပတ္တမြားရတနာထိုက်သူများဟူ၍ မဆိုနိုင်ပေ။

ရတနာထိုက်သူ ဟူသည် ရှေးအတိတ်ကံပါလာမှသာ ရတနာထိုက်ကာ ကျောက်ကြီးကျောက်ကောင်းများရတတ်ကြလေ၏။ မိုးကုတ်မြေမှာ မွေး၍ မိုးကုတ်သားဖြစ်သော်ငြားလည်း သေသည့်တိုင်အောင် ကျောက်ကြီးကျောက်ကောင်းရမသွားသူတို့သည် များစွာရှိခဲ့ဖူးပါသည်။

မိုးကုတ်ပတ္တမြားမြေတွင်နေထိုင်၍ တွင်းလုပ်သူတိုင်း ပြကျောက်၏ သဘောကို နားလည်ကြပါသည်။ ထိုပြကျောက်နှင့်ပတ်သက်၍ (၄) မျိုးရှိနိုင်၏။

ပြသာပြ၍မရခြင်း၊

ရသာရ၍မပြခြင်း၊

ပြလည်းပြ၊ ရလည်းရခြင်း၊

ပြလည်းမပြ၊ ရလည်းမရခြင်း

ဟူ၍ ဖြစ်သည်။

ပတ္တမြားတူးသူအပေါင်းတို့၏ အာရုံသည် ပတ္တမြားတွင်သာ စိတ်ညွတ်နေကြရာ တွင်းဆေးရာတွင်လည်းကောင်း၊ လုပ်ကိုင်နေစဉ်လည်းကောင်း၊ ပတ်ဝန်းကျင်အရောင်တို့နှင့် ဆန့်ကျင်သောအနီရောင်၊ အပြာရောင်တို့သည် လွန်စွာထင်ပေါ်သဖြင့် ဖျတ်ခနဲပေါ်လိုက်လျှင်ပင် မြင်လိုက်ကြရလေ၏။

ထိုပတ္တမြားအနီရောင်နှင့်ပတ္တမြားအပြာရောင်တို့သည် လှပတောက်ပြောင်သောအရောင်ရှိကြရာ လေး၊ ငါးကာရက်အရွယ် မဆိုထားဘိ ကျောက်မှုန့်ကျောက်မွှားအသေးအဖွဲ့လေးများကိုပင်လျှင် ရေထဲ၌ရုတ်တရက်မြင်ရတတ်၏။ ထိုသို့လုပ်နေကိုင်နေစဉ် ရေထဲမှ လျှပ်တစ်ပြက်ပေါ်လာတတ်ရာ ဖမ်းမိရန် မလွယ်ကူလှပေ။ ထိုသို့ပေါ်သည်မှာ မြောင်းမြီးလုန်နေစဉ် လည်းကောင်း၊ ဖြုန်းမွှေနေစဉ်လည်းကောင်း မြင်ရတတ်ခြင်းဖြစ်လျက် ရေပေါ်သို့ပေါ်လာခြင်း မဟုတ်ပေ။ ပတ္တမြားသည် သံတုံးသံခဲကဲ့သို့ လေးသောပစ္စည်းဖြစ်ပေ၏။ အရည်ပြည့်လေ လေးလေဖြစ်သည်။

စကားစပ်၍ စကားပုံတစ်ခုကို အချို့က လွဲမှားစွာပြောဆိုနေကြသည်ကို တွေ့ရ၏။ ထိုသည်မှာ ပတ္တမြားမှန်လျှင် နွံမနစ်ဟု ပြောဆိုနေကြခြင်း ဖြစ်ပေ၏။ ပတ္တမြားသည် အလွန်သိပ်သည်းသဖြင့် လေးလွန်းရာ နွံတွင် အဆုံးတိုင်အောက်ခြေအထိ နစ်ပါသည်။

စကားပုံအမှန်မှာ ပတ္တမြားမှန်လျှင် နွံမညစ်ဖြစ်ပါသည်။ နွံထဲတွင် မည်မျှနှစ်ထားပါစေ ရေဖြင့်ဆေးပါက ချက်





www.burmeseclassic.com

www.burmeseclassic.com

ချင်းပြောင်းစင်သွားပြီး နွံ၏အညစ်အကြေးမစွန်းထင်းနိုင်ပါ။ မညစ်ပေနိုင်ပါဟု ဆိုခြင်းသာ ဖြစ်လေ၏။ ပတ္တမြားနေသော ဖြုန်းမြေသည် အချို့နွံခေါ် ကနယ်ဖြုန်းများပင် ရှိသည်။ ကနယ်နွံတွင် သန္ဓေတည်ဖြစ်တည်ဖွားမြင်ခဲ့သော်လည်း ပတ္တမြားကား နွံတစ်စက်မှ မစွန်း



# နေပြည်တော်ကျော်ကျော်စိုး

ပြကျောက်(၂)



www.burmeseclassic.com

www.burmeseclassic.com

ထင်းပေ။ ထို့ကြောင့် စကားပုံအမှန်မှာ ပတ္တမြားမှန်လျှင် နွံမညစ်သာ ဖြစ်ပါသည်။ ဤသည်မှာလည်း ပတ္တမြားကို ကိုယ်တိုင်လုပ်ခဲ့သူမို့သာ သဘောပေါက်ခြင်း ဖြစ်ပေ၏။

**▫ ပြသာပြ၍မရခြင်း**

ကျင်းလုပ်သူတိုင်းမဟုတ်သော်လည်း အချို့ပတ္တမြားအစစ်ကို မြင်ထိုက်သူတို့သည် မြင်ခွင့်ရလိုက်ကြပါသည်။ မြင်ခွင့်သာရလျက် ရခွင့်မကြုံသူတို့မှာ ပြကျောက်ကို မြင်ဖူးသူများသာ ဖြစ်ကြပါသည်။

မြောင်းမြီးလှန်ရာတွင် ရေစီးကို ဆန့်ကျင်လျက် ပေါက်ပြားဖြင့် အောက်ခြေအခံပေါက်အောင် အားစိုက်၍ ဆွဲလှန်ရ၏။ ထိုအခါ သဲစစ်ခေါ် သဲလေးများအောက်ခြေ၌ ထိုင်လျက် သဲပေါ့ခေါ် အဖြုန်းအဖျင်းများ ရေထဲမျောပါကုန်၏။ သဲစစ်များထိုင်ရန် မကြာမကြာ လှန်ရ၏။

ထိုမျောပါကုန်သော သဲပေါ့များသည် ဇလုပ်(စလုတ်)ခေါ် ရေကျအောက်ခံခွက်ထဲကျကာ ထိုမှ အောက်မြောင်းအဆင့်ဆင့် ရေကျဇလုပ်အဆင့်ဆင့်သို့ရောက်၏။

ထိုသို့ မြောင်းမြီးလှန်နေစဉ် အလွန်လှပနီရဲသော ကျောက်ကြီးကျောက်ကောင်းတစ်ပွင့်ကို မြင်တွေ့ရသော် အလျင်အမြန် ကျောက်ကို ဖမ်းပါသော်လည်း ရေစီးနှင့်မို့ ရေထဲပြန်ကျသွားပြီး ရှာမရဖြစ်တတ်ကြလေ၏။

ထိုအခါ ထိုကျောက်ကြီး အကြောင်းပြုလျက် ထိုကျောက်ကြီးရပါစေကြောင်း အရေးပေါ် တွင်းဆေးကြလေ၏။ တကယ်ဆေးသော် ပထမထိပ်ဆုံးရှယ်မြောင်းမြီးတွင် ကျောက်ကြီးကို မတွေ့ရပေ။ ထိုသို့သော ကျောက်ကြီး မဆိုထားဘိ ငါးမူး၊ သုံးမတ်၊ တစ်ကာရက်မျှသော ကျောက်ကိုပင်လျှင် ဇလုပ်၌ ဆန်ကာခေါက်စဉ် မြင်ရလေ၏။ ကျောက်ကြီးဆိုလျှင်တား ဆိုဖွယ်မရှိပေါ် လွှင်ထင်ရှားလွန်းလှ၏။

ပထမမြောင်းမြီးမရသော် ကျောက်ကြီးအောက်ဆင့်သို့ မျောသွားသည် အထင်နှင့် အောက်ဒုတိယဆင့်မြောင်းဆေးပြန်၏။ ကျောက်ကြီးကား အရိပ်အယောင်သော်မျှ မတွေ့ရပေ။

သို့နှင့် မကျေမနပ်ဖြစ်ကာ တတိယမြောင်း၊ စတုတ္ထမြောင်းဆက်ဆေးပြန်၏။ မြောင်းဆင့်သာကုန်သွားသည်၊ ကျောက်ကြီးကား ပေါ်မလာတော့ပေ။

ရတနာမြေတို့၏အရှင်သခင်များဖြစ်ကြသော နတ်တို့သည်ကို ပတ္တမြားကြီးအား မြင်ဖူးသည်ဆိုရုံမျှဖြင့်ပြကာ ပေးကားမပေးပါ။ ပြန်လည် သိမ်းယူသွားခဲ့ပြီ ဖြစ်၏။ ထိုသည်မှာ ပြရုံသာပြသော ပြကျောက်ဖြစ်ပါသည်။ ပြသာပြ၍ မရသောပြကျောက်မျိုး ဖြစ်ချေ၏။

မြင်လိုက်ရသူမှာကား လျှပ်တစ်ပြက်ပင် မြင်လိုက်ရသော်လည်း ကျင့်သားရနေသောမျက်စိတို့သည် ကျောက်၏ အရွယ်အစား၊ ကျောက်၏ အရည်အသွေးတို့ကို ရုတ်ခြည်းသိနားလည်ကြရာ မျက်စိထဲက မထွက်နိုင်အောင်ရှိပြီး စုပ် တသပ်သပ်ဖြစ်နေတတ်ကြလေ၏။ စိတ်မကောင်းခြင်းကြီးစွာခံစားရတတ်၏။

သို့သော် ပြကျောက် ဟူသည်ကို တွင်းသမားတိုင်း သဘောပေါက်ကြပါသည်။ ရတနာ ဟူသည် လုပ်တိုင်းမရဘဲ ကံကောင်းအကြောင်းလှ၍ နတ်ပေးမှသာရနိုင်ကြောင်းကိုလည်း သဘောပေါက်ကြလေ၏။

အချို့မှာမူ ဆန်ကာခေါက်၍ဆေးနေစဉ် ကျောက်ကြီးဘွားခနဲပေါ်လာ၏။ ဆန်ကာကိုင်သူမှာ တွင်းဆရာသာကိုင်လေ့ရှိရာ တွင်းဆရာက ဆတ်ခနဲကောက်ယူကာ ကျောက်ကို နေရောင်အလင်းတွင် အပြစ်စင်၊ မစင် အနာရှိ၊ မရှိ သိလို၍ ထောင်၍ ကြည့်လိုက်၏။ နေပဏ္ဏာတွင်ကြည့်ခြင်း ဖြစ်သည်။

ထိုတွင် လက်ချော်၍ကျောက်က ရေတအောအောကျနေသောဇလုပ်ထဲသို့ ပြန်ကျသွား၏။ ထိုအခါ ဇလုပ်ထဲ၌ဝပ်နေသော သဲတို့ကို စကာဖြင့်ကော်၍ ခလောက်ကြည့်ပြန်၏။ အထပ်ထပ် အခါခါဆန်ကာခေါက်သော်လည်း ထိုကျောက်ကြီး ပါမလာတော့ပေ။

ထိုအခါ သဲတို့ကို ထုံးစံအတိုင်း ဘေးရှိ ဓောကူခေါ် နှီးတောင်းခြမ်းပုံ့ထဲသို့ ပက်ထည့်၏။ သဲစောင့်သူက တစ်ခါပက်လျှင် တစ်ခါရှာကြည့်ရ၏။ ကျောက်တွေ့သော် ကျောက်ပေါက်ဝါးဆစ်ဘူးထဲသို့ ကောက်ထည့်ရ၏။ သဲသာကုန်သွားသည်၊ ကျောက်ကြီးကား ပါမလာတော့ပေ။

ချထားသောရေသည် ဇလုပ်ပွက်ရုံ၊ မုံထွက်ရုံမျှသာ ချထားရာ ကျောက်ကြီးမဆိုထားဘိ ကျောက်လောက်မလေးသော သဲများပင်လျှင် မမျောနိုင်ပေ။ ထိုသို့လက်ထဲရောက်ပြီးမှ မတော်တဆချော်ကျသွားသော ကျောက်ကြီးအား မကျေနပ်၍ မြောင်းအဆင့်ဆင့်ကုန်အောင်ဆေးသော်လည်း မတွေ့ရ

တော့ပေ။ တွင်းဆေးသည်ဆိုရာဝယ် သဲမြောင်းထဲ၌ သဲတစ်စေ့မျှပင် မကျန်အောင် ခြေဖြင့် ပုတ်ခတ်၍ ဇလုပ်ထဲသို့ ချပေးရပါသည်။ ဇလုပ်ထဲ၌လည်း သဲတစ်စေ့မျှ မကျန်အောင် ကျုံးရပါသည်။ နောက်ဆုံးကျန်သော သဲတစ်စေ့သည် ကျောက်တစ်ပွင့်ဖြစ်နိုင်သဖြင့် ပြောင်အောင်ကျုံးကြရလေ၏။

သဲဖတ်များ စုပုံထားပြီးသော် လက်ယက်ခေါ် ဝါးဖြင့်လုပ်ထားသော ဝါးပြားလေးဖြင့် ကျောက်ရွေးရပါသည်။ အသေးအဖွဲ့မှအစဝါးပေါက်ထဲကောက်ထည့်ကြရ၏။ ရွေး၍ပြီးသော် ကျင်းဆရာမှ အများရှေ့တွင် ကျောက်ပေါက်သွန်၍ ကြည့်စေပါသည်။အကောင်းဆုံးကျောက်သည် အစီးဖြစ်ကာ ကျန်သောကျောက်တို့သည် အမြီးဖြစ်လေ၏။

ကျောက်ဈေးဆိုရာ၌ အစီးကို အဓိကထား၍ဆိုကြပါသည်။ ကျောက်ကုန်သည်မှာ အစီးရောအမြီးပါကြည့်၍ တန်ဖိုးတွက်ကာပေးကြပါသည်။

အလှဆုံးသည် အစီးဖြစ်ပြီး နောက်လိုက်ကျောက်တို့မှာ အမြီးဖြစ်ရာ အစီးနှင့် အမြီးဟူသော ကျောက်တို့၏ ဝေါဟာရသည် လူ့လောကသို့ ကူးစက်လျက် သုံးနှုန်းသည်ကို မိုးကုတ်မြေ၌တွေ့ရ၏။

ရွာတစ်ရွာ ရပ်ကွက်တစ်ခု၌ အလှဆုံးမိန်းကလေးအား ပန်းတောင်ကိုင် ကွမ်းတောင်ကိုင်ဟု ခေါ်ကြ၊ သိကြ၏။ မိုးကုတ်၌မူ အလှဆုံးမိန်းကလေးကို အစီးဟုခေါ်၏။ ဒီကောင်မလေးက ရွာမှာ အစီးပဲ။ ရပ်ကွက်ထဲမှာ အစီးပဲ။ မိုးကုတ်တစ်မြို့လုံးမှာ အစီးပဲဟူ၍သာ ကျောက်အခေါ်နှင့် နှိုင်းကာ ပြောကြမှု ဖြစ်၏။ ကွမ်းတောင်ကိုင်၊ ပန်းတောင် ကိုင်ဟူ၍ ခေါ်ရိုးပြောရိုးထုံးစံမရှိပေ။

**▫ တောင်ဘက်သား**

ကျင်းထောင်သူတို့ကို ပေါလံဟု ခေါ်ပြီး ကျင်းထောင်ပေါလံ၏ဇနီးကို မဲလံဟုခေါ်ကြပါသည်။ ကျင်းသားတို့က တရိုတသေ ပေါလံ၊ မဲလံဟူ၍ ဝိသေသ တပ်ကာခေါ်ကြပါသည်။

ရှေးအခါက ကျင်းထောင်ပေါလံ တို့သည် တောင်ဘက်သားခေါ် ရှမ်း ပြည်နယ်တောင်ပိုင်း ရပ်စောက် ရွာ ဘက်မှ ရှမ်းမနုတို့ကို ကျင်းသားခေါ် လေ့ရှိကြ၏။

ထိုမနုတို့အား ရိုးသားသည်၊ ကြ စားသည် ဟူ၍ နားတစ်ဖက် သတ်မှတ်တတ်ကြလေ၏။ ဒေသခံ ရှမ်းတိုင်းရင်းသားများသည် ရိုးသ



www.burmeseclassic.com

www.burmeseclassic.com

လွန်းကြရာ တောင်ဘက်သား ဟူသမျှ အကောင်းချည်းထင်ကြလေ၏။

လူဟူသည်မှာ ပုထုဇဉ်များဖြစ်ကြရာ လူတိုင်းမကောင်းနိုင်ကြပါ။ မည်မျှကောင်းသည်ဖြစ်စေ လူတစ်ရာတွင် အနည်းဆုံးတစ်ယောက်တော့ မကောင်းသူ ပါလာနိုင်လေ၏။ ထိုအခါ အောက်ပြည်အောက်ရွာမှ တွင်းသားလုပ်လို၍ ကုတ်သို့ တက်လာကြသော ဗမာတိုင်းရင်းသားတို့သည် တောရွာများ၌ ခေါ်ချင်သူမရှိရာ မျက်နှာငယ်ရလေ၏။

တောင်ဘက်သားသာ ခေတ်စားသောခေတ်ကြီးဝယ် မိုးကုတ်မြေ၌ တောင်ဘက်သားများ အများအပြား လာရောက်ကြပြီး မိုးကုတ်မြေ၌ အခြေတစ်ကျဖြစ်ကုန်ကြလေ၏။ လွတ်လပ်ရေးရပြီးခေတ်မှသာ ရွှေဘို၊ မုံရွာမှ ဗမာတိုင်းရင်းသားများ အများအပြား ရောက်လာကြခြင်း ဖြစ်သည်။

မိုးကုတ်ပတ္တမြားမြေသည် မူရင်းဒေသခံတစ်ဝက်မျှသာရှိပြီး ကျန်တစ်ဝက်မှာ မြန်မာနိုင်ငံအရပ်ရပ်မှ စွန့်စားလိုသူတို့ လာရောက်နေထိုင်ကာ အခြေကျခြင်း ဖြစ်ပါသည်။

**ငမှုန်ချောင်း**

အချိန်သည် အင်္ဂလိပ်လက်ထက် ကျောက်တွင်းများ လိုင်စင်ဖြင့်ချပေးသောခေတ် ဖြစ်သည်။ ထိုအချိန်ဝယ် မိုးကုတ်အနောက်ပိုင်း ကျောက်ပြဿဒ်ရွာအနီးမှ ကျောက်ဖျာရွာလေးသည် အိမ်ခြေ (၂၀) မျှသာရှိလျက် ကျင်းထောင်ကာ လိုင်စင်ခံ၍ ကျောက်တူးခြင်းအလုပ်နှင့်သာ အသက်မွေးဝမ်းကျောင်းပြုကြ၏။ လိုင်စင်မခံနိုင်သူတို့မှာ လိုင်စင်ခံ ပေါလ်ကြီးများ၏တွင်းများ၌ ကံစားလုပ်ခြင်း၊ နေ့စားလုပ်ခြင်းတို့ဖြင့် ဘဝရပ်တည်ကြ၏။ အချို့မှာ ခိုး၍တူးကြလေ၏။

ထိုစဉ်အခါက ပတ်ဝန်းကျင်သည် သစ်တောဝါးတောကြီးများဖြင့်ဖုံးလွှမ်းနေရာ မိုးအလွန်ကောင်းလျက် လျှိုများမှ စိမ့်စမ်းများထွက်နေသဖြင့် ချောင်းတို့သည် ရေတသွင်သွင်စီးလျက်ရှိ၏။

ရှေးအခါသည် မြေများမှာ တစ်ခါမှ တွင်းမလုပ်ဘူးသော အခိုင်မြေများဖြစ်သဖြင့် ထိုမြေတို့အား ရေဖြင့် မျှော်တိုက်သော မျှောတွင်းများသာလုပ်ကိုင်ကြပါသည်။

ကျောက်ဖျာရွာ၏အနောက်ဘက်ရှိ သူရိန်တောင်တန်းကြီးမှလည်းကောင်း၊ ကျောက်ပြဿဒ်အနောက်ရွာ၏တောင်ဘက်ခြမ်းရှိ လျှိုမြောင်များမှ လည်းကောင်း၊ ကျောက်ပြဿဒ်ဘုရားတောင်၏ အနောက်ဘက်လျှိုများမှ လည်းကောင်း စိမ့်စမ်းများထွက်ကာ အရှေ့သို့စီးလျက် ငွေးပင်ချောင်းရိုးတွင်သွား၍ ပေါင်းလေ၏။

ရှေးအခါက ထိုစုပေါင်းစီးဆင်းနေသောချောင်းသည် နွေရာသီရောက်မှသာ အတန်ငယ်ခန်းခြောက်လေ၏။ ထိုတောင်ပေါ် အမြင့်မှနိမ့်လျှောစီးဆင်းလာသော ချောင်းတစ်လျှောက်အား လိုင်စင်ခံကာ ငမှုန်မည်သော ပေါလ်ကတောင်ဘက်သား တွင်းသားများ မွေးလျက် ငွေးပင်ချောင်းမှ စတင်မျှောတည်လျက် မျှောတွင်းလုပ်လေ၏။

မျှောတွင်းတည်ရာဝယ် ဦးစွာ ရေပိုလွှဲလမ်းလုပ်ရပြီး လိုအပ်သမျှသော အတိုင်းအတာရောက်သာယူ၍ မျှောတိုက်ရ၏။ ရေများလျှင် ရေပိုလွှဲမြောင်းမှ ပြန်ထုတ်ရ၏။ ရေနည်းပါက လွှဲမြောင်းမှ ရေကို ပိတ်လျက်တိုးပေးရ၏။ ရေအနည်းအများပမာဏမှာ ရေကျဇလုပ်ကို ကြည့်၍သိ၏။ ရေများလွန်းသော် ကျောက်တို့၊ ဖြုန်းတုံးများနှင့် ရေကာရေတွင် မျှောသွားနိုင်၏။ ဆေးသည့်အခါ ရေများလွန်းလျှင်လည်း ရေထိုးအားကြောင့် ကျောက်တို့မျှောသွားနိုင်၏။ ထို့ကြောင့် ကျောက်တို့မျှောသွားနိုင်၏။ ထို့ကြောင့် ရေပိုလွှဲလမ်းရှိရ၏။

မျှောတည်လျှင် ဦးစွာ ဇလုပ်တပ်ရ၏။ ဇလုပ်တပ်ပြီးသော် သဲနှင့်ကျောက်များဝပ်စေရန် မြောင်းမြီးကျောက်စီလုပ်ရ၏။ မြောင်းမြီးတည်ပြီးသည်နှင့် မြေတောင်တို့ကို စတင်မျှောတိုက်ပါသည်။ မိုးကုတ်မြေတောင်တို့သည် ကျောက်ခဲတုံးကြီးများ အတိပြီးသဖြင့် ခက်ခဲစွာလုပ်ကိုင်ကြရသည်။

ထွက်လာသော ကျောက်တုံးကျောက်ခဲကြီးများအား မြောင်းပုံဖော်ကာ ကျောက်စီပေးလျက် ထိုကျောက်စီဘေးတွင် စွန့်ပစ်ခဲတုံးကြီးငယ်များအားပစ်ကြရပါသည်။ ကျောက်စီကို မတ်မတ်စီလျက် အထက်လူတစ်ရပ်ကျော်ကျော်တွင် ကျောက်တုံးရှည်၊ ကျောက်တုံးပြားကြီးများဖြင့် ဖုံးအုပ်ကာ ပေါင်းကူးရှည်၊ ကျောက်တုံးပြားကြီးများဖြင့် ဖုံးအုပ်ကာ ပေါင်းကူးလုပ်လိုက်လေ၏။

ထိုပေါင်းကူးပေါ်တွင် လည်းကောင်း၊ ဘေးဘယ်ညာ၌လည်းကောင်း ထွက်သမျှခဲတို့ပစ်ကြရပါသည်။ ပေါင်းကူးတင်မည်ဆိုပါက အောက်ခြေသဲဝပ်မြောင်းအား ကျောက်ပြားများခင်းပေးရသည်။ကျောက်ပြားမခင်းဘဲ အောက်ခံမြေသားထားပါက ကျောက်စီအောက်ခြေတို့ပေါ်ကာ ပေါင်းကူးပြိုတတ်၏။ ထို့ကြောင့် ပေါင်းကူးမျှောမှန်သမျှ အောက်ခံကျောက်ပြားများခင်းပြီးသားဖြစ်ကြရာ ထိုပေါင်းကူးသည် ကမ္ဘာတည်သရွေ့ မပျက်နိုင်တော့ပါ။ လူတို့သည် ရှေးဟောင်းမျှောများအား အောက်လှန်မျှောလုပ်မှသာ လူတို့ဖျက်၍ ပျက်ကြရပါသည်။

မျှောတွင်းဟူသည် ရှေ့တွင်ရှိသောမြေတောင်ကြီးအား တဖြည်းဖြည်းထိုးချ၍ ရေပန်းရိုက်လိုက်၊ ကျောက်တုံးကျောက်ဖြုန်းများ ကောက်လိုက်နှင့် တဖြည်းဖြည်းလုပ်ကိုင်ကြရရာ ရှေ့သို့ အတော်နှင့် မရောက်နိုင်ပါ။

ထိုမြေထဲ၌ အားလုံးကျောက်ရှိပါသော်လည်း ကျောက်နေသော ဖြုန်းကြောမြေတွေ့မှ အလျင်ကျောက်များများထွက်သည်။ သာမန်မြေတို့တွင် ကျောက်ရှိသော်လည်း ပါးပါသည်။ ပါးသည် ဟူသည်မှာ မိုးကုတ်အခေါ်ဖြစ်ပြီး ရှားပါးခြင်းကို ပါးသည်ဟုခေါ်ခြင်းဖြစ်လျက် ကျောက်များများရခြင်းကို ကျောက်ကျသည်ဟု ခေါ်ကြလေ၏။ ကျသည်ဟူသည်မှာ မိုးသီးမိုးပေါက်များကျသကဲ့သို့ များများကျခြင်းကို စွဲ၍ခေါ်ခြင်းဖြစ်သည်။ ဤသည်မှာ မိုးကုတ်အသုံးအနှုန်းတို့ ဖြစ်လေ၏။

ထို ငမှုန် တွင်းလုပ်သောချောင်းအား ငမှုန်ကို အစွဲပြုလျက် ငမှုန်ချောင်းဟု အလွယ်ခေါ်ကြလေ၏။ ကာလကြာသော် ငမှုန်ချောင်းမှသည် ငမုန်းချောင်းဟု အသံထွက်ပြောင်းလဲသွားခဲ့လေ၏။

**ပေါင်းကူးမျှောကြီး**

မျှော ဟူသည်မှာ မြောင်းမြီးတစ်ပြေးတည်းတည်၍မရပါ။ ဆယ်လံမျှဝေးလျှင် ဇလုပ်တစ်ဆင့်တက်ရ၏။ဇလုပ်တစ်ခု၏ရေကျမှာ အမြင့်တောင်ဆပ်မျှထားရပြီး မြောင်းမြီးတောင်ဆပ်မြင့်တက်သွားလေ၏။

ထိုဇလုပ်တပ်သည့်နေရာတွင် ပေါင်းကူးအား အလင်းပေါက်ထားကာ ကျောက်တုံးတို့ကို ဝိုက်၍ စီရ၏။ ထိုအလင်းအားကိုးဖြင့် တွင်းဆေးရခြင်းဖြစ်သည်။ ထိုပေါင်းကူးအဝိုင်းပေါက်တွင် စကာထိုး၊ ကျောက်ဖြုန်းများဆေးပြီး သဲဖတ်များတင်ရန် အပေါ်မှ မောင်းတုံးမောင်းတိုင်လုပ်၍ဆွဲတင်ရ၏။

မောင်းတုံးမောင်းတိုင်ဟူသည်မှာ အညာကြက်သွန်ခင်းများ ရေလောင်းရန် ရေငင်ရာ၌ အများဆုံးအသုံးပြုသည်ကို တွေ့ရ၏။ မောင်းတုံးဝါးသည် မာကျောရှည်လျားရ၏။ ထိုမောင်းတုံး၏နောက်



www.burmeseclassic.com

www.burmeseclassic.com

တွင် အလွန်းလေးသော ခဲလုံးကြီးအား စို့ဖြင့်ဖောက်ကာ သံကြိုးဖြင့်ဆွဲထား၏။ ရှေ့တွင် မောင်းလက်ခေါ် ချိန်ပါသော ဝါးသေးအား ကြိုးဖြင့်ဆွဲထားရ၏။ ထိုမောင်းတုံးကို မောင်းတိုင်ဝါး၏ ခွထဲသို့ ရောက်အောင်ထည့်ရ၏။ ထည့်ရန် မောင်းတုံးမောင်တိုင်တို့တွင် အပေါက်ဖောက်လျက် ပုရစ်တံခေါ် ငါးမူးသံလုံးဖြင့် ထိုးထည့်ထားရ၏။ မောင်းတိုင်ပေါ်တက်ရန် မောင်းတိုင်တွင်အပေါက်များ ဖောက်လျက် လှေကားသဖွယ် သံချောင်းများစွပ်ထားရ၏။ မောင်းတုံးမောင်းတိုင်ဟူသည် ပေါင်းကူးပေါက်ဖောက်တိုင်းဆင်ရ၏။ အကယ်၍ ပောင်းနွမ်းဆွေးမြည့်သွားခဲ့လျှင်လည်း အသစ်ပြန်လဲရ၏။ ထိုအခါ တွင်းသားတို့မသက်သာကြပါ။အဘယ်ကြောင့်ဆိုသော် ဖြောင့်တန်း၍ ရှည်လျားသော မောင်းတုံးဝါးကိုလည်းကောင်း၊ မောင်းလက်ကို လည်းကောင်း၊ မောင်းတိုင်ဝါးကြီး (၂) လုံးကိုလည်းကောင်း၊ တောထဲ၌ မူးနောက်အောင်ရှာရ၍ဖြစ်ပါသည်။များပြားသောဝါးတောတို့၌ ထိုအပြစ်ကင်းသောဝါးတို့ကိုကော အနှံ့ရှာဖွေကြရသည်။ မောင်းတုံးတင်ရာတွင်လည်း မောင်းတုံးဆင်မည့်သူသည် မောင်တုံးဝါးကို ပခုံးပေါ်ထမ်းလျက်တက်ရ၏။ခွထဲသို့ထည့်လျက် ဖောက်ထားသောအပေါက်၌ ပုရစ်တံကို သွင်းရ၏။ ချွေးပြန်အောင်လုပ်ယူရသောအလုပ်တို့ဖြစ်သည်။ ပေါင်းကူးနက်လျှင်နက်သလောက် မောင်းချိတ်ကရှည်ရှည်ခုတ်ရ၏။

ထို့ကြောင့် ကျောက်တွင်းလောက၏ ဟာသစာချိုးများထွက်လာခဲ့ခြင်း ဖြစ်သည်။

- *စားလိုက်မယ်ကွယ့် ပေါလံဆန်၊*
  *စားပြီးပြန်တော့ ဗိုက်ကြီးလန်၊*
  *ရှုံးလိုက်တာက ခွက်ခွက်လန်၊*
  *ကျောက်မရတော့ပေါလံကံ၊*
  *မျိုးတုံးပဲတုံးပေါလံလုံးလုံးရှုံး၊*
  *စိတ်မပျက်နဲ့ ပေါလံရယ်၊*
  *မောင်းတုံးမောင်းတိုင်*
  *ကျန်သေးတယ်။*

ဟူ၍ နောက်ပြောင်သီဆိုတတ်ကြသည်။

ကျောက်တွင်းဟူသည် မြင်ရသောအရာ မဟုတ်ချေ။

မျက်စိစုံမှိတ်လျက် ကံကိုယုံကာ ကံကိုပုံအပ်လျက်လုပ်ကိုင်ရသောအလုပ်ဖြစ်သဖြင့် ရှေးလူတို့က လူမိုက်တွင်းတူး၊ လူရူးတွင်းထောင်ဟု ဆိုခဲ့ကြခြင်း ဖြစ်ပါသည်။ မိုက်သူ တွင်းတူး၍ ရူးသူများကတွင်းထောင်ကြခြင်း ဖြစ်သည်။

တွင်းကျင်းက မရခဲ့သော် ရှိတာလေးရောင်းချကာ စားကြရလေ၏။ ရှိတာလေးကုန်သော် ရှိသူများထံအောက်ကျို့လျက် ချေးငှားစားကြရလေ၏။

တွင်းဟူသည် မရ ဟူ၍ မရှိပါ။ ရောင်းစား၍ မရသော ကျောက်မျိုးခေါ် ကျောက်မျိုးနွယ်ဝင် အရည်အသားမမီသောကျောက်တို့ရတတ်ကြ၏။ထိုရောင်းစားမရသော ကျောက်တို့ကို မျိုးတုံးပဲတုံးဟုခေါ်လျက် ပုံးကြီးကြီးတစ်လုံးထဲသို့ သွန်ထည့်ထားတတ်ကြ၏။ ထိုမျိုးတုံးပဲတုံးကျောက်တို့အား ကျွဲပစ်နွားပစ်ကျောက်ဟု ခေါ်ကြ၏။ မိမိ၏အိမ်ဝင်းစိုက်ခင်းထဲသို့ ကျွဲ၊ နွား၊ မြင်းတို့ဝင်သော် ထိုကျောက်တို့အား လောက်စာလုံးသဖွယ် အသုံးပြုကာ လေးခွဖြင့် ပစ်တတ်ကြသောကြောင့် ဖြစ်ပေ၏။

ငမှုန်၏ပေါင်းကူးမျှောကြီးသည် နှစ်အတန်ကြာသောအခါ ပြန့်မြေအတန်ငယ်ရှိသော အထက်ကွင်းသို့ရောက်၏။ ထိုကွင်းကား ဖြုန်းတိုက်ကြီးတည်ရှိနေရာ ကျောက်အလွန်ကျသောနေရာဖြစ်လေ၏။

ထိုပြန့်အား အထက်ငမှုန်ချောင်းဟူ၍ ယခုထိတိုင် ခေါ်ဝေါ်လျက်ရှိကြချေ၏။ နွေရာသီထွက်ရေအလွန်နည်းသောအခါ ချောင်းမှရေအား ကျောက်ပြဿဒ် ရွာအောက်မှ စတင်၍ သွယ်ယူကာ မျှောတိုက်ကြသဖြင့် ရေအတွက်မပူပင်ရချေ။ လွန်စွာအခြေကျသော ပေါင်းကူးမျှောတွင်းကြီး ဖြစ်လေတော့၏။

## ❑ တွင်းသားအိုက်တေ

တွင်းသားအိုက်တေကား ပေါလံဦးမှုန်၏ လက်ထောက်သဖွယ်ဖြစ်ကာ လုပ်တတ်ကိုင်တတ်ရှိပြီး အနေကြာသော တွင်းသားဖြစ်သဖြင့် လူယုံသဖွယ်ဖြစ်၍နေပါသည်။ ကျန်သောတွင်းသား (၃) ဦးမှာမူ အိုက်တေ၏စကားကို နားထောင်ကြရ၏။

ဦးဆောင်လုပ်သူမှာ အိုက်တေဖြစ်ပြီး ဦးမှုန်မှာမူ အများအားဖြင့် စီစဉ်ညွှန်ကြားခြင်း၊ စောကူနောက်မြီးကွင်းများ၊ စောကူကိုင်းများတပ်ပေးခြင်းဖြင့် အလွန်ခက်ခဲသောအရာများမှသာ ဝင်ရောက်လုပ်ကိုင်လေ၏။ အများအားဖြင့်မူ လွတ်သောနေရာမှထိုင်ကာ ကြည့်ပြီး ခဲကြီးများမည်သို့ချရမည်၊ မည်သို့ပေါင်းကူးတင်မည်၊ မည်သည့်အခါ ဆေးမည် စသဖြင့် စိတ်ကူးနေတတ်၏။ တွင်းလုပ်ငန်း ဟူသည် စိတ်ကူးစိတ်သန်းလည်း များစွာလိုအပ်ပါသည်။ သို့မှသာ ပေါ်လာသောခဲတိုက်ကြီးများကိုအလွယ်တကူရှင်းလင်းနိုင်၏။

ထိုခေတ်သည် ယခုခေတ်ကဲ့သို့ ယမ်းခွဲနည်းများမသိကြသေးပါ။ ထို့ကြောင့် မည်သို့မျှမတတ်နိုင်သောခဲကြီးများအား အောက်ခြေကျင်းတူးလျက် ဝါးမီးများဖြင့် ဖုတ်ကြရပြီး ခဲကျက်ချိန်လောက်တွင် ရေဖြင့်ပက်ရ၏။ တစ်ရက်နှစ်ရက် မီးဖုတ်သော် ခဲမှာ ပူအားကြီးလာပြီး ရေဖြင့်ပက်ပါက လန့်၍ တဖျတ်ဖျတ်ကွဲတော့၏။ထိုအခါ သံချောင်းရှည်ဖြင့်ထိုးကန့်လန့်ခွဲရ၏။ ထိုခဲခြမ်းကြီးများအား ထမ်းထုတ်၍ရအောင် တူကြီးဖြင့်ရိုက်ခွဲရပြန်သည်။ ရိုက်၍မရသော် သံချောင်းရှည်တို့ဖြင့် ဝိုင်း၍လိမ့်ထုတ်ရ၏။ မိုးကုတ်မြေသည် ကျောက်တုံးကျောက်ခဲတို့ဖြင့် အတိပြီးပါသည်။

အိုက်တေမှာ ရိုးသား၍ ကြိုးစားသူဖြစ်ရာ ပေါလံ၊ မဲလံတို့က မိသားစုပမာ အလေးထားသူဖြစ်သူ ဖြစ်သည်။ အလေးထားရလောက်အောင်လည်း လက်လွှဲရသူ ယုံကြည်စိတ်ချရသူဖြစ်ပြီး နှစ်ပင်အတော်ကြာခဲ့ပြီ ဖြစ်သည်။

## ❑ မှန်ကူသီးခန့် ပတ္တမြားကြီး

"ကဲဟေ့- အိုက်တေတို့မြောင်းမြီး သွားလှန်လိုက်ကြဦးကွာ"

ဟု ပေါလံမှ ခိုင်းသည်နှင့်အိုက်တေသည် မျှောခွက်နှင့်ဆက်နေသော အပေါ်ဆုံး ပေါင်းကူးကို လှန်စမြဲဖြစ်ပြီး အောက်မြောင်းမြီးများကို အခြားကျင်းသားတို့က အသီးသီးလှန်ကြရ၏။

မြောင်းမြီးကို ကျင်းစဆင်းဆင်းချင်း တစ်ခါလှန်ရပြီး နေ့လယ်စာထမင်းစားပြီး နားနေချိန်ကုန်ပါက တစ်ခါထပ်လှန်ရပြန်၏။ သို့မှသာ လေးသောကျောက်နှင့် သဲစစ်များ အောက်ခြေ၌ထိုင်၏။ ရေဆန်ကို ပေါက်ပြားဖြင့် အားစိုက်၍ အခံပေါက်အောင်ဆွဲလှန်သော် သဲပေ့ါများမျောကုန်၍ သဲလေးများထိုင်၏။ မြောင်းမြီးမလှန်သောမြောင်းမှာ ကျစ်၍ ကျောက်များ ရေစီးနှင့်မျော[illegible] တတ်၏။ သို့အတွက် ဝမ်းဗိုက်ချွေးပြန်အောင် လှန်ရသော မြောင်မြီးလှန်[illegible] လုပ်ကို ကျင်းသမားတို့ကြောက်ကြ[illegible] သို့သော် လွှဲမရှောင်သာဘဲလှန်ကြရ[illegible] ၏။ မြောင်းမြီးလှန်ပြီးသော် တဖြန်းဖြ[illegible] ရိုက်နေသော ရေပန်းအား ဖြုတ်၍ [illegible] ချကာ ကျောက်ဖြုန်းကောက်ကြ[illegible] မည်။ ဦးမှုန်မှာ တွင်းတဲ၌ ရေနွေးခ[illegible] ဖြင့်နှပ်နေချိန် ဖြစ်သည်။ ဆေးတ[illegible] ဖွာလိုက်၊ ရေနွေးကြမ်းသောက်လို[illegible] စိတ်ကူးယဉ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

မျှောခွက်အတွင်း၌ကား ထိုးထားသောဖြန်းမြေများကို ရေပန်းစားထားမှုကြောင့် မြေများပြောင်လျက် ကျောက်ခဲခင်းကြီးဖြစ်နေလေ၏။ အိုက်တေသည် မျှောခွက်တွင်းအား ရုတ်ခြည်းမျက်စိကစားလိုက်၏။ ထိုအခါ မျက်ဝန်းအစုံသည် နီရဲစွာပေါ်နေသော ပတ္တမြားကြီးထံ၌ ငြိတွယ်သွားတော့၏။

ပတ္တမြားကြီးသည် အလုံးအဝိုင်းမဟုတ်ဘဲ ပုံဆောင်ခဲအတောင့်ကြီးဖြစ်ကာ နေပဏ္ဏာ၊ ရေပဏ္ဏာဖြင့်ရဲရဲတောက်နေ၏။ ထိုပတ္တမြားကြီးကိုမြင်သည်နှင့် တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှပင်မမြင်ဘူးသော ထိုမျှကြီးမားသော ပတ္တမြားကြီးအား ရင်ခုန်စွာ ရုတ်ခြည်းငေးမောနေမိလေ၏။

ထိုပတ္တမြားကြီး မိမိတစ်ဦးတည်းပိုင်ဆိုင်ခဲ့သော် တစ်သက်စား၍မကုန်နိုင်အောင် ချမ်းသာမည်ဆိုသည်ကို အနေကြာ၍ ကျောက်နားလည်နေသော အိုက်တေက ချက်ချင်းတွက်မိလိုက်၏။

သို့ကြောင့် မိမိဝန်းကျင်၌ လူရှိမရှိလျှင် မြန်စွာအကဲခတ်လိုက်၏။ ပေါလ်မှာ တဲထဲ၌ ဇိမ်ခံနေဆဲရှိသလို တွင်းသား (၃) ယောက်တို့မှာလည်း အောက်မြောင်းမြီးများသို့ ရောက်ကုန်ကြပေပြီ။

လွယ်လျှင် သူကြွယ်တောင်မနေဟူသောစကားရှိရာ ပတ္တမြားကြီးအပေါ် မတော်လောဘစိတ်ဝင်ခဲ့တော့၏။ ထိုအခွင့်အရေးသည် တစ်သက်တွင်ဒီတစ်ခါသာရမည်ဖြစ်ရာ ရေပန်းအောက်၌ ပေါ်နေသော ပတ္တမြားအတောင့်ကြီးကို ပေါက်ပြားဖြင့်လှမ်းဆွဲကာ ကောက်ယူလိုက်တော့၏။ ပတ္တမြားမှာ မှန်ကူသီးခန့်ရှိလေ၏။

## ◻ ဝှက်ထားလိုက်ပြီ

အိုက်တေ၏လက်တို့သည် မူမမှန်စိတ်ကြောင့်လည်းကောင်း၊ ပတ္တမြားကြီး၏ ဖမ်းစားမှုကြောင့် လည်းကောင်း တဆတ်ဆတ်တုန်နေလေ၏။

မနည်းစိတ်ထိန်းကာ အလင်းရောင်တွင် ထောင်ကြည့်လိုက်သည်။ အပြစ်ဟူ၍ မြူမျှမပါဘဲ အသားသည် ရေသားကဲ့သို့ ကြည်လင်နေပြီး အရည်မှာ လယ်သီးယုန်သွေးရည်ဖြစ်ကြောင်း တွေ့ရ၏။ တကယ့်ကျောက်စစ်တျောက်ကောင်းကြီးဖြစ်ကာ အလုံးမှာ လူကြီးလက်မလုံးခန့်ရှိပြီး အရှည်မှာ နှစ်လက်မခန့်ရှိရာ မှန်ကူသီးအရွယ် ဖြစ်၏။ မှန်ကူသီးကဲ့သို့လည်း ရဲတွတ်နေ၏။

မှန်ကူသီး ဟူသည် ရှမ်းပြည်နယ်နှင့် မိုးကုတ်တစ်ခွင်တွင် ပေါက်ရောက်သောအသီးဖြစ်ပြီး ချိုချဉ်အရသာရှိကာ ဒေသခံတို့ မက်မက်မောမောသုပ်၍စားကြ၏။ မှန်ကူရွက်သည် အပေါ်မျက်နှာပြင်စိမ်းပြီး အောက်ခံမှာ ငွေရောင်ဖြစ်သည်။ ပင်ယောင်နွယ်ယောင်အပင်မျိုးဖြစ်ကာ စိုက်ပျိုး၍ ဖြစ်ထွန်း၏။ သီးချိန်တန်လျှင် ခဲနေအောင်သီးလျက် မှည့်ချိန်တန်ပါက အစိမ်းမှ အနီသို့ ပြောင်းလျက် အလွန်လှပပြီး စားချင့်စဖွယ်ဖြစ်သည်။

တောထဲ၌အလေ့ကျပေါက်သော မှန်ကူအသေးမျိုးရှိသေး၏။ အသီးရောင်မှာ မှန်ကူအကြီးကဲ့သို့ နီဝါရောင်ဖြစ်သော်လည်း အရသာမှာအချဉ်ဓာတ်မပါဘဲချို၏။ အသားနည်းသော်လည်း စား၍ကောင်း၏။ ပြောင်ခေါင်းဒေသတောထဲ၌ အများဆုံးထွက်သော သဘာဝပေါက်ပင် ဖြစ်သည်။

အိုက်တေသည် တစ်ခဏသာကြည့်ခြင်းဖြစ်ပြီး ကျောက်ကို လက်ဖြင့်ဆုပ်ကိုင်ကာ မြောင်းမြီးထဲဝင်ခဲ့၏။ ဒုတိယရေကျအဆင့်တွင် လှန်နေသော ကျင်းသားမှာ သူနှင့် အတန်ပင်ဝေးလျက် ရေကျအထက်မှ စ၍ ကျောပေးကာ လှန်နေလေ၏။ သူ့ကိုမြင်သော သူဟူ၍ လုံးဝမရှိရာ အိုက်တေသည် ကျောက်ကြီးအား ဖွက်ရန်နေရာရှာတော့၏။

မြောင်းမြီး၏ဘယ်ညာတွင် ခဲကြီးများအားစီထားရာ ကျောက်စီထဲထိုးထည့်ပြီး ခဲတစ်လုံးဖြင့် သပ်ထိုးထားသော် လုံးဝလုံခြုံပါသည်။ ခဲများစီရာ၌ စေ့နေအောင်စီ၍မရပါ။ အလိုက်သင့်စီကြရပြီး ဟာနေသောနေရာတို့၌ ခဲပြားချွန်သပ်များ အလိုက်သင့်ထိုးထားလျက် ခိုင်မြဲစေရန်အထောက်အကူပြုရ၏။

ထို့ကြောင့် ခဲနှစ်လုံးကြားရှိ သပ်ချောင်သောနေရာကိုရှာရပါသည်။ သပ်တို့ကို လက်ဖြင့်လိုက်စမ်းလျှင် ချောင်နေသောသပ်ကလှုပ်ပါသည်။ လှုပ်သောသပ်တွေ့သည်နှင့် ကျောက်ကြီးအား ခဲကြီးနှစ်လုံးအကြားရှိ ဟာနေသော အပေါက်ထဲ အသေအချာထည့်ကာ သပ်ကို ပြန်ထည့်လိုက်တော့၏။ ပြီးလျှင် ဘေးဘီကို ကျီးကန်းတောင်းမှောက်ကြည့်ရသေး၏။ မည်သူမျှရှိမနေပါ။ ထိုနေရာကို မှတ်မိစေရန် ရေတသွင်သွင်စီးနေသောမြောင်းထဲမှ ကျောက်ခဲလေးများကောက်၍အမှတ်အသားအဖြစ်ထပ်မံထိုးထည့်ထားလိုက်၏။

စိတ်ချရမှ မြောင်းမြီးစလှန်လေတော့၏။ မြောင်းမြီးလှန်ရင်း ခဲကြမ်းများကို စောကူထဲကောက်ထည့်ကာ တဖြည်းဖြည်းအပေါ်သို့လှန်တက်ရ၏။ မြောင်းမြီးလှန်သည်မှာ နာရီဝက်ခန့်ကြာသွား၏။ အားလုံးလှန်ပြီးသော် ရေပန်းမှရေကို မျှောခွက်ထဲချကာ ကျောက်ဖြန်းများ စ၍ကောက်ပါသည်။ ထိုအချိန်တွင် ပေါလ် ဦးမှုန် လာထိုင်၍ကြည့်၏။ လိုအပ်သည်တို့ကို ညွှန်ကြား၏။

## ◻ ညအခါ လမသာ

'ကျောက်ကြီးရောင်းလိုက်လို့ကတော့ ငါချမ်းသာပြီ။ ငါ့တစ်သက်စားလို့မကုန်တော့ဘူး။ ပေါလ်လက်ထဲအပ်ရင်ကံစားဆိုတော့ ငါနည်းနည်းပဲရမှာ။ ခုတော့ ငါတစ်ယောက်တည်းပဲ။ ဒီနေ့ညကျောက်ကြီးယူပြီးရင် ငါဒီအိမ်ကထွက်ရမယ်။ ပြီးရင် မိုးကုတ်မှာတက်နေမယ်။ ကျောက်ကြီးကို သုံးပိုင်းပိုင်းပြီး ရောင်းမယ်။ တစ်ပိုင်းရောင်းရင် သိန်းချီရနိုင်တယ်။ ရွှေတစ်ကျပ်သား ဒင်္ဂါး (၄၀) လှောက်ရှိတာဆိုတော့ ရွှေတွေဝယ်ပြီး ငါ့အရပ် ငါပြန်မယ်။ ကျန်နှစ်ပိုင်းကပိုသိမ်းထားရမယ်။ ရွာကျရင် စိတ်တိုင်းကျမိန်းမချောချောကို ရွှေတွေတင်ပြီး တောင်းမယ်။ တစ်ရွာလုံးက ငါ့ကို မော့ကြည့်စေရမယ်'

စသည်ဖြင့် စိတ်ကူးတွေယဉ်ကာ မိုးအချုပ်ကိုစောင့်နေမိလေ၏။ ညကားလဆုတ်ရက်ဖြစ်နေ၍ ညဦးနက်မှ လထွက်ရာ နေဝင်သည်နှင့် အမှောင်ထုကြီးစိုးလာ၏။ အမှောင်ထုကို အားပြုလျက် ရွာတောင်ဘက်အထွက် လမ်းမှ ခပ်သုတ်သုတ်ထွက်ခဲ့လေ၏။

ကိုက်အနည်းငယ် ရွာပြင်ရောက်သော် ကျောက်ဖျာသချိုင်းဖြစ်သည်။ ထိုသချိုင်းဘေးလမ်းမှ အောက်သို့ ဆင်းသွားသော် ကိုက်တစ်ရာခန့်တွင် ငမှုန်ချောင်းရှိ၏။ ချောင်းရောက်၍ ချောင်းအတိုင်းအပေါ်တက်သွားသော် သူတို့၏တွင်းကို ရောက်လေ၏။

အိုက်တေမှာ လောဘစိတ်ကြောင့် သချိုင်းအားလည်း ကြောက်ရလန့်ရမှန်းမသိချေ။ ကျင့်သားရနေသဖြင့် ခပ်ပျပျကြယ်အလင်းဖြင့်ပင် တွင်းသို့ရောက်၏။ ဦးစွာ တွင်းထဲဝင်၍ ထင်းတုံးကြီးများတော့ထားသောမီးဖိုကိုကြည့်၏။ မီးခဲများရဲနေဆဲရှိရာ တွင်းထဲဝင်ရန် ဝါးခြမ်းများစုစည်း၍ မီးတုတ်လုပ်ရလေ၏။ မီးတောက်ရသည်နှင့် မျှောခွက်မှတစ်ဆင့်ဖွက်ထားရာ ကျောက်ဆီသို့လာခဲ့လေ၏။ ရေပန်းတဖြန်းဖြန်းရိုက်နေသည့် မြောင်းမြီးထဲ ရေစီးသံမှတစ်ပါး ကိုက်



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ငြိမ်သက်နေ၏။ အိုက်တေမှာ ရင်တွေတဒိတ်ဒိတ်ခုန်လေ၏။

ပတ္တမြားကြီးဖွက်ထားရာနေရာသို့ ရောက်သော် ခဲငယ်များဖယ်၍သပ်ထိုးထားသောခဲကို နုတ်လိုက်၏။ ပြီးလျှင် လက်ဖြင့် အသာလျှို၍ စမ်းကြည့်လိုက်၏။ ရင်ထဲ ဒိတ်ခနဲ ခံစားရလိုက်၏။

## ❑ ပတ္တမြားကြီးမရှိတော့ပြီ

လူကလည်း မိုက်ခနဲ ခံစားလိုက်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ပတ္တမြားကြီးအား စမ်း၍မတွေ့သောကြောင့် ဖြစ်၏။ နောက်သို့ဝင်သွားရအောင်ကလည်း နောက်တွင် ဝင်စရာအပေါက်မရှိဘဲ ခဲနှစ်လုံးထပ်ကာ စေ့နေ၏။ ဝင်စရာ၊ ကျစရာအကြောင်းလုံးဝမရှိပေ။

ထို့ကြောင့် မီးတုတ်ဖြင့်အသေအချာ မြှောက်ကာကြည့်ပြန်၏။ ဖားပါးစပ်ပုံ ထိုအပေါက်ထဲတွင် အသေအချာထည့်ထားခဲ့ပါလျက် ကျောက်ကြီးကားမရှိတော့ပေ။ မိမိနှင့်မထိုက်၍ ပျံထွက်သွားလေသလား သို့မဟုတ် ယောင်ယောင်မှားမှားနှင့် အထားမှားလေသလားဟုတွေးကာ မီးတုတ်ကြီးကိုင်လျက် ဟိုဟိုဒီဒီလိုက်နှိုက်ကြည့်ပြန်၏။ ဘယ်နေရာမှ မတွေ့တော့ပါ။

သို့နှင့်ပင် တဲ၌ထိုင်ကာ ဝါးခြမ်းများကုန်သည်အထိ မီးထိုင်လှုံလျက် ရွာထဲသို့ ပြန်ခဲ့တော့၏။ ရွာထဲရှိ လူများမှာ တစ်အိမ်အိမ်၌ မီးဝိုင်းလှုံရင်း အုပ်စုလိုက် ရောက်ရာပေါက်ရာလေကန်နေတတ်ကြပြီး အချိန်တန်သော် ပြန်အိပ်ကြစမြဲ ဖြစ်သည်။

အိပ်ချိန်တန်၍ ဝင်အိပ်ပါသော်လည်း အိုက်တေမှာ ကျောက်ကြီးအားစွဲလမ်းတပ်မက်စိတ်ဖြင့် အိပ်၍လုံးဝမပျော်နိုင်ပါ။ ပေါလံဆီ သွားအပ်ရင်တောင် ငါ့ရဲ့ကံစားလေးသုံးရဦးမှာ။ ခုတော့ ငါလည်းမရ ပေါလံလည်းမရဖြစ်သွားပြီ။ ကျောက်က ပြကျောက်နေမှာ။ ငါနဲ့ မထိုက်တော့ ပျံသွားပြီး နေရာရွှေ့သွားတာနေမှာ။ ငါဆက်လုပ်နေရင် စိတ်ကောင်းတော့မှာ မဟုတ်ဘူး။ ငါ့လိပ်ပြာလည်းမသန့်တော့ပါဘူး။ ရသမျှစုထားတဲ့ငွေလေးနဲ့ ရွာမှာပြန်လုပ်စားတာ ကောင်းမယ်ဟုတ်တယ်။ ငါရွာပြန်တော့မယ်။ တစ်နေ့နေ့မှာ ငါဒီပတ္တမြားကြီးကိုပြန်လာရှာမယ်။ မတွေ့ရင် အောက်လုန် မျှောတိုက်မယ်။ ကြာတယ်။ နက်ဖြန်ပြန်တာကောင်းတယ်ဟု ရှောင်ဘက်သို့ပြန်ရန် ဆုံးဖြတ်လိုက်တော့၏။ နောက်နေ့တွင် မဲလံတို့ထံ ခွင့်ပန်ကာ ရွာသို့ပြန်ခဲ့တော့၏။ ထိုပတ္တမြားကြီးအား သူမျက်ဝန်းထဲဝယ် အစဉ်မြင်ယောင်လျက်ရှိပြီး သူ့အတွေးတွင်ကာလရှည်လျားစွာ စိုးမိုးဖမ်းစားနိုင်စွမ်းရှိနေလေတော့၏။

ပတ္တမြားရှာဖူးသူများသည် ဘိန်းစားများ ဘိန်းစွဲသကဲ့သို့ ဘိန်းရင့်ကပ်သလိုပင် ပတ္တမြားရင့်ကပ်လျက်ရှိရာ မိုးကုတ်သို့ တစ်ကျော့ပြန်သွားလိုစိတ်များ တဖွားဖွားဖြစ်ပေါ်နေတတ်၏။

## ❑ တစ်ကျော့ပြန်အိုက်တေ

ငမှုန်ချောင်း၏အထက်ပြန့်ဝယ်မြောင်းမြီးဘယ်၊ ညာခွဲကာ မျှောတိုက်သဖြင့် မျှောပြန့်ကျယ်သောအခါ အပေါ်မှတောင်တွန်းချလာပြီး မျှောစွက်များတောင်အောက်ရောက်ကုန်ရာ တောင်တွန်းကို မနိုင်တော့သဖြင့် ဦးမှုန်တွင်းနားသွားပြီး မိုးကုတ်ဘက်သို့ရွှေ့ပြောင်းသွားလေတော့၏။ ထိုမှစ၍ ဦးမှုန်၏ မျှောကန်းသွားလေ၏။

ထိုမှစ၍ ငမှုန်ချောင်းသည် တွင်းလုပ်သူမရှိတော့ဘဲ တောအတိပြန်ဖြစ်သွားလေ၏။ လွတ်လပ်ရေးမရမီ ဆယ်နှစ်ခန့်တွင် အိုက်တေဘဝမှ ဦးတေဖြစ်လာသော ဦးမှုန်၏ တွင်းသားသည် ကျောက်ဖျာသို့ တစ်ကျော့ပြန်ရောက်လာကာ ထိုပေါင်းကူးနှင့်အနီးဆုံးနေရာမှ စ၍ အောက်လုန်မျှောတိုက်လေ၏။ ဦးတေက ပေါလံလုပ်ကာ သူနှင့်ပါလာသော တောင်ဘက်သားလေးများက တွင်းသားလုပ်ကြ၏။ ကျောက်ဖျာရွာတွင် တဲထိုးကာ သူကြီးထံ ခွင့်ပန်၍နေကြ၏။

သူကျောက်ဖွက်သော ပေါင်းကူးအား မှတ်မိနေ၏။ ထို့ကြောင့် ထိုပေါင်းကူးတစ်ဝိုက်တွင် သူ့အားပြခဲ့သော ပြကျောက်သည် တစ်နေနေရာ၌ ပုန်းအောင်းနေမည်ဟု အထင်ရှိသဖြင့် အလုပ်ကို ကြိုးစားလုပ်ကိုင်၍ နှစ်ရှည်လများ စုဆောင်းကာ ထိုငွေကိုအရင်းအနှီးပြုလျက် ဒုတိယတစ်ကြိမ်လာရောက်တူးခြင်း ဖြစ်၏။

ကျောက်ဆယ်ထပ်၊ ပျားဆယ်ထပ်၊ ငါးဆယ်ထပ်၊ ဘယ်လောက်ရှာရှာကုန်နိုင်သည်မရှိဟူသော ရှေးစကားရှိရာ ဦးမှုန်၏အပေါင်းများအား လှန်၍မျှောတိုက်ဆေးသော်လည်း စရိတ်ကျောက်မျှတော့ရ၏။ သူရှာဖွေနေသော မှန်ကူသီးလုံးခန့်ကျောက်ကြီးမှာ အရိပ်အယောင်သော်မျှ မတွေ့ရပါ။

သူဖွက်ရာဝန်းကျင်လှန်လှောရှာဖွေ၍ ပြီးသောအခါ မိုးကုတ်ပတ္တမြားမြေတွင် ပြကျောက်တကယ်ရှိခဲ့ပြီး သူကြုံရသည့် မှန်ကူသီးလုံးခန့် ပတ္တမြားကြီးအကြောင်းအား အထက်ပါအတိုင်း ရင်ဖွင့်လျက် ဦးတေတို့အဖွဲ့သည် တောင်ဘက်သို့ ပြန်သွားလေတော့၏။ နောင်လုံးဝပေါ်မလာတော့ပေ။

## ❑ ဦးရွှေလိုင်ထပ်မံရှာပြန်ခြင်း

ထိုဦးတေပြောပြသောအချိန်တွင် ဦးမှုန်ပင်လျှင် လူပြည်၌ မရှိတော့ပြီ ဖြစ်သည်။ ဦးတေ၏ ပါးစပ်ရာဇဝင်အားကြားနာရသူတို့သည် ပြကျောက်သဘောကို သိထားကြသဖြင့် အထူးအဆန်းတော့မဟုတ်ပါပေ။

သို့သော် ထိုနားထောင်သူတို့ထဲတွင် ထိုစဉ်က မောင်ရွှေလိုင်ပါ၏။ သူကား လူနောက်လူပြောင်ဖြစ်သလို ဖြူဖြူနှင့်ချောပြီးတယောထိုးတော်၏။ မာနကြီး၍ လှပသော မပုကို ညစဉ်တယောသံဖြင့်ညှုလျက် ရအောင်ယူနိုင်ခဲ့သူဖြစ်သည်။

မြန်မာနိုင်ငံတော်လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် ပါလီမန်ဒီမိုကရေစီခေတ်၌ တွင်းလိုင်စင်များ ပြန်လည်ချပေးရာ မောင်ရွှေလိုင်မှသည် ကိုရွှေလိုင်ဘဝသို့ ရောက်စပြုသောအခါ မန္တလေးမှ လူတို့ကိုခေါ်လျက် ငမှုန်းချောင်းကုန်းတက်နေရာမှစကာ ဦးမှုန်၏ မျှောကြီးအား အောက်ခြေမှစ၍ လှန်တက်တော့၏။

စနစ်တကျလှလှပပစေ့နေအောင်လုပ်ထားသော ပေါင်းကူးများ ခဲဟောင်းများကိုသိမ်းကာ မှန်ကူသီးမျှရှိသော ပတ္တမြားအစစ်ကြီးကိုရှာပုံတော်ဖွင့်ပြန်လေ၏။

တစ်ကြိမ်၊ နှစ်ကြိမ်မျှသာ ပြန်လှန်ရသေးသော ရှေးဟောင်းသည် ကိုရွှေလိုင်ကို များစွာအကျိုးပေးလေ၏။ မကြာမကြာ နီလာကြီးများ ရတက်ရာ စီးပွားရေးအဆင်ပြေ၏။

မျှောခွက်တွင် ကျောက်ဖြန်းကောက်သူတို့သည် နီလာခေါ် ကျောက်ပြာထက် ပတ္တမြားခေါ် ကျောက်နီကိုသာ အဓိကအာရုံထားကြရာ ကျောက်ခဲမည်းမည်းများကြား၌ နီလာတို့ရောထွေးပါကုန်ကြ၏။ အပြာရောင်သည် အနီလောက် မတောက်ပသဖြင့် အဟောင်းပစ်စာထဲ၌ ထိုသို့ နီလာများပါကုန်ခြင်း ဖြစ်သည်။

ထို့ပြင် ထိုခေတ်ထိုအခါ၌ နီလာဈေးသိပ်မကောင်းရာ နီလာသည်ရောင်းပန်းမလှပေ။ ထို့ကြောင့် သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ထက်အောက်စုန်ဆန် အော့အန်ဝမ်းကျ

ကျွန်တော်ဟာ ခရီးများသူ တစ်ယောက်ပါ။ မီးရထားနဲ့သွားတယ်၊ ကားနဲ့သွားတယ်။ ရန်ကုန်ခရီးတစ်ခုမှာ အစုအဖွဲ့နဲ့သွားကြတော့ မီးရထားရှိုးရှိုး တန်းစီးဖြစ်တယ်။ အများနဲ့ဆိုတော့ အများဆန္ဒပေါ့လေ။

အဲဒီရှိုးရှိုးတန်းလက်မှတ်လေးက ကတ်ထူသေးသေးလေးဆိုတော့ ပိုက်ဆံ အိတ်ထဲမှာ ဒီအတိုင်းပဲ အမှတ်တမဲ့ရှိ နေတာပါ။ ကာလအတန်ကြာသွား တယ်။

တစ်နေ့မှာ ကျွန်တော့်တူမဖြစ်သူ မတွတ်ယောကျ်ား မောင်စိုးသူရဲ့ဖခင် မသိမ်ရွာက ဦးကိုလေး ပျားရည်လာ ရောင်းတယ်ဆိုတော့ ပျားရည်စစ်တာမို့ (၃) ပုလင်းဝယ်ဖြစ်တယ်။ တစ်ပုလင်း (၅၀၀၀) ကျပ်ပါ။ ရေသန့်ဘူးနဲ့ဆိုတော့ (၅၀)ကျပ်သားရှိပါတယ်။

ပိုက်ဆံထုတ်ချေတော့ကာ ပိုက်ဆံ တွေကြားမှာ မီးရထားလက်မှတ်ကလေး ညပ်ပါလာပြီး အောက်ကိုပြုတ်ကျပါ တယ်။ မီးရထားလက်မှတ်ကလေးကို မောင်စိုးသူကမြင်တော့ ပြုံးနေပါတယ်။

"ဘကြီး၊ အဲဒီမီးရထားလက်မှတ် လေး ပြန်သိမ်းထားဗျ၊ အသုံးကျတယ်"

"ဘယ်လိုအသုံးကျတာလဲ မောင် စိုးသူရဲ့"

"ကျွန်တော်တို့မသိမ်ရွာမှာဆိုရင် အလွန်တန်ဖိုးရှိတာဘကြီးရဲ့။ အော့အန် ဝမ်းကျဖြစ်လို့ကတော့ သိပ်ပြီးအသုံးဝင် တာ။ အော့အန်ဝမ်းကျကို အထက်လှန် အောက်လျှောလို့ခေါ်တာမဟုတ်လား"

"အေးလေ"

"အထက်ကိုလှန်ရင်သူ့ရဲ့ဆန့်ကျင် ဘက် အစုန်မီးရထားလက်မှတ်ကို ပြာချ ပြီး ရေနဲ့ဖျော်တိုက်လိုက်၊ အောက်ကိုလျှော ရင် သူ့ရဲ့ဆန့်ကျင်ဘက် အဆန်မီးရထား လက်မှတ်ကိုပြာချပြီး ရေနဲ့ဖျော်တိုက် လိုက်။ ယူပစ်သလိုက်ပျောက်တယ်ဗျာ။ အဲဒါက ကျွန်တော့်မျက်မြင်ကိုယ်တွေ့ ပါ။ ဘာသဘောရယ်တော့မသိဘူးပေါ့ နော်၊ ပျောက်တာတော့အမှန်ပါပဲ"

"ဒါကစတိသဘောဆိုပါတော့ကွာ။ အဲဒီစတိသဘောကုနည်းကလည်း ပြော ရင်ယုံစရာမရှိပေမယ့် တကယ်စွမ်းတာ တွေအများကြီးရှိတယ်ကွ။ ငါကိုယ်တိုင် ကုဖူးတာကတော့ တောင်လုံးကျော်ဆေး ဥမီးခြစ်ဆွဲခေါင်းလောက်သာ ဝါးစား လိုက်ရင် အော့အန်ဝမ်းကျ ချက်ချင်း ပျောက်တယ်။ အော့အန်ဝမ်းကျဆိုတာ အစာအဲဆိပ်ဖြစ်တာကိုး။ တောင်လုံး ကျော်က အဆိပ်ကိုနိုင်တယ်လေ။ ဒီ တော့ ပျောက်တာပေါ့။ ငါမြင်ဖူးတဲ့ စတိ သဘောကတော့ အော့အန်ဝမ်းကျဖြစ် ရင် ယောကျ်ားကလေးငယ်ရဲ့ငယ်ပါကို ရေနဲ့စတိသဘောတိုက်ပြီး သောက်လိုက် ရင်လည်း ချက်ချင်းပျောက်တာ မြင်ဖူး တယ်။ အော့အန်ဝမ်းကျဖြစ်ရင် ခန္ဓာ ကိုယ်ထဲကအရည်တွေဆုံးရှုံးကုန်တော့မို့ အရည်ခန်းပြီး သေတတ်တယ်ကွ။ ပေါ့ လို့မရဘူး"

လို့ပြောပြဖြစ်ပါတယ်။

မီးရထားလက်မှတ် ဆိုတာက ဘူတာကြီးတွေမှာထွက်ပေါက်ကစောင့် သိမ်းတတ်တာမို့ လက်ထဲရှိဖို့ မလွယ်ပါ ဘူး။ ကျွန်တော်တို့ကတော့ နီးရာမလွယ် ပေါက်ကထွက်တာမို့ ပါလာခြင်းပါ။ ကြားဘူတာလေးတွေမှာ လော်ကယ် မီးရထားစီးသူများအနေနဲ့ မီးရထား လက်မှတ်လေးတွေ ကိုယ်စီပါတတ်ကြ ပါတယ်။ စောင့်သိမ်းသူမရှိလို့ပါ။ အဲဒီ အစုန်အဆန်မီးရထားလက်မှတ်ကလေး တွေဟာ အထက်လှန်အောက်လျှောဆို တဲ့ အော့အန်ဝမ်းကျဝေဒနာကို စတိ သဘောနဲ့ကုရင်ပျောက်ကင်းနိုင်ကြောင်း မောင်စိုးသူပြောပြလို့ သိရတာကို တင်ပြ လိုက်ခြင်းပါ။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

---

ဝရမပြုကြခြင်းဖြစ်ရာ နောင်တစ်ခေတ် နီလာဈေးကောင်းသော ကျွန်ုပ်တို့ခေတ် တွင် နီလာရပါကလည်း ချမ်းသာတတ် ကြလေ၏။

ဦးရွှေလှိုင်၊ ဒေါ်ပုတို့တွင် သား သမီး (၁၄) ယောက်မွေးသော်လည်း မောင်စိုးမြင့်နှင့်မောင်စံဖြူတို့(၂)ယောက် သာ အဖတ်တင်ရာ အရွယ်ရောက်၍ ရှင်ပြုချိန်ရောက်သော် ထိုင်မုန်းချောင်း မှရသော နီလာကျောက်ကြီးကို ရောင်း ၍ ရှင်ပြုခြင်း ဖြစ်သည်။ မောင်စံဖြူမှာ လူဖြူပေါက်ဘဝ၌ မေးခိုင်ပိုးဝင်ကာ ဆုံး သွား၏။ ကိုရွှေလှိုင်ဘဝမှသည် ဦးရွှေ လှိုင်ဘဝတိုင်အောင် ဇွဲလုံ့လကြီးစွာလုပ် ကိုင်ခဲ့ပါသော်လည်း ပြရုံသာပြခဲ့သည့် ပတ္တမြားကြီးကို မရခဲ့ပါပေ။

ဦးရွှေလှိုင်အသက်ကြီး၍ အနား ယူသောအခါ အပောင်းခံများ တောင်ပုံ ရာပုံနေ့စဉ်သိမ်းရသော မျှောပေါင်း လုန်လုပ်ငန်းအား စိုးမြင့်မှ စိတ်မပါတော့ ရာ ထိုအောက်လုန် မျှောကြီးအား နား လိုက်လေတော့၏။ ထိုအခါ ထိုတစ်ဝိုက် ၌ တောများ ချုံများပြန်၍ပိတ်ဖုံးကုန် ပြန်၏။

ထိုမှန်ကူးသီးအရွယ် လယ်သီး ရည် ပတ္တမြားကြီးအကြောင်းအား ယခု ခေတ်လူငယ်များသို့တိုင် ပြောဆိုနေကြ ဆဲရှိလေ၏။ပတ္တမြားကြီးဘယ်ထိရောက် သည် မည်သူမျှသိနိုင်စွမ်းရှိမည်မဟုတ် ပါ။

ရတနာအစစ်ဟူသည် နတ်ပစ္စည်း သာ ဖြစ်ချေ၏။ မြင်ထိုက်သူတို့ကို ပြရုံ ပြ၍ပေးကား ပေးလေ့မရှိပေ။ ထို ကျောက်မျိုးသည် ပြသာပြ၍ မရသော ကျောက်မျိုးဖြစ်လေ၏။

ဦးမှန်၊ ဦးတေ၊ ဦးရွှေလှိုင်တို့သည် ကွယ်လွန်ကုန်ကြသည်မှာ ကြာပြီဖြစ် သော်လည်း ပတ္တမြားကြီးကိုကား မိုး ကုတ်အနောက်ပိုင်း ကျောက်ဖျာရွာမှ လူများ အစဉ်အဆက် သယ်ဆောင်ကာ ပြောဆိုနေကြဦးမည်မှာ သေချာလှပေ ၏။

ကျွန်ုပ်မမေ့သလို ပတ္တမြား တပ်မက်သူ လူအများလည်း မေ့၍ရ မည် မဟုတ်ပါပေ။

**မှတ်ချက် -**

ပဒ္မပတ္တမြားစစ်
နှံ့မှာနစ်လည်း
မညစ်အရောင်
တပြောင်ပြောင်။
(စကားပုံအမှန်)

*ကျောက်ဖျာသို့ သတိရစွာဖြင့်*
*ချမ်းမြေ့ကြပါစေ*
နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ဖုန်းရွှေပညာသင်ကျောင်းစရာ

**ဘိုးဘွားစဉ်ဆက် ရရှိခဲ့သော အမွေအနှစ်များ**

တစ်ခါတစ်ရံ အမွေမမက်သူဖြစ်သော်လည်း တရားဝင်ပိုင်ဆိုင်ခွင့်အရ လက်ခံရယူရတတ်သည်။ ထိုအခါ မိသားစုဆိုင်ရာ ကွာအတွက်-အရှုပ်အထွေးများစုပုံလာသလို မိသားစုအတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများလည်းရှိလာတတ်သည်ကို သတိပြုပါ။

ထိုအခါ ဘိုးဘွားတို့ထံမှ စွမ်းရည်ကောင်းများရရှိစေရန် မိသားစုဆိုင်ရာကွာအား စွမ်းရည်မြှင့်ပါ။ ဘာလုပ်ရမည်ဆိုသည်ကို ညွှန်ပြသော ပညာဉာဏ်အတွက် ကျွမ်းကျင်မှုနှင့်ပညာဗဟုသုတဆိုင်ရာကွာအား စွမ်းအင်မြှင့်ပါ။ ခက်ခဲသောအခြေအနေများမှ ကျော်လွှားသွားနိုင်ရန် ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာအား စွမ်းအင်မြှင့်တင်ပေးပါ။

**ကောင်းသော ရွေးချယ်မှုအတွက် စွမ်းအင်မြှင့်တင်ခြင်း**

ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်သောလည်း တစ်စုံတစ်ရာအားရလောက်သည်အထိ တိုးတက်မှုမရှိသေးပါက မိသားစုဆိုင်ရာ ကွာအား စွမ်းအင်မြှင့်ပါ။


ထိုအခါ မိမဘဝိအတွက် ရွေးချယ်စရာများထဲမှ အဖြစ်နိုင်ဆုံးသော အခြေအနေတစ်ခုကိုသာ အသင့်တော်ဆုံးရွေးချယ်ဖြစ်ပါမည်။

**ဒဏ်ရာဟောင်းများကိုကျက်စေခြင်း**

သင်သည် မိသားစုဆိုင်ရာ ကွာအား စွမ်းအင်မြှင့်ပြီးသော်လည်း တစ်စုံတစ်ရာထူးခြားမှုမရှိသေးပါက (သို့) မိမိစိတ်အတွင်း တစ်ခုခုလိုအပ်နေသလို စိတ်မလုံသေးပါက အောက်ပါဆောင်ရွက်မှုများကို ပြုလုပ်ပေးပါ။

၁။ အနီရောင်စာရွက်ပိုင်းအသစ် (၃) ခုကို ယူပါ။
အမည်းရောင်မင်ပါသော ဖောင်တိန်တစ်ချောင်းကိုယူပါ။
မိမိရှင်းလင်းဖယ်ရှားရမည့် အရာများကို စာရွက်ပိုင်းအနီ (၃) ခုပေါ်တွင်ချရေးပါ။
ထို့နောက် နံနက်စောစောဖြစ်စေ၊ ညဦးနက်သန်းခေါင်ဖြစ်စေ အထက်ပါ စာရွက်ပိုင်းအနီ (၃) ခုအားမီးရှို့ပစ်ပါ။

၂။ ညစဉ်တိုင်း အိပ်ရာမဝင်မီ တစ်နေ့တာအတွင်း ကြုံတွေ့ခဲ့ရသည့် မကောင်းသော ကိစ္စများကိုသာ သီးခြားရွေးထုတ်၍ ပြန်စဉ်းစားပါ။ အဆိုပါ မကောင်းသောကိစ္စများအား သင်က ကောင်းသော ကိစ္စအဖြစ် ပြောင်းလဲစေလိုပါက စိတ်ပိုင်းဆိုင်ရာအရ တဖြည်းဖြည်း အရှိန်ယူပြီး ကောင်းသော အခြေအနေများဖြစ်လာအောင် အကောင်းဘက်မှ ရှုမြင်ပေးပါ။ ထိုအခါ အတိတ်က ရရှိခံစားခဲ့ရသည့် ဒဏ်ရာဟောင်းများအား သက်သာ ပျောက်ကင်းအောင် ကုစားနိုင်သလို ခံစားရမည် ဖြစ်သည်။




**မိသားစုဆိုင်ရာကွာနှင့် ဖန်တီးနိုင်စွမ်း၊ သားသမီးများကွာတို့ ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်ကျနေပုံ**

**မိမိနေရာအတွင်း အနှောင့်အယှက်ကင်းစေခြင်း**

မိသားစုအတွင်း မကောင်းသောဆုံးဖြတ်ချက်များချမိခြင်း၊ တစ်ဦးနှင့်တစ်ဦး စိတ်ဝမ်းကွဲခြင်းအခြေအနေများဖြစ်ပေါ်လာပါက လုံးဝန်းသောကျောက်ခဲကလေးများအား အိမ်ရှိ ပါ့ကွာမှ ကွာအားလုံးတွင် ထားရှိပေးပါ။ အိမ်၏/ပါ့ကွာ၏ အလယ်ကောင်နေရာကိုပါ ကျောက်ခဲကလေးများထားရှိပေးပါ။

**မိသားစုဆိုင်ရာကွာနှင့် ဖန်တီးနိုင်စွမ်း သားသမီးများကွာတို့ မျက်နှာချင်းဆိုင်ကျနေခြင်း**

မိသားစုဆိုင်ရာကွာနှင့် သားသမီးဆိုင်ရာကွာတို့ မျက်နှာချင်းဆိုင်ကျခြင်းကြောင့် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးသက်ရောက်မှုရှိခြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

အဆိုပါ ကွာနှစ်ခု တစ်ခုနှင့်တစ်ခု စွမ်းအင်မျှနေစေရန် ဂှင်းကွာတစ်ခုစီ၌ အပင်ငယ်တစ်ပင်စီ စိုက်ပေးပါ။

အပင်များ စိုက်ရာ၌ အပင်များအား အနီရောင်ဖဲကြိုးစည်း၍ (၉) ညတိတိထားပေးပါ။ ထိုအခါ စွမ်းအင်မျှတမှုကို ဖြစ်စေသည်။

**ဆက်စပ်နေသောအင်္ဂါအစိတ်အပိုင်း**

**ခြေထောက်**

မိသားစုဆိုင်ရာ ကွာသည် ခြေထောက်အား ကိုယ်စားပြုထားသည်။

**မိသားစုဆိုင်ရာ ကွာအတွက် အလျင်အမြန် ဆောင်ရွက်ရမည့်ကိစ္စများ**

၁။ အဆိုပါကွာရှိ အရှုပ်အထွေးဟူသမျှအား ဖယ်ရှားရှင်းလင်းပါ။

၂။ ပြင်ဆင်စရာရှိသော ပစ္စည်းအားလုံးအား ပြင်ဆင်ပေးပါ။

၃။ လိုအပ်ပါက စွမ်းအင်မြှင့်တင်ပေးပါ။

**မိသားစုဆိုင်ရာ ကွာအတွက် အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

သစ်သားဓာတ်၊ အစိမ်းရောင်အပင်များ၊ ထောင့်မှန်စတုဂံပုံရှိ ပစ္စည်းများ၊ ရေ၊ အမည်းရောင်၊ လှိုင်းတွန့်ပုံ။

**အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ**

သတ္တု။ အဖြူရောင်၊ ဝိုင်းသောပုံစံရှိ ပစ္စည်းများ။

ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်ရှိသောကွာ - သားသမီးများဆိုင်ရာနှင့် ဖန်တီးနိုင်စွမ်းကွာ။

ကိုယ်စားပြုအင်္ဂါအစိတ်အပိုင်း - ခြေထောက်။

ဆက်စပ် ပတ်သက်သောကိန်းဂဏန်း - (၄)။

## အပိုင်း (၁၀)
## ကျန်းမာရေးဆိုင်ရာကွာ

ကျန်းမာရေးဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်ပေးပါက အောက်ပါ အကျိုးရလဒ်ကောင်းများကို ရရှိစေသည်။

ယခင်ထက်ကျန်းမာရေးပိုကောင်းလာခြင်း၊

ဘဝရပ်တည်နိုင်မှု အခြေအနေများလာခြင်း၊

မိမိနှင့် မသင့်တင့် မလိုက်ဖက်သောအခြေအနေများမှ ကင်းလွတ်ခြင်း။

ကျန်းမာရေးဆိုင်ရာ ကွာအတွက် အရေးပါသော ကိစ္စရပ်တစ်ခုမှာ ယင် (အမ) ဓာတ်နှင့် ယန် (အဖို) ဓာတ်တို့ စွမ်းအင်မျှတရေးပင် ဖြစ်သည်။ ယင်နှင့် ယန် စွမ်းအင်မျှတမှသာ ကျန်းမာရေးလည်း ကောင်းမွန်မည် ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ ကွာသည် အိမ်တစ်အိမ်၏ အလယ်ဗဟိုနေရာတွင် တည်ရှိပြီး အခြားသောကွာများအပေါ် ဩဇာသက်ရောက်လျက်ရှိသည်။ ကျန်းမာရေးကောင်းမွန်မှသာ တစ်သက်တာအတွင်း ကျန်ရှိကွာများမှ အကြောင်းကိစ္စအားလုံးအား ဆောင်ရွက်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

**ကျန်းမာရေးဆိုင်ရာ ကွာအတွက် စွမ်းအင်မြှင့်ပစ္စည်းများ**

**မြေဓာတ်ကိုယ်စားပြုပစ္စည်းများ**

ကျန်းမာရေးဆိုင်ရာ ကွာသည် မြေဓာတ်အား ကိုယ်စားပြုသည်။ ထို့ကြောင့် မြေဓာတ်ပစ္စည်းများကိုသာ အဓိကထားရှိသင့်ပြီး မြေဓာတ်ကို ဖျက်ဆီးစေသည့် သစ်သား (သစ်ပင်)များအား အဆိုပါ ကွာ၌ မထားရှိရပါ။ သစ်ပင်များသည် မြေကြီးအား အမြစ်များဖြင့် ထိုးစိုက်၍ဖျက်ဆီးတတ်သည်။

ကျန်းမာရေးဆိုင်ရာကွာ၌ ထားရှိရမည့် မြေဓာတ်ကိုယ်စားပြုပစ္စည်းများမှာ တရုတ်ကြွေထည်၊ မြေထည်များ၊ မြေအိုး၊ ကျောက်သားဖြင့် ပြုလုပ်သောပစ္စည်းများ ထားရှိရမည် ဖြစ်ပါသည်။

**လတ်ဆတ်သောအသီးအနှံများ**


အသီးအနှံများအား စားသုံးသည်ဖြစ်စေ၊ မစားသုံးသည်ဖြစ်စေ ကံကောင်းခြင်းနိမိတ်လက္ခဏာအဖြစ် ကျန်းမာရေးဆိုင်ရာကွာ၌ထားရှိပေးသင့်သည်။

**စိတ်ပျော်ရွှင်မှုဖြစ်စေသောပစ္စည်းများ**

စိတ်ပျော်ရွှင်မှုကိုဖြစ်ပေါ်စေသောပစ္စည်းများတွင် ရယ်မောပျော်ရွှင်မှုကိုဖြစ်စေသောပစ္စည်းများ ပါဝင်သည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာကွာအတွင်း ဟာသဗွီဒီယိုဇာတ်လမ်းခွေများ၊ ဟာသဇာတ်လမ်း၊ ကာတွန်းများ၊ အပေါင်းအသင်းများနှင့် ပျော်ရွှင်စွာ ရယ်မောနေသည့်ဓာတ်ပုံများ ထားရှိပေးသင့်သည်။

**အဝါရောင်၊ ရွှေရောင်နှင့် မြေဓာတ်ကိုယ်စားပြုအရောင်များ**

အဝါရောင်ပန်းများ၊ အဝါရောင်အခွံပါသောငှက်ပျောသီးများ၊ မြေဓာတ်




*THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR OF THE HOME OR ROOM LOCATED ON IT.*

**ပုံ။ကွာအတွင်း ကျန်းမာရေးဆိုင်ရာကွာ တည်ရှိမှုပုံ**



www.burmeseclassic.com

www.burmeseclassic.com

ကို ညွှန်းသည့် အညိုရောင်များအား ကျန်းမာရေးကွာ၌ ထားရှိသင့်သည်။

**လေးထောင့်ပုံရှိ ပစ္စည်းများ**

လေးထောင်ကျသည့်ပုံစံရှိသော ပစ္စည်းအားလုံး မြေဓာတ်ကို ရည်ညွှန်းသည်။ ထို့ကြောင့် လေးထောင့်စားပွဲ၊ လေးထောင့်ပုံ အကွက်ဖော်ထားသည့် ကျောက်ပြား၊ ကြွေပြားများ အဆိုပါကွာ၌ ထားရှိသင့်သည်။

**မြေဓာတ်ရည်ညွှန်းသည့်အမှတ်သင်္ကေတ**

မြေဓာတ်ကိုယ်စားပြုတောင်တန်း တောင်ကုန်းများပုံ ချိတ်ဆွဲထားခြင်း၊ သလင်းကျောက်တုံးထားရှိခြင်း၊ မြေအိုးများထားရှိခြင်းလုပ်ပေးသင့်သည်။

**ရေပြင်ညီ (သို့) အပြားပုံစံရှိပစ္စည်းများ**

လေးထောင့်ပုံရှိသော စားပွဲတင်ကျောက်ပြားကြီးများ၊ လေးထောင့်ပုံရှိ လက်ထပ်မင်္ဂလာပွဲ ဓာတ်ပုံအယ်(လ်)ဘမ်များ၊ ကျောက်ဖြင့် ပြုလုပ်သော ကော်ဖီစားပွဲများ၊ သံချေးရောင်ရှိသော ဖယောင်းတိုင်များ ထားရှိသင့်သည်။

**မီးဓာတ်ကိုယ်စားပြုပစ္စည်းများ**

မီးဓာတ်သည် မြေဓာတ်အား မွေးဖွားဖြစ်တည်ပေးသောဓာတ်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဆိုင်ရာကွာ၌ မီးဓာတ်ကိုယ်စားပြု ဖယောင်းတိုင်ထားရှိခြင်း၊ အိမ်အလယ်ကောင် (ကျန်းမာရေးကွာ) ရှိသည့်နေရာ၌ မီးလင်းဖိုထားရှိခြင်းလုပ်ပေးပါက စွမ်းအင်မြှင့်တက်စေသည်။

**ကြယ်များနှင့်နေပုံများအားထားရှိခြင်း**


နေသည် မြေဓာတ်အား ဖန်တီးပေးသည့် မီးဓာတ်ကို ကိုယ်စားပြုသည်။ ထို့ကြောင့် ကျန်းမာရေးကွာရှိရာ၌ နေဝင်၊ နေထွက်ရှုခင်းဓာတ်ပုံ၊ ပန်းချီကားများ ထားရှိသင့်သည်။ ထို့အတူ နေကြာပန်း၊ ကြယ်များပုံကိုလည်း ထားရှိသင့်သည်။

**ဘာသာရေးဆိုင်ရာပစ္စည်းများ**

မိမိကိုးကွယ်ရာ ဘာသာနှင့်ဆိုင်သောရုပ်တုများ ထားရှိပေးပါ။

**အနီရောင်ရှိပစ္စည်းများ**

အနီရောင်သည် မီးဓာတ်အား ကိုယ်စားပြုပြီး မီးဓာတ်က မြေဓာတ်အား မွေးဖွားပေးသည်။ ထို့ကြောင့် အနီရောင်ရှိပစ္စည်းများအား မြေဓာတ်ကိုယ်စားပြု ကျန်းမာရေးကွာ၌ ထားရှိပါ။




WOOD PIERCING EARTH CONDITION
WITH SILK TREE IIN CENTER OR HOME

မြေဓာတ်ကိုယ်စားပြု ကျန်းမာရေးကွာအတွင်းသို့
သစ်သားဓာတ်ကိုယ်စားပြု ရေချိုးခန်းထဲမှ မကောင်းသောချီဓာတ် ဝင်ရောက်ပုံ၊
ကြောင်လိမ်လှေကားမှ မကောင်းသောချီဓာတ်များ အိပ်ခန်းအတွင်းသို့ ဝင်ရောက်ပုံ

**တြိဂံပုံ၊ ပိရမစ်ပုံရှိ ပစ္စည်းများ**

တြိဂံပုံ၊ ချွန်ထက်နေသောပုံနှင့် ထောင့်စွန်းချွန်များသည် မီးဓာတ်အား ရည်ညွှန်းသည်။

အဆိုပါ ပုံသဏ္ဌာန်ရှိ ပစ္စည်းများဖြင့် ကျန်းမာရေးကွာအား စွမ်းအင်မြှင့်တင်ပေးနိုင်သည်။

**ကျန်းမာရေးဆိုင်ရာ ကွာအတွက် အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ**

**သစ်သား**

သစ်သားဓာတ်သည် ဖျက်ဆီး၊ ပျက်သုဉ်းခြင်းပြစက်ဝိုင်းအရ မြေဓာတ်အား ပျက်စီးစေသည်။

ထို့ကြောင့် အဆိုပါကွာ၌ မည်သည့်သစ်သားနှင့်ပတ်သက်သောပစ္စည်းမဆို မထားရှိရ။

**အစိမ်းရောင်ရှိပစ္စည်းများ**

အစိမ်းရောင်သည် သစ်ပင်၊ သစ်သားအား ရည်ညွှန်းသည်။ ထို့ကြောင့် သစ်ပင်၊ သစ်သားသာမက အစိမ်းရောင်ရှိ မည်သည့်ပစ္စည်းမဆို ကျန်းမာရေးကွာ၌ လုံးဝမထားရှိရပါ။

**ထောင့်မှန်စတုဂံပုံရှိပစ္စည်း**

သစ်ပင်ရှည်ကြီးများ၊ ထောင့်မှန်စတုဂံပုံရှိကော်လံတိုင်များအား အဆိုပါ ကျန်းမာရေးကွာ၌ မထားရှိရ။

**ကြောင်လိမ်လှေကား**

ကျန်းမာရေးကွာနေရာ၌ ကြောင်လိမ်လှေကား လုံးဝမထားရှိရ။ ထားရှိပါက မကောင်းသောစွမ်းအင်များထွက်ရှိလာပြီး ခေါင်းမူး၊ခေါင်းကိုက်ခြင်းဝေဒနာခံစားရတတ်သည်။ ကြောင်လိမ်လှေကားသည် မည်သည့်အခြေအနေမျိုးကို ပဋိပက္ခဖြစ်စေတတ်သည်။

အိမ်တွင် ကြောင်လိမ်လှေကားရှိနေပါက အောက်ပါအတိုင်း ဆောင်ရွက်သင့်သည်။

၁။ ကြောင်လိမ်လှေကားအား ဖယ်ရှားပြုပြင်ပြီး ရိုးရိုးလှေကားဖြင့် အစားထိုးပါ။

၂။ကြောင်လိမ်လှေကားအား ဖယ်ရှားနိုင်ပါက လှေကားထိပ်မှအောက်ခြေ အထိ အလယ်အူတိုင်သတ္တုချောင်းတ လျှောက် အစိမ်းရောင်ပိုးသားဖြင့် ပ ထားပေးပါ။

၃။ လှေကားအားဆေး

အဖြူရောင်သတ္တုပါသောကြောင် လိမ်လှေကားသည် မီးစုကွာအတွ

www.burmeseclassic.com

ရှိပါက (သတ္တု) အား မီးဖြင့်အရည်ပျော် ပျက်စီးစေရန် မီးခာတ်ကိုယ်စားပြု အနီရောင်ဆေးသုတ်ပေးပါ။

၄။ ကြောင်လိမ်လှေကားဆီမှ ကောင်းသော ချီဓာတ်များ ထွက်လာစေရန် မီးအလင်းရောင်ထွန်းပေးပါ။

**ကောင်းသောအနေအထားများဖြင့် ဖွဲ့စည်းထားသည့် အိမ်ခန်းအား ပြည်လည်ပြုပြင်မွမ်းမံ၍ စွမ်းအင်မြှင့်တင်ပေးခြင်း**


စာရေးသူ၏မိတ်ဆွေဝယ်ယူလိုက်သောအိမ်ခန်းမှာ ရေချိုးခန်းတံခါးဝနှင့် အိမ်ရာအောက်ခြေတို့ တစ်တန်းတည်းရှိနေပြီး အိပ်ခန်းအတွင်းသို့ ဝင်ရောက်သည့် နှစ်ထပ်တံခါးများကလည်း အိပ်ရာနံဘေးနှင့် တန်းလျက်ရှိနေကြသည်။ ထို့နောက် အိပ်ရာ၏ ယာဘက်ခြမ်းတွင် တံခါးနှင့်တည့်တည့်ကျသောနေရာ၌ကြောင်လိမ်လှေကားတစ်ခုရှိနေသည်။ အဆိုပါ အိပ်ရာယာဘက်ခြမ်းသည် ကျန်းမာရေးကွာရှိသော အိပ်ခန်း၏ အလယ်ဗဟိုနေရာလည်း ဖြစ်သည်။

အိမ်ရှင်သည် အဆိုပါ အိပ်ခန်း၌ (၆) လကြာနေထိုင်ပြီးနောက်ပိုင်း ခြေထောက်ဒဏ်ရာရခြင်း၊ နာမကျန်းခြင်း အမျိုးမျိုး ဖြစ်ပေါ်ခံစားခဲ့ရသည်။ ထို့နောက် စာရေးသူ၏ အကြံပြုချက်အရ အိပ်ရာခြေရင်းနှင့် ရေချိုးခန်းတံခါးဝတို့ အကြား သလင်းကျောက်ဘောလုံးချိတ်ဆွဲလိုက်သည်။ ထို့နောက် အိပ်ခန်းအတွင်း မကောင်းသော ချီဓာတ်များ ဝင်စေရန် အိပ်ရာအား အနီရောင်ထိုင်များ ပတ်ပေးလိုက်သည်။ ထို့နောက် ကြောင်လိမ်လှေကားရှိရာနေရာနှင့် အိပ်ခန်းကြား ကြည့်မှန်ထောင်ပေးထားခဲ့သည်။ ထိုနည်းဖြင့် အိမ်ရှင်ဖြစ်သူ ပြန်လည် ကျန်းမာလာခဲ့သည်။

**[illegible]၏ ကွာတစ်ခုချင်းအလိုက် စွမ်းအင်မြှင့်တင်ရန်လိုခြင်း**

စာရေးသူ၏ မိတ်ဆွေ 'ဂယ်ရီ' သည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ အိမ်ထောင်မရှိသူဖြစ်ခြင်းကြောင့် တစ်ကိုယ်ရေတစ်[illegible] ကောင်းကောင်းလွတ်လပ်စွာ နေထိုင်ခွင့်ရသူလည်း ဖြစ်သည်။

သို့သော် ဂယ်ရီ၏ ကျန်းမာရေးအခြေအနေအရ ဆရာဝန်ညွှန်ကြားချက်နှင့်အညီ အရည်ပါသောအစားအစာသာ မှီဝဲခဲ့ရသည်မှာ (၅) လခန့် ကြာရှည်ခဲ့သည်။




အက်ကွဲကြောင်းပုံရှိ အခန်း၏မြင်ကွင်း

ဂယ်ရီအနေဖြင့် အိမ်ရှိပါ့ကွာအတိုင်း ကွာတစ်ခုချင်းစီအား စွမ်းအင်မမြှင့်ပေးနိုင်ခြင်း (အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ ကွာအား စွမ်းအင်မမြှင့်ပေးနိုင်ခြင်းကြောင့် ကျန်းမာရေးဖောက်ပြန်ခဲ့ရခြင်းပင် ဖြစ်သည်။

**အခန်းသို့ မဝင်ရောက်မီ တွေ့ရသော မြင်ကွင်းအား သတိမူခြင်း**


နမူနာပုံအရ သင်သည် အခန်းရှိရာသို့ လျှောက်လာချိန်၌ မျက်လုံးတစ်ဖက်အား ရှေ့တည့်တည့်ရှိ တစ်ဖက်ပိတ်နံရံအားကြည့်ပြီး ကျန်မျက်လုံးတစ်ဖက်က ဘေးဘက်ရှိနံရံအား ကြည့်ပေးပါ။

ထိုအခါ မိမိအခန်းရှိရာနေရာသည် အဝေးမှကြည့်ပါက အက်ကွဲကြောင်းပုံစံမြင်နေရပါမည်။

အက်ကွဲကြောင်းပုံစံရှိနေသော အခန်းသည် မကောင်းသော စွမ်းအင်ကို ဖြစ်စေသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာတည်ငြိမ်မှုမရှိသလို ခံစားရခြင်း၊ စွမ်းအင်မမျှတခြင်းကြောင့် လေးလံထိုင်းမှိုင်းခြင်း ဖြစ်ပေါ်လာတတ်သည်။

စွမ်းအင်မြှင့်တင် မျှတစေသည့် ဖုန်းရွှေအစီအရင်အဖြစ် တစ်ဖက်ပိတ်နံရံရှိရာနေရာ၌ လှပသော ပန်းအိုးများ ချထားခြင်းဖြင့် တစ်ဖက်ပိတ်နံရံအား မြင်ကွင်းမှ ပျောက်ကွယ်စေပါသည်။ ပန်းအိုးထားရှိခြင်း မလုပ်လိုပါသော် အရောင်သွေးစုံလင်စွာ ပါဝင်သော ငှက်ကြီးကြီးတစ်ကောင်အား လှောင်အိမ်တွင်ထည့်၍ ၎င်းနံရံအနီးချိတ်ဆွဲထားပေးပါ။

ဦးအောင်လှိုင်(သုဝဏ္ဏ)



တစ်ဖက်ပိတ်နံရံအား မြင်ကွင်းမှပျောက်စေရန် ပန်းအိုးချထားပုံ



# မှောင်လင်းခိုင်

## နတ်နှင့်နဂါး သီးခြားရှိနေ ကျွန်းနံ့သာမြေ

ကျွန်းနံ့သာသည် ပင်လယ်ပြင်ထဲတွင် သီးခြားရှိနေသော ကျွန်းတစ်ကျွန်းဖြစ်သည်။ ကျွန်တော်တို့နေသော ငပလီကမ်းခြေရွာမှဆိုလျှင် မိုင် (၃၀) ဝန်းကျင်လောက်ရှိပါသည်။ တချို့ကတော့ (၂၇) မိုင်၊ (၂၈) မိုင်ဟုလည်း ပြောကြဆိုကြသည်။စက်မပေါ်မီ လှေခေတ်ကဆိုလျှင် ကျွန်းနံ့သာကိုသွားမည်ဆိုပါက တစ်ညလုံးနီးပါး လှော်ခတ်သွားကြရသည်ဟု ဆိုပါသည်။ စက်တပ်ယာဉ်များပေါ်ပေါက်လာသောအခါတွင် နာရီပိုင်းနှင့် အရောက်သွားနိုင်ကြတော့သည်။

ကျွန်းနံ့သာကို ကမ်းခြေမှမျှော်ကြည့်လျှင် မှုန်ပျပျကလေးသာမြင်ရပါသည်။ ထိုကျွန်းသည် မည်သည့်ခေတ် မည်သည့်ကာလမှစ၍ တည်ရှိနေသည်ဟု မည်သူမျှအတပ်မပြောနိုင်ကြပါ။ အဘိုးတို့ခေတ်လွန် အဘိုးတို့ခေတ် သူတို့အလွန်ခေတ်လောက်ကဟုသာ မှန်းဆရပါသည်။ ကျွန်းနံ့သာသည် ကျွန်းနံ့သာဟုခေါ် ဆိုကြသည့်အတိုင်း ရနံ့တသင်းသင်းဖြင့်မွှေးကြိုင်၍ အလွန်သာယာသော ပင်လယ်ပြင်ထဲက နေချင်ဖွယ်ရာ ကျွန်းကလေးတစ်ကျွန်းဟု ဆိုကြသည်။

ထိုကျွန်းကလေးကို လှေလာ... အတွက်သော် လည်းကောင်း၊ အ... သဘောဖြင့် ရောက်ဖူးရုံသွား... ရှိကြသည်။ အများအား...

www.burmeseclassic.com



ရှာ သွားရောက်သူများသာ များကြပေသည်။ ကျွန်းနံ့သာကို ရောက်ဖူးရုံ၊ လေ့လာရေးသက်သက်သွားကြသူများကလည်း အုပ်စုဖွဲ့၍ ငါးယောက်တစ်ဖွဲ့၊ ခြောက်ယောက်တစ်ဖွဲ့ သွားရောက်ကြသည်။ နေ့ချင်းပြန်သွားဖို့ရာ မလွယ်ပါ။ ပင်ပန်းလွန်းလှသည်။ တစ်ညအိပ်ခရီးအတွက် စားစရာသောက်စရာ အိုးခွက်ပန်းကန်၊ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်တို့ဖြင့်ယူဆောင်သွားကြရသည်။

ရောက်ပြီး ကျွန်းကိုပတ် လေ့လာအချိန်မီကပြန်လာ၊ အချိန်မမီက နောက်နေ့မနက်စောစောပြန်လာကြသည်။ ငါးဖမ်း၊ ငါးရှာသူတွေကလည်း သူ့အုပ်စုနှင့်သူ့အဖွဲ့လိုက်သွားကြသည်။ နှစ်ပတ်နေမည်ဆိုလျှင်နှစ်ပတ်စာ၊ တစ်ပတ်နေမည်



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် တစ်လစာယူသွားကြရသည်။ ကျွန်းနံ့သာကို ရောက်ဖူးချင်သည်။ တစ်ခါတစ်ရံ ကျွန်းနံ့သာမှ မီးတောက်ကြီးတွေထထတောက်သည်ကို လှမ်းမြင်ရသည်။ ရေနံကြောလား၊ ဂက်(စ်)တွေထ၍ မီးတောက်လေသလား အဝေးမှ မှန်းဆပြောကြဝေဖန်ကြရ၏။ကျွန်တော် ထိုကျွန်းအကြောင်းသိချင်၍ မေးရမြန်းရစုံစမ်းရသည်။

ရောက်ဖူးသူများကိုမေးရသည်။ မိတ်ဆွေဖြစ်သူ မီးလောင် (နာမည်ရင်းညီညီ)နှင့်တွေ့သည်။ သူကိုယ်တိုင်သွား၍ငါးရှာခဲ့ဖူးကြောင်း၊ သူနှင့်အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့ ရိက္ခာအပြည့်စုံဖြင့် သွားရောက်ခဲ့ကြောင်း ပြောကြပါသည်။

❑

မီးလောင်သည် ကျွန်းနံ့သာကို ငါးရှာထွက်ကြဖို့ ပထမ လူစု၊ လူရှာရသည်။ ဝါသနာပါသည့် သွားလိုသူစိတ်တူကိုယ်တူတွေရှာရသည်။ သူတို့အဖွဲ့လူ(၅)ဦးစုမိကြသည်။ ရိက္ခာအတွက် ဆန်တစ်အိတ်၊ ဆီတစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာ၊ ငရုတ်သီးခြောက်၊ ဆား၊ နနွင်း၊ ငရုတ်သီးကြိတ်ဖို့ စလောင်း (ရခိုင်တွင် ငရုတ်သီးကို စလောင်းထဲထည့်ပြီး ကျောက်လုံးအဝိုင်းဖြင့် ကြိတ်ကြသည်။) ခုတ်ဖို့ထစ်ဖို့ဓား၊ အသုံးဆောင်ပစ္စည်းများအစုံအလင်၊ ဆေးလိပ်သောက်တတ်သူများအား ဆေးလိပ်အစည်းများယူကြသည်။ ဥတုသုံးပါးခံ နတ်သမီးမီးခြစ်အစုံအလင်စုဆောင်းကြသည်။

လူစုံတော့ ည (၁၀) နာရီကျော်လောက်တွင် ကမ်းမှစထွက်ကြသည်။ လှော်တက်များဖြင့် တစ်ယောက်တစ်လက်လှော်ခတ်ကြသည်။ လေရသောအခါ လှေဦးတွင် ရွက်ထောင်၍ ရွက်တိုက်ကြသည်။ တက်မကိုင်သူက လှေပဲ့မှ တက်မဖြင့်ထိန်းပေးရသည်။ ငါးများဖို့အတွက်လည်း ကြိုး၊ ငါးမျှားချိတ်အပြည့်စုံယူရသည်။ တစ်ချောင်းပြတ် နောက်တစ်ချောင်းလဲရန်ဖြစ်လေသည်။ ရွာနှင့်အလှမ်းဝေးနေသဖြင့် အပြည့်စုံ တစ်ခါတည်းယူဆောင်သွားကြရသည်။ သူတို့အဖွဲ့ ည(၁၀)နာရီကျော်ကျော်တွင်ကမ်းမှခွာကြသည်။ မနက်လင်းလုမှ ကျွန်းနံ့သာကိုရောက်သည်။

ရောက်ရောက်ချင်း နေဖို့ထိုင်ဖို့နေရာပြုပြင်ရ၊ ရှာရဖွေရသည်။ အိုးခွက်ပန်းကန် စားစရာသောက်စရာများ နေရာချရသည်။ ကျွန်းအကြောင်း နဂိုကတည်းက ကြားဖူးနားဝရှိနေကြသူများမို့ အတည်းအခိုမများကြဖို့ကလည်းလိုပေသည်။ ထိုကျွန်းတွင် နဂါးတစ်ဖက်၊ နတ်တစ်ဖက် သီးခြားစည်းခြား၍နေကြသည်။ တည်းခိုကြရာတွင် နတ်နေသည့်ဘက်ခြမ်းမှာသာနေ၍ တည်းခိုကြရသည်။ သူတို့ကျွန်းကိုအရင်ဆုံးလေ့လာသည်။ သစ်၊ ဝါးတွေကလည်း အလွန်ပေါသည်။ သစ်ကြီး၊ဝါးကြီးတွေကလည်းများလှသည်။ လူနှင့်ဝေးနေသဖြင့် သစ်၊ ဝါးခုတ်ကြဖို့ အခက်အခဲကြောင့် မလာရောက်နိုင်ကြ။ အိမ်မိုးသည့်ဝါးများမှာ လူဝဝလက်မောင်းမျှ ကြီးထွားနေကြသည်။ သစ်ပင်ကြီးတွေဆို လူတစ်ဖက်စာမျှရှိနေကြသည်။

သစ်ပင်မျိုးစုံ စားပင်သောက်ပင်တွေကလည်း အလွန်ပေါသည်။ ရှေးကရောက်သွားသူများ စားသောက်ပြီး စွန့်ပစ်ထားခဲ့သည့်ငရုတ်သီးမှ အစေ့ပေါက်၍အသီးသီးနေကြသည်မှာ တောထနေသည်။

ငရုတ်ပင်မှာ လူတက်၍ရအောင်အထိ ကြီးမားလှသည်။ သူတို့သည် ကျွန်းကို အရင်လေ့လာသည်။ ကျွန်းသည် တောင်ကြီးတစ်တောင်မျှလောက်မြင့်မားခြင်းမရှိသော်လည်း အမောကလေးတစ်မောမျှမောအောင်တက်ရသည့်ကျွန်းတွင် ကျောက်တုံးကျောက်ခဲတို့ဖြင့်ပြည့်လျှံနေသည်။ ကျွန်းသည် အလွန်ကျယ်ပြောသည်။ ထိုကျယ်ပြောသောကျွန်းကို နှစ်ပိုင်းမျှခွဲ၍ နယ်မြေခြားထားသည်။ အရှေ့နှင့် အနောက် အနောက်ဘက်က နဂါး၊ အရှေ့ဘက်က နတ်ဘက်အခြမ်း သစ်ပင်တွေက သူ့ဘက်နှင့်သာတညီတညာတန်းစီတန်းပေါက်နေသည်။ နှစ်ဖက်ခြမ်းအလယ်တွင် မြောင်းတူးထားသလို ပြောင်ချောပြီး ရှင်းသန့်နေသည်။ လေကလည်း တဖြူးဖြူးနှင့် သစ်ရွက်တွေကြွေကျကြသည်။

နဂါးဘက်အခြမ်းမှကြွေကျသောသစ်ရွက်သည် နတ်ဘက်အခြမ်းသို့ တစ်ရွက်မှမကျမကူး တဝဲဝဲဝေ့ဝဲပြီးဆင်းလာကြသည်။ ရွက်ခြောက်များအောက်ရောက်ခါနီး သူ့ဘက်အခြမ်းသာကျသွားသည်။ မီးလောင် အံ့သြနေသည်။ နတ်ဘက်အခြမ်းမှသစ်ရွက်ကလည်း တဝဲဝဲကြွေကျလာသည်။ ရောက်ခါနီး သူ့ဘက်အခြမ်းသူ ကြွေကျသွားသည်။

မီးလောင်တို့ ငါးရှာအဖွဲ့သည် ဆန်းထူးနေသဖြင့် အချိန်အတော်ကြာကြည့်နေကြသည်။ နှစ်ဖက်စလုံးကကြွေကျသည့်အရွက်တွေ သူ့ဘက်သူကြွေကျသွားသည်။ တစ်ဖက်နှင့်တစ်ဖက် လုံးဝကူးခြင်းမရှိ။ သူတို့အဖွဲ့တအံ့တသြဖြစ်နေကြသည်။ စားဖို့သောက်ဖို့အတွက် နေရာအနေအထားပြုပြင်၍ ထားသိုကြသည်။ ပါလာသည့်အသီးအရွက်၊ ငရုတ်၊ ကြက်သွန်များ ဖုံးဖိထားကြသည်။ အုပ်ဆိုင်းထားကြသည်။ ဆန်အိတ်ကို သစ်ပင်တွင်တွဲ၍ ချိတ်ထားလိုက်ကြသည်။

တောကကြီးသည်။ သစ်ကြီးဝါးကြီးနှင့် ကြွက်အန္တရာယ်ကြောက်ရ၍ အုပ်ဆိုင်းတွဲထားလိုက်ကြသည်။ မနက်မိုးလင်းတော့ အုပ်ဆိုင်းထားသောအသီးအရွက်တွေ တစ်ခုမှမရှိ။ တွဲထားသည့်ဆန်အိတ် အောက်ကိုပြုတ်ကျ၍ ဆန်တွေ ကျောက်တောမှာပြန့်ကျဲကာ တစ်စေ့ချင်းဖြစ်နေလေတော့သည်။ သူတို့စားစရာသောက်စရာတွေအားလုံးကုန်သွားကြ၍ ငေးမောနေကြစဉ် တခြားမှ ငါးမျှားသမားများရောက်လာပြီး သူတို့ကိုမေးမြန်းနေကြသည်။

"ဘာဖြစ်ကြတာလဲဗျ"

"စားစရာတွေကုန်ပြီဗျာ။ ညကကြွက်တွေစားမှာစိုးလို့ အသီးအရွက်တွေ အုပ်ဆိုင်းထားပြီး ဆန်အိတ်ကို သစ်ပင်မှာတွဲထားတာ ဆန်အိတ်ကြိုးပြုတ်ကျ အသီးအရွက်တွေလည်းအကုန်လုံးပြောင်သွားပြီဗျာ။ ဘယ်လိုဖြစ်တာလဲ"

"ခင်ဗျားတို့မသိကြလို့ဗျ။ ဒီကျွန်းကိုရောက်ရင် အစားအသောက်တွေ အုပ်ဆိုင်းဝှက်ထားလို့မရဘူး။ ဒီအတိုင်းပြောင်ပလာထား၊ ဘာမှမဖြစ်ဘူး။ ဆန်တစ်စေ့မှမပျောက်ဘူး။ အုပ်ဆိုင်းတော့ မထားလေနဲ့၊ ကုန်ပြီသာမှတ်ပေတော့"

"ကျွန်တော်တို့က သိမှမသိဘဲဗျာ။ ဆန်တွေကျောက်ကြားဝင်ကုန်လို့တစ်ဝက်လောက်ပဲရတော့တယ်"

"ကျွန်တော်တို့မှာ ဆန်တွေတော်တော်များများပါပါတယ်။ ကျွန်တော်တို့ ဆီကယူ၊ နောက်ပြန်တဲ့လှေနဲ့မှာလိုက်ပေါ့ဗျာ"

အားလုံး သက်ပြင်းချကြသည်။ သည်ကျွန်း ခုမှရောက်စဆိုတော့ ကျွန်းအကြောင်းမသိ။ တောင်ရှိရာသို့လှည့်ကြည့်လိုက်တော့ တောင်ကမှိုင်းညို့ညို့ သစ်ကြီးဝါးကြီးတွေနှင့် ဖွတ်တွေဆို လူတစ်ကိုယ်စာလောက်ရှိမည်ဟု ခန့်မှန်းရသည်။ လွတ်လွတ်လပ်လပ်သွားလာနေကြသည်။ နတ်နှင့်နဂါးတို့၏အ[illegible] အနေသိချင်နေကြသဖြင့်လျှော[illegible]ကြည့်





www.burmeseclassic.com

www.burmeseclassic.com

…ည်။ နဂါးနှင့်နတ် သူ့ဘက်ကိုယ့်ဘက် …ယ်စည်းခြားထားပြီး ကျောက်မြောင်း …ရှိသည်။ လူလုပ်ထားသကဲ့သို့ ချော …င်နေသည်။ ကြွေလာသည့်သစ်ရွက် …တ်တွေကလည်း သူ့ဘက်ကိုယ့်ဘက် … ပြန့်ကျဲပြီးလည်းမနေ၊ လေနှင့် …လွှင့်ပါပြီး ပင်လယ်ထဲရောက်ကုန် …သည်။

နဂါးဘက်ခြမ်းတွင် သစ်ပင်တွေ … လုံးကြီးခြေသလုံးတစ်ဖက်စာမျှရှိပြီး …လုံးတစ်ပိုင်းဖြတ်ငုံးတိကြီးတွေဖြစ် …သည်။ ရှည်လာ၍မရ၊ ရှည်လာလျှင် …င်ရှိနေသည့် သစ်ငုတ်အတိုင်း …ရွယ်တည်းတိခနဲကျိုးကျသွားသည်။ …ပွက်ချေးတွေကလည်းပွက်၍အမြဲ …င်းနေသည်။သို့သော် ချော်ရည်တွေ …သစ်ပတ်၍မနေပေ။ မြေအောက်မှ …ပွက်၍တက်လာသော ရွှံ့နောက်ရေ …ဆင်းပြီး မကြာမီမှာပင် ပင်လယ် …ပိုင်းကြီးက ဝုန်းခနဲ ရိုက်ချိုးကာ ရွှံ့နွံ … ဆေးကြောပစ်လိုက်သည်။

နဂါးဘက်ခြမ်းကမ်းစပ်တွင် ရေ …ည် အမြဲတမ်းနောက်ကျိနေသည်။ နှစ် … သုံးဖာလုံလောက် နောက်ကျိနေ …ည်။ နဂါးပွက်တွင်းမှစီးဆင်းလာသည့် …ည်တွေက အမြဲစီးဆင်းနေသဖြင့် …က်ကျိနေသည်။တွံတေးတူးမြောင်းဝ … ကျိုက်လတ်နှင့် မအူပင်ဘက်မှလာ …ည်ရေများကဲ့သို့ ကျိုက်လတ်မှ ရေ …တ်နှင့် မအူပင်ဘက်မှ ရေကြည်တို့ …မြောင်းထဲသို့ ပေါင်းဆုံစီးဝင်သွား …သို့ နဂါးဘက်မှရေနှင့် နတ်ဘက်မှရေ …သည် အစိမ်းနှင့်အနောက်မြင်နေရ …ည်။

နဂါးဘက်မှရေသည် တစ်ခါမှ …ည်ဟုဆိုသည်။ သို့သော် နဂါးဘက် …တောင်ပေါ်တွင် ရေချိုတွင်းရှိသည်။ …လေးပင့်ပင်သောက်၍ကောင်းသည်။ …တ်ရေကို တောင်ထိပ်ထိတက်၍ …သုံးရက်စာခပ်ယူထားကြရသည်။ …ဘက်ခြမ်းတွင်လည်း ရေချိုတွင်းရှိ …ည်။ သို့သော် သောက်၍ မကောင်း …သည်။ လျှော်ဖွပ်ချိုးရုံ၊ ချက်ပြုတ်ရုံ …တ်သာရသည်။

သူတို့အဖွဲ့သည် ငါးမများမီ …ကို တစ်ပတ်ပတ်ကြည့်ချင်ကြ၏။ … ကျွန်းဝိုင်းကြီး။ သူတို့အချင်းချင်း …ပင်၍ စိတ်တူကိုယ်တူ မနက်စော …ထလျှောက်ကြသည်။ ယောကျ်ား …သောက်ဖြင့်ခပ်ကျဲကျဲလှမ်းကြသည်။ …တွေ၊ ကြိမ်တွေ၊ စားပင်သောက်ပင် တွေတောထပြီး ကြီးချင်တိုင်းကြီး၊ သန်ချင်တိုင်းသန်နေကြသည်။ကြိမ်တောကြီးဆိုလျှင် မည်မျှရှည်လျားကျယ်ပြန့်သည်ကို ခန့်မှန်း၍မရ။ ကြိမ်၏အလျားကို မည်မျှရှိသည်ဟု ခန့်မှန်းရန်မလွယ်။ကြိမ်က သဘာဝအလျှောက်ပေါက်ပြီး ကြိုးခွေသလိုခွေနေသည်။ ပြီးမှ တစ်ခါရှေ့ဆက်သွားပြီး တစ်ခွေထပ်ခွေပြန်သည်။ အခွေပေါင်းမည်မျှဟု ရေတွက်၍မရအောင်များပြားလှသည်။ ကြိမ်တောကြီးမှာ မျှော်မဆုံးကြည့်မဆုံး။ သူတို့အုပ်စုအံ့ဖွယ်သုတသဖွယ် အံ့ဩငေးမောရင်းလျှောက်ကြသည်။ သစ်ပင်ကြီးတွေဆိုလူတစ်ဖက်စာမျှရှိကြသည်။ မိုးထိမြင့်မားနေကြသည်။

စားရသည့်အသီးအရွက်ဆို အကုန်စား ဘာမှမဖြစ်။ အန္တရာယ်မရှိပေ။ သူတို့သည် ခြေလှမ်းခပ်ကျဲကျဲလှမ်းပြီး လျှောက်ကြရာ ကျွန်းတစ်ပတ်စေ့အောင် နေ့လယ် (၁၂) နာရီခွဲမှ မူလနေရာပြန်ရောက်ကြသည်။ အကျယ်အဝန်းမှာ (၁၀)မိုင်မျှရှိလိမ့်မည်ဟုခန့်မှန်းကြသည်။ လူတို့ပြန်ရောက်ပြီးမှ စားဖို့သောက်ဖို့ပြင်ကြဆင်ကြ ချက်ရပြုတ်ကြရသည်။ ဟင်းစားအတွက်ပါ ငါးများသည်။ ငါးချက်ဖို့ ဧရုတ်သီးပင်က ဧရုတ်သီးခူးသည်။

အချဉ်အတွက် မန်ကျည်းသီးလိုသည်။ နတ်ဘက်အခြမ်းတွင် လူနှစ်ဖက်စာမျှ ကြီးမားလှသော မန်ကျည်းပင်ကြီးတစ်ပင်ရှိသည်။မော့ကြည့်သည်။ အသီးတစ်တောင့်မျှမတွေ့။ ထိုသို့ မော့ကြည့်နေစဉ် အခြားငါးများအဖွဲ့မှ လှမ်းပြီးပြောသည်။

"အသီးမမြင်ရလည်း တက်သာတက်ပါ၊ အသီးရပါလိမ့်မယ်"

မီးလောင်သည် မန်ကျည်းပင်ပေါ်သို့ခုန်ပြီးတက်သွားသည်။ အပင်ပေါ်ရောက်တော့ မန်ကျည်းသီး (၅) တောင့်ရသည်။ သူတို့အဖွဲ့တွင် လူ(၅)ယောက်ပါသည်။

မန်ကျည်းသီး (၅)တောင့်ရသည်။ သူတို့အဖွဲ့၊ ပြီးတော့ နောက်တစ်ဖွဲ့တက်ကြနေသည်။ သူတို့အဖွဲ့တွင်လည်း လူရှိသလောက်ရသည်။

အဲသည့်မန်ကျည်းပင်ကကြည့်လို့ အသီးတစ်တောင့်မှမမြင်ရ။ တက်သာတက်၊ တက်သည့်လူတိုင်း တစ်နပ်စာရသည်။ ပိုပြီးမရ။ လူရှိသလောက်သာရသည်။ အချိန်မရွေးတက် အချိန်မရွေးရသည်။ စားသောက်ကြပြီး သူတို့အဖွဲ့ ငါးများဖို့ပြင်ကြသည်။ ငါးတွေမှာ အုပ်လိုက်အုပ်ကြီးတွေကြည့်လို့မဆုံး။ ဧရာမငါးအုပ်ကြီးတွေ ပြိုင်တူငါးများကြသည်။ အစာတပ် ရေထဲချတာ တစ်ခဏသာကြာသည်။ တစ်ကောင်ပြီးတစ်ကောင်ဆွဲတင်ရသည်။ တစ်ကောင်တစ်ကောင်မှာလည်း သေးသေးမဟုတ်။ ငါးပိသ္ဍာ၊ ခြောက်ပိသ္ဍာငါးကြီးတွေ။ ငါးဆွဲတင်ရတာ လက်ညောင်းပြီးလက်အံသေသည်။ ငါးအုပ်ကြီးဟာ အောက်မှာနေရာမပျက်။

ဤမျှ ငါးဆွဲတင်နေရသည်ကို အားမရသူ အဖွဲ့သားတစ်ဦးက ငါးများကြိုးသုံးကြိုး၊ ငါးများသုံးခွင်ဖြင့် ရေချသည်။ ချပြီး ငါးသုံးကောင် ဟပ်တော့သည်။ ဟပ်သည့်ငါးများမှာ သေးသေးမဟုတ်။ ငါးပိသ္ဍာ၊ ခြောက်ပိသ္ဍာငါးကြီးတွေ။ သူ ဒုက္ခရောက်ပြီ။ ငါးကရေထဲကဆွဲအားနှင့် သူကကုန်းပေါ်ကဆွဲအား ငါးဆွဲအားကိုမနိုင်။ ငါးသုံးကောင် တောင်ဘက်ပြေးတဲ့ငါးက တောင်ဘက်ပြေး၊ မြောက်ဘက်ပြေးတဲ့ငါးက မြောက်ဘက်ပြေး၊ ရေအောင်တည့်တည့်ငုပ်တဲ့ငါးကငုပ်နှင့် တစ်နေကုန်သွားတော့သည်။ သူများတွေအကောင်လေး၊ ငါးဆယ်ရသော်လည်း သူမှာ ငါးသုံးကောင်နှင့်တစ်နေကုန်နေရသည်။

နေကုန်မှ ငါးတွေမောပြီး ဆွဲတင်လို့ရသည်။ သူများတွေ ငါးတွေအများကြီးရပြီး ခွဲလှန်းကြလည်း။ သူမှာ ငါးသုံးကောင်နှင့်တစ်နေကုန်ရသဖြင့် နောင်တရမဆုံး။ သူတို့ငါးကိစ္စပြီးတော့နဂါးဘက်ခြမ်း ကူးကြပြန်သည်။ နဂါးဘက်ခြမ်းတွင် နဂါးချေးကျောက်တွေဖြင့် လူသေမြှုပ်ထားသလို ကျောက်ပုံကြီးတွေရှိသည်။ အပုံကြီး၊ အပုံကလေးတွေ တစ်ကုန်းလုံးပြည့်နေသည်။

ကိုသန်းမောင်က နဂါးချေးကျောက်ပုံကြီးကို ပွတ်သပ်ကြည့်နေသည်။ ကိုသန်းမောင်က အရှတ်အနောက်ပြောတတ်သည်။ နောက်တတ်ပြောင်တတ်သည်။ သူတို့အထဲတွင် အသက်အကြီးဆုံး အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ အနောက်အပြောင်ကြမ်းသည်။ တစ်ခါတုန်းကလည်း ပင်လယ်ထဲတွင် ငါးများနေရင်း ပင်လယ်ရှင်မကို နောက်ပြောင်ပြောဆိုမိသဖြင့် ပါးတစ်ခြမ်းရွဲ့သွားသည်။ ဆိုင်ရာပိုင်ရာကို တောင်းပန်ပသလိုက်မှ ပျောက်သွားသည်။ ခုတစ်ခါ အရှတ်အနောက်ပြောဖို့စပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

# အပူနာအဖုအကျိတ်နှင့်ကိုနှရာနာ၊စက်တန်နာ

## တို့ကိုပျောက်ကင်းစေသောမြန်မာတိုင်းရင်းဆေးနည်းကောင်းများ

**၁။ စက်တန်ရောဂါကုထုံးဆေးနည်းတစ်နည်း**

စက်တန် ဟူသည်မှာ အခံရခက်သော အပူဖုနှင့်အကျိတ်ရောင်ရောဂါဖြစ်သည်။ ယောကျ်ား၊ မိန်းမ၊ ကလေးသူငယ်များဖြစ်လေ့ဖြစ်ထရှိသောရောဂါဖြစ်သည်။ လည်ပင်း၊ ပေါင်ခြံ၊ ဝမ်းတွင်းတို့တွင်လည်းဖြစ်တတ်ပါသည်။လည်ပင်းတွင်ဖြစ်ပါက လည်ပိုးစက်တန်ဟု ခေါ်ပါသည်။ ပေါင်ခြံတွင်ဖြစ်ပါက ပေါင်ပိုးစက်တန်၊ ဝမ်းထဲတွင်ဖြစ်ပါက ဝမ်းတွင်းစက်တန်ဟု ခေါ်ဆိုပါသည်။ ဝမ်းတွင်းစက်တန်ဖြစ်ခဲ့လျှင် တအီအီကိုက်ခဲပြီး ခဏခဏကိုက်ခဲသည့်ဝေဒနာကို ခံစားရပါသည်။ ၎င်းကိုကုသရန်ဆေးနည်းမှာ ကျေးလက်တောရွာများမှ ရလွယ်သော (သစ်ခေါင်းပျားရည်) ပျားရည်စစ်စစ်ကို တစ်နေ့လျှင် သုံးကြိမ်လျက်ပေးပါက လုံးဝပျောက်ကင်းပါသည်။ လည်ပင်းနှင့်ပေါင်ခြံတွင်ဖြစ်သော စက်တန်များကို ထုံးနှင့်နနွင်းရော၍ဖျော်ပြီးမန်း၍လိမ်းပေးကာ မိုးကြိုးသွားဖြင့်ခုတ်ပေးခြင်းဖြင့်လည်း ပျောက်ကင်းပါသည်။

မိုးကြိုးသွား ဟူသည် သုံးမျိုးရှိပါသည်။ ကြေးမိုးကြိုးသွား၊ သံမိုးကြိုးသွား၊ ကျောက်မိုးကြိုးသွားတို့ ဖြစ်သည်။ စက်တန်ရောဂါ၏အဓိကကုထုံးမှာ နနွင်းမှုန့်မန်ကျည်းစေ့ငါးစေ့ခန့်နှင့် ကွမ်းစားထုံးမန်ကျည်းစေ့တစ်စေ့ခန့်ကို ကြွေပန်းကန်လုံးထဲတွင်ထည့်ပြီး ရေအနည်းငယ်

---

"ကိုသန်းမောင်၊ ခင်ဗျားစကားပြောရင် ဆင်ခြင်ပြောနော်။ ပင်လယ်ပြင်ထဲမှာ ပြောမှားဆိုမှားမဖြစ်စေနဲ့"

ဟု သတိပေးကြသည်။

ကိုသန်းမောင်က ဂရုမစိုက်။ အကြီးဆုံး နဂါးချေးကျောက်ပုံကြီးကို လက်ဝါးနှင့်အုပ်ပြီးရိုက်လိုက်သည်။

"နဂါးကြီး၊ အထဲမှာ နဂါးကြီးရှိနေတယ်ဆိုရင် အသံပေးပါ။ ရှိကြောင်းပြပါ"

ဟု ပြောလိုက်သည်။ အဖော်တွေက ကိုသန်းမောင်ကိုကြည့်ပြီး -

"ဒီလူမဟုတ်တာလုပ်ပြီ"

ဟူသောအကြည့်ဖြင့် ကြည့်နေကြသည်။ ကိုသန်းမောင်သည် ပထမအကြိမ်ပြောပြီး ဒုတိယအကြိမ် လက်ဝါးဖြင့် ခပ်ပြင်းပြင်းရိုက်ကာ ပြောလိုက်ပြန်သည်။

"နဂါးကြီး၊ အထဲမှာရှိရင်ရှိကြောင်းသိရအောင် အသံပေးပါ"

ကိုသန်းမောင် နှစ်ကြိမ်ရိုက်ပြီးပြောနေသော်လည်း ဘာသံမှမကြားရချေ။ ကိုသန်းမောင်သည် မကျေနပ်သဖြင့် တတိယအကြိမ် ခပ်ပြင်းပြင်းရိုက်ကာ အသံကျယ်ကျယ်ဖြင့်ပြောလိုက်ပြန်သည်။

"နဂါးကြီး၊ တွင်းထဲမှာနဂါးကြီးရှိနေတယ်ဆိုရင် အသံပေးပါ"

ဟုအော်ပြောလိုက်သည်။တတိယအကြိမ်ရိုက်ကာ အော်ပြောပြီး မကြာမီမှာပင် နဂါးချေးကျောက်ပုံထဲမှ ကျယ်လောင်သောအသံကြီးတစ်သံကြားလိုက်ရသည်။ မိုးခြိမ်းသကဲ့သို့ ဂျိန်းဒိန်းဝုန်းဆိုသောအသံကြီး ကြားလိုက်ရသည်။ လူ (၅) ယောက်စလုံး ကြောက်လန့်ပြီး ဘယ်သူမှအဖော်ညှိမနေရဘဲ နဂါးဘက်ခြမ်းမှ နတ်ဘက်အခြမ်းသို့ သုတ်ခြေတင်ပြေးလာခဲ့ကြလေတော့သည်။

"ကဲ- လုပ်ချင်ဦး"

ဟု ပြောလိုက်ကြသည်။ နှလုံးတုန်ရင်တုန်ဖြစ်ကာအကြောက်ကြီးကြောက်နေကြလေတော့သည်။ သူတို့ တစ်လလောက်ကြာအောင် ငါးရှာကြပြီး ငါးတွေကလည်း အခြောက်အခြမ်းတွေအချိန်နှစ်ဆယ်ကျော်လောက်စီရကြပြီမို့ ပြန်ဖို့စီမံကြလေတော့သည်။

တစ်လဆိုသောအချိန်သည် သူတို့အား ကျွန်း၏အနေထားအခြေအနေကိုသိရှိပြီးလည်းဖြစ်ကြပြီး နဂါးဘက်ခြမ်းမှအခြေအနေ၊ နတ်ဘက်ခြမ်းမှအခြေအနေ အကြောင်းစုံသိကြပြီးဖြစ်သည်။ လူတွေတည်းခိုလျှင် နဂါးဘက်ခြမ်းမှာမတည်းခိုကြဘဲ နတ်ဘက်အခြမ်းမှာသာတည်းခိုကြသည်။ နဂါးတို့မျက်စောင်းအကြောင်းသုံးပါးမရှေး ဆိုသည်ကို ကြောက်ကြ၍လား၊ တည်းခိုလျှင် မနေနိုင်အောင်လုပ်လို့လား၊ ဘာကြောင့်မှန်းမသိ။ မည်သူတစ်ဦးတစ်ယောက်မျှ နဂါးဘက်အခြမ်းတွင် မတည်းခိုကြပေ။

သူတို့အပြန်ခရီးတွင် ငါးခြောက်နှင့် သန်မာထွားကျိုင်းသောဝါးများကို ခုတ်၍ တောင်းပလုံးရက်၊ မနိုတံသပ်သူကသပ်ပြီး ကြိမ်တွေကိုလည်း အားပါးတရသယ်လာကြသည်။ အပြုံးပန်းတွေဖြင့် အိမ်အပြန်လှကြပေတော့သည်။

တစ်ကျွန်းလုံးမှာ ဆပ်သွားဖူးပင်တွေ တောကြီးထအောင်ပေါက်နေကြသဖြင့် ကျွန်းပေါ်မရောက်မီကပင် မွှေးကြိုင်သင်းပျံ့နေလေတော့သည်။

"ကျွန်းနံ့သာက ဘယ်အချိန်သွားသွား အလွန်နေလို့ထိုင်လို့ကောင်းတယ်။ သားငါးလည်းရှာဖွေလို့ကောင်းတယ်ကွာ။ အနီးပတ်ဝန်းကျင်က ကျွန်းနံ့သာကို အားကိုးအားထားပြုပြီး ရှာဖွေစားသောက်နေကြတာ။ ခုတော့ မသွားကြတော့ဘူးကွ"

"ဟင်- ဘာဖြစ်လို့လဲ၊ ကျွန်းနံ့သာ အခြေအနေပြောင်းလဲသွားလို့လား။ ငါးမရှိတော့လို့လား"

ဟု ကျွန်တော်ကမေးကြည့်သည်။

"ဘာအကြောင်းမှမဟုတ်ဘူးကွာ။ ခု တပ်မတော်က အဲဒီမှာ စစ်စခန်းချပြီးနေကြတော့ လူတွေသိပ်အသွားအလာမလုပ်ကြတော့ဘူးကွာ။ ငါတို့တောင်မရောက်တာကြာသွားပြီ။ အခြေအနေပေးရင် တစ်ခေါက်တော့သွားချင်တယ်"


ဟု မီးလောင်က သူတွေ့ကြုံခဲ့ရမှုများ အားရပါးရပြောပြပါသည်။ ကျွန်း၏အောက်တွင် ရေနံသိုက်ကြီးရှိနေပါသည်ဟုယုံကြည်ကြသည်။ တစ်ခါတစ်ခါ မီးတွေထထတောက်နေသည်မို့ နဂါးမီးလား၊ ရေနံသိုက်ကထွက်တဲ့မီးလား မသိနိုင်ပေ။ကျွန်းနံ့သာကိုတစ်ခေါက်လောက်တော့ အရောက်သွားချင်ပါသည်။ နတ်နှင့်နဂါးသီးခြားခွဲ၍နေကြပုံတွေ မျက်ဝါး ထင်ထင်မြင်တွေ့ချင်လှပါသည်။

မောင်လင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com



(၁) ပထမစက်ဝိုင်းဆွဲ စက်ဝိုင်းပုံ

(၂) ဒုတိယစက်ဝိုင်း အတွင်းမျဉ်း တစ်ကြောင်းဆွဲ

(၃) တတိယစက်ဝိုင်း အတွင်းမျဉ်း တစ်ကြောင်းဆွဲ

(၄) စတုတ္ထစက်ဝိုင်း အတွင်း ကြက်ခြေခတ်

နှင့်ဖျော်ကာ ဘုရားရှေ့တွင်အာရုံပြုပြီး မန်းရမည်။

မန်းရန်ဂါထာမှာ -

ဥုံ စက်တန်ရောင်စုံမိုးမှာကုန်၊
မြေမှာထောက်၊ ပျောက်ဆရာ
ပျောက်၊

(၇) အုပ်မန်းပါ။ မန်းထားသော ထုံး နနွင်းကို လက်ခလယ်နှင့်မွှေပြီးအဖုအကျိတ်နေရာပေါ်သို့ စက်ဝိုင်းဝိုင်းပြီး စက်ဝိုင်းထဲတွင်ကြက်ခြေခတ်ပါ။ပြီးလျှင် အသက်အောင့်ထားပြီး လက်ခလယ်နှင့် ထုံး နနွင်းတို့ပြီး ကြေးမိုးကြိုးသွား၊ သံမိုးကြိုးသွား၊ ကျောက်မိုးကြိုးသွားသုံး မျိုးထဲမှ ရရာမိုးကြိုးသွားဖြင့် စက်တန် ပေါ်သို့ အထက်မှအောက်သို့ စိပ်ခုတ် ပါ။ ဘေးဘက်ကိုလည်းစိပ်ပြီးခုတ်ပါ။ မိုးကြိုးသွားဖြင့် ခပ်စိပ်စိပ်ခုတ်ရာတွင် အထက်သို့လှန်မခုတ်ရပါ။ ၎င်းစက်တန် ကို သုံးရက်အတွင်း ကုသနေချိန်တွင် ကြက်ပျောသီးနှင့်ငါးရံ့သားအစိုအခြောက် ကိုမစားရပါ။ ရောဂါနှင့်မတည့်သည့် အတွက် ကြည့်တောင်မကြည့်ပါနှင့်။ သုံး ရက်အတွင်း ရောဂါပျောက်ကင်းပါလိမ့် မည်။

## ၂။ စက်တန်အကျိတ်ပျောက်ဆေးဂါထာ

ကျွဲတည်းသီးအစို သို့မဟုတ် အခြောက်ကို ကျောက်ပျဉ်ပေါ်တွင် အနှင့်သွေးပြီး ခွက်တစ်ခုထဲသို့ထည့်ပါ။ ဘုရားကျောင်းဆောင်ပေါ်သို့တင်ပြီး ဆွမ်းသီလခံယူ၍ ဘုရားရှိခိုး၊ အမျှပေး ဝေပါ၊ ၎င်းနောက် အောက်ပါဂါထာ တော်ကိုမန်းပါ။

ဥုံ နင်လည်းစက်တန်
ငါလည်းမိုးကြိုး
ကြေဆရာကြေ
သေဆရာသေ
ပြတ်ဆရာပြတ်
သွားဟ

ဟု (၃၇) အုပ်မန်းပြီး ၎င်းကျွဲ တည်းသီးအရည်ကို စက်တန်အဖု အကျိတ်၌လိမ်းပေးပါ။ ဆေးရည်တစ်နေ့ (၅)ခါ၊ (၆)ခါလိမ်းပေးခြင်းဖြင့် (၃)ရက် အတွင်း ပျောက်ကင်းပါသည်။

## ၃။ အပူနာခေါ် ကိန္နရာနာအတွက်ကုရန် ဆေးနည်းတစ်လက်

ကွမ်းစားထုံးကို ပျစ်ပျစ်ကလေး နေအောင် သင့်ရာပန်းကန် သို့မဟုတ် ခွက်ငယ်ထဲသို့ထည့်ပြီး ရေနှင့်ဖျော်ပါ။ ဖျော်ထားသောဆေးကို လက်ခလယ်ဖြင့် ကော်ယူပြီး ကိန္နရာနာပေါက်နေသော နေရာ အဖုအကျိတ်များပေါ်သို့ဝလုံးရေး သားပြီးကွင်းဝိုင်းပါ။ တစ်ကြိမ်တည်းနှင့် ဆက်အောင်ကွင်းဝိုင်းပါ။ ဝလုံးထိစပ် သွားသောအခါတွင် အထက်နှုတ်ခမ်း အနားမှ အောက်သို့တစ်ကြိမ် အဆင့် လေးဆင့်ရောက်အောင် ကိန္နရာအနာ ပေါက်ရာ အဖုအကျိတ်များအားလုံးဝင် အောင်ထုံးဖျော်ရည်ဖြင့်ဆွဲချခြင်း၊ ကြက် ခြေခတ်ခြင်းတို့ကို ပြုလုပ်နေချိန်တွင် အောက်ပါဂါထာတော်ကိုရွတ်ဆိုပါ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊
ကျေဆရာကျေ၊
ချေဆရာချေ၊
ကိန္နရာနာပျောက်စေ။

ယင်းကြည့်စွာပြုလုပ်ခြင်းဖြင့် ကိန္နရာနာခေါ် အပူနာများ၊အဖုအကျိတ်များ ပျောက်ကင်းစေပါသည်။

## ၄။ အဖုအကျိတ်ကုထုံးဆေးတစ်နည်း

အပူကြောင့်ဖြစ်သောအဖုအကျိတ် များကိုကုသရန် ဆေးနည်းကောင်း တစ်လက်မှာ ကွမ်းစားဂမုန်းကိုဝယ်ပြီး ကျောက်ပျဉ်ပေါ်တွင် ပျစ်ပျစ်သွေးပြီး အဖုအကျိတ်များပေါ်သို့လိမ်းပေးပါက ပျောက်ကင်းပါသည်။ ဆေးလိမ်းရာတွင် 'အထက်ဆရာကြီးများ၏ဆေး၊ ငါဆရာ၏အမိန့်'ဟု နှုတ်မှပြောပြီး (၄)ရက်၊ (၅) ရက်လိမ်းပေးပါက ပျောက်ကင်းပါသည်။

## ၅။ ဆေးထိုးအပ်ကြောင့် အဖုအကျိတ်ဖြစ်လျှင်

မန်ကျည်းရွက်ကြမ်းကိုခူးပြီး ရေစင်အောင်ဆေးပါ။ ထမင်းကြမ်းခဲနှင့် မန်ကျည်းရွက်ကြမ်းဆတူကို ငရုတ်ဆုံတွင်ထည့်၍ထောင်းပါ။ ညက်လျှင် အဖုအကျိတ်ပေါ်တွင်အုံပေးပြီး ပတ်တီးစည်းထားပါ။ သုံးရက်တစ်ကြိမ်အသစ်လဲလှယ်ပေးပြီး (၃)ကြိမ် (၉)ရက်ပြည့်ပါက အဖုအကျိတ်ပျောက်ကင်းပါမည်။ ဆရာကြီး ဦးမင်းဌေး၏ တိုင်းရင်းဆေးကိုယ်တွေ့ကုထုံးများဖြစ်ပါသည်။

## ၆။ ပေါင်တွင် သက်တန်ခေါ် စက်တန် ပေါက်လျှင် ကုသရန်ဆေးနည်းတစ်လက်

ပေါင်တွင် သက်တန်ခေါ် စက်တန် ပေါက်ဆေးနည်းမှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ရှိန်းခို ၎င်းဆေးသုံးမျိုးကို ဆတူပေါင်းစု၊ ဆန်ဆေးရည်နှင့်ကြိတ်ပြီး မြေအိုးထဲသို့ထည့်ပြီး ကျင်ငယ်ရည်နှင့် ချက်၍အုံပေးပါက (၃) ရက်အတွင်း ရောဂါပျောက်ကင်းပါလိမ့်မည်။

အာရောဂျပရမံလာဘံ
ရေမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



# မှင်းပါိန်းထိပ်

## ဘိုးညြဘာ၏ရွှေလုပ်နည်း

ညနေမိုးချုပ်စအချိန်တွင် ဖြစ်၏။ ထိုအချိန်မျိုးတွင် မောင်အေးချမ်းသည် အဘိုး သို့တည်းမဟုတ် အဖေ၏အနား သို့ကပ်လေ့ရှိသည်။ မောင်အေးချမ်းက ပုံပြင်ကြိုက်သည်။ အဘိုးနှင့် အဖေတို့ ကလည်း ပုံပြောကောင်းကြသည်။

သို့သော် အဘိုးနှင့် အဖေတို့၏ ပြောပြကြသောပုံပြင်များမှာ တစ်လိုင်းစီ ဟု ဆိုရမည်ဖြစ်၏။ အဘိုးက သူဖြတ်သန်းလာခဲ့သော ဘဝ၏အတွေ့အကြုံများကိုသာ ပုံပြင်အဖြစ်ပြောပြလေ့ရှိ၏။ အဖေကမူ သူဖြတ်သန်းလာခဲ့သောဘဝ၏ အတွေ့အကြုံများကို ပုံပြင်အဖြစ် ပြောပြလေ့ရှိသလို ရာဇဝင်ဇာတ်နိပါတ်တော်များထဲမှ အကြောင်းအရာများကိုလည်း ပုံပြင်အဖြစ်ပြောပြလေ့ရှိသည်။ ထို့ကြောင့် အဖေပြောပြသောပုံပြင်များမှာ ပိုမိုပြည့်စုံပြီး အဘိုးပြောသောပုံပြင်များထက်ပင် ပို၍ကောင်းလေသည်။

အဘိုးနှင့် အဖေတို့ ပုံပြောပြကြခြင်း၏ ထိုကဲ့သို့ ခြားနားနေသည်မှာ အဘိုးက သိပ်ပြီးစာဖတ်လေ့မရှိဘဲ အဖေက မဂ္ဂဇင်း၊ ဝတ္ထုပုံပြင်များနှင့် ရာဇဝင်၊ ထေရ၊ ဇာတကာ စသောခိုင်ခံ့သည့်ကျမ်းစာပေများကိုပါ အချိန်ရတိုင်း ဖတ်ရှုလေ့ရှိသောကြောင့်ဟုထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဖေက အဘိုးထက် စာပေနှံ့စပ်ခြင်းရှိသလို ဇာတ်သဘင်နှင့် ဆိုင်းပညာများကိုပါ တတ်ကျွမ်းသော ကြောင့်လည်း ပိုပြီးပုံပြောကောင်းခြင်း ဖြစ်နိုင်သည်။

အဖေပုံပြောလျှင် လူကြီး၊ လူငယ် အရွယ်မရွေးကြိုက်ကြ၏။ နားညောင်းမှာ စွဲသွားသည်အထိ ပြောနိုင်၏။ အဖေ ဇာတ်ဝတ္ထုကြောင်းတစ်ခုကိုပြောလျှင် ထောင့်စေ့အောင် ပြည့်ပြည့်စုံစုံပြောလေ့ ရှိသောကြောင့် တစ်ခါတစ်ရံ သန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

ကျော်သည်အထိပင် ကြာမြင့်တတ်၏။ ပရိသတ်များကလည်း ပုံပြင်ပြီးဆုံးမှ အိမ်ပြန်လေ့ရှိကြ၏။

လာပြီးနားထောင်ကြသူများက အဖေပုံပြောသည်ကို ကြိုက်ကြသလို အုလစ်အငိုက်ကို ချောင်းနေကြသော လူဆိုးများလည်းရှိကြ၏။ တစ်ခါက အဖေ့ဆီမှာ ပုံပြင်လာနားထောင်နေကြသည့်အထဲက ဦးသောင်းစိန်တို့အိမ်ကို လူတက်ခိုး၍ သေတ္တာနှစ်လုံးပါသွားဖူး၏။

အဖေပြောသော ပုံပြင်ကို လူကြီး၊ လူငယ်အရွယ်အားလုံးတို့ကြိုက်ကြသည်ဟုဆိုရာ၌ တစ်ခါက အဖေသည် ငမိုးရိပ်မိကျောင်းဝတ္ထုကိုပြောပြနေရာ အဖေ၏ အထွေးဆုံး အသက် (၄)နှစ်ကျော်မျှသာရှိသေးသောသမီးကလေးက ငြိမ်ပြီးနားထောင်နေရင်း 'ငိုဖို့ကောင်းလိုက်တာ အဖေရယ်' ဟု ရှိုက်သံဖြင့် ပြောသည်ကို ယခုတိုင် မှတ်မိနေသေး၏။ ထိုနှစ်မှာပင် အဖေကွယ်လွန်သွား၏။

(ဆရာဖိုးကျော့က ဤစာရေးသူ စာရေးဆရာဖြစ်လာရသည်မှာ အဘိုးနှင့် အဖေတို့၏ ကျေးဇူးကြောင့်ဟု ဆိုသည်။ ငယ်စဉ်ကပင် ပုံပြောကောင်းသော အဘိုးနှင့် အဖေတို့ ပြောပြကြသည့် ပုံပြင်ဝတ္ထုများ နားစွဲလာ၍ဟု ကောက်ချက်ချသည်။ ဤစာရေးသူလည်း ဝန်ခံ၏။ ယခု စာအုပ်များအပြင် မဂ္ဂဇင်းဝတ္ထု၊ ဆောင်းပါးပုဒ်ရေ (၆၀၀) ကျော် ရေးသားလာခဲ့ပြီးသည့်ချိန်အထိပင် အဘိုးနှင့် အဖေတို့ ပြောပြခဲ့ဖူးသော ပုံပြင်၊ ဝတ္ထုအကြောင်းအရာများ ရေးမကုန်သေးအောင် ရှိနေ၊ မှတ်မိနေ၊ သတိရနေဆဲ ဖြစ်၏။)

မောင်အေးချမ်းက အဘိုးပြောသောပုံပြင်ကို နားထောင်ချင်သောအခါ အဘိုး၏အနားသို့ကပ်လေ့ရှိပြီး အဖေပြောသောပုံပြင်ကို နားထောင်ချင်သောအခါ အဖေ၏အနားသို့ကပ်လေ့ရှိသည်။ တစ်မျိုးနှင့် တစ်မျိုးမရိုးရအောင် နားထောင်ရသည်က သာ၍ကောင်း၏။

သည်ညနေတွင် မောင်အေးချမ်း အဘိုး၏ အနားသို့ကပ်၏။ ထို့နောက် ပုံပြောခိုင်း၏။ အဘိုးသည် ယခင်ညများက စစ်အတွင်းက အကြောင်းအရာများကို ပြောပြခဲ့ပြီး သည်ညတွင် ဘိုးသြဘာ (ရွှေပြုလုပ်သော) အကြောင်းကိုသာ ပြောပြလေ၏။

"ဘိုးသြဘာဆိုတဲ့ ဆရာတော်ကြီး တစ်ပါး တို့ပတ်ဝန်းကျင် တောတောင်တွေမှာ တောရဆောက်တည်ပြီး ဖိုထိုးနေခဲ့ဖူးတဲ့အကြောင်းကို မြေးလေး ကြားဖူးမှာပေါ့"

"ကြားဖူးတယ်ဘိုး။ အဲဒီ ဘိုးသြဘာက အရမ်းထူးဆန်းတယ်လို့ပြောကြပါတယ်။ အဲဒီ ဘိုးသြဘာ အခုမရှိတော့ဘူးလားဘိုး"

"အခုတော့ ဘယ်ရှိတော့မလဲ မြေးရဲ့။ ကြာတောင်ကြာခဲ့ပြီပဲ။ တချို့လည်း ဘိုးသြဘာ အရှင်ထွက်သွားတယ်လို့ ပြောကြတယ်။ တချို့ကလည်း အိန္ဒိယနယ်စပ်မှာ ပျံတော်မူတယ်လို့ ပြောကြတယ်"

"ဟာ - ဒါဆိုရင် တော်တော်စိတ်ဝင်စားစရာကောင်းတာပဲ ဘိုးရဲ့။ အဲဒီအကြောင်းနှစ်ခုကိုပဲ အသေချာရှင်းပြပါဦး"

"အိန္ဒိယနယ်စပ်မှာပျံတော်မူတယ်ဆိုတာတော့ သတင်းအနေနဲ့ပဲ ကြားရတာပါ။ အတိအကျ ဘယ်နေရာမှာ ပျံတော်မူတယ်လို့ ပြောပြနိုင်တဲ့သူမရှိပါဘူး။ အရှင်ထွက်ထွက်သွားတယ်ဆိုတဲ့အကြောင်းကိုတော့ ဘိုးသြဘာထွက်ပျောက်သွားပြီး နောက် (၅) နှစ်ကျော်ကြာတော့မှ မင်းဘိုးလေးအောင်သာလု (အဘိုး၏ညီ) အရှေ့ပြည်က နွားရောင်းပြီးအပြန် ရခိုင်ရိုးမကြီးထဲက မြောက်နတ်ရေကန်ရဲ့ကျောက်ဆောင်ကြီးတစ်ခုအထဲမှာတွေ့ခဲ့ရပြီး မောင်ရွှေဝ (အဘိုးနှင့်ကျောင်းနေဖက်သူငယ်ချင်း)ကတော့ ပုပ္ပားတောင်ကြီးရဲ့တိတ်ဆိတ်တဲ့ကျောက်ဂူကြီးတစ်ခုထဲမှာ တွေ့ခဲ့ရတယ်လို့ဆိုတယ်။ သူတို့နှစ်ယောက် တွေ့ခဲ့တာကို စစ်ကြည့်တော့လည်း တစ်ရက်တည်း ဖြစ်နေပြန်တယ်"

"ဟာ"

မောင်အေးချမ်း အံ့သြဖြစ်သွား၏။

"တကယ် စဉ်းစားကြည့်ရင် မဖြစ်နိုင်စရာဘဲ။ မြောက်နတ်ရေကန်က ရခိုင်ရိုးမကြီးရဲ့ တောနက်ထဲမှာရှိပြီး ပုပ္ပားတောင်ဆိုတာက မန္တလေးတိုင်းဒေသကြီးထဲမှာသာရှိတာပါ။ အဲတာ တစ်ရက်တည်း၊ တစ်ချိန်တည်းမှာ တွေ့ခဲ့ကြတယ်ဆိုတော့ အရှင်ထွက်သွားတာက လွဲလို့ အခြားဘာရှိတော့မှာလဲ"

မောင်အေးချမ်း ခေါင်းတဆတ်ဆတ်ညိတ်၏။ အရှင်ထွက်၊ အသေထွက်အကြောင်းကိုမူ မောင်အေးချမ်း နားလည်နိုင်စွမ်းမရှိသေးပေ။ ထို့ကြောင့် ဘိုးသြဘာအကြောင်းကိုသာ ဆက်မေးလိုက်၏။

"ဒါဆိုရင် ဘိုးသြဘာကြီးက အရမ်းထူးဆန်းတာပဲ။ အဲဒီ ဘိုးသြဘာအကြောင်းကို ပြောပြပါလားဘိုး"

"တိုင်းပြည် ပြန်ကောင်းလာစက ဘိုးသြဘာရွှေလုပ်တာကို အဘိုးကိုယ်တိုင် ပါဝင်ကူညီခဲ့ရတဲ့အကြောင်း ဒီည ပြောပြမယ်လေ"

❑

ဘိုးသြဘာသည် စစ်ကြီးတွင်းက သည်ပတ်ဝန်းကျင်မှာ မရှိပေ။ အိန္ဒိယနိုင်ငံ၊ ဘူတန်၊ တိဗက် စသော နိုင်ငံများမှာသာ သွားနေသည်ဟု ပြောပြသည်။ ဂျပန်များ စစ်ရှုံး၍ ပြေးသွားကြပြီးမှ ပြန်ရောက်လာသည်။ ချက်ချင်းပင် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးနစ်မွန်းနေကြသော ပတ်ဝန်းကျင် ရွာသူရွာသားများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စသည်များကို ပြန်လည်ထူထောင်ပြီး လုပ်ကိုင်ပေးလေသည်။

ထိုကဲ့သို့ လုပ်ကိုင်ပေးရာ၌ ပတ်ဝန်းကျင်ရွာသူရွာသားများမှာ စစ်ဘေးစစ်ဒဏ်ကြောင့် ဂျပန်တို့၏ နှိပ်စက်သတ်ဖြတ်၊ ညှဉ်းပန်းခြင်းကို ရက်ရက်စက်စက်ကြီးခံလိုက်ကြရ၍ စိတ်ပိုင်းဆိုင်ရာ အညွန့်ကျိုးဘိသကဲ့သို့ ဖြစ်နေ၊ ခံစားနေကြရသည်ကို တရားဓမ္မဟောပြောဆုံးမပြီး ကုစားပေးသည်။

ရုပ်ပိုင်းဆိုင်ရာအရတွင်လည်း စစ်အတွင်းမှာ နေအိမ်ရပ်ရွာများကို စွန့်ပစ်ပြီးထွက်ပြေးနေခဲ့ကြရသဖြင့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ခြံမြေများတောထပျက်စီးသွားခြင်း၊ ကျွဲနွားများသေကျေပျောက်ဆုံးသွားခြင်း၊ အိုးအိမ်၊ ခြံမြေများကျိုးပဲ့၊ ပြိုကျ၊ မီးလောင်၊ ပျက်စီးခြင်းများရှိခဲ့ကြသည်ကိုလည်း ဘိုးသြဘာကပင် ပြန်လည်ထူထောင်ပေးလေသည်။

ရွှေကို လိုချင်တိုင်း လုပ်၍ရနေသော ဘိုးသြဘာအဖို့ ဤကိစ္စအတွက် ဝန်မလေးပေ။အိမ်ထောင်စုတိုင်းအတွက် လူဦးရေအလိုက် လိုအပ်သော ရွှေများကို သူ၏ အဂ္ဂိရတ်အတတ်ပညာဖြင့်ပင် ပြုလုပ်၍ပေးလေသည်။

ဘိုးသြဘာက လိုအပ်သော ရွှေများကို ပြုလုပ်ပေး၍ လက်ထဲမှာ ရွှေရှိနေကြသော်လည်း ထိုရွှေများကို ဝယ်မည့်သူမရှိ။ ရွှေဝယ်သူရှိ၍ ငွေရှိလာပြန်တော့လည်း ဆန်စပါး စသော ရိက္ခာရောင်းချမည့်သူမရှိ၍ စားရေးနှင့် ထိုင်ရေးအတွက် (၁) နှစ်နီးပါး ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com

ရောက်ခဲ့ကြရသေး၏။

ထို့နောက် လယ်ယာများကို ထွန်ယက်စိုက်ပျိုး၍ အသီးအနှံပေါ်လာတော့မှ စားသောက်ရေး အဆင်ပြေလာ၏။ စားရေးသောက်ရေး အဆင်ပြေလာမှ လွတ်ကိုက်သစ်ခွဲပြီး နေအိမ်များကို ပြုပြင် ဆောက်လုပ်နိုင်ကြသည်။

ဘိုးဩဘာ၏ ကျေးဇူးကြောင့် ယခုကဲ့သို့ နေရေး၊ စားသောက်ရေး (၁) နှစ်အတွင်း အဆင်တပြေဖြစ်လာရသောကြောင့် ရွာသူရွာသားများမှာ ဘိုးဩဘာအား ကျေးဇူးတင်၍မဆုံးဖြစ်ကြရ၏။ ယခုတယ် နတ်ဘုရားကြီးတစ်ပါးကဲ့သို့ပင်လည်း ကိုးကွယ်ဆည်းကပ်ကြ၏။

"ဘိုးဩဘာကြီး မရှိဘူးလား။ ဘာသံမှလဲ မကြားပါလားကွ"

ဘိုးဩဘာ ဖိုရုံထဲက မတ်တတ်ရပ်ပြီးကြည့်၏။ ရွာသူကြီး ဦးမောင်ပုချော၊ အုပ်စုစာရေးသူကြီး ဦးဖြူဝန်းနှင့် စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီး၏ ဂေါပကလူကြီးများ အပါအဝင် ရွာသားအချို့တို့ ဖိုရုံကျောင်းလေးဆီသို့တည်ပြီး လာနေကြသည်ကို တွေ့လိုက်ရသည်။

"ရှိတယ်ကွ၊ ဟိုမှာ ဖိုရုံထဲကပြာတွေ၊ ဖုံတွေနဲ့ ထွက်လာနေတာ မတွေ့ဘူးလား"

ဘိုးဩဘာ ဖိုရုံကို သန့်ရှင်းရေးပြုလုပ်ပြီးနောက် ကျောင်းလေးပေါ်ကို တက်လာခဲ့သည်။ ရွာသူကြီးများနှင့် ဂေါပကလူကြီးများလည်း ဘိုးဩဘာနောက်မှ တန်းတက်လာကြသည်။ ဘိုးဩဘာက ဆီးဟောက်သော လေသံဖြင့်မေးသည်။

"ဘာလဲ၊ ဒီအကောင်တွေ ငါ့ကို အနှောင့်အယှက်ပေးဖို့ လာကြပြန်ပြီလား"

ဘိုးဩဘာမှာ လူအားလုံးတို့အပေါ်တွင် မေတ္တာ၊ ကရုဏာကြီးမားသော်လည်း စကားပြောဆိုသောအခါ ယဉ်ကျေးသိမ်မွေ့ခြင်းမရှိပေ။ စကားကို ရောက်မာစွာဖြင့် အပေါ်စီးကသာပြောဆိုလေ့ရှိပြီး ကြမ်းတမ်းသော ဖရုသဝါစာစကားများဖြင့်လည်း ပြောဆိုတတ်လေသည်။

"အနှောင့်အယှက်ပေးဖို့လာကြတာမဟုတ်ဘူး ဘိုးရဲ့။ ကုသိုလ်ပေးဖို့လာကြတာပါ"

ဟု ရွာသူကြီး ဦးမောင်ပုချောက ပြောလိုက်သည်။

ဘိုးဩဘာ စကားမဆိုသေးဘဲ ကွမ်းရွက်ကို ထုံးတို့နေ၏။ ထို့နောက် ပါးစပ်ထဲ ကွမ်းသီးငုံနှင့် -

"ဘာတုံး၊ ကုသိုလ်ပေးဖို့ဆိုတော့"

"အခု ဘိုးလုပ်ပေးလို့ ရွာသူရွာသားတွေမှာ နေရေးစားရေးအဆင်ပြေနေကြပေမယ့် ကိုးကွယ်ရေးစတဲ့ကျောင်းကန်၊ ဘုရား၊ အဆောက်အအုံတွေကို ပြန်လည်ထူထောင်ပြုပြင်ဖို့ အခက်တွေ့နေကြပါတယ်။ ဒါကြောင့် ဘိုးဆီမှာ အကူအညီတောင်းဖို့ လာကြတာပါ။ ကုန်ကျမယ့် ငွေကြေးပမာဏအတွက် ရွှေလေးလုပ်ပေးပါဦးလို့"

"မင်းတို့ နေရေးစားရေးအတွက်လည်း ငါလုပ်ပေးပြီးပြီ။ အခုလည်း လာကြပြန်ပြီလားကွ"

"အဲဒါက နေရေး၊ စားရေးလေ ဘိုးရဲ့။ အခုဟာက သေရေး၊ သံသရာရေးပါ။ အဲဒါ မလုပ်ဘဲနေလို့ ဖြစ်မလား ဘိုးရဲ့"

ဘိုးဩဘာ စကားမဆိုဘဲ ငြိမ်နေပြန်၏။

ထို့ကြောင့် ရွာသူကြီးနှင့် ဂေါပကလူကြီးများမှာ မရဲတရဲဖြင့် ဘိုးဩဘာ၏ မျက်နှာကိုသာ ငေးကြည့်နေကြ၏။ ထို့နောက် ဘိုးဩဘာကပြောသည်။

"အေး - ငါကိုယ့်အလုပ်ကလေး လုပ်ရမလား မှတ်တယ်။ မင်းတို့အလုပ်တွေကလည်း ပြီးနိုင်တယ်ကိုမရှိဘူးနော်။ ဒီတော့ ဘယ်လောက်လိုမယ် မှတ်တုံး"

"အတိအကျတော့ မပြောတတ်ဘူး ဘိုးရဲ့။ အခုလောလောဆယ် ပြောနိုင်တာက တန်းတင်ရွာနဲ့ ဓာတ်တော်ရွာမှာတော့ ကျောင်း၊ သိမ်၊ ဇရပ် အားလုံးနီးပါး ပုံးသေနတ်တွေထိမှန်ပြီး ပျက်စီးသွားပါတယ်။ အဲဒါတွေကို အသစ်ပြန်ဆောက်သင့်တာဆောက်ပြီး ပြန်ပြင်လို့ရနိုင်တာတွေကိုလည်း ပြင်ချင်ပါတယ်။ မဲရွာမှာတော့ ကျောင်းဘာမှမဖြစ်ခဲ့ဘဲ ဇရပ်သာ ဂျပန်တွေ ထင်းပေါက်ဆိုက်ထားခဲ့ကြလို့ အခင်းအကာတွေအပြင် တိုင်တွေတောင်မှ အကောင်းမရှိတော့ပါဘူး။ ပြီးတော့ စရိယဘုန်းတိုးတန်းတင် ဓာတ်တော်ဘုရားကြီးမှာလည်း စေတီတော်ကြီးထိပ်ပိုင်းကျိုးသွားတာရယ်၊ ကျောင်းဆောင်တွေ၊ ဇရပ်တွေ၊ ဓမ္မာရုံတွေပျက်စီးသွားတာရယ် အဲဒါတွေအားလုံးကို ပြုပြင်ချင်ပါတယ်"



ဘိုးဩဘာ သက်မတစ်ချက်ကိုချလိုက်ပြီး -

"အေးပါ၊ ပြုပြင်ချင်ကြတယ်ဆိုရင်လည်း ပြုပြင်ရမှာပေါ့။ ဒီတော့ မင်းတို့ကိစ္စ မပြည့်မချင်း ငါ့ဆီကို ကပ္ပိယတစ်ယောက်တော့ပို့ပေးထားကြပါ"

ရွာလူကြီးများ ဝမ်းသာသွားကြ၏။ ထို့နောက် ဘိုးဩဘာနှင့် အဆင်ပြေမည့် ကပ္ပိယတစ်ယောက်ထားပေးဖို့ ခေါင်းချင်းဆိုင်ပြီးတိုင်ပင်ကြ၏။ တော်ရုံလူနှင့်လည်း အဆင်ပြေမည်ဟု မထင်ပေ။ ဘိုးဩဘာက စိတ်အလွန်တိုသောကြောင့် စိတ်နှင့်မတွေ့လျှင် ဟောက်အော်တတ်၏။ လက်လည်းပါတတ်၏။

"ထွန်းမြအောင် အခုမင်းဘာတွေလုပ်နေတုံး"

(ဦးထွန်းမြအောင်မှာ မောင်အေးချမ်း၏ အဘိုးပင် ဖြစ်သည်။)

"အိမ်အလုပ်တွေတော့ရှိတာပေါ့ ဘိုးရယ်။ ဒါပေမယ့် ဘိုးလိုအပ်မယ်ဆိုရင် လာနေပေးမယ်လေ"

"အေး - မင်းကျန်နေခဲ့။ အခြားအကောင်တွေ ပြန်ကြတော့"

ဘိုးဩဘာက နှင်လွှတ်သဖြင့် ဦးမောင်ပုချောတို့လူစုရယ်မောပြီးပြန်လာကြလေသည်။ ထို့နောက် ဘိုးဩဘာနှင့် ဦးထွန်းမြအောင်တို့၏ စားရေရိက္ခာအတွက် ရွာမှခွဲတမ်းပို့ပေးရန်ကိုလည်း တိုင်ပင်လာကြလေသည်။ ကပ္ပိယကာရကပ်အဖြစ် တစ်ယောက်တည်းသာ ခေါ်ထားလိုက်၍ ဦးထွန်းမြအောင်လည်း မသက်သာပေ။ ဦးစွာ ပျဉ်းကတိုးတုံးကြီးများကို ရှာဖွေပြီး မီးသွေးဖုတ်ရသည်။ မနက်စာပိုင်းမှာ မီးသွေးဖုတ်ပြီး ညနေပိုင်းတွင် ထိုမီးသွေးများကို ခြင်းကျားများဖြင့်ထည့်ထမ်းကာ ဖိုရုံကျောင်းလေးနားမှာပုံရသည်။ ထို့နောက် အစောင် ညဉ့်နက်သည်အထိ ဖိုဆဲပြန်



www.burmeseclassic.com

www.burmeseclassic.com

သည်။

သူအစုနှင့်သူ နှစ်ရက်တစ်ခေါက်၊ သုံးရက်တစ်ခေါက် ရွာလူကြီးများရောက်လာပြီး ဆန်၊ ဆီ၊ အခြောက်အခြမ်းစသော စားနပ်ရိက္ခာများလာပို့နေကြသော်လည်း ဘိုးသြဘာက ဖိုလုပ်ငန်းနှင့်ပတ်သက်ပြီး ဘာမှမခိုင်းပေ။ မခိုင်းဘဲဝင်လုပ်လျှင်လည်း ဘိုးသြဘာဆီမှာ အဟောက်ခံရနိုင်သည်။ ထို့ကြောင့် ရွာလူကြီးများလည်း ဘိုးသြဘာ၏ အကြောင်းကို သိထားကြသောကြောင့် ရိက္ခာပို့ပေးပြီးနောက် ဘာမှဝင်မလုပ်ဘဲ လှည့်ပြန်ကြသည်။

ဤသို့ဖြင့် တစ်ပတ်ကျော်လာသောအခါ မီးသွေးအတော်များများ ရသွားသလို ဘိုးသြဘာ ဖိုထိုးနေသော အလုံးလေးသည်လည်း လက်ညှိုးဖျား သာသာခန့်ရှိလာပြီး ကြေးလိုလို၊ ရွှေလိုလိုနှင့် အဝါရောင်ဖြစ်လာလေသည်။ ဘိုးသြဘာက ထိုအလုံးလေးကို ရေစိမ် သောက်ခြင်း၊ မျက်စဉ်းခတ်ခြင်းများ ပြုလုပ်ပြီး စမ်းသပ်ကြည့်နေသည်။

"ဘိုး၊ အဲဒါဘာလုံးလေးလဲ"

ဟု ကိုထွန်းမြအောင်က ဖိုဆွဲရင်း မေးကြည့်လိုက်သည်။

ဘိုးသြဘာက သူ့အလုံးလေးကို တစ်အောင့်ကြာအောင် ပွတ်သပ်ကြည့် နေလိုက်ပြီးနောက် တစ်ချက်၊ နှစ်ချက် ဆ,ကြည့်လိုက်ပြီး -

"ရွှေလုပ်မယ့် အလုံးလေးဓါ့ကွ"

ဟု တိုတိုတုတ်တုတ်ဖြေသည်။

"ဘိုးမှာ ရွှေလုပ်တဲ့အလုံးလေး ရှိပြီးသားပဲ မဟုတ်လား"

"ရှိတဲ့အခါလည်း ရှိပါတယ်။ တစ်ခါတလေ အဲဒီအတုံးလေးကို ဖိုထိုး ပစ်တာလည်းရှိတတ်တယ်။ ဒါကြောင့် အမြဲတမ်းရှိနေတာတော့ မဟုတ်ပါဘူး"

"ဖိုထိုးပစ်လိုက်တော့ ပျက်စီးမှာ ပေါ့ ဘိုးရဲ့။ ဒီတော့ နောက်တစ်ခါ ရွှေ လုပ်ချင်ရင် အလုံးကလေးပြန်ရအောင် ထပ်ပြီး ထိုးရတာပဲလား"

"အေးပေါ့။ ဓာတ်လုံးကလေးမရှိ ရင် ပြန်ထိုးရတာပေါ့"

"ဒီတော့ ရွှေပြုလုပ်တာမှာသုံးတဲ့ ဓာတ်လုံးကလေးဖြစ်လာအောင် အင်္ဂါ ရိတ်ဆရာတိုင်း လုပ်တတ်ကြသလား ဘိုး"

"အင်္ဂါရိတ်ဆရာတိုင်းတော့ ဘယ် တတ်မလဲ။ အဲဒီလို ဓာတ်လုံးလေး တစ်လုံးရဖို့လည်း မလွယ်ပါဘူး။ ကံ၊ ဉာဏ် (၂) မျိုးလုံးနဲ့ ဆိုင်တယ်"

"ဒီတော့ဘိုး၊ ရွှေလုပ်တာမှာ အသုံးပြုတဲ့ အလုံးလေးကို ဖိုပြန်ထိုးပစ် လိုက်တယ်ဆိုတော့ အဲဒီအလုံးထက် တန်ဖိုးရှိတာများ ဖြစ်သွားသလား"

"အင်းပေါ့၊ မင်းတို့လူပြိန်းတွေ နားလည်အောင်ပြောရရင် မြေလျှိုးမိုးပျံ နိုင်တဲ့၊ သိဒ္ဓိပြီးတဲ့ ပြဒါးရှင်လေးဖြစ်လာ အောင် ထိုးလိုက်တာပဲ"

"မြေလျှိုးမိုးပျံနိုင်အောင် စွမ်းတဲ့ ပြဒါးရှင်ဖြစ်လာအောင်ထိုးရတဲ့တာက ရွှေလုပ်တဲ့ အလုံးကလေးထက် ပိုခက် သလားဘိုး"

"သိဒ္ဓိကြီးလေ ပိုခက်လေပေါ့။ အချိန်တွေလည်းပိုပေးရတယ်။ အခြား အခက်အခဲတွေကိုလည်း ကျော်ဖြတ်နိုင် ရတယ်။ ဒါကြောင့် ငါ့မှာကြိုးကြိုးစားစား နဲ့ထိုးလာခဲ့လို့ ပြဒါးရှင်ဖြစ်ခဲ့ပြီးမှ ကျွန်းသုံးဆယ်ရွာက ဟိန္ဒူး မုဆိုးအောင် ကျော်ဦးကြောင့် ပျက်စီးသွားရပြီးနောက် နှစ်အတော်လေးကြာအောင် ထိုးလာခဲ့ ရပြီး ပြန်ဖြစ်လာပြန်တော့လည်း ချင်း မုဆိုး ကိုလေးကြောင့် တစ်ကြိမ် ဆုံးရှုံး သွားရပြန်တာကို မင်းတို့လည်း သိကြ တာပဲ"

မုဆိုးအောင်ကျော်ဦးကြောင့်တစ် ကြိမ်၊ ချင်းမုဆိုး ကိုလေးကြောင့်တစ် ကြိမ်၊ ထိုနှစ်ကြိမ်စလုံးပျက်စီးသွားရသည့် အကြောင်းကို ဦးထွန်းမြအောင်လည်း ကြားလိုက်ဖူးသည်။ တစ်ကြိမ်နှင့်တစ် ကြိမ် လေး၊ ငါးနှစ်ခန့်ခြားသည်ဟုထင် သည်။

ထို့နောက်ပိုင်းတွင် ဒုတိယကမ္ဘာ စစ်ကြီးဖြစ်လာ၍ တိုင်းပြည်ထဲသို့ ဂျပန် များ ဝင်လာလေရာတွင် ဘိုးသြဘာ ခြေရာဖျောက်ပြီး အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ တိဗက် စသောနိုင်ငံ၊ ဒေသများကို သွား နေပြီး ယခုမှ ပြန်ရောက်လာကာ ဖိုထိုး လုပ်ငန်းကို ပြန်စရခြင်း ဖြစ်သည်။

"ဒီတော့ ဘိုးမှာ အခုထိုးနေတဲ့ အလုံးလေးကိုလည်း ရွှေလုပ်ပြီးနောက် ဆက်ထိုးပစ်မှာလား"

"အင်းပေါ့၊ ရွှေကို လိုသလောက် ပြုလုပ်ပြီးရင်တော့ ပြဒါးရှင်ဖြစ်အောင် ဆက်ထိုးရမှာပေါ့"

ဘိုးသြဘာက ရှည်လျားစွာဖြင့် ရှင်းပြနေသော်လည်း ဦးထွန်းမြအောင် မှာ ကြားဖူးရုံမျှသာရှိ၍ ထိုထက်နား လည်နိုင်စွမ်းမရှိပေ။

နောက်ရက်များတွင် မီးသွေးဖုတ် ရန်မလိုတော့။ မီးသွေးအလုံအလောက် ရရှိသွားပြီဖြစ်သည်။ ဖိုရုံလေးနားတွင် ပုံထားသော မီးသွေးပုံကြီးသည်လည်း လူတစ်ရပ်ခန့်ရှိနေလေပြီ။

ဘိုးသြဘာထိုးနေသော အလုံး ကလေးသည်လည်း သိဒ္ဓိပြည့်မြောက် သွားပြီဟုထင်သည်။ ထိုရက်ပိုင်းမှာပင် ရွှေလုပ်ငန်းကို စတင်လေသည်။

ဘိုးသြဘာအဖို့ ရွှေပြုလုပ်ရသည် ကို သိပ်ပြီး အခက်အခဲမရှိပေ။ ကြေး သတ္တုများကို ဖိုထိုးပြီး အရည်ဖျော်ကာ ကြိုတင်ထိုးလုပ်ထားသော အလုံးလေး ကိုထည့်လိုက်သည်နှင့် အရည်ဖျော်ထား သော ကြေးသတ္တုများအားလုံး ရွှေဖြစ် သွားသည်ကို တွေ့ရသည်။

သည်အတိုင်းပင် ဘိုးသြဘာက ရွှေလုပ်ပေးလိုက်၊ ရွာလူကြီး ဂေါပက လူကြီးများက လာယူလိုက်နှင့် တစ်လ ခန့်အထိလုပ်ပေးလိုက်မှ ရွာပျက်၊ ကျောင်း ပျက်၊ ဘုရားပြို၊ ဘုရားပျက်များကိုပြုပြင် ရန်အတွက် လိုအပ်နေသော ရွှေပမာဏ သည်လည်း ပြည့်စုံလုံလောက်သွားလေ သည်။

❑

"ဒီတော့ ဘိုးသြဘာက အဘိုးကို ရွှေမပေးလိုက်ဘူးလား"

"ဘယ်ပေးမလဲ မြေးရဲ့။ တကယ် လိုအပ်နေတဲ့ နေရာတွေအတွက်ပဲ လုပ် တာလေ။ ဒီအထဲ ဘိုးသြဘာဆီမှာ ကူ လုပ်ပေးတဲ့လူက ဆင်းရဲနွမ်းပါးရင်တော့ ရင်းနှီးစားသောက်ဖို့ တစ်ကျပ်၊ နှစ်ကျပ် ဆိုသလိုပေးတတ်ပါတယ်။ အဘိုးတို့လို လယ်ယာ၊ ဥယျာဉ်၊ ကျွဲ၊ နွား ပြည့်စုံနေ တဲ့လူတွေကျတော့ မပေးပါဘူး"

"အဲဒီအချိန်မှာ အဘိုးက ဘိုးသြ ဘာကြီးရဲ့ရွှေလုပ်နည်းကိုရအောင်ကြည့် ရှုပြီးမှတ်မထားလိုက်ဘူးလား"

"ဘယ်မှတ်မိနိုင်မလဲကွယ့်။ သတ္တု တွေကို အရည်ဖျော်ပြီးမှ ပြဒါးရှင်လုံးနဲ့ မွှမ်းမံတာဆိုတော့ ပြဒါးရှင်လုံးပြုလုပ် နည်းကိုတတ်မှလုပ်လို့ရမှာ။ ပြဒါးရှင်လုံး ပြုလုပ်နည်းကို အင်္ဂါရိတ်ဆရာတစ်ရာမှာ တောင် တစ်ယောက်တတ်ဖို့ မလွယ်ပါ ဘူး။ ဘိုးသြဘာကြီးကလည်း တစ်ဦးတစ် ယောက် တစ်ဝမ်းတစ်ခါးကိစ္စအတွက် ကို သင်ပေးလေ့မရှိပါဘူး"

မောင်အေးချမ်း တစ်ချက်ပြုံးပြီး ခပ်ဖွဖွလေးသက်မချလိုက်၏။ ထိုအချိန်၌ ညသည်လည်းနက်နေလေပြီ။ ပတ်ဝန်း ကျင်အိမ်များလည်း တိတ်ဆိတ်နေကြ လေပြီ။

မင်းယုဝ်န်းထိဝ်



www.burmeseclassic.com

www.burmeseclassic.com

မကေ့ွးဝင်းမြင့်

# ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ

(၁)

ကျောင်းတက်ခေါင်းလောင်းထိုးပြီး၍ မကြာမီမှာ စတုတ္ထတန်းစာသင်ခန်းထဲသို့ ဆရာမ ဒေါ်စိုးစိုး ရောက်ရှိလာသည်။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ။ ဒီနေ့ပြောချင်တာကတော့ ကျန်းမာပြီး ဉာဏ်ပညာထက်အောင် လေကောင်းလေသန့်ရှူရှိုက်ရမယ်၊ ပြီးတော့ ရေကောင်းရေသန့် သောက်သုံးရမယ်။ အဲ- မင်းတို့ကိုမေးရဦးမယ်။ မင်းတို့ရေသောက်တတ်ကြရဲ့လားဟေ့"

ကလေးအားလုံး ပြုံး၍ -

"သောက်တတ်ပါတယ် ဆရာမ"

ဟူ၍ သံပြိုင်ဖြေ၏။

"တကယ် သောက်တတ်ရဲ့လားတယ်"

"တကယ် သောက်တတ်ပါတယ် ဆရာမ"

"တကယ် သောက်တတ်ရင် သောက်ပြစမ်းကွယ်"

"ဟောဒီလို သောက်ရေအိုးထဲကရေကို ရေခွက်နဲ့ခပ်ပြီး ဟောဒီလိုမော့ သောက်ပါတယ် ဆရာမ"

"အဲဒါ ရေသောက်နည်းအမှန်မဟုတ်ဘူး။ ရေသောက်နည်းအမှန်က ဒီလိုကွယ့်။ သောက်ရေအိုးထဲက ရေတစ်ခွက်ခပ်လိုက်။ ချက်ချင်းမသောက်ရဘူး၊ ခုနက မိမိခပ်လိုက်တဲ့ရေကို စစ်ဆေးရမယ်။ ပုရွက်ဆိတ်ကအစ ပိုးကောင်မွှားကောင်တွေ ပါ၊ မပါစစ်ဆေးရမယ်၊ အနံ့ခံကြည့်ရမယ်။ ရေသန့်ရဲ့အားသေချာမှသောက်ရမယ်။ တကယ်တို့ ညဥ့်နက်သန်းခေါင် မှောင်နဲ့မည်းမည်းမှာ ရေမသောက်ရပါဘူး။ ရေသောက်မယ်ဆိုရင် ပထမဆုံး မီးဖွင့်ပါ"

"ဆရာမ မီးပျက်နေရင်ကော"

"လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်ပေါ့တယ်၊ မပန်းဝေ၊ ဆရာမပြောတာ အဘောပေါက်ရဲ့လား။ အမှောင်ထဲမှာ ရေမသောက်ပါနဲ့။ ပိုးကောင်မွှားကောင် ပုရွက်ဆိတ်ပါ၊ မပါ စစ်ဆေးကြည့်ပြီးမှ ရေသောက်ပါ"

"ဟုတ်ကဲ့ပါဆရာမ၊ သမီးဆရာမ ပြောတဲ့အတိုင်း လိုက်နာကျင့်သုံးပါမယ်"

(၂)

ညနေ ကျောင်းဆင်းသောအခါ မပန်းဝေလေးသည် သူမ၏မိခင်နှင့်ဖခင်တို့ ဘဲဥ၊ ကြက်ဥဆိုင်ဖွင့်လှစ်ရောင်းချနေသော ပျဉ်းမနားမြို့မဈေးထဲသို့သွား၍ မိဘကိုကူညီဈေးရောင်းပေး၏။ နေ့စဥ်လိုလို ဈေးပိတ်၍ မှောင်မှ အိမ်ပြန်ရောက်၏။

သည်နေ့လည်း ထုံးစံအတိုင်း မှောင်မှအိမ်ပြန်ရောက်သည်။ ခေတ္တနား၊ အမောဖြေ၊ နာရီဝက်ခန့်အကြာ နံနက်ကချက်ထားသော ဟင်းကလေးများနွေး၍ သုံးယောက်သားစားလိုက်ကြသည်။ စားသောက်ပြီး၍ မကြာမီ မျက်တောင်စင်းကာ အိပ်မောကျသွားပါတော့သည်။

(၃)

"အမေ၊ အမေ"

"ဟဲ့ - ဘာတုံး ပန်းဝေ"

"ရေသောက်ချင်လို့ အမေ"

မိခင်ဖြစ်သူက မိမိတို့အိပ်သည့်ခေါင်းရင်း၌ အဆင်သင့်ရှိနေသော မြေအိုးကလေးထဲမှရေကိုခပ်ယူ၍ သမီးမပန်းဝေလက်ထဲ ထည့်ပေးလိုက်၏။

"အမေ၊ မီးဖွင့်ပေးပါ"

"မီးဖွင့်စရာမလိုပါဘူးအေ၊ ညည်းလက်ထဲမှာ ရေရောက်နေပြီပဲ။ သောက်လိုက်"

"ဟင့်အင်း-မီးဖွင့်၊ မီးဖွင့်မှသောက်မယ်"

"ငါနော်၊ ဒီအတိုင်းသောက်လိုက်ပါဆို မီးဖွင့်ရဦးမယ်တဲ့။ တော်တော်ခေါင်းမာတဲ့ ကလေးမ"

မိခင်ဖြစ်သူက စိတ်ဆိုးမာန်ဆိုးနှင့် အိပ်ရာထဲမှထ၍ မီးဖွင့်ပေးလိုက်သည်။

မီးလင်းလာသောအခါ -

သမီးပန်းဝေက ရေခွက်ထဲငုံ့ကြည့်လိုက်၏။ ရေခွက်ထဲမှ တစ်လက်မခန့်ရှိ ကင်းမလက်မည်းပါကော။

"အမေ ကင်းမလက်မည်း၊ ကင်းမလက်မည်း"

အမေကလည်း အထိတ်တလန့်။

"ဒီရေခွက်ထဲဘယ်လိုလုပ်ရောက်နေတုံး"

အဖေဖြစ်သူ အိပ်ရာထဲကထလာ၏။

"သမီး၊ ငါ့ကိုပေးစမ်း"

"ဟေ - ဟုတ်ပါကော"

ပြောပြောဆိုဆိုနှင့် အိမ်အပြင်ဘက်ယူသွား၏။ အမေက ဧည့်ခန်းထဲရှိ သောက်ရေအိုးမှ ရေတစ်ခွက်ခပ်ကာ သမီးပန်းဝေကိုရေတိုက်၏။

"သမီးပန်းဝေ ကံကောင်းတာ၊ မီးဖွင့်မကြည့်ဘဲ သောက်လိုက်မိရင်တော့ ကင်းမလက်မည်းက သူ့အမြီးနဲ့ထိုးမှာ၊ လျှာကိုထိုးမိရင် ကင်းဆိပ်တွေတစ်ကိုယ်လုံး ချက်ချင်းပျံ့နှံ့သွားပြီး မခံမဆံ့ခံစားရမှာ။ ကင်းမလက်မည်းကကြောက်အားလန့်အားနဲ့ လည်မျိုထဲဝင်သွားရင်လည်း သမီးသေပြီသာမှတ်"

ဖခင်ဖြစ်သူက စိတ်မောလူမောနှင့်ပြော၏။

"နေပါဦး၊ ရေကို မှောင်မှောင်မည်းမည်းမှာမသောက်ရဘူး။ ညမှာရေသောက်ရင် မီးဖွင့်ကြည့်သောက်လို့ သမီးကို ဘယ်သူကပြောလဲ"

မိခင်ကမေးတော့ -

"သမီးတို့ဆရာမကပြောတာ"

"သမီးတို့ဆရာမကဘယ်ချိန်ပြောတုံး"

"စာသင်ရင်းပြောတယ် အမေ"

"အေး - ဟုတ်ပြီ။ သမီးအသက်သခင်ကျေးဇူးရှင်ဟာ သမီးဆရာမပဲ။ မနက်ဖြန် မိုးလင်းတော့ ဆရာမကို အကြောင်းစုံပြောပြ လက်အုပ်ချီကန်တော့"

"ဘာနဲ့ကန်တော့ရင်ကောင်းမလဲ အမေ"

"အမေတို့ခြံထဲက သရက်ပင်ကြီး သရက်သီးတွေဝင်းမှည့်နေပြီလေ။ အမေလည်း ကျောင်းကိုလိုက်ခဲ့မယ်"

"ကောင်းတာပေါ့ အမေ"

*ဘေးရပ်ခပ်သိမ်းကင်းငြိမ်းကြပါစေ*

မကေ့ွးဝင်းမြင့်


www.burmeseclassic.com

www.burmeseclassic.com

(၃၁) ဘုံတွင် ကျင်လည်နေကြရသော သတ္တဝါအပေါင်းတို့သည် လူ့ဘဝကိုရခဲလှ၏။ လူ့ဘဝကိုရရှိခိုက် အကျိုးရှိစွာအသုံးချတတ်မည်ဆိုက ဆက်လက်ကျင်လည်ရဦးမည့် နောင်ဘဝဆိုတာ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်စေနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် လူ့ဘုံ၏အထက်မြင့်သော နတ်တို့သည်ပင် နတ်သက်ကြွေကာ လူ့ဘဝကိုလာကြလေ့ရှိသည်ဟု ဆိုပါသည်။ နတ်ပြည်တွင် အလှူခံဌာန၊ အလှူခံပုဂ္ဂိုလ်မရှိ။ လူ့ဘုံမှာသာရှိသဖြင့် ဒါနကုသိုလ် ဖြည့်ဆည်းနိုင်လေသည်။ ကုန်ခန်း လျော့နည်းသွားခြင်းမရှိသည့် မိမိပြုထားသောကုသိုလ်အား ဝေနေယျသတ္တဝါအားလုံးသို့ အမျှပေးဝေမှုကို ဗုဒ္ဓဘာသာဝင်အများသိရှိထားပြီးဖြစ်ကြသည်။

ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံအနက် ငရဲမှအပ ကျန်သုံးဘုံသားတို့အတွက် သီးခြားဘုံမရှိဘဲ လူ့ဘုံတွင် လူတို့နှင့်ရောနှောနေထိုင်ကြရသည်။ အပါယ်လေးဘုံမှ ပြိတ္တာစာရင်းတွင် သရဲ တစ္ဆေ၊ တျတ်မှင်စာတို့ ပါဝင်ကြ၍ အကူအညီရရန် ကြိုးစားကြရာ လူတို့က ခြောက်လှန့်သည်ဟု ထင်မှတ်မှားတတ်ကြသည်။

အမှန်စင်စစ် သူတို့သည် ခြောက်လန့်လိုခြင်းသဘော မဟုတ်ပေ။ သူတို့ရည်ရွယ်ချက်ကို ကောင်းစွာ နားလည်ခဲ့မည်ဆိုပါက လူတို့အလွယ်ဖြေရှင်းပေးနိုင်ပေသည်။

သရဲတစ္ဆေ ဟူသော အပါယ်ဘုံသားပရဝိဉာဉ်နှင့် မမျှော်လင့်ဘဲ ရုတ်တရက် ရင်ဆိုင်ကြုံတွေ့ရပြီးနောက် ထိတ်လန့်တုန်လှုပ်မှုမရှိ ဖြေရှင်းပေးခဲ့၍ အဆင်ပြေခဲ့ရသော စာရေးသူ၏အသိုင်းအဝိုင်းဆွေမျိုးထဲမှ ဘဝအတွေ့အကြုံတချို့ကို ရေးသားရမည်ဆိုပါလျှင်တော့-

❑

အချိန်သည်တား လွန်ခဲ့သော (၆၅) နှစ်ကာလ။

ကုန်းသာရွာသည် ရန်ကုန်နှင့်

●

# (ဘီ-ဧ) အောင်ဆန်းလင်း
## တောရွာမှ ပရဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



သူရှုမဂ္ဂဇင်း
အတွဲ (၁၅) အမှတ် (၉) ၂၀၀၅ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

မန္တလေးသွား မော်တော်ကားလမ်း (လမ်းဟောင်း) ပေါ်တွင် မိတ္ထီလာမြို့နှင့် (၉) မိုင်ခန့်အကွာအဝေး၌ တည်ရှိသည်။ ရွာသည် ကားလမ်းနှင့် ကိုက်နှစ်ရာခန့် ကွာဝေးသော်လည်း ဤအရပ်ဤဒေသတွင် သိသာထင်ရှားသော သင်္ကေတမှာ ကုန်းသာတံတားဖြစ်၍ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်နယ်စပ်လည်းဖြစ်သည်။

ကုန်းသာရွာ ဟူသည့်အတိုင်း ကုန်းခေါင်ခေါင်မှာ ရွာတည်ထားပြီး အညာဒေသထဲတွင် ပါဝင်သဖြင့် ရေနှင့်ပတ်သက်လျှင် ခက်ခဲသည်။ စပါးစိုက်ပျိုး၍မရနိုင်ပါ။

ရွာသူရွာသားများမှာ ပဲ၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်း၊ ဝါ စသည်တို့ကိုသာ အားပြုစိုက်ရလေ့ရှိရာ သီးနှံခင်းပိုးကျခြင်း၊ မိုးခေါင်ခြင်းဖြစ်လျှင် မိမိစိုက်ပျိုးသီးနှံ မအောင်မြင်ဖြစ်ကာ ဆင်းရဲကျပ်တည်းကြလေ့ရှိသည်။

မော်တော်ကားလမ်းနံဘေးနေရာဖြစ်နေ၍ တစ်ခါတစ်ရံတွင် ရန်ကုန်၊ မန္တလေးအစရှိသော အရပ်ဒေသမှ ခရီးသွားများ အတွင်းပိုင်းကားလမ်းမှ ဝေးကွာသော မိမိတို့ရွာသို့ ပြန်လိုလျှင် ကုန်းသာရွာသို့ ဝင်ရောက်ပြီး လှည်းငှားလိုက်ခွင့်ရလျှင်လည်း ဝင်ငွေအထိုက်အလျောက်အဆင်ပြေလေ့ရှိသည်။ လှည်းနှင့် နွားရှိသူများအားလုံး ဤသို့ကြားပေါက်ဝင်ငွေရသောလှည်းငှားလိုက်ခြင်းကို စိတ်ပါဝင်စားကြသည်။

တစ်နေ့ည (၇) နာရီအချိန်ခန့်တွင် အသက် (၄၀) နှစ်အရွယ်ခန့်ရှိ ညိုချောချောသူ မိန်းမတစ်ယောက်နှင့် (၁၂) နှစ်ခန့်ရှိ သားငယ်တို့ ရွာထဲဝင်လာပြီး လှည်းငှားသည်။ သို့သော် လွယ်လွယ်နှင့် လှည်းငှားမရသဖြင့် ရွာထဲမှာ တလည်လည်ဖြစ်နေလေသည်။

ထိုသားအမိနှစ်ယောက်ကို ကိုစံခသည် ဦးဖြူထံခေါ် ဆောင်လာခဲ့သည်။

"ဦးလေးဖြူ ဝစိကြည်ရွာကိုလှည်းငှားလိုက်မလား၊ လှည်းငှားခတစ်ရာရမယ်တဲ့။ သားအမိနှစ်ယောက်နဲ့ ပစ္စည်းနည်းနည်းပဲပါတာ"

"မိုးချုပ်နေပြီ မင်းလိုက်ပို့လိုက်ရင် လှည်းငှားခကို မင်းပဲရမှာပေါ့။ ဘာလို့ ငါ့ဆီခေါ်လာနေရသလဲ"

"လမ်းမှာကားပျက်နေလို့နောက်ကျတာတဲ့။ ကျွန်တော်ကိုယ်တိုင်မနေ့ညကဖျားထားလို့ဆေးစားနေရတာ၊ ထမင်းတောင် မစားနိုင်သေးဘူး။ ဆန်ပြုတ်သောက်နေရတယ်"

ကိုစံခနောက်နားမှ ပါလာသော ဧည့်သည်မိန်းမကတော့ ဘာမှဝင်မပြောပေ။ ဦးဖြူထံမှ အဖြေကိုသာ အားကိုးတကြီး ငံ့လင့်နေကြောင်း မီးခွက်အလင်းရောင်အောက်မှာမြင်နေရသည်။ လှည်းငှားခ တစ်ရာကျပ်ဆိုသည်က ထိုခေတ်ထိုကာလအခြေအနေနှင့် နှိုင်းယှဉ်လျှင် မနည်းလှပေ။ ဘယ်သူမှမလိုက်ချင်ဖြစ်နေရာ ဈေးနှုန်းပိုတောင်းလျှင်ပင် ရနိုင်သည်။

သို့သော် မျက်နှာစိမ်းဖြစ်သော ဧည့်သည်မိန်းမသားတစ်ယောက်အပေါ် ဤသို့အနိုင်နှင့်ပိုင်းလိုသောစိတ်မျိုးမရှိသဖြင့် ထိုဈေးနှုန်းဖြင့်ပင်လှည်းငှားလိုက်ရန် ဦးဖြူ သဘောတူလိုက်သည်။ စင်စစ်ငွေတစ်ရာကျပ်သည် ခိုင်းနွားကြီးတစ်ကောင်ကို ဝယ်ရနိုင်သော အချိန်ကာလဖြစ်သည်။

ဦးဖြူသည် လှည်းကတော့မည်ဖြစ်၍ (လှည်းမောင်းရန် ပြင်ဆင်ခြင်း) နွားညီနောင်ကို ဦးစွာရေဝအောင်တိုက်ထားလိုက်သည်။

"အဖေတစ်ယောက်တည်းလိုက်သွားလို့ဖြစ်ပါ့မလား။ လဆုတ်ရက်ဆိုတော့ သိပ်မှောင်နေတယ်။ သမီးအဖော်လိုက်ခဲ့ပေးမယ်"

ဦးဖြူတွင် သားသမီး (၇)ယောက်ရှိရာ အလုပ်အလွန်လုပ်သော ပဋ္ဌမမြောက်သမီးဖြစ်သူမပုကပြောလိုက်ခြင်းဖြစ်သည်။

"သမီးလိုက်လို့ဘယ်ဖြစ်မလဲ၊ နေခဲ့၊ နေခဲ့။ အဖေတစ်ယောက်တည်းသွားနေကျခရီးပဲ။ ညမှောင်လည်း အခက်အခဲမရှိဘူး။ စိတ်ချနေပါ"

ဦးဖြူနှင့် ဧည့်သည်သားအမိနှစ်



ယောက် ကုန်းသာရွာမှ ထွက်လာချိန်မှာတော့ လပြည့်ကျော် ၇ ရက် လမင်းသန်းခေါင်ထွက်မည်မို့ အထက်...ကောင်းကင်တွင် ငွေလမင်း၏အရိပ်...အယောင်ပျောက်ကွယ်နေပြီး ကြယ်စင်...ငယ်လေးများ၏အရောင်မှုသာတလက်...လက်အရောင်ထနေသည်ကို မြင်တွေ့...နေရလေသည်။ နွားညီနောင်ကလည်း...အားကောင်းမောင်းသန်ရှိလှပေသည်...'ဟဲ့ဆိုက ကြိမ်တံမြောက်မှဖြင့်၊ လှည်း...လိုရာ တိမ်းယိမ်းရောက်နိုင်တဲ့၊ အိမ်ခြံပေါ်...ပါတဲ့ နွားညီနောင်' ဟူသည့် စာ...အတိုင်း နှင်တံကြိမ်အရိုက်လွတ်သည်...သခင်ဖြစ်သူ၏တောက်ခေါက်သံကြား...မှုနှင့်ပင် အပြေးတစ်ပိုင်းနှင့် ဒုန်းစိုင်း...ပြီး ဖြစ်လေသည်။

သူတို့ ခြေလှမ်းသွက်သွက်နှင့်...လှည်းဆွဲလျက်သွားနေခြင်းက သာ...ခြေကျင်လမ်းလျှောက်လိုက်သူက အပြေး...လိုက်ရမတတ်ရှိလေသည်။ ကြယ်...တို့၏အလင်းရောင်အောက်တွင် ...လိုက်ကောက်လိုက်၊ တက်လိုက်၊ ဆင်း...လိုက်လှည်းလမ်းကြောင်းသည် တစ်ရွာနှင့်တစ်ရွာ ကျေးရွာချင်းဆက်လ...ကြောင်းမှာ ဦးဖြူအတွက် ဘယ်အခါ...သွားသွား လမ်းမှားစရာအကြောင်း...မရှိလှပါ။

ခရီးစတင်ထွက်ခဲ့ပြီး တစ်နာ...ကျော်အကြာတွင် တောရိပ်တောင်...နှင့် လှည်းလမ်းကြောင်း၏ အကွေ့...ကောက်အခြေအနေကိုကြည့်ကာ ...နေရာသည် ရွာဟောင်း (ရွာပျက်) ...ရာတစ်ခုကို ဖြတ်သန်းရတော့မည်...ကြောင်း ဦးဖြူသိလိုက်သည်။

"တောက်-သားတို့ညီနောင် မြ...မြန်လေးစိုင်းလိုက်ဦးဟဲ့"

နွားညီနောင်မှာ ဦးဖြူ၏တော...တစ်ချက်ခေါက်သံအဆုံး တင်ပါးပေါ်...ကြိမ်တစ်ချက်စီအတို့မှာ အပြေးတစ်ပိုင်း...နှင့်ပြေးနေဆဲ ဖြစ်သည်။

ကောင်းကင်ကို မော့ကြည့်မိ...ကြက်ဦးတွန်ချိန်မှုသာရှိသေးသဖြင့် ...လရောင်အရိပ်အခြည်ကို မတွေ့မြင်...သေးပါ။ ဟိုတစ်စုဒီတစ်စုကြယ်ပေါ...တို့၏ အလင်းရောင်လေးများကို...အားကိုးနေရဆဲ ဖြစ်သည်။

ရွာဟောင်းကို ဝင်ကတည်း...နွားညီနောင်မှာ မှုပျက်လာပြီး နော...တွန့်ဆုတ်တွန့်ဆုတ်နှင့်လုပ်လိုက်၊ နာ...လိုက်နှင့်ဖြစ်နေသည်။ ဤနေရာ...ရှေးတုန်းကရွာတစ်ရွာဖြစ်ခဲ့ပြီး ကျေး...

www.burmeseclassic.com

ပါကြောင့် လူအသေအပျောက်များ၊ သေသူကလည်း ၊ အခြားတစ်ပါးသို့ င်းရွှေ့သွားကြ၍ ရွာပျက်ဖြစ်သွားခဲ့ ကြောင်း သက်ကြီးစကားသက်ငယ်ကြား သိထားခဲ့ဖူးလေသည်။

နွားညီနောင်က ဟဲ့ငေါက်သော ခင့်အသံကို ဂရုမထားတော့သလို နှင့်တိုတာကိုလည်း မမှုတော့ဘဲ ယ၊ ညာ ဘေးနှစ်ဖက်ကို ခြေကန် တ် သွားလိုက်၊ ရပ်လိုက်လုပ်နေပုံက တို့ထိတ်လန့်နေကြောင်း လူတွေကို အမူဖြင့် သတိပေးနေခြင်း ဖြစ်လေ ည်၊ အခြေအနေက မရိုးသားတော့

ဝစိကြည်ရွာသူဖြစ်သောဓည့်သည် ကလည်း ကြုံတွေ့နေရသောအခြေ နေကို ကောင်းစွာသဘောပေါက်နေ ကြောင်း သူမ၏အပြုအမူအရသိနိုင်၏။ ၏သားငယ်ကိုဖက်ထားသလို ဦးဖြူ ကိုယ်နှင့်အသားချင်းထိကပ်ထား ည်မှာကြာပြီ။

ညချမ်းမှာတိုက်ခတ်လာနေသော ေအးကြောင့် ချမ်းလှသော်လည်း နှင့် ကိုယ်ချင်းပူးထားသော ဘယ် ခြမ်းက နွေးနေလေသည်။ ယခုလို နှင့် ထိုမိန်းမ ပူးကပ်ထိုင်နေပုံကို ၏ယောကျ်ားသာ တွေ့မြင်မိပါက သနာရှင်းလို့ ခက်ပေလိမ့်မည်။

ထူးခြားသောအခြေအနေကြောင့် လှည်းရှေ့ကို မျှော်ကြည့်လိုက်ရာ လင့်သော မြင်ကွင်းကြောင့် ဦးဖြူ နားပန်းကြီးပြီး ကြက်သီးမွေးညင်း ထသွားသည်။ လှည်း၏ရှေ့တည့် ဆီတွင် လူတစ်ရပ်ထက် မြင့်မား သော မည်းမည်းသဏ္ဌာန်သတ္တဝါတစ် ာင်သည် ညဥ့်အမှောင်ထဲဝယ် သွားလို့မရအောင် မားမားကြီး လျက် လမ်းကိုပိတ်ဆို့နေသည်ကို ရသည်။

သို့သော် မိမိကိုသာ အားကိုးရသူ အမိကြောင့် ဦးဖြူသည် စိတ်ကို ထိန်းလိုက်သည်။ သူတို့ခံစားနေရတဲ့ ဆိုးက လွတ်မြောက်ချင်လို့ လူတွေ အကူအညီတောင်းဖို့လာတွေ့တာ၊ တ်လှန့်လိုခြင်းလို့ မထင်မှတ်မှားမိ ှ ဟူသော ရွာဦးကျောင်းဆရာတော် ဟောစဥ်တုန်းက စကားကို ဦးဖြူ ရလိုက်သည်နှင့် လှည်းဦးမှာ လိုက်သည်။

ဦးဖြူမတ်တတ်ရပ်လျှင် ဧည့်သည် သည်လည်း ဦးဖြူ၏လက်မောင်း ကို ဖက်ထားရင်း ထရပ်လိုက်သဖြင့် -

"ညီမ မရပ်နဲ့ ထိုင်နေ၊ ထိုင်နေ။ ဘာမှမကြောက်နဲ့ အစ်ကိုရှိတယ်"

ဦးဖြူ၏နှုတ်မှ တစ်စုံတစ်ရာကို ပြောဆိုနေလိုက်ရာ လှည်းရှေ့မှာရပ်နေ သော မည်းမည်းသဏ္ဌာန်သတ္တဝါသည် ရုတ်ခြည်းပျောက်ကွယ်သွားလေသည်။

ထို့နောက် ကြိုးကိုလျှော့ပေးလိုက် သည်နှင့် ဟဲ့မငေါက်ရသေးမီ နွားညီ နောင်ကလည်း မူလအတိုင်း ဒုန်းစိုင်း၍ ပြေးပြန်လေသည်။ လမင်း သန်းခေါင်ယံ ထွက်ချိန်ရောက်လျှင် ဧည့်သည်တို့ရွာ ဖြစ်သော ဝစိကြည်ရွာတံခါးကို ဝင်လာ ခဲ့နိုင်ပြီ ဖြစ်လေသည်။

ဇာတိချက်ကြွေ မွေးရပ်ဌာနကို အလှူကိစ္စအတွက် ပြန်လာခဲ့သော သား အမိလည်း တစ်လမ်းလုံး အမှောင်ထဲမှာ ဘုရား့တပြီး လိုက်ပါလာခဲ့ရာ ရွာရောက် မှ ဝမ်းသာပျော်ရွှင်စွာ စကားပြောရယ် မောသံများ ထွက်ပေါ်လာခဲ့သည်။

ဦးဖြူသည် ဧည့်သည်အိမ်ကို ပို့ပေးခဲ့ပြီးနောက် ဝစိကြည်ရွာသူနှင့် ညားပြီး ဝစိကြည်ရွာမှာ အခြေချနေ ထိုင်သော ငယ်သူငယ်ချင်းအောင်မောင်း အိမ်မှာ နံနက်မိုးလင်းချိန်ထိ နွားလည်း အစာစား၊ လူလည်းနားမည်ဟု စိတ်ကူး ထားခဲ့ရာ လှည်းငှားခဲ့သူ ဧည့်သည်မိန်းမ က -

"မဟုတ်တာအစ်ကိုရာ၊ ဦးအောင် မောင်းကို ညဥ့်နက်သန်းခေါင်မှာသွားနှိုး ရမှာအားနာစရာကောင်းပါတယ်။ကျွန်မ တို့အိမ်မှာပဲ အနားယူလိုက်ပါ။ နွားတွေ ကိုလည်း ရေတိုက်အစာကျွေးပါ"

ဟု ပြောပြောဆိုဆို ဧည့်သည်၏ ဆွေမျိုးများက နွားညီနောင်ကို လှည်းမှ ဖြုတ်ပြီး နွားဇောင်းကိုခေါ်ဆောင်သွား သဖြင့် ဦးဖြူလည်း ဧည့်သည်မိန်းမ၏ အမျိုးများအိမ်မှာ တစ်ညတာ ခိုနားဖြစ် သွားသည်။

အဝေးတစ်နေရာမှ နွေဥသြ မြည်သံပေးနေချိန် နံနက်ဝေလီဝေလင်း မှာ နွားများနေပူမမိအောင် စောစောထ ၍ ဝစိကြည်ရွာမှ ဦးဖြူပြန်လည်ထွက် ခွာလာခဲ့ရာ ညတုန်းကပြဿနာတက်ခဲ့ သောရွာဟောင်းနေရာတွင် ဘာမှမတွေ့ ရ၊ မမြင်ရပေ။

❑

မပုသည် နံနက်ခင်းစောစောတွင် အိမ်သုံးရန် ချောင်းထဲသွား၍ ရေခပ် သည်။ ထို့နောက် တစ်အိမ်သားလုံးစား သောက်ရန် နံနက်စာထမင်း၊ ဟင်းချက် ပြုတ်ပြီးနောက် ကြက်သွန်ခင်းတည်ရှိ ရာ အနောက်တောသို့သွားရန် အိမ်မှ ထွက်လာခဲ့သည်။

ကုန်းသာရွာတွင် အနောက်ဘက် မှာ တံခါးတစ်ခုသာရှိသည်။ ထိုတံခါးမှ သာ တစ်ရွာလုံးအဝင်၊ အထွက်လုပ်ကြ (ယခုတော့ အရှေ့တံခါး၊အနောက်တံခါး ဟု နှစ်ခုရှိနေပြီဟု ဆိုသည်။)

ကြက်သွန်ခင်းတွင် ပေါင်းလိုက်၊ မြတ်နုတ်၊ ရေလောင်းခြင်းအလုပ်တို့ သည် နိစ္စဓူဝပုံမှန်လုပ်ကိုင်ပေးနေရ သောအလုပ်များ ဖြစ်လေသည်။ နံနက် မိုးလင်းကတည်းက အိမ်အလုပ်များကို သာ ဦးစားပေးလုပ်ကိုင်နေရသော ကြောင့် မပုအိမ်မှ ထွက်ခွာလာခဲ့ရာ တွင် အပေါင်းအဖော်မပါ တစ်ကိုယ် တည်း ဖြစ်သည်။ ရွာ၏အနောက်စူးစူး အရပ်တွင်ရှိသော ကြက်သွန်ခင်းကို ရောက်ရန် ရွာသချိုင်းအနီးမှာကပ်၍ တည်ရှိသောလမ်းအတိုင်း တစ်ဦးတည်း လမ်းလျှောက်လာခဲ့သည်။

အချိန်ကာလအားဖြင့် ဆွမ်းခံဝင် ချိန် နံနက် (၉) နာရီခွဲခန့်ပင်ရှိနေပြီ၊ အညာဒေသဖြစ်သည့်အလျောက် လမ်း နံဘေးတွင် ထန်းပင်၊ ထနောင်းပင်၊ တမာပင်များပေါက်ရောက်သော်လည်း ရွာသားများ၏မီးဖိုချောင်သုံးထင်းအဖြစ် အသုံးပြုခံရတာ များပြားသဖြင့် ခပ်ကျဲ ကျဲသာတွေ့မြင်ရနိုင်လေသည်။ လူတို့ အရိပ်ခိုစရာအပင်ကြီးမျိုးပင်လျှင် သိပ် မရှိလှပေ။

လမ်းနှင့် သချိုင်းအကြားတွင် လူ တို့အတွက် အသုံးမတည့်လှသောတော နာနတ်နှင့် တောပဒုမ္မာခေါ် ဆူးရှိသော အပင်များ ပေါက်ရောက်နေသည်။ ထို အပင်များကတော့ ကုန်းခေါင်ခေါင်တွင် ရေလောင်းပေးရန်မလိုဘဲ စိမ်းစိုသန်စွမ်း လျက် မိုးကိုမျှော်၍ ရှင်သန်နေကြသည်။ ပူပြင်းလှသော ရာသီဥတုကို နှစ်သက် သောအပင်များ ဖြစ်သည်။ ထိုအပင်များ ကို မပုစိတ်ဝင်စားနေစဥ်တွင် ဖြောခနဲ တောနာနတ်ပင်များအပေါ် သို့ သဲများ ကျရောက်လာသည်။

လမ်းလျှောက်ခြင်းကို ရပ်လိုက် ပြီး ပတ်ဝန်းကျင်ကို ဦးခေါင်းတစ်ပတ် လည်အောင် ကြည့်ရှုရင်း တစ်စုံတစ်ဦး က မပုကို နောက်ပြောင်ကျီစယ်ခြင်း လောဟု ရှာဖွေကြည့်ရာ သက်ရှိသတ္တဝါ ဟူ၍ ဘာကိုမှမတွေ့မြင်ရပေ။ ထိုစဥ် နောက်ထပ်နှစ်ကြိမ်ထပ်မံ၍ သဲများပက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တာကြုံရပြန်သည်။

ထိုအခါမှ နေ့ခင်းကြောင်တောင်မှ ပရလောကသားက မိမိကို ခြောက်လှန့်ခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်သော်လည်း စိတ်ထဲက ကြောက်လန့်တုန်လှုပ်ခြင်းမရှိ။

မပု၏နားထဲတွင် အဖေဦးဖြူပြောခဲ့ဖူးသော ပရလောကသား ဝိညာဉ်များနှင့်ပတ်သက်သည့်စကားကို သတိရမိလိုက်သည်။

'သမီး၊ သူတို့ဟာ လူကိုထိတ်လန့်ကြောက်ရွံ့အောင်လုပ်လိုခြင်းမဟုတ်။ သူတို့ရောက်ရှိနေသောဘဝဆိုးကြီးထဲက လွတ်မြောက်အောင်အကူအညီတောင်းလိုခြင်း ဖြစ်တယ်'

ဟု အဖေ့စကားကို ကြားယောင်ရင်း-

"မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များ၊ မကျွတ်မလွတ်သေးသူများ၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို ကျွန်မပြုခဲ့သမျှ ကောင်းမှုကုသိုလ်တို့ကို အမျှပေးဝေပါတယ် အမျှ အမျှ အမျှ ယူတော်မူကြကုန်လော့ သာဓု သာဓု သာဓု"

ဟု သုံးကြိမ်ရွတ်ဆိုလိုက်ရာ ငြိမ်သက်သွားလေသည်။ နောက်ထပ်ထူးခြားမှုမတွေ့ရတော့သဖြင့် မိမိကြက်သွန်စိုက်ခင်းရှိရာဘက်ကို ဆက်လက်ထွက်ခွာခဲ့လေသည်။

❑

မပု၏တစ်နေ့တာလုပ်ငန်းတာဝန်များက အလွန်များပြားလှချေသည်။ နံနက်လင်း၍ အိပ်ရာကထသည်နှင့် ချိုးရေ၊ သုံးရေကို ချောင်းထဲသွားပြီး ခပ်ရသည်။ ထို့နောက် ထမင်းချက်ပြုတ်ရသည်။ ထို့နောက် တောမှာရှိ ကြက်သွန်ခင်းကို ပေါင်းသင်၊ မြက်နုတ်၊ ပြန်လာမှ အဝတ်လျှော်၊ ရေချိုးပြီးနောက် ညစာတစ်ကြိမ်ချက်ပြုတ်ရပြန်သည်။

ညစာစားပြီးချိန်တွင် ရေနံဆီမီးခွက်အလင်းရောင်ဖြင့် ဗိုင်းငင်၊ ဝါဖန်၊ ရက်ကန်းခတ်အလုပ်ကိုလုပ်ရပြန်သည်။ အိပ်ရာဝင်အိပ်ပျော်နေချိန်လေးမှာသာ အနားရသည်ဟု ဆိုနိုင်လေသည်။ အိပ်မပျော်မီအချိန်မှာလည်း နောက်တစ်နေ့လုပ်ငန်းကို စဉ်းစားနေမိတတ်သည်။

နံနက်အိပ်ပျော်နေရာမှ နိုးသည်နှင့် အချိန်မဆိုင်းဘဲ မျက်နှာသစ်လိုက်ပြီး ရေအိုးကိုရွက်ရင်း အိမ်မှထွက်ခဲ့၏။ ချက်ပြုတ်ရန်အတွက် ရေခပ်ရန် ချောင်းထဲဆင်းလာချိန်တွင် လမင်းကြီးက ထိန်ထိန်သာနေဆဲ ဖြစ်သည်။

တောရွာမလေ့မို့ ကြက်တွန်သံကို နားထောင်ရင်း နံနက်လင်းချိန်နီးပြီဟု ခန့်မှန်းကာထွက်လာခဲ့ရာ လမ်းမှာ ဘယ်သူကိုမှ မတွေ့ရပေ။ တစ်ရွာလုံးရှိအိမ်များတွင် ဘယ်အိမ်မှာမှ နာရီမရှိသေးပေ။ ရွာဦးဘုန်းတော်ကြီးကျောင်းမှာသာ ကျောင်းဒကာ လှူဒါန်းထားသော တိုင်ကပ်နာရီတစ်လုံးသာရှိသည်။

ရွာတံခါးပေါက်မှထွက်ကတည်းက လူသွားလူလာမတွေ့ရသေးသော်လည်း မိမိမွေးဖွားကတည်းကနေခဲ့သောရွာ၊ လမ်းလျှောက်တတ်ကတည်းက နေ့စဉ်သွားလာနေခဲ့သောလမ်း၊ နေ့ခင်းအလား လင်းထိန်နေသော လရောင်အောက်တွင် ချောင်းကိုအဆင်း လှည်းလမ်းကို ဖြောင့်တန်းစွာ တွေ့မြင်နေရသည်။

တစ်ရွာလုံး ချောင်းရေကိုသာ သုံးစွဲနေကြရာ ရေစည်လှည်းများ နေ့စဉ်တက်ဆင်း ရှေးပဝေသဏီကတည်းက သွားလာထားခဲ့ခြင်းကြောင့် လှည်းလမ်းကြောင်းသည် အောက်သို့ လွှန်စွာနိမ့်ဆင်းသွားပြီး ဘေးနှစ်ဖက်တွင် မြေကမ်းပါးကြီးဖြစ်နေသည်။

ယာဘက်ဘေးတွင် ဘုန်းကြီးကျောင်းခြံစည်းရိုးအစပ်ဖြစ်ပြီး ဝဲဘက်ဘေးသည် ရွာလူကြီး ဦးကျောက်လုံး၏ ယာခင်းရှိကြောင်း မပု သိထားသည်။ မကြာမီ ချောင်းစပ်သို့ရောက်လာသောအခါ ဖြူဖွေးဖွေးချောင်းသဲပြင်ကြီးသည် လရောင်အောက်တွင် မျက်စိတစ်ဆုံးတိုင် တွေ့မြင်နေရလေသည်။ ချောင်းထဲတွင် ရေလုံးဝမရှိသော်လည်း ချောင်းသဲပြင်ကို နှစ်ပေ၊ သုံးပေခန့်တူးလိုက်လျှင် ရေထွက်လာသောကြောင့် လက်ယက်ရေတွင်းငယ်ကလေးများ သုံး၊ လေးခုခန့်



ကို တစ်ခုနှင့်တစ်ခု သိပ်မဝေးလှဘဲ တစ်စုတစ်ဝေးတည်း တွေ့မြင်ရလေသည်။ မိုးမလင်းသေးချိန်ဖြစ်နေ၍ လူတစ်ယောက်မျှ မတွေ့ရပေ။

မပုသည် အနီးဆုံး လက်ယက်တွင်းမှရေကို အသင့်ဆောင်ယူခဲ့သော ရိုးတံရှည်အုန်းမှုတ်ခွက်ဖြင့်ခပ်၍ ရေအိုးထဲသို့ဖြည့်နေစဉ် တစ်အိုးပြည့်ချိန်နီးတွင် နောက်ဘက်မှ လက်ယက်တွင်းကို ရုတ်တရက်လှည့်လိုက်မိရာ ကြက်သီးများထပြီး နားရင်းပါးရင်းများ ထူပူသွားလေသည်။

မိမိနှင့် လက်တစ်ကမ်းရှိ ဘုန်းကြီးကျောင်းသစ်ပင်မှောင်ရိပ်အောက်တွင် မည်းမည်းသဏ္ဌာန်တစ်ခုသည် စောစောကမမြင်တွေ့ရဘဲ ယခုမှ ထူးထူးခြားခြား မြင်တွေ့ရပုံက မရိုးသားပါတကား။

မပု၏စိတ်ထဲတွင် စိတ်တွက်တွက်နေမိသည်။ မိမိချောင်းထဲဆင်းလာခဲ့စဉ်က တစ်ဦးတည်းဖြစ်သည်။ ချောင်းထဲမှာ လူလုံးဝမရှိ။ မျက်စိလျှမ်းကာ လက်ယက်တွင်းမှာ ရေခပ်နေသော ထိုမည်းမည်းသဏ္ဌာန်ကို မိမိမမြင်ခဲ့သည်ထားဘိဦး။ သူ့ဘက်က ရိုးသားခဲ့ပါက ကိုယ့်ရွာသားအချင်းချင်း နှုတ်ဆက်စကားအဘယ်ကြောင့်မပြောလေသနည်း။

ထို့ကြောင့် မပုနှုတ်မှ ပရလောကသား ဝိညာဉ်ကို မေတ္တာပို့၊ အမျှဝေရင်း အဖေသင်ပေးထားသည့်အတိုင်း ကြောက်လန့်စိတ်ကို အချိန်မီ ထိန်းသိမ်းလိုက်သည်။ ဦးခေါင်းပေါ်သို့ ရေအိုးရွက်လိုက်ပြီးနောက် မျက်လုံးတစ်ချက်ဝေ့ပြီးကြည့်လိုက်ရာ ဘာမှမတွေ့ရတော့ပေ။ အပြန်လမ်းခရီးတွင်တော့ မိမိကိုမနှောင့်ယှက်ဖို့ မေတ္တာရပ်ခံရင်း သရဏဂုံသုံးပါးကို ရွတ်ဆိုလျက် ထွက်ခွာလာခဲ့လေသည်။ ထိုပရဝိညာဉ်အား သရဏဂုံကိုယ်လုံးခြုံ၊ လုံးစုံဘေးရန်ကွာဟု ဆိုထားသည် မဟုတ်ပါလား။

အောင်ဆန်းလင်း (ဘီအေ)

**စာကြွင်း -**


ကုန်းသာရွာသည် စာရေးသူ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည်။ ဦးဖြူသည် စာရေးသူ၏ အဘိုးဖြစ်ပြီး အသက် (၆၇) နှစ်တွင် ကွယ်လွန်ခဲ့သည်။ ယခုအခါ အသက် (၉၀)နီးပါး ရှိပြီဖြစ်သော ဒေါ်ပုသည် စာရေးသူ၏ အမေဖြစ်ရာ အမေပြောပြသော ဖြစ်ရပ်ကို ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။




www.burmeseclassic.com

တူးဖော်သုတေသနပြုလုပ်သော ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.12A)သည် ဝေသာလီမြို့ဟောင်းအလယ်တွင် တည်ရှိပါသည်။ ယခုလက်ရှိ ဝေသာလီရွာငယ်၏ အနောက်၊ ရန်ကုန်-စစ်တွေကားလမ်းမှ အရှေ့ဘက်စစ်တွေလမ်းမှခွဲထွက်လာသော ဝေသာလီရွာဝင်းလမ်း၏ တောင်ဘက်တွင် ကျရောက်ပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် 20° 40'1" ခန့်၊ အရှေ့လောင်ဂျီတွဒ် 93° 9' 2" ခန့်တွင် တည်ရှိပါသည်။

တူးဖော်မှုကုန်း၏ အရှေ့ဘက်တွင် လယ်ကွင်းနှင့် ဝေသာလီရွာရှိပါသည်၊ တောင်ဘက်တွင် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.12B)နှင့် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.13)တို့ရှိပါသည်။အနောက်ဘက်တွင် လယ်ကွင်း၊ မင်းဘူး-စစ်တွေကားလမ်းနှင့် ရန်ကုန်-စစ်တွေကားလမ်းတို့ရှိပါသည်။ မြောက်ဘက်တွင် ရန်ကုန်-စစ်တွေကားလမ်းမှ ခွဲထွက်လာသော ဝေသာလီရွာလမ်း၊ လယ်ကွင်းများနှင့် ဝေသာလီချောင်းရှိပါသည်။ တူးဖော်မှုကုန်းသည် အရှေ့-အနောက်(၃၀)ပေခန့်၊ တောင်-မြောက် (၁၁၀)ပေခန့်ရှိပြီး တောင်-မြောက်ခပ်ရှည်ရှည်ကုန်းအလေးမို့မို့သဏ္ဌာန် အနေအထားမျိုးတွေ့ရှိရပါသည်။ ဤကုန်းကို မတူးဖော်မီကုန်း၏အမြင့်မှာ ပတ်ဝန်းကျင်အနိမ့်ဆုံးမြေနေရာမှတိုင်းလျှင် (၆) ပေခန့်


ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) မှ တူးဖော်တွေ့ရှိသော သဲ္လာကျောက်


ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) မတူးဖော်မီ တွေ့ရှိရသည့်အခြေအနေ

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

# ဝေသာလီရွာအနောက်ဘက်ကုန်း


ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) အရှေ့ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ



အညွှန်း
၁ အပေါ်ယံသစ်မြစ်ဆွေးရော မြေလွှာ ၃ နုံးမြေလွှာ ၅ သဘာဝမြေလွှာ ကျောက်စီတန်း
၂ အုတ်ကျိုးအပိုင်းအစများ ၄ အုတ်၊ ကျောက်စများဖြင့် ဖိသိပ်လွှာ အုတ်စီတန်း စကေး ၅ စင်တီမီတာ = ၅ မီတာ

www.burmeseclassic.com


ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) ပန္နက်ပုံဆွဲ




www.burmeseclassic.com

www.burmeseclassic.com

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) မြေလွှာဖြတ်ပိုင်းပုံဆွဲ




အမြင့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ မတူးဖော်မီ ဤကုန်းပေါ်တွင် တောပင်ကြီး၊ ငုံးပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက်နေသည်ကိုတွေ့ရှိရပါသည်။ချုံများအောက်တွင် ကျောက်တုံးမျက်နှာပြင်များနှင့် အုတ်စအုတ်နများလည်း တွေ့ရှိရပါသည်။

တူးဖော်သုတေသနပြုလုပ်ခဲ့သော ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12A)သည် နှောင်းခေတ်သူတို့၏ နှောင့်ယှက်ဖျက်ဆီးမှုကို များစွာခံခဲ့ရသော ကုန်းတစ်ကုန်းပင်ဖြစ်ပါသည်။ ရန်ကုန်-စစ်တွေကားလမ်း၊ ရန်ကုန်-မင်းဘူး ရထားလမ်း၊ ဝေသာလီရွာလမ်းများနှင့် နီးသောကြောင့် ဤကုန်းမှ ကျောက်တုံး၊ အုတ်ခဲများမှာ ထိုလမ်းများတွင် အသုံးပြုခြင်းများစွာခံခဲ့ရသည်ဟု ဒေသခံများပြောပြချက်အရ သိရှိရပါသည်။ လယ်သမားများ လယ်ကန်သင်းလုပ်ရာတွင်လည်း ဤကုန်းမှ ကျောက်တုံးများကိုသယ်ယူ၍ လယ်ကန်သင်းလုပ်ထားသည်များကို တွေ့ရှိရပါသည်။ သစ်ပင်မြစ်ကြီးများ ထိုးဖောက်မှုများကိုလည်းခံရပြီး ဤကုန်းမှာ နှောင့်ယှက်ဖျက်ဆီးမှုအမျိုးမျိုးကိုခံနေရသော ကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တူးဖော်မှုနည်းစနစ်များစွာရှိသည့်အနက် အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာသိရှိနားလည်နိုင်စေရန်နှင့် တူးဖော်ထွက်ရှိလာသော ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်းဝတ္ထုပစ္စည်းများကိုအလွယ်တကူ မှတ်တမ်းတင်နိုင်ရန်အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့်စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့် နည်းစနစ်ကို အသုံးပြု၍ တူးဖော်ထားခြင်း ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အလျား(၆၄) ပေခန့်၊ အနံ (၉) ပေခန့်ကျယ်သော အဆောက်အအုံတန်းကြီးတစ်ခုကို တူးဖော်တွေ့ရှိရပါသည်။ အဆောက်အအုံ၏အရှေ့၊အနောက်အနားတွင် ကျောက်တုံးကြီးများစီထားပြီး ကျောက်စီနှစ်ခုကြားအလယ်တွင် အုတ်စီ၊ အုတ်ခဲများနှင့် ကျောက်တုံးများရော၍ ဝမ်းစာအဖြစ်စီထားသည်ကို တွေ့ရှိရပါသည်။ ကျောက်တုံးများမှာ မာကျောသော သဲကျောက်တုံးများကို တွေ့ရှိရပါသည်။ တချို့ကျောက်တုံးများမှာ ရိုးရိုးဆတ်ကျောက်များတွေ့ရှိရသကဲ့သို့ တချို့ကျောက်တုံးတွင် ပြန်စီထားသော ဆတ်ကြောင်း ညှို့ကြောင်းပါကျောက်တုံးများကိုလည်း တွေ့ရှိရပါသည်။ အရှေ့ဘက်ကျောက်စီတန်း၏ကျောက်တုံးတချို့တွင် သင်္ကေတအမှတ်အသားကောက်ကြောင်းများ ရေးဆွဲထားသည်ကို ထူးခြားစွာတွေ့ရှိရပါသည်။ ကျောက်တုံးပေါ်ရေးဆွဲထားသော သင်္ကေတလက်ရာများမှာ လေးကျွန်းမြင်းမိုရ်ဝန်း၊ ခရုသင်း၊ ခက်ရင်းခွ၊ ပိုးတုံးလုံးနှင့် သစ်ရွက်အပိုင်းအစနှင့် ငှက်ပုံသဏ္ဌာန်ကောက်ကြောင်းလက်ရာများရေးဆွဲထားသည်ကိုတွေ့ရှိရပါသည်။ အဆောက်အအုံမှာ နန်းတော်ရာမှ နန်းရိုးတံတိုင်းအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ယူဆရပါသည်။

တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) ၏ အဆောက်အအုံတည်ဆောက်ပုံစနစ်သည် အောက်ခံရွှံ့ဆန်သော သဘာဝမြေလွှာပေါ်တွင် အုတ်ခဲကျိုးများဖြင့်ရော၍ ကျစ်လျစ်အောင်ထုထောင်း၍ နင်းထားသော မြေတစ်ဆင့်ကိုတွေ့ရှိရပါသည်။ ထိုမြေပေါ်တွင် ထိုတောင်မြေသားပေါ်တွင် အုတ်ကျိုး၊ ကျောက်ကျိုးများဖြင့် မြေတစ်ဆင့်ကို ထပ်တွေ့ရှိရပါသည်။ ထိုအုတ်ကျိုး၊ ကျောက်ကျိုးများရော၍ တွေ့ရှိရသော မြေပေါ်တွင် ကျောက်တုံးလေးလွှာခန့်ဆင့်စီထားသည်ကို တွေ့ရှိရပါသည်။

ကျောက်တုံးများ၏အထက်တွင် အုတ်များထပ်ဆင့်၍စီထားသည်ကိုတွေ့ရှိရပါသည်။ ကျောက်တုံးများမှာ အကြီး၊ အငယ်၊ အရွယ်စုံကို တွေ့ရှိရပါသည်။ ကျောက်တုံးများကို ဆိုဒ်တစ်မျိုးတည်းဖြင့် တည်ဆောက်ထားခြင်းမတွေ့ရှိရပါ။ သင်္ကေတ ရေးဆွဲထားသော ကောက်ကြောင်းများကို ကျောက်တုံးကြီးများတွင်သာ ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်းအတွင်းရှိ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအ

www.burmeseclassic.com

မှတ်(VSL.12A)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အဆောက်အအုံနှင့် ဆက်စပ်နေသည့်မြေလွှာများအကြောင်းကို သိရှိစေရန်အတွက် မြေလွှာစမ်းသပ်တူးဖော်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ မြေလွှာစမ်းသပ်ကျင်းကို အပေါ်ယံမြေလွှာမှ သဘာဝမြေလွှာရောက်အောင်အထိ တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာ (၅) လွှာတူးဖော်တွေ့ရှိရပြီး ကျင်း၏အနက် (၂၀၀)စင်တီမီတာခန့်နီးပါးရှိပါသည်။

မြေလွှာ(၁)သည် အပေါ်ယံသစ်မြစ်သစ်ဆွေးများရောမြေလွှာဖြစ်ပြီး ရေလေ၊ မြေသယ်ဆောင်ခြင်းနှင့် သစ်မြစ်သစ်ရွက်ဆွေးတို့မှ ပို့ချထားသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာပင်ဖြစ်ပါသည်။


မြေလွှာအမှတ်(၂)မှာ အပေါ်ယံသစ်မြစ်ထိုးရောမြေလွှာအောက်တွင်းရှိသောမြေလွှာဖြစ်ပြီး မူလအဆောက်အအုံပြိုကျပြီးနောက် အုတ်ကျိုး၊ အုတ်ခဲ၊ ကျောက်ခဲများဖြင့်ပို့ချထားသောမြေလွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ် (၃) သည် ထိုပို့ချထားသော အုတ်ကျိုး၊ ကျောက်ကျိုးရောမြေလွှာအောက်တွင်ရှိသောဖို့ထားသော တောင်မြေသားလွှာ ဝါကြန့်ကြန့်အလွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ်(၄)သည် ဖို့ထားသောတောင်မြေသားဝါကြန့်ကြန့်အလွှာအောက်တွင်ရှိသော ကျောက်စအုတ်စများဖြင့် ကျစ်လျစ်သိပ်သည်းအောင် ထုထောင်းထားသော မြေကျစ်လွှာပင်ဖြစ်ပါသည်။ ထိုမြေလွှာအောက်တွင် ရွှံ့ဆန်သော သဘာဝမြေလွှာကို တွေ့ရှိနိုင်ပါသည်။

မြေလွှာအမှတ် (၅) သည် ကျစ်လျစ်သိပ်သည်းအောင် ထုထောင်းထားသော မြေကျစ်လွှာအောက်တွင်တွေ့ရှိသော ရွှံ့ဆန်သော သဘာဝမြေလွှာပင်ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.12A)ကို တူးဖော်သုတေသနပြုလုပ်ရာတွင် တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအထောက်အထားများမှာ နန်းတော်တံတိုင်း၊ ကျောက်ရိုးတန်း၊ ကျောက်ရိုးတန်းတံတိုင်းကျောက်လုံးကြီးများတွင် ရေးဆွဲထားသော သင်္ကေတအမှတ်အသားများ၊ စဉ့်ထည်အဖုံ့အစလက်ရာများ၊ မြေထည်ပစ္စည်းအိုးခြမ်းကွဲများနှင့် ကာနီလီယန်



ပုံ (၁)

ခေါ် သန္တာကျောက်ငယ်တစ်လုံးကိုလည်း တူးဖော်တွေ့ရှိရပါသည်။

ဤကုန်းတွင် တူးဖော်တွေ့ရှိရသော ဝေသာလီမြို့ဟောင်းနန်းရိုးတံတိုင်းအရှည်မှာ (၆၄) ပေခန့်ရှိပြီး အနံအထူ (၉) ပေခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ အမြင့်မှာ ကျောက်တုံး၊ ကျောက်စီအောက်မှတိုင်းလျှင် (၄)ပေကျော်ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဖျက်ဆီးမှုဒဏ်ကို ပြောက်များစွာခံထားရသောကြောင့် အမြင့်မည်မျှရှိသည်ကို မခန့်မှန်းနိုင်တော့ပေ။

ဤဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ်(VSL.12B)မှ ကျောက်ရိုးတန်း၏ အရှေ့ဘက် ($B_4$)ကျင်း၊ ကျင်းအနက် (၃၀) cmခန့်တွင် ၈-၄-၂၀၁၄ နေ့က ကာနီလီယန်ခေါ် သန္တာကျောက်ငယ်တစ်လုံးကို တူးဖော်တွေ့ရှိရပါသည်။ ထိုကျောက်ကလေးမှာ အမြင့် (၁)cmခန့်ရှိပြီး အချင်း (၁½) cmခန့် ရှိပါသည်။ အပေါ်ထိပ် ခပ်လုံးလုံးရှိပြီး အောက်မျက်နှာပြင်ပြားသည်ကိုတွေ့ရှိရသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A)မှ တူးဖော်တွေ့ရှိရသော နန်းရိုးကျောက်တန်းအရှေ့ဘက်ခြမ်း ($B_2$)ကျင်းအနက် (၃၀) cm ခန့်မှတွေ့ရှိရသော ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော သင်္ကေတလက်ရာကောက်ကြောင်းတစ်ခုပင်ဖြစ်ပါသည်။ ကောက်ကြောင်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၄၀)cmခန့်၊ အရှည် (၆၆)cmခန့်နှင့် ကျောက်တုံးနောက်ဆုံး အထူ (၅၀)cmခန့်ရှိပါသည်။ ဤသင်္ကေတကောက်ကြောင်းကို ကျောက်တုံး၏ မြောက်ဘက်မျက်နှာပြင်တွင် ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ စက်ဝိုင်းအချင်းမှာ (၁၁)cmခန့်ရှိပါသည်။ ပညာရှင်များက ဘာသာရေးအယူအဆအရ အဝိုင်းမှာ ကမ္ဘာကြီးဖြစ်ပြီး ကမ္ဘာကြီးအဝိုင်းထဲတွင် ကျွန်းကြီးလေးကျွန်း သတ်မှတ်၍ ကြက်ခြေခတ်ထားသည်မှာ လေးကျွန်းမြင်းမိုရ်ကိုညွှန်းသောသင်္ကေတဖြစ်သည်ဟု ယူဆကြပါသည်။ ဤလေးကျွန်းမြင်းမိုရ်အယူအဆမှာ ဗုဒ္ဓဘာသာထဲမှ အယူအဆတစ်ခုပင်ဖြစ်ပါသည်။

ပုံ(၂)သည်လည်း နန်းရိုးတံတိုင်းအရှေ့ဘက်ခြမ်း ($B_2$)ကျင်းမှ တူးဖော်တွေ့ရှိရသော ကျောက်တုံးပေါ်တွင်ရေးဆွဲထားသောလက်ရာပင် ဖြစ်ပါသည်။ ဤကျောက်တုံး၏တောင်ဘက်တွင်ကပ်လျက် ခက်ရင်းခွဆွဲထားသော ကျောက်တုံးတစ်တုံးကိုလည်း တွေ့ရှိနိုင်ပါသည်။ ခရုသင်းရေးဆွဲထားသော ကျောက်တုံးအမြင့် (၃၉)cmခန့်၊ ကျောက်တုံးအရှည် (၆၅)cmခန့်နှင့် အထူ (၂၄)cmခန့်ရှိပါသည်။ ကျောက်တုံး၏ အရှေ့ဘက်မျက်နှာပြင်တွင် ဤခရုသင်းပုံကို ရေးဆွဲဖော်ပြထားပါသည်။ ခရုသင်းအမြင့် (၁၄)cmခန့်နှင့် အရှည် (၂၆)cmခန့်ရှိပါသည်။ ခရုသင်းသင်္ကေတမှာ မင်္ဂလာအခမ်းအနားများတွင် အောင်မြင်ခြင်း




ပုံ (၂)


www.burmeseclassic.com

အထိမ်းအမှတ်အဖြစ် အသုံးပြုသော စကြာဝတေးမင်း၏ အဆောင်အယောင်တစ်ခုပင်ဖြစ်သည်ဟု သိရှိရပါသည်။ ရခိုင်ဝေသာလီခေတ်ဒင်္ဂါးများတွင်လည်း ခရုသင်းပုံများ ထည့်သွင်း ခတ်နှိပ်ခြင်းသည် အောင်မြင်ခြင်းနှင့်မင်္ဂလာရှိခြင်း၊ သစ္စာ၊ သီလ၊ ဓမ္မရှိခြင်းတို့ကို ဖော်ညွှန်းခြင်းဖြစ်သည်ဟု ပညာရှိတို့က ဆိုကြသည်ကို သိရှိရပါသည်။ ဤဝေသာလီမြို့ဟောင်းနန်းတော်တိုင်းတွင် ကျောက်တုံးပေါ်၌ ခရုသင်းရေးဆွဲခြင်းမှာလည်း ဝေသာလီသားတို့ သစ္စာ၊ သီလ၊ ဓမ္မရှိခြင်းကို ဖော်ညွှန်းခြင်းဖြစ်လိမ့်မည်ဟု ယူဆရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကွန်းအမှတ် (VSL.12A) ($B_2$) ကျင်းမှ တူးဖော်တွေ့ရှိရသော ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော သင်္ကေတလက်ရာကို ကူးယူရေးဆွဲထားသည့်ပုံပင်ဖြစ်ပါသည်။ခက်ရင်းခွပါသော ကျောက်တုံးတစ်လုံးခြားတောင်ဘက်ကျောက်တုံးတွင် တွေ့ရှိနိုင်ပါသည်။ နန်းရိုးကျောက်တန်း၏ အရှေ့ဘက်ခြမ်းတွင် တွေ့နိုင်ပါ၏။ သင်္ကေတရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့်(၄၀)cmခန့်၊ အကျယ် (၁၀၀) cmခန့်နှင့်ကျောက်တုံးအထု (၃၀) cmခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ဤသင်္ကေတကောက်ကြောင်းကို ကျောက်တုံး၏ရှေ့မျက်နှာလက်ယာအောက်နားတွင် ရေးဆွဲထားပါသည်။ တစ်ခြမ်းပဲ့သောဟန်ရှိပါ၏။ သင်္ကေတကောက်ကြောင်းမှာ စပါးလုံးနှင့်အကြောပါသော သစ်ရွက်ပုံသဏ္ဌာန် တွေ့ရှိရပါသည်။ စပါးလုံးအရွယ်အစား အမြင့် (၁၈) cm ခန့်နှင့် အကျယ်(၇½)cmခန့်ရှိပါသည်။ စပါးလုံးသဏ္ဌာန်ပုံစံမှာ အရစ်ခုနစ်ရစ်ပါရှိပါ၏။ ဤစပါးလုံးသင်္ကေတမှာ ဝေသာလီကိုညွှန်းသောစပါးလုံးသင်္ကေတဖြစ်ဟန်တူသည်။ ဝေသာလီဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အထူးထူးအပြားပြားသော ကောက်ပဲသလဲပေါများသောတိုင်းပြည်ဟု ပညာရှင်များက ဖွင့်ဆိုကြသည်ကို သိရှိရပါသည်။ ဤစပါးလုံးသင်္ကေတဝေသာလီတွင်စပါးပေါခြင်းသင်္ကေတကိုဖော်ညွှန်းဟန်ရှိပါသည်။ စပါးနှင့် စပါးထက်မှအရွက်မှာ ဝေသာလီတွင် အသီးအရွက်ပေါများခြင်းအဓိပ္ပာယ်ကို သင်္ကေတအဖြစ် ရေးဆွဲထားခဲ့ဟန်တူပါသည်။ ထူးခြားသည့်သင်္ကေတကောက်ကြောင်းများပင် ဖြစ်ပါသည်။

ပုံ(၄)လက်ရာသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကွန်းအမှတ် (VSL.12A) ($B_2$) ကျင်း၊ ကျင်းအနက်






www.burmeseclassic.com


www.burmeseclassic.com

(၅၀) cmခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်တုံးပေါ်တွင် ရေးဆွဲထားသော သင်္ကေတကောက်ကြောင်းလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာ တစ်ခုပင်ဖြစ်သည်။ သင်္ကေတကောက်ကြောင်းရေးဆွဲထားသောမူရင်းကျောက်တုံးအမြင့် (၁၈) cmခန့်၊ အရှည် (၅၅) cmခန့်နှင့် အထု (၁၅)cmခန့်ရှိပါသည်။ ကျောက်တုံး၏အရှေ့ဘက်မျက်နှာဖက်တွင် ရေးဆွဲထားသောလက်ရာပင်ဖြစ်ပါသည်။ ကျောက်တုံးတွင် ရေးဆွဲထားသောသင်္ကေတကောက်ကြောင်းရုပ်မှာ ဒေါင်းပျံသန်းနေဟန်သဏ္ဌာန်ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ ဒေါင်းရုပ်မှာ နေကိုညွှန်းသောအရုပ်ဖြစ်မည်ဟု ခန့်မှန်းရပါ၏။ ဝေသာလီကို တည်ထောင်ခဲ့သောမင်းမှာ သူရိယမင်းဆက်မှဆင်းသက်လာသောမင်းမျိုးများ ဖြစ်ပါသည်။ ထိုသူရိယအနွယ် နေမျိုးနွယ်အမှတ်သင်္ကေတအဖြစ် ဒေါင်းရုပ်ပျံဟန်ကို ရေးသားထားခြင်းဖြစ်ဟန်တူပါသည်။ အရုပ်သင်္ကေတမှာ အနည်းငယ်ပျက်စီးနေဟန်ကို တွေ့ရှိရပါသည်။

ကြောင်းအရှည် (၂၇)cmခန့်နှင့် အမြင့် (၂၀)cmခန့်ရှိသည်။သင်္ကေတကောက်ကြောင်းလက်ရာကို ပညာရှင်များက ခက်ရင်းခွဟုဆိုကြပါသည်။ ဝေသာလီဒင်္ဂါးတချို့တွင်လည်း ခက်ရင်းခွသင်္ကေတပါသည်ကို တွေ့ရှိရပါသည်။ ခက်ရင်းခွမှာ လှံစကြာ၊ လှံပျံဟု သိရှိရပါသည်။ ခက်ရင်းခွသုံးခုလှံတံနှင့် ပတ်သက်၍ ရခိုင်မင်းသမီးချေင်းတွင်လည်း 'မဟာမည်လှိုင်း၊ တိုင်းစန္ဒြားကျောက်လှေကား၌၊ သိကြားနတ်ပေး၊ လေးနှင့်သန်လျက်၊ လက်နက်လှံပျံ၊ စေစားခံ၍' ဟူ၍ ရေးထားသည်ကိုဖတ်ရှုရပါသည်။ထို့ကြောင့် ခက်ရင်းခွမှာ သိကြားမင်းပေးသောလှံပျံလက်နက် ဟူ၍ သိရှိရသည်။ ဝေသာလီကို စိုးစံခဲ့သောဘုရင်တချို့မှာ လှံစကြာလှံပျံကို ပိုင်ဆိုင်ကြသည်ဟု ရခိုင်သမိုင်းတွင် ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ၎င်းလှံပျံပိုင်ဆိုင်မှုကို ပြလိုသည့်အနေဖြင့် နန်းတော်တံတိုင်းကျောက်များတွင် သင်္ကေတကောက်ကြောင်းအဖြစ် ခက်ရင်းခွလှံပျံကို ရေးသားထားသည်ဟု ယူဆရပါသည်။


ကျင်းအနက် (၈၀) cm ခန့်မှ တူးဖော်တွေ့ရှိရသော စဉ့်ပန်းကန်လုံးလက်ရာကို ကူးယူရေးဆွဲထားသောလက်ရာပင်ဖြစ်ပါသည်။ စဉ့်ပန်းကန်လုံးမှာ အနားများနှင့် ခြေထောက်ပဲ့နေသည်ကို တွေ့ရှိရပါသည်။ စဉ့်ပန်းကန်လုံးမူရင်းလက်ရာအမြင့် (၄) cmခန့်၊ အကျယ်(၁၀)cm ခန့်နှင့် အပေါ်အနားအထူ (၁)cmခန့်ဖြင့်အထူ (၁½)cmခန့်ရှိပါသည်။ ပုံ(၆)တွင် စဉ့်ပန်းကန်လုံးဘေးအမြင်နှင့်အထုကို အပေါ်တွင်ရေးဆွဲထားပြီး အောက်တွင် စဉ့်ပန်းကန်လုံးကိုမှောက်၍ အပေါ်စီးမှမြင်ရသည့်အနေအထားကို ရေးဆွဲဖော်ပြထားပါသည်။ စဉ့်ပန်းကန်လုံး၏ အရောင်မှာ အစိမ်းနုဖျော့ရောင်နှင့် အနီရောင်အနည်းငယ်ပါရှိသည်ကို တွေ့ရှိရပါသည်။ ပန်းကန်လုံးပြုလုပ်သောမြေသားမှာ အဖြူရောင်အနေအထားမျိုးတွေ့ရှိရပြီး မာကျောပါသည်။

ပုံ (၇)



0 1 3 8½

ပုံ (၅)



0 10 30 60cm.

ပုံ(၅)သည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.12A) ($B_2$)ကျင်း၊ အနက်(၃၀)cmခန့်မှ တူးဖော်တွေ့ရှိရသောကျောက်တုံးပေါ်တွင် ရေးဆွဲထားသောသင်္ကေတကောက်ကြောင်းလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ၎င်းကျောက်တုံးကို နန်းရိုး၏ အရှေ့ဘက်ခြမ်းတွင် တွေ့ရှိရပါသည်။ ကျောက်တုံး၏အရှေ့ဘက်မျက်နှာတွင် ရေးဆွဲထားသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။

သင်္ကေတကောက်ကြောင်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၄၀) cmခန့်၊ အရှည် (၆၃) cmခန့်နှင့် အထု(၃၀)cmခန့်ရှိသည်။ ကျောက်တုံးပေါ်တွင်းထားသောသင်္ကေတကောက်

ဝေသာလီမြို့ဟောင်း တူးဖော်မှု ကုန်းအမှတ် (VSL.12A) ($A_2$) ကျင်း၊

ပုံ (၆)



0 1 2 3 10 cm


ပုံ(၇)သည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL 12A) ($A_2$)ကျင်း၊ ကျင်းအနက် (၇၅)cm ခန့်မှ တူးဖော်တွေ့ရှိရသော စဉ့်ပန်းကန်လုံးကို ရေးဆွဲဖော်ပြထားသောလက်ရာပင် ဖြစ်ပါသည်။ မူရင်းစဉ့်ပန်းကန်လုံးအမြင့်(၄)cmခန့်၊ ခြေထောက်အမြင့် (၁½)cmခန့်၊ ပန်းကန်လုံးအထူ (၁½)cm ခန့်နှင့် ပန်းကန်လုံးခြေထောက်အောက်ဆုံးအနားအထူ(½)cmခန့်ရှိသည်ကိုတွေ့ ရှိရပါသည်။ ပုံ(၇)တွင် စဉ့်ပန်းကန်လုံး ဘေးအမြင်နှင့်အထုကို အပေါ်တွင် ရေး ဆွဲဖော်ပြထားပြီး အောက်တွင်စဉ့်ပန်း ကန်လုံးမှောက်၍ အပေါ်စီးမှအမြင်ကို



www.burmeseclassic.com

www.burmeseclassic.com


ရေးဆွဲဖော်ပြထားပါသည်။ မူရင်းစဥ့်ပန်းကန်လုံးတွင် အနားများနှင့်ခြေထောက်ပဲ့နေသည်ကို တွေ့ရှိရပါသည်။ ပန်းကန်လုံး၏စဥ့်အရောင်မှာ အစိမ်းအဖြူဖျော့ရောင်ကို တွေ့ရှိရပါသည်။ စဥ့်ပန်းကန်လုံးမြေသားမှာလည်းကျစ်လျစ်မာကျောသည်ကို တွေ့ရှိရပါသည်။




ပုံ (၈)

ဝေသာလီမြို့ဟောင်း တူးဖော်မှုကွင်းအမှတ် (VSL.12A) ($A_4$) ကျင်း၊ ကျင်းအနက် (၅၀)cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်ခေါင်းပွလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၈)တွင် မြေမီးဖုတ်လက်ရာ၏ ဘေးအမြင့်နှင့်အထုကို အပေါ်တွင် ရေးဆွဲထားပြီး အောက်တွင် မြေမီးဖုတ်ခေါင်းပွလက်ရာ၏ အပေါ်စီးအမြင်ကိုရေးဆွဲဖော်ပြထားသည်။ မူရင်းမြေမီးဖုတ်ခေါင်းပွလက်ရာ အမြင့်(၈)cmခန့်၊ အကျယ်(၄½)cmခန့်နှင့် ထိပ်ဝအချင်း (၁½) cmခန့်၊ အောက်ခြေအခြေ (၃) cmခန့်၊ ထိပ်ဝအပေါက် (½) cmခန့်နှင့် အောက်ခြေအပေါက်အချင်း (၁)cmခန့်ရှိပါသည်။ မြေမီးဖုတ်ခေါင်းပွလက်ရာမှာ အပေါ်ပိုင်းတွင် အလယ်ပြန့်၍ အောက်ကျယ်သည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်ခေါင်းပွလက်ရာမှာ မြေသားကျစ်လျစ်၍ မီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၉) မှာ ဝေသာလီမြို့ဟောင်း တူးဖော်မှုကွင်းအမှတ် (VSL.12A) ($B_4$)




ပုံ (၉)

ကျင်း၊ ကျင်းအနက် (၆၀) cmခန့်မှ တူးဖော်တွေ့ရှိရသော စဥ့်လက်ရာအဖုံးအစတစ်ခုကို ကူးယူရေးဆွဲထားပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ ပုံ(၉)တွင် စဥ့်လက်ရာကို အပေါ်တွင် ဘေးအမြင်နှင့်အထုကို ရေးဆွဲဖော်ပြထားပြီး အောက်တွင် စဥ့်လက်ရာ၏ အပေါ်စီးမှမြင်ရသော အနေအထားကို ရေးဆွဲဖော်ပြထားပါသည်။ စဥ့်လက်ရာမူရင်းအမြင့် (၂½) cm ခန့်၊ အကျယ် (၆½) cmခန့်နှင့် အောက်ထောက်အမြင့် (၁½) cmခန့်၊ အထု(၁½)cmခန့်ရှိသည်။ ခြေထောက်အပြင် အချင်း (၅½)cmခန့်တွင် အတွင်းအချင်း (၃)cmခန့်ရှိသည်။ စဥ့်လက်ရာ၏ စဥ့်အရောင်မှာ အပြင်၌ စဥ့်နီညိုရောင်အနည်းငယ်သာကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။ စဥ့်လက်ရာ၏မြေသားမှာ မာကျောပြီးဖြူဖွေးနေသည်ကို တွေ့ရှိရပါသည်။ စဥ့်လက်ရာမှာ အပေါ်အနားများ ပျက်စီးသွားပေပြီး စဥ့်ပန်းကန်လုံး၏ ဖင်ပိုင်းသာကျန်ရှိသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်ရေးကွင်းအမှတ် (VSL.12A) ($B_3$) ကျင်း၊ ကျင်းအနက် (၃၀) cmခန့်မှ တူးဖော်တွေ့ရှိရသော ကျောက်ဆစ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ(၁၀)တွင် ကျောက်ဆစ်လက်ရာ၏ ပန်းပွင့်လက်ရာနှင့် ကျောက်တုံးအထုကို ရေးဆွဲဖော်ပြထားပါသည်။ မူရင်း ကျောက်ဆစ်လက်ရာအမြင့် (၁၂) cmခန့်၊ အကျယ်(၂၈)cmခန့်နှင့်ကျောက်ဆစ်လက်ရာ ကျောက်တုံးအထု (၁၀) cmခန့်ရှိပါသည်။


ကျောက်ဆစ်လက်ရာ၏ လက်ဝဲဘက်တွင် ဖောင်းအနားပါသည့်စတုရန်းကွက်ထဲ၌ နှစ်ထပ်ပွင့်ဖတ်တစ်ဖတ်ကို တွေ့ရှိရပါသည်။ နှစ်ထပ်ပွင့်ဖတ်ကြီးထဲတွင် အကြောသုံးကြောဖော်ထားသည်ကို တွေ့ရှိရပါသည်။ အကြောသုံးကြောတွင် အလယ်၌ရှည်ပြီး လက်ဝဲ၊ လက်ယာမှ အကြောများမှာ တိုသည်ကိုတွေ့ရှိရပါသည်။

ကျောက်ဆစ်လက်ရာ၏ လက်ယာဘက်ခြမ်းလေးထောင့်ကွက်ထဲတွင် အလယ်ဝတ်ဆံဝိုင်းကြီးတစ်ခုနှင့်ပွင့်ဖတ်လေးဖတ်ဖြင့် တည်ဆောက်ထားသော ပန်းပွင့်တစ်ပွင့်ကို တွေ့ရှိရပါသည်။ ပန်းပွင့်၏ ပွင့်ဖတ်လေးခုစလုံးတွင် အလယ်ကြောများဖော်ထားသည်ကို လှလှ လာ တွေ့ရှိရပါသည်။ ပန်းပွင့်မှာ အနုစိတ်လှသော လက်ရာတစ်ခုပင်ဖြစ်ပါသည်။

ပုံ (၁၁) လက်ရာသည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်ရေးကွင်းအမှတ် (VSL.12A) ($B_4$)ကျင်း၊ ကျင်းအနက် (၄၀)cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲအနားလက်ရာတစ်ခုကို ရေးဆွဲဖော်ပြထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၁၁)တွင် မြေမီးဖုတ်လက်ရာ၏ အပြင်မျက်နှာပြင်နှင့် အနားအထုကို ရေးဆွဲဖော်ပြထားပါသည်။

မူရင်းအိုးခြမ်းကွဲအနားလက်ရာအမြင့် (၃½)cmခန့်၊ အကျယ် (၅)cmခန့်နှင့် အထု (၁½)cmခန့်ရှိပါသည်။ အိုးခြမ်းကွဲအပြင်အနားမှာ အနားကိုခေါက်

ပုံ (၁၀)







www.burmeseclassic.com


www.burmeseclassic.com

ထားပြီး အတွန့်လေးဖော်ထားပါသည်။ အိုးခြမ်းကွဲအနား၏ အထူအတွန့်ကို ဘဲဥိးခေါင်းနှုတ်သီးပုံစံတွေ့ရှိရသည်မှာ အနုပညာဆန်းလွန်းလှသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်အိုးနားအဖုံ့အစ လက်ရာမှာ ကျောက်ကဲ့သို့မာကျောပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်ရေးကုန်းအမှတ် (VSL.12A)($A_3$)ကျင်း၊ ကျင်းအနက် (၄၅)cmခန့်မှ တူးဖော်တွေ့ရှိရသောမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာ တစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ(၁၂)တွင် မြေမီးဖုတ်အိုးခြမ်းကွဲအပြင်မျက်နှာပြင်နှင့် အထူ၊ အပါးကို ရေးဆွဲဖော်ပြထားပါ




ပုံ (၁၁)


ပုံ (၁၂)

သည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၆) cmခန့်၊ အကျယ် ($၂\frac{၁}{၂}$) cmခန့်နှင့် အထူ ($\frac{၁}{၄}$)cmခန့်ရှိပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအပြင်မျက်နှာပြင်ကို လေးထောင့်ကွက်လေးများဖြင့် နေရာမလပ် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲ၏မြေသားမှာ သဲဆန်ပြီး မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

ပုံ (၁၃) လက်ရာသည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်ရေးကုန်းအမှတ် (VSL.12A) ($B_3$) ကျင်း၊ ကျင်းအနက် (၄၅) cmခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးနှုတ်ခမ်းလက်ရာကို ကူးယူရေးဆွဲထားသောပုံပင်ဖြစ်ပါသည်။ ပုံ(၁၃)တွင် မြေမီးဖုတ်အိုးခြမ်းကွဲနှုတ်ခမ်း၏အပြင်မျက်နှာပြင်နှင့် အိုး



ပုံ (၁၃)

နှုတ်ခမ်းအထူကို ရေးဆွဲဖော်ပြထား သော လက်ရာပင် ဖြစ်ပါသည်။

မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၆) cmခန့်၊ အကျယ် (၁၀) cmခန့်နှင့် အထူဆုံး ($၂\frac{၁}{၂}$) cmခန့်ရှိပါသည်။ မြေ မီးဖုတ်အိုးခြမ်းကွဲ အတွင်းမျက်နှာပြင် တွင် အချောတွေ့ရှိရပြီး အပြင်မျက်နှာ ပြင်တွင် အိုးနှုတ်ခမ်းအနားဖောင်းသုံး ဆင့်ကို တွေ့ရှိရပါသည်။ အနားအပေါ် ဆုံးဖောင်းမှာ အကြီးဆုံးတွေ့ရှိရပြီး အောက်နှစ်ဆင့်မှာ အဆင့်ဆင့်ငယ်သွား သည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ် အိုးနှုတ်ခမ်းအတွင်း၊ အပြင် မြေမီးဖုတ် ရောင်ဖျော့ပြီး အလယ်သားမည်းနေ သည်ကို ထူးခြားစွာ တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော် ရေးကုန်းအမှတ် (VSL.12A)မှ တူးဖော် သုတေသနပြု၍ ထွက်ရှိလာသော ရှေး ဟောင်းယဉ်ကျေးမှုအထောက်အထား မှာ အဆင့်အတန်းမြင့်မားသောလက်ရာ များကို တွေ့ရှိရပါသည်။

ဤကုန်းကို ရေရှည်တည်တံ့နိုင် ရန်အတွက် ခြံစည်းရိုးများကို စနစ်တကျ ထိုးပြီး ကျောက်၊ အုတ်ဖြင့်တည်ဆောက် ထားသော နန်းရိုးအဆောက်အအုံလက် ရာကို ကျောက်၊ အုတ်များပြန့်ကျဲမသွား ရအောင်ထိန်းသိမ်းရေးကိုလည်း အလေး ထားကာ စနစ်တကျပြုလုပ်ထားသင့်ပေ သည်။

*အနန္တောအနန္တငါးပါးကို ထာဝ*
*ဦးထိပ်ပိန်ဆင်ကန်တော့လျှ*

ပန်းချီထူး
(ရှေးဟောင်းသုတေသန)

**မှီငြမ်းချက် -**

၁။ စာရေးသူကိုယ်တိုင် တူးဖော် သုတေသနပြုလုပ်မှုမှတ်စု
၂။ ဝေသာလီမြို့ဟောင်း တူးဖော် ကုန်းအမှတ် (VSL.12A) အ ရင်ခံစာ
၃။ စံသာအောင်၊ ဦး၊ အာနန္ဒ ရှစ်ရာစု၊ ရခိုင်ဝေသာလီ ၃/၁၉၇၅ ခုနှစ်
၄။ ညွန့်ဟန်၊ ဦး၊ ဝေသာလီ ဟောင်းတူးဖော်သုတေသန အစီရင်ခံစာ ၁၂/၁၉၈၆
၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မင်း

# ဘဝရှင်သန်ရာ သင့်လက်မှာ

သက်ဆိုင်ရာ လက်ဝါးပိုင်ရှင် တစ်ဦးချင်းစီ၏ အသက်အပိုင်းအခြား (ကြီး-ငယ်အလိုက်) သရုပ်ခွဲလေ့လာခြင်းနှင့်ကောက်ချက်ချခြင်းများ အောက်ပါအတိုင်း ပြုလုပ်ပေးနိုင်သည်။

**အရည်အသွေးကောင်းများ ဆင့်ကဲပြောင်းလဲတိုးတက်စေသည့် လက်ဝါးပုံစံ**

ပြီး လက်မ၏ တည်ဆောက်ပုံအား ကောင်းခြင်းက တည်ငြိမ်ပြတ်သားခြင်း၊ ယုံကြည်ချက်ခိုင်မာခြင်းသဘောများကို ဖော်ပြသည်။ လက်မပုံစံ တင်းပုတ်နှင့်ဆင်တူနေခြင်းက ခေါင်းမာတတ်သည့်သဘောကိုယ်စားပြုသည်။ လက်ဝါးပြင်ပါလမ်းကြောင်းများ သေးမျှင်(အနုစိတ်) ရှိလာပါမည်။

**ကောက်ချက်ချခြင်း**

လက္ခဏာရှင်၏ ပင်ကိုအရည်အသွေးများ ပိုမိုတောက်ပြောင်လာစေရန်အတွက် မိဘများဘက်မှ မလိုအပ်သောချုပ်ချယ်မှုများမပြုလုပ်ဘဲ အဝေး



ပုံ (၁)



ပုံ (၂)

နမူနာပုံပါ လက်ဝါးပြင်ပိုင်ရှင် (၃) နှစ်အရွယ် မိန်းကလေးတစ်ဦး၏ လက္ခဏာကိုစစ်ဆေးရာ၌ ဖခင်ဖြစ်သူက ရှက်တတ်၊ ကြောက်တတ်ပြီး အရာရာတွန့်ဆုတ်တတ်သူ၊ စိတ်ခံစားမှုလွယ်သူဖြစ်ကာ မိခင်အနေဖြင့် ဆတ်ဆတ်ထိမခံတတ်သူဖြစ်သော်လည်း ဉာဏ်ရည်ဉာဏ်သွေးအားကောင်းပြီး သွက်လက်ထက်မြက်သူဖြစ်သည်။

**အရုပ်ခွဲလေ့လာခြင်း**

ဖော်ပြပါ (၃) နှစ်အရွယ် ကလေး၏ လက်ဝါးပြင်ကိုလေ့လာပါက ဇီဇစိတ်ရှိ အလိုလိုတတ်သိနားလည်နိုင်စွမ်းရှိကြောင်း လက်ချောင်းများက ဖော်ပြသည်။ လက်ချောင်းတစ်ခုချင်းစီအလိုက်လေ့လာပါက လက်ညှိုးအဖျားပိုင်းတုတ်ခိုင်၍ အောက်သို့သိမ်ဝင်သွားခြင်းကအားငယ်တတ်သည့်သဘောဖော်ပြ နေခြင်းက ပင်ကိုသဘာဝအရ စိတ်ခံစားမှုလွယ်ကူသူဖြစ်ကြောင်း ဖော်ပြသည်။ ၎င်းအပြင် လက်ဝါးပြင်တည်ဆောက်ပုံ ကျယ်ပြန့်ပြန့်ကားနေခြင်းကြောင့် အရာရာကို ဖြန့်ကြက်နားလည်နိုင်သူအဖြစ် သတ်မှတ်နိုင်သည်။

အထက်ပါ လေ့လာမှုများပြုလုပ်ပြီး (၁-၂) လခန့်အကြာ၌ ပြန်လည်စစ်ဆေးရာတွင် လက်သူကြွယ်နှင့်လက်သန်းတို့က လက်ဝါးပြင်အတွင်းဘက်သို့ကွေးနေခြင်းကြောင့် မိမိကိုယ်မိမိ လိမ္မာပါးနပ်စွာ ကာကွယ်စောင့်ရှောက်နိုင်သူ၊ စဉ်းစဉ်းစားစားလုပ်တတ်သူအဖြစ်တွေ့ရပါမည်။ ထို့နောက်ပိုင်း နှစ်အနည်းငယ်ကြာပြီးနောက် လက်ဝါးမြင်ကျဉ်းမြောင်း၍ လက်ချောင်းများရှည်လာတာ အသက်အပိုင်းခြား၏ အလိုအလျောက်ဖြစ်စဉ်အရ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်ခြင်း၊ တစ်ကိုယ်ကောင်း (အတ္တ) ဆန်ခြင်းများ ၌ပညာသင်ကြားစေပြီး မိမိခြေထောက်ပေါ် ရပ်တည်နိုင်ရန်၊ အမှား-အမှန် ကိုယ်တိုင်ပိုင်းခြားဆုံးဖြတ်နိုင်ရန် အနီးကပ်လမ်းညွှန်ပြသပေးနိုင်မည့် ဆရာတစ်ဦးစီစဉ်ထားရှိပေးသင့်သည်။ ထိုအခါ မိဘများနှင့် အလွယ်တကူ အဆက်အသွယ်မရရှိလေလေ မိမိကိုယ်ကို ကာကွယ်တတ်လေလေ ဖြစ်လာပါမည်။

စိတ်လှုပ်ရှားတက်ကြွစေမည့်အခြေအနေများ (အရွယ်မတိုင်မီ) မပေါ်ပေါက်စေရန် ပုံမှန်အစားအသောက်များ၌ အထက်ပါစိတ်ကြွစေမည့်အရာများ မပါဝင်အောင် သတိပြုရမည်။

**စိတ်လှုပ်ရှားထိခိုက်လွယ်သူကလေး၏ လက်ဝါးပုံစံ**

လက်ဝါးပိုင်ရှင် (၄) နှစ်အရွယ် မိန်းကလေးတစ်ဦး၏ လက္ခဏာကိုစစ်ဆေးရာ၌ အခြေခံကျသော တက်သို



www.burmeseclassic.com

www.burmeseclassic.com



**စိတ်လှုပ်ရှား ထိနိုက်လွယ်သူ ကလေး၏လက်ဝါးပုံစံ**

နားလည်သင့်သည့်အကြောင်းအရာများကို စိတ်မဝင်စားဘဲ ရိုင်းစိုင်းစွာပြုမူနေထိုင်နေခြင်းကြောင့် မိဘနှစ်ပါးစလုံး စိတ်ပူပန်လျက်ရှိနေသည်ကို တွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်း တည်ဆောက်ပုံကို လေ့လာပါက လက်ညှိုးတိုတောင်းခြင်းကြောင့် မိမိကိုယ်မိမိ တန်ဖိုးမထားတတ်ခြင်းနှင့် လက်သန်းအနေအထားကွေးနေခြင်းကြောင့် မိမိကိုယ်မိမိ လုံလောက်စွာကာကွယ်နိုင်ခြင်းမရှိသည်ကို ဖော်ပြနေပါသည်။

လက်မအနေဖြင့် သာမန်ထက်မာကျောတောင့်တင်းခြင်းကြောင့် ခေါင်းမာတတ်သူဖြစ်နေပါသည်။ လက်ဝါးပြင်ပါ လမ်းကြောင်းများက နည်းပါး၍သေးမျှင်လျက်ရှိသည်။ ဦးခေါင်းလမ်းကြောင်းအစပိုင်းတွင် ကျွန်းခံ၍ ပုံပျက်နေသောကြောင့် အစားအသောက်မမှန်၍ဖြစ်တတ်သည့် သွေးအားနည်းဖျော့တော့နာများဝင်ရောက်တတ်သည်။

**ကောက်ချက်ချခြင်း**

ကလေးငယ်၏ ပုံမှန်အစားအသောက်များ၌ ပရိုတိန်းဓာတ်ချို့တဲ့စွာပါဝင်နေခြင်းကြောင့် (ပရိုတိန်းချို့တဲ့သောကြောင့်) အရာရာစိတ်အာရုံဝင်စားမှုအားနည်း၍ သဘာဝကျကျ တုံ့ပြန်နိုင်မှုမရှိသည်ကို တွေ့ရှိရသည်။

အဆိုပါ ကလေးငယ်၏ လက်ဝါးပြင်ပါ မကောင်းသောအရေးအကြောင်းနှင့် လက်ချောင်းတည်ဆောက်ပုံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပြုပြင်ပေးနိုင်ရန် ၎င်းကလေးငယ်အား ကြက်ဥ၊ နွားနို့၊ ဒိန်ခဲ၊ လတ်ဆတ်သောအသီးအနှံနှင့် အစိမ်းရောင်ရှိ ဟင်းသီးဟင်းရွက်များ ပုံမှန်ကျွေးပေးရန်လိုပါသည်။ ၎င်းအပြင် မိဘများအနေဖြင့် ကလေးငယ်၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအားကောင်းလာစေရန် လိုအပ်သလို လေ့ကျင့်ပျိုးထောင်ပေးရပါမည်။

**စိတ်ခံစားမှုလွယ်သူကလေး၏ လက်ဝါးပုံစံ**

(၁၀) နှစ်အရွယ် ယောကျာ်းကလေးတစ်ဦး၏ လက်ဝါးပြင်အားလေ့လာရာ၌ စိတ်ပိုင်းဆိုင်ရာဆတ်ဆတ်ထိမခံတတ်သူအဖြစ် အောက်ပါအတိုင်းတွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ဝဲဘက်လက်လက်ချောင်းများက စဉ်းစဉ်းစားစားလုပ်တတ်သူအဖြစ် ဖော်ပြပြီး လက်ချောင်းအောက်ခြေအသားဆူဖြိုးနေခြင်း၊ လက်မတည်ဆောက်ပုံကောင်းခြင်းတို့က ထိုးထွင်းသိမြင်နိုင်စွမ်းအထူးရှိခြင်းကို ဖော်ပြသည်။ လက်ဝါးပြင်ပါ သေးမျှင်သောလမ်းကြောင်းငယ်များက စိတ်ပိုင်းဆိုင်ရာနူးညံ့၍ ခံစားမှုလွယ်သည့်သဘောကို ဖော်ပြသည်။

၎င်းပြင် ဦးခေါင်းလမ်းကြောင်းပေါ်၌ ကျွန်းများစွာခံနေခြင်းကြောင့် စိတ်အာရုံစုစည်းနိုင်မှုအားနည်းခြင်းကို ဖော်ပြပြီး အသက်လမ်းကြောင်းတည်ဆောက်ပုံ ပါးလွှာအားနည်းခြင်းကြောင့် ခံနိုင်ရည်စွမ်းအားဖြစ်စေမည့် အာဟာရဓာတ်တစ်ခုခုချို့တဲ့နေကြောင်း အသိပေးနေရပါသည်။ ထို့နောက် နှလုံးလမ်းကြောင်းတည်ဆောက်ပုံကိုလေ့လာပါက ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့၏ အစနေရာနှင့်ထိကပ်လုနီးပါးနိမ့်ဆင်းနေခြင်းကြောင့် အရာရာအား တစ်ဦးတည်းမှုပိုင်လုပ်လိုသူ၊ ပိုင်စိုးပိုင်နင်း(မောင်ပိုင်စီး)လိုသူဖြစ်ကြောင်း အဖြေထုတ်နိုင်ပါသည်။ လက်ချောင်းများကို လေ့လာပါက အနည်းငယ်တိုတောင်းနေပြီး လက်မ၌ အနည်းငယ်ပိုမိုပျော့ပြောင်းနေသည်ကို တွေ့ရခြင်းကြောင့် စိတ်လိုက်မာန်ပါလုပ်တတ်ကြောင်း သိသာနေပါမည်။ နှလုံးလမ်းကြောင်းကိုလေ့လာရာ၌ ဝဲဘက်လက်မှာထက်ယာဘက်လက်ရှိလမ်းကြောင်းက ပိုမိုမြင့်မားထင်ရှားလျက် လက်သူကြွယ်အောက်ဘက်၌ အစက်အပြောက်နှင့်ဖွာထွက်နေသည့်ပုံစံများရှိနေသည်ကိုတွေ့ရမည်။

**ကောက်ချက်ချခြင်း**

ဖော်ပြပါ (၁၀)နှစ်ရွယ်ကလေး၏ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းအစပိုင်း၌ ကျွန်းခံနေခြင်းသည် ၎င်းကလေး၏သံဓာတ်ချို့တဲ့မှု (ခုခံအားအားနည်းမှု)ကိုဖော်ပြသည်။ ၎င်းပြင် မိဘများ၏ ကလေးအပေါ် တင်းမာစွာဆက်ဆံတတ်ခြင်း၊ ဖိအားပေးခြင်းများကြောင့် နှလုံးရောဂါပင်ရလာတတ်သည်ကို သတိပြုရမည်။

ယာဘက်လက်သူကြွယ်အောက်ဘက် နှလုံးလမ်းကြောင်းပေါ်၌ လမ်းကြောင်းများဖွာထွက်၍အစက်အပြောက်ပါရှိနေခြင်းများက နှလုံးရောဂါဖြစ်လာ



**အသက်(၁၀) နှစ်အရွယ်ယောကျာ်းကလေး၏ ဝဲနှင့်ယာလက်ဝါးပုံစံနမူနာ**



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည့် နိုင်လုံသော နိမိတ်လက္ခဏာများပင်ဖြစ်သည်။

**ကိုယ်ပိုင်ဉာဏ် (ကိုယ်စွမ်းကိုယ်စ) မရှိသူ၏ လက်ဝါးပုံစံ**



(၁၆) နှစ်အရွယ် ယောက်ျားကလေးတစ်ဦး၏ လက်ဝါးပြင်အား လေ့လာရာ၌ သူသည် ဂီတကိုချစ်မြတ်နိုးသော်လည်း မည်သည့်တူရိယာပစ္စည်းကိုမျှ ကိုင်တွယ်တီးခတ်ခြင်း၊ လေ့လာသင်ယူခြင်းမရှိသူအဖြစ် တွေ့ရသည်။ အမြဲတစေ ယောက်ယက်ခတ်နေတတ်ပြီး စကားပြောဆိုရာ၌ လက်ပေါက်ကပ်တတ်သည်။ သူ၏မိဘများက အသင့်အတင့် ချမ်းသာကြွယ်ဝကြသော်လည်း ၎င်းတို့၏သားဖြစ်သူက မည်မည်ရရစိတ်ဝင်စားမှုမရှိခြင်း၊ ဦးတည်ရာပန်းတိုင်မဲ့နေခြင်းအပေါ် စိုးရိမ်ပူပန်နေကြရသည်။

**သရုပ်ခွဲလေ့လာခြင်း**

ဖော်ပြပါ လက္ခဏာရှင်၏ လက်ချောင်းများ တိုတောင်း၍ လက်သန်းက အတွင်းဘက်ကွေးနေခြင်းက အများနှင့်ဆက်ဆံပြောဆိုရာ၌ အဆင်ပြေချောမွေ့မှုမရှိသူ၊ မိမိကိုယ်ကျိုးအတွက်သာ ကြည့်တတ်သူအဖြစ် ဖော်ပြနေပါသည်။ ၎င်းပြင် လက်မပျော့ပြောင်းခြင်းကြောင့် ကမူးရှူးထိုးလုပ်တတ်သူအဖြစ် တွေ့ရ

သို့သော် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က အစနေရာ၌ ချိတ်ဆက်နေခြင်းကြောင့် သတိထားတတ်သည့်သဘောဖော်ပြပြီး ဦးခေါင်းလမ်းကြောင်း ဖြောင့်တန်းခြင်းကြောင့် လက်တွေ့ကျကျ တွက်ချက်လုပ်ကိုင်တတ်သူဖြစ်ကြောင်း ရည်ညွှန်းနေပါသည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ ကြားနေရာကျယ်ပြန့်နေခြင်းကြောင့် တစ်ဖက်သား၏ခံစားမှု အသိ-အမြင်များအပေါ် သည်းခံနားလည်ပေးနိုင်စွမ်းရှိတတ်သည်။ ၎င်းပြင် လက်ညှိုးရှည်လျားခြင်းကြောင့် တစ်ပါးသူအပေါ် ကိုယ်ချင်းစာစိတ်ဖြင့် ညှာတာထောက်ထားတတ်သူလည်းဖြစ်သည်။ ဖော်ပြပါ လက္ခဏာရှင်၏ နှလုံးလမ်းကြောင်း ရှည်လျားဖြောင့်တန်းခြင်းကြောင့် လိင်ကိစ္စ၌ခံစားမှုလွယ်သူဖြစ်ပြီး လက်ချောင်းထိပ်ဖျားများဝိုင်းနေခြင်းကြောင့် အနုပညာ၌ စိတ်ဝင်စားတတ်သူဖြစ်သည်။

လက္ခဏာရှင်၏ အထက်ပါကောင်းမွန်သော စရိုက်လက္ခဏာများပါရှိနေသော်လည်း ကံလမ်းကြောင်း မှိန်-ပျက်-မထင်ရှားနေခြင်းကြောင့် ရည်မှန်းချက်ပန်းတိုင် တိတိကျကျမရှိသူအဖြစ် တွေ့ရပါမည်။

**ကောက်ချက်ချခြင်း**

ဖော်ပြပါ လက္ခဏာရှင်အနေဖြင့် အတတ်ပညာသင်ကြားခြင်း၌ လွယ်ကူလျင်မြန်တတ်သော်လည်း ပညာတတ်ဖြစ်လာသည့်တိုင် ရည်မှန်းချက်တိတိကျကျမရှိခြင်းကြောင့် အကျိုးမဲ့အချိန်ကုန်ဆုံးနေတတ်သည်။ ထိုလက္ခဏာရှင်နှစ်မျိုးအား မိဘဖြစ်သူတို့က မှန်ကန်စွာလမ်းကြောင်းတည့်ပေးရန် လိုပါသည်။

**လိင်တူဆက်ဆံသူလူငယ်၏ လက်ဝါးပုံစံ (1)**



လိင်တူဆက်ဆံသူ (အသက် ၁၄ နှစ်အရွယ် လူငယ်အမျိုးသား) အား လေ့လာစစ်ဆေးရာတွင် မိဘများအနေဖြင့် သူနှင့်လိုက်ဖက်သော အသက်မွေးဝမ်းကြောင်းအလုပ်တစ်ခုခုရရှိရန် ဆန္ဒရှိနေကြောင်း တွေ့ရှိရသည်။

**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများကိုလေ့လာပါက လက်ချောင်းတည်ဆောက်ပုံအရွယ်အား မကောင်းခြင်းကြောင့် မိမိကိုယ်မိမိတန်ဖိုးမထားတတ်သူ၊ စိတ်အားငယ်တတ်သူအဖြစ်တွေ့ရမည်။ လက်ချောင်းထိပ်ဖျားအားလုံး၌ 'အလိပ်လိုက်ဖွေ့' (whorl) ပါရှိခြင်းကြောင့် လွတ်လပ်မှုကိုမြတ်နိုးသူ၊ တစ်ဦးတည်းလျှို့ဝှက်သိုသိပ်ကျစ်လျစ်စွာနေတတ်သူဖြစ်ကြောင်း ထင်ရှားပါသည်။ လက်မအနေဖြင့် ပျော့ပြောင်းအားနည်းခြင်းကြောင့် တစ်ခါတစ်ရံ စိတ်ခံစားမှုနောက်လိုက်၍ ကမူးရှူးထိုးပြုတတ်သည်။ ၎င်းအပြင် ဦးခေါင်းလမ်းကြောင်းတည်ဆောက်ပုံ မကောင်းဘဲ ကွန်းခံနေသည့်အပြင် နှလုံးလမ်းကြောင်း တိုတောင်းဖြောင့်တန်းနေခြင်းကြောင့် လိင်ကိစ္စ၌ မိန်းမဆန်တတ်သူ (သို့) စိတ်ပိုင်းဆိုင်ရာအရ ကျားသဘာဝနှင့် မသဘာဝ (၂) ခုစလုံး ရောယှက်ပါဝင်နေတတ်သူအဖြစ် တွေ့ရှိရသည်။ လက်ဝါးပြင်ကို လေ့လာပါက လက်ချောင်းများ၏အောက်ခြေ၌ ခါးပတ်ပုံစံအမှတ်အသားတစ်ခုပါရှိနေတတ်သည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ကြားနေရာကျဉ်းမြောင်းနေခြင်းက စိတ်ပိုင်းဆိုင်ရာ၌ သူတကာထက်ထူးခြားသော စရိုက်လက္ခဏာရှိသူအဖြစ် ဖော်ပြပါသည်။

**ကောက်ချက်ချခြင်း**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျဉ်းမြောင်းခြင်းကြောင့် တစ်ကိုယ်ကောင်းဆန်တတ်သူအဖြစ် ကောက်ချက်ချနိုင်သည့်ပြင် လက်ချောင်းထိပ်ဖျားများ၌ 'အလိပ်လိုက်ဖွေ့' (whorl) ပါရှိခြင်းကြောင့် သူတကာထက် လျှို့ဝှက်သူ၊ တစ်မူထူးသူ (ဆန့်ကျင်ဘက်လိင်အစား) လိင်တူဆက်ဆံတတ်သူအဖြစ် အဖြေထုတ်နိုင်ပါသည်။ ထို့ပြင် လက်မတည်ဆောက်ပုံအားနည်း-ညှို့ဖျင်းခြင်းကြောင့် မကောင်းသော မိတ်ဆွေရင်းချာတို့၏ ဩဇာလွှမ်းမိုးအနိုင်ကျင့်ခြင်း၊ အလွယ်တကူဖျက်



www.burmeseclassic.com

www.burmeseclassic.com

ဆီးခြင်းခံရတတ်ပါသည်။

**လိင်တူဆက်ဆံသူလူငယ်၏ လက်ဝါးပုံစံ (၁)**



အထက်၌ဖော်ပြပြီးသော လက်ဝါးပုံစံ (1) ရှိ လက္ခဏာရှင်၏ လက်ဝါးအား (၂)နှစ်ခန့်ကြာပြီးနောက် ပြန်လည်လေ့လာရာ၌ -

**သရုပ်ခွဲလေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်း ယခင်ကထက် ပိုမိုထင်ရှားလာပြီး နှလုံးလမ်းကြောင်းကလည်း မူလထက်ပိုရှည်လျားလာသည်ကို တွေ့ရသည်။ လက်ဝါးပြင်တစ်ခုလုံးအား ဖြန့်ကြက်ကြည့်ပါက ရှင်းလင်းထင်ရှားပြီး စိတ်ပိုင်းဆိုင်ရာအား အနှောင့်အယှက်ပေးနေသည့်လမ်းကြောင်းများ ပျောက်ကွယ်သွားသည်ကို တွေ့ရသည်။ ထိုအခါ စိတ်ဆုံးဖြတ်ချက် မျှတ-မှန်ကန်မှုရှိလာပါမည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း ကြားနေရာကျယ်ပြန့်လာခြင်းကြောင့် အရာရာစဉ်းစားချင့်ချိန်စွာဖြင့် လုပ်ကိုင် ဆောင်ရွက်လာနိုင်သူ ဖြစ်ပါမည်။

**လိင်တူဆက်ဆံသူလူငယ်၏ လက်ဝါးပုံစံ (3)**

ဖော်ပြပါလက္ခဏာရှင်၏လက်ဝါးပြင်အား (၇) နှစ်ခန့်ကြာပြီးနောက် ပြန်လည်လေ့လာရာ၌ -

**သရုပ်ခွဲလေ့လာခြင်း**

လက်ညှိုးက သာမန်ထက် တိုတောင်း၍ လက်မတည်ဆောက်ပုံက ယခင်ကထက် အနည်းငယ် တိုးတက်ဖွံ့ဖြိုးလာသော်လည်း ဆက်လက်ပျော့ပျောင်းလျက်ရှိနေသေးသည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစနေရာ၌ ယခင်ကထက် ပိုမိုတင်းကျပ်စွာချိတ်ဆက်နေခြင်းကြောင့် မိမိကိုယ်မိမိယုံကြည်မှုလျော့နည်းခြင်းမှ ကောင်းမွန်စွာ တိုးတက်လာခဲ့သည်။ သို့သော် နှလုံးလမ်းကြောင်းတည်ဆောက်ပုံ ယခင်ထက် ပိုမိုရှည်ထွက်လာခြင်းကြောင့် ယခင်က စိတ်ပိုင်းဆိုင်ရာထူးခြားမှုအရ ဖို-မသဘာဝ (၂) မျိုးစလုံး ရောယှက်ပါဝင်နေရာမှ ယခုအခါ မသဘာဝဘက်သို့ ပိုမိုအားသန်လာသော လူငယ်အမျိုးသားအဖြစ် ထူးခြားစွာ တွေ့ရှိရသည်။ ထို့ပြင် လက်ချောင်းများ အောက်ခြေရှိ ခါးပတ်ပုံစံရှိ မျဉ်း (လမ်း ကြောင်း) က ပိုမိုထင်ရှားလာပြီး ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာလည်း ကျဉ်းမြောင်းလာသည်ကို တွေ့ရသည်။

**ကောက်ချက်ချခြင်း**

အဆိုပါလက္ခဏာရှင်၌ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်ခြင်းနှင့် စိတ်သိမ်ငယ်အားငယ်ခြင်းသဘော (၂) ရပ်စလုံးပါရှိနေသည်။ သို့သော်လည်း စိတ်ပိုင်းဆိုင်ရာအရ မသဘာဝဘက် အားသာသွားခြင်းကြောင့် လိင်တူဆက်ဆံတတ်သည့် စရိုက်လက္ခဏာပိုမိုလွှမ်းမိုးလာခဲ့သည်။ အဆိုပါလူငယ်အနေဖြင့် အမျိုးသမီးများအပေါ် စိတ်ဝင်စားခြင်းမရှိဘဲ လိင်တူ (အမျိုးသားချင်း) ကိုသာ စိတ်ဝင်စားကြောင်း ကိုယ်တိုင်ဖွင့်ဟဝန်ခံခဲ့သည်။



**လိင်တူဆက်ဆံသူလူငယ်၏ လက်ဝါးပုံစံ (၃)**

**လည်ပင်းအောက်ခြေ (အတွင်းဘက်) အနီးတည့်ရှိသော Thymus gland ကြီးထွားနေသူ၏ လက်ဝါးပုံစံ**



ဖော်ပြပါလက်ဝါးပိုင်ရှင် (၁၆) နှစ်အရွယ် မိန်းကလေးအား လေ့လာစစ်ဆေးရာ၌ မိဘများအနေဖြင့် သူမ၏ စိတ်ခံစားမှုလွယ်ခြင်းအပေါ် စိတ်တိုင်းမကျဖြစ်နေကြသည်။

**သရုပ်ခွဲလေ့လာခြင်း**

အဆိုပါ မိန်းကလေး၏ လက်ချောင်းများက အနုပညာဆန်ဆန်ရှိနေပြီး လက်ခလယ်နှင့် လက်သန်းများက အတွင်းဘက်သို့ ကွေးလျက်ရှိနေကြသည်။ လက်ဝါးပြင်ပါ လမ်းကြောင်းများက အဆုံးစွန်သေးမျှင်ပြီး ဦးခေါင်းလမ်းကြောင်းအနေအထား ယိုင်နဲ့လျက်ရှိသည်။ ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းတို့ အစနေရာ (၂) ခု ကြားနေရာသည် တစ်ခါတစ်ရံ စိတ်ကမောက် ထိုးဖြစ်တတ်ခြင်း၊ တုံ့ပြန်မှုလျင်မြန်ခြင်း၊ စိတ်မရှည်တတ်ခြင်း စရိုက်လက္ခဏာများကို ဖော်ပြသည်။

**ကောက်ချက်ချခြင်း**

လက်မအောက်ခြေမှ များ သောလမ်းကြောင်းများက အသက်လမ်းကြောင်းကိုဖြတ်လျက် လက်ဝါးပြင် အလယ်ကောင်သို့ဝင်သွားခဲ့ပါက တုံ့ပြန်မှုလွယ်ကူလျင်မြန်သူဖြစ်ကြောင်း အ ထုတ်နိုင်ပါသည်။ ၎င်းပြင် Thymus gland ကြီးထွားနေသူဖြစ်ခြင်းကြော ရုတ်တရက်သေဆုံးနိုင်သည့် အန္တ ရှိနေသူလည်းဖြစ်သည်။

ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းဆောက်

## ဝန်းမော်ဆရာတော်၏ ဂုဏ်တော်ဆယ်ပါးပုတီးစိပ်



ဝန်ထမ်းဘဝတွင် တာဝန်များပိနေ၍ လုပ်ဆောင်စရာ အလုပ်များကို မဆောင်ရွက်နိုင်ခဲ့သဖြင့် အငြိမ်းစားယူပြီးချိန်တွင်လုပ်ဆောင်ရန် အလုပ်များကို လုပ်ကိုင်ရတော့မည်။ ပထမဆုံးဆောင်ရွက်ချင်သည်မှာ နယ်တွင်နေထိုင်သော အစ်ကိုကြီးကို သွားရောက် တွေ့ဆုံရန်ဖြစ်သည်။ အစ်ကိုကြီးမှာ စာရေးသူထက် အသက် (၁၀) နှစ်ကြီးသဖြင့် စာရေးသူအငြိမ်းစားယူချိန် အစ်ကိုကြီး အသက်(၇၀)ကျော်ပြီ ဖြစ်သည်။ ယခင်က အစ်ကိုကြီးသည် တစ်နှစ်တစ်ခေါက် ရန်ကုန်သို့ လာလေ့ရှိသော်လည်း သူဝေဒနာခံစားရသည်မှစ၍မလာနိုင်တော့ပါ။ လွန်ခဲ့သော (၅) နှစ်က သူနောက်ဆုံးရောက်လာပါသည်။ သူရောက်ရှိလာသည်မှာလည်း စိုးရိမ်စရာအခြေအနေနှင့် ရောက်လာခြင်း ဖြစ်သည်။ နှလုံးရောဂါအပြင်းအထန်ခံစားနေရသဖြင့် မြို့နယ်ဆရာဝန်ကြီးက အထူးကုသမားတော်ကြီးများနှင့်ပြသရန် အကြံပြုသဖြင့် ရန်ကုန်သို့ရောက်လာခြင်း ဖြစ်သည်။ အစ်ကိုကြီး၏ ရောဂါအခြေအနေကို စာရေးသူကိုယ်တိုင် အထူးကုဆေးခန်းများသို့ လိုက်လံပြသစစ်ဆေးခဲ့ပါသည်။ စစ်ဆေးချက်အားလုံးကို စစ်ဆေးပြီး သမားတော်ကြီးများက မှတ်ချက်ပြုပါသည်။

"အသက်ရှင်ဖို့ဆိုရင် ခွဲစိတ်ကုသရပါမယ်။ ခွဲစိတ်ရင်နိုင်ငံခြားကိုသွားပြီး ကုသနိုင်ရင် အကောင်းဆုံးပါ။ ဒီမှာ ကုသချင်တယ်ဆိုရင် ကျုပ်တို့အစွမ်းကုန် ကြိုးစားပေးပါ့မယ်"

ဆရာကြီး၏ စကားတွင် ရောဂါအခြေအနေမှာ စိုးရိမ်ဖွယ်အရိပ်အမြွက် [illegible]ဖြင့် အစ်ကိုကြီး၏ဆန္ဒကို မေးရသည်။ အစ်ကိုကြီးမှာ ငွေကြေးပြည့်စုံ[illegible] ပြန်ပသို့သွားရောက်ကုသနိုင်သူ [illegible]သည်။ အစ်ကိုကြီး၏ တစ်ဦးတည်းသောသားမှာလည်း စီးပွားရေးကောင်း[illegible] ငွေအတွက် ပူပင်စရာမရှိပါ။ [illegible]ပျောက်မည်ဆိုပါက သိန်းနှစ်ရာ၊ [illegible]အထိ အကုန်အကျခံနိုင်သူများ [illegible]သည်။ သို့သော် အစ်ကိုကြီးက ခေါင်းမာသူဖြစ်သည်။ ခွဲစိတ်ကုသမည့် အစီအစဉ်ကို လုံးဝလက်မခံပါ။ မည်သူမျှပြောမရအောင် ငြင်းဆန်နေပါသည်။ သူပိုင်ငွေကျပ်သိန်းနှစ်ရာ၊ သုံးရာကို ရောဂါကုသမည့်အစား မသေခင် အလှူဒါနပြုချင်နေပါသည်။

"ငါ အသက် (၇၀) ကျော်ပါပြီ။ ဒါလောက်နေရရင် သေပျော်ပါပြီ။ အခုနေ ငါသေခဲ့ရင် ဘာမှပါသွားမှာမဟုတ်ဘူး။ သံသရာအတွက်ပါအောင်ယူသွားချင်တယ်။ အခုဘဝမှာ အစစပြည့်စုံခဲ့တယ်။ ငွေရှိတယ်၊ တိုက်ရှိတယ်၊ ကားရှိတယ်၊ သား၊ ချွေးမနဲ့ မြေးတွေရှိတယ်။ လက်ရှိပိုင်ဆိုင်မှုတွေက သံသရာကို ဘာတစ်ခုမှယူသွားလို့မရဘူး။ ငါနောင်သံသရာအတွက်ပါအောင် ယူသွားချင်တယ်။ ဒီတော့ ဆေးကုမယ့်ငွေတွေကို ကျောင်းဆောက်၊ ဓမ္မာရုံဆောက်မယ်။ ငါ့အသက်နဲ့လဲတယ် သဘောထားလိုက်တော့မယ်"

အစ်ကိုကြီးကို မည်သူမျှနားချ၍ မရပါ။ တစ်ဦးတည်းသောသားက ဆေးကုသငွေအားလုံးသူပေးပါမည်ဟု ပြောသော်လည်းလက်မခံပါ။ အစ်ကိုကြီးက သူ၏ဆုံးဖြတ်ချက်အတိုင်း သူမသေခင် ဆောင်ရွက်စရာများကို ဆောင်ရွက်ရန် ပြန်သွားပါသည်။ မြို့သို့ရောက်သည်နှင့် မြို့ဦးကျောင်းဆရာတော်အတွက် တိုက်ကျောင်းကြီးကို ကိုယ်တိုင်ကြီးကြပ်၍ ဆောက်လုပ်နေသည်ဟု ကြားရသည်။ ကျောင်းကြီးဆောက်လုပ်ပြီးစီးသည့်အခါ ဝိပဿနာတရားကျင့်ပွားရန် ဓမ္မာရုံနှင့် အတူ ယောဂီများနေရန် အဆောင်များ ဆောက်လုပ်ခဲ့သည်ဟု ကြားသိရပါသည်။

ရန်ကုန်မှ ပြန်သွားပြီးနောက် အစ်ကိုကြီးကို လုံးဝမတွေ့ရတော့ပါ။ အစ်ကိုကြီး၏ ရောဂါအတွက် စိတ်ပူပြီး သွားကြည့်ရန် ကြိုးစားသော်လည်း အလုပ်များ မအားနိုင်အောင်ရှိသဖြင့် မသွားနိုင်ခဲ့ပါ။ ဘယ်နေ့ အစ်ကိုကြီး၏ သတင်းဆိုးကြားရမည်ကို ရင်တထိတ်ထိတ်နှင့်စောင့်ရင်း ခံစားနေရပါသည်။ သတင်းဆိုးများ မကြားရသော်လည်း စိတ်မအေးနိုင်ဘဲအမြဲစုံစမ်းနေခဲ့ရသည်။ ကျောင်းဆောက်၊ ဓမ္မာရုံဆောက်နေသည့်သတင်းများကိုသာ ကြားရပါသည်။ သူ၏ကောင်းမှုအဆောက်အအုံများကို ကိုယ်တိုင် ရေစက်မျှချသွားနိုင်ပါ့မလားဟု စိတ်ပူရပြန်သည်။ အစ်ကိုကြီးထံ သွားကြည့်ရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း မသွားနိုင်ခဲ့ပါ။ အစ်ကိုကြီး၏ရုပ်ပုံကို အမြဲမြင်ယောင်နေပါသည်။ အစ်ကိုကြီး၏ ရုပ်လက္ခဏာ မည်သို့ရှိမည်ကို မှန်းဆ၍ကြည့်နေရသည်။ မီးစာကုန်ဆီခန်း၍ လူရုပ်မပေါ်အောင်ဖြစ်နေပြီလား။ ရောဂါကျွမ်း၍ ရုပ်ပျက်ကာ အိပ်ရာထဲလဲနေပြီလားဟု အမျိုးမျိုးတွေးနေမိပါသည်။

အငြိမ်းစားရသည်နှင့် တွေ့ချင်လွန်းသော အစ်ကိုကြီးဆီသို့ အရင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

သွားရောက်ခဲ့ပါသည်။ မြို့သို့ရောက်သည်နှင့် အစ်ကိုကြီး၏အိမ်သို့ဝင်လိုက်ရာ သားကြီးနှင့်တွေ့ရသည်။ သားကြီး၏မျက်နှာမှာ ပြုံးပြုံးရွှင်ရွှင်တွေ့ရသဖြင့် အနည်းငယ်စိတ်အေးရပါသည်။ အစ်ကိုကြီး ဘုန်းကြီးကျောင်းကိုသွားကြောင်း သိရ၍ အစ်ကိုကြီးရှိရာ မြို့ဦးကျောင်းသို့ ချက်ချင်းလိုက်ခဲ့သည်။ ကျောင်းသို့ဝင်လိုက်သည်နှင့် အစ်ကိုကြီးကို ချက်ချင်းတွေ့ပါသည်။ အစ်ကိုကြီးကို မြင်ရသည်မှာ မယုံကြည်နိုင်လောက်အောင် အတွေးပုံရိပ်နှင့် ကွာခြားလွန်းသည်ကို တွေ့ရပါသည်။ အစ်ကိုကြီးအတွက် စိတ်ပူခဲ့ရသမျှ စိုးရိမ်မိခဲ့သမျှ အပူသောကများချက်ချင်းပျောက်သွားပါသည်။ အစ်ကိုကြီးမှာ ရောဂါသည်နှင့်မတူဘဲ ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ် ပြုံးပြုံးရွှင်ရွှင်တွေ့လိုက်ရပါသည်။ အရွယ်နှင့်မလိုက်အောင်မြန်ဆန်သွက်လက်နေသဖြင့် အံ့သြမိရပါသည်။

"ညီလေး၊ ဒီကျောင်းသစ်ကြီးက ဆရာတော်ကြီးအတွက် စံကျောင်းကြီးလေ။ ဟိုဘက်က ဓမ္မာရုံကြီး၊ ဓမ္မာရုံကြီးရဲ့ဘေးမှာ ယောဂီတွေနေတဲ့အဆောင်တွေပေါ့။ အခု ယောဂီတွေ ဓမ္မာရုံကြီးထဲမှာ တရားအားထုတ်နေကြတယ်။ အဲဒီကောင်းမှုတွေအတွက် မြင်လိုက်ရတိုင်း ကြည်နူးမိတယ်။ အဲဒီကုသိုလ်တွေကြောင့် စိတ်ချမ်းသာပြီး ကျန်းမာရေးလည်းကောင်းသွားတယ်။ အခု ငါ့မှာ နှလုံးရောဂါမရှိတော့ဘူး။ ဆရာဝန်ကြီးနဲ့ (၆) လတစ်ခါလောက် သွားပြပြီး ဆေးစစ်တယ်။ အံ့သြစရာပဲကွာ၊ ဘာရောဂါမှမတွေ့ရတော့ဘူး"

အစ်ကိုကြီးမှာ ဝမ်းသာနေပုံရသည်။ သူ့ကိုကြည့်ရင်း ဝမ်းသာရပါသည်။ အစ်ကိုကြီးကို မေးချင်သဖြင့် မေးလိုက်ရသည်။

"အစ်ကိုကြီးရဲ့ရောဂါပျောက်ကင်းပုံက အံ့သြစရာပဲနော်"

"အချိန်မီ ဆရာကောင်းနဲ့တွေ့လို့ အသက်ရှင်တာပေါ့။ တွေ့တဲ့လူတိုင်း အံ့သြနေကြတာပဲ"

"ဘယ်ကဆရာလဲ အစ်ကိုကြီး"

"ပြောလိုက်ရင်မင်းသိပ်အံ့သြမှာ"

"ပြောပါ အစ်ကိုကြီး"

"လာ - ကျောင်းထဲသွားမယ်၊ ကျောင်းထဲရောက်မှ အေးအေးဆေးဆေးပြောကြတာပေါ့"

အစ်ကိုကြီး၏နောက်ကလိုက်ခဲ့ရသည်။ ကျောင်းထဲတွင် စားပွဲတစ်လုံးရှေ့နှစ်ဦးသားထိုင်လိုက်ပြီးမှ အစ်ကိုကြီးက သူ့ဇာတ်ကြောင်းကို အသေးစိတ်ပြောပြပါသည်။

အစ်ကိုကြီးသည် ဆရာတော်အတွက် ကျောင်းသစ်ကြီးဆောက်ရန် ကြံစည်ရတော့သည်။ နေ့စဉ် မြို့ဦးကျောင်းသို့သွား၍ ပန်းရန်ဆရာများ၊ လက်သမားများနှင့် တိုင်ပင်ကြသည်။ ကျောင်းစတင်ဆောက်သည်မှစ၍နေ့စဉ် နံနက်စောစော ကျောင်းသို့သွားသည်။ ကျောင်းတွင် စီစဉ်စရာရှိသည်များကို စီစဉ်ပြီး ဘုန်းကြီးဆွမ်းစားချိန်တွင် အိမ်သို့ပြန်ကာ နေ့လယ်စာစားသည်။ နေ့လယ်စာစားပြီးသည်နှင့် ကျောင်းသို့ပြန်သွားသည်။ ယာယီဆောက်လုပ်ထားသော ဝါးတဲတွင် ယောဂီများနှင့် ဝိပဿနာတရားကိုတစ်နာရီထိုင်ပြီး ဆရာတော်၏ကျောင်းသို့ပြန်လာသည်။ ဆရာတော်၏ကျောင်းတွင် ဆရာတော်ပေါင်းများစွာတို့ဟောကြားထားသည့်တရားကက်ဆက်ခွေများကိုဖွင့်၍ တရားနာလေ့ရှိသည်။

ထိုသို့ အားလပ်ချိန်ရတိုင်း တရားခွေများကို နာကြားခဲ့ရာ တစ်နေ့တွင် ဇန်းမော်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရာဘိဝံသ၏ တရားခွေကို နာဖြစ်ခဲ့သည်။ ဆရာတော်ကြီးမှာ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရထားပြီး ပိဋကတ်ကျမ်းဂန်နှံ့စပ်ကျွမ်းကျင်ရုံသာမက အဟောအပြောအသံနေအသံထားကအစ ကြည်လင်ပြတ်သားလှပါသည်။ ဆရာတော်ကြီးဟောကြားသော ဂုဏ်တော်ဆယ်ပါးတရားကို နာကြားလိုက်ရပြီး နားမှာစွဲသွားပါသည်။ ယခင်ကသိထားသည်မှာ ဂုဏ်တော်ကိုးပါးသာဖြစ်သော်လည်း ဆရာတော်ကြီးမှ ဘုရား ဂုဏ်တော်ဆယ်ပါးဟုဟောကြားသဖြင့် ထူးခြားနေသည်။ ဆန်းမပြောက် ဂုဏ်တော်ဖြစ်သော အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်ကို နှစ်ပိုင်းပိုင်းလိုက်ခြင်း ဖြစ်သည်။ အနုတ္တရောက တစ်ပုဒ်၊ ပုရိသဒမ္မသာရထိက တစ်ပုဒ် ခွဲခြားထားခြင်း ဖြစ်သည်။ ဂုဏ်တော်ဆယ်ပါးကို ဂုဏ်တော်တစ်ပါးလျှင်ပုတီးတစ်ပတ်နှင့် ဂုဏ်တော်ဆယ်ပါးအတွက် (၁၀၈) လုံး ပုတီးကုံးနှင့် ဆယ်ပတ်စိပ်ရုံဖြစ်သည်။ ထိုဂုဏ်တော်ဆယ်ပါးကို နေ့စဉ်စွဲစွဲမြဲမြဲပုတီးစိပ်ပါက လိုအင်ဆန္ဒများပြည့်ဝပြီး အကြံအစည်များ အောင်မြင်မည်ဟု သာဓကများဖြင့် ဟောကြားခြင်း ဖြစ်သည်။ ထိုတရားကိုသဘောကျသဖြင့် အကြိမ်ကြိမ်နာယူခဲ့ပါသည်။

ဆရာတော်ကြီး၏ ဟောကြားချက်တွင် တစ်ခါက ကိုယ်တော်ကြီးတစ်ပါးသည် နေ့စဉ်ဆွမ်းခံရာတွင် အခြားကိုယ်တော်များ ဆွမ်းရရှိသော်လည်း သူ့မှာဆွမ်းမရ၍ စိတ်ပျက်နေခဲ့သည်။ အခြားကိုယ်တော်များ ဆွမ်းခံသည့်အခါ သပိတ်ပြည့်လျှံသည်အထိ ဆွမ်းများရကြသော်လည်း သူ့မှာ ဆွမ်းအနည်းငယ်သာရခဲ့သည်။ သပိတ်တစ်ဝက်အထိ တစ်ခါမှဆွမ်းမရဘူးသဖြင့် စိတ်ပျက်နေခဲ့ရသည်။ ဆရာတော်ကြီးက ထိုကိုယ်တော်ကြီး၏ အဖြစ်အပျက်ကိုမြင်ရသောအခါ ဆွမ်းမရတဲ့ကိုယ်တော်အတွက် ဆွမ်းရရှိလာအောင် ဂုဏ်တော်ဆယ်ပါးကို နေ့စဉ်ရွတ်ရန် ဂုဏ်တော်တစ်ပါးကို (၁၀၈) လုံးပုတီးကုံးနှင့် တစ်ပတ်ကျ ဂုဏ်တော်ဆယ်ပါးအတွက် ဆယ်ပတ်ပြည့်အောင်စိပ်ရန် တိုက်တွန်းခဲ့သည်။

အရဟံဂုဏ်တော်အတွက် ပုတီးတစ်ပတ်၊ သမ္မာသမ္ဗုဒ္ဓေါအတွက် ပုတီးတစ်ပတ်၊ ဝိဇ္ဇာစရဏသမ္ပန္နောအတွက် ပုတီးတစ်ပတ်၊ သုဂတောအတွက် ပုတီးတစ်ပတ်၊ လောကဝိဒူအတွက် ပုတီးတစ်ပတ်၊ အနုတ္တရောအတွက် ပုတီးတစ်ပတ်၊ ပုရိသဒမ္မသာရထိအတွက် ပုတီးတစ်ပတ်၊ သတ္ထာဒေဝမနုဿာနံအတွက် ပုတီးတစ်ပတ်၊ ဗုဒ္ဓေါအတွက် ပုတီးတစ်ပတ်၊ ဘဂဝါအတွက် ပုတီးတစ်ပတ် မနက်တိုင်း ပုတီးဆယ်ပတ်စိပ်၊ နေ့လယ်ဆယ်ပတ်၊ ညအိပ်ရာဝင်ခါနီး ဆယ်ပတ်စိပ် နေ့စဉ်စိပ်စေခဲ့သည်။ ကိုယ်တော်ကြီးကလည်း နေ့စဉ်သုံးကြိမ် ကြိုးစားပြီးစိပ်ခဲ့ရာ တစ်ပတ်ခန့်အကြာတွင် ထူးခြားမှုကို တွေ့လာရသည်။ ဆွမ်းများ တစ်နေ့ထက်တစ်နေ့ တိုး၍တိုး၍ရလာသည်။ ကိုယ်တော်ကြီးမှာလည်း ဂုဏ်တော်ကို ယုံကြည်လာပြီး ပိုမိုကြိုးစား၍ပုတီးစိပ်ခဲ့ပါသည်။ တစ်လကျော်သည်နှင့် သပိတ်ပြည့်အောင် ဆွမ်းများရရှိလာပါသည်။ တစ်လကျော် နှစ်လခန့်တွင် ဆွမ်းများသပိတ်ပြည့်၍ မသယ်နိုင်လောက်အောင် ရလာပါသည်။ ဆွမ်းများမသယ်နိုင်တော့သဖြင့် ဒုက္ခကြုံတွေ့နေရသဖြင့် ဆရာတော်ကြီးထံ ပြန်လည်လျှောက်ထားရတော့သည်။

ဆရာတော်ကြီးမှ ဆွမ်းများ[illegible] တာထက် ပိုရနေလျှင် ပုတီးစိပ်ကို[illegible] နည်းစီလျှော့စိပ်ရန်အကြံပေးလိုက်သည်။ ပုတီးစိပ်ခြင်းကို ပုတီးပတ်[illegible]နည်း[illegible]


www.burmeseclassic.com

www.burmeseclassic.com

…ှ၍စိပ်ရာ ဆွမ်းရရှိမှုမှာလည်း …းနည်းချင်း လျော့သွားပါသည်။ …တ်ပြည့်ရုံအနေအထားသို့ ရောက် …သည့်အခါ ထိုအနေအထားအတိုင်း …်းပတ်စိပ်ခဲ့ရာ အဆင်ပြေခဲ့ပါသည်။

ဗန်းမော်ဆရာတော်ကြီး ဟောတဲ့ …ရားက ဒါပဲဖြစ်ပါသည်။ ထိုတရားကို …ပ်သဘောကျပြီး အခါခါနာကြားခဲ့ပါ …ည်။ ထိုတရားတော်ကြောင့် ဆွမ်းခံ …မရသော ကိုယ်တော်များ လိုက်လုပ် …သဖြင့် ဆွမ်းခံ၍ရကြောင်း ကြားသိရ …သည်။ တစ်နေရာမှတစ်နေရာ ပျံ့နှံ့ … ဆွမ်းခံကိုယ်တော်တိုင်း ဂုဏ်တော် …ပုတီးစိပ်ကြရာ အားလုံးအောင်မြင်မှု …သဖြင့် ထိုပုတီးစိပ်မှာ ကျော်ကြား …ကြောင်း သိရပါသည်။

ဂုဏ်တော်ဆယ်ပါး၏အစွမ်းထက် …အပေါ် စဉ်းစားမိလာသည်။ သူ၏ …သက်ဘေးနှင့်နီးကပ်နေသော ရောဂါ …အတွက် ဂုဏ်တော်ဆယ်ပါးကိုပုတီး …ပါက ပျောက်နိုင်သည်ဟု စိတ်ကူးရ …်သည်။ အနီးတွင်ရှိနေသော မြို့ဦး …ောင်းဆရာတော်ဘုရားကြီးကို သူ၏ …ကူးရရှိမှုအား လျှောက်ထားလိုက် …သည်။ဆရာတော်ကြီးက ချက်ချင်းပြန် …ည်မိန့်ကြားပါသည်။

"ဘုရားဂုဏ်တော်ဆိုတာ အမြင့် …ဆုံး၊ အစွမ်းထက်ဆုံးပဲ ဒကာကြီး။ …ကြီးရဲ့ရောဂါဝေဒနာလောက်က … ပုတီးစိပ်ရုံနဲ့ပျောက်မယ်လို့ …ကြီးယုံကြည်တယ်။ ဒီတော့ တစ်နေ့ …ကြိမ်စပြီး စိပ်ကြည့်ဖို့အကြံပေးချင် …တယ်"

ဆရာတော်ကြီး၏ အားပေးမှု …ောင့် ထိုပုတီးစိပ်ကို တစ်နေ့သုံးကြိမ် …ခဲ့ပါသည်။ တစ်ပတ်ခန့်အကြာတွင် …ပန်းမှုများ သက်သာလာသည်ကို …်ထားမိသည်။ ဟိုတုန်းက အိမ်မှ …ောင်းကို လမ်းလျှောက်လာလျှင် မိနစ် … ကြာတဲ့ခရီးမှာ လေးခါနားပြီးလာ …ည်။ ပုတီးစိပ်ပြီးနောက်ပိုင်း တစ်ပတ် …မှာ သုံးခါသာနားရတော့သည်။ …ပ်ပြီးနောက်ပိုင်း တစ်ပတ်အကြာ …ုံးခါသာနားရတော့သည်။ နှစ်ပတ် …မှာ နှစ်ကြိမ်သာနားရတော့ …။ တစ်လပြည့်တဲ့အခါ လမ်းမှာ …နားရဘဲ ကျောင်းအထိလျှောက် …သည်။ နောက်ပိုင်း မောပန်းခြင်း …ရှိတော့ပါ။ လမ်းလျှောက်ရုံ …က ယခင်ကမလုပ်နိုင်သောအလုပ် …ပါ လုပ်ကိုင်နိုင်လာသည်ကို တွေ့ရသည်။ မနက်စောစောကျောင်းကိုလာသည်။ နေ့လယ် အိမ်ပြန်ထမင်းစားသည်။ ထမင်းစားပြီး ကျောင်းသို့ပြန်လာသည်။ ညအိပ် အိမ်သို့ပြန်သည်။ နေ့စဉ် ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်း လေးခေါက် အသွားအပြန်ခရီးကို မမောမပန်းလျှောက်နိုင်ခဲ့ပါသည်။ ထို့ပြင် ကျောင်းဆောက်ရာတွင် လိုအပ်သည့် ပစ္စည်းများ ရှာဖွေစုဆောင်းရာတွင် ကိုယ်တိုင် လိုက်ပါဆောင်ရွက်နိုင်ခဲ့ပါသည်။ ဟိုယခင်ငယ်စဉ်ကသို့ပင် သွက်လက်ဖျတ်လတ်နေသဖြင့် သူကိုယ်သူပင် အံ့သြနေမိသည်။ မြင်ရသူတိုင်းကလည်း သူ့ကို နှလုံးရောဂါဝေဒနာရှင်ဟု မည်သူမျှမထင်ကြတော့ပါ။ ကျောင်းကြီးကို ပြီးအောင်ဆောက်ရာတွင် ကိုယ်တိုင် အပင်ပန်းခံ ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းကြီးပြီး၍ ရေစက်ချပြီးသည်နှင့် သူ၏ကျန်းမာရေးအတွက် ဆေးရုံအုပ်ကြီးထံ သွားရောက် ပြသစစ်ဆေးခဲ့ပါသည်။

ဆေးရုံအုပ်ကြီးက သူ၏ရောဂါကို တစ်ကြိမ်စစ်သည်။ မကျေနပ်၍ နောက်ထပ်အကြိမ်ကြိမ်စစ်သည်။ ဓာတ်မှန်ရိုက်သည်။ လိုအပ်သည့်စစ်ဆေးမှုများ အကုန်စစ်ဆေးပြီးနောက် ဆရာဝန်ကြီးကိုယ်တိုင် မယုံနိုင်အောင် အံ့သြနေပါသည်။ နှလုံးရောဂါဝေဒနာ မတွေ့ရတော့ကြောင်း ပြောပါသည်။ ရောဂါပျောက်ကင်းကြောင်းသိလိုက်ရ၍ ဝမ်းသာကာ ဂုဏ်တော်ဆယ်ပါး၏ တန်ခိုးတော်ကို ယုံကြည်မိပါသည်။ တစ်နေ့သုံးကြိမ် ပုံမှန်ရွတ်သာမက အချိန်အားရတိုင်း ပုတီးစိပ်နေမိပါသည်။ ဝိပဿနာတရားအတွက် ဓမ္မာရုံကြီးဆောက်ရာတွင် ဝိပဿနာတရားကျင့်လိုက်၊ ပုတီးစိပ်လိုက်နှင့် ဓမ္မာရုံကြီးပါ ပြီးစီးခဲ့ပါသည်။ ဓမ္မာရုံကြီးပြီးစီးသည်နှင့် ယောဂီအမျိုးသားများအတွက် တစ်ဆောင်၊ အမျိုးသမီးများအတွက် တစ်ဆောင် ဆောက်လုပ်ပေးခဲ့ပါသည်။ ရပ်ဝေးမှလာရောက်ပြီးတရားအားထုတ်လိုသူများအတွက် အဆင်ပြေစေခဲ့ပါသည်။ ယခုအခါတွင် ကျောင်းသို့ နေ့တိုင်းသွား၍ တရားအားထုတ်ရင်း လှူဒါန်းခဲ့သော စံကျောင်းတော်ကြီးကြည့်၍ ပီတိဖွားများနိုင်သည်။ ဓမ္မာရုံကြီးတွင် နေ့စဉ်တရားကျင့်ကြံနေသူများကိုကြည့်ရင်း ကျေနပ်နေပါသည်။ နေ့စဉ် ကျောင်းသို့ အသွားအပြန်လေးခေါက်ပုံမှန်သွားနေသည်ကိုကြည့်၍ ဆေးရုံအုပ်ကြီးက နေ့စဉ် လမ်းလျှောက်ခြင်းအတွက် နှလုံးရောဂါ ပျောက်ကင်းသွားကြောင်း မှတ်ချက်ပေးပါသည်။ လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေသဖြင့် ကျန်းမာရေးရှုထောင့်မှ ကြည့်ပါကဖြစ်နိုင်ပါသည်။ နေ့စဉ်တရားအားထုတ်သည့် ယောဂီကြီးတစ်ဦးကမူ ဝင်လေ၊ ထွက်လေကို စနစ်တကျ ကြိမ်ဖန်များစွာ ရှူရှိုက်နေခြင်းကြောင့် နှလုံးရောဂါပျောက်သည်ဟုပြောရာ တရားဘက်မှ အမြင်အရာဖြစ်နိုင်ပါသည်။ ဂုဏ်တော်ဆယ်ပါးပုတီးစိပ်ရာမှ ရောဂါပျောက်ကင်းခဲ့ခြင်းဖြစ်ရာ လမ်းလျှောက်ခြင်းကြောင့် ရောဂါပျောက်ကင်းသည်ဟုပြောပြော၊ ဝင်လေထွက်လေကို စနစ်တကျရှူရှိုက်၍ ရောဂါပျောက်ကင်းသည်ဟုဆိုဆို ရောဂါပျောက်ကင်းမှုအတွက် အထက်ပါအချက်များက အထောက်အကူဖြစ်စေခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

အစ်ကိုကြီး၏ နှလုံးရောဂါသက်သာပျောက်ကင်းသွားသည်မှာ အမှန်ဖြစ်ပါသည်။ ကြားရသူတိုင်း၊ မြင်ရသူတိုင်း အံ့သြနေကြသည်။ အစ်ကိုကြီးက ဗန်းမော်ဆရာတော်ကြီး၏ ဂုဏ်တော်ဆယ်ပါးအစွမ်းကြောင့် သူခံစားခဲ့ရသော ရောဂါပျောက်ကင်းပုံကို တွေ့သူတိုင်းကို အသေးစိတ် ပြောပြလေ့ရှိပါသည်။ ဝိပဿနာဓမ္မာရုံတရားရိပ်သာတွင် ဗန်းမော်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ဆယ်ပါးတရားခွေကို နေ့စဉ်ဖွင့်၍ပြသခဲ့သဖြင့် ကျောင်းသို့ရောက်လာသူတိုင်း နာယူကြရပါသည်။ ဂုဏ်တော်ဆယ်ပါးကို ပုတီးစိပ်သဖြင့် စီးပွားတိုးတက်လာသူများ ကြံစည်သမျှအောင်မြင်လာသူများ၊ ကျန်းမာရေးညံ့ဖျင်းသူများ များစွာရှိလာခဲ့ပါသည်။ အစ်ကိုကြီးသည် နေ့စဉ် ကျောင်းသို့ရောက်တိုင်း သူလှူဒါန်းခဲ့သော အဆောက်အအုံများကိုကြည့်ကာ ကြည်နူးရသကဲ့သို့ ဂုဏ်တော်ဆယ်ပါး ပုတီးစိပ်အစွမ်းဖြင့် တိုးတက်ကြီးပွားလာသူများ၊ ကျန်းမာရေးကောင်းလာကြသူများကိုကြည့်ကာ ဝမ်းသာပီတိဖြစ်၍နေပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း အလွတ်ရနေသော ဘုရားဂုဏ်တော်ကို ဗန်းမော်ဆရာတော်ကြီး ညွှန်ပြထားသည့်အတိုင်း ဂုဏ်တော်ဆယ်ပါးကို နေ့စဉ်ပုတီးစိပ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com

# ကိုသဲယု

(ပုဂံမြို့)

## ဖဲသမားသာခင်နှင့်နတ်စောမေ



အချိန်ကာလအားဖြင့် လွန်ခဲ့သောနှစ်ပေါင်း (၃၀) ကျော် သက္ကရာဇ်အားဖြင့် ၁၉၈၅ ခုနှစ်ခန့်ကဖြစ်ပါသည်။ နေရာဌာနကား ပုဂံညောင်ဦးမြို့နယ် ညောင်ကိုင်းရွာ၏ ထန်းတောအတွင်း လူတစ်ယောက် မြောက်ဘက်သို့ ရှေးရှု၍ လမ်းလျှောက်နေလေသည်။ ထိုလူသည် အနောက်ဘက်ဆီမှ ဝင်လုဆဲ နေမင်းကို တစ်ချက်ကြည့်လိုက်သည်။ အချိန်ကား ညနေလေးနာရီခွဲခန့် နေဝင်လုလုအချိန် ဖြစ်၏။

ထိုသူကား အခြားသူမဟုတ်။ ညောင်ကိုင်းရွာတစ်ရွာလုံး လူကြီးအစ ကလေးအဆုံးသိကြသော ဖဲသမား ကိုသာခင်ဖြစ်လေသည်။ ယခု ကိုသာခင်သည် မြောက်ဘက်ထန်းတောတွင်းရှိ အသုဘတဲသို့ ဖဲရိုက်ရန်သွားနေခြင်းဖြစ်သည်။အသုဘရှင်ကား ကိုသန်းထွန်းနှင့် မကြင်စိန်တို့လင်မယားဖြစ်ပြီး ကွယ်လွန်သူမှာ ကိုသန်းထွန်း၏ ဖခင်ဦးသိန်းလွင်ဖြစ်၏။

ဤနေရာ၌ ကိုသာခင်အကြောင်း အနည်းအကျဉ်း ဖော်ပြရလေသော် ကိုသာခင်သည် ဖဲချိုးကပ်နေသောဝါရင့် ဖဲသမားတစ်ဦးဖြစ်၏။ မိန်းမနှင့် ကလေးနှစ်ယောက်ရှိသည်။ ထိုစဉ်က ကိုသာခင်၏အသက်မှာ (၄၀) နှစ်ခန့်ဖြစ်ပြီး သားငယ်မှာ (၁၃) နှစ်ခန့်ရှိပြီး သမီးငယ်မှာ (၈) နှစ်ခန့်ရှိပြီ ဖြစ်သည်။ မိန်းမဖြစ်သူ မတင်ချစ်ကတော့ ကိုသာခင်အောက် (၂)နှစ်မျှငယ်ပါသည်။

ကိုသာခင်ကို အသုဘအိမ်ဖဲဝိုင်း၊ ချိန်းဝိုင်း၊ ကြိတ်ဝိုင်းများတွင် အမြဲတွေ့နိုင်သည်။ ဖဲမပွတ်ရလျှင်မနေနိုင်သော ဖဲသမားဝါရင့်ကြီးဖြစ်သော်လည်း အရက်နှင့် ထန်းရည်ကိုမူ အပေါင်းအသင်းကောင်းမှ တစ်ပတ်လျှင် တစ်ကြိမ် လောက်သာသောက်ဖြစ်သည်။ အနီး

www.burmeseclassic.com

www.burmeseclassic.com



အနားရွာများတွင် ဝိုင်းကောင်းလျှင်လည်း ဖဲရိုက်ထွက်လေ့ရှိ၍ ညောင်ကိုင်းရွာက ဖဲသမားကိုသာခင်ဆိုလျှင် လူတိုင်းကသိကြ၏။

ဖဲလောင်းကစားကို စွဲစွဲမြဲမြဲကြိုက်နှစ်သက်သော်လည်း အရက်နှင့် ထန်းရည်ကိုမူ တစ်ခါတစ်ရံမျှသာသောက်သော ကိုသာခင်အား မိန်းမဖြစ်သူ မတင်ချစ်ကအလွန်ချစ်ပါ၏။ ယောက်ျားဆိုသည်မှာ အပြစ်အနာအဆာတစ်ခုခုရှိတတ်စမြဲပင်။

ခပ်သွက်သွက်လျှောက်လာသော ကိုသာခင်၏ရှေ့တူရူတွင် တဲဝိုင်းတစ်ဝိုင်းရှိနေသည်။ ထိုတဲဝိုင်းကား ကိုအောင်မိုးနှင့် ကိုသောင်းညွန့်တို့ညီအစ်ကိုတဲဝိုင်းဖြစ်၏။ အသုဘတဲကိုရောက်ရန်ကား ဤတဲဝိုင်းကိုကျော်ရဦးမည်။ ပြီးလျှင် တစ်ရွာလုံး၏ သောက်ရေကန်ဖြစ်သော ကြာအင်းကြီးကန်ကိုကျော်ပြီးမှ ရောက်မည် ဖြစ်သည်။

ကိုသာခင် ထိုတဲအနီးရောက်သော် တဲရှေ့မြေပြင်တွင် ထန်းကြောဖျာပေါ်၌ ထန်းရည်သောက်နေသော ကိုအောင်မိုးနှင့် ကိုသောင်းညွန့်တို့ညီအစ်ကိုကို တွေ့ရသည်။ ကိုသောင်းညွန့်က ကိုသာခင်ကိုမြင်သွားပြီး လှမ်း၍နှုတ်ဆက်၏။

"ဗျို့ - ကိုသာခင်၊ အသုဘအိမ်သွားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပ့ါ ကိုသောင်းညွှန့်ရာ၊ ထုံးစံအတိုင်းပေ့ါဗျာ"

"လာပါဦး ကိုသာခင်ရဲ့ တစ်ခွက်တစ်ဖလားဝင်မော့သွားပါဦး"

"မသောက်တော့ပါဘူးဗျာ၊ တော်ကြာ ကျုပ်ဝင်သောက်နေလို့ ခင်ဗျားတို့ ထန်းရည်မဝဘဲဖြစ်နေဦးမယ်"

"လာစမ်းပါ ကိုသာခင်ရာ၊ ထန်းရည်တွေက အများကြီးရှိသေးတယ်၊ လာပါဗျ"

ကိုအောင်မိုးကပါ ခေါ်နေ၍ ကိုသာခင်မငြင်းသာတော့ဘဲ ဝိုင်းထဲဝင်ထိုင်လိုက်သည်။

"ရော့ - သောက် ကိုသာခင်။ ဒီမှာ အမြည်းကိုလည်းကြည့်ဦး။ အမဲခြောက်ကြော်ရယ်၊ ပဲလှော်ရယ်၊ ဒီမှာ လက်ဖက်သုပ်စားဗျာ"

ကိုသောင်းညွှန့်က ထန်းရည်တစ်ခွက်ငှဲ့ပေးပြီး အမြည်းပန်းကန်များအား သူ၏ရှေ့သို့တိုးပေး၏။ ကိုသာခင်သည် ဖဲသမားဆိုသော်လည်း စိတ်သဘောထားကောင်းမွန်၍ လူချစ်လူခင်ပေါများသည်။ ကိုသာခင် ထန်းရည်ကို တစ်ငုံမျှမော့လိုက်ပြီး အမဲခြောက်ကြော်တစ်ဖတ်ကို မြုံ့လိုက်သည်။

"ဒါနဲ့ ကိုသာခင်၊ ဖဲဝိုင်းသွားမှာဆိုတော့ ငွေရေးကြေးရေးကော ပြည့်စုံရဲ့လားဗျ"

ကိုသောင်းညွှန့်၏ အမေးကို ကိုသာခင်တစ်ချက်ပြုံးပြရင်း အင်္ကျီအိတ်ကပ်အတွင်းမှ (၄၅) ကျပ်တန်အုပ်ကို ထုတ်ပြလိုက်သည်။

"ဟောဒီမှာလေဗျာ၊ တွေ့တယ်မဟုတ်လား"

ကိုအောင်မိုးနှင့် ကိုသောင်းညွှန့်အားရပါးရ ရယ်မောလိုက်ပြီးလျှင် -

"ဟားဟားဟားဟား-ဟုတ်ပ့ါဗျာ၊ ကိုသာခင်တို့ကတော့ ဒီညတစ်ဝိုင်းလုံး သိမ်းတော့မယ်ပေ့ါ"

ကိုသာခင်က ထန်းရည်တစ်ငုံမျှ မော့နေရင်း လက်မထောင်ပြလိုက်သည်။ ပြီးတော့ လက်ဖက်သုပ်တစ်ဇွန်းမြည်းလိုက်သည်။ ဖျာပေါ်ပြန်ကျလာသော ကိုသာခင်ခွက်ကို ကိုအောင်မိုးက ထန်းရည်ထပ်ဖြည့်ပေး၏။

"ဟာ - ဟော့လူ တော်တော့ဗျ၊ ကျုပ်သိပ်သောက်လို့မဖြစ်ဘူး။ ဖဲရိုက်ရဦးမှာ"

"သောက်စမ်းပါ ကိုသာခင်ရာ၊ ထန်းရည်လေးသုံး၊ လေးခွက်လောက်နဲ့ အရမ်းကြီးမမူးပါဘူး။ ကြုံတုန်းလေးပြုစုတာပါ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က တစ်ခါတစ်ရံမှ သောက်တာ။ ခင်ဗျားတို့လို အမြဲသောက်တဲ့လူ မဟုတ်ဘူး၊ အူရိုင်းဗျ"

ကိုသောင်းညွှန့်က သိပ်စိတ်မရှည်တော့ဘဲ မဲ့ပြုံးတစ်ချက်ပြုံးကာ ခေါင်းကိုခါ၍-

"မရဘူး၊ ဒီတစ်မြူတော့ ခင်ဗျားကုန်အောင်ဖြတ်သွားဗျာ၊ တစ်မြူတည်းပါ။ ရော့ - အမြည်းများများစား၊ အမူးပြေတာပေ့ါ"

နောက်ဆုံး ကိုသာခင် ထန်းရည်တစ်မြူကုန်အောင်သောက်ပြလိုက်ရ၏။ ထပ်တိုက်နေ၍ မနည်းငြင်းပြီး နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ ကိုသောင်းညွှန့်နှင့် ကိုအောင်မိုးက ဖဲနိုင်ပါစေဟု ဆုတောင်းကာ ကျန်ရစ်ခဲ့တော့၏။ အချိန်ကား ငါးနာရီကျော်၍ နေမင်းကား အနောက် ဂေါယာကျွန်းတွင် မေးတင်နေလေပြီ။

ကိုသာခင် ကိုအောင်မိုးတို့တဲဝိုင်းကိုကျော်လာတော့ ရှေ့မှာ ကြာအင်းကြီးကန်။ ဤကန်ကိုကျော်သော် အသုဘတဲရောက်ပြီ။ ကိုသာခင် ကန်ပေါင်ပေါ်တက်ခဲ့သည်။ ထန်းရည်တန်ခိုးကြောင့် နောက်သို့လန်တတန်ဖြစ်နေသည်ကလွဲပြီး မူအရမ်းမပျက်ပါ။ အရက်မူးခြင်းနှင့် ထန်းရည်မူးခြင်းကမတူ၊ အရက်မူးလျှင် ရှေ့သို့ငိုက်၍ ထန်းရည်မူးလျှင် နောက်သို့လန်သည်။ဘာကြောင့်မှန်းတော့မသိ။

ကန်ပေါင်အတိုင်း လျှောက်လာရင်း ကန်ပေါင်ထောင့်ရောက်သော် ရှေ့တွင် ကန်စောင့်နတ်ဖြစ်သော နတ်စောမေ၏ နတ်ကွန်းကကြိုနေသည်။ ဤနေရာတွင် နတ်စောမေအကြောင်း တင်ပြရပါဦးမည်။

ညောင်ကိုင်းရွာ၏သောက်ရေကန်ဖြစ်သော ကြာအင်းကြီးကန်ကို နတ်စောမေစောင့်ရှောက်သည်ဟု ဘိုးဘွားစဉ်ဆက် ယုံကြည်ခဲ့ကြပြီး နှစ်စဉ် ပူဇော်ပသပွဲလုပ်လေ့ရှိပါသည်။ နတ်စောမေသည် ကြာအင်းကြီးကန်တွင် ပုဂံခေတ်ကတည်းကပင် အစောင့်ဖြစ်ခဲ့သည်ဟု ဘိုးဘွားစဉ်ဆက် ပါးစပ်ရာဇဝင်ရှိခဲ့ပေသည်။ ပုဂံခေတ်ဟု ဆိုသော်လည်း မည်သည့်မင်းလက်ထက်ဟု အတိအကျ မသိတော့ပါ။

ထိုရာဇဝင်ကား နတ်စောမေခေါ် မစောမေသည် ထိုစဉ်အခါ နွေရာသီ၏ နေ့တစ်နေ့၌ သူငယ်ချင်းမိန်းကလေး (၃) ယောက်နှင့် စုစုပေါင်း (၄) ယောက် ပုဂံသို့ ဘုရားဖူးထွက်ခဲ့ကြလေသည်။ နတ်စောမေကို ပုပ္ပားသူဟုလည်း တချို့ကဆိုကြရာ ထိုစဉ်က ပုပ္ပားမှ ပုဂံသို့ ဘုရားဖူးထွက် ပုံရပါသည်။

ဘုရားဖူးမှအပြန်တွင် ညောင်ကိုင်းရွာအနီး ကြာအင်းကြီးကန်နားရောက်သော် ရေဆာနေကြပြီဖြစ်သော မစောမေနှင့် သူငယ်ချင်းများက ရေသောက်ရန်အလို့ငှာ ကြာအင်းကြီးကန်သို့လာခဲ့ကြသည်။

အချိန်မှာ နွေရာသီဖြစ်၍ ကန်မှာ ရေခန်းနေပြီး ကန်အောက်ခြေမြေသားများ ပက်ကြားအပ်နေကြပြီ။ ထို့ကြောင့် ကန်အောက် လက်ကျန်ရေရရန် ကန်အနီးရှိ ဒေသခံများက ကန်အလယ်တွင် တွင်း (၂) တွင်း၊ (၃) တွင်းခန့် တူးထားရသည်။ တွင်းများမှာ အချင်း (၇) ပေ၊ (၈) ပေခန့်ကျယ်ပြီး လူ (၂) ရပ်ခန့်နက်ကာ ထုတ်တွင်းဟု ခေါ်ပါသည်။

ထိုတွင်းများ၏ အောက်ခြေတွင် အိုင်ထွန်းနေသော ရေကြည်ကြည်ကို ခွက်ငယ်ဖြင့် အနည်မထအောင် သတိဖြင့်ခပ်၍ ရေအိုးတွင်ထည့်ရသည်။ ခပ်လွန်း၍ ရေခန်းသွားလျှင် ခေတ္တစောင့်ရပြီး မကြာခင် ရေများစိမ့်ထွက်လာကာ ရေအိုင်လေးဖြစ်သွားပြန်သည်။ ထိုအခါမှ ထပ်၍ခပ်ကာ ရေအိုးရေပြည့်သော် သောက်ရေအဖြစ် တဲရှိရာသို့ သယ်ဆောင်အသုံးပြုရပါ၏။ တစ်ခါတစ်ရံ သွားရင်းလာရင်း ရေဆာလျှင် တွင်းထဲဆင်း၍ ရေအိုင်ငယ်မှရေကို လက်ခုပ်ဖြင့်ခပ်သောက်ကာ လိုရာခရီးဆက်ကြသည်။

ယခုလည်း မစောမေနှင့် သူငယ်ချင်းများရေသောက်ရန် ရေခန်းနေသော ကန်အလယ်သို့ဆင်းခဲ့ကြသည်။ ကန်အလယ်တွင် ထုတ်တွင်း (၃) တွင်းရှိသည်။ တွင်းများအောက်ခြေသို့ကြည့်၍ ရေအများဆုံးထွက်သောတွင်းဆီသို့ တစ်ယောက်တစ်လှည့်စီဆင်း၍ ရေသောက်ကြသည်။ တွင်းအောက်ခြေသို့ လူဆင်း၍ရအောင် တွင်းနံရံမြေသားများကို လှေကားထစ်သဖွယ် တွင်းအောက်ခြေအထိ ပြုလုပ်ထားသည်။ လူ(၂)ရပ်ခန့်နက်သဖြင့် ပြုတ်မကျစေရန် သတိဖြင့် ဖြည်းညင်းစွာဆင်းရ၏။ အားလုံးရေသောက်ပြီးသော် နောက်ဆုံးအလှည့်ကျသူမှာ မစောမေဖြစ်၏။ မစောမေ တွင်းအောက်သို့ရောက်၍ ရေသောက်နေစဉ်မှာပင် တွင်းပြိုကျလေတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

မစောမေ တစ်ကိုယ်လုံး တွင်းနံရံ မြေသားများအောက် နစ်မြုပ်သွားခဲလေတော့သည်။ တွင်းနှုတ်ခမ်းတွင် ကျန်ရစ်သော မိန်းကလေးသုံးဦးက မစောမေ အပေါ်ပိနေသော မြေစိုင်မြေခဲများကို ကြိုးစားဖယ်ရှားကြသည်။ မိန်းမသားများဖြစ်နေ၍ ထင်သလောက်ခရီးမပေါက်သောအခါ အနီးအပါးရှိ ထန်းတဲများသို့ သွားရောက်အကူအညီတောင်းကြသော ယောကျ်ားသားများ လိုက်လာကြပြီး တွင်းကို အလျင်အမြန်ဖော်ကြသည်။

မစောမေအား တွင်းပေါ်သို့သယ်ဆုတ်နိုင်သောအချိန်တွင် အသက်မရှိတော့ပါ။ မစောမေကား တွင်းပိသည့်ဒဏ်ဖြင့် အောက်ဆီဂျင်ပြတ်လပ်ကာ သေဆုံးသွားခဲ့လေပြီ။ ထိုသို့ မစောမေ သေဆုံးမှုဖြစ်ပြီး ညအချိန်ရောက်သော် ကြာအင်းကြီးကန်အားပိုင်သော ညောင်ကိုင်းရွာ၏သူကြီးအား မစောမေက အိပ်မက်ပေးသည်ဆို၏။

အိပ်မက်တွင် မစောမေက သူမသည် ဤကြာအင်းကြီးကန်၏ ကန်စောင့်နတ်ဖြစ်သွား၍ ကန်ပေါင်ပေါ်တွင် နတ်ကွန်းဆောက်ပေးရန်၊ သူမအား နှစ်စဉ်ပူဇော်ပသပါက မိုးရာသီတွင် မိုးဘယ်လောက်နည်းနည်း ကန်ရေပြည့်အောင် ဆောင်မ၍ ညောင်ကိုင်းရွာအတွက် လောက်သုံးရေရစေမည်ဟု အိပ်မက်ပေးသည်ဆို၏။ ထိုအချိန်မှစ၍ မစောမေအား ကန်စောင့်နတ် နတ်စောမေဟု ကန်ပေါင်တွင် နတ်ကွန်းတည်ဆောက်၍ ကိုးကွယ်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ယခု ကိုသာခင်အကြောင်းဆက်သော် ထန်းရည်မူးလာသော ကိုသာခင် နတ်စောမေ၏နတ်ကွန်းအနီးရောက်လာ၏။ နတ်စောမေ၏ရုပ်တုမှာ လူစင်စစ်၏ အရွယ်အမောင်းအတိုင်း လက်ရာမြောက်အောင်လုပ်ထားပြီး အင်္ဂတေအကာ သွပ်အမိုးဖြင့် အခိုင်အမာတည်ဆောက်ထားခြင်း ဖြစ်သည်။ နတ်ရုပ်အား အဝတ်အစားအစစ်များ ခြုံလွှမ်းပေးထားပြီး ရှေ့ခြောင်မှာ အနီဝမ်းဆက်ဖြစ်ပြီး ပုဂံခေတ် အရပ်သူအဝတ်အစားပုံစံဖြစ်သည်။ နတ်စောမေသေဆုံးစဉ်က အနီရောင်ဝတ်ဝတ်ထားသည်ဟု ရှေးလူများ ပြောဆိုထား၍ဖြစ်၏။ နတ်ရုပ်၏ရှေ့အင်္ဂတေခုံပေါ်တွင် ပူဇော်ပသထားသော အုန်းမှည့် ငှက်ပျောပွဲအချို့နှင့် အမွှေးတိုင်၊ ဖယောင်းတိုင်တို့အချို့ရှိနေသည်။

ကိုသာခင်သည် နတ်ရုပ်ရှေ့တွင် ရပ်၍ ခပ်ငေါ့ငေါ့ကြည့်လိုက်သည်။ ကိုသာခင်သည် တောသူတောင်သားဖြစ်သော်လည်း နတ်ကိုးကွယ်မှုကို အယုံအကြည်မရှိချေ။ လောင်းကစားသမားဖြစ်သော်လည်း ဘာသာရေးကိုင်းရှိုင်းမှု အနည်းငယ်မျှရှိ၏။ ရွာတွင် သာရေး၊ နာရေးများ၌ ကူညီတတ်သူဖြစ်ပြီး နတ်ကိုးကွယ်မှုကို အဓိပ္ပာယ်မရှိဟု ယူဆထားသည်။

ယခု ထန်းရည်ကလည်းမူးလာ၍ စိတ်ကလည်းရဲနေသည်။ ရှေ့တွင်လည်း နတ်စောမေရုပ်တုက အဆင်သင့်ရှိနေပြန်သည်။ နတ်ရုပ်ကို သူတစ်ခုခုလုပ်မည်ဟု ဆုံးဖြတ်လိုက်၏။ ဘေးဘီဝဲယာကိုအကဲခတ်လိုက်သည်။ ဤနေရာတွင် သူကလွဲ၍ မည်သူမျှမရှိ။ သူနတ်ရုပ်ကို မတော်မတရားလုပ်တာကို မည်သူမျှမြင်၍ မဖြစ်။ နတ်စောမေက နွယ်နွယ်ရရ မဟုတ်။ တစ်ရွာလုံးက ယုံကြည်ကိုးကွယ်နေသော ကန်စောင့်နတ်။ တစ်ခါတစ်ရံ ရွာနီးချုပ်စပ်ကပင် လာရောက်ပူဇော်ပသကြသေး၏။ တစ်ဦးတစ်ယောက်ကသာ သူ နတ်ရုပ်ကို မတော်မတရားလုပ်သည်ကို မြင်သွား၍ လျှောက်ပြောလျှင် တစ်ရွာလုံး၏ရန်သူဖြစ်သွားမည်။

ကိုသာခင် နတ်စောမေရုပ်တုအား မာန်ပါပါကြည့်၍ ခြောက်ကပ်ကပ် ရယ်သံဖြင့် စကားစလိုက်သည်။

"အဟတ်ဟတ်ဟတ် - ဒီမှာ နတ်စောမေ၊ ငါ့ကိုသိရဲ့လား။ သာခင်လေ၊ ညောင်ကိုင်းရွာရဲ့ဖဲသမားသာခင်ဆိုတာ



ငါပဲ။ နာမည်ကြီးလေ သိတယ်မဟုတ်လား။ ဟဲဟဲဟဲ - နင့်ကိုဆို လူတွေက အရမ်းကြောက်ကြတာကိုးဟ။ ငါကတော့ အဲဒီအထဲမှာမပါဘူးနော်။ လုံးဝမပါဘူး ဟဲဟဲဟဲ"

ကိုသာခင်က ပြောပြောဆိုဆိုဖြင့် အိတ်ကပ်ထဲမှ (၄၅) ကျပ်တန်အုပ်ကိုဆွဲထုတ်ကာ လေထဲတွင်ယမ်းပြလိုက်ပြီး လျှာလေးအာလေးသံကြီးဖြင့် -

"ဒီမှာတွေ့လား ပိုက်ဆံတွေ၊ ငါ အခု အသုဘအိမ်မှာ ဖဲသွားရိုက်မလို့"

ထိုသို့ပြောပြီး ကိုသာခင်က နတ်ရုပ်၏ ပါးနှစ်ဖက်ကို ပိုက်ဆံအုပ်ဖြင့် ဘယ်ပြန်ညာပြန် ခပ်ကြမ်းကြမ်း သုံး၊ လေး ခါမျှရိုက်လိုက်သည်။

"ဖတ် ဘုတ် ဖတ် ဘုတ်"

"ဟင်းဟင်းဟင်း - တွေ့တယ် မဟုတ်လား၊ နင့်ကို ငါ ပါးရိုက်ရဲတယ်။ တခြားလူတွေနဲ့ ငါနဲ့မတူပါဘူးလို့ဆို။ အဲဒီတော့ ငါပြောမယ် နားထောင်။ ငါ အခုဖဲသွားရိုက်မယ်။ အဲဒါ ဖဲနိုင်အောင် နင်လုပ်ပေး။ ငါဖဲရှုံးလာလို့ကတော့ ဟင်းဟင်းဟင်း-နင့်နတ်ကွန်းကိုဖျက်ဆီးပစ်မယ်။ ဘာမှတ်သလဲ၊ သာခင်တဲ့နော်။ ဖဲသမားသာခင်တဲ့ ဒါပဲ သွားမယ်"

ကိုသာခင် ထိုသို့ပြောပြီး နတ်ကွန်းရှေ့မှထွက်ကာ ကန်ပေါင်ပေါ်မှ ဆင်းခဲ့သည်။ စိတ်ထဲတွင် နတ်ရုပ်အား လုပ်ခဲ့၊ ပြောခဲ့သမျှကို အလွန်ကျေနပ်နေမိသည်။ တကယ်တမ်းတွင် ကိုသာခင်သည် နတ်ကိုးကွယ်မှုကိုမယုံကြည်သော်လည်း နတ်များကိုစော်ကားဖူးခြင်းတော့ မရှိခဲ့ပါ။ ထန်းရည်မူးနေ၍သာ လုပ်ရဲခြင်းဖြစ်၏။

ကိုသာခင် ကန်မြောက်ဘက်ရှိ အသုဘတဲသို့ ခပ်သုတ်သုတ်လျှောက်ခဲ့သည်။ အသုဘတဲနားရောက်တော့ နတ်စောမေကိစ္စကိုမေ့သွားကာ ဖဲရိုက်ရန်သာ စိတ်စောနေတော့၏။ တဲရှေ့သို့ ရောက်သော် အလောင်းထည့်ထားသော အခေါင်းကို တဲရှေ့စင်ပေါ်တွင် တင်၍ ပြင်ထားသည်ကို တွေ့ရသည်။ အချိန်ကား နေဝင်သွားပြီဖြစ်၍ အမှောင်ဝင်လာချေပြီ။ တဲဝရောက်တော့ အသုဘရှင်ဖြစ်သော ကိုသန်းထွန်းက ခရီးဦးကြိုပြုလေ၏။

"ကိုသာခင် လာဗျာ၊ ဝိုင်းစဖို့က လူမစုံသေးဘူးဗျ။ ညရှစ်နာရီလောက်မှ လူစုံမယ်။ စောင့်ရင်းနဲ့ စကားပြောကြတာပေါ့ဗျာ။ လာထိုင်"

တဲအတွင်းတွင် ရပ်ထဲရွာထဲမှ လူ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအချို့ ထန်းကြောဖျာပေါ်တွင် လက်ဖက်စားရင်း စကားပြောနေသည်ကိုတွေ့ရသည်။ အသုဘကိစ္စကူညီရန် ကာလသားအချို့နှင့် မိန်းကလေးအချို့ကိုလည်း တွေ့ရသည်။ ကိုသာခင် လူကြီးအုပ်စုနှင့် ခပ်ကွာကွာရှိ ဖျာတစ်ချပ်ပေါ်ထိုင်ချလိုက်သည်။ ထိုအခါ ကိုသန်းထွန်းက ကိုသာခင်အား တစ်ချက်အကဲခတ်ရင်း-

"ဟာ - ကိုသာခင်၊ ခင်ဗျား သောက်လာတယ်နဲ့တူတယ်"

"အေးဗျာ - ကိုအောင်မိုးတို့ညီအစ်ကိုပေါ့။ ထန်းရည်တွေတိုက်လိုက်လို့။ ဖဲရိုက်မှာမို့လို့ပါလို့ပြောလည်း မရဘူး။ အတင်းတိုက်တာနဲ့ တစ်မြူကုန်အောင် သောက်ခဲ့ရတယ်"

"ဟားဟားဟား-ခင်ဗျားကတော့ ဖြစ်ရမယ်။ ကဲ - အဲဒါဆို အမူးပြေသွားအောင်အိပ်လိုက်ပါလား။ ည (၈) နာရီလောက် လူစုံတော့ ကျုပ်နှိုးပါ့မယ်"

"အေးဗျာ၊ အိပ်ပစ်လိုက်မှာပဲ။ ဒါမှ အမူးပြေပြီးဖဲရိုက်လို့ကောင်းမှာ။ လူစုံရင်နှိုးနော်"

"အေးပါဗျ၊ စိတ်ချပါ။ ဒါနဲ့ ခင်ဗျား ထမင်းစားခဲ့ပြီးပြီလား"

"မစားရသေးဘူးဗျ၊ ဆာလည်း မဆာပါဘူးဗျာ။ ဟိုမယ် အမြည်းတွေနင်းကန်စားလာတာ၊ ညလယ်လောက်မှ စားတော့မယ်"

"အင်း အင်း ပြီးရော၊ ရော့-ခေါင်းအုံး အိပ် အိပ်"

ကိုသာခင်သည် ကိုသန်းထွန်းယူလာပေးသော ခေါင်းအုံးကို ခေါင်းအောက်တွင်ခုကာ အညာစောင်ပါးလေးကိုခြုံ၍ အိပ်ပစ်လိုက်သည်။ အိပ်ခါနီး နတ်စောမေအား ပါးရိုက်ခဲ့သည်ကို သတိရမိ၍ ပြုံးမိသေး၏။

❑

ကိုသာခင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီးနောက် အိပ်မက်တစ်ခုမက်လေတော့သည်။ အိပ်မက်ထဲတွင် ကြာအင်းကြီးကန်ကြီးကို မြင်နေရသည်။ ကန်ထဲတွင် ရေများပြည့်လျှံနေ၏။ အလို - အသေအချာကြည့်မိတော့မှ ကန်လယ်ရှိ ရေပြင်ပေါ်တွင် အနီရောင်ဝမ်းဆက်ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ရပ်၍ မိမိအားကြည့်နေပါလား။ ကန်ရေပြင်တွင် မတ်တတ်ရပ်နိုင်သော ထိုအမျိုးသမီးမှာ နတ်စောမေပင် ဖြစ်ကြောင်း သူသိလိုက်သည်။

နတ်စောမေသည် ကိုသာခင်အား အစိမ်းလိုက်ဝါးစားမတတ် စူးရဲသော မျက်လုံးစိမ်းများဖြင့်ကြည့်နေလေသည်။ ထို့နောက် အောက်ပါစကားများကို မာန်အပြည့်ပါသောဒေါသသံဖြင့်ပြောချလိုက်တော့၏။

"ဟဲ့ - သာခင်ဆိုတဲ့အကောင်၊ လောင်းကစားသမား၊ လူရှုပ်လူပွေ။ နင်က ငါ့ပါးကို ပိုက်ဆံအုပ်နဲ့ရိုက်ပြီး စော်ကားတယ်ပေါ့။ ငါကအပျိုကြီးစစ်စစ်ဟဲ့။ ငါမသေခင်အထိ ဘယ်ယောက်ျားရဲ့အစော်ကားကိုမှ ခံခဲ့ရဖူးတာမဟုတ်ဘူး။ ခုတော့ နင်က ငါ့ကိုစော်ကားတယ်ပေါ့။ ငါ့မှာ အစွမ်းအစမရှိဘူးမထင်နဲ့။ နင့်ကိုငါအသေလုပ်လိုက်တာ။ အသုဘအိမ်မရောက်ခင် လမ်းမှာ နင်တစ်ခုခုဖြစ်ပြီးသေရမှာ။ အခု နင်မသေဘူး။ အဲဒါဘာကြောင့်မှတ်သလဲ။ နင့်ရဲ့ရှေးဘဝကုသိုလ်ကံ အရမ်းကောင်းနေလို့။ အဲဒီတော့ ငါကလည်း ငါနိုင်သလောက်ပြန်လုပ်ရမှာကျေနပ်တယ်။ ဟဲ့-မှတ်ထားစမ်း လောင်းကစားသမား၊ လူရှုပ်လူပွေ။ ဒီနေ့ကစပြီး ငါ့နယ်ထဲမှာ ဖဲရိုက်ရင် စည်းစိမ်ပြုတ်အောင်ရှုံးသွားစေရမယ်။ နင်ဖဲနိုင်ချင်ရင် တခြားနယ်မှာသွားရိုက်။ အဲဒါငါ့စွမ်းသလောက် နင့်ကိုအပြစ်ဒဏ်ခတ်လိုက်တာပဲ"

ကိုသာခင် နတ်စောမေ၏စကားများကိုကြားပြီးနောက် ကြက်သီးတဖြန်းဖြန်းထကာ လန့်နိုးတော့၏။ ဘေးဘီဝဲယာကိုကြည့်မိတော့ ဖဲဝိုင်းစရန် လူစုံနေချေပြီ။ တဲအတွင်းတွင်ကား (၁၂) ဗို့ ဘက်ထရီမီးသီး၏ အလင်းရောင်က ထိန်လင်းနေ၏။ အချိန်ကား ည (၈)နာရီခန့်ရှိနေချေပြီ။ ကိုသန်းထွန်းက သူ့အနီးသို့လျှောက်လာကာ ငုတ်တုတ်ထိုင်ချလိုက်ပြီး -

"ကိုသာခင်၊ နိုးပြီလား။ ကျုပ်တောင်နှိုးစရာမလိုဘူးဗျာ၊ ကွက်တိပဲ။ ခုပဲဝိုင်းကစတော့မလို့"

"အေးဗျာ၊ စလိုက်ကြတာပေါ့"

"ခင်ဗျားအမူးကောပြေပြီလား"

"ပြေပါပြီဗျာ။ ကဲ- ခင်ဗျားလူတွေပြောဗျာ။ ဝိုင်းစမယ်လို့"

ကိုသန်းထွန်းက တဲခေါင်းရင်းရှိ ဖဲသမားများအား ဖဲဝိုင်းစ၍ရပြီဖြစ်ကြောင်း သွားရောက် ပြောလေသည်။ ကိုသာခင်သည် တဲဝရှိ စဉ့်အိုးဆီထသွားလိုက်ပြီး ရေခွက်ဖြင့်ရေခပ်ကာ မျက်နှာသစ်လိုက်သည်။ အိပ်မက်ထဲမှ နတ်စောမေ၏စကားများကား နားထဲတယ် ပဲ့တင်ထပ်နေဆဲ။ တဲဝမှနေ၍ ကြာအင်းကြီးကန်ရှိရာသို့လှမ်းကြည့်သော် ညအမှောင်ကြယ်ရောင်၊ လရောင်များအောက်တွင် ကန်ပေါင်မည်းမည်းကြီးကို လှမ်းမြင်နေရ၏။ ကိုသာခင်ကျောရိုးတစ်လျှောက်တွင် စိမ့်ခနဲပင်ဖြစ်သွားရ၏။ ထို့နောက် အတွေးများကို ခေါင်းထဲမှထုတ်၍ ဖဲဝိုင်းအတွင်းဝင်ကာ ဖဲရိုက်ခြင်းကိုစတင်လိုက်တော့သည်။

ဖဲဝိုင်းကား အသုဘပထမညဖြစ်သော်လည်း အရှိန်ကောင်းလှသည်။ ဝိုင်းထဲတွင် တစ်ရွာတည်းသားများပါသကဲ့သို့ အခြားရွာမှ ဖဲသမားဝါရင့်များလည်း ပါသည်။ ယခုညတွင် တစ်ဝိုင်းတည်းဆိုသော်လည်း နောက်ညများတွင် နှစ်ဝိုင်း သုံးဝိုင်းဖြစ်သွားမည်ဖြစ်သည်။ ရှူးဝိုင်းဖြစ်၍ ကြေးကလည်းကြီး၏။

တိုတိုဆိုရလျှင် ညသန်းခေါင်ကျော်ခါနီးထိ ကိုသာခင် (၃) လှည့်သာ နိုင်သေး၏။ ရှူးဝိုင်းဖြစ်၍ တစ်ချီနိုင်လျှင် ငွေအပုံလိုက်ရသည်မှန်သော်လည်း ရှုံးပွဲများသောကြောင့် ပါသမျှငွေမှာ ကု... လှမတတ်။ သန်းခေါင်ကျော်၍ နှစ်နာ... ထိုးခါနီးသောအခါတွင်တော့ ကိုသာခ... တွင် ပါသမျှငွေ တက်တက်စင်ကုန်... ၏။

ကိုသာခင်သည် ဖဲရှုံးလျှင် ငွေ... ၍ရိုက်တတ်သည့်အကျင့်မရှိ။ တစ်ကြိမ်... ရှုံးပြီးပါက နောက်တစ်ကြိမ်ပြန်ရိုက်လျှ... နိုင်သည်ကများ၏။ ဖဲကံခေသူ မဟုတ်... နောက်နေ့ညကျ တွေ့ကြသေးတာပေ... ဟု စိတ်ထဲမှကြိမ်းဝါးကာ ဖဲဝိုင်းတွင်... ထွက်ခဲ့သည်။

ကိုသန်းထွန်းက ကိုသာခင်အား... နှစ်သိမ့်စကားဆိုသည်။

"ခုညမနိုင်တော့လည်း နောက်... ပေါ့ ကိုသာခင်ရာ။ ရက်မလည်မခ... ရိုက်စမ်းပါလေ့။ ခုမှ ပထမညရှိသေး... ဥစ္စာ"

"အေးဗျာ၊ လောင်းကစားဆို... အမြဲတမ်းကြီးနိုင်ချင်လို့ဘယ်ရမလဲ။ ... ဒါတွေအရေးမကြီးဘူး။ ကျုပ်ဗိုက်ဆာ... ပြီဗျ။ ထမင်းကျွေးစမ်းပါဦး"

"ကျုပ်လည်း အဲဒါပြောမလို့... မိန်းမရေ၊ ကိုသာခင်ကြီးကို ထမင်းကျွေး... ပါဦးဟေ့။ တို့လူရှုံးထားတယ်ဟ၊ ... များများလေးထည့်ပေး။ ဒါမှ စိတ်ကြ... သွားမှာ"

ကိုသန်းထွန်းက အရွှန်းဖော... ရင်း မိန်းမဖြစ်သူ မကြင်စိန်အား ... ပြင်ခိုင်း၏။ မကြင်စိန်သည် ... မောက်မောက်ထည့်ထားသော သံ...



www.burmeseclassic.com

www.burmeseclassic.com

ကြက်သားဟင်းတစ်ခွက်၊ မန်ကျည်းရွက်ဟင်းချိုတစ်ခွက်အား ကိုသာခင်အတွက် ပြင်ဆင်ပေး၏။

ကိုသာခင် တကျွတ်ကျွတ်မြည်နေသောဝမ်းကိုဖြည့်ရင်း အိပ်မက်ထဲမှ နတ်စောမေ၏စကားများကိုကြားယောင်မိပြန်သည်။ ယခုလည်း ဖဲကရှုံးသွား၏။ ဒါတွေဟာ တိုက်ဆိုင်တာပါ။ ငါ ထန်းရည်မူးပြီးအိပ်လို့ စိတ်စွဲပြီးမက်တာ။ အဓိပ္ပာယ်မရှိတာတွေ ငါလည်းဘာတွေတွေးနေမိပါလိမ့်ဟု သဘောပိုက်ကာ ထမင်းကို ဗိုက်ကားအောင်စား၍ ဖဲဝိုင်းနှင့်မလှမ်းမကမ်းရှိ ဖျာတစ်ချပ်ပေါ်တွင် စောင်ခြုံ၍အိပ်ပစ်လိုက်တော့သည်။

❑

ကိုသာခင်သည် မနက် (၈) နာရီခန့်တွင် နိုးလာခဲ့သည်။ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခဲ့ရပါ၏။သို့သော် ဖဲရှုံးထား၍ စိတ်ထဲဝယ် အောင့်သက်သက်ဖြစ်နေခဲ့သည်။ ကိုသန်းထွန်းနှင့် ကြေငြိမ်းစိန်က မနက်စာဖြင့် တည်ခင်းသော်လည်း မစားဖြစ်ခဲ့ဘဲ တဲသို့ပြန်လာခဲ့သည်။

အပြန်လမ်းတွင် ကန်ပေါင်ပေါ်ရှိ နတ်စောမေနတ်ကွန်းရှေ့ကမှဖြတ်တော့ နတ်ရုပ်ကို တစ်ချက်ကြည့်မိသည်။ နတ်ရုပ်မှမျက်လုံးအစုံသည် သူ့အား စူးရဲစွာကြည့်နေသယောင်ယောင်ထင်မိသည်။ ကိုသာခင် သက်ပြင်းတစ်ချက်ချ၍ ခပ်သုတ်သုတ်လျှောက်ကာ မိမိတဲရှိရာသို့ပြန်ခဲ့၏။ –

တဲသို့ပြန်ရောက်သော် မျက်နှာမကောင်းသော ကိုသာခင်အနီးသို့ ဇနီးသည် မတင်ချစ် ရောက်လာသည်။

"ကိုသာခင်၊ ရှင်ဖဲရှုံးလာတယ် ဆိုင်တယ်"

"ဟုတ်ပ၊ တင်ချစ်ရာ၊ ပါသမျှ ပြောင်တာပဲ"

"ဩော် - ကိုသာခင်ရယ်၊ လောင်းကစားဆိုတာ အမြဲတမ်းတော့လည်း နိုင်မလဲ။ နောက်ညတွေရှိသေးတာပဲ ဒါနဲ့ ရှင်မနက်စာစားခဲ့ပြီးပလား"

"မစားခဲ့ဘူး၊ စားလည်းမစားချင်ပါဘူးကွာ။ ဒါနဲ့ သားနဲ့ သမီးကော"

"သူတို့အဘွားအိမ်သွားကြလေရဲ့"

"အေးအေး- သွားသွား၊ နင်လုပ်စရာရှိတာ သွားလုပ်တော့"

ဇနီးဖြစ်သူ အနီးမှထွက်ခွာသွားသော် ကိုသာခင် တဲပေါ်မှဆင်း၍ ရေထွက်ရန်ပြင်ရသည်။ တဲမှာ ရေကမရှိတော့။ လှည်းပေါ်မှ လှည်းအိမ်ကိုဖြုတ်၍ သစ်သားရေစည်ကိုပြောင်းတင်လိုက်သည်။ ယခု ရေတိုက်သွားရမှာက ကြာအင်းကြီးကန်သို့ပင် ဖြစ်ပါသည်။ နတ်စောမေအား ပါးရိုက်ခဲ့သည့်ကိစ္စ မတင်ချစ်သာသိခဲ့လျှင် မလွယ်။ ညောင်ကိုင်းရွာတွင် နတ်စောမေကို ယုံကြည်ကိုးကွယ်သူများထဲ၌ မတင်ချစ်သည်လည်း ရှေ့ဆုံးမှပါဝင်၏။ မတင်ချစ်သည်သူ့အား ချစ်သည်၊ ကြောက်သည်မှန်သော်လည်း ဤကိစ္စကိုတော့ ခွင့်လွှတ်ဖို့ မလွယ်။ ယုံကြည်ကိုးကွယ်မှုနှင့် သက်ဆိုင်နေသည် မဟုတ်လော။

တိုတိုဆိုရသည်ရှိသော် ကိုသာခင် သုံးညဆက်တိုက် ဖဲရှုံးခဲ့ပါသည်။ သူ၏ လောင်းကစားရာဇဝင်တွင် ဤမျှလောက် တစ်ခါမှ မရှုံးစဖူးချေ။ ဖဲရှုံးငွေကလည်း ထိုခေတ်အခါက ယာနှစ်ကွက်ဖိုးမျှပင်ရှိလောက်သည်။ သုံးညဆက်တိုက်ရှုံးထားတော့ ထိုအသုဘတဲသို့ သွားချင်စိတ်ပင်မရှိတော့။ နတ်စောမေ၏ အိပ်မက်ကလည်း နားထဲတွင်ပဲ့တင်ရိုက်နေသည်။

နောက်ဆုံးတော့ ကိုသာခင် နတ်စောမေအိပ်မက်ကို ယုံရမလိုဖြစ်နေ၏။ သုံးညဆက်တိုက်ဆိုတော့ တိုက်ဆိုင်တာလည်းမဖြစ်နိုင်တော့။ ထို့ကြောင့် ကိုသာခင် စူးစမ်းလိုစိတ်များတဖွားဖွားပေါ်လာရသည်။ ရွာထဲတွင် ကြိတ်ဝိုင်းဘယ်နေရာရှိသလဲ အသည်းအသန်စုံစမ်းပြီး ဖဲရိုက်သည်။ ရှုံးပါသည်။ ကြိတ်ဝိုင်းသုံး၊ လေးဝိုင်းခန့် ရှုံးပြီးသော် ကိုသာခင် အခြားရွာများသို့ ဖဲထွက်ရိုက်ကြည့်သော် အနိုင်၊ အရှုံး ပုံမှန်ပင်ဖြစ်နေသည်။ မိမိရွာတွင်မှ ဖဲရိုက်ဖို့မပြောနှင့်။ ဖဲတွေ့လျှင်ပင် ထွက်ပြေးရမလိုဖြစ်နေသည်။ မယုံ၍ရိုက်ကြည့်လျှင် ရှုံးပွဲနှင့်သာရင်ဆိုင်ရတော့သည်။ မိမိရွာတွင် ဖဲရှုံး၍ တခြားရွာများတွင်နိုင်နေသောသူ၏ဖြစ်ရပ်ဆန်းကို လူရိပ်မိမှာစိုးရိမ်လာသည်။ ထိုအခါ နတ်စောမေကိစ္စပေါ်သွားသည်ရှိသော် သူမချောင်။

ကိုသာခင်က ဖဲသမားဖြစ်သော်လည်း မိမိရွာကိုချစ်ပါသေးသည်။ မိမိရွာတွင်လည်း ယခင်လို ဖဲနိုင်ချင်ပါသည်။ နောက်ဆုံး ကိုသာခင် ထိုစိတ်ဖြင့်ပင် ဖဲကိုစိတ်ကုန်လာသည်။ ဖဲဆိုလျှင်ကြည့်ချင်၊ မြင်ချင်စိတ်မဖြစ်မရှိတော့။ ငါက ဖဲသမားဆိုပေမယ့် အရက်ကို တစ်ခါတစ်ရံမှသောက်ဖြစ်သည်။အရက်သမားမဟုတ်ဟု ဂုဏ်ယူခဲ့ဖူးသည်။ တစ်တယ်တမ်းတွင် ဖဲသမားနှင့် အရက်သမားဘာမှမထူးပါ။ မိသားစု၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည်။ မိမိကိုယ်တိုင်ကိုလည်း ဘယ်သူကမှမယုံချင်။

ဇနီးသည်က မိမိအားချစ်လွန်း၍ ဘာမှမပြောသော်လည်း ဘယ်မိန်းမသားက မိမိလင်သားအား ဖဲသမားဖြစ်စေချင်မည်နည်း။ သားနှင့်သမီးအတွက်လည်း လူပုံအလယ် မျက်နှာငယ်စေသည်။ ကိုသာခင်၏စိတ်အတွင်းဝယ် မှန်ကန်သောအတွေးများ တစ်ခုပြီးတစ်ခု ဝင်လာခဲ့သည်။

ထိုအချိန်မှစ၍ ကိုသာခင်ဖဲမရိုက်တော့ပါ။ တစ်ခါတစ်ရံသောက်ဖြစ်သော ထန်းရည်နှင့်အရက်ကိုလည်း မသောက်တော့။ အိမ်အလုပ်၊ ယာအလုပ်တွင်စိတ်နှစ်ထားပြီး ဥပုသ်သီလစောင့်သည်။ တရားထိုင်သည်။ တဲနှင့်ရွာဦးဘုန်းကြီးကျောင်း အိမ်ဦးနှင့်ကြမ်းပြင်ဖြစ်လာသည်။

ဘာသာရေးသမားဖြစ်လာသော ကိုသာခင်ကို တစ်ရွာလုံး အံ့ဩချီးမွမ်းကြသည်။ ဇနီး၊ သားသမီးနှင့် မိဘ၊ ဆွေမျိုးများကလည်း ဝမ်းသာဂုဏ်ယူ၍မဆုံးချေ။ ဝါရင့် ဖဲသမားကြီး၏ ကျွတ်တမ်းဝင်ချိန်ကို အားလုံး အံ့ဩမှင်တက်၍ ဂုဏ်ယူခဲ့ကြပါသည်။

ယခု ကိုသာခင်သည် အဘိုးသာခင်ဖြစ်ခဲ့ပါပြီ။ အသက်အရွယ်အားဖြင့် (၇၀) နှစ်ပင် ကျော်ခဲ့လေပြီ။ အဘိုးသာခင်သည် ဇနီးသည် ဘွားတင်ချစ်နှင့် သားသမီးများ၏ စံပြပုဂ္ဂိုလ်၊ ညောင်ကိုင်းတစ်ရွာလုံးက လေးစားချစ်ခင်ရသော ဘာသာရေးသမားကြီး၊ ရွာဦးစေတီ၏ ဂေါပကအဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်နေခဲ့ပါပြီ။ တစ်ချိန်တစ်ခါက ကြိတ်ဝိုင်း၊ ချိန်းဝိုင်း၊ အသုဘအိမ်ဖဲဝိုင်းတိုင်းတွင် ကြီးစိုးမင်းမူနေခဲ့သော ဖဲသမားကြီးကိုသာခင်ကို တစ်ရွာလုံး မေ့ပျောက်နေခဲ့လေပြီ။

အဘိုးသာခင်သည် တစ်ခါတစ်ရံ တိုက်ဆိုင်သည့်အခါတိုင်း နတ်စောမေ၏အိပ်မက်ကို သတိရမိ၏။ နတ်စောမေဟူသော အပျိုကြီး ကန်စောင့်နတ်ကို ကျေးဇူးအထူးတင်မိသည်။ သူမကြောင့် သူ၏ဘဝသည် ဖဲသမားဘဝမှ ကျွတ်တမ်းဝင်ခဲ့ခြင်း မဟုတ်ပါလော။ အဘိုးသာခင် မြန်မာစကားပုံတစ်ခုကိုလည်း သတိရမိပါသေးသည်။

ဘာတဲ့ - နတ်နဲ့ နဂါး မလှည့်စားနဲ့တဲ့။

ကိုသဲယု (ပုဂံမြေ)



www.burmeseclassic.com

www.burmeseclassic.com



# (ဓလေ့) နေအောင်လင်း

## ကြောင်ဝင်စားနိမိတ်

ကြောင်များအား နေအိမ်တွင် ကြွက်ပူသည့်ရန်ကင်းဝေးစေရန်လည်း မွေးမြူကြသည်။ အချို့မိသားစုများက လည်း ခွေး၊ ကြောင် စတဲ့ တိရစ္ဆာန်တို့အား ချစ်ခင်စုံမက်သံယောဇဉ်ရှိလို့ မွေးမြူကြတာလည်းရှိသည်။ကြောင်ကလေးများမှာ လျင်မြန်သွက်လက်ပေါ့ပါးဖျတ်လတ်သည်။ ထို့အတူ ကြောင်ကဲ့သို့ အခုန်အပျံအကျော်အလွှားလျင်မြန်သွက်လက် ပေါ့ပါးစေရန်အတွက် ရှေးဘုရင်မင်းများလက်ထက် စစ်သည်တော်များအား ကြောင်ဆေးများ ထိုးနှံပေးလေ့ရှိကြသည်။ တစ်ပွဲတိုး တုတ်ပြီး ခားပြီးစေရန် ဘုရင့်စစ်သည်တော်ပွဲကျောင်းသားများအား နက္ခတ်ကောင်းနေ့ကောင်းရက်သာရွေးချယ်ထိုးနှံပေးလေ့ရှိကြသည်။

ကြောင်ကလည်း အမျိုးမျိုးရှိကြသည်။ တောကြောင်၊ အိမ်မွေးကြောင်၊ ကြောင်နံ့သာ၊ ကြောင်ဝေပိုက်၊ ကြောင်ငပိဟု ကြောင်အမျိုးမျိုးပုံသဏ္ဌာန်အမျိုးမျိုးနှင့်တွေ့ရသည်။ ကြောင်အမျိုးမျိုးရှိသော်လည်း သားကောင်အစာအား စားသည်အချိန်တွင် ကြောင်က ဦးခေါင်း၊ သစ်ကား အလယ်၊ ကျားကအောက်ပိုင်းဟူသော ဆိုစကားနှင့်အညီ အစာအား ဦးခေါင်းမှအစ စားလေ့တွေ့ရသည်။ ကြောင်နံ့သာကဲ့သို့ ကြောင်မျိုးကတော့ တောထဲတောင်ထဲပင် ရှားရှားပါးပါး တွေ့ရတတ်သလိုရှိတော့ရှိ၏။ ကြောင်နံ့သာ ဖြတ်သွားဖြတ်လာသည့် လမ်းကြောင်းတစ်လျှောက် အမွှေးနံ့သာကဲ့သို့ မွှေးကြိုင်နေသဖြင့် ကြောင်နံ့သာကျက်စားနေထိုင်တာကိုသိရှိနိုင်သည်။ ကြောင်နံ့သာ၏ဝှေးစေ့ကလည်း ဆေးဖက်ဝင်လှသည်။ သူငယ်နာဝင်သည့် ကလေးငယ်အား ဆေးကုသရာတွင် အသုံးပြုလေ့ရှိသည်။

ကြောင်တကာ့ကြောင်တို့ထဲတွင် ကြောင်နက်က အခြားကြောင်များထက် ပို၍နွယ်တာတွေ့ရသည်။အမွှေးအရောင်ကလည်း အနက်၊ မျက်စိအနက်နှင့် ကြောင်နက်မျိုးကား ရှားမှရှားပါစွာတွေ့ရှိရပြီး သိဒ္ဓိပြီးအစွမ်းထက်သည့် ကြောင်မျိုးပင် ဖြစ်သည်။ ကောင်းကင်တွင်ပျံသန်းနေသည့် ငှက်အရိပ်၊ သစ်ပင်ပေါ် နားနေသည့် ငှက်သတ္တဝါတို့၏ အရိပ်အား ကြောင်နက်က မြေပြင်က နေဖမ်း၍ အရိပ်အားအုပ်တာနှင့်ပင် မြေပြင်သို့ပြုတ်ကျကာ ကြောင်၏အစာဖြစ်သွားရသည်။ ဤကြောင်နက်မျိုးအား တွေ့ကြုံဖူးသူများလည်းရှိသည်။ ထိုကြောင်နက်မျိုးအား ထွက်ရပ်စခန်းလိုက်ကြသူများ တွေ့ကြုံရတတ်သည်။ ပထမံဘိုးဘိုးအောင်ပင် ထိုကဲ့သို့ကြောင်နက်မျိုးအား ရွှေရောင်တော်ဘုရားတွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ အချို့သောသူတို့ကလည်း ခွေးအကြောင်၊ ကြောင်အနက်၊ ကြက်အပြာ မမွေးကောင်းဟူသည့် စကားလည်းရှိနေပြန်သေးသည်။

ကြောင်ကို လူတိုင်းတော့မွေးလေ့မရှိကြ။ သခင်က ထမင်းဟင်းကျွေးလျှင်ပင် ထမင်းရှင်အား ကျေးဇူးတင်ရမည်ဟုစိုး၍ ထမင်းစားနေချိန်တွင် မျက်စိကိုစုံမှိတ်၍ထားတတ်သည်။ လူ၏ဒဏ်တို့လည်း ခွေးလိုမခံဟု ဆိုတတ်ကြသည်။ ကြောင်က သူ့ကိုမွေးထားတဲ့အိမ်ကလူ သေလုမျောပါး နေထိုင်မကောင်းတဲ့သူရှိလျှင်လည်း သူကလူတွေထက်ပို၍သိနေသည်။ လူ့ဒဏ်ကိုခံရမှာကြောက်သဖြင့် အခြားတစ်အိမ်ကို ပြောင်းရွှေ့သွားတတ်သည်။ ခွေးကတော့ ထိုကဲ့သို့မဟုတ်။ လူ၏ဒဏ်ကိုသူကခံသည်။ မရွှေ့မပြောင်းတတ်ပေ။ သည်းနေသည့်လူမမာအိမ်အောက်ကနေပင် တစ်ခါတစ်ရံ ခွေးကလေးများသေဆုံးနေတာတွေ့ရတတ်သည်။ လူ၏ဒဏ်အားခံသွားရခြင်းပင်ဖြစ်သည်

ကြောင်နှင့်ပတ်သက်ပြီး မြန်မာလူမျိုးတို့စကားပုံအတော်များများရှိခဲ့ဖူးသည်။ ပေါ့စေလို့ ကြောင်ဆေးထိုး ဆေးတွက်လေး၊ ခွေးဝင်စားရှားပါး ကြောင်ဝင်စားပေါများ၊ ပျော့ပျော့နဲ့နဲ့တဲ့ကြောင်ချေး၊ ကြောင်တစ်သက် ကြွက်တစ်မူ ကြောင်သူတော်ကြွက်သူခိုး၊ တော လောင်တောကြောင်လက်ခမောင်းခတ်၊ ယုန်တောင်ကြောင်မိ၊ ယုန်ထင်ကြောင်ထင်၊ ကြောင်သားမွေးတယ်၊ ကြောင်စားတယ် အစရှိသဖြင့် ကြောင်ကား ကျွန်ုပ်တို့မြန်မာလူမျိုးတို့၏ လူမှုရေးနယ်ပယ်ဝေါဟာရအားဖြင့် အတော်ပင် အသုံးတွင်ကျယ်ခဲ့ဟန်ရှိခဲ့ပါသည်။

ကြောင်မွေးသူတိုင်းသိကြပါလိမ့်မည်။ ကြောင်အား တခြားအိမ်လည်အောင် ဘယ်လောက်ပင် ကောင်းနိုးရာ



www.burmeseclassic.com

www.burmeseclassic.com

ရာအစာတွေနှင့် ကျွေးမွေးထားပါစေ တစ်ညလျှင် အိမ်(၇)အိမ်စေ့အောင်တော့ လှည့်လည်ကျက်စားအစာရှာထွက်လေ့ရှိကြောင်းသိရသည်။ ကြောင်ကား အိမ် (၇) အိမ်အနည်းဆုံးလှည့်လည်တတ်သလို ကျားကား တောင် (၇) တောင်ကျော်အောင်ပင် လှည့်လည် အစာရှာတတ်သည်ဟု ဆိုသည်။ ကြောင်နှင့် လူက အနေနီးသဖြင့် ကြောင်နှင့်ဆက်နွှယ်နေသည်။ သိစရာတွေက အများအပြားပင်တွေ့ရသည်။

ကြောင်က မိမိအိမ်မွေးထားတိုင်းလည်းမနေတတ်။ ဒီအိမ်မှာ မွေးထားလည်း အခြားတစ်အိမ်မှာ ပြောင်းရွှေ့နေထိုင်တတ်သည်။ လျှင်မြန်ဖျတ်လတ်သလို အခြားတိရစ္ဆာန်တို့ထက်ပင် ပါးနပ်သည်။ အိမ်ရှင်က မျက်နှာသာမပေးလျှင် မနေ။ ပြောင်းရွှေ့နေထိုင်တတ်သည်။ သားပေါက်ချိန်တွင်လည်း သူ၏သားသမီးတို့အား လူသူအကိုင်အတွယ်များလျှင် ထိုနေရာတွင်ကြာကြာမထားတော့ဘဲ ပြောင်းရွှေ့သွားတတ်သည်။ ကလေးများကဲ့သို့ပင် လက်သာ အနေချောင်မှ အိမ်မြဲတတ်သည်။



ကြောင်မွေးမြူကြသူများအနေနှင့် လောကီနွယ်ပြီး ဂမ္ဘီရဆန်သည့်အယူအဆကလေးတစ်ခုအားလည်း အလျဉ်းသင့်သဖြင့် ဖော်ပြရမည်ဆိုလျှင် မိမိတို့နေအိမ်တွင် ကြောင်ကလေးများသားပေါက်ချိန် ကြုံတောင့်ကြုံခဲဖြစ်ရပ်ဟုဆိုရပါလိမ့်မည်။ ကြောင်မကြီးကနေမွေးဖွားချိန် ကြောင်အထီးလေးတွေချည်းလေးကောင်လည်းဖြစ်မည်၊ တခြားကြောင်မတစ်ကောင်တလေမပါဘဲမွေးခဲ့လျှင် ထိုကြောင်မျိုးအား ကြောင်စ်ခုတင်



www.burmeseclassic.com

www.burmeseclassic.com

ဟု ခေါ်ဆိုပါသည်။

မိမိတို့မွေးမြူထားသည့် ကြောင်မှ ကြောင်ခုတင်၊ ကြောင်ထီးကလေးတွေ ချည်း လေးကောင်မွေးခဲ့သည်ရှိသော် ထိုအိမ်ရှင်သည် အခြေတောင့်တင်းခိုင်မာကာ အစစပြည့်စုံသာယာပျော်ရွှင်မှု ရှိနိုင်မည်ဖြစ်သည်။ ကြောင်ကလေးများအား အခြားသူများအား တောင်းသူရှိလျှင်လည်းမပေးရပါ။ ပေးလျှင် အိမ်ရှင်မိသားစု စီးပွားရေးဆုတ်ယုတ်တတ်ပါသည်။ လေးကောင်စလုံးမွေးမြူထားရပါမည်။

ကြောင်ခုတင်အား အခြားသူများမှ ခိုးယူမွေးမြူလျှင်လည်း စီးပွားရေးထိခိုက်ကျဆင်းစေတတ်ပါသည်။ ကြောင်ခုတင်၊ ခွေးခုတင် ကြောင်ရော ခွေးပါ နှစ်မျိုးစလုံး ကြောင်ပဲမွေးမွေး၊ ခွေးပဲမွေးမွေး ထိုအိမ်ရှင်မိသားစု စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးစသည့် လူနေမှုအဆောက်အအုံ တိုင်လေးတိုင်စလုံး တောင့်တင်းခိုင်မာကာ စီးပွားရေးတိုးတက် မိသားစုသာယာစေတတ်ပါ သည်။

ကြောင်ကလေးတွေနေအိမ်မှာမွေးထားခြင်းအားဖြင့် အိမ်မှာရှိတဲ့စပါးကျီ၊ ပဲပုပ်၊ နှမ်းပုပ်တွေ၊ ကြွက်စား ကြွက်ဖောက်တာမခံရဘူး။ နောက်ဆုံးတစ်ခါတစ်ရံ အိမ်ဘုရားစင်မှာထိုးထားတဲ့ ပန်းပင်ကိုပင်ချမ်းသာမပေး ကိုက်ဖြတ်ကြတတ်တဲ့ ကြွက်ရဲ့ရန်ကို သံညှပ်မထောင်၊ ကြွက်သတ်ဆေးမချရဘဲနဲ့ ကြွက်ရန်ကကင်းဝေးစေနိုင်သည်။

ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ၊ ငါးတွေ မွေးသလို ကြီးပြင်းလာလျှင် ဝက်လို၊ ဆိတ်လို ပေါ်ရောင်းဖို့လည်း မဟုတ်။ ကြက်၊ ဘဲလိုပဲ အကောင်ပြတ်ပုတ်ပြတ် ရောင်းစားဖို့လည်းမဟုတ်သဖြင့် မိမိတို့တတ်နိုင်သလောက် ကျွေးမွေးကာ တစ်ဖက်ကလည်း တစ်ရန်ငြိမ်းပြီး ဇီဝိတဒါနကုသိုလ်လည်းရပါတယ်။ နောင်သံသရာဆိုတာ ဝေလာဝေး ယခုလက်တွေ့ဘဝမှမှာပင် ဘယ်လောက် အလုပ်အကိုင် အရောင်းအဝယ်ကောင်း၊မကောင်း မိသားစုဒုက္ခတွေရောက်၊ ထမင်းငတ်တာမျိုး မရှိ။ မရှိမရှားဘဝမျိုးကို ကြုံတွေ့ရလေ့ရှိတတ်ပါသည်။

ခွေးဝင်စားရှားပါး၊ ကြောင်ဝင်စားပေါများ၏။ မိမိတို့နေအိမ်သို့ အခြားတစ်အိမ်၊ တစ်ရပ်ကွက်ကနေ လေလွင့်လာသည့်ခွေးလေခွေးလွင့်ကိုကောက်ယူမွေးစားထားလျှင် ပစ္စည်းဥစ္စာရှားပါးတတ်သည်။ ကြောင်ဝင်စားအားမွေးစားရင်တော့ စီးပွားဥစ္စာခြွေရံသင်းပင်းပေါများတတ်သည်ဟု အယူရှိကြသည်။ ခွေးကတော်င်၊ ကြောင်ကမြောက်စကားလိုပင် မြောက်အရပ်မှရွှေ့ပြောင်းရောက်လာသည့်ကြောင်မှာ အိမ်ရှင်စီးပွားဥစ္စာတိုးပွားတတ်သည်ဟုဆိုလိုခြင်းဖြစ်သည်။

ခွေးဝင်စားကိုတော့ ကိုယ်တိုင်မတွေ့ကြုံဘူး၍ မသိရှိသော်လည်း ကြောင်ဝင်စား၊ တခြားတစ်အိမ်မှပြောင်းရွှေ့လာရောက်နေထိုင်သည့် ကြောင်ဝင်စားအား နှစ်ကြိမ်တိုင်တိုင်ကြုံတွေ့ခဲ့ရဖူးသည်။

ကျွန်ုပ်ကိုယ်တိုင် အဒေါ်ဖြစ်သူတို့နှင့်နေထိုင်ခဲ့စဉ်ကဖြစ်သည်။ အဒေါ်ဖြစ်သူတို့မှာ တောင်သူလုပ်ငန်းလုပ်ကိုင်လျက် တစ်အိမ်လုံးတွင်လည်း အဒေါ်ဖြစ်သူနှစ်ယောက်၊ တူနှစ်ယောက်ပေါင်းလေးယောက်နေထိုင်ကာ ကြောင်တို့၊ ခွေးတို့ အိမ်တွင်မွေးမြူရန်လည်း စိတ်ကူးမရှိခဲ့ပေ။ သို့သော် ကျွန်ုပ်တို့နေထိုင်သည့်အိမ်၏မြောက်ဘက်မှ ဦးကုလား၊ ဒေါ်ပုတို့မွေးထားသည့် ကြောင်မကြီးသည် တောင်းယူမွေးထားခြင်းမရှိပါဘဲ ဇီးကမွေးလုမွေးချင်အချိန် အစပထမဦး အိမ်၏ မြောက်ဘက် မြက်စဥ်းတင်းကုပ်၊ မြက်စဥ်းပြီးသား နွားစားပဲရိုးပုံထဲ သားမွေးဖို့ရာ တက်လိုက်၊ ဆင်းလိုက် မွေးဖို့နေရာရှာနေကနေ မြက်တက်ကျုံးသူကလည်း မကြာခဏတက်လိုက်၊ ဆင်းလိုက်တွေ့နေရလျှင် သူ၏သားသမီးများအား မလုံခြုံစိတ်မချရသဖြင့် နောက်ဆုံးအိမ်ပေါ်ရှိ မြေပဲပုတ်ထဲတွင်လာရောက်ကာ သားမွေးခဲ့သည်။

ထိုကဲ့သို့ ကြောင်သားမွေးထားတာကိုလည်း ကလေးမရှိတဲ့အိမ်ဖြစ်၍ ဘယ်သူကမှကိုင်လားတွယ်လားမလုပ်။ နေ့ခင်းဘက်၊ ညနေဘက် ထမင်းစားချိန်တွင်သာ ထမင်းတို့ ငါးကြော်တို့ထည့်ကာကျွေးသည်။ နေ့ခင်းဘက်တွင်လည်း ထမင်းစားသောက်ပြီး ကြောင်မိသားစုပြေးလွှားဆော့ကစားကြရင်း အိပ်နေတာတွေ့ရသည်။

ကြောင်မကြီး ကျွန်ုပ်တို့အိမ်မှာလာ သားပေါက်ပြီး သူတို့မွေးတဲ့အိမ်ကိုလည်းမပြန်တော့။ သို့လေးသားပေါက်သည်အထိနေထိုင်သွားသည်။ ကြောင်ဝင်စားဟု ဆိုရမည်။ ကြောင်မကြီးလာရောက်နေထိုင်ကာ သားပေါက်တဲ့နှစ်တွေမှာ ကျွန်ုပ်တို့အိမ်ရဲ့စီးပွားရေးလုပ်ငန်းကလည်း တောင်သူလုပ်ငန်းကိုပဲ

မိရိုးဖလာလုပ်ကိုင်သူတွေဖြစ်လို့ မြေပဲ [illegible] နှမ်းတို့အဓိကထား စိုက်ပျိုးခဲ့သည်။ မြေ [illegible] ပဲကြဲ မြေပဲရ၊ နှမ်းကြဲ နှမ်းရသည်။ မရ [illegible] ဘူးဆိုတဲ့နှစ်ဆိုတာမရှိ မရှိမရှားဆိုသလို [illegible] အလျှုအတန်းပင်ပြုနိုင်သည်။ ကြောင်မ [illegible] ကြီးဝင်စားကာ လာရောက်နေထိုင်သည့် အချိန်ကစပြီး စီးပွားရေးအဆင်ပြေလာ [illegible] တာသတိထားမိသည်။

ကြောင်များအား နေအိမ်တွင်မွေး [illegible] ထားလျှင် မြွေပါးကင်းပါးအန္တရာယ [illegible] အဆိပ်ရှိတဲ့သတ္တဝါတချို့ ဝင်လာလျှင် [illegible] လည်း သူတို့က သိနေတတ်ကြသည် [illegible] တစ်ညတွင် အိမ်ပေါ်မှ အိမ်အောက် [illegible] ဆင်းသည့်အချိန် ရုတ်တရက်မို့ ဓာတ်မီး [illegible] ကယူမလာမိ။ မှောင်ရိပ်ထဲ ပိုးတဝါးခန့် [illegible] မြင်တွေ့ရသည့်မြင်ကွင်းမှာ ကြောင် [illegible] လေးတွေသုံးကောင်ဝိုင်းကာမြင်ရသည် [illegible] အိမ်ပေါ်တက် လက်နှိပ်ဓာတ်မီးပြန် [illegible] ကာ ထိုး၍ကြည့်လိုက်ရာ မြွေဟောက် [illegible] တစ်ကောင်အား ကြောင်ကလေးများ [illegible] ဘေးမှပတ်လည်ဝိုင်းကာ သဲနှင့်ပက် [illegible] အလစ်တွေ့ခုတ်ဖို့ပြင်ဆင်နေတာတွေ [illegible] သည်။ ကျွန်ုပ်လည်း တုတ်တစ်ချောင်း [illegible] ကိုဆွဲ၊ မြွေကိုရိုက်မည်လုပ်တော့ မြွေ [illegible] ပါးပျဉ်းကိုဖြုတ်ကာ ချုံထဲသို့လှစ်ခနဲ [illegible] ဝင်သွားတော့သည်။ ကြောင်မှာ [illegible] ကဲ့သို့ အဆိပ်ရှိသည့် သတ္တဝါတွေ [illegible] လည်း တားဆီးခုတ်လေ့ရှိတာတွေ [illegible] သည်။

ကြောင်အား မြွေကိုက်၍ [illegible] သည်ဆိုတာမရှိ။မြွေကိုက်ခံရလျှင် [illegible] ထဲတောင်ထဲတွင် ပေါက်ရောက်သ [illegible] ကြောင်ဆေးပင်အား စားလိုက်တာ [illegible] မြွေဆိပ်ပြယ်ကာသွားရသည်။ ကြော [illegible] ဆေးပင်အားသိရှိသူများ အိမ်တွင်စိ [illegible] ပျိုးထားပါက မြွေဆိပ်ကင်းဆိပ်တို့အ [illegible] နိုင်သည်။ ကြောင်ဆေးပင်ဟုတ်၊မဟု [illegible] သိလိုလျှင် ထိုအပင်အား ကြောင်မွေ [illegible] ပေးလျှင် ကြောင်စားသည်ကို တွေ့ [illegible] သည်။

ကြောင်တွေ အိမ်မှာမွေးထား [illegible] ဟိုဟာချီလာဒီဟာချီလာနှင့်မမွေးတာ [illegible] ကောင်းသည်ဟု ပြောသူလည်းရှိသ [illegible] သို့သော် ကြောင်မှာ ကိုယ့်အိမ်တွင် [illegible] ထားတိုင်း အိမ်တွင်မမြဲ အခြားအိမ် [illegible] သူတို့သဘာဝပြောင်းရွှေ့နေထိုင်ထ [illegible] သည်။ ကြောင်ကလေးတွေ သားပေ [illegible] ပြီး မဖမ်းတတ်ဖမ်းတတ်အရွယ်ရော [illegible] လျှင် အမေကြောင်မကြီးက ကြွက် [illegible] ကလေးများ ဖမ်းယူလာပြီး မြေ [illegible] လိုက်ဖမ်းလိုက်၊ တစ်ခါပြန်လွှတ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မနုံးတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

❑ ကတိသစ္စာ တည်သောခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏။

မှန်ကန်သောသစ္စာစကားတစ်ရပ်ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော ဆေးပင်တို့သည် သူ့ရောဂါနှင့်သူ လိုက်ဖက်ညီသော ဆေးပင်တို့ဖြစ်ကြ၏။ မြေကြီးပေါ်မှ ပေါက်သမျှသောအပင်တို့သည် ဆေးပင်တို့သာ ဖြစ်ကြပါ၏။ သို့သော် မည်သည့်ဆေးပင်သည် မည်သည့်ရောဂါကို ပျောက်ကင်းစေတတ်၏ဟု တိကျစွာ သိကြပါချေ။ သိရှိအောင်လည်း လေ့လာမှုမရှိကြပါ။

ကျွန်ုပ်သည် ဆေးတစ်ပင်အကြောင်းကိုသာတင်ပြ၍ ပျောက်ကင်းစေနိုင်သောဝေဒနာတို့ကိုပါ ဖော်ပြပေးသွားပါမည်။ သို့မှသာ စာဖတ်သူပရိသတ်တို့က လွယ်လင့်တကူ ရှာဖွေစားသုံးနိုင်ကြပေလိမ့်မည်။

ယခင်ကဆိုလျှင် ဆေးပင်ပုံသဏ္ဌာန်ကို စာဖြင့်ရေးသားပြရပေ၏။ စာတတ်သောသူတို့က သိကြပေ၏။ ယခုအချိန်ခါ ဆေးပင်၏ပုံသဏ္ဌာန်ကို ဓာတ်ပုံဖြင့် ဖော်ပြပေးထားသဖြင့် ဆေးပင်မှားနိုင်စရာအကြောင်း မရှိတော့ပါ။ မှန်ကန်သောဆေးပင်ကိုသာ ရရှိကြပေလိမ့်မည်။

ဤနေရာတွင် လူအများသိရှိကြသော ဆေးတစ်ပင်အကြောင်းကို တင်ပြပါမည်။ ဤဆေးပင်သည် အလွန်အစွမ်းထက်မြက်သောဆေးပင်ဖြစ်ပါ၏။ ယင်းဆေးပင်ကား ငုရွှေဝါပင်ဖြစ်ပါ၏။ ငုပင်ဟုဆိုရုံမျှနှင့် မပြည့်စုံပါ။ ငုမှာလည်း ငုရွှေဝါ၊ ငုစပ် ဟူ၍ အမျိုးမျိုးရှိကြ၏။ အခုဖော်ပြမည့်ဆေးပင်မှာ ငုရွှေဝါပင်ဖြစ်ပါ၏။

❑ ဆေးပင်၏ပုံသဏ္ဌာန်

ပင်လတ်မျိုးဖြစ်၏။ပေ(၃၀)အထိမြင့်နိုင်၏။ ပင်စည်၏လုံးပတ်မှာ (၃) ပေမှ (၅)ပေအထိ ရှိနိုင်၏။ အကိုင်းအခက်များမာ၏။တောင့်တင်း၏။ အခေါက်မှာ အပင်ငယ်စဉ်က ချောမွတ်၏။ အပင်ကြီးလာသော် အခေါက်မှာ ကြမ်းတမ်း၏။

အပင်၏အရွက်မှာ ရွက်ပေါင်းဖြစ်ပြီး ရွက်လွှဲထွက်၏။ အရွက်မှာ တစ်ပေ (သို့) တစ်ပေကျော်ကျော်ရှည်၏။ ရွက်မြွှာ (၅) စုံမှ (၇) စုံအထိ ပါရှိ၏။ မျက်နှာချင်းဆိုင်ထွက်ကြ၏။ တစ်ပေတစ်ပေခြောက်လက်မအထိ ရှည်၏။ အရွက်မှာ ရှည်မျောမျောဘဲဥပုံရှိ၏။ ရွက်ထိပ်ချွန်၏။ ရွက်ရင်းသွယ်၏။ ရွက်ကြောများမှာ ထင်ရှားလှ၏။ အရွက်အောက်မျက်နှာပြင်၌ အမွေးနုကလေးများရှိ၏။ ရွက်နားညီပြီး လှိုင်းအနည်းငယ်တွန့်ပါ၏။

ထိုက်နှင့် သားသမီးတွေကို ကြွက်ခုတ်သင်တတ်သည်။ ထိုအချိန် မြွေ၊ကင်းတို့အရှင်ချီလာမှာစိုးရသည်။ ကျန်သည့်အချိန် အသေကိုက်ချီကာ သားသမီးများအား ကျွေးတတ်သည်။

ကျွန်ုပ်တို့အိမ်သို့ ရွာမြောက်ပိုင်းမှ ကြောင်မကြီးတစ်ကောင် အိမ်သို့လာရောက်ကာ ကြောင်ကလေးများမွေးခဲ့ပါသည်၊ အိမ်ကိုလာမမွေးမီ ရက် (၂၀) လောက်ကပင် လာရောက်ကာ ကြောင်အားမွေးဆိုသည့် ရှေးလူကြီးသူမစကားလို သူကမွေးဖို့နေရာကောင်းကောင်းသားသမီးအတွက် လုံခြုံစိတ်ချရမည့်နေရာကို အရင်ကြည့်ပြီးသား။ ကျွန်းသေတ္တာ အဖုံးပက်လက်ထဲတွင်ဝင်ကာမွေးခဲ့သည်။ လေးကောင်မွေးရာ သုံးကောင်အဖတ်တင်သည်။ ကြောင်ငယ်လေးများ တစ်လသားအရွယ်ကျော်ကျော်တိုင် ဘယ်မှသွားလာလို့မရ။ သေတ္တာခွက်ထဲမှ ကျော်မတက်နိုင်။ နေ့ညည ကြောင်မကြီးကနို့ခဏခဏတိုက်သည်။သေတ္တာထဲမှထွက်သည့်အရွယ်လွန်လျှင် အိမ်ပေါ်တွင်ပေါက် ပြေးလွှား ဆော့ကစားရင်း အချင်းချင်း နပန်းလုံးလိုက်၊ လိုက်တမ်းပြေးတမ်းစကားလိုက်နှင့်နေကြသည်။

ကြောင်မကြီးကလည်း ညဘက်ကြွက်ခုတ်ရလျှင်လည်း သားသမီးများအား တစ်ကောင်ချင်းခေါ်၍ပေးသည်။ အရင်ပေးပြီးသားကြောင်အားမပေးဘဲ တစ်ကောင်ချင်းပြောင်း၍ရှာကျွေးသည်။ ကြောင်မကြီးကိုယ်တိုင် ကြောင်ငယ်တို့အား စားမကုန်ကျန်သည့်အပိုင်းအစတို့ကိုသာစားသည်။ နို့တိုက်ရင်းလည်း အမြီးကလေးအား ယမ်းထားပေး၍ ကြောင်ကလေးများ ကြွက်ခုတ်သင်ပေးတတ်သည်။ ထိုအချိန်တွင် ဘောလုံးကလေးများအား ကြိုးနှင့်ချည်ထားပေးလျှင် ပုတ်ကာပုတ်ကာ ဆော့ကစားနေတတ်သည်။ ကျွမ်းထိုးသင်လျှင်လည်း တတ်လွယ်သည့်အရွယ်ဖြစ်သည်။

နေအိမ်တွင် မွေးမြူထားသည့်ကြောင် အစာအန်တာကြုံတွေ့ရလျှင် ရွံ့စရာမလိုပါ။ မထင်မှတ်ဘဲ လာဘ်ရစေတတ်ပါသည်။ ငွေကြေးသော်လည်းကောင်း၊ အဝတ်အထည်သော်လည်းကောင်းရစေတတ်ပါသည်။ ချည့်ကောင်းဆောင်ကောင်း၊ အဆွေခင်ပွန်းကောင်းတို့လည်းရောက်လာတတ်ပါသည်။

အခြားတစ်အိမ်တစ်နေရာမှ ရွှေ့ပြောင်း နေထိုင်သည့်ကြောင် မြောက်အရပ်ကလည်းဖြစ်မည်ဆိုလျှင် ထိုကြောင်ဝင်စားအား ကောင်းမွန်စွာ ကျွေးမွေးထားကြည့်ပါ။ ထိုအိမ်ရှင်မိသားစု လုပ်ငန်းကိုင်တာ စီးပွားရေးအစစအရာရာ ယခင်ကထက် တိုးတက်ကောင်းမွန်လာတာ ကိုယ်တွေ့ကြုံရပါလိမ့်မည်။

တရုတ်လူမျိုးတို့၏ အယူအဆမှာလည်း မိမိတို့နေအိမ်တွင်မွေးထားသည့် ကြောင်မိသားစုများ များများပေါက်ပွားလေလေ ထိုနေအိမ်ရှင်မိသားစု စီးပွားတက်လေလေဟုဆိုကာ ကြောင်မိသားစု ဘယ်လောက်ပေါက်ပေါက် သူများမပေးဘဲမွေးထားလေ့ရှိသည်ဟု ဆိုပါသည်။

ကြောင်လေးတွေ ဘယ်လောက်မွေးမွေး၊ ထမင်း၊ဟင်းတွေကျွေးရကျွေးရ နေ့စဉ်နှင့်အမျှကသိုလ်လည်းရ၊ ကြွက်သောင်းကျန်းသည့် အန္တရာယ်ကလည်း လက်တွေ့ ကင်းဝေးတာအမှန်ပင် ဖြစ်ပါသည်။

နေအောင်လင်း (စလေ)



www.burmeseclassic.com

www.burmeseclassic.com

အပွင့်မှာ ရွှေဝါရောင်ရှိ၏။ အခိုင်လိုက်ပွင့်၏။ အပွင့်ကြီး၏။ ပွင့်ခိုင်တစ်ပေကျော်ရှိ၏။ တန်ခူး၊ ကဆုန်လတွင်ပွင့်ကြ၏။

အသီးမှာ အတောင့်ဖြစ်၏။ တစ်ပေ၊ တစ်ပေခွဲခန့်ရှည်၏။ မှည့်လျှင် အရောင်နက်လာ၏။ ဆောင်းရာသီတွင် အသီးမှည့်ကြ၏။

ပူပြင်းစိုစွတ်သော ရာသီဥတုကို နှစ်သက်၏။ အမြင့်ပေ (၄၀၀) အထိ မြင့်၏။

**❑ အသုံးပြုသည့်အစိတ်အပိုင်းများ**

အပင်၏ ပဥ္စငါးပါး၊ အရွက်၊ အသီး၊ အနှစ်၊ အမြစ်တို့ ဖြစ်၏။

**❑ စွမ်းရည်သတ္တိ**

အသီးမှာ ချိုသက်သက်ဖြစ်၏။ လေး၏။ ဝမ်းကိုသွားစေ၏။ အရွက်သည် နူးညံ့စွာဝမ်းကိုသွားစေ၏။ အပွင့်ကား အေး၏၊ ခါး၏၊ ဖန်၏။ အနှစ်သားကား ချို၏။ ဝမ်းကိုသက်စေ၏။ လေသည်းခြေကိုနိုင်၏။ အသီးသည် နှုတ်ကိုမြိန်စေ၏။ နူနာကိုပယ်တတ်၏။ သလိပ်ကိုနိုင်၏။

**❑ ဆေးပင်ကိုအသုံးပြုရန်**

ပဥ္စငါးပါး (အမြစ်၊ အခေါက်၊ အသီး၊ အပွင့်၊ အရွက်) ကို ရေနှင့်သွေးလိမ်းသော်ကား ပွေးနာ၊ ဝဲခြောက်နှင့် သွေးဆိုးကြောင့်ဖြစ်သော အရေပြားရောဂါများ ပျောက်ကင်းပါ၏။

**❑ အရွက်ကိုအသုံးပြုပုံ**

အရွက်ကိုကြိတ်၍ရသောအရည်နှင့် လိမ်းကျံပေးပါက ရေယုန်နာပျောက်ကင်းပါ၏။ အဆစ်ရောင်ရောဂါ၌ အရွက်ကိုပူအောင်လုပ်ပါ။ ကြပ်ထုပ်ထိုးပေးပါက ပျောက်ကင်းပါလိမ့်မည်။

နူနာနှင့် အရေပြားရောဂါတို့မှာ အရွက်ကို ရှာလကာရည်နှင့် ကျောက်ပျဉ်၌ကြိတ်ပြီး အနာကိုလိမ်းပေးပါ။ ရောဂါပျောက်ပါ၏။ ဝမ်းချုပ်လျှင် အရွက်နုကို ဟင်းချိုချက်သောက်ရ၏။

**❑ အသီးအနှစ်**

အသီးအနှစ်ကိုသွေး၍ နှေဘက်တွင် ချက်၍လိမ်းပေးသော် ဆီးအောင့် ဆီးချုပ်နှင့် ဆီး၌သွေးပါသောရောဂါ ပျောက်ပါ၏။ မန်ကျည်းသီးအမှည့်အနှစ်နှင့် ငုသီးအနှစ်တို့ကို အညီအမျှယူ၍ ညဦးတွင် ရေစိမ်ပြီး ညအိပ်ရာဝင်သောအခါ စစ်၍သောက်သော် နံနက်၌



ဝမ်းကောင်းစွာသက်ပြီး ဝမ်းချုပ်ရောဂါ ပျောက်ပါ၏။

ငုနှစ်ပြုတ်ရည်ကို နား၌ထည့်ပေးသော် နားနှင့်ပတ်သက်သောရောဂါ ပျောက်ကင်းပါလိမ့်မည်။

ကလေးများ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်းဖြစ်လျှင် ငုနှစ်ကိုသွေး၍ ကလေးချက်ပတ်လည်၌ လိမ်းပေးပါက ပျောက်ပါ၏။

ငုအမြစ်ကို နွားနို့နှင့်ပြုတ်သောက်သော် လေရောဂါပျောက်ပါ၏။

ဆီးအိမ်ကျင်ခြင်း၊ အောင့်ခြင်း၊ ဆီးသွားရာတွင် အားရအောင်မသွားနိုင်ခြင်း၊ ဆီးသွားပြီးနောက် ဆီးအိမ်တွင် ကျင်နာခြင်းတို့ကို ခံစားနေရပါ၏။ တစ်ခါတလေ ဆီးအိမ်ထဲမှ ကိုက်ခဲခြင်းဝေဒနာကိုပါ ခံစားလာရ၏။ ထိုဝေဒနာ ပျောက်ကင်းစေရန် အောက်ပါအတိုင်း ပြုလုပ်ပေးပါ။

အောက်သို့တည့်တည့်ဆင်းသွားသောငုအမြစ်ကိုတူးယူပါ။ ရေနှင့်စင်ကြယ်အောင်ဆေးပါ။ ကျောက်ပျဉ်ကို ရေစင်ကြယ်အောင်ဆေးပါ။ ဆေးမြစ်ကို ဆန်ဆေးရည်ဖြင့်သွေးပါ။ ရလာသော ဆေးရည်ကို သောက်ပေးပါ။ အထ[illegible] ဖော်ပြပါ ဆီးကျင်နာ၊ ဆီးအောင့်နာ[illegible] ဆီးအားမရအောင် သွားနေရခြင်းသည် ချက်ချင်းပျောက်ကင်းပါလိမ့်မည်။ လ[illegible] တွေ့နည်းဖြစ်ပါသဖြင့် စမ်းသပ်နိုင်ပါ၏။

ဆေးပညာကို သေရွာသို့မယူ[illegible] ပါ။ ငယ်စဉ်ကတည်းက လေ့လာမှ[illegible] သားခဲ့သော တိုင်းရင်းဆေးတို့ကို အချိ[illegible] ရသမျှ တင်ပြနေပါ၏။ တိုင်းရင်းဆေ[illegible] ပညာဗဟုသုတ တိုးပွားနိုင်ကြပါစေ[illegible] အာစရိယဂုဏောအနန္တော - သွန်သင်[illegible] ပြသပညာပေးခဲ့ကြသော ဆရာမြတ်[illegible] အား ကာယဝစီမနောချီ၍ အလီလီရှိ[illegible] ကန်တော့ပါ၏။

ပြည်သူအားလုံးကျန်းမာချမ်းသာ[illegible] ကြပါစေ။ လိုအင်ဆန္ဒပြည့်ဝနိုင်ကြ[illegible] စေ။

*တိုင်းရင်းဆေးပညာအပေါ်[illegible]*
*သစ္စာရှိစွာ[illegible]*

မဟာနွယ် (မန်းတ[illegible]သိုက်[illegible])



www.burmeseclassic.com

www.burmeseclassic.com

# ပွေးပင်တစ်ပင်အသုံးဝင်

လောကတွင် ဘဝတစ်ခုရရှိလာသည့်အလျောက် ခန္ဓာလည်းရရှိလာပါသည်။ ဘဝရှင်သန်ရပ်တည်နေရမှုတွင် စိတ်ချမ်းသာမှုရှိရေးနှင့် ခန္ဓာကျန်းမာနေမှုတို့မှာ ဘဝအတွက် အလိုအပ်ဆုံးသော အရင်းအနှီးဖြစ်သည်ဟု ယုံကြည်ဆင်မြင်မိပါသည်။

ဘဝတွင် လူသတ္တဝါတိုင်း ခန္ဓာရရှိသည့်အခါ ကြီးငယ်မရွေးဝေဒနာတစ်ခုတော့ ကြုံရသည်က ဓမ္မတာဖြစ်ပါသည်။ ဝေဒနာရရှိမှုအပေါ် ပျောက်ကင်းရန် ကုသကြရပါသည်။

ဝေဒနာရရှိမှုအပေါ် ပျောက်ကင်းအောင်ကုသရာတွင် ငွေကုန်ကြေးကျကုန်ပြီးမှ ပျောက်ကင်းသွားကြသူများသည်း တွေ့ရှိကြပါသည်။ အချို့သူများသည်း ငွေကုန်ကြေးကျမရှိဘဲ၊ မထင်မှတ်ဘဲ ဆေးမြီးတိုတစ်ရပ်ဖြင့်လည်း အများအပြား ပျောက်ကင်းသွားကြပါသည်။ အချို့သူများအနေဖြင့် ခွဲစိတ်ကုသမှုပြုကြရပြီး အချို့သူများလည်း ခွဲစိတ်ကုသ မှုမပြုကြရဘဲ ဗမာ့ဆေးမြီးတိုဖြင့် ပျောက်ကင်းသွားကြတာ တွေ့မြင်ကြရပါသည်။

ဗမာ့ဆေးပညာသမိုင်းတွင် ဆရာဇီဝက ဆေးပညာရှင်တစ်ဦးရှိခဲ့ပါသည်။ ဆရာဇီဝကသည် တက္ကသိုလ်တွင် ပညာသင်ယူပြီး တက္ကသိုလ်ဒိသာပါမောက္ခဆရာကြီးက ဆရာဇီဝကအား အရပ်လေးမျက်နှာသို့ ခရီးတစ်တိုင်စီသွားရောက်စေပြီး ဆေးဖက်မဝင်သည့် သစ်ပင်ကိုရှာရန် စေလွှတ်ပြီးရှာခိုင်းပါသည်။

ဆရာဇီဝက အရပ်လေးမျက်နှာသို့ခရီးထွက်ပြီး ဆေးဖက်မဝင်သည့် သစ်ပင်ကိုရှာခဲ့သော်လည်း တစ်ပင်မျှ မတွေ့ခဲ့ကြောင်း ဒိသာပါမောက္ခဆရာကြီးအား ပြန်လည်ဖြေကြားခဲ့ရာ ဆရာဇီဝကအား အသင်ဆရာဖြစ်ပြီဟု အမိန့်ရှိခဲ့ကြောင်း မှတ်သားမိပါသည်။

ထို့ကြောင့်လည်း လူတိုင်းမသိသော်မှ သစ်ပင်တိုင်း တစ်နည်းမဟုတ်တစ်နည်း ဆေးဖက်ဝင်ကြစမြဲ။ သစ်ပင်တစ်ပင်သည် ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း မိမိ၏အကြား၊ အမြင်၊ အသိအပေါ် ဗဟုသုတရရှိခဲ့ပါသည်။ သစ်ပင်ကို သိရှိသော်လည်း ထိုအပင်၏ အစွမ်းသတ္တိတို့နှင့် အသုံးဝင်မှုတို့ကို သိရှိခြင်းမသာ အကျိုးသက်ရောက်မှုကို သိ...ည် ဖြစ်ပါသည်။

ဘဝကို ကျော်လွှားဖြတ်သန်းလာရမှုအပေါ် အမှတ်မထင် ခံစားရသည့် ဝေဒနာတစ်ခုအကြောင်း ပြောပြလိုခြင်းပါ။ ခံစားရမှုအပေါ် စာရေးသူကဲ့သို့ပင် ထိုဝေဒနာရှိသူများအနေဖြင့် ကိုယ်ချင်းစာနာမိသဖြင့် ထိုဝေဒနာပျောက်ကင်းမှုအတွက် မျှဝေလိုသော ဆန္ဒကြောင့်လည်းရေးသားရခြင်း ဖြစ်ပါသည်။

ပုထုဇဉ်လူသားတိုင်း ခန္ဓာကိုယ်ကို လွှမ်းမိုးထားသည်မှာ စိတ်ပဲဖြစ်ပါသည်။

စာရေးသူသည် ဝန်ထမ်းဘဝရှိစဉ်က ဂရင်ဂျီနာဝေဒနာကို ကုသရန်အတွက် အလုပ်ဖျက်ပြီး ခွင့်ယူရမှာဖြစ်သည့်အတွက် ကုသမှုမပြုခဲ့ပါ။ ထို့ပြင် ဆေးရုံတက်ပြီး ခွဲစိတ်ခံရမည်ဖြစ်၍ စိတ်တွင်မရဲ။ အချိန်ဆွဲထားမိသောကြောင့် ရောဂါပိုမိုခံစားရမည်ကိုလည်း စိုးရိမ်မိနေပါသည်။

မိုးရာသီကုန်ဆုံး၍ ဆောင်းလရာသီအကူး တစ်နေ့သောနေ့လယ်အချိန် မိခင်နေထိုင်သောခြံထဲမှ ပွေးဖူးလေး၊ ငါးဖူးကို ခူးယူပြီး စက်ဘီးရှေ့ခြင်းထဲတွင် ထည့်ပြီး အိမ်သို့ပြန်လာသည့်နောက် ညနေထမင်းစားသည့်အချိန်တွင် မီးမြှိုက်လျက် ငါးပိရည်နှင့်တို့စရာအဖြစ်တို့စားပါသည်။ ရက်ခြားသုံး၊ လေးခါစားမိပါသည်။

တစ်နေ့သောအခါ ပွေးဖူးလေး၊ ငါးဖူးကိုခူးပြီးပြန်လာရာတွင် မိတ်ဆွေတစ်ဦးနှင့် လမ်းတွင်တွေ့ရှိသဖြင့် -

"ဒါဘာတွေလဲဗျ"

ရော-ခက်တော့နေပြီ၊ ပွေးဖူးတွေကို မြင်တွေ့နေပါလျက် ဘာတွေလဲဟု အမေးခံရ၏။ ကေန္တ ပွေးပင်ပွေးဖူးများကို မမြင်တွေ့ဘူးသူဖြစ်ရပေမည်။ သူ့ကိုလည်း အပြစ်မဆိုသာ။ တိုးတက်လာသောလူဦးရေအရ ခြံမြေတို့က တစ်စထက်တစ်စတန်ဖိုးမြင့်လာသည်နှင့်အမျှ လူနေကလည်း သိပ်သည်းလာသဖြင့် သစ်ပင်ဝေပင်တို့ကလည်း ရှားပါးလာခဲ့သည်။ ဝင်းကြီးခြံကျယ်နှင့် စိုက်ပျိုးသူနည်းလာသည်။ ယခင်လို (လိုရစေ ကြိုးသို့ခွေ) ဆေးလိုဝါးဖက်အပင်များ (အိမ်ခြံအတွင်း) စိုက်ပျိုးမှုများ မရှိတော့။ မြို့ပြကြီးလေ ရှားပါးလေဖြစ်ခဲ့ရသည်။ ယုတ်စွအဆုံး ကင်ပွန်းချဉ်၊ ဆူးပုပ်၊ တမာ၊ ရှောက်၊ သံပရာတို့ကိုပင် မမြင်တွေ့ရ၊ ဝယ်သုံးမှုရနိုင်မည့်အခြေအနေ။ လုံးဝရှားနေခဲ့၏။ လိုချင်တိုင်း နီးနီးစပ်စပ်တွင်မရှိ။

ဟုတ်ကဲ့ - မတွေ့ဘူးတာထက် မသိဘူးပြောရလိမ့်မည်။ ဒီလိုနှင့် မိတ်ဆွေအား ပွေးပင်တစ်ပင်အသုံးဝင်ပုံကိုပြောပြရန်အတွက် အနီးအနားတွင်ရှိသော လက်ဖက်ရည်ဆိုင်သို့ဝင်ရောက်ကြပြီး ရှင်းပြရတော့သည်။

တကယ်တော့ တိုင်းရင်းဆေးကျမ်းတွေမှာ ဖော်ပြထားတာက ပွေးရွက်၊ ပွေးကိုင်းဟာ ဝမ်းချုပ်စေခြင်းကို ကင်းဝေးစေပါသည်။ ဆာလောင်ခြင်းကိုဖြစ်စေပြီး အသက်ရှူရာမှာ အနံ့မကောင်းခြင်းကို ပျောက်စေသည်။ ပွေးရွက်ဟာ ဝမ်းဗိုက်အောင့်ခြင်း၊ အသည်းရောဂါ၊ ဖျဉ်းရောဂါ၊ သည်းခြေချဉ်ပြန်၊ အစာမကြေ၊ နူနာ၊ သလိပ်၊ ချောင်းဆိုး၊ မြင်းဖုအစိုနာ၊ ဒူလာ၊ အဆစ်အမြစ်ကိုက်ခဲတဲ့ရောဂါတွေမှာသုံးကြောင်း၊ ပွေးကိုင်းရွက်ကို ချင်းခြောက်နှင့် ပြုတ်သောက်သည့်အခါတွင် အစာမကြေရောဂါတွေပျောက်ကြောင်း၊ ပွေးကိုင်းရွက်ကို ဆီးဖြူသီးနှင့် ပြုတ်သောက်သည့်အခါ နူနာရောဂါ၊ ရေဖျဉ်းရောဂါတွေပျောက်ကြောင်းနှင့် ပွေးကိုင်းရွက်ကို ကြိတ်မှန်ရွက်နှင့်ရောပြီးသောက်လျှင်လည်း ဆံပင်ကို နက်မှောင်သန်စွမ်းစေကြောင်းနှင့် အညောင်း၊ ဆီးပူ၊ ခြေပူ၊ အစိုပူနှင့် အပုပ်အခိုးတို့ကိုနှိမ်ရန် ဝမ်းနုတ်ဆေးအဖြစ်သုံးသော် နွားနို့လက်ဖက်ရည်ပန်းကန်တစ်လုံးတွင် ပွေးကိုင်းပြုတ်ရည်ကျကျတစ်ဇွန်း ရောစပ်ပြီး သောက်သုံးပါက ဝမ်းမှန်ပြီး အပုပ်ကင်းစင်ကြောင်း အဆိုရှိတယ်ခင်ဗျာဟု ပြောပြရသေးသည်။

အချို့သူများ ယားယံပါက ပွေးရွက်နှင့်တိုက်ပြီး ဝမ်းသက်လိုပါက မီးမြှိုက်တို့စားကြပါသည်။ အရွက်တွင်ရှိသည့်အကြောလေးကိုဆွဲထုတ်ပြီးတို့စားပါ က ဝမ်းရစ်နာခြင်းမရှိကြောင်း သိရပါသည်။ အချို့သူများလည်း ပွေးဖူးများကို နေလှန်းပြီးခြောက်သွေ့သည့်အခါ ရေနွေးကြမ်းအဖြစ် သောက်ပါကလည်း ဝမ်းသွားကြောင်းသိရှိရပါသည်။

စာရေးသူအနေဖြင့် ခံစားနေရသော ဂရင်ဂျီနာဝေဒနာကို ပွေးဖူးနှစ်ဖူး၊ သုံးဖူးမျှ မီးမြှိုက်တို့စားခြင်းဖြင့်၊ သုံးလေးခါစားရုံဖြင့် ပျောက်ကင်းသွားခြင်းဖြစ်ကြောင်း စေတနာဖြင့် မျှဝေရေးသားဖော်ပြအပ်ပါသည်။

ကိုယ်တွေ့ဖြစ်ကြောင်းထပ်မံပြောမြွက်ပါရစေ။

*ကျန်းမာချမ်းသာပါစေ*

ပိုးသူသူ (ဘဝမိတ်ဆွေ)

www.burmeseclassic.com

www.burmeseclassic.com

အိုက်ထွန်း။

တပ်ကြပ်အိုက်ထွန်း။

အသက်က (၂၆) နှစ်။

လူမျိုးက ရှမ်း/ဗမာ။

လူပုံလည်းကြည့်ဦး။

အရပ်(၅)ပေ၊(၂)လက်မ။ အသားက ဖြူဖြူ။ တောင့်တောင့်တင်းတင်း၊ ယောကျ်ားပီသသည်။စစ်သားပီသသည်။ စစ်ဝတ်စုံဝတ်ထားလျှင် ပိုကြည့်ကောင်းသည်။ ဆရာကြီးမင်းသုဝဏ်ကဗျာထဲကလို 'ပခုံးနှင့် လက်ပြင် ကျောချင်းက သံချောင်း' လို့ ဆိုရမည့်ပုံမျိုး။

ပညာအရည်အချင်းကနည်းသည်။ (၇) တန်းသာအောင်သည်။

သို့ရာတွင် ကာယအားကိုးရသည့် အလုပ်တော်တော်များး၌ ထူးချွန်သူဖြစ်သည်။စဉ်းစားတွေးတောမှုလည်းကောင်းသည်။ ရဲရင့်ပြတ်သားသည်။ တောလိုက်မုဆိုးကောင်းတစ်ဦးလည်းဖြစ်လေသည်။ အိမ်ထောင်မရှိ လူပျိုလူလွတ်တစ်ဦးဖြစ်သည်။

ဆရာအိုက်ထွန်း၏တပ်က ရွှေဘိုမြို့အခြေစိုက် အမှတ် (xxx) တပ် ဖြစ်သည်။

ယခု ဆရာအိုက်ထွန်းရောက်နေသည့်နေရာကား ကလေးမြို့ အခြေစိုက်သည့် အမှတ် (xxx) တပ်တွင်ရောက်ရှိနေခြင်းဖြစ်၏။ ထိုတပ်တွင်ဖွင့်လှစ်သည့် အကြပ်ငယ်သင်တန်းတွင် သင်တန်းတက်ရောက်နေခြင်း ဖြစ်ပေသည်။

ယင်းသင်တန်းတည်ရှိရာ တပ်နှင့် (၂)မိုင်အကွာခန့်တွင် တပ်ပိုင်လယ်(၅)ဧကရှိသည်။

အဆိုပါ လယ်သည် ပိုင်ရှင်များ စွန့်လွှတ်ထားသည့်လယ်များဖြစ်သည်။ မည်သူမျှ မစိုက်ပျိုးကြ။ ကျတ်ကုန်းကြီး ဟု ဆိုကြသည်။ လယ်ကွင်းပြင်အောက် မြေကြီးထဲမှ ကလေးငိုသံများကြားနေရသည်ဟု ဆိုသည်။

မြေကြမ်းသည်။

အစောင့်ရှိသည်။

ကျတ်ရွာကြီးဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြည့်၊ လူပါသေလိမ့်မည်။

ညဘက်တွင် မြေအောက်မှ အူဝဲ၊ အူဝဲဆိုသည့် ကလေးငိုသံများကြားရသည်။

အမျိုးမျိုးပြောကြသည်။

သို့ဖြစ်၍ ဒေသဆိုင်ရာ အာဏာပိုင်များ၊ မူလလယ်ပိုင်ရှင်များနှင့် တပ်နှင့်ညှိနှိုင်းကြသည်။ လယ်ပိုင်ရှင်များမှ တပ်ပိုင်လယ်မြေအဖြစ်လှူလိုက်ကြသည့် လယ်များဖြစ်သည်။

အဆိုပါလယ်အား အကြပ်ငယ်တန်းရှိ လေ့ကျင့်ရေးကျောင်းများမှ သင်တန်းသားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သင်တန်းသားများ၊ အကျဉ်းဦးစီးမှ သင်တန်းသားများ၊ ထိုသင်တန်းသားထဲမှ တစ်ဖွဲ့ (၅) ဦးနှုန်း စုဖွဲ့၍ တစ်ဖွဲ့လျှင် (၇) ရက် လယ်စောင့်တာဝန်ယူရသည်။

ယခုရက်သတ္တပတ် တာဝန်ကျသည့်အဖွဲ့သည် ဆရာအိုက်ထွန်း ဦးစီး (၅)ယောက်အဖွဲ့ ဖြစ်သည်။

ဆရာအိုက်ထွန်း၏ အဖွဲ့တွင် လေ့ကျင့်ရေးတပ်တစ်တပ်မှ ဒုတပ်ကြပ်စံသိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ဦးမောင်၊ ရဲဒုတပ်ကြပ် ခင်မောင်ထွန်း၊ အကျဉ်းဦးစီးမှ ဒုတပ်ကြပ်လှကြိုင်တို့ပါဝင်ပါသည်။

လယ်စောင့်တဲ (၃) လုံးရှိသည်။

ရဲတပ်ဖွဲ့ဝင်(၂) ဦးက တဲတစ်လုံး၊ အကျဉ်းဦးစီးမှတပ်ကြပ်လှကြိုင်၊ လေ့ကျင့်ရေးကျောင်းတစ်ကျောင်းမှ ဒုတပ်ကြပ်စံသိန်းတို့ (၂) ဦးက တဲတစ်လုံး၊ ဆရာအိုက်ထွန်းတစ်ယောက်တည်းက တဲတစ်လုံး အသီးသီးနေထိုင်၍ လယ်စောင့်တာဝန်ထမ်းဆောင်ကြသည်မှာ (၂) ရက်ရှိပြီ။ ဘာမှမထူး။ ကလေးငိုသံလည်း မကြားရပါ။

လယ်ကွင်းကြီးကား မစိုက်မပျိုးသည်မှာ ကြာ၍ထင်သည်၊ စိုက်ပျိုးထားသည့်စပါးများမှာ ကောင်းမှကောင်း။ တစ်ကွင်းလုံးမှာ စိမ်း၍ညို့၍နေသည်။ ဒူးပေါင်လယ်ခန့်ရှိသည်။ မကြာမီ အနှံ့ထွက်တော့မည်။

ဆရာအိုက်ထွန်းကား အငြိမ်မနေ၊ မုဆိုးပီပီ ကာဘိုင်သေနတ်တစ်လက်ဖြင့် လယ်ကွင်းအနှံ့ တောအနှံ့ နေ့နေ့ညည သွားလာလှုပ်ရှားနေသည်။

ကျန်လေးယောက်ကား အများပြောသံများဖြင့် တဲမှမထွက်ကြ။ ကျတ်တို့၊ သရဲ၊ တစ္ဆေတို့ ယုံကြည်ဟန်ရှိကြသည်။

ဆရာအိုက်ထွန်းကား ထိုသို့မဟုတ်။

ယုတ္တိမရှိတာ မယုံ။

ကိုယ်တွေ့မှယုံမည်။

အများပြောသည့်ကလေးငိုသံအား

# အောင်မြင့်မိုး

## ကလေးအငိုတိတ်အောင်ပ



www.burmeseclassic.com

နေ့နေ့ညညနားစွင့်သည်၊ စူးစမ်းသည်၊ လေ့လာသည်။ ခုထိတော့ ဘာမှသဲလွန်စမတွေ့သေး။

ယနေ့ မိုးရွာသည်။

ညနေ (၃) နာရီမှစ၍ မိုးကားသည်းသည်းမည်းမည်းရွာသည်။ ည(၉) နာရီထိုးမှ မိုးကစဲသွားသည်။ လယ်ကွင်းတစ်ပြင်လုံး ရေတွေဖွေးနေသည်။

ဆရာအိုက်ထွန်း အိပ်ရာစောစော ဝင်သည်။ သို့ရာတွင် စစ်သားပီပီ နိုးနိုးကြားကြားတော့ရှိသည်။

"အူဝဲ အူဝဲ အူဝဲ"

"ဟော"

ဆရာအိုက်ထွန်း ထထိုင်လိုက်သည်။ လက်နှိပ်ဓာတ်မီးဖြင့် နာရီကြည့်လိုက်သည်။

(၁၁) နာရီထိုးပြီ။

စပါးခင်းအောက် မြေကြီးထဲမှ ကလေးငိုသံများ နေရာအနှံ့မှကြားနေရသည်။

ဆရာအိုက်ထွန်း တဲပြင်ထွက်၍ လက်နှိပ်ဓာတ်မီးဖြင့် ကလေးငိုသံများကြားနေရသည့် လယ်ကွင်းဘက်သို့ထိုးကြည့်သည်။ ငိုသံများကား တိတ်မသွားပေ။ ဆရာအိုက်ထွန်း တဲအတွင်းပြန်ဝင်သည်။

အချိန်ဖြုန်းမနေတော့။

တောစီးဖိနပ်စီးသည်။ ကျည်ခါးပတ်နှင့်ဓားကိုခါးမှာပတ်လိုက်သည်။ လက်နှိပ်ဓာတ်မီးဓာတ်ခဲအသစ်လဲသည်။ အသင့်ပြုလုပ်ထားသည့် လေးပေခန့် ဝါးချွန်ငုတ်အစည်းကိုပခုံးထမ်းပြီး လက်စွဲတော် ကာဘိုင်သေနတ်ကျည်ထိုး၍ ထွက်ခဲ့သည်။

"အူဝဲ အူဝဲ အူဝဲ"

ကလေးငိုသံများ စပါးခင်းအောက် မြေကြီးထဲမှ နေရာအနှံ့အပြားကြားနေရသည်။ ဆရာအိုက်ထွန်းသည် လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ကလေးငိုသံကြားသည့်နေရာများတွင် ဝါးငုတ်များစိုက်၍ နေရာမှတ်နေသည်။

အခြားတဲ(၂)လုံးမှ ဆရာအိုက်ထွန်းရှိရာသို့ လက်နှိပ်ဓာတ်မီးဖြင့်လှမ်းထိုးကြသည်။ လူကားထွက်မလာပါ။

ဆရာအိုက်ထွန်း အူဝဲသံနေရာမှန်သမျှ သေသေချာချာရှာ၍ ဝါးငုတ်စိုက်သည်။ နေရာပေါင်း(၁၂)နေရာရသည်။

"ဟင်း - ကျွတ်တွေလား၊ ချောင်တွေလား မနက်လင်းရင် သိကြရောပေါ့ကွာ"

ဆရာအိုက်ထွန်း ကြိမ်းဝါးရင်း တဲသို့ပြန်ခဲ့သည်။

နောက်တစ်နေ့။

နံနက်(၆)နာရီကပင် ဆရာအိုက်ထွန်း၏တဲ၌လူစုံနေကြသည်။

"ဆရာတို့ရေ ညကတော့ ကလေးငိုသံကြားတဲ့နေရာအားလုံး ဝါးငုတ်တွေနဲ့စိုက်ပြီးလိုက်မှတ်ထားပြီးပြီ။ ဆယ့်နှစ်နေရာရတယ်"

ဟု ဆရာအိုက်ထွန်းမှပြောသည်။

ဇင်းအဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သည့် ရဲတပ်ကြပ်ဦးမောင်မှ -

"ဩော် ညကမီးတဝင်းဝင်းနဲ့လယ်ကွင်းထဲ ဘာလုပ်ပါလိမ့်လို့လှမ်းကြည့်နေတာ လက်စသတ်တော့ ဒီလိုကိုး။ ဆရာအိုက်ကတော့လေ၊ မကြောက်မရွံ့ဘာတွေများလုပ်ဦးမှာလဲဗျာ"

ဟုမေးသည်။

ဆရာအိုက်ထွန်းဆီမှ -

"ကျွန်တော်ကတော့ ယုတ္တိမရှိတာဘာမှမယုံဘူး၊ လက်တွေ့သမားပဲ။ ကိုယ်တိုင်တွေ့မှယုံမယ်။ ခဏနေရင် သင်တန်းပြန်ပြီး တူရွင်းနဲ့ပေါက်ပြားသွားငှားမယ်။ ညက အမှတ်အသားလုပ်ထားတဲ့နေရာတွေတူးမယ်။ မြေကြီးထဲမှာဘာရှိတယ်ဆိုတဲ့အဖြေရှာမယ်။ ဆရာတို့လိုက်ချင်လည်းလိုက်ခဲ့။ မလိုက်လည်း ကျွန်တော်တစ်ယောက်တည်းလုပ်မှာပဲ"

ဆရာအိုက်ထွန်း၏စကားအဆုံး၌ အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သည့် ရဲတပ်ကြပ်ဦးမောင်မှ တားမြစ်သည်။

"မလုပ်ပါနဲ့ ဆရာအိုက်ရာ၊ သူ့ဟာသူနေပါစေ။ တို့လည်း (၇)ရက်ပြည့်ရင် ပြန်ရတော့မှာပဲ"

"ကိစ္စမရှိဘူး၊ ကျွန်တော်က ဆုံးဖြတ်ချက်ချပြီးရင်မပြင်ဘူး။ ဆရာတို့လိုက်လာရင်လည်း ဘေးကပဲကြည့်နေကြပါ။ ကျွန်တော်တစ်ယောက်တည်းပဲ လုပ်သွားမှာပါ။ ကျွန်တော့်ကိစ္စ ကျွန်တော် တာဝန်ယူပါတယ်။ ဖြစ်လာရင် ကျွန်တော်ခံမယ်။ အစ်ကိုကြီးစေတနာကို လေးစားပါတယ်"

"အခု ကျွန်တော် တူရွင်းနဲ့ပေါက်ပြားသွားယူမယ်၊ သိပ်မကြာပါဘူး။ နေ့လယ်(၁၂)နာရီမှ အလုပ်စကြတာပေါ့"

ဆရာအိုက်ထွန်း၏စကားအဆုံး၌ ကျန်အဖွဲ့များနှုတ်မဟကြတော့ပြီ။ဆရာအိုက်ထွန်းပုံစံက ဆုံးဖြတ်ချက်ချပြီးလျှင် တား၍ရမည့်ပုံမရှိ။ သို့ဖြစ်၍ မည်သူမျှ မတားမြစ်ကြတော့ပေ။လိုအပ်သည့်များ ကူညီပံ့ပိုးရုံသာရှိတော့သည်။

နေ့လယ်(၁၂)နာရီထိုးပြီ။

လယ်စောင့်အဖွဲ့(၅)ယောက်လုံး ဆရာအိုက်ထွန်း အမှတ်အသားပြုထား သည့် ဝါးငုတ်များအနက် ဝါးငုတ်တစ် ငုတ်အနီးရောက်နေကြသည်။

ပြောမရ၊ တားမရသည့်အတူတူ ဆရာအိုက်ထွန်းတစ်ဦးတည်းပစ်မထား ရက်သည့် ရဲဘော်စိတ်ဖြင့်ရောက်နေကြ ခြင်း ဖြစ်သည်။ ဖြစ်လာမည့်ပြဿနာ ဝိုင်း၍ဖြေရှင်းကြမည်။

ဆရာအိုက်ထွန်း ဝါးငုတ်ပတ်ပတ် လည် တောရှင်း၍စတူးနေပြီ။

ကျန်(၄)ဦးလည်း လက်နက်ကိုယ် စီဖြင့် အသင့်စောင့်နေကြသည်။ စိုးရိမ် မှုရှိနေကြသည်ကိုကား ဇင်းမျက်နှာတွင် ပေါ်လွင်နေသည်။ ဖုံးဖိ၍မရ။ ဆရာ အိုက်ထွန်းကား အေးဆေးတည်ငြိမ်လျ သည်။

"ဒုတ်"

"ဟော"

"တစ်ခုခုတော့တစ်ခုခုပဲ"

ဆရာအိုက်ထွန်း တူရွင်းချလိုက် သည်။ မြေတူးခြင်းလုပ်ငန်းကို ရပ်လိုက် သည်။

"ကဲ - ကျွန်တော်နှိုက်ကြည့်မယ်"

ဆရာအိုက်ထွန်းအပြော။

"မလုပ်ပါနဲ့ အန္တရာယ်များ တယ်။ ပြန်သာဖို့လိုက်ပါ ဆရာအိုက်ရာ"

အဖော်တစ်ဦး၏တားမြစ်သံ။

ဆရာအိုက်ထွန်းမှ လက်မလျှော့ သည့်လေသံဖြင့် -

"ကဲ - ဒီလိုလုပ်၊ ရော့ - ဆရာ ငါ့ဓား၊ ငါနှိုက်မယ်။ အောက်မှာ ဘာ ရှိရှိ ငါဆွဲတင်မယ်။ အန္တရာယ်ပြုမယ့် အကောင်ဆိုရင် လက်မနှေးစေနဲ့ခုတ် ငါ့လက်ပါထိချင်ထိပါစေ။အဲ-အန္တရာယ် မပြုနိုင်တဲ့အကောင်ဆိုရင် ငါဟာငါရှင်း မယ်။ ကျန်တဲ့လူတွေကတော့လုပ်သ တာကို အခြေအနေကြည့်လုပ်ကြပါ နှိုက်ပြီ။

ဆရာအိုက်ထွန်းသာ စကား ပင်မစောင့်ဘဲ မြေပေါ်အလျားမှောက် ညာလက်ဖြင့် ကျင်းထဲသို့နှိုက်ပြီး ကျ (၄) ဦးလည်း ကျင်းအဝသို့ သတိ ကြည့်နေကြသည်။ ဒုတပ်ကြပ်စံသ ကား ခန္တီးရှမ်းဓား (၂၀ လက်မခန့်) အ ကျစ်ကျစ်ဆုပ်၍ခုတ်ရန်အသင့်ပြင်ထ သည်။

ဘာကောင်ကြီးပေါ်လာလေ ဟု တွေးဆ၍ အကြည့်အားလုံး ၍နေကြသည်။

"တွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com

### နေပြည်တော်ကျော်ကျော်စိုး

# ဆီးကျင်ဝေဒနာ ဆေးမခက်ပါ

ကျွန်တော်သည် ငယ်စဉ် အသက် (၂၀) မှစပြီး မိုးကုတ်ပတ္တမြားမြေတွင် ကျောက်တွင်းလုပ်ကိုင်ရင်းကြီးပြင်းခဲ့သူဖြစ်ရာ မိုးကုတ်၏ သဘာဝပေါက်ပင်များနှင့် ရင်းနှီးနေပြီး ထိုသဘာဝပေါက်ပင်တို့ဖြင့် လူတို့၏ ရောဂါစုံကို ကုပေးခဲ့သူဖြစ်သည်။

ထိုမှတစ်ဖန် မိုင်းရှူးပတ္တမြားမြေတွင် (၁၀) နှစ်တာမျှ နေထိုင်စဉ်အတွင်းမှာလည်း မိုင်းရှူး၏ သဘာဝပေါက်ပင်များနှင့် ရင်းနှီးနေကာ လူတို့အား ထိုပေါက်ပင်တို့ဖြင့် ကျန်းမာရေးကိစ္စအဝဝတို့အားကူညီခဲ့ပါသည်။ ထိုသည်တို့အား ဆောင်းပါးများရေး၍ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၁ ခုတွင် နေပြည်တော်သို့ ပြောင်းရွှေ့နေထိုင်သောအခါဝယ် ရေမြေ၊ ရာသီဥတု၊ သဘာဝတူညီခြင်းမရှိသဖြင့် သဘာဝပေါက်ပင်များလည်း တူညီခြင်းမရှိရာ အတော်ပင် အခက်ကြုံကာ လူတို့၏ကျန်းမာရေးအတွက် ကူညီနိုင်စေရန် သဘာဝပေါက်ပင်များအား တစ်ကနေပြန်စ၍ လေ့လာနေရပြန်၏။ မေးမြန်းရ၏။ ဗဟုသုတရှာရ၏။

ထိုအခါ နယ်မှ စာဖတ်ပရိသတ်များမှ ကျန်းမာရေးကိစ္စ တင်ပြလာသော် အတန်ပင်အခက်ကြုံရပါသည်။ ၂၀၁၄၊ နိုဝင်ဘာလထဲတွင် ရန်ကုန် မြောက်ဒဂုံ စက်မှုဇုန်မှ စက်မှုလုပ်ငန်းပိုင်ရှင် ကျေးဇူးရှင် ဦးကျော်မြင့်မှ သူ့မိတ်ဆွေတစ်ဦး ဆီးကျင်ဝေဒနာဖြစ်ပေါ်နေရာ ဘယ်မှာမှကု၍မရသဖြင့် တိုင်းရင်းဆေးဖြင့် ညွှန်ကြားပေးပါရန် ဖုန်းဆက်၍ အကူအညီတောင်းခဲ့ပါသည်။

ဆီးကျင်ဝေဒနာဟူသည် ဆီးလမ်းကြောင်းထဲသို့ ပိုးဝင်သောဝေဒနာဟု သိပ္ပံဆေးပညာကဆိုပါသည်။သို့ကြောင့် ပိုးသတ်ဆေး တစ်နေ့ (၅) ကြိမ်ခန့် နာရီအတိအကျနှင့် ဆေးပတ်လည်အောင် သောက်ကြရပါသည်။ ဆရာဝန်ညွှန်သည့်အတိုင်း သောက်ရပါမည်။

မိုင်းရှူးရတနာမြေမှာနေစဉ်တုန်းက ကျွန်ုပ်ကိုယ်တိုင်ပင် ဆီးကျင်ဝေဒနာ

---

"အရေခွံကိုဆွဲလို့ရတယ်။ မြွေမဟုတ်တာတော့သေချာပြီဗျ။ မြွေဆိုရင် အရေခွံဆွဲလို့မရနိုင်ဘူး။ အခု ကျွန်တော့်လက်ထဲ ဆွဲဆုပ်ထားတဲ့ အရေခွံက အေးစက်စက်၊ ကပ်စေးစေးနဲ့ ကဲ -ဆွဲထုတ်လိုက်ပြီဟေ့။ စံသိန်းရေ ညီလေး လက်မနှေးနဲ့နော် ခုတ်သာခုတ်"

သူပြောလာမှ ကျန်လူတွေ ပို၍စိုးရိမ်လာကြသည်။ အကျဉ်းဦးစီးဆရာသည်း သူ့ရိုင်ဖယ်ကိုဘေးချ၍ ပေါက်ပြားကိုအသင့်ကိုင်ထားသည်။

"သတိထားကြ၊ အကောင်တော်ကြီးတယ်။ တူးထားတဲ့ကျင်းမဆံ့လို့ နည်းနည်းဆွဲတင်နေရတယ်။ ပါလာပြီ၊ ပါလာပြီ။ အပေါ်ရောက်တော့မယ် သတိထားကြ"

ဆရာအိုက်ထွန်း ပြောလည်းပြော လက်ကိုလည်း အားစိုက်ဆွဲနေရသည်။ တစ်ကိုယ်လုံးချွေး၊ ရွှံ့ဗွက်တို့ ရွဲနစ်ပေကျံနေပြီ။ အဖွဲ့သားများလည်း ကျင်းဝကို မျက်တောင်မခတ်စိုက်ကြည့်နေသည်။

အကောင်တော်တော်ကြီးအုံထင်သည်။ တွင်းပေါက်တော်တော်ကျပ်နေသည်။ လက်ကို တော်တော်အားစိုက်၍ ဆွဲထုတ်နေရသည်။

ဘာအကောင်များဖြစ်မည်လဲ။

တွင်းဝရောက်ပြီ။

ဆွဲတင်ပြီ။

ရောက်လာပြီ။

"ဟာ"

"ဗုန်း"

"ဒုတ်၊ ခွပ် ခွပ်၊ အုန်း အုန်း"

ဆူညံနေသည်။

ရိုက်သံ၊ ခုတ်သံ၊ ထုသံတို့ညံနေသည်။

ဆရာအိုက်ထွန်းသည် အနီးရှိ ကျောက်တုံးကြီးနှင့်ကိုင်ရိုက်နေသည်။

"ဟာ - ဖားကြီးဟေ့၊ နည်းတဲ့ဖားကြီးမဟုတ်ဘူး။ စားဖားကြီး၊ တော်ပြီ တော်ပြီ။ ရပ်ကြတော့ သေလောက်ပြီ"

ဆရာအိုက်ထွန်းတားလိုက်သည်။

ဟုတ်သည်။

စားဖားကြီးဖြစ်သည်။ နှစ်ပိဿာကျော်ခန့်ရှိမည်။ ဤမျှကြီးမားသည့်ဖားကြီး တစ်သက်နှင့် တစ်ကိုယ် မမြင်ဘူးကြပေ။

ဆရာအိုက်ထွန်း ကျေနပ်ပုံမရသေး။ ကျင်းထဲထပ်၍နှိုက်သည်။

"နောက်တစ်ကောင်ရှိသေးတယ်ဗျို့၊ ကျွန်တော်ဆွဲတင်ပြီ။ ပါလာပြီ၊ ပါလာပြီ။ ပထမအကောင်လောက်မကြီးဘူး"

"ကဲဟာ"

"ဗုန်း"

ပထမအကောင်လောက်မကြီးပါ။ ဆရာအိုက်ထွန်း အနီးရှိ ကျောက်တုံးနှင့် လှွဲ၍ရိုက်သည်။မလှုပ်တော့။ တစ်ပိဿာခွဲ နှစ်ပိဿခန့်ရှိမည်ဟုခန့်မှန်းကြသည်။

ဆရာအိုက်ထွန်းတော်တော်မောနေပြီ။

"ဟူး-ဒီနေ့တော့တော်လောက်ပြီ၊ နားကြစို့။ အဖြေသိပြီပဲ၊ နောက်နေ့ဆက်တူးကြတာပေါ့။ အားလုံးအပြတ်ဆော်ပစ်မယ်။ ဒါမှ စပါးခင်းအောက်က အူဝဲ၊ အူဝဲဆိုတဲ့ ကလေးငိုသံတွေတိတ်သွားမှာ။

ဖားဆိုတာ အကောင်ကြီးသွားရင် သူ့အော်သံက ကလေးငိုသံအတိုင်းပဲ။ ကျွန်တော့်အတွေ့အကြုံအရ တိတိကျကျမပြောနိုင်ပေမယ့် ဒီအတိုင်းဖြစ်လာလိမ့်မယ်လို့တော့ အထင်သားဗျ။ ဖား ဆိုတာ ကြီးလာရင် တွင်းအောင်းတတ်တယ်။ တွင်းအောင်းရင် ဖို၊ မ (၂) ကောင်အောင်းတာများတယ်။ဒါသဘာဝပဲ"

"ဒီနေ့ တစ်ကောင်ကို ကျပ်တင်မယ်။ နေမပူတော့ မီးနဲ့အကူညီယူတာပေါ့။ တစ်ကောင်ကိုကြော်မယ်။ တူရွှင်းငှားသွားတုန်းက ချင်းအရက်သုံးလုံးဝယ်ခဲ့တယ်။ ဖားကြော်နဲ့ ဝိုင်းဖွဲ့ကြတာပေါ့ဗျာ ဟား ဟား ဟား"

ဆရာအိုက်ထွန်းစကားဆုံးသည်နှင့် ဖားနှစ်ကောင်ထမ်း၍ ပြုံးရွှင်စွာဖြင့် လယ်စောင့်တဲသို့ပြန်ခဲ့ကြလေသည်။


(ရွှေဆိုမြို့ရှိ လကရ (×××) မှ ဆရာအိုက်ထွန်းသို့ အမှတ်တရ)

အောင်မြင့်မိုး



www.burmeseclassic.com

www.burmeseclassic.com



ခံစားဖူးပါသည်။ ဆီးတစက်စက်နှင့် လွန်စွာအခံရခက်သောဝေဒနာဖြစ်ကာ ဆီးလည်းနည်းနည်းနှင့်မကြာမကြာသွားတတ်ရာ အလွန်ဒုက္ခကြီးပါသည်။

ထိုသို့ ဆီးကျင်ဝေဒနာဖြစ်သည့်အခါ အသင့်ဆောင်ထားသောကျောက်ကွဲရွက်ကိုကျိုး၍ မတ်ခွက်တစ်ခွက်သောက်ရုံနှင့်ပင် ပျောက်သွားခဲ့ရာ ဆီးကျောက်ခွဲရန်ဆောင်ထားသောကျောက်ကွဲရွက်သည် ဆီးကျင်ဝေဒနာကို အလွယ်တကူ ပျောက်နိုင်စွမ်းရှိပါလားဟု အသိတစ်ခုတိုး၏။

နောင်တွင် ဆီးကျင်ဝေဒနာခံစားရသော မိန်းကလေး (၂) ဦးအား ထိုကျောက်ကွဲရွက်နှင့်ပင် အလွယ်တကူကယ်တင်နိုင်ခဲ့ပါသည်။ များများစွဲသောက်စရာမလိုဘဲ မတ်ခွက်တစ်ခွက်နှင့်ပင် အလွယ်ပျောက်သည်ကို လက်တွေ့မို့ သိခဲ့ရလေ၏။ သို့သော် ထိုအပင်မျိုး အောက်ပြည်အောက်ရွာ မြေပြန့်မှာမရှိနိုင်ပါ။ မိုင်းရှူးမြေ၏ သဘာဝပေါက်ပင် ဖြစ်သည်။

ယခု ဦးကျော်မြင့်မှ အကူအညီတောင်းလာရာဝယ် ရုတ်တရက်ဘာဆေးပင်ညွှန်ရမှန်းမသိဘဲရှိရာ ထိကရုန်းပင်ကိုပြေးမြင်ယောင်မိလေ၏။ထိကရုန်းပင်သည် အဖောအရောင်ရောဂါကိုပြုတ်သောက်၊ ပြုတ်ချိုးရုံနှင့် ပျောက်နိုင်၏။ အူကျ၊ လိပ်ခေါင်းထွက်ရောဂါကိုလည်း ပြုတ်သောက်သော် ပျောက်နိုင်၏။ ဆီး ဝမ်းကိုလည်းကောင်းစေ၏။

ထို့ကြောင့် ရုတ်တရက် ထိကရုန်းပင်အားနုတ်၍ ရေစင်စင်ဆေးကာ တောက်တောက်စဉ်းပြီး ပြုတ်သောက်ပါရန် ညွှန်ကြားလိုက်ပါသည်။ နောက်ထပ်ဖုန်းမလာ၍ ပျောက်၊ မပျောက်မသိရပါ။ ထို့ပြင် ဇော်ဂျီဦးထုပ်သောက်ရန်လည်း ညွှန်ပါသည်။

နတ်တော်လဆန်း ၁ ရက်နေ့ ၂၂-၁၁-၂၀၁၄ စာဆိုတော်နေ့တွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာနိုင်ငံစာရေးဆရာများအသင်းမှ စာဆိုတော်နေ့အခမ်းအနားနှင့်သက်ကြီးစာရေးဆရာများအား ကန်တော့ပွဲပြုလုပ်မည်ဖြစ်ရာ စာရေးဆရာ စေးလာနွယ် (ခ) ဒုပိုလ်မှူးကြီးကျော်ကျော်(ငြိမ်း)မှ ကျွန်တော့်အား စာပေသက်ကြီးပူဇော်လိုသဖြင့် ပျဉ်းမနားစာရေးဆရာအသင်းရှိရာ မြို့မစျေးကြီးအပေါ်ထပ်သို့ ကားနှင့်လာခေါ်သဖြင့် ပါသွားရ၏။ ဆရာစေးလာနွယ်မှာ ထိုအဖွဲ့၏ နာယကတွင် ပါဝင်၏။ ကျွန်တော်မှာမူ ဇမ္ဗူသီရိ၌ သင်းကွဲဖြစ်ကာ တစ်ဦးတည်းသာရှိလေ၏။ ဇမ္ဗူသီရိ၌ အသင်းအဖွဲ့မရှိသေးပါ။ အနည်းဆုံးအဖွဲ့ဝင် (၅) ဦးရှိရရာ တင်ရခက်နေ၏။

ထိုသို့သွားစဉ် စေးလာနွယ်က -

"ကျွန်တော် ရန်ကုန်က မနေ့ကမှပြန်ခဲ့တာ။ အဲဒီမှာ (၂) ညအိပ်ခဲ့တယ်။ ဆီးကျင်ဝေဒနာဖြစ်နေတဲ့လူလည်း ကိုကျော်စိုးညွှန်လိုက်တဲ့ဆေးသောက်နေပါတယ်"

ဟု ပြောပြလေ၏။

မပျောက်မှာစိုးရိမ်လွန်းနေပါသည်။ ထို့ကြောင့် သက်သာရဲ့လားဟူ၍ပင် မမေးရဲအောင်ရှိရပါသည်။

သို့နှင့် ဆရာစေးလာနွယ်က စာဆိုတော်အခမ်းအနား၌ ကျွန်တော့်အား စာတွေအများကြီးရေးနိုင်လွန်းသူဟု ဂုဏ်ပြုပြောဆိုကာ အကောင်းစားရှပ်အင်္ကျီတစ်ထည်ဂုဏ်ပြုပူဇော်ပါသည်။ ဗိုလ်မှူးကြီးနှင့် မိသားစုများ ကျန်းမာချမ်းသာစေကြောင်း ဆုတောင်းမေတ္တာပို့ရပါသည်။

မကြာမီရက်အတွင်းတွင် ထိုဆီးကျင်သည့် ဝေဒနာအား ထိကရုန်းပင်ပြုတ်သောက်ခိုင်းရပါကြောင်း၊ ဒီအရပ်တွင် ဆေးပင်ခက်နေကြောင်း ညီမအငယ်ဆုံး မညွန့်စိန်ကို ပြောပြပါသည်။

ထိုအခါ မညွန့်စိန်က -

"ဪ-အစ်ကိုလေးရယ်၊ ကျွန်မမှမသိလိုက်တာ။ ဆီးကျင်တာများ အလွယ်လေး အစ်ကိုလေးရဲ့။ ထိကရုန်းပေးတာ မများပါဘူး။ သူကအပျောက်နှေးမယ်။ ထိကရုန်းရယ်၊ ဆင်ငိုမြက်ပင်ရယ်၊ ဆင်နှာမောင်းပင်ရယ် ပဥ္စငါးပါး နုတ်၊ ရေဆေးပြီး ပြုတ်သောက်လိုက်ရင် ဆီးကျင်တာများ ခဏနဲ့ပျောက်ပါတယ် အစ်ကိုလေးရယ်။ ကျွန်မတို့အဖေဆိုရင် မကြာခဏ ဆီးကျင်တတ်တယ်။ ဒါဆို ကျွန်မတို့က အဲဒီအပင်တွေပြုတ်ပြီး တိုက်လိုက်တာပဲ။ အဲဒါကလည်း အဘိုး ဆရာကြီးဦးရွှေမင်းကတစ်ဆင့် အဖေက ရထားတာပါ။ အဲဒီအပင်တွေ နုတ်ခိုင်းပြီး ပြုတ်ပေးရလို့ ကျွန်မတို့က မှတ်မိနေတာပါ"

ဟု ပြောပြလေမှ ကျွန်တော်တို့အနီးက ဆီးကျင်ဝေဒနာပျောက်စေတဲ့ သဘာဝပေါက်ပင်တွေကို သိရခြင်းပါ။ အဲဒါကြောင့် ကျေးဇူးရှင်ဖြစ်တဲ့ ရန်ကုန် မြောက်ဒဂုံစက်မှုဇုန်မှ မန်နေဂျင်းဒါရိုက်တာဦးကျော်မြင့်ဆီ ဖုန်းလှမ်းဆက်ရဦးမည်။

ပြည်နှင့်အဝှမ်း ဆီးကျင်ဝေဒနာခံစားနေရသူများသို့ အမိကရည်ညွှန်းပါသည်။

**မှတ်ချက် -**

ကျောက်ကွဲပင်အကြောင်းဆောင်းပါးအား ၂၀၀၉ ခု၊ ဇူလိုင်လထုတ် သွေးမဂ္ဂဇင်းတွင် ဓာတ်ပုံများဖြင့် ဖော်ပြပြီးဖြစ်ပါသည်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

(ရန်ကုန် မြောက်ဒဂုံစက်မှုဇုန် ဦးကျော်မြင့်၊ ဒေါ်သန္တာအေးမိသားစု အမှတ်တရ)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မြှုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ဝါခေါင် လဆုတ် | ၃ဂါ | ၂၆<br>၂၇ | ၁၂း၅၅း၂၇ | * အမြိတ္တ<br>* လာဘ |
| ၂ | ၃ | ၄ဟူး | ၂၇<br>၁ | ၁၁း၁၅း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၃ | ၄ | ၅တေး | ၁<br>၂ | ၀၉း၄၅း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၄ | ၅ | ၆ကြာ | ၂<br>၃ | ၀၈း၃၀း၅၈ | △ မိတ္တ<br>△ ကာဏ |
| ၅ | ၆ | စနေ | ၃<br>၄ | ၀၇း၄၄း၃၁ | * သိဒ္ဓိ<br>□ ဝရ |
| ၆ | ၇ | ၁နွေ | ၄<br>၅ | ၀၇း၀၄း၅၅ | △ ကာဏ<br>* အမြိတ္တ |
| ၇ | ၈ | ၂လာ | ၅<br>၆ | ၀၆း၄၈း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၈ | ၉ | ၃ဂါ | ၆<br>၇ | ၀၇း၀၂း၀၄ | * အမြိတ္တ<br>* လာဘ |
| ၉ | ၁၀ | ၄ဟူး | ၇<br>၈ | ၀၇း၅၁း၄၃ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၀ | ၁၁ | ၅တေး | ၈<br>၉ | ၀၉း၀၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၁၁ | ၁၂ | ၆ကြာ | ၉<br>၁၀ | ၁၀း၄၂း၅၁ | △ မိတ္တ<br>△ ကာဏ |
| ၁၂ | ၁၃ | စနေ | ၁၀<br>၁၁ | ၁၂း၅၃း၂၀ | * သိဒ္ဓိ<br>□ ဝရ |
| ၁၃ | ● | ၁နွေ | ၁၁<br>၁၂ | ၁၅း၁၆း၂၂ | △ ကာဏ<br>* အမြိတ္တ |
| ၁၄ | တော်သလင်း လဆန်း | ၂လာ | ၁၂<br>၁၃ | ၁၇း၄၆း၄၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၅ | ၂ | ၃ဂါ | ၁၃<br>၁၄ | ၂၀း၀၄း၂၂ | * အမြိတ္တ<br>* လာဘ |
| ၁၆ | ၃ | ၄ဟူး | ၁၄<br>၁၅ | ၂၂း၄၀း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၇ | ၄ | ၅တေး | ၁၅ | မပြောင်း | * လာဘ |
| ၁၈ | ၅ | ၆ကြာ | ၁၅<br>၁၆ | ၀၀း၅၁း၂၆ | △ ဥပါဒ်<br>△ မိတ္တ |
| ၁၉ | ၆ | စနေ | ၁၆<br>၁၇ | ၀၂း၃၁း၃၅ | * လာဘ<br>* သိဒ္ဓိ |
| ၂၀ | ၇ | ၁နွေ | ၁၇<br>၁၈ | ၀၃း၄၃း၂၇ | △ မိတ္တ<br>△ ကာဏ |
| ၂၁ | ၈ | ၂လာ | ၁၈<br>၁၉ | ၀၄း၂၈း၂၈ | * သိဒ္ဓိ<br>□ ဝရ |
| ၂၂ | ၉ | ၃ဂါ | ၁၉<br>၂၀<br>× | ၀၄း၄၈း၀၀<br>၂၂း၄၈း၀၀ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၂၃ | ၁၀ | ၄ဟူး | ×<br>၂၁ | ၁၀း၂၇း၀၆ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၄ | ၁၁ | ၅တေး | ၂၁<br>၂၂ | ၀၃း၅၂း၁၅ | * လာဘ<br>* သိဒ္ဓိ |
| ၂၅ | ၁၂ | ၆ကြာ | ၂၂<br>၂၃ | ၀၃း၀၂း၅၁ | △ မိတ္တ<br>△ ကာဏ |
| ၂၆ | ၁၃ | စနေ | ၂၃<br>၂၄ | ၀၁း၅၂း၃၀ | * သိဒ္ဓိ<br>* ဝရ |
| ၂၇ | ၁၄ | ၁နွေ | ၂၄<br>၂၅<br>၂၆ | ၀၀း၂၂း၀၉<br>၂၂း၃၁း၂၇ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၂၈ | ○ | ၂လာ | ၂၆<br>၂၇ | ၂၁း၀၀း၀၀ | △ ဥပါဒ်<br>△ မိတ္တ |
| ၂၉ | တော်သလင်း လဆုတ် | ၃ဂါ | ၂၇<br>၁ | ၁၉း၃၀း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၃၀ | ၂ | ၄ဟူး | ၁<br>၂ | ၁၈း၀၀း၀၀ | △ မိတ္တ<br>△ ကာဏ |

၂၀-နက္ခတ် = ၄၅ ယမ္ဒီ
×-နက္ခတ် = ၃၀ ယမ္ဒီ  ဖြင့် တွက်သည်
၂၁-နက္ခတ် = ၄၅ ယမ္ဒီ

* = အဝင်နက္ခတ်　○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ်　● = လကွယ်နေ့
△ = အထွက်နက္ခတ်

၂၈-၉-၂၀၁၅ တနင်္လာနေ့ နံနက် ၀၉း၄၉း၀၆ နာရီတွင် လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*

ဦးအောင်စောလှိုင်(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှိခိုးပြီး ဝေနေယျသတ္တဝါအပေါင်းတို့ကို အမျှအတန်းပေးဝေခြင်းနှင့် မေတ္တာပို့သခြင်းများ ပွားများနေစဉ်မှာပင် မြေးမလေးကြည်စင်သီရိခိုင် အသံထွက်စာရေးနေသံကြားလိုက်ပါသည်။

"ဝ. . . . လုံး၊ ဝ. . . လုံး"

မူကြိုကလေးတစ်ယောက်၏ဝလုံးရွက်ဆိုရေးမှတ်နေပုံမှာ ချစ်စရာကောင်းလှသည်ဟုထင်မိပါသည်။ သူ့ဝလုံးအော်သံလေးမှာ တစ်ဆက်တည်းမဟုတ်ဘဲ အသံကို ခပ်ခွာခွာကလေးရွက်နေခြင်းကြောင့် 'ဝ' ပြီးလျှင် 'လုံး' ဟူသော အသံထွက်ကို စောင့်နားထောင်ရသလိုဖြစ်နေပါသည်။

မြေးမလေးရွတ်ဆိုနေသော ဝလုံးသံကိုကြားနေရသည့် ကျွန်မစိတ်အာရုံမှာ ဝလုံးလေးအကြောင်း သုံးသပ်နေမိပါသည်။ မြန်မာ့အက္ခရာမှာ ပါဝင်နေသည့် ဝလုံးလေးသည် အတော်အသုံးဝင်သားဟုတွေးမိပါသည်။ သူ့ကိုနေရာလေးရွှေ့ပြီး ဟမေးလိုက်ရုံဖြင့် 'ဂ'၊ 'င'၊ 'ပ' စသဖြင့် ပြောင်းလဲသွားစေပါသည်။ ဝလုံးလေးနှစ်ခုကိုဆက်ပြီး အနည်းငယ်ဟပေးလိုက်လျှင် 'က'၊ 'ယ'၊ 'ထ'၊ 'တ' စသည့်စကားလုံးများအသွင်ပြောင်းသွားစေပြန်ပါသည်။ ထိုစာလုံးလေးမှာ အင်္ဂလိပ်အက္ခရာမှာ ပါဝင်သွားသောအခါ 'အို' ဟူသည့် အသံထွက်ဖြစ်သွားပြန်ပါသည်။

တစ်ဖန် ဂဏန်းသင်္ချာအနေဖြင့်ကြည့်လျှင် ဝလုံးနှင့် ပုံသဏ္ဌာန်တူသည့် စာလုံးလေးကို 'သုည' သို့မဟုတ် 'ဇီးရိုး' ဟု ခေါ်နိုင်ပြန်ပါသည်။ ထိုသုညလေးမှာ သူ့တစ်ခုချင်းအနေဖြင့် ဆန်းစစ်ကြည့်လျှင် 'ဘာတန်ဖိုးမှမရှိ' ဟူသော အဓိပ္ပာယ်သက်ရောက်စေသည်။ အချို့သူများက 'ဘဝဆိုတာ သုညပါပဲ' ဟု ပြောတတ်ကြသည်။ သို့ရာတွင် ထိုသုညလေးရှေ့မှာ တစ်၊ နှစ်၊ သုံး စသည့် ဂဏန်းလေးများနှင့် တွဲလိုက်လျှင် သုညလေး၏တန်ဖိုးမှာ တစ်မုဟုတ်ချင်း မြင့်တက်သွားတော့သည်။ ထိုဂဏန်းလေးများ၏ နောက်မှာ သုညအလုံးလေးများ ထပ်ထပ်တိုးလာသည်နှင့်အမျှ တန်ဖိုးမရှိသော သုညလေး၏ အရည်အချင်းမှာလည်း ပိုမိုမြင့်မားကောင်းမွန်လာတော့သည်။ ဥပမာဆိုရလျှင် '၁၀'၊ '၁၀၀'၊ '၁၀၀၀' စသဖြင့် ပြောင်းလဲသွားခြင်းမျိုးဖြစ်ပေသည်။

ကျွန်မလည်း မြေးမလေး စာရွတ်ဆိုနေပုံကို ကြားမိရာက ဤသို့ တွေးရာလေးပါးစိတ်ကူးကို ဆွဲဆန့်မိလျက်သားဖြစ်သွားပါသည်။

ဩော် - သက်မဲ့အက္ခရာတစ်ခုမျှသာဖြစ်သော ဝလုံးလေး အသွင်အမျိုးမျိုးပြောင်းသွားသလို လူအချို့၏ အရည်အချင်းသည်လည်း အမျိုးမျိုးပြောင်းလဲမှုရှိနိုင်ပါလားဟု တွေးမိပြန်ပါသည်။



# (ဇာတ်သိမ်းပိုင်း) တင်တင်ဦး
## ဂုဏ်ရှိပညာရှင်တစ်ဦးနှင့်တွေ့ဆုံခြင်း

လောကကြီးမှာ တန်ဖိုးရှိအောင်နေတတ်၊ ထိုင်တတ်၊ ဆိုတတ်ဖြစ်အောင်နေတတ်သူများရှိသကဲ့သို့ လောကကြီးအတွက် အမှိုက်လိုနေတတ်သည့်သူများလည်း ရှိတတ်ပါသည်။

ကျွန်မဘဝမှာ တန်ဖိုးရှိအောင်နေထိုင်ခဲ့ကာ တန်ဖိုးရှိပြီး နားလည်ရခက်လှသည့် အတတ်ပညာရှင်ကြီးတစ်ဦးနှင့် ဆုံခဲ့ကြုံခဲ့ပါသည်။ ဆုံခဲ့ကြုံခဲ့ရခြင်းမှာ ကျွန်မက ထိုပုဂ္ဂိုလ်ကြီးအကြောင်းကို ကြားသိပြီး သွားတွေ့ရခြင်းမဟုတ်ပါ။ ယခုအခါ ကွယ်လွန်သွားခဲ့ပြီဖြစ်သည့် အစ်မကြီးဖြစ်သူ ဒေါ်ညွန့်ညွန့်ဦး၏ တိုက်တွန်းစေ့ဆော်မှုကြောင့် ထိုပုဂ္ဂိုလ်ကြီးနှင့် ဆုံတွေ့ရခြင်း ဖြစ်ပါသည်။ တကယ့် ဖြစ်ရပ်မှန်ဇာတ်လမ်း ဖြစ်ပါသည်။

❑

၁၉၈၄ ခုနှစ် လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်အချိန် ဖြစ်ပါသည်။ ကျွန်မတူမကြီးဖြစ်သူ မလှလှဝင်းကို အိမ်ထောင်ပြုပေးမည်ဖြစ်သဖြင့် ရန်ကုန်မှ မောင်နှမများကို အစ်မကြီးက လှမ်းဖိတ်ပါသည်။ သို့နှင့် မန္တလေးရွှေမြို့တော်သို့ ကျွန်မနှင့် အစ်မလတ် ဒေါ်မြင့်မြင့်ဝင်းတို့ သွားရောက်ခဲ့ပါသည်။ တူမလေး မင်္ဂလာပွဲပြီးချိန်မှာ အားလပ်သွားသည်မို့



www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီးက ကျွန်မတို့ကို မြို့တစ်မြို့သို့ လိုက်ရန် ဆန္ဒတောင်းဆိုပါသည်။

အမှန်ဒေ့တိုင်း ဝန်ခံရလျှင် ထိုဒေသ ထိုနေ့ရာကို သွားရန်အာရုံမရှိပါ။ အလွန်နေပြင်းလှသည့်နွေရာသီမို့ အစ်မကြီးတို့တိုက်ထဲမှာသာ အေးအေးဆေးဆေးနေချင်ပါသည်။ သို့သော် အစ်မကြီး၏ အပြောကောင်းမှုကြောင့် ကျွန်မတို့မှာ အားနာသွားသည့်အပြင် မရောက်ဘူးသေးသော ဒေသတစ်ခုကို ရောက်ဖူးလိုသည့်ဆန္ဒကြောင့် လိုက်ရန် သဘောတူလိုက်ပါသည်။

မန္တလေးမှ ထိုမြို့သို့ အစ်မကြီး ခင်ပွန်းဖြစ်သူ ဦးဇော်ဝင်းကားဖြင့် လိုက်ပို့ပါသည်။ ပူပြင်းလှသည့် အညာနွေနှင့် အညာနေမှာ 'စံ' တင်လောက်ပါသည်။ သို့ရာတွင် သာယာလှပသော ယခုဒေသ၏ ရေမြေတောတောင်အလှမှာ ရှုမငြီးစရာကောင်းလှသဖြင့် ခရီးလမ်းတစ်လျှောက်မှာ မပင်ပန်းခဲ့ပါ။ ကိုယ်ပိုင်ကားလေးနှင့် သွားရသည့်အတွက် ရွှေညာမြေ၏ ရှုခင်းများကို အဝေးမှ လှမ်းမြင်နေရသည်။ တောတောင်ဒေသ၏ အလှအဝများမှာ အညာမနေ၏ပူပြင်း





www.burmeseclassic.com

www.burmeseclassic.com

မှုကို မေ့သွားလောက်အောင် ဆွဲဆောင်မှုရှိပါသည်။

"အဲဒီဆရာကြီးက အတော်ကို ထူးခြားတဲ့ ဆရာကြီးတစ်ယောက်ပဲ ညီမရဲ့။ အခကြေးငွေဆိုတာလည်း ပူဇော်ရတယ်ဆိုရုံလောက် ပူဇော်ရတာ။ ပြီးတော့ တခြားအပိုကိစ္စတွေဆောင်ရွက်ဖို့အတွက်လည်း ဘာမှထပ်မတောင်းဘူး။ အလွန်ပြည့်ဝသိမ်မွေ့လှသူတစ်ဦးပါပဲ"

ကျွန်မစိတ်ထဲမှာတော့ အစ်မကို အတော်သဘောကျနေမိပါသည်။ အကြားအမြင်ဟောပြောသူ၊ အနာဂတ်ကို ဟောပြောသူများဆိုလျှင် သူအလွန်စိတ်ဝင်စားတတ်ပါသည်။ အထွေအထူးကိစ္စမရှိလျှင်တောင် ထိုနေရာများသို့ သွားရောက်မေးမြန်းပြီး ဟောပြောသမျှကို ကျေနပ်နေသူ ဖြစ်ပါသည်။

ခုလည်း သူ့ဝါသနာအရ ကျွန်မတို့ကို ခေါ်ဆောင်လာသည့်အတွက် တွေ့ပြီးလျှင်ပြီးတာပါပဲဟူသောသဘော ရှိပါသည်။ သို့နှင့် လမ်းတစ်လျှောက်မှာ မြင်တွေ့နေရသည့် အညာဒေသအလှကို ငေးမောကြည့်ရှုကာ ကားလေးခေါ်ဆောင်ရာသို့ ပျော်ရွှင်စွာ လိုက်ပါလာခဲ့ပါသည်။ ကျွန်မစိတ်ထဲမှာ အစ်မပြောခဲ့သော အကြောင်းအရာများကို တွေးတောနေမိပါသည်။

"အခင်းဖြစ်တဲ့နေ့က မှတ်မှတ်ရရဖြစ်ရတဲ့နေ့ပါပဲ။ မကြီးနဲ့ မင်းတို့အစ်ကိုကြီးတို့ အဲဒီဆရာကြီးအိမ်ကိုသွားတဲ့နေ့ပေါ့၊ အစ်မကြီးတို့ ခြံခေါင်းရင်းတိုက်မှာနေတဲ့ အဘွား (ဦးဇော်ဝင်းတို့အမေ) ကို ဟင်းကျက်ရင် သွားပို့ပေးဖို့ လှလှဝင်းကို မှာခဲ့လိုက်တယ်လေ။

ဒီလိုသွားပို့မိလို့ ကောင်မလေးသေတော့မလိုဖြစ်သွားခဲ့တာ။ တစ်နည်းအားဖြင့်တော့လည်း အဲဒီလိုဟင်းသွားပို့လို့ အဘွားကို ချက်ချင်းကယ်နိုင်ခဲ့တာလေ"

အစ်မကြီးပြောဆိုနေသည်ကို နားထောင်ရင်းက သူတို့ခြံကြီး၏ တည်နေရာဖွဲ့စည်းပုံကို မြင်ယောင်မိပါသည်။ ခြောက်ဧကလောက်ကျယ်ပြီး ယခင်က 'ဗလဆန်စက်ဝင်း' ဖြစ်ခဲ့သော ဤခြံကြီးမှာ အစ်ကိုကြီး ဖခင်ဖြစ်သူ၏ မျိုးနွယ်သားချင်းများက ကာလကတ္တားမှနေပြီး ညောင်ရမ်းမင်းဆက်အနွယ်တော် သွေးချင်းအနေဖြင့် အမွေသဘောမျိုးလွှဲပေးလိုက်သည့် ခြံဝင်းတစ်ခုဟု သိရပါသည်။ အစ်ကိုကြီး ဖခင်ဖြစ်သူသည် ကာလကတ္တားသို့ ဘီအေဘွဲ့ယူရန်သွားရောက်ပညာသင်ခဲ့ရာမှ သူတို့မျိုးနွယ်မှန်းသိသွားကြသောကြောင့် ထိုဒေးဝန်းခြံကြီးကို အမွေသဘောမျိုးပေးလိုက်သည်ဟုဆိုပါသည်။ ယခုလည်း အစ်မကြီးတို့နေထိုင်ရာတိုက်နှင့် အဘွားတစ်ယောက်တည်းနေထိုင်သည့် နှစ်ထပ်တိုက်မှာ အနည်းငယ်ကွာဝေးပါသည်။

တိုက်နှစ်လုံးအလယ်လောက်မှာ အဘွားသားအငယ်မိသားစုနေထိုင်သော်လည်း သစ်ပင်များ အုပ်ဆိုင်းနေခြင်းကြောင့် တစ်ဖက်နှင့်တစ်ဖက် သိပ်မမြင်နိုင်ပေ။

❑

အဘွားကြိုက်တတ်သည့် ဟင်းလေးနှင့် ပဲနှပ်ဟင်းခွက်လေးကိုကိုင်ကာ အဘွားတိုက်သို့ကူးလာခဲ့သည်။ တိုက်တံခါးဝရောက်သောအခါ သံတံခါးကြီးက စေ့ရုံစေ့ထားသည်မို့ အဘွားကို အော်ခေါ်ရင်း တံခါးကိုဖွင့်ဝင်ခဲ့သည်။

"အဘွား အဘွား၊ သမီးဟင်းလာပို့ပါတယ် အဘွား"

တုံ့ပြန်ချက်မရှိ ပကတိတိတ်ဆိတ်နေ၏။

"အဘွား၊ သမီးရောက်ပါပြီ။ အဘွားအပေါ်ထပ်မှာလားဟင်"

ဖြေကိုပြန်စောင့်နေမိ၏။

ဘာသံမှမကြားရပေ။ လှလှဝင်းစိတ်ပူသွား၏။ အပေါ်ထပ်မှာ မူးလဲနေပြီလား။ ဆရာဝန်ဖြစ်သူ သမီးကလည်း ရန်ကုန်မှာ။ လောလောဆယ် အဘွားတစ်ယောက်တည်း တိုက်ထဲမှာရှိနေသည်။

ထိုသို့ တွေးတောနေစဉ်မှာ တိုက်ပေါ်မှ ထူးဆန်းသောအသံများကို ကြားလိုက်ရသည်။

ဋူး . . . ဋူး . . . ဒုန်း . . . ဒုန်း . . .
ဋူး . . . ဋူး . . . ဒုန်း . . . ဒုန်း . . .
ဒုန်း။

ပါးစပ်အပိတ်ခံထားရ၍ ထွက်လာသောအသံမျိုးအပြင် အပေါ်ထပ်ကြမ်းပြင်ကို ဆောင့်နေသံကို ကြားလိုက်ရသဖြင့် ကိုင်ထားသော ဟင်းခွက်လေးနှစ်ခွက်ကို နီးရာစားပွဲတစ်ခုအပေါ် လှမ်းထားလိုက်ပြီး အပေါ်ထပ်တက်သည့်လှေကားမှ ကမန်းကတန်းပြေးတက်သွားတော့သည်။

"အဘွားဘာဖြစ်လို့လဲ။ အဘွားသမီးလာပြီ၊ သမီးလာပြီ နော်"

အော်လည်းအော်၊ ပြေးလည်းတက်ရင်း အပေါ်ထပ်ကိုရောက်သွားတော့သည်။

စိုးရိမ်စိတ်ဖြင့် အခန်းထဲကိုလှမ်းကြည့်လိုက်ရာတွင် မြင်ရသည့်အနေအထားကြောင့် မတ်တတ်မှ မေ့လဲလုနီးပါး တုန်လှုပ်သွားတော့သည်။

ပါးစပ်ကိုအဝတ်ဖြင့်ဆို့ပိတ်ထားပြီး အပေါ်က ပဝါစတစ်ခုကို ထပ်စည်းထားသဖြင့် လုံးဝမအော်နိုင်တော့ပါ။ ခြေနှင့်လက်နှစ်ဖက်ကို ကြိုးချည်ထားပြန်သဖြင့် လှုပ်၍မရတော့ပေ။ ခြေမြများက ကြမ်းပြင်ပေါ်မှာ လှဲချထားခဲ့သောကြောင့် မြေးမလေးအသံကြားရသောအခါ ခြေထောက်ကို ကြမ်းနှင့်ဆောင့်ပြီး အသံပေးရခြင်းဖြစ်နေတော့သည်။

"အဘွား ဘယ်လိုဖြစ်တာလဲဟင် သမီးဖြုတ်ပေးမယ်နော် ခဏလေး"

တုန်လှုပ်နေသည့် လက်ကလေးများနှင့် ကြိုးများ၊ အဝတ်များကို ဖြေပြီးသောအခါ အဘွားကိုရေတစ်ခွက်တိုက်ပြီး ခုတင်ပေါ်တင်လိုက်ပါသည်။

"အဘွား၊ လေးလေးဦးကျော်ညွန့်တို့ကို သွားခေါ်လိုက်မယ်။ မကြောက်နဲ့တော့နော်။ သမီး ချက်ချင်း ပြန်လာခဲ့မယ်"

ပြောပြောဆိုဆို တိုက်ပေါ်မှ ကမန်းကတန်းပြေးဆင်းပြီး သူ့ဦးလေးအိမ်သို့ သုတ်ခြေတင်ပါတော့သည်။ ဦးလေးတို့မိသားစု၏တိုက်ဆီသို့သွားပြီးတော့မှ ကိုယ့်အိမ်ကိုယ်ပြန်လာခဲ့ရပါသည်။ အမေနှင့် အဖေကို မည်ကဲ့သို့ဆက်သွယ်ရမှန်း မစဉ်းစားတတ်တော့ပါ။ မလှလှဝင်း၏ဖ ခင်မှာ ဦးဇော်ဝင်း မိခင်မှာ ဒေါ်ညွန့်ညွန့်ဦး (မအဲတာ) ဖြစ်ပါသည်။

"အင်းလေ၊ အဘွားလည်း အနှောင့်အယှက်ရှာယ်ကင်းပြီ။ ပြန်လာမှသိလည်း မထူးပါဘူး"

ဟု တွေးတောကာ အဖေနှင့် အမေပြန်လာမည့်အချိန်ကို စောင့်မျှော်နေလိုက်ပါသည်။

မန္တလေးမှာ ထိုအဖြစ်အပျက်ဖြစ်နေစဉ်မှာ မတ္တရာမြို့ရှိ ဆရာကြီးအိမ်သို့ရောက်ရှိနေသော အစ်မကြီးတို့နှစ်ယောက် ထူးခြားမှုဖြစ်စဉ်တစ်ခုကို ကြုံတွေ့နေပါတော့သည်။

"သမီးတို့အိမ်အမြန်ပြန်ကြတော့။ မင်းတို့အိမ်မှာ ပြဿနာကြုံနေပြီ ပြန်ကြတော့"

အစ်မကြီးတို့နှစ်ယောက်စလုံးမှာ

www.burmeseclassic.com

အလွန်အံ့ဩသွားပါတော့သည်။ ဆရာကြီး ထိုစကားကိုမပြောခင်မှာ လက်ာလိုလိုသီချင်းလိုလိုစာသားများကို သာယာချိုအေးစွာရွတ်ဆိုပြီးမှ အိမ်ပြန်ခိုင်းခြင်းဖြစ်ပါသည်။

လက်ာအစအဆုံးကို အလွတ်ပြန်မပြောနိုင်သော်လည်း 'ပြည်တော်ကိုပြန်ပြီ၊ အချိန်မနှောင်းသေးပါ။ ပြန်ပါပြီပြန်ပါပြီ' ဟူသည့် စာသားများ တော်တော်များများပါဝင်နေသည်ကို မှတ်မိနေသည်ဟု အစ်မကပြောပါသည်။

ဘယ်လိုပြဿနာတွေဖြစ်နေလို့ပါလိမ့်၊ မောင်နှမတွေစကားများလို့လား။

အိမ်ပြန်ရောက်တော့မှ အဘဆရာကြီးပြောခဲ့သော ပြဿနာကို ရှင်းရှင်းလင်းလင်း သိလိုက်ရပါတော့သည်။ မန္တလေးမှာဖြစ်ခဲ့သည့်ကိစ္စရပ်ကို မတွေ့ရမီမှ အဘဆရာကြီးသည် မည်သည့်စိတ်စွမ်းအင်မျိုးဖြင့် သိနိုင်ပါသနည်း။ မည်သည့်အတတ်ပညာမျိုးဖြင့် သိပြီး ...ကို အမြန်ပြန်ရန် တိတိကျကျပြော...ပါသနည်း။

ထိုအချက်မှာ အတော်ထူးဆန်း... သိနားလည်ရန် ခဲယဉ်းလှသည့် ...အင်တစ်မျိုးဟု သဘောပေါက်လိုက်...ပါသည်။ ကျွန်မတို့ အသိဉာဏ်လေး... သုညသာသာကလေးမျှသာရှိပြီး ...ဆင့်အတန်းမြင့်မားလှသည့် အဘဆရာကြီး၏ ဉာဏ်စွမ်းကိုမသိနိုင်ခြင်းမှာ ...ကြည့်လျှင် သိပ်ထူးဆန်းလှသည် ...မဆိုနိုင်ပါ။

အစ်မကြီးတို့ မန္တလေးအိမ်ခြံဝင်း...ရောက်သောအခါ သတင်းတစ်ခု ...ကြိုဆိုနေပါသည်။

"အဘွားဓားပြတိုက်ခံရလို့"

သားသမီးတစ်စု ထိတ်လန့်တုန်...မှာ တစ်ယောက်တစ်မျိုးပြောဆိုနေ...မှာဆူညံနေသော်လည်း အဓိပ္ပာယ် ...ဓားပြတိုက်ခံရတယ်'ဟူသော အဖြေ... ထွက်လာတော့သည်။

"ရဲစခန်းမှာအမှုဖွင့်ထားပါတယ်"

ဟု ညီမလေးဖြစ်သူက သတင်းပို့...။ ဆွေမျိုးတစ်စု အဘွားတိုက်ထဲ...မိကြသောအခါ ဖြစ်ခဲ့သည့်ကိစ္စ...ကို အဘွားက ပြောပြပါသည်။ ...မှာ တံခါးအထပ်ထပ်ရှိပြီး သော့ကို ...အထဲမှဖွင့်ပေးမှ ဝင်ရသည့်အနေ...မျိုးဖြစ်သဖြင့် ဤသို့သော လူ... အလွယ်တကူ မည်ကဲ့သို့ဝင်နိုင်...။

"အဘွား ဘယ်လိုဖြစ်လို့ ဒီလိုလူတွေကို တံခါးဖွင့်ပေးရတာလဲဟင်။ ကိုယ်မသိတဲ့လူစိမ်းတွေလေ"

"ငါက ခြံထဲကမြက်တွေလာရှင်းလို့ဖွင့်ပေးတာ။ ဝင်နေကျလိုမဟုတ်ပေမယ့် ဒီလိုလုပ်မယ်မထင်မိလို့' ဖွင့်ပေးလိုက်မိတာ ကံကောင်းလို့ သေတော့မလို့"

အဘွား၏စကားကိုကြားရသော သားသမီးမြေးတစ်စုမှာ အနည်းငယ်သဘောပေါက်သလို ဖြစ်သွားတော့သည်။ မြက်ရှင်းသည်ဆိုရာတွင် ထိုမြက်ရှင်းသူများက တန်ရာတန်ကြေးပြန်ပေးရပါသည်။ နွားမွေးသူများက ဤသို့ပြုလုပ်တတ်ပါသည်။ အဘွားသည် ချမ်းသာကြွယ်ဝသော်လည်း ရတတ်သမျှငွေကြေးလေးများကို စုဆောင်းကာ လှူဒါန်းတတ်သူတစ်ယောက်မို့ မြက်ရောင်းရငွေကိုလည်း လှူချင်ဟန်တူပါသည်။ မန္တလေးနှင့် အညာဒေသတစ်ဝှမ်း ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံကြီးများတွင် ပင်တိုင်အလှူရှင်အဖြစ် လှူဒါန်းခဲ့သည်မှာ ယနေ့ထက်တိုင် ဇနီးမောင်နှံနှစ်ဦး (ဦးစံဝ + ဒေါ်စောလှိုင်) အမည်ဖြင့် ကမ္ပည်းထိုးထားသည်ကို တွေ့နိုင်ပါသည်။

"အမေ့ကို ဘာလုပ်သွားသေးလဲ ဟင်။ သေသေချာချာရှင်းပြပါဦး အမေရယ်"

အဘွားက သူခံစားခဲ့ရပုံများကို ရှင်းပြပါတော့သည်။

သူတို့က အားလုံးသုံးယောက်ရှိပြီး အဘွားက သံတံခါးကို ဖွင့်လည်းဖွင့်ပေးလိုက်ရော အခန်းထဲဝင်ဝင်ချင်းပဲ အဘွားကို လူနှစ်ယောက်က တစ်ဖက်စီ ညှပ်ပြီး လက်ကို ချုပ်ထားလိုက်သည်။ ခေါင်းဆောင်ဖြစ်ပုံရတဲ့သူက -

"အဘွားကြီး၊ ပစ္စည်းတွေဘယ်မှာထားလဲ ထုတ်ပေး။ မပေးရင်သတ်လိုက်မယ်"

အဘွားအတော်လန့်ပြီး တုန်လှုပ်သွားမိသည်။ သူတို့က အခန်းထဲရှိ ပဝါစများ၊ အဝတ်များကိုရှာဖွေပြီး လက်ကိုကြိုးသဖွယ်တုပ်လိုက်ပါသည်။

ထို့နောက် ဓားပြတစ်ယောက်က နံရံနားကပ်ထားသော ရေခဲသေတ္တာကို မီးခံသေတ္တာထင်သောကြောင့် အတင်းကန်ဖွင့်နေသည်။ အဘွားကမီးခံသေတ္တာမဟုတ်ဘူးဆိုသဖြင့် သူတို့သုံးယောက်လုံး အပေါ်ထပ်ကို ကြိုးတုပ်အနေအထားဖြင့် ခေါ်သွားသည်။

အပေါ်ထပ်ကြမ်းပြင်ပေါ်မှာ သူ့ကိုထိုင်ခိုင်းပြီး ခြေထောက်ကို ကြိုးဖြင့်တုပ်ချည်လိုက်၏။ နှစ်ယောက်က အိမ်ထဲမှာ ပစ္စည်းရှာနေစဉ် လူတစ်ယောက်ကို အဘွားနားမှာထားခဲ့သည်။

"မင်းတို့လိုချင်တဲ့ပစ္စည်းတွေက ငါ့ခုတင်မွေ့ရာအောက်မှာရှိတယ်၊ ယူသွားပါ။ ငါ့ကိုဘာမှမလုပ်ကြပါနဲ့"

ဟု ပြောလိုက်သည်။

ထို့နောက် အနားမှာစောင့်နေသောလူကိုလည်း သူ့အနားမှာမနေဘဲ အခြားနှစ်ယောက်နားသွားရန်ပြောရာ ထိုဓားပြလည်းထွက်သွားသည်။

မွေ့ရာအောက်မှရွှေပြားများ၊ စိန်ထည်များကိုတွေ့သွားသဖြင့် အဘွားကို ပုါးစပ်စည်းထားလိုက်ပြီး ကြိုးတုပ်လျက်အနေအထားဖြင့်ထားခဲ့ပြီးထွက်ခွာသွားသည်။

လှလှဝင်း ရောက်သည့်အချိန်မှာ ထိုသူတို့ထွက်သွားကာစအချိန်ဖြစ်သဖြင့် ကောင်မလေး ကံကောင်းသွားသည်ဟု ဆိုရပေမည်။ ပက်ပင်းတိုးလိုက်လျှင် ဒုက္ခရောက်မှာ သေချာပါတော့သည်။

ခြံဝင်းထဲမှာ သစ်ပင်ကြီးများ ထူထပ်စွာပေါက်ရောက်နေသဖြင့် တစ်အိမ်နှင့်တစ်အိမ်ကောင်းစွာမမြင်တွေ့နိုင်ပေ။ ခြံအနေအထားကြောင့် ဓားပြတိုက်သည်ကို မမြင်တွေ့လိုက်ရခြင်း ဖြစ်ပေသည်။

နောက်တစ်နေ့မှာ အစ်မကြီးတို့သည် အဘဆရာကြီးထံ ထပ်မံသွားခဲ့ပါသည်။ အဘကို အကျိုးအကြောင်းပြောပြရာ ခေါင်းညိတ်ပြီး နားထောင်နေပါသည်။ ထို့နောက် ခဏမျှမျက်လုံးကိုမှိတ်ပြီး အာရုံယူသလို ပြုလုပ်လိုက်သည်။ မျက်လုံးအစုံကို ပြန်ဖွင့်လိုက်ပြီး လက်ာလိုလို၊ သီချင်းလိုလို စာသားများကို ရွတ်ဆိုလိုက်ပါသည်။ စာသားထဲမှာပါသော အကြောင်းအရာများမှာ 'ပုရွက်ဆိတ်များသွားရာလမ်းမှာ လမ်းကြောင်းဖြစ်လာတယ်' ဟူသော အဓိပ္ပာယ်ရပါသည်။

"သမီးတို့အိမ်မှာ ဓားပြတွေရဲ့ခြေရာတွေကျန်နေလိမ့်မယ်။ အဲဒီခြေရာတွေကြောင့် မကြာခင်မှာ သူတို့ကို ဖမ်းမိပါလိမ့်မယ်"

ဟု ပြောပါသည်။

အစ်မတို့မှာ အလွန်အံ့ဩသွား၏။

"ဟုတ်ပါတယ် အဘ။ တိုက်ပေါ်မှာ သူတို့ရဲ့ခြေရာတွေကျန်ခဲ့ပါတယ်။ သူတို့ဟာ ဖိနပ်မစီးတော့ ရွှံ့တွေ၊ သဲတွေ ပေကျံနေလို့ခြေရာထင်နေတာပါ။ အဲဒါ အဘ ဘယ်လိုသိပါသလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com

အဘဘာမှမပြောဘဲခေါင်းညိတ်နေ၏။ မကြာမီရက်ပိုင်းအတွင်းမှာ ထိုမားပြများကို ဖမ်းစီးရမိပြီး ထောင်ချနိုင်ခဲ့ပါသည်။

❑

"ဟော - ရောက်ပြီ။ ကားလမ်းနဲ့ အဘအိမ်က နည်းနည်းဝေးတယ်၊ လမ်းလျှောက်ရမယ် ဆင်းကြတော့။ အစ်ကိုကြီး ကားထဲမှာစောင့်နေခဲ့မယ်နော်သွားကြ သွားကြ"

ကျွန်မစိတ်အတွေးမျှင်များ ပြတ်တောက်သွားသည်။ သူပြောတော့ နည်းနည်းလမ်းလျှောက်ရမယ်ဟု ဆိုသော်လည်း တော်တော်မောအောင်လျှောက်ခဲ့ရသည်။

တွေ့ပါပြီလေ။ အဘဆရာကြီးရဲ့ အိမ်ကို တွေ့ရပါပြီ။ အတော်ကြီးမားကျယ်ပြန့်သော သစ်သားအိမ်ကြီး တစ်ထပ်သာဆောက်ထားပြီး ပြတင်းပေါက်အတော်များများရှိနေသည်ကို လှမ်းမြင်ရပါသည်။ ပြတင်းပေါက်အားလုံးဖွင့်ထားသည်။

အိမ်ပေါ်သို့တက်လိုက်ရာ အဘဆရာကြီးဆိုသူကို ဧည့်ခန်းမှာ ထိုင်လျက်အနေအထားဖြင့် တွေ့လိုက်ပါသည်။ ပြောင်လက်သန့်ရှင်းနေသော သစ်သားကြမ်းပြင်ပေါ်မှာ ဖျာချောလေးများခင်းထား၏။ ဆရာကြီးရှေ့တွင် ရေနွေးကြမ်းလင်ပန်းတစ်ချပ်ကိုတွေ့ရသည်။ သန့်ရှင်းနေသည့် လင်ပန်းလေးမှာ ဒန်လင်ပန်းလေးဖြစ်သော်လည်း ဒေါ်ချာတိုက်ချွတ်ထားပုံရပါသည်။ တောက်ပြောင်ဝင်းလက်နေသည်။

အဘဆရာကြီး၏ ပုံပန်းသဏ္ဌာန်မှာ အသားညိုညို၊ခပ်ဝဝဖြစ်ပြီး မျက်နှာခပ်ဝိုင်းဝိုင်းဟုထင်ပါသည်။ နှစ်များကြာသွားသောကြောင့် သိပ်မမှတ်မိတော့ပါ။ သို့သော် ဆရာကြီးမျက်ဝန်းအစုံ ကြည်လင်တောက်ပနေသည်ကိုမူ အမှတ်ရနေပါသည်။ ခွပ်ကျယ်လက်ပြတ်ကိုသာဝတ်ဆင်ထားသောအဘက ကျွန်မတို့အုပ်စုကို မြင်လိုက်ရာ -

"လာကြ လာကြ၊ ရာသီဥတုကတော့ ဒီလိုပူတာပဲ။ ရေနွေးကြမ်းလေးသောက်လိုက်ရင် အပူသက်သာသွားလိမ့်မယ်"

လက်ဖက်ခြောက်နှင့် လက်ဖက်စိမ်းရောခပ်ထားသော ရေနွေးကြမ်းမှာ အတော်သောက်လို့ကောင်းပါသည်။

"ကဲ - ဆိုပါဦး၊ ဘာကိစ္စရှိလို့လဲ"

အစ်မက ရင်းနှီးပြီးဖြစ်သူမို့ အဘကိုကျွန်မတို့နှင့် မိတ်ဆက်ပေးပါသည်။

"အဘ ကျွန်မရဲ့ ညီမတွေပါ။ ရန်ကုန်ကလာကြတာပါရှင့်။ အဲဒါ အဘနဲ့ တွေ့ဆုံစေချင်လို့ လိုက်ပို့တာပါ"

ဆရာကြီးက ခေါင်းညိတ်နေပါသည်။ ထို့နောက် အစ်မလတ်လက်ဖဝါးကို ဖြန့်ခိုင်းလိုက်သည်။ လက္ခဏာကိုကြည့်သည်ဆိုရုံမျှသာ ကြည့်လိုက်ပြီး လက်ာတစ်ပုဒ်ကို ရွတ်ဆိုလိုက်ပါသည်။ လက်တန်းဆိုဟန်တူပါသည်။ သို့ရာတွင် နားထောင်ကောင်းလှပါသည်။

ကျွန်မ အကဲခတ်နေမိသည်။ သီးသန့်ဟောပြောသည့် စားပွဲနေရာစသဖြင့်မရှိပါ။ သက်သောင့်သက်သာ အနေအထားဖြင့် လက်ာလိုလို စာသားများကို ရွတ်နေတော့သည်။

"အိုဇာတာကောင်းမယ်၊ ချမ်းသာမယ်၊ သားသမီးအကျိုးကို ခံစားရလိမ့်မယ်။ ဒါပေမယ့် အချက်တစ်ခုကို သတိထားပါ"

လက်ာလေးမှာ မတိုမရှည်ဖြစ်သော်လည်း 'ရွှေတောင်ကြီးပြိုပြို' ဟူသောစာသားများ ပါဝင်နေသည်ကို မှတ်မိပါသည်။ အစ်မလတ်က ရိုသေစွာ နားထောင်နေသည်။

"ရန်ကုန်ရောက်လျှင် တစ်ရာတန်ငွေစက္ကူတစ်ချပ်ကို အရှည်လိုက်လိပ်ပြီး ရေအေးအေးကို ဖန်ခွက်ထဲထည့်ပါ။ ပြီးတော့ မွှေပြီး 'ရာကျော်ပြီ. . . ရာကျော်ပြီ' လို့ ဆိုပါ။ အခေါက်ရေကတော့ သုံး၊ လေးခါပေါ့ကွယ်"

အဘပြောသည့် ယတြာများထဲမှာ ထိုတစ်ခုကိုသာ ကျွန်မှတ်မိလိုက်ပါသည်။ ထို့နောက် ကျွန်မအလှည့်ရောက်သဖြင့် အဘက ကျွန်မကို လက်ဝါးနှစ်ဖက်လုံးဖြန့်စေပါသည်။

လက်ာလိုလို စာသားများကို ရွတ်ပြန်ပါတော့သည်။ လက်တန်းဆိုသည့်ပုံဖြစ်နေသော်လည်း နားထောင်ကောင်းလှပါသည်။

"သမီးရဲ့အသားအရေက ဖြူဝင်းကြည်လင်နေတယ်။ သုဝဏ္ဏသာမဇာတာမျိုးပဲ။ မိဘညီအစ်ကိုမောင်နှမတွေကိုလည်း ကျွေးမွေးပြုစုရလိမ့်မယ်။ သမီးကုသိုလ်ရတာပေါ့။ သုဝဏ္ဏသာမဟာ မိဘလုပ်ကျွေးခဲ့ပေမယ့် မြားမှန်ခံခဲ့ရတယ်။ နောက်တော့ သားရွှေအိုးထမ်းတဲ့ ကိန်းကြုံခဲ့တယ်လေ။ ဒါကြောင့် သမီးလည်း လောကဓံရဲ့နှိပ်စက်မှုကို ခံရဦးမယ်။ နောက်တော့ အားလုံးကောင်းသွားမှာပါ"

ထို့နောက်ဆောင်ရွက်ရန်ကုသိုလ်ကောင်းမှုလုပ်ရမည့်အချက်များကို ရှင်းပြပါသည်။ လမ်းမှာ ဆွမ်းခံကြွနေသော သံဃာတော်တစ်ပါးကို အိမ်ထဲပင့်ဖိတ်ပြီး ဆွမ်းလောင်းရန် ဖြစ်ပါသည်။ ငါး (သို့) ငါးကြင်းကို ဟင်းငါးမျိုးရအောင်ချက်ပြီး အားလုံးကပ်လှူရန်ဆိုပါသည်။ သို့နှင့် အဘအိမ်မှ မန္တလေးသို့ ပြန်ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လာခဲ့ပါသည်။

ကျွန်မကတော့ အဘမှာသည့် ဆောင်ရွက်စရာအချက်များကို အားလုံး ဆောင်ရွက်လိုက်ပါသည်။ မန္တလေး အပြန် တစ်နှစ်ခွဲလောက်ကြာသောအခါ အစ်မလတ်ခင်ပွန်း ကွယ်လွန်ခဲ့ပါသည်။ အစ်မလတ် ဒေါ်မြင့်မြင့်ဝင်း၏ ခင်ပွန်းမှာ ပင်လုံဦးသန်းကြွယ် (မြို့မ) ဖြစ်ပါသည်။

အစ်မကို ကျွန်မက ယတြာ လုပ်ရဲ့လားဟုမေးရာ အစ်မက မလုပ် ဖြစ်လိုက်ကြောင်း ပြောပါသည်။

အကယ်၍များ ယတြာကိုလုပ် ဖြစ်ခဲ့လျှင် ကောင်းမှာပဲဟုသာ ကျွန်မ တွေးမိပါသည်။ ထူးခြားချက်တစ်ခု သွားမေးသူ ကျွန်မတို့ညီအစ်မ ယောက်စလုံးမှာ စနေသမီးများသာ သော်လည်း ဟောပြောချက်မှာ လုံး ခြားနားမှုပင် ဖြစ်ပါသည်။

ယနေ့ထက်တိုင် ဆရာကြီး ဟောပြောမှုပုံစံကို မတွေ့မိပါ။ ကျွန်မ ၏ ဒေသန္တရဗဟုသုတနည်းလို့လည် နိုင်ပါသည်။ ကျွန်မအနေဖြင့် အဘဆ ကြီးဟောပြောခဲ့သည့်အတိုင်း မိသာ ကို ကျွေးမွေးပြုစုခဲ့ရသည့်အပြင် တစ် တစ်ရံ ကဲ့ရဲ့မှုကိုလည်းခံရပြန်ပါသည်။

နောက်တော့လည်း အားလုံး လည်မှုရှိလာကာ ကျွန်မ၏ စေတ စိတ်ထားကို လျစ်လျူရှုသူများမရှိ ပါ။ အဘဆရာကြီး၏ ဟောပြော နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ သို့ တွင် ယခုအချိန်အထိ မှန်ကန်နေဆဲ ပါ သည်။

လေးစားစရာကောင်းလှသ အဘဆရာကြီး ကွယ်လွန်ကြောင်း သိရသည်မှာ ကြာပြီဖြစ်သော်လ ကျွန်မစိတ်အာရုံတွင် '**မဏ္ဍလာမြို့မှ ဆရာကြီး ဦးချစ်ရာ**' ကို သတိရ ပြုလျက်ရှိပါသည်။

တင်တင်ဦး (



www.burmeseclassic.com

www.burmeseclassic.com

# ထပ်တရာ

## မြေငလျင်လှုပ်ခြင်းနှင့်ကြုံခဲ့ရသည်ရှိသော်



မြေငလျင်လှုပ်ခြင်းသည် သိပ္ပံ[illegible]အရ ကမ္ဘာမြေကြီးနှင့် နေ၊ လ[illegible]သံတို့၏ ဆန့်ကျင်ဆွဲငင်မှုများ[illegible]င့် ဖြစ်ပေါ်သည် ဆို၏။ သဘာဝ[illegible]အန္တရာယ်တစ်ခုလည်း ဖြစ်၏။

အဒိကပ္ပကျမ်းနှင့်အာတပ္ပနကျမ်း[illegible]၏ အဆိုအဖွင့်အရမူ နေ၊ လ၊ နက္ခတ်[illegible]နှင့် နှစ်သိန်းလေးသောင်းအထုရှိ[illegible] မဟာပထဝီမြေကြီးသည် ကြီးမား[illegible]သော စွမ်းအင်ကြီးတစ်ခုကြောင့်[illegible]ရှားတုန်ခါခြင်း ဖြစ်၏။

ဥပမာ -

မြတ်စွာဘုရားရှင်တို့နှင့်ဘုန်းသမ္ဘာ[illegible]တို့ သန္ဓေယူခြင်း၊ မွေးဖွားခြင်း၊ [illegible]စင်စစ်ဧကန်ဖြစ်ခြင်း၊ ပရိနိဗ္ဗာန်စံ[illegible]ခြင်း ကမ္ဘာသူကမ္ဘာသား လူအများ[illegible]ကြမ္မာအပြောင်းအလဲများကြောင့်[illegible]ည်ဖြင့် ဥပါဒ်ပျံခြင်း၊ တော်လည်း[illegible] ငလျင်လှုပ်ခြင်း ဖြစ်၏။ ယင်းသို့[illegible]ခြင်းကို တွေ့ဖူး၊ ကြုံဖူးသူတို့ရှိကြမည်[illegible]သည်။ စာရေးသူတို့လက်ထက်တွင် မြေငလျင်အသေးစားသော်လည်းကောင်း၊ အကြီးအမားသော် လည်းကောင်း မကြာခဏလှုပ်သည်ကိုကြုံတွေ့ရ၏။ ကြုံသော်လည်း မည်သို့ ဆောင်ရွက်ရမည်ကို သိရှိသူနည်းပါး၏။ သက်ကြီးစကားများ ရှားပါးကုန်ပြီဖြစ်၏။ မသိကြရ၍ အကျိုးမဲ့များ ခံစားကြရ၏။

ရှေးလူကြီးသူမများမှ ခြေလက်မမြဲ၊ ထိမိကိုင်ရာမှ လွတ်ကျကွဲရှဖြစ်လျှင် 'ဟဲ့-ငလျင်မိလာတာလား၊ ဘုရားစူးကျမ်းစူးမိလာတာလား' ဟု ပြောဆိုသည်ကို ကြားဖူးကြမည်ဖြစ်၏။ ဘုရားဟောအရ နှစ်သိန်းလေးသောင်းထုထည်ဒြပ်ရှိသည့် ဤမဟာပထဝီမြေကြီး တုန်ခါလှုပ်ယမ်းသည့်အချိန်ကြောင့် တောင်များ၊ တိုက်တာအဆောက်အအုံ၊ လမ်းတံတားများပြိုကျပျက်စီးခြင်း၊ ဥကျင်းအတွင်းဝပ်နေသည့်ကြက်ဥများ အဆန်ချောင်၍မအောင်မဖြစ်ထွန်းတော့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများမှ ငလျင်မိ၍မွေးဖွားလာသည့် ကလေးငယ်သည်ဦးနှောက်ဖွံ့ဖြိုးမှုမရှိဘဲ မှတ်ဉာဏ်ချို့တဲ့ခြင်း စသည့် ဆိုးကျိုးများ ဖြစ်စေ၏။ သို့ဖြစ်ရာ ငလျင်လှုပ်ကြောင်း သိသည်နှင့် -

၁။ အိပ်စက်လဲလျောင်းနေခြင်းမပြုရ။

၂။ လှုပ်နေသည့် ငလျင်ကြောအတွင်း ဟိုမှသည်မှ ပြေးလွှားခြင်းပြုမနေရ။ တင်ပျဉ်ခွေထိုင်နေရမည်။

၃။ ကိုယ်ဝန်ဆောင်မိခင်လောင်းဖြစ်က ငလျင်လှုပ်သည်နှင့် ဆန့်ကျင်ဘက်လေးဖက်ထောက်အနေအထားဖြင့်နေရမည်။

ဥပမာ ငလျင်သည် အရှေ့နှင့်အနောက်လှုပ်က ဆန့်ကျင်ဘက်တောင်နှင့် မြောက်နေရန် ဖြစ်၏။

၄။ မွေးဖွားစဉ်ဖြစ်က ဖွားပြီးသည်နှင့် ကလေးထည့်ထားရာ ပုခက်၊ ထန်းခေါက်ဖာ၊ စကော၊ လင်ပန်းအတွင်း မြေငလျင်လှုပ်နေစဉ်ကောက်ယူထားသည့် မြေကြီးခဲ (သို့) မီးသွေးတစ်ခဲအား အဝတ်သန့်ဖြင့် ထုပ်ကာ ကလေးအစားဆိုးကျိုးမှန်သမျှ နင်ခံဟု ဆိုကာထည့်ထားရမည်။ ကလေး (၁)လခွဲရှိက စွန့်ပစ်နိုင်သည်။

၅။ ငလျင်လှုပ်ပြီးသည်နှင့် ကလေး၊ လူကြီးတို့၏ ငယ်ထိပ်ဦးကင်းတွင် နှမ်းဆီ (သို့) အုန်းဆီရွှဲရွှဲမကြာခဏ သုတ်လိမ်းရမည်။

မိဘများမှ ယနေ့ စာရေးသူလက်ထက်တိုင် ခေါင်းလျှော်ခြင်းပြုသည့်နေ့၏ ညအိပ်ရာအဝင်တွင် မိကြီးဘကြီးများမှ အုန်းဆီဖြင့် ငယ်ထိပ်သို့သုတ်လိမ်းကာ 'ပွဲသွားမယ်၊ ဆီတို့၊ ဆီတို့' ဟု ပြုမူပြောဆိုလေ့ရှိကြ၏။

ဤသည်ကား ခေါင်းလျှော်စဉ်ဦးခေါင်းရှေ့တိုးနောက်ဆုတ်ဖြင့်လုပ်ခြင်း၊ ငုံ့ခြင်း၊ မော့ခြင်း၊ ဦးရေပြားအားလက်ဆယ်ချောင်းဖြင့် စုံကုတ်မွှေနှောက်ခြင်းပြုခဲ့သဖြင့် ဦးနှောက်လှုပ်ယမ်းခဲ့သည်ရှိသော် သက်သာစေရန်အတွက် ဦးနှောက်(ငယ်ထိပ်)အတွင်း ဆီထည့်ခြင်း ဖြစ်၏။

အထက်ဖော်ပြပါအချက်များအား သိရှိလိုက်နာလျှင် ဦးနှောက်လှုပ်၍မူးသည့်ရောဂါ၊ ဦးနှောက်မချောင်စေသည့်အနေအထား၊ ခြေလက်မမြဲ၊ အကြောများထိခိုက်ခြင်းမှ ကင်းဝေးမည်ဖြစ်ပေသည်။

မိမိသိသမျှ အခြားသူများလည်း သိရှိနိုင်ကြစေရန် စေတနာအမှန်ဖြင့် -

ထပ်တရာ



www.burmeseclassic.com

www.burmeseclassic.com

ဒီခရီးသွားဆောင်းပါးလေးကို -

ရေးသင့်၊ မရေးသင့် အချိန်တော်တော်ယူပြီးစဉ်းစားခဲ့ရပါတယ်။

ဘာလို့လဲဆိုတော့ ဘာကိုမှ ခပ်လွယ်လွယ်မယုံတတ်လို့ပါဘဲ။

အဲဒီလို မယုံတတ်လွန်းလို့ ကိုယ့်ကိုယ်ကိုယ် အမြဲသတိထားနေတတ်သူ ကိုယ်တိုင် အံ့ဩသွားခဲ့ရတဲ့အကြောင်းလေးတချို့ပါနေလို့ပါပဲ။

ခရီးက -

ဒီခရီးဖြစ်နေတော့ ဒီအကြောင်းလေးတွေကို ချန်လှပ်ထားခဲ့လို့ကလည်း မဖြစ်ပြန်ဘူး။

ဒါကြောင့် -

တိုက်ဆိုင်မှုလို့ပဲပြောပြော -

ဒါမျိုးဆိုတာဖြစ်တတ်ပါတယ်ပဲ ဆိုဆို -

ဖြစ်နိုင်ပါ့မလားဘဲစဉ်းစားစဉ်းစား-

ခရီးသွားခဲ့တဲ့အကြောင်းလေးကို ရေးဖွဲ့လိုက်ပါပြီ။

❏

၂၃ - ၆ - ၂၀၁၅ (အင်္ဂါနေ့)။

"ရောက်ပြီ မောင်လေး"

တရိပ်ရိပ်ပြေးလာတဲ့ကားလေး - ဘယ်ဘက်ကို ချိုးကွေ့လိုက်ပြီဆိုတာနဲ့ ရောက်ပါပြီ။ မြစ်ကမ်းနဖူးမှာ။

❏

မြန်မာတို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းအမွေ -

အင်မတန်မှထင်ရှားကျော်ကြားလှတဲ့ ခံတပ် -

ဇာတိသွေးဇာတိမာန်တက်ကြွစေတဲ့ ခံတပ်ကြီးတွေထဲကတစ်ခု -

အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသူတွေရဲ့ ကျေးဇူးကြောင့် ခုလို နောင်လာနောက်သားတွေကြည့်ရှုလေ့လာခွင့်ရတဲ့နေရာ -

သားက သူ့အစ်မကြီး မနီလာ ပြောလိုက်တာကို 'ဟုတ်ကဲ့' ပြောလိုက်ရင်း ကားလေးရပ်လိုက်တာနဲ့ ခပ်သွက်သွက်လေးဆင်းလိုက်ပါတယ်။ ပြီးတော့ ကြီးကျယ်ခမ်းနားထည်ဝါလှတဲ့ မင်းလှခံတပ်ကြီးကို အကြာကြီးစိုက်ကြည့်လို့ -

"လာ - မောင်လေး"

သမီး နီလာရဲ့ သူငယ်ချင်းက ဦးဆောင်ပြီး သမီးက ရှေ့ကသွားရင်း၊ သားကိုခေါ်ရင်း ခံတပ်ထဲဝင်ကြည့်ကြပါပြီ။

သား မောင်ကျော်မြင့်ရယ်၊ ကိုလှမြင့်ရယ်က သတ်သတ်ကြည့်လို့။ ကားမောင်းလာတဲ့တူလေး မောင်လှဝင်းက သတ်သတ်။

အဲဒီမှာ -

"လာ-မောင်လေး၊ ဒီခံတပ်ကြီးထဲမှာ တို့မောင်နှမနှစ်ယောက် အမှတ်တရ ဓာတ်ပုံရိုက်ကြရအောင်"

သမီးနီလာ သူ့သူငယ်ချင်းကို ဖုန်းပေးလိုက်ပြီး သားရဲ့လက်ကို သူ့လက်လေးနဲ့ချိတ်လိုက်ရင်း မောင်နှမနှစ်ယောက် ဓာတ်ပုံအရိုက်ခံကြပါတယ်။ ပြုံးလို့ပျော်လို့။ သူတို့ကိုကြည့်ရတာ တော်တော်ပျော်နေကြပုံပဲ။

တစ်ပုံပြီးတစ်ပုံ -

ဒီနေရာမှာ သတိထားလိုက်မိတာ ကတော့ သူတို့မောင်နှမနှစ်ယောက်ရဲ့ မျက်နှာအနေအထားတွေပါပဲ။ နှစ် ယောက်လုံး နေကာမျက်မှန်တပ်ထား ကြပြီး နှစ်ယောက်လုံး အသားကဖြူဝင်း နှစ်ယောက်လုံး မျက်နှာပြည့်ပြည့်ဖောင်း ဖောင်းတွေမို့ တစ်မအေထဲမွေးထားတဲ့ မောင်နှမနှစ်ယောက် တစ်နေရာမှာ အမှတ်တရ ဓာတ်ပုံရိုက်နေကြသလို ပဲ။

ပြီးတော့မှ ခံတပ်ပေါ်တက်ကြ ပြီ။

အင်မတန်မှလှပတဲ့ ဧရာဝတီမြစ် ကြီးနဲ့ ရှုမျှော်ခင်းတွေကိုမျှော်ကြည့်ရင်း ဂွေးချောင်းခံတပ်ဘက်ဆီသို့မျှော်ကြည့် ရင်း အမှတ်တရဓာတ်ပုံတွေရိုက်ကြ ပါတယ်။

မင်းဘူးကနေ စထွက်လာ တည်းက မေတ္တာသုတ်တော်ကို တော လျှောက်ရွတ်၊ မင်းလှခံတပ်ကြီးတည် နေရာနဲ့ သက်ဆိုင်သမျှပုဂ္ဂိုလ်အားလုံး ကို မေတ္တာပို့၊ အမျှဝေလာတာမို့လား မသိပါဘူး၊ ဒီခံတပ်ထဲရောက်လာလို တာနဲ့ တစ်မျိုးပဲ။

စိတ်ထဲက -


'အင်း - တို့မြန်မာ့မြေ၊ မြန်မာ့ ကို တစ်လက်မမှအထိမခံဘဲ တိုင်းတ ပါးရန်သူကို သတ္တိပြောင်ပြောင်မြော မြောက်နဲ့ရင်ဆိုင်တိုက်ခိုက်ရင်း အသ စတေးသွားကြတဲ့ တို့မြန်မာ့သူရဲကောင် တွေရဲ့နေရာကြီးပါလား'

ဆိုပြီး ကြက်သီးမွေးညင်းတွေ

# ဆရာဦးမောင်မောင်သန်း

( [illegible] )

## အမှတ်မထင်ခရီးနှင့်အနီးဆုံးအတွေ့အကြုံများ



www.burmeseclassic.com

www.burmeseclassic.com

သွားပါတယ်။

ဟုတ်ပါတယ်။

ကြီးမားလှတဲ့ အုတ်ချပ်ကြီးတွေ၊ ခိုင်ခံ့လှတဲ့ထုထည်ကြီးတွေ၊ အချိုးကျလှတဲ့ဖွဲ့စည်းပုံတွေ၊ ခံတပ်ပေါ်တက်ရတဲ့ ရှေးအုတ်လှေကားကြီးတွေဟာ အင်မတန်မှ အံ့ဩလောက်တဲ့ရှေးလက်ရာကြီးတွေပါ။ အပေါ်စီးကကြည့်လေ ခံတပ်ကြီးရဲ့ ခံ့မ်းနားလှပခိုင်ခံ့ပုံပေါ်လေပါပဲ။ ခံတပ်ကြီးထဲကို ဝင်ကြည့်လိုက်ပြီဆိုတာနဲ့ပဲ ရှေးရှေးက မြန်မာ့သူရဲကောင်းတွေရဲ့ သတ္တိစွမ်းပကားကြီးမားပုံတွေ၊အမြောက်ကြီးတွေနဲ့ရော လက်နက်တွေနဲ့ပါ တိုက်ခဲ့ပုံတွေ၊ ဓားစွမ်း၊ လှံစွမ်း၊ လေးစွမ်း၊ မြားစွမ်းတွေကို မျက်လုံးထဲမှာ ပြန်ပြီးတော့ မြင်ယောင်လာတဲ့အထိ ဆွဲဆောင်လွန်းပါတယ်။ ကြည့်ရတာ အားရလိုက်တာမှ အံ့ကြိတ်ပြီး လက်သီးတောင်ဆုပ်ထားမိတယ်၊ တကယ်ပါ။

သတ္တိပြောင်ပြောင်မြောက်မြောက်နဲ့ ဓားကိုဝင့်ပြီး အားရပါးရကြုံးဝါးသံတွေနဲ့အတူ အသက်ကို ပဓာနမထားရှန်ရှန်စားစားဝင့်ဝင့်ကြွားကြွားတိုက်ခဲ့ကြတဲ့ သူရဲကောင်းကြီးတွေရဲ့နေရာ၊ တိုင်းတစ်ပါးနယ်ချဲ့ရန်သူကို အမြောက်ကြီးတွေနဲ့တိုက်ရင်း ဓားလွတ်တဝင့်ဝင့်ကိုင်ရင်း ဓားစွမ်းပြရင်း၊ မီးပေါက်လက်နက်တွေနဲ့ပါတိုက်ရင်း နောက်ဆုံးထွက်သက်အထိ အားမာန်ကြီးမားခဲ့တဲ့သူရဲကောင်းကြီးတွေရဲ့နေရာပါ။

တွေးကြည့်ရုံနဲ့တင် ကြက်သီးထပါတယ်။

သားဟာ -

ဟိုးကလေးဘဝသုံးနှစ်သား၊လေးနှစ်သားဘဝထဲက ဒိုပြင်ကစားစရာတွေကို မပူဆာတတ်ပါဘူး။ ဘုရားပွဲတွေမှာ ရောင်းတဲ့ ကျနစ်စစ်သားဦးထုပ်လို့ လွယ်လွယ်ခေါ်တဲ့ ဦးထုပ်လေးရယ်၊ သစ်သားဓားလေးရယ်ကိုပဲ ပူဆာပါတယ်။ အဲဒါလေးဆောင်းပြီး သစ်သားဓားလေးနဲ့ လေထဲမှာ ဓားခုတ်တမ်းဆော့နေရုံတင် မကဘူး၊ အိပ်ရင်တောင် ခြင်ထောင်ဘေး သူ့နားမှာထားအိပ်ပါတယ်။ တော်တော်နဲ့လည်း အဲဒီဦးထုပ်နဲ့ဓားကိုမချွတ်ဘူး။ တစ်ယောက်ထဲစကားတွေပြောဓားလေးတဝင့်ဝင့်နဲ့။

ပြီးတော့ အဲဒီအရွယ်လေးမှာပဲ ငါးနှစ်လောက်တော့ရှိမယ်။ စက်ဘီးစမုတ်တံသံချောင်းလေးကို ထမင်းချက်တဲ့မီးသွေးမီးဖိုထဲထည့်ဖုတ်၊ တူလေးနဲ့ လျှောက်ထု၊ ခါးမှာ ပုဆိုးလေးကကွင်းသိုင်းလို့၊ စကားလေးတပြောပြောနဲ့ထုလိုက်တာ တော်တော်လှတဲ့ဓားလေးဖြစ်သွားပါတယ်။ လက်ကိုင်လေးနဲ့ဓားအိမ်လေးက ပလတ်စတစ်ပိုက်လေးတွေစွပ်လို့။ တွေ့တဲ့လူတိုင်းက အံ့ဩယူရော။

လေးတန်းလည်းရောက်ရော ကရာတေးစကစားတယ်။ အသတ်အပုတ်ဝါသနာပါလာတယ်။ ပန်းချီများဆို သူဟာသူလျှောက်ဆွဲပြီး မြို့နယ်မှာဝင်ပြိုင်တာ ဒုတိယဆုရပြန်ရော၊ စွယ်စုံ။

ထူးထူးခြားခြားသတိထားလိုက်မိတာက သူ့ကျွန်မခံပြီဇာတ်ကားကြီးကိုကြည့်ပြီး သတ်ပုတ်ခန်းတွေမှာ အားရပါးရဖြစ်နေပေမယ့် သီပေါဘုရင် ပါတော်မူခန်းရောက်ရင် မျက်စိမျက်နှာပျက်ပြီး မကြည့်တော့ပါဘူး။ ဇာတ်ကားပြီးလို့ ကြည့်လိုက်တော့ သူ့တစ်ယောက်ထဲ တစ်နေရာလေးမှာထိုင်မှိုင်ပြီး မျက်နှာက ငိုထားသလိုပဲ။ ဘာဖြစ်လို့လဲမေးရင် ဘာမှလဲမပြောဘူး။

ဟော - အခုဘွဲ့ရပြီးပြန်တော့ အနုပညာအလုပ်တွေလုပ်နေရင်းကနေ ဇီးကုန်းက သူ့ဦးလေး ကိုဝင်းမောင်ကို မြားကြီးတွေလုပ်ခိုင်းပြန်တယ်။ မြားကြီးတွေက လူတစ်ရပ်လောက်နဲ့ မြားတံတွေက အများကြီး၊ အဲဒါကြီးတလွယ်လွယ်နဲ့။

အခု -

မင်းလှခံတပ်ဆိုတာ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က ဖအေနဲ့အတူ မင်းဘူးကိုရောက်ဖူးကတည်းက သွားချင်တယ်ဆိုပြီး တဖွဖွပူဆာနေတဲ့နေရာ။ ဘယ်နေရာကိုမှသွားချင်တယ်မပူဆာဘူး၊ ဒီမင်းလှခံတပ်ပဲ။

နောက်တစ်ခေါက် မင်းဘူးကိုရောက်ပြန်တော့လည်း မင်းလှခံတပ်ကိုသွားဖို့ချည်းပြောနေတာ လိုက်မပို့လို့တောင် ဖအေကိုစကားမပြောဘူး။

အခု ဒီတစ်ခေါက်ကတော့ သူ့ဆန္ဒပြည့်သွားပြီ။ သူ့အစ်မကြီး မနီလာက လိုက်ပို့ပေးလို့ အခုရောက်နေပြီ။

သားဟာ နည်းနည်းမှောင်တဲ့နေရာ သိပ်မသွားတတ်သလို လူပြတ်တဲ့နေရာမျိုးလည်း ရှောင်တတ်ပါတယ်။ ဟော - ခုများ မင်းလှခံတပ်ထဲမှာနေရာအနှံ့ ဖုန်းတစ်လုံးနဲ့လျှောက်ရိုက်နေလိုက်တာ မြန်မာ့သူရဲကောင်းတွေရဲ့ အငွေ့အသက်တွေရှိတဲ့နေရာမို့လို့လားမသိပါဘူး၊ သူပျော်နေတယ်။

အဲဒီမှာ တူလေး မောင်လှဝင်းက ဘာထပြောလဲဆိုတော့ -

"ဒီခံတပ်ကြီးဟာ နှစ်သိပ်မကြာသေးဘူး။ ဟိုးတုန်းက ငါတို့တွေ ဒီမှာတိုက်ခဲ့ရပြီး အခုလူပြန်ဝင်စားပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာကြတာလား မသိဘူး"

လို့ ထပြောပါတယ်။

သူ့စကားကြောင့် အားလုံးအံ့အားသင့်သွားပါတယ်။ သူဟာ ကရင်တိုင်းရင်းသားဖြစ်ပြီး ဘာကိုမှအယုံအကြည်မရှိသူမို့ပါဘဲ။ ဒါပေမယ့် လိပ်ပြာနုတယ်။ ခုပြောလိုက်တဲ့စကားဟာ သူ့နှုတ်များတစ်ခုခုစီးသွားသလား အောက်မေ့ရပါတယ်။သူပြောမှကြက်သီးထသူကထပေါ့။ သူပြောတာကိုနားထောင်ရင်း သားဟာ အတော်လေးငိုင်သွားပါတယ်။

ပြီးတော့မှ သူဗဟုသုတဖတ်မှတ်ထားတဲ့ မင်းလှခံတပ်ကြီးရဲ့အကြောင်းတွေကို ပြန်ရှင်းပြနေပါတယ်။ အမြောက်ကြီးတွေကို ဘယ်လိုသယ်ယူရတာ၊ ဘယ်နေရာကနေသယ်တာ၊ ဒါကြောင့် ဘယ်လိုပုံစံလုပ်ထားတာ၊ ဘယ်အပေါက်တွေကနေဘယ်လိုကြည့်တာ၊ ဘယ်လိုထုတာ၊ စစ်သည်ရဲမက်ဘယ်လောက်လောက်ရှိတာ၊ ကျွံလာရင်ဘယ်လိုခုတ်တာ၊ ဘယ်လိုရင်ဆိုင်တိုက်တာ၊ ဒီနေရာကဘယ်လိုဟိုနေရာကဘယ်လိုဆိုပြီး တည်တည်တံ့တံ့ အေးအေးဆေးဆေးနဲ့ ရှင်းပြနေတာကို သူ့အစ်မနဲ့ သူ့အစ်ကိုတွေက နားထောင်နေကြတယ်လေ။ သူစကားပြောနေတာမာန်အပြည့်နဲ့။ တစ်ချက်တစ်ချက်များဆိုရင် မျက်နှာက တင်းမာသွားပြီး မြန်မာ့သူရဲကောင်းတို့ရဲ့ အငွေ့အသက်တွေများကပ်ကပ်သွားသလိုကြီးပဲ။

စကားပြောနေရင်းကနေ ဖအေနားကပ်လာပြီး -

"အဖေ၊ သားဒီခံတပ်ကြီးထဲစဝင်လာကတည်းက ကြက်သီးတွေတအားထနေတာ ခုထိပဲ"

ဆိုပြီး ကြက်သီးတွေထနေတဲ့ သူ့လက်ကိုပြပါတယ်။ ပြီးတော့ -

"သား ဘာကိုလွမ်းမှန်းမသိဘူး အဖေ၊ တစ်မျိုးကြီးပဲ"

လို့လည်း ပြောရော -

"အေး - တို့ ပြီးရင် ဟိုတယ်ပြန် ခဏနားပြီး နတ်မောက်ကိုခရီးဆက်ရဦးမယ်။ လုပ်၊ အမြန်ကြည့်ကြ"

ဆိုပြီးစကားလွှဲပစ်လိုက်ရပါတယ်။ ပြောရမယ်ဆိုရင် အစွဲအလမ်းသိပ်ကြီးတတ်တာမျိုးကို မကြိုက်လို့ပါ။

အဲဒီမှာ -

နည်းနည်းပြောပါရစေ။

မင်းလှခံတပ်ကြီးထဲကို စဝင်ကြည့်တော့ လူတစ်ယောက်မှမရှိပါဘူး။ ကြည့်ရင်းကြည့်ရင်းနဲ့လူတွေတဖွဲဖွဲရောက်လာပါတယ်။ အမျိုးသားတွေချည်းပါပဲ။ အသက်ကြီးကြီးတွေလည်း ပါပါတယ်။ လျှောက်ကြည့်ပြီးကြလို့ ပြန်ထွက်ခါနီးသားက မင်းလှခံတပ်ကြီးရဲ့ရှေ့မျက်နှာစာအပေါ် နားမှာရပ်ပြီးပြောပြနေတော့ အဲဒီလူတွေအများကြီးထဲက (၄)(၅)(၁၀) ယောက်လောက်ဟာ ဘေးနားမှာ ဟိုလိုလိုဒီလိုလိုနဲ့ရပ်ပြီးငြိမ်ပြီးနားထောင်နေကြပါတယ်။ တချို့ဆို မျက်နှာလေးတွေပြုံးထားပြီး လက်လေးတွေတောင်နောက်ပစ်ထားသေး။ မျက်နှာကမည်းပြောင်ပြီး အသားအရေက ညိုမောင်းနေကြသူ(၃)၊ (၄) ဦးလောက်ပါပေမယ့် သူတို့ဟာ ချစ်စရာကောင်းတဲ့အပြုံးလေးတွေနဲ့ပါ။ ပြီးတော့ သူ့လမ်းသူ ကိုယ့်လမ်းကိုယ်ပြန်ကြလို့ အလျှိုအလျှိုနဲ့ လူစုကွဲသွားကြပါတယ်။ဘာနဲ့ဘယ်လိုပြန်သွားကြလဲတော့ မသိဘူး။ (၄)၊ (၅) ယောက်လောက်ကတော့ မတွေ့တော့ဘူး။

လူကြီးတွေနားထောင်နေကြပေမယ့် ပြောနေတဲ့သူက အသားဖြူဖြူဝင်းဝင်းလုငယ်တစ်ယောက်ဖြစ်နေတာရယ်၊ အားတွေမာန်တွေနဲ့ပြောပြနေတာရယ်ကြည်နူးစရာပါ။

သူ့အစ်မကဆို -

"ငါ့မောင်လေး ရန်ကုန်သားပြောတာကို တို့မင်းဘူးသားတွေ နားထောင်နေကြပါလား၊ ကြည့်စမ်း"

ဆိုပြီးတော့တောင် သူ့မောင်ကို ချစ်စနိုးပြောပါသေးတယ်။

မင်းလှခံတပ်ကပြန်ကြပါပြီ။

အားလုံးရဲ့ဆန္ဒအတိုင်းမနားကြတော့ဘဲ နတ်မောက်မြို့ကိုခရီးဆက်ကြပါတော့တယ်။

သမီးနီလာက သူ့အစ်မ မင်းမင်းသန်းရှိတဲ့ နတ်မောက်မြို့လေးကို အဖေ့ကိုပို့ပေးချင်လို့ဆိုလို့။

နတ်မောက်မြို့ -

သမီးနီလာက အဲဒီမြို့က သူ့အစ်မ မင်းမင်းသန်းကို ကြိုပြီးလှမ်းပြောထားတော့ နတ်မောက်က သမီး မင်းမင်းသန်းစီစဉ်ပေးလို့ လပ်ကီးထမင်းဆိုင်မှာ ဖွယ်ဖွယ်ရာရာနဲ့ အားရပါးရစားခဲ့ရပါတယ်။ ဟင်းများဆို စုံလိုက်တာမှ၊ သက်သတ်လွတ်စီစဉ်ပေးတာတင် ဟင်းခြောက်မျိုးမကဘူး။

ကျေးဇူးတင်ပါတယ်။

အဲဒီတခြပြန်မှာကျတော့ သမီးမင်းမင်းသန်းတို့ဆီဝင်နားပြီး နတ်မောက်မြို့နယ်မှာပဲ နာမ်ချွန်နာမ်ထူးနာမ်မြင့်တောရကျောင်းမှာ သာသနာပြု သစ္စာမေတ္တာပါရမီရှင် ဆရာလေး ဒေါ်သုနန္ဒာကိုဝင်ပြီး ဂါရဝပြုခွင့်၊ လှူဒါန်းခွင့်ရခဲ့ပါတယ်။ ဆရာလေးဟာ သစ္စာမေတ္တာအဓိဋ္ဌာန်ပါရမီနဲ့ ဝေနေယျတွေကို အခမဲ့ကယ်တင် စောင့်ရှောက်ပေးနေတဲ့ သူတော်စင်ပုဂ္ဂိုလ်ထူးပါ။

တောရကျောင်းလေးကိုရောက်ခဲ့ရတာဟာ အင်မတန်မှ အေးချမ်းပြီး စိတ်ချမ်းသာရပါတယ်။ ဆိတ်ငြိမ်လှပါတယ်။ ထူးခြားတဲ့သူတော်စင်နယ်မြေပါ။ ဆရာလေး သာသနာပြုတဲ့ ကုသိုလ်ထူးကြီးတွေမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ဖို့ စူးစူးစိုက်စိုက်အာရုံပြုပြီး ဆုတောင်းခဲ့ပါတယ်။ ဝတ္ထုငွေများကို သားအဖနှစ်ယောက်လှူတဲ့အခါ ကတ္တီပါယပ်တောင်နဲ့သာခံယူပြီး အင်မတန် နူးညံ့သိမ်မွေ့ညင်သာလွန်းလှတဲ့ အသံသာသာလေးနဲ့ ဆုတွေပေးမေတ္တာတွေပို့ပါတယ်။

သားအဖနှစ်ယောက်ကို တစ်ဦးချင်းစီရဲ့လိုအပ်တဲ့အကြောင်းကိစ္စအတွက် ဆုတွေပေးဆုတောင်းပေးလို့ သားအဖနှစ်ယောက် တော်တော်အံ့သြခဲ့ရပါတယ်။ ခုမှမြင်ဖူးတဲ့သူတွေကို လိုအပ်ရာဆုတောင်းပေးတဲ့ ဆရာလေးရဲ့ မျက်လုံးဟာ အရောင်တဖိတ်ဖိတ်တောက်နေပါတယ်။ ဆရာလေးရှေ့မှာထိုင်လိုက်တာနဲ့ လူ့ဘဝရဲ့ အပူတွေ၊ စိတ်ဖိစီးမှုတွေ၊ မွန်းကျပ်မှုတွေဘယ်ရောက်လို့ရောက်သွားမှန်းတောင် မသိတော့လောက်အောင် အေးချမ်းသွားတာ ကိုယ်တွေ့ကြုံခဲ့ရပါပြီ။ ကြီးမားလွန်းတဲ့ သစ္စာတန်ခိုး၊မေတ္တာတန်ခိုးတွေပါပဲ။

မနက်ဖြန်ဆို နေပြည်တော်ကြွမှာဖြစ်ကြောင်း၊ ဒကာကြီးတို့ကပ်ပြီးတွေ့ရတာဖြစ်ကြောင်း ကိုယ်တိုင်ပြောပြပါတယ်။

ဆရာလေးရဲ့မေတ္တာဓာတ်တွေဟာ လူကို လွှမ်းခြုံသွားသလို အေးချမ်းလိုက်တာမှ . . . ။

တိတ်ဆိတ်ပြီးအေးချမ်းလွန်းလှတဲ့ ဆရာလေးဒေါ်သုနန္ဒာ သာသနာပြု သူတော်စင်နယ်မြေက အပြန်မှာတော့ ကြားသာကြားဖူးပြီးမရောက်ဘူးသေးတဲ့ ပင်းမြို့ဟောင်းက သပြေညီနောင် ရောက်ခဲ့ရပြန်ပါပြီ။

သပြေပင် ဆိုတာ အမြဲမြင်တွေ့နေကျအပင်ပါ။ ယောက်ျားကြီး သုံး လေး၊ ငါးယောက်ဖက်စာလောက်ကြီး ဒီသပြေပင်ကြီးနှစ်ပင်ကတော့ ခု ဖူးပါတော့တယ်။ စောင့်ရှောက် သိမ်းကြသူတွေက သပြေညီနောင်



www.burmeseclassic.com

www.burmeseclassic.com

သံဒေါက်ကြီးတွေနဲ့ထောက်ထားလို့ - ကျေးဇူးတင်မိပါတယ်။

ဩော် - တကယ့်ကိုထူးခြားလှတဲ့ သစ်ပင်ကြီးတွေကို ထိန်းသိမ်းပေးထားသူတွေ ဆတက်ထမ်းပိုးတိုးပြီး ကျန်းမာချမ်းသာကြပါစေကြောင်းဆုတောင်းရင်း သပြေညီနောင်ဘေးက ရွှေရောင်ဝင်းနေတဲ့စေတီကိုဖူးမြော်ရင်း အဲဒီသပြေညီနောင်နဲ့ မလှမ်းမကမ်းကွေ့သွားရတဲ့ ထူးဆန်းတဲ့ ညောင်ပင်ကြီးတွေကို သွားလေ့လာခဲ့ရပါတယ်။

တကယ်ပါ။

မမြင်ဖူးပါဘူး။

သမီးနီလာလိုက်ပို့ပေးတဲ့ကျေးဇူးကြောင့်သာ ဒီလိုညောင်ပင်ကြီးမျိုးတွေနဲ့ ဒီလိုဘုရားတည်ထားပုံတွေရှိနေပါလားဆိုတာ သိရပါတယ်။ မမြင်ဘူးတာတွေမြင်ရလို့ အံ့သြပါရဲ့။

အကိုင်းကြီးတွေဟာ မြေကြီးထဲက မြွေနဂါးကြီးတွေတိုးထွက်လာပြီး အဖျားတွေက ပါးပျဉ်းကြီးတွေထောင်နေသလို ပြန်ကော့တက်ပြီးဖြာနေတာတွေ၊ မြွေနဂါးကြီးတွေကို အောက်ကဒေါက်တွေထောက်ပေးထားသလိုမျိုး သံဒေါက်ကြီးတွေအကြီးကြီးတွေနဲ့ထောက်ပေးထားတာ၊ ဆေးရောင်တွေခြယ်ပြီးသုပတဲ့ အုတ်တိုင်လုံးကြီးတွေနဲ့လည်းထောက်ပေးထားသလို မြွေနဂါးကြီးတွေဟာသူ နေချင်သလိုနေနေကြတာကိုမျက်မစီးအောင် ထိန်းပေးထားသလို၊ ပေးထားသလိုပဲ။ ညောင်ပင်ကြီးတွေလည်းစိမ်းစိုလို့။ ကြီးမားလှတဲ့ပင်စည်ကြီးတွေနဲ့ တကယ့်ကို အံ့သြစရာပါ။ အကိုင်းကြီးတွေရဲ့ ဝန်းရံနေမှုတွေနဲ့ ဒေါက်ထောက်ပေးထားတဲ့ တိုင်လုံးကြီးတွေ တခြားတိုင်လုံးကြီးတွေကြောင့် ညောင်ပင်အကြီးကြီးတွေ သုံးပင်များလား နှစ်ပင်များလား၊ တစ်ပင်ထဲကနေ နေတာများလားဆိုတဲ့ထိအောင်သေချာကြည့်ပြီး အကိုင်းတွေက ဟိုကထွက် မြေကြီးထဲမြုပ်၊ ပြန်ကော့တက်သွား၊ ထွက်၊ ဟိုမြေကြီးထဲမြုပ်၊ ပြန်တက် ကိုင်းကြီးတွေထောက်ရနဲ့ တော်တော် ခမ်းနားကြီးကျယ်လှတဲ့ ညောင်ပင် အတော့်ကို သဘောကျခဲ့ရပါ တယ်။ ပတ်ပတ်လည်မှာရော၊ အကိုင်း ကြီးတွေကြားမှာရော၊ ရုပ်ပွား တွေတည်ထားသူတွေ၊ အပင်ကြီး ထိန်းသိမ်းပေးထားသူတွေရဲ့ကျေးဇူး ကြောင့် ထူးခြားတဲ့နေရာအဖြစ်လေ့လာ ရပါတယ်။ ရုပ်ပွားတော်တွေကို အားရပါးရဖူး၊ ရေသပ္ပာယ်၊ ပြီးတော့ ရက္ခစိုးကြီးတွေကို မေတ္တာပို့၊ အမျှဝေပြီးမှပဲ ပြန်ထွက်ခဲ့ပါတော့တယ်။

အင်း - ညောင်ပင်ကြီးဘေးတွေမှာတည်ထားတဲ့ ပုံတော်တွေနဲ့ ညောင်ပင်ကြီးတွေနဲ့ကတော့ ဂမ္ဘီရဆန်လိုက်တာ။ ဒီလိုနေရာမျိုးမှာ သရဏဂုံ-၃၀ ပုတီးစိပ်ပြီး မေတ္တာကမ္မဋ္ဌာန်းပွားများရင် ဒါမှမဟုတ် မေတ္တာသုတ် (၁၀၈) ခေါက်ရွတ်ပြီး မေတ္တာပို့ရင် ကျိန်းသေထူးမှာ။ (၉) ရက်သာ အဓိဋ္ဌာန်ဆက်ဝင်နိုင်ရင် အဓိကရကိုထူးပြီဆိုပြီးပီတိတွေနဲ့မေတ္တာပို့ခဲ့ပါတယ်။

အပြန်မှာတော့ သမီးနီလာတို့ဆီမှာ ညစာစားတယ်လေ။

သား ကိုစိုး ဘယ်လိုပဲအလုပ်တွေများများ ထမင်းကို ဘယ်တော့မှစားမထားဘူး။ မျက်နှာချင်းဆိုင်ထိုင်ပြီး တူတူစားတယ်။ အေးမှအေး။ သူ့ခမျာ အလုပ်များလွန်းလို့ ဒီနေ့လိုက်မလာနိုင်ဘူးလေ။

"ကဲ - အဖေတို့ပြန်နားလိုက်ဦးမယ် သား"

ကိုစိုးကို နှုတ်ဆက်ပြီး မန်းသီတာဟိုတယ်ကြီးမှာပြန်နားပါပြီ။

"အဖေ"

"ဟေ"

"သားဟာ ဒီပြင်နေရာတွေကို သွားချင်တာ မဟုတ်ဘူးနော်။ ဘယ်နေရာကိုမှလဲ လေ့လာရေးသွားချင်တာ မဟုတ်ဘူး။ မင်းလှခံတပ်ကိုပဲသွားချင်တာ၊ ဒီစိတ်ပဲရှိတယ်။ မင်းလှခံတပ်ထဲရောက်သွားပြန်တော့ ဘယ်လိုကြီးမှန်းမသိဘူး"

"မပြောနဲ့ကွာ သားကလည်း၊ ခဏခဏမပြောနဲ့"

"ဘာဖြစ်လို့လဲ အဖေ"

"ဘာဖြစ်ရမလဲ သားရဲ့။ တို့ဘုရားရှင်ဟောကြားတော်မူထားတာရှိတယ်လေ။ သံသရာကြီးဟာလည်နေတာပဲ၊ မဖြစ်ဘူးတဲ့ဘဝဆိုတာမရှိဘူး"

နှစ်ယောက်အိပ်ခုတင်ကြီးပေါ်မှာ ခြေပစ်လက်ပစ်လှဲပြီးနားထောင်နေရင်းက ဖအေထိုင်နေတဲ့ဆက်တီခုံတွေဆီထလာပါတယ်။ သူတစ်ခုခုကြားချင်နေသလိုပါပဲ။

"အဖေ ဟိုးတုန်းကတစ်ခါပြောပြခဲ့ဖူးတဲ့မောင်နှမနှစ်ယောက်အကြောင်းလေ၊ အဲဒါလေးပြန်ပြောပြပါဦး"

"ဘယ်မောင်နှမလဲ"

"ဟိုလေအဖေရာ၊ မောင်နှမနှစ်ယောက် ဓားတွေတောင်မနည်းဖြည်ယူရတာလေ"

"ဩော် - ဟုတ်တယ်၊ အဖေဖတ်ဖူးခဲ့တဲ့ စာအုပ်လေးတစ်အုပ်ထဲက အကြောင်းပါ"

"အဲဒါလေးပြန်ပြောပြ"

"ဩော် - သူတို့ဟာ အေးအေးချမ်းချမ်းနေထိုင်ကြတဲ့ အပျိုကြီး၊ လူပျိုကြီး မောင်နှမနှစ်ယောက်။ နယ်ချဲ့တွေကို ရရာဓားဆွဲပြီးတွန်းလှန်တိုက်ခိုက်ခဲ့ကြတဲ့အကြောင်း။ ဟုတ်တယ်၊ အဲဒီဝတ္ထုလေး။ မောင်နှမနှစ်ယောက်ဟာ သတ္တိကောင်းတော့ ရွာကလူတွေကလည်း အားကိုးကြတာပေါ့ကွာ။ သူတို့ရွာကို တိုင်းတစ်ပါးသားတွေရော၊ ဓားပြတွေရော ဘယ်လိုမှကပ်လို့မရဘူး။ အဲဒီမောင်နှမနှစ်ယောက်ရဲ့ ဦးဆောင်မှုနဲ့ ရှုပ်ရှုပ်ချွံချွံ ပြန်တိုက်ခိုက်နိုင်ကြတယ်။ တစ်နေ့တော့ တိုင်းတစ်ပါးသားတွေက သူတို့လူတွေအတုံးအရုံးသေရတာ ဒီရွာကလူတွေရဲ့ လက်ချက်မှန်းလည်းသိရော မီးပေါက်လက်နက်တွေနဲ့ အတင်းတရကြမ်းတိုက်၊ ရွာကိုမီးရှို့လိုက်တော့ မောင်နှမနှစ်ယောက်ဦးဆောင်ပြီး ကိုယ်လွတ်ရုန်းပြေးကြရတာပေါ့။ ဒီလိုနဲ့ ပြန်ခုခံရင်း၊ ပြေးရင်း ဟစ်နေရာလည်းရောက်ရော မြေနေရာတည်ဆောက်ပုံအရ တိုင်းတစ်ပါးရန်သူတွေကို ပြန်တိုက်နိုင်တဲ့နေရာအဖြစ်သတ်မှတ်ပြီး အဲဒီမှာ သူတို့ရွာသူရွာသားတွေနဲ့ပြန်စုပြီး ခုခံတိုက်ခိုက်တာပေါ့။ သူ့အစ်မကို ဘေးလွတ်ကင်းရာမှာ သွားနေဖို့ မောင်လုပ်တဲ့လူကပြောပေမယ့် အစ်မကမပြေးဘူး။သူ့မောင်နဲ့အတူ သတ္တိပြောင်ပြောင်မြောက်မြောက်နဲ့ ဓားကို လက်ကမချစတမ်းတိုက်ရင်း အသေခံမယ်ချည်းပဲပြောတယ်။ ဘယ်လိုမှပြေးခိုင်းလို့မရဘူး။ ခြုံပြောရရင်တော့ကွာ နောက်ဆုံးတော့ အဲဒီနေရာလေးမှာရှိနေမှန်း ရန်သူကသိသွားပြီး လာတိုက်တော့ မောင်နှမနှစ်ယောက်နဲ့ သူတို့ရွာသားတွေ သတ္တိရှိရှိပြန်တိုက်ရင်း ရန်သူတွေကို အတုံးအရုံးသတ်ပစ်နိုင်ခဲ့တယ်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ပြည့်အောင် လာတိုက်တဲ့အခါကျတော့ အင်အားကလည်းများ၊ မီးပေါက်လက်နက်တွေကလည်းပါတော့ ဓားတဝင့်ဝင့်နဲ့ သတ္တိပြောင်ပြောင်မြောက်မြောက်တိုက်ရင်း လက်ပန်းခြေပန်းကျပြီး အဲဒီနေရာမှာတင် မောင်နှမနှစ်ယောက် အသက်ကုန်သွားတာပေါ့။

စာရေးဆရာက ဘယ်လိုရေးထား



www.burmeseclassic.com

www.burmeseclassic.com

လဲဆိုတော့ အစ်မရဲ့လက်မှာရော မောင်လေးရဲ့လက်နှစ်ဖက်မှာရော အရောင်တဖျပ်ဖျပ်လက်ပြီး ရဲရဲတောက်နေတဲ့ သွေးတွေပေကျံနေတဲ့ ငှက်ကြီးတောင်ဓားတွေကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားလိုက်ကြတာ ရန်သူတွေကတောင် မနည်းဖြည်ယူရတယ်တဲ့"

"ဟာ - တော်တော့်ကို အားမာန်ပြင်းတယ်နော်"

"အေး - လေ့ခွက်ချည်းကျန်အလံမလှဲတဲ့ ရဲရဲတောက်စိတ်ဓာတ်ရှင်တွေပဲ သား။ ဒါတို့မြန်မာ့သတ္တိရှင်တွေပဲ"

"အဖေ အဲလိုမျိုး ဟိုးတုန်းက သတ္တိရှိရှိ တိုက်ရဲခိုက်ရဲကြတဲ့သူတွေမြန်ဝင်စားတာမျိုးတွေကောရှိလား"

"အဖေပြောပြီးပြီလေ၊ သံသရာကြီးဟာလည်နေပါတယ်ဆို"

"သား မင်းလှခံတပ်ကို အရမ်းသွားချင်ခဲ့တာ အဖေအသိဆုံးနော်"

"အေးလေ"

"အခုရောက်တော့လည်း စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး"

"သားက၊ သားက မြန်မာလူမျိုးလေ။ မြန်မာလူမျိုးတစ်ယောက်ဟာ မြန်မာ့မြေပေါ်က မြန်မာ့သူရဲကောင်းတွေကိုချစ်တာ၊ မြန်မာ့သူရဲကောင်းတွေနဲ့ပတ်သက်လာရင် ခံစားတတ်တာမဆန်းဘူးလေသား။ သားငယ်ငယ်လေးထဲက မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းတွေ၊လူစွမ်းကောင်းတွေကို သားတအားသဘောကျခဲ့တာပဲလေ"

"ဟုတ်တယ် အဖေ"

"မင်း အစ်ကိုကြီး ဦးအောင်မြတ်နဲ့ ပုဂံဘုရားဖူးသွားခဲ့စဉ်တုန်းကလည်းကြည့်လေ။ အာနန္ဒာဘုရားကြီးမှာရှိတဲ့ ရှေးဟောင်းတံခါးအကြီးကြီးတွေကိုကိုင်ကြည့်ရင်း သားခံစားချက်တွေဖြစ်လာတာ"

"ဟုတ်တယ်"

"မင်းအစ်ကိုတောင် မင်းကိုစိတ်ပြောင်းပစ်ခဲ့တာကြည့်ပါလား"

"ဟုတ်ကဲ့"

"အေး - မြန်မာ့သူရဲကောင်းတွေကိုချစ်တဲ့အတွက် တစ်ခါတစ်ခါကျ မြန်မာ့သူရဲကောင်းတွေရဲ့ဝိညာဉ်လိပ်ပြာလာပြီး ထိတွေ့သလိုဖြစ်တာမဆန်းပါဘူး"

"ပူးကပ်တာလား အဖေ"

"ပူးကပ်တယ်လို့လွယ်လွယ်ပြောလို့ရပေမယ့် ထိတွေ့ရုံလောက်ပါ။ ပူးရင်လူစိတ်ပျောက်သွားမှာပေါ့။ တချို့ရှိတယ် သားရဲ့၊ ရှေးနှစ်ပေါင်းများစွာက ပုဂ္ဂိုလ်တစ်ဦးဦးဟာ သူကျွတ်ချိန်တန်လာတဲ့အခါ တစ်စုံတစ်ယောက်ကိုဝင်ကပ်ပြီး ဒီနေရာလေးမှာ သူ့အတွက်ဘာလုပ်ပေးပါညာလုပ်ပေးပါ၊ ဥပမာကွာ ဘုရားတည်ပေးပါ၊ အဲလိုမျိုးပေါ့။ ပြီးရင် သူကျွတ်တမ်းဝင်တော့မယ်၊ ဘဝကူးတော့မယ်ပေါ့။ တို့သားအဖရောက်ခဲ့သွားလှူခဲ့တဲ့ တောင်စွန်းကော့ကဒွတ်ကျေးရွာကနဂါးသိုက်လိုပေါ့"

"ဟာ - ဟုတ်တယ်နော်၊ ဟိုမှာလည်း ဘုရားတည်ခိုင်းကြတယ်"

"အေး - တချို့ရှိတယ်လေ၊ အိမ်တစ်အိမ်ဆိုရင် ပိုင်ရှင်သုံးဆက်ပြောင်းတယ်။ ဒုက္ခတွေရောက်ကြတာပုံစံအမျိုးမျိုးနဲ့။ စိတ်ဝမ်းတွေကွဲ၊ လူတွေချူချာ၊ လင်မယားတွေကွဲဖြစ်ကုန်တာ ဘယ်လိုမှ၊ ဘာနဲ့မှလုပ်လို့မရဘူး။ ဟော - အဲဒီအဖြစ်အပျက်တွေဖြစ်ပြီး (၁၀) နှစ်လောက်ကြာလာတော့ တစ်နေ့ တတိယမြောက်အိမ်ရှင်တွေရဲ့အမျိုးထဲက အသက်သုံးဆယ်ရွယ်မိန်းကလေးတစ်ယောက် သူ့အမေနဲ့ ရောက်လာတယ်။ အဲဒီမှာ အဲဒီမိန်းကလေးက သူဒီအိမ်မှာအလှူတစ်ခုခုလုပ်ချင်တယ်ပြောတယ်။ အိမ်ရှင်တွေကလည်းခွင့်ပြုတယ်။အသက်တော်တော်ကြီးတဲ့ ရသေ့ကြီးတစ်ပါးကိုပင့်ပြီး လှူမယ်လုပ်တော့ ရသေ့ကြီးက ဒီမှာရှိနေတဲ့ပုဂ္ဂိုလ်က ဒီကလေးမလေးကိုစောင့်နေတာတဲ့။ သူလှူပေးရင် ကျွတ်ပြီတဲ့၊ဘဝကူးသွားပြီတဲ့။ သူနဲ့ သူနဲ့အဆက်ရှိရာဒီကလေးမလေးရောက်လာတာတဲ့။ သူနဲ့သူနဲ့ဆုတောင်းတွေရှိခဲ့ကြတယ်တဲ့။ အချိန်တန်လာလို့ ခုလိုရောက်လာတဲ့ ပြောပြီးအလှူခံတယ်။ ရသေ့ကြီးကရွတ်ဖတ်မေတ္တာတွေပို့ပေးတယ်။ အဲဒီနောက်ပိုင်း အဲဒီအိမ်ဟာ စီးပွားတွေတက်လိုက်တာမှလူတွေလည်းဘာမှမဖြစ်တော့ဘူး။ ဒါကြောင့် သူနဲ့သူနဲ့အဆက်ရှိရာအဆက်ရှိရာပဲသား။ ဒါမျိုးကတော့ ထူးဆန်းတယ်၊ မယုံလို့မရဘူး။ အေး - အဲလိုမျိုးပါပဲ။ အနည်းဆုံးတော့ ကြက်သီးထတာပေါ့"

"အဖေ သားက အဲဒီတုန်းက ကြက်သီးထရုံတင်မကဘူးနော်။ သားက တော်ရုံနဲ့ယုံတာမဟုတ်ဘူး၊ အဖေလည်းသိတယ်။ တိုက်ခဲ့ရတဲ့အထဲမှာ ငါများပါခဲ့သလားဆိုတဲ့ စိတ်မာန်တွေဖြစ်ကိုလာတာ၊ ကိုလှဝင်းက လွှတ်ခနဲပြောတော့"

"အေး - အဖေလည်း အံ့အားသင့်သွားတယ်။ ဒါပေမယ့် ခုန အဖေပြောသလိုပေါ့လေ၊ ကိုယ်တိုင်တိုက်ခိုက်ခဲ့သူတစ်ယောက်လည်း ဖြစ်ချင်ဖြစ်မယ်။ တိုက်ကြတဲ့သူတွေထဲက တပ်သား တစ်ယောက်လိုမျိုးပေါ့၊ ဖြစ်ချင်လည်း ဖြစ်ခဲ့မယ်၊ မဖြစ်ချင်လည်းမဖြစ်ဘူး။ သေချာတာကတော့ သားက မြန်မာ့သူရဲကောင်းတွေကိုချစ်တတ်တော့ မြန်မာ့သူရဲကောင်းတွေရဲ့ဝိညာဉ်ကလာပြီး ထိတွေ့တာလို့ အဖေထင်တယ်။ သူတို့ သဘောကျမှန်းသိလို့ သူတို့လာနှုတ်ဆက်ကြတာလည်းဖြစ်ချင်ဖြစ်မှာပေါ့။ သားဆီက အမျှအတန်းလိုချင်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါမှမဟုတ် သား သူတို့နဲ့ ဟိုးဘဝဘဝတွေအများကြီးတုန်းကရေစက်ဆုံခဲ့ဖူးကြတဲ့သူငယ်ချင်းတွေ ဆွေတွေမျိုးတွေလည်းဖြစ်ချင်ဖြစ်နေမှာ ပေါ့"

ဒီစကားပြီးမှာပဲ သားမျက်နှာ တဖြည်းဖြည်းပြုံးလာပါတော့တယ်။ သိ ပါတယ်၊ သူတကယ်ကိုခံစားနေရတာ ဒါပေမယ့် ဘယ်အရာကိုမဆို အစွဲအလမ်း ကြီးတာမျိုးတော့မဖြစ်စေချင်ဘူး။ အယုံ အကြည်လွန်တာမျိုးတော့ မဖြစ်စေချင် ဘူး။ ဒါကြောင့် သားကို တစ်ဖက်စွန်း မရောက်စေချင်ဘူး။

"အဖေ"

"ဟော်"

"(၁၂) နာရီထိုးနေပြီ"

"အေးလေ - အညောင်းဆန့်ရ အိပ်ကြရအောင်။ သားဗိုက်ဆာ ဟိုရေခဲသေတ္တာထဲမှာ အချိုရည်ဘူး သောက်လေ သား"

ဗုဒ္ဓဟူးနေ့။

မနက်စောစော အဆာပြေ သမီးနီလာတို့အိမ်မှာပဲစားဖြစ်ပါတယ် သား ကိုစိုးကတော့ အဆာပြေစား လည်းစောင့်ပြီး မျက်နှာချင်းဆိုင်အတူ ထိုင်စားတတ်တယ်။ သူကလည်း ပဲ ပြုတ်နူးနူးညံ့ညံ့လေး ကြိုက်တတ် နှစ်ယောက်သား အကြိုက်ချင်းတူ တယ်လေ၊ ဇွန်းတောင်မအားရ မနေ့ကလည်း ဒီလိုပဲ မျက်နှာချင်းဆိုင်

ဘုရားဖူးထွက်ကြပြန်ပြီ။

ရွှေစက်တော်။

ဘာစကားမှ ဖွဲ့ဖွဲ့နွဲ့နွဲ့မပြော ပေမယ့် ကွမ်းလေးငုံပြီး မျက်နှာ အမြဲပြုံးနေတတ်တဲ့ သားကိုစိုးက ရွှေစက်တော်ဘုရားကြီးသွားဖူးတဲ့ ကိုယ်တိုင်လိုက်ပို့တယ်လေ။ ဒါ အလုပ်များလွန်းတဲ့သူ့မှာ အလုပ်တွေ လာသေးတယ်။

www.burmeseclassic.com

အဲဒီနေ့က ကားစထွက်တော့ အင်မတန်မှချစ်စရာကောင်းတဲ့သားကြီး ကိုခင်မောင်လွင်ကို ဝင်နှုတ်ဆက်ဖြစ်ပါ တယ်။ စိတ်တွေဆိုးလို့၊ ဘယ်နေ့က ရောက်လာမှန်းမသိလိုက်ရကောင်းလား တဲ့၊ အဲလိုမဟုတ်ပါဘူး။ သား မောင် ကျော်မြင့်ခမျာမှာလည်း သားရေ-နေဦး နော်၊ တစ်ရက်နားပြီး နောက်နေ့ရွှေစက် တော်ဘုရားဖူးပြီး အပြန်ကျမှ တို့တွေ ကိုခင့်ဆီသွားမယ်ဆိုပြီးပြောထားလို့ သူ အကြိုမပြောတာပါ။

ရွှေစက်တော်ဘုရားဖူးခရီးကတော့ တောလမ်းတောင်လမ်းခရီးမို့ မေတ္တ သုတ်တောက်လျှောက်ရွတ်ရင်း တောပိုင် တောင်ပိုင်ကြီးတွေကို မေတ္တာပို့အမျှဝေ၊ နတ်စိုးကြီးတွေကိုအမျှဝေပြီး -

ရောက်ရပြန်ပါပြီ။

တန်ခိုးကြီးမားလွန်းလှတဲ့ ရွှေစက် တော်။

ဒီတစ်ခါတော့ ဟိုတစ်ခေါက်က ဘူးသလို လှေကားကြီးတွေကနေ လျှောက်မဟုတ်တော့ဘူး။ ရင်ပြင်နား အထိရောက်လာတော့ လမ်းတောင်သိပ် လျှောက်လိုက်ရတော့ဘူး။

သမီးနီလာစီစဉ်ပေးလို့ ဆွမ်းတော် ပန်းတွေလှူရပါတယ်။ အထက် စက်တော်ရာစေတီတော်မြတ်မှာလည်း ပြားသက်န်းတွေ ကပ်လှူရပါတယ်။ တော့မှ ပဌာန်းဥဒ္ဒေသနိဒ္ဒေသ၊ ဓမ္မ ကြာ၊ မဟာသမယသုတ်နဲ့ ပရိတ်တွေ ဘုရားဝတ်ပြု မေတ္တာပို့၊ အမျှအ တန်းတွေဝေ၊ သားကလည်း ပုတီးစိပ်နေ တာ အကြာကြီး။

အောက်စက်တော်ရာ။

ကားလေးနဲ့မန်းချောင်းကိုဟိုဘက် တက်ကားကူးလို့ရအောင်ဆောက်ထား တံတားလေးအတိုင်းဖြတ်၊ ဟိုဘက်ကျ တောထဲနည်းနည်းမောင်းပြီးရောက် ပါပြီ။

အချိန်မရွေးဖူးခွင့်ရပြီမို့ အားရပါး မြော်ရပါပြီ။

အချိန်မရွေး ဖူးခွင့်ရအောင် လှူ ပူဇော်ပေးကြတဲ့ ပါရမီရှင်များကို အထူးပို့ပြီး မုဒိတာပွားရပါတယ်။

အောက်စက်တော်ရာကို စောင့် ပူဇော်နေကြတဲ့ နဂါးသိုက်ကို အာရုံစူးစူးစိုက်စိုက် မေတ္တာပို့ဖြစ် တယ်၊ အဲဒီမှာတင် ကိုလှမြင့်ကပြော တယ်၊ မနှစ်က ဘုန်းကြီးတစ်ပါး စက်တော်ရာကို လာဖူးရင်း စက်တော်ရာကနေ အောက် စက်တော်ရာဘက်ကို လက်ညှိုးထိုးပြပြီး ရိုက်စမ်းလို့ပြောကြောင်း၊ ဓာတ်ပုံထွက် လာတဲ့အခါ အောက်စက်တော်ရာဘေး မှာ နဂါးတွေပေါ်နေကြောင်း ပြောပြပါ တယ်။ ဒါကို နားထောင်နေတဲ့ အဲဒီက လွှတ်ငါးရောင်းတဲ့ကလေးမလေးက ဟုတ် တယ်၊ သူလည်းကြည့်လိုက်ရတယ်ဆိုတဲ့ အကြောင်း ထပ်ပြောပါတယ်။

အင်မတန်တန်ခိုးကြီးတဲ့စက်တော် ရာမို့ နဂါးတွေရှိနေမှာကတော့ အထင် အရှားပါပဲ။

သမီးနီလာက ငါးတွေ အကောင် တစ်ရာကျော် လွှတ်ပေးလိုက်ပါသေး တယ်။ ရေစီးသန်တဲ့နေရာကို အိုးကြီးမ, သွားပြီး လွှတ်ပေးရတာကတော့ သား မောင်ကျော်မြင့်ပေါ့။

အပြန်မှာ -

ကိုစိုးတစ်ယောက် သူ့အလုပ်တွေ နဲ့ဆက်နွှယ်တဲ့နေရာကိုသွားပြီးကြည့်ရှု တာ လမ်းညွှန်ပြောဆိုတာကြောင့် ပဒန် ဘက်လိုက်သွားဖြစ်တယ်လေ။လမ်းလေး ခွဆုံကြီးကိုရောက်ခဲ့တာပေါ့။

ညီလေး မောင်အောင်မြတ်ဆို ပျော်မှာ။

ဒီအကြောင်းတွေကိုတော့ ရန်ကုန် ပြန်ရောက်ရင် ညီလေးကိုပြောပြရဦး မယ်။

ရွှေစက်တော်ဘုရားဖူးပြီးအပြန် -

ကျော်ကြား ထင်ရှားလှတဲ့ မယ် ဘော့ကုန်းတိုဝင်ဖြစ်ပါတယ်။ ဝိဇ္ဇာမိုရ် ဆရာတော်ဘုရားကြီး ဦးကောဝိဒနဲ့ ဆရာတော် ဦးပဏ္ဍိတတို့ ထုံကူးကြတဲ့ နေရာထူးပါ။

အင်မတန်မှ ထူးဆန်းလှတဲ့ ညောင်တံခါးကြီးဆိုရင် ဘယ်မှာမှမရှိပါ ဘူး။

ဝိဇ္ဇာနယ်မြေကိုလျှောက်ကြည့်ပြီး ထွက်ရပ်ပေါက်ဆရာတော်ဘုရားကြီးတွေ နဲ့ ဝိဇ္ဇာမိုရ်ဘိုးတော် ဘိုးထွန်းအောင်ကို အာရုံပြုကန်တော့ပြီးပြန်ခဲ့ပါတယ်။

အဲဒီနေ့ကတော့ ထမင်းအရင်စား လိုက်တယ်လေ။

ဘယ်တော့မှခွဲမစားတဲ့ သားကိုစိုး အတူတူပဲ၊ မျက်နှာချင်းဆိုင်ပဲ။

ပြီးတော့မှ မန်းသီတာဟိုတယ်မှာ ပြန်နားလိုက်ပါတယ်။

နေ့ခင်း(၃)နာရီထိုးပြီးလောက်ကျ တော့ သမီးနီလာရဲ့အိမ်ဘုရားဆောင်မှာ ပဲ မင်းဘူးကမိတ်ဆွေတွေနဲ့တွေ့ဖြစ်ပါ တော့တယ်။ သူတို့ခမျာလည်း ဦးမောင် မောင်သန်းလာတုန်းတွေ့ကြရတာလေ။ တွေ့ရတာပေါ့ ခင်ခင်မင်မင်။

ညနေ (၅) နာရီမှာ -

သားမောင်ကျော်မြင့်အိမ်ကိုသွား ပြီး ဧည့်သည်နောက်တစ်သုတ်နဲ့ ထပ် တွေ့ရပြန်ပါတယ်။ ခင်ခင်မင်မင်နဲ့လာ တွေ့ကြတဲ့ မိတ်ဆွေတွေမို့ တွေ့ရပြောရ ဆိုရတာ ကြည်နူးစရာပါ။

အဲဒီနေ့ ညမိုးချုပ်တော့ မကွေး မြသလွန်ဘုရားကြီးကိုသွားဖူးကြတယ်။

ဒီတစ်ခါတော့ ကိုခင့်ကားကိုစီးပြီး လိုက်ခဲ့ပါတယ်၊ စကားတွေဖောင်လို့။

မကွေးမြသလွန်ဘုရားမှာ ပဉ္စဝါရ ပဌာန်းရွတ်ပူဇော်တော့ သူတို့တွေစောင့် နေကြတယ်။ ပဉ္စဝါရပဌာန်းပူဇော်တာ က လုံးဝမပျက်ဘူး။ ခရီးထွက်လာတဲ့ တနင်္လာနေ့က ဇီးကုန်းကညီမလေးတို့ အိမ်မှာရွတ်ခဲ့ပြီး မနေ့ကတော့ မင်းဘူး က ချမ်းသာကြီးဘုရားမှာရွတ်ခဲ့တယ်။ ခု ဒီနေ့ မကွေးမြသလွန်ဘုရားမှာ -

ဘုရားရှင်ကို ပဉ္စဝါရပဌာန်းရွတ် ပူဇော်ပြီးချိန်မှာတော့ အရမ်းခင်တဲ့ မကွေးမြို့က ဆိုက်ကုန်သည်ကြီးဦးဟန်ညွန့် က လာစောင့်ကြိုနေလေရဲ့။

မကွေးရောက်တုန်းမို့ သူ့အိမ်ကို လိုက်သွားလိုက်ပါတယ်။

ခမ်းနားလိုက်တာ၊ ဆောက်ထား တာ။ ဘုရားဆောင်ဆို ခမ်းခမ်းနားနား ကြီး။ သူ့ဘုရားဆောင်က ဓာတ်ခန်းဖွင့် ကြတဲ့ တချို့ပုဂ္ဂိုလ်တွေရဲ့ ဘုရားဆောင် ထက်တောင်ကြီးကျယ်ခမ်းနားသေးတယ်။ ဘုရားရှင်ကိုကြည်ညိုလိုက်တာမှ အရမ်း ပဲ။ ဩော် - ဒါကြောင့်လည်း ဒီလို မတောင့်မတ မကြောင့်မကြနေနေရ တာကိုးလို့ ပီတိဖြစ်ရပါတယ်။

စကားပြောရင် ဟန်မရှိဘူး၊ ဒဲ့ပဲ၊ အားရပါးရပဲ။

တကယ်ကိုဖြူစင်ကြတဲ့မိတ်ဆွေ တွေပါ။

အရမ်းခင်တတ်၊ အရမ်းဖော်ရွေ တတ်လွန်းပြီး ဟောဟောဒိုင်းဒိုင်းကြီး ပြောတတ်တဲ့ ဦးဟန်ညွန့်ကိုလည်း သား အဖနှစ်ယောက် သံယောဇဉ်ဖြစ်ခဲ့ရပါ တယ်။ သူပေးလိုက်တဲ့လက်ဆောင် ကြောင့် သူ့ကိုတော့ အမြဲပဲသတိရနေ တော့မှာ သေချာတယ်။ ဘယ်လောက် ခင်လဲဆို အပြန်မှာတံတားနားထိတောင် လိုက်ပို့လိုက်သေး။

ည (၁၀) နာရီဖြစ်နေပြီး ထမင်း မစားရသေးလို့ သမီးနီလာက မောင် ကျော်မြင့်ကို ဖုန်းတဝွမ်ဝွမ်နဲ့။

မိုးချုပ်သွားပေမယ့် ရှေ့မှာချထား



www.burmeseclassic.com

www.burmeseclassic.com

တဲ့ထမင်းပန်းကန်လေးကိုကြည့်ပြီး မစား တတ်ပါဘူး။ သားကိုစိုးက ဧည့်သည် လာနေလို့ သွားတွေ့နေရလို့ပေါ့။ ဟာ တာတာကြီးလိုပဲ။

ပြန်နားဖြစ်ပါပြီ။ မန်းသီတာ ဟိုတယ်။

"အဖေ"

"ဟေ"

"အဖေပြောတာတွေကြောင့် အစ်ကိုကျော်မြင့်တော့ စိတ်ညစ်သွားမှာ ပဲနော်"

"ဘာဖြစ်လို့လဲ သား၊ ဒါ ပညာ တွေလေ၊ လိုက်နာရမှာတွေ၊ အဲဒါတွေ ကိုပြောတာမို့လား"

"ဟုတ်ကဲ့"

"အေးလေ - သားပဲစဉ်းစား ကြည့်။ သူများချစ်ခြင်းခွဲတာကခွဲတာပဲ။ ကျွန်မယောကျ်ား ဟိုတစ်ယောက်နဲ့ဖြစ် နေလို့ခွဲပေးပါဆိုတဲ့အတွက် ကိုယ်ကခွဲ ပေးလိုက်ပြီ။ အဲဒါလည်း သူများချစ်ခြင်း ပဲလေ။ လူတစ်ယောက်နဲ့တစ်ယောက်ခွဲ တာ ဘာခက်တာလိုက်လို့။ ရန်ဓာတ်နဲ့ခွဲ လိုက်တာနဲ့ကွဲပြီသာမှတ်"

"ရန်ချိန်မှာပဲစီရင်တာပေါ့နော်"

"ရန်ချိန်ပေါ့။ ဥပမာ စနေသား ကိုခွဲမယ်။ ကြာသပတေးအခါမှာ စီရင်ရ ပြီ။ ကြာသပတေးအခါအလိုအရကိုက စနေက တြိရန်းသတ္တိဖြစ်နေပြီ။ သိပ်စီရင် စရာမလိုဘူး။ ငှါချင်ရက်လက်တို့ပဲ။ ခက် တာက သောကြာကိုခွဲရင် တနင်္လာအခါ မှာခွဲရမယ်။ ရန်ချိန်၊ သူ့ကျတော့ နဝင်း မှာ အဲဒါခက်တာပဲ။

၂
၆
၃
မွာ ▸ ၅ ကြာသပတေး
၁
၄
ဓ ၀ တြိရန်း
၆ သော
၃
၀
တနင်္လာ ၂◂ က
၅
၁
၄

စနေသားရဲ့ရန်ဓာတ်က ကြာသ ပတေးနဲ့ တနင်္ဂနွေ။

"ဒါဆို ပိန်းဥပေါ့နော်"

"ဒါကလွယ်လွယ်စဉ်းစားလို့ရတာ ပေါ့။ ဒါပေမယ့် ဥက အများပိုင်ဖြစ်တဲ့ အတွက် ဓာတ်ကိုယူတဲ့အခါအကျိုးမဝင် တော့ဘူး"

"ဩော်"

"ဒါဖြင့် မအူသား။ ဟုတ်ပြီ၊ မအူ သားရပြီ။ မအူသားနဲ့ စီရင်လိုက်တာနဲ့ စနေသားဟာ ဟိုဘက်မှာ ချစ်ခြင်းကွဲ သွားပြီ။ ဒါပေမယ့် ကိုယ်ခွဲလိုက်လို့ ချစ် ခြင်းကွဲသွားရမယ့်သူတွေဟာ ကိုယ့်ရန် သူတွေမဟုတ်ဘူး။ ဒီတော့ အကုသိုလ် ကို ရှယ်ယာဝင်သလိုမလုပ်ရဘူး။ ဒါ ကြောင့် ခြေတစ်လှမ်းလှမ်းသွားတဲ့ ကိုယ့် ဇနီး ဒါမှမဟုတ် ကိုယ့်ခင်ပွန်းကို ကိုယ့် ဆီပြန်လာအောင် မေတ္တာဓာတ်ဆင် တာဟာ အကောင်းဆုံးပဲ သား။ သူများ ကိုသွားခွဲစရာမလိုဘူး။ အစထဲက ကိုယ့် ကိုမေတ္တာရှိအောင်နေ၊ ဒါအကောင်း ဆုံးပဲ"

"ဟုတ်ကဲ့"

သားဟာ စိတ်ဝင်တစားနား ထောင်ရင်းကနေ ရေခဲသေတ္တာထဲက အချိုရည်ဘူးလေးယူပြီး ဖောက်သောက် နေပါတယ်။ ဖအေဘာပြောမလဲကို လည်း နားစွင့်လို့။

"သူခိုးဖမ်းတာလည်း အဖေလုပ် မပေးဘူးနော်"

"သူခိုးက ဘာခက်တာလိုက်လို့၊ ကြက်သွန်ကိုသာ သစ်သားဖောက်ပြီး သံချောင်းနဲ့ ရိုက်ချည်ထားလိုက်တာနဲ့ သူခိုးပြန်မိတာပဲ။ ဟုတ်ပြီ၊ တစ်ဖက်က တော့ ပစ္စည်းပြန်ရပြီ။ တစ်ဖက်မှာ အကုသိုလ်တက်ပြီ။ ဒါလည်းမလုပ်သင့် ဘူးလေ။ သူမခိုးနိုင်အောင်စီရင်ပေး ထားတာကတစ်မျိုး၊ အဲဒါကတော့ အကောင်းဆုံးပေါ့"

"အဖေပြောပြလို့ သံခွက်၊သဲခွက် အစီအရင်တော့ သားလည်းသိပါတယ်။ ဒါပေမယ့် လုပ်မပေးပါဘူး"

"ပြီးတော့ မောင်ကျော်မြင့်ကိုပြော ပြခဲ့တဲ့အထဲမှာ အိမ်ရှင်၊အိမ်ငှားကိုစွပါ တယ်"

"ဟုတ်တယ်-ပါတယ်"

"အေး - သားစဉ်းစားကြည့်၊ အိမ် ငှားကိုမထားချင်လို့ လာဓာတ်ရိုက်ပြီ။ ကိုယ်က ဟိုအိမ်ငှားကိုဖယ်ရမှာ၊ သူ့ခမျာ ကိုယ်ဓာတ်ရိုက်လို့ အဲဒီအိမ်ကဖယ်ပေး သွားရရှာပြီ။ ကြည့်စမ်း၊ သူများ အခြေ ပျက်တာ သူလည်းအခြေပျက်တယ်။ ကိုယ်လည်းချမ်းသာမသွားဘူး။ ဒီကြား ထဲ အကုသိုလ်ကအဆစ်ပါသေးတယ်"

"တကယ်တမ်းကျတော့ ရှောင်ရ မှာတွေများတယ်နော်"

"အဖေက ဘဘဦးသန့်ဇင်ဆီမှာ အဲလိုပညာယူခဲ့ရတာ။ ဘဘဟာ တပည့်ကို အကုသိုလ်ဖြစ်အောင် မြှောက်ပေးမသွားဘူး။ အကုသိုလ်ကင်း အောင်ပဲပညာပေးခဲ့တယ်၊ စည်းတွေ ဘောင်တွေထားပေးခဲ့တယ်။ ကျေးဇူး ကြီးလွန်းပါတယ်"

ပြောရင်းနဲ့ အပေါ်ဘက်ကိုမော့ ကြည့်ပြီး ဆရာ့ကို သတိတရရှိခိုးလိုက် လို့ သားကသေချာကြည့်နေပါတယ်။

"ကဲ - (၁၂)နာရီထိုးတော့မယ် သား။ မနက်ဖြန်လည်း ရန်ကုန်ပြန်မှာဆို တော့ အိပ်စို့"

အဲဒီညက မေ့ခနဲအိပ်ပျော်သွား ပြီး 'အဖေ ခရီးပန်းလား' ဆိုတဲ့ အသံ လေးတစ်သံ ရုတ်တရက်ကြားလိုက်လို့ ထထိုင်ပြီး နားထောင်လိုက်ပါတယ်။ မနက် (၄) နာရီလောက်မှာပါ။ အသံက သား ကိုစိုးအသံ။

သားကိုစိုးများလာနိုးသလားပေါ့။

အင်း - ငါ ရန်ကုန်ပြန်မှာကို ငါ့ သားကြီး ကိုစိုးတော့ဖြင့် အဖေများ ခရီး ပန်းနေမလားဆိုပြီးစိတ်ပူနေပြီနဲ့တူတယ် လို့တွေးရင်း မိုးလင်းခဲ့ရပါတယ်။

မိုးလင်းတော့ သားကိုပြောဖြစ်ပါ တယ်။

"သား၊ မင်းအစ်ကိုကြီး ကိုစိုးရဲ့ မျက်နှာလေးကိုပဲတစိမ့်စိမ့်ထိုင်ကြည့်နေ ပြီး စကားတွေပြောနေချင်တယ် သား"

လို့။

သားကတောင်မှ -

"အဖေလည်းနော်၊ ကိုကြီးစိုးနဲ့ မကြီးနီလာကိုတော်တော်ချစ်တာပဲ"

လို့ ပြောတယ်။ သူလည်းချစ်တာ ပဲလေ။

ကြာသပတေးနေ့ -

မနက်စောစော သားအဖနှစ် ယောက် စက္ကိန်းတဲဘုရားကိုသွားဖူးလိုက် ပါတယ်။ မိုးတွေကရွာလို့။

ပြီးမှ ကိုခင့်အစီအစဉ်နဲ့ ကိုခင်တို့ နားက 'လင်းလက်အိမ်' မှာ ဆုံကြပြီး မနက်စာစားကြပါတယ်။ ဒီအကြောင်း ကို သမီးနီလာဆီ ဖုန်းနဲ့လှမ်းပြောလိုက် ပါသေးတယ်။

လင်းလက်အိမ်မှာပြီးတော့ သား မောင်ကျော်မြင့်တို့အိမ်ကို ဒုတိယအ ကြိမ်သွားလိုက်ပါတယ်။ ဒီတစ်ခါတော့ ကိုခင်လည်းပါတယ်။

သူတို့တွေနဲ့ ပျော်ကြပါးပါး



www.burmeseclassic.com

www.burmeseclassic.com

အလာပသလ္လာပတွေပြောဖြစ်ကြပါတယ်။ သားကလည်း သူ့အစ်ကိုတွေနဲ့ ပညာစကားတွေပြောလိုက်၊ နောက်လိုက်နဲ့ ပျော်လို့ပေါ့။

သားနဲ့ မောင်ကျော်မြင့်က ဒီလိုပဲ။ သူတို့ညီအစ်ကိုနှစ်ယောက် ချစ်လိုက်ကြတာမှ၊ ဒါပေမယ့် မတည့်အတူနေ။ စကားနိုင်လုသလားမပြောနဲ့။ စရောက်တဲ့နေ့ကတည်းက ဘယ်သွားသွား တစ်လမ်းလုံး နောက်ပြောင်ပြောင်ဟယ်လုပ်လိုက်ကြ၊ ပညာခန်းတွေပြောလိုက်ကြနဲ့ အိပ်တဲ့အချိန်ပဲနားကြတယ်။ သူတို့ရဲ့ အတွေးအခေါ် အယူအဆတွေက နားထောင်လို့တော့ကောင်းသား၊ ဆန်းသစ်ကြတယ်လေ။

ဆရာချစ်လည်းပါတယ်။ ဗဟုသုတလေးတွေပြောဖြစ်ပါတယ်။ သားမောင်ကျော်မြင့် သီချင်တာလေးတွေကို ...ပြတော့ အားလုံးလည်း ဗဟုသုတရကြတာပေါ့။ မောင်ကျော်မြင့်ဟာစာ...ရေးရင် 'ရင်ကိုအေးမြစေသား'ဆိုတဲ့ ...ခေါင်းစီးစာရွက်လေးနဲ့ရေးဖို့ ဟိုးအရင် ...က ခွင့်ပြုပေးထားခဲ့ပြီးသား။ ခုသူ...ည်း အဲဒီစာရွက်လေးတွေနဲ့ရေးလို့ ...သာပီတိဖြစ်ခဲ့ရပါတယ်။

မောင်ကျော်မြင့်ဟာ ပညာကို ...ကယ်ချစ်တဲ့သူမို့လို့ သူ့ကိုအရမ်း ...ဘောကျပြီး သွားလေရာခေါ်ခေါ် ...သွားရပါတယ်။ အတွေးအခေါ် ရှင်သန်...တ်မြက်လွန်းပါတယ်။ ခင်ပွန်းကြီး (...)ပါးကိုလည်း ဘယ်တော့မှ မပြစ်မှား...တလေး။ ရတနာမြတ် (၃) ပါးကို ...ည်ညိုပြီး ရွတ်ဖတ်သရဇ္ဈာယ်နေရုံ ...မကဘဲ မိခင်ကြီးကိုပါ လုပ်ကျွေး...စောင့်ရှောက်နေတဲ့ သူ့ဂုဏ်ကြောင့် ...ဘုရားကိုသွားရင် သူ့ကို အမြဲတမ်း ခရီး...နေကြိုဖို့ပြောပြီးမှ သွားအတူလာ...စားအတူနေရတဲ့သားပါ။

ကိုခင်ကတော့ပညာတွေဘာတွေ ...စိတ်မဝင်စားဘူး။ ဝါသနာလည်း ...မပါဘူး။ ဦးမောင်မောင်သန်းလာ... အဖေလိုပြုစုနေရရင်ပဲ သူ့မှာပျော်... ဘယ်ဘုရားဖူးသွားချင်လဲ၊ ဘာစား... ဒါပဲအရိပ်တကြည့်ကြည့်နဲ့၊ သူ့ကို...တာ ကလေးကြီးလိုပဲ၊ အပြစ်ကင်း...

တိုလှမြင့်ကတော့ ဘယ်သွားသွား ...ယ်၊ သူ့ကို စကားမပြောဖြစ်ရင် ...နေတုန်း ဒီတိုင်းနေတယ်။ အမြဲပြုံး ...စကားအပိုမပြောတတ်ဘူး။

ဆရာချစ်ဆိုလည်း ဘယ်လို သံယောဇဉ်ဖြစ်မှန်းမသိဘူး ခင်မှခင်။ လိုက်တာပဲ သွားလေရာ။

တစ်နာရီလောက်နီးနီးကြာတော့ ရန်ကုန်ပြန်ဖို့ပြင်ရပါပြီ။

ပြန်မယ်ပြင်တော့ အားလုံးပြုံးကြတဲ့ဂါရဝကြောင့် ရင်ထဲမှာ ဘယ်လိုမှ ဖော်မပြနိုင်တဲ့ပီတိတွေလျှံလိုက်တာမှ။

သူတို့တွေဟာ သူတို့ဂုဏ်၊ သူတို့သိက္ခာ၊ သူတို့အရှိန်အဝါ၊ သူတို့စည်းစိမ်တွေနဲ့နေကြသူတွေပါ။ အားလုံးဟာ တကယ့်ကိုတည်ကြည်ကြတဲ့ပုဂ္ဂိုလ်တွေပါ။

ဒါပေမယ့် စိတ်ထဲမှာတော့ တကယ့်ကို သားလေးတွေပါပဲ။

သူတို့ဟာ တပည့်တွေ မဟုတ်ပါဘူး။ သားတွေလိုချစ်ရတဲ့သူတွေပါ။ သူတို့ကလည်း ဖခင်တစ်ယောက်လာလည်သလို ဂရုစိုက်ကြတဲ့သူတွေပါ။

ဒါကြောင့် မေတ္တာစူးစူးစိုက်စိုက် ပို့လိုက်ရပါတယ်။

မင်းဘူးကိုရောက်တိုင်း အမြဲတမ်းလိုလေသေးမရှိ စောင့်ရှောက်ကြတဲ့၊ ဂရုစိုက်ကြတဲ့ ညီအစ်ကိုမောင်နှမတွေ၊ မိတ်ဆွေတွေအားလုံး အားလုံးကို မေတ္တာစူးစူးစိုက်စိုက်ပို့လိုက်ပါတယ်။

သုံးရက်ကြာခဲ့တဲ့ မန်းသီတာဟိုတယ်ကြီးကို နှုတ်ဆက်ရပါပြီ။

သမီးတို့ဆီမှာ နေ့လယ်စာစားပြီး ရန်ကုန်ပြန်ဖို့ပြင်ရပါပြီ။

သား ကိုစိုးနဲ့ သမီးနီလာတို့ကို မေတ္တာပို့ရင်း -

"ရော့-သားယူထားလိုက်တော့"

နံ့သာဖြူပုတီးလေးပါ။ ဟိုးတုန်းထဲက သွားလေရာအမြဲပါတဲ့ နံ့သာဖြူပုတီးလေး။ သွားလေရာမှာ ဂုဏ်တော်တစ်ထောင်စိပ်တိုင်း၊ ဂုဏ်တော်စက်ဝန်းစိပ်တိုင်း ဒီပုတီးလေးနဲ့စိပ်နေကျ။

အခု မြတ်မြတ်နိုးနိုးနဲ့ သွားလေရာယူသွားပြီး စိပ်လေ့ရှိတဲ့ပုတီးလေးကို သား ကိုစိုးလက်ထဲထည့်ခဲ့ပါပြီ။

သားစိပ်တော့ပေါ့။

အနန္တောအနန္တငါးပါးနဲ့ခင်ပွန်းကြီး (၁၀)ပါးကို ဘယ်တော့မှမမေ့တဲ့ သားနဲ့ သမီးဘဝအဆင့်ဆင့်မြင့်တက်ပြီးအောင်မြင်မှုတွေ အများကြီးရယူပိုင်ဆိုင်မှာပါ။

စရောက်ကတည်းက အတူစား၊ အတူသွားနေခဲ့ကြတဲ့အတွက် ခုလို အဖေ ရန်ကုန်ပြန်တော့ နေတတ်ကြမှာ မဟုတ်ပါဘူး။

ဖခင်တစ်ယောက်လို လိုလေသေးမရှိ အရိပ်တကြည့်ကြည့်နဲ့ ဂရုစိုက်ခဲ့ကြတဲ့ သားနဲ့သမီးကိုနှုတ်ဆက်ပြီး မေတ္တာတွေပို့နေလိုက်ပါတယ်။

ရန်ကုန်ပြန်ပါပြီ။

မကွေးအထွက် တိုးဂိတ်အထိ လိုက်ပို့ပြီး တိုးဂိတ်နားမှာ ရပ်ကျန်ခဲ့တဲ့ သားမောင်ကျော်မြင့်၊ သားကိုစိုး၊ သမီးနီလာကို နှုတ်ဆက်လိုက်ပါတယ်။

သားကလည်း သူ့အစ်ကိုကြီးနဲ့ အစ်မကြီးရယ်၊ သူ့အစ်ကို မောင်ကျော်မြင့်ရယ်ကို နှုတ်ဆက်နေပါတယ်။

"မောင်လေး၊ တို့ဒီတစ်ခါပုဂံသွားမယ်သိလား"

"ဟုတ်ကဲ့ အစ်မကြီး"

"ကဲ - သားနဲ့သမီး အဖေအားရင် အားသလိုလာမယ်။ ငါ့သားတွေ၊ သမီးတွေ ဂရုတစိုက်လိုလေသေးမရှိပြုစုလိုက်ကြတာကိုလည်း အဖေ့ရင်ထဲမှာ အေးချမ်းလှပါတယ်။ သားတို့သမီးတို့ရဲ့ အဲဒီမေတ္တာတွေကို အဖေယူသွားတော့မယ်။ အဖေလည်း အမြဲတမ်းမေတ္တာပို့နေမယ်နော်"

ကားလေးစထွက်ပါပြီ။

ကားဘေးနားကနေ လက်အုပ်လေးချီလိုက်တဲ့ သား ကိုစိုးကိုကြည့်ပြီး ရင်ထဲမှာ ဘာဖြစ်သွားမှန်းမသိတော့ပါဘူး။ မင်းဘူးမှာ အတူသွားအတူစားနေခဲ့ရတဲ့ သားတွေ၊ သမီးတွေကိုနှုတ်ဆက်ပြီး ရန်ကုန်ပြန်ရတော့မယ်ဆိုတော့ လူက မလှုပ်ချင်သလိုမကိုင်ချင်သလိုကြီး။

ရောက်ကတည်းက ဘာစကားမှ အပိုမပြောတတ်ဘဲ ပြုံးပြီးနေလေ့ရှိတဲ့ သားကိုစိုးကိုကြည့်ရင်း ရင်ထဲမှာတစ်မျိုးဖြစ်လာပါတယ်။

သူဟာ သူ့အဖေလာလည်တာကို ဂရုစိုက်ခဲ့တဲ့သူ -

စိတ်မနောဖြူပြီး အေးချမ်းလွန်းလှတဲ့သား -

သူ့ကိုကြည့်ပြီး ရန်ကုန်ကို ခွဲမသွားချင်ပါဘူး။

ဒါကြောင့် -

လူကသာ ရန်ကုန်ပြန်လာခဲ့ပေမယ့် စိတ်တွေက သားကိုစိုးဆီမှာကျန်ခဲ့ရပါပြီ။

ဒီအကြောင်းလေးတွေကို တစ်နေ့ သားကိုစိုးနဲ့ပြန်ဆုံတဲ့အခါ အားရပါးရ ပြောပြရဦးမယ်လို့။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



(ဥပဒေ)

# စိုးထွန်း

## နားကိုက်တဲ့ကုလားလေး

အမွေးတိုင် (၃) တိုင်၊ ဖယောင်းတိုင် (၂) တိုင်ကို မီးရှို့လိုက်တာနဲ့ ကုမရတဲ့ရောဂါ ပျောက်သွားတယ်ဆိုရင် ခင်ဗျားတို့ ယုံမလား။ ကျုပ်ကတော့ လက်တွေ့ကြုံလို့ ယုံသွားပါပြီ။ မယုံလို့လည်း ဘယ်လာဖြစ်ပါမလဲ။ တကယ်လက်တွေ့ ဖြစ်ခဲ့တာကိုး။ ကျုပ်ဖြစ်ခဲ့တဲ့ ကျုပ်အကြောင်းကို အခုလို ပြန်ပြီးပြောပြချင်ပါတယ်။

ပရလောကသားနဲ့ ကျုပ်ကတော့ တော်လေးစိမ်းပါတယ်။ ကျုပ်တို့ဘာသာမှာ ဒီပရလောကသားကို စာရင်းထဲ ဘယ်သူမှမထည့်ကြဘူး။ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်ရင် ဒီပရလောကသားဆိုတာ လူကိုဘယ်လိုမှဒုက္ခမပေးနိုင်ပါဘူး။ ဒီလိုခံယူထားတဲ့ကျုပ်ဟာ တစ်နေ့တော့ ဒီမမြင်ရတဲ့ ပရလောကသားနဲ့ ပက်ပင်းကြီးတိုးသွားတယ်။

တိုးတယ်လို့သာပြောရတယ်။ ကျုပ်က မမြင်ဖူးပါဘူး။ မမြင်ဘဲနဲ့တိုးတယ်လို့ ဘာဖြစ်လို့ပြောတာလဲဆိုပြီး မေးစရာရှိပါတယ်။ ဒီလိုတိုးတယ်ဆိုတာလည်း နတ်ကတော်ပြောပြလို့သိတာပါ။ ကျုပ်က တစ်နေ့မှာ ကန်သုံးဆင့်လမ်းအတိုင်း စက်ဘီးစီးပြီးစက်မှုဇုန်ဘက်ကိုထွက်လာတယ်။ ကျုပ်အိမ်က စက်မှုဇုန်မှာရှိတာကိုး။

ကျုပ်က အပေါင်းအသင်းစုံလာရင် ဟင့်အင်း ဆိုတာမရှိပါဘူး။ အခုလည်း ပိတောက်ချောင်းကနေ ထန်းရည်သောက်ပြီး ပြန်လာတာပါ။ ကျုပ်တို့ဘာသာက အရက်သောက်တာမကြိုက်ဘူး။ ဒီပြင် ဘာသာတွေလည်း အရက်သောက်တာတော့ ဘုရားတိုင်း မကြိုက်ကြပါဘူး။ အဲဒီဘုရားမကြိုက်တဲ့အရက်ကို ကျုပ်က မသောက်ဘူးဗျ။ ထန်းရည်လောက်သောက်တာပါ။ ကျုပ်ပြန်ချိန်က မြန်မာလူမျိုးတွေပြောတဲ့ နွားရိုင်းသွင်းချိန်။ ကျုပ်အမြင်ကတော့ ညနေစောင်းပါပဲ။ အခုလို စက်ဘီးစီးပြီးပြန်လာတာ၊ စက်ဘီးနင်းရင်း ဆီးသွားချင်ပါလေရော။

ဘေးဘီကြည့်လိုက်တော့ လူကအရှင်းသား။ ဒါပေမယ့် အပေါ့အပါးစွန့်တယ်ဆိုတာ လမ်းဘေးတော့ ဘယ်လာသင့်ပါ့မလဲ။ ကျုပ်က မမူးသေးပါဘူး။ ဒီလောက်တော့ သိတာပေါ့။ ကောလိပ်ကျောင်းလမ်းခွဲက ညောင်ပင်ရောက်တော့ မနေနိုင်တော့ဘူး။ ဒီတော့ နီးရာချုံပုတ်ဘေးကို ပြေးဝင်ရတယ်။ ညောင်ပင်နောက် ချုံပုတ်ဆိုတော့ လူတော့မမြင်နိုင်ပါဘူး။ ဒီလိုထုတ်လိုက်မှ လူလည်း ပေါ့ပါးသွားတယ်။

ကျုပ်အိမ်ပြန်ရောက်တော့ မိုးတောင်ချုပ်နေပါပြီ။ ညစာထမင်းစားချိန်မှာ ကျုပ်ရဲ့နားထဲက စစ်ခနဲစစ်ခနဲ ဖြစ်လာတာနဲ့ ထမင်းစားတောင် သိပ်မဖြောင့်တော့ပါဘူး။ ဒါပေမယ့် ခံနိုင်ရည်ရှိတဲ့ကိုက်ခြင်းမျိုးလောက်ကလေးပါ။ ဒီလောက်ကတော့ ကျုပ်အတွက် စာမဖွဲ့လောက်ပါဘူး။ ဒီလိုနဲ့ တစစ်စစ် အရသာလေးနဲ့ပဲ အိပ်လိုက်တယ်ပေါ့ဗျာ။

မနက်လင်းလာတော့ ကိုယ်တော်ချောက အသိပေးပြီး နှစ်ဆတိုးလို့ကိုက်ပါလေရော။ ဒီတော့ သောက်နေကျ ပါရာစီတမော့ကို သောက်ကြည့်တယ်လေ။ ခဏတော့ဟုတ်သလိုလို ဆေးအာနိသင်လည်းကုန်ရော အရင်ကိုက်တာထက် နှစ်ဆတိုးပြီးကိုက်တော့တာပါပဲ။ သူကိုက်ပုံကိုက်နည်းက ထမင်းတောင်မစားချင်အောင် ကိုက်တာပါ။ သွားနဲ့အစာကိုကြိတ်လိုက်ရင် ပိုပြီးခံစားရတယ်ဗျ။ မဝါးဘဲမျိုချလို့ရတဲ့ဆန်ပြုတ်မှတော်သေးတယ်။ ကျုပ်ဟာ အဲ့ချိန်တ အတွင်းမှာ လူမမာမဟုတ်ဘဲ ဆန်ပြု သောက်ရတဲ့လူထူးလူဆန်းတစ်ယော ဖြစ်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၃)ရက်မြောက်နေ့မှာတော့ နား၊ ...ခေါင်း၊ လည်ချောင်းဆရာဝန်ဆီ ပြေး ...တာပေါ့။ ဆရာကြီးက နားကိုဆူဆေး ...ဆေးတယ်။ အတွင်းကိုစစ်တယ်။ ပြီး ...တော့ သောက်ဆေးတွေပေးလိုက်တယ်။ ...က်လာရင် ဒီဆေးကိုအစက်ချလို့ နား ...ည့်တဲ့ဆေးလည်းပေးလိုက်တယ်။ ...ပြန်ရောက်တော့ ဆရာဝန်ညွှန် ...တဲ့အတိုင်း သောက်လည်းသောက် ...ယ်။ နားထဲကိုလည်းအစက်ချတယ်။ ...မယ့် အနာ့တခြားဆေးတခြားဖြစ် ...တယ်။ အနောက်တိုင်းဆေးမတိုး

တော့ မြန်မာဆေးဘက်လှည့်ပြန်တယ်။

ဖလံတောင်ဝှေးပင်ကို မီးအုံ၊ ပြီးတော့ အရည်ညှစ်၊ ရတဲ့အရည်ကို နားထဲကိုအစက်ချ။ ဒီနည်းထက်ကောင်းတဲ့ဆေးမရှိတော့ဘူး။ ဈေးထဲမှာ အမြန်ဝယ်ပြီးလုပ်ကြည့် ဆိုတာနဲ့လုပ်ကြည့်ပါတယ်။ ဘယ်လိုမှမထူးခြားပါဘူး။

ဒီလိုနဲ့ (၁)လပြည့်ချိန်မှာပဲ ကျုပ်ဟာ အစားပျက်၊ အအိပ်ပျက်ကြောင့် လူမမာလုံးလုံးဖြစ်နေပါပြီ။ ပထမတော့ နားကိုက်တဲ့ဝေဒနာဆိုတာ အသေးအမွှားလေးပါလို့ ကျုပ်ကထင်ခဲ့တာပါ။ တကယ်လက်တွေ့လည်းကြုံရော သေရေးရှင်ရေးအဆင့်အထိ အရေးကြီးတဲ့အဆင့်ကြီးပါလား။ ငါဒီရောဂါနဲ့အသက်ဆုံးရတော့မှာလားလို့ တွေးမိတိုင်း ရင်ထိတ်လာတယ်။

ကျုပ်ကဘာသာခြားဖြစ်လေတော့ မြန်မာဘုန်းတော်ကြီးကျောင်းတို့၊ နတ်ပွဲတို့၊ နတ်ကတော်အိမ်တို့ကို ဘယ်တော့မှမသွားဘူး။ ကျုပ်ဘာသာနဲ့မဆိုင်လို့မသွားတာပါ။ဒါပေမယ့် ကုမရတဲ့ရောဂါကြီးရလာတော့ ကျုပ်ဆိုတာ သေရေးရှင်ရေးအတွက် ဗေဒင်ဆရာတွေဆီလည်းရောက်တာပဲ၊ အကြားအမြင်ဆရာဆီလည်း ရောက်လို့ရောက်၊ ရောက်တဲ့

www.burmeseclassic.com

ဆရာတွေထဲမှာ ကျုပ်စိတ်နဲ့တွေ့တာဆိုလို့ မြန်မာတွေရဲ့နတ်ကတော်ဆိုလား၊ နတ်ဗေဒင်ဆိုလား ဟောတဲ့ပြောတဲ့ အဒေါ်ကြီးကို အကြိုက်ဆုံးပဲ။ သူက နာမည်မေးပြီး ဘယ်နေ့လောက်ကစဖြစ်တာလဲလို့မေးပြီးတာနဲ့ သူကပဲဒိုင်ခံဟောပါတော့တယ်။

"မင်းကိစ္စက ညောင်ပင်အောက်ကချုံပုတ်မှာ အပေါ့စွန့်မိတာကစတဲ့ ပြဿနာပဲ။ ညောင်ပင်က ရုက္ခစိုးကြီးဆီမှာ မှီခိုနေတဲ့ပရလောကသားမိသားစုတွေရှိတယ်။ အဆင့်နိမ့်လို့ မြေနဲ့နီးတဲ့ အရပ်မှာနေကြတယ်။ မင်းကအိပ်နေတဲ့ကလေးရှိမှန်းမသိဘဲ အပေါ့စွန့်လိုက်တာ အဲဒီကလေးရဲ့နားထဲ ရောက်ကုန်တာပေါ့။

သူ့အဖေက မင်းကိုအသေသတ်ဖို့လုပ်သေးတယ်။ မင်းကံကြီးပေလို့မသေတာ။ ဒါပေမယ့် သူလုပ်လိုက်တဲ့ကိစ္စက မင်းကိုသေအောင်မသတ်နိုင်ပေမယ့် မင်းနားကိုတော့ တော်တော်လေး ဒုက္ခပေးလိုက်တာပေါ့။ ဒါမျိုးက ဆေးနဲ့ကုလို့မရဘူး။ အဲဒီပရလောကသားမိသားစုနဲ့ဆိုင်တဲ့ပုဂ္ဂိုလ်က စန္ဒီမယ်တော်ပဲ။ အဲဒီမယ်တော်ကြီးဆီမှာ အမွှေးတိုင် (၃) တိုင်၊ ဖယောင်းတိုင် (၂) တိုင်ထွန်းပြီး အမှောက်အမှားရှိရင် ခွင့်လွှတ်ပေးပါ မယ်တော်လို့ ရှိခိုးပြီး တောင်းပန်၊ အဆင်ပြေသွားလိမ့်မယ်"

ကဲ-အဲဒါပဲကြည့်ပေတော့။ ကျုပ်လို ဘာသာခြားက ဘုန်းကြီးကျောင်းတောင်မသွားတာ၊ အခုတော့ ဟိန္ဒူတွေကိုးကွယ်တဲ့ စန္ဒီမယ်တော်ကျောင်းကို သွားရမယ်တဲ့၊ သွားရုံတင်မဟုတ်ဘူး၊ ဘုရားသခင်ကလွဲလို့ ဘယ်သူကိုမှမရှိခိုးတဲ့လူက စန္ဒီမယ်တော်ကို ရှိခိုးရဦးမယ်တဲ့။ ခက်နေတာက သူ့ရဲ့ဟောချက်တွေက နေ့ရက်နဲ့အချိန် နေရာတွေပါမှန်နေတဲ့ကိစ္စပဲ။

ကျုပ်ကိုကိုက်ချင်သလောက်ကိုက် မသွားဘူးကွာလို့ နှုတ်ကနေထုတ် ပြောလိုက်တယ်။ ကျုပ်ဆိုတာ စကားလည်းဆုံးရော ဘေးကိုပုံလျက်သားလဲသွားတယ်။နားကိုက်တဲ့ဝေဒနာဘယ်လောက်ပြင်းသွားသလဲဆိုရင် သတိပါလစ်ပါလေရော။ သတိပြန်ရလာတော့ ကျုပ်ကနတ်ကတော်ကြီးကို ဒီလိုပြောကြည့်တယ်။

"ကျွန်တော့်ကိုယ်စားတစ်ယောက်ယောက်လုပ်ခိုင်းလို့ရမလား"

"ငါပြောတဲ့အထဲမှာ လူစားနဲ့လုပ်ဖို့မပြောဘူးပါဘူး"

"အခုလို အမွှေးတိုင်နဲ့ဖယောင်းတိုင်ထွန်းလိုက်တာနဲ့ ဒီလောက်ဖြစ်နေတဲ့ရောဂါကြီးက ပျောက်ပါ့မလား"

"ဒီလောက်ဖြစ်နေတဲ့မင်းရောဂါကို မင်းကုခဲ့တဲ့ မြန်မာ့ဆေး၊ အနောက်တိုင်းဆေးတွေကရော ကုလို့ပျောက်လို့လား။

အဲဒီအမွှေးတိုင်နဲ့ဖယောင်းတိုင်ကို စေတီတစ်ဆူဆူမှာသွားပြီး မီးထွန်းပေးရင်ကော ဖြစ်ပါ့မလား"

"မဖြစ်ဘူး၊ ဒါ ပရလောကသားအတွက် အစီအရင်လုပ်တာဖြစ်လို့ စန္ဒီမယ်တော်ကျောင်းကို မင်းကိုယ်တိုင်သွားမှ ကိစ္စပြီးမယ်။ မသွားချင်လည်း နေလေ၊ ငါ့ကိုဆက်မမေးနဲ့တော့"

ကျုပ်နတ်ကတော်ကြီးအိမ်ကပြန်တော့ လမ်းတောင်မလျှောက်နိုင်ပါဘူး။ ခြေတစ်ဖက်လှမ်းပြီး မြေကြီးနဲ့ ဖနောင့်ထိလိုက်တာနဲ့ နားထဲမှာ ဒုန်းခနဲ တူနဲ့ထုလိုက်သလို ခံစားနေရတယ်။ ဒါကြောင့် ဆိုက်ကားဆရာကို ဖြည်းဖြည်းကလေး မောင်းပေးပါလို့ တောင်းပန်ပြီး ဆိုက်ကားစီးပြန်ရတာပေါ့။ ကျုပ်အိမ်ရှေ့ရောက်တော့ အိမ်သားတွေကအိမ်ပေါ်ကို မပြီးတင်ပေးရတယ်။ ဒီကိစ္စမှာ ကျုပ်က နက်နက်နဲနဲစဉ်းစားရတာပေါ့။

ဒီဝေဒနာကို ကြိတ်မှိတ်ခံပြီး အသေခံမလား၊ မိသားစုစိတ်ချမ်းသာဖို့နဲ့ ငါ့ရောဂါပျောက်ဖို့ ဟိန္ဒူကျောင်းကိုသွားမလား။ ဒီနည်းလမ်းနှစ်ခုက တစ်ခုခုကို ရွေးရပါတော့မယ်။ မိန်းမကိုကြည့်လိုက်တော့ ဆွဲကြိုးနဲ့နားကပ်မရှိတော့ပါဘူး။ ကျုပ်မရှာနိုင်တာရယ်၊ ကျုပ်ရောဂါကို ကောင်းနိုးနိုးနဲ့ကုလိုက်တာရယ် စားဝတ်နေရေးပါဝင်ပြီး ပေါင်းလိုက်တော့ ရှိတာလေးတွေသွားပြီပေါ့ဗျာ။

ကျုပ်က ဒီလိုတွေးလိုက်တယ်။ စန္ဒီမယ်တော်၊ ကာလီမယ်တော်၊ အနောက်မယ်တော်၊ ဦးမင်းကျော်တို့ဟာ ဟိုလွန်ခဲ့တဲ့အချိန်ကာလတစ်ခုမှာရှိခဲ့တဲ့ပုဂ္ဂိုလ်တွေ။ တကယ်တွေးကြည့်ရင် ကမ္ဘာဦးအစမှာ လူကနည်းနည်းလေးပဲရှိတာ။ ဆွေမျိုးစပ်ရင်တောင် ဒီပုဂ္ဂိုလ်ကြီးတွေဟာ အဘိုးအဘွားစာရင်းထဲပါနေပါလိမ့်မယ်။ ဒီပုဂ္ဂိုလ်တွေကန်တော့တယ်ဆိုတာ အဘိုးအဘွားကန်တော့သလိုပါပဲ။သွားကြည့်မယ်ကွာ၊ငါ့မိသားစုနဲ့ငါ့ဘဝအတွက် ဒီလိုကန်တော့လို့ ဘာဆုံးရှုံးမှုမှမရှိနိုင်ပါဘူးလေဆိုပြီး သွားမယ်လို့ ကျုပ်က ဆုံးဖြတ်ချက်ချလိုက်တယ်။

ဒီလိုဆုံးဖြတ်ပြီး ကျုပ်အိမ်ကနေ တိတ်တိတ်ကလေး ဆင်းလာတယ်။ အမယ် ထူးခြားတာက နားကိုက်တာ နည်းနည်းသက်သာသွားသလိုပါပဲ။ အိမ်သားတွေကိုတော့ ဟိုဆရာဆီသွားဦးမယ်လို့ လမ်းလွှဲပြောလိုက်တယ်။ လမ်းပေါ် ရောက်တော့ ဆိုက်ကားစီးစရာမလိုဘဲ လမ်းလျှောက်လို့ရနေတာ တော်တော်လေးထူးတာပေါ့။အရင်ဆုံး ဟိန္ဒူသူငယ်ချင်းတစ်ယောက်ကို ရှာရတယ်။ သူနဲ့ စန္ဒီမယ်တော်ကျောင်းကို ဝင်လို့လွယ်မှာကိုး။

စန္ဒီမယ်တော်ကျောင်းကိုဝင်တော့ ဟိန္ဒူဘာသာဝင်တွေက ကျုပ်ကို လူထူး လူဆန်းတစ်ယောက်မြင်ရသလို ကြည့်နေတယ်။ ကျုပ်ကို ဘယ်ဘာသာဝင်ဆိုတာ သူတို့ကသိနေကြတယ်လေ။ ဒါ အချိန်မဆိုင်းဘဲ ဝယ်လာတဲ့အထဲက အမွှေးတိုင် (၃)တိုင်နဲ့ ဖယောင်းတိုင် (၂) တိုင်ထွန်းလိုက်တယ်။ ပြီးတော့ ဘွားအေ လို့သဘောထားပြီး ကျုပ်က ကန်တော့ လိုက်ပါတယ်။ 'မသိမမြင်လို့ မတော် တဆဖြစ်တဲ့ကိစ္စကို မယ်တော်ကြီးမှခွင့် လွှတ်အောင် ဆောင်ရွက်ပေးတော်မူပါ' လို့ နတ်ကတော်ကြီးသင်ပေးသလို တိုး တိုးလေးပြောလိုက်တာပေါ့။

ကျုပ်ရောဂါကလည်း အဆန်း သား။ အခုလို အမွှေးတိုင် (၃) တိုင်နဲ့ ဖယောင်းတိုင် (၂) တိုင်ထွန်းတာနဲ့ ပျောက်ပါ့မလားလို့ သံသယဖြစ်နေတဲ့ ကိစ္စဟာ မယ်တော်ကျောင်းကထွက် တာနဲ့ ထူးခြားမှုက စလာပါပြီ။ ခြေတစ် လှမ်းချင်းကိုသက်သာလာသလိုပဲ။ တော် တော်ကြီးကို ထူးခြားတာမှ မယုံနိုင် အောင်ပါဘဲ။ အိမ်ပြန်ရောက်တယ်ဆို ရင်ပဲ နားကိုက်တဲ့ရောဂါဟာ ဘယ်ဟာ ကိုခေါ်မှန်းတောင် မသိတော့ပါဘူး။

ဒီအချိန်ကစပြီး ကျုပ်က ပရ လောကသားတွေရှိတယ်ဆိုတာ ယုံသွား ပါပြီ။ တွေ့မရှောင် အပေါ့စွန့်တဲ့ဓလေ့ လည်း ပျောက်သွားပြီပေါ့ဗျာ။ စန္ဒီမယ် တော်ကြီးကို ရုပ်တုသာမြင်ဖူးပေမယ့် ကျုပ်ကတော့ ကျေးဇူးတင်လို့မဆုံး ဘူး။ အခုတော့ အမွှေးတိုင်နဲ့ ဖယောင်း တိုင် ထွန်းလိုက်တာနဲ့ ဆေးမကုရဘဲ ရောဂါပျောက်တာကို ယုံကြည်သွား ပြီ။ ကျုပ်ကလက်တွေ့ကြုံလိုက်ရတဲ့ ကိစ္စ ကိုး။အခု ကုလားလေး နားမကိုက်တော့ ပါဘူး။

စိုးထွန်း (ပြ[illegible])




www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်




(၁၊ ၉၊ ၂၀၁၅) နေ့ သာယနဇာတာခွင်

(၁၁၊ ၉၊ ၂၀၁၅) နေ့ သာယနဇာတာခွင်

(၂၁၊ ၉၊ ၂၀၁၅) နေ့ သာယနဇာတာခွင်

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၏ ပထမ (၁၀) ရက်ကာလတွင် ရွှေဈေးကွက်အတက်နှေး၊ အကျနှေးဖြင့်ငြိမ်နေမည်။ ငွေကြေးဈေးကွက်ကမောက်ကမနှင့် အကျဘက်ယိုင်တတ်မည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုပစ္စည်းများကျမ်းကဲတတ်မည်။ ငါးနှင့်ရေထွက်ပစ္စည်းကုန်ချောဈေးကွက်သိပ်မကောင်း။ယာဉ်စက်ပစ္စည်းများဈေးကွက်သိပ်မကောင်း။ အတက်၊ အကျ မှန်းဆရခက်နေမည်။ အလှအပဆိုင်ရာ ဖက်ရှင်နှင့် အဝတ်အထည်ဆိုင်ရာဈေးကွက် မတည်မငြိမ်ရှိနေမည် သံနှင့်ကုန်မာပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ ကျဈေးဘက်ပိုယိမ်းနေမည်။ ကောက်ပဲသီးနှံဈေးကွက်၊ ပဲဈေးကွက်တက်ရိပ်၊ကျရိပ်ကြမ်းတမ်းလွန်းမည်။ သစ်ဈေး၊ရော်ဘာဈေးရပ်နေသလိုရှိမည်။ စားသုံးဆီ၊ လောင်စာဆီ၊ ဓာတုပစ္စည်းများ ဈေးနှုန်းငြိမ်မည်။ အိမ်ခြံမြေဈေးကွက် မလှုပ်မယှက်ရှိနေမည်။ ဆောက်လုပ်ရေး လုပ်ငန်းမတည်မငြိမ်ရှိနေဦးမည်။ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း အပြောင်းအလဲမြန်ဆန်နေမည်။ စာနယ်ဇင်းဈေးကွက် တက်ရိပ်၊ ကျရိပ်လုံးထွေးနေမည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဈေးကွက်သိပ်မကောင်း။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၏ ဒုတိယ ၁၀ ရက်ကာလတွင် ရွှေဈေးကွက် အတက်၊ အကျထိုင်းမှိုင်းနေမည်။ ငွေကြေးဈေးကွက်ပုံမှန်မဟုတ်။ ခန့်မှန်းရခက်နေမည်။ အလှအပဆိုင်ရာ ဖက်ရှင်ဆိုင်ရာ၊အဝတ်အထည်ဆိုင်ရာဈေးကွက်မတည်မငြိမ်ရှိနေမည်။ ယာဉ်ရောင်းဝယ်ရေး၊ စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး၊ ဈေးနှုန်းထိုးတက်တက်၊ ထိုးကျတတ်မည်။ ဆေးနှုန်းနှင့် ဆေးပစ္စည်း၊ ဓာတုပစ္စည်း၊ သစ်လုပ်ငန်းဆိုင်ရာ၊ ပညာရေးလုပ်ငန်း ဈေးကွက်ငြိမ်နေမည်။ အနုပညာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း ပုံမှန်မဟုတ်။ အတက်၊ အကျရောယှက်နေမည်။ အိမ်ခြံမြေဈေးကွက်တက်ရိပ်ရှိသော်လည်း စိတ်မချရသေး။ စားသုံးဆီဈေး၊ လောင်စာဆီတက်ဈေးဘက် ယိမ်းထိုးနေမည်။ ဆန်၊ စပါး၊ ပဲ၊ ကောက်ပဲသီးနှံဈေးထိုးတက်တတ်၊ ထိုးကျတက်မည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းများ ပုံမှန်မဟုတ်နိုင်သေး။ ငါးနှင့်ရေလုပ်ငန်းဆိုင်ရာဈေးကွက် ကမောက်ကမ ရုတ်တရက်ဖြစ်တတ်မည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ၏ တတိယ ၁၀ ရက်ကာလတွင် ရွှေဈေးကွက်၊ ငွေဈေးကွက်တို့သည် တည်ငြိမ်နေသလိုရှိမည်။ သို့သော် ငွေကြေးဈေးကွက် ရုတ်တရက် ဈေးမြောက်တက်မည်။ ကျောက်မျက်ဈေးနှုန်းခန့်မှန်းရမလွယ်သလိုရှိမည်။ လောင်စာဆီ၊ စားသုံးဆီဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ အိမ်ခြံမြေဈေးကွက်တက်ဈေးကို မျှော်၍ရနေပြီ။ ဆောက်လုပ်ရေးပစ္စည်းများ၊ ယာဉ်များတက်ဈေးတွေ့ရသော်လည်း စိတ်မချရသေး။ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ မျှော်လင့်ချက်ထားနိုင်သော်လည်း ကျဈေးမိတတ်မည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ စာနယ်ဇင်းနှင့် မီဒီယာလုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်လုပ်ငန်း တက်ဈေး၊ ကျဈေးပုံမှန်မဟုတ် ပွဲကြမ်းတက်မည်။ ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းဈေးကွက်မတည်ငြိမ်နိုင်သေး။ ဆေးနှင့်ဆေးပစ္စည်း၊ ဓာတုပစ္စည်း၊ သစ်လုပ်ငန်းဆိုင်ရာတို့ ဈေးနှုန်းငြိမ်သော်လည်း ရုတ်တရက် ဖောက်ပြန်တတ်မည်။ အလှအပဆိုင်ရာ ဖက်ရှင်နှင့် အဝတ်အထည်ဆိုင်ရာ ဈေးကွက်ငြိမ်နေသော်လည်း စိတ်မချရ၊ ပညာရေးလုပ်ငန်း ဈေးကွက်လှုပ်ရှားမှုအားနည်းနေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်ဝစ်ကျွမ်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏ မြပြင်ကိုကားချပ်

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင် (၆)

ပထမံဆရာဦးအေးရွှေ




## ■ ကံကြမ္မာ၏အလှည့်အပြောင်း

လူသားတိုင်း၏ဘဝတွင် တစ်သက်လျှင်တစ်ကြိမ်ဆိုသလို ကံကြမ္မာ၏ အလှည့်အပြောင်းကို ကြုံတွေ့ကြရ၏။ ထိုသို့ကြုံတွေ့ရာတွင် အချို့သည် သိမ်မွေ့ညင်သာသော အပြောင်းအလဲမျိုးနှင့် ကြုံတွေ့ကြရသလို အချို့သည် ပြင်းထန်ကြမ်းတမ်းသော အပြောင်းအလဲမျိုးကို ကြုံတွေ့ကြရသည်လည်း ရှိ၏။ ထိုအပြောင်းအလဲသည် လက်ရှိဘဝမှ



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ယုတ်သွားသည့်ပုံစံမျိုး ဖြစ်တတ်သည်လည်းရှိသကဲ့သို့ ဘဝတဆစ်ချိုးတိုးတက် ပြောင်းလဲစေတတ်သည်မျိုးလည်းရှိပါသည်။ထို့ကြောင့် မြန်မာ့ရိုးရာဇာတ်ပုံများတွင် ထိုကဲ့သို့ အပြောင်းအလဲနှင့်ပတ်သက်ပြီး ဆိုထားသည်မှာ အပြောင်းအလဲဖြစ်ပြီး ဒုက္ခရောက်သွားသည့်သူအား 'သေချင်တဲ့ကျား တောပြောင်း'ဟုလည်းကောင်း၊ အပြောင်းအလဲဖြစ်ပြီး အောင်မြင်သွားသည့်သူအား 'တစ်ရွာမပြောင်း သူကောင်းမဖြစ်'ဟုလည်းကောင်း အမျိုးမျိုးဥပမာခိုင်းနှိုင်းပြီး ပြောတတ်ကြ၏။

ယခုလည်း မောင်ထွန်းမြိုင်၏ ဘဝအလှည့်အပြောင်းကာလသည် ဆိုက်ရောက်လာခဲ့ပြီဖြစ်၏။ သူသည် ရွှေတိဂုံဘုရားအား ဖူးလိုသည့်အိပ်မက်အတွက် နေ့နေ့၊ ညညကြံစည်ခဲ့၏။ အကြောင်းကား တော်တော်နှင့်မပေါ်ခဲ့ပေ။ ယခုကား ထိုအခွင့်အရေးသည် သူထံသို့ရောက်လာခဲ့ပြီဟု နားလည်လိုက်၏။

တစ်နေ့တွင် စိန်အောင်မင်းဇာတ်အဖွဲ့သည် သူတို့ဖျာပုံမြို့သို့လာရောက်ကပြလေ၏။ ကပြသည့်နေရာမှာ ဘုရားပွဲတော်တွင် ကပြခြင်းဖြစ်၏။ ထို့ကြောင့် ဇာတ်ပွဲစတင်ကပြမည့်နေ့တွင် မောင်ထွန်းမြိုင်က အဒေါ်ဖြစ်သူအား -

"ဒေါ်ဒေါ်၊ ကျွန်တော် ဒီနေ့ညက ပြမယ့် စိန်အောင်မင်းဇာတ်ပွဲကို သွား





www.burmeseclassic.com

www.burmeseclassic.com

ကြည့်ချင်တယ်"

ဟု ပူဆာတော့၏။

ထိုအခါ အဒေါ်ဖြစ်သူကလည်း စဉ်းစားတော့၏။

ဤကလေးသည် ငယ်ငယ်လေးကတည်းက ဒီလိုဇာတ်ပွဲတွေ၊ အငြိမ့်ပွဲတွေကြည့်တာရှုတာ ဝါသနာမပါပါဘူး။ တစ်ခါမှလည်းမကြည့်ဖူးပါဘူး။ တစ်ခါတလေ ကြည့်ဖို့ကြုံလို့ခေါ်ရင်တောင် ဘယ်တုံးကမှမလိုက်ဘူး။ တွင်တွင်ငြင်းတာမျိုးပဲရှိပါတယ်။ ဒီတစ်ခါတော့ ငါ့တူရဲ့စိတ်က ဘယ်လိုများပြောင်းသွားရတာလဲ။ အင်း- ဘာပဲဖြစ်ဖြစ်လေ၊ သူစိတ်ချမ်းသာဖို့က အရေးကြီးပါတယ်။ လူ့စိတ်ဆိုတာလည်း တစ်ခါတလေပြောင်းချင်လည်းပြောင်းလဲတတ်တာမျိုးပဲလေဟု ဖြေတွေးတွေးပြီးနောက် မောင်ထွန်းမြိုင်အား -

"အေး၊ အေး- တူလေး၊ ဇာတ်ပွဲကြည့်ချင်တယ်ဆို သွားကြည့်လေ"

ဟု ချိန်ချိန်ဆဆနှင့် ခွင့်ပြုပေးပြီးနောက် အဒေါ်ဖြစ်သူက တစ်ဆက်တည်းပင်ဆက်၍-

"မောင်ထွန်းမြိုင် ဇာတ်ပွဲသွားကြည့်မယ်ဆို မုန့်ဖိုးယူသွား"

ဟု ဆိုပြီး အဒေါ်ဖြစ်သူသည် ခွေးခံအိတ်ထဲမှ ငွေနှစ်ကျပ်ကိုထုတ်ယူကာ မောင်ထွန်းမြိုင်လက်ထဲသို့ ထည့်ပေးလိုက်၏။ မောင်ထွန်းမြိုင်လည်း သူ့လက်ထဲသို့ ငွေနှစ်ကျပ်ရောက်လာသည်နှင့် ချက်ချင်းပင် ကြိုတင်စီစဉ်စရာရှိသည်များကို စီစဉ်လေတော့၏။

ထို့အတွက် မောင်ထွန်းမြိုင်သည် သူလွယ်နေကျ ချည်လွယ်အိတ်လေးထဲမှ ကျောင်းစာအုပ်များကို ထုတ်လိုက်၏။ ထို့နောက် လွယ်အိတ်လေးထဲသို့ သူ့အဝတ်အစားအချို့ကိုယူကာထည့်လိုက်၏။ ထို့ပြင် သူ့အသုံးအဆောင်အချို့ကိုလည်းထည့်ထားပြီးနောက် ဟန်မပျက်ဆက်နေကာ အချိန်ကောင်းကိုစောင့်နေလိုက်၏။ ဤသို့ဖြင့် တစ်ချိန်တွင် အဒေါ်ဖြစ်သူသည် အလုပ်ပေါ်လာသဖြင့် သွားထလုပ်ရလေ၏။ ထိုအခါ အဒေါ်ဖြစ်သူ၏ စိတ်အာရုံသည် မောင်ထွန်းမြိုင်အပေါ် အာရုံစိုက်ထားရာမှ အလုပ်ဘက်သို့ရောက်သွားတော့၏။

ထိုအချိန်သည် မောင်ထွန်းမြိုင်အဖို့ အခွင့်အရေးပင်ဖြစ်တော့၏။ ထိုအခွင့်အရေးကို မောင်ထွန်းမြိုင်သည် လက်လွှတ်မခံတော့ဘဲ သူ့လွယ်အိတ်ကလေးကို အသာဆွဲယူကာ ပတ်ဝန်းကျင်ဘေးဘီဝဲယာသို့ အကဲခတ်ကြည့်ရှုလိုက်၏။ သူ့အား မည်သူတစ်ဦးတစ်ယောက်ကမျှ အာရုံစိုက်ခြင်းမျိုးမရှိဟု တွေ့ရသည်နှင့် အိမ်ထဲမှ အိမ်ပြင်သို့ ထွက်လာခဲ့တော့၏။ အိမ်ပြင်သို့ရောက်သောအခါ သူ့ခြေလှမ်းများကို ခပ်ကျဲကျဲ ခပ်သွက်သွက်ဖြင့် လျှောက်ခဲ့လေ၏။ သူ့ခြေလှမ်းများ၏ဦးတည်ရာသည် ဘုရားပွဲရှိ စိန်အောင်မင်းဇာတ်ပွဲမဟုတ်ခဲ့ပေ။ ဖျာပုံဆိပ်ကမ်းဘက်သို့ဆင်းခဲ့ခြင်းဖြစ်၏။ ဆိပ်ကမ်းဘက်သို့ ဦးတည်သောသူ့ခြေလှမ်းများသည် ခါတိုင်းထက် များစွာပင် သွက်နေတော့၏။

တဖြည်းဖြည်းနှင့် အချိန်သည် မှောင်ရီပျိုးလာခဲ့ပြီ ဖြစ်၏။ ထို့ကြောင့်လည်း မောင်ထွန်းမြိုင်သည် မပြေးရုံတစ်မည် ခပ်သုတ်သုတ်လျှောက်လာစဉ် မှောင်တောင်တောင်ထဲ၌ တစ်စုံတစ်ခုကို ခလုတ်တိုက်မိလိုက်ကြောင်း သတိပြုမိ၏။ ထိုအရာသည် တိုက်မိသည်နှင့် ဘေးသို့အနည်းငယ်လွင့်သွားသည်ကို ခံစားသိလိုက်ရသဖြင့် အနီးပတ်ဝန်းကျင်သို့ကုန်းပြီး ဟိုဟိုဒီဒီစမ်းလိုက်သောအခါ အထုပ်တစ်ထုပ်ကိုစမ်းမိသဖြင့် ကောက်ယူလိုက်၏။ ထိုနေရာကလည်းမှောင်နေသည့်နေရာဖြစ်သဖြင့် ထိုအထုပ်ကိုဖြေမကြည့်တော့ဘဲ လွယ်အိတ်ထဲသို့ထိုးထည့်လိုက်ပြီး သင်္ဘောဆိပ်သို့ ဆင်းခဲ့တော့၏။

သင်္ဘောဆိပ်သို့ရောက်သောအခါ သင်္ဘောကြီးတစ်စီး ဆိုက်ကပ်ထားပြီး ထိုသင်္ဘောပေါ်သို့ ကုန်ပစ္စည်းများကို အလုပ်သမားများထမ်းတင်နေကြသည်ကိုတွေ့ရ၏။ ထို့အပြင် လူပေါင်းများစွာသည် သင်္ဘောပေါ်တွင် အရှေ့၊ အနောက် ဗျာပန်းခပ်မျှ လှုပ်ရှားနေသည်ကို တွေ့ရလေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် သင်္ဘောအနီးသို့ မယောင်မလည်ဖြင့် ကပ်သွားလေ၏။ သူ့အား မည်သူတစ်ဦးတစ်ယောက်ကမျှ သတိပြုမိဟန်မရှိသဖြင့် စိတ်အေးသွားပြီး ဆိပ်ခံဘောတံတားပေါ်တွင်ထိုင်နေသော ခေါင်းပေါင်းပေါင်းထားသည့် လူကြီးတစ်ဦးအနီးထံ ချဉ်းကပ်သွားပြီး-

"ဘကြီး၊ ဒီသင်္ဘောက ဘယ်ကိုသွားမှာလဲခင်ဗျ"

ဟု မေးလိုက်ရာ လူကြီးက -

"ဒီသင်္ဘောက ရန်ကုန်ကိုထွက်မှာလေကွယ်"

ဟု ဖြေလိုက်သဖြင့် မောင်ထွန်းမြိုင်၏စိတ်ထဲတွင် ကျိတ်၍ဝမ်းသာသွား လေ၏။ ပြီးနောက် သူကပင်ဆက်ပြီး-

"ရန်ကုန်ကိုထွက်မှာဆိုတော့ ဘယ် အချိန်လောက်ထွက်မှာလဲဟင်"

ဟုမေးလိုက်ရာ လူကြီးက -

"အင်း- နောက်တစ်နာရီလော ဆိုထွက်မယ်။ အခု ည(၇)နာရီထိုးပြီး ဆိုတော့ ည(၈)နာရီလောက်မှာထွ လိမ့်မယ်"

ဟုဖြေလိုက်သဖြင့် မောင်ထွ မြိုင်သည် ပတ်ဝန်းကျင်ကို ဝေ့ဝိုက် ကြည့်လိုက်ပြီး သူ့အား သိရှိသူရှိ ကြည့်လိုက်၏။ သိကျွမ်းသူတစ်ယော မှုမရှိ မှန်းသိရှိရသောအခါ မည်သူ မမြင်စေနိုင်သည့် ချောင်တစ်ခုသို့သွ ကာ ပုန်းခိုနေလိုက်၏။

ထိုအချိန်တွင်မှ မောင်ထွန်းမြိ သည် လမ်းတွင် ခလုတ်တိုက်မိလိ သော အထုပ်ကလေးကို သတိရသ သူ့လွယ်အိတ်ထဲသို့ ကပျာကယာ ရာ အထုပ်ကလေးကိုစမ်းမိသဖြင့် ထုတ်ယူပြီး ဖြေကြည့်လိုက်၏။ ထိုအ တွင် မောင်ထွန်းမြိုင်သည် ကံကော စွာပင် ထိုအထုပ်လေးထဲ၌ ငွေအချို တွေ့ရ၏။ ထို့ကြောင့် ရေတွက်ကြ သောအခါ စုစုပေါင်းငွေ (၁၃) ကျ ကြောင်းတွေ့ရသဖြင့် ဝမ်းသာသွားေ ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် အဒေါ်ဖြစ်သူထံမှရသော ငွေနှစ်ကျပ် ယခုငွေ (၁၃) ကျပ်တို့ပေါင်းလိုက်သေ အခါ စုစုပေါင်း (၁၅)ကျပ်ဖြစ်သွားသ ရန်ကုန်သို့သွားရန်အတွက် ပို၍ အဆင်ပြေသွားတော့၏။

အမှန်ကား မောင်ထွန်းမြိုင် ရန်ကုန်သွားရန် ငွေကိုအထူးလိုအပ် ချိန်ဖြစ်၏။ မုန့်ဖိုးငွေ (၂)ကျပ်ဖြင့် ဖျာ ရန်ကုန် ရွှေတိဂုံဘုရားသို့သွားရန် သို့မျှမဖြစ်နိုင်ပေ။ သို့သော် ကံအထ သင့်သဖြင့် ငွေအနည်းငယ်ကောက် ခြင်းကြောင့် သူ့အဖို့ အတော်လေ အသက်ရှူချောင်သွားခဲ့၏။ ဤသို ခြင်းမှာ သာမန်ကံကောင်း၍အကြေ တိုက်ဆိုင်ခြင်းမျိုးဟုဆိုရန်တော့ ပေမည်။ မောင်ထွန်းမြိုင်၏ ဘဝရေ နှင့်ပတ်သက်ပြီး လိုအပ်သဖြင့် တွေ့ရသော အဒိဋ္ဌလောကမှ အဖွဲ့အစည်းတို့၏ တမင်စောင့်ရေ ကူညီခြင်းသဘောများလော သုံးသပ်ချက်မျိုးကိုပြုမည်ဆိုက ဖြစ်၏။

ထို့နောက် မောင်ထွန်းမြိုင်



www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောစီးရမည့်အရေးကို ချင့်တွက် ...က်၏။ သင်္ဘောစီးရန် သင်္ဘောလက် ...တ်ယူရမည်ဖြစ်၏။ ထိုအတွက် သင်္ဘော ...က်မှတ်သွားဝယ်လျှင် သူကဲ့သို့ကလေး ...ယ်တစ်ယောက်တည်းကို လက်မှတ် ...ရောင်းပါမည်လား။ လက်မှတ်ဝယ်ယူရန် ...ပ်ထိန်းသူခေါ် ခိုင်းမည်လား။ ခေါ်ခိုင်း ...ျှင် များစွာအခက်တွေ့တော့မည်ဖြစ် ...၏။ ထိုအပြင် သင်္ဘောလက်မှတ်ခကား ...ည်မျှလောက်ကျမည်ကိုလည်းမသိပေ။ ...အဖို့ကား မလောက်မငွေကြေးလေး ... ခရီးသွားရမည့်အခြေအနေဖြစ်နေ ...။ ထို့ကြောင့် သူသည် နောက်ဆုံးတွင် ...ဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချ ...ိုက်၏။

ထိုဆုံးဖြတ်ချက်ကား လက်မှတ် ...ပါဘဲ မည်သူမျှမသိအောင် သင်္ဘော ...ပြီး ရန်ကုန်မြို့သို့ရောက်ရေးပင်ဖြစ် ...တော့၏။ ထို့ကြောင့် လက်မှတ်မပါဘဲ ...ည်သို့မည်ပုံစီးလျှင်ဖြစ်နိုင်မည်ဟု အစီ ...အစဉ်ရေးဆွဲကြည့်မိ၏။ မောင်ထွန်းမြိုင် ...သည် ဆရာကြီးဦးရာမန်းနှင့် ပုသိမ်သွား ...က သင်္ဘောစီးခဲ့ဖူးသည့်အတွေ့အ ...ကြုံ၏။ ထို့ကြောင့် ထိုအတွေ့အကြုံ ... လက်ရှိအခြေအနေကို ချိန်ထိုးစဉ်း ...ကြည့်မိ၏။

ထိုအချိန် ထိုကာလသည် ၁၉၃၀ ...စ်ကျော်ကာလဖြစ်သဖြင့် အင်္ဂလိပ် ...မြန်မာနိုင်ငံအား ကိုလိုနီပြုကာ အုပ် ...နေစဉ်ကာလဖြစ်၏။ ထိုအချိန်တွင် ...သွဲ့သောသင်္ဘောများမှာ အင်္ဂလိပ် ...ရာဝတီဖလိုတီလာကုမ္ပဏီသင်္ဘော ...ဖြစ်၏။ ထိုသင်္ဘောများသည် ရေ ...ငွေ့ဖြင့်မောင်းသည်။ သင်္ဘောဘေး ...ဘီးယက်ကြီးများပါသည့် မီးသင်္ဘော ...ဖြစ်၏။ ထို့ကြောင့် သင်္ဘောဝန်ထမ်း ...နှင့် သင်္ဘောသားအများစုမှာ အင်္ဂ ...လူမျိုးနှင့် အိန္ဒိယလူမျိုးများဖြစ်၏။ ...ကြောင့် မောင်ထွန်းမြိုင်သည် စဉ်းစား ...သူသည် သင်္ဘောလက်မှတ်ကိုဝယ် ...နိုင်ပေ။ တောင်းပန်၍သင်္ဘောစီး ...လည်း မဖြစ်နိုင်ပေ။ သင်္ဘောအရာရှိ ...နှင့် သင်္ဘောသားများမှာ အင်္ဂလိပ် ...ကုလားလူမျိုးများဖြစ်၍ သူတို့ကို ...ပန်ရန်လည်း မည်သို့မျှမဖြစ်နိုင်

မောင်ထွန်းမြိုင် ပုသိမ်သို့သွားစဉ် ... ကြုံတွေ့ခဲ့ပုံကိုပြန်စဉ်းစားကြည့် ...သူတို့သည် သင်္ဘောမထွက်မီ ခရီး ...စဉ်းချင်းစီကို အသေအချာ ...စစ်ပြီးမှ သင်္ဘောထွက်စေခြင်း ဖြစ်၏။ ထို့ကြောင့် လက်မှတ်စစ်နေစဉ် သူတို့မတွေ့အောင် မဖြစ်ဖြစ်သည့်နည်းဖြင့် လွတ်အောင်ရှောင်ရမည်ဖြစ်၏။ ထိုအချိန်တွင် သူသည် သင်္ဘောပေါ်သို့ ရောက်နှင့်နေရမည်ဖြစ်၏။ သူသည် ရန်ကုန်မြို့တော်ရှိ ရွှေတိဂုံဘုရားသို့ မရောက်ရောက်သွားရမည်သာဖြစ်၏။ သို့ဖြစ်ပါသောကြောင့် မောင်ထွန်းမြိုင်သည် သူ၏ဆုံးဖြတ်ချက်ကို သန္နိဋ္ဌာန်ကို ခိုင်ခိုင်မာမာချလိုက်တော့၏။

ထိုအချိန်တွင် ရုတ်တရက် မိုးက လည်း တဖွဲဖွဲစတင်ရွာသွန်းလာပြီဖြစ်၏။ လေကလည်း အနည်းငယ်တိုက်လာပြီ ဖြစ်၏။ မောင်ထွန်းမြိုင် ပုန်းခိုနေသော နေရာသည် အမိုးမရှိပေ။ သူ့ထံတွင် ထီး ကလည်းမပါပေ။ ထိုအတိုင်းပင် မိုးအစိုခံကာ အသာငြိမ်နေလိုက်၏။ ထို့နောက် မိုးကလည်း တဖြည်းဖြည်းသည်းသည် ထက်သည်းလာ၏။ လေကလည်း ထန်သထက်ထန်လာ၏။ ထိုကာလသည် တပေါင်းလကြီးဖြစ်၏။ အချိန်အခါ မဟုတ် မိုးရွာလေထန်နေခြင်း ဖြစ်၏။ ထိုမိုးကြောင့်ပင် မောင်ထွန်းမြိုင်၏တစ်ကိုယ်လုံး ရွှဲရွှဲကုန်တော့၏။

သင်္ဘောထွက်ရန်ကလည်း အချိန် အနည်းငယ်သာလိုတော့သဖြင့် မောင်ထွန်းမြိုင်သည် သင်္ဘောဆီသို့ ခပ်သုတ်သုတ်လျှောက်လာလိုက်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ သတိမပြုမိစဉ်တွင်ပင် သင်္ဘောပေါ်သို့တက်သွားလိုက်၏။ ပြီးလျှင် သင်္ဘောပဲ့ပိုင်းသို့ ခပ်သွက်သွက်လျှောက်လာပြီး အိမ်သာများရှေ့သို့ အရောက်တွင် ခေတ္တမျှရပ်လိုက်ပြီး အိမ်သာတံခါးများကိုလိုက်စမ်းပြီး ခေါက်ကြည့်လိုက်၏။ ကံအားလျော်စွာပင် အိမ်သာတစ်လုံးသည် တံခါးပိတ်ထားခြင်းမရှိသဖြင့် အသာတွန်းကာ လူဝင်လိုက်ပြီး တံခါးကိုပြန်ချက်ချထားလိုက်၏။

ထို့နောက် မောင်ထွန်းမြိုင်သည် အိမ်သာကမုတ်ပေါ်တွင် မတ်တတ်ရပ်ကာ တိတ်တိတ်ဆိတ်ဆိတ်ငြိမ်နေလိုက်၏။ သူသည် ခေါင်းကိုငိုက်စိုက်ချထားသဖြင့် ရွှဲရွှဲစိုနေသောခေါင်းပေါ်မှရေတို့သည် သူ့ခြေဖမိုးပေါ်သို့ တစက်စက် ထပေါက်ပေါက်ကျနေတော့၏။ အပြင်တွင် မိုးကလည်း သဲသဲမဲမဲရွာနေ၏။ မောင်ထွန်းမြိုင်သည် ကျက်မှတ်ထားသမျှ ဘုရားဂုဏ်တော်များကို စိတ်ထဲမှ တွင်တွင်ရွတ်မှတ်ပွားများနေလိုက်တော့၏။ မကြာမီတွင်ပင် မောင်ထွန်းမြိုင်သည် ဂုဏ်တော်များတွင် ဝင်စားသွားသဖြင့် လူတစ်ကိုယ်လုံးလည်း ငြိမ်သက်သွားပြီး နားကလည်း မည်သည့်အသံကိုမျှ မကြားတော့ပေ။ ထိုကဲ့သို့ဖြစ်ပေါ်နေသော အခြေအနေသည် အချိန်မည်မျှကြာမြင့်သွားသည်မသိ။

သိမ့်ခနဲတစ်ချက်ဖြစ်ပြီး သူ၏ခန္ဓာကိုယ်လည်း အနည်းငယ်ယိမ်းယိုင်သွားသောအခါမှသာ လက်ရှိအခြေအနေသို့ စိတ်ပြန်ဝင်စားပြီး သတိပြုကြည့်လိုက်သောအခါ သင်္ဘောစတင်ထွက်ခွာခုတ်မောင်းနေကြောင်းတွေ့ရ၏။ သို့သော် ချက်ချင်း အိမ်သာအပြင်သို့မထွက်သေးဘဲ အချိန်အနည်းငယ်မျှဆက်နေလိုက်၏။ အတန်ကြာသောအခါတွင်မှ အိမ်သာတံခါးချက်ကိုအသာဖြုတ်ကာ အပြင်သို့ခေါင်းပြူကြည့်လိုက်၏။ သင်္ဘောပေါ်တွင် အတော်ပင် တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်၏။ အများစုမှာ အိပ်နေကြပြီဖြစ်၏။

နေစရာနေရာမရှိသော မောင်ထွန်းမြိုင်သည် သင်္ဘောဦးဘက်ထွက်လာခဲ့၏။ ယခုအခါတွင် မိုးတော့တိတ်သွားပြီဖြစ်၏။ သို့သော် လေကားထန်နေဆဲ ဖြစ်၏။ သူ၏အင်္ကျီနှင့်ပုဆိုးများသည် စိုထိုင်းနေဆဲဖြစ်၏။ လွယ်အိတ်ထဲမှ သူ့အဝတ်အစားများကို ထုတ်လဲလျှင်လည်း ထူးမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ခပ်စောစောပိုင်း မိုးမိကတည်းက သူ့အဝတ်အစားထည့်ထားသည့် ချည်လွယ်အိတ်သည် မိုးရေစိုသွားပြီဖြစ်၏။

လေထန်နေသဖြင့် လှိုင်းကြီးလျက်ရှိ၏။ ထို့ကြောင့် သင်္ဘောသည် ယိမ်းထိုးလှုပ်ရှားလျက်ရှိ၏။ ထိုကဲ့သို့ သင်္ဘောကြီး၏အခြေအနေနှင့် မောင်ထွန်းမြိုင်သည် မိမိအခြေအနေကို နှိုင်းယှဉ်ကြည့်မိပြီး သဘောကျနေ၏။ ထို့နောက် မောင်ထွန်းမြိုင်သည် မတ်တတ်ရပ်နေရသည်မှာ အတော်ပင်ကြာပြီဖြစ်သဖြင့် ခြေထောက်များသည် အတော်ပင်တောင့်တင်းနေပြီဖြစ်၏။ ထို့ကြောင့် အနီးအနားတွင်ထိုင်စရာရှာရာ သင်္ဘောကြိုးချည်သည့် ဗုံလုံးတိုင်နှစ်ခုကိုတွေ့လိုက်ရဖြင့် ထိုနေရာသို့သွားထိုင်လိုက်၏။

ထိုအခါတွင်မှ မောင်ထွန်းမြိုင်သည် နေသာထိုင်သာရှိသွားတော့၏။ မူလက အပြင်းအထန်လေတိုက်ခံနေရသည်မှာလည်း သင်္ဘော၏ဘေးအကာမှ အကွယ်အကာပြုသကဲ့သို့ဖြစ်သွားသော


www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သက်သာသွားတော့၏။ ထိုအချိန်တွင်မှ သူ၏ဝမ်းထဲမှ တကျွတ်ကျွတ်မြည်သံကိုကြားရပြီး သူသည် နံနက်ကတည်းက ဘာမှမစားရသေးကြောင်းကို သတိရသွားခဲ့၏။

မောင်ထွန်းမြိုင်သည် သင်္ဘောဆိပ်တွင်ရှိစဉ်တုန်းက ပဲကောက်ညှင်းထုတ်ကြီးတစ်ထုတ်ကို လိုရမည်ရဝယ်ပြီး လွယ်အိတ်ထဲထည့်ထားသည်ကို သွားသတိရမိသဖြင့် ချက်ချင်းပင် လွယ်အိတ်ထဲသို့လက်ထည့်ပြီးစမ်းရာ တွေ့သဖြင့် ဝမ်းသာသွားပြီး ထုတ်ယူ၍ စားလိုက်တော့၏။ ထိုအခါတွင်မှ ဝမ်းမီးလည်းငြိမ်သွားသဖြင့် ပို၍နေသာထိုင်သာရှိသွားတော့၏။

ထိုအခါတွင်မှ မောင်ထွန်းမြိုင်သည် သူနေထိုင်ခဲ့ရာဖျာပုံမြို့သို့ ပြန်လည် သတိရမိသဖြင့် နောက်ကြောင်းပြန်မှန်းဆပြီး အမှောင်ထုထဲသို့ကြည့်နေမိ၏။ တစ်ဆက်တည်းတွင် သူ့အားစမ္ပာနဝင်းအင်းပညာရပ်များကို သင်ကြားပေးခဲ့သော ဆရာကြီးဦးရာမန်းကို သတိရမိ၏။ ထို့နောက် ဘကြီးတော်သူပြဿဒ်ကျောင်းဆရာတော်ကြီးကိုသတိရမိ၏။ ပြီးလျှင် သူ့အား အစစအရာရာစောင့်ရှောက်ပေးခဲ့သည့် အဒေါ်ဖြစ်သူကိုလည်း သတိရပြန်၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် ဖျာပုံမြို့သို့ ရည်ရော်မှန်းဆကာ လက်အုပ်ချီမိုး၍ ကန်တော့လိုက်၏။

မကြာမီတွင်ပင် မောင်ထွန်းမြိုင်သည် လူပင်ပန်း၊စိတ်ပင်ပန်းဖြစ်ခဲ့သည့် ဒဏ်တို့ကြောင့် မျက်လုံးအစုံသည် မည်သို့မျှ တောင့်ခံထားခြင်းငှာ မစွမ်းသာတော့ဘဲ ရုတ်ခြည်းပင်မှိတ်ကျကာ အိပ်ပျော်ခြင်းသို့ရောက်ရှိသွားခဲ့လေတော့၏။

❑

"တူ . . . တူ . . . တူ"

မောင်ထွန်းမြိုင်သည် အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်ကို မသိပေ။ သင်္ဘောဥသြဆွဲသံကြားလိုက်ရသဖြင့် အိပ်ပျော်နေရာမှ လန့်နိုးသွားပြီး ပတ်ဝန်းကျင်ဘေးဘီဝဲ၊ ယာသို့ ကြည့်လိုက်သောအခါ ဆိပ်ကမ်းကြီးတစ်ခုသို့ ကပ်တော့မည်ဖြစ်၏။ မိုးလည်း စင်စင်လင်းနေပြီဖြစ်၏။ မောင်ထွန်းမြိုင်၏ စိတ်ထဲ ဤဆိပ်ကမ်းကြီးသည် ရန်ကုန်မြို့ကြီးပင်ဖြစ်ရမည်ဟု အတပ်သိလိုက်၏။ ထို့ကြောင့် သူသည် လွယ်အိတ်ပြင်လွယ်ရင်းအသင့်အနေအထားလုပ်လိုက်၏။ သင်္ဘောဆိပ်ကမ်းသို့ကပ်ပြီးသည်နှင့် လွယ်အိတ်ထဲမှ မျက်နှာသုတ်ပဝါလေးကိုထုတ်လိုက်ကာ သူ့မျက်နှာကို သုတ်သလိုလိုပြုကာ မျက်နှာကိုကွယ်၍ မည်သူ့ကိုမျှမကြည့်တော့ဘဲ ကမ်းပေါ်သို့ရောက်အောင် အမြန်တက်လေ၏။

ကမ်းပေါ်သို့ ရောက်သောအခါ ရွှေတိဂုံဘုရားသို့ သွားရောက်ရမည့်လမ်းကို ဟိုလူ့မေးဒီလူ့မေးနှင့်လျှောက်လာရာ ရွှေတိဂုံဘုရားလမ်းသို့ ရောက်ခဲ့တော့၏။ ရွှေတိဂုံဘုရားလမ်းသို့ ရောက်ရှိလာသောအခါ မြောက်ဘက်သို့ တည့်တည့်လျှောက်သွားရာ မကြာမီပင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဘွားခနဲဖူးတွေ့လိုက်ရတော့၏။

ထိုသို့ ရုတ်တရက်တွေ့မြင်ဖူးမြော်လိုက်ရသောကြောင့် မောင်ထွန်းမြိုင်သည် အံ့ဩခြင်း၊ ဝမ်းမြောက်ခြင်းတို့တစ်ပြိုင်တည်းဖြစ်ပေါ်ခဲ့လေတော့၏။ ထို့နောက် သူ့မျက်စိကိုသူပင်မယုံနိုင်အောင်ဖြစ်ကာ ပွတ်သပ်ကြည့်ရှုလေ၏။ သူ၏တစ်သက်တွင် ဤမျှကြီးမားသောရွှေတောင်ကြီးသဖွယ်ဖြစ်နေသောစေတီကြီးတစ်ဆူကို ယခုတစ်ကြိမ်တွင်မှ ပထမဆုံးဖူးမြော်ဖူးခြင်းဖြစ်သဖြင့် အံ့ဘနန်းဖြစ်နေတော့၏။ မောင်ထွန်းမြိုင်သည် ဘုရားကြီးဖူးမြင်လိုက်ရသည်နှင့် ပီတိဇောအဟုန်များ တရှိန်ရှိန်တက်လာတော့၏။ ထိုသို့တက်လာသော ဇောအဟုန်သည် မည်မျှအထိဖြစ်လာသနည်းဟူမူ ကြက်သီးမွေးညင်းများပင်ထောင်ထလာသည့်အထိဖြစ်၏။

ထို့ကြောင့် ယခုအချိန်တွင် မောင်ထွန်းမြိုင်၏မျက်စိထဲ အခြားသောမည်သည့်အရာကိုမျှ မမြင်မတွေ့နိုင်တော့ဘဲ ဘုရားကြီး၏ပုံရိပ်တို့ကသာလွှမ်းမိုးထားတော့၏။ မောင်ထွန်းမြိုင်သည် ဘုရားကြီးခြေတော်ရင်းသို့ အမြန်ရောက်ရှိရေးကိုသာ ဇောကပ်ပြီးအလျင်အမြန်လျှောက်လေ၏။

ဤသို့ဖြင့် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ကြီးရှေ့သို့ ရောက်ရှိခဲ့၏။ မုခ်ဦးမှ ကြီးမားလှသော ခြင်္သေ့ကြီးနှစ်ကောင်ကိုမြင်သောအခါ မောင်ထွန်းမြိုင်သည် သဘောကျပြီး အသေအချာလှည့်ပတ်ကြည့်ရှုလေတော့၏။

**❑ အတိတ်၊ တဘောင်၊ နိမိတ်ကိုဆောင်**

ရွှေတိဂုံဘုရားကြီး၏တောင်ဘက်မုခ် ခြေတော်ရင်းသို့ရောက်ရှိသောအခါ မောင်ထွန်းမြိုင်သည် ရွှေတိဂုံဘုရားကြီးကို အောက်မှနေပြီး ထပ်မံ၍ဖူးမြော်ရာ စတင်တွေ့မြင်သည့်နေရာမှ ဖူးမြော်သည့်ပုံစံမျိုးနှင့်မတူဘဲ ပို၍ ကြည်ညို သပ္ပာယ်စိတ်များလွှန်ကဲကာ မိန်းမော သကဲ့သို့ပင်ဖြစ်သွားလေ၏။ ထို့နောက် မှ သတိဝင်ကာ ရောက်သည့်နေရာမှပင် ထိုင်၍ရှိခိုးဦးချလေတော့၏။

ထို့နောက် မောင်ထွန်းမြိုင်သည် တောင်ဘက်မုခ် ဘုရားစောင်းတန်း ဘုရားကြီးပေါ်တက်ရန်ဝင်လိုက်ရာ မု ဦးကြီး၏ နောက်ဘက်မလှမ်းမကမ်းတွ ဘီလူးကြီးနှစ်ကောင်သည် ဘယ်တ ကောင်၊ ညာတစ်ကောင်ထိုင်နေသည် ရုတ်တရက် တွေ့လိုက်ရသဖြင့် ရင်ထ တွင် ထိတ်ခနဲဖြစ်သွား၏။ ထို့ကြော မောင်ထွန်းမြိုင်သည် သဘောကျ ဘီလူးကြီးနှစ်ကောင်ကို လှည့်ပတ် အသေအချာကြည့်ပြန်၏။ ပြီးသော အခါတွင်မှ တောင်ဘက်မုခ်ဘုရ စောင်းတန်း လှေကားကို စတက် အတွက် သူစီးလာသည့်ဖိနပ်ကိုချွ ကာ လွယ်အိတ်ထဲထည့်လိုက်ပြီးနော ခြေချော်မကျစေရန် လှေကားထစ်မျ ကို အသေအချာငုံကြည့်ပြီး တစ်ထ ချင်းလှမ်းတက်နေလေ၏။

ထိုစဉ် မောင်ထွန်းမြိုင်တစ်ယော မမျှော်လင့်ဘဲ -

"ဟား ဟား အောင်ပြီ အော စနေသား စနေသား အဋ္ဌောတ် အောင်ဆင်၊ ကြွက်နဲ့ ခြင်္သေ့ နဂါး ဟား ဟား ဟား၊ အောင်ပြီ အော

ဟူသော စကားများကို တစ် ချင်း အသံဝါဝါကြီးဖြင့် မောင်ထွန်း ၏ဘယ်ဘက်နားနားကိုကပ်ပြီး လိုက်သလိုဖြစ်သွားသဖြင့် ရုတ်တ လန့်သွားပြီး ခေါင်းမော့ကြည့်လိုက် သူ၏ဘေးမှ လူကြီးတစ်ယောက် အထက်ပါစကားများကို သူ့ဘ တစ်ယောက်တည်း ပြောဆိုသွ စောင်းတန်းလှေကားအတိုင်း အော ဘက်သို့ဆင်းသွားသည်ကိုတွေ့ရ မောင်ထွန်းမြိုင်သည် သူလှမ်းလ ခြေလှမ်းများကို ဆက်မလှမ်းတော့ ရပ်လိုက်ပြီး လည်ပင်းကိုစောင်း နောက်ပြန်လှည့်ကြည့်လိုက်၏။ထို သည် အင်္ကျီရော ပုဆိုးပါ ယော ဝတ်စုံကိုဝတ်ထား၏။ ဆံပင်ရှည် မုတ်ဆိတ်မွေးရှည်ရှည်နှင့်ဖြစ် ၏ မျက်နှာကိုကား မတွေ့လိုက် ထိုပုဂ္ဂိုလ်အား နောက်ကျောဘက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရခြင်း ဖြစ်၏။ ထိုနောက်ကျောဘက်မှမြင်တွေ့ရသည့်အနေအထားကို ခန့်မှန်းကြည့်ခြင်းအားဖြင့် အသက်သိပ်မကြီးလောက်ကြောင်း ချင့်တွက်ကြည့်မိ၏၊ ထိုသူသည် ဘုရားစောင်းတန်းတစ်လျှောက် ဆင်းလာခြင်းဖြစ်နိုင်၏။ မောင်ထွန်းမြိုင်ကား ဘုရားပေါ်သို့ လှေကားမှအတက် တစ်နေရာတွင် ထမ်းပိုးထမ်း ခေါင်းချင်းပုံ့ဉ်မိမည်ဖြစ်၏။ ထိုအချိန်တွင်မှ တိုက်တိုက်ဆိုင်ဆိုင်ဟုဆိုရမည်လား၊ ထူးထူးဆန်းဆန်းဟုဆိုရမည်လားမသိ၊ 'စနေသား စနေသား' ဟု ပီပီပြင်ပြင် ကျယ်ကျယ်လောင်လောင်ကြီး ရုတ်တရက်ဆိုလိုက်သဖြင့် ပထမတွင် မောင်ထွန်းမြိုင်သည် ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားမိ၏။ ထိုသို့ဖြစ်သွားရသည့် အကြောင်းမှာ သူ့ကိုသိသူများလား၊ ဖျာပုံမှ သူ့ကိုလိုက်ခေါ်သူများလားဟု ထင်ပြီး ရင်ထဲတွင် ရုတ်တရက် စိတ်ပူပန်မှုဖြစ်သွားခဲ့ရ၏။

ထို့ကြောင့် မောင်ထွန်းမြိုင်သည် ထိုသို့ မိမိအား ဘေးချင်းကပ်ဖြတ်သွားသူကို နောက်ပြန်လှည့်ကြည့်ခြင်းဖြစ်၏။ သို့သော် ထိုသူသည် မောင်ထွန်းမြိုင်အား တစ်ချက်ကလေးမျှငဲ့စောင်း၍ပင် မကြည့်ပေ။ သူ့ဘာသာသူ စောင်းတန်းလှေကားများမှ ဆင်းသွားသည်ကိုတွေ့ရ၏။ ထိုသူ၏ပုံဟန်ကို မောင်ထွန်းမြိုင်သည် စဉ်းစားကြည့်မိ၏။ သူ၏ဖြတ်သန်းခဲ့သည့်ဘဝတစ်လျှောက်တွင် ဤပုဂ္ဂိုလ်နှင့်တူသူမျိုး၊ ခပ်ဆင်ဆင်ရှိသူမျိုးရှိခဲ့ဖူးသလားဟု စဉ်းစားကြည့်၏။ လုံးဝစဉ်းစား၍ ခပ်ဆင်ဆင်တူသူပင်မရှိကြောင်း တွေ့ရသဖြင့် စဉ်းစားရကြပ်သွား၏။

ထိုသူသည် မည်သည့်အတွက်ကြောင့် သူ့အနားရောက်သောအခါတွင် 'စနေသား စနေသား'ဟု အော်ရပါသနည်း။ မောင်ထွန်းမြိုင်သည် စနေနေ့ နံနက်ရေတက်ချိန်တွင်ဖွားသူဖြစ်၏။ ထို့ကြောင့် တစ်ဆက်တည်း ဆက်၍စဉ်းစားကြည့်မိရာ ယနေ့သူ ရန်ကုန်ရောက်ပြီး ရွှေတိဂုံဘုရား စတက်သောနေ့သည် စနေနေ့ပင်ဖြစ်ကြောင်း တွေ့ရသဖြင့် အံ့သြရပြန်၏။

သို့ဖြစ်သောကြောင့် မောင်ထွန်းမြိုင်သည် အတွေးအာရုံတစ်သီတစ်တန်းကြီးဖြင့် ဘုရားကြီးပေါ်သို့ ဆက်တက်လာလေ၏။ ဘုရားပေါ်တက်ရင်း စိတ်ထဲတွင် ထိုပုဂ္ဂိုလ်ကြီးပြောခဲ့သော စကားကို ပြန်စဉ်းစားမိသည်မှာ 'စနေသား စနေသား အန္တောခေတ်ကိုရအောင်ဆင်' ဟူသည့်စကား၏အဓိပ္ပာယ်သည် တစ်စုံတစ်ရာထူးခြားမှုရှိမည်ဟု စိတ်ထဲတွင် ထင်မြင်မိ၏။ ဤမျှလောက် တိုက်ဆိုင်ခြင်းသည်မဖြစ်နိုင်။ ထိုကဲ့သို့ ရေရွတ်သွားသည့် ပုဂ္ဂိုလ်သည်လည်း သာမန်ပုဂ္ဂိုလ်တော့မဖြစ်နိုင်၊ ပုဂ္ဂိုလ်ထူး တစ်ပါးပါးဖြစ်နိုင်မည်ဟုလည်း ဆင်ခြင်မိသဖြင့် လှေကားပေါ်တက်နေရင်းပင် ထိုပုဂ္ဂိုလ်ဆင်းသွားသည့်နေရာသို့နောက်ပြန်လှည့်ကြည့်လိုက်သောအခါ ထိုပုဂ္ဂိုလ်ကိုမတွေ့တော့ပေ။

မောင်ထွန်းမြိုင်သည် ပြဿဒ်ကျောင်းတွင်နေထိုင်စဉ်က ဗေဒင်ကို အနည်းငယ်သင်ဖူး၏။ ထိုတွင် မိတ်ဖက်၊ ခေတ်ဖက်အတွဲများကို စာသင်ခဲ့ရဖူး၏။ ထိုအထဲတွင် အန္တောဆိုသည့်စကားလုံးကို ကြားခဲ့ဖူး၏။ သူ ပြန်စဉ်းစားကြည့်၏။ ဓမ္မာ၊ သောက၊ အင်း၀၊ ရာဇာ ဟူသည့် အတွဲလေးတွဲသည် အိမ်ထောင်ဖက်ရန်။ ဤတွင်လည်း အန္တောမပါ။ နောက် ဦးသာ၊ စိန်ပန်း၊ ဒန်းလှကိုရှာ ဟူသည့် အိမ်ထောင်မိတ်တွင်လည်း အန္တောမပါပေ။ ထို့ကြောင့် ထပ်စဉ်းစားရာ အန္တော၊ ဂတ္တေ၊ စရေ၊ ဝံသေ ဟူသည့် လေးလုံးတွဲတွင် အန္တောပါလာပြီ ဖြစ်၏။ ၎င်းတို့သည် ခေတ်ကြီးလေးပါးအတွဲဖြစ်၏။ အန္တောဟူသည် မီးတောက်ခေတ်၊ တေဇောခေတ်ဖြစ်ကြောင်း စဉ်းစားမိ၏။ မိမိစနေသားနှင့် တေဇောခေတ်သည် မည်သို့ပတ်သက်ပါသနည်း စဉ်းစားမရပေ။

နောက်ခဏကြာသောအခါတွင်မှ ထပ်ပြီး စဉ်းစားမိသည်မှာ အန္တော ဟူသည် စနေနံနှင့် တနင်္ဂနွေနံတွဲထားခြင်းဖြစ်၏။ မိမိမှာ စနေသားဖြစ်၏။ အတွဲအဖြစ် တနင်္ဂနွေနံကိုယူရမည် ဖြစ်၏။ သို့သော် မိမိအဖို့ကား ရန်ကုန်မြို့တွင် အသိအကျွမ်းဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ။ ထို့ကြောင့် အန္တောခေတ်ကိုရအောင်ဆင်ရမည်ဆိုခြင်းမှာ တနင်္ဂနွေနံ၊ တနင်္ဂနွေနှင့် ပတ်သက်သော အရာ၊ နေရာတစ်ခုခုဖြစ်ရမည်ဟု ဆိုခြင်းပင်လောဟု စဉ်းစားမိ၏။

ထို့သို့စဉ်းစားရင်း ဘုရားပေါ်တက်လာရာ ဘုရားရင်ပြင်တော်ပေါ်သို့ ခြေချပြီးသည်နှင့် ဘုရားကြီးအား လှမ်းဖူးလိုက်ရာ စိတ်ထဲတွင် ဖော်ပြမရနိုင်လောက်အောင်ပင်ခံစားရသော ကြည်နူးဝမ်းသာ ပီတိအဟုန်သည် တစ်ရှိန်ထိုး ဖြစ်ပေါ်လာလေတော့၏။ ထို့အတွက်ကြောင့် ဘုရားကြီးကိုလက်ယာရစ်ပတ်ပြီး ပူဇော်လိုက်၏။ ပူဇော်ပြီးသောအခါ ပုတီးစိပ်ချင်သည့်စိတ်သည် ဖြစ်ပေါ်လာသဖြင့် မည်သည့်နေရာတွင် ပုတီးစိပ်လျှင်ကောင်းမည်နည်းဟု စဉ်းစားရင်း ဆက်လျှောက်လာရာ ရွှေတိဂုံဘုရား၏ ထီးတော်အဟောင်းကြီးချထားရာ တနင်္ဂနွေထောင့်သို့ရောက်လာ၏။ ထိုအချိန်တွင် မောင်ထွန်းမြိုင်သည် လူအများရေသပ္ပာယ်နေကြသည့်ဂြိုဟ်တိုင်ဘုရားတည်ရှိရာနေရာသို့ ကြည့်လိုက်သောအခါ တနင်္ဂနွေ ဟူသော ဂြိုဟ်ကမ္ပည်းတိုင်ကို တွေ့လိုက်ရသဖြင့် မောင်ထွန်းမြိုင်၏ အာရုံထဲတွင် လက်ခနဲတစ်ချက်ဖြစ်သွားလေ၏။

'အန္တော အန္တော ဟူသည် ဤနေရာပင်ဖြစ်ရမည်' ဟု စိတ်ထဲမှတထစ်ချတွက်လိုက်မိ၏။ ထို့ကြောင့် ပထမဆုံး ဤနေ့၌ တနင်္ဂနွေထောင့်နှင့် မိမိမွေးနံ စနေထောင့်တို့တွင် ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။ ထိုအချိန်တွင် မောင်ထွန်းမြိုင်သည် နံနက်သင်္ဘောဆိပ်မှ ဆင်းကတည်းက ဘာမှမစားရသေးသဖြင့် ဝမ်းဗိုက်ထဲကလည်း တကျွတ်ကျွတ်မြည်နေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်သည် ဘုရားရင်ပြင်တော်ပေါ်ရှိ သောက်ရေအိုးစင်သို့ သွားကာ ရေကိုအဝခပ်သောက်ပြီးနောက် အစားအသောက်ကိစ္စကို ပုတီးစိပ်ပြီးမှပဲ စဉ်းစားတော့မည်ဟုဆုံးဖြတ်ပြီး တနင်္ဂနွေဂြိုဟ်တိုင်နောက်ရှိ ဘုရားထောင့်ချိုတစ်ခုအတွင်း ဝင်ရောက်ကာ သူ၏ပစ္စည်းပစ္စယများကိုချပြီး ပုတီးထိုင်စိပ်လေတော့၏။ မောင်ထွန်းမြိုင် ပုတီးစစိပ်ပြီး မကြာမီပင် အာရုံကျသွားပြီး သမာဓိကောင်းကောင်းနှင့်စိပ်လေတော့၏။

ပုတီးစိပ်ပြီးသောအခါ မောင်ထွန်းမြိုင်သည် အချိန်မည်မျှရှိပြီကိုသိလိုသဖြင့် ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်သောအခါ နေသည် မွန်းတည့်လုနီးပြီးကိုတွေ့ရှိရလေ၏။ ထိုမှတစ်ဖန် သူထိုင်ပြီးပုတီးစိပ်နေသည့်နေရာမှ ရှေ့တည့်တည့်သို့ကြည့်လိုက်သောအခါ မျှော်လင့်မထားသည့်အရာတစ်ခုကို တွေ့လိုက်ရသဖြင့် 'ဟာ' ဟူ၍ အာမေဍိတ်သံပင် ထွက်သွားလေ၏။

*(ရှေ့လဆက်ပါမည်)*

ပထမံဆရာဦးအေးမြွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုးနဝင်း

# မဟာကိန်းဂဏန်းများ

ဿ မဟာကိန်းဂဏန်းများ

ခေတ်သစ်ဂဏန်းဗေဒင်ပညာရပ်သည် အမည်၊ ဝေါဟာရ၊ စာလုံး၊ စာပိုဒ်၊ အက္ခရာစကားလုံး၊ အမှတ်သင်္ကေတများတွင်ပါရှိနေသော လျှို့ဝှက်နက်နဲသည့် အနက်အဓိပ္ပာယ်များအား ကောင်းစွာဖော်ထုတ်ပေးနိုင်သည့် ပညာရပ်ဖြစ်သည်။

ဂဏန်းဗေဒင်နည်းတူ လျှို့ဝှက်နက်နဲသော နက္ခတ်ဗေဒင်များ၊ တွေးခေါ်ပညာရပ်များသည်လည်း စကြဝဠာ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ပေးနိုင်ကြသည်။ သို့သော်လည်း အထက်ပါပညာရပ်အားလုံး ဘုရားသခင်၏ အလိုတော်အရ ဖန်ဆင်းခံရခြင်းသာ ဖြစ်သည်။

ကျွန်ုပ်တို့သည် အဆုံးမရှိလည်ပတ်နေသော မွေးဖွားခြင်းနှင့် သေဆုံးခြင်း ဟူသည့် သံသရာစက်ဝိုင်းအတွင်း ရှိနေစဉ်ကာလတစ်လျှောက် ဘုရားသခင်၏ အလိုဆန္ဒအတိုင်း မြင့်မားသောဘဝသို့ ဟန်ချက်ညီညီ တက်လှမ်းနိုင်ရန် ကြိုးစားရမည် ဖြစ်သည်။

ဘုရားသခင်အလိုတော်အရ စကြဝဠာ၏ လျှို့ဝှက်ချက်များအား မဟာကိန်းဂဏန်းများက ကိုယ်စားပြု ဖော်ပြပေးသည်။


မဟာကိန်းဂဏန်းများဆိုသည်မှာ ၁ မှ ၉အထိရှိသော ၁၁၊ ၂၂၊ ၃၃၊ ၄၄၊ ၅၅၊ ၆၆၊ ၇၇၊ ၈၈၊ ၉၉ . . . ဟူသည့် ထပ်ဂဏန်းများပင် ဖြစ်သည်။

ဿ အပိုင်း (၁) ဿ

**ဒေင်ဥယျာဉ်အားလေ့လာခြင်းဖြင့်ရရှိသော အသိဉာဏ်ပညာ**

ဘုရားသခင်၏ ဖန်ဆင်းမှုများအားလုံး ဘုရားသခင်၏ နာမတော်မှ တစ်ဆင့် မွေးဖွားလာခြင်း ဖြစ်သည်။

**ဘုရားသခင်အလိုတော်အရ ဖန်ဆင်းသော ဒေင်ဥယျာဉ်နှင့်မဟာကိန်းဂဏန်းများ**




စကြဝဠာ၏ အရာအားလုံးအား သား တော်၊ ခမည်းတော်၊ သန့်ရှင်းသော ဝိညာဉ်တို့ကပိုင်ဆိုင်သည်။ သားတော် ခမည်းတော်၊ သန့်ရှင်းသော ဝိညာဉ် တော် (၃)ဆူပေါင်း (၁) ဆူသည် ထာဝ ဘုရားသခင်ပင်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သားတော်သခင် ယေရှုနှင့် ခမည်းတော် ယေဟောဝါ အကြား တစ်စုတစ်စည်းတည်းဖြစ် သည့်ဝိညာဉ်တော်ဖြစ်သည်။ ထို့ကြော စကြဝဠာအတွင်းရှိ အရာအားလုံးအာ ဘုရားသခင်က ပေးကမ်းဖန်တီးခြင် လုပ်ပေးပြီး နောက်ဆုံး ဘုရားသခင် သို့သာ ပြန်လည်ရောက်ရှိကြသည်။

ဒေင်ဥယျာဉ်နှင့် မဟာကိ ဂဏန်းများအား လေ့လာခြင်းဖြင့် စိ ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတ မှုအခြေအနေအရပ်ရပ်အား 'မသိစိ ကို ကိုယ်စားပြုကိန်းဂဏန်းများ 'သိစိတ်' ကိုယ်စားပြုမဟာကိန်းဂဏ များက အသီးသီးကိုယ်စားပြုနေသ ကို တွေ့ရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် ဒေ ဥယျာဉ်နှင့် မဟာကိန်းဂဏန်းများပုံ လက်ဝဲရစ်ပုံစံရှိနေသော ဂဏန်းစက် များသည် အောက်သို့သက်ဆင်း ကမ္ဘာဆွဲအား ဟူသော အဓိပ္ပာယ် ကိုယ်စားပြုသည်။

လက်ယာရစ်ပုံစံရှိနေသောဂဏ စက်ဝိုင်းများကမူ အပေါ်သို့တက် နေခြင်း၊ အလင်းရောင်ရရှိခြင်းသ များကို ကိုယ်စားပြုသည်။

ဘုရားသခင်၏ ဖန်ဆင်းခြင် သည့် လူသားအနေဖြင့် သိစိတ်၊ စိတ်နယ်ပယ်နှင့် အစဉ်အမြဲထိတွေ့ ပြီး အဆိုပါစိတ်နှစ်ခု သဟဇာတ အောင် အမြဲတစေ ကြိုးစားရမည် ဖြစ်သည်။

သိစိတ်နှင့်မသိစိတ်တို့သဟဇာ ဖြစ်မှသာ စိတ်ပိုင်းဆိုင်ရာရော ရုပ် ဆိုင်ရာပါ သဟဇာတဖြစ်မည်ဖြစ်သ

ဖော်ပြပါပုံသည် ဘုရားသ ဆီသို့ သွားရာလမ်းကြောင်းလည် သည်။ ၎င်းပြင် တစ်ကိုယ်ကျေ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းမှ ပရဟိတဝါဒသို့ ပြောင်းလဲတတ်သူဖြစ်အောင်၊ လိုအင်ဆန္ဒများစွာရှိခြင်းမှ ဘုရားသခင်အပေါ် ယုံကြည်စိတ်ရှိလာအောင် ပြောင်းလဲနိုင်ခြင်းများအား ဖော်ပြသည်။

□ အပိုင်း (၂) □

**မဟာကပ်ကမ္ဘာ သက်တမ်း၊ ခေတ် ကာလ ဇက်ဝိုင်းများ**

မဟာကပ်ကမ္ဘာ ဟူသည် တိုင်းတာတွက်ချက်၍မရနိုင်သော ရှည်ကြာခဲ့ပြီးဖြစ်သည့် ရှေးကာလအပိုင်းအခြားကို ခေါ်သည်။

သက်တမ်းသည် သမိုင်းတင်ပြီး ကာလအပိုင်းအခြားဖြစ်သည်။

ခေတ်ဆိုသည်မှာကား သတ်မှတ်ထားသည့် ခေတ်ကာလအပိုင်းအခြားကို ရည်ညွှန်းသည်။

ကာလဟူသည်မှာ ပုံမှန်တိုင်းတာတွက်ချက်၍ရနိုင်သော အဖြစ်အပျက်များအား ရည်ညွှန်းသည်။

ရှေးဟောင်းသုတေသနပညာရှင်များအနေဖြင့် သမိုင်းဆိုင်ရာထူးခြားသော အထောက်အထားအမျိုးမျိုးတို့အား စုဆောင်းထားနိုင်ခဲ့ပြီး ဖြစ်သည်။ ရှေးဟောင်း သုတေသနပညာရှင်တို့ စုဆောင်းခဲ့သည့် အထောက်အထားများမှာ ရွှေခေတ်၊ ငွေခေတ်၊ ကြေးခေတ်၊ သံခေတ်တို့၏ သမိုင်းဆိုင်ရာ အချက်အလက်များပင်ဖြစ်သည်။ သမိုင်းဆိုင်ရာ အထောက်အထားတစ်ခုစီသည် ယင်းတို့ရှိခဲ့သည့် ခေတ်ကာလတစ်ခုစီအလိုက် တိုးတက်မှုအဆင့်ဆင့်အားဖော်ပြသည်။

**ရွှေခေတ်**

ရွှေခေတ်သည် ကပ်ကမ္ဘာကာလတစ်ခုအတွင်း ပေါ်ပေါက်ခဲ့သည့် ခေတ်တစ်ခေတ် ဖြစ်သည်။ ရွှေသည် တန်ဖိုးကြီးမားပြီး တောက်ပြောင်သည့် အဖိုးတန်သတ္တုတစ်မျိုး ဖြစ်သည်။ ထို့ကြောင့် ရှေးကာလက ရွှေအား အရည်အချင်းပြည့်မီ မြင့်မြတ်သူများ အသုံးပြုသည့် ပစ္စည်းအဖြစ် သတ်မှတ်ခဲ့သည်။ ရွှေခေတ်တွင် လူသားအချင်းချင်း ရိုင်းပင်းချစ်ကြည်စွာငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်းကြောင့် လူသားတို့၏ဘဝတစ်သက်တာအတွက် လုံခြုံစိတ်ချခဲ့ကြသည်။ ရွှေခေတ်ကာလအတွင်း လူသားအားလုံး စိတ်ဓာတ်သန့်ရှင်းဖြူစင်စွာ၊ လွတ်လပ်စွာနေထိုင်နိုင်ခဲ့သည်။

လူသားအချင်းချင်း အင်အားကြီးသူက အင်အားနည်းသူအပေါ် ဗိုလ်ကျစိုးမိုးခြင်း၊ ကျွန်ပြုခြင်းတို့သည် ရွှေခေတ်နောက်ပိုင်းကာလများရောက်မှပင် ပေါ်ပေါက်လာခဲ့သည်။

**ငွေခေတ်**

ငွေခေတ်ကာလအတွင်း ရှင်သန်ရပ်တည်ကြသည့် လူသားအားလုံးသည် စိတ်ပိုင်းဆိုင်ရာအခြေအနေရ ရွှေခေတ်ကာလလူသားများထက် ဖြူစင်သန့်ရှင်းမှုလျော့ကျလာခဲ့သည်။ ငွေခေတ်ကာလအတွင်း လူသားတို့အနေဖြင့် မိမိတို့၏ အသိဉာဏ်ပညာကြွယ်ဝမှုအပေါ် ဂုဏ်ယူ မာန်ဝင့်တတ်ကြသည်။

မိမိတို့၏ ဖန်တီးနိုင်စွမ်းမြင့်မားလာခြင်းကြောင့် တတိယမျက်လုံးဖြင့်သာ မြင်နိုင်စွမ်းသည့်စွမ်းရည်များကျဆင်းခဲ့ရသည်။

**ကြေးခေတ်**

ကြေးခေတ်သို့ ရောက်သည်နှင့် လူသားအားလုံး တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်သည့် အလေ့အထဖြစ်ပေါ်လာခဲ့သည်။

ကြေးခေတ်တွင် သက်ရှိလူသားအားလုံး ကိုယ်ကာယကြီးထွားကြံ့ခိုင်ဖျတ်လတ်ကြသည်။ သို့သော်လည်း ဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ်နိုင်စွမ်းများ လျော့နည်းကျဆင်းလာခဲ့သည်။

ကြေးခေတ်၌ သိစိတ်နှင့် အလိုဆန္ဒတို့၏ စေစားမှုအတိုင်း လောဘကြီးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ ဖြစ်ပေါ်လာခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများစွာပေါ်ပေါက်ခဲ့ခြင်းကြောင့် လူသားအားလုံးလက်နက်များအား အပြိုင်အဆိုင် တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ လက်နက်အများစုသည် ကြေးလက်နက်များဖြစ်ပြီး ချပ်ဝတ်တန်ဆာနှင့် စစ်ဆင်ရေးသုံး (ခေါင်းမှ ခြေဖျားအဆုံးရှိသော) အကာအကွယ်ပစ္စည်းများတို့ကိုလည်း တီထွင် ထုတ်လုပ်နိုင်ခဲ့သည်။

ကြေးခေတ်သည် အကြောင်းအမျိုးမျိုးဖြင့် စစ်မက်ဖြစ်ပွားခဲ့ခြင်းကြောင့် ထိုကာလအတွင်း သူရဲကောင်းများနှင့် စစ်သူကြီးများစွာ ပေါ်ထွက်ခဲ့သည်။ အမှန်စင်စစ် ကြေးခေတ်သည် မိမိအလိုဆန္ဒ အတ္တအတွက် နေ့ရောညပါ စစ်ဆင်တိုက်ခိုက်ရန် အမြဲပြင်ဆင်နိုးကြားနေရသည့်ကာလပင် ဖြစ်သည်။ ကြေးခေတ်ကာလ လူသားအားလုံး အလင်းရောင်အား စွန့်ခွာလျက် အမှောင်ထဲသို့ မိုက်မဲစွာ တိုးဝင်ခဲ့ကြသည်။ ထို့ကြောင့် ကြေးခေတ်ကာလ လူသားအားလုံးအား အလိုဆန္ဒ၏ ကြေးကျွန်များအဖြစ် သတ်မှတ်နိုင်သည်။

**သံခေတ်**

သံခေတ်တွင် ရှင်သန်ခဲ့ရသည့် လူသားအားလုံး သံဖြင့်စစ်သုံးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ သံခေတ်သည် အစွမ်းထက်သော ဓား၊ လှံများ ပြုလုပ်နိုင်ပြီဖြစ်သောကြောင့် တိုင်းနိုင်ငံဒေသတစ်ခုနှင့်တစ်ခု သိမ်းပိုက်စိုးစံနိုင်ရန် စစ်ပွဲကြီးများစွာဖြစ်ပေါ်ခဲ့သည့် ကြောက်မက်ဖွယ်ကာလတစ်ခုလည်း ဖြစ်သည်။ ယနေ့ခေတ်မီတိုးတက်သောကာလသည် ရှေးက သံခေတ်မဟုတ်သော်လည်း သံဖြင့်ပြုလုပ်သော ပစ္စည်းများစွာတို့အား အကျိုးရှိရှိ အသုံးပြုနေရဆဲ ကာလပင်ဖြစ်သည်။

ခေတ်ကာလများသည် (၁၂) ရာသီစက်ဝိုင်းနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ခေတ်မီတိုးတက်နေပြီဆိုသော ယနေ့ကာလသည်ပင် သံခေတ်အတွင်းမှာပင်ရှိသေးကြောင်း ကျွန်ုပ်တို့သတိပြုရမည်ဖြစ်သည်။ သမ္မာကျမ်းလာဖော်ပြချက်အရ ခေတ်တစ်ခေတ်အား ကိုယ်စားပြုသောရာသီခွင်တစ်ခု၏သက်တမ်းမှာ နှစ်ပေါင်း (၂၀၀၀) ခန့် ကြာမြင့်သည်။ ထို့ကြောင့် ရာသီခွင် (၁၂) ခုအား တစ်ပတ်ပတ်နိုင်ရန်အတွက် နှစ်ပေါင်း (၂၄၀၀၀) ခန့် ကြာမြင့်မည်ဖြစ်သည်။ မိဿရာသီစိုးမိုးသောခေတ်အား ရာသီရုပ် သိုးထီးဖြင့် သတ်မှတ်ပုံဖော်ထားသည်။ ၎င်းသိုးထီးသည် ဘုရားသခင်၏ သိုးလိမ္မာဖြစ်သည်။ ဘုရားသခင်၏ သိုးဖြစ်ကြောင်း ဓမ္မဟောင်းကျမ်းပါ 'အာဘရဟမ်'နှင့် 'မောရှေ'တို့အကြောင်း ဖော်ပြသည့်အခန်း၌ ဖတ်ရှုနိုင်သည်။ ခရစ်တော်ပေါ်လာပြီးနောက် ဘုရားသခင်က သခင်ယေရှုအား သိုးကျောင်းသားအဖြစ် ပညတ်ခဲ့သည်။ သခင်ယေရှုသည် မိဿရာသီခွင်ဖွားဖြစ်သည်။

သံခေတ်သည် မိန်ရာသီနှင့်အတူ ကုန်ဆုံးမည်ဖြစ်သည်။ မိန်ရာသီကာလအလွန် မိဿရာသီခွင်ကာလအရောက်၌ သခင်ယေရှုမွေးဖွားခဲ့သည့်ကာလသို့ ရာသီစက်ဝိုင်း တစ်ပတ်လည်ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိမည်ဖြစ်သည်။

သံခေတ်ကုန်ဆုံးမည့် မိန်ရာသီကာလအား ငါးနှစ်ကောင်ဦးတည်ရာ ဆန့်ကျင်ဘက်ဖြင့် ရေကူးနေသည့်ပုံဖြင့် သတ်မှတ်ဖော်ပြသည်။ ဓမ္မသတ်ကျမ်းအရ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်ခြင်းကို ဖော်ညွှန်းသည်။ သခင်ယေရှုက တပည့်များအား တံငါသည်များအဖြစ် ရည်ညွှန်းခေါ်ဆိုခြင်းမှာ မိန်ရာသီကာလအား သိစေခြင်းပင်ဖြစ်သည်။

ကန်ရာသီသည် သန့်ရှင်းစင်ကြယ်ခြင်း၊ အပျို၊ ပေါင်မုန့်၊ ဝိုင်နှင့်ရိတ်သိမ်းခြင်းသဘောများကို ကိုယ်စားပြုသည်။

လက်ရှိကာလအနေအထားအရ ကျွန်ုပ်တို့အားလုံး ကုံရာသီအတွင်းသို့ ဖြည်းဖြည်း ချဉ်းကပ်ဝင်ရောက်နေပြီဖြစ်သည်။ ကုံရာသီအမှတ်သင်္ကေတသည် လူသားချင်း စာနာထောက်ထားသည့်ဝါဒ၊ ပရဟိတဝါဒသမားများ လွှမ်းမိုးမည့်အခြေအနေကို ရည်ညွှန်းသည်။ ထိုကာလအတွင်း လူသားတို့အချင်းချင်း စုပေါင်းပြီး ကောင်းခြင်းအမျိုးမျိုးကို တည်ဆောက်ကြမည် ဖြစ်သည်။

သို့သော်လည်း မိန်ရာသီကာလအတွင်းရောက်သည်နှင့် စိတ်မသက်မသာစရာများ၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာဝေဒနာများ ခံစားလာရမည်ဖြစ်သည်။ မကောင်းသောအခြေအနေများရှိနေသည့် မည်သည့်ခေတ်တွင်မဆို ဘုရားသခင်နှစ်သက်အလိုရှိသောလမ်းကြောင်းကိုသာ ရဲဝံ့စွာလျှောက်ရမည်ဖြစ်သည်။

□ အပိုင်း (၃) □

**ဒေဝဉယျာဉ်**

ဘုရားသခင်သည် သူ၏နာမတော်ဖြင့် လူသားကိုဖန်တီးသည်။

ဘုရားသခင်သည် ယောကျ်ား၊ မိန်းမ ဟူသည့်ဆန့်ကျင်ဘက်လူသားနှစ်ဦးကို ဖန်တီးသည်။

ဓမ္မဟောင်းကျမ်း 1:27

ကျွန်ုပ်တို့သည် ဒေဝဉယျာဉ်အတွင်း ဘုရားသခင်၏ဖန်ဆင်းခြင်းခံရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ထားရှိနိုင်သည့်အလိုဆန္ဒတို့အား ပေးသနားပြီး ဘဝလမ်းကြောင်းတစ်ခုစီအတွက် ရွေးချယ်ခွင့်ပေးထားသည်။

ဘဝတစ်သက်တာအတွင်း လူသားတို့အတွက် ပြဿနာဖြစ်စေသော အကြောင်းအရင်းတစ်ခုမှာ ဖန်ဆင်းတည်ဆောက်နိုင်စွမ်းအား မည်သို့ထိန်းချုပ်ရမည်ကို အမှန်သိစေရန် လိုအပ်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့လူသားအားလုံးသည် လူသားအဖြစ်မဖန်ဆင်းခံရသေးမီအချိန်အတွင်း ဘုရားသခင်နှင့် တစ်သားတည်းရှိခဲ့ကြသည်။

လူသားအဖြစ် ဖန်ဆင်းခြင်းခံရပြီးနောက်ပိုင်းတွင်လည်း အမဲပစ်လက်နက် ဒလက်ကွေး (ထိကပြန်) ကဲ့သို့ မိမိဘဝလမ်းကြောင်း မည်မျှပင်ရှည်စေကာမူ နောက်ဆုံး ဘုရားရှင်ဆီသို့သာပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။

အသိဉာဏ်ပညာဟူသည် ဘုရားသခင်ဖန်ဆင်းပေးသော ကျွန်ုပ်တို့၏ခန္ဓာကိုယ်တွင်းရှိ ဆဲ(လ်)များ၌ ပုန်းကွယ်လျက်ရှိသည့် ဘုရားသခင်အပေါ် ယုံကြည်စိတ်ကြီးမားခြင်းဖြင့် ၎င်းဆဲ(လ်)များအတွင်းရှိနေသော အသိဉာဏ်ပညာများအား မှန်ကန်စွာအသုံးချနိုင်မည်ဖြစ်သည်။

လူသား ဆိုသည်မှာ အကောင်အထည်ဖြင့်မြင်ရသော ရုပ်ခန္ဓာကြီးသက်သက်အား မဆိုလိုပါ။ အကောင်အထည်အတိအကျဖြင့် ဖော်ပြနိုင်ခြင်းမရှိသော သိစိတ်ဗဟိုပြုရာစိတ်ပင်ဖြစ်သည်။

သိစိတ်အား နေစကြဝဠာဖြင့် တိုင်းတာနိုင်သည်။

လူသားအဖြစ်စတင်ရောက်ရှိချိန်တွင် ဝိညာဉ်နေရာ၌ သိစိတ်အစားထိုးဝင်ရောက်လာသည်။ အဆိုပါသိစိတ်ဖြင့် ဘဝတစ်သက်တာအတွင်း ကိစ္စအရပ်ရပ်အား လူသားတို့ကဆောင်ရွက်သည်။

□ အပိုင်း (၄) □

**ရွှေခေတ်သစ်**

စကြဝဠာအတွင်း ကမ္ဘာဂြိုဟ်၏ တည်နေရာအနေအထားကို လေ့လာပါက ကျွန်ုပ်တို့၏ နေစကြဝဠာသည် နဂါးငွေ့တန်းအတွင်း တည်ရှိပြီး နေ၏ ရွှေရောင်အလင်းတန်းအောက်၌ ... ရောက်လျက်ရှိသည်။

နေ၏ အပူရှိန်နှင့် အလင်းရောင်သည် ကမ္ဘာဂြိုဟ်ပေါ်ရှိ သက်ရှိအားလုံး အပေါ် များစွာ အကျိုးသက်ရောက်လျက်ရှိသည်။

အကျိုးသက်ရောက်မှုများဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးရာတို့အပေါ် အကျိုးသက်ရောက်မှုကို ဆိုလိုသည်။

ကမ္ဘာဂြိုဟ်သည် ခေတ်ကာလအမျိုးမျိုး၏ အပြောင်းအလဲနှင့် အကျိုးသက်ရောက်မှုအမျိုးမျိုးကို ခံစားရသည်။ အပြောင်းအလဲအမျိုးမျိုး ဆိုသည်မှာ သမုဒ္ဒရာများက ကုန်းမြေဖြစ်လိုက်၊ ကုန်းမြေများက သမုဒ္ဒရာအောက်သို့ ရောက်လိုက်ဖြစ်ပေါ်ခဲ့သည့်အခြေအနေများကို ဆိုလိုသည်။ ထို့ကြောင့် လေ့လာတွေ့ရှိချက်များအရ ကုန်းမြေအချို့ ဆားဓာတ်များရောနှောပါဝင်နေကြောင်း သိရှိရသည်။

ဖော်ပြပါ အခြေအနေအမျိုးမျိုးဖြင့် ကမ္ဘာသည် အမြဲတစေ အသစ်အသစ်များကို တစ်လှည့်စီ ဖန်တီးပေးနေမည်ဖြစ်သည်။

**ကမ္ဘာဂြိုဟ်ပေါ်၌ မေတ္တာတရား၏အရေးပါပုံ**

ဘုရားသခင်၏ အလိုတော်အရ ကမ္ဘာဂြိုဟ်ပေါ်၌ အမုန်းတရားအား ဖျက်ဆီးဖြိုခွင်းပစ်နိုင်သည့် တစ်ခုတည်းသောလက်နက်မှာ မေတ္တာတရားပင်ဖြစ်သည်။ ဓမ္မတ္တာတရားရှေ့ထားခြင်းဖြင့်

| အတိုင်းအတာ | ကိုယ်စားပြုဂြိုလ် | ရည်ညွှန်းသောအဓိပ္ပာယ် |
|---|---|---|
| တတိယမြောက် | ကမ္ဘာဂြိုဟ် | တတိယမြောက်အတိုင်းအတာ |
| စတုတ္ထမြောက် | သောကြာဂြိုဟ် | ချစ်ခြင်းမေတ္တာ - ခွင့်လွှတ်ခြင်း |
| ပဥ္စမမြောက် | ကြာသပတေးဂြိုဟ် | ဝိညာဉ်နှင့်ဆိုင်သောသိစိတ် |
| ဆဋ္ဌမမြောက် | ယူရေးနပ်စ်ဂြိုဟ် | လျှို့ဝှက်ဆန်းကြယ်ခြင်း၊ စိတ်နယ်လွန်ခြင်း |
| သတ္တမမြောက် | နက်ပ်ကျွန်းဂြိုဟ် | လျှို့ဝှက်မှုများအားသိစေခြင်း |
| အဋ္ဌမမြောက် | ပလူတိုဂြိုဟ် | အကောင်းဘက်သို့ပြုပြင်ပေးခြင်း |



www.burmeseclassic.com

www.burmeseclassic.com

သော ကျွန်ုပ်တို့ ငြိမ်းချမ်းရေးကို ရယူနိုင်မည်ဖြစ်သည်။ တစ်ဖန် မေတ္တာတရားထားရှိခြင်းကြောင့် ဆန့်ကျင်တိုက်ခိုက်လိုစိတ်၊ ကြောက်ရွံ့စိတ်များကင်းလွတ်ပြီး လူသားတို့တစ်ဦးနှင့်တစ်ဦးအပေါ် ယုံကြည်မှုတည်ဆောက်လာနိုင်မည် ဖြစ်သည်။ ရွှေခေတ်သစ်တွင် ဘုရားသခင်၏ မေတ္တာဓာတ်များ လူသားတစ်ဦးချင်းစီသို့ စိမ့်ဝင်ပျံ့နှံ့စေမည်ဖြစ်သည်။

❑ အပိုင်း (၅) ❑

**လူ့ဘဝတစ်သက်တာခရီးနှင့်ကိန်းဂဏန်းများ**

လူ့ဘဝ တစ်သက်တာ ခရီးအား ကိန်းဂဏန်းများက စိုးမိုးထားသည်။

ကိန်းဂဏန်းများအား လူသားတစ်ဦးချင်းစီ၏ အမည်၊ မွေးသက္ကရာဇ်တို့အား ပေါင်းခြင်းဖြင့် ရရှိသည်။

အမည်၊ မွေးသက္ကရာဇ်တို့အား ပေါင်းရာ၌ 'အသက်ဝိညာဉ်' ကိုယ်စားပြုကိန်းဂဏန်း 'ပင်ကိုစရိုက်' လက္ခဏာကိုယ်စားပြုကိန်းဂဏန်း၊ 'ကံကြမ္မာ' ကိုယ်စားပြုကိန်းဂဏန်း၊ 'ဘဝသင်ခန်းစာ' ရည်ညွှန်းသော ကိန်းဂဏန်း ဟူ၍ ကိန်းဂဏန်းအမျိုးမျိုးရရှိသည်။

အဆိုပါ ကိုယ်စားပြုကိန်းဂဏန်းတစ်ခုချင်းအလိုက် သီးခြားအဓိပ္ပာယ်နှင့်ဆိုချက်တစ်မျိုးစီ ပါရှိကြသည်။ (နောက်ဆက်တွဲ A နှင့် Bပါဖော်ပြချက်) အခြေအနေ အကြောင်းအရာတစ်ခုစီအတွက် ကိုယ်စားပြုဂဏန်းများအားပေါင်းရာ၌ အက္ခရာစဉ် ABC... အလိုက်ကိုယ်စားပြုဂဏန်းများနှင့် အကြောင်းအရာတစ်ခုစီအား ရည်ညွှန်းသည့်ဝေါဟာရစကားလုံးပါ ဗျည်း၊ သရတို့အား ပေါင်းခြင်းများ မှန်ကန်ရန် အရေးကြီး လိုအပ်သည်။ ကိန်းဂဏန်းများသည် အသက်ဝိညာဉ်၊ ပင်ကိုစရိုက်၊ ကံကြမ္မာ၊ ဘဝသင်ခန်းစာအပြင် အခြေအနေ အကြောင်းအရာအမျိုးမျိုးကိုလည်း ရည်ညွှန်းသည်။

**သုညဂဏန်း** (Zero - 0)

ဂဏန်းဗေဒင်၌ 0 အား ကိန်းဂဏန်းအဖြစ် သတ်မှတ်ထားသည်။

0 သည် ဘုရားသခင်၏ ဖန်ဆင်းခြင်းများမတိုင်မီကာလအား ရည်ညွှန်းသည်။ ၎င်းပြင် 0 သည် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော် ဘုရားသခင်၏ အကြွင်းမဲ့ရှင်သန်နေသော အလင်းရောင်နှင့် ဖန်တီးနိုင်စွမ်းရှိသည့် စွမ်းအင်ကိုရည်ညွှန်းသည်။

0 အား မည်သည့်ကိန်းဂဏန်းကမှ ပေါင်းထည့်ခြင်း၊ နုတ်ယူခြင်းမပြုလုပ်နိုင်။ သို့သော်လည်း 0 က အခြားသော ကိန်းဂဏန်းများအား တန်ဖိုးမြှင့်တက်အောင်လုပ်ပေးနိုင်သည့်အစွမ်းအစရှိသည်။

ဥပမာ 1အား 10၊ 2 အား 20၊ 3 အား 30၊ 4 အား 40 ဟူ၍ တန်ဖိုးမြှင့်ပေးနိုင်သည်။

ကိန်းဂဏန်းများနှင့် ပတ်သက်၍ လေ့လာရာ၌ သမ္မာကျမ်းတွင် ဖော်ပြထားသည်မှာ ဘုရားသခင်အားယုံကြည်သော ယာကုပ် (Jacob) အား ဘုရားသခင်က ယာကုပ်ဟု ဆက်လက် မခေါ်ဘဲ 'အစ္စရေး' ဟုခေါ်စေခဲ့ကြောင်း သိရှိရသည်။

ယာကုပ် (J a c o b)
1 1 3 6 2
13/4
(4 ဂဏန်းဆိုင်ရာစွမ်းအင်ရှိအမည်)

အစ္စရေး (I S R A E L)
9 1 9 1 5 3
28/10
(10 ဂဏန်းဆိုင်ရာစွမ်းအင်ရှိအမည်)

4 ဟူသောဂဏန်းသည် 1, 2, 3 ဟူသော ကိန်းဂဏန်းများနှင့်ပေါင်းပါက 0 သည့် 10 ဟူသော ဂဏန်းကို ရရှိသည်။

ထို့ကြောင့် 1+2+3+4= 10 ဟူ၍ ရရှိသည်။

ဂဏန်းဗေဒင်စနစ်အရ 1 ဂဏန်းသည် ဘုရားသခင်အား ရည်ညွှန်းပြီး 2 ဂဏန်းက အကြောင်းကိစ္စအမျိုးမျိုးကို ကိုယ်စားပြုသည်။ 3 ဂဏန်းသည် စကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သည့် ကိစ္စအဝဝအား ရည်ညွှန်းသည်။

❑ အပိုင်း (၆) ❑

**ဂဏန်းတစ်လုံးတည်းက ဖော်ပြသည့် ဝိညာဉ်လိပ်ပြာ၏ခရီးလမ်းကြောင်း**

ဝိညာဉ် - လိပ်ပြာတို့သည် ဒေဝဥယျာဉ်မှထွက်ခွာလျက် ၎င်းတို့၏ ကိုယ်တိုင်ရွေးချယ်မှုများအရ လူအဖြစ်ဝင်စားရန် ကမ္ဘာမြေပြင်ပေါ်သို့ရောက်ရှိလာကြသည်။ ထာဝရဘုရားသခင်၏ ဖန်ဆင်းမှုအရ လူသားတွင် ဖိုနှင့် မဟူ၍ ဆန့်ကျင်ဘက်လိင်နှစ်မျိုးကွဲပြားသွားရသည်။

ဝိညာဉ်-လိပ်ပြာဘဝမှ လူအဖြစ်ဝင်စားခွင့်ရကြသည်နှင့် လူသားအားလုံး ၎င်းတို့၏ မူလဇာစ်မြစ်နေရာမှန်ကို မေ့လျော့သွားတတ်ကြသည်။

လူသားအဖြစ် မွေးဖွားလာသည့်ဖို၊ မတို့၌ သက်ဆိုင်ရာ ကိန်းဂဏန်းအသီးသီးပါရှိပြီး ဖြစ်သည်။

လူသားတစ်ဦးချင်းစီအတွက် ရရှိသောကိန်းများကို အမည် (သို့) မွေးနေ့အား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းခြင်းဖြင့် ရရှိသည်။

အောက်တွင် ဖော်ပြချက်အရ လူသားအဖြစ် ဘုရားရှင်က ဖန်ဆင်းလိုက်သည့် အာဒမ်နှင့် ဧဝတို့၏ အမည်ပါ အက္ခရာစဉ်စာလုံးများအား တစ်ခုချင်းအလိုက် ကိန်းဂဏန်းများဖြင့် အစားထိုးပြီး ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းပေးနိုင်သည်။ ထိုနည်းတူ အာဒမ်၊ ဧဝတို့နှင့် ပတ်သက် ဆက်စပ်နေသော အကြောင်းအရာ အခြေအနေပြစကားလုံးတို့ကိုလည်း ကိန်းဂဏန်းများအစားထိုး၍ပေါင်းပေးနိုင်သည်။

*(ဆက်ရန်)*

ကိုးနဝင်း

**အမည်နှင့် ဆက်စပ်အကြောင်းအရာများအားပေါင်းခြင်းဖြင့် 1 ဂဏန်းကို ရရှိသည်။**

ဥပမာ -

| ADAM (အာဒမ်) | EVA (ဧဝ) | PIONEER (ရှေ့ပြေး) | Front | Being (လူသားဘဝ) |
|---|---|---|---|---|
| 1 4 1 4 | 5 4 1 | 7 9 6 5 5 5 9 | 6 9 6 5 2 | 6 9 6 5 7 |
| 10/1 | 10/1 | 46/1 | 28/1 | 28/1 |



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါက ရန်ကုန်မြို့ လမ်း(၄၀) ရှိ မိတ်ဆွေတစ်ယောက်အိမ်သို့သွားဖြစ်ပါသည်။ အိမ်ဆိုတာထက် တိုက်ခန်းဟုဆိုမှမှန်ပါလိမ့်မည်။ လေးလွှာမှာရှိသော တိုက်ခန်းဖြစ်ပါ၏။ သူတို့နှင့်ကပ်လျက်ဖြစ်သော ဘေးအခန်းဝရန်တာတွင် မြေအိုးသေးသေးလေးနှင့် ထည့်စိုက်ထားသော ရှားစောင်းလက်ပပ်ပင်လေးကို တွေ့ရပါသည်။ စာရေးသူ၏စိတ်တွင် ထိုအပင်လေးကိုကြည့်ပြီး ပီတိဖြစ်မိပါသည်။ ရှားစောင်းလက်ပပ်ပင်ကို စိုက်ထားမှတော့ (ထိုသူတို့သည်) ရှားစောင်းလက်ပပ်၏အစွမ်းကို သိသူသာဖြစ်ပေလိမ့်မည်။ ရှားစောင်းလက်ပပ်ကို ဆေးဖြစ်ဝါးဖြစ် (ထိုသူတို့) သုံးပေလိမ့်မည်။ ထိုသူတို့သည် ဘာဖြစ်ဖြစ် ဆေးခန်းအားကိုးတတ်သူများမဖြစ်နိုင်ကြဟု ကိုယ့်ဘာသာအတွေးပေါက်ပြီး ဝမ်းမြောက်ဝမ်းသာ ကြည်နူးမိခြင်းပင် ဖြစ်ပါ၏။

တိုက်ခန်းမှာနေကြသူတို့ကပင်လျှင် မြေအိုးလေးထဲ မြေဆေး (ဝယ်ရဟန်ကူပါသည်။) ထည့်ပြီးစိုက်ထားကြလျှင် မြေပိုမြေလျှံရှိသူများက မစိုက်သင့်ပေဘူးလား။ မြေတစ်ပေရှိလျှင် တစ်ပေဆန့်သလောက် ရှားစောင်းလက်ပပ်များမစိုက်သင့်ပေဘူးလား။

ရှားစောင်းလက်ပပ်ကို -

**အင်္ဂလိပ်** - INDIAN OR BARBA-DOSALOE

**ရုက္ခဗေဒ** - ALOEVERA. LINN: A.BARBA-DENSIS

**ပါဠိ** - မဟာသကာ

ဟူ၍ဖြစ်ပါသည်။

ရှားစောင်းလက်ပပ်တွင် အာပေါဓာတ်၊ အာဟာရဓာတ်၊ အာကာသဓာတ်၊ ဝါယောဓာတ်၊ ပထဝီဓာတ်တို့ အချိုးကိုက်ညီစွာပါဝင်သောအပင်ဖြစ်ပါသည်။ နေရာဒေသမရွေး၊ မြေမရွေး စိုက်ပျိုးဖြစ်ထွန်းပါသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း ကျောက်ပန်းတောင်းတွင် ရှားစောင်းလက်ပပ်ကို အမြောက်အမြား စိုက်ပျိုးပြီး မုတ်ခါးထုတ်လုပ်ရောင်းချနေပါသည်။ ရွှေဘိုမြို့ရှိ စာရေးသူ၏ တပည့်တစ်ယောက်က သူ၏ မြေ (၁၀'×၄') ခန့်အကျယ်ကို မြေသားပေါင်လုပ်ပြီး ရှားစောင်းလက်ပပ်များစိုက်ပျိုးထားရာ ဖြစ်ထွန်းပါ၏။ သူက တိုင်းရင်းဆေးဆရာဖြစ်သဖြင့် မုတ်ခါးထုတ်ယူ၏။ မုတ်ခါးထုတ်ပြီး အပင်များကို ဓားဖြင့်လှီးကာ နေသွေ့သွေ့လှန်း၍ အမှုန့်ကြိတ်ထား၏။ အမှုန့်ကိုမှ ဖီးကြမ်းငှက်ပျောသီးမှည့်မှည့်နှင့်နယ် (စက်နှင့်နယ်)ပြီး အပြားပြုလုပ်ထားပါသည်။ (၉၆) ပါးရောဂါများ ပျောက်ကင်းနိုင်ပါသည်ဟုဆိုသော် လွန်အံ့မထင်ပါ။

ရှားစောင်းလက်ပပ်တွင် ပါသောဆူးကလေးများက အာကာသဓာတ်ကိုပေးပါ၏။ ဂျယ်ကဲ့သို့ စေးပျစ်ပျစ်အတွင်းသားသည် ပထဝီနှင့် အာပေါဓာတ်ဖြစ်ပါ၏။ ရှားစောင်းလက်ပပ်အခွံသည် ခါးသောအရသာ ဝါယောဓာတ်ဖြစ်ပြီး ရှားစောင်းလက်ပပ်တွင် အာဟာရဓာတ်လည်းပါရှိရကား -

အစားမှား၍ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ခံစားရသော လျှာကွဲခြင်း၊ ပါးစောင်ပေါက်ခြင်း၊ သွားဖုံးပေါက်ခြင်း၊ သွားဖုံးရောင်ခြင်း၊ ပါးစပ်အတွင်းနံရံများပေါက်ပါက သို့မဟုတ် ပြည်တည်နာဖြစ်နေပါက ရှားစောင်းလက်ပပ်အတွင်းသားဖြူဖြူကိုခြစ်ယူ၍ သေးသေးလေးဖြစ်အောင်လှီးယူပြီး သောက်လိုက်ပါ။ လုံးဝမခါးပါ။ အချိုကြိုက်လျှင် သကြားအနည်းငယ်ထည့်သောက်ပါ။ နှစ်ကြိမ်ခန့်သောက်တာနှင့်ပျောက်ကင်းပါ၏။

# အိမ်တိုင်းစိုက်အပ်
# အင်တာနေရှင်နယ် ရှားစောင်းလက်ပပ်

ဝေစည်(ရွှေဘို)


စာရေးသူ၏ခြံထဲမှ ရှားစောင်းလက်ပပ်ပင်


ပလတ်စတစ်ဖြင့်ထုပ်ပြီး ဈေးနှုန်းပါကပ်ထားသော စင်ကာပူမှ ရှားစောင်းလက်ပပ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းတွင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း ကွဲခြင်း၊ ကျိုးကန်းပါးစပ်ခေါ် ပါး စောင်ဘေးများကွဲခြင်းများအတွက် ရှား စောင်းလက်ပပ်အနှစ်ကိုသာ သောက်ချ လိုက်ပါ။

ဤနေရာတွင် တန်ဆေးလွန် ဘေးဆိုသည့်အတိုင်း အတန်အသင့် သောက်တာနှင့် ပျောက်ကင်းပါသည်။ များများသောက်လျှင် အစာအိမ် ကောင်းသူများ ဗိုက်နာတတ်ပါသည်။ ဆေးရုံ၊ ဆေးခန်းပြရလောက်အောင် တော့ ဗိုက်မနာတတ်ပါ။

ရှားစောင်းလက်ပပ်စိုစိုအမြဲမရနိုင် ပါက -

၁။ ရှားစောင်းလက်ပပ် (၁၀) သား၊
၂။ မန်ကျည်းမှည့်အနှစ် (၅) သား၊
၃။ ထန်းဖိုထန်းလျက် (၁၀) သား၊
၄။ စမုန်နက်လှော်ထောင်း
(၄) ပဲ သား (တစ်မတ်သား)၊
၅။ ဆားလှော် (၄) ပဲသား၊
၆။ ပျားရည် (၅) ကျပ်သား

ကို ကျိုချက်ပြီး နံနက်ဟင်းစား ဇွန်း (၁) ဇွန်းစားပေးပါ။ လေချဉ်၊ လေ တတ်၊ လေအောင့်ပျောက်ပါ၏။ ဓမ္မတာ ဆုပ်ခြင်း၊ ထိမ်ခြင်း၊ ကျန်ခြင်း၊ အဖြူ ဆင်းခြင်းကိုပျောက်စေပါ၏။

**ကျိုချက်နည်း**

ရှားစောင်းလက်ပပ်ကို ရေစင်စင် ဆေးပြီး ဓားဖြင့်ပါးပါးလှီးပါ။ မန်ကျည်း မှည့်ကို စင်ကြယ်အောင်ဆေးပြီး ရေမြှုပ် ရုံစိမ်ပါ။ နူးအိလျှင် ဆန်ခါနှင့်တိုက်ပြီး အနှစ်ချပါ။

ရှေးဦးစွာ ရှားစောင်းလက်ပပ်ကို ထင်းလှော်သောအိုးဖြင့်ထည့်ပြီး မီးမျှင်း မျှင်းဖြင့်ကျိုပါ။ အရောင်ပြောင်းအောင် ကျိုပါ။ ထို့နောက်မှ မန်ကျည်းမှည့်နှစ် ထည့်ပါ။ မပြတ်မွှေပေးပါ။ ထို့နောက် စမုန်နက်လှော်ထောင်း၊ ဆားလှော် (မရ ပါက) ပရဆေးဆိုင်မှ ဆားပုပ်ခဲဝယ် ထည့်ပြီးမွှေပါ။ မွှေသောအခါ သစ်သား (ယောက်မဟုတ်) ဝါးယောက်မဖြင့်မွှေပါ။ ယောက်မကို မ,လိုက်လျှင် ကြွက်မြီး ကြမ်းသကဲ့သို့ စေးပျစ်လာပါက မီးဖိုပေါ် မှချပြီး အအေးခံပါ။ လုံးဝအေးသွားပြီ ဆိုလျှင် ပျားရည်ထည့်လိုက်ပါ။

ကျား/မမရွေး အရွယ်မရွေး သုံး ဆောင်နိုင်ပါသည်။ မျက်နှာပေါ်ရှိ တင်း တိပ်၊ ဝက်ခြံ၊ ပွေး၊ ညှင်းများ ပျောက် ကင်းသွားပါလိမ့်မည်။ အစာအိမ်ကိုပါ အပြောင်းပြောင်းလဲသွားသဖြင့် အစာအိမ် ရောဂါနှင့်လိပ်ခေါင်းရောဂါကိုပါပျောက် ကင်းပါလိမ့်မည်။ ဆေးကျမ်းများအလို အရ -

**ရှုတော်မူ** - ရှားစောင်းလက်ပပ် သည် မီးယပ်နာများနှင့်သင့်၏။ သွေးကို စင်ကြယ်စေတတ်၏။

**ဇီဝိတဆေးကျမ်း** - ရှားစောင်း လက်ပပ်သည် ခါး၏။ အမြှုပ်ရှိသဖြင့် အတန်ငယ်ဖန်၏။ အငန်ဓာတ်အနည်း ငယ်ရှိ၏။ ဝမ်းကိုမချုပ်စေတတ်။

**ဓာတုဩသဓ** - ရှားစောင်းလက် ပပ်သည် အအေး အာပေါ၊ အသက် ဓာတ်။

CHOPRA ကျမ်းအလိုအားဖြင့် FRESH JUICE IS USEFUL IN FEVERS; PULP IS USED ON UTERUS; ROOT IS USED IIN COLIEဟုဆိုထား ပါသည်။

**အထူး** - ရှားစောင်းလက်ပပ်သည် ဆီးနီ၊ ဆီးနည်း၊ ဆီးနှံဆိုးသူများအတွက် မဟာဆေးကြီးဖြစ်ပါသည်။

ကင်ဆာရောဂါသမားများ အနာ ဘူးပွင့်လန်နေ၍ ပူစပ်ပူလောင်ခံစားနေ ရပါလျှင် ရှားစောင်းလက်ပပ်ကို ဓားဖြင့် နှစ်ခြမ်းခွဲပြီး ထိုအနာပေါ်ကပ်ပေးပါ။ တစ်ဖတ်ပြီးတစ်ဖတ်အဆက်မပြတ်ကပ် ပေးပါ။ အော်ဟစ်ညည်းတွားနေရသူများ ပင်မအော်မဟစ်ရတော့ဘဲ ချမ်းသာစွာ အိပ်နိုင်ပါလိမ့်မည်။

မီးပူလောင်ခြင်း၊ ရေနွေးပူလောင် ခြင်းများအတွက် အထက်ပါအတိုင်း အဆက်မပြတ်ကပ်ပေးပါက ပျောက် ကင်းနိုင်ပါသည်။

အမေရိကန်နိုင်ငံတွင် ရှားစောင်း လက်ပပ်ကို အမေရိကန်မြို့ကြီးများရှိ စတိုးဆိုင်ကြီးများတွင် အလွယ်တကူဝယ် ယူရရှိပါကြောင်း၊ ရှားစောင်းလက်ပပ် ဈေးမှာ တစ်ပေါင်ဆိုလျှင် (၁. ၄၉) ဒေါ်လာဖြစ်ကြောင်းပါ သိရပါသည်။ သူတို့ နိုင်ငံတွင် အမျိုးသမီးများ ခေါင်းကို ဖောက်ကင်းစင်ရန်အတွက်သုံးကြောင်း၊ ရေချိုးခေါင်းလျှော်မပြုမီ ရှားစောင်း လက်ပပ်အနှစ်ဖြင့် ဆံပင်အရင်း ဦးရေ ပြားအထိရောက်အောင် ကျကျနနပွတ် တိုက်ပေးပြီးမှ ခေါင်းလျှော်ကြကြောင်း၊ ခေါင်းဦးရေအေးပြီးနေ၍ထိုင်၍ကောင်း ကြောင်း၊ ခေါင်းလျှော်သဖြင့်မျက်စိနီတာ မျိုးလည်းမဖြစ်ပါကြောင်း ပြောကြပါ သည်။


အင်္ဂလန်ရောက် ပညာတော်သင် တစ်ယောက်က ရှားစောင်းလက်ပပ်သာ မက ဆီးဖြူသီး၊ ဖန်ခါးသီးများကိုပါ အိန္ဒိယ လူမျိုးက ရောင်းကြောင်း၊ ရှားစောင်း လက်ပပ်အဖတ်ကြီးကြီးတစ်ဖတ်လျှင် (၂)ပေါင်ပေးရကြောင်း ပြောပြပါသည်။ နိုင်ငံပေါင်းစုံ ကျောင်းသူကျောင်းသား များထဲမှ ကျောက်ကပ်ဝေဒနာရှင်များ က ရှားစောင်းလက်ပပ်အနှစ်ကို နေ့စဉ် စားသုံးပေးခြင်းဖြင့် ကျောက်များကြေ ကြကြောင်း၊ ရှားစောင်းလက်ပပ်သည် အသားအရေစိုပြည်စေသဖြင့် အချို့က ရှားစောင်းလက်ပပ်ကို အသားနှင့်ကြော် စားကြောင်းပါ သိရပါသည်။ အင်္ဂလန် မှာ အေးသဖြင့် ဆံပင်ဖောက်ထခြင်းကို ရှားစောင်းလက်ပပ်အနှစ်ဖြင့် ပွတ်ကြ ကြောင်း။

စင်ကာပူနိုင်ငံမှာလည်း ရှား စောင်းလက်ပပ်က နေရာရပါသည်။ စတိုးဆိုင်ကြီးများတွင် ရှားစောင်းလက် ပပ် တစ်ကီလိုလျှင် စင်ကာပူဒေါ်လာ (၂. ၅၀) ဖြင့် ရောင်းပါကြောင်း သိရပါ သည်။ ပုံတွင် ရှားစောင်းလက်ပပ် (0.492 kg) ကို (S 1.23) ဖြစ်ကြောင်း လေဗယ်တပ်ထားပါသည်။ ကမ္ဘာ့နိုင်ငံ အသီးသီးမှ စင်ကာပူသို့ရောက်ရှိနေကြ သော လူမျိုးပေါင်းစုံ ကျား/မ မရွေး စားသုံးကြပါကြောင်း သိရပါသည်။ တကယ်တော့ ရှားစောင်းလက်ပပ်သည် ကမ္ဘာသုံးဖြစ်ပါသည်။ အင်တာနေရှင် နယ်ရှားစောင်းလက်ပပ်ဟုဆိုမှ အချို့ အချို့က စိတ်ဝင်စားကြလိမ့်မည်ထင်ပါ သည်။ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ခန့်က ရေဒီယိုဇာတ်လမ်းပမာလေးဖြစ်သော မိတ်(ဒ်)အင်ရလွတ်ဆေးတံလေး MADE IN YWALUT ကို (ဘီလူးကျွန်းက ရွာ လွတ်ဟုမသိသောကြောင့်) နိုင်ငံခြားက လာတဲ့ဆေးတံဟု အမြတ်တနိုးကြွားခဲ့ ကြောင်း နားသောတဆင်ခဲ့ရဖူးပါသည်။

ရွာနားမြက်များ ရွာနွားမစားဆို သကဲ့သို့ဖြစ်နေပါသည်။ ကိုယ်နိုင်ငံကိုယ့် မြေမှာ ရှားစောင်းလက်ပပ်အပင်ပေါက် လေးကို မြေထဲမှာ (၁)လက်မလောက် မြှုပ်ထားလိုက်တာနှင့် အပင်ကြီးတွေ တဖွားဖွားအတက်တွေအပြားပြားထွက် ပြီး သူ့ဘက်ကတာဝန်ကျေလှသော ရှား စောင်းလက်ပပ်ကို ကျွန်မတို့အားလုံးက ကြိုဆိုလိုက်ကြပါစို့။

ဒေဝစည် (ရွှေဘို)

www.burmeseclassic.com



# နေဦး (အေ-၉)ကောဝ်ခန်း
## ထူးသောအကျိုးပေးခြင်း

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့ တစ်နာရီမိုင် (၁၅၀) နဲ့ တိုက်ခတ်လာတဲ့ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေးဒရဲ၊ လပွတ္တာ၊ ဖျာပုံ၊ ကျိုက်လတ် စသည့် မြစ်ဝကျွန်းပေါ်မှ ပြည်သူ ခန့်မှန်းခြေ တစ်သိန်းခွဲလောက်ဟာ အသက်ဆုံးရှုံးခဲ့ရပါတယ်။

တချို့မိသားစုတွေ ရှင်ကွဲကွဲပြီး တချို့ သေကွဲကွဲကြ၏။ တချို့ မိသားစု တစ်ခုလုံး အသက်ဆုံးရှုံး၏။ အသက်ရှင်ကျန်ရစ်ခဲ့သူအားလုံးလည်း နေစရာနေရာမဲ့ကာ စားရမဲ့သောက်ရမဲ့နဲ့ နောက်ဆုံးတော့ ဒုက္ခသည်စခန်းအသီးသီးသို့ ခိုလှုံကြရကုန်သည်အထိ ရင်နင့်ဖွယ်ရာ အဖြစ်ဆိုးကြီးတစ်ခုဖြစ်ခဲ့ရပါတော့သည်။

နာဂစ်မုန်တိုင်းဒဏ်ကို ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်ကတော့ ပိုပြီးဆိုးဆိုးရွားရွား ခံစားခဲ့ရပါသည်။ မြန်မာ့သမိုင်းတွင် မဆိုထားနှင့် ကမ္ဘာ့မိုးလေဝသသမိုင်းမှာတောင် နှစ် (၁၀၀) မှာ တစ်ခါသာ လျှင် ကြုံတွေ့ရခဲ့တဲ့ မုန်တိုင်းမျိုးဖြစ်သည်ဟု စာတွေထဲမှာ အဆိုရှိခဲ့သည်။

ထိုနာဂစ်မုန်တိုင်း တိုက်ခတ်နေချိန်အတွင်း လူသူအသိနည်းသော မထင်မရှားဖြစ်ရပ်လေးတစ်ခုရှိခဲ့ပါသည်။ စာရေးသူအနေဖြင့် ထိုဖြစ်ရပ်အား တိတိကျကျဖော်ပြပေးချင်ပါသော်လည်း ကာယကံရှင်၏ဆန္ဒအရ နာမည်နှင့် နေရာတို့အား ဖော်ပြခွင့်မရခဲ့ပေ။

သို့ပါသောကြောင့် အောက်ပါအတိုင်း အဆင်ပြေသလို ရေးသားတင်ဆက်လိုက်ရပါသည်။

❑

မြန်မာ့အသံ ရေဒီယိုနှင့် ရုပ်မြင်သံကြားကနေပြီး မုန်တိုင်းအထူးသတင်းတစ်ရပ်ကို အဆက်မပြတ် သတိပေး ကြေညာနေသည်။ ထိုမုန်တိုင်းကြီး၏ နာမည်ကတော့ နာဂစ်။

နာဂစ်မုန်တိုင်း မြန်မာနိုင်ငံ အတွင်းကို မကြာမီ ဖြတ်ကျော်ဝင် ရောက်လာတော့မည်ဆိုတဲ့သတင်းကြား ပြီးကတည်းက ကိုအောင်ဘုန်းခန့်တစ် ယောက် အလုပ်ထဲမှာ အာရုံမရှိတော့ ရန်ကုန်မှာကျန်ခဲ့တဲ့ အဖေနှင့်အမေ အတွက် စိုးရိမ်စိတ်တွေမြင့်တက်နေ သည်။သူက လက်ရှိဧရာဝတီတိုင်းဒေသ ကြီး၏မြို့တစ်မြို့က အစိုးရဌာနတစ်ခုမှာ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တာဝန်ထမ်းဆောင်နေသည့် အရာရှိပေါက်စတစ်ယောက်။ အခုလိုအချိန်မျိုးမှာ မိဘနှစ်ပါးကိုစိတ်ပူပြီး ရန်ကုန်ကိုပြန်ချင်ပေမယ့်လည်း ဘယ်လိုပုံစံမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရမည်မှန်းမသိသေးတဲ့ နာဂစ်မုန်တိုင်းဒဏ်ကို လက်အောက်ငယ်သားတွေနှင့်အတူ ကြုံကြုံခံရင်ဆိုင်ပြီး ဌာနတစ်ခုလုံးကို ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်ကရှိနေပြန်သေး၏။

အခုလို အရေးကြုံလာမည့်အချိန်မျိုးမှာ လက်အောက်ငယ်သားတွေကို ဦးစီးဦးဆောင်နှင့်ထိန်းသိမ်းညွှန်ကြားမှု မပြုလုပ်နိုင်ခဲ့လျှင် ဌာနတစ်ခုလုံး ဖရိုဖရဲဖြစ်ဖို့သာ အကြောင်းဖန်လာတော့မည်။ သည်လိုနှင့် ရန်ကုန်မှာကျန်ခဲ့တဲ့ မိဘနှစ်ပါးကို စိတ်ပူမိတာကတစ်ကြောင်း၊ ဌာနက လက်အောက်ငယ်သားတွေအတွက် စိုးရိမ်မိတာကတစ်မျိုးနှင့် ရန်ကုန်ပြန်ဖို့၊ မပြန်ဖို့ ဝေခွဲမရဖြစ်နေတုန်း အထက်မှ အရာရှိတစ်ဦး ရုံးခန်းထဲဝင်လာပြီး -

"ကိုအောင်ဘုန်းခန့်၊ ခင်ဗျား ခုချက်ချင်း အရေးကြီးစာရွက်စာတမ်းတွေယူပြီး ရန်ကုန်ရုံးချုပ်ကို အရောက်သွားပို့ရမယ်။ ပို့ရမယ့် စာရွက်စာတမ်းတွေအားလုံး ချိပ်ပိတ်ပြီး သံသေတ္တာထဲမှာ သော့ခတ်ပြီးထည့်ထားတယ်။ စီစဉ်ချိန်သိပ်မရလို့ ခင်ဗျားရဲ့ကားနဲ့ပဲ အခုချက်ချင်း ရန်ကုန်သွားပါ။ ကားအတွက် လိုအပ်တဲ့ဆီကိုတော့ ဂိုဒေါင်မှာဖြည့်သွားပေါ့ဗျာ။ ဒီကကိစ္စတွေကို ကျွန်တော်ပဲ ဆက်ပြီးတာဝန်ယူလိုက်ပါ့မယ်"

ဆိုပြီး ပြောလာတော့ ကိုအောင်ဘုန်းခန့် ချက်ချင်းပဲ စာရွက်စာတမ်းတွေထည့်ထားတဲ့သေတ္တာကို သူ၏ စူပါကာစတန်အမျိုးစားကိုယ်ပိုင်ကားပေါ်တင်ပြီး ယူနီဖောင်းဝတ်နှင့်သာ ရန်ကုန်သို့ မောင်းထွက်လာခဲ့ပါတော့သည်။ မိုးက သဲကြီးမဲကြီးနှင့်ရွာနေတာ အရှိန်ကလုံးလုံးမလျော့။ ကိုအောင်ဘုန်းခန့်၏ စိတ်ထဲမှာတော့ နာဂစ်မုန်တိုင်းတိုက်ခတ်လာတဲ့အခါမှာ နှစ်ယောက်တည်းအားငယ်နေမယ့် မိခင်၊ ဖခင်တို့၏မျက်နှာကိုသာ ပြေးမြင်မိနေပါတော့သည်။ ဌာနမှာကျန်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်နှင့် တပည့်တွေကိုတော့ အထက်မှအရာရှိကိုယ်တိုင် စီစဉ်ကြီးကြပ်ပေးမှာဖြစ်၍ သူ့အနေနှင့် နည်းနည်းတော့ စိတ်အေးသွားပါတယ်။

သည်လိုနှင့် ကားမောင်းထွက်လာရင်းက လမ်းခရီးသုံးချိုး၊တစ်ချိုးလောက်အရောက် ဗိုက်ဆာလာတော့မှ ပိုက်ဆံပါ၊ မပါသတိရပြီး အကျႌအိတ်ကပ်ထဲလက်နှိုက်ကြည့်တော့ ပိုက်ဆံ (၆၀၀၀) နှင့် ဝန်ထမ်းကတ်တစ်ခုသာ ပါလာပါတယ်။ ထိုပိုက်ဆံဖြင့် အဖေနှင့်အမေအတွက် အိမ်ပြန်လက်ဆောင်မုန့်နည်းနည်းနှင့် ငှက်ပျောသီးနှစ်ဖီး၊ လမ်းမှာ အစာပြေစားဖို့ မုန့်ခြောက်နည်းနည်းပါးပါးနှင့် ရေသန့်ဘူးနှစ်ဘူးဝင်ဝယ်လေ၏။ မိုးကလည်း အခုအချိန်အထိ သဲကြီးမဲကြီးနဲ့ ရွာနေတုန်း။

သည်အချိန်မှာ နာဂစ်မလာခင် ရန်ကုန်ကို အမှီရောက်ဖို့က အရေးကြီးနေတဲ့အတွက် ကိုအောင်ဘုန်းခန့် မိုးသည်းနေတဲ့ကြားထဲက စက်ရှိန်ကိုမြှင့်ပြီးမောင်းလာခဲ့သည်။ သို့သော် လမ်းခရီးတစ်ဝက်မရောက်ခင်မှာ မိုးနှင့်အတူ နာဂစ်မုန်တိုင်းကြီးကတော့ အစပျိုးတိုက်ခတ်လာနေပါပြီ။ အချိန်အားဖြင့် မှောင်ရီစပျိုးနေချိန် ကိုအောင်ဘုန်းခန့် ကားကိုအရှိန်လျှော့ပြီး ဖြည်းဖြည်းချင်းမောင်းကာ ဘေးပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိလိုက်တဲ့အချိန်မှာ တချို့သစ်ပင်ကြီးတွေ၊ အကိုင်းအခက်တွေ ကျိုးနေတာကို ကားမီးရောင်အောက်မှာ မြင်တွေ့နေရပါသည်။

တစ်ချက်တစ်ချက်တွင်တိုက်ခတ်လိုက်တဲ့လေတိုက်နှုန်းကလည်း ကားကိုဆွဲခါပြီး လမ်းဘေးသို့ တွန်းပို့နေသလိုဖြစ်နေတာကြောင့် သတိကြီးစွာမောင်းနေရင်း လမ်းခရီးတစ်ဝက်လောက်ရောက်လာတဲ့အချိန်မှာတော့ ကုက္ကိုပင်ကြီးတစ်ပင်က အမြစ်မှကျွတ်ထွက်ပြီး ကားလမ်းမအပေါ် ကန့်လန့်ဖြတ်လဲကျနေပါတော့သည်။ ဘယ်လိုမှ ကွေ့ဝိုက်ပြီး ရှောင်ကွင်းသွားလို့လည်း မရတော့။ လမ်းဘေးတစ်ဖက်တစ်ချက်မှာက လယ်ကွင်းတွေအားလုံး ရေပြင်အတိ လွှမ်းခြုံနေကြ၏။

ကားကို လဲကျနေသည့် သစ်ပင်နားအထိကပ်သွားပြီး ထိုသစ်ပင်ကို အကာအကွယ်ယူကာ လမ်းမအပေါ် ကန့်လန့်ဖြတ်အနေအထားအတိုင်း ကားကိုထိုးရပ်ထားလိုက်ပါသည်။တစ်ဖက်က သစ်ပင်အကာအကွယ်ရှိနေပြီး တခြားတစ်ဖက်ကိုသာ နည်းနည်းသတိထားရမည့်အနေအထား။ ကိုအောင်ဘုန်းခန့် ကားကို မှန်တွေသေချာလုံအောင်ပိတ်ပြီး ကားတံခါးကိုလော့ချကာ တတ်သမျှဘုရားဂုဏ်တော်တွေကို ထပ်ကာထပ်ကာ ရွတ်ပွားနေမိပါတော့သည်။

လေတိုက်နှုန်းကလည်း ပိုမိုအား ကောင်းလာပြီး ရပ်ထားတဲ့ကား[...] တောင် ဘေးတိုက်အနေအထားနှင့်တွန်း[...] ထုတ်နေသည်။ တော်သေး၏။လဲကျ[...] နေတဲ့သစ်ပင်ကို အမှီပြုပြီး ဘေးချင်း[...] ယှဉ်ရပ်ထားမိသောကြောင့်သာ။ ဒီလို[...] လေတိုက်နှုန်းမျိုးနှင့်ဆိုလျှင်တော့ ဧရာ[...] ဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တစ်မြို့[...] လုံးကို နာဂစ်မုန်တိုင်းကြီးက စိတ်တိုင်း[...] ကျ ခြယ်လှယ်ခွင့်ရသွားပြီဟု ကိုအောင် ဘုန်းခန့်တစ်ယောက်တွေးနေမိပါသည်။

အဖေနှင့် အမေအတွက် ဆုတောင်းပေးရုံကလွဲ၍ ဘာမှမတတ်နိုင်တော့။ ယခုလက်ရှိအချိန်မှာ ကား[...] ပေါ်မှာပါလာတဲ့ ဌာနပိုင် အရေးကြီး စာရွက်စာတမ်းတွေကို မပျက်စီး[...] မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရမည့်တာဝန်ကရှိနေပြန်သည်။ သည်လိုနှင့် ကားပေါ်မှာပဲ ထိုညတစ်ည[...] လုံး အချိန်တွေကုန်စေခဲ့ပြီး နံနက်လင်း[...] လို့ ပတ်ဝန်းကျင်ကို အကူညီလေးများ ရလိုရငြား အကဲခတ်ကြည့်မိလိုက်တဲ့ အချိန်မှာ ကားလမ်းဘေးနှစ်ဖက်စလုံး[...] မှာရှိတဲ့ လယ်ကွင်းပြင်တွေအားလုံး ရေ[...] တွေဖွေးဖွေးလှုပ်နေ၏။ တချို့ စပါးပင်[...] တွေ လေအဟုန်မှာ ပေါ်လာလိုက်၊ ရေထဲ[...] မြုပ်သွားလိုက်၊ တဲအိမ်ငယ်လေးတွေက[...] လည်း ဟိုနားတစ်လုံးသည်နားတစ်လုံး[...] တချို့တဲအိမ်ငယ်လေးတွေ ပြိုကျပြီး ရေ[...] ပေါ်မှာပေါ်ကာလေတိုက်ရာသို့ရွေ့မျော[...] နေကြ၏။ မပြိုသေးတဲ့ တဲအိမ်လေးတွေ[...] ကျပြန်တော့လည်းအမိုးတွေမရှိကြတော့[...] တချို့ တဲအိမ်လေးတွေကျပြန်တော့ အကာတွေမရှိပြန်။ ထိုတဲအိမ်တိုင်[...] လိုလိုမှာ လူနှစ်ယောက်၊ သုံးယောက် လောက်တော့ရှိကြ၏။ ခမောက်လေး[...] တွေကို လွင့်မသွားအောင်လက်လေးနှင့်[...] ကိုင်ပြီး ဆောင်းသည့်သူကဆောင်း[...] ပလတ်စတစ်မိုးကာလေးတွေခြုံပတ်ထား[...] တဲ့သူကခြုံပြီး ဘယ်အချိန် သူတို့ရဲ့တဲ[...] အိမ်တွေပြိုမလဲဟု ဝီရိယရှိရှိနှင့် စိုးရိမ်[...] စွာစောင့်နေတဲ့သူတွေပါ။

ပြေးစရာနေရာကမရှိ။ သူ[...] ကိုယ်မကယ်နိုင်၊ ကိုယ့်ကိုသူမကယ်နိုင်[...] တဲ့အခြေအနေမျိုးပါ။ ခပ်လှမ်းလှမ်း[...] တစ်နေရာကို လှမ်းပြီးကြည့်မိလိုက်တဲ့[...] အချိန်မှာတော့ တဲအိမ်လေးတစ်လုံးဟာ[...] လေတိုက်ရာဘက်သို့ ယိမ်းထိုးစောင်း[...] နေပြီး ပြိုကျတော့မည့်အနေအထား[...] ရောက်နေပါသည်။ အဲသည်တဲ[...] လေးရဲ့အောက်မှာတော့ (၇) နှစ်[...] အရွယ် ကလေးမလေးတစ်ယောက်နှင့်[...]

www.burmeseclassic.com

www.burmeseclassic.com

(၇) နှစ်၊ (၆) နှစ်အရွယ် ချာတိတ်လေး
စ်ယောက်တို့ဟာ စောင်းနေတဲ့ ယိုင်
တဲအိမ်အောက်ခြေတိုင်လေးနှစ်တိုင်
တစ်ယောက်တစ်ဖက်စီဖက်ပြီးရပ်
ကြ၏။ သူတို့၏တဲအိမ်လေးပြိုကျပြီး
ထဲမျောသွားမှာကို စိုးရိမ်တဲ့အတွက်
တဲအိမ်ခြေတိုင်လေးတွေကို တင်းကျပ်
တ်တွယ်ထားဟန်တူပါသည်။

ကိုအောင်ဘုန်းခန့်တစ်ယောက်
င်ကွင်းကိုကြည့်ပြီး ဘယ်လိုမှမခံစား
တော့။ ယူနီဖောင်းအကျီကိုချွတ်၊
င်းဘီရှည်ကို ဒူးခေါင်းအထိခေါက်
ကားပေါ်မှဆင်းကာ ကျိုးကျနေသည့်
ပင်ကသစ်ကိုင်းတစ်ခုကို ချိုးယူပြီး
ကွင်းထဲသို့ဆင်းသွားပါတော့၏။
စ်ကိုင်းလေးနှင့် ရေမြုပ်နေတဲ့လယ်
ထဲမှာ မျက်ကန်းလမ်းလျှောက်
ဟိုနာစမ်းလိုက်တစ်လှမ်းတိုးလိုက်၊
နားထောက်လိုက် တစ်လှမ်းရွှေ့
နှင့် လေဒဏ်မိုးဒဏ်တွေကြားထဲ
ထိုကလေးနှစ်ယောက်ရှိတဲ့ တဲအိမ်
ဆီကို အရောက်သွားနေပါ၏။
ချက်ချက် လေအဝှေ့မှာ ပစ်လဲလိုက်၊
ထလိုက်နှင့်။

ရန်ကုန်သား ကိုအောင်ဘုန်းခန့်
ယောက် တီကောင်တို့၊ ပိုးဟပ်တို့ကို
င် လက်နှင့်မထိရဲမတို့ရဲတဲ့သူပါ။
လိုအချိန်မျိုးမှာတော့ မျှော့ပဲ
တပ်၊ မြွေပဲပတ်ပတ် ဂရုမစိုက်အား။
လေးနှစ်ယောက်ကို သူ့ကားပေါ်
ပေးဖို့က ပိုအရေးကြီးနေ၏။ ဒါနှင့်
အိမ်လေးဆီကိုရောက်ပြီး (၅) နှစ်
နှစ်အရွယ် ချာတိတ်လေးကို ပွေ့ချီ
လုပ်တဲ့အချိန်မှာတော့ -

"သားကိုမခေါ်ပါနဲ့ ဦးဦးရယ်။
မှာရှိတဲ့ သားရဲ့ဘွားဘွားကိုသာ
သွားပေးပါ"

ဟု ရှိုက်ကြီးတငင်နှင့် ငိုပြီးပြော
၏၊ တစ်ဖန် ဟိုဘက်က (၇) နှစ်၊
နှစ်အရွယ် ကောင်မလေးဘက်ကို
ကြည့်လိုက်တော့လည်း -

"ဟုတ်ပါတယ် ဦးဦးရယ်၊ သမီးတို့
နှစ်ယောက်ကိုထားခဲ့ပါ။တဲပေါ်
သမီးရဲ့ဘွားဘွားကိုသာ ခေါ်သွား

လို့ ငိုရှိုက်သံတွေနှင့် ပြောလာပါ
တယ်။ ထိုကလေးနှစ်ယောက်၏
တွေကိုကြည့်ရတာ ဘယ်အချိန်
က ငိုရှိုက်နေမှန်းမသိလောက်
ကို ပင်ပန်းနွမ်းနယ်နေပြီး
လုံးလည်း ဆတ်ဆတ်တုန်နေ

ပါသည်။ ထိုကလေးနှစ်ယောက်ရဲ့အဖြစ်ကိုကြည့်ပြီး ကိုအောင်ဘုန်းခန့်တစ်ယောက် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျလာနေတာကိုတော့ မိုးနှင့်မျက်ရည်ရောနေသဖြင့် ထိုကလေးနှစ်ယောက်လုံး တွေ့မည်မထင်။

သူတဲပေါ်ကိုလှမ်းပြီးကြည့်လိုက်တော့ တဲ၏ စောင်းပြီးနိမ့်ကျနေသည့် ထောင့်တစ်ထောင့်မှာ မိုးတွေစိုပြီး ခွေခွေလေးအိပ်နေတဲ့ အမေအိုကြီးကို တွေ့လိုက်ရပါသည်။ ထိုအမေအိုကြီးကို ညင်သာစွာပွေ့ချီပြီး တဲပေါ်မှသတိထား၍ ဆင်းလာကာ ကလေးနှစ်ယောက်ကိုတော့ ခါးမှာပတ်ထားတဲ့ ဘောင်းဘီခါးပတ်ကိုကိုင်စေပြီးနောက်ကနေတွဲခေါ်လာခဲ့ပါသည်။

လယ်ကွင်းပြင်တစ်ခုလုံး ရေမြုပ်နေတော့ ခြေထောက်နှင့်စမ်းရင်းသွားရသည့်အခါ မကြာခဏခြေချော်ပြီး လေးယောက်သား လယ်ကွင်းထဲပစ်ပစ်ပြီးလဲသည်။ သည်လိုနှင့် လေဒဏ်မိုးဒဏ်ကြားကနေ လယ်ကွင်းကိုဖြတ်ကျော်ကာ ကားရှိရာသို့ ရောက်လာခဲ့ပါတော့သည်။ ကားပေါ်ရောက်တော့ အမေအိုကြီး၏ စိုနေတဲ့အကျီကိုချွတ်ပြီး ကိုအောင်ဘုန်းခန့်ကားပေါ်မှာချွတ်ထားခဲ့သည့် သူ့ယူနီဖောင်းအကျီကို နွေးနွေးထွေးထွေးဝတ်စေ၏။ ခဏကြာတော့ ကလေးနှစ်ယောက်လည်း လူရောစိတ်ပါ အရမ်းပင်ပန်းသွားပုံရ၏။ ကားပေါ်မှာ စိတ်ချလက်ချနှင့်အိပ်ပျော်သွားကြ၏။

အမေအိုကြီးကို လှမ်းကြည့်တော့ မျက်လုံးမဖွင့်ဘဲ ပါးစပ်လေးလှုပ်ပြီး ဂုဏ်တော်တစ်ခုခုကို ရွတ်ပွားနေဟန်တူပါတယ်။ ကိုအောင်ဘုန်းခန့်တစ်ယောက် အမေအိုကြီးကို စိုက်ကြည့်နေရင်း ရန်ကုန်က မိဘနှစ်ပါး၏ မျက်နှာတွေကိုသာ မြင်ယောင်မိနေပါတော့သည်။

သည်လိုနှင့် နာဂစ်မုန်တိုင်း၏ ရက်စက်မှုကြောင့် လယ်ကွင်းထဲမှာရှိကြသည့်တချို့တဲအိမ်တွေ ရေပေါ်မှာအလုံးလိုက်မျောပါကုန်၏။ တချို့တဲတွေ တစ်စစီ လွင့်စဉ်ပြုတ်ထွက်ကုန်၏။ ထိုတဲအိမ်တွေပေါ်မှာနေကြတဲ့သူတွေအားလုံး ခိုကိုးရာမဲ့ပြီး နောက်ဆုံး ကိုအောင်ဘုန်းခန့်၏ကားရှိရာသို့ စုရုံးရောက်ရှိလာကြပါတော့သည်။ တချို့လည်း သက်ကြီးရွယ်အိုတွေ၊ တချို့ နို့စို့ကလေးနှင့် မိခင်တွေ၊ လူကြီး၊ လူလတ်၊ လူငယ်၊ လူရွယ်၊ ယောက်ျား၊ မိန်းမအစုံပါပဲ။ သူတို့အားလုံးရဲ့ မျက်နှာတွေပေါ်မှာ စိုးရိမ်ထိတ်

လန့်မှုတွေအပြည့်နှင့် မိုးထဲလေထဲမှာ အားကိုးရာရှာနေကြသည့်သူတွေပေါ့။

သို့သော်လည်း ထိုသူတွေထဲမှာ လူဆိုးပါမှန်းမသိ၊ လူကောင်းပါမှန်းမသိ ကားထဲမှာက ငွေနပိုင်အရေးကြီးစာရွက်စာတမ်းတွေပါနေတော့ ထိုလူတွေကို ကားတံခါးဖွင့်ပေးဖို့ စဉ်းစားရခက်နေပါတော့တယ်။ နောက်ဆုံးတော့ ကိုအောင်ဘုန်းခန့် မနေသာတော့။ ကားထဲမှထွက်ပြီး သက်ကြီးရွယ်အိုတွေ၊ မိန်းကလေးတွေ၊ နို့စို့ကလေးနှင့်မိခင်တွေကို ကားပေါ်သို့ တက်ခွင့်ပေးလိုက်ပါသည်။ ကားတစ်စီးလုံး လူတွေပြည့်သွား၏။

ကိုအောင်ဘုန်းခန့်၏ ကားမှာ စူပါကာစတန်မှန်လုံဗီခံကားဖြစ်သောကြောင့် ပုံမှန်ဆိုလျှင် လူ (၇) ယောက်၊ (၈) ယောက်လောက် သက်သောင့်သက်သာ စီးနိုင်၏။ ယခုမူ (၁၆) ယောက် (၁၇) ယောက်လောက် ကားပေါ်မှာ ပြည့်နေပါတော့၏။ ကျပ်ကျပ်ညပ်ညပ်နေကြရပေမယ့် မိုးလုံလေလုံသဖြင့် တော်သေးသည်။ ကားအပြင်မှာတော့ ကိုအောင်ဘုန်းခန့်အပါအဝင် ယောက်ျားသား (၁၅) ယောက်လောက် ကျန်နေပါသေးသည်။ ထိုလူတွေအားလုံးကို လဲကျနေသည့်သစ်ပင်နှင့် ရပ်ထားသည့်ကားကြားထဲမှာ စနစ်တကျနေရာချထားပေးလိုက်ပါသည်။ သစ်ပင်နှင့် ကားရဲ့အကာအကွယ်ကြောင့် ကားအပြင်ကလူတွေအားလုံး လေထဲမိုးထဲနေရပေမယ့် လေဒဏ်တော့ အနည်းငယ် သက်သာသွားကြပါတယ်။ ကားပေါ်ကလူတွေအားလုံးလည်း ခုမှပဲ စိတ်သက်သာသွားကြပါတော့တယ်။

ကိုအောင်ဘုန်းခန့်သည် မိုးထဲလေထဲတွင် အပေါ်အကျီမပါဘဲ လေဘေးဒုက္ခသည်များအား တက်တက်ကြွကြွဖြင့် ကူညီပေးနေ၏။ သို့သော် သူသည် ချမ်းရမှန်းမသိအေးရမှန်းမသိ ပီတိဖြာနေ၏။ သူ့ဘဝမှာ သည်လိုမျိုး ဒုက္ခရောက်နေတဲ့သူတွေအများကြီးကို အန္တရာယ်ကြားထဲက ကူညီခွင့်ရတာ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။ သူ့မှာပါလာတဲ့ ငှက်ပျောသီးနှစ်ဖီး၊ မုန့်ခြောက်ရေသန့်ဘူး အဲဒါတွေအားလုံးကို မျှမျှတတနှင့် ဝေမျှပေး၏။ ထိုလူတွေ စားသောက်နေတာကိုကြည့်ပြီး ဝမ်းသာအားရဖြစ်ကာ သူ့ကိုယ်သူ ဗိုက်ဆာလို့ဆာမှန်းမသိ။ သည်ကြားထဲ ထိခိုက်ရှနာဒဏ်ရာရလာတဲ့သူတွေကို လဲကျနေတဲ့ ကုက္ကိုပင်က ကုက္ကိုရွက်အနုလေးတွေကို

www.burmeseclassic.com

ခူးပြီး သူကိုယ်တိုင်လက်နှင့်ကြိတ်နယ်၊ လက်ညောင်းပြန်တော့ ပါးစပ်ထဲကြိတ်ဝါးပြီး ရလာတဲ့အရည်တွေကို ဒဏ်ရာတွေအပေါ် သုတ်လိမ်းပေး၊ အရွက်တွေအုံပေးနဲ့ အားလုံးအပေါ်ကို နွေးထွေးစွာဆက်ဆံပေးနေ၏။ ခဏအတွင်းမှာပင် ထိုလေဘေးဒုက္ခသည်များနှင့် ကိုအောင်ဘုန်းခန့်တို့ ဆွေမျိုးရင်းချာလို ရင်းနှီးသွားပါတော့သည်။အားလုံးကို အားပေးစကားတွေ၊ နှစ်သိမ့်စကားတွေပြောပေး၏။ ကိုအောင်ဘုန်းခန့်၏ လုပ်ဆောင်ချက်တွေ၊ အားပေးစကားတွေကြောင့် လေဘေးဒုက္ခသည်တွေအားလုံး စိုးရိမ်စိတ်တွေ ပြေပျောက်ကုန်ကြပါသည်။

သည်လိုနှင့် မိုးလည်းစဲ၊လေလည်းငြိမ်ပြီး အတော်လေးကြာတဲ့အချိန်မှာတော့ ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် တပ်မတော်မှ စစ်ကားများတန်းစီပြီး ရောက်ရှိလာကြပါသည်။ ကားပေါ်ပါလာတဲ့ ရဲဘော်တွေအားလုံး လေဘေးဒုက္ခသည်တွေကို နွေးထွေးစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွေပေးကြ၏။ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်များကို ညီတူမျှတူခွဲဝေပေး၏။ တချို့တပ်မတော်သားတွေကျတော့ လမ်းပေါ်လဲကျနေသည့်သစ်ပင်တွေကို ရှင်းလင်းပေးနေကြပါသည်။ သူတို့လည်း သည်နေရာကိုမရောက်ခင် လမ်းတစ်လျှောက်မှာ တော်တော်လေး ရှင်းလင်းခဲ့ကြဟန်တူပါသည်။ အားလုံးပင်ပန်းနွမ်းနယ်နေကြ၏။ သို့သော်လည်း မညည်းညူဘဲ တာဝန်ကိုယ်စီထမ်းဆောင်နေကြ၏။ ကန့်လန့်ဖြတ်လဲကျနေသည့်သစ်ပင်ကို ကြိုးဖြင့်ချည်ပြီး လမ်းဘေးသို့ရောက်အောင် စစ်ကားဖြင့်ဆွဲချရှင်းလင်း၏။

လတ်တလောတွင် ထိုလေဘေးဒုက္ခသည်များအားလုံး ကယ်ဆယ်ရေးစခန်းရှိရာသို့ တပ်မတော်သားများနှင့်အတူ လိုက်ပါသွားကြရပေတော့မည်။ ကိုအောင်ဘုန်းခန့်လည်း ရန်ကုန်သို့ပြန်ရတော့မည်။ တစ်ယောက်ကိုတစ်ယောက် ဝမ်းနည်းစွာနှုတ်ဆက်နေကြပါသည်။ အမေအိုကြီးက ကိုအောင်ဘုန်းခန့်၏ခါးကိုဖက်ပြီး -

"လူလေးရယ်၊ အခုလိုဒုက္ခရောက်နေတဲ့အချိန်မှာ နတ်သိကြားတွေကများမင်းကို လူယောင်ဖန်ဆင်းပြီး ငါတို့ရွာသူရွာသားတွေကို ကယ်တင်ဖို့လွှတ်လိုက်တာများလားကွယ်။ ငါ့သားကြီးဘုန်းကြီးလို့ အသက်ရှည်ပါစေကွယ်"

ဆိုပြီး ရှိုက်ကာရှိုက်ကာဖြင့် ငိုကြွေးရင်း ဆုတွေတောင်းပေးနေ၏။ အမေအို၏ မြေးနှစ်ယောက်မှာလည်း ကိုအောင်ဘုန်းခန့်၏ ဒူးနှစ်ဖက်ကိုတစ်ယောက်စီဖက်ကာ ငိုရှိုက်ကြကုန်၏။ ထိုမြင်ကွင်းကိုကြည့်ပြီး လေဘေးဒုက္ခသည်တွေအားလုံး ဖြည်မဆည်နိုင်မျက်ရည်အပြိုင်ကျခဲ့ရပြီပေါ့။

ကိုအောင်ဘုန်းခန့်သည် သူ့ကိုဖက်တွယ်ငိုယိုနေကြတဲ့သူတွေကိုကြည့်ပြီး မျက်ရည်တွေ လိမ့်ဆင်းလာ၏။ တစ်ဖန်လယ်ကွင်းထဲမှာပြိုပျက်ပြီး တစ်စစီပြန့်ကျဲနေသည့် သူတို့၏ တဲအိမ်အပျက်အစီးလေးတွေကိုကြည့်ပြီး ရှိုက်ကာငိုကြွေးရင်း သူ့လက်ထဲဝတ်ထားသည့်ရွှေလက်စွပ်ကိုဆွဲချွတ်၏။ လည်ပင်းကရွှေဆွဲကြိုးကိုဖြုတ်၏။ ပြီးနောက် အမေအိုကြီး၏လက်ထဲသို့ထည့်ကာ -

"အမေ၊ ဒီပစ္စည်းတွေကိုသိမ်းထားလိုက်ပါ။ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရတဲ့အမေတို့ရွာလေး တစ်ချိန်ချိန်ပြန်လည်ထူထောင်ရေးလုပ်လာတဲ့အခါကျရင် ဒီပစ္စည်းတွေကို ထုခွဲရောင်းချပြီးတော့ ဒီလေဘေးသင့်သူတွေအားလုံးကို မျှမျှတတခွဲဝေပေးလိုက်ပါ"

ဟု ပြောပြီး ကိုအောင်ဘုန်းခန့် သူ၏ကားရှိရာသို့ထွက်ခဲ့၏။ သူ့နောက်မှ အားလုံးငိုယိုပြီး ဖက်တွယ်လိုက်လာကြ၏။ထိုအဖြစ်အပျက်ကို ဝိုင်းကြည့်နေသည့် တပ်မတော်သားတွေလည်း စိတ်မကောင်းဖြစ်ကြကုန်၏။ သို့သော်လည်း ရှေ့ဆက်ရမည့်ခရီးကလည်းရှိနေသေးတာကြောင့် အားလုံးကို စစ်ကားပေါ်သို့တက်ရန် နှစ်သိမ့်ဖျောင်းဖျပေးကြသောကြောင့် စစ်ကားပေါ်သို့ တန်းစီပြီးတက်နေကြ၏။

ကိုအောင်ဘုန်းခန့်လည်း မိမိကားရှိရာသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာနေစဉ် တပ်မတော်သား ဗိုလ်ကြီးတစ်ဦးမှ ကိုအောင်ဘုန်းခန့်၏ ပခုံးကိုဖက်ပြီး ကားရှိရာသို့ လိုက်ပို့ကာ ယခုလိုစကားမျိုးပြောလာ၏။

"လက်နက်ကိုင်ပြီး တိုက်ပွဲဝင်မှတိုင်းပြည်တာဝန်ကို ထမ်းဆောင်တာမဟုတ်ပါဘူး။ ဒုက္ခရောက်နေတဲ့ ပြည်သူတွေကို ခင်ဗျားအနေနဲ့ အခုလိုတတ်နိုင်တဲ့ဘက်က ကူညီခဲ့တာဟာလည်း တိုင်းပြည်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပါဝင်ကူညီရာရောက်ပါတယ်ဗျာ။ ဒါကြောင့် ခင်ဗျားရဲ့စိတ်ဓာတ်ကိုလေးစားတဲ့အနေနဲ့ ဒီလက်ဆောင်လေးကိုတော့ လက်ခံပေးပါ"

ဆိုပြီး ထိုစစ်ဗိုလ်လေးသည် ကိုယ်မှာဝတ်ထားတဲ့ စစ်ဂျာကင်အ… အသစ်အား ကိုအောင်ဘုန်းခန့်ကို … ထွေးစွာ ဝတ်ဆင်စေခဲ့ပါသည်။

စစ်ဂျာကင်၏ နွေးထွေးတဲ့အ… အတွေ့ကို ခံစားလိုက်ရတော့မှ နာ… မုန်တိုင်းပြီးဆုံးသွားချိန်ထိ အပေါ်အ… မပါမှန်း ကိုအောင်ဘုန်းခန့်တစ်ယော… မိမိကိုယ်မိမိ သတိထားလိုက်မိ… စစ်ဗိုလ်လေးအား ကျေးဇူးတင်… ဖြင့် လက်ဆွဲနှုတ်ဆက်လိုက်ပါသ… ထို့နောက် ကားပေါ်တက်ကာ … ဘေးဒုက္ခသည်များနှင့် အပြန်အ… လက်ပြ နှုတ်ဆက်၍ ကျောခိုင်း… လာခဲ့ပါတော့သတည်း။

❑

ကိုအောင်ဘုန်းခန့်သည် နာ… မုန်တိုင်းတိုက်ခတ်နေချိန်အတွင်း … ဟိတစိတ်အပြည့်အဝဖြင့် တစ်… သားအား ကူညီခဲ့သောအကျိုး… ကြောင့် တူသောအကျိုးပေးခြ… ခံစားခဲ့ရပါသည်။ အဲသည်အကျိုးခံ… တွေကတော့ -

ကိုအောင်ဘုန်းခန့်၏ မိဘနှ… နေထိုင်ရာ အိမ်နီးဝန်းကျင်မှ နေ… များ ပြိုကျပျက်စီး၍ လူအများထိ… ဒဏ်ရာရရှိခဲ့သော်လည်း ၎င်း၏… နှစ်ပါးနေထိုင်ရာ သွပ်မိုးပျဉ်ထောင်… လေးမှာ မည်သို့မျှထိခိုက်ပျက်စီး… ခဲ့ပါ။

ကိုအောင်ဘုန်းခန့်၏ မိဘနှ… မှာလည်း ရပ်ကွက်သူရပ်ကွက်သား… ၏ ဖေးမကူညီစောင့်ရှောက်မှု… မည်သည့်အန္တရာယ်နှင့်မျှ မကြုံ… ပါ။

နာဂစ်မုန်တိုင်းအတွင်း အ… စာရွက်စာတမ်းများကို ပျက်စီး… မရှိစေဘဲ ဧရာဝတီတိုင်းဒေသကြီး… ရန်ကုန်ရုံးချုပ်သို့ တာဝန်ကျေ… ပေးပို့နိုင်ခဲ့မှုကြောင့် ရာထူးတ… တိုးမြှင့်ပြီး ရန်ကုန်မြို့သို့ ပြောင်း… ရကာ မိဘနှစ်ပါးနှင့် အတူနေ… လုပ်ငန်းတာဝန်များ ထမ်းဆောင်… ပါတော့သည်။

စာဖတ်ပရိသတ်များအ…
ကောင်းတာ…
ကောင်းကျိုးများခံစားနိုင်…

နေဦး (အ- ရ)အောင်…



www.burmeseclassic.com

www.burmeseclassic.com

## လှမိုး(ပညာရေး)

# မဲဇာတံတားဟောက်ခွဲဖျက်ဆီးခဲ့စဉ်က




၁၉၄၃ ခု၊ မတ်လ ၁ ရက်နေ့၏ နေဝင်းအရုဏ်သည် အရှေ့ဘက်တောရိပ် တောင်ရိပ်များအကြားမှ ပျို့အန်လာခဲ့ပြီဖြစ်၏။ သို့သော် အနောက်ဘက် တောင်းကင်တွင်မူ ကြယ်ကလေးများသည် တလက်လက်တောက်ပနေပြီး အမှောင်ရိပ်သည် လွှမ်းမိုးနေဆဲဖြစ်၏။ ဤအချိန်တွင် စစ်ကြောင်းမှူး ဗိုလ်မှူး ကာလတ်ဆန် ခေါင်းဆောင်သော ကျွန်တော်တို့စစ်ကြောင်းသည် မဲဇာချောင်းရှိရာသို့ တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၏။ ကျွန်တော်တို့ တပ်ခွဲ၏တာဝန်မှာ မဲဇာချောင်းအတိုင်း ချီတက်၍ 'ဘုံချောင်း' ဘူတာနှင့် ဘုံချောင်းမီးရထားလမ်းပိုင်း၏ တတ်နိုင်သမျှ ဖျက်ဆီးဖောက်ခွဲရန် ဖြစ်သည်။

ထိုအစီအစဉ် အသေးစိတ်ကိုမူ ကျွန်တော်တို့ ခြင်ဒစ်တပ်ဖွဲ့ တပ်မှူး၊ ဗိုလ်မှူးချုပ်ဝင်းဂိတ်သည် စစ်ကြောင်းမှူး ကာလတ်ဆန် (နောင်အခါ ဗိုလ်မှူးချုပ်ဖြစ်လာသူ) အား အသေးစိတ်ညွှန်ကြားခဲ့ဖြစ်သည်။ ဖောက်ခွဲရမည့်နေ့မှာ မတ်လ ၆ ရက်နေ့ ဖြစ်သည်။ ကျွန်တော်တို့ ယခု ခေတ္တစခန်းချနေသောနေရာ၏ အနီးယာဘက်၌ရှိသော ချိုင့်ဝှမ်းကြီးအတွင်းမှ မြူနှင်းတို့သည် ဝေ့ကာဝေ့ကာ တလူလူပျံ့တက်လာသည်။ နွေဦးဟုဆိုရသော်လည်း ဆောင်းရိပ်၊ ဆောင်းငွေ့က မကုန်သေး။ အေးစိမ့်လျက်ရှိသေးသည်။ ခပ်လှမ်းလှမ်းရှိ ရွာကလေးတစ်ရွာမှ ကြက်တွန်သံများကြားရသည်နှင့် ကျွန်တော်တို့တပ်ဖွဲ့ ခေတ္တနားယူနေသော ချောက်ကမ်းပါးထက် ကျွန်းပင်များ၊ ပျဉ်းကတိုးပင်များထက်မှ ငှက်တို့၏ ဆူဆူညံညံအသံကို ကြားရသည်။ တသုန်သုန်တိုက်နေသော လေပြည်တွင်မူ နှင်းမှုန်နံ့၊ သစ်ခွပန်းနံ့များလည်း လှိုင်နေပေသည်။ ချိုးငှက်တို့၏တွန်သံ၊ ဘုတ်ငှက်တို့၏ တွန်သံတန်းမှန်းလာ၍ အော်မြည်သံတို့လည်း ကြားရသည်။

ဥဩငှက်တွန်သံကို ကြားရသော ကျွန်တော်တို့အားလုံးသည် အမည်မသိနိုင်သော လွမ်းဆွေးမှုကို ခံစားရသလိုဖြစ်သည်။ ကျွန်တော်အဖို့ ကျောင်းနေခဲ့တော်ကာလ အထက်တန်းကျောင်းသားဘဝက သင်ကြားခဲ့ရသည့် ကဗျာဆရာ ဖေါ့(သ်)ဝါ(ဒ်)၏ နွေဦးကို တမ်းတခြင်း ဆိုသည့်ကဗျာကို သတိရလာသည်။

ကျွန်တော်တို့ ခြင်ဒစ်တပ်ဖွဲ့သည် ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့ စတင်စစ်ထွက်ခဲ့ရ၏။ ကျွန်တော်တို့တပ်ဖွဲ့ မြန်မာနိုင်ငံသို့ စစ်မထွက်ခင်ကမူ ခြင်ဒစ်တပ်ဖွဲ့နှင့် ပတ်သက်၍ သတင်းအမျိုးမျိုး ထင်မြင်ဝေဖန်ချက်အမျိုးမျိုး၊ ကောလဟာလအမျိုးမျိုး န ားမဆုံအောင် ကြားခဲ့ရပြီဖြစ်၏။ ဗိုလ်မှူးချုပ်ဝင်းဂိတ်၏ 'ခရီးဝေးတိုးဖောက်တိုက်ခိုက်မည့် ခြင်ဒစ်တပ်သည် ဗိုလ်ချုပ်ဝင်းဂိတ်၏ စိတ်ကူးယဉ်ချက်အရ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ဂျပန်စစ်ကြောင်းများ၏ နောက်ကျောမှ တိုက်ခိုက်ဖောက်ခွဲ ဖျက်ဆီးရမည့်လုပ်ငန်းများမှာလည်း နွေလယ်အိပ်မက်သာဖြစ်ကြောင်း စသည်ဖြင့်လည်း ဝေဖန်ချက်များရှိခဲ့၏။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်တို့ ခြင်ဒစ်တပ်ဖွဲ့ဝင်အားလုံးအား အိန္ဒိယနိုင်ငံ၊ ယူပီနယ် တောတောင်ထူထပ်၍ ရာသီဥတုပြင်းထန်လှသောနေ





www.burmeseclassic.com

www.burmeseclassic.com



ရာတွင် ဗိုလ်မှူးချုပ်ဝင်းဂိတ်သည် ပြင်းပြင်းထန်ထန် လေ့ကျင့်စေသည်။ ကျွန်တော်တို့တစ်တွေအား ပြင်းထန်သော နေပူရှိန်ခံခြင်း၊ မိုးအစိုခံစေခြင်း၊ ပြေးခြင်း၊ ခုန်ခြင်း ထမင်းစားလေ့မရှိသော ဥရောပတိုက်သား အရာရှိအရာခံ၊ အကြပ်တပ်သားများအား ထမင်းစားစေခြင်း၊ မြေပုံဖတ်ခြင်း၊ လမ်းပြခြင်း၊ အချက်ပြ ဆက်သွယ်ခြင်း၊ ရေကူးခြင်း၊ ရှေးဦးသူနာပြုခြင်း၊ ရုတ်တရက်ထိုးစစ်ဆင်ခြင်း၊ ဆုတ်ခွာခြင်း၊ တောတောင်စုံမြိုင်ဂနိုင်အတွင်း အသံမမြည်အောင် လမ်းလျှောက်ခြင်း၊ ကျွန်တော်တို့နှင့် အတူလိုက်ပါရမည့် မြည်းနှင့်လားများအား မဟီအောင် သင်ကြားခြင်းလည်း ပြုလုပ်ခဲ့ကြရ၏။

စစ်ဆင်ရေးမှာ အခြားစစ်ဆင်ရေးများနှင့်မတူ တစ်မူထူးသည်ဟုဆိုရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော တောတောင်လျှိုမြောင်အတွင်း တိုက်ပွဲဆင်ရာတွင် လက်နက်ကြီးများ၊ သံချပ်ကာကားများ လူအမြောက်အမြားနှင့် တိုက်ခိုက်၍ မဖြစ်နိုင်သည့်အတိုင်း နည်းပရိယာယ်အမျိုးမျိုးကို စနစ်တကျ ထိထွင်သင်ကြားပေးခဲ့၏။ သစ်ပင်များပေါ်သို့တက်၍ပုန်းနည်း၊ ခြေရာဖျောက်နည်း၊ ခြေရာဖျောက်၍ လမ်းလျှောက်နည်း၊ ရန်သူတို့အား စုံစမ်းထောက်လှမ်းခြင်း၊ ရေကူးခြင်း၊ လေယာဉ်ပျံနှင့် ဆက်သွယ်နည်း စသည်တို့ကိုလည်း ကျကျနန သင်ကြားပြသပေးခဲ့၏။

ရန်သူ၏နောက်မှ ချောင်းမြောင်း၍လိုက်ခြင်း၊ ရှေ့မှဆီးတား၍ရုတ်တရက်တိုက်ခိုက်ခြင်း၊ လေးလံသော ဝန်ထုပ်ဝန်ပိုးတို့ကို ကိုယ်တိုင်ကျောပိုး၍ပြေးခြင်း၊ မီးခိုးမထွက်အောင်မီးဖိုနည်းများ၊ စိမ့်စမ်းဂနိုင်အတွင်းအိမ်မြှောင်မြေပုံနှင့် ကြယ်နက္ခတ်တို့ကိုကြည့်၍ ချီတက်နည်း၊ တောတွင်းတိရစ္ဆာန်များကို ခြောက်လှန့်နည်းမှစ၍ လိုလေသေးမရှိအောင် ဝင်းဂိတ်၏ ခြင်ဒစ်စစ်သင်တန်းကျောင်းမှ သင်ကြားပေးခဲ့သည်။ အမှန်အားဖြင့် ဤအထူးစစ်သင်တန်းမှ သင်ကြားပေးသော သင်ခန်းစာများသည် မည်သည့်စစ်တက္ကသိုလ်မှ သင်ကြားပေးမည် မဟုတ်ပေ။

ခြင်ဒစ်တပ်သားအားလုံးလိုလိုပင် အသက် (၃၅) နှစ်အောက်သာ ဖြစ်ကြသည်။ အံ့ဖွယ်သရဲဖြစ်နေသည်မှာ ဤတပ်ဖွဲ့တွင်ပါဝင်သော အရာရှိ အရာခံ၊ အကြပ်၊ တပ်သားအများအနက် အချို့မှာ ဥပဒေအရာရှိများ၊ စာရေးဆရာများ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်မလာမီက လျှမ်းလျှမ်းတောက်တောက် ဟိုးဟိုးကျော်သော ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီမှ အရာရှိများ၊ စတီးဘရားသားကုမ္ပဏီမှ အမှုထမ်းများ၊ သစ်တောဌာနမှ အမှုထမ်းများ၊ အရာရှိများဖြစ်ကြ၏။ ဗိုလ်မှူးချုပ်ဝင်းဂိတ်သည် (နောင်အခါ ဗိုလ်ချုပ်ဖြစ်လာသည်။) သူ့ခြင်ဒစ်တပ်ဖွဲ့ဝင်များအား အသားအရောင်မခွဲခြား အင်္ဂလိပ်၊ မြန်မာ၊ ဂေါ်ရခါး၊ အိန္ဒိယ အမျိုးဟုမခွဲခြား မရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအားလုံးအား ချစ်ခင်ကြသည်။ ထိုခြင်ဒစ်အဖွဲ့တွင်ပါဝင်သော မြန်မာနှင့် မြန်မာတိုင်းရင်းသားအားလုံးအား 'ဂျော်နီ' ဟုခေါ်ကြပြီး မြန်မာလူမျိုးနှင့် အခြားတိုင်းရင်းသားများကလည်း ဗြိတိသျှနှင့် အခြားဥရောပတိုက်သားအများတို့ကို 'တော်မီ' ဟု ခေါ်ကြ၏။

ကျွန်တော်တို့တပ်ဖွဲ့သားအားလုံး၏သတ္တိမှာ တစ်ဦးနှင့်တစ်ဦး မကွဲပြားကြ။ တစ်သားတည်းဖြစ်သည်။ ကိုင်းတော၊ စိမ့်တော၊ ဖျက်တော၊ ကျူတော၊ ဝါးတောများတွင် မတွန့်မဆုတ် ဖွဲ့ဖြင့် ချီတက်ခဲ့ကြရသည်။ တောင်ဆင်း၊ တောင်တက်များတွင်လည်း ဆင်များ၊ လားများကဲ့သို့ ခြေကုပ်၍တက်ခဲ့ကြရသည်။ ဤသို့ တက်ခဲ့သွားခဲ့ကြသောဖြင့် အထိအခိုက် အရှုံးအနာအမျိုးမျိုး တွေ့ခဲ့ကြရ၏။

ကျွန်တော်တို့ တပ်ဖွဲ့သားများ… ရိက္ခာပြတ်၍ အိန္ဒိယနှင့် ဆက်သွယ်… ခြင်းမရှိသည့်အခါများတွင် တောအ… ရှာဖွေတွေ့ရှိရသော မျှစ်၊ ငှက်ပျော… စားရသည်။ သစ်ဥ၊ သစ်သီး၊ သစ်… ရေလုံပြုတ်၍ ဖြစ်သလိုစားကြရသ… မြွေသား၊ ဖွတ်သား ရရာအသား… စားကြရသည်။ ကျွန်တော်တို့တ… တပ်စိတ်တစ်စိတ်မှ ရဲဘော်အမ… လင်းတသားကိုပင်စားကြည့်ကြရာ… အသက်ဆိုးဝါးလွန်းသဖြင့် မစားနိ… ဟု သိရ၏။

တစ်ခါတစ်ရံ ရေငတ်ကြ… သစ်ရွက်၊ ဝါးရွက်များကို စားကြ… ဝါးပင်များ၏ ဝါးဆစ်ထဲတွင်ဝင်နေ… ရေကို ဖောက်၍သောက်ကြရ… ကျွန်တော်တို့တပ်ဖွဲ့ဝင်များအားလုံး… မှက်၊ ခြင်၊ ကျွတ်၊ မွှား၊ ကင်း၊ … စသော ပိုးမွှားတို့ကိုက်ခဲခြင်းမှာ … ဆန်းသလဲဟု ဆိုရမည်ဖြစ်သည်။ မအိပ်ရ၊ ညမအိပ်ရ၊ ချီတက်ရ… လျှောက်ရသဖြင့် ကျွန်တော်တို့ … ဝင်အားလုံး၏ ကိုယ်အလေးချိန်… ဆွဲယူပစ်သလို အခြေအနေရော… ရသည်။ ဆေးလိပ်သောက်တတ်သူ… အဖို့ ဆေးလိပ်၊ စီးကရက်မရသော… မြန်မာကျေးရွာများမှ ဝယ်ယူရခဲ့… ဆေးရွက်ကြီးများကို ကျွန်တေ… ဖက်ရှုရန်ယူလာသော ဝတ္ထုစာအ… မှ စာရွက်များ၊ အဖုံးများနှင့်… သောက်ခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ တပ်ဖွဲ့ဝင်တို့၏ ဖွဲ့နှင့်သတ္တိ ရှာမှရှားသည်ဟု ဆိုရမည်ဖြစ်၏။ ဤကဲ့သို့ ဆင်းရဲဒုက္ခအမျိုးမျိုး ရောက်နေသည့်ကိုပင် စိတ်ဓာတ်ညှိုးငယ်ခြင်းမရှိ။ စိတ်အားငယ်ခြင်းလည်း မရှိ။ ထိုအခက်အခဲကိုပင် ရယ်ရွှင်ဖွယ်၊ ရွှင်မြူးဖွယ်လုပ်လိုက်ကြသည်။ တပ်ထွက်လာရစဉ်က ကျွန်တော်တို့ တပ်ခွဲတွင် ဝန်ကျင်းစေရန် အပိုပစ္စည်းတတ်နိုင်သလောက် ယူဆောင်ခြင်းမပြုခဲ့ကြရာ မုတ်ဆိတ်ရိတ်ဓားမပါခဲ့သဖြင့် အရာရှိ အရာခံ၊ အကြပ်၊ တပ်သားများအားလုံး မုတ်ဆိတ် နှုတ်ခမ်းမွေးမရိတ်နိုင်ကြ။ သို့ဖြစ်၍ ပင်ကိုအမွေးအမှင်ထူသူများမှာ တောတွင်းသားများကဲ့သို့ ဖြစ်ခဲ့ကြရ၏။

ကျွန်တော်တို့တပ်ဖွဲ့ဝင်များသည် ချီတက်လာခဲ့သည့်လမ်းတစ်လျှောက်ရှိ မြန်မာတိုင်းရင်းသားများ၏ ကျေးရွာများသို့ဝင်၍ တတ်အားသမျှအကူအညီပေးခဲ့ကြသည်။ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် တည်းခို၍ အလှူဝတ္ထုများကို ပေးလှူခဲ့ကြ၏။ ကျွန်တော်တို့သည် မြန်မာအချိန် (၁၅) ပိဿာထက်မနည်းသောဝန်ကို ကျောပိုး၍ အနည်းဆုံးမိုင်ပေါင်း (၁၂၀၀) ခန့်ခရီးကြမ်းကို ခြေကျင်လျှောက်ခဲ့ကြရသည်။

အထက်ဖော်ပြပါ စာပိုဒ်သည် သတင်းစာဆရာ၊ စာရေးဆရာ၊ ဂျူလီယန်သော်(မ်)ဆင် ရေးသား ထုတ်ဝေသော (Forgotten Voices of Burma) 'မေ့လျော့နေခဲ့သော မြန်မာနိုင်ငံစစ်မျက်နှာမှအသံများ' စာအုပ်ပါ ပထမခြင်ဒစ်တပ်ဖွဲ့ ချီတက်ခြင်းအခန်းမှ စာပိုဒ်တစ်ခုအား ဆီလျော်အောင် မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် သူရဋ္ဌမဂ္ဂဇင်းကြီးတွင် ခြင်ဒစ်တပ်ဖွဲ့နှင့်ပတ်သက်သော 'ဝင်းဂိတ်၏ ပျောက်ဆုံးနေသောရတနာသိုက်'၊ 'ဝင်းဂိတ်ခြေရာ'၊ 'ရဲဘော်မသေ' စသောဆောင်းပါးများ ရေးသားဖော်ပြခဲ့ရာ သူရဋ္ဌမဂ္ဂဇင်းအယ်ဒီတာအဖွဲ့တလည်း စိတ်ရှည်ရှည်ထား၍ ဖော်ပြပေးခဲ့ပါသည်။ ဤဆောင်းပါးများကို ဖတ်ရှုရသော ကျွန်တော့်ကျောင်းသားဟောင်း သင်္ဘောအရာရှိ ကိုနိုင်ဝင်းသည် ပြည်ပခရီးတစ်ခုမှအပြန်တွင် အထက်ဖော်ပြပါစာအုပ်ကို ဝယ်ယူလာခဲ့ပြီး ကျွန်တော့်အား လက်ဆောင်ပေးခဲ့ပါသည်။ ထိုစာအုပ်သည် မြန်မာနိုင်ငံမှ ဗြိတိသျှတို့ ဆုတ်ခွာသွားခဲ့သည့်အချိန်မှ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်နိုင်သည့်အချိန်ထိ ပါဝင်တိုက်ပွဲဝင်ခဲ့သော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအားလုံးအားတွေ့ဆုံ၍ တစ်ဦးချင်း၏ ဖြစ်စဉ်များကို တိတိကျကျမှတ်တမ်းတင်ထားသော ထူးခြားသည့်စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ဗိုလ်မှူးဖာဂတ်ဆန် စစ်ကြောင်းသုံးချောင်းတံတားကိုတာဝန်ယူဖောက်ခွဲခဲ့သူ၏ ထုတ်ဖော် ပြောဆိုချက်ကို မြန်မာဘာသာဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့လက်အောက်သို့ ကျရောက်သွားခဲ့သော မြန်မာနိုင်ငံအား ပြန်လည်သိမ်းယူရေးအတွက် အကြံပေးခဲ့ကြသူ လက်ဆစ်ချိုးရေတွက်မရအောင်ရှိခဲ့၏။ ထိုစဉ်က မှတ်တမ်းများအရ ဗြိတိသျှဘုရင့်တပ်မတော်သည် ၎င်းတို့ထက် အင်အားနည်းသော ဂျပန်ဘုရင်တပ်မတော်စစ်ကြောင်းများကို တိတိပပခုခံနိုင်စွမ်းမရှိဘဲ အရှုံးပေးခဲ့ကြရ၏။ ဤသို့ဖြစ်ရခြင်းမှာ နောက်ပိုင်းဆက်သွယ်ရေး မော်တော်ကားလမ်းများကို အားထားနေရသော ဗြိတိသျှတပ်များ၏ နောက်ပိုင်းသို့ ပြောက်ကျားနည်းဖြင့် ဝင်ရောက်၍ မော်တော်ကားလမ်းများ၊ ဆက်သွယ်ရေးလမ်းများကို ဖြတ်တောက်ခြင်းသည် ဂျပန်တို့၏ လက်သုံး အောင်မြင်ပေါက်ရောက်သော နည်းဗျူဟာကို သုံးလေ့ရှိရာ ဗြိတိသျှတပ်များအဖို့ ရှေ့မှရန်သူကို ကျားကုတ်ကျားခဲတိုက်နေစဉ် နောက်မှ ဂျပန်တပ်များ မည်သည့်အချိန် ရောက်လာမည်ကိုနောက်ဆံတငင်ငင်နှင့်ဖြစ်နေကြရ၏။ ထိုစဉ်ကာလက ဗိုလ်မှူးချုပ် ဝင်းဂိတ်၏အမြင်မှာ တစ်ခေတ်ကျော်မြင်သည်ဟု ဆိုရမည်။ သူ့အမြင်သည် လေကြောင်းအင်အားအသုံးပြုမှုအပေါ်တွင် အခြေခံထား၏။ ထို့ပြင် ပုံသေတပ်စွဲထားသည့်ခံတပ်အသွင်ဖြင့် စစ်ဆင်သည်ထက် လှုပ်ရှားသည့်နည်းဖြင့် စစ်ဆင်ခြင်းသည် ရန်သူအားထိရောက်သော ထိုးနှက်ချက်ဖြစ်သည်ဟုလည်း ဝင်းဂိတ်က ခံယူထား၏။

ထိုကာလက ပြင်သစ်နိုင်ငံထက်ကျယ်ဝန်းသော မြန်မာနိုင်ငံတွင် ဂျပန်တို့သည် တပ်မလေးခုအား ဗြိတိသျှတို့ ထိုးစစ်ဆင်လာမည်ကို ကာကွယ်ရန်နေရာယူထားစေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ဂျပန်တို့သည် ၎င်းတို့၏ စစ်အင်အားအများစုကို ခံစစ်တွင်သာ သုံးထားသည်။ ထို့ကြောင့် ယင်းရှေ့တန်းတပ်များ၏ နောက်ပိုင်းဒေသများသို့ ပြောက်ကျားနည်းဖြင့် ဝင်ရောက်တိုက်ခိုက်ရမည်ဆိုလျှင် နောက်ပိုင်းရှိ ဂျပန်တပ်များမှာ ကစဉ့်ကလျားဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော နောက်ပိုင်းရှိ နေရာများ၊ လမ်းခရီးအဆက်အသွယ်များကို တပ်အင်အားနည်းနည်းဖြင့် ကာကွယ်ထားရသည်။ သို့ဖြစ်၍ ထိုနယ်ပယ်များအတွင်း ဝင်ရောက်မွှေနှောက်ခြင်း၊ လမ်းပန်းအဆက်သွယ်များဖျက်ဆီးခြင်း ပြုနိုင်လျှင် အတော်အောင်သောင်းတင်းဖြစ်ပြီး စစ်ရေးနှင့်နိုင်ငံရေး အမြတ်ထုတ်နိုင်သည်ဟု မြင်ထား၏။ သို့သော် ဤကဲ့သို့ စစ်ရေးအမြင်ရှိသူ လူထူးလူဆန်းတစ်ယောက်အား ဗြိတိသျှဘုရင်တပ်မတော်မှ တပ်မှူးအချို့က အမြင်မကြည်လင်ကြ။ သို့သော် စစ်သေနာပတိချုပ်၊ ဗိုလ်ချုပ်ကြီးဝေဗယ်နှင့် ဗြိတိသျှဘုရင်အစိုးရက ဝင်းဂိတ်ကို ယုံကြည်ခဲ့ကြသည်။

ပထမအကြိမ် ခြင်ဒစ်စစ်ဆင်ရေးတွင် ဝင်းဂိတ်သည် တပ်ခွဲတစ်ခွဲစီ၊ ခြေလျင်အင်အားဖြင့် စစ်ကြောင်းရှစ်ကြောင်းဖွဲ့စည်းနိုင်ခဲ့သည်။ စစ်ကြောင်းမှူးများမှာ ဗိုလ်မှူးများ ဖြစ်ကြသည်။ စစ်ကြောင်းတစ်ကြောင်းတစ်ကြောင်းစီတွင် မြင်း(၁၅)ကောင်၊ လားအကောင်(၁၀၀)စီ ပါဝင်သည်။ သမားရိုးကျ ခြေလျင်လက်နက်များအပြင် တော်မီစက်သေနတ်ငယ်များတပ်ဆင်ထား၏။ အလေးအပင်များကိုမူ လားများဖြင့် သယ်ဆောင်ပြီး နောက်မှ လေကြောင်းဖြင့် ရိက္ခာပစ္စည်းများ၊ စစ်လက်နက်များ ပို့ဆောင်နိုင်ရန် လေကြောင်းဖြင့် တွဲဖက်ထား၏။

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြထားသည့်အတိုင်း ခြင်ဒစ်တပ်ဖွဲ့ဝင်အားလုံးအား စနစ်တကျ သင်တန်းပေးပြီးဖြစ်၏။ အမှန်အားဖြင့် ဤစစ်ဆင်ရေးဆင်နွှဲနေသည့်အချိန်တွင် တပ်အင်အားကြီးမားသော ထိုးစစ်တစ်ရပ်နှင့်တွဲ၍ လုပ်သင့်၏။ သို့သော် ဝင်းဂိတ်သည် သူ၏ခရီးဝေးထိုးဖောက်စစ်ဆင်မှုအတွေးအခေါ်သစ်တစ်ခုကို ပွဲတွေ့ပြသလိုသဖြင့် ယခုကဲ့သို့ ၁၉၄၃၊ ဖေဖော်ဝါရီလဆန်းတွင် စတင်ခဲ့ခြင်းဖြစ်သည်။ ဝင်းဂိတ်၏ တပ်မဟာအား မြောက်ခြမ်း၊ တောင်ခြမ်းဟု နှစ်ပိုင်းခွဲထားသည်။ တောင်ဘက်ခြမ်းတွင် စစ်ကြောင်း (၁) နှင့် စစ်ကြောင်း (၂) တို့ပါဝင်ပြီး မြောက်ဘက်ခြမ်းတွင် စစ်ကြောင်း (၃)၊ (၄)၊



www.burmeseclassic.com

www.burmeseclassic.com

(၅)၊ (၇)နှင့် (၈) တို့ ပါဝင်သည်။ အချို့ စစ်ကြောင်းများက ယောင်ပြလှုပ်ရှား၍ ရည်ရွယ်ရင်းကို ရန်သူတို့မသိအောင် လှည့်စားရန်ဖြစ်၏။ စစ်ကြောင်းအချို့ ကမူ ဖောက်ခွဲရေးလုပ်ငန်းများပြုလုပ်ရန် ဖြစ်၏။ စစ်ကြောင်းများသည် ဖက်ဆစ် ဂျပန်တို့ စိုးမိုးထားသော နယ်မြေ အတွင်း မိုင်ပေါင်း (၂၅၀) ကျော် ချီတက် ကြရမည် ဖြစ်၏။

ထို့ကြောင့် ဝင်းဂိတ်၏ ခြင်ဒစ် စစ်ကြောင်းများသည် ချင်းတွင်းမြစ်ကို ဖြတ်ပြီးသည့်တွင် ဆီးဖြူတောင်တန်းကို ဖြတ်ကျော်၍ ကျယ်ပြောသော မြစ်ဝှမ်း ဘက်သို့ ဆင်းသက်ခဲ့ကြပြီး တစ်ဖန် မြင့်မားသော မှန်ကင်းတောင်ကို တက် ကြရပြန်သည်။ တစ်ဖန် မဲဇာမြစ်ဝှမ်း ဘက်သို့ ဆင်းခဲ့ကြရ၏။ အမှန်အားဖြင့် ဤခရီးသည် မြေပုံပေါ်တွင်မူ မျဉ်း ဖြောင့်အကွာအဝေးအားဖြင့် မိုင် (၁၅၀) ခန့်သာရှိ၏။ သို့သော် တောင်အထပ် ထပ် လျှိုမြောင်အသွယ်သွယ် ချောင်း အထပ်ထပ် စီးမြေဂနိုင်အတွင်း အထက် ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့် အတိုင်း အလေးချိန် (၁၅) ပိဿာခန့် လေးသော ကျောပိုးအိတ်ကိုလွယ်၊ သေနတ်များကိုထမ်း၍ လျှောက်ခဲ့ကြရ သော ခြင်ဒစ်တပ်ဖွဲ့၏ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအဖို့ လျှောက် လှမ်းရသည်မှာမလွယ်ပေ။

သူတို့သည် တတ်နိုင်သမျှ ရန်သူ ထိတွေ့မှုမရှိအောင် သတိထား၍ ချီတက်ခဲ့ကြသော်လည်း အချို့နေရာ များတွင် တိုက်ပွဲငယ်များဖြစ်ခဲ့ရသည်။ ဂျပန်ဘုရင့်တပ်မတော်အာဏာပိုင်များ အဖို့ ခြင်ဒစ်တပ်မဟာလှုပ်ရှားမှုကို နားမလည်နိုင်ကြ။ အချို့ ခြင်ဒစ်စစ် ကြောင်းများကမူ ရန်သူတို့စခန်းချထား သည့် မြို့ရွာများကို ဝင်ရောက်တိုက် ခိုက်ကြသည်။ ရန်သူအင်အားများသော စစ်ကြောင်းများနှင့် ထိတွေ့တိုက်ပွဲဝင်ခဲ့ ရသော စစ်ကြောင်းအချို့မှာမူ မူလ အစီအစဉ်ကိုဖျက်၍ လူစုခွဲ၍ ဖောက် ထွက်ခဲ့ကြရသည်။ သို့သော် ဂျပန်တပ် များအဖို့ ခြင်ဒစ်တပ်ဖွဲ့၏ စစ်ဗျူဟာကို တအံ့တသြဖြစ်ကြရသည်။ မူလကမူ ဂျပန်ဘုရင့်တပ်မတော်မှ အရာရှိ၊ အရာ ခံ၊ အကြပ်၊ တပ်သားများသည်၊ ဗြိတိသျှ တပ်မတော်သားများသည် တောတွင်း စစ်ဗျူဟာကို နားမလည်ဟု စွဲမှတ်ထား ၏။ ရုတ်တရက်ကြုံတွေ့ရသော ခြင်ဒစ် စစ်သားများ၏ ဖွဲ့နှင့်သတ္တိကို တွေ့ကြရ သောအခါ နာနာဘာဝတပ်သားများ ပေလောထင်ကြသည်။

ချုပ်သင်းဘူတာ၏ မြောက်ဘက် မိုင် (၅၀) ခန့်ကွာဝေးသော အင်းတော် နှင့်ဝန်းသိုဘူတာများစပ်ကြားရှိ မီးရထား လမ်းများ၊ သံတံတားများကို ချိုးဖျက် ဖောက်ခွဲရန် တာဝန်ပေးခံရသည့်တပ်ခွဲ များမှာ ဗိုလ်မှူးဖာဂတ်ဆန်တပ်ခွဲနှင့် ဗိုလ်ရမ်းဟု ခြင်ဒစ်တပ်ဖွဲ့ဝင်အများက ကင်ပွန်းတပ်ခံရသော မေဂျာကာလ်း ဗတ်၏တပ်ခွဲ ဖြစ်သည်။ သူသည် မြန်မာ နိုင်ငံ မေမြို့(ပြင်ဦးလွင်)တွင် တောတွင်း ပြောက်ကျားသင်တန်းကျောင်းသင်တန်း မှူးအဖြစ် ဆောင်ရွက်ခဲ့သည်သာမက မြန်မာနိုင်ငံမှ ဗိုလ်ချုပ်ကြီး စလင်၏ အမှတ် (၁၇) တပ်မကြီး ဆုတ်ခွာခဲ့စဉ် က ဟသ်ာတတိုက်ပွဲ၊ ရွှေတောင်တိုက် ပွဲများတွင် ပါဝင်ခဲ့သူဖြစ်၏။

ဖောက်ခွဲရေးတွင်လည်း ထူးထူး ခြားခြားအောင်မြင်ပေါက်ရောက်ဖြစ်၍ သူ့အား 'ဗိုလ်ဒိုင်းနမိုင်း' ဟုလည်း ရဲဘော် အများက သမုတ်ခြင်းခံရသူဖြစ်သည်။ သူတို့ဖောက်ခွဲဖျက်ဆီးရမည့် တံတား များအနက် မဲဇာချောင်းရထားလမ်းကူး တံတားသည် အကြီးမားဆုံးတံတားဖြစ် သည်။ မြန်မာနိုင်ငံ မီးရထားအဲဖွဲ့ မှတ် တမ်းများအရ ထိုတံတားကြီးသည် မန္တ လေး - မြစ်ကြီးနားလမ်းပိုင်း မိုင်တိုင် (၅၇၄/၁၆/၁၇) တွင်တည်ရှိပြီး စစ်ကိုင်း တိုင်းဒေသကြီး(ယခု စစ်ကိုင်းတိုင်းဒေသ ကြီး) အင်းတော်မြို့နယ်၊ မဲဇာကျေးရွာ အနီး၌ တည်ရှိသည်။ မန္တလေး- မြစ်ကြီး နား ရထားလမ်းပိုင်းသည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အထက်ပိုင်း ဆက်စပ် ပေးသော အဓိကလမ်းကြောင်းဖြစ် သဖြင့် ဗြိတိသျှအစိုးရသည် ခရစ်နှစ် ၁၈၉၁ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ သည်။ ဖောက်လုပ်ခဲ့သော လမ်းပိုင်း အသီးသီးတွင် ပေ (၁၀၀) အထက်ရှည် သော သံပေါင်တံတား (၃၄) စင်းရှိ သည်ဟု ဆိုသည်။

ဗြိတိသျှအစိုးရတို့ တည်ဆောက် ခဲ့သော မြစ်ကူးမီးရထားတံတားများ အနက် အလျားပေ (၃၇၆၀) ရှိသော ဧရာဝတီမြစ်ကူးတံတား (အင်းဝ) ပြီး လျှင် မဲဇာချောင်တံတားသည် ပေ (၇၀၀)ရှိသဖြင့် ဒုတိယအရှည်ဆုံးတံတား ဖြစ်၏။ ထိုတံတားအား ဖောက်ခွဲဖျက်ဆီး နိုင်မည်ဆိုပါက ဖက်ဆစ်ဂျပန်တို့အဖို့ ပြန်လည်ပြုပြင်ရန်မလွယ်။ မြစ်ကြီးနား ရှိ ဂျပန်ဘုရင်တပ်မတော်အဖို့ ဆက် သွယ်ရေး၊ ရိက္ခာအကူပေးရေး အထူး အခက်အခဲဖြစ်မည်ဖြစ်၏။ မှန်ပါသည်။ အထက်ဖော်ပြပါ မဲဇာဘုံချောင်းတံတား နှင့်သံလမ်းများအား ကြီးကြီးကျယ်ကျယ် ဖောက်ခွဲဖျက်ဆီးနိုင်မည်ဆိုပါက ဂျပန် ဘုရင့်တပ်မတော်၏ တောင်နှင့် မြောက် ဆက်သွယ်ရေးလမ်းကြောင်းမှာ အချိန် ကာလ အတော်အသင့်ကြာအောင်ပြတ် တောက်သွားမည်ဖြစ်၏။ ဗိုလ်မှူးချုပ် ဝင်းဂိတ်သည် ဗိုလ်ရမ်းကာလဗတ်နှင့် ဗိုလ်မှူးဖာဂတ်ဆန်တို့ တပ်ခွဲများအား မဲဇာဘုံချောင်းမီးရထားလမ်းနှင့် မဲဇာ တံတားအားဖောက်ခွဲရန် တာဝန်ပေးခဲ့ ၏။

ခြင်ဒစ်တပ်ခွဲနှစ်ခွဲသည် ဝင်းဂိတ် ညွှန်ပြသည့်လမ်းအတိုင်း မတ်လ ၁ ရက် နေ့တွင် သတ်မှတ်ထားသည့်နေရာများ မှ ထွက်ခွာသွားကြ၏။ ဘုံချောင်းကျေး ရွာငွင် ဂျပန်တပ်သား တစ်ယောက်မှ မတွေ့ရသဖြင့် ဗိုလ်မှူးဖာဂတ်ဆန်ခေါင်း ဆောင်သောတပ်ခွဲအဖို့ ပြင်ဆင်ချိန်ရ သွားသည်။ တပ်ခွဲမှ အင်ဂျင်နီယာများ ၏ အကြံပေးချက်အရ ဘူတာရုံနှင့် မလှမ်းမကမ်းရှိ မဲဇာတံတားနှင့် ချောက် ကမ်းပါးယံမှ မီးရထားလမ်းပိုင်းကိုပါ ဖျက်ဆီးရန် စီစဉ်ခဲ့ကြသည်။ ဗိုလ်မှူး ဖာဂတ်ဆန်အဖွဲ့မှ ဖောက်ခွဲရေးတာဝန်ခံ များသည် နာမည်ကြီးတံတားနှင့်သံလမ်း ဘေးကမ်းပါးယံတစ်လျှောက် ယမ်းများ ကိုကပ်ပြီး မတ်လ ၆ ရက်နေ့ ည(၉)နာရီ တိတိ ထွင်းဖောက်ခွဲရန် သတ်မှတ်ထား ၏။ တံတားကြီးကို ဖောက်ခွဲရန် တာဝန် ပေးခြင်းခံရသော ဗိုလ်ဒေးဗစ်ဝှိုက်ဟာ နှင့်အဖွဲ့သည် အစီအစဉ်အတိုင်း စနစ် တကျ ဖောက်ခွဲရမည်ဖြစ်၏။ ဖောက်ခွဲ ပြီးသည်နှင့် တပ်ဖွဲ့ဝင်များအားလုံးသည် ယာယီစခန်းချထားသော ဘုံချောင်းရွာ အနီးမှ အမြန်ဆုံးထွက်ခွာရမည် ဖြစ်၏။

ထိုနေ့ ည (၉) နာရီတိတိတွင်မူ ကမ္ဘာမပျက်မီ တော်လည်းလိုက်သည့် အသံကဲ့သို့ ပေါက်ကွဲသံကြီးနှင့် လျှပ်စစ် ဖြတ်လိုက်သကဲ့သို့ ထိန်လင်းသွားပြီး နောက် ပေါက်ကွဲသံများကလည်း ဟိန်း၍ဟိန်း၍ ပေါ်လာခဲ့၏။ ခြင်ဒစ်တပ်ခွဲ သည် မဲဇာဘုံချောင်းတံတားနှင့် တောင် ကမ်းပါးယံရှိ မီးရထားသံလမ်းများကို ခွဲဖောက်ခဲ့ပြီး ဖြစ်တော့၏။

လှမိုး (ပညာရေး)

**ကျမ်းကိုး -**

1. Forgotten Voices of Burma.

www.burmeseclassic.com

www.burmeseclassic.com



(ဂုဏ်ပြုဆောင်း)

# ဆလိုင်းငွေနှိသိန်း

## ကျွန်တော်နဲ့သို့ကြိုး

ကျွန်တော်က မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနက ဦးစီးအရာရှိအငြိမ်းစား ပါ။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာပဲ ကျွန်တော် မြို့နယ်ဦးစီးမှူးရာထူးတိုးနဲ့ ချင်းပြည်နယ် မတူပီမြို့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါတယ်။ကျွန်တော်တို့ခေတ်တုန်းက ကျွန်တော်တို့ဌာနမှာ ရာထူးတစ်ခုတိုးဖို့ တော်တော်ခဲယဉ်းပါတယ်။ ရေးဖြေ၊ နှုတ်ဖြေတွေအဆင့်ဆင့်ဖြေပြီးမှ အောင်မြင်မှ ရာထူးတိုးခွင့်ရတာပါ။ အဲဒါကြောင့် ကျွန်တော်က အမျိုးမျိုးအခက်အခဲတွေရှိနေတဲ့ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လမှာပဲ ချင်းပြည်နယ် မတူပီမြို့ကို ရောက်အောင်သွားခဲ့ပါတယ်။

အဲဒီတုန်းက ကျွန်တော့်မှာပန်းနာရင်ကျပ်ရောဂါရှိတယ်။ အေးရင်ဖြစ်တယ်၊ အစားအသောက်မှားရင်ဖြစ်တယ်။ ချင်းပြည်နယ်ဆိုတာက အေးမှအေး ရေတောင်ခဲပါတယ်။ လမ်းတစ်လျှောက်ကတော့ သဘာဝအလှအပတွေရှိသလို ခရီးကလည်း ကြမ်းတမ်းပါတယ်။ ကျွန်တော် ပျော်ဘွယ်မြို့ကနေ မြင်းခြံမြို့ကိုသွားတယ်။ မြင်းခြံက တစ်ဆင့် ပခုက္ကူကိုသွားရတယ်။ ပခုက္ကူ

www.burmeseclassic.com

မှာ မတူပီကြားစခန်းဆိုတာရှိတယ်၊ ကြားစခန်းမှာ မတူပီသွားတဲ့ကားကို (၇) ရက်လောက် စောင့်ရတယ်။ အဲဒီခေတ်တုန်းက RTC လို့ခေါ်တဲ့ ကားအပြာကြီးတွေ စီးသွားရတယ်။ ပခုက္ကူကနေ နံနက် (၉) နာရီမှာ ကားစထွက်တယ်။ ပခုက္ကူပေါက်၊ ကျောက်ထုတွေကိုဖြတ်ပြီး ည (၉) နာရီမှာ မင်းတပ်မြို့ကို ရောက်ပါတယ်။ မင်းတပ်မြို့မှာ ညအိပ်ရပါတယ်။ နောက်တစ်နေ့ နံနက် (၉) နာရီမှာ မင်းတပ်မြို့ကနေ မတူပီကို ကားစထွက်ပါတယ်။ တောင်ပေါ်တက်လိုက်၊ ဆင်းလိုက်ပေါ့။ တောင်ပေါ်လမ်းဆိုတော့ မြွေလိမ်မြွေကောက်တွေပေါ့။ တောင်ဇလပ်ပန်းအနီတွေကလည်း လှလိုက်တာ။ ပင်လုံးကျွတ်ပွင့်နေတာမို့ ကတ္တီပါအနီရောင်ကြီး လွှမ်းခြုံထားသလိုပါပဲ။ ကားမှာလည်း ဖြည်းဖြည်းပဲမောင်းလို့ရတယ်။ တောင်တက်လမ်းတွေက မြင့်မားတာကိုး။ မင်းတပ်နဲ့မတူပီက (၁၀၂) မိုင်ဝေးတယ်။ မိုင် (၃၀) ခရီးမောင်းပြီးတော့ မှောင်သွားပြီ။ မိုင် (၃၀) စခန်းမှာ ညအိပ်ရတယ်။ အေးလွန်းလို့ မီးတွေဖိုပြီးလှုံကြရတယ်။ အေးလွန်းလို့ ချောင်းတွေဆိုး၊ မီးခိုးတွေကြောင့် ချောင်းတွေဆိုး၊ မောပြီးရင်တွေကျပ်၊ ရောဂါကစပြီပေါ့။ ပါလာတဲ့ အင်္ဂလိပ်ဆေးတွေသောက်ပြီး အိပ်လိုက်ရတယ်။

နံနက် (၅) နာရီမှာ အိပ်ရာကထကြရတယ်။ ကျွန်တော်ကတော့ ချောင်းဆိုး ရင်ကျပ်ပေါ့။ ကျွန်တော်တို့ ကားက နံနက် (၈) နာရီမှာ စထွက်တယ်။ ကားစထွက်ပြီး (၁) နာရီလောက်အကြာမှာပဲ တောင်ပြိုပြီး ကားလမ်းပျက်သွားတာ တွေ့ရတယ်။ ကျွန်တော်တို့ကား ဆက်သွားလို့မရတော့ဘူး။ ကားပေါ်မှာပါတဲ့ လူတွေအားလုံး ဆင်းကြပြီ၊ ကားဆရာ ပြောတဲ့စကားကို နားထောင်ရတယ်။ တောင်ကိုဖြိုပြီး လမ်းအသစ်ဖောက်ရမယ်၊ အဲဒါကြောင့် အမျိုးသမီးတွေက ထမင်းဟင်းချက်တဲ့ တာဝန်ကိုယူရပြီး အမျိုးသားတွေက တောင်ဖြိုပြီး လမ်းဖောက်ရတယ်။ ကားပေါ်မှာ ပစ္စည်းကိရိယာအစုံပါတယ်။ ပျော်စရာတော့ အကောင်းသား။ တစ်ဖွဲ့ကို (၁၅) မိနစ်လုပ်ပြီး (၁၅) မိနစ် နားခွင့်ရတယ်။ ကျွန်တော်ကတော့ အလိုလိုအလုပ်သမားခေါင်းဖြစ်သွားတယ်။ (၅) ယောက်တစ်ဖွဲ့ (၆) ဖွဲ့ခွဲလိုက်တယ်။ ကျွန်တော်က နာရီမှတ်ရတယ်။ အလုပ်ဝင်ဖို့ ဆော်သြပေးရတယ်။လမ်းအင်ဂျင်နီယာကတော့ ကားဆရာပဲ။ သူခိုင်းသလိုလုပ်ရတယ်။ နေ့လယ် (၁) နာရီထိုးပြီ။ ကျွန်တော်လည်း ဗိုက်ဆာလာပြီ။ ဒါနဲ့ ကျွန်တော်လည်း ခရစ်ယာန်ဘုန်းကြီးတစ်ပါးကို အလုပ်လွှဲပြီး ကျောပိုးအိတ်လွယ်လို့ ခြေကျင်လျှောက်ခဲ့တယ်။ ရှေ့နားမှာ ရွာရှိတယ်ဆိုလို့ လျှောက်လာလိုက်တာ (၁)နာရီလောက်လျှောက်သွားမှ ရွာကို တွေ့တယ်။

ပထမဆုံးတွေ့တဲ့တဲမှာဝင်ပြီး ထမင်းစားချင်တဲ့အကြောင်းပြောတယ်။ တဲရှင်ကခေါင်းယမ်းပြတယ်၊ ဘယ်လိုပြောပြော ခေါင်းယမ်းပြတယ်။ ဗမာစကားမတတ်ဘူးထင်လို့ လက်ဟန်ခြေဟန်နဲ့ ထမင်းစားချင်ကြောင်းပြောပြတယ်။ ပိုက်ဆံ (၅) ကျပ်လည်း ပေးလိုက်တယ်။ အဲဒီတော့မှ ခေါင်းညိတ်ပြတယ်။ ပထမဆုံး ကျွန်တော့်ကို ရေနွေးတစ်ခွက်ပေးတယ်၊ မီးဖိုနားကိုခေါ်တယ်။ ချင်းပြည်နယ်ဆိုတာက မီးဖိုချောင်ဟာ ဧည့်ခန်းပါပဲ။ ခဏနေတော့ ထမင်းတစ်ပွဲရယ်၊ အသားခြောက်တစ်ခုခုနဲ့ ငရုတ်သီးနဲ့ ကြက်သွန်နဲ့ကြော်ထားတဲ့ ဟင်းတစ်ပွဲရယ်၊ အချဉ်ရည်ဟင်းတစ်ခွက်ရယ်ပေါ့။ ကျွန်တော်လည်း ဆာဆာနဲ့ကုန်းစားတော့တာပဲ။ စားလို့သိပ်ကောင်းတယ်။ ထမင်းက ဇလုံကြီးနဲ့ အပြည့်ဆိုတော့ ကျွန်တော် ဗိုက်ဝသွားပြီ။ မီးဖိုနားမှာပဲ နားနားနေနေ,နေရင်းနဲ့-

"ဘာဟင်းလဲ"

လို့မေးတော့ ရယ်နေပြီး ခေါင်းယမ်းပြတယ်။ ဒါနဲ့ ကျွန်တော်လည်း ဆက်မပြောတော့ဘဲ မီးဖိုနားမှာပဲ အိပ်ပျော်သွားတယ်။ ကျွန်တော် အိပ်ရာကနိုးတော့ (၃) နာရီထိုးခါနီးပြီ။ လူတစ်ယောက်က ကျွန်တော့်ကိုနှုတ်ဆက်တယ်။ ဆရာနိုးပြီလားတဲ့။ သူက ဗမာစကား ကောင်းကောင်းပြောတတ်တယ်။ ဒါနဲ့ ကျွန်တော်လည်းထမင်းစားကောင်းကြောင်းနဲ့ ဟင်းအကြောင်းကို မေးမိတယ်။ သူက အိမ်ရှင်ကို ချင်းလိုမေးပြီး ပြန်ဖြေတာကတော့ -

"အချဉ်ဟင်းရယ်၊ ညိုကြီးနဲ့ကြက်သွန်၊ ငရုတ်သီးကြော်"

လို့ ပြောပါတယ်။

ဒါနဲ့ ကျွန်တော်က -

"ညိုကြီးဆိုတာဘာလဲ"

လို့ မေးတော့ ဆရာတို့ မြန်မာပြည်မှာ ခေါင်းညိတ်တဲ့အကောင်တဲ့။ ကျွန်တော် သဘောပေါက်သွားပြီ။

"ပုတ်သင်ညိုလား"

လို့ မေးတော့-

"ဟုတ်ပါတယ်၊ ဆရာတဲ့"

ကျွန်တော် ဘာတတ်နိုင်တော့မှာလဲ။ စားလို့ကောင်းတာတော့အမှန်ပဲ။ မုတတ်သားစားရသလိုပါပဲ။ ကောင်းပါတယ်။ ကျွန်တော်တို့ စကားပြောနေတုန်းမှာပဲ ကားသံကြားလို့ အပြင်ထွက်ပြီးကြည့်ပါတယ်။ ကျွန်တော်တို့ ကားကြီးရောက်လာပါပြီ။ နာရီဝက်လောက်နားပြီး ကားဆက်ထွက်ပါတယ်။ ည (၉) နာရီမှာ မိုင် (၄၀) စခန်းကို ရောက်ကြပါတယ်။ ကျွန်တော်တို့ကား မိုင် (၄၀) စခန်းမှာ ညအိပ်ရပ်နားကြပါတယ်။ ထူးခြားတာက အဲဒီနေ့ညက ကျွန်တော်ချောင်းလည်းမဆိုးဘူး။ ရင်လည်းမကျပ်ဘူး။ ကောင်းကောင်းအိပ်ပျော်တယ်။ မနက်ကျတော့ ကျွန်တော် စဉ်းစားမိတယ်။ ဒါနဲ့ ကျွန်တော်တို့ ကားပေါ်မှာပါတဲ့လူတွေကိုပြောပြတော့ သူတို့အားလုံးက ပြောကြတယ်။ ညိုကြီးကိုစားရင် ချောင်းဆိုးပန်းနာ ရင်ကျပ်ရောဂါ ပျောက်ကင်းပါတယ်တဲ့။ ဒါနဲ့ ကျွန်တော်လည်း ချက်ချင်းပဲ တဲတွေဆီသွားမေးရတယ်။ တဲတစ်တဲမှာ ညိုကြီးအခြောက်တွေရပါတယ်။ ဒါနဲ့ အဲဒီတဲမှာ ဟင်းချက်ခိုင်းပြီး ထမင်းစားခဲ့ပါတယ်။ လူငယ်တစ်ယောက်ကိုခေါ်ပြီး ညိုကြီးနဲ့တွေ့ချင်လို့ ကျွန်တော် တောထဲကိုသွားခဲ့ပါတယ်။ တွေ့ပါပြီ ညိုကြီးဟာ သစ်ပင်ပေါ်ကနေ ခေါင်းတညိတ်ညိတ်နဲ့ ခေါ်နေပါတယ်။ သူတို့ဆီက ညိုကြီးလို့ခေါ်တဲ့ ပုတ်သင်ညိုက သာမန် လက်မောင်းလောက်တုတ်ပြီး အရှည်က အမြီးအထိ တောင်ဆုတ်လောက်ရှိတယ်။ကြီးထွားသေးတာပဲကွာတယ်။ အဲဒီနေ့ကလည်း ကျွန်တော် ချောင်းမဆိုးဘူး ရင်မကျပ်ဘူး။ ညိုကြီးနဲ့ ကျွန်တော် (၃) ရက်ပေါင်းမိကြတယ်။ မတူပီရောက်တော့လည်း မကြာခဏ ညိုကြီးကို စားဖြစ်ပါတယ်။ ကျွန်တော့်မှာ စွဲကပ်နေတဲ့ ပန်းနာရင်ကျပ်ရောဂါလည်းလုံးဝပျောက်ကင်းသွားပါတယ်။ အခုအချိန်အထိပါပဲ။ ဒါကြောင့် ကျွန်တော်ကိုယ်တိုင် လက်တွေ့ပျောက်ကင်းတာမို့ ပန်းနာရင်ကျပ်ရောဂါသည်များ ညိုကြီးကို စားကြပါလို့ တိုက်တွန်း ရေးသားလိုက်ပါတယ်။

*ကိုယ်စိတ်နှစ်ပါးချမ်းသာပါစေ*

ဆသိုင်းဦး (မောင်ဆင်း)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီး အပါအဝင် ဓန်လာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ဤကာလတွင် ၂၄-၉-၂၀၁၅ နေ့ နေ့လယ် (၁၆း၁၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သို့ စန်းစတင်ဝင်ရောက်မည်ဖြစ်ပြီး (၂၅-၉-၂၀၁၅) နေ့ နံနက် (၄း၁၂း၄၆) နာရီတွင် ဓနသိဒ္ဓိနက္ခတ်သည် စန်းနှင့်ယှဉ်ဖက်နေမည်ဖြစ်ပြီး ၎င်းနေ့ နေ့လယ် (၁၆း၁၃) နာရီတွင် ဓနသိဒ္ဓိနက္ခတ်မှ စန်းထွက်ခွာမည်ဖြစ်သည်။ (၂၄-၉-၂၀၁၅) နေ့ ညနေ (၁၅း၂၄း၂၂) နာရီမှ (၁၅း၅၀း၃၀) နာရီတွင် ဓနသိဒ္ဓိနက္ခတ်ကို လဂ်ဖြတ်ကျော်မည်ဖြစ်ပြီး (၂၄-၉-၂၀၁၅) နေ့ ညဉ့် (၂၁း၀၅း၄၅) နာရီမှ (၂၂း၁၀း၀၇) နာရီအတွင်းမှာ ဓနသိဒ္ဓိနက္ခတ်ကို မွန်းတည့်မျဉ်းဖြတ်ကျော်မည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၆း ၅၅း ၃၈ | ၁၇း ၁၉း ၅၈ | ၁ | ၂၂း ၃၆း ၁၅ | ၂၃း ၄၀း ၅၅ |
| ၂ | ၁၆း ၅၁း ၄၂ | ၁၇း ၁၆း ၀၂ | ၂ | ၂၂း ၃၂း ၁၉ | ၂၃း ၃၆း ၅၉ |
| ၃ | ၁၆း ၄၇း ၄၆ | ၁၇း ၁၂း ၀၆ | ၃ | ၂၂း ၂၈း ၂၃ | ၂၃း ၃၃း ၀၃ |
| ၄ | ၁၆း ၄၃း ၅၀ | ၁၇း ၀၈း ၁၀ | ၄ | ၂၂း ၂၄း ၂၇ | ၂၃း ၂၉း ၀၇ |
| ၅ | ၁၆း ၃၉း ၅၄ | ၁၇း ၀၄း ၁၄ | ၅ | ၂၂း ၂၀း ၃၁ | ၂၃း ၂၅း ၁၁ |
| ၆ | ၁၆း ၃၅း ၅၈ | ၁၇း ၀၁း ၁၈ | ၆ | ၂၂း ၁၆း ၃၅ | ၂၃း ၂၁း ၀၅ |
| ၇ | ၁၆း ၃၂း ၀၂ | ၁၆း ၅၇း ၂၂ | ၇ | ၂၂း ၁၂း ၃၉ | ၂၃း ၁၇း ၀၉ |
| ၈ | ၁၆း ၂၈း ၀၆ | ၁၆း ၅၃း ၂၆ | ၈ | ၂၂း ၀၈း ၄၃ | ၂၃း ၁၃း ၁၃ |
| ၉ | ၁၆း ၂၄း ၁၀ | ၁၆း ၄၉း ၃၀ | ၉ | ၂၂း ၀၄း ၄၇ | ၂၃း ၀၉း ၁၇ |
| ၁၀ | ၁၆း ၂၀း ၁၄ | ၁၆း ၄၅း ၃၄ | ၁၀ | ၂၂း ၀၀း ၅၁ | ၂၃း ၀၅း ၂၁ |
| ၁၁ | ၁၆း ၁၆း ၁၈ | ၁၆း ၄၁း ၃၈ | ၁၁ | ၂၁း ၅၆း ၅၅ | ၂၃း ၀၁း ၂၅ |
| ၁၂ | ၁၆း ၁၂း ၂၂ | ၁၆း ၃၇း ၄၂ | ၁၂ | ၂၁း ၅၂း ၅၉ | ၂၂း ၅၇း ၂၉ |
| ၁၃ | ၁၆း ၀၈း ၂၆ | ၁၆း ၃၃း ၄၆ | ၁၃ | ၂၁း ၄၉း ၀၃ | ၂၂း ၅၃း ၂၃ |
| ၁၄ | ၁၆း ၀၄း ၃၀ | ၁၆း ၂၉း ၅၀ | ၁၄ | ၂၁း ၄၅း ၀၇ | ၂၂း ၄၉း ၂၇ |
| ၁၅ | ၁၆း ၀၀း ၃၄ | ၁၆း ၂၅း ၅၄ | ၁၅ | ၂၁း ၄၁း ၁၁ | ၂၂း ၄၅း ၃၁ |
| ၁၆ | ၁၅း ၅၆း ၃၈ | ၁၆း ၂၁း ၅၈ | ၁၆ | ၂၁း ၃၇း ၁၅ | ၂၂း ၄၁း ၃၅ |
| ၁၇ | ၁၅း ၅၂း ၄၂ | ၁၆း ၁၈း ၀၂ | ၁၇ | ၂၁း ၃၃း ၁၉ | ၂၂း ၃၇း ၃၉ |
| ၁၈ | ၁၅း ၄၈း ၄၆ | ၁၆း ၁၄း ၀၆ | ၁၈ | ၂၁း ၂၉း ၂၃ | ၂၂း ၃၃း ၄၃ |
| ၁၉ | ၁၅း ၄၄း ၅၀ | ၁၆း ၁၀း ၁၀ | ၁၉ | ၂၁း ၂၅း ၂၇ | ၂၂း ၂၉း ၄၇ |
| ၂၀ | ၁၅း ၄၀း ၅၄ | ၁၆း ၀၆း ၁၄ | ၂၀ | ၂၁း ၂၁း ၃၁ | ၂၂း ၂၅း ၅၁ |
| ၂၁ | ၁၅း ၃၆း ၅၈ | ၁၆း ၀၂း ၁၈ | ၂၁ | ၂၁း ၁၇း ၃၅ | ၂၂း ၂၁း ၅၅ |
| ၂၂ | ၁၅း ၃၂း ၀၂ | ၁၅း ၅၈း ၂၂ | ၂၂ | ၂၁း ၁၃း ၃၉ | ၂၂း ၁၇း ၅၉ |
| ၂၃ | ၁၅း ၂၈း ၀၆ | ၁၅း ၅၄း ၂၆ | ၂၃ | ၂၁း ၀၉း ၄၃ | ၂၂း ၁၄း ၀၃ |
| ၂၄ | ၁၅း ၂၄း ၂၂ | ၁၅း ၅၀း ၃၀ | ၂၄ | ၂၁း ၀၅း ၄၇ | ၂၂း ၁၀း ၀၇ |
| ၂၅ | ၁၅း ၂၀း ၂၆ | ၁၅း ၄၆း ၃၄ | ၂၅ | ၂၁း ၀၁း ၅၁ | ၂၂း ၀၆း ၁၁ |
| ၂၆ | ၁၅း ၂၆း ၃၀ | ၁၅း ၄၂း ၃၈ | ၂၆ | ၂၀း ၅၇း ၅၅ | ၂၂း ၀၂း ၁၅ |
| ၂၇ | ၁၅း ၂၂း ၃၄ | ၁၅း ၃၈း ၄၂ | ၂၇ | ၂၀း ၅၃း ၅၀ | ၂၁း ၅၈း ၁၉ |
| ၂၈ | ၁၅း ၁၈း ၃၈ | ၁၅း ၃၄း ၄၆ | ၂၈ | ၂၀း ၅၀း ၀၃ | ၂၁း ၅၄း ၂၃ |
| ၂၉ | ၁၅း ၁၄း ၄၂ | ၁၅း ၃၀း ၅၀ | ၂၉ | ၂၀း ၄၆း ၀၇ | ၂၁း ၅၀း ၂၇ |
| ၃၀ | ၁၅း ၁၀း ၄၆ | ၁၅း ၂၆း ၅၄ | ၃၀ | ၂၀း ၄၂း ၁၁ | ၂၁း ၄၆း ၃၁ |



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

ဆရာတော်သည် ထိုကြေးနီပုရပိုက်ကို လျှို့ဝှက်စွာလေ့လာပြီး လောကီထွက်ရပ်ပေါက်ကိစ္စများကို စီရင်ဆောင်ရွက်ရင်း ပျံတော်မူခဲ့လေသည်။ ဆရာတော်ပျံတော်မူပြီးနောက် ရဟန်းတပည့်များက ဆရာတော်၏အမွေကို ခွဲဝေယူကြရာ မောင်ဘိုးအောင်သည်လည်း ဆရာတော်ခေါင်းအုံးကို အမွေအဖြစ်ရလေသည်။

ပထမ၌ တန်ဖိုးမဲ့ခေါင်းအုံးကိုသာ ရသည်ဟု ဝမ်းနည်းခဲ့သော်လည်း နောင်တွင် ဆရာတော်လက်သုံး ကြေးနီပုရပိုက်သည် ထိုခေါင်းအုံးထဲ၌ရှိနေသည်ကို တွေ့ရှိရလေသည်။

ထိုကြေးနီပုရပိုက်မှ အင်း၊ စမအတတ်၊ ဝိဇ္ဇာရေအတတ်၊ ဝိဇ္ဇာမယိဒ္ဓိအတတ်များကို သေချာကျေညက်စွာလေ့လာဆည်းပူးကျင့်ကြံအားထုတ်ခြင်းဖြင့် မောင်ဘိုးအောင်သည် အကျော်ဇေယျ ဘိုးဘိုးအောင်အမည်ဖြင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ရှိ သွားခဲ့လေသည်။

သက္ကရာဇ် ၉၅၃ ခုနှစ်ဝန်းကျင်၌ ဟံသာဝတီပြည် ကောင်းစားစဉ်ကာလ ဗားမဲ့ဆရာတော်လောင်းလျာ ရှင်သူငယ်နန္ဒသာရသည် တစ်နေ့သ၌ ဟံသာဝတီ မြစ်ကမ်းပါးတစ်နေရာသို့ ကြွရောက်တော်မူစဉ် သူရူးတစ်ယောက်နှင့်တွေ့ဆုံသော် မြစ်လယ်၌ မိကျောင်းတစ်ကောင်သည် ကြေးနီပုရပိုက်တစ်ခုကို ကိုက်ချီလျက် သူတို့ရှိရာ မြစ်ကမ်းပါးဘက်သို့ ကူးလာသည်ကိုမြင်ရ၏။

ရှင်သူငယ်နန္ဒသာရက သူရူးအား မိကျောင်းပါးစပ်ထဲက ကြေးနီပုရပိုက်ကို လုယူပေးရန် ပြောဆိုလိုက်ရာ သူရူးလည်း မြစ်ထဲကို ကပျာကယာဆင်းပြီး မိကျောင်းပါးစပ်ထဲက ကြေးနီပုရပိုက်ကို လုယူကာ ရှင်သူငယ်ကိုပေးလေ၏။

ရှင်သူငယ်သည် ထိုကြေးနီပုရပိုက်ကို သေချာစေ့စပ်စွာ လေ့လာဆည်းပူးသည်ကစ၍ အင်း၊ အိုင်၊ မန္တရားဆေးဝါး၊ အဂ္ဂိရတ်အတတ်၌ အထွတ်အထိပ်ရောက် ထွက်ရပ်ပေါက်ခဲ့ပြီး ဗားမဲ့ဆရာတော် အရှင်နန္ဒသာရအဖြစ် အကျော်တစောဖြစ်လာခဲ့လေသည်။

မြန်မာ့ဂန္ဓာရီနယ်ပယ်၌ ဗားမဲ့ဆရာတော်၏အမည်နာမနှင့် သူ့လုပ်ရပ်များလည်း လမ်းပြကြယ်သဖွယ် အားကိုးအားထားရာဖြစ်ခဲ့သည်။

ရတနာပူရ အင်းဝဇာတိ မဟာမြိုင်ဆရာတော် အရှင်ဝဏ္ဏာဓဇ ရေးသားစီရင်သော ဗားမဲ့ဝိဇ္ဇာမဟာသိဒ္ဓိကျမ်းရင်းဆယ်ကြောင်းရေးပေမူထဲတွင် ဗားမဲ့ဆရာတော်ကို ရခိုင်ဒေသ ဗားမဲ့တောင်ရှည်ရွာတွင် မြန်မာနှစ် ၉၃၃ ခုနှစ်မြင်သည်ဟု ရေးသားထားလေသည်။ ယခု





www.burmeseclassic.com

www.burmeseclassic.com

ယ်နှစ်ကျော်ကာလမှ ထုတ်ဝေသော ားမဲ့ဆရာတော်ဆိုင်ရာ နောက်ရေးစာ င်သစ်ထဲ၌ ဗားမဲ့ဆရာတော်သည် တောင်ရိုး ဓညဝတီရွာတွင် မွေးဖွား ည်ဟု ဖော်ပြထားသည်။

ဓညဝတီ၊ ဝေသာလီ၊ လောင်း က်၊ မြောက်ဦး စသော ရှေးဟောင်း တော်များထွန်းကားခဲ့သော ရခိုင်ပြည် ်မြောက်ပိုင်း ကျောက်တော်၊ မင်း နယ်များတွင် ဗားမဲ့ဂူ၊ ဗားမဲ့စေတီ ည်ဖြင့် ဗားမဲ့ဆိုင်ရာ နေရာဌာနများ ည် ယခုထက်တိုင် အထင်အရှားရှိနေ ၏။

ရခိုင်ရာဇဝင်နှင့် မှတ်တမ်းများ အချို့၌လည်း ဗားမဲ့ဆရာတော်လောင်း လျာ ရှင်သူငယ်နန္ဒသာရသည် မိမိ လေ့လာ ဆည်းပူး တတ်မြောက်သော လောကီအတတ်ပညာနှင့် လက်တည့် စမ်းလွှန်းသဖြင့် မြောက်ဦးရွှေနန်းတော် က ယုံမှားသံသယဖြစ်ကာ ရှင်သူငယ် အား ဖမ်းဆီးကွပ်မျက်ရန် အားထုတ်လာ သဖြင့် ထိုရှင်သူငယ်သည် ရခိုင်ရိုးမ တောင်တန်းကို ဖြတ်ကျော်ကာ အရှေ့ ပြည်ဘက်သို့ထွက်ပြေးလွတ်မြောက်သွား သည်ဟု ဖော်ပြထားမှုများရှိသည်ဆို၏။

ဗားမဲ့ဆရာတော် မွေးဖွားသော သက္ကရာဇ် ၉၃၃ ခုနှစ်တွင် မြောက်ဦး ရွှေနန်းကို မင်းဖလောင်းမင်း စတင်စိုးစံ ၍ ခေတ်ပြိုင် ဟံသာဝတီပြည်၏ ဘုရင့် နောင်မင်းစိုးစံနေသည့်နောက်ပိုင်းကာလ ဖြစ်သည်။

ထို့နောက် ပုဂံပြည့်ရှင် သိုက်တင် မင်းနှင့် ထီးပြိုင်နန်းပြိုင် ရခိုင်ဝေသာလီ ရွှေနန်းရှင် သီရိဓမ္မစန္ဒြားမင်း (သက္ကရာဇ် ၅၁၇ ခုနှစ်) လက်ထက်တွင် ဗားမဲ့ဆရာ တော် အဂ္ဂသမာဓိနှင့် ဗားကရာဆရာ တော် အဂ္ဂမဟာသာမိတို့သည် ဗျည်း (၃၃) လုံးကို အင်းဆန်အင်းကွက်သွတ် သွင်းကာ အင်း၊ အိုင်၊ မန္တရားအစီအရင် ကို သုံးစွဲခဲ့ကြပုံကို ဖော်ပြထားသော ရှေးရခိုင်စာဟောင်းပေဟောင်းတို့တွင်






www.burmeseclassic.com

www.burmeseclassic.com

အထောက်အထားများရှိသည်။

ထို့ကြောင့် သမိုင်းစဉ်တစ်လျှောက်လုံးတွင် ဗားမဲ့၊ ဗားကရာဆရာစဉ်သမားဆက်များ ရခိုင်ဒေသ၌ ရှိနေခဲ့သည်ကိုတွေ့ရ၏။ ဥပမာ ဦးမြဝါကစ၍ ဗားမဲ့၊ ဗားကရာ၊ ကဝိလှူမှိုင်း၊ ရှင်လှူမှိုင်း၊ ဆရာဝေယံလင်းခေါင်၏သူတော်ငတေ၊ ဆရာမင်းဟိန်းထိဝ်တို့၏ ဘိုးဩဘာ စသည်တို့သည် ရခိုင်ဒေသ၌ ရာစုတစ်ခုတွင် ထင်ရှားခဲ့ကြ၏။

ဗားမဲ့၏ နောက်ပိုင်း သို့မဟုတ် ခေတ်ပြိုင် ခေတ်ဆက်တို့၌မူ မြန်မာနိုင်ငံဘုရင့်နောင်မင်းလက်ထက် ခရစ်နှစ် ၁၅၅၀ - ၁၅၈၁ တို့တွင် ဘား(ဗား)ဝိဇ္ဇာများပေါ်ပေါက်ခဲ့ကြောင်းကို-

ဗားမဲ့ (သမဲ့ပင်ကျောင်း)၊ ဗားထီး (ဧကရာဇ်ပင်ကျောင်း)၊ ဗားမြိုက် (ငရုတ်ကောင်းပင်ကျောင်း)၊ ဗားတမော့ (ကျောက်စွန်းကျောင်း)၊ ဗားကရာ (ခရေပင်ကျောင်း)၊ ဗားတွဲ (ပထမကျောင်း)၊ ဗားနိုင်း (အနန်းပင်ကျောင်း)၊ ဗားထော်(ရွှေကျောင်း)၊ ဗားနိုက် (ကန့်ကလာပင်ကျောင်း) ဟု ဘား(ဗား)ဝိဇ္ဇာဆရာတော်များပေါ်ပေါက်ခဲ့ဖူးသည်။

ထို့အပြင် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များဖြစ်ကြသော ဗားမဲ့ဆရာတော်မှစပြီး လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များမှာ ဦးခန္တီ၊ ဘိုးပေါက်ဆိန်၊ အဘရာကျော်၊ ရေဝင်းရှင်ရသေ့၊ မဟာမြိုင်ဆရာတော်၊ ပုပ္ပားဦးကောသလ္လ၊ ရှင်မထီး၊ ယက္ကန်းစင်တောင်ဆရာတော်၊ ဦးသီလ၊ အဖေလှူ၊ အဖေကြီး၊ ဦးစောလှ၊ ဘိုးဇာဂရ၊ ဆရာဆိုင်၊ အဖေလေး၊ အောင်မင်းခေါင်၊ ဘိုးဘိုးအောင်၊ ဘိုးပွား၊ ဘိုးတော်ပြူး၊ ဘိုးတော်အေး၊ ဘိုးပိုက်ဆံ၊ အဘိုးသံ၊ ဘိုးပွင့်၊ ဘိုးငယ်၊ ဘိုးတက်၊ ဘိုးဝါယမ၊ အဖေရှင်၊ ဦးအောင်ချမ်းသာ စသည်ဖြင့် ထွက်ရပ်ပေါက်နှင့်ထူးခြားပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအနှံ့အပြား၌ တွေ့ကြရ၏။

ထို့ပြင်တဝ ကျွန်ုပ်တို့ခေတ်တွင်လည်း ဘိုးတော်အမည်ခံသူများကို တွေ့ဖူးခဲ့သည်။ ဘိုးတော်တင်ဦး၊ ဘိုးတော်မြစိန်စသည်ဖြင့် မဆလ၏ ဘိုးတော်စစ်ဆင်ရေးမှ ဘိုးတော်များ။

ဤသို့ဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျားတွင် အကျော်ဇေယျရှိခဲ့ကြသော ထွက်ရပ်ပေါက်ဝိဇ္ဇာဆရာတော်များနှင့် လူပုဂ္ဂိုလ်၊ ရှင်ပုဂ္ဂိုလ်၊ ရသေ့ပုဂ္ဂိုလ်တို့၏ အကြောင်းကိုတစ်ခန်းရပ်ပြီး ကောဇာ ၆၃၅ ခုနှစ်တွင် ရခိုင်ပြည် နန်းကျားကြီးဘုရင်လက်ထက် ဆံပင်သင်တုန်းဓားပျောက်၍ လောင်းကြက်မြို့ကထွက်ပြေးလာကြသော စိတြနှင့် နာရဒမည်သော ရှင်ငယ်နှစ်ပါးအကြောင်းကို ဆက်ရသော် -

❑

လောင်းကြက်မြို့တော်မှ ခြေဦးတည့်ရာထွက်ပြေးလာကြသော စိတြနှင့် နာရဒ ရှင်ငယ်နှစ်ပါးသည် တောတောင်အထပ်ထပ်ကို ကျော်ဖြတ်ကာ ပြေးလာကြရာ သူတို့ကိုယ်သူတို့ မည်သည့်အရပ်ဌာနဟုလည်း ဦးတည်ချက်မရှိခဲ့ကြသဖြင့် မည်သည့်အရပ်ကိုရောက်လာကြသည်ဟုလည်း မသိကြပေ။

(အမှန်က သူတို့ရောက်ရှိနေသောနေရာမှာ နောင်တွင် မြောက်ဦး ရာဇဌာနီအဖြစ်သမိုင်းတွင်လာမည့်ဘူမိနက်သန်မြေနေရာဌာနဖြစ်လေသည်။)

သည်လိုနှင့် ရှင်ငယ်ညီနောင်တို့သည် မနောဟရီမည်သော စမ်းရေအိုင်တစ်ခုနားရောက်လာကြ၏။ မောမောပန်းပန်းနှင့် စမ်းရေအိုင်နားတွင် စမ်းရေသောက်၍နားနေကြသည်။

(ထိုစမ်းရေအိုင်မှာ မြောက်ဦးမြို့ပေါ်၌ ယခုအခါ ကန်လှကန်အဖြစ် ထင်ရှားလာခဲ့လေသည်။)

ရှင်ငယ်ညီနောင်နှစ်ပါးသည် ရေသောက်အမောဖြေရင်း မြေကမ္ဗလာတွင် ကျောခင်းကာ မိုးပေါ်ကို အဓိပ္ပာယ်မဲ့မော့ကြည့်ပြီး ရှေ့ရေးနောင်ရေးတွေးတော စကားဆိုနေကြသည်။

"အစ်ကို စိတြရေ၊ ငါတို့ဒီလိုပဲ တောတောင်ထဲပြေးပုန်းနေကြရတော့မှာလား"

မြေကမ္ဗလာထက်တွင် လက်တစ်ဖက်ကို ခေါင်းအုံးပြီး မိုးပေါ်ကို အဓိပ္ပာယ်မဲ့မော့ကြည့်နေသော ညီငယ် နာရဒက အစ်ကိုဖြစ်သူ စိတြကိုမေးလိုက်သည်။

"ညီငယ် နာရဒ၊ တစ်သက်လုံးတော့ ဒီတောဒီတောင်ထဲ ငါတို့ဘယ်နေသွားရလိမ့်မတုံး။ ငါတို့ မြို့သတင်း၊ ပြည်သတင်းနားထောင်ရင်း ရှေးရှေးကတောမှီရသေ့ရဟန်းတို့ထုံးနှလုံးမူပြီး ဤတောဤတောင်မှာ သစ်သီးဝလံများကိုစားရင်း ကာလတစ်ခုထိတော့ စောင့်ဆိုင်းနေကြရလိမ့်မယ် ငါ့ညီ"

"ကာလတစ်ခုဆိုတာ ဘယ်ကာလထိလဲအစ်ကို"

"ဒါတော့ဘယ်ပြောနိုင်မလဲကွာ၊ နန်းကျားကြီးဘုရင် နတ်ရွာစံတဲ့အထိလည်းဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ဒီမင်းဆိုးမင်းညစ်ကို တစ်ဦးဦးက လုပ်ကြံလိုက်လို့ လောင်းကြက်မြို့မှာ ဘုရင်သစ်တစ်ပါးပါး နန်းစံတဲ့အထိလည်း ဖြစ်ချင်ဖြစ်မယ်ပေါ့"

စိတြဖြစ်သူ အစ်ကို၏ စကားကိုကြားရသောအခါ ညီငယ်နာရဒမှာ စိတ်ဓာတ်ကျသွားပြီး သက်ပြင်းရှည်ကြီးတစ်ချက်ကိုသာ ချလိုက်နိုင်တော့သည်။

ဤသည်ကို ရိပ်မိလိုက်သော အစ်ကိုစိတြက -

"ညီငယ်၊ ဘာမှစိတ်ဓာတ်မကျနဲ့၊ မင်းဆိုးမင်းညစ်တို့မည်သည် သက်တမ်းမရှည်ကြာတတ်ပါဘူး။ တစ်ဦးဦးကလုပ်ကြံလို့ပဲဖြစ်ဖြစ်၊ တစ်ပြည်တစ်ရွာက မင်းတစ်ပါးပါး လာတိုက်ခိုက်လို့ပဲဖြစ်ဖြစ် နန်းသက်ကုန်တတ်ပါတယ်။ အစ်ကိုတို့ အဲဒီအချိန်ကိုစောင့်ရလိမ့်မယ်။ အဖမ်းသွားခံရင်တော့ အမှန်သေရလိမ့်မယ်။ အဲဒီတော့ ကာလတစ်ခုကို အစ်ကိုတို့ စောင့်ကြတာပေါ့"

"စောင့်တာကတော့ဟုတ်ပြီ။ ဒီတောဒီတောင်မှာ ဘာကိုစားပြီးစောင့်ကြရမှာလဲ"

"ဟင်း. . . အင်း. . . အင်း"

စိတြက ညင်ညင်သာသာမျှင်မျှင်ညှင်းညှင်းရယ်လိုက်တော့ နာရဒက -

"အစ်ကို ဘာရယ်တာလဲ၊ ငါ့စကားက ရယ်စရာလား"

"ဟုတ်တယ်၊ မင်းစကားကရယ်စရာပေါ့။ ဟိုမှာကြည့်စမ်း၊ ဒီတော တောင်မှာ ရာသီအလိုက်သီးမှည့်နေကြတဲ့ သစ်သီးဝလံများကို မြင်တယ်မှတ် လား။ ဟိုဘက်တောင်စောင်းမှာဆို ငှက် ပျောတောစာ မာလကာနဲ့ သစ်ဥ. . .

"ဟင် - ဟာ အစ်ကို ကြည့်ပါဦး ကြည့်ပါဦး။ သားငှက်သတ္တဝါလည်း မဟုတ်ဘဲ အရာဝတ္ထုတစ်ခု ဒီဘက် လေဆန်ကိုပျံလာနေတာ ထူးဆန်းပါဘိ ကြည့်ပါဦး၊ ကြည့်ပါဦး"

မိုးပေါ်မော့ကြည့်နေပြီး ရှေ့ရေး နောင်ရေးမေးမြန်းနေသော ညီငယ် နာရဒက သူ့စကားမဆုံးမီပင် အထိတ် အလန့်ပြောလိုက်သော စကားကြောင့် စိတြမှာလည်း ကယောင်ကတမ်းနှ ချက်ချင်းထထိုင်ကာ နာရဒလက်ညှိုးထိုး ပြရာ မိုးပေါ်သို့မော့ကြည့်လိုက်၏။

ရုတ်တရက်မူ နာရဒနည်းတူ စိတြ လည်းလန့်သွားသည်။

ရေဘူးတောင်း (ရေဘူး) တစ် သည် ထိန်းကွပ်ကိုင်တွယ်သူလည်းမ

www.burmeseclassic.com

www.burmeseclassic.com

သူအလိုလို တဖြည်းဖြည်း မိုးပေါ်က ဆန်ကိုပျံလာပြီး သူတို့နှစ်ယောက် ဩတကြီးငေးကြည့်နေကြချိန်မှာပင် ပေါ်ကပျံဆင်းလာသည်။ ထိုပျံဆင်းသော ရေဘူးတောင်းသည် သူတို့ လျောင်းအိပ်နေကြသော သူတို့အနား စမ်းရေအိုင်ထဲဆင်းငုပ်ကာ ရေဖြည့် မိုးပေါ်ပျံတက်သွား၏။

"ဟင်-အစ်ကို၊ ဤအဝိညာဏက သက်မရှိသော ရေဘူးတောင်းသည် သက်ထင်ရှားရှိဘိသို့ ယခုရေဖြည့်ပြီး ပေါ်ပျံတက်သွားပြန်ပြီ အစ်ကို။ ဤ ခြင်းအရာကား အသို့နည်း"

ညီငယ်နာရဒ၏အမေးကို အစ်ကို ဩမှာ ချက်ချင်းမဖြေနိုင်သေး။ စမ်း ငိုင်ထဲ ရေလာခပ်ပြီး စမ်းအိုင်နားရှိ တောင်ပေါ်ကို လာလမ်းအတိုင်း လေ ၌ပင် တဖြည်းဖြည်းပျံတက်သွားသော ရေဘူးတောင်းကိုသာ အံ့ဩတကြီးမှင် တက်မိငေးကြည့်နေတုန်း -

ဤအခြင်းအရာကို အလွန်သိချင်သော နာရဒက -

"ဟင် - အစ်ကို"

ဟု စကားနောက်ထပ်မေးရန် ထွက်လာမှ စိတြက-

"ငါ့ညီ၊ ဤသို့ ထူးဆန်းစွာရေလာသော ဤရေဘူးတောင်းသည် လော ပညာရှင်တစ်ဦးဦး၏ အစီအရင်သာ ဖြစ်ရချေမည်။ ငါတို့ ဤရေဘူးတောင်း နောက်ကို ခုချက်ချင်းလိုက်ကြစို့။ ကံ ကောင်းလျှင် ဆရာကောင်းကို မုချတွေ့ တော့မည်"

ဟု အငေလာသုံးဆယ်ပြောလိုက် ညီနောင်နှစ်ဦးသည် တဖြည်းဖြည်း ရွေ့ရွေ့ လေထဲ၌ တောင်ပေါ်ဘက်ပျံ တက်နေသော ရေဘူးတောင်းနောက်ကို လိုက်လာကြ၏။

ရေဘူးတောင်းပျံတက်သွားရာ မိုး ပေါ်မော့ကြည့်လိုက်၊ အောက်ကပြေး လိုက်နှင့်လိုက်လာကြရာ တောင် ထိပ်တစ်နေရာအရောက်မှာ စမ်းအိုင်ထဲ လာခပ်ပြီးပြန်လာသော ရေဘူး တောင်းသည်ဝတ်ရည်သယ်ရေသောက် ပြန်လာသော ပျားသူငယ်များ မိမိ အိုက်အအုံရှိရာတည့်တည့် စိုက်စိုက် ဆင်းလာသလို ရေဘူးတောင်းသည် ည်း တောင်ထိပ်တစ်နေရာအရောက် မြေပြင်ရှိရာကို တည့်တည့်စိုက်စိုက် ဆင်းသွားလေ၏။

ထိုအခါ ရေဘူးတောင်းနောက် ပြေးလိုက်လာကြသော ရှင်ငယ်ညီ နောင်နှစ်ပါးမှာ ရေဘူးတောင်းထိုးစိုက် ကျဆင်းသွားရာ တောင်ထိပ်တစ်ဝိုက်ကို လိုက်ရှာကြသည်။

မကြာပါချေ။ သူတို့နောက် ယောင်ခံလိုက်လာကြသော ရေဘူး တောင်းသည် ဝိဇ္ဇာမိုရ်ရသေ့တစ်ဦး၏ ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် မလှုပ်မယှက် အသက်ကင်းမဲ့စွာ ရေအပြည့်နှင့် အမြိုင် သားတည်နေသည်ကိုတွေ့ရလေသည်။

(ထိုဝိဇ္ဇာ၊ ထိုရသေ့နှင့် ရှင်သူငယ် ညီနောင်တို့ တွေ့ကြသောတောင်ကို ယခုအခါ ရက္ခတောင်ဟုခေါ်ကြသည်။)

စင်စစ်သော်ကား ဝိဇ္ဇာမိုရ်ရသေ့ သည် ဘူးတောင်းခွံကို မန္တန်စုတ်ကာ ရေ ခပ်ရန် စေလွှတ်လိုက်သဖြင့် ရေလာခပ် သည်ကို ရှင်ငယ်ညီနောင်တို့မြင်သွားကြ ပြီး နောက်ယောင်ခံလိုက်လာကြခြင်းဖြစ် သည်။

ရှင်ငယ်ညီနောင်တို့သည် ပညာ ရှင်အစစ်ကိုတွေ့ပြီ ဟူသော ဝမ်းသာ အားရစိတ်နှင့် ရသေ့ဝိဇ္ဇာမိုရ်၏ ခြေ အစုံကို တစ်ယောက်တစ်ယောက် ပြေး ဖက်လိုက်ကြကာ ခြေနှင့်ဦးခေါင်းတိုက် လျက် -

"အရှင်မြတ်၊ ကျွန်ုပ်တို့၏ အဖ အရာ၌ တည်တော်မူပါ။ ကျွန်ုပ်တို့ကို ရင်ဝယ်သားကဲ့သို့မခြား သနားချစ်ခင်၍ အဖ၏ အထူးထူးအပြားပြား တန်ခိုး ဖန်ဆင်းတတ်သော နာနာရုပ်အတတ် ကို သားတို့အား သင်ပေးတော်မူပါ"

ဟု တောင်းဆိုလျှောက်ထားကြ သည်။

ရသေ့ဝိဇ္ဇာထိုကား မည်သည့် စကားကိုမျှမဆို။ တုဏှိဘာဝေဆိတ်ဆိတ် သာနေလေ၏။

ထိုအခါ ရှင်သူငယ်ညီနောင်တို့၏ စိတ်ထဲတွင် -

'ပညာရှိတို့မည်သည်မှာ ပညာကို အလွန်လျှို့ဝှက်ဖုံးကွယ်တတ်သည်။ ငါ တို့ကိုလည်း မည်ကဲ့သို့သောပုဂ္ဂိုလ်များ ဖြစ်သည်။ ပညာကို အနွံ့အတာခံ၍ အမှန်တကယ်ပညာရှာသူ၊ ပညာလိုသူ များ ဟုတ်မဟုတ်ကို စုံစမ်းလေ့လာလို၍ ဤသို့ တုဏှိဘာဝေ ဆိတ်ဆိတ်နေနေ ခြင်း ဖြစ်မည်။ ငါတို့သည် ဤဆရာ ရသေ့ဆီက ပညာကိုလိုလျှင် စိတ်ရှည် သည်းခံ၍ စောင့်စားကြရမည်'

ဟု နှလုံးပိုက်လျက် ဝိဇ္ဇာမိုရ် ရသေ့အား ခြေဆုပ်လက်နယ် ရေပူရေ ချမ်း သစ်သီးသစ်မြစ်မှအစ လိုလေသေး မရှိအောင် လုပ်ကျွေးပြုစု၍နေကြလေ သည်။

❑

ရသေ့ဝိဇ္ဇာမိုရ်သည် ရှင်သူငယ် နှစ်ပါး ရှာဖွေကျွေးမွေးပေးသမျှသော သစ်သီး၊ သစ်ဉသစ်ဖုသီးနှံတို့ကိုလက်ခံ ၏။ ကျွေးသမျှကိုလည်း စား၏။ ခြေဆုပ် လက်နယ်ပြုပါရစေဆိုလျှင်လည်း မကန့် ကွက်။ သို့သော် ယခုထိ ရှင်သူငယ်တို့ အား စကားတစ်ခွန်းတစ်စမျှ မေးမြန်း စစ်ကြောခြင်းကို အလျှင်းမပြုဘဲနေလာ ခဲ့သည်မှာ တစ်လကျော် နှစ်လခရီး ပေါက်သွားလေသည်။

သို့သော် ရှင်သူငယ်ညီနောင်တို့ ကား စိတ်မပျက်ကြ။ သူတို့သည် အမှန် တကယ် ပညာရှာသူ၊ ပညာလိုလားသူ များ ဟုတ်၊ မဟုတ် စမ်းသပ်နေသည်ဟု သာ သဘောထားကြပြီး ဝိဇ္ဇာမိုရ်ရသေ့ ကြီးအား ဝတ်မပျက် ရေပူရေချမ်းကမ်း ခြင်း၊ သစ်သီးဝလံရှာဖွေပေးခြင်း၊ ခြေ ဆုပ်လက်နယ်ပြုခြင်း စသည်တို့ဖြင့် တပည့်ဝတ်မပျက် ဆောင်ရွက်လျက်ပင် ရှိနေကြသည်။

သည်လိုနှင့် နှစ်လကျော်၊ သုံးလ လောက်ကြာမြင့်သောအချိန်သို့ ရောက် လာသော တစ်နေ့သ၌ ဝိဇ္ဇာမိုရ်ရသေ့ ကြီးက -

"ရှင်သူငယ်တို့"

ဟု ခေါ်လိုက်သဖြင့် ရသေ့ကြီး နားကို အပြေးကလေး ရောက်သွားကြ သည်။

ရှင်သူငယ်နှစ်ဦး၏စိတ်ထဲမှာ သူ တို့အား စကားမပြောဘဲ သုံးလလောက် တုဏှိဘာဝေ ဆိတ်ဆိတ်နေလာသော ရသေ့ကြီးသည် ဤနေ့တော့ သူတို့၏ ပညာလိုလားသမှုကို ယုံကြည်သွားပြီဖြစ် သဖြင့် ပညာပေးရန်ခေါ်လေပြီဟု ဝမ်း သာအားရ ဝိဇ္ဇာမိုရ်ရသေ့ရှေ့ အပြေး ရောက်သွားကြခြင်းဖြစ်၏။

သို့သော် ဘရသေ့ကား ပညာရပ် နှင့်ပတ်သက်သောစကားကို လုံးဝအဆို အမိန့်မရှိဘဲ -

"ငါ့နောက်ကလိုက်ခဲ့ကြ"

ဟု တုံးတိတိပြောပြီး ရှေ့ကကြွ ၏။

ရှင်ညီနောင်တို့လည်း ဘရသေ့ အမိန့်ရှိသည့်အတိုင်း နောက်ကလိုက် လာကြ၏။

လမ်းဟူ၍လည်းမရှိသော တော တိုးချုံဝင်လိုက်ပါနေကြရာ တစ်နေရာ အရောက်၌ ဝိဇ္ဇာမိုရ်ဘရသေ့က-



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ငယ်ညီနောင်တို့"

"အမိန့်ရှိပါ ဘရသေ့"

"မည်သည့်အန္တရာယ်နဲ့တွေ့တွေ့ ငါ့အရိပ်၊ ငါနဲ့နှစ်တောင့်တစ်ထွာ အကွာ အဝေးကိုမထွက်ကြနဲ့"

ဟု မိန့်သည်။

"မှန်လှပါ ဘရသေ့"

စိတြနှင့် နာရဒတို့က အာမဘာန္တေ ခံကြ၏။

ရှင်သူငယ်တို့၏ စကားမဆုံးမီမှာပင် ဘယ်ကဘယ်လိုရောက်လာကြသည် မသိသော ဧရာမ ကျားကြီးနှစ်ကောင်သည် ဘရသေ့နှင့် သူတို့ရှေ့ဆီးပြီး ယခု ချက်ချင်းပင် ခုန်အုပ်ကိုက်သတ်တော့မည့်ဟန်နှင့် မာန်ဖီရန်ရှာ၍ သူတို့ရှေ့တွင် လာရပ်နေကြ၏။

စိတြနှင့်နာရဒတို့မှာ အကြောက်လွန်ကာ ဘရသေ့ စောစောကမှာထားသကဲ့သို့ ဘရသေ့နှင့် နှစ်တောင့်တစ်ထွာမကာ ဘရသေ့နားကိုတိုးကပ်လိုက်ကြသည်။ ရှင်ငယ်နှစ်ဦး၏အရပ်နီးပါးမြင့်သော ကျားကြီးနှစ်ကောင်သည် အစွယ်အဖွေးသားနှင့် မာန်ဖီအသံပေးနေကြသော်လည်း ဘရသေ့ကား ခြေလှမ်းမပျက် ရှေ့ကိုသာ မှန်မှန်လှမ်းသွားနေ၏။

မာန်ဖီအသံပေးကာ ခုန်အုပ်ကိုက်သတ်တော့မည့်ပုံနှင့် ရှေ့က ကာဆီးနေသော ကျားကြီးနှစ်ကောင်ကို ဘရသေ့ကား ရှောင်ကွင်း၍မသွား၊ ကျားကြီးနှစ်ကောင်ရှိရာသို့ တည့်တည့်သာသွားနေ၏။

အစွယ်ဖွေးဖွေးနှင့် မာန်ဖီနေကြသော ကျားကြီးနှစ်ကောင်ကိုလှမ်းကြည့်ပြီး အကြောက်လွန်ကာ ခေါင်းနပန်းကြီးပြီး တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားကြသော်လည်း ရှင်ငယ်ညီနောင်တို့မှာ ဘရသေ့မှာထားသည့်အတိုင်းပင် ဘရသေ့၏အနားကသာ ကပ်ပါနေကြရသည်။

သူ့အနားကပ်ပါလာနေကြသော ရှင်ငယ်ညီနောင်တို့ ကြောက်ဒူးတုန်နေကြသည်ကို အတပ်သိသွား၍လားတော့မသိ၊ ဘရသေ့ဆီက စကားတစ်ခွန်းတော့ထွက်လာ၏။

"ရှင်ငယ်တို့၊ နောက်ကိုလှည့်မကြည့်ကြနဲ့"

"မှန် . . . မှန်လှပါ"

"မှန်လှပါ"

ဤသို့ဖြင့် ဘရသေ့သည် ကျားကြီးနှစ်ကောင်ကြားထဲကပင် ဖြတ်ဝင်၍ သွားလေရာ ရှင်ငယ်ညီနောင်မှာလည်း ဘရသေ့နောက်က ခြေလှမ်းမကွာ ကျားနှစ်ကောင်ကြားထဲကပင် ဖြတ်ဝင်လိုက်ပါလာကြသည်။ ကျားကြီးနှစ်ကောင်သည် သူတို့အား နောက်ကနေ ခုန်အုပ်ကိုက်လေမလား ဟူသော အတွေးကို နှစ်ဦးစလုံး တွေးမိလိုက်ကြသော်လည်း ဘရသေ့က 'နောက်ကိုလှည့်မကြည့်ရ' ဆိုသဖြင့် ကျားကြီးနှစ်ကောင်ကြားထဲက လွန်လာကြသော်လည်း နောက်ကိုလှည့်မကြည့်ဝံ့ခဲ့ကြပေ။

သည်လိုနှင့် မည်သည့်တောင်၊ မည်သည့်တောဟု မသိသော တောတောင်တို့ကို အခါခါဖြတ်ကျော်လာပြီးကြသောအခါ တောကြီးထဲက ကျောက်တောင်ကြီးတစ်ခုနား ရောက်လာကြသည်။

ထိုနေရာကိုရောက်လာကြသည်အထိ ဘရသေ့ကလည်း နောက်ကိုတစ်ချက်ပင်ပြန်လှည့်မကြည့်သဖြင့် ရှင်ငယ်ညီနောင်တို့မှာလည်း နောက်သို့ လုံးဝလှည့်မကြည့်ခဲ့ကြပေ။

တောထဲက ကျောက်တောင်ကြီးတစ်ခု၏ ဂူဝကိုရောက်သောအခါ ဘရသေ့က-

"ရှင်ငယ်တို့၊ ဒီမှာခဏနားကြဦး"

ဟုပြောပြီးတောထဲဝင်သွားသည်။

ကွမ်းတစ်ယာညက်ပင်မကြာချေ၊ ဘရသေ့ပြန်ရောက်လာ၏။ ဘရသေ့၏ လက်ထဲတွင် မည်သည့်သစ်သီးဟုမသိရသော လက်သီးဆုပ်ခန့်ရှိ သစ်သီးနှစ်လုံး ပါလာသည်။

"ကဲ - ရှင်ငယ်တို့၊ ဆာရင် ဒီသစ်သီးကို တစ်ယောက်တစ်လုံးစားကြ၊ ထိုင်အဘပြမယ်"

ဟု ပြောပြီး သူ့လက်ထဲကိုင်လာသော သစ်သီးနှစ်လုံးကို တစ်ယောက်တစ်လုံးစီပေး၏။

ရှင်ငယ်ညီနောင်က ဘရသေ့ပေးသောသစ်သီးနှစ်လုံးကို တစ်ယောက်တစ်လုံးစီကိုင်၍ ဂူဝတွင်ထိုင်လိုက်ကြသည်။

"ဂူဝဘက်ကိုကြည့်ပြီး မထိုင်ရဘူး၊ ဂူဝကို နောက်ခိုင်းထိုင်၊ ရှေ့ဦး ရှေ့ဦး ရှေ့ဦး၊ ကျောနဲ့ဂူဝနံရံကိုကပ်ထား၊ မျက်နှာကို ရှေ့ဘက်ကြည့် ဟုတ်ပြီ"

ဟုဆိုကာ အနေအထားပြင်ပေးသည်။

ဘရသေ့ပြင်ပေးသည့်အတိုင်း သူတို့နှစ်ယောက် ကျောက်ဂူဝတစ်ဖက်စီ၌ ကျောက်ဂူနံရံကို ကျောမှီ၍ ထိုင်နေလိုက်ကြ၏။ ထိုအခါ ဘရသေ့က-

"အေး - ဟုတ်ပြီ"

ဟုဆိုပြီး ဂူအတွင်းဘက်ကိုဝင်လိုက်သည်။

ပြီးတော့မှ သူ့လက်ထဲက တောင်ဝှေးကို ဂူဝအား ကန့်လန့်ဖြတ်၍ နွားထမ်းပိုးတင်သလို ရှင်ငယ်ညီနောင်နှစ်ပါး၏ ကုပ်ပိုးပခုံးတွင် တင်လိုက်သည်။ ထိုအခါ ဂူဝကို ကန့်လန့်ဖြတ်ထားသော တောင်ဝှေးမှာ ဂူနံရံကျောက်သားနှင့် ရှင်ငယ်နှစ်ယောက်၏ ပခုံးကြားညှပ်ထားသလိုဖြစ်သွားလေသည်။

"ကဲ- ဟုတ်ပြီ၊ ဘရသေ့ ဒီဂူထဲ ခဏဝင်လိုက်မယ်။ ဒီမှာ ရှင်ငယ်တို့ခဏ နေလိုက်ကြ။ ဘယ်သူလာလာ ဘယ်လိုပုံသဏ္ဌာန်မျိုးနဲ့လာလာဘာမှမကြောက်ကြနဲ့။ ဘရသေ့ရဲ့တောင်ဝှေးကို ခဏဖယ်ပေးပါလို့ဘယ်သူလာပြောပြောဖယ်မပေးရဘူး။ ဘာစကားမှလဲပြန်မပြောရဘူးနော်။ နှုတ်ကိုတံခါး နားကိုငပိတ် နေနေရမယ် ဟုတ်လား"

"တင်ပါ့"

"ဟုတ် . . . ဟုတ်ကဲ့ပါ"

"ဒီအတိုင်းထိုင်နေကြ။ ညောင်းလာရင် ခြေထောင်ဆင်းထိုင်ထိုင်၊ တင်ပျဉ်ခွေထိုင်ထိုင်၊ ဆောင့်ကြောင့်ထိုင်ထိုင် ဘယ်လိုထိုင်ထိုင် အရေးအကြီးဆုံးက ရှင်သူငယ်တို့ ပခုံးနဲ့ကျောက်နံရံမှာညှပ်ထားတဲ့ ဘရသေ့တောင်ဝှေး လွတ်မကျဖို့ဘဲ။ ဘယ်လိုဖြစ်ဖြစ် လွတ်ကျလို့ကို မဖြစ်ဘူး။ ဘရသေ့ပြောတာ မှတ်မိကြတယ်နော်"

"မှန်ပါ"

"မှတ်မိပါတယ် ဘရသေ့"

"ဒါဆို ဟုတ်ပြီ"

ဒါဆို ဟုတ်ပြီဟုဆိုသော်လည်း ရှင်သူငယ်နှစ်ယောက်၏ မျက်နှာကို ခဏစိုက်ကြည့်နေသည်။ ရှင်သူငယ်နှစ်ယောက်ကမူ ဘရသေ့၏ မျက်လုံးအကြည့်ကို ခေါင်းငုံ့ထားကြ၏။

"ကဲ - ဘရသေ့ ဂူထဲပင်တော့မယ်။ ဘရသေ့စကားကို ရှင်သူငယ်တို့ မမေ့ဝယ်မကျ စောင့်ထိန်းကြ"

"မှန်လှပါ၊ စိတ်ချပါ ဘရသေ့ ဘရသေ့စကားကို သားတို့ မမေ့ဝယ်မကျ စေရပါဘူး။ အသက်ပေးပြီး စောင့်ထိန်းပါ့မယ်"

"သာဓုကွယ်၊ သာဓု၊ သာဓု ဗြော် - အေး၊ နောက်တစ်ခု အဘမှာ မေ့သွားတယ်။ ဘရသေ့ ဒီဂူထဲက ထွက်မလာမချင်း ရှင်ငယ်နှစ်ယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နဲ့တစ်ယောက် ဘာစကားမှ မပြောကြရဘူးနော်"

"မှန်လှပါ၊ စိတ်ချပါ ဘရသေ့၊ ဘရသေ့ ဂူထဲကထွက်မလာမချင်း သားတို့ ဝစီပိတ်၊ နားဂင်းပိတ်၊ နားပင်းနေပါ့မယ်"

"ဒါဆို ရှင်ငယ်တို့၊ သင်တို့၏ သစ္စာ စကားဖြစ်ပါစေ"

"သစ္စာစကားပါ အဘ"

"ကောင်းပြီ၊ ဒါဆို အဘသွားပြီ။ အဘစကားကိုသာ ရှင်သူငယ်တို့ မမေ့သယ်မကျ စောင့်သိပြီးနေလိုက်ကြပေတော့"

ပြောပြောဆိုဆိုနှင့်ပင် ဘရသေ့သည် မန္တန်ရွတ်ပြီး ကျောက်ဂူထဲဝင်သွားကြားလိုက်ရသည်။ သူတို့နှစ်ဦးမှာ ဂူဝတံခါးမျက်နှာမူထားကြသဖြင့် ဘရသေ့၏နောက်ကျောကိုတော့မမြင်ကြရ။

ဘရသေ့၏ မန္တန်ရွတ်သံမှာ ဖြည်းဖြည်းတိုးသွားပြီး နောက်ဆုံးတွင် သံမှမကြားရတော့ချေ။

ရှင်ငယ်ညီနောင်နှစ်ပါးမှာလည်း ဘရသေ့မှာထားသည့်အတိုင်း ကျောက်ဂူဝတွင် ကန့်လန့်ဖြစ်နေသော ဘရသေ့၏တောင်ဝှေးကို တစ်ယောက်တစ်ဖက်စီထမ်း၍ ကျောက်နံရံနှင့်ဖိကပ်ကာ ကျန်နေခဲ့ကြသည်။

ဒီလိုနှင့် ရှင်သူငယ်နှစ်ယောက်သည်လည်း ဂူဝတွင် တောင်ဝှေးထမ်း၍ထိုင်နေကြရာ အချိန်ကာလကိုပင် မမှတ်မိတော့၊ ခဏနေခဲ့ကြဟုပြောသွားသော ဘရသေ့ကား ပေါ်မလာသေး။ ကြာတော့ ရှင်ငယ်ညီနောင်တို့မှာ ငိုက်မျဉ်းလာကြသည်။ သို့သော် ဂူဝနံရံနှင့်ကပ်ထိ၊ ပခုံးကပ်အနေအထားတွင်ရှိနေကြသဖြင့် ငိုက်မျဉ်းနေလျှင်လည်း ဘရသေ့တောင်ဝှေးကတော့ လွတ်မကျပဲ ငိုက်မျဉ်းလာကြခါမှ ပို၍ပင်ဖိကပ်ထားသလိုအနေအထား၌ရှိနေလေသည်။

ဂူထဲက မတိုးမကျယ်ပေါက်ကွဲသံကြီးကိုကြားလိုက်ကြရသဖြင့် ငိုက်မျဉ်းနေကြသော ရှင်ငယ်နှစ်ပါးမှာ လန့်ပြီး မျက်စိဖွင့်ကြည့်လိုက်ကြရာ သူ့အဖေ မောင်ညိုနှင့် ဒေါ်ပိုးဖြူတို့သည် ကြည့်သည်ကြည့်နှင့် သူတို့ရှိရာဘက်ကို လာနေကြသည်ကို လှမ်းမြင်လိုက်ရသည်။

ရှင်ငယ်ညီနောင်တို့က မိဘနှစ်ပါးကို မြင်လိုက်ကြရသလို မိဘနှစ်ပါးက လည်း ရှင်ငယ်ညီနောင်တို့ကို မြင်သွားကြရသည်။ ထိုအခါ အမေဖြစ်သူ ပိုးဖြူသည် ရင်ဘတ်စည်တီးမြည်တမ်းကာ -

"အောင်မယ်လေးလေး - အမေ့သား ကိုရင်လေးတို့ရယ်။ အမေတို့မှာ သားတို့ကို လိုက်ရှာလိုက်ကြတာ တောတောင်အနှံ့ ဖတ်ဖတ်မော"

ဟူသော စကားမဆုံးမီပင် ရှင်သူငယ်တို့ရှေ့အရောက်မှာ တစ်စုံတစ်ယောက်က နောက်ကနေ ဆောင့်ဆွဲလိုက်သလို မြေပြင်ပေါ် နောက်ပြန်လဲကျသွားသည်။

ထိုလဲကျသွားသောနေရာတွင်ပင် ရှင်သူငယ်တို့အမေ ဒေါ်ပိုးဖြူသည် မြေပြင်တွင် လူးလိမ့်ငိုကာ -

"ကိုရင်လေးတို့ရယ်၊ မသေကောင်းမပျောက်ကောင်းဘယ်လိုဖြစ်လို့ ဒီကိုရောက်နေကြတာလဲ။ လာ၊ လာ ထထ၊ အမေတို့နဲ့ လောင်းကြက်မြို့ကိုပြန်ကြမယ်။ လာ-ထကြ၊ ထကြ လာ"

ဟု ပြောနေပြန်သည်။

မိဘနှစ်ပါးက ရှင်သူငယ်ညီနောင်တို့ကို ပါးစပ်ကသာ လာကြပါ၊ ထကြပါ၊ ကြွလာကြပါဟု တတွတ်တွတ်ခေါ်ပြောနေသော်လည်း ရှင်သူငယ်နှစ်ယောက်ကမူ မိဘနှစ်ပါးကို ဘာစကားမှပြန်မပြောကြချေ။ ရှင်သူငယ်နှစ်ယောက်မှာ သူတို့ဆရာ ဘရသေ့၏မှာထားချက်အတိုင်း မတုန်မလှုပ်ဘဲ ပြုံးကြောင်၍သာကြည့်နေကြ၏။

"သားလေးတို့ရယ်၊ ဒီတောဒီတောင်ထဲ သားတို့ ဘာလာလုပ်နေကြတာလဲ။ မိုးချုပ်နေဝင်လာရင် ကျားသားလေဝါရန်တို့ကလည်း ကြောက်စရာကောင်းပါဘိနဲ့။ လာ၊ လာ - မြန်မြန်လာကြပါ။ အတော်ကြာရင် မိုးချုပ်တော့မယ်။ လာလေ လာကြပါ၊ မြန်မြန်လာကြပါ။ ကိုယ့်ရပ်ကိုယ့်ရွာကို မြန်မြန်ပြန်ကြမယ်။ လာပါ ထကြပါတော့ သားတို့ရယ်။ အမေရင်ကွဲလို့ သေရပါတော့မယ် ဟီး ဟီး"

သူ့အမေက မြေပြင်တွင်လူးလိမ့်ငိုနေစဉ် သူ့အဖေ ဦးမောင်ညိုသည်လည်း မားရှည်တစ်လက်ကိုကိုင်၍ သူ့အမေအနား၌ မတ်တတ်ရပ်ကာ ရှင်သူငယ်နှစ်ပါးကို ညှိုးညှိုးနွမ်းနွမ်း သောကလွှမ်းသောမျက်နှာနှင့်စိုက်ကြည့်ပြီး -

"ကိုရင်လေးတို့၊ အဲဒါဘာလုပ်နေကြတာလဲ။ ထမ်းထားတဲ့တောင်ဝှေးကို လွှင့်ပစ်လိုက်ကြ။ ကိုရင်လေးတို့ဒီလိုလုပ်နေကြရင် ကိုရင်တို့အမေ ရင်ကွဲနာကျပြီး သေသွားလိမ့်မယ်။ မြန်မြန်ထလာကြပါ။ ကိုရင်လေးတို့ကြောက်တဲ့ နန်းကျားကြီးလည်းသေသွားပြီ။ ကိုရင်လေးတို့ကို ဘယ်သူမှအပြစ်မပေးနိုင်တော့ဘူး။ လာ၊ လာ ထကြ ထကြ၊ မြန်မြန်သွားကြမယ်။ လာလေ ဘာလို့ပြုံးတိပြုံးကြောင်ကြည့်နေကြတာလဲ။ လာ၊ လာ အမိအဖတို့နဲ့ လောင်းကြက်ကို မြန်မြန်ပြန်ကြရအောင်၊ လာပါ၊ ထကြပါ"

အမိနှင့်အဖတို့က လာကြပါ ထကြပါဟု အကြိမ်ကြိမ်အခါခါပြောနေကြသော်လည်း ရှင်ငယ်ညီနောင်နှစ်ပါးကမူ မိဘနှစ်ပါးပြောနေ ခေါ်နေသောစကားကိုကြားလိုက်တိုင်း ဘရသေ့၏မှာထားခဲ့သောစကားကို ကြားယောင်ကာ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးထောင့်ကပ်သတိပေးကြည့်မိကြသည်ကလွဲပြီး မလှုပ်မယှက်သာထိုင်မြဲထိုင်နေကြသည်။

"ဟင် - ငါ့သားလေးကိုရင်နှစ်ပါးတော့ ကျောက်ရုပ်တွေဖြစ်သွားကြပါပြီ။ ရှင်မရယ်၊ ကျုပ်တို့တော့ ကိုယ်ကျိုးနည်းပါပြီ ဟီး ဟီး"

ဟု အဖေကပါ ဟီးချငိုလိုက်ရာ ထိုအခါ ရှင်သူငယ်နှစ်ပါး၏အမေဖြစ်သူမှာ ပိုပြီး ထဘီမနိုင်ပဝါမနိုင်နှင့် ဆံပင်ဖားလျားချကာ မြေပြင်တွင်လူးလိမ့်ပြီး ရှင်သူငယ်နှစ်ပါးကို လောင်းကြက်မြို့ပြန်လိုက်ကြရန် ရှိခိုးတောင်းပန်လိုက်၊ မြေပြင်တွင်လူးလိမ့်ငိုလိုက်လုပ်နေသည်။

"ကိုရင်လေး၊ အမေ့သားလေးတို့ရယ်၊ အမေရင်ကွဲပြီး သေရပါတော့မယ်။ မြန်မြန်ထကြ၊ ကြွကြပါ။ အမေတို့ရဲ့ ကိုယ့်ရပ်ကိုယ့်ရွာကို မိုးမချုပ်မီပြန်ကြမယ် သားလေးတို့ရယ်။ ကိုရင်တို့အဖေပြောသလို ကိုရင်တို့ကိုအပြစ်ပေးမယ့် ဘုရင်နန်းကျားကြီးလည်း သေသွားပါပြီ။ လာကြပါ၊ ထကြပါ မြန်မြန်ပြန်ကြမယ်။ ဒီတောဒီတောင်မှာ အန္တရာယ်အလွန်များပါတယ်၊ မနေကြပါနဲ့။ လာပါ အမေအဖေတို့နဲ့အတူပြန်ကြမယ်။ ထကြပါ၊ လာကြပါ အမေ့သားလေးတို့ရယ်"

မိဘနှစ်ပါးကသာ အမြန်လာကြပါ၊ ထကြပါ၊ ကြွကြပါဟု တစာစာငိုယိုတောင်းပန် ပြောဆိုနေကြသော်လည်း ကိုရင်နှစ်ပါး၏အနားကိုလည်းမလာကြ၊ လက်ကိုလည်းလာမဆွဲကြဘဲ ရှင်ငယ်ညီနောင်နှစ်ပါး၏ ရှေ့တစ်လံကျော်နှစ်လံလောက်ကသာ ပြောဆိုငိုယို၍ လောင်းကြက်မြို့ကို ပြန်လိုက်ကြရန် တောင်းပန်နေကြ၏။

သူ့အဖေက သူတို့ ရှင်ငယ်နှစ်ပါးကို ကျောက်ရုပ်ဖြစ်သွားပါပြီ ဟူသော စကားကိုကြားလိုက်ရချိန်မှာ ရှင်ငယ်နှာရခံက သူ့အစ်ကို စိတ်ခြဆီ မျက်လုံး

www.burmeseclassic.com

ထောင့်ကပ်တစ်ချက်ကြည့်လိုက်ပြီး သူတို့ကျောက်ရုပ်မဟုတ်ကြောင်း ဘရသေ့ပေးထားခဲ့သောသစ်သီးကို ယခုမှသတိရ၍ စားပြလိုက်သည်။

ထိုအခါမှ စိတြကလည်း ဆာလျှင် ရှင်သူငယ်တို့စားကြဟု ဘရသေ့ပေးထားခဲ့သောသစ်သီးကို နာရဒနည်းတူ သူလည်း ကျောက်ရုပ်မဟုတ်ကြောင်းစားပြလိုက်၏။

ထိုအချိန်မှာပင် ကျားဟိန်းသံကြီးများပေါ်ထွက်လာပြီး မြေပြင်တစ်ခုလုံးပင် တုန်ဟည်းသွားသလားထင်လိုက်ရသည်။

"ဟော ဟော - ကျား ကျားမြည်သံကြားတယ်။ ကျားကိုက်မခံရအောင် မြန်မြန်ပြေးကြမှဖြစ်မယ်။ ကိုရင်တို့ မလိုက်ကြဘူးလား။ မြန်မြန်ထကြ၊ မြန်မြန် လာကြလေ၊ လာ လာ မြန်မြန်"

ရှင်သူငယ်ညီနောင်တို့၏ အမေ စကားမဆုံးမီပင် ကျားကြီးနှစ်ကောင်က မြည်ဟိန်းခုန်ပေါက်ရောက်လာကြလေရာ ရှင်သူငယ်တို့၏ မိဘနှစ်ပါးမှာလည်း ချက်ချင်းပင် တောထဲဝင်ပြေးသွားကြလေသည်။

သစ်သီးကိုတစ်ဖဲ့တစ်ကိုက်ကိုက်စားနေကြရင်းက သူတို့ရှေ့ ခုန်ပေါက်ရောက်လာသော ကျားကြီးနှစ်ကောင်ကို ရှင်သူငယ်တို့က အံ့သြတကြီးကြည့်မိလိုက်ကြ၏။

ဤကျားကြီးနှစ်ကောင်သည် စောစောကမှ ဘရသေ့နှင့်သူတို့ တွေ့ခဲ့ကြရသော ကျားနှစ်ကောင်သာဖြစ်ရမည်ဟု ရှင်ငယ်တို့က အတပ်သိလိုက်ကြသည်။ ထိုကျားနှစ်ကောင်ကလည်း သူတို့ကို လာရောက် ခုန်အုပ်ကိုက်သတ်ခြင်းမပြုကြ။ စောစောကမှ သူတို့မိဘနှစ်ပါးရှိနေခဲ့ကြရာ နေရာကသာပြန်လှည့်သွားကြပြီး တစ်ကောင်နှင့်တစ်ကောင် မြူးထူးပျော်ပါးကစားကာ တောထဲဝင်သွားကြသည်။

သစ်သီးတစ်လုံးလည်းကုန်သွားပြီဖြစ်ရာ ရှင်သူငယ်နှစ်ပါးမှာ စောစောက မိဘနှစ်ပါးနှင့် သူတို့အကြောင်းပြန်တွေးပြီး မကြာမီ ငိုက်မျဉ်းစပြုလာကြပြန်၏။

သည်လိုနှင့် စိတြ၊ နာရဒတို့ တစ်ဖန်ငိုက်မျဉ်းနေကြစဉ် ဂူထဲက မတိုးမကျယ်ပေါက်ကွဲသံတစ်ခုကို ထပ်မံ၍ ကြားလိုက်ကြရပြန်သဖြင့် စိတြနှင့်နာရဒတို့က မျက်လုံးဖွင့်ကြည့်မိကြပြန်၏။

သူတို့နှစ်ယောက် ကျောက်ဂူကြီးရှေ့ တောထဲကို ဟိုဟိုသည်သည် မျက်လုံးကစားကြည့်လိုက်ကြချိန်မှာ မိန်းမသူတစ်ယောက်သည် ထင်းစည်းတစ်စည်းကို ခေါင်းပေါ်ရွက်ပြီး သစ်ပင်ကြိုသစ်ပင်ကြားထဲကျိုးကျခြောက်သွေ့နေသော ထင်းခြောက်သစ်ကိုင်းများကို တစ်ခုပြီးတစ်ခုလိုက်ကောက်ကာ သူတို့ရှိရာဘက် တရွေ့ရွေ့လာနေသည်ကိုမြင်ကြရသည်။

ထင်းလာခွေရင်း သူတို့အနားရောက်လာသော မိန်းကလေးကို မြင်လိုက်ကြရာ ရှင်ငယ်ညီနောင်တို့မှာ အံ့သြပြီးရင်းအံ့သြရင်းဆိုသလိုဖြစ်သွားကြသည်။ အဘယ်ကြောင့်ဆိုသော ထိုမိန်းကလေးမှာ ရှင်ငယ်ညီနောင်တို့နှင့် သမီးမျောက်သားတော်စပ်သော သူတို့အရပ်က သဇင်ဖြူမည်သောမိန်းကလေးပင် တည်း။

ဤနေရာတွင် ရခိုင်တို့၏ အစဉ်အလာတစ်ခုကိုဖော်ပြရလျှင် သမီးမျောက်သားဆိုသည်မှာ အဖေ၏နှမ၊ အစ်မတို့က မွေးသောသမီးများကို ဆိုသည်။ ယောကျ်ားလေးများဖြစ်ပါက သမီးယောက်ဖတော်သည်။ ထိုနည်းလည်းကောင်း အမေ၏အစ်ကို၊ မောင်တို့မှ မွေးဖွားလာသော မိန်းကလေးများဆိုလျှင် သမီးမျောက်သွားတော်ကြလေသည်။ ယောကျ်ားလေးဖြစ်က သမီးယောက်ဖ (ဗမာတွေမှာလို မောင်နှမ မတော်ကြပေ။)

သူတို့၏ အစဉ်အလာအရ ညီအစ်ကိုမောင်နှမ တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲများမှာ အဖေ၏အစ်ကို၊ ညီတို့က မွေးသူများ၊ အမေနှင့်အစ်မ၊ ညီမတို့က မွေးသူများ၊ ထိုသူတို့သည် ညီအစ်ကိုမောင်နှမများ တော်စပ်ကြသည်။ ထိုသူတို့သည် တစ်ဦးကိုတစ်ဦး မည်မျှချစ်ကြိုက်ကြသော်လည်း လက်ထပ်ယူခွင့်မရှိကြ။ မောင်နှမဝမ်းကွဲများဖြစ်၍ သမီးမျောက်သားတော်စပ်ကြသော မိန်းကလေး၊ ယောကျ်ားလေးများမှာမူ သူတို့ဘာသာ ချစ်ကြိုက်ကြ၍ဖြစ်ဖြစ် မိဘပေးစား၍ဖြစ်ဖြစ် လက်ထပ်ယူနိုင်ကြသည်။ မည်သူကမျှ မောင်နှမချင်းယူကြသည်ဟု မကဲ့ရဲ့ကြ။ ညီအစ်ကိုကမွေးသော သားသမီးများ အချင်းချင်းယူကြလျှင်တော့ မောင်နှမယူကြသည်ဟု ကဲ့ရဲ့ကြမည်။ တောရွာတောရလေ့ဓလေ့အရ ဆိုလျှင် အယူသီးသောအရပ်၌ ရွာက ကြဉ်ခြင်းကိုပင်ခံရတတ်သည်။

အရှင်းဆုံးဆိုရလျှင် ရခိုင်တို့၏ အမျိုးတော်စပ်ပုံမှာ လိင်ခွဲခြားလိုတ်ခြင်းပင်။ အစ်မ၊ ညီမအုပ်စုသတ်သတ်၊ ညီအစ်ကိုအုပ်စုသတ်သတ်၊ ညီအစ်ကိုများက ပေါက်ဖွားလာကြသော သားသမီးများ လက်မထပ်ရ၊ ညီအစ်မများက မွေးဖွားလာသော သားသမီးများလက်မထပ်ရ။ ညီမ၊ အစ်မကမွေးသူများနှင့် ညီအစ်ကိုများက မွေးဖွားလာသူများမှာ လက်ထပ်ယူနိုင်ကြသည်။

ယခု ရှင်ငယ်နှစ်ပါး၏ အဖေ ဦးမောင်ညိုနှမကမွေးသော သဇင်ဖြူနှင့် ကိုရင်စိတြ၊ နာရဒတို့မှာ သမီးမျောက်သားတော်စပ်ကြသဖြင့် အရွယ်ရောက်လာလျှင် ကိုရင်စိတြနှင့်လည်းကောင်း ကိုရင်နာရဒနှင့်လည်းကောင်း မိဘများက လျာထားကြ၏။ ရှင်ကလူထွက်လာလျှင် သူတို့အချင်းချင်း ကြိုက်ကြ၍သော်လည်းကောင်း၊ မိဘပေးစား၍ယူကြလျှင်လည်းကောင်း မောင်နှမချင်းယူကြသည်မဟုတ်။ သမီးမျောက်သား (အစဉ်တော်) ကြင်ဖက်များပင်။

သမီးမျောက်သား ငယ်စဉ်ကပင် ကစားဖော်ကစားဖက်လည်းဖြစ်သော သဇင်ဖြူလေးက မမျှော်လင့်ဘဲ ရှင်သူငယ်နှစ်ပါး၏တစ်လံလောက်အကွာ အရောက်မှာ ခေါင်းပေါ်ရွက်လာသော ထင်းစည်းကိုချ၍ ရှိရှိသေသေကိုင်ကာ ရှင်သူငယ်နှစ်ပါးကို ဦးချကန်တော့သည်။ ဦးချကန်တော့ပြီးသည်နှင့် -

"ကိုရင်တို့၊ ဘယ်လိုဖြစ်နေကြ လိမ့်။ တပည့်တော်မကို မိန့်ကြားပါဦး ကျားဆင်ရဲတဲ့ ဒီတောဒီတောင်မှာ ဘာ လာလုပ်နေကြတာတုံး။ အရီးရှင် အခင်ကြီး (ကြီးကြီး၊ ဦးကြီး)တို့နဲ့ တစ်ရ လုံးက ကိုရင်တို့ကိုလိုက်ရှာလို့ ဖတ်ဖတ် မောနေကြပြီ။ ကံကြီးထောက်မ တပည့်တော်မနဲ့တွေ့ရတာ။ ကဲ-ထ လာကြ၊ နေမဝင်မီ လောင်းကြက်ကိုပြ ကြမယ်။ လာလေ၊ ထကြဆို ဘာလုပ်နေ ကြတာလဲ။ ဟင် - ဘယ်လိုဖြစ်နေကြ တာလဲ၊ ဟိုတုန်းကလို သဇင်ကို စကား တောင်မပြောကြတော့ဘူးလား။ ဟီး ဟီး ငါ့ကိုရင်များဘယ်လိုဖြစ်သွားကြ လိမ့် ဟီး ဟီး"

သဇင်ဖြူက ငိုကြီးရှိုက်မနှင့်ပြော လာသည်ကို ရှင်ငယ်ညီနောင်က စိတ် မကောင်းကြ။ သို့သော် သူတို့လိုချင်သော ရှိန်းဆာယာပိုမောက်ပြီး ကိုယ် ပျောက်အတတ်၊ ရုပ်ပြောင်းကိုယ်ခွ နာနာရုပ်အတတ်တို့ကို အလွန်တတ် လှသဖြင့် ဘရသေ့မှာထားခဲ့သည့်အ သဇင်ဖြူလေးကို ငေးကြည့်ကာ မယှက်နှင့် ငြိမ်သက်၍သာ ထိုင်နေ

www.burmeseclassic.com

သည်။

သူတို့ရှင်ငယ်နှစ်ပါး နန်းကျားကြီးဘုရင်ကိုကြောက်၍ မားသင်တုန်းပျောက်မှုနှင့်စပြေးလာကြတုန်းကမူ ပြေးမိပြေးရာ ကြောက်ကြောက်နှင့်ပြေးလာကြခြင်းသာ။ သို့သော် ထိုသို့ပြေးလာကြရင်းက အဝိဉာဏကအသက်မရှိသော ရေဘူးတောင်း ရေလာခပ်သည်ကိုမြင်တွေ့ကြရသောအခါ ဤပညာနှင့် နန်းကျားကြီးကို လုပ်ကြံနိုင်သည်ဟု စိတ်တူးရှိထားခဲ့ကြသော်လည်း ယခု သူ့အမေ၊ အဖေတို့က နန်းကျားကြီးသေပြီဟု ဆိုသည်။ ယခု သဇင်ဖြူလေးကို မေးကြည့်ရလျှင်ကောင်းမည်လားဟု အတွေးမဆုံးမီပင် ဘရသေ့မျက်နှာကိုမြင်မိလိုက်ကာ မမေးဖြစ်ပြန်။

ရှင်ငယ်နှစ်ပါး တုဏှိဘာဝေဆိတ်ဆိတ်နေနေကြသည်ကို မြင်ရသောအခါ သဇင်ဖြူမှာ အားမလိုအားမရဟန်နှင့်-

"ကိုရင်လေးတို့ဘယ်လိုလဲ၊ အရှီးရှင် အခင်ကြီးတို့ သမီးကိုပင် စကားမပြောချင်ကြတော့ဘူးလား ကိုရင်တို့။ လောင်းကြက်မြို့က ထွက်ပြေးသွားကြတဲ့သတင်းကိုကြားကတည်းက သဇင်မှာ စားလို့မဝင်အိပ်ရင်လည်းမပျော် ငယ်တကြင် အရှင်ရို့(ရှိ)ကို သစ်ဖျားတင်နေဝင်စတိုင်း မေးနေရရေ (တယ်) သတင်းဆို ထိုထိုမကြား၊ နေ့ရက်ကြာတော၊ လူမှာနွမ်းရိ၊ ကိုယ်ခန္ဓာ၊ အနာဖိလို့မချိနိုင်ယာ"

ဟု သီချင်းဆို၍ ငိုပြနေပြန်သည်။

သဇင်ဖြူက ရပ်ဓလေ့ရွာဓလေ့အတိုင်း သီချင်းနှင့်တစ်မျိုး၊ စကားနှင့်တစ်သွယ်၊ ငယ်စဉ်က အတူတကွကစားလာကြသည်။ ချစ်ခင်ကြင်နာလာကြသည်ဆိုသော အကြောင်းခြင်းရာများကိုပါ ထည့်ပြောသီဆို၍ငိုပြကာ လောင်းကြက်မြို့ကို သူနှင့်အတူပြန်ရန်ဆွဲဆောင်ခေါ်ငင်နေသည်။

သို့သော် ရှင်ငယ်ညီနောင်တို့မှာ သူတို့အလွန်တတ်လိုသော အတတ်ပညာနှင့် နာနာရုပ်အတတ်ကို သင်ပေးလိမ့်မည်ဟု အထင်ရှိနေကြသဖြင့် ဘရသေ့၏စကားကလွဲပြီး မည်သည့်စကား၊ မည်သည့်အရာကိုမျှ လိုက်နာမှုမပြုနိုင်ကြရာ။ သဇင်ဖြူကိုလည်း ငေးကြည့်ရုံ၊ သနားနေကြရုံကလွဲပြီး ဘာစကားမှ သူတို့ပါးစပ်ကထွက်မလာကြသေး

ထိုအခါ သဇင်ဖြူမှာ ချက်ချင်း ကရုဏာဒေါသဖြစ်လာဟန်နှင့် -

"ဟင်-ကိုရင်တို့၊ သဇင်ဒီလောက်ပြောနေတာမကြားကြဘူး။အဲဒီကျောက်ဂူဝမှာ ဘာလို့ထိုင်နေကြလဲ။ ခုချက်ချင်းထကြပါဆို။ မထဘူးလား၊ ထမလားပြောကြလေ"

ဟု ငယ်ကကျွမ်း ရှင်ငယ်နှစ်ပါးကို ကရုဏာဒေါသနှင့် အော်ငေါက်လာ၏။

သို့သော် ရှင်ငယ်ညီနောင်တို့ကား သဇင်ဖြူကို အငေးသားသာကြည့်၍ ယခုထိ တုဏှိဘာဝေလုပ်မြဲလုပ်နေကြ၏။

ထိုအခါ သဇင်ဖြူမှာ ပို၍ဒေါသဖြစ်လာပြီး -

"ဩ ဩော်- ခုထိ သဇင်စကားကို နားမထောင်ကြသေးဘူးပေါ့ ဟုတ်လား။ မိဘဆွေမျိုးတွေမှာတော့ သူတို့ကို တောတောင်အနှံ့ လိုက်ရှာနေကြရလို့ ညမနားရ နေ့မအားရဆိုတာ ကိုရင်တို့သိရဲ့နဲ့ ခုလိုလုပ်နေကြတာ ဘာသဘောလဲ။ အသက်မှရှိကြသေးရဲ့လား။ ဒီလောက်တောင်ဖြစ်နေကြတာ သိကြရောပေါ့"

သဇင်ဖြူသည် ကရုဏာဒေါသဟန်နှင့် အော်ဟစ်ပြောဆိုပြီး စောစောက သူပစ်ချထားခဲ့သောထင်းစည်းကို ပြေးယူသည်။ ထင်းစည်းကိုဖြေလိုက်ကာ ကျောက်ဂူဝတွင် တောင်ဝှေးတစ်ချောင်းတစ်ယောက်တစ်ဖက်ထမ်း၍ ကျောက်ရုပ်လိုလုပ်နေကြသော ရှင်သူငယ်နှစ်ပါးကို ထင်းချောင်းများနှင့်တစ်ချောင်းပြီးတစ်ချောင်းပစ်ပေါက်တော့သည်။

သို့သော် သဇင်ဖြူပစ်ပေါက်လိုက်သော ထင်းချောင်းများမှာ ရှင်သူငယ်နှစ်ပါးဆီ တစ်ချောင်းမှရောက်မလာဘဲ လေထဲ၌ပင် ပျောက်ပျောက်သွားသည်။

ထိုအခါ ရှင်ငယ်နှစ်ပါးမှာလည်း ဂမ္ဘီရပညာတို့နှင့်ပတ်သက်၍ အတော်အတန် ကြားဖူးနားဝရှိထားကြလေရာ ယခု သူတို့တွေ့မြင်နေကြရသော အခြင်းအရာအားလုံးတို့မှာ ဘရသေ့ကြီးက သူတို့ကို ပညာပေးချင်သဖြင့် သူ့စကားကို လိုက်နာ၊ မနာ တမင်စမ်းသပ်နေခြင်း သို့မဟုတ် သူ၏ပညာတတ်အမိဋ္ဌာန်ဝင်နေသည်ကို အနှောင့်အယှက်ပြုလိုသူတို့က စည်းပေါက်သွားအောင် သူတို့ကြောက်လန့်ထွက်ပြေးသွားအောင် သို့မဟုတ် အမိအဖလာခေါ်သူ၊ သဇင်ဖြူ သမီးမျှောက်သားလာခေါ်သူနောက်လိုက်သွားအောင် တမင်ဖန်တီးဖန်ဆင်း၍လုပ်ကြံနေကြလေသလား ဟူသောအတွေးကြောင့် ရှင်ငယ်နှစ်ပါးမှာ တစ်ပါးကိုတစ်ပါး မျက်လုံးထောင့်ကပ် သတိပေးအကြည့်နှင့်သာကြည့်ပြီး နေမြဲနေနေကြ၏။

သဇင်ဖြူမှာ သူပစ်ပေါက်နေသော ထင်းစည်းတစ်ဝက်သာကုန်သွားသော်လည်း မရပ်မနားသေးဘဲ ဒေါသတကြီးနှင့် ဆက်ပစ်ပေါက်နေရာ အဝတ်အဆင်တို့မှာ ထင်းချောင်းခက်လက်တို့နှင့်ငြိပြီး စုတ်ပြဲဖွာလန်ကြကာ လေထဲလွင့်ပါနေကြသော်လည်း ကိုရင်နှစ်ပါးကို အငြိုးကြီးစွာနှင့် ပစ်ပေါက်မြဲပစ်ပေါက်နေတုန်း။

မကြာပါချေ၊ သူ့ကိုယ်ပေါ်တွင် အဝတ်ဆို၍ တစ်ဖွဲ့တစ်စပင်မကျန်တော့ဘဲ ကိုယ်တုံးလုံးဖြစ်သွားသောသဇင်ဖြူကို ရှင်ငယ်နှစ်ပါးမှာ မကြည့်ရဲကြတော့သဖြင့် မျက်စိမှိတ်ထားလိုက်ကြသည်။

ထိုအချိန်မှာပင် ကျားဟိန်းသံကြီးများနှင့်အတူ သဇင်ဖြူ 'ကယ်ပါ၊ ကူပါ' ဟူသော အော်ဟစ်နေသံကိုကြားကြရသဖြင့် မျက်စိဖွင့်ကြည့်လိုက်ကြရာ ကျားကြီးတစ်ကောင်သည် သဇင်ဖြူအား သွေးသံရဲရဲနှင့် ကိုက်သတ်နေသည်ကို မြင်လိုက်ကြရပြန်သည်။

သူတို့ရှေ့၌ပင် ကျားကြီးကိုက်သတ်နေသည်ကိုခံနေရသော သဇင်ဖြူက-

"ကိုရင်တို့၊ ငါ့ကိုကယ်ကြပါ၊ မကယ်ကြတော့ဘူးလား။ ငါ ငါ သေရတော့မယ်၊ ငါ့ကိုမြန်မြန်လာကယ်ကြပါ။ ငါ ငါ သေရတော့မယ် လာကယ်ကြပါ"

ငိုသံပါကြီးနှင့် မချိမဆံ့အော်ငို၍ အကူအညီတောင်းခံနေသည်ကိုမြင်နေကြားနေရသောအခါ ရှင်ငယ်နှစ်ပါးမှာ တုန်လှုပ်ချောက်ချားပြီး သဇင်ဖြူကိုပြေးကယ်ကြရန် ချက်ချင်းစိတ်ပြောင်းသွားကြသည်။ မိမိတို့၏မျက်စိအောက်၌ပင် သဇင်ဖြူကို ကျားကြီးက ကိုက်ခဲနေသည့်အပြင် သဇင်ဖြူကလည်း မချိတင်ကဲသံနှင့် အော်ငိုအကူအညီတောင်းနေသောအခါ သူတို့မှာ သဇင်ဖြူကို သနားကြင်နာစိတ်နှင့် ဘရသေ့၏စကားကိုပင် ရုတ်တရက်သတိမေ့ပြီး သဇင်ဖြူကိုကယ်ရန် ချက်ချင်းပင် ထမည်လုပ်လိုက်ကြ၏။

သို့သော် သူတို့မှာ ဘယ်လိုမှထ၍မရ။ သဇင်ဖြူကိုသွားကယ်ကြရန် စကားပြောကြသောအခါမှာလည်း ပါးစပ်ဟမရ။ လောလောဆယ်တွင် သဇင်ဖြူဒုက္ခထက် မိမိတို့ဒုက္ခဆီ စိတ်ပြန်ရောက်လာသည်နှင့် ဂူထဲက ပေါက်ကွဲသံကြီးတစ်ချက်ကိုကြားလိုက်ရသည်။

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# မွေးရာပါသဂ္ဂျန်းနာကုနည်း

ပင့်ရှိသန္ဓေတည်နေစဉ်မှာ ဖြစ်စဉ်ဆဲလ်တွေ ဖောက်ပြန်တဲ့အခါ ခြေလက်အင်္ဂါမစုံတာတို့၊ လိုသည်ထက်ပိုလာတာတို့ ဖြစ်တတ်ကြပါတယ်။

အဲဒီမှာ အချို့ကလေးတွေမှာ အသားက လိုသည်ထက်ပိုပြီး အသားကျွံထွက်ကာ အသားဖုတွေပါလာတတ်ပါတယ်။ အဲဒါကို သားကျွံနာ (အရပ်အခေါ် သဂ္ဂျန်းနာ) ဆိုပြီး နေပြည်တော် (ပြန်ကပြေး) အောင်ဇမ္ဗူဘက်မှာ ခေါ်ကြလေ့ရှိတယ်။

ပါလာတတ်တာကတော့ အများအားဖြင့် ဦးခေါင်းမှာများတတ်ပါတယ်။ အချို့နေရာတွေမှာလည်း ပါတတ်တယ်။ အချို့ကလေးဆို မွေးကတည်းက မွေးရာပါအနာပါလာတတ်တာပါပဲ။

ဒါတွေကို သိပ္ပံနည်းကျကုသလို့ရသလို ရှေးရိုးမြန်မာ့အစဉ်အလာကုနည်းနဲ့လည်းကုလို့ရကြောင်း သိရပါတယ်။

ကျွန်တော့်အိမ်အနီးက ကိုတင်သန်း၊ မစိုးစိုးတို့ဟာ ကလေး (၈) ယောက်မွေးထားတာပါ။ ကိုတင်သန်းက (၄၀) ကျော်စ၊ မစိုးစိုးက (၄၀) တောင်မရှိသေးပါဘူး။ သို့သော် သမီး (၃) ယောက်တောင် လူလားမြောက်နေပါပြီ။ လုပ်ငန်းခွင်ဝင်နေကြပါပြီ။ ကျန်ကလေးတွေကလည်း ကြီးအားငင်နေကြတာ အပြိုင်းအရိုင်းပါပဲ။

အဲဒီမှာ (၅) ယောက်မြောက်သမီးလေး အူဝဲမရဲ့ခေါင်းမှာ မွေးကတည်းက ပျော့စိစိအလုံးကြီးပါလာတာပါပဲ။ အဲဒီမွေးရာပါ သားကျွံနာနဲ့ပတ်သက်လို့ မစိုးစိုးက သူကိုယ်တွေ့ကုသခဲ့ပုံကို ပြောပြပါတယ်။

"ကျွန်မ အူဝဲမကိုမွေးတော့ သူ့ရဲ့ခေါင်း ညာချိုစောင်းမှာ အတော်ကြီးတဲ့ အဖုကြီးပါလာပါတယ်။ အဖုက ဒိုးလုံးထက်တောင်ကြီးတယ်။ ပျော့စိစိကြီးပါ။ လူတွေကတော့ သဂ္ဂျန်းနာလို့ ပြောကြပေမယ့် ဘယ်လိုကုရမယ်ဆိုတာ မသိပါဘူး။

ကျွန်မအနေနဲ့ကတော့ အရွယ်ကလေးနည်းနည်းရလာရင် ဆေးရုံဆေးခန်းခွဲစိတ်ပစ်မယ်လို့ပဲ တွေးထားတာပါ။ ဒီလိုနဲ့ ကလေးက တစ်နှစ်ကျော်ကျော်ရှိလာတယ်။

အဲဒီမှာ ဒေါ်မမက အကြော်လာရောင်းပါတယ်။ အကြော်ကအမြဲရောင်းတာမဟုတ်ပါဘူး။ သူတို့က ကြုံရာကျပန်းအကုန်လုပ်စားတာပါ။သူ့ယောက်ျားက ဦးပေတေးတဲ့။ သူတို့က ကျွန်မတို့ပြန်ကပြေး ပုံးချောင်ရပ်ကွက်မှာနေတာ။ ဒေါ်မမကဈေးရောင်းတယ်၊ ဆံပင်ကျွတ်ဝယ်တယ်၊ အကြော်ရောင်းတယ်။ တစ်ခုပြီးတစ်ခုလုပ်တာ။ သူ့ယောက်ျား ပုံးထောင်လို့ ငါးရရင် ငါးလည်းရောင်းတယ်။ ကြုံရာကျပန်း အကုန်လုပ်တာပါ။

တစ်နေ့မှာ ကျွန်မအကြော်ထွက်ဝယ်တော့ ကျွန်မကလေးရဲ့ခေါင်းက အဖုကြီးကို မြင်သွားတယ်။ မြင်တယ်ဆိုရင်ပဲ -

"စိုးစိုးရယ် ကလေးက မွေးရာပါသဂ္ဂျန်းနာကြီးဟဲ့။ နင်မကုဘူးလား"

လို့ မေးတယ်။

"ကျွန်မမှ မကုတတ်တာ ဒေါ်မမရယ်"

လို့ ပြောတော့ သူက-

"ငါ့မြေးလေးမှာလည်း ဒီလိုသဂ္ဂျန်းနာကြီးပါလာတာဟဲ့။ ဒီတော့ လူတွေက လူရိုးနဲ့သွေးလိမ်းရင် ပျောက်တယ်ဆိုတာနဲ့ ကိုပေတေးကို သင်္ချိုင်းမှာ လူရိုးသွားကောက်ခိုင်းရတယ်။ တို့ရွာသင်္ချိုင်းမှာ လူရိုးပေါတော့ကာ အလွယ်တကူရတာပေါ့ဟယ်။ ဒါနဲ့ အဲဒီလူရိုးနဲ့သွေးလိမ်းလိုက်တာ ငါ့မြေးလေးရဲ့ခေါင်းမှာပါလာတဲ့ သဂ္ဂျန်းနာ ပျောက်သွားတယ်ဟဲ့။ အဲဒါ နင့်ကလေး လိမ်းချင်ရင် လူရိုးငါ့ဆီမှာရှိတယ်။ ယူခဲ့ရမလား"

လို့ ပြောပါတယ်။

ကျွန်မလည်းယူခဲ့ပေးပါ ဒေါ်မမရယ် လို့ မှာလိုက်တာပေါ့။

နောက်နေ့ အကြော်လာရောင်းတော့ ဒေါ်မမမှာ လူရိုးပါလာတယ်။ ကျွန်မလည်း အူဝဲမကို နေ့တိုင်း အဲဒီသဂ္ဂျန်းနာကို ရေနဲ့သွေးလိမ်းပေးတယ်။ တဖြည်းဖြည်း သိသိသာသာ လျော့ကျသွားလိုက်တာ ရက်ပေါင်း (၂၀)လောက်အရမှာတော့ လုံးဝကိုပျောက်သွားတော့တာပါ။ သူက ချက်ချင်းကြီးတော့ မပျောက်ဘူး။ စိတ်ရှည်ရှည် ဇွဲရှိရှိလိမ်းရတာ။

ဒါနဲ့ ကျွန်မကလေးရဲ့ခေါင်းက သဂ္ဂျန်းနာပျောက်လည်းသွားရော အဲဒီလူရိုးကို ဒေါ်မမလက်ထဲပြန်ထည့်ပေးလိုက်ပါတယ်။ ကျွန်မသမီးရဲ့ မွေးရာပါသဂ္ဂျန်းနာဟာ ပိုက်ဆံတစ်ပြားတစ်ချပ်မှမကျန်ဘဲ ပျောက်သွားခဲ့တာ ကျွန်မကိုယ်တွေ့ပါ။

ခုလို နေပြည်တော်ကြီးဖြစ်သွားတဲ့အခါမှာတော့ သင်္ချိုင်းက ကွေ့ကြီးသုသာန်မှာ မီးသွားသဂြိုဟ်ရတော့ကာ လူရိုးဆိုတာ ရှားသွားပါပြီ။ ဒါပေမယ့် တကယ်ရှာရင် အလှမ်းဝေးတဲ့ တောရွာသင်္ချိုင်းတွေမှာရနိုင်ပါတယ်"

လို့ မစိုးစိုးက ဗဟုသုတဖြစ်ဖွယ် ပြောပြပါတယ်။ မွေးရာပါအနာလည်း ပျောက်ကင်းနိုင်ကြောင်း ပြောပြခဲ့ပါတယ်။

*ချမ်းမြေ့ကြပါစေ*

*ကိုတင်သန်း၊ မစိုးစိုးသို့*

*ကျေးဇူးတင်လျက်*

နေပြည်တော်ကျော်ကျော်စိုး

ထိုပေါက်ကွဲသံကြီးမှာ ပထမ၊ ဒုတိယပေါက်ကွဲသံကြီးများထက် အလွန်တရာပြင်းလွန်း၍ မြေပြင်တစ်ခုလုံး တုန်ဟည်းသွားကာ ရသေ့ကြီးဝင်သွားသော ကျောက်ဂူကျောက်ခေါင်းတောင်ကြီးပင် အစိတ်စိတ်အမွှာမွှာကွဲသွားလေပြီလားထင်လိုက်ရသည်။

ထိုအချိန်မှာပင် ဘရသေ့က သူ့တောင်ဝှေးကို နောက်ကနေ လှမ်းဆွဲလိုက်ရာ ကျောက်ရုပ်ဖြစ်နေကြသော ရှင်သူငယ်ညီနောင်မှာလည်း ယခုမှ အသက်ဝင်လာကြသလို ချက်ချင်း မတ်တတ်ရပ်ပြီးသားဖြစ်သွားကြသည်။

ဘရသေ့ကိုပြန်တွေ့ရတော့မှ ရှင်သူငယ်နှစ်ပါးကလည်း ကျားကြီးနှင့် သဇင်ဖြူတို့ကိုသတိရ၍ လှမ်းကြည့်လိုက်ကြရာ ကျားကြီးနှင့် သဇင်ဖြူကို သူတို့ရှေ့၌ မတွေ့ရတော့။ တစ်နေရာရာက သဇင်ဖြူ၏အော်ဟစ်အကူအညီတောင်းနေသံကိုမကြားရသလို ကျားကြီး၏ မာန်ဖီဟိန်းဟောက်နေသံကိုလည်းမကြားရတော့ပေ။

ထိုအချိန်မှာ ဘရသေ့က သူတို့ရှင်ငယ်ညီနောင်ကို သူ့လက်ထဲက တောင်ဝှေးနှင့်တွန်းပစ်လိုက်ပြီး -

"ရှင်ယောင်နှစ်ပါးလိုက်ခဲ့ကြတော့"

ဟုဆိုကာ ရှေ့ကြွသွားသဖြင့် ရှင်ငယ်ညီနောင်တို့မှာလည်း ဘရသေ့နောက်ကိုလိုက်ပါလာကြရလေသည်။

(ဆက်ရန်)

ပိုးကျော့

www.burmeseclassic.com

(အာဟာလည်းဖြစ်၊ ဆေးလည်းဖြစ်)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၉)

ရွှေနုဝင်း(မုသိမ်)



ယခုလတွင်လည်းစာဖတ်ပရိသတ်ကြီးအတွက် ကြာစွယ်၏ ဆေးဖက်ဝင်အာနိသင်များကို အသုံးပြု၍ ဆေးဖက်ဝင်ဟင်းလျာ စီမံချက်ပြုတ်နည်းများကို ဆက်လက် တင်ပြပေးပါဦးမည်။

တရုတ်တိုင်းရင်းဆေးပညာရှင်များက ကြာစွယ်ကို ဆောင်းရာသီကွင် စားသုံးပေးခြင်းသည် အားအင်ကို ဖြည့်ရှမ်းပေးနိုင်ပြီး နွေဦးရာသီမှာ စားသုံးပေးပါက ခန္ဓာကိုယ်အတွင်းအပူငြိမ်း၍ ကိုယ်တွင်းအေးမြစေကာ ကျန်းမာရွှင်လန်းမှုကို ပေးစွမ်းနိုင်ပါသည်ဟု ညွှန်းဆိုကြပါ သည်။

ကြာစွယ်တွင် အဖြူရောင်နှင့်အနီရောင်ဟူ၍ (၂)မျိုးရှိရာတွင် အဖြူရောင်မျိုးမှာ လုံးပတ်အရွယ်အစား ပိုတုတ်ခိုင်ပြီး အဆစ်များ၍ အခွံပါးကာ အသားကြွပ်ဆတ်သည်။ ၎င်း၏အသားအရောင်မှာ အဖြူရောင်ဖြစ်နေပြီး ပို၍စားကောင်းပါသည်။

ကြာစွယ်အနီမှာ လုံးပတ်သေး၍ ကောင်းကားခြင်းမရှိဘဲ ရှည်မျောမျောသဏ္ဍာန်ရှိသည်။ အတွင်းသားမှာ ပန်းနုရောင်မှ ပန်းရောင်အရင့်သို့သန်းနေပြီး ကြာစွယ်အနီသည် ပဒုမ္မာကြာမှ ဖြစ်ပြီး ဆေးဖက်ဝင်အာနိသင် ပိုမိုပါသည်။

ကြာစွယ်ကို ရက်ရှည်သိမ်းထားရန်မသင့်တော်ပါ။ အတတ်နိုင်ဆုံး အခုဝယ် အခုစားသုံးနိုင်ပါက လတ်ဆတ်ကောင်းမွန်ပါသည်။ သို့သော် လိုအပ်လျှင် သတင်းစာစက္ကူနှင့်ပတ်ပြီး ရေခဲသေတ္တာထဲထည့်၍သိမ်းထားလျှင် (၁)လခန့် အာနိသင်မပျက် စားသုံးနိုင်ပါသည်။

ယခု ကြာစွယ်အနီ ပဒုမ္မာကြာရှည်၏ ဆေးဖက်ဝင်အစွမ်းဖြင့် 'ဂျင်ဆင်းကြက်ပေါင်း'ကဲ့သို့အာနိသင်တူညီသော-

'ကြာစွယ်အားဆေးကြက်ပေါင်းဆေးဖက်ဝင်ဟင်းလျာ' နည်းကို တင်ပြပါမည်။

ပါဝင်သောပစ္စည်းများမှာ -

၁။ ကြက်(၁)ကောင် (မြန်မာကြက်မနုမရင့်)

၂။ ဇာတိပ္ဖိုလ်သီးအဆန် 3.gm (၃ပဲသား) စလုံး ထုထောင်းထားပါ။

၃။ ကြာစွယ်အနီမှုန့် 16.gm (၁ ကျပ်သား)

၂ စီမံချက်ပြုတ်နည်း

ကြက်(၁)ကောင်ကို (၄)ပိုင်း၊ (၄)စိတ်စိတ်၍ ဆေးကြောသန့်စင်ပြီး ဆားပျား၊ ဟင်းခတ်မှုန့် သင့်တော်ရုံထည့်ပြီး ဇာတိပ္ဖိုလ်သီးအမှုန့်(၃)ပဲသားပါ ထည့်၍နယ်ပြီးခဏနှပ်ထားပါ။

ပရက်ရှာပေါင်းအိုး၌ ရေအနည်းငယ်သင့်ရုံထည့်၊ နှပ်ထားသော ကြက် (၁) ကောင်လုံးကိုထည့်၍ နာရီဝက်ခန့်ပေါင်းပါ။ ကြက်သားနူး၍ ခြင်ဆီအနှစ်ထွက်လာလျှင် ကြာစွယ်အနီအမှုန့် (၁) ကျပ်သားကို ထည့်ပြီး နောက်ထပ် (၁၀) မိနစ်ခန့်ထပ်ပေါင်းပြီးလျှင် ကလေးသူငယ်၊ သက်ကြီးရွယ်အိုနှင့် နာလန်ထစလူနာများအတွက် လွန်စွာဆေးဖက်ဝင်အားဖြစ်စေသောဆေးဖက်ဝင်ဟင်းလျာဖြစ်ပါသည်။

ဂျင်ဆင်းနှင့် မသင့်တော်သူများ ဂျင်ဆင်းနှင့် ဓာတ်မတည့်သောသူများအတွက် အထူးသင့်တော်သည့် ဆေးဖက်ဝင်ဟင်းလျာ ဖြစ်ပါသည်။

*၁ ကြာစွယ်အနီကို ရေစင်ကြယ်စွာ ဆေးကြောပြီး ဓားထက်ထက်ဖြင့် ပါးပါးလှီး၍ နေ (၂) ရက်ခန့်လှန်းလိုက်လျှင် ကြာစွယ်ချပ်လေးများသည် ကြွပ်ရွနေ၍ ကျောက်ငရုတ်ဆုံဖြင့် ထောင်းလိုက်လျှင် လွယ်ကူစွာ အမှုန့်ဖြစ်သွားပါသည်။ ၎င်းကိုလေလုံစွာသိမ်းဆည်းထားပြီး မိမိတို့အလိုရှိတဲ့အခါ အသုံးပြုနိုင်စေရန် အသင့်ဆောင်ထားနိုင်ပါသည်။*

တစ်ဖန် ဦးနှောက်အာရုံကြောအားနည်း၍ မှတ်ဉာဏ်အားနည်းသတိမေ့ခြင်း၊ စိတ်ကျခြင်း၊ နှလုံးမသာမယာဖြစ်၍ မပျော်ရွှင်ခြင်း စသည့်ရောဂါများအတွက် -

ဦးနှောက်အာရုံကြော
မှတ်ဉာဏ်အားပြည့်သောဟင်းလျာ
ကြက်ပေါင်းနည်း

၁ ပါဝင်သည့်ပစ္စည်းများ

၁။ မြန်မာကြက်မနုမရင့်(၁)ကောင်၊ (ကြက်ဖကိုသာသုံးပါ။)

၂။ ဆီးချဉ်သီးအစေ့၏အဆန် (၁) ကျပ်၊

၃။ တရုတ်ဆီးသီး (၃) လုံး၊

၄။ ကြာစွယ်အနီ (၃) ပိုင်း၊

၅။ ကောက်ညှင်းဆန်အရက်အကြမ်း ပန်းကန် (၁) လုံး၊

စီမံချက်ပြုတ်နည်း

ကြက်ဖတစ်ကောင်လုံးကို စအိုဝမှနေ၍ အပေါက်ဖောက်ပြီး အတွင်းမှအူ၊ အသည်း၊ ကလီစာများကိုထုတ်ယူပြီး ဝမ်းတွင်းကို ရေဖြင့်သန့်စင်အောင်ဆေးကြောပါ။ ကြက်ဝမ်းတွင်းကို ကောက်ညှင်းအရက်ဖြင့် သေချာစွာနယ်ပေးပြီး ဆားပျား၊ ဟင်းခတ်မှုန့်သင့်တော်ရုံထပ်ပြီးနယ်ပေးပါ။ ပြီးလျှင် ဆီးစေ့အဆန်ကိုအမှုန့်ထောင်းပြီး တရုတ်ဆီးသီး (၃) လုံးကို (၄)စိတ်စိတ်၍ ၎င်း(၂)မျိုးစလုံးကိုကြက်ဝမ်းတွင်းသို့သွတ်ထည့်ပါ။

ပြီးလျှင် ကြာစွယ် (၃) ပိုင်းကိုကြိတ်စက်ဖြင့် အနှစ်ကြိတ်ပြီး ကြက်ဝမ်းတွင်းသို့သွတ်၍ထည့်ပြီး အပေါက်ဝကိုနှီးစဖြင့် ပိတ်စည်းပါ။ အားလုံးပြီးလျှင် ပေါင်းအိုးတွင် လက်ကျန်ကောက်ညှင်းအရက်နှင့် ရေသင့်ရုံထည့်ပြီး (၄၅) မိနစ်ခန့်ပေါင်းလိုက်လျှင် -

ဦးနှောက်အာရုံကြောနှင့်နှလုံးကို အားပြည့်သော ဆေးဖက်ဝင် ဟင်းလျာကို စားသုံးနိုင်ပါပြီ။

မှတ်ဉာဏ်အားနည်း၊ သတိမေ့တတ်သူများ၊ နှလုံးအားနည်းရောဂါ၊ စိတ်ကျရောဂါသမားများနှင့်သင့်တော်သော-

ရောဂါလည်းပျောက်၊ လျှာလည်းလောက်သည့် ဆေးဖက်ဝင် ဟင်းလျာဖြစ်ပါကြောင်း ထပ်လောင်း၍ တင်ပြလိုက်ပါသည်။

*သတ္တဝါအများ*
*စားသုံးမှုအားဖြစ်၍ကျန်းမာကြပါစေ*

ရွှေနုဝင်း (မုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ရီရီမွေး

# မွေးကင်းစဖွံ့ဖြိုးမှုအဆင့်ဆင့်နှင့်ဖြစ်ပွားတတ်သောရောဂါများ

အူဝဲဟူသောငိုသံနှင့်အတူ မိခင်ဝမ်းမှစတင်ကျွတ်လာပြီး အပြင်လောကသို့ရောက်ရှိလာတာနဲ့တစ်ပြိုင်နက် လူသားတစ်ဦးအဖြစ် စတင်ခေါ်ချခွင့်ရလိုက်ပါပြီ။ အမိဝမ်းဗိုက်ထဲမှာနေစဉ်အတွင်း နွေးထွေးလုံခြုံမှုအလိုအလျောက်ရရှိနေသောအစားအစာ၊ ကိုယ်တိုင်လေရှူရန်မလိုတဲ့အခွင့်အရေးတွေအားလုံး အပြင်လောကကိုရောက်ရှိပြီးနောက် ချက်ကြိုးဖြတ်ခြင်းနှင့်အတူ ပြတ်တောက်သွားပါတယ်။

လူ့လောကကို ဝင်ရောက်လာတဲ့ကလေးငယ်ဟာ ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ အောက်စီဂျင်ဓာတ်ရရှိစေဖို့ စတင်အသက်ရှူရပါတယ်။ အစားအစာအတွက် မိခင်နို့ရည်ကိုစို့ရပါတယ်။ အဲဒီအချိန်မှာ ကလေးငယ်ဟာ ကွေးကွေးကလေးပုံသဏ္ဌာန်နဲ့ စတင်ရောက်ရှိလာပါတယ်။ မွေးကင်းစကလေးငယ်ဟာ ဦးခေါင်းနဲ့ခန္ဓာကိုယ်ကို ဘယ်လိုမှမထိန်းသိမ်းနိုင်သေးသလို ခြေ၊ လက်များကိုလည်း ဆန့်ထုတ်နိုင်တဲ့အင်အားမရှိသေးပါ။ လက်သီးကလေးဆုပ်ပြီး ကွေးကွေးကလေးနဲ့ လူ့ဘဝခရီးကိုစတင်ပါပြီ။

ကလေးငယ်တစ်ဦး မွေးဖွားလာတယ်ဆိုတာနဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်းက ချစ်ခြင်းမေတ္တာအပြည့်အဝနဲ့ နွေးထွေးစွာပြုစုဂရုစိုက်ကြပါတယ်။ မွေးကင်းစကလေးငယ်အတွက် မိခင်ရဲ့နို့ဦးရည်ကို စတင်တိုက်ကျွေးရမှာ ဖြစ်ပါတယ်။

**□ မိခင်ရဲ့နို့ရည်**

မိခင်ရဲ့နို့ရည်ဟာ မပူလွန်းမအေးလွန်းဘဲ ခန္ဓာကိုယ်အပူချိန်သာရှိပြီး ပင်ကိုသဘာဝအရ ပိုးမွှားကင်းစင်ပြီး သန့်စင်ပါတယ်။

ကလေးငယ်အတွက် အကောင်းဆုံးအာဟာရဖြစ်ပြီး နို့ရည်ထဲတွင် သံဓာတ်၊ ဗီတာမင်စီ၊ ဗီတာမင်အေ စတဲ့ သက်စောင့်ဓာတ်၊ ကာဗိုဟိုက်ဒြိတ်ဓာတ်နဲ့ ကိုယ်ခံအားကောင်းမွန်စေတဲ့ ပဋိဇီဝပစ္စည်းများပါဝင်ပါတယ်။

**□ မိခင်မှနို့ရည်ထွက်ခြင်းအကြောင်းများ**

အမျိုးသမီးများ မီးဖွားပြီးနောက် ခန္ဓာကိုယ်မှာရှိတဲ့ ဟော်မုန်းဓာတ်တစ်



မျိုးဟာ သွေးကြောထဲသို့ရောက်ရှိလာပါတယ်။

ထိုဟော်မုန်းဟာ သားအိမ်ကိုရှုံ့တွစေပြီး ပုံမှန်အနေအထားသို့ရောက်အောင် ဆောင်ရွက်ပေးပါတယ်။

ဒါ့အပြင် ထိုဟော်မုန်းရဲ့လုပ်ဆောင်ချက်ဟာ နို့ရည်ထွက်စေရန် လှုံ့ဆော်ပေးပါတယ်။

မိခင်ဟာ ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးရင်း သားသမီးအပေါ် ချစ်ခြင်းမေတ္တာစီးဆင်းလေလေ နို့ရည်ပိုထွက်လေဖြစ်ပါတယ်။

မွေးကင်းစ ကလေးတစ်ဦးရဲ့ အရပ်ဟာ ပုံမှန်အားဖြင့် လက်မ (၂၀) သို့မဟုတ် (၅၀) စင်တီမီတာခန့်ရှိတတ်ပြီး ကိုယ်အလေးချိန်ဟာ (၅) ပေါင်မှ (၈) ပေါင်၊ (၉)ပေါင်ခန့်ရှိတတ်ပါတယ်။ မွေးဖွားပြီး ရက်အနည်းငယ်အတွင်းမှာ ခန္ဓာကိုယ်အလေးချိန် အနည်းငယ်လျော့ကျသွားတတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မိခင်ရဲ့သားအိမ်အတွင်းမှာရှိစဉ် သန္ဓေသားဟာ ချက်ကြိုးမှတစ်ဆင့် လိုအပ်တဲ့အာဟာရဓာတ်များကိုရရှိသော်လည်း မွေးဖွားပြီးနောက် လိုအပ်ချက်များကို ကိုယ်တိုင်စွမ်းဆောင်ရတဲ့အတွက် ခန္ဓာကိုယ်အလေးချိန်အနည်းငယ်လျော့ကျသွားပါတယ်။ ဒါပေမယ့် ပထမရက်သတ္တပတ်ကျော်လာတာနဲ့ ပြင်ပလောကကို ကောင်းစွာဆက်သွယ်နိုင်ပြီဖြစ်လို့ ခန္ဓာကိုယ်အလေးချိန် စတင်ဖွံ့ဖြိုးလာပါတယ်။

မွေးကင်းစကလေးငယ်ဟာ မွေးဖွားပြီးချိန်မှစပြီး ပထမလေးပတ် (၂၈) ရက်အထိ ကလေးငယ်များရဲ့ ကြီးထွားနှုန်းဟာ အလွန်ပင်မြန်ဆန်ပါတယ်။ ပထမလေးပတ်အရွယ်ကလေးငယ်ကို မွေးကင်းစလို့ ခေါ်ပါတယ်။ အဲဒီအချိန်မှာ ကလေးငယ်အတွက် အကောင်းဆုံးအာဟာရဟာ မိခင်ရဲ့နို့ရည်ပဲဖြစ်ပါတယ်။ အဲဒီအချိန်မှာ ကလေးငယ်အတွက် မိခင်ရဲ့နို့ရည်လုံလောက်စွာရဖို့ အရေးကြီးပါတယ်။ မိခင်နို့ရည်လုံလောက်မှသာ ကျန်းမာဝဖြိုးတဲ့ကလေးငယ်များဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် မိခင်ဟာ နို့ရည်လုံလောက်စွာထွက်ဖို့ အရေးကြီးပါတယ်။

**□ ကလေးငယ်တစ်ယောက် ဘယ်လိုကြီးထွားလာသလဲ**

ကလေးငယ်တစ်ယောက် ကြီးထွားဖွံ့ဖြိုးစေရန်အတွက် အဓိကအားဖြင့် ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ဆဲ(လ်) ပမာဏများပြားလာခြင်းပဲဖြစ်ပါတယ်။

ဦးနှောက်နဲ့ အာရုံကြောများ ရှင်သန်ဖွံ့ဖြိုးလာမယ်။

ကလေးငယ်ရဲ့ ခန္ဓာကိုယ်အလေးချိန်ဟာ စတင်ဖွံ့ဖြိုးလာပြီး အဆီများဖြစ်လာပါတယ်။

ဒီအဆီတွေဟာ ကလေးငယ်ရဲ့ ခန္ဓာကိုယ်နွေးထွေးမှုအတွက် ဆောင်ရွက်ပေးပါတယ်။

မွေးကင်းစ ကလေးငယ်ရဲ့ ဦးခေါင်းပိုင်းဟာ ကြီးထွားပြီး မေးတိုပါတယ်။

ဦးခေါင်းပိုင်းကြီးထွားခြင်းမှာ ဦးနှောက်ဖွံ့ဖြိုးရန် နေရာပေးခြင်း ဖြစ်ပါတယ်။

မွေးကင်းစအရွယ်ရဲ့ ဦးနှောက်အရွယ်ပမာဏဟာ လူကြီးဦးနှောက်အရွယ်ရဲ့ လေးပုံတစ်ပုံခန့်ရှိပါတယ်။

ကလေးငယ်ခန္ဓာကိုယ်ဖွံ့ဖြိုးစေရန်အတွက် ကယ်လိုရီလိုအပ်ပါတယ်။

ခန္ဓာကိုယ်အလေးချိန် တစ်ပေါင်အတွက် တစ်နေ့မှာလိုအပ်တဲ့ ကယ်လိုရီဟာ (၅၀) ဖြစ်ပါတယ်။

ခန္ဓာကိုယ်အလေးချိန် (၆) ပေါင်ရှိတဲ့ကလေးငယ်အတွက် တစ်နေ့လျှင် ကယ်လိုရီ (၃၀၀) ခန့် လိုအပ်ပါတယ်။


ကလေးငယ်အတွက် အကောင်းဆုံးအာဟာရမှာ မိခင်နို့ရည်ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် မိခင်နို့မတိုက်နိုင်သူများဟာ နို့မှုန့်ကို ရေနွေးနဲ့ဖျော်ပြီးတိုက်နိုင်ပါတယ်။

မိခင်နို့တိုက်တဲ့ မိခင်များ မွေးကင်းစမှ တစ်လအရွယ်အထိ [illegible] နာရီတစ်ခါဝေးပြီး တစ်ရက်မှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



...တိုက်သင့်ပါတယ်။

နို့မှုန့်တိုက်ကျွေးမယ်ဆိုရင် နို့မှုန့် ...အောင်စကို ရေနွေးဖြင့်သတ်မှတ် ...တဲ့နို့ဘူးမှာအမှတ်အထိဖျော်ပြီး အ ...ပါ။ လေးနာရီခြားတစ်ကြိမ်၊ တစ် ...လျှင် ခြောက်ကြိမ်တိုက်ကျွေးပါ။

မိခင်ရဲ့နို့ရည်တိုက်တာဖြစ်စေ၊ နို့ ...တိုက်တာဖြစ်စေ၊ နို့ရည်သန့်ရှင်းမှုကို ...ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါ ...။ မိခင်နို့မသန့်ရှင်းခြင်း၊ နို့ဘူးမသန့် ...ခြင်းဖြစ်လျှင် ရောဂါပိုးဝင်ရောက်ပြီး ...လှာဝမ်းပျက်ဖြစ်ခြင်းနဲ့ အခြား ...သားအပ်တဲ့ရောဂါတွေဖြစ်ပွားနိုင် ...တယ်။

အာဟာရပြည့်ဝစွာရတဲ့ ကလေး ...ဟာ ခန္ဓာကိုယ်ဖွံ့ဖြိုးခြင်းမြန်လာ ... ဦးနှောက်နဲ့ အာရုံကြောတွေရှင် ...ကြီးထွားလာမယ်။ ရုပ်ပိုင်းနဲ့စိတ်ပိုင်း ...ရာ ရှင်သန်လာမယ်။

ခန္ဓာကိုယ်အတွင်း၊အပြင်မှာရှိတဲ့ ...ရပ်များ ဖွံ့ဖြိုးတိုးတက်လာပြီး ...သန်စွမ်းတဲ့ ကလေးငယ်ဖြစ်လာ ...တယ်။

**...ကင်းစမှုပထမရက်သတ္တပတ်အတွင်း ...တတ်တဲ့ရောဂါ**

မွေးကင်းစကလေးငယ်များ ဒီ ...မှာ အဖြစ်အများဆုံးရောဂါဟာ ...(Jaundice) လို့ခေါ်တဲ့ အသား ...ဂါဖြစ်တတ်ပါတယ်။

မွေးကင်းစ ကလေးငယ်များရဲ့ ...၅)ရာခိုင်နှုန်းကျော်ခန့် အသားဝါ ...ဖြစ်တတ်ပါတယ်။

အသားဝါရောဂါဖြစ်ပွားရခြင်း ...ကြောင်းရင်းမှာ မွေးခါစက များစွာပါလာတဲ့ သွေးနီဥ (RECS) များပေါက်ကွဲပျက်စီးခြင်း၊ သွေးနီဥသက်တမ်းဟာ လူကြီးများလောက် သက်တမ်းမရှည်ခြင်း၊ မွေးကင်းစအသည်းဟာ လုပ်ငန်းတာဝန်များကို ပြည့်စုံအောင်မဆောင်ရွက်နိုင်သေးခြင်းကြောင့် ဘီလီရူဘင်ဓာတ်များ၊ များပြားလာကာ အသားဝါခြင်းဖြစ်စေပါတယ်။

**၂ မွေးကင်းစ အသားဝါခြင်းဖြစ်စေသော အကြောင်းရင်းများ**

- မိခင်နှင့် ကလေးသွေးအုပ်စုမတည့်ခြင်း၊
- မိခင်နို့ကြောင့်အသားဝါခြင်း၊
- ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊
- သည်းခြေရည်ပြွန်ပိတ်ဆို့ခြင်း၊
- မွေးကင်းစ၌ ပြုစုစောင့်ရှောက်ပုံမမှန်၍ ကိုယ်တွင်းရေဓာတ်ဆုံးရှုံးမှုဖြစ်ခြင်း။

**၃ အသားဝါရောဂါမဖြစ်ပွားအောင်ဘယ်လို ကာကွယ်မလဲ**

မိခင်နဲ့ကလေးရဲ့သွေးအုပ်စုနဲ့ Rh ခေါ်မျောက်သွေးအုပ်စုစစ်ဆေးခြင်း၊

လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါဖြစ်တဲ့ (VDRL) ကာလသားရောဂါ ရှိ၊ မရှိစစ်ဆေးခြင်း၊

HIV, HBs Ag အသည်းရောဂါ ဘီပိုး၊ စီပိုးရှိ၊ မရှိစစ်ဆေးခြင်း၊

ကလေးမှာ ဒုတိယ၊ တတိယ ကလေးဖြစ်ပါက ယခင်မွေးဖွားတဲ့ကလေးတွင် အသားဝါရောဂါဖြစ်ဖူးခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊

မိခင်ရဲ့နို့ဦးရည်နဲ့ မိခင်ရဲ့နို့ရည်ကို စောစီးစွာမတိုက်ကျွေးပါက ကလေးငယ်၌ ကိုယ်တွင်းရေဓာတ်ဆုံးရှုံးကာ အသားဝါရောဂါဖြစ်စေနိုင်ပါတယ်။

အချို့သော ကလေးများမှာ ပေါင်မပြည့်ခြင်း၊ လမစေ့ခြင်းကြောင့် နို့မစို့နိုင်တဲ့အတွက် အသားဝါလာခြင်းဖြစ်ပါတယ်။

မိမိရဲ့ ကလေးငယ်ဟာ အသားဝါတယ်လို့ သံသယရှိပါက ဆေးရုံကြီးသို့ ချက်ချင်းလာရောက်ပြသပါ။

ကလေးငယ်မှာ အသားဝါရောဂါရှိပါက ဆရာဝန်၊ ဆရာမများက လိုအပ်တဲ့ကုသမှုကို ဆောင်ရွက်ပေးပါလိမ့်မယ်။

**ချက်တိုင်၌ပိုးဝင်ခြင်း**

မွေးကင်းစကလေးငယ်များတွင် နောက်ထပ်အဖြစ်များတဲ့ရောဂါမှာ ချက်တိုင်မှာပိုးဝင်ခြင်းပဲဖြစ်ပါတယ်။ ဒီရောဂါ ဘာကြောင့်ဖြစ်ပွားသလဲဆိုရင်-

ချက်ကြိုးဖြတ်တဲ့နေရာမှာ သန့်ရှင်းမှုမရှိခြင်းကြောင့် ပတ်ဝန်းကျင်မှ ရောဂါပိုးဝင်ရောက်ကာ ချက်တိုင်၌ အနာဖြစ်ခြင်း၊ အဖျားဝင်ခြင်း၊ ချက်စိုခြင်း၊ ချက်ပုပ်ခြင်းတို့ ဖြစ်တတ်ပါတယ်။

ချက်ပုပ်ခြင်း၊ ချက်စိုခြင်းကြောင့် ကလေးငယ်မှာ အဖျားရောဂါဖြစ်တတ်ပါတယ်။

ထိုအခါ ကလေးငယ်ဟာ နို့စို့မှုနည်းပါးလာပြီး ခန္ဓာကိုယ်အတွင်း ရေဓာတ်လျော့နည်းခြင်း ဖြစ်လာပါတယ်။

ရေဓာတ်လျော့နည်းခြင်းကြောင့် အသားဝါရောဂါဝင်ရောက်လာတတ်ပါတယ်။

မွေးကင်းစအရွယ်ကလေးများဟာ ခုခံကာကွယ်နိုင်တဲ့စွမ်းအားလျော့နည်းနေသေးတဲ့အတွက် ချက်တိုင်ပိုးမဝင်ရန် သန့်ရှင်းမှုကိုဦးစားပေးဆောင်ရွက်ရပါမယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် အသားဝါရောဂါဖြစ်ပွားပြီး အသက်ဆုံးရှုံးတဲ့အထိ အန္တရာယ်ပေးနိုင်တဲ့အတွက် ကလေးငယ်များကို ဂရုတစိုက် စောင့်ကြည့်ရပါမယ်။

မိမိရဲ့ရင်သွေးငယ်ဟာ ချက်တိုင်နဲ့ ပြဿနာတစ်စုံတစ်ရာရှိတာဖြစ်စေ၊ အသားဝါနေတယ်လို့ သံသယဖြစ်ရင် ဆေးရုံသို့ အမြန်ဆုံးသွားရောက်ပြသပြီး ကုသမှုကို ခံယူသင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ရီရီမြေး

Ref. Baby care from Internet.



www.burmeseclassic.com

www.burmeseclassic.com

ပွဲသာရွာလေးသည် နတ်တလင်းမြို့နယ် အနောက်ဘက် မိုင် (၄၀) ခန့် အကွာတွင်တည်ရှိပြီး အနောက်နှင့် အနောက်မြောက်ဘက်တွင် ရွှေတောင်မြို့နယ်၊ တောင်ဘက်တွင် မိုးညိုမြို့နယ်၊ မြောက်ဘက်တွင် သဲကုန်းမြို့နယ်တို့ တည်ရှိပြီး ရွာကို အင်္ဂလိပ်စာလုံး V ပုံစံ တည်ထားပါသည်။ အရှေ့ဘက်ရွာထိပ်တွင် မြစ်မခချောင်းက လှပစွာဖြတ်သန်းစီးဆင်းသွားပါသည်။ မြစ်မခချောင်းသည် ပဲခူးရိုးမပေါ်တွင် စတင်ချောင်း



# မောင်လှထွေး

(မြန်အောင်)

## ပွဲသာရွာမှဖြစ်ရပ်ဆန်း

ဖျားခံကာ မည်သည့်မြစ်ထဲကိုမျှစီးမဝင်ဘဲ သူ့ဘာသာသီးသန့်စီးဆင်းကာ လှိုင်မြစ်မှတစ်ဆင့် ပင်လယ်ထဲသို့စီးဝင်သည်။ ချောင်းကမ်းဘေးကုန်းမြင့်ထက်တွင် အချိုးအစားကျ၍ သပ္ပာယ်လှသော စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပါသည်။

ထိုရွာကလေးတွင် လွန်ခဲ့သော နှစ်ပေါင်း (၁၃၀) ခန့်က အလွန်ဆင်းရဲလှစွာသော မောင်မြတ်စံနှင့် မနှင်းလှဆိုသော လယ်သူရင်းငှားလင်မယားနှစ်ယောက်ရှိခဲ့ဖူးသည်။ မောင်မြတ်စံမှာ ရွာထဲရှိ သူဌေးဦးဘထွန်းထံ သူရင်းငှားလုပ်ကာ မနှင်းလှကတော့ ကောက်စိုက်ပျိုးနုတ်၊ ကောက်ရိတ် စသော အလုပ်များကိုလုပ်ကိုင်ကြသည်။ မောင်မြတ်စံသည် သူရင်းငှားအလုပ်ကိုလုပ်ပြီး လယ်ပြီးချိန် မြစ်မခချောင်းထဲတွင် ငါးရှာသော အလုပ်ကိုလုပ်ကိုင်ပြီး ရရှိသောငါးများကို ဇနီးဖြစ်သူ မနှင်းလှက အနီးရှိရွာများတွင် လှည့်လည်ရောင်းချရသည်။

ဤသို့ဖြင့် လင်မယားနှစ်ယောက် တက်ညီလက်ညီကြိုးစားခဲ့ရာ (၃) နှစ်အတွင်း နွားနှစ်ကောင် (တစ်ရှဉ်း) ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ထို့ကြောင့် နောင်နှစ် လယ်လုပ်ချိန်တွင် လယ်ပိုင်ရှင်များထံတွင် သူရင်းငှားလုပ်စရာမလိုတော့ဘဲ သမန်းပြစ်ဟုခေါ်သည့် မိမိနွားနှင့် မိမိကိုယ်တိုင် လယ်ပိုင်ရှင်ကိုယ်စား စိုက်ပျိုးပြီးသည်အထိ ထွန်ယက်ပေးရသည်။ ထို့အတွက် စပါးပေါ်ချိန်တွင် (၅) ဧကလျှင် စပါးတင်း (၅၀) ပေးရသည်။ သူများအိမ်တွင် သူရင်းငှားလုပ်ရသည်ထက် သမန်းပြစ်လုပ်ခြင်းက သူ့အတွက် အချိန်ပိုရလေသည်။ ရရှိသော အချိန်ပိုကို ငါးရှာခြင်းဖြင့် ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်သည်။ ဤသို့ဖြင့် ကြိုးစားလာခဲ့ရာ နှစ်အနည်းငယ်အတွင်း ပွဲသာရွာပတ်လည်တွင် သူပိုင်ဆိုင်သည့်လယ်များမှာ လက်ညှိုးထိုးမလွဲနိုင်အောင်ဖြစ်ခဲ့သည်။ သူ၏အိမ်တွင် သူရင်းငှားပေါင်း လူ (၂၀)ခန့်အထိရှိ သည်ဆို၏။ သူ သူရင်းငှားများစားရန် ဝက်သား၊ အမဲသားပေါ် သူများတွေ့လျှင် မည်သူမဆို တစ်ပိဿာ ဝယ်ယူခွင့်ရှိသည်။ တစ်ခါတစ်ရံ ဦးမြတ်စံ၏ သူရင်းငှားမဟုတ်ပါဘဲ ယူထားလိုက်ပြီး ဦးမြတ်စံထံတွင် တောင်းပါဟုဆိုသူများလည်းရှိကြသည်။



www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ ဦးမြတ်စံကတော့ ပေးလိုက်သည်သာ။

ပိုက်ဆံရှိလာပြီဆိုတော့ ရွာတွင် သူကြီးပါဖြစ်တော့သည်။ ထိုအချိန်က အင်္ဂလိပ်ခေတ်မို့ နေရာတိုင်းလိုလို ချစ်တီးများထံတွင် မြန်မာလယ်သမားတို့ လယ်ယာများဆုံးစေကာမူ ပွဲသာပတ်ဝန်းကျင်ရွာများတွင် ချစ်တီးများထံ လယ်ပေါင်သူမရှိကြ။ ကိစ္စကြီးငယ်ရှိလျှင် ဦးမြတ်စံတွင်သာ ချေးငှားကြသည်။ ဤသို့ဖြင့် ဦးမြတ်စံ ချမ်းသာလာ



www.burmeseclassic.com

ချိန်တွင် သားဖြစ်သူ ရွှေနွယ်ရိုးကိုမွေးဖွားခဲ့သည်။ နောင် (၇) နှစ်အကြာတွင် သမီးဖြစ်သူ နှင်းမြကိုပါ မွေးဖွားခဲ့ပြန်သည်။ မောင်ရွှေနွယ်ရိုးမှာ ဖခင်ဖြစ်သူ ရွာသူကြီး သူဌေးကြီး ဦးမြတ်စံ၏ သားဖြစ်သည့်အားလျော်စွာ သောက်စားပျော်ပါးကာနေလေသည်။ ထိုအခါ တာပွန်မြို့ (နတ်တလင်းမြို့နယ်ခွဲ) မှ သူကြီးသမီးတစ်ဦးဖြင့် နေရာချထားခဲ့သော်လည်း အေးသီ ဟူသော သမီးတစ်ဦးကိုမွေးဖွားအပြီး မီးတွင်းထဲမှာပင် ဇနီးဖြစ်သူဆုံးပါးခဲ့ရပြန်သည်။ ထိုအခါ သားဖြစ်သူ ရွှေနွယ်ရိုးကို ရွာထဲမှ ကွမ်းတောင်ကိုင် အပျိုချော မပုလေးနှင့် လက်ဆက်ပေးလိုက်သည်။ မပုလေးမှာ အလွန်ရုပ်ချောသူဖြစ်သော်လည်း တစ်ခုလပ် အရုပ်ဆိုးဆိုး သူကြီးသား အရက်သမား ဖဲသမားကိုလက်မထပ်လိုပါသော်လည်း မွေးချင်းမောင်နှမ (၁၀) ဦးရှိပြီး ဆင်းရဲလှရာ မိဘများစိတ်ချမ်းသာရေးအတွက် အနစ်နာခံလက်ထပ်လိုက်လေသည်။

အိမ်ထောင်နှစ်ဆက်ကျခဲ့သော်ငြား မောင်ရွှေနွယ်ရိုးတို့အချိုးမပြောင်းခဲ့။ မပုလေးနှင့် သားသမီး (၃) ဦးရစေကာမူ အလုပ်ကိုလက်ကြောတင်းအောင်မလုပ်ချင်။ ခေတ်ကာလကလည်း ဂျပန်ခေတ် ဓားပြတို့သောင်းကျန်းလာသောအခါ ထိုခေတ်သုံး ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို စဉ့်အိုးများထဲထည့်ကာ မြေကြီးထဲမြှုပ်ထားကြလေသည်။ နောင်အခါ အေးချမ်းလာသောအချိန်တွင် အချို့ကိုပြန်လည်တူးဖော်ခဲ့သော်လည်း အချို့ကတော့ မြေကြီးထဲတွင် ကျန်ရစ်ခဲ့လေသည်။ မောင်ရွှေနွယ်ရိုးတစ်ယောက်လည်း အရင်လိုအဆင်မပြေတော့။ ညီမဖြစ်သူကို မိဘများက အိမ်ထောင်ချပေးပြီး သူ့ကိုမူ အိမ်ခွဲပေးလိုက်လေသည်။ ထိုအခါ မောင်ရွှေနွယ်ရိုးအဖို့ ယခင်ကလို မိဘထံလက်ဖြန့်၍မရတော့။ ဇနီးဖြစ်သူကတော့ လယ်ထဲကိုယ်တိုင်ဆင်းကာ လယ်လုပ်နေချိန် မောင်ရွှေနွယ်ရိုးက ရွာထဲတွင် အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်နေသည်ကို ဖခင်ကသိပြီး အိမ်ဝင်ခွင့်ပိတ်လိုက်လေ၏။ သံယောဇဉ်မဖြတ်နိုင်သူ မိခင်ကြီးကသာ ဖခင်မသိအောင် ခိုးဝှက်ပေးခဲ့သည်။

တစ်နေ့ ဖခင်အလစ် ကြက်တိုက်ရန် ငွေလိုနေသူ မောင်ရွှေနွယ်ရိုး အိမ်သို့ခိုးဝင်လာသည်။ လူမိုက်ကံကောင်းဟုဆိုရမည်လားမသိ။ ဝက်တူးထား၍ကျင်းဖြစ်နေသောနေရာတွင် စဉ့်အိုးတစ်လုံး၏နှုတ်ခမ်းပေါ်နေသည်။ အသာနှိုက်ကြည့်လိုက်တော့ လက်ထဲငွေဒင်္ဂါးအချို့ပါလာသည်။ မိမိလိုသလောက်ယူပြီး အသာပြန်ဖုံးထားလိုက်သည်။ သည်ပုံအတိုင်းဆိုလျှင် ကာလအတန်ကြာအထိ မိခင်ထံလက်ဖြန့်နေရသည့်ဘဝကလွတ်နေပေဦးမည်ဖြစ်သည်။ နောက်(၁၀)ရက်ခန့်အကြာ (၅) ပြားယူပြီး ပြန်ဖုံးထားလိုက်သည်။

တစ်ည ဖဲကလည်းတော်တော်ရှုံးနေသည်။ အမေခြံထဲ အသာခိုးဝင်ပြီး ငွေအိုးထဲလက်နှိုက်မည်အလုပ် လက်မည်းကြီးတစ်ဖက်က မိမိလက်ကို နုတ်မရအောင်ဖိထားသည်။ ငွေများကိုလွှတ်ချလိုက်မှလက်နုတ်လို့ရသည်။ သူမကျေနပ်သေး။ ပြန်နှိုက်သည်။ စောစောကလိုပင် လက်မည်းကြီးကဖိထားပြန်သည်။ လွှတ်ချမှပြန်လွှတ်ပေးသည်။ နောက်ဆုံးသူ လက်လျှော့လိုက်ရသည်။ ဒီညအဖို့တော့ အရှုံးကိုသာသူရင်ဆိုင်လိုက်တော့မည်။

❑

နောက်တစ်နေ့ နေ့လယ်ခင်းအချိန် ညကအဖြစ်ကို သူပြန်စဉ်းစားကြည့်သည်။သူ့အဖြစ်က အံ့ဩဖွယ်ကောင်းလှသည်။ သူ့နေရာမှာ အခြားသူတစ်ယောက်သာဆိုလျှင် လန့်ပြီးအသက်ပင်ထွက်သွားနိုင်သည်။ ထို့ကြောင့် မကျေနပ်ပွဲနွဲရန် ဒီနေ့နေ့လယ် သူပြန်သွားရမည်။ ထို့ကြောင့် အိပ်ရာမှထကာ အမေတို့အိမ်ဖက် သူခြေဦးလှည့်ခဲ့သည်။ အိမ်ထဲကိုဝင်တော့ အိမ်ရှေ့ခန်းတွင် အဖေ့ကိုတွေ့ရသည်။ အရက်သောက်မထားသဖြင့်တော်သေးသည်။ အသာပင် ဟန်မပျက် -

"အဖေနေကောင်းလား"

ဟု နှုတ်ဆက်လိုက်သည်။

အဖေက -

"အေး"

ဟု အသံပြတ်ဖြင့်ဖြေသည်။ သည်လောက်ဆို အခြေအနေမဆိုးလှ။

"အမရှိလားအဖေ"

ဆိုတော့ -

"ရှိတယ်၊ မင်းဘာလုပ်မလို့လဲ"

ဟု မေးသည်။ တစ်ဆက်တည်းပင် -

"နှင်းလှရေ နင့်သားကြီးလာတယ်"

ဟု ဆိုသည်။

အမေထွက်လာသည်။

(ကျွန်တော်တို့ဖက်တွင် အမေကို အစ်မဟုခေါ်သည်။ အဘွားကိုသာ အမေဟုခေါ်သည်။)

"ဪ - လူလေး၊ ဘာကိစ္စရှိလဲ"

ဟု အမေက မေးသည်။

သူအဖြေမပေးရသေးမီ အဖေက -

"မင်းသားလာတာ ပိုက်ဆံတောင်းချင်လို့ပဲပေါ့ကွ"

ဟု ဆိုသည်။

အမေက -

"ဟုတ်လား"

ဆိုသည်။

သူဘာမှပြန်မပြောလိုက်။

အဖေကသာ -

"နင်ကလည်းမေးနေရသေးတယ် ဟော့ကောင်၊ ဟုတ်တယ်မဟုတ်လား"

ဟု ဆိုသည်။ ဆိတ်ဆိတ်နေခြင်းဖြင့် သူဝန်ခံလိုက်သည်။ အဖေကပင်ဆက်၍ -

"မင်းမိန်းမကို ညနေလွှတ်လိုက် မင်းကိုတော့မပေးဘူး"

ဟုဆိုသည်။

"မင်းလည်း အလုပ်ကလေးဘာလေးလုပ်ဦး၊ မင်းမိန်းမမှာ ကလေးတစ်ဖက်နဲ့ လယ်ထဲဆင်းနေရတယ်။ ငါအားလုံးသိတယ်"

ဟုဆိုပြန်သည်။

ထိုအချိန် အပြင်ကပြန်လာသော ညီမကပါ -

"ဟုတ်လည်းဟုတ်တယ်၊ အစ်ကိုကြီးကလည်း မမပုလေးသနားပါတယ်။ အိမ်အလုပ်လေးဘာလေးကူလုပ်ပါဦး"

ဟု ဝင်ပြောသည်။

"အေးပါဟာ - နင်ကလည်း၊ ငါလည်း နိုင်သလောက်တော့လုပ်ပါတယ်"

ဟု လေပြေထိုးလိုက်ရသည်။ ပြီးမှ အမေအနား အသာကပ်သွားသည်။ အမေကလက်ထဲသို့ငွေဒင်္ဂါးနှစ်ပြားထည့်ပေးသည်။သေချာတာတော့ယူရဦးမည်။ ပြီးမှ အိမ်အနောက်ဘက်သို့ မယောင်မလည်ထွက်လာခဲ့သည်။ ငွေအိုးရှိရာရောက်တော့လက်နှင့်အသာယက်ကြည့်သည်။ အိုးနှုတ်ခမ်းပေါ်လာတော့ လက်နှိုက်ကြည့်သည်။ လက်တစ်ဆုပ်နှိုက်ကြည့်တော့ ဆယ်ပြားခန့်ပါလာသည်။ ခါးပိုက်ဆောင်ထဲ အသာထည့်ပြီးပြန်ခဲ့သည်။

ညအချိန်ရောက်တော့ အိမ်ထဲသို့ သူ အသာခိုးဝင်ပြန်သည်။ ဒီအခါမှာ


[illegible]

www.burmeseclassic.com

www.burmeseclassic.com

တော့ အစောင့်က ငွေအိုးပေါ်တွင်ထိုင်နေသည်။ သူ့ကိုအနားမကပ်ရန် လက်ပြနေသည်။

သူက -

"ငါလည်း အဖေ့သားပါကွ၊ ဒီငွေအိုးကို ငါလည်းပိုင်တယ်"

ဆိုသောအခါ လက်ထဲမှတင်းတ်လိုဟာမျိုးဖြင့်ထုတော့မည့်ဟန်ပြင်သဖြင့်သူနောက်ဆုတ်ကာပြန်ခဲ့ရသည်။ ထို့ကြောင့် သူသဘောပေါက်သွားသည်။ နောက်ဆို ညပိုင်း သူဘယ်တော့မှမသွားတော့ချေ။

ဒီလိုနှင့် ဦးမြတ်စံနှင့် ဒေါ်နှင်းလှတို့ ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားကြသည်။မိဘနှစ်ပါးကွယ်လွန်သွားသည့်နောက်ပိုင်း ထိုအိုးထဲတွင် ဘာမှမကျန်တော့။ ခြံတစ်ခုလုံး မြေလှန်ပါသော်လည်း ဘာမှမတွေ့ဟုဆိုသည်။

❑

ဒေါ်နှင်းမြမှ ဒေါ်ငွေမြဒေါ်ငွေသဲတို့သောသမီးနှစ်ဦးမွေးသည်။ ဦးရွှေနွယ်နှင့် ဒေါ်ညိုခင်၊ ဒေါ်သန်းတင့်၊ ဦးဘိုးကျော် ဟူသော သားသမီးသုံးဦး မွေးသည်။ ထိုအဆက်အနွယ်များအနက် ဒေါ်ညိုခင်၏ သားအငယ်ဆုံးမှာ ယခုစာရေးသူပင်ဖြစ်သည်။ အထက်ဖော်ပြပါ အကြောင်းအရာမှာ စာရေးသူ၏အဘွား ဒေါ်ပုလေးကိုယ်တိုင် ပြောပြချက်များပင် ဖြစ်ပါသည်။ နောက်ပိုင်းဒေါ်နှင်းမြတို့သမီးငယ် ဒေါ်ငွေသဲမှာထိုခြံတွင်ဆက်နေသည်။ ထိုအိမ်တွင်နေထိုင်စဉ်တွင် မီးလောင်မှုဖြစ်ပြီး ပွဲသာရွာတစ်ရွာလုံး ပြာကျခဲ့ရသည်။ နောက်တစ်ခါ ဒေါ်ငွေမြနေထိုင်စဉ် အလားတူပင် ထိုအိမ်မှစလောင်ခဲ့သောမီးက ပွဲသာရွာတစ်ရွာလုံးပြာကျခဲ့ရပြန်လေသည်။ နောက်တစ်ချိန် ဒေါ်ငွေခဲ၏သား ဦးသာအင်သက်ထက်တွင်လည်း အလားတူထိုအိမ်မှစလောင်ခဲ့သောမီးက တစ်ရွာလုံးပြာကျခဲ့ရပြန်သောအခါ တစ်ရွာလုံးက ထိုခြံထဲတွင် လူနေအိမ်မဆောက်ရန်အားမြစ်ကြလေသည်။ ထို့ကြောင့်လည်းထိုခြံကြီးကို တစ်ရွာလုံးက သိုက်ခြံကြီးဟု တညီတညွတ်တည်း ကင်ပွန်းတပ်လိုက်ပါသည်။

ကျွန်တော်ငယ်ငယ်က ထိုခြံကြီးထဲသို့ သိုက်တူးရန်လူတစ်စုရောက်လာကြသည်။ ထိုသူများက ထိုခြံကြီးထဲတွင်သိုက်ရှိကြောင်း၊ ထိုသိုက်ကို သူတို့တူးမည်။ ရရှိသော ရတနာပစ္စည်းများကိုအညီအမျှပုံပုံပြီးတစ်ပုံကိုသူတို့ယူမည်၊ တစ်ပုံကို ဦးမြတ်စံမိသားစုများကို ပေးမည်။ ကျန်နှစ်ပုံကို ဦးမြတ်စံတည်ထားခဲ့သောစေတီ၊ သိမ်နှင့် ဘုန်းတော်ကြီးကျောင်းများကို ပြုပြင်ပေးမည်ဟု ဆိုပါသည်။ ဘုန်းတော်ကြီး အပါအဝင် တစ်ရွာလုံးက သဘောတူသဖြင့်သိုက်တူးကြသည်။

ညနေ နေဝင်ရီတရောအချိန် ခြံတစ်ခုလုံးသို့ ဆန်ပန်းများကြဲထားလိုက်သည်။နောက်တစ်နေ့နံနက်တွင် ရတနာများရှိသည့်နေရာတွင်သာ ဆန်ပန်းများအားလုံးစုနေသည်ကိုတွေ့ရသည်။ တူးလိုက်သောအခါတွင် ငွေဒင်္ဂါးအများအပြားနှင့် ရွှေဒင်္ဂါးအချို့ကို ရရှိလေသည်။ သိုက်ဆရာအဖွဲ့က သူတို့ကတိအတိုင်းဆောင်ရွက်ပေးခဲ့သည်။ ထိုအချိန်တုန်းက ကျွန်တော် (၃) နှစ်သားအရွယ်မို့ဘာမှမသိပါ။ အမေတို့ပြန်ပြောတာကိုနားထောင်ခဲ့ရခြင်းပါ။ နောက်ပိုင်း ထိုသိုက်ခြံထဲတွင် ခြောက်ပေပတ်လည်အနက်လူတစ်ရပ်ခန့် တွင်းကြီးများရှိပါသည်။

စာရေးသူ (၇) တန်းကျောင်းသားဘဝ ၁၉၈၃ ခုနှစ်၊ မတ်လဆန်းစအချိန်စာရေးသူတို့ ကိုရင်ဝတ်ခဲ့စဉ် ပွဲသာရွာဘုန်းတော်ကြီးကျောင်းသို့ ဘုန်းကြီးတစ်ပါးကြွလာသည်။ ဟိုးယခင် သိုက်တူးခဲ့စဉ်က သူက လက်ထောက်ဘဝဖြင့်ပါဝင်ခဲ့သည်။ ယခုတစ်ဖန် ကျန်ရှိနေသောရတနာများကို သူကိုယ်တိုင်ဦးဆောင်တူးမည်၊ ယခင်အတိုင်း ခွဲဝေကြမည်ဟု ဆိုသည်။ ဘုန်းတော်ကြီးနှင့်တကွ ရွာသားအားလုံးက သဘောတူသဖြင့် ထိုဘုန်းတော်ကြီးက သက်သတ်လွတ်(၄၅)ရက်စားမည်ဆိုသဖြင့် တစ်ရွာလုံးက တစ်နေ့ဆွမ်းတစ်အုပ်ကျ ပို့ပေးရလေသည်။ ကျွန်တော်ကမူ ကိုရင်ဝတ်ဖြင့် သိုက်ဆရာဘုန်းကြီးကို အနီးကပ်ပြုစုကာ အဘွားပြောပြဖူးသော အဘိုးကိုယ်တွေ့ဖြစ်ရပ်ကို ပြောပြပါသည်။ ထိုစဉ်က ကျွန်တော်တို့အဘိုးမှာ သက်ရှိထင်ရှားရှိနေပါလျက် ထိုငွေအိုးကို နေ့အချိန်သာယူ၍ရပြီး ညအချိန်ဘာကြောင့်ယူလို့မရတာလဲဟုမေးကြည့်မိပါသည်။ ရတနာပစ္စည်းများကို မြေမြှုပ်လိုက်သည့်အခါ နဂါးများကထိန်းသိမ်းစောင့်တတ်ကြောင်း၊ ပိုင်ရှင်အစစ်က မေ့လျော့နေသော်လည်း သူ၏သားအရင်းဖြစ်သဖြင့်သာ နေ့အခါ ယူခြင်းခွင့်ပြုခြင်းဖြစ်မည်ထင်ကြောင်း မှတ်ချက်ပေးပါသည်။ ဤသို့ဖြင့် (၄၅)ရက်ပြည့်ချိန်တွင် သင်္ကြန်တွင်းသို့ရောက်လာသည်။ သိုက်ဆရာဘုန်းတော်ကြီးက သင်္ကြန်အကြတ်နေ့ကိုအခါပေးထားသည်။ အကြိုနေ့ညနေပိုင်းတွင် နေရာအနှံ့ ဆန်ပန်းများကြဲပက်ထားသည်။ နောက်တစ်နေ့နံနက်ကျွန်တော်တို့ရောက်ရှိချိန်တွင် ဆန်ပန်းများမှာ ခြံအလယ်တွင်တစ်နေရာ၊ ခြံအနောက် မြောက်တွင်တစ်နေရာစုနေသည်ကို တွေ့ရလေသည်။ ပထမအကြိမ်က ကျွန်တော်သုံးနှစ်သားအရွယ်မို့ ဂဃနဏမသိပါ။ ယခုအခါ ကိုယ်တိုင်ကြုံတွေ့နေရပြီ ဖြစ်ပါသည်။

ဘုန်းတော်ကြီး သိုက်ဆရာက အင်းချပ်များဆွဲကာ ၎င်းနေရာများတွင် ကပ်ပါသည်။ ထို့နောက် နေ့လယ် (၂) နာရီကို မင်္ဂလာအချိန်သတ်မှတ်၍ သိုက်တူးခြင်းလုပ်ငန်း လုပ်ဆောင်ရန် သတ်မှတ်ပြီး ကျောင်းသို့ပြန်ခဲ့ကြပါသည်။ နေ့ဆွမ်းစားပြီးချိန် ရောက်လာမည့် မင်္ဂလာအချိန် နေ့လယ် (၂)နာရီကိုသာ စောင့်မျှော်စိတ်စောလျက်ရှိနေပါသည်။ အချိန်ကျသော် ကျွန်တော် အပါအဝင် နောက် (၇) ဦး သိုက်ခြံထဲသို့သွားကြသောအခါ ခြံခြင်းကပ်လျက်မှ ကိုဖိုးသာအောင်ဆိုသူ အရက်သမားက ရတနာများရနိုင်မည်ဟုယူဆသောနေရာများကို တူးရွင်းဖြင့် တူးထားသည်ကိုတွေ့ရသောအခါ သိုက်ဆရာတစ်ဖြစ်လဲ ဘုန်းတော်ကြီးက ခေါင်းခါလိုက်ပြီး -

"တူးမနေကြနဲ့တော့၊ ဘာမှမရှိတော့ဘူး။ စည်းပေါက်လို့ သိုက်ပြောင်းသွားပြီ"

ဟု ဆိုပါသည်။

ဘုန်းကြီးပြောလို့သာယုံရမည်ဖြစ်သော်လည်း ကျွန်တော်တို့ လက်မခံချင်သေးပါ။ တူးကြည့်ချင်သေးသည်။ ဒါကိုရိပ်မိပုံရသောဘုန်းကြီးက -

"မင်းတို့အပင်ပန်းခံနိုင်ရင်တူးကြ၊ ဘာမှရှိမှာတော့မဟုတ်တော့ဘူး"

ဟု ဆိုသည်။

သုံးပေခန့်တူးပြီးသောအခါ အိုးကွဲတစ်လုံးကိုမှောက်လျက်တွေ့ရပြီး ဘာမှမတွေ့ရပါ။

ဤသည်မှာ ကိုယ်တိုင်ကြုံခဲ့ရသော သိုက်တူးဖြစ်ရပ်ဆန်းပင် ဖြစ်ပါသည်။ မယုံကြည်သူများ သို့မဟုတ်မြင်တွေ့လိုသူများ နတ်တလင်းမြို့အနောက်ဘက်ရှိ ပွဲသာရွာကလေးသို့ကိုယ်တိုင် သွားရောက် လေ့လာ ကြည့်ရှုနိုင်ပါကြောင်း တင်ပြလိုက်ပါသည်။

မောင်လှထွေး (မြန်အောင်)

www.burmeseclassic.com

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးကြေညာသည်။ ၁၉၈၄ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပျော်ဘွယ်ဦးမြသည် မင်းဘူးလာသည်။ ရွှေစက်တော်ဘုရားဖူးသည်။ ကျွန်ုပ်နှင့် ရွှေစက်တော်ဘုရားပွဲတွင် တွေ့ရသည်။ ပျော်ဘွယ်ဦးမြနှင့် ဇနီးတို့သည် မင်းဘူး ရွှေဝါချောင်သင်္ဘောဆိပ်မှ မြင့်ကွန်းသို့ကူး၍ ရန်ကုန်သို့ပြန်သည်။

၁၉၄၈ ခု၊ မတ်လ ၁ ရက်နေ့ (မြန်မာနှစ် ၁၃၀၉၊ တပေါင်းလဆုတ် ၇ ရက်) တွင် ကွန်မြူနစ်ခေါင်းဆောင်များ ကို ဖမ်းထားရာ (၁) လပြည့်သဖြင့် နောက်ထပ် (၁) လတိုး၍ အကျဉ်းချရာ ကျောင်းတော်ရာတစ်ဝိုက်မှ လူများ မင်းဘူးတက်လာလျက် ဆန္ဒပြသည်။ မိမိရုံးတက်လျက်ရှိသော ရုံးပေါင်းစုံအဆောက်အအုံကို ဝိုင်းထားသည်။ အရေးပိုင်၊ ရာဇဝတ်ဝန်၊ ရာဇဝတ်ဝန်ထောက်တို့ရှောင်နေကြသည်။ ညနေ (၅) နာရီထိုးသော် အရေးပိုင်လာပြီး ဆန္ဒပြသူတို့ကို စကားပြောရာ၌ ဝရမ်းစေ့က လွှတ်မည်ဟု ကတိပြု၍ ဆန္ဒပြသူများ ပြန်ကြသည်။ ကွန်မြူနစ်က ဆန္ဒပြသည်။ အစိုးရအတိုက်အခံအဖွဲ့အစည်းများသည် အစိုးရလုပ်သမျှကို ဆန္ဒပြကြသည်မှာ မဆန်း။ ဖဲသုံးချပ်မျက်လှည့်ပြသလို အဖြစ်ဆန်းလည်းရှိ၏။ မကြာမီက အလံနီကွန်မြူနစ်ပါတီဝင်အဖြစ် နုတ်ထွက်၍ သခင်သန်းထွန်းဦးစီးသောကွန်မြူနစ်ပါတီသို့ ဝင်ရောက်လှုပ်ရှားရာ ထိုသူမှာ ပုဒ်မ (၅) အရ အရေးယူ ချုပ်နှောင်ခံရ၏။ ဗတလစ (ဗမာပြည်လုံး တောင်သူလယ်သမားအစည်းအရုံး) က အာဏာရနိုင်ငံရေးပါတီ၏ အစွယ်အပွား အတိုက်အခံက ဆူသလို၊ သူတို့ ဗတလစလည်း အစိုးရထုတ်သောအမိန့်ကို မနာခံ။ ဗတလစ အလိုကျသာဖြစ်စေမည်။ ဆန့်ကျင်လျှင် အထုပ်အပိုးပြင်ထားတော့။ သူတို့လည်း ဆန္ဒပြကြွေးကြော်မည်။ မြေပိုင်ရှင်စနစ်ကို အလိုမရှိ။ တိုင်းသစ်ပြည်သစ်တည်ထောင်ရာတွင် ဆိုရှယ်လစ်စနစ်ကိုသုံးမည်။ မှုကားကောင်းပါသည်။ အောက်





www.burmeseclassic.com

ခြိမ့် မှုကိုထွင်၍ မြေရှင်တို့ကို နိုင်တော့သည်။ ပွင့်ဖြူ ဆင်ကျွန်း၊ စလင်းတို့တွင် သူတို့လည်း ဆန္ဒပြသည်။ သီးစားချထားပြီး ထွန်ယက်စိုက်ပျိုးထားသည့် လယ်ယာများကို ပြန်လည်ဝေငှချထားမည်ကို သူတို့ကပြန်လည်ဝေငှချထားမည်ဟုဆိုသည်။ အစိုးရမှထုတ်ပြန်သည့်အမိန့်တွင် သီးစားချထားပြီး ထွန်ယက်စိုက်ပျိုးရန် အသင့်ဖြစ်ပြီးသော လယ်ယာများမပါဟု ဆိုသည်။ ထို့ကြောင့် သူတို့က စီတန်းလှည့်လည်၍ ဆန္ဒပြကြသည်။ အခွင့်အမိန့်မရဘဲ စီတန်းလှည့်လည်သော် Unlawful Assembly ဥပဒေမဲ့စည်းဝေးခြင်းမည်၏။ ထိုအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၄၄) သည် ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ သတိပြုရန်မှာ ပုဒ်မ (၁၄၄) မှာ ကြေညာသည်ဖြစ်စေ၊မကြေညာသည်ဖြစ်စေ အသက်ဝင်လျက်ရှိပြီး ဖြစ်၏။

ဆက်လက် ဆူပူမည့်အခြေအနေကို ဟန့်တားရန် စလင်းမြို့နယ်ပိုင်ဝန်ထောက် ဦးဘသင်သည် ဗတလစခေါင်းဆောင်အချို့အား ဖမ်းဆီးလိုက်သည်။ ဝန်ထမ်းလောကထဲတွင် ဆိုရှယ်လစ်ပါတီဝင်သူဝန်ထမ်းများလည်းရှိလာသည်။ ဝန်ထမ်းစည်းမျဉ်းအရ ဝန်ထမ်းတို့သည် နိုင်ငံရေး ပါတီများနှင့် ကင်းရှင်းရမည်ဆိုသော်လည်း ယခုမှာ ပါတီဝင်မှ သိက္ခာတက်တော့သည်။ ဝန်ထမ်းလောကတွင်လည်း အာဏာရပါတီဝင်နှင့် ပါတီဝင်မဟုတ်သူတို့ ခွဲခြားလာသည်။

ကျေးရွာများတွင် ပြဿနာများပေါ်လာသည်။ ထင်ရှားသောဖြစ်ရပ်များအနက် ပွင့်ဖြူမြို့နယ်တွင် ဘိုကုန်းရွာတွင် ရိုက်ပွဲ၊ ခင်တဲရွာတွင် လူသတ်မှုတို့ဖြစ်ခဲ့သည်။ အစိုးရမှ မြေရှင်တို့ (၂) တုန်းထွန်းအထိ လုပ်ရန်ခွင့်ပြုရာ ထွန်တုံးထွန်၊ လယ်ယာလုပ်ကိရိယာ၊ ကျွဲနွားပြည့်စုံပါသော်လည်း စာရင်းငှားနှင့်လယ်လုပ်ခြင်းကို ကန့်ကွက်ကြပြန်၏။ ကျန်းမာရေးမပြည့်စုံမှသာ စာရင်းငှားနှင့် လုပ်နိုင်သည်ဟုဆိုပြန်ရာ မြေရှင်များမှာ မိမိတို့လယ်လုပ်ရမည့်အရေးတွင် ဒုက္ခိတဘဝသို့ရောက်ရမည့်အခြေအနေရှိရမည့်ကဲ့သို့ဖြစ်လာပြန်၏။ အဆုံး၌ ဗတလစလူကြီးများသဘောအတိုင်း လယ်ယာကိစ္စများကို စီစဉ်လေတော့သတည်း။ ကျေးရွာများတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းချက်အရ သူကြီးသည် သီးစားချထားရေး၊ မြေများကို ကန့်သတ်ချိန်အတွင်း ဝေငှပေးရန် ကော်မတီအဖွဲ့တွင် ဥက္ကဋ္ဌဖြစ်၏။ ဗတလစအဖွဲ့ဝင်တို့က (၆) ဦးဖြစ်သည်။ သူကြီးများနှင့် ကော်မတီများ မကြာခဏ အားပြိုင်ကြသည်။ သူကြီးများနှင့် ကော်မီတီဝင်တို့အဆင်မပြေကြ



ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

## လွတ်လပ်ပြီ၊ တို့ပြည်လွတ်လပ်ပြီနှင့်အတူ နိုင်ငံရေးလေပွေများ

www.burmeseclassic.com

လေရာ လယ်ယာမြေများပြန်လည်စိစစ်ဝေပေးရန် တောင်းဆိုလာကြရာ အစိုးရမှ ပြန်လည်စိစစ်၍ ဆောင်ရွက်ရန် ညွှန်ကြားသည်ဟု သိရသည်။ သို့ရာတွင် ထွန်ယက်စိုက်ပျိုးပြီးသော လယ်ယာများ မနှောင့်ယှက်ရဟု ကြေးနန်းရသည်။ သို့သော် ပွင့်ဖြူမြို့ ဒေါ်ဂျမ်းနှင့် ဒေါ်နှင်းအပိုင် ထွန်ယက်စိုက်ပျိုးထားသောလယ်များကို ဌာနဗတလစတို့ဦးစီးလျက် ထွန်တုံးတိုက်ပွဲပြု၍ မြေထွန်မင်္ဂလာပြုသည်ဟု သိရ၏။

စလင်းမြို့တွင် အင်အားပြလာသည်။ လူအင်အား ၂၀၀၀၊ ၃၀၀၀ ခန့်ရှိမည်ဟု ဆို၏။ ဆန္ဒပြသူတို့က လမ်းတွင် စလင်းနယ်ပိုင်ဝန်ထောက်ရုံးမှ မောင်စံထိုက်ကိုတွေ့ရာ မောင်မင်းသည် ကြေးရတတ်မြေပိုင်ရှင်ဖြစ်သည်ဟုဆိုရာ နယ်ပိုင်ဝန်ထောက်ရုံးမှ မင်းစေ တာဝန်ဝတ္တရားထမ်းဆောင်ရန်လာခြင်း ဖြစ်သည်ဟုပြောမှ ဆက်လက်သွားခွင့်ပြုကြောင်းသိရ၏။

၁၉၄၈ ခု၊ ဇူလိုင်လ ၁၅ နေ့တွင် ဗတလစလူကြီးများဖြစ်သော ပွင့်ဖြူမြို့နေ ကိုဘိုးသစ်၊ ကျောင်းတော်ရာ ကိုရာတစ်၊ ဆင်ဖြူကျွန်းမှ ကိုလှဖေတို့နှင့် ဗတလစခရိုင်ဥက္ကဋ္ဌတို့သည် အရေးပိုင်ထံလာ၍ ၁၉၄၈ ခုနှစ်၊ မတ်လ ၃၁ နေ့အထိ သီးစားချထားပြီး လယ်များကို ထပ်မံမခွဲဝေရဟု အစိုးရညွှန်ကြားချက်ကို ပယ်ဖျက်လျက် သူတို့လုပ်လိုသော အချက်အတိုင်း ခွင့်ပြုရန်တောင်းဆိုသည်။ မြေယာခွဲဝေခြင်း၊ သီးစားချထားချင်းတို့သည် ကျေးရွာတွင်ဖွဲ့စည်းထားသောအဖွဲ့သာလုပ်ပိုင်ခွင့်ရှိသည်။အခြားအဖွဲ့အစည်းတို့ လုပ်ဆောင်သည်ကို တရားမဝင်။ ထို့ကြောင့် သူတို့မှ ပြန်လည်ဝေငှရမည်ဟု သဘောရှိသည်။ ဆိုလိုချက်မှာ မြေရှင်၌ သီးစားချထားခွင့်မရှိ၍ သူတို့သာလျှင်ဝေငှပေးမည်ဟုဆိုသည့်သဘောပင် ဖြစ်သည်။ သူတို့၏ တင်ပြချက်ကို ခရိုင်ဝန်မှ ဘဏ္ဍာတော်မင်းကြီးထံကြေးနန်းရိုက်၍အမိန့်တောင်းခံရသည်။

၁။ စိုက်ပျိုးထားပြီးသော လယ်ယာမြေတို့အပေါ်သို့ ဗတလစအဖွဲ့ဝင်ကသူတို့အားချထားသောမြေဟုဆိုလျက် ထွန်များစွာဖြင့် အတင်းအဓမ္မဝင်ရောက်ဖျက်ဆီးခြင်း၊

၂။ လူအမြောက်အမြားဖြင့် တန်းစီလှည့်လည်၍ အရာရှိနှင့် မြေပိုင်ရှင်တို့အမည်များကို မခံသာအောင် အော်ဟစ်ဆဲရေးတိုင်းထွာခြင်း။

၃။ မကြာခဏ ရုံးသို့ဝိုင်း၍ နယ်ပိုင်၊ မြို့အုပ်တို့အား အရေးဆိုခြင်း။

၄။ မြေရှင်နှင့် လုပ်သားတို့သည် အချင်းများ၍ နေရာအချို့တွင် ကိုယ်ထိလက်ရောက် ရန်ရင်းဆန်ခတ်ဖြစ်လာသည်အထိ ပြဿနာများပေါ်လာသည်။

ထို့ကြောင့် မင်းဘူးခရိုင်ဝန်သည် ပုဒ်မ ၁၄၄ ကို ထုတ်ခဲ့ခြင်း ဖြစ်လေသည်။ ပုဒ်မ ၁၄၄ ထုတ်ပြန်ခြင်းကို မကျေနပ်သဖြင့် မင်းဘူးခရိုင်ဝန်ထံ လာရောက် အရေးဆိုကြသည်။

၁၉၄၈ ခု၊ ဇူလိုင်လ ၂၀ ရက်တွင် ဗတလစတို့ကိုစွနှင့်ပတ်သက်၍ မကွေးမြို့သို့ တိုင်းမင်းကြီးထံ မင်းဘူးခရိုင်ဝန်နှင့်အတူ ကျွန်ုပ်၊ စလင်းနယ်ပိုင်၊ မြို့အုပ်၊ မြေစာရင်းဌာနမှ စာရေးကြီးတို့သည် သွားကြရသည်။မင်းကြီးကိုမကွေးဗိုလ်တဲတွင် နံနက် (၈) နာရီကျော်တွင် တွေ့ရသည်။[2] သူသိလိုသောအချက်များကိုဖြေကြားခဲ့ရပါသည်။

ခရိုင်ဝန်မှအစ နယ်ပိုင်၊ မြို့ပိုင်တို့မှာ သူတို့ထင်သလိုဆက်ဆံသည်။ လေးစားမှုမရှိ။ နှုတ်အားဖြင့်တစ်မျိုး၊ စာအားဖြင့်တစ်သွယ် တိုင်ကြားသည်။ ပွင့်ဖြူမြို့ပိုင် ဦးဘသန်း[7]ကိုတိုင်ရာ ဦးဘသန်းကို မကွေးမြို့သို့ ပြောင်းပေးရသည်။ စကားနည်းရန်စဲသဘောပြုလုပ်ရခြင်းဖြစ်သည်။ ဦးဘသန်းသည် အာဏာရပါတီသို့မဝင်၊ ဝန်ထမ်းကျင့်ထုံးအရ ဖြောင့်မတ်စွာ ဆောင်ရွက်သူ ဖြစ်၏။

ခရိုင်ဝန်မှ ပုဒ်မ ၁၄၄ ထုတ်ရသည့်အကြောင်းကို အစီရင်ခံခဲ့ရ၏။ သို့သော် ပုဒ်မ ၁၄၄ ကို ရုပ်သိမ်းပေးရန် ကြေးနန်းဖြင့် ညွှန်ကြားစာရ၏။

ဗတလစ ခေါင်းဆောင် ရန်ကုန်မှ ပြန်လာသည်ဟု သိရသည်။ ပုဒ်မ ၁၄၄ တွင်မက ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ပုဒ်မ ၄၂၆၊ အဓမ္မဝင်ရောက်ခြင်း၊ ပစ္စည်းဖျက်ခြင်းတို့ကို ပြုသော်လည်း အရေးယူ၍မရ။ မင်းဘူးခရိုင်တွင် ထိုအမိန့်မကြာမီ ထွက်လာမည်ဟု သူနောက်လိုက်များက ဆို၏။ နေ့စဉ်နေ့တိုင်း မြေကျူးလွန်မှုများပေါ်လာ၏။ အမှုပေါင်း ၂၀၀ ခန့်ရှိပြီဟု သိရသည်။

အတိုက်အခံ ကွန်မြူနစ်များကလည်း မြန်မာပြည်အနှံ့ဆူပူသောင်းကျန်းတော့သည်။မင်းဘူးခရိုင်အတွင်းသောင်းကျန်းစပြုပြီ။ ကျောင်းဆရာမောင်ကျော်သိမ်း၊ မောင်မင်းဟန်တို့ ခေါင်းဆောင်သောအဖွဲ့တို့သည် လမ်းဖျက်သည်။ တံတားချိုးသည်၊ ကြေးနန်းတိုင်များကို ဖြတ်သည်။ တောင်ကန်သူကြီး၊ အင်း

တောင်းရွာနေ မောင်ကိုကြီးတို့လည်း သူတို့က သတ်လိုက်ပြီ။ ကျောင်းကုန်း ကျေးရွာ၊ ရေပုတ်ရွာတို့ကိုအခြေပြုဆို သွမ်းလေသည်။ သူတို့ဆိုးသွမ်းမှုကို အ ချုပ်သူများက ပြန်လည်တုံ့ပြန်ခြင်းမပြု နိုင်။

ဆိုရှယ်လစ်ကတစ်မျိုး၊ ကွန်မြူ နစ်မှတစ်ထွေ အမှုတွေပြုလုပ်ကြသော် ပြည်သူ့ရဲဘော်တို့သည် လှုပ်ရှားလာ သည်။ ပြည်သူ့ရဲဘော်များတောခိုသည် ပြည်သူ့ရဲဘော်မှ လွတ်တော်အမတ်မျာ လည်း အားနည်းသော တောရွာများသို့ ဆင်း၍ တောခိုကြသည်။ လက်နက်လု သူစုကြသည်။ မကွေးမြို့မှ အမတ်မင် သည် သဖန်းဆိပ်ကိုသိမ်းသည်။ လ နက်သိမ်းသည်။ ဧရာဝတီမြစ်ကြော တစ်လျှောက် တပ်သားစုသည်။ တော သည်။ လိပ်ကုန်းဘုရားအနီး တပ်စွဲနေ သည်ဟု သတင်းရသည်။ လက်နက်ကို ပုလိပ်အဖွဲ့မှ သွားရောက်ဝိုင်းရာ တိုက် ဖြစ်သည်။ ထိုနေရာမှ နောက်တစ်နေ (၁၀) နာရီခန့်တွင် မောင်ထွန်းညွန့်မှ သေနတ်မှန်၍သေသည်။ မောင်ကျော် တင့်မှာ လက်နက်ချအဖမ်းခံသည်။

ရှည်မတိုစကား၊ အလံနီကထွ ဗတလစက ကြွားသဖြင့်၊ တဘော် လည်းဖြစ်စေဟု အောက်ပါစာတန်း ရေးသားခဲ့ပါသည်။

*မိုးခေါင်၍ရေကြီး၊လှေကြီးပေါ်*
*လှုံ့မယ်သီတော်ကိုယ်ရုံကို၊ ဘိုး*
*တော်ခြုံလာ၊*
*အထက်ဆင်အလံနီကို၊လွင့်တ*
*မည်၊ တချို့ကထင်သေး။ ။*
*ဗုတ်မည်လို့ပူလောင်တယ်၊ ဆူ*
*ကောင်းစွာမအေး၊ စီမံသူမော*
*ပိန်သေးက၊ မဲကလေးရရန်၊*
*တစ်ဦးကိုတစ်ဦးမကြိုက်ဟု*
*လောဘနိုင်ငံ၊ ဒုတ်ဒါးနှင့် တူ*
*ပြား၊ကိုင်ရဟန်၊ဖြစ်ဦးတော့မ*

ပြည်သူ့ရဲဘော်တို့လည်း အာ ဖိဆန်ကြပြီ၊ တောခိုကြသည်။ မြို့ ကာ တောကိုခိုလျက်၊ အသင်းအဖွဲ့ အဝေး၊ မင်းလှ၊ မိချောင်းရဲတို့ သူတို့ရသည်ဟု ကြားရသည်။ မင် မကွေး၊ ရေနံချောင်းမြို့လည်း သိမ် ဟု သတင်းဖြစ်သည်။

တောခိုသောသေနတ်ကိုင်တ (၁)သည် မင်းလှကိုသိမ်းပြီး မင်းဘူး လာလိမ့်မည်ဟု ၁၃-၈-၄၈၊ ဝါ လဆန်း ၉ ရက်နေ့တွင် မင်းဘူး သတင်းပြန့်နေ၏။ ည (၁၀) နာရီ



www.burmeseclassic.com

www.burmeseclassic.com

(၁၁) နာရီခန့်တွင်မှ မင်းဘူးမြို့ပေါ်မှ ...ခိုသွားသော ရဲဘော်ဖြူ ဗိုလ်မျိုး... ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင် ...ကျော်တို့သည် နောက်လိုက်နောက်ပါ ...နှင့် မင်းဘူးမြို့ထဲသို့ဝင်လာသည်။


ရာဇဝတ်ဝန်ကလေး[၅]ကိုဝင်ရောက် ...သည်။တိုက်ပိုင်[၁]ထံ ရာဇဝန်ကလေး ...အတူသွားသည်။ ခရိုင်ဝန်ရုံးရုံးအုပ် ...ကြီး[၆] အားမော်တော်တောင်းသည်။ ...ခေါင်လဆန်း ၁၀ ရက်နေ့နံနက်စော ...မော်တော်ကို ယူဆောင်၍ တောင် ...ရပ်သို့ မြစ်ကြောင်းအတိုင်း စုန်ဆင်း ...တော့သည်။ မြို့သူမြို့သားနှင့် ...ရစ်သူ ရဲဘော်ဖြူတို့သည် တောခို ...သည့် သေနတ်ကိုင်တပ်ရင်း (၁) ကိုမျှော် ...၏။

နံနက် (၉) နာရီ၊ (၁၀) နာရီခန့် ...တွင် လက်နက်ကိုင် ပုလိပ်တို့ထံမှ မြို့ ...ရှိ ရဲဘော်ဖြူများက လက်နက်သိမ်း ...သည်။ ဂါတ်ရဲစခန်းတွင် ချုပ်နှောင်ထား ...သော ရဲဘော်များကို လွှတ်စေသည်။ ...ထားသော လက်နက်များကို ကိုင် ...ဆောင်ကြသည်။

နာရီပြန် (၂) ချက်တွင် ကားကြီး ...ငယ်တို့ဖြင့် တောခိုသည့် သေနတ် ...တပ်ရင်း (၁) ကို ကြိုဆိုရန် မြစ်ဆိပ် ...သွားကြသည်ကို တွေ့ရ၏။

ယနေ့ကား တနင်္ဂနွေဂြိုဟ်-သိဟ် ...သီ၊ ဗုဒ္ဓဟူးဂြိုဟ်-သိဟ်ရာသီ၊ အင်္ဂါ ...ဟ်-ကန်ရာသီ၊ ဗြိဿာ-တနလ်ာနှင့် ...သပတေးဂြိုဟ်၊ သောကြာ-မေထုန် ...သီ၊ ရာဟု-မိဿရာသီတို့ ဖြစ်၏။ ...နွေနှင့် တနင်္လာဂြိုဟ်တို့သာ ...ကောင်း၏။ ကြွင်းသောဂြိုဟ်တို့သည် ...ထုံ-ဗျဂ္ဃဇာ-သိဟဇာကျင့်ဆောင်ခါ ...ကြကုန်၏။

ဂြိုဟ်နေဂြိုဟ်သွား၊ နက္ခတ်ကား ...ကြောင်းပြန်၊ တောင်ကမ်းယံနှင့်၊ တတန် ...ကောင်ဟိန်း၊ မိုယ်းကြိမ်းလည်းကျ၊ ရေ ...သည့် အခါသမယတို့၌ မင်းဘူးခရိုင် ...သည် နောက်အုပ်ချုပ်မည့်သူလက်သို့ ...ရောက်လေသတည်း။




ကျွန်ုပ်သည် ထိုသတင်းများကို နံနက်ပိုင်းကြားလျှင် ခရိုင်ဝန်ထံ သွားရောက်ရန်ပြင်ရသည်။ ရုံးကားတစ်စီး မြောက်အရပ်မှ တောင်အရပ်သို့ ကမ်းနားလမ်းဘက်ကိုကွေ့လျက် မောင်းသွားသည်ကို မြင်ရ၏။ ကျွန်ုပ်၏ကားဒရိုင်ဘာလည်းရောက်နေပြီဖြစ်၍ ခရိုင်ဝန်အိမ်အသွားတွင် ထိုကားကို မင်းဘူးမြို့အေးစေတီအနီးတွင် စီစီကြီးနှင့် သူ့သားသူငယ်ချင်းများကိုတွေ့ရလေသည်။

ခရိုင်ဝန်ကို မိမိကြားသိသမျှ တင်ပြနေစဉ် ရာဇဝတ်ဝန်သည် မကြာမီ ရောက်လာ၏။ ရာဇဝတ်ဝန်မင်း၏ပြောကြားချက်အရမှာ -

ည (၁၀) နာရီလောက်တွင် ရဲဘော်မောင်မောင်တို့ မိမိထံရောက်လာကြောင်း၊ မင်းလှမှ စစ်ဗိုလ် ဗိုလ်ထွန်းလင်း သို့မဟုတ် စစ်ဗိုလ်တစ်ဦးရောက်လာမည်။ ယခု လက်နက်ကိုင် ပုလိပ်တို့မှာလည်း မောင်မောင်တို့ဘက်ပါနေသည်။ မိမိတို့အင်အားမှာနည်းနေသည်။ မြို့ကလည်း ပြည်သူ့ရဲဘော်မြို့ဖြစ်နေသည်။ ခုခံတိုက်က ခဲနှင့်ပေါက်သော် မသက်သာ။ ခရိုင်ကို ရဲဘော်များထံအပ်လိုက်ပါဟု ဆိုလေသည်။

မကြာမီ ဗိုလ်မောင်မောင်၊ ဗိုလ်မျိုးဆွေ၊ ဗိုလ်အောင်ကျော်၊ ဗိုလ်ပွင့်လှိုင်နှင့်တပ်မှ ဗိုလ်မြတ်ကျော်ဆိုသူ စစ်ဗိုလ်ကလေးတစ်ဦးတို့ ရောက်လာကြသည်။ မြို့ပေါ်ရှိ စစ်ကဲတန်း (E.A.C) အငြိမ်းစားဦးစန်းကျော်၊ မင်းဘူးတောင်ပိုင်း၊ ပါလီမန်အမတ် ဦးသိန်းဖေ၊ အခြားမြို့မိမြို့ဖသုံးလေးယောက်နှင့် ရာဇဝတ်ဝန်ကလေး ဦးဘသွင်၊ တိုက်ပိုင်ဦးထွန်းအောင်၊ ဦးသိမ်းတို့လည်း ကားကြီးတစ်စီးဖြင့် လာရောက်ကြ၏။ ဗိုလ်မောင်မောင်နှင့် ဗိုလ်မျိုးဆွေတို့က လက်နက်များကို ရဲဘော်များထံအပ်ရန် ပြောသည်။ လက်နက်ကိုင်စစ်ပုလိပ်တပ်မှ လက်နက်များကို သူတို့စစ်ဗိုလ်များလာမှ အပ်နိုင်ပါမည်ဟုဆိုသည်။ အုပ်ချုပ်ရန် စည်းမျဉ်းဆွဲသည်။ ခရိုင်ဝန်၊ ရာဇဝတ်ဝန်တို့က လက်မှတ်ထိုးပေးသည်။ စာရွက်စာတမ်းများကို ရဲဘော်များကယူသည်။

ခေတ္တဌာနာအုပ်ဦးဘစိန်မှလက်နက်များကို လွှဲအပ်သည်။ မင်းဘူးမြို့ကား ရဲဘော်ဖြူလက်အောက်သို့ကျသွားပြီ။

ညနေပိုင်း ရောက်သောအခါ တောင်အရပ်သို့ မြစ်ကြောင်းအတိုင်းစုန်ဆင်းသွားသော R.C.L ရေယာဉ် မင်းလှမှ ပြန်လာသည်။ မင်းလှမှ ပြည်သူ့ရဲဘော်ဗိုလ်အချို့နှင့် လူကြီးများပါလာသည်။ သရက်ထောင်မှ လွတ်မြောက်လာသော နိုင်ငံရေးအတွက်ဖမ်းထားသူရဲ့မေအချို့လည်း ပါလာသည်။

ဝါခေါင်လဆန်း ၁၁ ရက် ၁၅-၈-၄၈ နံနက် (၉) နာရီခန့်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ မိမိထံမှ အစိုးရကပေးထားသော ဂျစ်ကားကို သိမ်းယူသွားသည်။ လက်နက်ကိုင်ပြည်သူ့ရဲဘော်တို့လည်း နေရာအနှံ့တွေ့မြင်ကြရသည်။ အရေးပိုင်အိမ်ကိုလည်း အစောင့်ချထားသည်။ ရာဇဝတ်ဝန်အိမ်မှာလည်း အစောင့်ချထားသည်။ မြို့အချက်အချာနေရာများတွင် ပြည်သူ့ရဲဘော်များ တွေ့ရသည်။

ဝါခေါင်လဆန်း ၁၂ ရက်နေ့တွင်မူ အခြေအနေမကောင်းဟု ထင်မြင်၍ သစ်ထုတ်လုပ်ရေးပိုင်အိမ်တွင် သွားရောက် အိပ်ရသည်။ နံနက်ပိုင်းတွင် ဆည်ဝန်ဦး သာကြည်အိမ်သို့ သွားရာ မကြာမီ တရားရေးဌာန တရားမဝန်ထောက်လည်းရောက်လာသည်။ သုံးဦးတို့သည် အရေးပိုင်အိမ်သို့သွားရာ စက္ကူတဲတောင်ခြေ စာတိုက်ရှေ့သို့ရောက်သော် ပြည်သူ့ရဲဘော်ကင်းနှင့်တွေ့သည်။ စာတိုက်မှနေ၍ ရာဇဝတ်ဝန်အိမ်ရှေ့ရောက်သောအခါ ဖြတ်လမ်းကလေးအတိုင်း အရေးပိုင်အိမ်သို့ တက်လျက်ဝင်ရာ ကင်းချထားသော ပြည်သူ့ရဲဘော်က -

'ဘယ်သွားမလို့လဲ' အာဏာအပြည့်နှင့် မေးတော့သည်။ ကျွန်ုပ်တို့က အရေးပိုင်မင်းထံလာသည်ဟု ပြန်ပြောရ၏။ အရေးပိုင်နှင့် စကားပြောစဉ်၊ (၁၅) မိနစ်အတွင်း ပြည်သူ့ရဲဘော်မှ တပ်စုလိုက်ရောက်လာပြီး အရေးပိုင်ခေါ်၍ စကားအခြေအတင်ပြောသံကြားရသည်။ အရေးပိုင်မှာ မျက်နှာငယ်ကလေးနှင့် ကျွန်ုပ်တို့ထံပြန်လာပြီး ပြည်သူ့ရဲဘော်များက သူတို့ကိုလုပ်ကြံရန်ဆွေးနွေးတိုင်ပင်နေသည်ဟု စွပ်စွဲကြောင်းပြန်ပြော၏။ တရားမဝန်ထောက်ကို လိုက်ရှင်းပြစေလိုကြောင်းပြော၍ သူတို့ (၂) ဦး ရဲဘော်များကို သွား၍စကားပြောကြ၏။ မကြာမီ ရဲဘော်များပြန်သွားကြ၏။

စကားပြောပြီးနောက်အိမ်သို့ ပြန်လာကြသည်။ ကျိုးပြုသည်၊ ခွေးအူသံညံ့၊ ဒိမ်တောင်ဘက်ရှိ တာလမ်းမသည် အုလယ်မှကွဲသည်။ ပြည်ရွာပျက်မှုကြောင်း ဆယ်ခုတွင်ပါဝင်သော နိမိတ်



www.burmeseclassic.com

www.burmeseclassic.com

များ ဖြစ်သည်။

ဝါခေါင်လဆန်း ၁၃ ရက်တွင် နံနက်ပိုင်း စာရေးကြီးဦးချန်ထွန်း ရောက်လာသဖြင့် ဧည့်ခံစဉ် မင်းစေမောင်ကြီးသည် ဘီးလစ်စာအုပ်ကိုယူလာ၍ လက်မှတ်ရေးထိုးရန် တင်ပြလာသည်။ သူနှင့်အတူ ဦးကြင်ဆွေတို့လည်း ပါလာကြသည်။ သူတို့နှင့်ထိုင်လျက် စကားပြောမည်ပြုစဉ် ဗျောက်အတွဲလိုက်ဖောက်သည့်အသံကတစ်မျိုး၊ ဗုံးခွဲသံ၊ မော်တာသံတို့သည် ပြည်လုံးဆူမျှ အသံပြုလျက် ထွက်လာတော့သည်။

ကျည်ကွယ်၊ မျက်ကွယ်ဖြစ်သော အိမ်အောက်တိုက်ခန်းအတွင်းသို့ ဝင်ကာ ပုန်းနေရတော့သည်။ သေနတ်သံစဲသောအခါ အိမ်တောင်ဘက်ဂူဘုရားသို့ ပြေးဝင်ကာ ပုန်းကြရ၏။ သေနတ်သံမကြားရမီက တောသားလူသုံးဆယ်ခန့်သည် ဓား၊ လှံစွဲပြီး ကျွန်ုပ်အိမ်တောင်ဘက် တောရကျောင်းထဲသို့ ဝင်ရောက်ခဲ့ပြီးနေသည်ကို တွေ့ခဲ့ရသည်။ ထိုလူစုသည် မည်သူတွေနည်းဟု တွေးမိသည်။ သေနတ်ကိုင်ပြည်သူ့ရဲဘော်လေး (၂)ဦးမှာ ကျွန်ုပ်တို့ ပုန်းအောင်းရာ ဘုရားဂူအတွင်း ဝင်လာရန်ပြေးလာသည်။ အတွင်းတွင် ကျွန်ုပ်တို့ရှိကြောင်း မြင်သောအခါ အခြားတစ်နေရာသို့ ထွက်ပြေးကြတော့သည်။ လက်နက်ကိုင်ပုလိပ်အဖွဲ့မှကားတစ်စီးသည် ထိုရဲဘော်(၂)ဦးကို မြင်သဖြင့် ကားရပ်လျက် ဝင်ရောက်ရှာ၏။ မကြာမီ ဓားပြဘုရင် ဗိုလ်မြရင်ဟု နာမည်ကြီးဓားပြကို တောရကျောင်းဝိုင်းအတွင်းမှ ဖမ်းမိတော့သည်။ သူနှင့်အတူ နောက်တော်ပါလေးငါးဦးမိ၏။ သူတို့၏ကြမ္မာကား မင်းဘူးထောင်အနီးတွင် အဆုံးသတ်တော့၏။

မင်းဘူးသည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏အလံတော်အောက်ပြန်ရောက်ပြီ။ မိမိ၏တာဝန်ဝတ္တရားများကို ပုံမှန်ထမ်းဆောင်ရပါမည်။ ငွေတိုက်ကို အချိန်မီ ဖွင့်ပေးရမည်။ နေ့လယ်(၁)နာရီထိုးတွင် ငွေတိုက်ဖွင့်ရန် သွားရသည်။ တုတ်ထောက်ကာဖြင့် ဆေးရုံဘက်မှ ငွေတိုက်ရုံးဘက်သို့ သွားရပါသည်။ ဆေးရုံအသွား ပြည်သူ့ဆက်ဆံရေးဌာနမှဖွင့်သော စာကြည့်တိုက်ရောက်လာသောအခါ လမ်း၏အနောက်ဘက် စိန်ပန်းပင်ကလေးတို့အောက်တွင် ဂါတ်ဗိုလ်ခေါ် ဗိုလ်မျိုးဆွေ၊ တစ်မြို့လုံးကလေးစားသူ ဘာဘူကလေးသား ဗိုလ်သောင်းတင်မှာတော့ ငုတ်တုတ်ထိုင်လျက် သူ့အနားမှာ မောင်ကိုကြီး၊ လမ်းနှင့်စာကြည့်တိုက်ဝိုင်းအကူး တံတားအောက်မှာတော့ ငုတ်တုတ်ထိုင်လျက် မယိုင်မလဲ၊ သေသူကတစ်ဦး၊ အရှေ့မြောက်နားတိုးလိုက်တော့ ကျွန်ုပ်မိတ်ဆွေ မကျီးချောင်းရွာက ဦးသွယ်သား၊ စာဖတ်ရုံအရှေ့မှာတော့ သုံးယောက်၊ မြောင်းထဲတွင် လေးငါးဦး၊ သေပွဲသို့ဝင်ကြရသည်ကို တွေ့ရသည်။ ကျွန်ုပ်တွေ့သမျှတွင်ပင် (၂၃) ဦး၊ ဒဏ်ရာရသူကတော့ ဆေးရုံမှာရှိသေးသည်။

ငွေတိုက်အနီးက ထောင်ကြီးအနောက်နားတွင် ဓားပြဘုရင်ဗိုလ်မြရင်နှင့် (၂) ဦး။ ဩော်-မြရင်၊ မြရင် ဂျပန်တို့ပြေးခါနီးတွင် မှတ်ကြီးနှင့် မြရင်ဆိုလျှင် ဂျပန်တပ်ကပင် သတိထားရသတဲ့။ လေထီးနှင့်ဆင်းသည့်အင်္ဂလိပ်ဗိုလ်နှင့်ပေါင်း၊ ဂျပန်တို့အဖို့ ကောင်းကင်မှလေကြောင်းရန်၊ မြေပြင်မှာ မြရင်နှင့် မှတ်ကြီးတို့ရန်ကို အတော်ခံလိုက်ရသည်။ မဲဇလီ၊ ကနီဆိုလျှင် ဂျပန်တပ်ပင် ရှောင်ရသည်ဟု သိရသည်။ မဟာမိတ်အင်္ဂလိပ်ပြန်ဝင်တော့ လက်မောင်းမှာ ရာနီစပတ်၊ တံဆိပ်က ပင့်ကူနက်နှင့် ဂျစ်ကားပေါ် သျှောင်ကြီးဗွေနှင့် စတိုင်ထွားလိုက်သေးသည်။ ယခုတော့ သခင်ကြီး၊တပည့်ကြီးလည်း တောမီးလောင် တောကြောင် လက်ခမောင်းခတ်စီမံကိန်းမှာ ကိုင်းဖြတ်ထောင်မိသည့်ပမာ သေရှာပြီ။ စက္ကူတဲတောင်ဘက်မှ ရိုင်ဖယ်သံ၊ စက်သေနတ်သံတို့ ကြားရသေးသည်။

ဗိုလ်မောင်မောင်နှင့်မင်းစေမောင်ဘသောင်းတို့သည် ဂျစ်ကားဖြင့်ထွက်ပြေးရာ လက်နက်ကိုင်ပုလိပ်တပ်၏ နောက်နားတွင် အဖမ်းခံရသည်။ ဗိုလ်မျိုးအောင်နှင့် ဗိုလ်ဆန်နီတို့လည်း မင်းဘူးရွှေနတ်တောင်အနီး M.O.C တွင် အဖမ်းခံကြရသည်။

မင်းဘူးမှ ဘာဘူလေးသား ဗိုလ်မောင်မောင်သည် ဗိုလ်ပွင့်လှိုင်၊ ဗိုလ်အုံးကြည်၊ ဗိုလ်အောင်ကျော်တို့နှင့်အတူ စလင်းမြို့ကို သွားကြသည်မှာ မင်းဘူးတွင် တိုက်ပွဲမဖြစ်မီကပင် ဖြစ်သည်။ စလင်းမြို့တွင် ပြည်သူ့ရဲဘော်တို့အုပ်ချုပ်ရေးစီမံချုပ်ရေးစီမံချက်စသည်။ ထို့နောက် လင်းဇင်းဆည်ကိုသွားကြသည်။ ထိုမှတစ်ဆင့် ဆင်ဖြူကျွန်းသို့ရောက်ရာ မင်းဘူးမြို့တွင် ပြည်သူ့ရဲဘော်များလက်မှ အစိုးရလက်နက်ကိုင်ပုလိပ်အဖွဲ့သည် လိုက်၍ ဖမ်းသည်ကာလ ဗိုလ်မောင်မောင်နှင့်အတူ စလင်းမှ တစ်ဦး၊ ဆင်ဖြူကျွန်းမှ (၃) ဦးကို အသေဖမ်းမိရမိသည်။

စကု၊ ပွင့်ဖြူမြို့နယ်ရှိ လယ်တိုင်းဌာန၊ ပွင့်ဖြူဌာနရှိ ပုလိပ်များလည်း မင်းဘူးမြို့တွင် ရဲဘော်တို့ကို အာဏာလွှဲပေး... သည့်အချိန်၌ သူတို့လည်း ရဲဘော်များ... ကို လက်နက်များအပ်သင့်သည်၊ မအပ်... သင့်သည်ကို ဒွိဟဖြစ်လျက်နေစဉ် ကွန်မြူ... နစ်မောင်ကျော်သိန်းသည် ပွင့်ဖြူဌာန... ကို ဝင်စီးသည်။ ပွင့်ဖြူပုလိပ်ဌာနမှ... ပြန်လည်ခုခံရာ ကွန်မြူနစ်များထဲမှ(၄)ဦး... မျှ ကျဆုံးသွားသည်။

နာမည်ကြီး ညောင်ပင်ဆိပ် ဗိုလ်... ဘခင်၊ ၎င်း၏ညီ၊ သမက်နှင့်တစ်ဦး... အဖွဲ့သည် ရွာအနီးရှိရွာများကို ဆက်... ကြေးတောင်းရာ လက်နက်ကိုင်ပုလိပ်... နှင့် တိုက်ပွဲဖြစ်၍ တစ်ဦးအသေဖမ်း... ကျန် (၄) ဦးကို မင်းဘူးခေါ်လာ... လင်ကွာရွာအနီး ရောက်လာသောအ... လက်နက်လုထွက်ပြေးရန် ကြိုးစား... သေနတ်ဒဏ်ရာဖြင့် အားလုံးသေဆုံး... သည်။

၁၃၁၀ ပြည့်၊ ဝါခေါင်လဆန်း (... ရက်နေ့တွင် သရက်မြို့မှ တောခိုသော... သေနတ်ကိုင်တစ်ရင်း (၁) မှ တပ်... ပြည်သူ့ရဲဘော်တစ်သင်းတို့သည် ... မြို့ကို ဝင်တိုက်ရန် ကံကြီးပေါက်မှတ... မြို့လည်ဘုရားမှတစ်စု တပ်စွဲလျက်... သည်ဟု သိရ၏။ စကုရဲအမှုထမ်း... လည်း ဌာနာနှင့်အနီးရှိ ပုညရုံသီဘု... ရင်ပြင်ကုန်းတော်ပေါ်မှနေ၍ခုခံကြ... ၏။ ယှဉ်ပြိုင်ပစ်ခတ်ကြရာတွင် စကု... ဈေးအနီး ဦးလုံးတိုက်နောက်ဘ... တက်လာသော ရဲဘော်၏ခြေထောက်... ကို ထိမှန်၍ ကျဆုံးသွားသည်ဟု ဆို... အချို့က စာပို့ရန်လာသော တ... ဘော်ကို ပစ်ခြင်းဖြစ်သည်ဟု ဆိုသ... လိုရာဆွဲပြောသည်လည်း ဖြစ်နိုင်... ရဲဘော်ဘက်မှ တစ်ဦးကျသည်ဆို... လက်ခံနိုင်ဖွယ်ရာရှိသည်ဟု ယူဆ... ဖြစ်၏။

စကုမြို့အရှေ့တွင် ဆန်စက်... ရှိ၏။ ဆန်စက်များနှင့် မနီးမဝေး... ထူပါရုံစေတီတော်တွင် တောခိုတပ်... တပ်စွဲထား၏။ စလင်းမှကား ပွင့်ဖြူ... တို့သည် တယ်မှတားထား၍ ရပ်... ၏။ပွင့်ဖြူကားပေါ်တွင် ပွင့်ဖြူဌာန... ပွင့်ဖြူမြို့အုပ်နှင့် စကုမြို့ပိုင်တို့... ကြသည်။ တောခိုတပ်မှ သူတို့၏... နက်များကို သိမ်းလိုက်ပြီးသွားလို... ခွင့်ပြုလိုက်သည်။

နောက်တစ်နေ့တွင် စကုမှ... ထမ်းများနှင့် မြို့အုပ်တို့သည် ငွေ... ငွေများကို ယူဆောင်၍ မင်းဘူး... ခွာလာသည်။ ထိုသတင်းနှင့်အတူ...



www.burmeseclassic.com

www.burmeseclassic.com

...လယ်ကိုင်းရှိ ရဲအမှုထမ်းများနှင့် မြို့...တို့လည်း ရွာခိုင်၊ ကုန်းဇောင်း၊ သံ...င်းဘက်မှတစ်ဆင့် ရေနံချောင်းသို့ ထွက်ခွာသွားသည်။ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူမြို့များတွင် အုပ်ချုပ်ရေးမရှိပြီ။ ...၍ ရဲဘော်ဖြူကလည်းမဝင်ပြီ။ ငွေတိုက်မှာ ငွေမရှိသဖြင့် မတိုက်တာလည်း ဖြစ်နိုင်သည်။

ဝါခေါင်လဆုတ် ၁၁ ရက်အထိ (၃၁-၈-၄၈) ရဲဘော်တို့သည် အမြောက်...ပေး၍နေသေး၏။ မင်းဘူးမှ အရာရှိကြီးများ၏ဇနီး၊ သားသမီးတို့ မြစ်အရှေ့ဘက်ကူးပြောင်းနေကြသည်။

၁၃၁၀ ပြည့်၊ ဝါခေါင်လဆုတ် ၁၂ ရက်တွင် ရေနံချောင်းမှ တိုင်းမင်းကြီး ...အောင်ကျော်၊ ဖဆပလပါလီမန်အမတ်၊ ...ရုံးချုပ်ရှေ့နေ ဦးသောင်းခင်၊ ...ညိမ်းမောင်နှင့် ရေနံချောင်း ဒုတိယအရေးပိုင်တို့ မင်းဘူးလာသည်။ ကျွန်ုပ်၊ လယ်ဝန်၊ နယ်ပိုင်၊ ဝန်ထောက်တို့သည် အရေးပိုင်အိမ်သို့ သူတို့နှင့်တွေ့ရန်မှာ၍ ...ရသည်။ စစ်ဘက်ရေးရာများဆွေး...မည်ဖြစ်သဖြင့် လယ်ဝန်နှင့် မိမိကို ...အပ်သဖြင့် ပြန်ရန်ခွင့်ပြု၍ပြန်လာ...ရသည်။ ထိုအစည်းအဝေးမှ ရေနံချောင်း ဒုတိယအရေးပိုင်ကို သရက် အရေးပိုင်အဖြစ် ပြောင်းရွှေ့ခန့်ထားသည်။

တောခိုသော သေနတ်ကိုင်တပ်...း (၁) သည် ကိုင်းတောကြီးရွာ၊ ဆင်...င်းရွာ၊ မောင်းမကန်၊ မင်းဘူးအရှေ့... ဖလံရုံရွာတို့တွင် တပ်စွဲနေပြီဟု ...ကြားရသည်။ ထောက်ရှာပင်ရှိ ဘီအို...ကုမ္ပဏီပိုင်မော်တော်နှင့် ကား (၂) ...ယူသွားပြီဟု သိရသည်။ မင်းဘူး ...ဘမည်ဟု သတင်းပြန့်နေသည်။ ...လန့်နေသော မြို့သူမြို့သားများ ...ရှိသည်။ ပြည်သူ့ရဲဘော်လိုလား...မြို့ဖြစ်၍ ကြိုဆိုသူများလည်းရှိသည်။

လက်နက်ကိုင်ရဲ(Armed Police) ... အငြိမ်းစား ဒုတိယအရေးပိုင် ဦးဇံ...ဂျစ်ကားကိုသိမ်းသည်။ မစ္စတာ...ဆင်၏ဂျစ်ကားလည်းသိမ်းသည်။ ...ပိုင်ဦးမြင့်ကားလည်း သိမ်းသည်။ ...နှင့် နယ်ပိုင်ဝန်ထောက်ကလေး ...လည်း ကာနယ်ကြီးသဏ္ဌာန် လက်နက်ကိုင်များအကြား တွေ့ရသည်။ သူ...ယူထားသည့်ငွေတိုက်ကို ကျွန်ုပ်...ထောက်ကြီးနှင့် အခွန်ဝန်က ပူး...ိုင်ရသည်။

တိုင်းမင်းကြီးနှင့် အရေးပိုင်တို့ ဆွေးနွေးပြီးသောအခါ ၁၃၁၀ ပြည့်၊ တော်သလင်းလဆန်း ၁ ရက်နေ့တွင် မင်းဘူးခရိုင်တွင် အထူးပုလိပ်၊ သောင်းကျန်းသူနှိပ်ကွပ်ရေးအတွက်ဖွဲ့လေသည်။ ကွပ်ကဲရေးအတွက်။

မင်းဘူးခရိုင်ဝန်၊ ဗတလစ အမှုဆောင်အဖွဲ့မှ သခင်ဘိုးဘ၊ ဆိုရှယ်လစ်ပါတီဝင်ကိုယ်စားလှယ်တစ်ဦး၊ သခင်အောင်သိမ်း၊ ဖဆပလအဖွဲ့ဝင်ကိုယ်စားလှယ်တစ်ဦး၊ တရားမဝန်ထောက်ဖြစ်သူ သခင်ချစ်၊ တပ်ဖွဲ့အုပ်ချုပ်သူမှာ သခင်ချစ်အိမ်တွင်နေသူ ဗိုလ်မင်းထွင်ဆိုသူ ပင်တည်း။

တောခိုသော သေနတ်ကိုင်တပ်ရင်း (၁) သည် ငဘဲမြို့တက်သော ကားများကို သိမ်းသည်ဟု ကြားရ၏။

အထူးပုလိပ်အတွက်ရန်ပုံငွေကျပ် (၃၀၀၀၀) အစိုးရက ပေးသည်။ အုပ်ချုပ်သူ ဗိုလ်မင်းထွင်လစာမှာ (၁၁၀) ဖြစ်၏။ ငယ်သားတို့လစာမှာ (၇၅) ဖြစ်၏။ လခသည် ရွှေ (၁) ကျပ်သားခန့်ရသည်။ သူတို့သည် သောင်းကျန်းမှုနိုင်မည်၊ မနိုင်မည်ကို မခန့်မှန်းနိုင်သော်လည်း ဗတလစ၏တပ်ဖြစ်သည်ကို ပြည်သူအများကသိကြလေသည်။

လူတစ်ဦးလျှင် (၇၅) ဖြစ်၍ လူတစ်ထောင်အတွက် ကျပ် (၇၅၀၀၀) ဖြစ်၏။ ဘတ်ဂျက်ချငွေနှင့် ကုန်ကျငွေ မကိုက်ပြီ။ လိုငွေကို မည်သို့ရှာမည်နည်း။ စစ်ဝန်ထမ်းတပ်ဟုခေါ်သည်။ အင်္ဂလိပ်လိုတော့Levies ခေါ်၏။ အရပ်ကတော့ လဲဗီးလို့ သူတို့သဘောကျခေါ်ကြ၏။

၁၃၁၀ ပြည့်၊ တော်သလင်းလဆန်း ၉ ရက်နေ့တွင် ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်ပွင့်လှိုင်၊ ဗိုလ်အောင်ကျော်၊ ရဲဘော်အုန်းကြည်၊ ရဲဘော်မြသန်းတို့ မကွေးမြို့ထောင်ထဲတွင် ရောက်ရှိနေကြောင်းသိရသည်။

မင်းဘူး၌ တောင့်ကျက်ကြီးတစ်ကောင် အရေးပိုင်ရုံးတွင် တော်သလင်းလဆန်း ၁၃ ရက် (၁၀) နာရီတွင်နားသည်။ သင်တိုင်းဝတ်ခေါ် လည်ဖြူ၊ ခြေတို၊ နှုတ်သီးတို၊ ငှက်အနက်ကြီး ဖြစ်သည်။ တော်သလင်းလဆန်း ၁၄ ရက်တွင် ရာဇဝတ်ဝန်ရုံးခေါင်မိုးတွင် ပျားစွဲသည်။

၁၃၁၀ပြည့်၊တော်သလင်းလဆုတ် (၃) ရက်နေ့တွင် လူ့အဖိုးတန် ဗိုလ်ချုပ်အောင်ဆန်းနှင့် အင်္ဂလန်သွား၍ လွတ်လပ်ရေးအရေးဆိုစဉ်က အကြံပေးအဖွဲ့ဝင် ပင်ခံ ဘဏ္ဍာတော်မင်းကြီး ဦးတင်ထွဋ် ပုံးခွဲလုပ်ကြံခံရသည်။ ဒဏ်ရာရရှိပြီး နောက်တစ်နေ့ ဆေးရုံ၌ကွယ်လွန်သည်။

၁၃၁၀ပြည့်၊တော်သလင်းလဆန်း ၃ ရက်၊ (၄) ရက်တို့တွင် ဖလံရုံ၊ ဆင်ဂေါင်းတို့ကို အစိုးရလက်နက်ကိုင်တပ်များမှ ချီတက်သိမ်းသည်။ ရာဇဝတ်ဝန်ကလေး ဦးဘသွင်၊ တိုက်ပိုင်ဦးထွန်းအောင်တို့ ဦးစီးတိုက်သည်။ သတင်းပေးသူမရှိ၍ မထိရောက်။ မင်းဘူး စကု ဆန်စက်များလည်း ဆန်ရောင်းရမည်ဟု သိရသည်။

စစ်ဝန်ထမ်းတပ်သားတို့လည်း မင်းဘူးမြို့ပေါ်တွင် စစ်ရေးလေ့ကျင့်ကြသည်။ သေနတ်နှင့်လည်း လေ့ကျင့်သည်။ စစ်ရေးပြသည်။

မင်းလှအနီးတွင် တိုက်ပွဲဖြစ်သည်ဟု ကြားသည်။ ပဒါန်းမှာလည်း တိုက်ပွဲဖြစ်သည်ဟု သိရသည်။ ၂၅-၉-၄၈ နေ့တွင် အရေးပိုင် ငဘဲဘက်သို့ ခရီးထွက်သည်ဟု သိရ၏။ ယမန်နေ့က လာနားသောငှက်ကြီးမှာ ပြန်လည်ရောက်ရှိလာပြန်ရာ ၎င်းကိုစစ်ဝန်ထမ်းတပ်မှပစ်သတ်လိုက်သည်။

အစိုးရတပ်များ ဖလံရုံနှင့် ဆင်ဂေါင်းသို့ စစ်ဆင်ရေးမစမီ သောင်းကျန်းသူများသည် ဖလံရုံ၊ ဆင်ဂေါင်းရွာတို့မှ ခွာ၍ ဆင်လန်းကြီး၊ မကျီ၊ သုံးပင်သို့ ထွက်ခွာသွားကြပြီ ဖြစ်၏။ သူတို့သည် သတင်းကြိုရထားဟန်တူသည်။ စစ်ဆင်ရေးပြုသည့်အတွက် သောင်းကျန်းသူတို့ ဖမ်းထားသော ကားသမားများ၊ အချုပ်ခံနေရသော မြေတိုင်းစာရေးကလေးမှာ လွတ်မြောက်လာခြင်း ဖြစ်၏။

မြို့ကား ကျီးလန့်စာစားပမာရှိချေသည်။ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ရှောက်တော၊ ကုန်းဇောင်းရှိဆန်စက်များမှ ဆန်တို့ကို ဆန်တစ်အိတ်လျှင် (၃၃) နှုန်းဖြင့် သိမ်း၊ ကျေးရွာများတွင် ဖြန့်ဝေရန် အချိုးကျရောင်းကြရသည်။ ပိုလျှံသောဆန်များကို ပြင်ပမြို့နယ်ခြားသို့ မရောင်းရန်တားသည်။

သီတင်းကျွတ်လဆန်း ၃ ရက်နေ့အထိ မင်းဘူးတွင် မိုးသည်းထန်စွာရွာသည်။ မြစ်ရေကြီးသည်။ မန်းချောင်းတို့လည်း ရေလျှံသည်။ ကိုင်းလုပ်သူများ ပျက်စီးဆုံးရှုံးသည်။ ကျွန်ုပ်၏ညီ ဦးသာဒွန်းအောင်သည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် သူ၏အဖွဲ့နှင့် ရန်ကုန်မှ လေယာဉ်ဖြင့် ပြန်ရောက်သည်။ သူသည် စလင်းမြို့မှ ဖဆပလခေါင်းဆောင်ဖြစ်သည်။ သူနှင့် ဗတလစအဖွဲ့နှင့် အဆင်မပြေဟု သိရသည်။ ၁၉၄၈ ခု၊ အောက်တိုဘာလ ၂၀ ရက်



www.burmeseclassic.com

www.burmeseclassic.com



# သွေးတိုးအတွက် ဆေးနည်းမခက်

### ၁။ သွေးတိုးရောဂါအတွက်ဆေးနည်း

သွေးတိုးရောဂါကြောင့် မူးဝေခြင်း၊ မအီမလည်ဖြစ်ခြင်း၊ ချွေးထွက်လွန်ခြင်းတို့ကို သက်သာ ပျောက်ကင်းစေသော မြန်မာတိုင်းရင်းဆေးတစ်နည်းမှာ သံပရာသီးတစ်ခြမ်းကို လက်ဖက်ရည်အကြမ်းပန်းကန်ထဲသို့ အရည်ညှစ်ထည့်ပြီး ရေနွေးဖြူ သို့မဟုတ် ထန်းလျက်ရည်ကြွေဇွန်းကြီး လေးဇွန်းတို့ကိုရောပြီး တစ်နေ့လျှင် သုံးကြိမ်သောက်ပေးဖြင့် သွေးတိုးရောဂါ သက်သာ ပျောက်ကင်းပါသည်။

### ၂။ သွေးတိုးရောဂါအတွက်ဆေးနည်း

ဆင်ငိုမြက်ကို ပဥ္စငါးပါးနုတ်ပြီး ရေစင်အောင်ဆေးကြောပါ။ ပြီးလျှင် ရေသန့်သန့်ဖြင့်ကျိုပြီး ညအိပ်ရာဝင်တိုင်း သောက်သုံးပေးပါက သွေးတိုးရောဂါ ပျောက်ကင်းပါသည်။

### ၃။ သွေးကျစေရန် လွယ်ကူသော ဆေးနည်းတစ်လက်

လူတို့သည် ဒန့်သလွန်ရွက်ကို ဟင်းချိုအဖြစ် လုပ်သောက်သလို ပြုတ်၍သောက်ခြင်း၊ အစိမ်းညှစ်၍သောက်ခြင်း စသဖြင့် သွေးတိုးရောဂါသက်သာပျောက်ကင်းသလို အလွယ်ဆုံးနည်းမှာ ဒန့်သလွန်စေ့အခြောက်ကို နှစ်စေ့မှ သုံးစေ့အထိ ဝါးစားခြင်းဖြင့်လည်း သွေးတိုးရောဂါသက်သာပျောက်ကင်းစေပါသည်။

### ၄။ သွေးတိုးအတွက်ဆင်တုံးမနွယ်

မည်သည့်ဆင်တုံးမနွယ်မဆို ရေစိမ်၍သောက်သုံးနိုင်သလို သုံးခွက်တစ်ခွက်တင်ကျို၍လည်း သောက်ပေးခြင်းဖြင့် သွေးတိုးရောဂါ သက်သာပျောက်ကင်းစေပါသည်။

### ၅။ သွေးတိုးနှင့်အကြောတစ်ထောင်ရွက်

သွေးတိုးရောဂါရှိသောသူများသည် အစားအသောက်ကို များသောအားဖြင့် ဆင်ခြင်ကြရပါသည်။ အချိုအဆိမ့်၊ အဆီအစပ်နှင့် အငန်များကိုရှောင်သည့်ကြားက သွေးတိုးရောဂါဖြစ်ခဲ့ပါလျှင် အကြောတစ်ထောင်ရွက်ကို ပဥ္စငါးပါးနုတ်ပြီးသုံးခွက်တစ်ခွက်တင်ကျိုသောက်ပါ။ ဟင်းလျာအဖြစ် ၎င်းအကြောတစ်ထောင်အရွက်ကို ငါးခူဖြင့်ဟင်းချိုချက်သောက်ပေးခြင်းဖြင့်လည်း သွေးတိုးရောဂါပျောက်ကင်းပါသည်။

### ၆။ သွေးတိုးအတွက် အဝေရာညွန့်ခေါ် ဘောစကိုင်းရွက်

အဝေရာရွက်ကို အချို့တို့က ဘောစကိုင်းရွက်ဟုခေါ်ကြသလို အဆိပ်ဖြေရွက်ဟုလည်း ခေါ်ကြပါသည်။ ၎င်းအမည်သုံးမျိုးဖြင့် ဟင်းရွက်တစ်မျိုးကို သုံးခွက်တစ်ခွက် တင်ပြုတ်ပြီးသောက်လျှင် သွေးတိုးရောဂါ ပျောက်ကင်းပါသည်။ ငါးပိရည်နှင့်လည်း အတို့အမြုပ်အဖြစ် စားသုံးနိုင်ပါသည်။

### ၇။ သွေးတိုးနှင့်ဆေးရိုး

ရှေးဆရာတို့က သွေးတိုးနှင့် ဆေးရိုးဟု အလွယ်ခေါ်ကြ၏။ ဆေးရိုးပင်ခေါ် အုန်းနွဲပင်မှ လတ်လတ်ဆတ်ဆတ် အရွက် (၇) ရွက်ကို ရေစင်အောင်ဆေးပြီး အထက်အောက်လှန်ပြီး ထပ်၍... စားခြင်းဖြင့်လည်း သွေးတိုးရောဂါ ပျောက်ကင်းပါသည်။

### ၈။ ကြက်သွန်နီဥနှင့်သွေးတိုးရောဂါ

သွေးတိုးရောဂါသက်သာပျောက်ကင်းစေသောဆေးတစ်နည်းမှာ ကြက်သွန်နီဥကြီးတစ်လုံးကို ဒခွံသင်ပြီး ထက်ဘက်နှင့်ဖင်ဘက်ကိုဓားဖြင့်ဖြတ်ပါ။ ပြီးလျှင် အဖုံးပါသော ကြွေခွက်ထဲသို့ထည့်ပြီး ရေနွေးပွက်ပွက်ဆူသောရေကို ... တင့်ရုံထည့်ပေးပြီး အဖုံးကိုလုံစွာအုပ်ထားပါ။ ငါးမိနစ်ခန့်ကြာလျှင် ၎င်းရေ... သောက်ပါ။ သွေးတိုးရောဂါသိသာ... ရှားစွာ ပျောက်ကင်းပါမည်။

### ၉။ သွေးတိုးနှင့်စူလာနဖာ

မိုးရာသီတွင် ပေါက်လေ့ရှိသော စူလာနဖာပင်များသည် သွေးတိုးရော... အတွက် အလွန်အသုံးဝင်သော ဆေး... ဖက်ဝင်အပင်များ ဖြစ်ပါသည်။ အချို့... ပဥ္စငါးပါးနုတ်ပြီး ရေစင်အောင်ဆေး... အခြောက်လှန်းပြီး အမှုန့်ပြုလုပ်... ရေနွေးကြမ်းတွင်ထည့်ပြီးသောက်ကြ... သည်။ ဆီးအတွက်ကောင်းသလို သွေး... တိုးလည်းကျပါသည်။ ပဥ္စငါးပါးကို သုံး... ခွက်တစ်ခွက်တင်ကျိုပြီးသောက်လျှင်... လည်း သွေးတိုးရောဂါ ပျောက်ကင်း... သည်။ အာရောဂျပရမံလာ...

ဒေါ်မြကျော်...

---

တွင် သမီးနှင့် မြေးများ ရန်ကုန်သို့ လေယာဉ်ဖြင့်ပြောင်းသွားကြသည်။ သူ့ခင်ပွန်းမှာ ရန်ကုန်တွင်အတွင်းဝန်အဖြစ် အမှုထမ်းရသည်။

မသမာသူတို့သည် ကျွန်ုပ်နှင့် စလင်းနယ်ပိုင် ဦးဘသင်အား၊ မင်းဘူးခရိုင်မှ ဝေးရာသို့ပြောင်းရွှေ့ရန် စီစဉ်နေသည်ဟု သိရသည်။

သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့ည (၉) နာရီအချိန်တွင် အထူးမင်းကြီး (Special Commissioner) တစ်ဦးမှ တွေ့လို၍ ရာဇဝတ်ဝန်ကြီးအိမ်သို့ကြွပါဟု တယ်လီဖုန်းဖြင့်ခေါ်သည်။ သူတို့လွှတ်လိုက်သောကားဖြင့် လိုက်ပါသွားရသည်။ အထူးမင်းကြီးမှာ ၁၉၂၉-၁၉၃၀ ခုနှစ်များက ကျွန်ုပ် သပိတ်ကျင်းမြို့အုပ်လုပ်စဉ်က နယ်ပိုင်ဝန်ထောက်ဖြစ်သူ ဦးဘစိန်ဖြစ်နေ၏။

ကျွန်ုပ်ကိုအခြားအရာရှိများနှင့်ကွာလှမ်းရာခေါ်၍ မင်းဘူးတွင် မနေရ၊ ရပ်ဝေးပြောင်းရမည်ဟု ပြော၏။ ကျွန်ုပ်၏ဆရာသည် ဤမျှသာပြောသည်။ စိတ်ပျက်စွာနှင့် ပြန်လာခဲ့ရသည်။ နောက်တစ်နေ့ မင်းကြီးသည် ကျွန်ုပ်အိမ်သို့မိတ်ကောင်းဆွေကောင်းပီသစွာလာလည်ပါသည်။ သူ့အား မင်းဘူးမှမပြောင်းလိုပါ။ ခွင့်နှင့်နေလိုပါသည်ဟုပြောရာ ခွင့်ပေးမည် လျှောက်လွှာတင်ဟု ဆို၏။

ကျွန်ုပ်တို့အပေါ် တိုင်ကြားခြင်းမှာ ကိုလိုနီခေတ်မြို့အုပ်များဖြစ်ခဲ့ခြင်း၊ စလင်းတွင် စလင်းတွင် လယ်ယာများပိုင်ဆိုင်ဖြစ်ခြင်းတို့သည်အဓိက ဖြစ်လေသည်။

၁၉၄၈ ခု၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြည်မှ ငွေတိုက်ဝန်ထောက် ဦးချစ်ခင်အား သရက်ရှိ ငွေတိုက်ဝန်ထောက် ဦးစိန်မှန်နေရာသို့၊ သရက်... ဦးစိန်မှန်အား စလင်းနယ်ပိုင်ဝန်ထောက် ဦးဘသင်နေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်၊ ခွင့်နှင့်နေသူ ဦးစိ... အား ကျွန်ုပ်နေရာတွင် အလုပ်ဝင်... ကြေးနန်းအမိန့်ရသည်။ ကျွန်ုပ်... ဦးဘသင်မှာ ခွင့်သွားရန် ဖြစ်၏။

အနောက်တံခါးမှူးမောင်...

၁ - Turmoils.

၂ - မကွေးတိုင်းမင်းကြီးရုံးမှာ ဆေး... ချောင်းမြို့တွင်ထိုစဉ်ကရှိပါသည်...

၃ - နောင်တွင် ဦးဘသန်း... ၁၉၆၄ တွင် ရေနံဝန်အဖြစ်... အငြိမ်းစားယူသည်။

၄ - H.Q.A Police

၅ - C.I.P

၆ - Chief Clerk





www.burmeseclassic.com

အောင်ခြိမ့်မိုး

# မျက်စိသူငယ်အိမ်အတွင်း ပဆုပ်ပနီအတုပ်ခံရလျှင်

ယခုနှစ် ၁၃၇၅ ခုနှစ် သကြံန်အညာသို့ပြန်ဖြစ်သည်။

ရွှေစင်စကြာခေတ်မီမှန်လုံကားကြီးသည် မုံရွာမြို့သို့ နံနက် (၄) နာရီတွင် ဆိုက်ရောက်သည်။

ကားပေါ်မှဆင်းသည်နှင့် တူ (၂) ယောက်တို့လာကြိုသည့် ဂျာလင်းစူပါကပ်(၂)စီးကအသင့်။အလုံတံတားမှဖြတ်၍ ချင်းတွင်းမြစ်ကိုကူးကာ ရွာကိုခရီးနှင်ခဲ့ကြသည်။

ရွာ (ယင်းမာပင်မြို့နယ်အထက်နေန်းရွာ) မှာ (၂)ရက်ခန့်လည်ပတ်နားနေပြီး အမေ့ရွာဖြစ်သည်။ ပဲခင်းမရွာသို့လျှောက်ခဲ့သည်။

နှမဖြစ်သူ မကံရှိအိမ်တွင် ရေနွေးသောက်ရင်း စပ်မိစပ်ရာပြောဆိုကြသည်။ ထိုစဉ်အခိုက် ညာမျက်လုံးအားပတ်တီးအုပ်ကာ ပလတ်စတာများကပ်ထားသည့် အသက်(၂၀)ခန့်လူငယ်တစ်ယောက်အိမ်ထဲဝင်လာသည်။

စာရေးသူမှမေးလိုက်သည်။

"ဒီကလေးမျက်လုံးကဘာများဖြစ်တာလဲ"

"မောင်ကြီးရေ မျက်စိသူငယ်အိမ်ထဲ ပဆုပ်ပနီ (ပျားကောင်နှင့်ဆင်ဆင်တူသည်) အတုပ်ခံရတာပါ။ ကုတာတော့စုံနေပြီ။ ဆေးရုံ၊ ဆေးခန်းလည်းရောက်တယ်။ မျက်စိအထူးကုနဲ့လည်းကုတယ်။ တိုင်းရင်းဆေးလည်းစုံနေပြီ။ အခု အထူးကုဆီက ပြန်ခဲ့တာ (၃) ရက်ရှိပြီ၊ မျက်စိကလုံးဝကွယ်သွားပြီ"

နှမဖြစ်သူ မကံရှိ စကားအဆုံး၌ စာရေးသူ တော်တော်စိတ်ထိခိုက်သွားသည်။

"ဖြစ်မှဖြစ်ရလေခြင်းကွာ၊ နည်းသိရင်အလွယ်လေးရယ်၊ ငွေလည်းတစ်ပြားမှမကုန်ဘူး။ မောင်ကြီးရဲ့တပည့်လေးတစ်ယောက် ပြီးခဲ့တဲ့လကမှ ဒီကောင်လိုဖြစ်တာ နည်းသိတော့ဘာမှမဖြစ်ဘူး။ လွယ်လွယ်ကလေးနဲ့ ပျောက်သွားတာ"

ဟု ညည်းညည်းညူညူပြောမိပါသည်။

❑

စာရေးသူသည် နေပြည်တော်ရှိမြို့တော်ဂေါက်ကွင်းတွင် အလုပ်သမားများအား ကြီးကြပ်ရသည့် တာဝန်ကိုထမ်းဆောင်ရပါသည်။

တစ်နေ့သ၌ အထွေထွေအလုပ်သမား (၂၀) ယောက်ခန့်ဖြင့် ဒုတိယ (၉) ကျင်း၊ ကျင်းအမှတ် (၁၃) ၏ ဘယ်ဘက် ငှက်ပျောတောအား တောရှင်းလျက်ရှိပါသည်။ နံနက်ရှစ်နာရီခွဲခန့်တွင် ငှက်ပျောတောအတွင်း တောခုတ်နေသည့်အလုပ်သမားများထဲမှ ထိတ်လန့်စွာ အော်ဟစ်၍ စာရေးသူရှိရာပြေးလာသည်။

"အောင်မယ်လေးဗျ၊ ကယ်ကြပါဦးဗျ၊ ကျွန်တော့်မျက်စိသူငယ်အိမ်အလယ်တည့်တည့်ကိုမှ ပဆုပ်ပနီဝင်တုပ်သွားတာဗျ၊ လုပ်ကြပါဦးဗျ"

ဆန်းလင်းမှာ ဆွေ့ဆွေ့ခုန်နေသည်။ ကျန်အလုပ်သမားများလည်းဘာလုပ်၍ဘာကိုင်ရမှန်းမသိဖြစ်နေကြသည်။ စာရေးသူအနေနှင့် ရုံးသို့ ဖုန်းဆက်ပြီး ကားတောင်း၍ ဆေးရုံပို့ရန်စဉ်းစားမိသည်။

ထိုအခိုက် -

ဒုတိယ (၉) ကျင်း တာဝန်ခံ ဗိုလ်ကြီးအောင်သန်းဝင်း(ငြိမ်း)ဆိုင်ကယ်ဖြင့် ရောက်လာသည်။

"ဆရာကြီး၊ ဆန်းလင်းမျက်စိထဲ ပဆုပ်ပနီဝင်တုပ်တာမဟုတ်လား။ ဘာမှမဖြစ်ပါဘူး၊ အေးဆေးပါ။ သွား-အလုပ်သမားတစ်ယောက် (၁၃) တီခုံရှေ့က မြောင်းထဲမှာကန်စွန်းရွက်ရှိတယ်။ လေး၊ ငါးညွှန့်သွားခူးစမ်း၊ ရေစင်စင်ဆေးခဲ့"

ဟု ခိုင်းလိုက်သည်။

အလုပ်သမား မျိုးဇော်ဝင်း ပြေးသွားသည်။ ချက်ချင်းပြန်ရောက်လာသည်။ ကန်စွန်းရွက် (ချက်စား၊ ကြော်စားသည့်ကန်စွန်းရွက်) လက်တစ်ဆုပ်ခန့် ပါလာသည်။ ဗိုလ်ကြီးအောင်သန်းဝင်း (ငြိမ်း) မှ ကန်စွန်းရွက်သုံးညွှန့်ခန့်ယူလိုက်ပြီး လက်ရော ကန်စွန်းရွက်ရောရေဖြင့် စင်စင်ထပ်ဆေးသည်။ ရေများစင်ကြယ်စွာ သုတ်သင်ပြီး ကန်စွန်းညွှန့်များအား ၎င်း၏လက်ဖြင့် အရည်(သတ္တုရည်) ညှစ်၍ရသည်အထိပွတ်ခြေသည်။

"ကဲကဲ - ဝိုင်းချုပ်ကြစမ်း၊ ဆန်းလင်း အော်မနေနဲ့၊ ခဏနဲ့ပျောက်ကင်းသွားမှာ၊ ဘာမှမဖြစ်ဘူး။ နည်းနည်းစပ်မယ်။ ယောကျ်ားပဲ၊ နည်းနည်းတော့အောင့်ထားဦးကွ"

ပြောပြောဆိုဆို ဆန်းလင်း၏ ပဆုပ်ပနီအတုပ်ခံရသည့် မျက်စိအားဖြဲ၍ ကန်စွန်းရွက်အရည်များညှစ်ထည့်လေသည်။ သုံး၊ လေးစက် မျက်စိထဲဝင်သွားလျှင် ရပ်တန့်လိုက်သည်။

"အောင်မယ်လေး - စပ်လိုက်တာဗျ၊ ကယ်ကြပါဦး ဗိုလ်ကြီးတို့ရေ"

ဆန်းလင်းမှာ စပ်လွန်း၍ ထင်၏။ ထွန့်ထွန့်လူးနေသည်။ ရှုန်းလည်းရှုန်း၊ အော်လည်းအော်သည်။

ဗိုလ်ကြီးအောင်သန်းဝင်း (ငြိမ်း) မှ -

"ဟဲ့ကောင် ယောကျ်ားမဟုတ်တာကျလို့ အောင့်ထား၊ ခဏနေပျောက်သွားမှာ။ ချုပ်ထားတဲ့ကောင်တွေမလွတ်စေနဲ့၊ ကဲ - ဆရာကြီး ကောင်းသွားမှာ၊ ဘာမှမဖြစ်ဘူး မပူနဲ့။ ကျွန်တော်သွားမယ်"

ဟု ပြောပြောဆိုဆို ဆိုင်ကယ်စီးထွက်သွားလေသည်။

စာရေးသူမှ -

"ကဲ - ဆန်းလင်း ခဏနေရင်အိမ်ပြန်နား၊ ဒီနေ့အလုပ်မဆင်းနဲ့တော့။ နေ့စားခအပြည့်ပေးမယ်။ မျိုးဇော်ဝင်းက ဆန်းလင်းကိုအိမ်လိုက်ပို့လိုက်၊ ကျန်တဲ့လူတွေတောဆက်ခုတ်မယ်၊ ဂရုတော့စိုက်ကြကွာ"

အလုပ်ချိန်မှာ နံနက် (၆) နာရီမှ (၁၀) နာရီ၊ နေ့ခင်း (၂) နာရီမှ (၆)နာရီအထိ ဖြစ်ပါသည်။

အလုပ်ချိန်စတင်မည့် နေ့ခင်း (၂) နာရီ အလုပ်သမားများစုဝေးချိန်တွင် မျက်စိ ပဆုပ်ပနီအတုပ်ခံရသည့် အလုပ်သမား ဆန်းလင်း အနားမယူဘဲ အလုပ်ဆင်းလာသည်ကို တွေ့ရသည်။ သူ့ပုံစံမှာ ဘာမှမဖြစ်သကဲ့သို့ပင် မျက်စိမှာလည်း ရောင်ခြင်း၊ နီရဲခြင်းမရှိ။ မူလပုံစံအတိုင်း အကောင်းပကတိ။

"ဆန်းလင်း၊ မင်းနားပါလို့ငါပြောထားတာ နားရောပေ့ါ။ မင်းလုပ်အားခမဖြတ်ပါဘူးကွာ"

ဟု စာရေးသူမှ ပြောလိုက်ရာ ၎င်းမှ-

"ဆရာကြီးကလည်း၊ မျက်စိထဲကန်စွန်းရွက်သတ္တုရည်ခတ်ပြီး နာရီဝက်ကျော်ကျော်လောက်ကြာတော့ ကျွန်တော့် မျက်စိထဲမှာ ဘာမှမဖြစ်တော့ဘူး၊ အကောင်းပကတိပဲ။ မှန်ထဲကြည့်လိုက်တော့လည်း မျက်လုံးက အကောင်း၊ အရောင်တောင်မပြောင်းဘူး ပုံမှန်ပဲ။ ဒါကြောင့် အလုပ်ဆင်းခဲ့တာပါ ဆရာကြီး"

ဟူ၍ တုံ့ပြန်ဖြေကြားလိုက်ပါသတည်း။

အောင်ခြိမ့်မိုး

*အမည်နေရာဖြစ်စဉ်အမှန်အတိုင်းရေးသား ဖော်ပြထားပါသည်။*

www.burmeseclassic.com

# ဝေမင်းဦး (စိတ်ပညာ)

## ရခိုင်-သီရိလင်္ကာ ဗုဒ္ဓသာသနာတော် ဆက်ဆံရေးပုံရိပ်တချို့

ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ရခိုင်ပြည်နယ်သည် ရှေးရှေးတုန်းက တစ်ထီးတစ်နန်း၊ တစ်တိုင်းဟစ်ပြည်အဖြစ် ထူထောင်လျက် အာရက္ခသျှဒေ့ရှ်တိုင်း၊ ရက္ခပူရတိုင်း၊ အာရကာင်တိုင်း၊ မဟာသကတိုင်း၊ ရက္ခိုင်ပြည်၊ ရခိုင်ပြည် စသည့် အမည်နာမများဖြင့် ထင်ရှားခဲ့သည်။ ဤရှေးရခိုင်ပြည်ကို ဘီစီ ၃၃၂၅ ခုနှစ်တွင် စတင်ထူထောင်ခဲ့ကြပြီး ဘီစီ ၅၄၄ ခုနှစ်တွင် ဂေါတမ ဗုဒ္ဓဘုရားရှင်သည် ရခိုင်ပြည်သို့ ကြွရောက်တော်မူလာခြင်းဖြင့် ဗုဒ္ဓသာသနာတော်သည် ရခိုင်ပြည်၌ အခြေစိုက် ထွန်းကားလာခဲ့သည်ပင် ဖြစ်၏။ဗုဒ္ဓဘုရားရှင် ရခိုင်ပြည်သို့ရောက်တုန်းရောက်ခိုက်တွင် ရခိုင်ပြည်သားတို့သည် မဟာမုနိရုပ်ပွားတော်မြတ်ကို သွန်းလုပ်ပူဇော်ခဲ့ကြသည် ဖြစ်၏။

ဤကဲ့သို့ပင်လျှင် လင်္ကာဒီပကျွန်း၊ တမ္ပပါဏိဒီပကျွန်း၊ သီဟဠဒီပကျွန်း၊ ဩဇာဒီပကျွန်း၊ မဏ္ဍလဒီပကျွန်း၊ သီဃိုရ်ကျွန်း၊ သီဟိုဠ်ကျွန်း၊ ဆီလန်ကျွန်း၊ စီလုံကျွန်းဟု ရှေးတုန်းက အမည်နာမအမျိုးမျိုး ခေါ်ဝေါ်သမုတ်ခဲ့သော ယနေ့ သီရိလင်္ကာနိုင်ငံသို့လည်း ဂေါတမဗုဒ္ဓဘုရားရှင်သည် သုံးကြိမ်တိုင် ကြွရောက်တော်မူခဲ့ပြီးလျှင် သုမနကူဋ (သီရိပါဒ) တောင်ထိပ်ပေါ်၌ ခြေတော်ရာတစ်ဆူချပေးတော်မူခဲ့သည်။

နောက် ဣန္ဒိယမောရိယတိုင်း ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်း (ဘီစီ ၂၇၄ -၂၃၂) လက်ထက်၌ တိုင်းကြီးကိုးတိုင်းသို့ ဗုဒ္ဓသာသနာပြုစေလွှတ်ရာတွင် ဤသီရိလင်္ကာပြည်သို့ ရှင်မဟိန္ဒမထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့ ရောက်ရှိသာသနာပြုခဲ့သည် ဖြစ်၏။ စိတ်ဝင်စားစရာတစ်ခုက ရခိုင်သမိုင်းမှတ်တမ်းတချို့မှာ အဆိုပါ တိုင်းကြီးကိုးတိုင်းတွင်ပါဝင်သော မဟာသက မဏ္ဍလတိုင်းဆိုသည်မှာ အများသိနေ



www.burmeseclassic.com

ကြသလို အိန္ဒိယတောင်ပိုင်း မိုင်ဆိုးဒေသမဟုတ်ဘဲ ရှေးရခိုင်ပြည်သာဖြစ်သည်ဟု ပြဆိုကြပါသည်။ ရှေးရခိုင်ပြည်တွင် ယနေ့ရခိုင်ပြည်နယ်သာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၏ ဘီဟာနယ်၊ ဩရိဿနယ်၊ အန္ဒြပဒေ့နယ်တစ်စိတ်တစ်ပိုင်းတို့ ပါဝင်သည်ဟု ဖော်ပြကြသည်။ မဟာဓမ္မသင်္ကြန်ရေး သာသနာလင်္ကာရစာတမ်း (၁၉၂၈-ဟံသာဝတီ) စာမျက်နှာ (၂၁) တွင် ရှေးရခိုင်ပြည်ကို မဟိသကတိုင်းအဖြစ် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဆိုချင်သည်က မဟိသကတိုင်းခေါ် ဤရှေးရခိုင်ပြည်သို့ ရှင်ရေဝတ အမှူးပြုသော သာသနာပြုအဖွဲ့ ရောက်ရှိခဲ့သည်ဟူခြင်းပင်။ ပြီးခဲ့ဆိုနေသော သီရိလင်္ကာပြည်တွင် ဘီစီ ၄ ခုနှစ်က ထေရဝါဒဗုဒ္ဓသာသနာတော်၏ စတုတ္ထသင်္ဂါယနာတင်ပွဲကို တခြိမ့်သဲသဲပြုလုပ်ခဲ့သည်။

ဤနေရာမှာ အထူးတလည်ဖော်မောင်းထိုးတင်ပြချင်သည်က အဆိုပါ သီရိလင်္ကာပြည်နှင့် ရှေးရခိုင်ပြည်တို့၏ ဗုဒ္ဓသာသနာတော်ဆိုင်ရာကူးလူးဆက်ဆံမှုပုံရိပ်တချို့ကိုပင် ဖြစ်၏။ ဤတွင် ဦးထမဆုံး သိရှိထားသင့်သည်က ရခိုင်သမိုင်း ခေတ်ကာလကောက်ကြောင်းတချို့ကိုပင် ဖြစ်၏။ ၎င်းတို့မှာ ဓညဝတီခေတ် (ဘီစီ ၃၃၂၅ - အေဒီ ၃၇၂)၊ ဝေသာလီခေတ် (အေဒီ ၃၇၂ - ၈၁၈)၊ လေးမြို့ခေတ် (အေဒီ ၈၁၈-၁၄၀၆)၊ မြောက်ဦးခေတ် (အေဒီ ၁၄၃၀-၁၇၈၂) တို့ပင် ဖြစ်၏။

ရခိုင်သမိုင်းမှတ်တမ်းတစ်စောင်ဖြစ်သော မေဓပညာမော်ကွန်းအလိုတော်အရ ရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြားမင်း (အေဒီ ၅၉၅-၆၆၇) လက်ထက် အေဒီ ၆၃၈ခုနှစ်တွင် ရခိုင်ဝေသာလီနေပြည်တော်အနီး ရွှေတောင် (သရက်ချိုတောင်) တောင်ထိပ်တွင် သီရိလင်္ကာရဟန်းတော်တစ်ထောင်၊ရခိုင်ရဟန်းတော်တစ်ထောင်ဖြင့် ထေရဝါဒဗုဒ္ဓသာသနာသင်္ဂါယနာတင်ပွဲကို သုံးနှစ်ကြာမျှ ဝှဲချီးသဘင်ဆင်ယင်ကျင်းပခဲ့ကြသည်။ တိတိပပပြောရလျှင် သီရိလင်္ကာပြည်တွင် စတုတ္ထသင်္ဂါယနာတင်ပွဲပြုလုပ်ပြီး ၆၄၂ နှစ်မြောက်တွင် ရခိုင်ဝေသာလီပြည်၌ သီရိလင်္ကာသံဃာတော်များ၊ ရခိုင်သံဃာတော်များ ပူးပေါင်းလျက် ပြုလုပ်လိုက်ကြသော သင်္ဂါယနာတင်ပွဲပင် ဖြစ်၏။ ပဥ္စမသင်္ဂါယနာတင်ပွဲဟုပင် သမုတ်ထိပ်ပေသည်။ သို့တစေ ဤသင်္ဂါယနာတင်ပွဲကို မြန်မာ့သမိုင်းမှတ်တမ်းမှာရော သာသနာမှတ်တမ်းမှာပါ တရားဝင် အသိအမှတ်မပြုခဲ့ကြသည်ကတော့ ဝမ်းနည်းစရာပင်။ သို့ပင်တစေ ဤသင်္ဂါယနာတင်ဒါယကာရခိုင်ဝေသာလီပြည့်ရှင် သီရိစန္ဒြားမင်းသည် ပုဂံပြည့်ရှင် ပုပ္ပားစောရဟန်းမင်းနှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သည်။ ဤကာလသည် အေဒီ ၇ ရာစုပင် ဖြစ်သည်။

ထို့ပြင်တဝ အဆိုပါ ရခိုင်ဝေသာလီခေတ် ၈ ရာစုတွင် ရေးထိုးခဲ့သည်ဆိုသော ယခု ရခိုင်ပြည်နယ်မြောက်ဦးမြို့ ရှစ်သောင်းပုထိုးတော်ကြီးပုရိဝုဏ်တွင် တည်ရှိသော အာနန္ဒစန္ဒြားမင်းကျောက်စာ ဂါထာအမှတ်(၆၁)ဝယ် သီရိလင်္ကာပြည့်ရှင် သီလာမေဃမင်းထံသို့ ရခိုင်ဝေသာလီပြည့်ရှင် အာနန္ဒစန္ဒြားမင်းက ပြည့်ရှင်မင်းအတွက် မင်္ဂလာဆင်တော်တစ်စီးနှင့် သီရိလင်္ကာရဟန်းတော်များအတွက် ဒန်းရောင်တောက်ပနေသော ပိုးသင်္ကန်းများနှင့် ဓမ္မသာနတရားဟောပလ္လင်တို့ကို ပို့ဆောင် လှူဒါန်းတော်မူသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ဤနေရာမှာ အထူးတလည်ဆိုချင်သည်က ဆိုခဲ့သော ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ဟူသော သမိုင်းကာလတန်တလျှားတွင် ရှေးရခိုင်ပြည်နှင့် သီရိလင်္ကာပြည်တို့သည် ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဆက်ဆံမှုများကို ပလူပဲပလူပျံ ပြုလုပ်ခဲ့ရာမှာ အောက်ဖော်ပြပါတချို့ကို အထူးပြုတင်ပြလိုခြင်း ဖြစ်ပါသည်။

၎င်းတို့မှာ ဤသို့ဖြစ်ပါသည်။

ရှေးရခိုင်ပြည်မှ သီရိလင်္ကာပြည်သို့ သမိုင်းစဉ်တစ်လျှောက်၌ ဗုဒ္ဓသာသနာပြုအဖွဲ့ (၇) ကြိမ် စေလွှတ်ခဲ့ဖူးပါသည်။ ပထမအကြိမ်မှာ ဓညဝတီခေတ် ဓညဝတီပြည့်ရှင် သူရိယသီရိမင်း (အေဒီ ၂၀၁-၂၂၁) လက်ထက်တွင် ရှင်ဉာဏသီရိမိပတိမထေရ် ဦးဆောင်သော သံဃာတော်(၁၂)ပါး သာသနာပြုအဖွဲ့က သီရိလင်္ကာပြည်သို့ သွားရောက်ပြီး ဗုဒ္ဓသာသနာတော်အရေး ဆောင်ရွက်ခဲ့ပါသည်။ ဤသူရိယသီရိမင်းနှင့် ခေတ်ပြိုင်မင်းမှာ ပုဂံပြည့်ရှင် ပျူစောထီးမင်း ဖြစ် ပါသည်။

ဒုတိယအကြိမ်တွင် လေးမြို့ခေတ် ဒုတိယ ပရိန်ပြည့်ရှင် ဒသရာဇာမင်း (အေဒီ ၁၁၂၃-၁၁၃၉) လက်ထက်တွင် အတုလဝိဇယဂဏပါမောက္ခဆရာတော် ဦးဆောင်သော ရဟန်းသံဃာတော် (၂၆) ပါးပါ သာသနာပြုအဖွဲ့က သီရိလင်္ကာပြည်သို့ သွားရောက်ပြီး သာသနာပြုကြပါသေးသည်။ ဤဒသရာဇာမင်းနှင့် ခေတ်ပြိုင်မင်းမှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း ဖြစ်ပါသည်။

တတိယအကြိမ်မြောက်၌ လေးမြို့ခေတ် နေရဥ္စရာ တောင်ငူပြည့်ရှင် ငရမန်မင်း (အေဒီ ၁၁၆၆-၁၁၆၈) လက်ထက်ဝယ် ဥတ္တရဓမ္မသံဃာ့မိပတိမထေရ် ဦးဆောင်သော ရဟန်း (၃၆) ပါးပါ သာသနာပြုအဖွဲ့က သီရိလင်္ကာပြည်သို့ သွားရောက်ပြီး သာသနာပြုခဲ့ပါသေးသည်။ ဤငရမန်မင်းနှင့် ခေတ်ပြိုင်မင်းမှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်း နရသူမင်းတို့ပင် ဖြစ်ပါသေးသည်။

စတုတ္ထအကြိမ်တွင် အင်းဝပြည့်ရှင် နရပတိမင်း၊ မဟာသီဟသူရမင်းတို့နှင့် ခေတ်ပြိုင်ဖြစ်သော မြောက်ဦးပြည့်ရှင်ဘစောဖြူမင်း (အေဒီ၁၄၅၈- ၁၄၈၁) က စေလွှတ်သည့် သိဒ္ဓတ္ထထေရ်ကျော်ဆရာတော်ဦးဆောင်သော ရဟန်း (၅၀) ပါးပါ သာသနာပြုအဖွဲ့က သီရိလင်္ကာပြည်သို့ သွားရောက်ပြီး သာသနာပြုကြပါသေးသည်။

ပဥ္စမမြောက်အားဖြင့် မြောက်ဦးပြည့်ရှင် မင်းခေါင်ရာဇာမင်း (အေဒီ ၁၅၂၁ - ၁၅၃၁) လက်ထက် (အင်းဝပြည့်ရှင် ရွှေနန်းကြော့ရှင်မင်းနှင့်ခေတ်ပြိုင်) တွင် သံတွဲဆရာတော် တေဇောသာရမထေရ်နှင့် မြောက်ဦးတန်းဆောင်ဆရာတော် ဓမ္မဝိလာသမထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့က သွားရောက် သာသနာပြုခဲ့သည်။

ဆဋ္ဌမအကြိမ်တွင်မူ ဟံသာဝတီပြည့်ရှင် နန္ဒဘုရင်၊ အင်းဝပြည့်ရှင် ညောင်ရမ်းမင်းကြီးတို့နှင့် ထီးပြိုင်နန်းပြိုင်ဖြစ်သော မြောက်ဦးပြည့်ရှင် မင်းရာဇာကြီးမင်း (အေဒီ ၁၅၉၂-၁၆၁၂) လက်ထက်မှာ မြောက်ဦးတန်းဆောင်ဆရာတော် ဓမ္မဝိလာသမထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့က သီရိလင်္ကာပြည်သို့ သွားရောက်သော သာသနာပြုခဲ့ကြပါသေးသည်။

သတ္တမအကြိမ်မှာကား အင်းဝပြည့်ရှင် ဝမ်းဘဲအင်းစံမင်းနှင့် ထီးပြိုင်နန်းပြိုင် မြောက်ဦးပြည့်ရှင် မာရုပ္ပိယမင်း (၁၆၉၆-၁၆၉၇) လက်ထက်တွင် သတ္တဌာနဆရာတော် ဣန္ဒမဥ္ဇူမထေရ်၊ လောင်းကြက်ဆရာတော်နန္ဒိစကမထေရ် ဦးဆောင်သော ရဟန်း (၃၃) ပါး ပါဝင်



www.burmeseclassic.com

www.burmeseclassic.com

သည့် သာသနာပြုအဖွဲ့က သီရိလင်္ကာပြည်သို့သွားရောက်ပြီးသာသနာပြုတော်မူခဲ့ကြပါသေးသည်။

ပိုမိုပြည့်စုံရှင်းလင်းအောင် ဖော်ပြရပါလျှင် သီရိလင်္ကာပြည် ဝေါဟာရိကတိဿမင်း (အေဒီ ၁၈၈ - ၂၄၉) လက်ထက် ထေရဝါဒအနွယ်သံဃာတော်များဂိုဏ်းကို မဟာယာနအနွယ် ဝေတုလ္လဂိုဏ်းက တိုက်ခိုက်ဖျက်ဆီးနေသဖြင့် သီရိလင်္ကာပြည့်ရှင် ဝေါဟာရိကတိဿမင်းက ရခိုင်ဓညဝတီပြည့်ရှင် သူရိယသီရိမင်းထံသို့ အကူအညီတောင်းခံသည့်အတွက်ကြောင့် အသျှင်ဥတ္တမသီရိမထေရ် ဦးဆောင်သော သံဃာတော် (၁၂) ပါးပါ သာသနာပြုအဖွဲ့အား သွားရောက်စေလျက် သာသနာတော် သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်။

ယင်းသို့ပင်လျှင် သီရိလင်္ကာပြည် ပေါလန္နရုဝကျောက်စာအရ သီရိလင်္ကာပြည့်ရှင် ပဌမဝိဇယဗာဟုမင်း (အေဒီ ၁၀၇၇-၁၁၅၇) လက်ထက်တွင် ဗုဒ္ဓသာသနာတော် သန့်ရှင်းရေးလုပ်ငန်းကို ရခိုင်ပြည်မှ စေလွှတ်လိုက်သော ရဟန်းသံဃာသာသနာပြုအဖွဲ့၏ အကူအညီဖြင့် ကျားကုတ်ကျားခဲ ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့ရကြောင်းကို သိရှိရပေသည်။

တကယ့်တကယ်လည်း ထိုခေတ်ထိုကာလတွင် မဟာယာနအနွယ် အဘယဂီရိဝါသီဂိုဏ်းသားတို့က ထေရဝါဒအနွယ် မဟာဝိဟာရဝါသီဂိုဏ်းအား တူးဖြိုဝါးမျိုနေသဖြင့် သီရိသင်္ဃဗောဓိမင်း၊ ပရက္ကမဗာဟုမင်း၊ ဝိဇယဗာဟုမင်း၊ ဝိမလရာဇာမင်းလေးဆက်တိုင် အဘယဂီရိဝါသီဂိုဏ်းအား ချိုးနှိမ်သုတ်သင်လျက် မဟာဝိဟာရဝါသီဂိုဏ်းအား ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် သာသနာတော်သန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်သည် ဟူ၏။ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ရခိုင်ပြည်မှ ရဟန်းသံဃာများကို ပင့်ဆောင်လျက် အကူအညီယူခဲ့ရသည်ဟု ဆို၏။

ရခိုင်သမိုင်းမှတ်တမ်းများထဲတွင်လည်း နှစ် (၃၀) ကာလအတွင်း ရခိုင်ပြည်မှ သီရိလင်္ကာပြည်သို့ သာသနာပြုအဖွဲ့ နှစ်ကြိမ်စေလွှတ်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဒုတိယပရိန်ပြည့်ရှင် ဒဿရာဇာမင်း (၁၁၂၃-၁၁၃၉) လက်ထက်တွင်တစ်ကြိမ်၊ ငရမန်မင်း (၁၁၆၆-၁၁၆၈) လက်ထက်တွင် တစ်ကြိမ်ဖြစ်ပါသည်။ ဒဿရာဇာမင်းလက်ထက်တွင် အတုလဝိဇယဂဏပါမောက္ခဆရာတော် ဦးဆောင်သော သာသနာပြုအဖွဲ့၊ ငရမန်မင်းလက်ထက်တွင် ဥတ္တရဓမ္မသံဃာမိပတိဆရာတော် ဦးဆောင်သော သာသနာပြုအဖွဲ့တို့ ဖြစ်ကြပါသည်။ ဒဿရာဇာမင်းသည် သီရိလင်္ကာပြည့်ရှင် ပထမဝိဇယဗာဟုမင်း (အေဒီ ၁၁၃၇ - ၁၁၅၇) ထံသို့ ငရမန်မင်းသည် သီရိလင်္ကာပြည့်ရှင် ပထမပရက္ကမဗာဟုမင်း (၁၁၅၃-၁၁၈၆) ထံသို့ လည်းကောင်း သာသနာပြုအဖွဲ့များ စေလွှတ်ခဲ့သည်ပင် ဖြစ်၏။

သို့ကလိုပင် မြောက်ဦးခေတ်ခေတ်ဦး (အေဒီ ၁၄၃၀-၁၅၃၁) ကာလ၌ နှစ် (၅၀) အတွင်းတွင် နှစ်ကြိမ်တိုင် သာသနာပြုအဖွဲ့များကို စေလွှတ်ခဲ့ရပါသေးသည်။ မြောက်ဦးဘုရင် ဘစောဖြူမင်း (အေဒီ ၁၄၅၈- ၁၄၈၁) လက်ထက်တွင် ရှင်သိဒ္ဓတ္ထထေရ်ကျော်မထေရ် ဦးဆောင်သော သာသနာပြုအဖွဲ့အား လည်းကောင်း၊ မြောက်ဦးဘုရင်မင်းခေါင်ရာဇာမင်း (အေဒီ ၁၅၂၁- ၁၅၃၁) လက်ထက်တွင် သံတွဲဆရာတော် ရှင်တေဇောသာရမထေရ်နှင့် မြောက်ဦးတန်းဆောင်းဆရာတော် ရှင်ဓမ္မဝိလာသမထေရ်တို့ ပါဝင်သော သာသနပြုအဖွဲ့အား လည်းကောင်း စေလွှတ်ခဲ့သည်ပင် ဖြစ်၏။

ထိုရခိုင်ဗုဒ္ဓသာသနာပြုအဖွဲ့များသည် သီရိလင်္ကာမင်းများဖြစ်ကြကုန်သော ဆဋ္ဌမတုဝေနေကမင်း (အေဒီ ၁၄၇၂-၁၅၄၇) နှင့် သတ္တမတုဝေနေကမင်း (အေဒီ ၁၅၄၇ - ၁၅၅၁) တို့ လက်ထက်တွင် တစ်ဖွဲ့ချင်းစီ ရောက်ရှိ သာသနာပြုခဲ့ကြသည်။ သီရိလင်္ကာသမိုင်းမှတ်တမ်းတချို့တွင် အေဒီ ၁၄၇၆ ခုနှစ်ဝယ် ရခိုင်ပြည်မှ ပိဋကတ်သုံးပုံရရှိကြောင်းကို တစ်ခုတ်တစ်ရ ဖော်ပြထားသည်ကို တွေ့ရှိရနိုင်ပါသည်။ သီရိလင်္ကာဒါဒိုရာမြေလျှုမှတ်တမ်းများ၌ ရှေးရခိုင်ပြည်နှင့် သီရိလင်္ကာပြည်တို့သည် သာသနာရေးကူးလူးဆက်ဆံမှု တခွေးထွေးထွေး ဖက်လဲတကင်းရှိကြောင်း၊ ထိုအချိန်ကာလ၌ မဟာယာနဂိုဏ်းကွဲများတိုက်ခိုက်မှုကြောင့် ဘာသာခြားတို့၏ ထိုးနှက်မှုကြောင့် ပြည်တွင်းစစ်ပွဲများ၏ ရိုက်ခတ်မှုကြောင့် သာသနာရေးသန့်ရှင်းမှု အကြီးအကျယ် ပြုလုပ်ခဲ့ရကြောင်းတို့ကို ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။ ယင်းတို့ကို စူဠဝံသ၊ စူဠပုဇဝါလိယ၊ နာရိန္ဒြစာရိတ္တဝလော်ဏ၊ ပရဒီပိကာဝကျမ်းတို့တွင်လည်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။

ထို့ပြင်တဝ သီရိလင်္ကာဘုရင် ထမရာဇာသီဟမင်းသည် ဘာသာကူးပြောင်း၍ ဟိန္ဒူဘာသာကို ကိုးကွယ်ဆည်းကပ်ရာမှအစပြု၍ ဗုဒ္ဓသာသနာတော်ကို ချိုးနှိမ်နှိပ်ကွပ်ရုံသာမက ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များကို ရှင်းလင်းသုတ်သင်လျက် ဗုဒ္ဓဘာသာပိဋကတ်ပရိယတ္တိစာပေကျမ်းဂန်များနှင့် ဗုဒ္ဓဘာသာစေတီပုထိုးကျောင်းကန်များကို မြေလှန်မီးရှို့ဖျက်ဆီးသဖြင့် ဗုဒ္ဓသာသနာတော်သည် ညှိုးနွမ်းသုဉ်ဖျင်းခဲ့ရလေသည်။ သိပ်မကြာမီမှာပင် ပထမဝိမလဓမ္မသူရိယမင်း (၁၅၉၂-၁၆၀၄) က ထိုမင်းအား သုတ်သင်လျက် ထီးနန်းရယူပြီးနောက် ဗုဒ္ဓသာသနာတော် ပြန်လည်စည်ပင်ပြန့်ပွားရေးကို ဇောက်ချလုပ်ဆောင်ခဲ့လေသည်။

၎င်းမင်းသည် သူနှင့်ခေတ်ပြိုင် နန္ဒ ဘုရင်၏ ဟံသာဝတီပြည်သည် ထီးနန်းရေးတိုင်းရေးပြည်ရေးအရှုပ်အထွေးကြောင့် သူကိုယ်တိုင်ပင် ဆောက်တည်ရာမရဖြစ်နေသဖြင့် သူနှင့် ထီးပြိုင်နန်းပြိုင် မြောက်ဦးပြည့်ရှင် မင်းရာဇာကြီးမင်း (၁၅၉၃-၁၆၁၂) ထံ သာသနာရေး အကူအညီတောင်းခံခဲ့ရာ မင်းရာဇာကြီးမင်းသည် မြောက်တန်းဆောင်းဆရာတော်စန္ဒဝိလာသမထေရ်ဦးဆောင်သော ရဟန်းတော် (၂၀) ပါးပါ သာသနာပြု အဖွဲ့အား စေလွှတ်တော်မူခဲ့လေသည်။

ထိုသီရိလင်္ကာဘုရင်သည်ရောက်ရှိလာသော ဗုဒ္ဓသာသနာပြုအဖွဲ့ သီရိဝဍ္ဎနမြို့၌ သိတင်းသုံးနေထိုင်စေ ကဋ္ဌမ္ဗရေဆိပ်၌ ဥဒကုက္ခေမရေသိမ် ကာ သီရိလင်္ကာသားများ ရဟန်းခံစေခြင်းဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် ပြန်လည် ပြုစုပျိုးထောင် စည်ပင်ပြန့် တော်မူစေခဲ့သည်။ ထို့နောက်တစ် ရခိုင်ပြည် မြောက်ဦးဘုရင် မရုပ္ပိယ (၁၆၉၆- ၁၆၉၇) လက်ထက်တွင် လင်္ကာဘုရင် ဒုတိယဝိမလသူရိယ (၁၆၉၇- ၁၇၀၇) ၏ သာသနာရေး အညီတောင်းခံမှုကြောင့် သတ္တ ဆရာတော်ကုန္ဒမဥ္ဇူနှင့် လောင်းကြ ဆရာတော်နန္ဒိစက္ကမထေရ်တို့ ဦးဆော သောရဟန်းသံဃာ(၃၃)ပါးပါသာသ ပြုအဖွဲ့ကို စေလွှတ်တော်မူခဲ့လေသ

အဆိုပါ ဦးဆောင်မထေ နှစ်ပါးထဲမှ လောင်းကြက်ဆရ နန္ဒိစက္ကမထေရ်ကို သီရိလင်္ကာ

www.burmeseclassic.com

# ကင်းအဆိပ်အတွက်ဆေးနည်းကောင်းများ

**ကင်းဆိပ်ဖြေဆေးများ**

၁။ ကရဝေးရွက်အခြောက်ကို အမှုန့်ပြုလုပ်ပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာကို ရေအေးဖြင့်သောက်ပေးပါ။ ကင်းဆိပ်များပြေကျပျောက်ကင်းပါသည်။

၂။ ကင်းခြေများထိုးလျှင် ဆိပ်ဖလူးပန်းရွက်ဖြင့်ပွတ်ပေးပါ။ သို့မဟုတ် အရွက်ကို အရည်ရအောင်ထောင်းပြီး အုံပေးပါ။ ကင်းဆိပ်များပြေကျပျောက်ကင်းပါမည်။

၃။ ကင်းမြီးကောက်ထိုးလျှင် ထိုးသောနေရာပေါ်သို့ မန်ကျည်းစေ့ကို ဆက်ခြမ်းခြမ်း၍ တစ်ခြမ်းစီကပ်ထားပေးပါ။ ကင်းဆိပ်များပြေကျပျောက်ကင်းပါသည်။

၄။ ကျေးလက်ကျေးရွာများတွင် နေထိုင်သူများ၊ အလည်အပတ်သွားရောက်သူများ အခန့်မသင့်၍ ကင်းထိုးခြင်းခံရလျှင် ကင်းထိုးခံရသောဒဏ်ရာပေါ်တွင် နွားချေးအစိုကို ခပ်ထူထူလိမ်းပေးခြင်းဖြင့် မည်သည့်ကင်းမဆိုထိုးထိုး ပျောက်ကင်းပါသည်။ လူတို့သည် ကင်း(၃)ကင်းတွင် တစ်ကင်းပြီးသည်ဟုဆိုကြပါသည်။ ဘယ်လိုပင် ကင်းမြီးကောက်၊ ကင်းခြေများ၊ ကင်းဖြူလေးတို့ အထိုးခံရပါက အခံရခက်သော အဆိပ်တက်တတ်ပါသည်။ ဆေးပေးခန်း၊ ဆေးရုံနှင့် မနီးသော ကျေးလက်နေသူများအတွက် နွားချေးသည် အလွန်ထက်သော ဆေးနည်းကောင်း ဖြစ်ပါသည်။

၅။ ဘောစကိုင်းခေါ် အဆိပ်ဖြေရွက်သည် ဆူးပုပ်ရွက်နှင့်အလွန်တူသော်လည်း ပြုတ်၍အတို့အမြှုပ်စားရာတွင် အနံ့အသက်မရှိသော်လည်း ကင်းဆိပ်ကို ပြေစေပါသည်။မည်သည့်ကင်းမျိုးထိုးထိုး ၎င်းအရွက်ကို ထောင်းပြီးအုံပေးခြင်း၊ အရွက်ကို ဟင်းချိုသောက်ပေးခြင်းဖြင့် ကင်းဆိပ်တက်ခြင်းကို သက်သာပျောက်ကင်းစေပါသည်။

၆။သရက်ကင်းသည် ကင်းအဆိပ်အတွက် အထူးကောင်းမွန်သော ကျေးလက်ဆေးနည်းတို ဖြစ်သည်။ သရက်ကင်းဆိုတာ သရက်ပင်မှ အသီးကင်းလေးများကိုဆိုလိုခြင်းမဟုတ်ပါ။မြေတွင်ဥသောသရက်ကင်းဖြစ်သည်။ ငါးပိ၊ တို့စရာအဖြစ် အစိမ်းကိုတို့စားရသလို ချဉ်ပတ်ထည့်စားရသော တို့စရာတစ်မျိုးလည်း ဖြစ်သည်။ မည်သည့်ကင်းမျိုးမဆို ထိုးခြင်းခံရပါက မြေတွင်ဥသော သရက်ကင်းကိုတူးယူပြီး ရေစင်စွာဆေးပါ။ ပြီးလျှင် ၎င်းဥကို ကျောက်ပျဉ်တွင်သွေးပြီး ကင်းကိုက်သောနေရာသို့ လိမ်းပေးပါ။ သို့တည်းမဟုတ် ထောင်းပြီးအုံပေးပါ။ မကြာခင် သက်သာ ပျောက်ကင်းပါသည်။

(ဆရာကြီးဦးထွန်းလှိုင်၏ လက်တွေ့ပျောက်ကင်းသော မြန်မာ့တိုင်းရင်းဆေးနည်းများ ဖြစ်ပါသည်။)

ဒေါမြကျော်ဝေ

---

တက်ထမ်းပိုး သာလွန်စွာ အလွန်ရာ ကြည်ညိုသဒ္ဓါပွားများကြသည် ၏၊ ဤသာသနာပြုအဖွဲ့သည် အေဒီ ၁၉၆ ခုနှစ်၌ မဟာလိဂင်္ဂါမြစ်ထဲမှာ ကရေသိမ်ပြုကာ သီရိလင်္ကာသားတို့ အား ရဟန်းခံပေးရခြင်း၊ သိက္ခာထပ်ပေး ခြင်း၊ ပဋိကတ်တော် ပရိယတ္တိများကို သင်ကြားပို့ချပေးရခြင်း အပါအဝင် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက် ခဲ့ရသည် ဆို၏။

သီရိလင်္ကာသာသနာရေးမှတ်တမ်း များတွင် လောင်းကြက်ဆရာတော် နန္ဒ မထေရ်ကို အထူးတလည် အမွှမ်းတင်မှုများစွာရှိသော်လည်း ရခိုင်မှတ် တမ်းများထဲတွင် ထူးခြားစွာ ဖော်ပြချက် တစ်ခုကို တွေ့ရှိရသည်။ ၎င်းမှာ သတ္တ ဌာနဆရာတော် အရှင်နန္ဒမဥ္ဇူမထေရ် သည် ဗုဒ္ဓဘုရားရှင်၏ လက်ဝဲစွယ်တော် အား သွားရောက်ဖူးမြော်ရာတွင် စွယ် တော်ကြုတ်အား ဖွင့်မပေးကြသဖြင့် နတ္တယအာကာသံနက္ခတ္တရပရိတ် တော်အား၊ ဗုဒ္ဓဂုဏ်တော်အား နှလုံး သွင်းရင်း ရွတ်ဖတ်ပူဇော်ရာတွင် (၁၄)ခု မြောက် ဂါထာအရောက်၌ ကုမုဒြာကြာဖူး လရောင်ထိ၍ ရုတ်ခြည်းပွင့်အာသွားသလိုပင် စွယ်တော်ကြုတ်ခလုတ်ပွင့်လှစ်သွားပြီး ပကတိ မျက်ဝါးထင်ထင် အပူဇော်ခံယူတော်မူလေသည် ဟူ၏။

ယင်းမှတစ်ခါ သတ္တဌာနဆရာတော် ဣန္ဒမဥ္ဇူမထေရ်သည် သုမနကူဋခေါ် သီရိပါဒတော်တော်မြတ်သို့ ကြွရောက်လျက် ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာကို ဖူးမြော်ပြီး အောက်ပါလင်္ကာနှစ်ပိုဒ်ကို စီကုံးပူဇော်ခဲ့ပြန်လေသည်။

*❑ မကြာဖူးအောင်၊ လူ့ဘောင်လွန်ပြီး၊ အံ့ဝှဲချီးထား၊ လျှံညီးရောင်ဝင်း၊ သုံးလူမင်းလျှင်၊ ကြွနင်းအမှတ်၊ ထိုတောင်ထွတ်၌၊ အတတ်ဝိဇ္ဇာ၊ အောင်ရာဇော်ဂျီ၊ တပသီတို့၊ အမှီတကဲ၊ အနေမြဲသား၊ ရဲရဲရောင်ဝါ၊ သူရိယာစန္ဒ၊ နေလထွက်ဝင်၊ ကြည့်မမြင်တည်း၊ သစ်ပင်သစ်ရွက်၊ ရွှန်းရွှန်းတက်မျှ၊ ခက်လက်လံညွှာင်း အယောင်းမရှိ၊ ဒိဋ္ဌိမိစ္ဆာ၊ လူတကာတို့၊ လက်မှာမရောက်၊ သံကောက်သံလွှင်၊ ထက်ဝန်းကျင်လည်း၊ မစင်အပုပ်၊ စက်ဆုပ်အကောင်၊ လေမရောင်တည်း၊ အခေါင်မိုးထိ၊ သီရိပါဒ်၊ လွှဝှမ်းထင်သည်၊ မဂ္ဂင်ရှစ်တန်နိဗ္ဗာန်တည်း။*

*❑ အထူးအထူး၊ ကြားသော်မူးမျှ၊ ကျေးဌူးငါးပါး၊ ထိုတောင်ဖျားဝယ်၊ လေကားပြင်းထွေ၊ မသေဆီမီး၊ မိုးကြီးထန်ပြင်း၊ ရန့်ရှင်းသား၊ သလင်းအသွင်၊ တလင်းပြင်လည်း၊ ကျယ်တွင်မဟုတ်၊ ငါးတောင်မုဋ္ဌတာ၊ မြေမျက်နှာထက် အရာထောင်ထောင်၊ မြားမြောင်ကုဋေ၊ သန်းတက်လေလည်း၊ များထွေရောင်ယှက်၊ မြကျောက်ခွက်ကား၊ ဖက်သော်နိုင်လောက်၊ အစောက်မနက်၊ လက်ရှစ်သစ်ရှည်၊ တည်သည်ရေလည်း၊ သောက်သည်မခန်း၊ အံ့ဘနန်းတည်း၊ စောင်တန်းမီးတား၊ သံတံခါးအောက်၊ နတ်သို့မှောက်သား၊ ရောင်တောက်မညှိုး၊ မိုးလည်းမထောင်၊ ချမ်းရိပ်ကောင်းတွင်၊ ကျိန်းလှည့်ဝင်သည်၊ ဥမင်လိုဏ်နန်းမဝယ်သောဝ်။ ။*


ဝေမင်းဦး (စိတ်ပညာ)

www.burmeseclassic.com

ရန်ကုန်ထောင်ကြီးကို အင်္ဂလိပ်ခေတ်က စတင်တည်ထောင်ခဲ့သည်ဟု သိရှိခဲ့ရပါသည်။ ၁၉၆၅ ခုနှစ် ထောင်ဖျက်သိမ်းပြီးနောက် ဆောက်လုပ်ရေးနှင့် လျှပ်စစ်ကုန်သွယ်ရေးပစ္စည်းများ ဖြစ်သည့် ဘိလပ်မြေ၊ သံချောင်းများ အပါအဝင် ကုန်ပစ္စည်းမျိုးစုံ သိုလှောင်ရာ ကုန်လှောင်ရုံကြီးအသွင်သို့ ရောက်ရှိခဲ့ရပြီးနောက် ကုန်သိုလှောင်ခြင်းများကို ၁၉၈၀ ပြည့်နှစ်လောက်တွင် ရပ်နားပြီး မည်သည့်လုပ်ငန်းများကိုမှ ဆက်မလုပ်

# စိုးရာဇာကျော်

## ရန်ကုန်ထောင်ပျက်ကြီးထဲကအတွေ့အကြုံ





www.burmeseclassic.com

www.burmeseclassic.com

ဆောင်တော့ပါ။ သို့သော် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးကိုမူ ဆက်လက်ထားရှိပြီး အင်းစိန်သို့ အပြီးပြောင်းရွှေ့သွားခဲ့ကြသည်။ သူနာပြုတက္ကသိုလ်ပင်မ(ဗိုလ်ချုပ်အောင်ဆန်းလမ်းတောင်ဘက်အခြမ်းသည် အရာရှိကြီးများနှင့် ဝန်ထမ်းလိုင်းများနေထိုင်ခဲ့ကြသည့်နေရာဖြစ်ပြီး) သူနာပြုတက္ကသိုလ်တိုးချဲ့ (ဗိုလ်ချုပ်အောင်ဆန်းလမ်း၏ မြောက်ဘက်အခြမ်းသည် ပင်ပထောင်ကြီးဖြစ်ခဲ့သည်။)

ထောင်ဘူးဝသည် သူနာပြုတက္ကသိုလ်ပင်မ ယခု ဝင်ပေါက်၏ အနောက်မြောက်ဘက်ပေ(၃၀၀)အကွာလောက်တွင်ရှိခဲ့သည်။ ကြိုးစင်သည် ယခုလမ်းသစ်လမ်း၏မြောက်ဘက်ထိပ်တွင်ရှိပြီး မြေစိုက်ထုံးဖြူစေတီအသေး (ကြိုးစင်စေတီ) နှင့် မြေစိုက်စေတီအကြီး ဘက်တော်အမြင့် (၁၀) ပေခန့် တစ်ဆူနှင့် ကြိုးတိုက်တို့ရှိကြသည်။ ယခု ရွှေလမင်းဆေးရုံနေရာ မျက်စောင်းထိုးခန့်တွင် ဂိတ်ပေါက်ကြီးတစ်ခုရှိသည်။ ကြိုးပေးကွပ်မျက်ခဲ့သော အကျဉ်းသားတို့၏ အလောင်းထုတ်ယူရာ ဂိတ်ပေါက်ဖြစ်သည်။ ထိုဂိတ်ပေါက်၏အုတ်တံတိုင်း (ဂိတ်ပေါက်အတွင်း တောင်၊ မြောက် ကာရံထားသည့်အုတ်ရိုး) မြောက်ဘက်တွင် ပေ (၅၀) မျှ အချင်းရှိသည့် အုတ်ရေတွင်းကြီးနှင့်အုတ်ရေကန်ကြီးရှိသည်။ ထောင်အတွင်းပိုင်းတွင်မူ အဆောင်တန်းများကို သီးခြားအုတ်နံရံများဖြင့် ကာရံထားသည်။ ထောင်ဘူးဝသည် သံချပ်ပြားတံခါးကြီးနှစ်ချပ်ပိတ်ရသော အပြင်တံခါးမကြီးနှင့် အတွင်းတံခါးကြီးတို့ရှိကြသည်။ အပြင်တံခါးမကြီး၏တံချပ်ရွက်တစ်ချပ်စီတွင် (၁)ပေခန့်မျှရှိ ကျားခေါင်း (ကြေးဖြင့်ပြုလုပ်) နှစ်ခေါင်းရှိပြီး ကျား၏ပါးစပ်ပေါက်တွင် သံကိုင်ကွင်းကြီးများရှိသည်။ တံခါးမကြီး၏တံခါးရွက် (၂) ချပ်မှ (၁) ချပ်တွင် လူဝင်ပေါက်တံခါးငယ်တစ်ခုရှိသည်။ ဝန်ထမ်းငယ်များနှင့် အကျဉ်းသားများအတွက် ဖြစ်သည်။

ရန်ကုန်ထောင်ကြီး၏အကျယ်အဝန်းမှာ အရှေ့ဘက်တွင် ရန်ကုန်ဆေးရုံသစ် (JICA) ၏ ခြံစည်းရိုးဖြစ်ပြီး အနောက်ဘက်တွင် ယခု ရွှေလမင်း



www.burmeseclassic.com

ဆေးရုံရှိရာလမ်းမြောက်ဘက်တွင် မင်းရဲကျော်စွာလမ်း (စိန့်ဂျွန်းလမ်း)၊ တောင်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း အထိရှိသည့် စတုရန်းပုံသဏ္ဌာန်ဖြစ်သည်။ ယခုပြည်လမ်းနှင့် ဘုန်းကြီးလမ်း ဆက်သွယ်လမ်းသည် ယခင်က ထောင်ကြီး၏ အစိတ်အပိုင်းဖြစ်ခဲ့သည်။ထိုဖြတ်လမ်းဖောက်လုပ်ပြီး ရန်ကုန်ဘားလမ်း အချုပ်ကို ပြည်လမ်းပေါ်ရှိ ယခင်အကျဉ်းသားများထားရာအဆောင်သို့ပြောင်းခဲ့သည်။ ရန်ကုန်အချုပ်ခန်းအတွင်းတွင် ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရတက်လာခဲ့ရာ ဗိုလ်ချုပ်ကြီးနေဝင်းက အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ မိန့်ခွန်းပြောကြားခဲ့သည့် မှတ်တိုင်တစ်ခုစိုက်ထူထားခဲ့သည်။ ထိုအချုပ်ဆောင်၏နံရံတွင် ဗုဒ္ဓရှင်တော်မြတ်၏ ပန်းချီကားကြီး ရေးဆွဲထားသည်။

၁၉၈၂/၈၃ ခုနှစ်လောက်တွင် ရန်ကုန်ထောင်ဟောင်းကြီးအား စတင်ဖြိုဖျက်ခဲ့ကြသည်။ ထောင်အုတ်ရိုး၏ အောက်ခြေမှာ (၄) ပေကျော်ခန့်ရှိပြီး ရှေးဟောင်းအုတ်ချပ်များဖြင့် မြေတွင်စိုက် ပန္နက်ချ တည်ဆောက်ခဲ့ပြီး အုတ်ရိုးအပေါ်ထိပ်သည် (၁) ပေခန့်မျှရှိသည်။ အပေါ်အုတ်ရိုးမျက်နှာပြင်တစ်လျှောက်တွင် အုတ်ခဲချပ်များ (၃) လွှာစီတင်ထားသည်။ ထောင့် (၄)ထောင့်တွင် (၁၀) ပေပတ်လည်ရှိ ကင်းစောင့်တဲများထားရှိပြီး ထောင်အုတ်ရိုး၏အပြင်ဘက်တွင် သံဆူးကြိုးကာရံထားပြီး လှည့်ကင်းစစ်ဆေးရာ လျှောက်လမ်း ဖြစ်သည်။

ကြိုးစင်မှာမူ အပေါ်အမိုးများမရှိတော့ဘဲ အောက်ခုံသာတွေ့ရှိရသည်။ ကြိုးတိုက်အခန်းများကိုမူ မပျက်မစီး တွေ့ရှိရသည်။ ကြိုးစင်စေတီငယ်ကို ဘူဒိုဇာဖြင့် မ,ယူပြီးသယ်ဆောင်ယူသွားကြပြီး စေတီကြီးကိုမူ ရွှေ့ပြောင်းရန် ယန္တရားစက်ဖြင့် ထိုးယူမ,ကော်ခဲ့ရာ ယန္တရား များ စက်ရပ်သွားခဲ့၍ ရပ်နားပြီး ယန္တရားမောင်းသူတို့မှာ ထိုညတွင် ဝမ်းလျှောပြီး ဆေးရုံတင်ရကြောင်း သိခဲ့ရသည်။

ထိုစေတီကြီးသို့·ယခုရွှေလမင်းနှင့် ဗိုလ်ချုပ်လမ်းထိပ်တွင် နေထိုင်သော သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးသည် စေတီ၌ နေ့စဉ် ပုတီးစိပ်၊ တရားထိုင်ခြင်းများ ပြုလုပ်လျက်ရှိရာ တစ်နေ့တွင် တရားအားထုတ်နေရင်း သတိမေ့မြောသွားသဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ နောက်တစ်ဦးမှာ ညောင်ပင်ကြီး

(ယခု တိုးချဲ့တက္ကသိုလ် လျှပ်စစ်ဓာတ်အားပေးစက်ရုံနေရာ) အောက်တွင် အိပ်ပျော်ရင်း သေဆုံးသွားခဲ့သည်။ ထောင်ပျက်ကြီးအတွင်း အဆောက်အအုံများ ဖြိုဖျက်ခဲ့ရာတွင် ကြီးမားသော တောက်တဲ့ကြီးများ၊ မြွေပါများ၊ ကြီးမားသော ဖားကြီးများ (စားဖား) နှင့်အတူ အင်္ဂလိပ်ခေတ်က အသုံးပြုခဲ့သော ဝန်ထမ်းဝတ်စုံတံဆိပ်များ၊ ကြယ်သီးများ (ကြေးဖြင့်ပြုလုပ်) အဆောင်အယောင်များစွာကို တွေ့ရှိခဲ့ရသည်။

ထောင်ကြီးဖြိုဖျက်နေစဉ်အတွင်း တစ်နေ့သောအခါ ကျွန်ုပ်သည် လျှောက်ကြည့်ရင်း မြေပေါ်တွင် တစ်ဝက်မြုပ်၊ တစ်ဝက်ပေါ်နေသော ပခုံးတံဆိပ်နှင့် ကြယ်သီးအဆောင်အယောင်တစ်ခုကို တွေ့ရှိ၍ ကောက်ယူလာခဲ့ပြီး အိမ်သို့ အဆောင်အယောင်တစ်စုံကို တွေ့ရှိ၍ ကောက်ယူလာခဲ့ပြီး အိမ်သို့ အရောက်တွင် မန်ကျည်းသီးမှည့်နှင့် စိမ်ထားပြီး ပွတ်တိုက်ခဲ့ရာ တောက်ပြောင်ဝင်းပလာသောတံဆိပ်ကို တွေ့ရှိရပြီး ရှိုးကေ့ (စ်) ထဲတွင် သိမ်းဆည်းထားလိုက်ပါသည်။

ထိုည ကျွန်ုပ်အိပ်ပျော်နေစဉ် အရပ် (၆) ပေကျော်မျှရှိသော ဥရောပ အသားအရေရှိသူတစ်ဦး ကျွန်ုပ်ကိုလာနှိုးပြီး -

"ကောင်လေး၊ မင်းယူသွားခဲ့တာ ငါ့ရဲ့ကိုယ်ပိုင်ပစ္စည်းဖြစ်ပါတယ်။ ငါ့ကို ပြန်ပေးပါကွာ"

ဟု အသံကြားရပြီး ကျွန်ုပ်အိပ်ရာမှလန့်နိုး၍ ကြည့်လိုက်သောအခါ မည်သူတစ်ဦးမျှ မတွေ့ရပေ။ နာရီကိုကြည့်လိုက်သောအခါ အရုဏ်ဦးနှစ်နာရီရှိနေပေပြီ။ ကျွန်ုပ် မကြောက်သော်လည်း ဆက်၍ အိပ်၍မရတော့ပါ။ သရဲတစ္ဆေကိုလည်း အယုံအကြည်မရှိပါ။ ရန်ကုန်ဆေးရုံကြီးရေခဲတိုက်နံဘေးရှိ တိုက်တွင် ကျွန်ုပ်ဆွေမျိုးများနေထိုင်၏။ ရေခဲတိုက်ရင်ခွဲရုံလူသေအလောင်းများစွာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူး၏။ မကြောက်လန့်ပါ။ ကျွန်ုပ်၏ဆွေမျိုးများနေထိုင်သော ခုနစ်ထပ်တိုက်တန်းလျား (ယခု ဆရာဝန်များနေထိုင်) ပေါ်မှကြည့်လိုက်လျှင် ရေနစ်သေသောသူ၊ မီးလောင်သေသောသူ စသည်တို့ကို ခွဲစိတ်နေသည်ကို အထင်းသားတွေ့မြင်ရသည်။ ရေနစ်သူခွဲစိတ်ရာတွင် အနံ့မခံနိုင်၍ သွားမကြည့်သော်လည်း အခြားခွဲစိတ်သူတို့ကိုမူ သွားကြည့်ဖြစ်သည်။ (ယခု ရင်ခွဲရုံဓာတ်ကပ် အဆောင် အမိုး၊ သံဇကာကာထားသောရုံဖြစ်ပြီး ယခင်က အုတ်ရိုးသာ

ကာထားပြီး အမိုးမရှိပါ) အသုဘချခိန် ပြီးမှသာ ရင်ခွဲရုံလုပ်ငန်းစခြင်း ဖြစ်သည်။ ရေနစ်သေသူကိုမူ အချိန်မရွေးခွဲစိတ်သည်။ ထိုကဲ့သို့ အတွေ့အကြုံရှိ၏။ မကြောက်ရွံ့တတ်ပါ။

ဒုတိယနေ့တွင်လည်း အိပ်ပျော်နေစဉ် မနေ့ကလို ထိုသူကြီး ထပ်မံပေါ် လာခဲ့သည်။ ကျွန်ုပ် ယမကာမှီဝဲထား၍ ထိုသူကို စကားပြန်ပြောလိုက်မိသည်။

"ဟုတ်ပြီ၊ ဘယ်ပစ္စည်းကို ပြန်ပေး ရမှာလဲခင်ဗျာ"

ထိုသူက -

"မင်းကောက်ယူရေဆေးပြီး ဟိုမှ ဗီရိုထဲမှာထည့်ထားတဲ့ပစ္စည်း။ အဲဒါ ငါ့ ပစ္စည်းကွ။ ငါမှန်ထဲကိုနှိုက်ယူလို့မရဘူး ကွ"

ကျွန်ုပ် လက်နှိပ်ဓာတ်မီးဖြင့် ထိုး ကြည့်လိုက်ရာ မည်သူ့ကိုမျှ မတွေ့ရပေ။

'ငါ ယမကာကြောင်သွားပြီထင် တယ်'

ဟု တွေးရင်း ဆက်အိပ်၍ မရ တော့ပါ။


ကျွန်ုပ် ဆက်လက်မအိပ်တော့ဘဲ အိပ်ရာမှထ၏။ ထောင်ကြီးဘက်သို့ လမ်းလျှောက်ခဲ့ပါသည်။ အချိန်ကား အရုဏ်ဦး (၃) နာရီခန့်ဖြစ်ပြီး ကျွန်ုပ်၏ အိမ်သည် ယခု ဗဟိုစည်ကားမှတ်တိုင် ရှေ့ရှိနေရာ ဖြစ်ပါသည်။ ဗိုလ်ချုပ် အောင်ဆန်းလမ်းမကြီးပေါ်တွင် ဆိုက် ကားဆရာတို့မှလွဲ၍ မည်သူမျှမရှိကြပါ။ ကျွန်ုပ် ရယူခဲ့သော ပစ္စည်းနေရာသို့ ဗိုလ် ချုပ်လမ်းမပေါ်မှ အတန်ငယ်လှမ်းကြည့် ပြီး ယခု သူနာပြုတက္ကသိုလ် (၂) ... ပေါင်းကူတံတားနေရာမှာ မိမိယူခဲ့သော ပစ္စည်းနေရာကိုလှမ်းမျှော်ကြည့်မိခဲ့သည်။ ပြီးနောက် အိမ်သို့ပြန်ခဲ့သည်။

တတိယနေ့ နံနက် (၇) နာရီတွင် လမ်းမတော်လမ်းရှိ သံဈေးသို့ ထွက်... ခဲ့ပြီး ထောင်ပျက်ထဲမှ ရယူခဲ့သော ပစ္စည်းများကို ရှေးဟောင်းပစ္စည်းဝယ်... ရာ အတန်းသို့ ရောက်ရှိခဲ့ပြီး ရောင်း... ရန် ပြသခဲ့ရာ ပစ္စည်းဝယ်သူမှ (၅၀၀...) ကျပ်ပေးမည်ဟု ပြောသည်။ ရောင်း... ဆုံးဖြတ်ပြီးမှ ယင်းပစ္စည်းကိုပြန်ယူ... အိမ်သို့ပြန်ခဲ့သည်။ ထိုခေတ်က ... တမ်းဝင်အရာရှိသည် (၄၅၀၊ ၂၅၊ ၃...) လစာရရှိသောကာလဖြစ်ပြီး ငွေ(၅၀၀...) ကျပ်ဆိုရာဝယ် လစာ၏ဆယ်ဆမက... ရနိုင်မည့် အခွင့်အရေးတစ်ရပ် ဖြစ်... သည်။ ထိုပစ္စည်းကို ရောင်းလိုက်... ဖောဖောသီသီသုံးစွဲနိုင်မည် ဖြစ်... သို့သော်လည်း မရောင်းဘဲ ပြန်ပေး...



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခဲ့သည်။

စတုတ္ထနေ့တွင် ယမကာမှိုဝဲပြီး အိပ်ခဲ့သည်။ ပစ္စည်းကို မူလနေရာသို့ ပြန်မထားဖြစ်ခဲ့ပါ။ အိပ်ပျော်တစ်ဝက်၊ နိုးတစ်ဝက်တွင် ထိုပုဂ္ဂိုလ်ကြီး ပြန်ပေါ်ပေါက်လာပြီး ကျွန်ုပ်၏ခြင်ထောင်ကို လှပ်ပြီး -

"ဟေ့ကောင်လေး၊ မင်းခုထိပြန်မပေးသေးပါလားကွာ။ မင်းပြန်ပေးဖို့ ဆုံးဖြတ်ထားခဲ့ပြီးပြီလေ။ ပြန်ပေးပါကွာ"

ဟု ကြားရပြီး -

"ပြန်ပေးရင် ကျွန်တော်ဘာရမှာလဲ ခင်ဗျာ"

ဟု ပြန်ပြောရာ ထိုပုဂ္ဂိုလ်ကြီးက-

"အပေးရှိရင် အယူရှိရမှာပေါ့ကွာ"

ဟု ခပ်မာမာပြောသံကြားလိုက်ရသည်။

အိပ်ရာမှ ရုတ်တရက်နိုးထလာပြီး မီးဖွင့်ကြည့်ရာ ဘာမှမရှိပေ။ ည (၁၁း၄၅) နာရီ ရောက်ရှိနေကြောင်း နာရီမှတွေ့ရ၏။ ကျွန်ုပ်အိပ်ရာမှထ မျက်နှာသစ်ပြီး အိမ်ခန်းတံခါးသော့ပိတ်၍ ရှိုးကေ့(စ်)ထဲမှ ပစ္စည်းအားလုံးကို လက်ကိုင်ပဝါနှင့်ထုပ်ယူခဲ့ပြီး ထောင်ပျက်သို့ လမ်းလျှောက်ခဲ့ပါသည်။ ယခုရွှေလမင်းဆေးရုံလမ်းနှင့် ဗိုလ်ချုပ်လမ်းထိပ်တွင်ရှိ ဆိုက်ကားဂိတ်တွင် ဆိုက်ကားဆရာ (၄) ဦး ဆိုက်ကားပေါ်တွင် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရပြီး အချိန်မှာ နောက်တစ်နေ့ နံနက် (၁း၀၀)နာရီရောက်ရှိနေပါပြီ။ ဆိုက်ကားဆရာကို အတူလိုက်ခဲ့ရန် နှိုးမည်ပြုပြီး မနှိုးဖြစ်ဘဲ ကျွန်ုပ်တစ်ဦးတည်း ထောင်ပျက်ထဲသို့ လက်နှိပ်ဓာတ်မီးဖြင့်ဝင်ရောက်ခဲ့၏။ထိုအချိန်တွင် ထောင်ပျက်ထဲတွင် စားဖားရှာနေသော လက်နှိပ်မီးကိုင် (၂) ဦး တွေ့ရသည်။ ကျွန်ုပ်ကိုလည်း စားဖားလာရှာသည်ဟု ထင်ကြပေမည်။

ကျွန်ုပ် ပစ္စည်းရယူခဲ့သောနေရာ အုတ်ပုံပျက်အရောက်တွင် လေအရှိန်အဟုန်ဖြင့် တိုးဝှေ့လိုက်မှုကို ခံစားရပြီး ကြက်သီးမွေးညင်းထလာခဲ့၏။ သို့သော် စိတ်ထိန်းပြီးလာခဲ့ရာ ပစ္စည်းယူခဲ့သောနေရာအရောက် တွင် This place ဟူ၍ ခပ်သဲ့သဲ့အသံဟု ကြားမိသည်။ ကျွန်ုပ်လည်း ပါလာသော ပစ္စည်းထုပ်ကို ထုတ်ယူပြီး -

"ပုဂ္ဂိုလ်ကြီးခင်ဗျာ၊ ကျွန်တော်ရယူခဲ့သောပစ္စည်းအားလုံး ဒီမှာပါခင်ဗျာ"

ဟု ပြောပြီး အတူပါလာခဲ့သော ရမ်ပြားလေးကိုမှော့ပြီး အိမ်သို့ခပ်သွက်သွက်ပြန်လာခဲ့သည်။ အိမ်သို့အရောက်တွင် ယမကာအရှိန်လားဘာလားတော့ မသိပါ။ အိပ်ပျော်သွားခဲ့ရာ နံနက် (၇း၃၀) နာရီမှ အိပ်ရာမှနိုးခဲ့သည်။

အိပ်ရာမှထကာ မျက်နှာသစ်ပြီး ထောင်ပျက်ထဲသို့ သွားပြီးထားခဲ့သော ပစ္စည်းနေရာကို ကြည့်ရှုခဲ့ပါသည်။ သို့သော် အဘယ်ပစ္စည်းမှ မတွေ့ရခဲ့ပါ။ သောက်သုံးခဲ့သော ယမကာရမ်ပြားလေး အဖုံးပိတ်ပြီး ထောင်ထားလျက်တွေ့ရှိရပြီး ပုလင်းအဖုံးပေါ်တွင် လက်ဝါးကပ်တိုင်လည်ဆွဲလေးတစ်ခုတွေ့ရ၏။ ကျွန်ုပ်အဘယ်အရာကိုမျှမယူဘဲ ထောင်ပျက်ထဲမှထွက်ခဲ့ပါသည်။ ထိုအကြောင်းကို မည်သူ့ကိုမျှမပြောဖြစ်ခဲ့ပါ။ နောက်ရက်များတွင် ထိုပုဂ္ဂိုလ်ကြီးလည်း ပေါ်မလာတော့ပါ။

ထိုအဖြစ်အပျက်များကို ပြန်လည်သုံးသပ်ကြည့်သောအခါဝယ် (၁) ယမကာကြောင်တာလား၊ (၂) စိတ်ကစဉ့်ကလျားဖြစ်စဉ်လား၊ (၃) အမှန်တကယ်လားဟူ၍ ခွဲခြားမရဖြစ်ခဲ့ရသည်။ သို့ရာတွင် မည်သည့်အချက်ကိုမျှ ယတိဖြတ်ဆုံးဖြတ်ချက် မချမှတ်နိုင်ခဲ့ပါ။

ကျွန်ုပ် ဗုဒ္ဓ၏ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်တို့ကို သင်ကြားခံယူခဲ့ဖူးရာ အဘိဓမ္မာ အပိုင်း (၁) တွင် စိတ်ပိုင်း၊ စေတသိက်ပိုင်း၊ ပကိဏ်းပိုင်း၊ အပိုင်း (၂) တွင် ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ ရုပ်ပိုင်း၊ အပိုင်း (၃) တွင် သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊ ကမ္မဋ္ဌာန်းပိုင်းဟူ၍ သင်္ဂြိုဟ်(၉) ပိုင်းလေ့လာသင်ယူခဲ့ရာ ဝီထိမုတ်ပိုင်း (ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့ကို ပြသရာအပိုင်း) တွင် (၃၁) ဘုံကို သင်ယူခဲ့ရသည်။ ယင်းတို့မှာ အပါယ် (၄) ဘုံ၊ ကာမသုဂတိ (၇) ဘုံ၊ ရူပါဝစရ (၁၆) ဘုံ၊ အရူပါဝစရ (၄) ဘုံ ဟူ၍ သိရှိခဲ့ရပြီး အပါယ် (၄)ဘုံတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ကာမသုဂတိ (၇) ဘုံတွင် လူ့ပြည်၊ နတ်ပြည် (၆) ထပ်၊ ရူပါဝါစရ (၁၆) ဘုံတွင် ဗြဟ္မာပြည်ရှိပြီး ပထမစျာန်ရ ဗြဟ္မာ (၃) ဘုံ၊ ဒုတိယစျာန်ရ ဗြဟ္မာ (၃) ဘုံ၊ တတိယစျာန်ရ ဗြဟ္မာ (၃) ဘုံနှင့် စတုတ္ထစျာန်ရ ဗြဟ္မာ (၇)ဘုံတို့ကိုသင်ယူခဲ့ရပြီ အရူပါဝစရ ဗြဟ္မာဘုံ (၄) ဘုံကိုလည်း သင်ယူခဲ့ရသည်။

အပါယ် (၄) ဘုံရှိ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ၊ အသူရကာယ် ဟူသော (၄) ဘုံရှိ ပြိတ္တာနှင့် အသူရကာယ်တို့သည် အမျိုးအစားပေါင်းများစွာရှိကြောင်း လေ့လာသင်ယူခဲ့ရသည်။ ခေတ်အရ အမျိုးမျိုး ခေါ်ဆိုနေကြသော ပရလောကသား၊ ဝိညာဉ်၊ နာနာဘာဝ၊ ဝိနာဘာဝ၊ သရဲတစ္ဆေ၊ မှင်စာ၊ ကျတ်၊ ဖုတ် စသည့် အခေါ်အဝေါ်အမျိုးမျိုးတို့သည် ပြိတ္တာနှင့် အသူရကာယ်တို့မှ ခွဲထွက်ကြသော ပုံသဏ္ဌာန်၊အရွယ်အစား၊စွမ်းအားအမျိုးမျိုးစီရှိကြသော အပါယ်ဘုံသားများဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထိုကဲ့သို့သော အမျိုးအစားများထဲမှ ဝေမာနိကပြိတ္တာသည် အမျှအတမ်းပေးဝေခဲ့ပါက ထိုဘဝမှ ကျွတ်လွတ်နိုင်ကြောင်း သိရှိခဲ့ရ၏။ သရဲတစ္ဆေရှိကြောင်း ယုံကြည်လာမိခဲ့သည်။

ယခုဖော်ပြခဲ့သော အဖြစ်အပျက်သည် ကိုယ်တိုင်ကြုံတွေ့ရသော ဇာတ်လမ်းဖြစ်ပြီး-

၁။ ယမကာအရှိန်ကြောင်မှုကြောင့်လား၊

၂။ စိတ်ကစဉ့်ကလျားဖြစ်စဉ်လား၊

၃။ အမှန်တကယ်ဖြစ်ရပ်ပင်လား -

ဟူသည်ကို အတွေ့အကြုံအရ သိရှိရသူများကို မေးမြန်းရမည်ဖြစ်ပေသည်။သို့သော် ကိုယ်တွေ့အတွေ့အကြုံကိုမူ ရေးသား ဖော်ပြလိုက်ရပါသည်။

စိုးညိုအကျော်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ညွှန်ကြားရေးမှူး၏ရုံးခန်းမှပြန်အထွက်တွင် အောက်ထပ်သို့ ပြန်မဆင်းသေးဘဲ အောဒစ်ပုခေါ်သော လုပ်ငန်းစစ်ဆေးရေးဌာနဘက်သို့ လျှောက်လာလိုက်သည်။ ထိုဌာနတွင် ဆရာဦးဖေမောင်ရှိနေ၍ ဖြစ်ပါသည်။ ရုံးခန်းအတွင်းသို့ ဝင်လိုက်သောအခါ ဆရာသည် ဖိုင်တစ်ခုကိုလှန်ပြီး စစ်ဆေးနေသည်ကိုတွေ့လိုက်ရသည်။ကျွန်တော် ဝင်လာသည်ကိုမြင်သောအခါ သူမှာ ဝမ်းသာအားရဖြစ်နေသည်။

"ဟာ - ဟေ့ ကိုနီကြီး လာဗျ။ မတွေ့တာတောင် အတော်ကြာသွားပြီ။ ဘယ်ကလှည့်လာတာလဲ"

"ညွှန်မှူးခေါ်လို့ တက်လာရင်း ဆရာ့ဆီကိုဝင်လာတာပါ။ အထွေအထူး မရှိပါဘူး"

ကျွန်တော်တို့ရုံးသည် နယ်ရှိရုံးများတွင်တစ်လှည့်၊ ရန်ကုန်ရုံးချုပ်တွင် တစ်လှည့် ကူးပြောင်းပြီး တာဝန်ထမ်းဆောင်ရသောဝန်ထမ်းများဖြစ်ရာ ဆရာနှင့် ကျွန်တော်သည် လွန်ခဲ့သောနှစ်အတန်ကြာတုန်းက မြန်မာနိုင်ငံ၏ အနောက်ဘက်စွန်းတွင် တည်ရှိသော မောင်တောမြို့နယ်တွင် အတူတာဝန်ကျဖူးသည်။ ထိုနယ်ရုံးတွင် ကျွန်တော်တို့သည် မိသားစုမပါဘဲ အတူနေအတူစားဖြင့် နေထိုင်ခဲ့ဖူးသောကြောင့် ခင်မင်နေခြင်း ဖြစ်သည်။

ဆရာသည် ဘေးစားပွဲတွင်ရှိနေသော ရေနွေးကြမ်းဓာတ်ဘူးကို လှမ်းယူကာ ပန်းကန်များအတွင်းတွင် ထည့်နေသည်။ ကျွန်တော်တို့သည် အချိန်အတန်ကြာ ရေနွေးကြမ်းသောက်ရင်း ရောက်တတ်ရာရာများကို ပြောဆိုနေရင်းမှ ကျွန်တော်က သတိရလာသဖြင့် မေးလိုက်သည်။

"ဆရာ၊ မောင်တောမှာနေတုန်းက ဆရာ့ဘဝဇာတ်ကြောင်းကို ပြောပြတာ မှတ်မိနေသေးလား"

"မှတ်မိတာပေါ့ဗျာ၊ ခင်ဗျားကိုယုံကြည်လို့ပြောပြခဲ့တာပဲ"

"အဲဒီတုန်းက အချိန်လည်းသိပ်မရလို့ စကားဖြတ်လိုက်ရတယ်။ ကျွန်တော်ဖြင့်သိချင်တာတွေရှိနေသေးတယ်။ ဆရာပြောပြနိုင်သေးလား"

ဆရာသည် အတန်ကြာအောင် ရေနွေးကြမ်းကိုငုံ့သောက်နေရင်း စဉ်းစားနေသည်။ ထို့နောက်မှ -

"ပြောပြနိုင်ပါတယ်၊ ဒီဇာတ်လမ်းတွေက အတိတ်ကအကြောင်းတွေဆိုတော့ အခုပြောပြရင် ဒဏ္ဍာရီလို ဖြစ်နေတာပေါ့။ဒါပေမယ့် ကာယကံရှင်တွေဖြစ်တဲ့ကျွန်တော်တို့မှာတော့ အဲဒီတုန်းကဆိုတာ အသည်းအသန်ပေါ့ဗျာ"

"ကျွန်တော်မှတ်မိနေတာက ဆရာ ရထားနဲ့သွားပြန်နေရင်း ရှမ်းမလေးတစ်ယောက်နဲ့တွေ့တာ၊ နောက် ဆရာက လိုက်ရှာတော့မတွေ့ဘူး။ ဒါပေမယ့်မျှော်လင့်မထားတဲ့အခါမျိုးမှာ ရောက်လာတယ်။ သူနဲ့လည်း ဟိုနားဒီနား သွားကြလာကြတယ်ဆိုတာတွေ ဆရာ ပြောပါတယ်။ အဲဒီနောက်ပိုင်း ဘာတွေဖြစ်သေးလဲဆိုတာပါပဲ"

ဆရာသည် ရေနွေးကြမ်းကိုမှတ်သောက်ရင်း စဉ်းစားကာ တဖြည်းဖြည်း ပြောပြပါသည်။

❑

မောင်ဖေမောင် တက္ကသိုလ်ကျောင်းသားဘဝတုန်းက တစ်ရက် ကျောင်းပိတ်ရက် အိမ်ပြန်အလာတွင် ရထားပေါ်၌ အမျိုးသမီးတစ်ယောက်နှင့် တွေ့ဆုံခဲ့သည်။ ထိုအမျိုးသမီးနှင့် အတော်ကလေးရင်းနှီးသွားသည်။သို့သော်



www.burmeseclassic.com

www.burmeseclassic.com

# မဟာသျှို

သိုက်နန်းရှင်



ထိုအမျိုးသမီးကလေးသည် ဆရာနှင့်သာ ဆက်ဆံတွေ့ဆုံပြီး အခြားသူများပါလျှင် အတွေ့မခံပေ။

မောင်ဖေမောင်သည် ပထမပိုင်းတွင် သူငယ်ချင်းများနှင့် သူမနေထိုင်ရာ အိမ်သို့သွားရာစဉ်က မတွေ့သော်လည်း နောက်ပိုင်းတွင် တစ်ယောက်တည်းသွားသောအခါများတွင် မနန်းစောကို တွေ့ရလေသည်။ သာစည်ဘူတာမှာ လမ်းခွဲဘူတာဖြစ်ခြင်းကြောင့် မြင်းခြံဘက်မှလာသောရထားများသည် သာစည်တွင် လမ်းဆုံးသည်။ ရန်ကုန်သို့ဆက်သွားမည်ဆိုပါက သာစည်တွင် ရထားပြောင်းစီးရသည်။မောင်ဖေမောင်သည် ရန်ကုန်သို့ ကျောင်းတက်ရန်သွားလျှင် သာစည်ဘူတာ၌ ရထားပေါ်ကဆင်းသည်ဆိုသည်နှင့် မနန်းစောက ဘူတာတွင် ရောက်ရှိနေတတ်ပြီး နှစ်ဦးသားဆုံတွေ့သည်။ သူမမှာလည်း ထိုအချိန်တွင် ရန်ကုန်သို့သွားရန် ကိစ္စရှိသည်ဆိုလျှင် နှစ်ယောက်သား ပျော်တပြုံးပြုံးဖြင့် ရထားအတူစီးသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မနန်းစောလိုက်လာသည်ဆိုလျှင် စားစရာသောက်စရာများကို ကြားဘူတာများ၌ သူ၏အမျိုးဆိုသူများက လာပို့တတ်ပြီး ပျော်ပျော်ပါးပါးစားသောက်သွားကြပါသည်။ အပြန်ဆိုလျှင်လည်း ဘူတာတွင် ရထားဆိုက်စဉ် အောက်မှ ဒေသထွက်ကုန်များဆိုပြီး လာပေးသေးရာ မောင်ဖေမောင်အတွက်လည်းပါသည်ဆိုပြီးပေးသေးသည်။ သာစည်ရောက်လျှင်တော့ မနန်းစောတို့အိမ်မှာ တစ်ညတော့အိပ်ရသည်။ သူတည်းနေကျအခန်းကလေးတွင် ပါလာသော အိပ်ရာလိပ်သေတ္တာများထားပြီး နှစ်ဦးသား ဧည့်ခန်းတွင်ထိုင်၍ဖြစ်စေ၊ ပန်းခြံထဲတွင်ထိုင်ပြီးဖြစ်စေ ရောက်တတ်ရာရာများပြောကြသည်မှာလည်း အခါခါပင်ဖြစ်တော့သည်။

တစ်ရက်တွင် ကျောင်းပိတ်သောကြောင့် မောင်ဖေမောင်သည် မြင်းခြံအိမ်တွင်ရှိနေစဉ် အိမ်ရှေ့မှ ဆူဆူညံညံအသံများကြားသောကြောင့် ထကြည့်ရာ မိန်းကလေးတစ်သိုက်ဖြစ်သည်။ ဘယ်သူများလဲဟု အသေအချာကြည့်နေစဉ် ထိုမိန်းကလေးအုပ်ထဲ၌ မနန်းစောပါလာသည်ကို တွေ့ရသည်။ ဖြူဖြူနုနုမို့ အဝေးကကြည့်လျှင်ပင် ထင်ရှားနေသောကြောင့်မှတ်မိနေခြင်းဖြစ်သည်။

သူမသည် မိန်းကလေးတစ်သိုက်နှင့်အတူ အိမ်ရှေ့တွင်ရပ်နေသည်ကို တွေ့ရလျှင် သူမှာအံ့ဩနေသည်။

"ဟာ - မနန်းစောတို့ပါလား"

သူတို့ကလည်း ဝမ်းသာသွားပြီး လက်ပြလှမ်းခေါ်သည်။

"ကိုဖေမောင် လာလေ၊ ဘာလုပ်နေတာလဲ"

သူတို့အုပ်စုမှာ မိန်းကလေးဆယ်ယောက်ခန့်ရှိသည်။ ပန်းတွေလည်းကိုင်ထားသေးသည်။ အချိန်မှာ နံနက်စောစောကြီးဖြစ်ရာ လမ်းပေါ်တွင်လည်း လူသူရှင်းနေပြီး မောင်ဖေမောင်တို့ပွဲရုံမှာလည်း အလုပ်သမားများမရောက်သေးပေ။ မောင်ဖေမောင်သည် အိမ်ပေါ်ထပ်မှဆင်းသွားပြီး မိန်းကလေးအုပ်စုကိုသွားတွေ့သည်။

**"မနန်းစောတို့ပါလား၊ လာလေ အိမ်ထဲကိုဝင်ပါဦး။ ဘယ်ရထားနဲ့ပါလာတာလဲ"**

**"ကိုဖေမောင်၊ ဒါတွေပြောမနေနဲ့။ လာ - လိုက်ခဲ့၊ ဘုရားသွားရအောင်လာခေါ်တာ၊ လိုက်မှာလား"**

မောင်ဖေမောင်သည် ဟိုကြည့်ဒီကြည့်လုပ်နေသေးသည်။ သူ့အိမ်မှတစ်စုံတစ်ယောက်ရှိနေမည်လား၊ အလုပ်သမားတစ်ယောက်ယောက်များရှိမည်လားဟု ရှာကြည့်ခြင်း ဖြစ်သည်။ တွေ့လျှင်ပြောသွားမည်ဟု စိတ်ကူးရှိသည်။ သူတို့နေအိမ်မှာ ပွဲရုံနှင့်တွဲထားခြင်းဖြစ်ရာ အစဉ်အမြဲလူသူအရိပ်အယောင်ရှိသည်။ ယခုတော့ မည်သူကိုမျှ မတွေ့ရသည်နှင့် မိန်းကလေးအုပ်စုထဲ ယောင်ချာချာနှင့်ပါသွားတော့သည်။

သူတို့လူအုပ်သည် မြို့တွင်းလမ်းများကိုဖြတ်ပြီး မြို့စွန်ရှိ အိမ်တော်ရာဘုရားကြီးဆီသို့ လျှောက်လာလိုက်ကြသည်။ လမ်းတွင် မနန်းစောနှင့်အဖော်ပါလာသောမိန်းကလေးများမှာ စီစီဝေအောင် စကားတွေပြောလာလိုက်ကြသည်မှာ ဘုရားသို့ရောက်မှန်းမသိပင်ရောက်လာကြသည်။ ထိုအချိန်အထိ မောင်ဖေမောင်မှာ မည်သည့်စကားကိုမျှမပြောဖြစ်ဘဲ မနန်းစော၏နောက်မှ ကုပ်ကုပ်ကလေးသာ လိုက်ပါလာဖြစ်သည်။ မနန်းစောလက်ထဲမှာတော့ လှပမွှေးကြိုင်သည့်ပန်းများပါသည်။ သည်မျှလှပသည့်ပန်းများကို သူယခင်ကမမြင်ဘူးချေ။ ပန်းများမှာ အဆုပ်အဆုပ်နှင့် နီသည့်ပန်းကနီသည်၊ ဖြူသည့်ပန်းကဖြူသည်။ သည်ပန်းတွေကို တစ်ပွေ့ကြီးပိုက်ပြီး သူမတို့ယူလာကြခြင်း ဖြစ်သည်။

"ကျွန်မသူငယ်ချင်းတွေ ဒီမှာရှိတယ်။ ဘုရားပွဲရှိတယ် လာခဲ့ပါဆိုလို့ ရောက်လာတာ"

"မနန်းစောအိမ်က အဖော်တွေ ကောပါသေးလား"

ယခင်ကဆိုလျှင် မနန်းစော ခရီးသွားလျှင် လိုက်ပါတတ်သော အညာဖျင်ကြီးကိုဝတ်ထားတတ်သည့် ဦးကြီးကို ရည်ညွှန်းပြီး မေးလိုက်ခြင်း ဖြစ်သည်။

"ဪ- ဦးကြီးကိုပြောတာလား၊ ပါတယ်။ တည်းခိုတဲ့အိမ်မှာနေရစ်တယ်။ ကျွန်မက ဒီကသူငယ်ချင်းတွေနဲ့အတူ ဘုရားသွားရအောင်ဆိုပြီးထွက်လာတာ"

"ဘုရားကပြန်ရင် မနန်းစောတို့ ကျွန်တော်တို့အိမ်ကိုလာလည်ဦးလေ"

"လည်မှာပေါ့၊ အိမ်ကျမှ ဟန်ကြီးပန်ကြီးမလုပ်နဲ့နော်"

"ဪ-မလုပ်ပါဘူး။ မနန်းစောတို့အိမ်ကို ကျွန်တော်လိုက်လည်တာများပြီလေ။ ဒီတစ်ခါ ကျွန်တော့်အိမ်ကို ရောက်ဖူးသွားတာပေါ့။ မနန်းစောတို့အိမ်လိုတော့ မသန့်ရှင်းဘူးနော်။ ပွဲရုံရှိနေတော့ လူရှုပ်တယ်။ ဆေးတွေနဲ့ဆိုတော့ အနံ့အသက်လည်းရှိတယ်"

"အောင်မယ်-ရပါတယ်ရှင်... လာဖို့ဖိတ်တာကိုပဲ ကျေးဇူးတင်...

အိမ်တော်ရာဘုရားကြီးမှာ... ပေါင်းဘုရားကြီးဖြစ်ပြီး အလွန်... ကြီးသည်ဟု ထင်ရှားသည်။ ... မောင်တို့သည် ဘုရားကို တစ်... ကြည့်ပြီးနောက် ကြာသပလ္လင်... ထိုင်လိုက်ကြသည်။ ပန်းကပ်... သောက်တော်ရေဖြည့်သူဖြည့်၊ ... တော်ပေါ်တွင် တံမြက်စည်းလှည်း... လှည်းနှင့် ကုသိုလ်ပြုကြပါသည်။ ... ပွဲရှိသည်ဆိုသော်လည်း နံနက်... ကြီးဖြစ်သဖြင့် လူသူရှင်းနေသည်။

ဘုရားရှိခိုးပြီးသော် အလှူ... သို့ အလှူငွေထည့်ကြသည်။ ... မောင်မှာ အိမ်မှာနေရင်းလိုက်... ဖြစ်သောကြောင့် ပိုက်ဆံမပါပေ... မနန်းစောက-

"ကိုဖေမောင်၊ သွားလှူဦး...

"နေပါစေ မနန်းစော၊ ကျွန်... ဒီဘုရားကိုမကြာမကြာရောက်... နောက်မှလှူမယ်"

"အောင်မယ်လေးနော်၊ ... များ နောက်မှရယ်လို့၊ ရော့ရော့- ... မှာပါတယ်၊ လှူလိုက်"

ဟုဆိုကာ မောင်ဖေမောင်... ထဲသို့ အလှူငွေများထည့်သည်။ ... ဖေမောင် ငုံ့ကြည့်လိုက်သော... အကြွေမဟုတ်ဘဲ ဝင်းပြောင်... ရွှေတုံးလေးများဖြစ်နေသည်။ ... စေ့အရွယ်လေးများဖြစ်၏။ ရွှေ... စေ့များပင်ဖြစ်မည်။ မောင်... သည် ငုံ့ပြီးကြည့်နေစဉ် အနား... နေသော မနန်းစောက -

"သွားလေ ကိုဖေမောင်၊ ... လိုက်"

ဟု ဆိုသောကြောင့် ... ချာနှင့်ထပြီး အလှူခံပုံးများထဲ... လက်ထဲမှ ရွှေမန်ကျည်းစေ့မျာ... ထည့်သည်။ သူနှင့်အတူ အခြား... မလေးများသည်လည်း အလာ... ထည့်နေသည်။ မောင်ဖေမော... ရွှေစများလှူသည်ကို တစ်ခါမှ... သောကြောင့် မနန်းစောကို အံ့... ကြည့်နေသည်။ မနန်းစော... မည်သို့မျှမပြောဘဲ အနားမှသူ... များနှင့်လှည့်ပြီး စကားပြော... ခဏအကြာတွင် နေလည်... ပူလာသည်နှင့် သူတို့အုပ်စု... သည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းတွင် မနန်းစောက -

"ကိုဖေမောင်၊ အခုနေပူနေပြီ။ ကိုဖေမောင် ဒီညဘုရားပွဲလည်ရအောင် လာခေါ်မယ်။ အိမ်ကို ညနေပိုင်းကျရင် လာခဲ့မယ်။ လိုက်မယ်မှတ်လား"

"ရပါတယ် အားနေတာပဲ။ မနန်းစောမလာပါနဲ့၊ ကျွန်တော် လာခေါ်ပါမယ်။ ကျွန်တော့်မြို့ပဲဟာ"

"ရတယ် ကိုဖေမောင် ပြန်နှင့်၊ ညနေသာစောင့်နေနော်"

ဟုဆိုပြီး မနန်းစောတို့မိန်းကလေးတစ်သိုက် ရယ်ကာမောကာနှင့် လမ်းခွဲသွားသည်။ မောင်ဖေမောင်သည်လည်း အိမ်ပြန်လာလိုက်သည်။ အိမ်ရောက်မှ မနန်းစောကိုဘယ်မှာတည်းနေသလဲဟု မေးလိုက်မိသည်ကို နောင်တရမိသည်။ သူ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင်လာနိုင်သည်ကိုလည်း စဉ်းစားနေသည်။

ညနေပိုင်းရောက်သောအခါတွင် မောင်ဖေမောင်သည် ဖင်တကြွကြွဖြစ်နေသည်။ မနန်းစော ဘယ်ကပေါက်ချလာမည်ဆိုသည်ကို စောင့်ကြည့်နေခြင်းဖြစ်သည်။ ညနေ ငါးနာရီ ပွဲရုံပိတ်သည်အထိ ပေါ်မလာသေးပေ။ ခြောက်နာရီထိုးသည်အထိ ပေါ်မလာ။ စိတ်ပျက်ပြီး အိမ်ထဲပြန်ဝင်မည်ပြုသော (၇) နာရီခန့်အမှာ မနန်းစောသည် အဖော်မိန်းကလေးများနှင့် အိမ်ရှေ့ရောက်လာသည်။ ဘယ်သည့်လမ်းကလာလိုက်မှန်းပင်မသိလိုက်ပေ။

"ကိုဖေမောင်၊ စောင့်နေတာကြာပြီလား။ လာလေ၊ သွားရအောင်"

သို့နှင့် ကိုဖေမောင်သည် မိန်းကလေးတစ်သိုက်နှင့် ပါသွားပြန်သည်။ အတူပါသော မိန်းကလေးများသည် ဆူဆူညံအောင်စကားများပြောခြင်း လိုက်ပါလာကြသည်။ မကြာမီ ဘုရားပွဲသို့ရောက်သည်။ ဘုရားပွဲမှာ ညဘုရားပွဲဖြစ်သောကြောင့် အပြင်ဘက်တွင် လှည်းဝိုင်းကြီးများရှိနေပြီး အသာဘာဝချက်ပြုတ်စားသူများ၊ ပွဲကြည့်ရန်ပြင်ဆင်နေသူများ၊ ပွဲကြည့်ရန်ပြင်ဆင်နေသူများနှင့် စည်ကားနေပါသည်။ လှည်းဝိုင်းကြီး၏အတွင်းမှာတော့ ရောင်းကြသည်များ၊ မုန့်လေပွေ့ရောင်းသူများ မုန့်ရောင်းသူ၊ အအေးရောင်းသူ၊ လက်ဖက်ရည်ရောင်းသူများနှင့်ပြည့်ကျပ်နေသည်။ အတွင်းပိုင်းတွင်တော့ အဝတ်အထည်ရောင်းသူ၊ အရုပ်ရောင်းသူ စသည်ဖြင့် ဆိုင်များနှင့်စည်ကားနေပါသည်။ တစ်ခုထူးနေသည်မှာ ပွဲတော်လာသူများသည် လက်ဝတ်လက်စားများကို သီးနေအောင်ဆင်လာကြခြင်းပင်ဖြစ်၏။ ဟိုလူကိုကြည့်လိုက်လျှင် နားတောင်းနှင့် ဘယက်နှင့်၊ သည်လူကိုကြည့်လိုက်လျှင် ဆွဲကြိုးကြီးနှင့်လက်ကောက်တံတောင်ဆစ်ရောက်နှင့်၊ လူများ၏ပုံပန်းမှာလည်း ရှေးခေတ်ကလူများလို အဝတ်ကောင်းအစားကောင်းများကို ဆင်မြန်းထားကြသည်။ တော်စွလျော်စွဝတ်စားဆင်ယင်ထားသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။ မောင်ဖေမောင်သည် သူတွေ့နေသူများကိုတအံ့တသြကြည့်ရင်းလိုက်ပါလာရသည်။ မနန်းစောကတော့ ဘာမှမထူးသလို သူငယ်ချင်းများနှင့်ပြောလိုက်၊ မောင်ဖေမောင်နှင့် လှည့်ပြောလိုက်နှင့် လိုက်လာသည်။

ဘုရားပေါ်ရောက်တော့ တစ်ပတ်ပတ်ကြသည်။ ပြီးသော် တန်ဆောင်းတစ်ခုအတွင်းသို့ဝင်ပြီး ဆင်းတုတော်များကို ရှိခိုးဦးချကြသည်။ သည်တစ်ကြိမ် အိမ်မှပိုက်ဆံယူလာသဖြင့် မောင်ဖေမောင်က သူ့အိတ်ထဲမှပိုက်ဆံကိုထုတ်ပြီး ဘုရားအလှူခံပုံးထဲသို့ထည့်ရန်သွား၏။ မနန်းစောက မောင်ဖေမောင်ကိုလှမ်းဆွဲပြီး သူ့လက်ထဲတွင် ဆုပ်ကိုင်ထားသော ရွှေမန်ကျည်းစေ့လေးများကိုပေးသည်။ တန်ဆောင်းထဲတွင် ဆင်းတုတော်အတော်များသည်။ အလှူခံပုံးကလည်း များသည်။ ရှိသမျှအလှူခံပုံးများထဲသို့ ရွှေမန်ကျည်းစေ့များ လိုက်ထည့်နေရသည်မှာ အတော်ပင်များနေပေသည်။ သို့သော် မနန်းစောကတော့ သူထည့်တိုင်းပေးနေသည်။ အံ့သြစရာတော့ ကောင်းနေပေသည်။

ဘုရားဖူးပြီးသော် သူတို့တစ်သိုက်သည် ပွဲဈေးလျှောက်လည်ကြသည်။ ဘုရားပွဲဈေးတန်းကြီးမှာ ရှည်လျားလှသည်။ သူတို့သည် ဆိုင်တစ်ဆိုင်ထဲဝင်ထိုင်လိုက်ကြပြီး စားသောက်ဖွယ်ရာများကိုကြည့်လိုက်သောအခါ ကောက်ညှင်းကျည်တောက်နှင့်မုန့်လေပွေ့ရောင်းသောဆိုင်ဖြစ်နေသည်။ ဗန်းကြီးများနှင့်ရောင်းနေသည်။ သို့နှင့် ကောက်ညှင်းကျည်တောက်များကိုမှာပြီး ငါးခြောက်ကြော်နှင့်စားကြသည်။ လက်ဖက်ရည်မရောင်းပေ။ ရေနွေးကြမ်းနှင့်စားရသည်။ စားသောက်ပြီးသော် ပြန်ကြသည်။ မနန်းစောက နောက်နေ့တွေလည်း ဘုရားပွဲလည်ဦးမည်ဟုပြောသွား၏။ မောင်ဖေမောင်အနေဖြင့်မူ တောဘုရားပွဲဖြစ်သောကြောင့် တစ်ခေါက်လောက်သွားပြီးလျှင် မသွားလိုတော့သော်လည်း မနန်းစောသွားချင်သည်ဆိုသောကြောင့် မငြင်းနိုင်ပေ။

ထိုသို့ဘုရားပွဲကို သုံး၊ လေးရက်လည်ပြီး နောက်တစ်ရက် ညဦးပိုင်းတွင် မနန်းစော မောင်ဖေမောင်၏အိမ်သို့ ရောက်လာသည်။ ယခင်အခါများတုန်းကသို့ပင် မြန်းစားကြီးရောက်ချလာခြင်းဖြစ်သည်။ ပွဲရုံတွင် အလုပ်သိမ်းစဖြစ်သောကြောင့် အလုပ်သမားအနည်းငယ်ရှိနေသေးသည်။ မောင်ဖေမောင်သည် မနန်းစောကို အိမ်ရှေ့ပန်းခြံထဲရှိခုံတွင် ထိုင်စေပြီး ထွေရာလေးပါးပြောဆိုနေသည်။ သူမနှင့်အတူအဖော်မိန်းကလေးသုံး၊လေးယောက်ပါသေးသည်။ သူတို့ကို အိမ်ပေါ်ခေါ်သော်လည်း မလိုက်သောကြောင့် အိမ်ရှေ့တွင်ပင်ထိုင်ပြီး စကားပြောကြခြင်း ဖြစ်သည်။ အိမ်ပေါ်လိုက်လာလျှင် အမေနှင့်မိတ်ဆက်ပေးလိုက်မည် ဖြစ်သည်။ အမေသည် မိန်းကလေးများကိုချစ်တတ်သည်။ မနန်းစောကိုလည်းချစ်မည်ပင်။

သူတို့ဝိုင်းထိုင်ပြီးစကားပြောကြနေကြသည်ကို အိမ်ရှိအလုပ်သမားများက ဂရုမစိုက်ဘဲ လုပ်စရာရှိသည်များကိုလုပ်နေကြသည်။ ခေတ္တမျှထိုင်ပြီး စကားပြောပြီးနောက် မနန်းစောနှင့်မိန်းကလေးများပြန်ကြသည်။ မောင်ဖေမောင်လည်း အိမ်ထဲသို့ပြန်ဝင်လာလိုက်သည်။

ထိုသို့ မောင်ဖေမောင်က သွားလိုက်၊ မနန်းစောကလာလိုက်နှင့် လေး၊ ငါးရက်နေပြီးသော် မနန်းစောပြန်သွားသည်။ မောင်ဖေမောင် တစ်ယောက်တည်း ငေါင်စင်းစင်း ယောင်ချာချာနှင့် အိမ်ထဲဝင်လိုက်၊ ပြန်ထွက်လိုက်ဖြစ်နေသည်။ သူ့မှာ မပျင်းစဖူးပျင်းနေသည်။ အမေ့ကို လယ်ဂျာစာအုပ်တွင် စာရင်းရေးသွင်းပေးနေရသော်လည်း စိတ်မပါဘဲဖြစ်နေသည်။ မောင်ဖေမောင်တစ်ယောက် ထိုကဲ့သို့ဂနာမငြိမ်ဖြစ်နေသည်ကို အိမ်ရှိလူများက မသိမဟုတ်၊ သိနေကြပါသည်။ သူ့အမေဆိုလျှင် သား၏အရိပ်အကဲကြည့်နေသည်ဖြစ်ခြင်းကြောင့် အားလုံးကိုသိသည်။ မောင်ဖေမောင် ညနေဘက်ပျောက်သွားခြင်း၊ အိမ်ရှေ့ပန်းခြံထဲတွင်ထိုင်ပြီး တစ်ယောက်တည်း စကားပြောနေခြင်း၊ ရယ်မောနေခြင်းများကို တွေ့နေရသည်ဖြစ်ရာ သူ့မောင်နှင့်ပြောဖြစ်သည်။

"ဟဲ့-မောင်ဖေမောင်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ အစ်မလေး သားက"

"နင်တို့မမြင်ဘူးလား။တစ်ယောက်တည်းထိုင်ပြီးရယ်လိုက်၊စကားပြောလိုက်နဲ့"

"အစ်မလေးသား စာကျက်နေတာမဟုတ်ဘူးလား"

"ဘယ်ကလာ စာကျက်ရမှာတုံး။ အပေါ်ထပ်ကနေ လမ်းပေါ်ကိုရပ်ကြည့်လိုက်၊ တော်ကြာ ပန်းခြံထဲဆင်းပြီး ရယ်လိုက်မောလိုက်၊ အပေါ်ထပ်ပြန်တက်သွားလိုက်နဲ့ ယောက်ယက်ကိုခတ်နေတာ"

"ဟုတ်လား၊ ကျွန်တော်တို့ကတော့ အမူမဲ့အမှတ်မဲ့ဆိုတော့ မသိလိုက်ဘူး။ ကျွန်တော် သူ့ကိုမေးကြည့်လိုက်ပါဦးမယ်။ အစ်မလေးကလည်း ဖေမောင်က ကလေးမှမဟုတ်တာ စိတ်မပူပါနဲ့"

သို့နှင့် မောင်ဖေမောင်ကို ဦးကြီးကမေးကြည့်သည်။

"မောင်ဖေမောင်၊ ခုတစ်လော တစ်ယောက်တည်းထိုင်ပြီး စကားပြောလားပြောရဲ့၊ ရယ်လားမောလားလုပ်လားလုပ်ရဲ့ဆို၊ ဘာတွေဖြစ်နေတာလဲ"

"ဘယ်မှာတစ်ယောက်တည်းရမှာလဲ၊ မိတ်ဆွေတွေလာလို့ပါ"

"ဘယ်သူလာလို့လဲ၊ ငါတို့လည်း မမြင်ပါလား"

"ဟာ - ဦးကြီးပုတော့ ခက်နေပြီ၊ ကောင်မလေးတွေလာတာမမြင်ဘူးလား"

"မင်းမှာဘယ်တုံးကမိန်းကလေးသူငယ်ချင်းရှိလို့လဲ မောင်ဖေမောင်ရယ်၊ ဘယ်သူတွေများလဲ"

"သာစည်ကပါ၊ ဒီကိုရောက်တုန်းလာလည်တာ"

"မင်းနှယ်ကွာ၊ ဧည့်သည်လာတာများ အိမ်ထဲကိုခေါ်ပါတော့လား။ ဘယ်မှာဧည့်ခံတာတုံး"

"အိမ်ထဲမှာ လူတွေများတော့ သူတို့မဝင်ချင်ဘူးဆိုတာနဲ့ ရှေ့ကပန်းခြံထဲမှာထိုင်ကြတာ။ ခဏနေပြီးပြန်တာပါပဲ"

မောင်ဖေမောင်၏ ဦးကြီးသည် သူ၏အစ်မကိုပြန်ပြောသည်။

"အစ်မလေး၊ မောင်ဖေမောင်က သူ့မိတ်ဆွေ မိန်းကလေးတွေလာတယ်ပြောတယ်၊ အစ်မတွေ့လား"

"ဘယ်ကလာ မောင်ပုရယ်၊ ငါကြည့်နေတာပဲ၊ ဘယ်သူမှမလာပါဘူး။ နင်လည်း တစ်နေ့လုံးရှိနေတာ ဘယ်သူလာတာမြင်လို့လဲ။ ဧည့်သည်လာရင်တွေ့ရမှာပေါ့"

"ဟုတ်တယ်၊ ကျုပ်လည်းမမြင်မိပါဘူး။ ဒီကောင်ထူးတော့ထူးတယ်"

"အေး-ဘာလုပ်ရင်ကောင်းမလဲ"

"ဟိုစွယ်တော်ကျောင်းနားမှာနေတဲ့ ဆရာညာဏ်ကိုခေါ်ပြရင်ကောင်းမလား၊ သူက ပယောဂတို့၊ စုန်းတို့၊ နတ်တို့နိုင်တယ်ပြောကြတာပဲ"

"အေး - ကောင်းတယ်၊ နင်နေ့လယ်လောက်သွားခေါ် ချေစမ်း။ မေးစမ်းကြည့်ရအောင်"

သို့နှင့် နေ့လယ်ပိုင်းတွင် ဦးပုက သွားခေါ်သဖြင့် ဆရာညာဏ်ရောက်လာသည်။ အမေက မောင်ဖေမောင်ကိုပြပြီး ဆရာညာဏ်နှင့် တိုင်ပင်သည်။

"ဆရာရေ လုပ်ပါဦး။ ကျွန်မသားဟာ တစ်ယောက်တည်းနေပြီး ရယ်လိုက်မောလိုက်၊ ဟိုသွားလိုက်ဒီသွားလိုက်၊ ထွက်သွားလိုက်ပြန်လာလိုက်နဲ့ သူအရင်ကဒီလိုမဟုတ်ဘူး။ သူ့ကြည့်ရတာလည်း တစ်မျိုးကြီးပဲ"

"သူ့စရိုက်က ဘယ်လိုလဲ။ တစ်ယောက်တည်း အေးအေးနေတတ်သလား၊ သူများတွေနဲ့ရောရောနှောနှောနေတတ်သလား"

"သူ့ဟာသူနေတာများပါတယ်၊ စာဖတ်နေတာပဲ။ဒါပေမယ့် ခုတစ်လောနေပုံထိုင်ပုံအချိုးပြောင်းနေလို့"

"ဘယ်လိုပြောင်းတာလဲ"

"ကျွန်မလည်း ဘယ်လိုပြောရမလဲတောင်မသိတော့ဘူး။ သူ့ကြည့်ရတာ ဂနာမငြိမ်ဘူး။ ယောက်ယက်ခတ်နေတယ်။ တစ်ယောက်တည်းထိုင်နေပြီး စကားပြောလားပြောရဲ့၊ တော်ကြာရယ်ချင်ရယ်နေပြန်ရော။ ညနေပိုင်းဆို ပျောက်ပျောက်သွားတယ်။ ဘယ်သွားလဲဆိုတော့ ဘုရားသွားတယ်ပြောတယ်။ သူအရင်ကဘုရားတွေဘာတွေသိပ်သွားလေ့သွားထမရှိပါဘူး။ အခုမှဘယ်လိုဖြစ်လဲမသိဘူး။ တယ်ပြီးဘုရားသွားတာပဲ"

"အင်း - ဆန်းတော့ဆန်းတယ်။ ဟန်ပန်ကတော့ပုံမှန်ပါပဲ။ အကျိုးအကြောင်းသိရအောင် ကန်တော့ပွဲထိုးပြီး မေးရမယ်။ ဒါပေမယ့် သူမရိပ်မိအောင် အိမ်မှာ ဘုရားကိုးဆူကပ်မယ်ဆိုပြီး ပွဲပြင်၊ ဘုရားပွဲသုံးပွဲ၊ သာသနာ့ပွဲသုံးပွဲလည်းပြင်ထား၊ ကျုပ်လာခဲ့မယ်"

သို့နှင့် အိမ်တွင် ဘုရားကိုးဆူပူဇော်ကန်တော့ပွဲပြုလုပ်သည်။ ထုံးစံအရ အိမ်သားအားလုံး ဘုရားကန်တော့ရသည်။ ဆရာက ဘုရားများရှေ့တွင် ထိုင်ပြီးကြည့်နေသည်။ မောင်ဖေမောင် ကန်တော့ပြီးသောအခါ ဆရာ့ဘေးတွင် ဝင်ထိုင်သည်။ ဆရာက အာလာပ သလ္လာပသဘောမျိုးမေးသည်။

"မောင်ဖေမောင်၊ အခုတစ်လော အိမ်မှာမနေဘဲဘယ်သွားနေတာလဲ"

"ရှိပါတယ်ဆရာ၊ ဟိုနားသည်နား သွားနေတာ"

"အင်း - ဒါကြောင့်ထင်တယ် မောင်ဖေမောင်ကို ခုတစ်လော ဘုရားကြီးဘက်မှာ မကြာမကြာတွေ့နေရတာ"

"ဟုတ်တယ်ဆရာ၊ မိတ်ဆွေတွေလာတာနဲ့ ဘုရားဘက်ရောက်ဖြစ်တာပါ"

"မြို့ထဲက မိတ်ဆွေတွေနဲ့လား ဘုရားပွဲသွားတာ"

"မဟုတ်ဘူး ဆရာ။ မိတ္ထီလာက မိတ်ဆွေတွေလာတာနဲ့ ဘုရားသွားတာ။ ဘုရားပွဲကလည်းရှိနေတော့ လည်တာပတ်တာပေါ့ ဆရာရယ်"

မောင်ဖေမောင်ကို မေးစမ်းပြီးသောအခါ နောက်ပိုင်းတွင် ဆရာသည် မောင်ဖေမောင်၏အမေနှင့် စကားပြော ဖြစ်သည်။

"သူက မိတ္ထီလာက မိတ်ဆွေတွေ လာတာနဲ့ ဘုရားသွားတယ်ပြောတယ်"

"ကျွန်မ သိရသလောက် ဘယ် မိတ်ဆွေတွေနဲ့မှသွားတာလာတာမတွေ့ ရပါဘူး ဆရာရယ်။ သူတစ်ယောက် တည်းထွက်သွားတာပါပဲ။ ဒီကကောင် လေးတွေကို နောက်ကလိုက်ကြည့်ခိုင်း တော့လည်း ကြည့်နေရင်း ဘယ်ပျောက် သွားတယ်မသိဘူး။နောက်ကလိုက်ကြ နေရင်းနဲ့ ပျောက်ပျောက်သွားတယ် ပြောကြတယ်"

"အင်း - ထူးတော့ထူးဆန်း တယ်။သူ့ပုံပန်းသဏ္ဌာန်ကိုကြည့်ပြန်တော့ လည်း ဣန္ဒြေမပျက်ဖြစ်နေ၊ ခင်ဗျား ပြောတော့လည်း လမ်းမှာတင် ပျော ပျောက်သွားတယ်ဆိုတော့ ခက်နေ ပေါ့။ အင်းလေ၊ စမ်းတော့စမ်းကြည့် သေးတာပေါ့"

သို့နှင့် မောင်ဖေမောင်ကို ဆ ကပြောသည်။

"လာကွာ မောင်ဖေမောင်၊ အမေလည်း မင်းကိုစိုးရိမ်နေတယ်။ ဘုရားလာကန်တော့ဦး။ ပြီးရင် ဆ မေးတာတွေကိုဖြေ၊ ရတယ်မဟုတ်လ

မောင်ဖေမောင်သည် ဆ ဉာဏ်ကို ငယ်ကြောက်ဖြစ်ရာ ဆ ဘုရားလာကန်တော့၊ မေးစ သည်



www.burmeseclassic.com

www.burmeseclassic.com

ဦးမည်ဆိုသည်ကိုမပြင်းရဲပေ။ သို့နှင့် ဆရာ့ရှေ့တွင်ထိုင်ပြီး ဘုရားကန်တော့ရသည်။ ဆရာညဏ်က ဘေးမှာကွမ်းအစ်တစ်လုံးနှင့်ထိုင်နေသည်။မောင်ဖေမောင် ဘုရားကန်တော့အပြီးတွင် ဆရာညဏ်သည်း ဘုရားကိုကန်တော့၍ အဟိန်း ဂါထာကိုရွတ်သည်။

"ယော. . . သည်တစ်ခါ ငါဖေညီ နစ်ကို ငှီကာဖြင့်လောင်းတော့မည်၊ တ်ပြောင်းသက်ခွာ ဂါထာမန္တန် မှော် စုန်းနတ်အရပ်ရပ်ကို ထပ်ထပ်နှောက် အရှင့်ဘုန်းနှင့်ထုံးလိုခြေ၊ ကဝေ ရ လက္ခဏာဒီပ ဘေသဇ္ဇပါရဂူ၊ သရဖူ ဉာဉဏ်နှင့်တေဇော ဝါယောဓာတု တ်ဆေးကုမှာလည်း သူ့ထက်ဆယ်ဆ လို့ဘဲကျသေး . . . "

စသည်ဖြင့် မန္တန်ကိုဦးခံကာ ရွတ်တော့သည်။ အတန်ကြာရွတ်ဖတ်ပြီး သော မောင်ဖေမောင်၏ဦးခေါင်းကိုကိုင် ရွတ်ဆိုပြန်သည်။

"ဦး-မှိုင်းဆရာမှိုင်း၊ မ-ဆရာ-မ၊ သူငယ်မှာ အစွဲရှိလျှင် အခုလာပြ၊ အခု လော့"

မောင်ဖေမောင်သည် လက်အုပ် ဘုရားကိုအာရုံပြုနေသည်။ ဆရာ သည် အချိန်အတန်ကြာစောင့်ဆိုင်းနေ သည်။ မောင်ဖေမောင်ကတော့ မလှုပ် ဆရာကရွတ်ပြန်သည်။

"ဦး-မှိုင်းဆရာမှိုင်း၊ မ-ဆရာ-မ၊ ဒီမှာအစွဲရှိလျှင်ဆိုင်းမနေနဲ့။ အခု ပြ ဆရာ့အမိန့်"

မောင်ဖေမောင်ကတော့ ဣန္ဒြေ ဘုရားကိုသာ အာရုံပြုနေသည်။ ဆရာသည် နောက်တစ်ကြိမ်ရွတ်ဆိုပြီး ကိုပြခိုင်းသည်။ အကြောင်းမထူးပါ။ ဆရာသည် ရေတစ်ခွက်ကိုမန်းပြီး ပက် ကာ မန္တန်များကိုရွတ်ပြန်သည်။ သည့်အကြောင်းမျှမထူးပါ။ သို့နှင့် မောင်ဖေမောင်ကို လက်အုပ်ဖြေပြီး ဆရာမှထ၍ သွားလိုရာသွားခွင့်ပြုလိုက် တော့သည်။

မောင်ဖေမောင်နှင့် ဆရာတို့လုပ် ပုံကို ဒေါ်ဦးက ဘေးမှထိုင်ကြည့်နေ သူ့သားကို အကဲခတ်နေသည်။ မည် သည့်အကြောင်းမျှမထူးသည်ကိုတွေ့နေ သည်။ ဆရာကပြောသည်။

"မဦးရေ၊ အကြောင်းတော့ဘာမှ ပါဘူး။ ထူးရင်တော့ချက်ချင်းပေါ် အစွဲရှိရင်လည်းဝင်လာပြီးပြောရ အခု ဘာမှမဝင်တော့ အစွဲတွေ တွေလဲရှိပုံမပေါ်ဘူး။ စိတ်အေးအေး သာထားပါ။ မောင်ဖေမောင်ဘာမှမဖြစ် ပါဘူး"

"ဆရာရယ်၊ အကြောင်းမထူးဘူး ဆိုရင်လည်း ကောင်းပါတယ်။ ကျွန်မတို့ က သူ့အတွက် စိုးရိမ်တာပါပဲ။ မတော် တဆ လူပြိုစားတာတို့၊ မကောင်းတဲ့ အမှောင့်ပယောဂတို့ကပ်ငြိပြီး ဒုက္ခ ရောက်မှာတို့ကို စိုးရိမ်တာပါပဲ"

"ကျုပ်လည်း လုပ်စရာရှိတာကို ဌာန်ကုန်အောင်လုပ်တာပဲ။ ရှိရင်တော့ ဝင်ကိုဝင်တယ်။ ဘာမှအပူးအကပ်မရှိ တော့ သူ့မှာအနှောင့်အယှက်မရှိလို့ဘဲ အောက်မေ့ရမှာပေါ့"

သို့နှင့် ဆရာနှင့်စစ်ခြင်းကိစ္စပြီး သွားသည်။ မောင်ဖေမောင်ကတော့ အနေမပျက်အထိုင်မပျက်ပေ။ မကြာမီ ကျောင်းဖွင့်သောကြောင့် မောင်ဖေမောင် ကျောင်းပြန်တက်ရသည်။ ကျောင်းပြန် မသွားမီ အမေကမှာသည်။

"လူလေး၊ ပဲခူးကိုရောက်ရင် ကိုအောင်ဒင်တို့အိမ်ကိုဝင်လိုက်ဦး။အမေ ရစရာတွေရှိတယ်"

ကိုအောင်ဒင်ဆိုသူမှာ သူတို့ပွဲရုံ က ဆေးများကိုယူပြီး ဆေးလိပ်လိပ်နေ သော ပဲခူးမှဆေးလိပ်ခုံပိုင်ရှင်ဖြစ်သည်။ အိမ်ကျယ်ကြီးဆောက်ပြီး ဆေးလိပ် သမများနှင့်ဆေးလိပ်လိပ်နေသည်။ သူ့ တွင် သမီးသုံးယောက်ရှိရာ တစ်ယောက် ယောက်နှင့် မောင်ဖေမောင်ကို နီးစပ် စေလို၍သွားခိုင်းခြင်း ဖြစ်သည်။

"သူတို့နဲ့ အမေတို့က စီးပွားဘက် တွေဆိုတော့ ဒီလိုပဲသွားလာနေရတယ်။ လူလေး ဒီတစ်ခါ ပဲခူးရောက်ရင် သူတို့ အိမ်မှာ တစ်ရက်၊ နှစ်ရက်လောက်နေ လိုက်။ သူတို့လုပ်တာကိုင်တာကိုလည်း သိရအောင်ကြည့်။ ကိုယ်ကပစ္စည်းပေး ထားတော့ သူ့အခြေအနေကိုလည်း အကဲခတ်ရတယ်"

"ဟုတ်ကဲ့ပါ အမေ၊ တည်းပါ့မယ်"

သို့နှင့် မောင်ဖေမောင် ကျောင်း ပြန်သွားသည်။ မြင်းခြံမှရထားစီးပြီး ရန်ကုန်မရောက်မီ ကြားဘူတာ သာစည်တွင် ရထားပြောင်းစီးရသည်။ ယခင် အခါများကဆိုလျှင် သာစည်ဘူတာ၌ ရထားဆိုက်သည်ဆိုလျှင် မနန်းစောကို တွေ့မြဲဖြစ်သည်။ သည်တစ်ခါမှာတော့ မတွေ့ပေ။ မနန်းစောက အိမ်အလုပ်နှင့် ရှုပ်နေ၍ပြည်တက်လိုက်၊ ရန်ကုန်သွားလိုက် နှင့် သွားလာနေသောကြောင့် မတွေ့ ခြင်းဖြစ်မည်ဟု ထင်သည်။ သို့နှင့် လည်တဆံ့ဆံ့နှင့် တွေ့လိုတွေ့ငြားစောင့် ရင်း အစုန်ရထားနှင့်ပါသွားသည်။ စိတ် ကတော့ ခပ်ပျက်ပျက်ဖြစ်သွားသည်။

ပဲခူးဘူတာရောက်တော့ သူငယ် ချင်း ကိုခင်မောင်လေးက လာကြိုနေ သည်။ သူ့ထံသို့ ကြေးနန်းစာပို့ထား၍ ဖြစ်သည်။ သူငယ်ချင်းမျက်နှာမြင်လိုက် တော့မှ အားလုံးကိုမေ့သွားပြီး နှစ် ယောက်သား ထင်ရာမြင်ရာတွေပြော ရင်း သူ့အိမ်သို့ပါသွားသည်။ အိမ်ရောက် တော့ မောင်ဖေမောင်ကပြောသည်။

"ဒီမှာ ကျုပ်ပြောမယ်၊ မယ်တော် ကြီးကမှာလိုက်တယ်။ ပဲခူးရောက်ရင် ဦးအောင်ဒင်ကြီးအိမ်ကိုသွားလိုက်ဦးတဲ့။ ဟိုမှာ တစ်ရက်၊ နှစ်ရက်လောက်နေဦး လို့ပြောတာပဲ"

"အံမယ်- နန်းခင်ကလေးတို့အိမ် မှာ ကိုယ်တော်ကနေဦးမယ်ပေါ့"

"ဘယ်သူတုံးဗျ၊ နန်းခင်ဆိုတာ"

"နန်းခင်ဆိုတာ မြနန်းခင်ကိုပြော တာ၊ သူတို့ညီအစ်မသုံးယောက်ရှိတယ်။ မြနန်းခင်၊ မြသန်းကျင်နဲ့နန်းရွှေခင်ဆိုတာ သုံးယောက်၊ ဒီပဲခူးမှာ စတားတွေပေါ့ ဗျာ။ သူတို့ကခေတာမဟုတ်ဘူး။ ခေတ် ပညာတတ်၊ မြို့မကျောင်းမှာနေတာ။ အကြီးမက မက်ထရစ်ကျလေးရှင်းဖြေ ထားတယ်။ အလတ်မက ဒီနှစ် ဟိုက်စ ကူးဖိုင်နယ်ဖြေတယ်။ အငယ်မကတော့ အခုမှ အထက်တန်းတက်တာ။ ခေတ် ပညာလည်းတတ်၊ ရုပ်ရည်ကလည်းချော၊ သဘောလည်းကောင်းတော့ ဝိုင်းဝိုင်း လည်နေတာပေါ့ဗျာ"

"ခင်ဗျားကသိလှချေကလားဗျ"

"သိဆိုဗျာ၊ သူတို့က လူငယ်တိုင်း ပါးစပ်ဖျားမှာ ရေပန်းစားနေတာကိုး။ သူ တို့ညီအစ်မက ဒီပဲခူးမှာ အချောဆုံး၊ အလှဆုံး လူသိအများဆုံးလေ။ ဒီတော့ ဟိုလူပြောဒီလူပြောနဲ့ဆိုတော့သိနေတာ ပေါ့။ ခင်ဗျားတွေ့မှာပါ၊ ရုပ်ချော သဘောကောင်းတွေ။ သူတို့ကမွန်တွေ ဗျ။ ဒီပဲခူးမှာ ဟိုးရှေးတုန်းကတည်းက နေလာခဲ့တဲ့မွန်တွေ"

သို့နှင့် သူတို့နှစ်ယောက်သည် ဦးအောင်ဒင်၏ ဆေးလိပ်ခုံသို့ ရောက် သွားကြသည်။ ဆေးလိပ်ခုံမှာ ကြီးမား သောခြံကြီးအတွင်းရှိအိမ်ကြီးတစ်ဆောင် ၏ဘေးတွင် ကြီးမားသော အဆောင်ကြီး တစ်ခုထုတ်ထားပြီး ဆေးလိပ်သမ(၁၀၀) ခန့်က ခုံကလေးများနှင့်ထိုင်ပြီးလိပ်နေ ကြခြင်းဖြစ်သည်။ သူတို့လောကအခေါ် မှာတော့ မကြီးမသေးဆေးလိပ်ခုံဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်ဖေမောင်တို့ရောက်သွားသောအခါ ဦးအောင်ဒင်က ဝမ်းသာအားရကြိုဆိုသည်။ သူ့မိန်းမလည်း ရောက်လာသည်။

"လာဟေ့ မောင်ဖေမောင်၊ မောင်လာမယ်ဆိုတာ မနေ့က သံကြိုးရတယ်။ လာထိုင်၊ ဟဲ့ - မနန်းခင်၊ ဒီမှာ မောင်ဖေမောင်ရောက်လာပြီ"

"မောင်ဖေမောင်၊ လာလာ-အဒေါ်တို့ကမျှော်နေတာ၊ ခုနေ့လယ်ရထားနဲ့ပါလာတာလား"

"ဟုတ်တယ်၊ ခုနေ့လယ်ရထားနဲ့ ပါလာတာခင်ဗျ"

ဦးအောင်ဒင်၏မိန်းမ ဒေါ်နန်းခင်လည်းရောက်လာပြီး ဝမ်းသာအားရကြိုဆိုသည်။ သမီးများက ပေါ်မလာကြသေးပေ။ အချိန်အတန်ကြာ စကားစမြည်ပြောဆိုနေစဉ် စည်စည်ဝေသော စကားသံများကြားရပြီး မိန်းကလေးသုံးယောက် အိမ်ပေါ်သို့တက်လာသည်။ မောင်ဖေမောင် လှည့်ကြည့်လိုက်သောအခါ ချောမောလှပသော မိန်းကလေးများဖြစ်နေသည်။

ဦးအောင်ဒင်က -

"ဟဲ့ - သမီးတို့လာကြ။ ဒီမှာ မိတ္ထီလာက ဒေါ်ဦးရဲ့သား မောင်ဖေမောင် ရောက်နေတယ်"

မိန်းကလေးများသည် သူတို့မိဘများထိုင်နေသောထိုင်ခုံများဘေးကြမ်းပေါ်တွင် ကျုံ့ကျုံ့ကလေးဝင်ထိုင်ကြသည်။ ဒေါ်နန်းခင်က မိတ်ဆက်ပေးသည်။

"သမီးတို့မှတ်ထား၊ ဒါမိတ္ထီလာက မောင်ဖေမောင်တဲ့။ ရန်ကုန်ကောလိပ်မှာ ကျောင်းတက်နေတာ။ ဒါက ဒီပဲခူးက ပဲ ရွှေမြင်းပျံဆေးလိပ်ခုံကသူငယ်၊ ဒါက အဒေါ်တို့သမီးတွေ။ မောင်တို့က ရန်ကုန်ကောလိပ်မှာ အတူတက်နေကြတာလား"

မိန်းကလေးများက မောင်ဖေမောင်ကို မော့ကြည့်ကြသည်။ မျက်နှာကလေးများက ကြည်ကြည်လင်လင်နှင့် မျက်နှာဝိုင်းကလေးများဖြစ်သည်။ မိဘများနှင့် တန်းတူမထိုင်ဘဲ အောက်ဘက်တွင်ထိုင်နေကြပုံမှာလည်း မြန်မာဆန်ပြီး ယဉ်ကျေးဖွယ်ရာရှိလှသည်။

"ဟုတ်တယ် အဒေါ်၊ ကျွန်တော်တို့က ကောလိပ်ကျောင်းမှာ အတူတက်နေတာ။ အတန်းလည်းတူ ယူတဲ့ဘာသာတွဲချင်းကလည်း တူတယ်လေ"

မောင်ဖေမောင်သည် သူတို့ပြောနေသည်ကို နားထောင်ရင်း ကျောထဲက စိမ့်ခနဲဖြစ်ပြီး ယားတတ်လာသည်။ ထို့နောက်တွင် တစ်ကိုယ်လုံးယားလာသောကြောင့် ဟိုကုတ်သည်ကုတ်နှင့် ဖြစ်လာပြီး ဣန္ဒြေပါပျက်လာသည်။ ထို့နောက်တွင် မျက်နှာနှင့်လက်မောင်းများတွင် အလာဂျီခေါ် အဖုအပိမ့်များ ထွက်လာသည်။ အသားဖြူသူဖြစ်သောကြောင့် အဖုအပိမ့်များမှာ သိသာသည်။ မောင်ဖေမောင် ဣန္ဒြေမရဖြစ်နေသည်ကို ဒေါ်နန်းခင်က သတိထားမိသည်။

"ဟင် - မောင်ဖေမောင့်ဆီမှာ အယားဖုတွေထွက်လို့ပါလား။ ဟဲ့-သမီးတို့၊ ကျောက်ချဉ်သွားယူချေစမ်း။ သွေးလိမ်းရအောင်။ ဒီကဆေးမှုန့်တွေနဲ့ မတည့်ဘူးနဲ့တူတယ်"

"နေပါစေ အဒေါ်၊ ရပါတယ်။ ကျွန်တော် ပြန်လိုက်ဦးမယ်။ နောက်မှလာမယ်"

သို့နှင့် စကားဖြတ်ပြီး မောင်ခင်မောင်ကလေးအိမ်သို့ပြန်လာခဲ့ကြသည်။ အိမ်ပြန်ရောက်သော် အကျႌကိုချွတ်ပြီး ကြည့်ကြသည်။ ဟိုအိမ်မှာထိုင်နေတုန်းက ထွက်လာသော အင်ဖျဉ်များသည် တဖြည်းဖြည်းပြန်လည်ပျောက်ကွယ်သွားပြီး အကောင်းအတိုင်းပြန်ဖြစ်နေသည်ကို တွေ့ရသည်။

"ခင်ဗျားဗျာ၊ အရေးကောင်း-ဒိန်းဒေါင်းဖျက်ဖြစ်နေပြီ။ ကောင်မလေးတွေရောက်လာမှဖြစ်ရတယ်လို့ပဲ။ ဆေးလိပ်ခုံကဆေးမှုန့်တွေကြောင့်ဆိုရအောင်လည်း ဒီအိမ်မှာလည်း ဆေးလိပ်လိပ်တာပဲ။ အယားဖုထွက်ရင် ဒီမှာလည်း ထွက်ရမှာပေါ့"

"မသိပါဘူးဗျာ၊ ယားလိုက်တာ မနည်းဣန္ဒြေဆောင်နေရတယ်။ အလာဂျီတွေဆိုတာ မနည်းဘူးထွက်လာလိုက်တာ။ အခုတော့လည်းမရှိတော့ပြန်ဘူး။ အဆန်းပဲဗျ၊ ဘယ်နှယ့်လဲ မသိဘူး"

ဟုတ်ပါသည်။ ဆေးလိပ်သမများ လိပ်သည့် ဆေးမှုန့်များကြောင့်ဆိုလျှင် မောင်ခင်မောင်ကလေးတို့အိမ်မှာလည်း ဆေးလိပ်လိပ်သည်ဖြစ်ရာ ဒီမှာလည်း ဖြစ်ရပေမည်။ ဟိုအိမ်မှာ ရုတ်ခြည်းဖြစ်ရသည်မှာ ထူးဆန်းလှပေသည်။

မကျေနပ်သောကြောင့် နောက်နေ့ နေ့လယ်ပိုင်းတွင်သွားပြန်သောအခါ အယားဖုများမထွက်ပေ။ သို့ရာတွင် သည်တစ်ကြိမ်တွင် သမီးသုံးယောက်စလုံးမရှိချိန်ဖြစ်နေ၍ မောင်ဖေမောင်လည်း ထိုအိမ်တွင် တည်းခိုဖို့မစဉ်းစား ဖြစ်တော့ပေ။ ထို့ကြောင့် သုံး၊ လေးရက်နေပြီးလျှင် ကျောင်းတက်ရန် ရန်ကုန်သို့ ဆက်သွားသည်။မောင်ခင်မောင်ကလေးက ဆောင်ရွက်စရာရှိသည်ဆိုပြီး ပဲခူးမှာ ပင်ကျန်ခဲ့သည်။ မောင်ဖေမောင်တစ်ယောက်တည်း ဘူတာဆင်းရသည်။

ပဲခူးဘူတာရောက်သော် မန္တလေး ရန်ကုန် စာပို့ရထားကိုစီးသည်။ သည်ရထားမှာ ဘူတာစဉ်မရပ်ဘဲ ဘူတာကြီးအချို့မှာသာရပ်ခြင်းကြောင့် အေးအေးဆေးဆေးစီးချင်၍တက်စီးလာခြင်းဖြစ်သည်။ လက်မှတ်ကိုလည်း ပထမတန်း ဝယ်စီးလာသည်။ ရထားဆိုက်သော် စိတ်အေးလက်အေးပင် ပထမတန်းတွဲပေါ်တက်လာပြီး တွဲအလယ်လောက်တွင် ထိုင်ခုံလွတ်နေသောကြောင့် ဝင်ထိုင်လိုက်သည်။ ထိုင်ခုံတွင်ဝင်ထိုင်ပြီး ဘေးဘီကိုကြည့်ရာအံ့သြသွားလေသည်။ သူထိုင်နေသောခုံနှင့် တစ်ခုံကျော်တွင် မနန်းစောကိုမြင်လိုက်ရသောကြောင့်ဖြစ်သည်။

မောင်ဖေမောင်သည် ချက်ချင်းပင် နေရာမှထ၍ မနန်းစောတို့နေရာသို့ ရောက်သွားသည်။ သည်တစ်ကြိမ်တွင်မူ သူမခရီးသွားလျှင် လိုက်ပါမြဲဖြစ်သော ဦးကြီးကိုမတွေ့ရဘဲ မိန်းကလေးတစ်ယောက်သာ အဖော်ပါလာသည်။

"ဟင် - မနန်းစောပါလား ရန်ကုန်ကိုသွားဖို့လား"

"ဟုတ်တယ်၊ ကိုဖေမောင်ကို တွဲပေါ်တက်လာတည်းကမြင်တာ။ ကိုဖေမောင် ကျွန်မတို့ကို မတွေ့ဘူးမဟုတ်လား"

"အေးဗျာ၊ သူငယ်ချင်းပါမလာတာနဲ့ အထုပ်အပိုးတွေနဲ့ဆိုတော့ ဘေးဘီမကြည့်ဖြစ်ဘူး။ ကျွန်တော် ဒီနား လာထိုင်မယ်လေ။ လူရှိလား"

"မရှိပါဘူး၊ လာထိုင်ပါ"

သို့နှင့် မောင်ဖေမောင် မနန်းစောတို့အနားသို့ရောက်သွားသည်။ တွေ့ လေးပါးပြောဆိုနေရင်းမှ မနန်းစော ဖြုန်းစားကြီးမေးချလိုက်သည်။

"ကိုဖေမောင်၊ မိန်းကလေးတွေ သတိရနေလား"

"ဗျာ - ဘယ်မိန်းကလေးတွေ လဲ"

"မသိချင်ယောင်ဆောင်နေလို့ တာ၊ ဟိုဆေးလိပ်ခုံကမိန်းကလေး ယောက်လေ"

မောင်ဖေမောင်သည် အံ့ဩ ၍ လက်ထဲကစာအုပ်ပင်လွတ်ကျ သည်


အတွဲ (၃၅) အမှတ် (၉) စဉ် ၃၆၆ ဇော်ဝင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com

မနန်းစောကတော့ အဝေးဆီ ရှုထားပြတင်းပေါက်မှ မျှော်ကြည့်ရင်း အေးစက်သောအမူအရာဖြင့်မေးနေခြင်း ဖြစ်သည်။

"မနန်းစောဘယ်လိုသိတာလဲ"

"ကိုဖေမောင်မေးမနေနဲ့။ ကျွန်မနဲ့ ခွဲခွာနေရတယ်ဆိုပေမယ့် ကိုဖေမောင် ဘယ်သွားသွား၊ ဘယ်ကိုလာလာ ကျွန်မ သိနေတယ်ဆိုတာ မှတ်ထားပါ။ အဲဒီနေ့က အဲဒီအိမ်မှာနေလို့မရအောင်လုပ်တာ တို့ဘာတို့ဆိုတာတွေက ကျွန်မမကြိုက် ရင်ဖြစ်မှာဘဲ"

"ဟင်-အဲဒီနေ့ကနေလို့မရအောင် ထားတာဟာ မနန်းစောလုပ်တာပေါ့"

မနန်းစောက ဘာမှပြန်မပြော ဘေး အဝေးသို့ကြည့်နေရင်းပြောသည်။

"ကျွန်မ ပြောတယ် မှတ်လား၊ ကျွန်မမကြိုက်ရင် မရဘူးဆိုတာကို။ ကိုဖေမောင်ကို ဆရာနဲ့အိမ်မှာခေါ်မေး တာလည်း သိတာပဲ။ မေးချင်တာမေး လေ၊ ကျွန်မတို့က သူတို့မေးလို့ရတဲ့ဟာ မျိုးမဟုတ်ဘူး"

ကိုဖေမောင်မှာ မေးမြန်းစရာတွေ ရှိလာသည်။ လူချင်းမတွေ့ဆုံဘဲနှင့် သူမ က သူနှင့်ဆရာဘာကြောင့်တွေ့သည်ကို မည် သည့်အတွက်ကြောင့် သိနေပါသနည်း။ သူတို့အိမ်မှာ ဘုရားကိုးဆူပူဇော်ပွဲလုပ် သည်ကို သိနေသည်ဟုဆိုလိုက်ခြင်းမှာ ထူးဆန်းနေပေသည်။

"ဒီမှာ ကိုဖေမောင်၊ သိပ်လည်း ထူးဆန်းမနေနဲ့။ ကိုဖေမောင်နဲ့ကျွန်မဟာ အတိတ်ဘဝတစ်ခုတုန်းက အတူနေခဲ့ ကြဖူးတယ်။ ဘဝတွေပြောင်းတော့ ကွဲ ကွာသွားပြီး အခုဘဝမှာပြန်လည်ဆုံ တွေ့ကြတာ။ အခုလိုဆုံတွေ့တဲ့အခြေ အနေရောက်အောင် နှစ်တွေအများကြီး စောင့်ခဲ့ရတယ်။ ခုအချိန်မှာ ကိုဖေမောင် တစ်ယောက်ယောက်နဲ့ပြိုင်စွန်းမှာမဖြစ်စေ ချင်ဘူး။ အဲဒါ မြဲမြဲမှတ်ထားပါ"

"ဒီလိုဆိုရင် မနန်းစောကဘာလဲ၊ ကျွန်တော်နဲ့မနန်းစောနဲ့ ရှေ့ခရီးကဘယ် လိုလဲ"

"ကျွန်မဘာဆိုတာအရေးမကြီးပါ ဘူး။ ကိုဖေမောင်သာတခြားမိန်းကလေး တွေနဲ့ လွတ်လွတ်ကင်းကင်းနေဖို့ပဲလို တယ်။ ကျွန်မတို့ရှေ့ခရီးကတော့ လူကြီး တွေ စီမံသလိုပဲဖြစ်မယ်။ အတူနေရင် လည်းနေရမယ်။ အခုလိုပဲဖြစ်ချင်လည်း ဖြစ်နေမှာပဲ"

"ဒီလို တစ်ဖက်သတ်ကြီးလုပ်လို့ ဘယ်ရမလဲ။ ကျွန်တော့်ဘဝကို ကျွန်တော်ကိုယ်တိုင်လည်း ဆုံးဖြတ်ပိုင်ခွင့်ရှိ ရမှာပေါ့"

ကိုဖေမောင်မှာ စကားပြောရင်း ဒေါသသံပါလာသည်။

ထိုအခါကျမှ မနန်းစောက မျက်ရည်လည်ရွဲဖြင့် -

"ကိုဖေမောင်၊ ဒီလိုတစ်ဖက်သတ် ပြောဖို့မကောင်းဘူး။ ကျွန်မတို့နှစ်ယောက် ပြန်ပြီးဆုံတွေ့ဖို့ နှစ်တွေဘယ်လောက် စောင့်ခဲ့ရသလဲဆိုတာ ကိုဖေမောင်မသိ ဘူး။ ကျွန်မဘက်ကပြန်ကြည့်ပါဦး။ ပြန် ပြီးဆုံတွေ့တဲ့ဘဝမှာ ကိုဖေမောင်က ကျွန်မကိုပစ်ပြီး တခြားမိန်းကလေးတစ် ယောက်နဲ့တွဲမယ်ဆိုတာ ဖြစ်သင့်သလား ဆိုတာ"

"အခုပြောပုံအရဆိုရင် မနန်းစော နဲ့ကျွန်တော်နဲ့က ဘဝခြားနေပြီ။ ဘယ် လိုပြန်ပြီးဆုံတွေ့နိုင်မှာလဲ။ ဒါကိုလည်း ပြန်စဉ်းစားဦးလေ"

"ကဲ-ထားပါဦးလေ။ နှစ်ယောက် တွေ့တဲ့အခါမှာ စိတ်ညစ်စရာတွေချည်း ပြောမနေပါနဲ့။ အရင်လို ပျော်စရာ ကောင်းတာလေးတွေပြောပါဦး"

မောင်ဖေမောင်မှာ စိတ်နှလုံးနူးညံ့ သူဖြစ်ရာ မနန်းစောကချော့တော့လည်း စိတ်ပြောင်းသွားပြီး ရယ်စရာမောစရာ ကလေးများပြောရင်း လိုက်ပါသွားပါ သည်။ ရန်ကုန်ရောက်တော့ ဘူတာကြီး မှာပင် လမ်းခွဲသွားကြသည်။

❑

ဆရာသည် ပြောလက်စစကားကို ရပ်လိုက်ပြီး ရေနွေးကြမ်းကို ငှဲ့သောက် နေပါသည်။ ကျွန်တော်ကတော့ ဆရာ ဘဝဇာတ်ကြောင်းကို သိချင်နေသေး သည်။

"နောက်တော့ကော ဘာဖြစ်သေး လဲဆရာ"

"အင်း - ဇာတ်လမ်းကတော့ အရှည်ကြီးပါပဲ။ နောက်ပိုင်း ကျွန်တော့် ကို မိန်းမပေးစားရအောင် အမေကစီစဉ် တယ်။ ဒီပဲခူးက ဦးအောင်ဒင်ရဲ့သမီး အကြီးဆုံးနဲ့။ မင်္ဂလာဆောင်တဲ့ညကဆို ရင် ကြောက်ဖို့တောင်ကောင်းတယ်။ မြနန်းခင်ကို ဘီလူးစီးသလိုတက်စီးတာ။ ကျွန်တော်တို့အတူအိပ်လို့မရဘူး။ လည် ပင်းကိုညှစ်တယ်၊ ခုတင်ပေါ်ကဆွဲချ တယ်။ ခွဲအိပ်နေရတယ်"

"အဲဒါတွေက ဘယ်လောက်အထိ ဖြစ်နေတာလဲ"

"အဲဒါတွေက မြင်းခြံမှာလည်းဖြစ် တယ်၊ ပဲခူးမှာလည်းဖြစ်တယ်။ နေလို့ကို မရဘူး။ ဒါနဲ့ နောက်ပိုင်းမှာ ရန်ကုန်ကို ပြောင်းနေရတယ်။ ရန်ကုန်ဆိုတော့ သူ့ အပိုင်မဟုတ်လို့ထင်တယ်။ မဖြစ်ဘူး"

"ဆရာ မနန်းစောနဲ့ကော နောက် ထပ်တွေ့သေးလား"

"မိန်းမကို ရန်ကုန်မှာထားပြီး ကျွန် တော်တစ်ယောက်တည်း မြင်းခြံကိုပြန် ရင် အရင်လိုပဲ သူနဲ့တွေ့ပါတယ်။ ကျွန် တော်လည်း ကြာလာတော့ သူ့ကို သံယောဇဉ်ဖြစ်လာတယ်။ ဒါပေမယ့် ဘဝချင်းကမတူလေတော့ အတူသွား အတူလာလောက်ပါပဲ။ အတူနေလို့မှမရ တာ ကိုး"

"အခုနောက်ပိုင်းကော"

"နောက်ပိုင်းလည်း တွေ့တယ်။ ကျွန်တော်က အသက်ကြီးသွားလို့ အရွယ်ကျသွားပေမယ့် သူက အရွယ် မကျဘူး။ အရင်လိုပဲနုပျိုနေတယ်။ အခု ဆိုရင် သူနဲ့ ကျွန်တော်နဲ့ဟာ သားအဖ အရွယ်ဖြစ်သွားပြီ။ ဒါပေမယ့် ချစ်ချစ် ခင်ခင်ရှိတုန်းပဲ။ မြင်းခြံရောက်ရင် ဘုရား တွေဘာတွေသွားတုန်းပဲ"

"ဒီလိုဆိုရင် ဆရာက တစ်ဘဝမှာ နှစ်လမ်းသွားသွားနေရတာပေါ့"

ကျွန်တော်က သည်လိုပြောတော့ ဆရာကရယ်သည်။

"အေးပေါ့ဗျာ၊ အဲသည်လိုပြော လည်းရတာပေါ့။ ဘဝက ဒီလိုပဲရှိနေ တာကိုး"

ကျွန်တော်တို့သည် အချိန်အတန် ကြာ စကားစမြည်ပြောဆိုပြီး ပြန်ဆင်း လာသည်။ အောက်ထပ်သို့ပြန်ဆင်းလာ ရင်း လမ်းတွင်စဉ်းစားလာသည်။

ဆရာဦးဖေမောင်သည် ကျွန်တော် တို့အမြင်အားဖြင့် တစ်ယောက်တည်း ဖြစ်သော်လည်း သူကတော့ ဘဝမှာ ခရီးပြိုင်နှစ်ခုကို လျှောက်နေခြင်း ဖြစ် သည်။ သူ့အား ချစ်ခင်နေသူ သိုက်နန်း ရှင်ဟုဆိုရမည့် မနန်းစော ဆိုသော မိန်းကလေးနှင့်တစ်ဘဝ၊ မြနန်းခင် ဆိုသော လက်ရှိဇနီးမယားနှင့်တစ်ဘဝ ဖြစ်သည်။ ကုသိုလ်ကောင်းမှုပြုရင်း နောင်ဘဝမှာ မနန်းစောနှင့် ပြန်လည် ဆုံတွေ့ပါရစေဟု ဆုတောင်းနေသည်ဟု ဆိုပါသည်။ ဆရာဆုတောင်းပြည့်ပါစေ။ မနန်းစောကလေးနှင့် ပြန်လည် ပေါင်း ဖက်ခွင့်ကြုံပါစေဟုသာ ဆုတောင်းပေး ရပါတော့သည်။

မဟာသံ



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး

# တားရော့ဖြန့်ခင်းပုံနည်းစနစ်



**တားရော့ကားချပ်များ ဖတ်ကြားရန်ပြင်ဆင်ခြင်း**

တားရော့ကားချပ်များ ဖတ်ကြားရန် အောက်ပါအတိုင်း အဆင့်ဆင့် ပြင်ဆင်ရပါမည်။

❑ တားရော့ကားချပ်များဖြန့်ခင်းပုံနည်းအမျိုးမျိုးရှိသည့်အနက် ကြိုက်ရာတစ်ခုကိုရွေးပါ။

❑ မေးမြန်းမည့်သူအား တားရော့ကားချပ်များကို ကိုယ်တိုင်ကုလားဖန်ထိုးခိုင်းပါ။ မေးမြန်းသူအနေဖြင့် မိမိမေးမည့်မေးခွန်းကို အာရုံစူးစိုက်ထားပါ။ ဆန္ဒရှိပါက မေးမြန်းသူကိုယ်တိုင် တားရော့ကားချပ်ထုပ်ကို ချိုးနိုင်သည်။

❑ မေးမြန်းမည့်သူက စိတ်တိုင်းကျကုလားဖွင့်ထိုးခြင်၊ ချိုးခြင်းပြုလုပ်ပြီးပါက ကားချပ်များအား မိမိဘက်သို့ ပြန်ပေးခိုင်းပါ။

❑ ဖတ်ကြားမည့်သူက စိတ်ကြိုက်ရွေးထားပြီးဖြစ်သည့် ဖြန့်ခင်းပုံအတိုင်း ကားချပ်များကို ဖြန့်ခင်းပါ။

❑ ထပ်တလဲလဲပါနေသော ကားချပ်များ ရှိ၊ မရှိ စစ်ဆေးပါ။

တောင်ဖွေးကားချပ်မည်မျှပါသည်။

ငါးမြှောင်ကြယ် ကားချပ်မည်မျှပါသည်။

ဓားကားချပ်မည်မျှပါသည်တို့ကို စစ်ဆေးပါ။

❑ ကတ်တစ်ချပ်ချင်းစီ၏ ဆိုင်ရာနံပါတ်များကို စစ်ဆေးပါ။

❑ အဓိကကားချပ် (သို့) တော်ဝင်ကားချပ် မည်မျှပါဝင်သည်ကို လေ့လာပါ။

❑ ကားချပ်များကိုအတည့်အဓိပ္ပာယ် (သို့) ပြောင်းပြန်အဓိပ္ပာယ် သင်ကြိုက်ရာတစ်ခုဖြင့်ဖတ်ကြားပေးပါ။

❑ အဖြစ်နိုင်ဆုံး၊ အမှန်ကန်နိုင်ဆုံးသောအဖြေကိုသာ ဖတ်ကြားပါ။ တိကျပြတ်သားမှုနှင့် မိမိဟောချက် (ဖတ်ကြားချက်)အပေါ် ယုံကြည်မှုအပြည့်ရှိပါစေ။

❑ မေးမြန်းမည့် ပုဂ္ဂိုလ်အတွက် တစ်နေ့တည်း (တစ်ထိုင်တည်း) မှာပင် ဖြန့်ခင်း၊ ဖတ်ကြားနည်းများစွာဖြင့် မဟောပေးသင့်ပါ။ မေးမြန်းသူ (ကာယကံရှင်) အနေဖြင့် စိတ်ရှုပ်ထွေးမှုဖြစ်နိုင်ပါသည်။

အကယ်၍ အခြားနည်းတစ်ခုခုဖြင့် ထပ်မံမေးမြန်းလိုပါက လက်ရှိမေးခဲ့ပြီးသည့်နေ့မှ နောက်ရက်သတ္တပတ်တစ်ပတ်၊ နှစ်ပတ်ကြာမှသာ နောက်တစ်ကြိမ် ထပ်မံမေးမြန်းသင့်ပါသည်။

**သတိပြုရန်**

ကုလားဖန်ထိုးနေစဉ် ဖဲချပ်တစ်ချပ်ချပ် ဇောက်ထိုးမိုးမျှော် ပြဿနာမရှိပါ။ သင်ဖတ်ကြားမည့် ကားချပ်များအပေါ်၌သာ အဓိကမူတည်ပါသည်။

❑ ကားချပ်ထုပ်မှာ အောက်ဆုံးကားချပ်ကို သင်မဖြန့်ခင်းမီ တစ်ချက်စစ်ဆေးပါ။ သင်နှစ်သက်ရာ ဖြန့်ခင်းနည်းတစ်ခုခုဖြင့် ကားချပ်များကို ဖြန့်ခင်းပြီးနောက် ကျန်ရှိသော ကားချပ်များကို ဘေးဖယ်ထားပါ။

**The Tarot - တားရော့ကားချပ်များ**

**အဓိကကားချပ်နှင့်သာမညကားချပ်များ**

The Fool "o" - သူရူးကားချပ်

Keyword: Everyone -

လူတိုင်းအတွက် လိုအပ်ချက်။

**အတည့်အဓိပ္ပာယ်**

ကျွန်ုပ်အနေဖြင့် အတွေ့အကြုံသစ်နှင့် စွန့်စားမှုသစ်များ ရှာဖွေလိုသည့်ဆန္ဒရှိပါသည်။ သင့်အခြေအနေအရပ်ရပ်ကိုစောင့်ကြည့်ပါ။ သတိပြုရမည်ကို ညွှန်ပြနေပါသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ယုံကြည်မှုနည်းနေမည်၊ စိုးရိမ်စိတ်ဖြင့်တုံ့ဆိုင်းနေမည်။ ကြောက်စိတ်များရှိကဖျောက်ပစ်ပါ။

The magiciam I -

မှော်ဆရာကားချပ်။

Key word: I will-

အရာရာလိုသလိုပြုလုပ်ဖန်တီးနိုင်ခြင်း။

**အတည့်အဓိပ္ပာယ်**

အရပ်ရှစ်မျက်နှာသို့ ခြေလှမ်းသစ် (ခရီးသစ်) များ အသစ်စတင်ပါမည်။ ခေါင်းဆောင်နိုင်သည့်အစွမ်းအစရှိပြီး အသစ်တစ်ဖန် ရှင်သန်ခြင်းကို ရည်ညွှန်းသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ယခုကာလ၌ ဘာဆိုဘာမှအသစ် အဆန်းမလုပ်လိုပါ။ ရည်မှန်းချက်များ အားနည်းနေမည်။ ကာမဂုဏ်ခံစားမှု စိတ် ပြင်းထန်နေမည်။

❑ aces နှင့်ပတ်သက်သော ကား ချပ် (၄) ချပ်စလုံး magiciam ၏ Key Word ကဲ့သို့ပင် I Will ဖြစ်သည်။

Ace of words - တောင်ဓေ (သို့) ကျိုင်းတုံ (သို့) တုတ်ချောင်း (၁) ချောင်းကားချပ်။

**အတည့်အဓိပ္ပာယ်**

အလုပ်သစ် (ဖန်တီး) ပြုလုပ်နိုင် ခြင်း၊ အခွင့်အရေးသစ်များရရှိခြင်း၊ သား သမီးများရတတ်ခြင်း၊

**ပြောင်းပြန်အဓိပ္ပာယ်**

အလုပ်နှင့်ပတ်သက်၍(ဘာမဆို) အကြံသစ်ဉာဏ်သစ်မထုတ်ခြင်း၊ ခရီး ထွက်ရန် ရွှေ့ဆိုင်းထားခြင်း၊ အစီအစဉ် များ နောက်ကျနေခြင်း၊ ပယ်ဖျက်ခြင်း၊

Ace of cups - ဖလား (၁) လုံး ကားချပ်။

**အတည့်အဓိပ္ပာယ်**

အချစ်ရေးနှင့်ပတ်သက်၍ အသစ် စတင် ဖြစ်ပါမည်။ အိုးသစ်အိမ်သစ်ပြော ပျော်ရွှင်မှုရစေမည်။ ရင်ခုန်ကြည်နူးရ အသစ်များဖြင့်တွေ့ကြုံမည်။ စိတ်အေး ချမ်း၍ လူကျန်းမာနေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မတည်ငြိမ်မှုများဖြစ်ပေါ်နေ စီးပွားဥစ္စာဆုံးရှုံးတတ်သည်။ ကဲ့



www.burmeseclassic.com

www.burmeseclassic.com

များ ကြုံတွေ့မည်။

Ace of pemtacles -

ငါးမြှောင့်ကြယ်တစ်ခုကားချပ်။

**အတည့်အဓိပ္ပာယ်**

ငွေရေးကြေးရေး အဆင်ပြေနေမည်။ ချမ်းသာကြွယ်ဝမှုလမ်းစရှိနေမည်။ အမွေရရှိခြင်း၊ လစာတိုးရရှိခြင်း ကြုံမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ငွေကြေးရခြင်း၊ မရခြင်းအပေါ် စိတ်မဝင်စားပေ။ လောဘကြီးခြင်း၊ မနာလိုတွန့်တိုခြင်းဖြစ်နေမည်။

Ace of Swords -

ဓား(၁)လက်ကားချပ်။

**အတည့်အဓိပ္ပာယ်**

ပြဿနာအသစ်များဖြေရှင်းရတတ်သည်။ ဒုက္ခတွေ့မည်။ ဆုံးရှုံးခြင်းဖြစ်မည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အတွေးအခေါ် အပေါင်းများကို ရှုန့်ပစ်ပါ။ မိမိကိုယ်ကိုယုံကြည်ပါ။

The High priestess II -

သီလရှင်ကားချပ်။

Key words: I Know -

လျှို့ဝှက်နက်နဲမှုများကိုသိရှိခြင်း။

**အတည့်အဓိပ္ပာယ်**

လောကနှင့်ပတ်သက်သမျှ ထွင်းဖောက်သိရှိနိုင်ခြင်း၊ ရှေ့ပြေးနိမိတ်ဟောနိုင်ခြင်း၊ အာရုံထက်မြက်ခြင်း၊ အရေးကြီးကိစ္စများ လူတိုင်းကို မပြောမိရန်သတိပြုပါ။

**ပြောင်းပြန်အဓိပ္ပာယ်**

လောကကြီးနှင့် ပတ်သက်သမျှ ဘာဆိုဘာမှမသိပါ။ အသိဉာဏ်ကင်းမဲ့ခြင်း၊ ကျွမ်းကျင်မှုမရှိခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အတ္တကြီးခြင်းတို့ ဖြစ်နေမည်။

□ Two နှင့် ပတ်သက်သောကားချပ် (၄) ချပ်စလုံး High priestess ၏ Key words ကဲ့သို့ပင် I Know ဖြစ်သည်။

Two of words -

တောင်ဝှေး (၂) ချောင်းကားချပ်။

**အတည့်အဓိပ္ပာယ်**

တာဝန်ယူမှု၊ ရဲရင့်မှု၊ ယုံကြည်မှုရှိနေမည်။ မိမိအလုပ်ကို ကောင်းစွာသိနားလည်နေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

လူ့အဖွဲ့အစည်းနှင့် ထိတွေ့မှုမရှိ။ ကင်းဝေးနေတတ်သည်။ လှုပ်ရှားမှုများ၊ အနေအထားမမှန်၊ ကျွမ်းကျင်မှုမရှိခြင်းကြောင့်ကျရှုံးရမှာကိုကြောက်နေသည်။

Two of cups -

ဖလား(၂)လုံးကားချပ်။

**အတည့်အဓိပ္ပာယ်**

အချစ်နှင့်ပတ်သက်သောခံစားမှုကို ကောင်းစွာသိရှိမည်။ စိတ်ရှင်လန်းမှုကြောင့် ကျန်းမာနေမည်။ ပျော်ရွှင်စရာအဖြစ်အပျက်များနှင့်ကြုံတွေ့မည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အချစ်နှင့်ပတ်သက်၍ ဘာမှမသိ၊ စိတ်ပျော်ရွှင်မှုမရှိ စိတ်မွန်းကျပ်နေမည်။ ဆုံးရှုံးခြင်း၊ ကွဲကွာခြင်း၊ ပြတ်စဲခြင်းဖြစ်တတ်သည်။ လိင်ကိစ္စပြဿနာဖြစ်တတ်သည်။

two of pentacles -

ငါးမြှောင့်ကြယ်(၂)ခုကားချပ်။

**အတည့်အဓိပ္ပာယ်**

ဝင်ငွေ၊ထွက်ငွေမျှတရန်လိုကြောင်း ကောင်းစွာသိသည်။ ဘဏ္ဍာရေးကိစ္စ၊ ဘတ်ဂျက်ကိစ္စများ ဖြေရှင်းနိုင်မည်။ ကျန်းမာရေးကောင်းနေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ငွေကြေးကိစ္စမည်သို့ဖြေရှင်းကိုင်တွယ်ရမည်မသိဖြစ်မည်။ ပိုက်ဆံဖြုန်းသူဖြစ်မည်။ ငွေကြေးအခက်အခဲအပေါ် စိတ်ဓာတ်ကျမည်။

two of swords -

ဓား (၂) လက်ကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိပြဿနာအခက်အခဲ၊ ဒုက္ခများကို ကောင်းစွာသိရှိသည်။ အထိနာမှာ (အသားနာမှာ) ကြောက်နေသည်။ အတွေးအထင်များ မရှင်းလင်းပါ။

**ပြောင်းပြန်အဓိပ္ပာယ်**

ကိုယ့်ပြဿနာကိုယ်မသိ သိက္ခာမဲ့စွာ ပြုမူလှုပ်ရှားနေတတ်သည်။ အသိပညာဗဟုသုတမရရှိလိုသူ ဖြစ်မည်။

The empress III- ဧကရီကားချပ်

key words: I make -

အရာရာလုပ်နိုင်စွမ်းရှိခြင်း။

**အတည့်အဓိပ္ပာယ်**

မိမိအတွေ့အကြုံနှင့် မိမိပျော်ရွှင်မှုကိုကိုယ်တိုင်ဖန်တီးသည် (အိမ်ထောင်သည်) မိန်းကလေးဖြစ်ပါက ကိုယ်ဝန်ရနိုင်သည်။ မိခင်သဘောဆောင်ခြင်း၊ အိမ်ထောင်ပြုခြင်း၊ ဖနီးသဘောရှိခြင်း၊ တိုးတက်အောင်မြင်မှုရခြင်း၊

**ပြောင်းပြန်အဓိပ္ပာယ်**

ဖန်တီးနိုင်သည့်စွမ်းရည်မရှိခြင်း၊ တစ်ဦးတစ်ယောက်၏မိခင်နှင့် ပြဿနာဖြစ်နိုင်ခြင်း၊ သားသမီးမရနိုင်ခြင်း၊ ယုံကြည်မှုမရှိခြင်း။

□ three နှင့်ပတ်သက်သောကားချပ် (၄) ချပ်စလုံး the empress ၏ Key word ကဲ့သို့ပင် I make ဖြစ်သည်။

three of wonds -

တောင်ဝှေး(၃)ချောင်းကားချပ်။

**အတည့်အဓိပ္ပာယ်**

အချိန်ကောင်း၊ အခွင့်ကောင်းကိုယူ၍ အရာရာဖန်တီးနိုင်စွမ်းရှိသည်။ အသိဉာဏ်ထက်မြက်သည်။

**ပြန်ပြောင်းအဓိပ္ပာယ်**

ပုဂ္ဂိုလ်ရေးဆိုင်ရာ စွမ်းရည်များကျဆင်းနေမည်။ စိတ်ပျော်ရွှင်မှုမရှိပါ။

three of cups -

ဖလား(၃)လုံးကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိစိတ်တိုင်းကျသလိုလုပ်ခြင်းဖြင့် စိတ်ကျေနပ်မှုရရှိပါမည်။ မိတ်ဆွေများနှင့် အချိန်ကောင်းကြုံနေမည်။ အိမ်ထောင်ကျနိုင်၊ သားသမီးရနိုင်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အချစ်ရေး၌ စိတ်ခံစားမှု ပျော်ရွှင်မှုမရှိပါ။ အိမ်ထောင်သည်ဖြစ်ပါက ကိုယ်ဝန်ပျက်ကျနိုင်သည်။ မူးယစ်ဆေးကိစ္စကြောင့် ပြဿနာဖြစ်ရတတ်သည်။ အထီးကျန်သလိုခံစားရမည်။

three of pentacles -

ငါးမြှောင့်ကြယ်(၃)ခုကားချပ်။

**အတည့်အဓိပ္ပာယ်**

ကိုယ့်ငွေကိုယ်ရှာနိုင်သည်။ မိမိဘဝအားလိုချင်သည့်ပုံစံကိုယ်တိုင်ထုဆစ်နိုင်သော (ကိုယ်တိုင်ဘဝပန်းပုဆရာ) တစ်ဦးဖြစ်သည်။ အရာရာဖန်တီးဖြေရှင်းနိုင်စွမ်းရှိသည်။ လုပ်ရည်ကိုင်ရည်ရှိသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ကိုယ်တိုင်ငွေမရှာနိုင်သေးပါ။လုပ်ငန်းစွမ်းရည်များကျဆင်းနေမည်။ ကျန်း



www.burmeseclassic.com

www.burmeseclassic.com

မာရေးပြဿနာ၊ ငွေကြေးပြဿနာနှင့် ကြုံတွေ့ရပါမည်။

three of swords -

ဓား (၃) လက်ကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိပြဿနာ၊ မိမိဒုက္ခမိမိကိုယ် တိုင်ဖန်တီးမည်။ မေတ္တာရေးတွင် ကံမကောင်း၊ မျက်ရည်ကျရမည်။ အိမ်ထောင်သည်ဖြစ်က ကွာရှင်းပြတ်စဲရခြင်း ကြုံရတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိမိကြောင့် ပြဿနာမဖြစ်သော်လည်း အပြိုင်အဆိုင်ရှိနေမည်။ နောက်ကျောမှဓားထိုးခံရခြင်းကြုံတတ်သည်။ လှည့်စားခံရမည်။

The emperor IV -

ဧကရာဇ်ကားချပ်။

key words; I realige -

ခေါင်းဆောင်မှုအပေါ် နားလည်ခြင်း။

**အတည့်အဓိပ္ပာယ်**

မိမိကိုယ်မိမိ အရှင်သခင်၊ ခေါင်းဆောင်၊ အုပ်ချုပ်သူအဖြစ် ခံယူထားသည်။ ဖခင်အရာရှိခြင်း၊ တည်ငြိမ်မှု၊ တရားမျှတမှုနှင့် ဩဇာတိက္ကမရှိခြင်းတို့ ဖြင့်ပြည့်စုံမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိမိကိုယ်မိမိ သဘောမပေါက်နိုင်သူဖြစ်သည်။ ဩဇာအာဏာကျဆင်းနေမည်။ မရင့်ကျက်သူ၊ အတွေ့အကြုံနည်းသူ၊ တည်ငြိမ်မှုမရှိသူ ဖြစ်သည်။

□ four နှင့် ပတ်သက်သောကားချပ် (၄) ချပ်စလုံး The emperor ၏ I realize ဖြစ်သည်။

Four of wands -

တောင်ဝှေး(၄)ချောင်းကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိအလုပ်နှင့် လူမှုရေးဆောင်ရွက်ချက်များကို သဘောပေါက်သည်။ အိမ်အခြေအနေနှင့် အလုပ်အခြေအနေ မျှတမှုရှိနေမည်။ လက်ထပ်ရကိန်းရှိမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အိမ်နှင့် အလုပ်အကြား မျှတမှုမရှိသည်ကို သဘောမပေါက်နိုင်ပါ။ စီးပွားဥစ္စာလျော့နည်းလာမည့် အကျိုးစီးပွားဖြစ်ထွန်းမည့်အချိန် မဟုတ်ပါ။

four of cups -

ဖလား(၄)လုံးကားချပ်။

**အတည့်အဓိပ္ပာယ်**

အတိတ်ကာလက အချစ်ရေးနှင့် ကြုံတွေ့ခဲ့ရသော စိတ်ခံစားမှုအပိုင်းများကို လုံးဝသဘောပေါက်နားလည်သည်။ ဆက်ဆံရေးပုံစံအသစ်ဖြင့် ရှိနေရာမှ အမှုအကျင့်ကောင်းများ ပြန်ရောက်လာတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အချစ်ရေးကို စိတ်ကုန်နေမည်။ အားငယ်စိတ်ဝင်နေမည်။ တစ်စုံတစ်ခု ဆုံးရှုံးနေမည်။ ဆက်ဆံရေးပျက်ပြားမည်။

four of pentacles -

ငါးမြှောင့်ကြယ် (၄) ခုကားချပ်။

**အတည့်အဓိပ္ပာယ်**

ငွေကို တန်ဖိုးထားတတ်သည်။ တပ်မက်သော လောဘစိတ်ရှိသည်။ ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်ရခြင်းကို လိုလားသည်။ နှမြောတွန့်တိုသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ငွေကို တန်ဖိုးမထားတတ်၊ အသုံးအဖြုန်းကြီးနေမည်။ လောင်းကစားလုပ်မည်။ ဝင်ငွေ၊ ထွက်ငွေမျှတမှုရှိရန် လိုအပ်သည်။

four of swords -

ဓား (၄) လက်ကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိပြဿနာဒုက္ခကိုနားလည်မည်။ ခိုက်ရန်ဖြစ်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ ပြီးနောက် ရပ်နားနေမည်။ အခက်အခဲများကို ကျော်လွှားရန် ယုံကြည်မှုလိုအပ်ပါသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိမိပြဿနာဒုက္ခအပေါ် နားမလည်နိုင်ပါ။ ကျန်းမာရေးပြဿနာရှိမည်။ သင့်အတွက် အစွန်း(၂)ဖက်စလုံး၌ မီးဝိုင်းနေမည်။ ချင့်ချိန်စွာဖြင့် ဆုံးဖြတ်ပါ။

The Hierophant V -

ရဟန်းမင်းကြီးကားချပ်။

key word: I believe -

ထုံးတမ်းစဉ်လာကိုယုံကြည်မှု။

**အတည့်အဓိပ္ပာယ်**

အားလုံးသောသူတို့အပေါ် ဩဇာဖြင့် ထိန်းချုပ်လိုသည်။ မျှတစွာဖျန်ဖြေပေးတတ်ရန်လိုသည်။ စိတ်အတွင်းလှုံ့ဆော်မှုအားကောင်းသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

စိတ်သဘောယာမှုရှာတတ်သည်။ ရုပ်ဝါဒဆန်နေမည်။ မိမိစိတ်ကို အလိုလိုက်မည်။ အဆင်ခြင်ကင်းမဲ့နေမည်။

□ five နှင့် ပတ်သက်သော ကားချပ် (၄) ချပ်စလုံး The Hierophant ၏ key word အတိုင်း I balieve ဖြစ်သည်။

five of wands -

တောင်ဝှေး(၅)ချောင်းကားချပ်။

**အတည့်အဓိပ္ပာယ်**

အလုပ်ခွင်နှင့် လူမှုရေးဆောင်ရွက် လှုပ်ရှားမှုများကိုယုံကြည်မှုရှိသည်။ မိမိအလိုဆန္ဒ၊ မိမိအတွေ့နှင့် အတွေးအခေါ်တို့ကို ယုံကြည်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

လူမှုအသိုင်းအဝန်းနှင့်အဆင်မပြေ ဖြစ်မည်။ မိမိကိုယ်ပိုင်အစွမ်းအစအပေါ် ယုံကြည်မှုနည်းနေမည်။

five of cups -

ဖလား (၅) လုံးကားချပ်။

**အတည့်အဓိပ္ပာယ်**

အချစ်ရေးကိုယုံသော်လည်း ဆုံးရှုံးရမည်ကို ကြောက်သည်။ အသည်းကွဲဇာတ်လမ်းဖြစ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ချစ်ခြင်းမေတ္တာဆိုသည်ကို အယုံအကြည်မရှိ စိတ်လှုပ်ရှားဖွယ် အကျိုးအတည်းကြုံမည်။ ကွာရှင်းပြတ်စဲရကိန်းရှိမည်။ သေခြင်းနှင့်ရင်ဆိုင်ရနိုင်သည်။

five of pentacles -

ငါးမြှောင့်ကြယ် (၅) ခု ကားချပ်။

**အတည့်အဓိပ္ပာယ်**

အလုပ်လက်မဲ့ဖြစ်မည်။ အတွေးအခေါ် အယူအဆများ လက်တွေ့ဘဝ၌ အရာမရောက်ဖြစ်မည်။ ပစ္စည်းဥစ္စာ ဆင်းရဲနေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ယခင်ထက်ပိုမိုခက်ခဲသောအလုပ် သစ်လုပ်ရမည်။

five of swords-

ဓား (၅) လက်ကားချပ်။

**အတည့်အဓိပ္ပာယ်**

ပြဿနာ၊ ဒုက္ခများနှင့် ပတ်သက်၍ မိမိကိုယ်တိုင်အတွက်ရော တခြား



www.burmeseclassic.com

www.burmeseclassic.com

တ်ပါ နားလည်နိုင်သည်။ အောင်
ရှိဘဲ မိတ်ဆွေကောင်းများ ဆုံး
တ်သည်။

**ပြန်အဓိပ္ပာယ်**

စိတ်ပိုင်းဆိုင်ရာမျှတမှုကို ရှာနေ

The of swords -
ဓား (၅) လက်ကားချပ်။

**အဓိပ္ပာယ်**

ပြဿနာဒုက္ခများနှင့်ပတ်သက်၍
ကိုယ်တိုင်အတွက်ရော တခြားသူ
တ်ပါ နားလည်နိုင်သည်။ အောင်
ရှိဘဲ မိတ်ဆွေကောင်းများ ဆုံးရှုံးရ
သည်။

**ပြန်အဓိပ္ပာယ်**

စိတ်ပိုင်းဆိုင်ရာမျှတမှုကို ရှာနေ

The Lovers VI -
ချစ်သူများကားချပ်။
key words: I choice -
ချစ်သူ (၂) ဦးအကြားရွေးချယ်မှု။

**အဓိပ္ပာယ်**

ဘဝအကောင်းအဆိုးကိုကိုယ်
ရွေးချယ်ရမည်။ အကောင်း၊ အဆိုး
နားလည်သည်။ ခရီးထွက်ရ
သည်။

**ပြန်အဓိပ္ပာယ်**

အတွက် တခြားသူမှ ရွေးချယ်
ပေးမည်။ စေ့စပ်ခြင်း၊ လက်ထပ်
များ နှောင့်နှေးနေမည်။ မိမိ
ယုံကြည်မှုနည်းနေမည်။
Sixနှင့်ပတ်သက်သော ကားချပ်
the Lovers ၏ key word
I choice ဖြစ်သည်။
six of wands -
တောင်ဝေှး (၆) ချောင်းကားချပ်။

**အဓိပ္ပာယ်**

အလုပ်ကိုယ်တိုင်ရွေးချယ်မည်
မှုရမည်။

**ပြန်အဓိပ္ပာယ်**

အလုပ်နှင့်ပတ်သက်၍ ကိုယ်တိုင်
နိုင်၊ အရာရာနှောင့်နှေးကြန့်

six of cups -
ဖလား (၆) လုံး ကားချပ်။

**အဓိပ္ပာယ်**

ချစ်ရေးကို ကိုယ်တိုင်ရွေးချယ်
မည်။ မိမိစိတ်ခံစားမှုကို ထိန်းချုပ်မည်။
ကွဲကွာနေသူနှင့် ပြန်ဆုံတွေ့မည်။ အချစ်
သစ်တွေ့မည် (သို့) နောက်အိမ်ထောင်
ထူမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိမိအတွက် တခြားသူက ဆုံး
ဖြတ်ပေးမည်။ ပျက်စီးဆုံးရှုံးခြင်း၊ ကွာ
ရှင်းပြတ်စဲခြင်း၊ ကျန်းမာရေးပြဿနာ
ကြုံရမည်။

six of pentacles -
ငါးမြှောင့်ကြယ် (၆) ခု ကားချပ်။

**အတည့်အဓိပ္ပာယ်**

တစ်ပါးသူများအပေါ် ငွေကြေး
ဥစ္စာများအား မျှဝေခံစားစေသည်။ သူ
တစ်ပါးအပေါ် ကူညီသည်။

six of swords -
ဓား (၆) လက်ပါ ကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိပြဿနာဒုက္ခကိုယ်တိုင်ရွေး
ချယ်မည်။ ပြဿနာရင်ဆိုင်ရမည့်အစား
အဝေးသို့ ထွက်ပြေးပုန်းရှောင်ချင်နေ
မည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ကြုံသမျှအခြေအနေအပေါ် ကြုံ
ကြုံခံရင်ဆိုင်မည်။ ခရီးသွားရကိန်းမရှိပါ။

the chariot VII-
စစ်ရထားကားချပ်။

**အတည့်အဓိပ္ပာယ်**

မိမိ၏ ပြင်းထန်သော ယုံကြည်
စိတ်က အောင်မြင်မှုဆီသို့ ဆွဲခေါ်သွား
မည်။ မိမိကိုယ်ကို ထိန်းချုပ်နိုင်မည်။
ɔ sevenနှင့်ပတ်သက်သော ကား
ချပ် (၄) ချပ်စလုံး the chariot ပါအတိုင်း
key word က the path ဖြစ်ပါမည်။

seven of words -
တောင်ဝေှး(၇)ချောင်းပါကားချပ်။

**အတည့်အဓိပ္ပာယ်**

လုပ်ငန်းအတွင်း အောင်မြင်မှု
ဆက်တိုက်ရရှိမည်။ စိတ်ကူး၊ အတွေးအ
ခေါ်သစ်များပေါ်လာမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ရုပ်ဝတ္ထုများအပေါ် အလိုဆန္ဒရှိ
မည်။ စိတ်အားငယ်နေမည်။

seven of cups -
ဖလား (၇) လုံးပါ ကားချပ်။

**အတည့်အဓိပ္ပာယ်**

အချစ်ရေးအောင်မြင်မည်။ စိတ်
ခံစားမှုကို ထိန်းချုပ်နိုင်မည်။ ဖန်တီးနိုင်
စွမ်းသောအမြင်ရှိသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

စိတ်ခံစားမှု လိုအပ်ချက်ကြောင့်
အချစ်ရေးတွင်ကျရှုံးမည်။ ဆုံးရှုံးရခြင်း၊
ကွဲကွာရခြင်းများကြောင့် ယုံကြည်မှု
နည်းလာမည်။

seven of pentacles -
ငါးမြှောင့်ကြယ်(၇)ခုပါကားချပ်။

**အတည့်အဓိပ္ပာယ်**

ဆုံးခင်းလမ်းကို လျှောက်ရမည်။
ယာယီ အခိုက်အတန့်အတွင်း တိုးတက်
မှုမရှိဖြစ်မည်။

**ပြောင်းပြန်အဓိပ္ပာယ်**

စိတ်ပိုင်းဆိုင်ရာ ပုံမှန်မဟုတ်ခြင်း
ကြောင့် ပြဿနာဒုက္ခကြုံမည်။ မနာလို
စိတ်၊ မပျော်ရွှင်သည့်စိတ်ဖြစ်နေမည်။

strength VIII -
စွမ်းအားရှင်ကားချပ်။
key word: strength - ခွန်အား။

**ပြောင်းပြန်အဓိပ္ပာယ်**

အခက်အခဲအားလုံး ကျော်လွှား
နိုင်သည့်စွမ်းအားရှိမည်။ သူရသတ္တိ၊ ဖွဲ့
(ခံနိုင်ရည်) အားကောင်းမည်။ လိုအင်
ဆန္ဒအပေါ် ထိန်းချုပ်နိုင်မည်။

**အတည့်အဓိပ္ပာယ်**

ခွန်အားလျော့နည်းနေမည်။ မိမိ
ကိုယ်တိုင် မထိန်းနိုင်၊ တစ်ကိုယ်ကောင်း
ဆန်မှုကြောင့် လုပ်သမျှ အချည်းနှီးဖြစ်
မည်။
ɔ eight နှင့်ပတ်သက်သောကား
ချပ် (၄) ချပ်စလုံး strength ၏ key word
အတိုင်း strength ဖြစ်သည်။

eigt of wonds -
တောင်ဝေှး (၈) ချောင်းပါ ကား
ချပ်။

**အတည့်အဓိပ္ပာယ်**

မိမိအလုပ် ပီပြင်အောင် လုပ်နိုင်
စွမ်းသည့် အလုပ်အတွက် (သို့) အပျင်း
ဖြေရန်အတွက် ခရီးထွက်ရတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အလုပ်နှင့် လူမှုရေး ဆောင်ရွက်
ချက်များ ချို့ယွင်းနေမည်။ အရာရာ
နောက်ကျနေမည်။ ခရီးထွက်ရန် အစီ
အစဉ်မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"မြင်တော့ဘယ်မြင်ပ့ါမလဲ။အစ်ကို ကြည့်လေ၊ သူ့အသံက ကလေးသံထွက်ပြီးအော်ရယ်နေတာရယ်၊ ကလေးတစ်ယောက်လို ထလျှောက်လာတာရယ်ကြောင့်မေးကြည့်လိုက်တာပေ့ါ။တပ်အပ်သိလို့တော့ ဘယ်ဟုတ်ပ့ါမလဲ"

ဆရာ့ကို အတော် လေးစားသွား၏။ တိတိကျကျပြတ်ပြတ်သားသားပြောပေမယ့် အကြွားမပါ။ သူမသိသည်ကို သိနေပုံနှင့်မပြော။ သူ့ထင်ကြေးနှင့်သူကုလိုက်ပြီး ကောင်းသွားခြင်းသာ ဖြစ်၏။

အလွန်ရိုးသားလှသော အပ်စိုက်ဆရာဖြစ်၏။ ဖြီးဖြန်းမကု၊ ခြောက်လှန့်မကု၊ ညာဝါးမကု။

လာကုသောအမျိုးသမီး ကောင်းသွားသော်လည်း အပ်စိုက်ခငါးကျပ်သာပေးပြီးပြန်သွား၏။ ရေမန်းနှင့်တောက်၍ကုလိုက်ခြင်းအတွက် တစ်ပြားမှမပေး။ ဆရာကလည်းမတောင်း။

အကယ်၍သာ ဆရာကကုမပေးလျှင် ထိုအမျိုးသမီးသည် ကုပ်ကြီးကျီးသလိုဖြစ်နေပြီး သူ၏ ခေါင်းမူးဝေဒနာကြီးပျောက်ဦးမည်မဟုတ်ပါ။ ဘာဆေးစားစားမပျောက်နိုင်ပါ။ အနာနှင့်ဆေးတလွဲစီဖြစ်နေဦးမှာ သေချာ၏။

ယခု ပျောက်သွားပါပြီ။ ကောင်းသွားပါပြီ။

သို့သော် -

ကျွန်ုပ်တွေးနေ၏။

ဆရာဟန့်လိုက်၍ ထိုအမျိုးသမီး၏ တူမလေးသည် ကုပ်ပေါ်စီးနေရာမှ ခွာလိုက်သည်ထား -

ဘယ်လောက်ကြာကြာခွာနိုင်မလဲ။

အိမ်ပြန်ရောက်လျှင် ပြန်ခွစီးမှာလား။

ဆရာကရော -

"မင်းကုပ်ပေါ်မတက်ရတော့ဘူး"

ဟု အမိန့်ပေးလိုက်သလား၊ ကျွန်ုပ်တော့ မကြားမိ။

ထိုကလေးပြန်ခွလျှင် ဘာမှန်းမသိရသော သူ၏ခေါင်းအုံဇက်ကြောတက်ကြီးအား အဘယ်သို့ကုသပါမည်နည်း။ ဓာတ်မသိသူများကုပေးနေလျှင် အနာနှင့်ဆေးလွဲနေပါလိမ့်မည်။ ဆရာများသွားလျှင် မဖြစ်သင့်သည်များဖြစ်သွားနိုင်ပါသည်။

ယခု -

ဆရာကုပေး၍ပျောက်ပြန်တော့ ထိုကုသခြင်းအတွက် ကျေးဇူးတင်စကားတောင်မဆိုသွား။

ဪ- ဒါကြောင့်လည်း ဒီလိုလူတွေရှိနေလို့လည်း ပညာနှင့်ပတ်သက်လာလျှင် ငွေကြေးတောင်းကြခြင်းဖြစ်သွားကြတာပါလား။ခံရပါများလာတော့၊ ကိုယ့်ပညာကို တန်ဖိုးမထား ဂရုမစိုက်ပါများလာတော့ ငွေကြေးတွေ တအားတောင်းကြသည့်အခြေအနေရောက်ကုန်တာများလား။

ငွေကုန်မှ တန်ဖိုးထားကြတယ်ဆိုတာ ဒါမျိုးလား။

"ဝေး - အစ်ကို"

"ဗျာ - ဆရာ"

"ဘာတွေငိုင်ငေါင်နေတာလဲ၊ ကောက်သွားတဲ့အပ်တွေပြန်ဖြောင့်လေး။ ပြီးရင် အရက်ပြန်ပုလင်းထဲထည့်တော ဆေးခန်းပိတ်ကြမယ်"

"ဟုတ်ကဲ့ ဆရာ"

အလွန်သေးမျှင်လှသောအပ် များကို လက်နှင့်အသာဖြောင့်ရင်း အ ကျယ်ပုလင်းကြီးထဲရှိ အရက်ပြန်မ နေသော ဂွမ်းကြီး၏ဘေးပတ်ချာလ တွင်ထိုးစိုက်လိုက်၏။

"ဟော့ - မြင့်ဆွေ၊ ပိတ်ပြီလား"

ဆရာတပည့်နှစ်ယောက် ပြိုင် ကြည့်လိုက်ရာ ဆရာကြီး ဦးအုန်း ဆရာဦးမြင့်ဆွေ၏ ဆရာ။

အသားမှာ ဖြူဖွေးဝင်းအိနေ ဒေါင်အလွန်ကောင်းလှ၏။ ချော လှပသောမျက်နှာပေါ်တွင် တစ် တစ်ချက် လှပစွာကားပြီးကော့တ အဖျားချွန်နေသောနှုတ်ခမ်းမွေးကြီး ကြောင့် ဆရာကြီး၏မျက်နှာမှာ နိုင် ခြား ဂျပန်ရုပ်ရှင်ကားများထဲမှ တ တေးမင်းသားကြီးများ၊ ဂျပန်မင်းသ ကြီးများနှင့် တူလှ၏။

ကျွန်ုပ်မှာ သဘောကျလွ ဆရာကြီးလာလျှင် အနားမှမခွာ သူစကားပြောလျှင် ငေးကြည့်နေ

ဆရာကြီးသည် တရုတ်အမျိုး ကြီးဖြစ်သော်လည်း မြန်မာ့ပ



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

( [illegible] )

## ပညာရှင်

(အင်ဝိဇ္ဇာဂမ္ဘီရအာခန်းဆက်ဝတ္ထုရှည်)



www.burmeseclassic.com

ဗဟုသုတများကို အတော်နှံ့စပ်လှ၏။ ဘာပြောလိုက်လျှင် ဘယ်ဟာက ဘယ်လိုလေကွာ၊ ဘယ်ဟာကတော့ဖြင့် ဘာပေါ့ဟုပြောပြတတ်၏။သူမသိလျှင်လည်း 'အဲဒါတော့ငါမသိဘူးကွ'ဟုပြောင်ပြောင်ပြောလေ့ရှိ၏။

ကျွန်ုပ်ကို ကလေး၊ ကလေးဟုခေါ်ပြီး ပြုံး၍စကားပြောတတ်သော်လည်း သူသိချင်လာလျှင် ဟိုမေးဒီမေးမေးတတ်၏။ ကျွန်ုပ်မသိသောအပ်စိုက်ကွက်များ၊ ဆေးကုသပုံများကို သူကလည်း သင်ပြပေးလေရာ ကျွန်ုပ်မှာ အပ်စိုက်ကုဆေးခန်းသို့သွားရတိုင်း၊ ဆရာကြီးနှင့်ဆုံရတိုင်း တက်ကြွနေပါတော့သည်။

❑

"ငါမင်းကိုပြောစရာရှိတယ်"

"ဟုတ်ကဲ့ ဆရာ"

"မင်း၊ ခုနောက်ပိုင်း မင်းကိုငါသင်ပေးနေတာတွေ သတိထားမိလား"

"ဗျာ - ဆရာ"

"မင်းကို ငါ နာမည်ပညာခန်းတွေရော၊ လောကီပညာတွေရော၊ အတွေးအခေါ်တွေရော အများကြီးသင်ပေးနေတာလေ။ မင်းတရကြမ်းလိုက်နေရတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"အေး - မင်းကိုငါခိုင်းစရာရှိလို့ဆိုတာ မင်းသိမှာမဟုတ်ဘူး။ သိစရာလည်း မလိုဘူး"

ပြောရင်းနှင့် ကြယ်မင်းဆေးပေါ့လိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရင်း အိမ်ရှေ့ဆီသို့ ငေးကြည့်နေ၏။ မျက်နှာက အိမ်ရှေ့ဘက်လှည့်ငေးနေသော်လည်း ညာဘက်လက်က ဆေးပေါ့လိပ်ကိုကိုင်၍ ဆေးလိပ်ပြာခွက်ထဲသို့ ပြာခြွေချ၏။ ဆေးလိပ်ပြာသိပ်မဖြစ်သေးသောပြာများကို ဆေးလိပ်ခွက်ထဲသို့ နှစ်ခါ၊ သုံးခါခြွေနေရင်း တစ်ခုခုကို စဉ်းစားနေဟန်ငြိမ်နေ၏။ ဆရာငြိမ်နေလျှင် အသက်ရှူသံပင်မကြားရလောက်အောင် ငြိမ်လှ၏။

'အင်း-ဆရာကမင်းသိမှာမဟုတ်ဘူးလည်းပြောတယ်၊ သိစရာမလိုဘူးလည်းပြောတယ်။ ကောင်းတယ်၊ ငါသိပ်ဦးနှောက်မခြောက်တော့ဘူး။ ပြောတာနားထောင်ရုံပဲ။ ဘာပါလိမ့်ဆိုတာမတွေးတော့ဘူး"

"ဟော့ကောင်"

"ဗျာ"

"ဘာငေါင်နေပြန်တာလဲ"

"မငေါင်သေးပါဘူး ဆရာ"

ဆရာဆတ်ခနဲပြုံးလိုက်ပြီး အနည်းငယ်ရယ်နေ၏။ ကျွန်ုပ်လည်း ဘယ်စကားဘယ်လိုပြောလိုက်မိမှန်းမသိပါ။

"မင်းထပ်သင်ရမယ်၊ ထပ်တက်မယ်"

"ဟုတ်ကဲ့"

"ဂဏန်းတွေကိုဆင်ခြင်သုံးသပ်ရတဲ့ 'ဂဏာသုဒ္ဓိဝိမလ'ဆန်းကတော့ မင်းတဖြည်းဖြည်း သဘောပေါက်လာလိမ့်မယ်။ အခု အက္ခရာတွေ၊ ဗျည်းတွေပါလာမယ်။

မင်းနည်းနည်းလူရာဝင်နိုင်အောင်လို့ 'ကာရက'သင်ရမယ်"

မကြားဘူးပါ။ နားထောင်၍တော့ကောင်း၏။

"ကာရကမတတ်ပြန်ရင်လည်း ပေမိဒေါက်မီမဖြစ်ပြန်ဘူးကွ"

"ဟုတ်ကဲ့"

"လိုက်ရေး၊ ကာရက (၈) ပါး -

**ကတ္တုကာရက** - အကြိမ်ကြိမ်ဖြစ်ခြင်း -ထပ်ပြန်တလဲလဲ
**သာမိကာရက** - ကိုယ်ပိုင်-ပိုင်ဆိုင်မှု-
**သမ္ပဒါနကာရက** - လူစုလူဝေး - စပ်တူ - အများပိုင် -
**ကမ္မကာရက** - အလုပ်ပို -
**ကရဏကာရက** - အထောက်အပံ့ဖြစ်ခြင်း -
**အပါဒါန** - ခွဲခွာခြင်း - လှုပ်ရှားမှု -
**ဩကာသကာရက**-တည်ရာမှီရာ-အပြီးမသတ် -
**အလပ္ပနကာရက**- ဖိတ်ခေါ်ခြင်း-မျှော်ကိုးခြင်း -

ရေးသာရေးနေရ၏။ ပါဠိများနှင့်ဖြစ်နေ၍အတော်လိုက်မှတ်နေရ၏။ ပြီးမှ ဂြိုဟ်(၈)ခွင်နှင့် တစ်ခုချင်းတစ်ကွက်ချင်းရှင်းပြတော့လေရာ -

'ဟေး-ငါမကြားဘူးတဲ့ပညာတွေရပြီကွ။ ငါအရမ်းတတ်ချင်လွန်းတဲ့ ဆန်းကျမ်းပညာကြီးထဲကအရေးကြီးတာတွေ သင်ရပြီကွ' ဟု စိတ်ထဲမှာ အားရပါးရကြိမ်းဝါးရင်း ဆရာ့အိမ်ဘေးကွက်လပ်ဘက်ထွက်၍ လက်သီးလက်မောင်းတန်းရင်း အော်လိုက်မိပါတော့သည်။

သို့သော် အကျယ်ကြီးမဟုတ် -

အော်သည့်အသံကိုအစ်၍အသံတိုးတိုးလေးထွက်အောင်သာ အားရပါးရအော်လိုက်ခြင်းဖြစ်၏။

ထိုပညာခန်းသည် ဂြိုဟ်(၈)ခွင်နှင့်တွဲ၍ စဉ်းစားဆက်စပ်တွေးခေါ်ရလေရာ -

ဆရာ နေ့တိုင်းမပျက် ခေါ်သင်ခြင်းကို ကျွန်ုပ်ရက်မပျက်ရဲတော့။

ပညာကိုလိုချင်လွန်း၍ ကိုယ့်ဘဝကိုယ် အနိမ့်ကျဆုံးအဆင့်နှင့် ဆရာ့ခြေရင်းတွင် ဝပ်စင်းခဲ့ရသောအချိန်များအတွက် အလွန်လှပသောရောင်ခြည်များသန်းပါချေပြီ။

ဒုက္ခများစွာခံ၊ အဆဲခံ၊ အဆူခံ၊ အရိုက်အနှက်ခံခဲ့သောတပည့်ကို ဆရာမည်မျှသနားသွားလေသည်မသိ -

ကျွန်ုပ်ကလည်း ဆရာမည်မျှဆူဆူ၊ ဆဲဆဲ၊ ရိုက်ရိုက် ဆရာ့ကိုချစ်၏။ မျက်နှာလုံးဝမပျက်ခဲ့ဘူးပါ။ ပြုံးပြုံးလေးနှင့်ခေါင်းငုံ့ခံ၏။ ဆရာသခင်၏ဆုံးမမှုများကိုနာခံရလျှင် မော်၍ပင်မကြည့်ရဲခဲ့ပါ။ တစ်ခွန်းမှပင်ပြန်မပြောခဲ့ဘူးပါ။

ဆရာသင်သင်၊ မသင်သင် သင်ပေးပါဟုလည်း တစ်ခါမှမတောင်းဆိုခဲ့ဖူးပါ။

တစ်ခါတစ်ခါ တစ်လလုံးနေမှ အခိုက်ဟူသောတစ်ကွက်ကိုသာသင်ရ၏။ တစ်ခါတစ်ခါ နှစ်လ၊ သုံးလကြာမှ ပဋ္ဌာန်တစ်ပွတ်ကိုရှင်းပြ၏။ တစ်ခါတစ်ခါ လေး၊ ငါးလကြာသည်အထိ တစ်လုံးမှသင်မပေး။ အခြားဗဟုသုတစကားများကိုသာပြောပြတတ်၏။

ဆရာသင်ပေးသည်ဖြစ်စေ၊ သင်မပေးသည်ဖြစ်စေ ကျွန်ုပ်က ပီတိဖြစ်၏။ ဆရာ့မျက်နှာကို ထိုင်ကြည့်နေရလျှင်ကျေနပ်၏။ ဆရာ့နားမှာနေနေရပြီး လက်ဖက်ရည်ပြေးဝယ်၊ ဆေးလိပ်ပြေးဝယ်၊ မီးညှိပေး စသော အလုပ်များနှင့် ပျော်မွေ့နေတတ်၏။

ငါသွားတိုင်း ဆရာသင်မပေးပါလားဟူသောစိတ် ယောင်လို့တောင် မတွေးခဲ့ဘူးပါ။

ကျွန်ုပ်၏စိတ်ထဲတွင် 'အင်း - ငါနှင့်တန်သည့်ပညာကို ငါ့ဆရာသင်ပေးမှာ ငါခံယူနာယူမှတ်သားမည်၊ ဘယ်တော့မှမတောင်း။ ဆရာသင်မပေးသေးလျှင် ငါနှင့်မတန်သေး၍သာ' ဟု ခံယူထား၏။

ကျွန်ုပ်တွေ့တွေ့နေရပါသည်။

ဆရာ့ထံ ပညာလာသင်ကြသည့်သူများမနည်းပါ။

တစ်ရက်ကနှစ်ရက်၊ နှစ်ရက်က သုံးရက်၊ သုံးရက်က လေးရက်ဆိုလျှင် မျက်နှာပျက်လာကြပြီဖြစ်၏။

တချို့ဆိုလျှင် -

'လက်ဖက်ရည်ဆိုင်နဲ့ပဲ အချိန်ကုန်နေတယ်ကွာ။ ပညာသင်ချင်လို့လာပါတယ်၊ အလကား လမ်းစရိတ်နဲ့လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ညော်ဖိုးပဲကုန်တာ အဖတ်တင်တယ်' ဟု ကျွန်ုပ်ကို မသိမသာပြောသွားသူများပင် ရှိ၏။ ကျွန်ုပ်က ပြုံး၍သာနေလိုက်ပါသည်။ အချို့ဆို -

"ဟော့ - ညီလေး၊ မင်းက အတော် ဒုက္ခခံနိုင်တဲ့ကောင်ပဲ။ မင်းကြည့်ရတာ ဘာမှလဲသင်ပေးတာမတွေ့ဘူး။ ငါလာသင်တာ တစ်လလောက်ရှိနေပြီ။ ဒီတစ်လလုံး သူရဇ္ဇ၊ သောကြာတိုင်ပဲချ တတ်သေးတယ်။ ဘာမှလဲဆက်သင်မပေးဘူး။ မင်းမလည်းဘာမှသင်ရတာမတွေ့ဘူး"

"သင်ပေးနေတယ်လေ အစ်ကို"

"ဟေ - ဘယ်အချိန်လဲ၊ ငါတို့ဆို တစ်နေကုန်ရှိနေတာပဲ။ မင်းလည်း ငါတို့နဲ့အတူရှိနေတာပဲ"

"ဟုတ်ကဲ့၊ ဆရာ သင်ပေးနေပါတယ်"

"ဘာသင်ပေးတာလဲ"

"တိတ်ဆိတ်စွာနေတတ်အောင် သင်ပေးနေတာပါ။ ဆရာကပြောထားပါတယ်။ 'တိတ်ဆိတ်စွာနေခြင်းဖြင့်အရာအားလုံးပြီးမြောက်တယ်' ဆိုတာ မှတ်ထားတဲ့။ ဒါဆရာသင်ပေးနေတာပါ။ ဇွဲတွေ၊ ဝီရိယတွေ၊ သည်းခံ၊ စိတ်ရှည်စိတ်တွေ၊ ကြိုးစားရမယ့်စိတ်တွေ၊ တပည့်ကောင်းပီသရမယ့်စိတ်တွေ ဆရာနေ့တိုင်း လေ့ကျင့်သင်ကြားပေးနေတာပါ အစ်ကို"

"ဟား - ငါတော့နားမလည်ဘူးကွာ။ ငါသိတာကတော့ တို့လာတယ်၊ ပြန်တယ် ဒါပဲသိတယ်။ မင်းလည်းငုတ်တုတ်ပဲ။ ဘာမှသင်ကြရတာမဟုတ်ဘူး။ ဒါပဲသိတယ်"

ကျွန်ုပ်ပြုံးနေလိုက်ပါသည်။

ထိုပုဂ္ဂိုလ်များ စိတ်ဓာတ်ကျသွားတိုင်း ကျွန်ုပ် စိတ်မကောင်းပါ။

ခံယူခြင်း ဟူသည် နားလည်စေချင်ပါသည်။

တပည့်ကောင်းဖြစ်အောင်နေ၊ ဆရာကောင်းရောက်လာလိမ့်မယ် ဟူသောဆရာ၏ဆုံးမစကားအတိုင်း ကျွန်ုပ်ကိုယ်ကျွန်ုပ် တပည့်ကောင်းဖြစ်အောင် ကြိုးစားနေသူဖြစ်၍ ကျွန်ုပ်မှာ အစဉ်သာဝရပျော်နေ၏။

စပ်မိစပ်ရာ ထိုအကြောင်းလေးများကို တစ်ခါတစ်ခါ လူရှင်းချိန် ဆရာ့အား ပြောပြမိလေရာ -

"အေး - ကိုယ့်အကြောင်းကိုယ်ပြောတာထက် သူများကိုဂုဏ်ဖော်ပြောတတ်အောင်ကျင့်။ ဘယ်တော့မှ လူတစ်ယောက်သားရဲ့အပြစ်ကိုမပြောမိစေနဲ့။ ပြောချင်ရင် မင်းအပြစ်ပဲမင်းပြော"

ဟူ၍ ပြောလိုက်သောကြောင့် ကျွန်ုပ်မှာ ဘာမှန်းပင်မသိတော့ပါ။

ကျွန်ုပ်၏ဘဝကို ကျွန်ုပ်အားငယ်၍ ဆရာသခင်ထံတွင် ပညာစသင်ချိန်မှစပြီး ဒုက္ခမျိုးစုံကိုဇွဲနပဲကြီးစွာခံခဲ့ရခြင်းကိုတွေးမိတိုင်း -

"မင်းစိတ်ကိုအနက်ရှိုင်းဆုံးနေရာမှာ တည်ငြိမ်နေအောင်ထား။ ဒါဆိုမင်းရဲ့စိတ်ဟာ တန်ဖိုးကြီးမားလာလိမ့်မယ်"

ဟူသော စကားကို အမြဲကြားယောင်၍ အာနာပါနသာမှတ်နေမိတော့၏။

"မင်းကိုယ်မင်းသိနေအောင်အမြဲကျင့်"

"ဟုတ်ကဲ့"

"အေး - ယောက်ျားကြီးလေး၊ငါးယောက်ဖက်စာလောက်ရှိတဲ့သစ်ပင်ကြီးဖြစ်နေပါစေ အစေ့ထွက်တဲ့အညှောက်လေးကနေစခဲ့တာမဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"မိုင်ပေါင်းထောင်နဲ့ချီပြီးဝေးတဲ့ခရီးကိုစဖို့ရာ စုံခွန်သွားလို့ရလား"

"မရပါဘူး"

"စလိုက်ရတာဟာ ခြေဘယ်နှလှမ်းလဲ"

"ခြေတစ်လှမ်းကနေပဲ စရတာပါ ဆရာ"

"အေး - ခြေမလှမ်းဘဲနဲ့နေရင်ကော မိုင်ပေါင်းထောင်ချီဝေးတဲ့ခရီးကို မဆိုထားနဲ့၊ ဟိုနားဒီနားလေးတောင် ရောက်ပါ့မလား"

"မရောက်ပါဘူး ဆရာ"

တိတ်ဆိတ်သွားပြီး တစ်ဖက်သို့လှည့်သွားတတ်၏။ ကြယ်မင်းဆေးပေါ့လိပ်ကိုသာ အငွေ့တထောင်းထောင်းဖြစ်အောင် ဖွာရှိုက်နေတတ်၏။ ဆရာထိုသို့တိတ်ဆိတ်သွားလျှင် ကျွန်ုပ်က အလိုက်သိစွာငြိမ်နေလိုက်ရတော့၏။

တစ်ခါက -

ဆရာ့တပည့် တစ်ယောက်နှင့် ပညာအကြောင်းငြင်းကြဖူး၏။

ထိုပုဂ္ဂိုလ်ပြန်သွားသည်နှင့် -

"မင်း သူနဲ့ဖက်ငြင်းတာ မင်းမှာဘာအကျိုးအမြတ်ရလိုက်လဲ"

"ဗျာ - မရပါဘူး ဆရာ"

"မင်းတတ်ထားတာလေးတွေ တောင်ပါသွားပြီ။ မဟုတ်ဘူးလား၊ ဟုတ်လား"

"ဟုတ်ကဲ့"

"မင်းက အားပြိုင်လိုက်တာကိုး။ စွန့်လွှတ်ခြင်းဟာ အရာရာကိုပြီးစေတာ မင်းမှမသိဘဲ။ မှတ်ထား - လက်ထဲမှာ ဘာမှစွဲကိုင်မထားတဲ့သူဟာ လက်လွှတ်ဆုံးရှုံးခြင်းဆိုတာ သူ့အတွက်မရှိတော့ဘူး"

ရှင်းရှင်းဆိုရလျှင် ကျွန်ုပ် နားမလည်ပါ။

တစ်ခါတစ်ခါ ငါ့ဆရာဘာတွေပြောလို့ပြောနေပါလိမ့်ဟု ငေးကြည့်နေရ၏။ အများအမြင်မှာ 'ဩော် -သူ့ဆရာစကားကို အာရုံစူးစိုက်နားထောင်နိုင်တာပဲ' ဟု ထင်ကောင်းထင်ကြမည်ဖြစ်သော်လည်း ကျွန်ုပ်မှာဘာမှနားမလည်သဘောမပေါက်၍ ကြောင်ကြည့်နေရခြင်းသာ ဖြစ်ပါသည်။

နားလည်သည်ဖြစ်စေ၊ မလည်သည်ဖြစ်စေ ဆရာ၏ဩဝါဒများကိုနာခံနေရသည်မှာ မည်သည့်ပီတိနှင့်မှမတူပါလေ။

❑

"သူ့နာမည် စိုးဝင်းတဲ့ကွ"

တိတ်ဆိတ်စွာထိုင်ရင်းပြုံးနေသောလူတစ်ယောက်ကိုကျွန်ုပ်ကြည့်လိုက်၏။ ဆရာက အကြောင်းမဲ့ပြောခြင်းမဟုတ်တန်ရာ -

"ခြေ၊ လက်တစ်ခုခုဖြစ်တတ်တဲ့နာမည်မျိုးပဲ။ အစ်ကို အရမ်းအငြင်းသန်လိမ့်မယ်"

ထိုသူသည် သဘောကျစွာ တဟားဟားရယ်ရင်း ခေါင်းတညိတ်ညိတ်နှင့် ကျွန်ုပ်ကိုကြည့်နေ၏။ ဆရာကတော်ကလည်း ကျွန်ုပ်ကိုလှမ်းကြည့်ရင်း ရယ်နေ၏။

ဆရာ ဘာမှထပ်မပြောတော့၍ ကျွန်ုပ်လည်းနှုတ်ဆိတ်စွာထိုင်ရင်း ဆရာ့ဓားလွယ်ခုတ်တွင်ထိုင်နေလိုက်ပါတော့သည်။

ကိုစိုးဝင်း ဆိုသူသည် သူမည်၍မည်မျှငြင်းတတ်ကြောင်း၊ မည်သူကမည်သို့ပြောလိုက်ရာ အယုံအကြည်မရှိငြင်းကြောင်းတွေကို ဂုဏ်ယူစွာပြောနေ၏။ ပြောလိုက်၊ ကျွန်ုပ်ကိုလှမ်းကြည့်ရယ်ပြရင်းခေါင်းညိတ်ပြလိုက်လုပ်နေသော်လည်း ဆရာ၏ခွင့်ပြုချက်မရပါဘဲလျက် လူစိမ်းတစ်ယောက်ကို စကားမပြောတတ်ပါ။

အခါမှာ သူရဇ္ဇအခါဖြစ်၏။

သူသည် ပညာအကြောင်းများကိုသာ တွင်တွင်ပြောနေသောကြောင့် အင်း - 'စဖိုလယ် အမဲကင် စုန်းမှင်နတ်တို့ရေတတ်သည်' ဆိုတဲ့ကိန်းတော့ဆိုက်နေပြီ။ ဘာများပါလိမ့်ဟုအာရုံစိုက်ကာ

www.burmeseclassic.com

ငြိမ်နေသော်လည်း ကျွန်ုပ်၏ မျက်လုံးများက ဆရာ့ထံမှာသာ။

"အေး၊အေး - ငါပြောသလိုလုပ်လိုက်ပါ။ မင်းသူ့အတွက်ရည်စူးပြီး သက်န်းလှူပေးလိုက်တာနဲ့ သူ့ခမျာ ဘဝကူးကောင်းသွားပါပြီ။ မြင့်မြတ်တဲ့ဘုံကိုရောက်သွားပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

စကားပြောပြီးထလိုက်သည်နှင့် ထိုလူတစ်ချက်ယိုင်သွား၏။ ပြီးမှ လမ်းလျှောက်သွားရာ ခြေလေးတစ်ဖက်ဆာတာဆာတာနှင့် မသိမသာလေး နိမ့်နင်းနိမ့်နင်းဖြစ်နေမှန်း တွေ့လိုက်ရတော့၏။ သူကတော့ ကျွန်ုပ်ကိုနှုတ်မဆက်တော့ပါ။ လှည့်တောင်မကြည့်တော့ပါ။

"အေး - မင်းမလည်းရှိသမျှဉာဏ်လေးနဲ့ ဖျစ်ညှစ်ကြိုးစားနေရမှန်း ငါသိပါတယ်။ ဒါကြောင့်လည်း ပုံသေနည်းကလွဲရင် ဘာမှသိပ်မပြောတတ်သေးဘူး ဖြစ်နေတယ်။ သူရဲ့အခါမှာ သူဟာပညာအကြောင်းတွေသိပ်ပြောနေမှတော့ လျှို့ဝှက်တဲ့ကိစ္စတွေ၊ မမြင်ရတဲ့ကိစ္စတွေ ပါလာတော့မယ်ဆိုတာတွေးရမယ်လေ"

ကျွန်ုပ် တွေးခဲ့ပါသည်။

'ဟုတ်ကဲ့ - ကျွန်တော်တွေးခဲ့ပါတယ်' ဟုဆိုလျှင် ဆရာပြောပြီးမှ လိုက်ပြောသည်ဟူသောအနေအထားရောက်သွားတော့မည်မို့ နှုတ်ဆိတ်စွာငြိမ်နေလိုက်ရပါတော့သည်။

"လူလေး"

"ဗျာ"

"သူ့မှတ်မိလား၊ ကြည့်စမ်း"

"ဟာ-မှတ်မိတာပေါ့။ နန္ဒဝန်ဈေးတုန်းက အတူတူရောင်းခဲ့တာ ဒေါ်ကြီးတင်လေ"

"အေး - ဟုတ်တယ် သားလေး၊ ဟယ် - မှတ်မိချက်တော်"

"ခု အမေ့ဆီလာလည်တာလား"

"အေး - ဒေါ်ကြီးတင်တို့အိမ်လေးတစ်လုံးဝယ်လိုက်တာ သားရယ်၊ အိမ်ကရေဘယ်လောက်ဆေးဆေး၊ဘယ်လိုအမွှေးနံ့တွေနဲ့တောက်တောက် ညှီစို့စို့အနံ့ကြီးထွက်ထွက်နေလို့"

မနက်က ဆရာ့ထံရောက်ခဲ့စဉ်က ပညာမသင်ရခင် ကိုစိုးဝင်းဆိုသူ၏ကိစ္စမှာ ယခု ညနေပိုင်း သူရဲ့အခါအထိလာ ရောက်ချိတ်ဆက်နေပြန်ပါ၏။

"ဒါဆို အရင်လူတွေထဲက ပျက်စီးထားတာရှိလိမ့်မယ်။ သူများဆီကထပ်ဝယ်လိုက်တာလား"

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့လည်း ဒီညှီစို့စို့ကြီးကြောင့်ပြန်ရောင်းသွားတာဖြစ်မယ်။ စီးပွားတွေကျတယ်ဆိုတာ ခုဝယ်ပြီးမှသိရတော့တယ်"

အဲဒါ မမသိန်းက သားပြန်လာရင် မေးကြည့်ဆိုလို့ အကြီးတင်လည်း စောင့်နေတာ"

ကျွန်ုပ် ဘာမှမစဉ်းစား။ မနက်က ဆရာသခင်၏ ပြောစကားအတိုင်း တစ်သဝေမတိမ်းမှတ်ထားပြီး -

"သင်္ကန်းဝယ်ပြီး သံဃာတော်အရှင်မြတ်တစ်ပါးပါးကိုပင့်ပြီးလှူလိုက်၊ သူတို့တွေအတွက် ရည်စူးပြီး လှူပေးလိုက်"

"သုံးပါး၊ ငါးပါးပင့်ရင်ကောရလားသား"

"ရတယ်လေ၊ ပင့်ပြီးသင်္ကန်းလှူပေးလိုက်"

သင်္ကန်းလှူပြီးနောက်ပိုင်း တစ်လမရှိတရှိတွင် ညည်းကြားနေရသောစကားပြောသံများ တဖြည်းဖြည်းကျဲလာကြောင်း၊ ခြေသံများတဖြည်းဖြည်းနည်းသွားကြောင်း၊ ညှီစို့စို့အနံ့ကြီးမှာ တဖြည်းဖြည်းပျောက်သွားကြောင်း လာပြောပြသွားပါသည်။

ထိုရက်များက -

ဆရာသခင် ဆက်တိုက်ခေါ်သင်ပေးခြင်း၊ လေ့ကျင့်ပေးခြင်းကြောင့် လေဟာပြင်ဈေးသို့ မရောက်တစ်ချက်ရောက်တစ်ချက်ဖြစ်ပြီး ကိုမောင်ထူးကိုနားလည်အောင်ပြောပြထားရ၏။ ဖိုးပိန်ကိုလည်း မုန့်ဖိုးလေးဘာလေးပိုပေးရ၏။

ဓာတ်အပ်စိုက်ဆေးခန်းသို့လည်း တစ်ပတ်ကြာမှ တစ်ရက်၊ တစ်ခါတစ်ခါ ဆယ်ရက်ခန့်ကြာမှ တစ်ရက်ရောက်ရတော့၏။

"မင်းသိတယ်နော်၊ မင်းကို ငါ လူတစ်ယောက်ဆီလွှတ်ဖို့ဆိုတာ"

"ဟုတ်ကဲ့ - ဆရာပြောတာမှတ်ထားပါတယ်"

"အေး - ဆရာကြီးဦးထွန်းမြင့်လျှို့ဝှက်ရှားပါးစွာနဲ့ပေးခဲ့တဲ့ အင်္ဂဝိဇ္ဇာပညာခန်းတွေပဲ။စကားဝှက်တွေ၊အဖျက်တွေနဲ့ရေးထားတာ၊ မသိရင်တော့ ဒူးဂဏန်းကျေးဂဏန်းတွေနဲ့ရေးထားသလိုပဲ။ ပြီးတော့ တခြားဆရာတော်တော်များများရဲ့အယူအဆတွေပါတဲ့ အင်္ဂဝိဇ္ဇာပညာခန်းတွေ၊ ဆန်းပညာခန်းတွေပါတဲ့ စာရွက်တွေပေါ့ကွာ။ ငါရယ်၊ ငါ့ဆင်ဖော်သင်ဖက်လူတစ်ယောက်ရယ် အတူတူပညာရှာကြရင်း၊ ပညာလိုက်စားကြရင်းမှတ်သားခဲ့ကြတာတွေပေါ့ကွာ။ မှတ်တာကတော့ သူကမှတ်တာပါ။ ငါက ခေါင်းနဲ့မှတ်တာ။ ဒါပေမယ့် ဒီပညာတွေကရှားတယ်လေ။ ဆက်ထိန်းသိမ်း

သူ့မှာရော ငါ့မှာပါ တာဝန်ရှိတယ်။ သူ

က တပည့်မမွေးဘူး။ ငါ့လိုတပည့်တွေ

မထားဘူး။ ကျန်းမာရေးလည်းသိပ်

ကောင်းမယ်မထင်ဘူး။ လူကလည်း

ကပ်ဖဲ့။ ငါအရင်ကတော့ အဲဒီလူနေတဲ့

နေရာကိုစုံစမ်းပြီး လူလွှတ်တောင်းခိုင်း

တယ်။ လှည့်ပတ်ပြီးတော့ တောင်းခိုင်း

တယ်။ မရဘူးကွ၊ ခေါင်းမာတယ်။ သွား

တောင်းတဲ့ကောင်နှစ်ကောင်၊သုံးကောင်

လည်း ဖွဲ့မရှိဘူး။ ဟိုကလူ့ကပ်ဖဲ့နဲ့တွေ့

တော့ သူတို့လည်း ပြန်ပြေးလာရတာ

ပေါ့"

"ဩော် - ဟုတ်ကဲ့"

"အဲဒီအချိန်တုန်းကတော့ သူက

လည်း ပညာမာန်ရှိသလို ငါကလည်း

ပညာမာန်ရှိခဲ့တာပဲ။ ဒါကို ငါဝန်ခံတယ်။

သူနဲ့ငါနဲ့က အရမ်းပညာပြိုင်ခဲ့ကြတာ

ကွ"

"ဟာ - အဲဒီဆရာ့သူငယ်ချင်းက

ဆရာ့လိုပဲထက်တာပေါ့နော်"

"အေးလေ"

"ဟာ - ဒါဆို ကျွန်တော့်ကို

ဆရာလွှတ်မယ်ဆိုတာ အဲ အဲ အဲ

လူ. . ."

"ဘာဖြစ်နေတာလဲ မင်းက"

"ဆရာ့နဲ့ ပညာတူဆိုကတည်းက

ကျွန်တော်လက်ဖျား၊ခြေဖျားတွေတောင်

အေးလာပြီ"

"အေး - မင်းအဲသလိုကြောက်

တတ်လို့ မင်းကိုငါရွေးလိုက်တာပဲ။ လည်

လည်ဝယ်ဝယ်ကောင်တွေ တောင်းလို့

မရခဲ့တဲ့ ပညာစာရွက်တွေကို မင်းသွား

တောင်းပေတော့။ ငါစာတစ်စောင်ရေး

ပေးလိုက်မယ်၊ ယူသွား။ မင်းကိုငါအရမ်း

သင်ပေးပြီး အရမ်းလေ့ကျင့်ပေးခဲ့တာ

မင်းသတိထားမိမှာပေါ့"

"ဟုတ်ကဲ့"

"မင်းဘယ်လိုမှမထင်ထားတဲ့ပညာ

တွေ ငါသင်ပေးခဲ့တာ အဲဒီအကြောင်း

ပဲ။ ခုငါ့ဆရာကြီးဦးထွန်းမြိုင်လည်းမရှိ

တော့ဘူး။ ပြီးတော့ သူနဲ့ငါနဲ့အတူသွား

သွားသင်ခဲ့တဲ့ ဆရာကြီးတွေလည်းမရှိ

တော့ဘူး။ ဒီတော့ ဒီပညာစာရွက်တွေ

ဟာ ငါဆက်ထိန်းသိမ်းရလိမ့်မယ် ဆေး

ကောင်၊ အပျောက်မခံနိုင်ဘူး။ သူ့မှာ

လက်ထဲတော့ အရောက်မခံနိုင်ဘူး။ ဒါ

ကြောင့် မင်းကို ငါခိုင်းတဲ့ အဲဒီကိစ္စ

မင်းတာဝန်ယူပေတော့။ ခုဆို မင်းကို

အရမ်းကြပ်ကြပ်မတ်မတ်လေ့ကျင့်ပေး

ဘာ သုံးလကျော်လို့ လေးလထဲရောက်

လာပြီမို့လား"

www.burmeseclassic.com

"ဟုတ်ကဲ့ - လေးလထဲမှာ"

"အေး - မင်းဒီအချိန်ကစပြီး ဘာခြားထွေထွေထူးထူးအကြောင်းမရှိဘဲ ငါ့ဆီမလာနဲ့တော့"

"ဗျာ"

"မဗျာနဲ့၊ မင်းအာရုံမများချင်နဲ့။ ငါ လွှတ်လိုက်တဲ့ကိစ္စတစ်ခုထဲကိုသာတစိုက် မတ်မတ်အာရုံစူးစိုက်ပြီး သူ့ကိုချဉ်းကပ်ရ တော့မှာ၊ မင်းသူ့တပည့်ဖြစ်ရတော့မှာ။ ဘိုပြေးလိုက်ဒီလာလိုက် အာရုံမများနဲ့။ ငါပြောတာနားထောင်"

"ဟုတ်ကဲ့"

"ရော့ - ဒီစာရွက်ယူသွား"

ဆရာလှမ်းပေးသောစာရွက်ခေါက် လေးအား လက်နှစ်ဖက်နှင့် ရိုသေစွာယူ ၍ အင်္ကျီအိတ်ထဲထည့်လိုက်ပြီး ဆရာ့ ခြေထောက်ကိုကိုင်၍ ဦးသုံးကြိမ်ရှိခိုး ကာ ထပြန်လာခဲ့ပါတော့သည်။

လမ်းကျမှ စာရွက်ခေါက်လေးကို ဖြန့်ကြည့်လိုက်ရာ -

'သန့်ဇင်လေးကို လွှတ်လိုက်ပြီ'

ဟာ -

စာမှာ(၇)လုံးသာဖြစ်၏။ သို့သော် စာရွက်များမရခင် ဤစာကိုပြလိုက်ပါက အခြေအနေများပြောင်းသွားနိုင်ပါသည်။ ဆရာကလည်း ယခုထိ မာန်ရှိနေသေး သည်။ ဤစာကိုဘာကြောင့်ရေးပေးလိုက် မှန်း ကျွန်ုပ်မသိသော်လည်း ရည်ရွယ် ချက်တော့ရှိလိမ့်မည်။

အခြေအနေအရပ်ရပ်ကိုကြည့်၍ ကျွန်ုပ်၏အရည်အချင်းနှင့်သာချဉ်းကပ် တော့မည်။ စာပြလိုက်၍ ထိုပုဂ္ဂိုလ်နှင့် ဆရာနှင့် အမုန်းကြီးထပ်မုန်းသွားမှာကို ကြောက်လို့လားဟုတွေးရင်း ခြေလှမ်းကျဲကြီး များလှမ်းကာ အားရပါးရ အံကြိတ်ထား လိုက်မိလေတော့သတည်း။

'ရွှေနားပန်စေတီတော်မြတ်ကြီး'။

ဆရာပြောလိုက်သည်မှာ ရွှေနား ပန်စေတီတော်တွင် ထိုပုဂ္ဂိုလ်အမြဲလိုလို ရှိသည်ဟုဆိုသော်လည်း နှစ်ခါ၊ သုံးခါ သွားရှာလေရာ အစအနပင်မကြားရ။

ရှာကြည့်ပါသည်။

ဆရာခိုင်းသည့်အတိုင်း တစ်သ သတိမ်းလိုက်နာပါသော်လည်း ဆရာ ပြောသည့်ပုံစံမျိုးဆို၍ ယောင်လို့တောင် မတွေ့။

ဘယ်ဆီများရောက်ပြီး ဘယ် ဘုရားတွေမှာ အဓိဋ္ဌာန်များဝင်နေပါ သလဲမသိ။

"ကိုအံ့ကူ၊ ကိုအံ့ကူ"

"ဟေ - ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ဘယ်ကကျွန်တော်လဲ"

မာရေကျောရောနိုင်လှသောအသံ ကိုပြု၍ အိမ်ထဲမှထွက်လာသူကို သေချာ ကြည့်လိုက်၏။ ဟုတ်ပြီ - ကိုအံ့ကူ။ မျက်လုံးမှာ တောင်တစ်လုံးမြောက်တစ် လုံးကြည့်လိုဖြစ်နေပြီးစွေနေ၏။သူကြည့် နေလျှင် ဘယ်ကိုကြည့်လို့ကြည့်နေမှန်း မသိရ။ လက်ထဲတွင် ပေသီးတွက်နေ ရင်းတန်းလန်းကိုင်ထား၏။

"ကိုအံ့ကူ၊ အစ်ကိုမမှတ်မိတော့ ဘူးလား။ ဟိုတစ်ခါတုန်းက ဆရာဦးသန့် ဇင်နဲ့ကျွန်တော်နဲ့ ဒီအိမ်လေးကိုလာဖူး တယ်လေ"

"ဩော် - ဆရာဦးသန့်ဇင်တပည့် ကိုး၊ လာကွာ"

ကိုအံ့ကူ၏ စီးပွားရေးမှာ အမွေး တိုင်လုပ်ငန်းဖြစ်သောကြောင့် အလုပ် လုပ်နေသော မိန်းကလေး နှစ်ဦး၊ သုံးဦး ဘေးမှကွေ့ဝိုက်၍ ကိုအံ့ကူပြသောခုံ လေးတစ်လုံးတွင် ဝင်ထိုင်လိုက်၏။ အမွှေးတိုင်လုပ်ငန်းအိမ်ဖြစ်နေ၍လား မသိ၊ အနံ့မှာပေါင်းစုံ။ ကြာလာလျှင် မူး လောက်၏။

"အစ်ကိုမမှတ်မိဘူးနဲ့တူတယ်"

"အေး - ငါမင်းကိုမသိဘူး။ ဆရာ ဦးသန့်ဇင်နဲ့လာဖူးတယ်ဆိုလို့သာ မင်း ကိုအိမ်ထဲခေါ်ဧည့်ခံတာ"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် အစ်ကိုအံ့ကူ၊ အရင်တစ်ခါ ဆရာနဲ့လာ တုန်းကလည်း ဒီနေရာလေးမှာပဲ ကျွန် တော်တို့ထိုင်ခဲ့ရတာ။ အစ်ကိုတောင် ဆရာ့ကို တစ်ရာတန်တစ်ရွက်ကန်တော့ လိုက်သေးတယ်လေ။ ဟိုဗီရိုကြီးထဲက ကြေးနီရောင်မြေကရားအိုးလေးနဲ့ အဲဒီ လက်ဖက်ရည်အကြမ်းပန်းကန်သေးသေး လေးတွေနဲ့ အစ်ကိုဧည့်ခံလိုက်တာ"

"ဟား - မင်းမှတ်ဉာဏ်ကောင်း သားပဲ။ အေးအေး - မှတ်မိသလိုလိုဖြစ် လာပြီ။ ဆိုကွာ လာရင်းကိစ္စ၊ ငါလည်း အချိန်မရဘူး။ လိုရင်းပြော"

"ဩော် - ဆရာခဏခဏပြောဖူး တဲ့ သူ့သူငယ်ချင်းဆိုထာလေ၊ အသက် ငါးဆယ်လောက်ရှိတယ်လေ။ ဘစိန်ဆို တာ"

"ဘစိန် ဩော် - သိပြီ။ ဦးစိန်ကို ပြောတာနဲ့တူတယ်။ ဒီရွှေနားပန်ဘုရား ကြီးမှာ အမြဲလိုလိုရှိတတ်တယ်လေ။ စကားသိပ်မပြောဘူး"

"ဟုတ်ကဲ့"

"ဟုတ်တယ်၊ သူက ဒီရွှေနားပန် ဘုရားကြီးမှာပဲ ဝေယျာဝစ္စတွေအမြဲလာ လာလုပ်တယ်။ တံမြက်စည်းတွေလှည်း၊ အမှိုက်တွေကောက်ပါ့ကွာ။ ပြီးတော့ သူ လက်လှမ်းမီသလောက် မှန်စီရွှေချနေရာ တွေကို အဝတ်လေးနဲ့လိုက်ပွတ်နေတတ် တယ်။ ဟုတ်ပါတယ်၊ ဒီဦးစိန်ကိုပဲ မင်း မေးတာဖြစ်နိုင်တယ်။ သူကတစ်ယောက် တည်းပဲ။ ဘယ်အဖော်မှမရှိဘူး။ စကား လည်းမပြောဘူးကွ။ သူ့အလုပ်သူလုပ် နေတာပဲ။ ပုတီးအကြာကြီးစိပ်ချင်စိပ်နေ ပြန်ရော။ အေး- သူဒီမှာမရှိတော့ဘူးကွ။ ငါသိရသလောက်ကတော့ အင်း. . . နေဦး၊ ရွှေနားပန်ကဦးကြီးတွေပြောတာ ကတော့ ဟိုး. . . ရန်မျိုးအောင်ဘုရား မှာလိုလိုပဲ။ မင်းရန်မျိုးအောင်ဘုရားသိ လား"

"ဟုတ်ကဲ့ - ဒီသက်နီးကျွန်းလမ်း အတိုင်းသွားရတာ။ သိတော့သိတယ် အစ်ကို၊ မရောက်ဘူးတာ"

"အေး - အဲဒီကိုသွားလိုက်၊ မေး ကြည့်ပေါ့ကွာ။ ဘာပဲပြောပြောနည်း နည်းပါးပါးတော့ အစအနလေးရမှာပေါ့။ ဘာလဲ၊ကိုသန့်ဇင်ရှာခိုင်းလိုက်တာလား"

"ဟုတ်ကဲ့ - ကိုအံ့ကူ"

"အေး - ဒါဆိုလည်း သွားရှာ လိုက်တော့နော်"

'ရန်မျိုးအောင်စေတီတော်'။

ငမိုးရိပ် စံပြရပ်ကွက် -

"မင်း ဒီလာလာနေတာ သုံးခါ၊ လေးခါမကတော့ဘူး။ ဘာကိစ္စရှိလို့လဲ ကလေး"

ရန်မျိုးအောင်စေတီတော်ပရိဝုဏ် အပြင်ဘက်ရှိ တဲလေးထဲမှ အင်္ကျီရတ် ထိုးနေလေ့ရှိသောဘကြီးဖြစ်၏။ ဘကြီး မှာ အသက် (၇၀) နီးပါးရှိပြီး အရပ်ပုပု လေးဖြစ်သော်လည်း အသံမှာ အတော် မာ၏။ အင်္ကျီရတ်ထိုးသောမီးကိုကြည့်နေ ရပါများလို့လားမသိ၊ ဘကြီးမျက်လုံးများ မှာ နီကြောင်ကြောင်ဖြစ်နေ၏။

"ကျွန်တော် အဘစိန်ကို လာရှာ တာပါ ဘကြီး။ ဒီနေရာလေးကိုလာ တတ်တယ်ဆိုလို့ပါ ခင်ဗျ"

"ဩော် - ဦးစိန်လား"

"ဟုတ်ကဲ့"

"အေး-လာတော့လာတတ်သေး၊ နေ့တိုင်းမဟုတ်ပေမယ့် ခဏခဏတော့ လာတတ်တယ်။ဒါပေသိ ဒီရက်ထဲမလာ ပြန်ဘူး။ ဘာဖြစ်လို့လဲမဆိုနိုင်ဘူး"

"ဟုတ်ကဲ့ - ဘကြီး၊ ကျွန်တော် နောက်ရက်တွေလည်းလာရှာပါဦးမယ် ခင်ဗျ"

"အေး - လာရှာပေါ့ တွေ့ချင်ရင်။ ဒါပေမယ့် ဖိုရုံရှေ့မှာတော့ ရစ်သီရစ်သီ နဲ့လာလာမလုပ်နဲ့။ မင်းသိချင်ရင်



www.burmeseclassic.com

www.burmeseclassic.com

အပြင်ထွက်တာခဏစောင့်၊ ငါထွက်လာမှမေး"

"ဟုတ်ကဲ့ပါ ဘကြီး"

တစ်ချက်စွေကြည့်လိုက်ပြီး လက်ထဲမှာကိုင်ထားသော ရေခွက်လေးထဲမှ ရေကို အပြင်သို့လှမ်းပက်လိုက်၏။ ပြီးမှ ဘေးနားရှိ နှုတ်ခမ်းပဲ့နေသောစဉ့်အိုးပုပျပ်ပျပ်လေးထဲသို့ ရေနှစ်ခပ်လိုက်ပြီး ပြန်ဝင်သွားတော့၏။ ကျွန်ုပ်လည်း အလိုက်သိစွာ ထွက်လာလိုက်တော့၏။

ထိုနေ့မှစ၍ နောက်ထပ် ဆယ်ရက်ခန့် ဖွဲကြီးကြီးနှင့်ဆက်သွားပြီး ထိုပုဂ္ဂိုလ်ကိုစောင့်၏။ အရိပ်အယောင်မျှပင်မတွေ့။ အင်္ဂရတ်ထိုးသောဘကြီးကိုလည်း ဝင်မမေးရဲ။

တစ်နေ့ -

"ဟာ - ဒီလူကြီးနဲ့တူတယ်"

အင်္ဂရတ်ထိုးသောတဲလေးအတွင်းတွင် အသက် (၅၀) ခန့်အရွယ် ပုဂ္ဂိုလ်ကိုလှမ်းမြင်လိုက်ရာ ကျွန်ုပ်ဝမ်းသာသွား၏။ ထိုပုဂ္ဂိုလ်သည် ဘကြီးဖိုဆွဲနေသည်ကို ဘေးမှထိုင်ကြည့်နေ၏။ စကားတစ်ခွန်း၊ နှစ်ခွန်းပြော၏။

"အင်း-ဒါဆရာပြောတဲ့ဆရာစိန်ဆိုတာဖြစ်နိုင်တယ်။ ဆရာပြောပြောနေတဲ့ပုံပန်းသဏ္ဌာန်ပဲ။ ဟုတ်ပြီ၊ တွေ့ပြီ။ ငါ့ကို ဆရာခိုင်းလိုက်တာ အခုကစပြီး ငါလုပ်ပြီ"

အင်္ဂရတ်ထိုးသောတဲကလေးနှင့် မလှမ်းမကမ်းတွင် ကုလားမလေးတစ်ဦးရောင်းနေသော တို့ရှူးဆိုင်လေးရှိ၏။ အလွန်သန့်ပြန့်၏။ တို့ရှူးမှာအနံ့ရသည်နှင့်ပင် စားချင်စိတ်များထိန်းမရသိမ်းမရလောက်အောင် မွှေးကြိုင်၏။ သူမ၏ သန့်ပြန့်ပုံ၊ တည်ကြည်ပုံ၊ မုန့်၏မွှေးကြိုင်မှုတို့ကြောင့် တစ်ကြိမ်၊နှစ်ကြိမ်စားဖူး၏။ ယခုလည်း ဆရာစိန်ထွက်အလာကို တို့ရှူးစားပြီးစောင့်နေရန် ဆုံးဖြတ်လိုက်ပါတော့ သည်။

ခန့်မှန်း (၂) နာရီကျော်လောက်ကြာလောက်မည်။

ဆရာစိန်ထွက်လာပြီဖြစ်၍ တို့ရှူးရောင်းသောကုလားမလေးကို အလွန်အားနာစွာနှုတ်ဆက်ကျေးဇူးတင်ကြောင်းပြောပြီး ဆရာစိန်၏နောက်သို့လိုက်လျှောက်လိုက်ပါတော့သည်။

ဆရာစိန်၏ အနီးသို့ကပ်ရန် စဉ်းစားလိုက်ချိန်တွင် ဆရာနှင့်ပညာတူသူငယ်ချင်းပါလားဟူသောအသိကြောင့် ခြေလှမ်းက တုံ့ခနဲဖြစ်သွားပြန်ပြီး ရင်တဒိတ်ဒိတ်ခုန်လာ၏။ ရှိန်သွား၏။ ကပ်ရမကပ်ရ ချီတုံချတုံဖြစ်နေပြန်၏။

'အို - ငါ့ကို ငါ့ဆရာက ယုံလို့ခိုင်းလိုက်တဲ့ကိစ္စပဲ။ ဖြစ်အောင်လုပ်မယ်။ လုပ်ရမှာ ငါ့တာဝန်'

ဟု အားတင်းလိုက်ပြီး ဆရာစိန်၏အနီးဆုံးသို့ အပြေးအလွှားချဉ်းကပ်လိုက်ရင်း -

"ဆရာကြီး"

"ဟေ"

ကျွန်ုပ်ပြုံးပြမျက်နှာချိုသွေးလိုက်၏။

"ဘာတုံး၊ ဘာကိစ္စတုံး"

"ဆရာကြီးက ဆရာစိန်ဆိုတာလား ခင်ဗျာ"

"အေး - ငါ့နာမည် ကိုစိန်ဆိုတာတော့ဟုတ်တယ်။ ဒါပေမယ့် ငါ့ဆရာမဟုတ်ဘူး။ မင်းလူမှားနေပြီ"

ပြောရင်း သေချာကြည့်နေ၏။ သူ၏အကြည့်မှာ ကျွန်ုပ်ကို စူးစမ်းနေပုံရပြီး မာန်တော့မရှိ။ မျက်လုံးမှာ အာရုံစိုက်နေပုံရသော်လည်း ပါဝါမရှိ ရိုးရိုး။ ကြည့်ရသည်မှာ အေးအေးဆေးဆေးပင်ဖြစ်၏။ ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးတော့ အကဲခတ်နေ၏။

"မမှားပါဘူး ခင်ဗျ ဆရာကြီးပါပဲ။ ကျွန်တော် မရမကလိုက်ရှာနေတာပါ။ ဆရာကြီးပါ"

"ဟေ-မရမကတွေဘာတွေလိုက်ရှာရတယ်လို့၊ ဘာဖြစ်လို့လဲကွ"

"ကျွန်တော် ကျွန်တော့်အသိအစ်ကိုကြီးတစ်ယောက်နဲ့စကားပြောကြရင်း သူကဆရာကြီးအကြောင်းတွေပြောပြောပြရာကနေ ဆရာကြီးကို ကျွန်တော်အရမ်းကြည်ညိုသွားလို့ပါခင်ဗျာ။အရမ်းကို တွေ့ချင်လွန်းတဲ့စိတ်တွေဖြစ်လာပြီး ခုလို မရမကလိုက်ရှာခဲ့ရတာပါ"

"မင်းလူမှားနေပြီနဲ့တူတယ်နော"

"မမှားပါဘူး ခင်ဗျ"

"ငါ့မှာ လူစိတ်ဝင်စားလောက်အောင် ဘာမှမရှိဘူးနော်။ ငါ့အကြောင်းကို တကူးတကပြောပြောပြရတယ်ဆိုရင်တောင် ငါကဘာမှထူးထူးဆန်းဆန်းမလုပ်ဘူး။ ဘာပညာမှလဲပြတာမဟုတ်ဘူး။ တပည့်လည်းမရှိဘူး။ မင်းငါ့ကိုလာပြောနေတာတွေ မဟုတ်လောက်သေးဘူး"

သူ၏မျက်လုံးတွင် သံသယအရိပ်များစဝင်လာပြီး ကျွန်ုပ်ကို အကဲခတ်နေ၏။

"ဆရာကြီးအဲသလိုသီးသီးခြားခြားနေတတ်မှန်း ကျွန်တော်ကြားထားပြီးသားပါ။ ဘယ်သူ့ကိုမှလဲ တပည့်အဖြစ်လက်မခံတာလည်း ကျွန်တော်သိထား

ပါတယ်။ ပြီးတော့ ဆရာကြီးဟာ အ
ဝိဇ္ဇာတို့၊ ဆန်းကျမ်းတို့အပြင် တခြ
လောကီပညာတွေကိုပါတတ်ထားတ
ဆိုတာလည်း ကျွန်တော်သိထားပါတ
ခင်ဗျာ။ အဲလိုကြားကတည်းက ကျွ
တော် အရမ်းကိုတွေ့ချင်ခဲ့တာပါ။ ဆ
ကြီးနေတဲ့နေရာကို ရက်ပေါင်းမျာ
စုံစမ်းပြီးရှာခဲ့ရတာပါ။ ဘယ်လိုရေ
လဲမသိဘူး၊ ဆရာကြီးနာမည်ကြား
နဲ့ကို ကျွန်တော် အရမ်းတွေ့ချင်လွ
ဆရာကြီးရဲ့မေတ္တာကို ဘယ်လိုခံယူ
မှန်းမသိပါဘူးခင်ဗျ။ ခုလောလော
တပည့်အဖြစ်လက်မခံနိုင်သေးရင်လ
ဆရာကြီးလက်ခံလာတဲ့အထိ ဆရာ
ရဲ့ခြေရင်းမှာ ခြေသုတ်ပုဆိုး မြေ
ကျိုးလို ကျွန်တော် နေခွင့်ပြုပါခင်ဗျာ"

ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြ
နေပြန်၏။

"မင်းက ဇွတ်ကြီးပါလားကွ တော"

"ဆရာကြီးကို ကြည်ညိုလွန်း
အချိန်တွေအများကြီးရှာခဲ့ရတာပါခင်ဗျာ
အခုတွေ့တော့ ဝမ်းသာလွန်းလို့ ဘ
ပြောလို့ပြောရမှန်းတောင်မသိတော့
စကားတွေတောင်ရှာလို့မရတော့ပါဘူ
ကျွန်တော်ပြောမှားဆိုမှားများဖြစ်သွား
ကန်တော့ပါတယ် ဆရာကြီးခင်ဗျာ"

ပြောရင်းနှင့် လက်အုပ်ချီလို
သည်ကို သေချာကြည့်နေပြန်ပါ
သို့သော် ဘာမပြောညာမပြောနှင့်လှ
ထွက်သွားတော့ရာ ကျွန်ုပ်လည်း ဘ
လုပ်ရမှန်းမသိ၊ တွေတွေကြီးကြည့်
ကျန်ရစ်ခဲ့ရပါတော့သည်။

နောက်နေ့ -

တို့ရှူးစားနေရင်းနှင့် ဆရာ
ထွက်အလာကို စောင့်ကြည့်နေသေ
လည်း သည်တစ်ကြိမ်ထွက်လာသည်
ရန်မျိုးအောင်စေတီတော်ဝင်းထဲမှဖြ

အပြေးကလေးအနားကပ်သွာ
နှုတ်ဆက်မည်အပြု အလွန်နားပါးသေ
ဆရာစိန်သည် ဖျတ်ခနဲရပ်လိုက်
ကျွန်ုပ်ကိုလှည့်ကြည့်ရင်း -

"မင်း"

"ဟုတ်ကဲ့"

"ဘာလာလုပ်နေပြန်တာလဲ"

"ဆရာကြီးကိုလာစောင့်နေတာ
ခင်ဗျ"

"ဩော် - ခက်လိုက်တာ၊ မ
မလည်းပဲ။ ဘာကိစ္စလာလာစောင့်
တာတုံး။ မင်းကြည့်ရတာ မိကောင်း
သားသမီးပါ။ မင်းမိဘတွေဘာလု

"အဖေက ဘုန်းကြီးဝတ်ပြီး
အားထုတ်နေပါတယ်။ အမေက ဘ



www.burmeseclassic.com

www.burmeseclassic.com

မလုပ်တော့ပါဘူး။ ကျွန်တော် လုပ်ကျွေးနေပါတယ် ဆရာကြီး"

"အင်း - မင်းဘာလုပ်လဲ"

"ကျွန်တော် ဈေးရောင်းပါတယ်၊ အထည်ပါ"

"ဪအေးလေ - မင်းအလုပ်မင်းလုပ်လေ။ မင်းဘာလို့ အချိန်တွေကို အလဟဿဖြုန်းနေတာလဲ။ မင်းဟာ လူငယ်လေးတစ်ယောက်ပဲ။ အချိန်ဆိုတာ တန်ဖိုးရှိတယ်ကွ။ တန်ဖိုးသိရတယ်"

ပြောရင်းနှင့် တဖြည်းဖြည်းချင်း လျှောက်နေ၏။ ထိုစဉ် ကျွန်ုပ် လုံးဝထင်မထားသောမြင်ကွင်းတစ်ခုကို သတိထားမိလိုက်မိ၍ ခြေလှမ်းပင် ဆတ်ခနဲတုံ့သွားပါတော့သည်။

ညာဘက်ဘေး မြက်ခင်းပြင်ပေါ်တွင် စာကလေး လေး၊ ငါးကောင်ခန့် အစာစားနေသည်ကို ငြိမ်ပြီးကြည့်နေသော ကြောင်အဖြူကြားတစ်ကောင် ဆတ်ခနဲပြေးခုတ်လိုက်ရာ စာကလေးတစ်ကောင်တဖျတ်ဖျတ်နှင့်ပါသွားသောမြင်ကွင်းဖြစ်၏။ မြန်လိုက်သည့်ဖြစ်ခြင်း။ အရုပ်တစ်ရုပ်လိုငြိမ်ပြီး ဝပ်နေရာမှ လွှားခနဲမြန်လိုက်ပါဘိ။

ဟုတ်ပြီ၊ ငါသည် ဆရာစိန်ကို အလွန်ကပ်ချင်လွန်းလှသူ ဖြစ်သည်။ ယခု အင်္ဂါနံစာကလေးကို ကြောင်ဖမ်းမိသွားပေပြီ။

"မင်းကအခုဘယ်လဲ"

"ဆရာကြီးနားမှာနေချင်လို့လာခဲ့တာပါခင်ဗျာ"

"ဟာ- မင်းကလည်းပဲအဓိပ္ပာယ်မရှိလိုက်တာ"

"ကျွန်တော် ဆရာမကြိုက်ရင် စကားမပြောနဲ့ဆို မပြောပါဘူး။ ဒီလိုလေးပဲနေနေရတာကို ကျေနပ်လှပါပြီ။ ဆရာကြီးက ပြန်ဆိုတာနဲ့ ချက်ချင်းလှည့်ပြန်ပါ့မယ်"

ခပ်တွေတွေရပ်နေရာမှ ကျွန်ုပ်အားနှင့်သဲ့သဲ့လောက်ကြားလိုက်ရသော သက်ပြင်းကိုချလိုက်ရင်း -

"အင်း - ဖွဲ့ကတော့မသေးဘူးဘဲ၊ ငါ့အကြောင်းကိုလည်း တော်တော်သိထားသကိုး။ အေးလေ - မင်းကြားထားသလိုပါပဲ ငါမုသားမဆိုပါဘူး၊ ဟုတ်ပါတယ်။ ဒါပေမယ့် မင်းကို ဘာမှသင်ပေးနိုင်တာကိုတော့ ဝမ်းနည်းပါတယ်ကွာ။ နောက်တစ်ခုက မင်းပြောတာတော့ဟုတ်တယ်။ ဒါပေမယ့် လူအထင်ကြီးလောက်အောင် ကြီးကြီးကျယ်ကျယ်အတတ်ထားတာတော့မဟုတ်ဘူး။ ဒီတော့ကြီးကြီးကျယ်ကျယ်တတ်ထားတဲ့ပညာရှင်ကြီးမဟုတ်တော့ ငါတပည့်မမွေးဘူး။ ငါ့လောကမှာ တပည့်ဆိုတာမရှိဘူး။ ဒါကြောင့်မို့ မင်းခုလိုငါ့ဆီကိုကြိုးစားပမ်းစားလာလည်း အလကားပဲ။ ငါနဲ့လာတွေ့လို့ ဘာမှအကျိုးရှိမှာမဟုတ်ဘူး။ မင်းအလုပ်မင်းလုပ်ပါ။ အချိန်ဟာ တန်ဖိုးရှိတယ်၊ အချိန်ကုန်မခံနဲ့။ ဒီပညာတွေသင်ချင်ရင် တခြားမှာသွားသင်ပေတော့။ ငါအေးအေးပဲနေချင်တယ်။ ပြီးတော့ ငါ့မှာအိမ်ခြေယာခြေရှိတာမဟုတ်ဘူး။ ငါ့မိတ်ဆွေတွေအိမ်မှာပဲ ငါနေတာ။ မင်းအတွက် ငါ အချိန်မပေးနိုင်ဘူး သူငယ်"

"ကျွန်တော်ဒါတွေသိထားပါတယ်ခင်ဗျ။ အားလုံးကိုစွန့်လွှတ်ထားတဲ့ ဆရာကြီးရဲ့ စိတ်ဓာတ်ကိုလည်း ကျွန်တော်အရမ်းသဘောကျပြီးသားပါ။ အိမ်ခြေယာခြေမရှိဘူးဆိုတာ ဘာကိုမှမမက်မောတဲ့စိတ်ဓာတ်မို့လို့ ကျွန်တော်အရမ်းလေးစားမိပါတယ်ခင်ဗျ"

"ဟုတ်လား၊ မင်းဒါတွေလည်းသိထားတာပဲလား"

ပြောရင်းနှင့် ကျွန်ုပ်ကို ခပ်စွေစွေကြည့်နေ၏။ အကဲခတ်နေပုံရ၏။

"ဒါဖြင့်ရင် ငါလိုကောင်မျိုးကို ဘာလို့လာတွေ့တာလဲ။ မင်းအတွက် အကြောင်းထူးမှာမှမဟုတ်တာ"

ပြောရင်းနှင့်တဖြည်းဖြည်းလျှောက်သွား၏။ ကျွန်ုပ်ကလည်း နောက်က ထက်ကြပ်မကွာလိုက်၏။ သူနောက်သို့လိုက်နေမှန်းသိသိနှင့် သူလမ်းလျှောက်နေသည်ကိုက ကျွန်ုပ်အတွက် အကောင်းဆုံးမျှော်လင့်ချက်များ စတင်ပြီဖြစ်တော့၏။

ကားလမ်းမဘက်ထွက်သည့်လမ်းထောင့်ချိုးနားရောက်သော် မီးဖိုနှင့်ဒယ်အိုးတွဲထားသော လက်ဆွဲဗယာကြော်သည် ကုလားလူမျိုးဦးလေးကြီးနားသို့ ကပ်သွားပြီးဗယာကြော်ဝယ်စားနေသောကြောင့် ခဏရပ်စောင့်နေလိုက်ပါသည်။ စက္ကူကတော့လေးနှင့် တစ်ကျပ်ဖိုးဝယ်စားသော်လည်း ကျွန်ုပ်ကို ဘေးနားတွင် ရှိနေမှန်း ဂရုစိုက်ပုံမရ။ လှည့်ပင်မကြေး။ ကျွန်ုပ်ကလည်း လမ်းစရိတ်နှစ်ကျပ်မျှသာရှိတော့သောကြောင့် ဝယ်မစားနိုင်ဘဲငြိမ်နေလိုက်၏။

ဗယာကြော်အလုံးကလေးများကို တစ်လုံးချင်းနှိုက်စားနေရင်းမှ -

"ပြန်တော့လေ။ ငါ့ကို မင်းလာတွေ့တာ ဘာမှအကြောင်းထူးမှာမဟုတ်ဘူးလို့ငါပြောပြီးပြီပဲ။ ငါ့နောက်လျှောက်လိုက်နေလို့ကတော့ အလကားပဲ။ မင်းတို့ လူငယ်တွေပဲ၊ လုပ်စရာရှိတာလုပ်လေ။ ဘာလို့အချိန်တွေအလဟဿအကုန်ခံနေတာလဲ။ ပြန်တော့"

ပြောရင်းဆက်လျှောက်သွားသော ခြေလှမ်းမှာ စောစောကထက်စာလျှင် မသိမသာမြန်လာ၏။

"ဆရာကြီး"

"ဘာလဲကွယ့် ကလေး"

"ကျွန်တော် ကျွန်တော့်ကို စကားလေးတစ်ခွန်းလောက်ပြောခွင့်ပြုပါခင်ဗျာ"

"ဘာလဲ ပြော"

"ကျွန်တော်ဟာ ဆရာကြီးရဲ့ ပညာစွမ်းတွေကို ဟိုးတုန်းထဲကကြားခဲ့ဖူးတဲ့သူပါခင်ဗျ။ ဒါကြောင့် တပည့်အဖြစ်နဲ့လက်မခံနိုင်ရင်တောင်မှ ဆရာကြီးရဲ့တပည့်လိုသဘောမထားဘဲ သားသမီးတစ်ယောက်လို၊ တူလေးတစ်ယောက်လို ဆရာကြီးနဲ့ နီးနီးကပ်ကပ်နေခွင့်ပြုပါ ခင်ဗျာ။ ဆရာကြီးရဲ့မေတ္တာရိပ်အောက်မှာနေခွင့်ရရင် ဘာပညာမှသင်ပေးပေး၊ သင်မပေးပေးပါ ကျွန်တော်ဝမ်းသာလှပါပြီ ခင်ဗျာ"

ဆရာစိန်သည် သက်ပြင်းကိုမသိမသာချလိုက်ပြီး ကျွန်ုပ်ကိုဆတ်ခနဲကြည့်လိုက်၏။ ပြီးမှ ဗယာကြော်ထုပ်သည့် စက္ကူလေးအား လုံးခြေလွှင့်ပစ်လိုက်ပြီး သက်န်းကျွန်းလမ်းမကြီးကွေ့အနားရှိ အုတ်ခုံအဟောင်းလေးပေါ်တွင် အသာထိုင်လိုက်၏။

"လာ - ထိုင်ကွာ၊ မင်းကလည်းပဲ"

သူ၏ဘေးတွင်ထိုင်ရန် လက်နှင့်ပုတ်ပြလိုက်သော်လည်း ဂါရဝတရားမရှိရာရောက်မည်ကို စိုးရိမ်သောကြောင့် ဆရာစိန်နှင့် မျက်စောင်းထိုး မားလွယ်ခုတ် မြက်ဖုတ်လေးပေါ်တွင်ထိုင်ချလိုက်၏။

"တစ်ခုရှိတယ် ကောင်လေး၊ ငါက တပည့်မမွေးဘူး၊ မှန်တယ်။ ဘာကိုမဆို ဘယ်ကိစ္စကိုမဆို ပညာနဲ့ပဲကြည့်၊ ပညာနဲ့ပဲဆုံးဖြတ်၊ ပညာနဲ့ပဲစဉ်းစားတတ်တဲ့သူကွ။ ဒီတော့ မင်းမှာ ဘာပညာမှမတတ်ထားရင်လည်း ငါ့နားနေပြီးအပိုပဲ။ မျက်မမြင်တစ်ယောက် ပန်းချီကားအကြောင်း ချီးမွမ်းနေသလိုဖြစ်နေတော့မပေါ့"

ရင်ထဲတွင်အမျိုးအမည်မသိသော ခံစားချက်တစ်ခု ဒိန်းခနဲရောက်လာပြီး ကျွန်ုပ်၏စိတ်များကစဉ့်ကလျားဖြစ်သွား၏။ ဘယ်စကားနှင့်ဘယ်လိုချဉ်းကပ်ရပါ့မလဲသည်ကို မတွေးတတ်ဖြစ်သွားသော်လည်း စိတ်ထဲတွင် ခံစားနေရသော ကာတုန်ကယင်နှင့်ပင် -



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ကျွန်တော် ဆရာကြီး အကြောင်းကြားကတည်းက ဆရာကြီး နားကပ်ချင်လွန်းလို့ အဲဒီခုနပညာတွေကို အခြေခံတော်တော်လေးသင်ခဲ့ပြီးပါပြီ"

"အမယ် - မင်းလေ"

"ဟုတ်ကဲ့"

"မခေဘူးဘဲ၊ လူကကြည့်တော့ မထင်ရဘူး။ ဘယ်သူ့ဆီမှာသင်တာတုံး"

"ဟိုဒင်း. . . စာအုပ်တွေဖတ်ပြီး လေ့လာတာပါ။ ဆရာအတိအကျတော့ မရှိပါဘူး။ လူကြီးတွေပြောကြဆိုကြတဲ့ ပညာစကားဝိုင်းတွေမှာ နားထောင်မှတ်သားတာပါခင်ဗျ"

"ဩော် - ဒီလိုလား၊ အေးပေါ့။ ဒါပေမယ့် အဲလိုလည်းမဖြစ်သေးဘူးကွ။ ဆရာမသင်၊ မြင်းအသွင်ဖြင့်၊ တောတွင်ဆတ်ပြေး၊ သမင်ပြေးနှင့် ခွေးပြေးဝက်ပြေး၊ ပေါက်လွတ်ပြေးလည်း၊ အရေးမလှ သုံးမကျဘူး ဆိုတာရှိတယ်ကွ။ မန်လည်ဆရာတော်ဘုရားကြီးဆုံးမခဲ့တာ ရှိတယ်။ မင်းကောကြားဖူးလား။ စာအုပ်သမားဆိုတော့"

"မကြားဖူးပါဘူး ခင်ဗျ"

"အေး - မှတ်ထား၊ ပညာဆိုတာ ဒီလိုနဲ့တတ်ဖို့ခက်သားလားကွယ်။ သင်ပြန်ရင်လည်း ဘယ်ပညာကိုပဲရရ ခံယူတတ်ဖို့လိုတယ်။ မင်းကိုယ်မင်းမယုံရင်၊ မင်းကိုယ်မင်းမစင်ကြယ်ဘူးထင်ရင်၊ မင်းကိုယ်မင်းမှစိတ်မချရင် ဒီလိုပညာရပ်မျိုးတွေက မလိုက်စားတာ အကောင်းဆုံးဘဲ။ ဒါကြောင့် ခံယူတတ်ဖို့ဟာ အင်မတန် အရေးကြီးလို့ ငါဟာဘယ်သူ့ကိုမှမယုံခဲ့ဘူး။ ယုံလောက်တဲ့တပည့်လည်း ခုထိကိုမတွေ့ဘူး။ ဒါကြောင့် ငါတပည့်မွေးကိုမမွေးတာ။ လာလာပြီးချဉ်းကပ်ကြတဲ့သူတွေကို ငါအကဲခတ်ကြည့်တယ်။

လူမိုက်ပညာ၊ ရတုံပါလည်း၊ ဂုဏ်ဝါမထူး၊ ကျေးဇူးမမြောက်၊ တောမျောက်အုန်းသီး၊ ရချည်းနှီးတည့် ဆိုပြီးဖြစ်မယ့်လူမျိုးတွေချည်းပဲ ငါတွေ့တယ်။ ဒါကြောင့် ငါ့ပညာတွေဟာ ငါ့ကိုယ်ကနေ ဘယ်မှမထွက်တော့ဘူး။ အဲဒါ မင်းသိအောင်ပြောလိုက်တာပဲ။ မင်းလည်း ငါနဲ့လာတွေ့တာဘာမှထူးလာမှာမဟုတ်ဘူး။ ပညာလည်းရမှာမဟုတ်ဘူး ဟုတ်ပလား၊ ပြန်တော့"

ဆရာစိန်သည် စကားမဆုံးခင်မှာပင် ထိုင်ရာမှထပြီး ကျွန်ုပ်ကို ကျောခိုင်း၍လျှောက်သွားတော့၏။ လှည့်၍ပင်မကြည့်တော့။ ကျွန်ုပ်ကြောင်သွားပြီး မြက်ဖုတ်ပေါ်တွင် ဆက်ထိုင်နေမိသော်လည်း မျက်လုံးက ဆရာစိန်၏ကျောပြင်နှင့်ကပ်ပါသွားပါတော့သည်။

"လူလေး"

"ဗျာ"

"နင် ဒီရက်ထဲ ဘာဖြစ်နေတာလဲ ငါ့သား"

"ဘာမှမဖြစ်ပါဘူး အမေ"

"မင်းမဟုတ်တာမပြောနဲ့။ ငါ နင့်ကိုမွေးထားတာ ငါသိတယ်။ ငါ့သား မျက်နှာမကောင်းဘူး တမှိုင်မှိုင်နဲ့။ ဆရာဦးသန့်ဇင်ဆီလည်းသွားသံမကြားဘူး။ အပ်စိုက်လည်းမသွားဘူး။ ဆရာအောင်ဆီလည်းရောက်တဲ့ပုံမပေါ်ဘူး ငါကြည့်နေတယ်"

"ဟုတ်တယ် အမေ၊ သားကို ဆရာတစ်ခုခိုင်းထားတယ်။ အဲဒီတာဝန်သားယူနေရတယ်။ ဒါပေမယ့် အမေရာ သားသွားတွေ့ရတဲ့လူဟာ ဆရာ့သူငယ်ချင်းလည်းဖြစ်တယ်၊ ဆရာ့လိုပဲ ပညာတွေတတ်တယ်၊ ပြီးတော့ လူ့ကပ်ဖဲ့ကြီး။ ဘယ်လိုလုပ်ချဉ်းကပ်ရမှန်းတောင်မသိတော့ဘူး။ တွေ့ပြန်တော့လည်း သူ့နားကပ်ရတာ အဆင်မပြေဘူး"

အမေသည် ကျွန်ုပ်ကို သေချာကြည့်နေပြီးမှတောင်ကြည့်မြောက်ကြည့် ဘေးဘီဘက်သို့ကြည့်နေ၏။ တစ်ခုခုကို စကားရှာနေပုံရ၏။

"သား"

"ဗျာ"

"ငါ့သားမှာ အမေယုံတဲ့အရည်အချင်းတွေ အများကြီးရှိပါတယ်။ ငါ့သားကို အမေယုံတယ်။ မင်းသွားပြီးကပ်တယ်ဆိုတဲ့လူတော့ အမေမသိဘူး။ ဒါပေမယ့် လူ သားရဲ့၊ လူဆိုတာ အသည်းနှလုံးရှိတာချည်းပဲ။ အသည်းနှလုံးရှိကြတဲ့သူတိုင်းဟာ ချစ်တတ်၊ ကြင်နာတတ်၊ သနားတတ်ကြမှာချည်းပဲ။ ငါ့သားဘက်က လိုနေသေးလို့နေမှာပါ၊ မှိုင်မနေနဲ့။ တစ်နေ့ သားကို သူချစ်လာတဲ့ထိတော့ သားစောင့်။ သူနဲ့ခင်ရင်ပြီးရောမို့လား မင်းအလုပ်ဆိုတာကြီးက"

"ခင်ရုံနဲ့မပြီးဘူး အမေ၊ သူ့ဆီက ဆရာယူခိုင်းထားတဲ့စာရွက်တွေယူရမှာ၊ ပညာစာရွက်တွေ"

"အေးလေ၊ ဒါက ခုန အမေပြောသလို သူက သားကိုချစ်လာမှဖြစ်မှာပေါ့။ သူချစ်လာဖို့တော့ သားကကြိုးစားရမယ်လေ။ ဘာလို့မဖြစ်ရမှာလဲ၊ ငါ့သားကို ငါယုံတယ်။ ငါ့သားဟာ အာဂပါကွ"

အမေ့စကားကိုနားထောင်နေရင်း မှ ကျွန်ုပ်၏အိပ်ခန်းထောင့်တွင်ချိတ်ဆွဲ ထားသော ပလတ်စတစ်အိတ်ကြီးထဲ ကရာတေးခါးပတ်များထည့်ထားရာဆီ သို့ မျက်လုံးရောက်သွား၏။ ခါးစည်းများ မှာရောင်စုံဖြစ်ပြီး အဖြူမှစ၍အနက်ထိ အစဉ်လိုက်ရှိနေခြင်းမှာ တစ်ဆင့်ချင်း တက်လာသောကြောင့်ပင် မဟုတ်ပါ လော။

ကျွန်ုပ် ပြုံးလိုက်ပါသည်။

ကရာတေးခါးစည်းများကိုကြည့်၍ စိတ်အားမာန်များပြည့်လာပြီး ကျွန်ုပ်ပြုံး လိုက်ပါသည်။

❑

လေဟာပြင်ဈေးသို့လိုက်ပြီး ဈေး ခင်းပြီးသည်နှင့် ရန်မျိုးအောင်စေတီ တော်မြတ်ဆီသို့ ရောက်အောင်သွား၏။ ကိုမောင်ထူးရော ဖိုးပိန်ကပါ ဘာမှ မပြောကြ။

တိုရှေ့စားရင်း ဆရာစိန်ကိုစောင့် ၏။ အင်္ဂရုတ်ထိုးသောဘကြီး၏တဲထဲမှ ထွက်လာလျှင် ဘေးမှလိုက်၍စကားပြော ရင်း ချဉ်းကပ်၏။ မြင်သည်နှင့် ကျွန်ုပ်က စ၍ပြုံးပြီး လက်အုပ်ချီရင်း အပြေးက လေးချဉ်းကပ်သည်ကို ဆရာစိန် အမြဲ ကြည့်ကြည့်နေ၏။ ဇယားကြော်သည်နား ရောက်လျှင် ကျွန်ုပ်က အတင်းဝယ်၍ ဂါရဝပြု၏။ ဆရာစိန်က ပထမတော့ အင်တင်တင်၊ ကျေးဇူးတင်ခံရမှာစိုးပုံ ၏။

နောက်ပိုင်းစားပါသည်။ သို့သော် ကျွန်ုပ်အား ဘာစကားမှထွေရာလေး မပြော။ ကျွန်ုပ်ကလည်း ဘေးနား ရိုကျိုးစွာလိုက်ရင်း တိတ်ဆိတ်စွာဖြင့် ၏။

တိတ်ဆိတ်စွာနေခြင်းဖြင့် အ အားလုံးပြီးမြောက်အောင် ဆရာသ ကျေးဇူးရှင်က လေ့ကျင့်ပေးခဲ့ပြီးလေပြီ။

ထို့ကြောင့် ဆရာစိန်၏အနား ချဉ်းကပ်ရသည်မှာ ထင်သလော မလွယ်ကူသော်လည်း စကားမ သော အကျင့်က ကျွန်ုပ်အတွက် မဆ တော့။ 'မင်းပြန်တော့လေကွယ်' ဟု လျှင် ကျွန်ုပ်က ချာခနဲလှည့်ပြန်၏။

တစ်ရက်မှ နှစ်ရက် -

နှစ်ရက်မှ သုံးရက်နှင့် ဆယ့် ငါးရက်ခန့်ကြာလေသော် -

"မင်း ငါနဲ့လာလာတွေ့နေရ စိတ်မပျက်ဘူးလားကွဟေ၊ ငါ ကြည့်နေတယ်"

"မပျက်ပါဘူးခင်ဗျ၊ ပျော်



www.burmeseclassic.com

www.burmeseclassic.com

ပျော်ပါသေးတယ်"

"ဟင် - ငါကဘာမှမပြောဘဲ၊ မင်းကဘာပျော်နေတာလဲ"

"ဆရာကြီးရဲ့အနားကို ဒီလိုကပ်ခွင့်ရတာကိုက ကျွန်တော့်မှာ သူများနဲ့မတူတဲ့အခွင့်အရေးထူးကိုရတာပဲခင်ဗျ။ ဒါကြောင့် ကျွန်တော်ပျော်တာပါ။ စကားမပြောတာက ဆရာကြီးက ကိုယ့်အမှတ်နဲ့ကိုယ် သွားလာနေလို့ဆိုတာ ကျွန်တော် တွေးပြီးသားပါ ခင်ဗျ။ ဒါကြောင့် ကျွန်တော်ကစပြီးစကားပြောလိုက်ရင်တောင် မရိုသေရာရောက်မှာစိုးလို့ အမြဲတမ်း နှုတ်ဆိတ်နေခဲ့တာပါခင်ဗျာ"

ဆရာစိန်မျက်နှာသိသိသာသာပြုံးလာ၏။ တောင်ပြောမြောက်ပြော တစ်ခွန်းတလေပြောတတ်လာ၏။ သို့သော် သက်နှင်းကျွန်းလမ်းမသို့ရောက်ပြီဆိုလျှင် ထုံးစံအတိုင်း ကျွန်ုပ်ကို ညင်သာစွာ မောင်းထုတ်မြဲထုတ်ပြန်ပါသည်။ ကျွန်ုပ်ကလည်း ချာခနဲ။

တစ်နေ့ -

ကျိုက္ကဆံဘုရားဘက်ဆီသို့သွားရာလမ်းဆုံနားထိ ကျွန်ုပ်ကိုမောင်းမထုတ်သောကြောင့် ကျွန်ုပ်လည်း မသိမသာလိုက်သွား၏။

ထိုလမ်းဆုံနားအရောက် နတ်စင်များပတ်လည်ဝိုင်းနေသော သခွတ်ပင်ကြီးအရိပ်အောက်သို့လျှောက်သွားပြီး ကျောက်ခဲတုံးကြီးတစ်တုံးပေါ် ထိုင်လိုက်ရင်း -

"လာပါဦးကွ၊ စကားလေးဘာလေးပြောရအောင်"

"ဟုတ်ကဲ့ ခင်ဗျ"

"ထိုင်ကွာ၊ အဲဟိုအုတ်ခဲကျိုးလေးပေါ်မှာ"

ဆရာစိန်သည် လက်ညှိုးထိုးပြသောအုတ်ခဲကျိုးလေးပေါ် တွင်ထိုင်လိုက်သည်နှင့် ဆရာစိန်သည် သခွတ်ပင်ကြီးကို မော့ကြည့်လိုက်ပြီး ပွစိပွစိလုပ်နေသည်ကိုတွေ့ရ၏။

"ကျေးဇူးဆိုတာကြုံဖန်တင်ရတယ်ကွ။ မင်းနဲ့ငါနဲ့က ဒီအရိပ်မှာကောထိုင်ပြီးပြီကွ။ ဒီတော့ ဒီကရုက္ခစိုးကြီးကိုမေတ္တာပို့ရတာပေါ့။ ဒီတိုင်းထိုင်လို့မကောင်းဘူးကွ၊ သူ့အပိုင်လေ"

"ဟုတ်ကဲ့၊ ကျွန်တော်မှတ်သားပါ့မယ်ခင်ဗျ"

ကျွန်ုပ်ကို ခပ်စွေစွေတစ်ချက်ကြည့်လိုက်ရင်း -

"မင်းက အင်္ဂလိပ်စာတွေ၊ ဆန်းကျမ်းတွေ လေ့လာထားတယ်ဆိုတော့ လုပ်စမ်းပါဦးကွ။ အခု ဘာအခါတုံး၊ မင်းသိလား"

"ဟုတ်ကဲ့-သိပါတယ် ဆရာကြီး၊ ဒီနေ့ သောကြာနေ့၊ မွန်းလွဲတစ်နာရီထိုးပြီမို့ ဂုရုအခါပါ ခင်ဗျ"

"အမယ် - မင်းက မွန်းလွဲတစ်နာရီတွေဘာတွေဘယ်လိုလုပ်သိလဲ။ လက်မလည်းလက်ပတ်နာရီမပါဘဲနဲ့ဟေ"

"အခု ဒီလမ်းအတိုင်း ဆရာကြီးနဲ့လျှောက်လာတော့ ဈေးအလွန်နားမှာ 'ရွှေမင်းသား' ဆိုတဲ့ နာရီဆိုင်သေးသေးလေးတွေ့ခဲ့ပါတယ်။ အဲဒီဆိုင် ဗီရိုပေါ်မှာတင်ထားတဲ့နာရီအဝိုင်းလေးကကြည့်ခဲ့တာပါ"

ဆရာစိန်ပြုံးရင်း တစ်ဖက်လှည့်သွား၏။ ကျွန်ုပ်က ရိုးရိုးပြောသော်လည်း ဘာအတွေးပေါက်သွားသည်မသိ။

"အေးလေကွယ်၊ ဂုရုအခါဆိုတာ မင်းပြောတာနော်။ ဂုရုအခါဆိုတော့ ပညာရှာဖို့ အတော်ခက်ခဲမယ့်သဘောမဟုတ်ပေဘူးလားဟေ၊ ဖြေစမ်းပါဦး"

"မဟုတ်ပါဘူး ဆရာကြီး"

"ဘာဖြစ်လို့တုံး၊ ပညာဆိုတဲ့ ကြာသပတေးဂြိုဟ်ကြီးကအလယ်အချာမှာရှိနေတယ်လေကွာ။ မင်းက ဘာကြောင့်မဟုတ်ပါဘူးပြောလဲ။ မင်းအတွေးအခေါ် ဘယ်လိုလဲဆိုတာ ငါကြည့်ရအောင်၊ ကဲ - ပြောစမ်း"

"နံတူပညတ်ချက်ကတော့ဟုတ်ပါတယ် ဆရာကြီး။ ဒါပေမယ့် နံတော်စဉ်နဲ့ကြည့်ရင် ပဋိသန္ဓေစံယူတော်မူသော အခါဖြစ်နေပါတယ် ခင်ဗျ။ ဒါဟာ မွေးဖွားလာဖို့အတွက် ဦးဆုံးသန္ဓေတည်တာပါ။ မွေးဖွားဖို့အကြောင်းရဲ့အစပါ။ ရှင်သန်ထမြောက်ခြင်းဖြစ်ဖို့ ပထမဆုံး အောင်မြင်ခြင်းနိမိတ်ပါပဲ။ ဒါကြောင့် ဒုက္ခဆိုတဲ့ အကြောင်းတရားကို အားရဝမ်းသာခံယူသင့်တဲ့အခါလို့ ကျွန်တော်မြင်ပါတယ် ဆရာကြီး။ ဒါကြောင့် ပညာရှာဖို့မခက်တဲ့အခါလို့ ကျွန်တော်ပြောခဲ့တာပါ။ ကျွန်တော် ဒါလောက်ပဲမြင်တတ်ပါတယ်ခင်ဗျာ"

"မင်းက အလာကြီးပါလား။ နံတော်စဉ်တောင် အတော်တီးမိခေါက်မိသားပဲ။ စာအုပ်ဖတ်ပြီးတတ်လာပေလို့ပဲ။ မင်းမှတ်ဉာဏ်ပြေးသားဟ။ ဆရာနဲ့သာလက်ထပ်သင်လိုက်လို့ကတော့ အင်း - အေးလေ၊ ငါပြောပြီးပြီပဲ။ ငါ့ဆီကတော့ ဘာပညာမှရမှာမဟုတ်ဘူးလို့။ မင်း ငါ့ဆီကိုစိတ်မပျက်ဘဲဆက်လာနေတာကို ငါအကဲခတ်ရရင် မင်းပြောခဲ့သလို မင်းဟာ ငါနဲ့နီးနီးကပ်ကပ်နေချင်လို့ဆိုတာ ငါယုံလိုက်မယ်။ ဒီတော့ မင်းအကြောင်းလေးတွေလည်း ငါပိုပိုပြီးသိလာရအောင် ငါကမျှား မင်းကို ငါ့မိတ်ဆွေတွေ အိမ်မှာဟောခိုင်းပြခိုင်းရင်"

"ဆရာကြီးနဲ့နီးနီးနားနားနေခွင့်ရတာကိုက ကျွန်တော့်ဘဝမှာ အကြီးကျယ်ဆုံးဆုကြီးရလိုက်သလိုပါပဲ။ ဒါကြောင့် ဆရာကြီးမှားဘာခိုင်းခိုင်း ကျွန်တော့်မှာ ဘာမှငြင်းနိုင်ဖို့အင်အားမရှိတော့ပါဘူး ခင်ဗျာ"

"ကိုင်း - ဒါဖြင့် ငါ့နောက်လျှောက်လိုက်နေတာကတော့ ဟုတ်ပါပြီ။ ငါကမချမ်းသာဘူးနော်။ မင်းလည်းသိပြီးသားပဲ။ ဘာမှမင်းကိုမကျွေးနိုင်ဘူး။ မင်းထမင်းစားဖို့ မင်းထမင်းကို မင်းထည့်ခဲ့ရမှာ"

"ဟုတ်ကဲ့ - ထည့်ခဲ့ပါ့မယ် ဆရာကြီး၊ ကျွန်တော် ဘယ်လိုဝမ်းသာမှန်းတောင်မသိတော့ပါဘူး"

"အေး - ပြီးတော့ ဒီမှာ တစ်ခုပြောဦးမယ်။ ငါက ဗေဒင်ကို တရားဝင်မဟောဘူး။ နီးစပ်တဲ့ မိတ်ဆွေတွေလောက်သာလုပ်ပေးပေမယ့် ဘယ်တပည့်မှမမွေးဘူးဆိုတာ မင်းလည်းသိပြီးသား၊ မင်းကိုလည်းငါပြောခဲ့ပြီးသား။ ဒီတော့ ငါပြောချင်တာက မင်း ငါ့ကို ဆရာကြီး၊ဆရာကြီးလို့မခေါ်ရင်ကောင်းမယ်"

"ဟုတ်ကဲ့ - ကျွန်တော်ကလည်း စတွေ့ကတည်းက ရိုသေလွန်း၊ လေးစားလွန်းခဲ့တဲ့သူမို့ အဲဒီလိုမခေါ်ဘဲ ဘာလို့ပြောင်းခေါ်ချင်ခဲ့တာကြာခဲ့ပါပြီ။ ခွင့်မပြုမှာစိုးလို့ မခေါ်ရဲလို့ပါခင်ဗျာ။ အခုလိုသာခွင့်ပြုမယ်ဆိုရင် ဒီနေ့ကစပြီး ဆရာကြီးကို ကျွန်တော် အဘလို့ခေါ်ခွင့်ပြုပါ အဘ"

ပြောရင်းနှင့်လက်အုပ်ချီကန်တော့လိုက်ရာ -

"သိပ်ကောင်းတဲ့အသုံးအနှုန်းပေါ့လူလေးရယ်"

ခေါင်းငုံ့ပြီး ကန်တော့နေသော ကျွန်ုပ်၏ ကျောပြင်ပေါ်သို့ အဘစိန်၏ လက်တစ်ဖက်ညင်သာစွာရောက်ရှိလာ၏။ ထိုလက်၏ အထိအတွေ့သည် ကျွန်ုပ်အတွက် အလွန်နွေးထွေးလှသည်ဟု စိတ်ထဲမှခံစားရင်း အဘကိုပြုံးကြည့်နေလိုက်မိပါတော့သတည်း။

သည့်နောက်ပိုင်း -

နေ့စဉ်မပျက် မိုးမလင်းတလင်းရောက်သည်နှင့် အဘဆီသို့အမြဲရောက်တော့၏။ ကျွန်ုပ်ရောက်တိုင်း အဘမှာ ပရိတ်ကြီး (၁၁) သုတ်ရွတ်ပြီးပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com

အာနာပါနထိုင်နေချိန်နှင့် အမြဲတိုး၏။ တရားမှတ်ပြီးသည်နှင့် အဘခေတ္တနေထိုင်ရာအိမ်မှ အိမ်ရှင်တို့သည် ဝတ်ကြီးဝတ်ငယ်ပြုကြ၏။ ကျွန်ုပ်လည်း ရောယောင်ပြု၏။ သို့သော် အဘနှင့်ပြောထားသောစကားတည်အောင် ဘာမှမစား၊ ဘာကျွေးကျွေးငြင်း၏။

ထိုအိမ်လေးမှာ သက်န်းကျွန်းအပိုင်ရှိ ကျောက်စာတောင်ဘုရားအနီးရပ်ကွက်လေးတွင်ရှိ၏။ အိမ်ရှင်တို့မှာ ကိုငယ်နှင့် မထွေးစိန်ဟု အမည်ရ၏။

တစ်ရက်ထက်တစ်ရက်ကြာလာသော်လည်း အဘသည် ဘာတစ်ခွန်းမှမဟ၍ ကျွန်ုပ်လည်း တိတ်ဆိတ်စွာပင်နေ၏။ သို့သော် အဘ၏ခြေထောက်လေးများအား နှိပ်ပေးခြင်း၊ နင်းပေးခြင်းတစ်ခါတစ်ခါ အဘ၏အကျီ၊ ပုဆိုးများလျှော်ပေးရခြင်းများ ဖြစ်လာပါတော့သည်။

"ဟေ - လူလေး၊ မင်းနှိပ်တာအဆန်းပါလားကွဟေ။ အကြောလေးတွေပဲ ရွေးထောက်နှိပ်သလိုပဲ တစ်မျိုးပဲ။ သူများတွေလိုဆုပ်နယ်တာမျိုးမဟုတ်ဘူး"

အပ်စိုက်ပွိုင့်များကို ထောက်၍ ဒူးဗန်းဘေးနားမှ အကြောလေးများကို ဖြည်းဖြည်းချင်းနှိပ်ပေးခြင်း၊ အကြောဖွင့်သလိုမျိုး ဖွဖွလေး လက်မ၊ လက်ညှိုးနှင့်ဆွပေး၊ ခြေပေးခြင်းသာဖြစ်ပါသည်။ သို့သော် ဆရာသခင်လေ့ကျင့်ပေးလိုက်သည့်အတိုင်း တိတ်ဆိတ်စွာဖြင့် ပြုံးနေလိုက်ပါသည်။

တစ်နေ့ -

"လူလေး"

"ဗျာ - အဘ"

"ငါက အကျင့်စခန်းတွေ ခဏခဏဝင်တတ်တယ်ကွ"

"ဟုတ်ကဲ့"

"အေး - မင်းကိုပြောစရာရှိတယ်။ ငါခဏခဏဝင်တဲ့အဓိဋ္ဌာန်အတိုင်း ခြိုးခြံတဲ့အကျင့်ကိုကျင့်ရတော့မှာ။မင်းငါ့နောက်တကောက်ကောက်လျှောက်လိုက်ချင်တယ်ဆိုရင်တော့ အင်း - မင်းပါဝင်ရလိမ့်မယ်။ ဒါမှ ငါနဲ့နီးစပ်နေမှာ"

"အဘခိုင်းရင် ကျွန်တော်ကြိုးစားမယ် အဘ"

"ဟား - ဟုတ်ပြီကွ။ ဒါမျိုးမှ ငါကြိုက်တာ။ ဒါတော့ မင်းကြားဖူးမယ်မထင်ဘူး။ ငါကျင့်မယ့်အကျင့်ကို မင်းလွယ်လွယ်မှတ်ထား။ 'တပ' အကျင့်လို့ခေါ်တယ်။ ဘာမဆို အင်မတန်ခြိုးခြံရတယ်ကွယ့်။ ဖြစ်နိုင်ရင် စကားတောင်မပြောဘဲကျင့်ရတယ်။ ပြောသင့်မှပြောရတယ်။ မင်းဒီအကျင့်ကိုကျင့်နိုင်လို့ကတော့ လူလေး အာဂပဲ"

ဆရာသခင်ကျေးဇူးရှင်ဝင်ခိုင်းခဲ့သောအဓိဋ္ဌာန်ကြီး ဖြစ်ပါသည်။ မကြာခဏဝင်ခဲ့ရပြီး အဓိဋ္ဌာန်ပြည့်သည်နှင့် မှိုင်းခံစက္ကူတွင်ရေးထားသောကျိန်စာကိုပြာချ၍သောက်ခဲ့ရသောအကျင့်ဖြစ်ပါသည်။ ကျွန်ုပ်အတွက်မဆန်းတော့ပါ။ သို့သော် . . . ။

ထိုနေ့မှစ၍ -

အဘနှင့်ကျွန်ုပ်သည် ခြိုးခြံသောအကျင့်ကိုစကြတော့၏။ အဘသည် ဆရာနှင့် ပညာတူသူငယ်ချင်းဖြစ်၍ ဆရာသခင်ကျင့်ခိုင်းသည့်အတိုင်း အတူတူပင်ဖြစ်ပါသည်။ သို့သော် ကျိန်စာမပါပါ။

(၉)ရက်ပြည့်၍ အောင်သည်နှင့် နောက်တစ်ကြိမ် (၉)ရက်ဆက်ဝင်ရ၏။ ဤတစ်ကြိမ်တွင်တော့ ငှက်ပျောဖက်ထဲတွင် ထမင်းနှင့်ဆားတစ်ပုံမှလွဲ၍ အခြားမပါတော့။ ထိုနှစ်မျိုးကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ်သာစားရတော့၏။ တရားထိုင်ခြင်းကိုသာ ကြာရှည်စွာထိုင်ရ၏။ အာဇီဝဋ္ဌမကသီလကိုစောင့်ရ၏။

ဆရာသခင်နှင့် မတူသည်မှာ အဘက မြန်မာဆန်၏။ အဘဝင်ခိုင်းသောအဓိဋ္ဌာန်သည်လည်း တစ်မျိုးပြင်းထန်၏။

နောက်တစ်ကြိမ် (၉)ရက်ထပ်ဝင်သည်နှင့်ထမင်းမစားရတော့။ အာဇီဝဋ္ဌမက သီလကိုထိန်းရင်း မီးနှင့်မချက်သောသစ်သီးများသာစားရ၏။ နဝင်္ဂသီလမဟုတ်၍တစ်နေကုန်စားခွင့်ရ၏။ ပထမနေ့တွင် ဖီးကြမ်းတစ်ဖီးကုန်အောင်စားလိုက်သောကျွန်ုပ်ကိုကြည့်၍ အဘသည် နောက်နေ့များတွင် သစ်သီး (၉)လုံးသာစားခွင့်ပြုတော့၏။ တရားကို အကြာကြီးထိုင်ခိုင်း၏။

တော်ရုံလူဆိုလျှင် 'အင်း - ဘာပညာမှလဲမပေးဘဲနဲ့ ငါ့ကိုအဓိဋ္ဌာန်တွေသာ တအားဝင်ခိုင်းနေတယ်' ဟုဆိုပြီး စိတ်ဓာတ်ကျသွားမှာသေချာ၏။ ကျွန်ုပ်က ကျွန်ုပ်အလုပ်ကိုကျွန်ုပ်လုပ်နေ၍သာ ပျော်နေခြင်း ဖြစ်ပါသည်။ တော်ရုံဆိုလျှင် အဘစိန်နားကပ်တော့မည်မဟုတ်ပါပေ။

တစ်နေ့ -

"လူလေး၊ မင်းဘာစားခဲ့ပြီးပြီလဲ"

"ထမင်းကြော်နဲ့ ပဲပြုတ်စားခဲ့ပြီးပါပြီ အဘ"

"အေး - လာ၊ ဟိုဘက်နားသွားရအောင်"

"ဟုတ်ကဲ့ အဘ"

လမ်းတော့ လျှောက်လာကြပါသည်။ သို့သော် စကားမပြောဖြစ်ကြ။ အတော်လေးလျှောက်လာပြီး အိမ်တစ်အိမ်ရှေ့သို့အရောက် -

"လာ-လူလေး၊ ဒီအိမ်ထဲခဏဝင်လိုက်ကြရအောင်"

အဘခေါ်ရာအိမ်အတွင်းသို့အဘနောက်မှကပ်လိုက်သွားပြီး အဘထိုင်ခွင့်ပေးသောနေရာလေးတွင် ထိုင်လိုက်၏။ အိမ်ရှင်ဖြစ်ဟန်တူသူများနှင့် အခြား (၃)၊ (၄) ဦးခန့်တို့က အဘကို ခရီးဦးကြိုပြုကြရင်း ကျွန်ုပ်ကိုအကဲခတ်နေကြ၏။ အဘသည်လည်း ထိုပုဂ္ဂိုလ်များနှင့် စကားတစ်ခွန်းတလေပြောပြီး ကျွန်ုပ်ကိုတကြည့်ကြည့်လုပ်နေ၏။ ပြီးမှ အိမ်ရှင်ဖြစ်ဟန်တူသူကို ဘာပြောလိုက်မှန်းမသိ ခပ်တိုးတိုးကပ်ပြောလိုက်လေရာ -

"တူလေး၊ ရောက်တုန်းရောက်ခိုက်၊ လာလည်ခိုက် နည်းနည်းပါးပါးလေးကြည့်ပေးပါဦး"

"ဗျာ - ဟာ မဟုတ်တာ၊ အဘရှိနေတယ်လေ။ ကျွန်တော် . . . ."

"ကြည့်ပေးလိုက်ပါ လူလေးရယ် ဒါလည်း အဘသားသမီးတွေလိုနေတာပါပဲ။ ကိုယ်တတ်ထားတဲ့ပညာဆိုတာ နည်းနည်းတတ်တာပဲဖြစ်ဖြစ်၊ များများတတ်တာပဲဖြစ်ဖြစ်၊ ဘယ်လောက် တတ်ထားတတ်ထား (၇)ရက်သားသမီးတွေမှာ အကူအညီလိုလာရင် ကူညီ တယ်။ ကုသိုလ်ဆိုတာယူတတ်ရင် တာပဲ။ အဘခွင့်ပြုတယ်၊ သားကြည့် ပေးလိုက်"

ဆရာနှင့် သင်ဖော်သင်ဖက်ဖြစ် သောအဘရှေ့တွင် ပညာနှင့်ပတ်သက် ပြီး စပြောရတော့မည်ဖြစ်၍ ရင်များ တဒိတ်ဒိတ်ခုန်လာ၏။ လူမှာကတုန် ယင်နှင့် -

သိလိုက်ပါသည်။ ကျွန်ုပ် မည် လေ့လာထားသည်ကို စမ်းသပ် စတင်လိုက်ပြီမှန်း သိလိုက်ပါပြီ။ သ ပင်ကြီးအောက်တွင် ဂုရုအခါကိုပြော ကတည်းက အဘကျွန်ုပ်ကိုစိတ်ဝင် နေမှန်း ကျွန်ုပ်ရိပ်မိပါသည်။ ကျွန်ုပ် လည်း ဆရာသခင်ခိုင်းလိုက်သော အဓိကအကြောင်းရင်း၏ အောင်မြ အတွက် အဘစိန်၏ အသိုင်းအဝိုင်း အတွင်းသို့ မဖြစ်မနေ ထိုးဖောက် ရောက်ရတော့မည်ဖြစ်ရာ -

(ရှေ့လဆက်

ဆရာဦးမောင်မောင်

(ရင်ကိုအေးမြစေသ



www.burmeseclassic.com

www.burmeseclassic.com

ဆို ဆူ မှာ ၊ ဆုံ ၊ ခ ခ ဗိ္

# ရှေးဟောင်းမြန်မာ့လောကီပညာ

မြန်မာ့သမိုင်းခေတ်အဆက်ဆက်က စတင်၍ ရှေးအစဉ်အဆက် ရဟန်း ဆရာတော်ပညာရှိကြီးများ၊ လူပုဂ္ဂိုလ်ပညာရှိကြီးများသည် လူမှုရေးရာ လောကီကိစ္စအဝဝတို့တွင် နောင်လာနောက်သားများ အလွယ်တကူ ဆောင်ရွက် လုပ်ကိုင်နိုင်ကြစေရန် ရည်သန်၍ သူတို့ကိုယ်တိုင် လေ့လာစူးစမ်းကျင့်ကြံအားထုတ်ကြိုးစားခဲ့ကြသော လောကီပညာရပ်များကို အစီအရင်ပြုလုပ်နိုင်ကြစေရန် နက္ခတ်၊ အချိန်အခါများကို ရွေးချယ်ပြုလုပ်ပေးခဲ့ကြသည်။ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်ဆေးဝါးမှအစ နက္ခတ်အဝင်၊ အထွက်၊ ခပါဒ် စသည်များကို ရွေးချယ်ပြီးမှ လုပ်ဆောင်စီရင်ကြရ၏။

ကာယသိဒ္ဓိအတွက်စီရင်လိုသော် ခပါဒ်နက္ခတ်ကြုံသောနေ့မှာ စီရင်လုပ်ဆောင်ရ၏။

ပီယသိဒ္ဓိကို စီရင်လိုပါမူ အဝင်နက္ခတ်ကြုံသောနေ့မှာ ရွေးချယ်စီရင်ရသည်။

ပယောဂအတွက် စီရင်ရမည်ဆိုပါက အထွက်နက္ခတ်ကြုံသောနေ့မှာ စီရင်ရပေ၏။

မြန်မာလ ဆယ့်နှစ်လရှိရာတွင် မည်သည့်လဖြစ်စေ ထိုလ၏ လဆန်း ၁ ရက်နေ့သည် တနင်္ဂနွေနေ့ဖြစ်ပါက တနင်္ဂနွေဆန်းသောလဖြစ်ပေသည်။

*ပညာတိုးပွားအကျိုးများကြပါစေ*

မုဒိတာ (ကျိုက်လတ်)

| | အဝင်နက္ခတ် | အထွက်နက္ခတ် | ခပါဒ်နက္ခတ် |
|---|---|---|---|
| တနင်္ဂနွေဆန်းသောလ | လဆန်း(၁၄)ရက်<br>လဆုတ်(၅)ရက် | လဆန်း(၃)ရက်<br>လဆန်း(၁၂)ရက်<br>လဆုတ်(၃)ရက် | လဆန်း(၁)ရက်<br>လဆန်း(၇)ရက်<br>လဆန်း(၁၅)ရက် |
| တနင်္လာဆန်းသောလ | လဆန်း(၁၀)ရက် | လဆန်း(၇)ရက်<br>လဆန်း(၁၄)ရက်<br>လဆုတ်(၁၂)ရက် | လဆန်း(၂)ရက်<br>လဆန်း(၁၂)ရက် |
| အင်္ဂါဆန်းသောလ | လဆန်း(၇)ရက်<br>လဆန်း(၁၄)ရက်<br>လဆုတ်(၅)ရက်<br>လဆုတ်(၁၃)ရက် | လဆန်း(၃)ရက်<br>လဆန်း(၄)ရက်<br>လဆန်း(၁၂)ရက်<br>လဆုတ်(၃)ရက် | လဆန်း(၈)ရက်<br>လဆုတ်(၈)ရက် |
| ဗုဒ္ဓဟူးဆန်းသောလ | လဆန်း(၃)ရက်<br>လဆုတ်(၃)ရက်<br>လဆုတ်(၈)ရက် | လဆုတ်(၁၀)ရက်<br>လဆန်း(၂)ရက်<br>လဆန်း(၈)ရက်<br>လဆုတ်(၇)ရက်<br>လဆုတ်(၇)ရက် | လဆန်း(၁၃)ရက်<br>လဆုတ်(၄)ရက်<br>လဆုတ်(၁၀)ရက် |
| ကြာသပတေး<br>ဆန်းသောလ | လဆန်း(၂)ရက်<br>လဆန်း(၉)ရက်<br>လဆုတ်(၁)ရက်<br>လဆုတ်(၇)ရက် | လဆန်း(၆)ရက်<br>လဆန်း(၁၃)ရက်<br>လဆုတ်(၅)ရက်<br>လဆုတ်(၁၀)ရက် | လဆန်း(၃)ရက်<br>လဆန်း(၁၀)ရက်<br>လဆုတ်(၂)ရက်<br>လဆုတ်(၈)ရက် |
| သောကြာဆန်းသောလ | လဆန်း(၁၃)ရက်<br>လဆုတ်(၅)ရက်<br>လဆုတ်(၁၀)ရက် | လဆန်း(၃)ရက်<br>လဆန်း(၁၀)ရက်<br>လဆုတ်(၂)ရက်<br>လဆုတ်(၈)ရက်<br>လဆုတ်(၁၃)ရက် | လဆုတ်(၆)ရက် |
| စနေဆန်းသောလ | လဆန်း(၃)ရက်<br>လဆန်း(၁၀)ရက်<br>လဆုတ်(၂)ရက်<br>လဆုတ်(၈)ရက် | လဆန်း(၅)ရက်<br>လဆန်း(၁၀)ရက်<br>လဆုတ်(၂)ရက်<br>လဆုတ်(၈)ရက်<br>လဆုတ်(၁၀)ရက် | လဆုတ်(၆)ရက် |



www.burmeseclassic.com

www.burmeseclassic.com



# မျိုးသစ်

## ရေတွင်းတူးသမားတစ်ယောက် ပြောသောခေတ်လမ်း

အထက်အညာဒေသထက်စာလျှင် မြစ်ဝကျွန်းပေါ်က ရေပေါ်များပါလိမ့်မည်။ သို့တိုင် ဤနယ်ဤဒေသတွင် ယခုအခါ ပေတို၊ ပေရှည်စက်ရေတွင်းများ (အဝီစိတွင်းဟုခေါ်လေ့ရှိသည့်တွင်းများ) တူးဖော်ကာ သောက်ရေ၊ သုံးရေအတွက် အသုံးပြုနေကြသဖြင့် ယခင်က တူးဖော်ခဲ့သော ရေတွင်းများမှာ ခေတ်ကုန်ခဲ့ပေပြီ။ ထိုစဉ်က မြေသားတွင်းတိမ်၊ အုတ်စီတွင်း၊ ကျောက်သားအုတ်စီတွင်းအပြင် သစ်သားပေါင်ခွေ၍တူးခဲ့သောတွင်းများ တွေ့ခဲ့ဖူးပါသည်။ ရေနေအတိမ်အနက်အလိုက် ရေတွင်းများ (ပေတို၊ ပေရှည်) အတောင်ရေအနည်းအများဖြစ်ပေါ်ခဲ့ကြရ၏။ မြစ်နှင့်နီးသော်လည်း ရေဝေးနေတတ်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသမှာ တစ်ချိန်က ပြည်မြို့အထိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ရာ ပင်လယ်ပြင်အတိရှိခဲ့ဖူးကြောင်း ငယ်စဉ်က ပထဝီဘာသာတွင် သင်ကြားခဲ့ရသည်။ ပေါ်ထွန်းလာသော ကျွန်းမြေလေး၌ ဟင်္သာဖိုပေါ် ဟင်္သာမတက်နေသည့် (ဥဿာပဲခူး) ဖြစ်လာမည့်မြေကို မြတ်စွာဘုရားသခင်က (နောင် ဗုဒ္ဓသာသနာ ထွန်းကားမည့်အကြောင်း) ဗျာဒိတ်ပေးခဲ့သည်ကိုလည်း ဖတ်မှတ်ခဲ့ဖူးပါ၏။ သို့ဆိုလျှင် မြစ်ဝကျွန်းပေါ်အောက်တွင် ပင်လယ်ပြင်နှင့် ဆက်စပ်သော ရုပ်ကြွင်းတို့နှင့်အတူ အရာဝတ္ထုပစ္စည်းပစ္စယများ ကျန်ရှိနေနိုင်သည်ဟု နက်ရှိုင်းစွာသော တူးဖော်မှုပြုလေလျှင် တစ်စွန်းတစ်စ ထူးခြားနိုင်သည်ဟူသော အတွေးဝင်ရောက်လာမိခြင်းမှာ ငယ်စဉ်ကတည်းက ဆိုရပါလိမ့်မည်။

ထိုအတွေးများကို အခြေခံထား၍ ဦးလေးသန့် (ရေတွင်းတူးသူ ဦးမောင်သန့်) နှင့် အိမ်ခြံအတွင်း ရေတွင်းတူးရန် ၁၉၇၂ ခုနှစ်တွင် မှတ်မှတ်ထင်ထင် ဆုံစည်းခဲ့ရာမှ စပ်စုမိခဲ့သောအကြောင်းရပ်များပါလေ။

"ဦးလေးသန့်တူးခဲ့တဲ့ရေတွင်းတွေများပြီဆိုတော့ အဲဒီတွင်းတွေတူးတုန်းက အတွေ့အကြုံလေးတွေရှိမှာပေါ့။ ဆန်းကြယ်တာလေးတွေရှိရင်ပြောပြပါလား။ မြေထဲမှာလည်း ထူးခြားမှုတွေရှိမယ်"

"မင်းဘာကိုဆိုလိုတာလဲ"

"ဩော်-တွင်းတူးတာမှာတွေ့ရတဲ့ အခက်အခဲအထူးအဆန်းတွေရယ်၊ တွေ့ခဲ့ဖူးတဲ့ပစ္စည်းပစ္စယတွေရယ်။ အဲဒါမျိုးတွေပြောတာပါ"

ဦးလေးသန့် ပြုံးလိုက်ပါသည်။ အမေးအမြန်းထူရန်ကောဟု ထင်မည်လားမသိ။

"ရှိတော့ရှိတာပေါ့ကွာ၊ သိပ်ပြီးဆန်းလှတယ်တော့ မဟုတ်ပါဘူး။ တို့လိုတွင်းတူးသမားတွေကသစ္စာရှိကြရတယ်။ သူတစ်ပါးက အခကြေးငွေပေးပြီး သူ့ခြံဝင်းထဲမှရေတူးခိုင်းတာလေ။ ရေကောင်းရအောင်တူးပေးဖို့ကလွဲပြီး တို့မှာပိုင်ဆိုင်မှုမရှိဘူး။ သူ့ခြံထဲကရတဲ့ပစ္စည်းဟာ သူပိုင်ပါပဲ။ မသိလို့မပေးဖြစ်ခဲ့တာမျိုးမထုပ်ကောင်းဘူး။ အဒိန္နာဒါနာကြောက်တယ်။ မပေးတဲ့ပစ္စည်းဟာ ခိုးတာပဲပေါ့။ အဲဖိုး တန်ကျောက်တူးတဲ့သူတွေဆိုရင် ပိုဆို တယ်။ ကျောက်တွင်းကန်းသွားတဲ့အထိ ဖြစ်တတ်တာမျိုး"

ဦးလေးသန့်က ရေနွေးတစ်ခွက် သောက်ပြီးမှ စကားဆက်ပြန်သည်။

"တစ်ခါက ရှေးခေတ်သုံးတဲ့ ဒေါင်းဒင်္ဂါးတွေရဖူးပါတယ်။ စိတ်ထင် အပြားနှစ်ရာလောက်ရှိမယ်။ စဥ့်အိုး သေးနဲ့ထည့်ထားတာ။ ပိုင်ရှင်က ကျေး တတင်နဲ့ပေးတဲ့ အပြားငါးဆယ်ရခဲ့လို့ တူးဖော်တူးဖက်သုံးယောက်နဲ့ ခွဲဝေယူ လိုက်ကြတယ်လေ။ ဟိုတုန်းက ဘာဈေး ရှိမှာတဲ့လဲ"

"တခြားရဖူးတာရှိသေးလားပြော ပါဦး"

"အေး - တစ်ခါကတော့ ရေတွင်း တူးခိုင်းတဲ့လူကပြတဲ့နေရာမှာတူးရတယ် တို့က တို့နည်းနဲ့တို့ရေရှာတာလေ။ ဆန် ပန်းပေါက်ပေါက်ကြတယ်။ စလောင်းဖုံး နဲ့အုပ်ပြီးရှာတယ် မင်းအမြင်ပဲ။ အိမ်ရှင် က နေရာအတိအကျပြတာရှားပါတယ် သူပြတဲ့နေရာမှာတူးတာ။ ငါးတောင် လောက်အရောက် ရှေးဟောင်းသေတ္တာ တစ်လုံးတွေ့တော့ သူက ဝမ်းသာအား ထခုန်မတတ်ဖြစ်သွားတယ်။ သေတ္တာကို သူ့အိမ်ထဲအသွင်းခိုင်းတော့တာပဲ။ တာက သူဟာ တွင်းစတူးကတည်းက အနားမှာ မထတမ်းလာထိုင်နေတာပါ

www.burmeseclassic.com

www.burmeseclassic.com



ကြာလိုက်ပါဘူး၊ ငါ့ကိုခေါ်ပြီးသူပြတာ
သေတ္တာထဲကရတဲ့ပစ္စည်းတွေကိုပဲ။
တ္တာနဲ့အပြည့် ပန်ကန်းပြားတွေ၊
အိုးလိုအိုးတွေ၊ သေတ္တာကြီးထဲက
တ္တာတစ်လုံးပဲပါတယ်။ အကုန်ရွှံ့
သေတ္တာလေးဟာ ဖောင်းကြွပန်း
တ်တွေနဲ့ အထဲမှာထည့်ထားတဲ့
ကောက်၊နားကပ်၊နားတောင်းတွေ
တွေနဲ့။ အထဲမှာထည့်ထားတဲ့လက်

ကောက်၊ နားကပ်၊ နားတောင်းတွေက
ရွှံ့တွေနဲ့လုပ်ထားတာအံ့သြစရာပဲ။ အိမ်
ရှင်က စိတ်မကောင်းကြီးစွာနဲ့ ငါ့ကိုပြော
တယ်။ အိပ်မက်အရပေးပေမယ့် မရ
ထိုက်လို့ သူက ကိုယ်တိုင်မတူးဘဲ လူငှား
နဲ့ ရေတွင်းတူးခိုင်းတာမှာ ပစ္စည်းတွေ
အားလုံး မည်းနေတဲ့ရွှံ့တွေဖြစ်သွားရ
တယ်ဆိုပဲ။ သူလည်း ရူးမတတ်ဖြစ်သွား
ရှာတယ်။တို့အတွက်တော့ ရေတွင်းတစ်
တွင်းရလိုက်ပါရဲ့။ ဒါပေမယ့် စိတ်က
တော့မကောင်းစရာဘဲ သူ သေတ္တာထဲ
ကရတဲ့ပစ္စည်းတွေ ရွှေဖြစ်နိုးနဲ့ သိမ်းထား
တာ သေတဲ့အထိဆိုရမယ်။ ရွှေဖြစ်တယ်
ဆိုတော့ မကြားမိပါဘူး။ တစ်နှစ်ကပဲ
သူဆုံးသွားတယ်။ ကံတရားက အဆန်း
သားလား၊ ပေးတိုင်းလည်းမရဘူးလေ
ကွာ"

စာရေးသူ၏ ဘကြီး ပြောပြခဲ့ဖူး
သော ငွေတစ်ထောင်ပေးမည်၊ ဘုရား
စနေထောင့်လာယူပါ။ လာလျှင် တစ်
ယောက်တည်းလာယူရမည်ဟု အိပ်မက်
ပေးသော်လည်း ကြောက်ကြောက်နှင့်
အဖော်ခေါ်သွားမိသဖြင့် ဘုရားစနေ
ထောင့်တွင် ဝါးတုတ်ကလေးထိပ်အကွဲ
ကြားညှပ်ထားသော ငွေတစ်ကျပ်ကို
ပန်းအိုးထဲ၌စိုက်ထောင်လျက်သားတွေ့
ရသည့်အဖြစ်မျိုးကဲ့သို့ လွဲချော်ခဲ့ခြင်းမှာ
ဆင်တူနေသည်။

"ရေတွင်းတူးရာမှာ တွေ့ခဲ့ဖူးတဲ့
အခက်အခဲကတော့ နည်းပါတယ်။
ဟိုအောက်မှာ တူးဖို့မလွယ်တဲ့ ကျောက်
ဖျာကြီးမျိုးခံနေလို့ နေရာပြောင်းတူးရ
တာရှိဖူးတယ်။ တစ်ခါက မြို့လယ်ရပ်
ကွက်အိမ်တစ်အိမ်မှာတူးတာ ပေအတော်
ရောက်နေတုန်း လှေဝမ်းဗိုက်မှောက်
လျက် ပျဉ်ချပ်အထူကြီးခံနေလို့ နေရာ
ရွှေ့လိုက်ရတယ်။ ဆက်တူးရင် ဥပါဒါန်
ကြောင့် ဥပဒ်ရောက်ဖြစ်မှာစိုးရိမ်တယ်
လေ။ ရေတွင်းရှင် စိတ်စနိုးစနောင့်ဖြစ်
ရင် ဘယ်ကောင်းမလဲ"

"ဦးလေးတို့ကိုယ်၌က ရှေးဟောင်း
အစွဲအလမ်း အယူအဆတွေကို လက်ခံ
ယုံကြည်သလား၊ လိုက်နာကျင့်သုံးကြ
သလား"

"မင်းတို့ခေတ်လူငယ်တွေက သိပ္ပံ
နည်းကျအယူဝါဒသမားတွေများမှာပေါ့။
ဒါပေမယ့် ရှေးအဆက်ဆက်ကတည်း
က ဖြစ်လေ့ဖြစ်ထရှိတာတွေကိုမှတ်သား
ပြီး အယူအဆတစ်ခုအဖြစ် ပေါက်ပွား
လာတာမဟုတ်လား။ တချို့အယူအဆ
တွေဟာ မှန်ကန်မှုရှိသလို တချို့ကျ
တော့လည်း အယူသီးမှုသက်သက်တွေ
ပါ။ မြတ်စွာဘုရားက ကလာပမင်းတွေ
ကို မိန့်ကြားခဲ့တဲ့စကားထဲမှာ သူတစ်ပါး
ပြောကာမျှဖြင့်မယုံဘဲ ကိုယ်တိုင်သိမြင်
အောင် စူးစမ်းပြီး မပယ်သင့်တဲ့တရား
ကိုပယ်၊ ဆောင်သင့်တဲ့တရားကို ဆောင်
ကြဖို့ဆိုခဲ့တာပဲဟာ။ မယုံကြည်ရာက
ဆယ်ပါးတောင်ရှိတယ်လေ"

"ဦးလေးသန့်က တရားစာပေတွေ

www.burmeseclassic.com

ကိုလည်း လိုက်စားတော့ မယုံကြည်ရာ ဆယ်ပါးကို ဗဟုသုတအဖြစ် ပြောပြပါဦး၊ မှတ်ထားချင်လို့ပါ"

"တစ်ဆင့်စကားကြားရုံမျှဖြင့် မယုံကြည်ရာ။ မိဘဘိုးဘွားအဆက်ဆက် စကားဟူ၍ အမှန်မယူရာ။ မသေမချာ ပြောစကားကို အမှန်မယူရာ။ စာပေကျမ်းဂန်နှင့် ညီညွတ်သည်ဟု အမှန်မယူရာ။ ဖြစ်လောက်သည်ဟူသောကြံဆခြင်းဖြင့် အမှန်မယူရာ။ နည်းလမ်းယုတ္တိနှင့်ချိန်ဆနိုင်သည်ဆိုရုံဖြင့် အမှန်မယူရာ။ အကြောင်းခြင်းရာကို ကြံဆကာမျှဖြင့် အမှန်မယူရာ။တွေးကြံစဉ်းစား၍ကျေနပ်နှစ်သက်လက်ခံထားသောမိမိအယူအဆနှင့်ညီညွတ်သည်ဆိုရုံဖြင့် အမှန်မယူရာ။ နာယူထိုက်သောပုဂ္ဂိုလ်စကားဖြစ်ခြင်းမျှဖြင့်အမှန်မယူရာ။ မိမိတို့ဆရာဖြစ်သော ရဟန်းစကားဆိုရုံမျှဖြင့် အမှန်မယူရာဆိုပြီးအမှန်လို့မယူဆသင့်တဲ့တရားဆယ်ပါးရှိတယ်"

"ရေတွင်းတူးတဲ့အကြောင်းမေးရင်းက တရားစာပေနဲ့ပတ်သက်တဲ့မှတ်သားစရာတွေကိုသိရလို့ ကျေးဇူးတင်ပါတယ် ဦးလေးသန့်"

သိလိုစိတ်ကြောင့် မတန့်ရပ်နိုင်သေး။ ဆက်မေးနေမိသည်။

"ရေတွင်းတူးတဲ့အခါ တူးမရလောက်အောင် အနှောင့်အယှက်ပေးတာမျိုး၊ အန္တရာယ်ဖြစ်စေတာမျိုးကော ရှိတတ်သလား"

"ရေတွင်းတူးနေတုန်း သဘာဝမဟုတ်တဲ့အနှောင့်အယှက်တော့ တစ်ခါက ကြုံခဲ့ဆုံခဲ့ဖူးတယ်။ အံ့သြစရာလို့လည်းပြောရမှာပဲ"

ထိုစဉ်က ဦးလေးသန့် အသက် (၃၅) ကျော်ကျော် အားကောင်းမောင်းသန်ရှိနေစဉ်အရွယ် တွင်းတူးဖို့စကားပြောစကပင် ယခုတွင်းတူးမည့်ခြံကြီးမှာ မြေကြမ်းကြောင်း၊ အပြောအဆိုအနေအထိုင်ဆင်ခြင်ရန်နှင့် မူလကဟိန္ဒူလူမျိုး ပိုင်ခြံကြီးဖြစ်သောကြောင့် အမဲသားကို ခြံတွင်းယူခြင်း၊ စားသောက်ခြင်းမပြုရန် အတန်တန်သတိပေးခဲ့သည်။ လူဆိုသည်က အခက်သား။ လက်တွေ့မဟုတ်ပါက ယုံကြည်ခဲ၏။ ကိုမောင်သန့်က တစ်ဇွတ်ထိုး တဇောက်ကန်းသမားမဟုတ်၊ အစစချင့်ချိန်တတ်၏။ အတွေးအခေါ်လည်းရှိသည်။ သူ့လူတွေကိုကြိုတင်ပြီး ပြဿနာမဖြစ်စေရအောင် ခရေစေ့တွင်းကျပြောပြထားသည်။ သို့သော် သူ့လူတွေထဲတွင် ကချော်ကချွတ်နှင့် အရာရာကို အလေးမထားတတ်သူ။ တစ်ဦးမှာကာလအတန်ကြာတည်းကရှိနေ၏။ သူက ပြီးကပျစ်လုပ်တတ်သလို အပြောအဆိုတွင်လည်း ပါးစပ်က စည်းကမ်းမရှိ။ ထင်ရာမြင်ရာကို စောင့်စည်းမှုကင်းစွာ ပြောတတ်သူမျိုး။ သူ့နာမည် ဟံစိန်။ ကျောက်ပေါက်ရာသက်သက်လေးရှိသဖြင့် ကျောက်ရှုးလည်းပါပုံရသည်။

"အေး- ပြောချင်တာက ဟံစိန်ပဲ။ မင်းကြပ်ကြပ်သတိထားပါ။ တို့တွေနဲ့ရှေ့ဆက်အလုပ်လုပ်ချင်သေးရင် အပြောအဆိုဆင်ခြင်နိုင်ရလိမ့်မယ်"

ကိုမောင်သန့်၏ စကားကို နားထောင်ပါမည်ဟု အခါခါအာမဘန္ဒေခံထားလင့်ကစား ဉာဉ်ဆိုသည်က ပြင်ရန်မလွယ်။ ကိုမောင်သန့်ရှေ့တွင် မခုတ်တတ်သည့်ကြောင်ပမာနေသော်လည်း ကွယ်ရာတွင် ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်နေသည်။ ပိုဆိုးသည်က တစ်နေ့ထမင်းချိုင့်တွင် (အိမ်ကဟင်းမထည့်လိုက်သောကြောင့်) ထမင်းဆိုင်မှ အမဲကြော်နှစ်တုံးဝယ်ထည့်လာခဲ့၏။ နံနက်ပိုင်းကတည်းက လုပ်ငန်းမချောမွေ့။ အားလုံးမှာ ကမောက်ကမ။ လူတွေအကြောင်းမဲ့စိတ်တိုနေကြသည်။ မပြောပလောက်သည့် အပြစ်ကလေးကိုပင်သည်းမခံကြ။ စကားပြောတွေက ခက်ခက်ထန်ထန်၊ မာရေကျောရေ အဆင်မပြေဖြစ်နေကြ၏။ သို့ဖြစ်နေစဉ်တွင် တစ်ဦးသော တွင်းတူးသူ၏ ညာဘက်ခြေထောက်ပေါ်သို့ အုတ်ပုံပြိုကျခဲ့ရာ ခြေစုံပွဲရွဲ၍ ခြေမကြီးကွဲသွားပြီး ခြေမထောက်နိုင်တော့ပါ။ ဆေးခန်းပို့လိုက်ရသည်။ တွင်းတူးပြီးပါက ကျည်းကွေးချရပေမည်။ ထို့နောက် ဆက်လက်အုတ်စီရန်အုတ်များအသင့်ဝယ်ယူထားရသည်မှာ လုပ်ရိုးလုပ်စဉ်။ အချို့တွင်းဆရာများကတူးပေးရုံသက်သက်မို့ ပန်းရန်သီးသန့်ထပ်ငှားရသည်။ ကိုမောင်သန့်တို့အဖွဲ့တွင် ကိုမောင်သန့်အပြင် သံလက်ကိုင်တစ်ဦးရှိသေးသောကြောင့် (လုံးဝ) မပူမပင်ရ။ တစ်ပါတည်းပြီးနိုင်သည်။ ဆန်းနေသည်မှာ အုတ်ပုံစဉ်ကပင် စနစ်တကျပုံထားသော အုတ်ပုံပြိုရခြင်းမှာ အံ့သြစရာ တစ်စုံတစ်ယောက်၏ ပယောဂကြောင့်ပြိုလဲပုံမျိုး။ အားလုံးမတွေးတတ်အောင်ဖြစ်နေရသည်။ တွင်းတူးရန်အဆင်းတွင် လှေကားပေါ်မှ တစ်ယောက်ပြုတ်ကျရပြန်သည်။ အထိအခိုက်များမှာ မတော်တဆမှုပတ်ပါလေ၏။ ကိုမောင်သန့်တို့အဖို့ တွေးတောချင်စရာဖြစ်နေ၏။ ပြုတ်ကျသူမှာ ကံကောင်း၍ အနာအဆာမရှိသော်လည်း စိုးရွံ့ထိတ်လန့်နေသည်။ တွင်းမှာ ခုနစ်တောင်ခန့်ရောက်သွားပေပြီ။

"ဟော့ကောင် ဟံစိန်၊ မင်းဘာတွေများလုပ်ထားလဲကွာ"

"ဟာ-မဆိုင်လိုက်တာဗျာ။ သူ့ဘာသာ နမော်နမဲ့နိုင်လို့ဖြစ်တာတွေ ကျုပ်နဲ့အကြောင်းလား။ခင်ဗျားတို့က မကောင်းပိန်မခေါင်းလုပ်ချင်နေတာ"

"အခုမင်းဘာမှမပြောတာမှန်တယ်။ အရင်ရက် မင်းပါးစပ်က ပေါက်လွှတ်ပဲစားအပြောတွေ အစ်ကိုသန့် ကွမ်းဝယ်သွားရင်ပြောပြီ။ ဒီနေ့ကထူးခြားနေလို့"

ကိုကျော်ကြီးအပြောကို ဟံစိန်မကျေနပ်။ ကိုကျော်ကြီးက ကိုမောင်သန့်ပြီးလျှင် ဒုတိယခေါင်းဆောင်။ သို့ဖြင့် ထမင်းစားချိန်ရောက်လာသည်။ ဝိုင်းဖွဲ့စားနေကြသော်လည်း ဟံစိန်က ခပ်လှမ်းလှမ်းမှာ စားနေသည်။ သူ့ပုံသဏ္ဍာန်က မသင်္ကာစရာဟန်ပန်။

"ဒါဘာဟင်းလဲ၊ အမဲသားကြော်တွေမဟုတ်လား ပြစမ်း"

ကိုကျော်ကြီးက ချိုင့်ကိုဆွဲယူ၍ ကို မောင်သန့်ကိုပြရန် ထမင်းဝိုင်းဘက် လျှောက်လာ၏။

"ဟံစိန်၊ အမဲသားတွေစားတယ် အစ်ကိုသန့်ရေ၊ ဟောဒီမှာ"

ပြောနေစဉ်တွင် ဟံစိန် ဆတ်ခနဲ ခုန်ထကာ အနီးရှိ ဝါးရင်းပိုင်းကိုဆွဲပြီး ရိုက်ရန်ပြေးလာသည်။ ကျောခိုင်းနေသော ကိုကျော်ကြီး မမြင်ရသော်မှ ကိုမောင်သန့် မြင်နေရ၏။ ဘေးနားရှိ ခွေးခြေကို ဟံစိန်ပြေးလမ်းရှေ့ ကန်တင်လိုက်သဖြင့် ပြေးလာသူမှာ အလဲလဲ အပြိုပြို။ ဟံစိန်ကို ဝိုင်းချုပ်လိုက်ကြရာ မျက်လုံးပြူးကြီးနှင့် တုန်တုန်ယင်ယင်၊ ဟံစိန့်ပုံစံက အသိစိတ်ကင်းသလိုမျိုး ပါးစပ်မှသွားရည်များကျလျက်ရှိသည်။ သတိပြန်ဝင်လာသောအခါ ဟံစိန်အနားရှိလူများကို လှည့်ပတ်ကြည့်ရင်း မေးသည်။

"ကျွန်တော် ဘာဖြစ်သွားတာလဲဟင်"

နောက်နေ့ ကိုမောင်သန့်တို့တွေ အလုပ်ဆက်မလုပ်ဘဲနားခဲ့ကြ၏။ သုံးရက်ခန့်နားပြီးမှ အလုပ်ပြန်စဖြစ်သည်။

"အဲဒီ ကိုဟံစိန်ဆိုတဲ့လူ ဘာဖြစ်သေးလဲ"

"သူ့ကြောင့် ပြဿနာဖြစ်တော့ လွှန်းလို့ထုတ်လိုက်ရတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ခြံကြီးထဲမှာ အစောင့်အကြပ်တွေရှိတာ အမှန်ပဲပေါ့"

"မေတ္တသုတ်ထဲမှာ မြင်အပ်၊ မမြင်အပ် (ဒိဋ္ဌာဝါ၊ အဒိဋ္ဌာဝါ) လို့ ပါတာပဲဟာ။ ရှိမှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် ခြံတွင်းခြံဝအစောင့်အရှောက်မှန်သမျှကို တောင်းပန်လိုက်တယ်။ အဲဒီကစလို့ တွင်းပြီးတဲ့အထိ ဘာမှမဖြစ်တော့ဘူး"

"တချို့တွင်းတွေဆင်းရင် ကြိုတင်ပြီး ဆင်းသင့်၊ မဆင်းသင့် စမ်းသပ်ရသေးတယ်ဆို။ နို့မဟုတ်ရင် သေတတ်တယ်လို့ ကြားဖူးတာ မှန်ရဲ့လား"

"ဟုတ်တယ်၊ အဲဒါကို နဂါးငွေ့သင့်တာတဲ့"

သူ့စကားကြောင့် ပါးစပ်အဟောင်းသား မျက်လုံးပြူးသွားသည်။

"ဘယ်လို နဂါးငွေ့သင့်တာ ဟုတ်လား"

"အလွယ်တကူ ခေါ်တာလေ။ တကယ်တော့ အသက်ရှူကျပ်သွားတာပါ"

"အသက်ရှူလို့ရတဲ့အောက်ဆီဂျင်မရှိဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်တွေထွက်နေတာမျိုးဖြစ်မှာပေါ့။ ကာဗွန်ဒိုင်အောက်ဆိုက်ကလည်း အသက်ရှူဖို့ အားမပေးဘူး"

"သိပ္ပံနည်းနဲ့ ခေါ်တာတွေတော့ မသိပါဘူး။ လေကို ရှူတယ်ဆိုပေမယ့် မီးလောင်ရင် မီးခိုးငွေ့တွေထွက်တယ် မဟုတ်လား။ ရှူလို့မရဘူး။ ရှူလိုက်ရင် ဆို့ကျပ်ပြီး သေမှာအမှန်။ မီးမလောင်ဘဲ ဒဏ်ရာမရဘဲ ဆေးရုံတင်ရတာမျိုး"

"အဲဒါလည်း ကာဗွန်ဓာတ်တွေရဲ့ အကြောင်းပဲပေါ့။ ရေတွင်းတူးရင် ပြင်ပမှာလေရှိသလို၊ အထဲမှာလည်း လိုမယ်လေ။ အသက်မရှူနိုင်ရင် သေပြီပဲ"

"တွင်းသစ်ထက် တွင်းဟောင်းတွေကို ပိုပြီးသတိထားရတယ်။ ရေတွင်းချေးဆယ်တဲ့အခါ အများဆုံးတွေ့ရတာပဲ။ နယ်ကိုရောက်နေတုန်းက သားအဖသုံးယောက်စလုံး သေခဲ့ကြတာတွေ့ဖူးတယ်။ညီအစ်ကိုနှစ်ယောက် သူငယ်ချင်းတစ်ယောက်နဲ့ ရေတွင်းချေးဆယ်ဖို့ပြင်တယ်။ ညီကဆင်းပြီး အစ်ကိုနဲ့ သူငယ်ချင်းက ခပ်ထည့်ပေးတာတွေ ဆွဲတင်မယ်ပေါ့။ တွင်းထဲဆင်းသွားတာက လှေကားနဲ့ပါ။ နယ်ဆိုတော့ ဝါးပေါ်သလို လှေကားရှည်ကြီးတွေရှိတယ်။ ညီဆင်းသွားပြီး ခပ်ထည့်ပေးရမယ့်လူက လဲနေတော့ စိုးရိမ်စိတ်နဲ့ အစ်ကိုက ကမန်းကတန်းဆင်းတာ လဲနေပြန်ရော။ ကျန်ခဲ့တဲ့သူငယ်ချင်းက အိမ်ကိုပြေးပြီး အကျိုးအကြောင်းပြောပြလို့ ညီအစ်ကိုနှစ်ယောက်ရဲ့အဖေအပြေးအလွှားလိုက်လာတယ်။သားတွေဇောနဲ့က မျှောသောပါးဆင်းသွားတော့ အဖေလုပ်သူလဲပြန်ပါရော။ ရွာထဲမှာအုတ်အုတ်ကျက်ကျက်ဖြစ်နေတဲ့သတင်းကြောင့် ငါလည်းလိုက်သွားမိတယ်။ ရေတွင်းထဲတော့ ဘယ်သူမှမဆင်းဝံ့တော့ဘူး။ ငါကအတွေ့အကြုံအရသိထားတဲ့အတိုင်း ဖယောင်းတိုင်မီးဆွဲလေး မီးထွန်းပြီး ကြိုးနဲ့ဆွဲချကြည့်တာ တွင်းတစ်ဝက်ကျော်လောက်မှာငြိမ်းသွားတယ်။တစ်ယောက်မှမဆင်းကြဖို့ပြောပြီး ရေတွင်းထဲက အလောင်းသုံးလောင်းကို သံချိတ်နဲ့ ဝိုင်းဝန်းဆွဲတင်ပေးလိုက်ရတယ်လေ"

"ကြောက်စရာပါပဲ၊ ဟိုအောက်မှာ ဓာတ်ငွေ့တွေစိမ့်ယိုပျံ့လွင့်နေတဲ့ သဘောဖြစ်ရမယ်။ မြေပေါ်မှာလိုပဲ မြေထဲမှာလည်း ကြောက်ရွံ့စရာတွေရှိနေကြတယ်နော်။ အထဲမှာဆိုတော့ ပိုချောက်ချားရတာပေါ့"

"အေး - ဟုတ်တယ်၊ ခုငါဆက်ပြောမယ့်ဇာတ်လမ်းက ငါတစ်သက်တွေ့ခဲ့ဖူးတဲ့အထဲမှာ ရင်ထိတ်စရာအကောင်းဆုံးလို့ပြောရမယ်"

"လုပ်စမ်းပါဦး ဦးလေးသန့်ရယ်။ အဲဒါမျိုးမှကြားချင်တာပါ"

"အဲဒီတုန်းက ငါ့အသက် လေးဆယ်၊ လူလတ်ပိုင်းအရွယ်ဆိုရမယ်"

ဦးမောင်သန့်ကို လာငှားသူက ဘုန်းတော်ကြီးတစ်ပါးနှင့်ဒကာတစ်ဦး။ တွင်းသစ်တူးပေးရန်မဟုတ်။ မခန်းစဖူးရေခန်းသွားသောရေတွင်းကို ရေပေါက်ဖွင့်ပေးရန်ပင်ဖြစ်သည်။ ဦးမောင်သန့်နှင့် အဖော်တစ်ဦးချိန်းဆိုသောရက်ရောက်သွားကြ၏။ ဘုန်းတော်ကြီးကျောင်းဝင်းမှာ ကမ်းပြိုမှုကြောင့် မြစ်နှင့်ဝါးတစ်ရိုက်ပင်မရှိတတ်။ နောက်ပိုင်းဆက်လက်မပြိုတော့ဘဲ အောက်ပိုင်းရွေ့သွားသည်ဟုသိခဲ့ရသည်။ စာသင်တိုက်ကြီးမဟုတ်လင့်ကစား သံဃာအပါးသုံးဆယ်ခန့် သီတင်းသုံးနေကြသည့်ကျောင်းပင်။စက်တွင်းမရှိသေးသောကြောင့် ရေတွင်းအားကိုးနေရခြင်းပါ။

ရေတွင်းစက်သီးတိုင်မှာ အုတ်တိုင်နှစ်တိုင်ကို သုံးလက်မသံပိုက်အထူကို သွယ်တန်းထားသည်။ သံစက်သီးအကြီးနှင့် တစ်ကျပ်လုံးအုန်းဆံကြိုးတို့မှာ လူတစ်ကိုယ်ကောင်းကောင်းခိုင်ပြီး ဆွဲတင်မည့် လူ့အင်အားလည်းရှိသဖြင့် သည်အတိုင်း ဆင်းနိုင်၊ တက်နိုင်ပါမည်။ အောက်အဆင်းတွင် သုံးလက်မသံပိုက်တို့ ထိပ်ပိုင်းတစောင်းဖြတ်တစ်ချောင်းနှင့် လက်ရိုက်တူကြီးတစ်လက်ပါလာ၏။ သစ်ရွက်အမှိုက်သရိုက်မကျစေရန် မိုးထားသည့်အတွက် တွင်းထဲတွင်မြင်နိုင်ရန် လက်နှိပ်ဓာတ်မီးတစ်လက်လည်းယူခဲ့ရ၏။ ပစ္စည်းများကို အိတ်တစ်လုံးတွင်ထည့်ကာ သီးသန့်ကြိုးဖြင့်ချပေးသည်။ ရေတွင်းထဲတွင် ရေကလုံးဝမရှိ။ တွင်းလယ်တွင် ချိုင့်တစ်ချိုင့်မှာ ရေထွက်ပေါက်ဖြစ်ပုံရသည်။ အခြားတွင်းများကဲ့သို့ ကျည်းကွေးအောက်မှ စိမ့်ဝင်ခြင်းဖြစ်ဟန်မတူ။ ထွေထွေထူးထူးစဉ်းစားမနေ၊ သံပိုက်တိုကို ချိုင့်အလယ်တွင် ချိန်စိုက်၍တူနှင့်ထုလိုက်ပါသည်။ အစပိုင်း ကျပ်တည်းသယောင်ထင်ရသော်လည်း ပိုက်တစ်ဝက်သာသာတွင် ချောမွေ့သွားသည်။ အတွင်းတွင် ကလိုင်ရှိလေသလားမသိ။ ထိုစဉ်တွင် သိမ့်ခနဲ မြေတုန်ခါမှုနှင့်အတူ ပိုက်တိုကကြွတက်လာ၏။ တူကို အိတ်ထဲထည့်ပြီး ပိုက်တိုကို လက်နှိပ်ဓာတ်မီးထိုးကြည့်ရာ ပိုက်တိုက သိသိသာသာကြွလက်လာသဖြင့် ပိုက်အတွင်းထိုးကြည့်လိုက်မှ လန့်ဖျပ်သွားမိ၏။ ပိုက်အောက်တွင် လှုပ်ရှားနေမှုတစ်ခု။ ကြေးနီရောင်အကြေးခွံကြီးများနှင့် သတ္တဝါတစ်ကောင်က ရွေ့လျားနေသည်။အကောင်အထည်ကိုမမြင်ရသော်လည်း အကြေးခွံကပင် ကြောက်ခမန်းလိလိ။ လက်နှိပ်ဓာတ်မီးကို ဆက်ပြီး မဝံ့မရဲထိုးထားလိုက်ရာ မီးရောင်အလင်းတွင် မျက်လုံးတစ်လုံးကို မြင်လိုက်ရပြန်သည်။ ထိုမျက်လုံးကပင် ပိုက်လုံးနီးနီးရှိသောကြောင့် အကောင်အရွယ်မှာသေးလိမ့်မည်မထင်။အကောင်ကြီးကနောက်ပြန်ဆုတ်နေသဖြင့် မြစ်ဘက်မှတိုးဝင်လာခြင်းပင်။ မကြာမီ ရေသံတွေကြားလာရသည်တွင် ဆွဲတင်ရန် အော်လိုက်သည်နှင့်တစ်ပြိုင်နက် ကြိုးကတရွေ့ရွေ့ဆွဲတင်သကဲ့သို့ ရေတွင်းထဲ ရေများတရဟောဝင်လာနေပြီဖြစ်သည်။ ရိုက်ချက်ထိသွားသည့်အကောင်ကြီးမှာ မြစ်တွင်းဆင်းသွားရန်မှတစ်ပါး အခြားမရှိပြီ။ သူထွက်ပေါက်မှရေဝင်လာခြင်းပါ။သို့သော် ဦးလေးသန့် တစ်စွန်းတစ်စမြင်ခဲ့သည်မှာ မြွေလား၊ နဂါးလား သူကိုယ်တိုင် တပ်တပ်အပ်အပ်မပြောနိုင်ခဲ့ပါလေ။

မျိုးသော်



www.burmeseclassic.com

www.burmeseclassic.com



(ရွှေဥဒေါင်း)
# မောင်စိန်ဝင်း

## အမှောင်လမ်းမှ ရောက်လာမည့်အသို့ရှော့က်ခဲ့သော ရဲတော်ရေပြား အောင်လောက်

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် တောင်ပိုင်းနယ်စပ် ပလက်ဝမြို့လေး ကုလားတန်မြစ်ကမ်းနံဘေး၌ တည်ရှိသော ပလက်ဝမြို့လေးက သေးငယ်ပေမယ့် လူမျိုးစုံနေထိုင်ကြသည်။ ဗမာ၊ ရခိုင်၊ ချင်း၊ ခမီ၊ မြို စသည့် တိုင်းရင်းသားများအနက် ခမီလူမျိုးစုများက အများစုဖြစ်သည်။ ခမီးတိုင်းရင်းသား ရွာလေးတစ်ရွာဖြစ်သည့် အဘောင်သားဆိုသည့်ရွာလေးက ဌာနဆိုင်ရာ အကြီးအကဲများကို ချစ်ခင်ရင်းနှီးမှုအတွက် ၎င်းတို့ရွာလေးသို့ လာရောက် လည်ပတ်ရန် ဖိတ်ခေါ်ထားသည်။ အချိန်ကား ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ပွင့်လင်းရာသီ။

ခေတ္တ မဝတဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးအောင်နိုင်၊ မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများနှင့်သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။ ချိန်းဆိုသောနေ့ နံနက် (၈) နာရီခန့် မြို့နယ်ဆရာဝန်ကြီး၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဥပဒေအရာရှိ၊ စည်ပင်အရာရှိ၊ မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ၊ အဖွဲ့တော်သားများ စုံလင်စွာဖြင့် ကုလားတန်မြစ်ကို စက်လှေဖြင့် ဆန်၍ ချီတက်ခဲ့ကြသည်။ ပလက်ဝမြို့လေးမှ အထွက် မကွာဝေးလှသော မြစ်ကမ်းနံဘေးက အဘောင်သားရွာလေးကို နံနက် (၉) နာရီခန့် စက်လှေဆိုက်ကပ်ခဲ့ပြီ။ ကုလားတန်မြစ် ဆိပ်ကမ်းတွင် ခမီလှပျိုဖြူများနှင့် ရွာလူကြီးများက ရိုးရာဝတ်စုံ၊ ရိုးရာအက၊ ဗုံမောင်းတို့ဖြင့် ကြိုဆိုနေကြသည်။ ခင်မယ်ဖွယ်ကောင်းလှသော တိုင်းရင်းသားများ၏နွေးထွေးစွာကြိုဆိုမှုကို မြင်တွေ့ပြီး အဖွဲ့သားအားလုံး ဝမ်းမြောက်ပီတိဖြစ်နေကြသည်။ ရွာလူကြီးများ၏လက်ထဲသို့ အသစ်ပြုလုပ်၍ ပန်းပွားများ လှပစွာ တပ်ဆင်အသင့်ယူဆောင်လာသောလှံနှင့် ဘီယာဘူးအရက်ပုလင်းများ လက်ဆောင်ပေးလိုက်သည်။ ရွာလူကြီးများကလည်း ၎င်း



www.burmeseclassic.com

www.burmeseclassic.com

ကို့လက်ထဲမှ အသင့်ယူဆောင်လာသော ပန်းပွှာများတပ်ဆင်ထားသည့် လုံအသစ်တစ်ချောင်းလက်ဆောင်ပြန်ပေးသည်။ ရှေ့ဆုံးမှ တန်းစီရပ်နေသော ဒုရဲ နအောင်နိုင်မှစ၍ အားလုံးကို ခမီလုပျို ဖြူများက ပန်းကုံးများစွပ်ပေးကြသည်။ တောရိပ်တောင်ရိပ်များဖြင့် အေးချမ်းလှသည့် ခမီရွာကြီးထဲသို့ ခေါ်ဆောင်သွားကြသည်။ ရွာလယ်တွင် ဇရပ်မမဏ္ဍပ်ထဲမှ အစီအရီချထားသည်။

ဧည့်သည်တော်များထိုင်ရန်မဏ္ဍပ် အပြင်၌ ထိုင်ခုံများဖြင့်နေရာပေးထားသည်။ ရိုးရာ ဗုံမောင်းအက၊ အခုန်များ စတင်တီးခတ်သည်။ မကြာမီ ဒုရဲမှူး အောင်နိုင်ကို ရွာလူကြီးတစ်ဦးက ဦးစွာခေါ်ဆောင်သွားသည်။ မဏ္ဍပ်ထဲတွင် စီထားသော ခေါင်ရည်အိုးများအနက် အရွယ်အစားကြီးမားပြီး အထူးသီးသန့်



www.burmeseclassic.com

www.burmeseclassic.com

စီစဉ်ထားသော ခေါင်ရည်အိုးအနီးတွင် ထိုင်စေသည်။ ခေါင်ရည်အိုးတွင် စိုက်ထားသော လျှာခင်လေးများပါသည့် စုတ်တံဖြင့် ခေါင်ရည်အိုးကို စတင်စုပ်ယူသောက်ရသည်။ နောက် ဌာနဆိုင်ရာအကြီးအကဲများအားလုံးကို ယင်းအိုး၌ပင် တစ်လှည့်စီသောက်စေသည်။ ချစ်ခင်ရင်းနှီးမှုသဘောဆောင်သည်။ ရွာလူကြီးများလည်း ခေါင်ရည်ကိုသာ သောက်ကြသည်။ အားလုံးမူးလာကြသည်။ ဌာနဆိုင်ရာအကြီးအကဲတစ်ဦးချင်းစီကို ဆွဲခေါ်သွားပြီး လှပျိုဖြူနှစ်ဦးကြားဝင်ကစေသည်။ ရိုးရာ အတီး၊ အမှုတ်၊ အကအခုန်များက ပိုမိုမြူးကြွလာ၍ အားလုံးပျော်ရွှင်လာကြပြီး မဏ္ဍပ်အတွင်း ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ မကတတ်ကတတ် လှည့်ပတ်ကခုန်ကြသည်။လှပျိုဖြူများက ရေဖလားငယ်များဖြင့် ပက်ဖျန်း၍စိုရွှဲကုန်ကြသည်။ မူးလည်းမူး၊ မောလည်းမော၊ ပျော်လည်းပျော်ကြသည်။ သမီးငယ်များကို ငွေသားများလက်ဆောင်ပေးကြသည်။

နေ့လယ်ခင်းလောက်မှာရပ်နားပြီး ထမင်းကျွေးသည်။ ဆိတ်သားဟင်းက တောင်ပေါ်ထွက်ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးခတ်ထား၍ ညှီနံ့လုံးဝမရှိ ဟင်းကောင်းတစ်မျိုးဖြစ်သည်။ ဗမာအရာရှိတွေစားတတ်အောင် ဆီပြန်ဟင်းသာမက ရိုးရာဆိတ်သားဟင်းတစ်မျိုး ထူးဆန်းစွာ တွေ့ရသည်။ ဟင်းအရောင်က ညိုညစ်ညစ်၊ ဟင်းထဲဆားလုံးဝမထည့်၊ ငှက်ပျောရွက်ကို မီးမြှိုက်ပြီး ပဝါဖြင့်စစ်ထားသောအရည်ကို လောင်းထည့်ထားသည်။ ဆန်ကိုလှော်ပြီးထည့်ထား၍ဟင်းအရောင်မလှပေမယ့် စား၍ကောင်းလှသည်။ ပြာဟင်းဟုခေါ်သည်။ ကျန်းမာရေးကောင်းသည်။ အထူးသဖြင့် လည်ပင်းကြီးရောဂါ ကာကွယ်သည်ဟု သိရသည်။ ငှက်ပျောရွက်များတွင် ထမင်း၊ ဟင်းများစုပုံပြီး အားလုံး မျက်နှာချင်းဆိုင် ပျော်ရွှင်စွာစားကြသည်။ထမင်းစားပြီး ခေတ္တနား၍ ရွာလူကြီးများနှင့် ရွာသားများအားလုံးကိုနှုတ်ဆက်၍ ပြန်ရန်ကုလားတန်မြစ်ကမ်းဆင်းခဲ့ကြသည်။ ရွာသားအားလုံးက အကအခုန်များဖြင့် လိုက်ပါပို့ဆောင်ကြသည်။ မြစ်ဆိပ်ရောက်တော့ ကုလားတန်မြစ်ရေဖြင့် အပြန်အလှန် ကျီစယ်ပက်ဖျန်းကြပြန်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းနှုတ်ဆက်၍ အဖွဲ့သားအားလုံး စက်လှေလေးဖြင့် ပလက်ဝမြို့လေးသို့ ညနေစောင်းမှာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

❏

အဘောင်သားရွာလေးမှာ အားလုံးပျော်ရွှင်ခဲ့ကြသည်။ ပျော်ရွှင်မှုအရှိန်လေးမှမကုန်သေး၊ ရင်မောဖွယ်ရာ သတင်းဆိုးတစ်ခု ရောက်လာသည်။ ဘဝဆိုတာ ဒီလိုပဲထင်ပါရဲ့။ ပလက်ဝမြို့နယ်လက်အောက် ဒလက်မေရွာအနီးမှ ပြည်သူ့စစ်အဖွဲ့ဝင်နှစ်ဦးကို သောင်းကျန်းသူများ တိုက်ခိုက်လို့ တစ်ဦးဓားဒဏ်ရာများနှင့်သေဆုံးပြီး ဆေးရုံရောက်နေကြောင်း၊ တစ်ဦးပျောက်ဆုံးနေကြောင်း၊ ရှိုင်ဖယ်သေနတ် နှစ်လက်ပါဆုံးသွားကြောင်း၊ ဆေးရုံသွားကြည့်တော့ သေသူမှာ ထိုးသွင်းဓားဒဏ်ရာ ခြောက်ချက်နှင့် ဒလက်မေရွာသား ပြည်သူ့စစ်အဖွဲ့ဝင် စံကျော်ဆိုသူဖြစ်သည်။ ဓားဒဏ်ရာနှင့် ပျောက်ဆုံးနေသူမှာ တစ်ရွာတည်းသား ထွန်းစိန်ဆိုသူဖြစ်ကြောင်း သိရသည်။သတင်းရရှိချိန် မှောင်ရီပျိုးစဖြစ်၍ အချိန်လည်းလင့်နေပြီ။နယ်မြေခံ ခလရ (-) မှ တပ်ရင်းမှူးကြီးအား ဆက်သွယ်သတင်းပို့ပြီး နောက်နေ့ တပ်/ရဲပူးပေါင်းအဖွဲ့နှင့် အခင်းဖြစ်ရပ်သို့ သွားရောက်ရန် စီစဉ်ကြသည်။ ပလက်ဝမြို့လေးမှာ နယ်စပ်မြို့လေးဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူ့စစ်များဖွဲ့စည်းပြီး လက်နက်များတပ်ဆင်ထားရှိသည်။ သောင်းကျန်းသူများနောက် လက်နက်များပါဆုံးသွားပြီလို့ သုံးသပ်ရသည်။

နောက်နေ့နံနက် (၆) နာရီခန့် တပ်/ရဲ ပူးပေါင်း တပ်စိတ် (၄) စိတ် ကုလားတန်မြစ်ကိုဆန်၍ စက်လှေ (၃) စင်းဖြင့် အခင်းဖြစ်ရွာသို့ ချီတက်ခဲ့ကြသည်။ တပ်ရင်းမှူးကြီးကိုယ်တိုင် လိုက်ပါလာသည်။ နယ်စပ်ကင်းစခန်းများ ဖြစ်သည့် တိုးဗီ၊ လားဘာဝ၊ ကင်းသလင်း၊ မြိတ်ဝတို့သို့ သတင်းချပြီး နယ်စပ်လမ်းကြောင်းများ ပိတ်၍ထားရန် ညွှန်ကြားထားသည်။ စက်လှေပေါ်ဆက်သွယ်ရေးမှသတင်းများ စဉ်ဆက်မပြတ်ရယူနေသည်။

“ရထားလား၊ ရထား၊ သတင်းကတော့ ဒါပဲ။ အသံ (၅/၆) ကောင်းတယ်။ ထူးခြားရင် သတင်းပို့ ရထား၊ ရထား”

ဒုရဲမှူးအောင်နိုင် ဆက်သွယ်ရေးစက်တွေက သတင်းပို့သံတွေကြားပြီး အားတက်နေသည်။ ရန်သူကိုကင်းစခန်းတစ်နေရာက ပိတ်၍ဖမ်းမိလိမ့်မည်ဟု မျှော်လင့်နေသည်။ ပလက်ဝနှင့် ဒလက်မေ ရွာတစ်ဝက်ခရီးလောက်မှာ မြောက်မှဆင်းလာသော စက်လှေတစ်စီး၊ စက်လှေပေါ်မှာ ထရိုင်ရဲကင်းမှ ရဲကင်းမှူး ဒုရဲအုပ်အောင်သိန်းနှင့်ပြည်သူ့စစ်ခေါင်းဆောင် လှမောင်သိန်း၊ ရဲဘော်များနှင့် တွေ့ရသည်။

ဒုရဲအုပ် အောင်သိန်း အလေးပြု လိုက်ပြီး-

“မြို့နယ်မှူးကြီးခင်ဗျာ၊ ပြည်သူ့စစ်တွေကို တိုက်သွားတာ သောင်းကျန်းသူမဟုတ်ပါဘူး။ ဒီနယ်သား ခမီလူမျိုး ရဲဘက်ပြေး အောင်လောက်နဲ့ အဖော်တစ်ဦးတဲ့။ အခင်းဖြစ်နေ့က ဒလက်မေ တစ်ဖက်ကမ်း ခရုံငူရွာလေးမှာ သူတို့ အရက်သောက်ကြတယ်။ ဒီဘက်ကမ်း ကူးလာပြီး ဒလက်မေချောင်းတံတားမှာ ပြည်သူ့စစ်နှစ်ဦးနဲ့ဆုံတယ်။ရန်သူ့သတင်းပေးသလို စာတစ်စောင်ပေးပြီး အလစ် အငိုက်မှာ ဓားနဲ့ထိုး၊ သေနတ်တွေယူ သွားကြတာပါ။ ငါ အောက်လောက်တွေ လို့ အော်ပြီး သေနတ်ပစ်ဖောက်သွား တာကို ရွာသားအားလုံး ကြားပါတယ်။ ဒီကောင်တွေမှာ အကြံအစည်ရှိလိမ့် မယ်။ ထွန်းစိန်ကိုရှာတွေ့လို့ ကျွန်တော် တို့ ဆေးကုပြီး ရဲကင်းခေါ်ထားပါတယ်။ ထွန်းစိန်အပြည့်အစုံပြောပြပါလိမ့်မယ်”

ရဲကင်းမှူးမှ ၎င်းသိသမျှကို သတင်းပို့သည်။ သောင်းကျန်းသူမဟုတ် တာသိရပြီ၊ လက်နက်လိုချင်လို့လုပ်တာ ဖြစ်လိမ့်မည်။ ဘာကြောင့်လက်နက်လို ချင်တာလဲ။ ဒလက်မေရွာအလွန် ထရိုင် ရွာကြီးသည် ကုန်စည်စီးဆင်းမှုအလွန် စည်ကားသောနေရာ ဖြစ်သည်။ ပလက်ဝမြို့နယ်နှင့် နယ်စပ် ကျောက်တော်မြို့ နယ်မှ ရခိုင်တိုင်းရင်းသားများသည် ဒေသထွက်ကုန် ငါးခြောက်ငါးခြမ်း တစ်ဖက်နိုင်ငံထွက် ကုန်ပစ္စည်းများ ရောင်းဝယ်ဖလှယ်ရာနေရာ ဖြစ်သည်။ ထရိုင်ရွာကြီး သဲသောင်ပြင်၌ ပွဲခင်းကြီး များပမာ ဈေးဆိုင်များထိုး၍ ရေတက် ချိန်ကျမှ ကုန်းပေါ်ပြောင်းရွှေ့ကာ ပတ်လည်နေထိုင်ကြသည်။ ကုလားတန် မြစ်အတွင်း လှေ၊ သမ္ဗန်၊ မော်တော်များ အဆက်မပြတ် သွားလာနေကြသည်။ သေနတ်ရသွား၍ ရွာတွေနှင့် ခရီးသွား စက်လှေတွေမှာ လုယက် ဓားပြတိုက် သည်။ ပြည်သူတွေ ဘေးအန္တရာယ် ရောက်နိုင်သည်။ လူဆိုးတွေကို



www.burmeseclassic.com

ဖမ်းဆီးရမိမှဖြစ်မည်ဟု ဒုရဲမှူးအောင်နိုင်တွေးရင်း ထရိုင်ရဲကင်းသို့ ညနေစောင်းမှ စက်လှေဆိုက်ကပ်မိသည်။ ခရီးရောက်မဆိုက် ပြည်သူ့စစ် ထွန်းစိန်ကို စစ်မေးတော့ ထွန်းစိန်က -

"ကျွန်တော်နဲ့ စံကျော် နယ်မြေလှည့်ရင်း အခင်းဖြစ်နေ့(၂)နာရီလောက် ဒလက်မရွာတံတားလေးအနားမှာ လူနှစ်ယောက်နဲ့တွေ့ပါတယ်။ တစ်ဦးက အသက် (၃၅) နှစ်လောက်၊ အသားညိုညို၊ အရပ် (၅)ပေ၊ (၄)လက်မခန့်၊ ကျစ်ကျစ်လျစ်လျစ်လူငယ်တစ်ဦး၊ နောက်တစ်ယောက်က သူ့ထက်ငယ်ပုံရတဲ့ အသားဖြူဖြူလူငယ်တစ်ဦး။ သူတို့က သတင်းပေးဖို့ရှိတယ်ဆိုပြီး စာတစ်စောင်ထုတ်ပေးပါတယ်။ ကျွန်တော်က စာမဲဖတ်နေတုန်းကြီးတဲ့သူက ကျွန်တော့်ကို ဓားနဲ့စထိုးပါတယ်။ အလစ်အငိုက်မို့ သောင်းကျန်းသူထင်ပြီး ထွက်ပြေးရင်း သေနတ်ကို ယာခင်းထဲမှာပစ်ချထားခဲ့ပါတယ်။ စံကျော်တစ်ယောက်တည်းငိုင်ပြီး ကျန်နေတုန်း ဝိုင်းလုံးပြီးဓားနဲ့ထိုးကြတာပါ"

ရွာသားများကို ခေါ်ယူစစ်မေးတော့ ရဲကင်းမှူးသတင်းပို့သည့်အတိုင်းမှန်နေသည်။ ရန်သူသည် သောင်းကျန်းသူမဟုတ်။ ရဲဘက်ပြေးဖြစ်တာ သေချာသွားပြီ။ လူဆိုးတွေကို အမြန်ဖမ်းဆီးရမိရေး စဉ်ဆက်မပြတ်သတင်းရရန် အရေးကြီးသည်။ ဒီသတင်းကို မသိသေးတဲ့ ကျေးရွာအုပ်စုတွေကိုချပြလျှင် ရွာတွေက သတင်းစဉ်ဆက်မပြတ်ရနိုင်သည်။ ဟုတ်ပြီ၊ ရဲကင်းမှူးအား ကျေးရွာအုပ်စု ရွာလူကြီးအားလုံးကို နောက်နေ့နံနက် (၉) နာရီအရောက် လာရောက်စုဝေးရန် ဖိတ်ခေါ်လိုက်သည်။ ဒုရဲမှူးအောင်နိုင် စိတ်မောလူမောနှင့် ထရိုင်ရဲကင်းမှာ တစ်ညတာ အိပ်စက်အနားယူခဲ့သည်။

❑

ကျေးရွာအုပ်စုများမှ ရွာလူကြီးတွေအားလုံး ရဲကင်းသို့ နံနက် (၉)နာရီ စုရုန်းရောက်ရှိနေကြသည်။ မြို့နယ်မှူးမှ ဖြစ်စဉ်သတင်းကိုချပြလိုက်ပြီး -

"ကျွန်တော် ရွာလူကြီးအားလုံးကို သတင်းချပြပြီးပြီ။ ဒီကောင်တွေ ရလာတဲ့လက်နက်နဲ့ ကျေးရွာတွေနဲ့ ကုလားတန်မြစ်တစ်လျှောက် ဓားပြတိုက်လိမ့်မယ်။ အားလုံးဘေးအန္တရာယ်ရှိတယ်။ လူဆိုးဆိုတာ မြေလျှိုးမိုးမပျံနိုင်ပါဘူး။ ရွာစဉ်ရွာဆက် နီးစပ်ရာတည်းခိုပြီး ပြစ်မှုတွေကျူးလွန်တတ်တယ်။ မိမိတို့ကျေးရွာအုပ်စုတွေရောက်ရှိရင် စဉ်ဆက်မပြတ်သတင်းပို့ပါ။ ဥပဒေသဘောအရ ရာဇဝတ်သားမှန်းသိလျက် လက်သင့်ခံရင် အပြစ်ရှိသလို သတင်းမပို့ရင်လည်း အပြစ်ရှိပါတယ်။ ခြိမ်းခြောက်တာ မဟုတ်ပါ။ အရင်က မသိလို့ဆိုရင် လက်သင့်ခံနိုင်ပါတယ်။ ဒီကနောက်ပိုင်းကစပြီး ကျွန်တော်တို့ စုံစမ်းဖော်ထုတ်မှ ဘယ်ရွာ၊ ဘယ်သူ့ဆီမှာ တည်းခိုသွားတယ်သတင်းရရင် ဘယ်သူ့ကိုမဆို တာဝန်အရ အရေးယူပါရလိမ့်မယ်။ လိုရင်းကတော့ စဉ်ဆက်မပြတ် သတင်းပို့ကြပါ။ အားလုံးအတွက်ပြောရခြင်းဖြစ်ပါတယ်။ ဒီသတင်းကို မိမိတို့ကျေးရွာတွေမှာ ရွာသားအားလုံးကို ထပ်ဆင့်ရှင်းပြပါ။ မရှင်းတာရှိရင် မေးနိုင်ပါတယ်"

ရွာလူကြီးတွေအားလုံးက နားလည်သဘောပေါက်ကြောင်း၊ သတင်းများ စဉ်ဆက်မပြတ် ပေးပို့မည်ဖြစ်ကြောင်းပြော၍ လူစုခွဲလိုက်ကြသည်။

ဒုရဲမှူး အောင်နိုင်၏ တွက်ကိန်းမှန်သွားပြီ။ နေ့ (၁၂) နာရီခန့် ရရှိလာသော သတင်းကောင်းတစ်ခု။ ရဲဘက်ပြေး အောင်လောက်နှင့် အဖော်တစ်ယောက် သေနတ်နှစ်လက်နှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ် ၎င်း၏နေမရှိရာ ကူချောင်းဖျား ခမီရွာလေးသို့ ပြီးခဲ့သည့် ည (၁၀) နာရီခန့် ရောက်ရှိသည်။ ခမီရွာသား စကားပြန်တစ်ဦးမှတစ်ဆင့် မေးမြန်းရာ မှန်ကန်ကြောင်း တွေ့ရသည်။

ရွာစဉ်ရွာဆက် ထပ်ကြပ်မကွာလိုက်ရင်း ရဲဘက်ပြေး အောင်လောက်၏ ကိုယ်ပုံသဏ္ဌာန်၊ ထင်ရှားသည့် အမှတ်အသား တွေရရှိခဲ့သည်။ လူဆိုးတွေ ကံကောင်းနေသည်ပဲလားမသိ၊ တောင်ယာတွေမှာ ခြေရာလက်ရာတွေပဲ ကျန်ခဲ့တာတွေ့ရသည်။ လက်မတင်လေးတင် ကပ်လွတ်နေသည်။ ရဲဘက်ပြေး အောင်လောက်ရေ၊ ရာဇဝတ်ဘေးပြေးမလွတ်တဲ့။ မင်းဘယ်အထိအောင်အမှောင်ထဲ ဆက်လျှောက်နေဦးမှာလဲ၊ အမှောင်ထဲကနေ ချောက်ကမ်းပါးထဲ မကျပါစေနှင့်။

ဒုရဲမှူးအောင်နိုင် တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ပန်ဆင်ပြီး လူဆိုးတွေနောက်လိုက်ခဲ့ရတာ လူရောစိတ်ပါမောရင်း ထရိုင်ရဲကင်းသို့ ပြန်လည်ရောက်ရှိလာသည်။ ညအိပ်ရာမဝင်မီ မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ရွတ်ဖတ်ပူဇော်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်များအား -

"ဘုရားတပည့်တော်သည် ချစ်ခြင်း၊ မုန်းခြင်းကင်းစွာ ပြည်သူအများကျရောက်လာမည့် ဘေးအန္တရာယ်ကို ကယ်တင်ရန် တာဝန်ဝတ္တရားများ ဆောင်ရွက်ရပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် အောင်မြင်မှုများရပါစေ"

ဘယ်လောက်အိပ်ပျော်သွားသည်မသိ၊ သန်းခေါင်ယံအချိန် လူတစ်ဦးအတင်းလှုပ်နှိုးသလိုခံလိုက်ရပြီး -

"လူလေး ထ၊ ထ - ပလက်ဝကို အမြန်ပြန်။ ရောက်ရောက်ချင်း သတင်းထူးတစ်ခုရလိမ့်မယ်"

အိပ်ရာမှ လန့်နိုးတော့ နံနက်မိုးလင်းရန် အရုဏ်ဦးသို့ရောက်လုပြီ။ နံနက်ခင်းအလင်းရောင်တို့ ဝင်ရောက်လာကြသည်။

❑

ဒီနေ့နံနက်မိုးမလင်းမီပင် ပလက်ဝသို့ စက်လှေနှင့်အမြန်ပြန်ဆင်းခဲ့ရာ ညနေပိုင်းရောက်ရှိသည်။ နေအိမ်မှာ ခေတ္တအပန်းဖြေနေခိုက် ဖုန်းအဆက်မပြတ်မြည်လာသည်။

"ကလင် ကလင် ကလင်"

"ဟဲလို အမိန့်ရှိပါ၊ ကျွန်တော် မြို့နယ်မှူးပါ"

"သတင်းပေးဖို့ရှိလို့ပါ။ ရဲဘက်ပြေး အောင်လောက် ပလက်ဝအနီးက သူ့မယားငယ်ရှိတဲ့ စိမ့်စမ်းရွာလေးမှာ ညကပြန်ရောက်နေတယ်၊ ဒီညတွင်းချင်းပြန်ထွက်လိမ့်မယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်"

တစ်ဖက်မှ ဖုန်းချက်ချင်းပြန်ချသွားသည်။အောင်လောက်တစ်ယောက် လက်ရင်းနားပြန်ခိုနေပါလား။ တပ်ရင်းမှူးကြီးဆီမှလည်းသတင်းရကြောင်း၊ ၎င်းမြို့နယ်မြေပုံယူလာခဲ့မည် စောင့်နေရန်ဆက်သွယ်လာသည်။ တပ်ရင်းမှူးကြီးနှင့် မြေပုံကြည့်၍ ညှိနှိုင်းတိုင်ပင်ကြသည်။ အချိန်မီအုပ်မိရန် အရေးကြီးသည်။ တပ်ရဲပူးပေါင်း စိမ့်စမ်းရွာအတွင်းသို့ ဝင်ရောက် ရှင်းလင်းရန် (၁) စိပ်၊ လွတ်ထွက်သွားပါက ပိတ်ဆို့ရန် ကုလားတန်မြစ်အရှေ့၊ အနောက် ရွာသစ်၊ ကင်ပွန်းခြံရွာများ၌ တပ်စိတ် (၁) စိတ်စီ ချထားရန် စီစဉ်လိုက်သည်။

မြို့နယ်မှူးမှ -

"တပ်ရင်းမှူးကြီး၊ အခုထွက်ရင်

www.burmeseclassic.com

အချိန်စောနေသေးတယ်။ ရွာတွေက မြစ်ဘေးဘယ်၊ ညာအမြင့်တွေမှာရှိနေတော့ ရဲဘော်တွေကိုမြင်ပြီး ထွက်ပြေးလွတ်မြောက်သွားနိုင်တယ်"

"နည်းနည်းစောင့်လိုက်ရင် မှောင်တော့မယ်။ မှောင်ရီပျိုးစမှာ ခရီးသည်စက်လှေအသွင် ရဲဘော်တွေကို ဖုံးကွယ်ဖုံ့ဖျက်ပြီးလွှတ်ရင်ကောင်းမယ်"

မြို့နယ်မှူး တင်ပြချက်ကို တပ်ရင်းမှူးကြီး လက်ခံသဘောကျပြီး -

"မြို့နယ်မှူးကြီး အကြံပေးတာကောင်းပါတယ်။ ကျွန်တော်တပ်က (၁) စိတ်လွှတ်ပေးလိုက်မယ်။ လိုအပ်တာ စီစဉ်မှာကြားပါ"

တပ်ရင်းမှူးကြီး ပြန်သွားပြီး အလင်းရောင်တို့ ပျောက်ကွယ်ကာ မှောင်ရီပျိုးစပြုလာသည်။ တပ်မှတပ်စိတ်(၁)စိတ် လာရောက်သတင်းပို့သည်။ အားလုံး တန်းစီထားပြီး မြို့နယ်မှူးရရှိလာသည့်သတင်းနှင့် ဆောင်ရွက်မယ့် အစီအမံများကို အသေးစိတ်ချပြရင်း -

"ရဲဘော်တို့၊ စိမ့်စမ်းရွာလေးက ဒီကစက်လှေနဲ့ စုန်ဆင်းရင် တစ်နာရီကျော်လောက်ပဲကြာမယ်။ ရဲဘော်တို့ အားလုံး စက်လှေပေါ်ရောက်တာနဲ့ စောင်တွေခြုံထားပြီး ခမောက်တွေ ဆောင်းထားပါ။ အဝေးကကြည့်ရင် ခရီးသည်စက်လှေပဲထင်လိမ့်မယ်။ ပစ်မှတ်ရောက်ရင် ရှင်းလင်းရေးအဖွဲ့ အခြေအနေကြည့်ပြီး ရွာထဲဝင်မယ်၊ ကျန်နှစ်ဖွဲ့က သတ်မှတ်ထားတဲ့ရွာတွေက ပိတ်ဆို့ရေးလုပ်မယ်၊ ဒီနေ့အချင်းချင်းဆက်သွယ်ရေး စကားဝှက် နေမင်း၊ မီးတို (၁) မီးရှည် (၂) အားလုံး အသံလုံမယ်၊ တပ်ချင်းမမှားစေရေးဂရုပြုမယ်၊ ဘာမရှင်းတာရှိလဲ"

တပ်စိပ်မှူးများ အားလုံးက -

"မရှိပါဘူး"

"ကဲ - ဒီလိုဆိုရင် အားလုံးထွက်မယ်"

စက်လှေတစ်စီးနှင့် တပ်စိတ် (၃) စိတ် မှောင်ရီပျိုးစမှာ ပလက်ဝဆိပ်ကမ်းမှ ထွက်ခွာသွားသည်။ စက်လှေကို စိမ့်စမ်းရွာလေးနားကပ်၍ရပ်လိုက်သည်။ စိမ့်စမ်းရွာလေးသည် ခပ်ဖျော့ဖျော့လရောင်အောက်မှာ အိပ်မောကျလျက်ရှိ၏။

"ဝုတ် ဝုတ် ဝုတ်"

တစ်ချက်တစ်ချက်ထိုးဟောင်လိုက်သောခွေးဟောင်သံများကြားနေရသည်။ အချိန် ည (၉) နာရီခန့်ရှိပြီ။ ပိတ်ဆို့ရေးအဖွဲ့များ သတ်မှတ်နေရာအသီးသီးသို့ ထွက်ခွာသွားပြီးနောက် ရှင်းလင်းရေးအဖွဲ့ ရွာထဲသို့ဝင်ရန် အခြေအနေစောင့်ကြည့်ရင်း ကင်းပုန်းဝပ်နေလိုက်သည်။ မကြာမြင့်မီ စိမ့်စမ်းရွာလေးထဲမှ အရပ်ဝတ်နှင့်လူနှစ်ဦး ရှည်မျောမျောသဏ္ဍာန်နှစ်ခုကိုကိုင်၍ ထွက်လာသည်။ လရောင်ဖြင့်ထွက်လာသူနှစ်ဦးလက်ထဲကမြင်လိုက်ရသည်မှာ သေနတ်များ။ လူဆိုးများသေချာသွားပြီ။

ကင်းပုန်းအဖွဲ့ -

"ပစ် ပစ် ပစ်"

"ဒိုင်း ဒိုင်း ဒိုင်း"

"ဒက် ဒက် ဒက်"

သေနတ်ထိမှန်၍ တစ်ဦးလဲကျပြီး ကျန်တစ်ဦးထွက်ပြေးလွတ်မြောက်သွားသည်။ အနီးသွားကြည့်တော့ ရဲဘက်ပြေး အောင်လောက်။ အနီးမှာ သေနတ်တစ်လက်နှင့်အတူ သေနတ်ဒဏ်ရာများရရှိသေဆုံးနေ၏။ အောင်လောက်အလောင်းကို အစီရင်ခံစာနှင့် ဆေးရုံပို့လိုက်သည်။ ကျန်တစ်ယောက်ကို လိုက်လံဖမ်းဆီးရန် ကင်းပုန်းအဖွဲ့ ထွက်ခွာသွားကြသည်။ လူဆိုးနှစ်ဦးကို လက်မတင်လေးမှာ အချိန်မီအုပ်လိုက်မိခြင်း ဖြစ်သည်။

မြို့နယ်မှူးသတင်းထူးရလေမလားစောင့်နေခဲ့တာ နောက်နေ့နံနက်(၇)နာရီခန့် သတင်းထူးတစ်ခုရောက်လာသည်။ ရဲဘက်ပြေးအောင်လောက်ကို လက်နက်နှင့်အတူ အသေပစ်ခတ် ဖမ်းဆီးရမိပြီး အလောင်း ဆေးရုံရောက်နေကြောင်း၊ ကျန်တစ်ဦးထွက်ပြေးလွတ်မြောက်သွား၍ လိုက်လံ ဖမ်းဆီးနေကြောင်း သိရသည်။ မြို့နယ်မှူးဆေးရုံသွားကြည့်တော့ ရဲဘက်ပြေးအောင်လောက်အလောင်းကို သေနတ်ဒဏ်ရာများနှင့်တွေ့ရသည်။ ဆရာဝန်ကြီးအလောင်းကို မခွဲစိတ်မီ မြို့နယ်မှူးက -

"ဆရာဝန်ကြီး၊ ဒီကောင်ဘယ်ဘက်ချိုင်းအောက်မှာ နှီးကြောရှထားတဲ့ အမာရွတ်ရှိတယ်။ ညာပခုံးပေါ်မှာ ဆေးမင်ကြောင်ရှိတယ်"

အကျီတွေကိုလှန်ကြည့်လိုက်တော့ အမှတ်အသားများအားလုံး မှန်ကန်နေသည်။ ပြစ်မှုကျူးလွန်စဉ်က ငင်းအသုံးပြုသော တစ်ထွာသာသာခန့် သန်လျက်ပုံသဏ္ဍာန်နှစ်ဖက်သွားဓားတိုတစ်ချောင်း တွေ့ရသည်။

ဆရာဝန်ကြီးက -

"မြို့နယ်မှူးကြီး၊ သေချာလှချေလား"

"ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော် ဒီကောင်နဲ့ ပတ်သက်တဲ့ အချက်အလက်တွေရထားပါတယ်"

ရဲဘက်ပြေး အောင်လောက် သေချာသွားပြီမို့ ဓာတ်ပုံမှတ်တမ်းများ တင်လိုက်ကြသည်။

❑

ထွက်ပြေး လွတ်မြောက်သွားသူ ဝင်ရောက်လာနိုင်သည်။ ထင်ထားသည့် အတိုင်း ကျန်တစ်ဦး ညနေပိုင်းတွင် အဖမ်းခံဝင်ရောက်လာသည်။ လက်နက် တော့ပါမလာ။ အသက် (၂၀) ကျော်ခန့် လူငယ်လေးတစ်ဦး။ အရပ် (၅) ပေ (၄) လက်မခန့်၊ အသားဖြူဖြူ။ ရဲဘက်ပြေး အောင်လောက်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သည်ဟုသိရသည်။ နာမည်က ငမောက်၊ ရဲဘက်ပြေး အောင်လောက် နှင့်ပေါင်းမိ၍ အပေါင်းအသင်းမှားသွား တာဖြစ်နိုင်သည်။

ဒုရဲမှူး အောင်နိုင် -

"မင်းအခုလိုလာရောက်အဖမ်းခံ တာကောင်းပါတယ်။ မင်းကိုင်တဲ့ သေနတ်ကော"

"ကျွန်တော်စိမ့်စမ်းချောင်းထဲက သစ်ခေါင်းခြောက်ကြီးထဲမှာဝှက်ထားခဲ့ တယ်"

"သေနတ်သွားဝှက်တုန်းက မင်း အတူ အဖော်ပါသေးလား။ သေနတ် ထားတဲ့နေရာ မင်းတစ်ယောက်တည်းသိ တာလား"

"ဟုတ်ပါတယ်"

အဖော်မပါသဖြင့် သေနတ်ကို ... တွင်းချင်း နေရာပြောင်းရွှေ့ခြင်းမပြုနိုင် ... အချိန်လင့်နေပြီ၊ ပတ်ဝန်းကျင်အား ... မှာ အလင်းရောင်တို့ ပျောက်ကွယ် ... ညဥ့်အမှောင်များ ကြီးစိုးလာကြသည် ... ခုနေ တပ်ထပ်လွှတ်လျှင် လူဆိုးလို ... ဖမ်းသည့်အဖွဲ့တွေနှင့်တပ်ချင်းမှား ... သည်။ကျန်သေနတ်တစ်လက်ဖော်ထုတ် ... ရန် နောက်နေ့နံနက်စောစောမှလွှတ် ... မည်။ ခရီးထွက်နေသည့် တပ်ရင်းမှူး ... ထံ အခြေအနေအရပ်ရပ်ကို ဆက်သ ... စေလွှတ်သတင်းပို့လိုက်သည်။

ညဥ့်အမှောင်တို့ကွယ်ပျောက် ... အရုဏ်ဦးအလင်းရောင်တို့ ရောက် ... ပြန်ပြီ။ နံနက်စောစော ကျန်တဲ့သေ ... တစ်လက်ဖော်ထုတ်ရန် တပ်ရဲပူး ... တစ်စိတ် ရဲတပ်ကြပ်ကြီး ဆရာ ... ဆောင်၍ ငမောက်ကို ခေါ် ...



www.burmeseclassic.com

www.burmeseclassic.com

စိမ့်စမ်းချောင်းကြီးအတိုင်းချီတက်ခဲ့ကြသည်။ နွေဦးရာသီရောက်လာပြီမို့ ချောင်းရေတို့နည်းလာသည်။

သဲသောင်ပြင်များ ဟိုတစ်စပ်ဒီတစ်စပ်ထွန်းနေသည်။ လေပြည်အေးတစ်ချက်အဝှေ့မှာ ချောင်းကမ်းနဖူးက သစ်ပင်ကြီးငယ်တို့၏ ရွက်ဟောင်းများ ကြွေလွင့်လာကြသည်။ ချောင်းရေနှင့် သဲသောင်တွေကိုတစ်လှည့်စီဖြတ်ကျော်ရင်း ငမောက်ညွှန်ပြတဲ့ ချောင်းကမ်းနဖူးက ကြီးမားတဲ့ သစ်ခြောက်ပင်ကြီးနားရောက်လာသည်။ သစ်ခေါင်းကြီးထဲ ရှာလိုက်တော့ ကျန်တဲ့ ရိုင်ဖယ်သေနတ်တစ်လက်တွေ့ရသည်။ ကျန်တဲ့သေနတ်တစ်လက် ဖော်ထုတ်ပြီးလို့ အားလုံးအေးဆေးစွာပြန်ခဲ့ကြသည်။ စိမ့်စမ်းချောင်းတစ်နေရာအရောက် ငမောက်ဘယ်လိုစိတ်ဖောက်သွားလဲမသိ၊ ရုတ်တရက် သေနတ်ကိုပြန်လုထွက်ပြေးသွားသည်။ တပ်ကြပ်ကြီး မောင်လှ မလွှဲရှောင်သာဘဲ -

"ဟေး - ပြေးပြီ၊ ပစ် ပစ် ပစ်"
"ဒိုင်း ဒိုင်း ဒိုင်း"
"ဒက် ဒက် ဒက်"

ငမောက် သဲသောင်စပ်မှာ သေနတ်ကို ကိုင်စွဲရင်းက သွေးအိုင်ထဲမှာ လဲကျသေဆုံးသွားခဲ့ရလေသည်။ ရာဇဝတ်ဘေး ပြေးမလွတ်၊ ဒုစရိုက်သမားတို့၏ ဘဝနိဂုံးဆိုတာ လှပရိုးထုံးစံမရှိ။ ကြွေလွင့်လာတဲ့ ရွက်ဝါလေးတွေနှင့်အတူ စိမ့်စမ်းချောင်းရေလေးကစီးဆင်းနေမြဲ။ ချောင်းရေကို ဖြတ်တိုက်လာသည့် လေနုအေးလေးတွေကို အမောပြေရှူရှိုက်ရင်း ပြည်သူများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်ကို အချိန်မီ ကြိုတင်ကာကွယ်နိုင်ခဲ့ခြင်းအတွက် ကျေနပ်စွာဖြင့် ဆရာမောင်လှတို့အဖွဲ့ ပလက်ဝသို့ ပြန်လည်ရောက်ရှိကြသည်။ အခြေအနေအရပ်ရပ်ကို အထက်အဆင့်ဆင့်သို့သတင်းပို့အစီရင်ခံခဲ့သည်။

❑

လောကလူသားများတွင် (၄) မျိုး (ငါး) စားရှိသည်။ အမှောင်ထဲကလာပြီး အမှောင်ထဲပြန်ရောက်သွားသူ၊ အမှောင်ထဲကလာပြီး အလင်းသို့ရောက်သွားသူ၊ အလင်းကလာပြီးအလင်းသို့ရောက်သွားသူ အလင်းကလာပြီးအမှောင်သို့ရောက်သွားသူဟူ၍ ဖြစ်၏။ ဒုစရိုက်အမှောင်လောကကလာပြီး ဒုစရိုက်အမှောင်လောကထဲပြန်ရောက်သွားသောအမျိုးအစားနဲ့ ကောင်းသော ပတ်ဝန်းကျင်အလင်းမှလာပြီး မကောင်းသောဒုစရိုက်လောကထဲသို့ရောက်သွားသူအမျိုးအစားတို့သည် မကောင်း။ မကောင်းသောဒုစရိုက်အမှောင်လောကထဲမှလာပေမယ့် အသိတရားဖြင့် လူကောင်းတစ်ယောက်အဖြစ်ပြုပြင်ရင်း အလင်းသို့ရောက်သွားသူ အမျိုးအစားသည်လည်း ကောင်း၏။ ကောင်းသော ပတ်ဝန်းကျင်မှလာပြီး အများကောင်းကျိုးဖော်ဆောင်သွားသူသည်သာ အလင်းကလာပြီး အလင်းသို့သွားသူ အမျိုးအစားသည် အမြတ်ဆုံးလူသားဖြစ်ပေမည်။

ရဲဘက်ပြေးအောင်လောက်သည် ဒုစရိုက်မှုများဖြင့် အမှောင်လောကတွင် ကျင်လည်ကျက်စားခဲ့သူဖြစ်၏။ အကျဉ်းဦးစီးဌာနမှ ထောင်လွတ်ရက်မစေ့မီ ထွက်ပြေးလာသူတစ်ဦး ဖြစ်သည်။ ရဲဘက်ပြေးတစ်ဦးအဖြစ် ထွက်ပြေးလွတ်မြောက်လာပြီးနောက် ဘဝကို အသိတရားဖြင့် လူကောင်းတစ်ယောက်ဖြစ်အောင်ပြုပြင်ပြောင်းလဲခြင်းမရှိ အမှောင်ထဲကလာပြီး အမှောင်ထဲသို့ဇွတ်အတင်းတိုးဝင် ဆက်လျှောက်ခဲ့သူ အမျိုးအစားလူသားဖြစ်သည်။ အမှောင်ထဲဆက်လျှောက်ရင်းကနေ နောက်ဆုံးမှာ ချောက်ကမ်းပါးထဲ ပြုတ်ကျသေဆုံးရလေသည်။ လူမိုက်နှင့်ပေါင်းသင်းမိသောလူငယ်လေး ငမောက်လည်း ရဲဘက်ပြေး အောင်လောက်နှင့်အတူ ချောက်ကမ်းပါးထဲ ပြုတ်ကျသေဆုံးသွားခဲ့ရလေသည်။

အမှန်မသိ အသိအလိမ္မာ၊ အမြော်အမြင်နည်းတဲ့စိတ်ကြောင့် မကောင်းမှုတွေပြုလုပ်ကြသည်။ မကောင်းတဲ့စိတ်၏ လှုံ့ဆော်မှုစေတနာ ပြင်းထန်လာ၍ ရုပ်ကာယနှင့် နှုတ်ကလိုက်ပြီး လှုပ်ရှားမှုပြုလုပ်ကြသည်။ စိတ်ပိုင်းမှာ အသိအမြင်မှန်ကန်မှုမရှိလျှင် ထင်ရာတွေစွဲယူပြုလုပ်တတ်သည်။ မကောင်းမှုပြုသူ၏ အကုသိုလ်တို့သည် ထိုသူကိုပင် ပျက်စီးနစ်မွန်းစေတတ်၏ဟု တရားတော်အရ မှတ်သားရသည်။ ကိုယ်ပြုတဲ့မကောင်းမှုကံဆိုတာ ကိုယ့်ဆီပြန်လာတတ်မြဲ။

ကိုယ်ပြု ကာယကံ ကိုယ့်ဆီပြန်
အမှန်ကြုံရမြဲ၊
ကိုယ်ပြု ဝစီကံ ကိုယ့်ဆီပြန်
အမှန်ကြုံရမြဲ၊
ကိုယ်ပြု မနောကံ ကိုယ့်ဆီပြန်
အမှန်ကြုံရမြဲ

ဟု မြတ်ဗုဒ္ဓရဲ့ဆရာတော်ဘုရားကြီးများ၏ အဆုံးအမတွေရှိခဲ့သည်။ ကိုယ်ပြုတဲ့မကောင်းမှုကံတွေ ကိုယ့်ဆီမပြန်ရအောင် ရဲဘက်ပြေး အောင်လောက်က သင်ခန်းစာကောင်းကောင်းပေးသွားတာပါလားဟု ဒုရဲမှူးအောင်နိုင်တွေးတောဆင်ခြင်နေမိပါတော့သည်။

(ဖြစ်ရပ်မှန်ဇာတ်လမ်းအား ပြုပြင်ရေးဖွဲ့ထားပါသည်။)

*မကောင်းမှုရှောင်*
*ကောင်းမှုဆောင်နိုင်ကြပါစေ*

**မောင်စိန်ဝင်း (ရွှေမိုးညို)**

## ဖြည့်စွက်ပြင်ဆင်ဖတ်ရှုပေးပါရန်

၂၀၁၅၊ ဩဂုတ်လ၊ အတွဲ (၁၅)၊ အမှတ် (၈) သူရဇ္ဇမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော ဆရာကြည်လွင်၏ 'မြန်မာ့တံဆိပ်ခေါင်းစာပေ' ဆောင်းပါး၏ စာမျက်နှာ (၂၃၇) ပါ 'စာပေဆုရရှိခဲ့သော မြန်မာတံဆိပ်ခေါင်းစာအုပ်များ' ခေါင်းစဉ်ငယ်အောက် အလယ်ကော်လံ၊ စာကြောင်းရေ (၁၈)၊ 'မြန်မာနိုင်ငံတွင်လည်း ၁၉၈၀ ပြည့်နှစ်က ဘုတလင်သစ်နီ၏ ပြည်သူကိုပညာပေးသောတံဆိပ်ခေါင်းများ စာအုပ်မှာ စာပေဗိမာန်စာမူဆုကို သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တန်း၌' စာကြောင်း၏နောက်တွင် 'ပထမဆုရယူနိုင်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင်လည်း သိန်းဌေးနိုင်၏ နှောင်းအတိတ်သမိုင်းရိပ်ထင်နေသည့်တံဆိပ်ခေါင်းများစာအုပ်က စာပေဗိမာန်စာမူဆုကို သုတပဒေသာ(ဝိဇ္ဇာပညာရပ်)တန်း၌ ဒုတိယဆုရရှိခဲ့သည်' ဟု ဖြည့်စွက်ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**



www.burmeseclassic.com

www.burmeseclassic.com

# ရတနာသိုက်

လျှမ်းထက်

ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၁၅ ခု၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီး၌ အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရ၏။

**အစ္စရေးနိုင်ငံရှိ**
**မြေထဲပင်လယ်ပြင်အောက်၌**
**ရေငုပ်သမားများက**
**ရွှေဒင်္ဂါးပြားသိုက်ကြီးတွေ့ရှိ**

*လန်ဒန် ဖေဖော်ဝါရီလ (၁၉) ရက်*

စကူဘာရေငုပ်သမားများသည် အစ္စရေးနိုင်ငံ မြေထဲပင်လယ်ကမ်းလွန်၌ လွန်ခဲ့သော နှစ်တစ်ထောင်ကျော်မှ ရွှေဒင်္ဂါးပြား (၂၀၀၀) နီးပါးရှိသည့် အကြီးဆုံးရတနာသိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အစ္စရေးရှေးဟောင်းပစ္စည်းထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီလ ၁၇ ရက်တွင်ပြောကြားသည်။ အစ္စရေးနိုင်ငံ ကေဆာရီဟာမြို့တော်ရှိ ရောမခေတ် ရှေးဟောင်းဆိပ်ကမ်းရှိရာ ပင်လယ်ကြမ်းပြင်၌ မကြာသေးသော ရက်သတ္တပတ်များအတွင်း အလေးချိန် (၉)ကီလိုဂရမ် (ပေါင် ၂၀) နီးပါးရှိသည့် ရွှေဒင်္ဂါးသိုက်ကို ရေငုပ်သမားများက တွေ့ရှိခဲ့ကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

ကနဦးတွင် ရေငုပ်သမားများက တိုကင်ပြားများဟု ထင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဒင်္ဂါးပြားအစစ်ဟုထင်မှတ်ကာ အမြောက်အမြားစုဆောင်းပြီး ၎င်းတို့တွေ့ရှိချက်ကို ရေငုပ်ကလပ်မှ ညွှန်ကြားရေးမှူးထံ အကြောင်းကြားရန် ကမ်းခြေသို့ အလျင်အမြန်ပြန်လာခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင်ဆိုသည်။ ခရစ်နှစ် ၉၁၉ မှ ၁၁၇၁ ခုနှစ်အထိ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသအများစုကို အုပ်ချုပ်ခဲ့သည့် ဖာတီဟတ်ဘုရင့်နိုင်ငံတော်မှ သုံးစွဲခဲ့သည့် ငွေကြေးအမျိုးမျိုးဖြစ်သည့် ရွှေဒင်္ဂါးပြားများဖြစ်ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့မှ ကျွမ်းကျင်သူများက ပြောကြားသည်။ ရတနာသိုက်များတွေ့ရှိသည့်နေရာတွင် နောက်ထပ်ရွှေဒင်္ဂါးပြားတွေ့ရှိရန် မျှော်လင့်ချက်ဖြင့် ဆက်လက်တူးဖော်မှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အစ္စရေးရှေးဟောင်းပစ္စည်းထိန်းသိမ်းရေးအဖွဲ့၊ အာဏာပိုင်အဖွဲ့၊ ရေကြောင်းဆိုင်ရာ ရှေးဟောင်းသုတေသနယူနစ်မှ ညွှန်ကြားရေးမှူးကိုဘီရှာဗက်ကပြောကြားသည်။

"ကောက်ခံလာတဲ့ အခွန်ငွေများတင်ဆောင်ပြီး အီဂျစ်နိုင်ငံရှိ ဗဟိုအစိုးရထံသွားလာရင်း နစ်မြုပ်သွားတဲ့ သင်္ဘောပျက်တစ်စင်း ဖြစ်နိုင်ပါတယ်။ ဒင်္ဂါးသိုက်ကြီးကတော့ ကေဆာရီမြို့တော်မှာတပ်စွဲထားပြီး မြို့တော်ကိုကာကွယ် စောင့်ရှောက်နေတဲ့ ဖာတီဟက်မြို့စောင့်တပ်တွေကို လစာပေးမယ့် လစာငွေတွေလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အခြားဖြစ်နိုင်တဲ့နည်းလမ်းကတော့ ဒီရတနာသိုက်ကြီးဟာ မြေထဲပင်လယ်ရှိ ကမ်းရိုးတန်းဆိပ်ကမ်းမှ ကုန်သွယ်ပြီး နစ်မြုပ်ခဲ့တဲ့ ကြီးမားတဲ့ ကုန်သည်သင်္ဘောတစ်စင်းပိုင်ဆိုင်တဲ့ ငွေတွေလည်းဖြစ်နိုင်တယ်"

ဟု ကိုဘီကဆိုသည်။

(သည်ဂါးဒီးယန်း)

အထက်ဖော်ပြပါ သတင်းကိုပင် ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ရုပ်သံလွှင့်အဖွဲ့အစည်းနှင့် တရုတ်နိုင်ငံ စီစီတီဗီရုပ်သံလွှင့်အဖွဲ့အစည်းများကလည်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ပေးခဲ့သည်။ နိုင်ငံရေးမတည်ငြိမ်မှုများ၊ အကြမ်းဖက်ဝါဒသမားများကြောင့်မတည်မငြိမ်ဖြစ်နေသော မြေထဲပင်လယ်ဒေသ တစ်နံတစ်လျားရှိနိုင်ငံများနှင့် နိုင်ငံတကာမှ စစ်ရေး၊ နိုင်ငံရေးစောင့်ကြည့်သူများအဖို့ပါ စိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့ရ၏။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုမှရတနာသိုက်ရှာဖွေသူများနှင့် အင်္ဂလန်နိုင်ငံမှ ရတနာသိုက်ရှာဖွေသူများအဖို့ အထူးစိတ်ဝင်စားဖွယ်သတင်းဖြစ်ခဲ့ရ၏။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ရတနာသိုက်နှင့် ပတ်သက်၍ အနောက်တိုင်းအယူအဆနှင့်ကျွန်တော်တို့မြန်မာနိုင်ငံမှ အစဉ်အလာယုံကြည်ထားသော အယူအဆ အတော်အသင့်ကွဲပြားခြားနားသည်ကို တင်ပြရမည် ဖြစ်၏။ မှတ်တမ်းများအရ ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော ဆော်လမွန်ဘုရင်ကြီး၏ရတနာသိုက်၊ မွန်တီဇူးမားဘုရင်ကြီး၏ရတနာသိုက်၊ တောင်အမေရိကတိုက် အက်(စ်)တက်(စ်)လူမျိုးတို့၏ ရတနာသိုက် စသော ရတနာသိုက်များ၊ ပင်လယ်ဓားပြဗိုလ်ကြီးဖြစ်သည့်ကပ္ပတိန်ကစ်၏ရတနာသိုက်နှင့် စပိန်၊ ပေါ်တူဂီနိုင်ငံများက ရွှေငွေရတနာပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောများနစ်မြုပ်မှုများမှာ သမိုင်းအဆက်ဆက် နာမည်ကျော်ကြား လူသိများခဲ့ပြီး တစိုက်မတ်မတ် ငွေကုန်ကြေးကျခံ၍ ထိုသင်္ဘောပျက်ရတနာသိုက်များကို ရှာဖွေခဲ့ကြသော နိုင်ငံတကာမှ လူစွန့်စားများအကြောင်းထောက်မ၍ တွေ့ကြသည့် အကြောင်းများကို ကျွန်တော်တို့ ဖတ်ကြားသိရသကဲ့သို့ ထိုရတနာသိုက်များ ရှာဖွေရာတွင် တွေ့ရှိရခြင်းမရှိသဖြင့် ဘေးဒုက္ခအမျိုးမျိုးတွေ့ကာ စီးပွားပျက်ကြသည့် ရတနာသိုက်ရှာဖွေသူများ၏ အကြောင်းများကိုလည်း ကျွန်တော်တို့ ဖတ်ရှုကြားသိရပြီးဖြစ်၏။

ထို့အတူ ဒုတိယကမ္ဘာစစ်ကြီး ဆုံးခဲ့ပြီးနောက် စစ်ကြီးအတွင်း နိုင်ငံအချို့မှ ရတနာရွှေငွေများ၊ တန်ဖိုးမဖြတ်နိုင်အောင်ထိုက်တန်သောရှေးဟောင်းပစ္စည်းများသယ်ဆောင်လာသည့်သင်္ဘောများသည် အကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်ခဲ့ရ၏။ ထိုသင်္ဘောပျက်ရတနာသိုက်များအား ရှာဖွေသူများအကြောင်းကိုလည်း စာရေးဆရာကြီးများ စာတစ်စောင်ပေတစ်ဖွဲ့ ရေးသား ဖော်ပြ ဝေကြသဖြင့် ကျွန်တော်တို့ ဖတ်ရှုခဲ့ရ ဖြစ်၏။





www.burmeseclassic.com


www.burmeseclassic.com

ထို့အတူ ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီဂျာမန်တို့ နည်းလမ်းအမျိုးမျိုးနှင့် ဥရောပတိုက်နိုင်ငံအသီးသီးမှ သိမ်းယူခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ရတနာရွှေငွေများနှင့် ရှေးဟောင်းအနုပညာပစ္စည်းများ လျှို့ဝှက်မြှုပ်နှံထားသည့်ရတနာသိုက်၊ အီတလီနိုင်ငံမှဖက်ဆစ်ခေါင်းဆောင်ကြီးမူဆိုလီနီ၏ပျောက်ဆုံးနေသော ရတနာသိုက်နှင့် အရှေ့တောင်အာရှတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မလေးကျားကြီးဟု လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဂျပန်ဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး ရာမာရှိတာ၏ ရတနာသိုက် စသည့် သိုက်များအကြောင်းကိုလည်း ကျွန်တော်တို့သည် ဒန်တစ်ရာတေအောင်ဖတ်ရှုခဲ့ကြရ၏။

ထိုသိုက်များနှင့် ပတ်သက်သော လမ်းညွှန်စာအုပ်များလည်း လက်ဆစ်ချိုး၍ ရေတွက်မရအောင်ထွက်ခဲ့၏။ သာဓကအားဖြင့် အနောက်တိုင်းရတနာသိုက်များနှင့်ပတ်သက်၍ A Guide To Burried Treasure ဟူသော ရတနာသိုက်လမ်းညွှန်ကျမ်းများလည်း ထုတ်ဝေပြီဖြစ်ရာ ရတနာသိုက်ရှာဖွေသူများအဖို့ ငွေကုန်ကြေးကျခံ၍ ရှာဖွေရန်သာဖြစ်သည်။

ကျွန်တော်တို့မြန်မာနိုင်ငံရှိ အစဉ်အလာ နာမည်ကျော်ခဲ့သော သိုက်များအကြောင်းကိုမူ သက်ဆိုင်ရာတာဝန်ရှိသူများက လျှို့ဝှက်ထားခဲ့ကြသည်။သိုက်စာများကိုလည်း နှုတ်ဖြင့်လက်ဆင့်ကမ်းခဲ့ကြပြီး သိုက်များတွင် သိုက်စောင့်ပုဂ္ဂိုလ်များရှိသည်ဟုဆိုသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး ရေးသားခဲ့သော 'လူနီကလေး' ဟူသော ဝတ္ထုတိုတစ်ပုဒ်တွင်မူ အညာကျေးလက်ဒေသမှ ချမ်းသာကြွယ်ဝသော သူဌေးကြီးတစ်ယောက် ကွယ်လွန်ခဲ့ရာ သူပိုင်ဥစ္စာပစ္စည်းများကို ခွဲလမ်းသွားခဲ့ရာမှ သူမြှုပ်နှံထားခဲ့သည့် ရတနာသိုက်စောင့် လူနီကလေးဟု တင်ပွန်းတပ်ထားခဲ့ရသောသူဖြစ်ခဲ့သည်။ ထိုလူနီကလေးသည် သူသိုက်နန်းအနီးအကြောင်းအမျိုးမျိုးနှင့် ရောက်လာသည့်လူများအား ခြောက်လှန့်သည့် ဇာတ်လမ်း ဖြစ်သည်။

ထိုဝတ္ထုမှာ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး စိတ်ကူးဉာဏ်ကွန့်မြူး၍ရေးသားခဲ့သော ဝတ္ထုဖြစ်သော်လည်း ဆရာမကြီး၏ဝတ္ထုရေးနည်းအတတ်ပညာကြောင့် စာဖတ်သူများတသသဖြစ်ရ




သည့်ဝတ္ထုဖြစ်၏။ ကျွန်တော်တို့အစဉ်အလာ ယုံကြည်ထားသည့် သိုက်များတွင် သိုက်ဆရာအဖွဲ့နှင့်သိုက်စောင့်တို့ လောကီပညာအပြိုင်အဆိုင်ယှဉ်ကြရာ သိုက်ဆရာများရှုံး၍ မြေပြင်ကိုရေထင်၍ကူးကြပုံ၊ စိတ်ကစဉ့်ကလျားဖြစ်ကြရပုံများကိုလည်း ကြားခဲ့ရသည်။ ထိုသိုက်များအကြောင်းကို ဇာတ်များ၊ ရုပ်ရှင်များတွင် ကြည့်ရှုခဲ့ကြရ၏။

အချို့ကမူ သိုက်နန်းရှင်များသည် တန်ဖိုးမဖြတ်နိုင်သော ရတနာပစ္စည်းများကို ဝိသမလောဘသားများလက်သို့ ကျရောက်ခြင်းမရှိစေရန် စောင့်ရှောက်နေကြရသည်ဟူ၍လည်း သူပြောကိုယ်ပြောပါးစပ်သမိုင်းများကိုလည်း နားထောင်ခဲ့ရသည်။ အချို့သိုက်သမိုင်းများတွင် သိုက်စောင့်သူများ ခေတ္တလူ့ဘောင်လူ့ရွာသို့ပြန်လာပြီး လူသားတို့နှင့်ချစ်ခင်စုံဖက်၍ အိမ်ထောင်ပြုကြစဉ် သိုက်နန်းမှပြန်ခေါ်သဖြင့် မိသားစုအားခွဲခွာသွားသည်ဟူသော လွမ်းမောတသဖွယ်ဖြစ်ရပ်များကိုလည်း ကြားသိခဲ့ရ၏။

မှတ်မှတ်ရရ လွန်ခဲ့သောနှစ်ပေါင်း (၆၀) ခန့်ကဟု ထင်မိသည်။ ရက်၊ လ၊ နှစ်ကိုမူ တိတိကျကျ မမှတ်မိတော့။ အင်းစိန်တွင် ရဲအရာရှိတစ်ဦး ဦးဆောင်၍ သိုက်တူးသည့်သတင်းကို ကျွန်တော်တို့နိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများတွင် ဓာတ်ပုံသာဓကအထောက်အထားများနှင့် ဖော်ပြခဲ့ကြသော်လည်း ရတနာသိုက်တွေ့သည်၊ မတွေ့သည်ကိုမူ ကျွန်တော်တို့ မသိခဲ့ရပေ။ သို့ဖြစ်၍ ကျွန်တော်တို့ အစဉ်အလာယုံကြည်ထားသောသိုက်အယူအဆသည် အနောက်တိုင်းအယူအဆနှင့်မတူ ကွဲပြားခြားနား

နေသည်ကို တွေ့ရ၏။ အနောက်တိုင်းသိုက်ရှာဖွေသူအများကမူ ရတနာပစ္စည်းများသာမက အခြားလူ့အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများကိုပါ ရှာဖွေခဲ့ကြသည်ကို ကျွန်တော်များတွေ့ခဲ့ရသည်။

၂၀၁၄ ခုနှစ်အတွင်းကလည်း အနောက်တိုင်းမှ ရတနာသိုက်ရှာဖွေသောအဖွဲ့တစ်ဖွဲ့သည် ကျွန်တော်တို့မြန်မာနိုင်ငံသို့ လာရောက်၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှလေတပ်မတော်မှ လျှို့ဝှက်စွာမြှုပ်နှံထားခဲ့သော ဗြိတိသျှနိုင်ငံမှ ဒုတိယကမ္ဘာစစ်ကြီးအတွင်း တည်ဆောက်ခဲ့သော နာမည်ကျော် စစ်ပစ်ဖိုင်ယာတိုက်လေယာဉ်များကို တူးဖော်ရှာဖွေခဲ့သည်ဟု မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့သည်ကို ဖတ်ရှုခဲ့ကြရသည်။

ထိုလေယာဉ်ရတနာသိုက်ရှာဖွေသူများကမူ စပစ်ဖိုင်ယာတိုက်လေယာဉ်အစိတ်အပိုင်းများကို ဗြိတိသျှအာဏာပိုင်များက သေတ္တာကြီးများနှင့်ထည့်၍ မြှုပ်နှံထားသည်ဟု ကျွန်တော်တို့ သတင်းမီဒီယာများကို ခိုင်ခိုင်မာမာ အထောက်အထားဖြင့် ထုတ်ဖော်ပြခဲ့သည်။ ထိုသိုက်ရှာဖွေတွေ့ရှိသည်၊မတွေ့ရှိသည်ကိုမူ ယခုဆောင်းပါးရေးနေသည့် အချိန်အထိ သတင်းတစ်စုံတစ်ရာမရခဲ့။

ယခု ရေးသားဖော်ပြမည့် ရတနာသိုက်များ၊ ရတနာသိုက်ရှာဖွေသည့် သိုက်ဆရာ မုဆိုးများအကြောင်းမှာ အဏ္ဏဝါတွင်းမှ အဏ္ဏဝါသိုက်များနှင့် ပတ်သက်သောဖြစ်စဉ်များဖြစ်ပါသည်။ နိုင်ငံတကာမှမှတ်တမ်းများနှင့် ယနေ့အင်တာနက်သတင်းမှတ်တမ်းများအရ ထောင်ပေါင်းများစွာသော သင်္ဘောများသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ကြရပါသည်။ နှစ်ဆယ်ရာစုနှစ်များအတွင်း၌ပင် သင်္ဘောစီးရေနှစ်သောင်းနီးပါး အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။ ထိုပျက်စီးနစ်မြုပ်ခဲ့ရသော သင်္ဘောများနှင့်အတူ ရွှေ၊ ငွေရတနာများ၊ အခြားအဖိုးတန်ပစ္စည်းများလည်း ပျက်စီး နစ်မြုပ်သွားသည်ဟုသိရ၏။ ဤသို့သော အကြောင်းခြင်းရာများကို အပြည်ပြည်ဆိုင်ရာနိုင်ငံများသည် ၎င်းတို့၏ ရေကြောင်းအတိတ်သမိုင်းမှတ်တမ်းများတွင် တိတိပပ ရေးသားထားခဲ့ကြ၏။

www.burmeseclassic.com

အထူးသဖြင့် အင်္ဂလန်နိုင်ငံမှ သင်္ဘောအာမခံလွိုက်ကုမ္ပဏီမှတ်တမ်းများ၊ စပိန်နိုင်ငံ မက်ဒရစ်မြို့ ရေကြောင်းပြတိုက်ကြီးမှ မှတ်တမ်းမှတ်စုများ၊ ပေါ်တူဂီနိုင်ငံ လစ်ဘွန်းမြို့ အင်္ဂလာဝါသိပ္ပံပြတိုက်မှ မှတ်တမ်းမှတ်စုများ၊ အမေရိကန်ပြည်ထောင်စု ဘိုစတုန်မြို့ ရေကြောင်းပြတိုက်မှ မှတ်တမ်းများတွင် အထောက်အထား ခိုင်ခိုင်မာမာနှင့် မှတ်တမ်းတင်ထားခဲ့ပါသည်။ စပိန်နိုင်ငံ မက်ဒရစ်မြို့ ရေကြောင်းပြတိုက်၏ မှတ်တမ်းမှတ်စုများအရ ခရစ်နှစ် ၁၅၀၀ မှ ခရစ်နှစ် ၁၈၂၅ ခုနှစ်အတွင်း နစ်မြုပ်သွားခဲ့သော စပိန်သင်္ဘောများတွင် ရွှေချောင်းများ၊ ရွှေရုပ်တုများ၊ ငွေထည်ပစ္စည်းများ အလေးချိန်သန်းတစ်သောင်းသုံးထောင်ထရွိုင်(Troy)အောင်စရှိသည်ဟုဆိုသည်။ ထိုရွှေထည်၊ ငွေထည်များနှင့်အတူ တန်ဖိုးမဖြတ်နိုင်အောင်ထိုက်တန်သော ကျောက်သံပတ္တမြားအပါအဝင် ရတနာမျိုးစုံ၊ တန်ချိန်ထောင်ပေါင်းများစွာပါဝင်ခဲ့သည်ဟုသိရ၏။ ယနေ့ခေတ်တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသိန်းကုဋေရာကျော်ရှိပေလိမ့်မည်ဟု သုတေသီများ၊ ရတနာသိုက်ရှာဖွေသောသိုက်ဆရာများက ခန့်မှန်းထားခဲ့၏။

သင်္ဘောပျက်များမှ ရတနာများအကြောင်းအား အင်တာနက်မှတ်တမ်းများနှင့် ရတနာသိုက်ဆရာများ၏ လမ်းညွှန်မှတ်တမ်းများအရ ထုတ်နုတ်ဖော်ပြရမည်ဆိုလျှင် ခရစ်နှစ် ၁၅၄၄ပြည့်နှစ်ခန့်တွင် ထရီနီဒတ်ရွက်သင်္ဘောကြီးသည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားကမ်းလွန်ပင်လယ်ပြင်တွင် မက်ဆီကိုနိုင်ငံသားများက တိုက်ခိုက်သဖြင့် နစ်မြုပ်ခဲ့ရ၏။ ထိုသင်္ဘောကြီးပေါ်တွင် ဒေါ်လာသန်းပေါင်းများစွာတန်သော ရွှေချောင်းများ၊ ရွှေတုံးများ၊ ငွေထည်ပစ္စည်းများ ပါဝင်သည်ဟု သိရ၏။

ခရစ်နှစ် ၁၅၆၃ ခုနှစ်တွင် စပိန်ဘုရင်ပိုင် ကက်ပီတာနာရွက်သင်္ဘောသည် တောင်အမေရိကတိုက် အင်ကာလူမျိုးနွယ်များပိုင် ရွှေတုံး၊ ငွေတုံးများ၊ ရွှေစင်ရုပ်တုများ၊ ရွှေဖြင့်ပြုလုပ်ထားသောအိမ်အသုံးအဆောင်ပစ္စည်းများနှင့် အက်ဇတက်လူမျိုးနွယ်များပိုင် ရွှေတုံးများ၊ ငွေစင်ရုပ်တုများ တင်ဆောင်လာစဉ် ဘာမြူဒါကျွန်းစုအနီးတွင် လေပြင်းမုန်တိုင်းမိစဉ် ပျောက်ဆုံးသွားခဲ့၏။ ထိုသင်္ဘောပေါ်တွင် ယနေ့ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာတန်သော ပစ္စည်းများပါဝင်သည်ဟုသိရသော်လည်း ယနေ့ထိ ထိုပျောက်ဆုံးနေသည့်သင်္ဘောအား ရှာဖွေမတွေ့ဟု သိရ၏။ ရတနာသိုက်ရှာဖွေသူ သိုက်ဆရာများအား စိန်ခေါ်နေသောသင်္ဘောဖြစ်သည်ဟု သိရ၏။

၁၅၉၄ ခုနှစ်ကလည်း ပေါ်တူဂီဘုရင်ပိုင်ဖြစ်သော လား(စ်)ချင်ဂျက်ရွက်သင်္ဘောသည် ဒေါ်လာသန်းပေါင်းများစွာတန်သော ရွှေတုံးရွှေချောင်းများနှင့် အခြားအဖိုးတန်ပစ္စည်းများ သယ်ဆောင်လာစဉ် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ အာဇိုးရပ်(စ်)ကျွန်းစုအနီးတွင် ပျောက်ဆုံးသွားခဲ့၏။

ခရစ်နှစ် ၁၆၅၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် စပိန်ဘုရင် စတုတ္ထဖြောက်ဖိလစ်၏ရေတပ်မတော်မှ အကြီးမားဆုံးရွက်သင်္ဘောကြီးမာရာဗီလာသည် ခရီးသည် (၆၅၀)နှင့်အတူ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ဗဟားမားကျွန်းစုကမ်းလွန်ပင်လယ်ပြင်တွင် လေပြင်းမုန်တိုင်းမိ၍နစ်မြုပ်ခဲ့ရာ ထိုစဉ်က စပိန်နိုင်ငံသုံး ရွှေဒင်္ဂါးပြား (၅) သန်းကျော်နှင့် တန်ဖိုးမဖြတ်နိုင်သောရွှေထည်ငွေထည်အများပါဝင်ခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။(ထိုသင်္ဘောပျက်အား အမေရိကန်ပြည်ထောင်စုမှ သင်္ဘောပျက်ရတနာရှာဖွေသူသိုက်ဆရာအများသည် တစ်ဆယ့်နှစ်နှစ်တိုင်တိုင် စနစ်တကျစူးစမ်းလေ့လာ၍ ရှာဖွေခဲ့ကြရာ ၁၉၉၀ ပြည့်နှစ်တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ထိုသိုက်ရှာဖွေသူများအဖို့ ရတနာများ၊ ရွှေဒင်္ဂါးများ၊ ရွှေချောင်းများ၊ ရှေးဟောင်းပစ္စည်းများရှာဖွေတွေ့ရှိခဲ့ရာ သောက်သောက်လဲ အမြတ်အစွန်းရရှိခဲ့သည်ဟုသိရ၏။)

ထို့အတူ စပိန်နိုင်ငံ ပဉ္စမဖြောက်ဖိလစ်ဘုရင်၏ အလံတင်ရွက်သင်္ဘောအတိုချာ ဦးဆောင်သော သင်္ဘော(၂၈)စင်းသည် ကျူးဘားနိုင်ငံ ဟာဗားနားမြို့မှ စပိန်နိုင်ငံသို့ထွက်ခွာလာစဉ် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကမ်းလွန်ပင်လယ်ပြင်တွင် လေပြင်းမုန်တိုင်းမိခဲ့ရာမှ သင်္ဘောအားလုံး နစ်မြုပ်ခဲ့ရသည်။ထိုသင်္ဘောတပ်ဖွဲ့သည် တန်ဖိုးမဖြတ်နိုင်သော ရွှေချောင်း၊ ငွေချောင်းများ၊ ရွှေစင်ရုပ်တုများ၊ လက်ဝတ်ရတနာများပါ ဆုံးရှုံးခဲ့ရသည်။ ထိုသင်္ဘောပျက်များမှ ရတနာများမှာ နိုင်ငံတကာမှ ရတနာသိုက်ရှာဖွေသူများအား စိန်ခေါ်ခဲ့သည်။ သမိုင်းအဆက်ဆက် နိုင်ငံတကာမှ သင်္ဘောပျက်ရတနာရှာဖွေသည့်သိုက်ဆရာများ တစိုက်မတ်မတ်ရှာဖွေခဲ့ကြ၏။ ၁၉၆၀ ပြည့်နှစ်ခန့်ကပင် အမေရိကန်ပြည်ထောင်စုမှ မား(လ်)... ရှာ ခေါင်းဆောင်သော ရေအောက်ရတနာသိုက်ရှာဖွေရေးအဖွဲ့သည် ၁၉၇... ခုနှစ်တွင် အထက်ဖော်ပြပါ အတိုချာရွက်သင်္ဘောအား ရှာဖွေတွေ့ရှိသွားခဲ့သည်။ ထိုအဖွဲ့အဖို့ စိုစိုပြည်ပြည်အမြတ်အစွန်း ရခဲ့သည်ဟု သတင်းများကဖော်ပြခဲ့၏။

ထို့အတူ ၁၉၀၂ ခုနှစ်ခန့်က စပိန်နိုင်ငံ ဗိုင်ဂိုပင်လယ်အော်တွင် မရိယာကာရာသင်္ဘော အပါအဝင် သင်္ဘော(၁၇)စင်း နစ်မြုပ်သွားခဲ့ရာ ပါဝင်သွားသောပစ္စည်းများ၊ ရတနာများ၊ ရွှေ ငွေများတန်ဖိုးအမြင့်မားဆုံးဖြစ်သော်လည်း ယနေ့ထိ ထိုသင်္ဘောပျက်ရတနာသိုက်များကို ရှာဖွေတွေ့ရှိခြင်းမရှိသေးပေ။

ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သည့်အတိုင်း သမိုင်းအဆက်ဆက်လက်ဆစ်ချိုး၍ ရေတွက်မရနိုင်သောသင်္ဘောများသည် အကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်ခဲ့ကြရ၏။ နိုင်ငံတကာမှ ရတနာသိုက်ရှာဖွေသူများသည် ရတနာသိုက်ရှာဖွေရေးလုပ်ငန်းများကို တတ်နိုင်သလောက် ကြိုးစားရှာဖွေခဲ့ကြသည်။ သင်္ဘောပျက်များမှ ရတနာရှာဖွေရေး... လည်း နည်းလမ်းအမျိုးရှာဖွေခဲ့ကြသည်။ သို့သော် ယနေ့အထိ ထိုသင်္ဘောပျက်ရတနာသိုက်ရှာဖွေရေးလုပ်ငန်းမှာ အ... အတွက်အနည်းငယ်သာ ဆယ်ယူနိုင်ခဲ့သေးသည်။ ကျန်ရတနာသိုက်များမှာ... သိုက်ဆရာများအား စိန်ခေါ်လျက်... သေးသည်။

အမှန်အားဖြင့် ထိုသင်္ဘောပျက်များမှ ရတနာသိုက်ရှာဖွေရေးလုပ်ငန်းမှာ လွန်စွာ အခက်အခဲများ၍ ငွေလုံးငွေရင်းလည်းကြီးမားလှသည်။ ထိုရတနာသိုက်များ ရှာဖွေသူများအဖို့လည်း ကံ... ဉာဏ်စမ်းရသည့်သဘောလည်း ပါဝင်... သည်။သိုက်ဆရာများအဖို့ ကာလအချိန်တာ ကြာမြင့်စွာ စိတ်ရှည်ရှည်ထား၍ စိတ်ပင်ပန်း၊ လူပင်ပန်းခံကာ ကြိုးစားအားထုတ်ရသောလုပ်ငန်း ဖြစ်ပါသည်။

သာဓကအားဖြင့် နစ်မြုပ်နေသောသင်္ဘောပျက်ရတနာများ ရှာဖွေနိုင်... ပေ (၁၂၀) ခန့်ရှိသော ခေတ်မီရေငုပ်... သင်္ဘော (Beacon) ဘီကွန် လို... သည်။ ထိုသင်္ဘောတစ်စင်း၏ ... တန်ဖိုးသည်ပင် ဒေါ်လာသန်း...



www.burmeseclassic.com

www.burmeseclassic.com

# ဆန်းပြည့်ကွယ်အခါကြုံတဲ့ ဒီဝါခေါင်မှာ ပန်းစကြာစမစီမံရအောင်

သုဒ္ဓ(နဝင်းမြို့)

အဝေးမှ ဘဝရှေ့ရေးအတွက် မေးလာကြသည့် မိတ်ဆွေများအတွက် ဟောစာရေးနေခဲ့ပါသည်။ ဟောစာများ စာတိုက်ကြီးမှပို့ရန် စီမံလိုက်ပါသည်။ ကျွန်ုပ်၏နေအိမ်နှင့် စာတိုက်ကြီးသည် နှစ်ဖာလုံခန့်အဝေးတွင်ရှိမည်ဟုခန့်မှန်းရသည်။ ရာသီဥတုကောင်းလျှင် ခြေကျင်လျှောက်ပြီး စာသွားထည့်ဖြစ်ပါသည်။

ဒီနေ့မှာတော့ ကျွန်ုပ်ကိုယ်တိုင်သွားဖြစ်တော့ပါ။ သားတစ်ယောက်ကို စာပို့ခိုင်းလိုက်ပါသည်။ ၁၃၇၇ ခုနှစ်၊ အဲဒီဝါပြကွဒိန်၊ လဆန်းတစ်ရက်သည် တနင်္ဂနွေနေ့ဖြစ်ခြင်း၊ လပြည့်နေ့တွင် တနင်္ဂနွေနေ့ဖြစ်ခြင်း၊ လကွယ်ရက် (လတန်ရက်) မှာလည်း တနင်္ဂနွေနေ့ဖြစ်နေပါသည်။

ဆန်းပြည့်ကွယ်ဖြစ်နေသည့်လမှာလည်း ဝါခေါင်လဖြစ်နေပါသည်။ ကျွန်ုပ် လေ့လာခဲ့၊ တွေ့ကြုံခဲ့သည့် ဝိဇ္ဇာမရဂ္ဂိပညာနယ်ပယ်တွင် ယခုကြုံတွေ့နေရသောအင်္ဂါရပ်များနှင့်ပြည့်စုံသည့် ဝါခေါင်လတွင် အထူးစီမံ၍ အဓိဋ္ဌာန်ဝင်ကြပါသည်။

ဝါခေါင်လအတွင်းတွင် တချို့ဆရာများအနေဖြင့် စနေနေ့၊ အင်္ဂါနေ့များကြုံကြိုက်ခဲ့ပါလျှင်လည်း အစီအမံများပြုလုပ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းတို့ကို ပြုလုပ်တတ်ကြပါသည်။ ကျွန်ုပ်သိမီသလောက် ဝိဇ္ဇာမရဂ္ဂိရပညာနယ်တွင် လျှောက်လှမ်းနေကြသော (တစ်နည်း) မဟာဂန္ဓာရီလမ်းလျှောက်နေကြသည့် ဆရာများ၏ဝါဒ (အာစရိယဝါဒ)ကွဲပြားခြင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်တွေ့ကြုံဖူးသည့်ဝါခေါင်လတွင် ဆရာများအနေဖြင့် ထွဋ်ခေါင်ပွဲ (ဝါခေါင်ပွဲ) အဖြစ် ကန်တော့ပွဲတည်ခင်းကြပါသည်။ တချို့ဆရာများသည် ထွဋ်ခေါင်ပွဲကို ခေါင်(၅)ခေါင်ပွဲဟုတည်ခင်းကြပါသည်။

**ခေါင် (၅) ခေါင်ပွဲတည်လျှင်**

- ထွဋ်ခေါင်ဆရာတော်၊
- မူလမင်းခေါင်၊
- မင်းခေါင်ကြီး၊
- အင်းဝမင်းခေါင်၊
- တိမ်ကြားမင်းခေါင်၊
- အောင်မင်းခေါင်တို့ကိုလှူသည့်ပွဲ ဖြစ်ပါသည်။

---

တန်ပါသည်။ ထိုသိုက်ဆရာများအဖို့ အခြား လိုအပ်သော အဖွဲ့အစည်းများလည်း ဖွဲ့စည်းဆောင်ရွက်ကြရပါသည်။ သာဓကအားဖြင့် နစ်မြုပ်နေသော သင်္ဘောပျက်များနှင့် ပတ်သက်သည့် မှတ်တမ်းသမိုင်းရှာဖွေလေ့လာအဖွဲ့၊ ရေကြောင်းလမ်းပြအဖွဲ့၊ အင်ဂျင်နီယာအဖွဲ့၊ ရေငုပ်ဆယ်သူရေးအဖွဲ့၊ ကာကွယ်စောင့်ရှောက်အဖွဲ့၊ ရှေးဟောင်းသုတေသနအဖွဲ့၊ ဥပဒေပညာရှင်များအဖွဲ့၊ သင်္ဘောပျက်ရတနာသိုက်မှရရှိသည့်ပစ္စည်းများကို စနစ်တကျ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့သည်တို့ ဖွဲ့စည်းဆောင်ရွက်ကြရပါသည်။ ထိုအဖွဲ့များတွင် ပါဝင်သူများသည် မိမိတို့နှင့်သက်ဆိုင်ရာတာဝန်အားတာဝန်ယူနိုင်ရန် အမှန်တကယ် ကျွမ်းကျင်သောပညာရှင်များလည်းဖြစ်ကြရမည်ဖြစ်ပါသည်။

သင်္ဘောပျက်ရတနာရှာဖွေသောသိုက်ဆရာများအဖို့ ပထမဆုံးသောလုပ်ငန်းမှာ ၎င်းတို့ရှာဖွေမည့် သင်္ဘောပျက်၏သမိုင်းမှတ်တမ်းများ၊ စာအုပ်စာတမ်းများကို စနစ်တကျ ရေကြောင်းသမိုင်းမှတ်တိုက်များသို့ သွားရောက်ရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ သဲလွန်စရှာခြင်းများ ပြုလုပ်ကြရသည်။ ဤလုပ်ငန်းသည် ကျွန်တော်တို့မြန်မာနိုင်ငံမှ အစဉ်အလာကြည်ထားသော သိုက်ဆရာများနှင့် တူပေသည်။ ကျွန်တော်တို့သိုက်ဆရာများမှာလည်း သိုက်စာများကို ရေဆုံးရေဖျား ရှာဖွေလေ့လာကြရပါသည်။ ထို့ကြောင့်ပင် 'သိုက်စာဖတ်၍နားထောင်ပါ၊ ဥစ္စာရနိုးနိုး' ဟု စကားပုံရှိခဲ့၏။

အနောက်တိုင်း သင်္ဘောပျက်ရှာသိုက်ဆရာများအဖို့ မိမိတို့ရှာဖွေတွေ့ရှိထားသော သင်္ဘောပျက်နှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာ အထောက်အထားများအား အခြားပြိုင်ဘက်သိုက်ဆရာအဖွဲ့များ သိရှိခြင်းမရှိရအောင် ထိပ်တန်းလျှို့ဝှက်အဖြစ် ထိန်းသိမ်းထားကြရသည်။

မိမိတို့တွေ့ရှိထားသောမှတ်တမ်းမှတ်ရာများသည် သမိုင်းမှတ်တမ်းများနှင့် ကိုက်ညီခြင်းရှိ မရှိ စနစ်တကျ ချိန်ထိုးကြည့်ရန်လည်း လိုအပ်ပေသည်။ ဤကဲ့သို့ စနစ်တကျလေ့လာပြီးသည်နှင့် သင်္ဘောပျက်ရှာပုံတော်ဖွင့်ကြရသည်။ သင်္ဘောပျက်တည်နေရာ သိရသည်နှင့် ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ကြရသည်။ ဤသို့ ရတနာသိုက်တွေ့ရှိနေကြောင်းကို သတင်းမပေါက်ကြားအောင်လည်း လျှို့ဝှက်ထားကြရသည်။ သို့ဖြစ်၍ အထူးလက်နက်ကိုင်ကာကွယ်ရေးအဖွဲ့က အမြဲမပြတ် စောင့်ကြပ်ကြရ၏။ အဘယ်ကြောင့်ဆိုသော် ပင်လယ်ဓားပြတို့ ဝင်ရောက် စီးနင်းလုယက်မည်ကိုလည်း စိုးရိမ်ရ၏။

ဆယ်ယူရရှိသော ပစ္စည်းများကိုလည်း စနစ်တကျဆေးကြောသုတ်သင်ပြီး ထိုရတနာပစ္စည်းများကို သုတေသီများက သမိုင်းမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေး၍ တန်ဖိုးဖြတ်ကြရ၏။ ထိုတွေ့ရှိရသောပစ္စည်းများကို သက်ဆိုင်ရာအာဏာပိုင်များအားလည်း တင်ပြကြရသည်။ သက်ဆိုင်ရာအာဏာပိုင်များက သမိုင်းဝင် အထူးအရေးကြီးသော ပစ္စည်းများကိုမူ ရောင်းချခွင့်မပေးဟု သိရ၏။ မည်သို့ပင်ဖြစ်စေကာမူ အနောက်တိုင်းမှ သင်္ဘောပျက်ရတနာသိုက်ရှာဖွေသူများသည် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ကြပါသည်။ သာဓကအားဖြင့် အမေရိကန်ပြည်ထောင်စုမှ မား (Mar) ရတနာသိုက်ရှာဖွေရေးအဖွဲ့သည် ထူးထူးခြားခြား လူသိများခဲ့၏။ ထိုအဖွဲ့သည် ဘဟာမားကျွန်းစုအနီး ကမ်းလွန်ပင်လယ်ပြင်တွင် နစ်မြုပ်ခဲ့သော မာရာဗီ(လ်)သင်္ဘောပျက်အား ရှာဖွေတွေ့ရှိခဲ့ရာ ထိုသင်္ဘောပျက်မှ ခေတ်ကာလတန်ဖိုး ဒေါ်လာတစ်ဘီလျံခွဲတန်သော ရတနာပစ္စည်းများ တွေ့ရှိခဲ့သည်ဟု သိရှိရပါကြောင်း။

လျှမ်းထက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ယခု ထွင့်ခေါင်ပွဲသည် ထွင့်ခေါင်ဆရာတော်ကြီးကို အထွင့်တင်ထားပြီး ခေါင် (၃) ခေါင်ပွဲတည်ခင်းမည် ဖြစ်ပါသည်။ အာစရိယဝါဒများကွဲပြားသလို ထွင့်ခေါင်ဆရာတော်ကြီး အထွင့်တင်ပြီး ခေါင်(၅)ခေါင်နှင့် ခေါင်(၃)ခေါင်ပွဲဟု ကွဲပြားနေသည်ကို သိရပါသည်။

**ခေါင်သုံးခေါင်ပွဲတည်လျှင်**

- ထွင့်ခေါင်ဆရာတော်၊
- အင်းဝမင်းခေါင်၊
- ဓမ္မစေတီမင်းခေါင်၊
- အောင်မင်းခေါင်တို့ကို ကပ်လှူသည့်ပွဲ ဖြစ်ပါသည်။

**သစ်သီးကန်တော့ပွဲတည်ရာတွင်**

- အုန်းသီးတစ်လုံး
- ငှက်ပျော(၃)ဖီး (ဖီးကြမ်းငှက်ပျောအစိမ်း)
- အလင်းတိုင် (ဖယောင်းတိုင်)
- နံ့သာတိုင်(အမွှေးတိုင်)
- ပိတ်ဖြူ(၅)တောင်တစ်စ သို့မဟုတ် အညိုတစ်စ ပါဝင်ရပါမည်။

**တချို့မှာမူ ပွဲတည်ရာတွင်**

- ကွမ်းယာ (၉) ယာ၊
- ဆေးသားလိပ်(ဆေးပြင်းလိပ်)ထုပ်တို့ ထည့်ကြပါသည်။

ဝါခေါင်လဆန်း ၁ ရက်မှစတင်ပြီး လကုန်ရက်တိုင်အောင် ၂၉ ရက်(တစ်လလုံး) အဓိဋ္ဌာန်ကာလ သတ်မှတ်ရပြီး အဓိဋ္ဌာန်ရမည်ဖြစ်ပါသည်။ ကန်တော့ပွဲတည်ရာတွင် ပထမတစ်ပွဲတည်ခြင်း ဖြင့်ပင်ရပါသည်။ အဓိဋ္ဌာန်ဝင်ရောက်သည့် ယောဂီ၏သဒ္ဓါဆန္ဒအရ ပွဲမပြတ်တည်ထားပြီးလည်း လှူနိုင်ကြပါသည်။

အဓိဋ္ဌာန်ဝင်ရောက်သော ယောဂီများဖြစ်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မန္တန်တော်ကြီးများကို ရွတ်ပွားပူဇော်ကြရမည် ဖြစ်ပါသည်။ ဝါခေါင်လ မန္တန်ရွတ်ပွားပူဇော်ရမည့် ဂါထာတော်များကို အောက်တွင် ရေးသား ဖော်ပြထားလိုက်ပါသည်။

**အဓိဋ္ဌာန်ဝင်ရမည့် ဝါခေါင်လဂါထာတော်ကြီးများ**

**၁။ စိန္တာမဏိဂါထာတော်**


က။ စိန္တာမဏိ ရတနာနိ၊
ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
ခ။ စိန္တာမဏိ ရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။
ဂ။ စိန္တာမဏိ ရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပမေဝ သမိဇ္ဈတု။ ။
- စိန္တာမဏိဂါထာတော်ကို (၉) ခေါက် ရွတ်ပွားရပါမည်။

**၂။ သိရသ္မိဂါထာတော်ကြီး**

၁။ သိရသ္မိံ မေ ဗုဒ္ဓသေဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏေ။
ဝါမအံသေ မောဂ္ဂလ္လာနော၊
ပုရတော ပိဋကတ္တယံ။
၂။ ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခိဏာသဝါ။
သမန္တာ လောကပါလာ စ၊
ကုမ္ဘဏ္ဍာ ဒေဝါ သဗ္ဗဟာ။
၃။ ဇာတေသံ အာနုဘာဝန၊
သဗ္ဗေ ဘယဥပဒ္ဒဝါ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော ။ ။
- သိရသ္မိဂါထာတော်ကြီးကို (၉) ခေါက်ရွတ်ပွားရပါမည်။

**၃။ သဗ္ဗဇယမင်္ဂလာဂါထာတော်**

၁ ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမှာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပုရန္တု သက်ပ္ပာ။
- သဗ္ဗဇယမင်္ဂလာဂါထာတော်
(၉) ခေါက်ရွတ်ပွားရပါမည်။



ကြီးလေးကြီး ပန်းစကြာအဖိုစမ

ထွင့်ခေါင်အဓိဋ္ဌာန် (ဝါခေါ... အထူးအဓိဋ္ဌာန်) ကျင့်စဉ်ကို ဝင်မည် ... လျှင် ကြီးလေးကြီးပန်းစကြာစမ ... အမတို့ကို ကြိုတင်စီမံထားရမည် ... သည်။ ပန်းစကြာစမများကို ကိုယ် ... ကိုယ်ကျ မဆောင်ရွက်နိုင်ပါက ... ကူးဆိုင်များတွင် ကူးယူနိုင်ကြပါသ...


ချိတ်ဆွဲလိုသူများအနေဖြင့် ... စကြာအဖိုကို ယာဘက်ကထားပြီး ... စကြာစမအမကို ဝဲဘက်ကထား... မည်။ ခိုင်မာပြီး သန့်ရှင်းသော အ... ယမ်သံပေါင်နှင့်ထည့်၍ ချိတ်ဆွဲ... သင့်ပါသည်။

အဆောင်ထားမည်ဆိုပါ... အိတ်ဆောင်ကောင်းသည့်အရွ... ဏအနေဖြင့်ကူးယူပြီး ...



www.burmeseclassic.com

www.burmeseclassic.com



ကြီးလေးကြီး ပန်းစကြာအမဝ

ားပြီး ပလတ်စတစ်လောင်းရပါမည်။ တ်ထောင်တွင်ဖြစ်စေ၊ ပိုက်ဆံအိတ်၊ က်ပွေ့အိတ်တို့တွင် ကိုယ်နှင့်အမြ ားပြီး ဆောင်နိုင်ကြပါသည်။

### အဓိဋ္ဌာန်ကျင့်စဉ်အပြည့်အစုံ

**၁ ရက်ရွေးခြင်းနှင့်ကာလသတ်မှတ်ခြင်း**

- ဝါခေါင်လဆန်း ၁ ရက်၊ တနင်္ဂနွေမှ စတင်ရပါမည်။
- အဓိဋ္ဌာန်ကာလသည် ဝါခေါင်လ တစ်လလုံးဖြစ်သည်။

**၂ ဦးစွာပြုဖွယ်များ**

- ပန်းစမတို့ကို ဘုရားကျောင်းဆောင်ရှေ့တွင် ကြေးလင်ပန်း၊ ငွေလင်ပန်းတို့ဖြင့် တင်ထားရပါမည်။
- ရာသီပေါ်ပန်းတို့ကိုလည်း ပန်းမွှေ့ရာသဘော လင်ပန်းဖြင့် သီးသန့်လှူရပါမည်။

**၃ အဓိဋ္ဌာန်ကာလနေ့စဉ်ပြုဖွယ်များ**

က။ ဝိဇ္ဇာလေးပါး၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ဆရာတော်များကို ပင့်ဖိတ်ထားပါ။

ပါရမီဖြည့်ဖက်များနှင့်အမြဲလိုက်လံကူညီပေးနေကြသောပုဂ္ဂိုလ်များအားဖိတ်ထားပါ။

ခ။ ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူပါ။

ဂ။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ ဆုမွန်တောင်းခံခြင်း၊ မေတ္တာပို့သခြင်းတို့ ပြုလုပ်ပါ။

ဃ။ ဂါထာတော်များကို ရွတ်ပွားရန်ဖြစ်ပါသည်။

င။ နိစ္စမူဝအဓိဋ္ဌာန်များ ပြီးဆုံးသည်နှင့် သစ္စာပြုပြီးဆုမွန်တောင်းခံပါ။ နောက်ဝေနေယျအားလုံးတို့အား မေတ္တာထပ်မံပို့ပါ။ ဝေနေယျများစွာ သတ္တဝါတို့အားလုံးကို ကုသိုလ်အမျှပေးပါရန်။

စ။ မူလကပင့်ဖိတ်ထားခဲ့သော ပုဂ္ဂိုလ်အားလုံးတို့အား နေရပ်ဌာနသို့ပြန်ပို့ရန် ဖြစ်ပါသည်။

အဓိဋ္ဌာန်စတင်ဆောင်ရွက်သည့်နေ့မှစပြီး လပြည့်နေ့တိုင်အောင် ဆောင်ရွက် ပြီးမြောက်သွားသည်နှင့် ပန်းစကြာစမများကို ဆောင်ခြင်း၊ ချိတ်ဆွဲခြင်းများတို့ကို ပြုလုပ်နိုင်ကြပြီ ဖြစ်ပါသည်။

ယခုဆောင်ရွက်ရမည့် အဓိဋ္ဌာန်ကျင့်စဉ်သည် အဖျက်အဆီးအားကြီးလှပါသည်။ ဝိဇ္ဇာမရ ဂမ္ဘီရပညာသဘောတရားများအရ သိဒ္ဓိအထူးကို ရရှိစေနိုင်သော အဓိဋ္ဌာန်ကျင့်စဉ်များထဲမှတစ်ခုဖြစ်ပါသည်။လောကတွင် အလွယ်တကူနှင့်တော့ ဘယ်အရာမဆိုမရနိုင်။ မပိုင်ဆိုင်နိုင်ပါ။ တန်ဖိုးကြီးကိုရလိုပိုင်ဆိုင်လိုသူများအနေဖြင့်လည်း အဓိဋ္ဌာန်ကာလအတွင်းတွင် စိန်ခေါ်မှုများစွာတို့ကို အောင်မြင်စွာ ကျော်လွှားနိုင်ရမည် ဖြစ်ပါသည်။

ကျွန်ုပ် လေ့လာ ဆည်းပူးခဲ့သော နှစ်ပေါင်း (၄၀) ကျော်မှ သိခဲ့ရသည့် သညာသိများနှင့် ကိုယ်တိုင်ကိုယ်ကျ အဓိဋ္ဌာန်ကျင့်စဉ်များကို ဝင်ရောက်၍ တွေ့ခဲ့၊ သိခဲ့၊ ရခဲ့သော အသိများမှ ဝါသနာတူ စာချစ်သူမိတ်ဆွေများအနေဖြင့် လိုလိုလားလားဆောင်ရွက်ရန်၊ ဆန္ဒရှိသူတို့ ဆောင်ရွက်နိုင်ကြစေရန် ရည်သန်၍ ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ပညာလိုလားကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက် အထူးဆောင်ရွက်ရသည့် ကျင့်စဉ်များ၊ အဓိဋ္ဌာန်များတို့ကို အခွင့်အခါသင့်တိုင်း ရေးသား တင်ပြပါဦးမည်။

ထိန်းရသည့်သီလ၊ ယုံကြည်မှုအား၊ ဝီရိယအားတို့အပေါ် အကျိုးပေးကွဲပြားမှုရှိသည်မှအပ အထူးအကျိုးပေးမည် ဖြစ်ပါသည်။

လူမှုဘဝမြင့်လာနိုင်သည်၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတို့အပြင် သတင်းဂုဏ်ရှိန်မြင့်မားခြင်း၊ဩဇာတိက္ကမအားကြီးခြင်း စသည်တို့ အကျိုးပေးပုံကို ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်တွေ့ဖြစ်မည်ဟု တင်ပြလိုက်ရပါတော့သည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

**မှီငြမ်း -**

၁။ သီရိမင်္ဂလာ ပရိတ်တော်ဝတ်ရွတ်စဉ်

၂။ အင်းစမကျမ်းဟောင်းများ (လက်ရေးမူ)

၃။ ကိုယ်တိုင်လေ့လာတွေ့ရှိချက်များ

www.burmeseclassic.com

တောင်ပေါ်ဆောင်းက အသည်းခိုက်အောင်အေးလွန်းသည်။ ပိန်းပိတ်အောင် ထူထဲသိပ်သည်းစွာကျနေသောနှင်းတို့ကြောင့် ခပ်ဝေးဝေးကို လှမ်းမမြင်နိုင်ပါ။

မင်းခေါင် ဆိုင်ကယ်အရှိန်လျှော့လျက် သတိထားမောင်းခဲ့သည်။ ကွေ့ကောက်သောလမ်းတွေက သွားနေကျဖြစ်သော်လည်း မမြင်ရသောမြင်ကွင်းကြောင့် ရုတ်တရက် ဆိုင်ကယ် ဒါမှမဟုတ် ထော်လာဂျီတစ်စီးစီးများ ထိပ်တိုက်တွေ့လိုက်မလား စိုးရိမ်မိသည်။

မင်းခေါင် အမေ့စကားကို သတိရလာပြီး ဆေးဆိုင်ကပေးလိုက်သည့် ဆေးထုပ်ကို အိတ်ထဲလက်နှိုက်စမ်းကြည့်မိသည်။ ဒါ အမေ့အတွက် အရေးကြီးတဲ့ဆေးတွေပါ။ ဆောင်းရဲ့အအေးဒဏ်ခံရတိုင်း အသက်ရှူကျပ်သောအမေ့ရောဂါအတွက် ဒီဆေးတွေက အသက်ရှူကျပ်ခြင်းက သက်သာစေသည်။

တဖြည်းဖြည်း နေရောင်လာတော့မည်။ မှုန်မှိုင်းသောနှင်းတို့က စောစောကလို ထူထပ်မနေတော့ပါ။

"ဟာ၊ ဟာ - ဘယ်ဖြစ်တာတုံး၊ လမ်းလယ်ကောင်ရပ်နေလိုက်တာ"

မင်းခေါင်နှင့် မလှမ်းမကမ်းရပ်နေသောလူရိပ်ကြောင့် ဆိုင်ကယ်ကို လမ်းဘေးဆွဲကပ်ရပ်လိုက်မိ၏။ သူ့မျက်လုံးတောင် သူမယုံနိုင်ပါ။ ဂျင်းဝမ်းဆက်လေးနှင့် ကောင်မလေး။ သူ့ကို အကူအညီပေးဖို့ လက်အုပ်ချီထားတာကြည့်ပြီး ဘာလုပ်ရမှန်းမသိ။

"ကျွန်မကို ဆေးရုံပို့ပေးပါ အစ်ကို ... ကြီးရယ်။ ဆိုင်ကယ်မှောက်ထားလို့ပါ"

"ဆိုင်ကယ်ဘယ်ရောက်သွားပြီလဲ ... တစ်ယောက်တည်းလား"

"သူငယ်ချင်းမိန်းကလေးနဲ့ နှစ် ... ယောက်လာတာပါ။ ဆိုင်ကယ်နဲ့ သူ ... ချောက်ထဲကျသွားပါပြီ။ မိုးလင်းမှအကူ ... အညီတောင်းရမှာ။ ကျွန်မကိုတော့ ဆေး ... ရုံခေါ်သွားပါနော်။ ခေါင်းခိုက်မိထားလို့ ... ပါ"

မင်းခေါင် သူပြောမှ နဖူးမှာသွေး ... တွေသတိထားမိသည်။ မျက်နှာအနေ ... အထားက ပွန်းပဲ့သွားသည်ဆိုရုံလေး ... စိတ်ထဲက ကြောက်နေပေမယ့် ခုလို ...

(ကလော)

# ခင်မမလင်း

## လွှတ်လမ်းမမြင်





www.burmeseclassic.com

www.burmeseclassic.com

မနက်စောစောတောင်ပေါ်က ဆင်းလာသည့်ဆိုင်ကယ်က အတော်ရှားသည်။ ကိုယ်မကူညီလို့ တစ်စုံတစ်ခုဖြစ်သွားခဲ့လျှင် သူတစ်သက်လုံး စိတ်မကောင်းဖြစ်သွားရမည်။

ငယ်ရွယ်တဲ့ကောင်မလေး သူလည်း အသက်ရှင်ဖို့အတွက် မကြောက်မရွံ့ လမ်းမပေါ်တက် ကြုံရာတားခဲ့တာ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်ရာဖြစ် မင်းခေါင် သူ့ဆိုင်ကယ်နောက်ကလိုက်ဖို့ခွင့်ပေးလိုက်ရသည်။

"မင်းကို ဘယ်လိုက်ပို့ပေးရမှာလဲပြော။ ငါ့မှာလည်း အရေးကြီးတဲ့ကိစ္စရှိသေးတယ်။ မိုးမလင်းသေးတော့ မင်းတစ်ယောက်တည်းထားခဲ့ရမှာလည်း အန္တရာယ်များတယ်"

"ဒါဆိုလည်း အစ်ကို့အိမ် အရင်ဝင်လိုက်ပါ။ ကျွန်မကို နောက်မှ ဆေးရုံပို့ပေါ့။ ခေါင်းကနာနေတာကလွဲရင် တခြားကြီးမားတဲ့ဒဏ်ရာမရှိပါဘူး"

ဒီလောက်တော့ မင်းခေါင်အပန်းမကြီးပါ။ ဆိုင်ကယ်ကို သတိထားပြီး မနှေးမမြန်မောင်းရင်း မြို့ကိုဝင်တော့မည်။ မနက်ခင်းစောစီးစွာမြို့ထဲဝင်လာသည့် အမဲ၊ ဝက်ကားများက သူတို့ဖြတ်မောင်းသွားကြစဉ် တစက်စက်ကျကျန်ခဲ့သောသွေးတွေကိုကြည့်ပြီး မင်းခေါင်ကြက်သီးထသွားမိသည်။

"အစ်ကို၊ မရောက်သေးဘူးလား။ မြန်မြန်လေးမောင်းပါလားရှင်"

"မင်းဒဏ်ရာကိုငဲ့နေလို့ပါကွာ၊မြန်ချင်ရင် သေချာကိုင်ထားတော့"

စက်ရှိန်မြှင့်လိုက်ပြီး လမ်းရှင်းသော မြို့ပြင်လမ်းမကြီးက ပတ်မောင်းပြီး အိမ်ရှိရာဦးတည်ခဲ့လိုက်သည်။ အမေက အမောဖောက်ပြီး အသက်ရှူကျပ်နေတာ ဒီဆေးသောက်မှ သက်သာမှာဖြစ်လို့ အိမ်မြန်မြန်ပြန်ရောက်ချင်သည်။

"အိမ်ထဲခဏဝင်ပါ။ အမေ့ကိုဆေးတိုက်ပြီးဆေးရုံလိုက်ပို့မယ်"

"နေပါစေတော့၊ ကျွန်မသွားတတ်ပါပြီ။ အစ်ကို အိမ်ထဲဝင်ပါ၊ အမေမျှော်နေလိမ့်မယ်"

မင်းခေါင် စိတ်မချပေမယ့် ခေါင်းညိတ်ပြပြီး လှေကားမှပြေးတက်ခဲ့သည်။ အိမ်ထဲမှာ အဘွားကြီးနှစ်ယောက်နှင့် နှာစ်မလေးက သူ့ကိုမြင်ပေမယ့် ဝမ်းသာအားရမရှိဘဲ ကြောင်ကြည့်နေကြသည်။

"ဆေးပါလာပြီ ဘွားစော၊ အမေဘယ်လိုနေသေးလဲ"

"မင်းခေါင်ရေ၊ စိတ်မကောင်းတော့မဖြစ်နဲ့။မင်းအမေနေ့မကူးလောက်ဘူး"

"ဗျာ"

မင်းခေါင် အံတင်းထားလျက် မျက်ရည်ကျလာသည်။

"အမေရယ်၊ မသွားသေးပါနဲ့ဦး။ သားတစ်ယောက်တည်း ကျန်ခဲ့ရမှာကြောက်တယ်"

ဟု နှုတ်မှလည်း မပြတ်ပြောနေမိသည်။

ထိုအခိုက် အိမ်ရှေ့ကခွေးဟောင်သံကြားရပြီး တံခါးဝမှာရပ်နေတာကြည့်လိုက်တော့ မင်းခေါင်ဆိုင်ကယ်နှင့်ကယ်လာသည့်မိန်းကလေးပါ။

"ကျွန်မ. . . ကျွန်မ. . ရှေ့ဆက်မသွားနိုင်တော့လို့ အိမ်ရှေ့မှာရပ်နေတာပါ။ ကျွန်မ မသေချင်သေးဘူး ကယ်ပါဦး အစ်ကို"

အမေ့အတွက် ပူပင်သောကတွေနှင့် ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေပေမယ့် သနားစရာတောင်းပန်နေသည့် မိန်းကလေးကိုလည်း ဥပေက္ခာမပြုရက် အိမ်ထဲရောက်အောင် ဆွဲခေါ်လာသည့် မင်းခေါင်ကို အံ့ဩထိတ်လန့်တကြားတားဆီးကြသည်။

"ဟဲ့ ဟဲ့ - ခေါင်းကဒဏ်ရာကြီးနဲ့ ဆေးရုံပို့လိုက်လေ ဆေးရုံ"

❑

အမေ့ကို ဖုန်းဆက်ခေါ်ပြီး အမေ့နောက်ဆုံးခရီးကို စောင့်ကြည့်ပေးပါဟု တောင်းဆိုခဲ့သည်။ ဘယ်လောက်ပဲသဘောထားကွဲလွဲပြီး တစ်မြို့တစ်နယ်ခွဲနေပါစေ သေခါနီးချိန်မှာတော့ တွေ့ချင်မှာပဲဟု မင်းခေါင်တွေးမိသည်။

ဦးလှခေါင် အိမ်ထဲဝင်ဝင်ချင်း ဟိုဘက်အိပ်ရာ၊ဒီဘက်အိပ်ရာနှစ်ခုထားပြီး မျက်နှာမကောင်းစွာလှမ်းကြည့်နေသည့်သားကို ပခုံးဖက်ပြီး -

"ဘာတွေဖြစ်နေတာလဲ မင်းခေါင်"

ဟု ကျိတ်မေးဖြစ်သည်။

"ဒီဘက်က မနက်အစောကြီး အမေ့အတွက် ဆေးသွားဝယ်ရင်း ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် ဒဏ်ရာရလို့ ကယ်လာတာပါ။ ဆေးရုံပို့ရမယ်ဆိုတာ သိပေမယ့် အမေ့အနားက ထွက်မသွားချင်သေးလို့ ဆရာမလေးက ဆေးထိုးပေးထားတယ်"

အဖေက ခေါင်းညိတ်ပြရင်း အမေ့လက်တွေ စမ်းကြည့်ပြီး တစ်ဖက်အိပ်ရာပေါ်က မိန်းကလေးလက်ကို စမ်းကြည့်လိုက်သည်။

"ဟ - အသက်ကောရှူသေးရဲ့လား။ အေးစက်နေတာအရှမ်းပါလား။ အပြင်မှာ အေးလို့များလား။ မီးသွေးဖိုလေး ခပ်ဝေးဝေးမှာ ထားပေးလိုက်ပါကွာ"

အဖေ့အသံကြောင့် အမေ့မျက်လုံးတွေဖွင့်လာသည်။ မင်းခေါင် ဝမ်းသာအားရမျက်နှာငုံ့ကြည့်ရင်း အမေ၊ အမေဟု တိုးတိုးခေါ်လိုက်စဉ် မျက်လုံးတွေပြန်မှိတ်ပစ်တော့သည်။

ထိုအခိုက် တစ်ဖက်အိပ်ရာပေါ်က မိန်းကလေးခန္ဓာကိုယ်လှုပ်ယမ်းလာကာ လက်သီးလက်မောင်းတမ်းအော် ဟစ်နေတော့သည်။ အမေ့ကိုစောင့်နေသည့်လူနာစောင့်တွေထိတ်လန့်တကြားဖြစ်ကာ တစ်ယောက်တစ်ဖက် ဖမ်းဆွဲထားကြသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်ကုန်တာလဲ"

"ကျွန်မ မသွားဘူး၊ မသွားချင်သေးဘူး။ လိုက်မလာကြသေးနဲ့။ ဖယ် . . . . ဖယ်ကြ။ ကယ်ကြပါဦးရှင် ကျွန်မကို သေကြောင်းကြံနေကြတယ်"

စူးစူးဝါးဝါး အော်လည်းအော် ရုန်းလည်းရုန်းကန်လျက် မျက်လုံးတွေနီရဲလာသည်။ သူမကို ဆုပ်ကိုင်ထားသော တခြားလူလက်တွေပါ အေးစက်လာတော့သည်။ ရုန်းရင်းဆုပ်ကိုင်ထားရင်း တစ်ယောက်တစ်ပေါက်ပြောဆိုရင်းက မိန်းကလေးက တဖြည်းဖြည်းငြိမ်သက်သွားတော့သည်။

"ဟ - လုပ်ပါဦး အသက်ကော ... သေးလား သားရေ။ မင်းလုပ်တာနဲ့ ... တို့ပါ အမှုပတ်တော့မယ်။ ဦးဘတူးအိမ် ... က ကားရအောင်ငှားပြီး ဆေးရုံပို့လိုက် ... ပါကွာ။ ဒါမှမဟုတ် ဆရာမလေး ... ဒေါ်သုံးခေါ်သွားခိုင်းမှ ဖြစ်မယ်"

"မင်းကွာ၊ ဒီလိုနဲ့ အိမ်ထဲမှာ ... လောင်းပြိုင်တော့မယ်။ ကဲ၊ ကဲ - အ... ကားသွားငှားပြီး ကိုယ်တိုင်ပဲလိုက်ပို့... လိုက်တော့မယ်"

မင်းခေါင်ကတော့ ခုချိန်မှာ အ... ဘေးမှာနေပြီး မျက်တောင်မခတ်စေ... ကြည့်ဖို့ကလွဲ၍ တခြားဘာမှစိတ်မ... စားတော့ပါ။ စောစောက မိန်းက... အတွက် ဆေးရုံထိလိုက်မပို့နိုင်တာ... လွဲပြီး သေချာဂရုစိုက်ပေးခဲ့ပြီးပြီ။

သူခေါ်လာသည့် မိန်းက... အပေါ်ယံဒဏ်ရာနှင့် ခဏမေ့နေတာ... ဖြစ်ပါစေ ဆုတောင်းပေးလျက် အ... အိပ်ရာဘေးမှာ တုတ်တုတ်မှမလှုပ်... ညလုံးပေါက် ငုတ်တုတ်ထိုင်နေမိ... သည်။

❑

နေ့မကူးဘူးဟုပြောထားပေ... မနက်လင်းအထိ အမေအသက်ကို... ညင်း စွာ ရှူနေဆဲပါ။ ဆေးရုံ...

www.burmeseclassic.com

သွားပို့သူတွေ တော်တော်နှင့်ရောက်လာကြတာ ပြဿနာမဖြစ်အောင် ဖြေရှင်းနေရတာလည်း ဖြစ်နိုင်သည်။

မနက်ငါးနာရီထိုးခါနီး အမေ့အသက်ရှူသံပြင်းလာပြီး မျက်လုံးဖွင့်ကာ လူတွေလိုက်ကြည့်နေသည်။ အဖေ့ကို ရှာနေတာများလား။ သိပ်မကြာခင် အမေ အသက်မျှင်မျှင်ရှူနေရာမှ ငြိမ်သွားတော့သည်။

"အမေ၊ အမေ သားတစ်ယောက်တည်းမထားခဲ့ရက်ဘူးဆို။ မသွားသေးပါနဲ့ အမေရယ်။ သားတစ်ယောက်တည်း မနေခဲ့ချင်ဘူး"

မင်းခေါင် မရှက်မကြောက် အသံကုန်အော်ငိုပစ်သည်။

ထိုအခိုက် ဦးလှခေါင် ဆိုင်ကယ်ပေါ်က ခုန်ဆင်းပြီး အိမ်ထဲပြေးဝင်လာသည်။

"မရွှေခိုင်၊ မရွှေခိုင်"

လှပ်ခါလိုက်သော ဦးလှခေါင်ကြောင့် စောစောက အသက်ရှူရပ်သွားသောအမေ ပြန်အသက်ရှူလာတာမြင်ပြီး မင်းခေါင်ဝမ်းသာသွားတော့သည်။

"သားရယ်၊ မနက်အစောကြီးမငိုပါနဲ့တော့ကွာ။ မင်းအမေအသက်ရှူနေသေးတယ်။ သူ့အတွက် လိုအပ်တဲ့ဆေးတွေလည်းရပြီပဲ။ ပြန်နေကောင်းမှာပါ။ ဘယ်သူက နေ့မကူးဘူးပြောတာလဲ။ ဒီလောက်ရောဂါလေးနဲ့ သေရောလား"

မင်းခေါင် အပါအဝင် လူနာလာစောင့်ပေးသော အိမ်နီးချင်းတွေ ဝမ်းသာသွားကြသည်။ မနက် ခုနစ်နာရီလောက်မှာတော့ အမေ့မျက်လုံးတွေ ကြည်လင်လာသလို ထထိုင်ပြီး မနက်စာစားခုခုလုပ်ပေးပါဟု တောင်းတော့သည်။

ဦးလှခေါင်လည်း ဝမ်းသာအားရ ဈေးထဲဝင် ချက်ပြုတ်ရင်း ထမင်းစားပွဲပြင်ပေးရှာသည်။ ငါးဟင်းရည်ပူပူနှင့် အမေကြိုက်တတ်သော ဟင်းတွေ မနေ့ညကတော့ အမေသေလျှင် ဘယ်လိုနေခဲ့ရပါ့မလဲ စဉ်းစားတိုင်းရင်းနေရသော မင်းခေါင် ဒီနေ့မှာမျက်နှာက တည်တည်ငြိမ်ငြိမ်နှင့် ပေးသည့်ထမင်းဝိုင်းကို အားပါးတရစားတာကြည့်ပြီး အတော်ဝမ်းသာနေသည်။

"ကျေးဇူးတင်ပါတယ်ရှင်၊ အရမ်းစားကောင်းတာပါ"

ဟူသောစကားကြောင့် သားအဖနှစ်ယောက်ပြုံးဖြစ်သည်။

အမေဘာတွေပြောမှန်းမသိ။သားနှင့် ယောက်ျားကို ကျေးဇူးတင်ပါတယ် ရှင့်တဲ့။ ဘာပဲပြောပြောပုံမှန်စားသောက်ပြီးထထိုင်တာကြောင့် မင်းခေါင်တို့သားအဖပျော်သွားမိသည်။

အဖေ ဝမ်းသာအားရ အမေ့လက်တွဲဆုပ်ကိုင်ရင်း-

"မရွှေခိုင်၊ နေကောင်းသွားပြီပေါ့။ ဝမ်းသာလိုက်တာကွာ။ မင်းသားဘယ်လောက်စိုးရိမ်နေရှာလဲ။ တိတ်တိတ်လေးငိုနေတာ"

"ရှင်ကကော မိန်းမသေရင် မငိုဘူးလား"

"ဟော့ - ရန်တွေ့တတ်ပြီပေါ့"

အမေ ဘယ်တုံးကမှ အဖေ့ကို ခွန်းတုံ့မပြန်။ အဖေပြောသမျှ ခေါင်းညိတ်နားထောင်တတ်ပြီး အေးဆေးစွာနေတတ်သူဖြစ်၏။ အဖေ့အလုပ်က မိန်းမ အိမ်အလည်လိုက်လာသည့်နေ့ လင်မယားနှစ်ယောက် စကားများကြတာ တိုးတိုးကျိတ်ကျိတ်မဟုတ်ဘဲ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် အိမ်နီးချင်းတွေဝင်ဆွဲရသည်အထိပါပဲ။

အဖေကလည်း သူမှန်သည်၊ လူမှုရေးနားမလည်တဲ့မိန်းမ။ အမေကလည်း သူမှန်သည်၊ ဒီလို သက်တူရွယ်တူကို အလည်ခေါ်ပြီး မိန်းမထမင်းပွဲပြင်ခိုင်းတဲ့ယောကျ်ား။ တစ်ယောက်တစ်မျိုး ငြင်းခုံပြီး ရန်ဖြစ်ကြတာ တရားဝင်မဟုတ်ဘဲ ကွဲနေသည့်လင်မယားတွေပါ။

အဖေ့ကိုစကားပြောသော အမေ့အသံက နာကြည်းသံမဟုတ်တော့ဘဲ မင်းခေါင်တို့သားအဖကို တမေ့တမေ ငေးကြည့်တတ်သည်။ ညနေစောင်းမှောင်တာနှင့် မီးဖိုထဲကိုယ်တိုင်ဆင်းပြီး စားသောက်ပေမယ့် မနက်လင်းတာနှင့် ညည်းညူလာတတ်သည်။

"ခေါင်းနာလိုက်တာ၊ ရင်ဘတ်တွေလည်းအောင့်တယ်၊ နံရိုးတွေလည်း အက်သွားပြီထင်တာပဲ"

"အမေ၊ အမေ ဘာတွေပြောနေတာလဲ၊ သတိထားပါဦးဗျ"

အမေ့လက်တွေဆုပ်ကိုင်ထားပေးတော့ အေးစက်နေတာ သတိထားမိသည်။ အခန်းထဲက မီးသွေးဖိုကိုမီးထည့်ဖြည့်ဖို့ပြင်နေစဉ် -

"ပူလွန်းလို့ မီးမထည့်ပါနဲ့တော့ မင်းခေါင်ရယ်"

ဟု တားတာကြောင့် မီးထပ်မထည့်ဖြစ်ပါ။

"အလုပ်မသွားတော့ဘူးလား။ တစ်ယောက်တည်းနေခဲ့လို့ဖြစ်ပါပြီ"

"စိတ်မချလို့ပါ အမေရယ်။ ကျွန်တော် မက်မန်းသီးအိုးတွေဒီနေ့ဖောက်ရတော့မယ်။ ဝယ်သူနဲ့ချိန်းထားတယ်"

"ဒီလိုဆို သွား၊ သွား။ အပြန်ကျ ဟင်းလေးဘာလေးဝယ်ခဲ့"

"ဘာစားချင်လဲ မှာလိုက်လေ။ အမေမှာတာဝယ်ခဲ့မယ်"

"ဟဲ့-ငါစားချင်တာမသိလို့မေးနေတာလား။ ငါဘာစားတတ်လို့လဲ"

"အမေက ဝက်သားပဲကြိုက်တာ"

"အေးလေ၊ ဝက်သားများများသာ ဝယ်ခဲ့။ နေ့တိုင်းစားလို့ရအောင်"

အမေနေကောင်းပျောက်သွားပြီးနောက် အရင်က သူနှင့်သိပ်မတည့်လို့ ကြိုက်ပါလျက် များများမစားသည့်ဝက်သားဟင်းကို ခဏခဏချက်ခိုင်းသည်။ တစ်ခါတစ်ရံ ကြက်တစ်ကောင်လောက်ဝယ်ခဲ့ပါ။ စွပ်ပြုတ်လုပ်သောက်ချင်တယ်ဆိုတာကြောင့် ရပ်ကွက်ထဲ အချိန်မရွေး အခါမရွေးလည်း ရအောင်ဝယ်ပြီး ခုတ်ထစ်လုပ်ကိုင်ပေးရသည်။

"ဟဲ့-နင့်အမေနေကောင်းကောင်းရဲ့လား။ တံခါးတွေဖွင့်တယ်မရှိဘူး။ သွားလာနိုင်ရင် အညောင်းအညာပြေ ဒီဘက်လျှောက်ခဲ့ဦးလို့ပြောလိုက်ကွယ့်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဒေါ်စိန်တို့လူစုနှင့် ဈေးသွားလမ်းမှာတွေ့လာလို့ လမ်းလျှောက်ထွက်မလားမေးလိုက်တာနှင့် 'ခေါင်းတွေမူး၊ ကျောတွေအောင့်လို့ အိပ်ရာထဲအိပ်နေတာ သက်သာလိုပါ။ ဘယ်မှမသွားချင်ဘူး' ဟု ခါးခါးသီးသီးငြင်းတော့သည်။

မင်းခေါင် အမေနေကောင်းရင်ပြီးရော။ အိပ်ပဲနေနေ၊ ထိုင်ပဲနေနေကျေနပ်သည်။ အလုပ်က ပြန်လာတိုင်း အခန်းထဲက လှမ်းနှုတ်ဆက်တဲ့ 'မင်းခေါင် ပြန်လာပြီးလား။ ဘာစားစရာဝယ်လာလဲ' မေးတတ်လာသည့် အမေ့အကြိုက် စားစရာလေးတွေ ဝယ်ပန်းတသာဝယ်လာရတာပျော်မိသည်။

အိမ်ရောက်သည်နှင့်ပါလာသည့် ဟင်းချက်စရာတွေ ခုတ်ထစ်ဆေးကြောပြီး ချက်ပြုတ်နေချိန် မင်းခေါင်ကို လိုက်ကြည့်နေသည့် အမေ့မျက်လုံးတွေက တစ်မျိုးဆန်နေသလိုထင်ရ၏။ အရင်ကဆို အမေနေမကောင်းတိုင်း မင်းခေါင်ဆံပင်ဖွေးတွေကို ကလေးတစ်ယောက်လို သပ်တင်ပေးရင်း 'အမေ အသက်ရှည်ရှည်နေမှဖြစ်မယ်၊ သားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်းမထားခဲ့ရက်ဘူး' ဟု ပြောတတ်သူပါ။

ခုတော့ မင်းခေါင်စကားပြောတာတောင် သူ့ကို သေချာစိုက်ကြည့်နေတာကလွဲပြီး ပြန်ပြောချင်မှပြောတော့သည်။ နောက်တစ်ခါ ဆရာတော်နှင့်တွေ့လျှင် လျှောက်မေးမှဖြစ်တော့မည်။

❑

"အား-လုပ်ကြပါဦး၊ နာလိုက်တာ။ ခေါင်းတွေလည်းကိုက်တယ် အမေ။ အမေ သမီးကို ကယ်ပါ"

စူးစူးဝါးဝါးထွက်လာသောအသံကြောင့် မင်းခေါင်· လန့်နိုးသွားသည်။ သို့သော် ရုတ်တရက် အိပ်ခန်းထဲ ပြေးမဝင်ရဲသေး။ ဒီအသံက အမေ့အော်သံမဟုတ်။ တခြားအမျိုးသမီးအသံပါ။

"အမေ၊ အမေ ဘာတွေဖြစ်နေတာလဲ။ သားဝင်ခဲ့မယ်နော် ဝင်ခဲ့မယ်"

"ဟင် - နေဦး၊ ခဏနေမှဝင်။ ရေတစ်ခွက်လောက်ခပ်ခဲ့ပါဦး"

မင်းခေါင် မီးဖိုလေးရှိရာ ပြေးဆင်းရင်း ရေတစ်ခွက်ခပ်ကာ အမေ့အခန်းထဲဝင်ခဲ့သည်။ ဘယ်အချိန်ကပြတင်းတံခါးပေါက်ဖွင့်ထားသည်မသိ။ လရောင်က· အခန်းလေးထဲ မြင်သာရုံလေးဝင်နေသည်။

လရောင်အောက်မှာ အမေ့မျက်နှာသနပ်ခါးတွေ လိမ်းထားသလို ဆံပင်ကိုလည်း ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ထားသည်။ ဒီလိုပြင်ဆင်မှုမျိုး မင်းခေါင်တစ်ခါမှ မမြင်ဘူးသောကြောင့် အံ့ဩသွားသလို သူဆုပ်ကိုင်လိုက်သောအမေ့လက်တွေက အေးတစ်လှည့်၊ နွေးတစ်လှည့်ဖြစ်နေသည်။

"အမေ၊အမေနေကောင်းရဲ့လား။ ဘာတွေအော်နေတာလဲ၊ လန့်လိုက်တာဗျာ"

"မင်းခေါင်ငါထမင်းစားချင်တယ်"

"ဟင်-နှစ်နာရီလောက်ပဲရှိသေးတယ်။ ဘာဟင်းမှမရှိဘူး အမေ"

"ထမင်းဖြူကို ပုစွန်ခြောက်တွေနဲ့နယ်လာခဲ့။ ဆာလှပြီ သွား၊ သွား"

နောက်တစ်ခေါက် မီးဖိုထဲပြန်ဝင်ခဲ့ပြီး မနက်အတွက် ပိုချက်ထားသည့်ထမင်းတွေကို အဖေယူလာသည့် ပုစွန်ခြောက်တွေနှင့်နယ်ကာပြန်တက်ခဲ့သည်။ နေကောင်းပျောက်ပြီးကတည်းက အမေဘာစားစရာရှိလဲ မကြာခဏမေးတတ်တာကြောင့် ကြောင်အိမ်ထဲ စားစရာမပြတ်ထည့်ထားရသည်။



"ပြန်အိပ်တော့လေ"

"အမေ့အိပ်ရာဘေး စောင့်အိပ်ပေးရမလား။ လိုချင်တာဆင်းယူရလွယ်တာပေါ့"

"ဟဲ့-မဟုတ်တာ။ ငါ့ဘေးလာအိပ်လို့ ဖြစ်မလား သွား သွား။ အပြင်မှာနေလိုရင်ခေါ် လိုက်မယ်"

"အမေ သားကို မချစ်တော့ဘူး။ စကားပြောလည်း နင်၊ ငါတွေသုံးပြီး မင်းခေါင် မင်းခေါင်ခေါ် နေတာ ကြားရတာ စိတ်မချမ်းသာဘူး။ ဒီည အမေ့အိပ်ရာဘေး မဖြစ်မနေအိပ်မှာပဲ"

"မင်းခေါင်၊ ငါစိတ်ဆိုးအောင် မလုပ်နဲ့နော်။ နင့်တစ်ယောက်တည်းထားခဲ့ပြီးထွက်သွားလိုက်ရမလား"

"ဗျာ-အမေဘာတွေပြောနေတာလဲ။ ဘယ်ထွက်သွားမှာလဲဗျ။ အဖေ့နောက်လိုက်မယ်ဆိုရင်လည်း လာခေါ်နိုင်းမယ်"

"ဟဲ့ - နင့်အဖေနောက်ဘာကိစ္စလိုက်ရမှာလဲ။ သွားစမ်းပါဟယ်၊ ထွက် ထွက်"

❑

နောက်နေ့မနက်တိုင်း မင်းခေါင်အိပ်ရာထဲကမထခင် အမေ့အခန်းကသနပ်ခါးသွေးသံကြားရသည်။ ဆံပင်ကိုလည်းသေချာဖြီး၊ ကျစ်ဆံမြီးတစ်ချောင်းကို သေသပ်စွာကျစ်ပြီး ဖဲပြားတောင်စည်းထားသေးသည်။

အမေနေမကောင်းဖြစ်ပြီးမှ ပြန်နာလန်ထလာတာ သူငယ်ပြန်သွားပြီလား။ လေးဆယ်စွန်းရုံသာရှိပေမယ့် မင်းခေါင်အရွယ်ရောက်လာလို့ သနပ်ခါးမလိမ်း၊ ပန်းမပန်ဘဲ ဆံထုံးမြင့်မြင့်သာထုံးထားတတ်တဲ့အမေ။ ခုတော့ ပါတိတ်ဝမ်းဆက်တွေ သေတ္တာထဲလှန်

လှောဝတ်သည်။

"ညနေ အလုပ်ပြန်ရင် နှုတ်ခမ်းနီတစ်ဘူးလောက်ဝယ်ခဲ့စမ်းပါ မင်းခေါင်။ ငါ့နှုတ်ခမ်းတွေခြောက်ကပ်နေပြီး နှုတ်ခမ်းနီဆိုးမှဖြစ်လိမ့်မယ်"

ဟု မှာတော့သည်။

ညနေ အလုပ်ကအပြန် မြပန်း[illegible] စတိုးထဲ နှုတ်ခမ်းနီဘူးဝင်ဝယ်ရင်း [illegible] မွှေးပုလင်းပုံ ရှာဝယ်ရသည်။ သူသုံး[illegible] နှင်းဆီနံ့ပြင်းပြင်းပါတဲ့ ရေမွှေးတဲ့။တံဆိ[illegible] ပြောရင် ရှာရခက်မှာဖြစ်၍ အနံ့သာ[illegible] ပြောလိုက်ခြင်းပါ။

အမေမှာတာရွေးရင်း စိတ်ထဲ[illegible] လေးပင်သလို ခံစားရမိသည်။ အမေအ[illegible] ထဲကအိမ်ပြင်မထွက်ဘဲ ဘာတွေပြော[illegible] လဲကုန်တာလဲ။ ဟိုတုန်းက သူ့အိမ်[illegible] ရောက် ရေချိုး၊ အမေပြင်ပေးသ[illegible] ထမင်းပွဲမှာထိုင်၊ သားအမိတွေရော[illegible] တတ်ရာရာပြောတတ်ပေမယ့် အခု[illegible] မင်းခေါင်ကိုယ်တိုင် ချက်ပြုတ်ခူးခတ်[illegible] မှ အခန်းထဲသွားပို့ရသည်။

"ငါတစ်ယောက်တည်းစားမ[illegible] နင်ပြီးမှစား"

ဟု ဆိုကာ နှင်လွှတ်တတ်လို့ [illegible] ခွက်ပန်းကန်တွေဆေးကြောရင်း [illegible] ယောက်တည်းစားရတာ နေ့တိုင်းပါ[illegible] သားအမိနှစ်ယောက် တစ်အိမ်တ[illegible] နေရင်းဝေးနေရာ စိတ်ထဲမကောင်းဖြ[illegible] သည်။

အမေ့ရဲ့ပြောင်းလဲမှုတွေ [illegible] ထိပ်က ဒေါ်မော်စီကို ပြောပြဖြစ်သ[illegible]

"အမေ နေကောင်းလို့ စား[illegible] တာတော့ ဝမ်းသာပါတယ်။ ဒါပေမ[illegible] သိတဲ့အတိုင်း တစ်ခါတလေသာ အ[illegible] စားတတ်တဲ့အမေက နေ့တိုင်း [illegible] သားချက်ပါ၊ အမဲသားစားချင်တယ[illegible] တော့ ကျွန်တော်ရတဲ့ငွေနဲ့ ဝယ်ခြ[illegible] တာ အဆင်မပြေတော့ဘူး။ အဖေ့[illegible] ပြီး တိုင်ပင်မှဖြစ်မယ်"

"ဟဲ့ - နင့်အဖေခေါ် တာလ[illegible] ခေါ် ပေါ့။ အဓိကတော့ ပရိတ်တ[illegible] နာဖို့ ဘုန်းကြီးပင့်ဖို့လိုတယ်"

"ဗျာ - ဘာလို့ပရိတ်တရားနာ[illegible] လဲ"

"ဟဲ့ - နင့်အမေကိုအပမှီတာ[illegible] ချင်ဖြစ်မှာပေါ့"

"ဗျာ"

❑

"ဘယ်သူ့သဘောနဲ့ [illegible] လဲ မင်းခေါင်။ နင်[illegible]တော်အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

…လား။ သွား - အိမ်ပြန်မလာနဲ့ … ဆင်း"

အမေ အိပ်ခန်းလေးထဲကရှိတဲ့ …တွေပေါက်ခွဲရင်း တအီးအီးငို… -

"ဘယ်မိန်းမတွေ အကြံပေးတယ် …တာ ငါသိတယ်"

ဆိုကာ အိပ်ခန်းနံရံတွေထုလိုက် … ဒွတ်လောရိုက်နေတော့သည်။

"အမေ၊ အမေ စိတ်ထိန်းပါ"

"ဟဲ့ - ငါ့ကို အမေမခေါ်နဲ့။ ငါ …အမေမဟုတ်ဘူး"

ပစ်ပေါက်ခွဲနေသည့်ကြားက မင်း…အတင်းဝင်ကာ အမေ့ကိုယ်လုံးကို …တာ ဝမ်းပန်းတနည်းငိုမိတော့သည်၊

"ဟဲ့-လွှတ် ငါ့ကိုဖက်မထားနဲ့၊ ငို…မလိုဘူး။ နင့်အမေမသေသေးဘူး။ …ဒါသထွက်လာရင်တော့ အမေခေါ် …မရှိဖြစ်တော့မယ်"

"အမေရယ် ဘာတွေပြောမှန်း …နားမလည်တော့ဘူး။ ဘုန်းကြီးပင့် …တ်ရွတ်တာ အမေစိတ်ပူစရာလား။ …မေက. တစ္ဆေသရဲလား"

"ကဲ - ဒီလောက်ဘုန်းကြီးပင့်ချင် …လုပ်စမ်းဟယ် ဖြန်း၊ ဖြန်း"

မင်းခေါင်ပွေ့ဖက်ထားသည့်ကြား … ရုန်းကန်ပြီး ပါးကိုဆက်တိုက်ရိုက် …တ်သည့်အမေ့ကို ကျောခိုင်းပြီး အိမ် …ါ မှပြေးဆင်းခဲ့သည်။

"ကျွန်တော့်ကိုကယ်ပါ ဒေါ်မော်စီ …ယ်ပါဦးဗျ"

ဒေါ်မော်စီအိမ်မှာ အမေ့သူငယ် …င်း ဒေါ်စောမှင်၊ ဒေါ်စိန်ရီတို့လည်း …ာက်နေပြီး အမေ့သတင်းကြားကာ …လုပ်ရမလဲတိုင်ပင်နေခြင်း ဖြစ်သည်။ …င်းခေါင်တစ်ယောက်တည်း အိမ်ပေါ် …မတက်ရဲသဖြင့် ဒေါ်စောမှင်ကို ခေါ် …ာ -

"အမေ၊ ဒေါ်စောမှင်ပါတယ်၊ …အမေနဲ့စကားပြောချင်လို့တဲ့"

"ဘယ်ကဒေါ်စောမှင်လဲ။ ဘယ် …မှမဝင်လာနဲ့။ နင် ငါ့ကို ကြောက်လို့ …ား။ ကိုက်မစားပါဘူး မင်းခေါင်ရယ်။ …တ်ရွတ်ဖို့သာစိတ်မကူးနဲ့။ နင့်ကို ထပ် …က်တော့ဘူး။ နင့်ကျေးဇူး ငါ့အပေါ် …ပါတယ်"

စောစောက ပေါက်ကွဲသံမျိုး …ဟုတ်။ ချိုချိုသာသာပြောခြင်းပါ။ …ပေမယ့် အမေ့ရဲ့အသံမဟုတ်တာသိ …သည်။

"အမေ၊ နောက်တနင်္ဂနွေ အဖေ ပြန်လာဦးမယ်တဲ့"

"မပြန်လာလည်းဖြစ်ရဲ့သားနဲ့။ ငါ ဘယ်သူ့မှမတွေ့ချင်ဘူး။ ပါလာတဲ့ဧည့်သည်လည်း ပြန်ပြန်"

ဒေါ်စောမှင်နှင့် မင်းခေါင် စိတ်မကောင်းစွာ အိမ်ပေါ်မှဆင်းခဲ့သည်။ ဘာလုပ်ရမှန်းမသိတာကြောင့် စောစောကလို ဒေါ်မော်စီအိမ်ဘက်ရောက်ခဲ့ပြန်သည်။

"အမေ့မှာ ပြဿနာတစ်ခုခုဖြစ်နေပြီ။ ဘယ်လိုလုပ်ကြမလဲ အဒေါ်တို့ရယ် ကူညီပါဦး"

ဟု ဝမ်းနည်းစွာပြောရင်း မျက်ရည်ကျမိသည်။

"ကဲကဲ - သူဘာပြောပြောနောက်နှစ်ရက်၊သုံးရက်လောက်နေရင် ဘုန်းကြီးတွေပင့်ပြီး ပရိတ်ရွတ်ရအောင်။ အဒေါ်လည်း မရွှေခိုင်မှာ မရိုးသားတာတွေရှိနေပြီလို့ထင်တာပဲ"

တစ်ယောက်တစ်မျိုး စဉ်းစားအကြံပေးကြရင်း -

"အိမ်ပြန်ရင်သတိထား၊ စိတ်ဆိုးအောင်မပြောနဲ့။ ဓားတွေ၊ သနပ်ခါးတုံးတွေ သိမ်း"

ဟု မှာကြသည်။

မင်းခေါင် အရင်လိုချက်ပြုတ်ပြင်ဆင်ပြီး ထမင်းစားပွဲသေးသေးလေး အမေ့အခန်းထဲထည့်ထားပေးသည်။

"အား ကျွတ် ကျွတ် - အရိုးတွေ အက်ကုန်တာနေမှာ။ အသားတွေလည်း ကြေကုန်ပြီထင်ပါရဲ့"

အိပ်ရာပေါ် လူးလွန့်ရင်း ညည်းတွားနေသည့်အမေ့ကို ထူးဆန်းစွာငေးကြည့်ရင်း ဘာလုပ်ပေးရမှန်းမသိတော့ပါ။

"ဒီနေ့ဘယ်နှရက်နေ့လဲ"

"နှစ်ဆယ့်သုံးရက်ပါ။ ဘာဖြစ်လို့လဲ အမေ"

"ဟယ်-ဒါဆို ငါးရက်တောင်ရှိပြီပေါ့။ မင်းခေါင်၊ မင်းခေါင် ငါ့ကိုကူညီပါဦး။ စာရွက်နဲ့ဘောလ်ပင်မြန်မြန်ယူလာခဲ့"

"ဗျာ - ဟုတ်ကဲ့ ဟုတ်ကဲ့"

"ရော့ - ဒီထဲမှာပါတဲ့လူတွေသွားခေါ်ခဲ့ အမြန်ဆုံးနော်"

"မှောင်တော့မယ် အမေ၊ ဒီရွာလည်း ကျွန်တော်မရောက်ဘူးပဲနဲ့"

"ဟဲ့ - ဆိုင်ကယ်နဲ့သွားလေ။ နင့်အမေမသေစေချင်ဘူးဆို သွား-မြန်မြန်"

အစပ်အဆက်မရှိသောစကားကိုနားထောင်ပြီး လက်ထဲက စာရွက်လေး ဖြန့်ဖတ်ဖြစ်၏။

ဦးကျော်ငွေး၊ ဒေါ်နှင်းမြိုင်
အလယ်ရွာသာစည်မြို့နယ်။

❑

လသာတယ်ဆိုပေမယ့် မင်းခေါင်တစ်ယောက်တည်း ဆိုင်ကယ်သတိထားစီးရသည်။ တောင်ပေါ်မြေရဲ့ဆောင်းကခိုက်တုန်အောင်ချမ်းသည်။ အဖေ့ကိုဖုန်းဆက်ပြီး မိုရာကားနှင့် ပြန်ခဲ့ပါဟုပြောရသည်။

အမေ့တစ်ယောက်တည်း စိတ်မချသလို စိတ်ထဲမှာလည်း မရှင်းမလင်းဖြစ်မိသည်။ အကွေ့အကောက်တွေသတိထားစီးရင်း ယင်းမာပင်ရောက်တော့ စိတ်အေးသွားသည်။ ရောက်ခါနီးပြီပေါ့။

အလယ်ရွာကို တစ်ခါမှ မရောက်ဘူးသော်လည်း သူငယ်ချင်းတွေအပြောနှင့် ကြားဖူးနားဝတော့ရှိသည်။ ရွာထိပ်က လက်ဖက်ရည်ဆိုင်မှာဝင်ပြီး ပါလာသည့် စာရွက်ပြမေးရတော့သည်။

"ဦးကျော်ငွေးတို့နဲ့ တွေ့ချင်လို့တဲ့ကွ။ မင်းလိုက်ပို့ပေးလိုက်။ သူတို့လည်း သမီးပျောက်လို့ စိတ်ဆင်းရဲနေကြတာ။ ခုချိန်လည်း အိပ်ဦးမယ်မထင်ဘူး"

စားပွဲထိုးကောင်လေးကို လိုက်ပို့ခိုင်းတာကြောင့် ရွာထဲ သိပ်မဝင်ရဘဲ တိုက်ခံအိမ်ကို လက်ညှိုးထိုးပြရင်း အော်ခေါ်ပေးသည်။

"ဦးလေးကျော်ငွေး၊ ဧည့်သည်က တွေ့ချင်လို့တဲ့။ ထွက်ခဲ့ပါဦးဗျ"

"ဘယ်ကဧည့်သည်လဲ။ အထဲဝင်ခိုင်းလေ။ ငါ့သမီးသတင်းမေးတာဆိုရင်တော့ ခုထိအစရှာမရသေးဘူးပြောလိုက်ကွာ"

စိတ်ညစ်နေသည့်အသံသာကြားရပြီး လူထွက်မလာတာကြောင့် မင်းခေါင်အိမ်ပေါ် ထပ်အထိတက်ခဲ့သည်။ ဧည့်ခန်းထဲမှာ လှဲအိပ်နေသည့်အဒေါ်ကြီးက ခေါင်းထောင်ကြည့်ရင်း-

"ဘာကိစ္စလဲ၊ စိတ်ညစ်နေကြတာ။ သမီးသူငယ်ချင်းလား"

ဟု မေးလိုက်သည်။

"ဒေါ်ကြီးသမီးကို ကျွန်တော်မသိပါဘူး။ ကျွန်တော့်အမေက ခေါ်ခိုင်းလို့လာတာပါ"

"မင်းအမေက ဘယ်သူလဲ"

"ဒေါ်ရွှေခိုင်ပါ"

"မင်းအမေကို ငါတို့မှမသိဘဲ ဘာလို့လိုက်ရမှာလဲ။ ဒီမှာစိတ်ညစ်ရတဲ့အထဲ



www.burmeseclassic.com

www.burmeseclassic.com

ဟယ်"

အဒေါ်ကြီးက စိတ်ဆိုးပေမယ့် အော်ရန်အားမရှိသလို အံကြိတ်ပြော တော့သည်။

"အမေကပြောခိုင်းတာ။ ဖြူဖြူနွဲ့ ကို တွေ့ချင်ရင် အမြန်လိုက်ခဲ့တဲ့"

"ဟေ-ဖြူဖြူနွဲ့ ဟုတ်လား၊ ဒါ ငါတို့ သမီး။ ကိုကျော်ဌေး ဆိုင်ကယ် ထုတ် ထုတ်။ တောင်ပေါ် တက်ရအောင်။ သမီး နဲ့တွေ့ရတော့မယ်။ အမလေး သမီးရယ်၊ အမေတို့ရှာနေတာ တစ်ပတ်လောက် ရှိတော့မယ်။ ကလေး မင်းအိမ်ဘယ်မှာ လဲ၊ ရွှေကမောင်း။ တော်သေးတာပေါ့ ကွယ်"

မင်းခေါင် သူတို့ပြောတာလည်း သိပ်နားမလည်၊ အမေမှာလိုက်တဲ့စကား ကလည်း ထူးဆန်း။ တစ်ယောက်တည်း ဘာတွေပြောနေတာလည်း မစဉ်းစား တတ်စွာဖြင့် အမေမှာသည့်အတိုင်း ဦးကျော်ဌေးတို့လင်မယားကို အိမ်ခေါ် လာခဲ့သည်။

"ဟဲ့-ဘယ်မှာလဲ ငါ့သမီးဖြူဖြူနွဲ့၊ ဖြူဖြူနွဲ့ကော"

အမေတစ်ယောက်တည်းရှိသော အိမ်ထဲမှာ ပတ်ရှာနေသလို နှုတ်က လည်း တဖွဖွခေါ်နေတော့သည်။ မင်း ခေါင် အမေ့ကိုကြည့်နေပြီး အမေက လည်း မင်းခေါင်ကို ပြန်ကြည့်ရင်း အော် ငိုတော့သည်။

"ဟီး. . . ဟီး ဖြူဖြူနွဲ့ကဒီမှာလေ အမေရဲ့ ဒီမှာပေါ့"

ရင်ဘတ်ပုတ်ငိုနေသည့် အမေ့ လက်တွေ ဆုပ်ကိုင်ရင်း-

"ဘာတွေပြောနေတာလဲ အမေ၊ ဘာတွေပြောနေတာလဲဗျာ။ စိတ်ညစ် လိုက်တာ"

"ဟဲ့-နင် ဘယ်သူလဲ။ ငါ့သမီးဖြူ ဖြူနွဲ့မှမဟုတ်တာ။ လူကြီး နောက်စရာ လား။ အဝေးကြီးလာခေါ်ပြီး အရူးလုပ် နေတာလားဟဲ့"

"မဟုတ်ပါဘူး အမေရယ်၊ သမီး ရှင်းပြပါ့မယ်။ အကြီးချစ်မြိုင်ဆီသွားမယ် ဆိုပြီး ခိုင်လေးဆိုင်ကယ်နဲ့ တောင်ပေါ် တက်ခဲ့တာပါ။ သမီးချစ်သူ ကျော်ဇလ လက်ထပ်တော့မယ် သတင်းကြားလို့။ လမ်းတစ်ဝက်ရောက်တော့ ခိုင်လေးက သူမောင်းမယ်တဲ့။ သမီးလည်း ယုံကြည် ပြီး သူ့နောက်ထိုင်လိုက်ခဲ့တာ အီး ဟီး ဟီး သူမကောင်းဘူး အမေ သူမကောင်း ဘူး"

ဒေါ်နှင်းမြိုင်ကိုကျစ်ကျစ်ပါအောင် ဖက်ငိုနေသောအမေ့ကို ဘယ်လိုတားရ မှန်းမသိဖြစ်နေဆဲ -

"အမလေး သမီးဖြူနွဲ့၊ ဒီစကား ဒီအကြောင်းတွေ အမှန်ပဲ။ ခိုင်လေး လည်း ပျောက်နေတယ်ဆိုပြီး သူ့အမေ တွေ ဟိုရှာဒီရှာလုပ်နေတာ"

"မရှာနဲ့တော့၊ ခိုင်လေးက ချောက် ထဲမှာ။ ဆိုင်ကယ်ရောလူပါကျသွားတာ။ သူက ဆိုင်ကယ်နောက်က၊ သမီးကို သေစေချင်တာလေ။ ဇလကို သူလည်း ကြိုက်နေတာသိပေမယ့် ငယ်သူငယ်ချင်း ဖြစ်လို့ သမီးဆက်ပေါင်းနေတာ အမေ။ အပေါ်က ကားဆင်းလာတာမြင်ရက် မရှောင်ဘဲ ကားနဲ့နီးလာမှ ဆိုင်ကယ် ပေါ်က သမီးကိုခါချတယ်အမေ။ သမီး လည်း ကြောက်လန့်ပြီး သူ့ခါးဆွဲညှစ် လိုက်တာ လူတွေရော ဆိုင်ကယ်ပါ ချောက်ထဲကျကုန်တယ်"

"အမလေး သမီးရယ်၊ ဖြစ်မှဖြစ်ရ လေ ကံဆိုးလိုက်တာ"

❑

"တရားမနာကြပါနဲ့၊ အမျှမဝေ ကြပါနဲ့။ ခဏလေးနေကြပါဦး။ အမေ့ ကို စကားပြောစရာရှိသေးလို့ပါ"

အခန်းထောင့်မှာ ကပ်ထိုင်ရင်း ဒေါ်နှင်းမြိုင်ကို ဖက်ငိုနေသည့်အမေ့ကို စိတ်မကောင်းစွာကြည့်နေသည်။

"အကြာကြီးမဖြစ်ဘူး။ ကျွန်တော့် အမေ ပင်ပန်းနေပြီ။ သူ့ကို ပြန်ကျန်းမာ လာအောင် ဆေးကုရဦးမယ် မဖြူနွဲ့"

"ဟုတ်ပါပြီ ရှင့်အမေမသေသေး ပါဘူး။ အမောဖောက်ပြောနေတုန်း ကျွန်မခန္ဓာက ဘာတစ်ခုမှကောင်းတာ မရှိ နာကျင်လွန်းလို့ ဝင်ပူးလိုက်မိတာ ပါ။ ကယ်လာတဲ့ ရှင့်ကျေးဇူးကန်းတာ မဟုတ်ပါဘူး"

သေတော့မည့်ဆဲဆဲ ချစ်သူကို မဖြစ်ဖြစ်အောင်တွေ့မည်ဟု အားတင်း ပြီး မင်းခေါင်နောက်လိုက်ခဲ့တာတဲ့။ တစ်ကိုယ်လုံး နာကျင်ဒဏ်ရာတွေနှင့် သေတော့မလို ပစ်လဲသွားသည့် သူမ ကို အိမ်ပေါ်ခေါ်လာမိတာ မင်းခေါင် အမှား။

အပြင်ဒဏ်ရာကမပြောပလောက် တော့ သေမည်မထင်ဘဲ အမေ့အိပ်ရာ ဘေးမှာထားခဲ့မိတာပါ။ ချစ်သူကိုစွဲလမ်း သူငယ်ချင်းကို ဒေါသဖြစ်၊ ဘယ်လိုမှ သေလို့မဖြစ်ဘူးဆိုသောစိတ်နှင့် အမေ့ ဆီမှာ ပူးကပ်ခဲ့တာတဲ့။

"သမီးသွားတော့မယ် အမေ။ ဒီ ခန္ဓာကြီးမှာအကြာကြီးဝင်နေလို့မရဘူး။ သူ့မှာလည်းမိသားစုရှိသေးတယ်။ မောင်း မထုတ်ခင် သမီးသွားတော့မယ်"

ဖြူဖြူနွဲ့အမေငိုသံတွေထွက်လာ ပြီး ခဏအကြာ အမေလှုပ်ရှားကာ မျက်လုံးဖွင့်ကြည့်သည်။

အမေ့ကို ပွေ့ထူရင်း တင်းကျပ်စွာ ဖက်ထားဖြစ်သည်။ ဖြူဖြူနွဲ့ကို ကျေးဇူး တင်ပါသည်။ အချိန်မီပြန်သွားလို့၊ ဒီ လိုမှမဟုတ်လျှင် အမေအသက်ပြန်လည် လာပါ့မလား။

အမေ့ခန္ဓာမှာ ကြီးစိုးနေသည့် ဖြူဖြူနွဲ့ ဝိညာဉ်ကြောင့် တစ်ချိန်ချိန် ပယောဂဆရာတွေက ရိုက်နှက်ထုတ် ခိုင်းလေမလား။ ကြောက်စရာကောင်း လိုက်တာ။

"သား၊ အမေ ဆန်ပြုတ်သောက် ချင်တယ်၊ ဆာတယ်ကွယ်"

"ဟုတ်၊ ဟုတ်ကဲ့"

မင်းခေါင် မီးဖိုလေးမှာ ဆန်ပြုတ် ပြုတ်နေစဉ် ထရံတွေကိုလက်ဝါးနှင့်ရိုက် သံတဖုန်းဖုန်းသံကြားလိုက်ရသည်။

မင်းခေါင် ထင်သည့်အတိုင်း နောက်တစ်နေ့ညဘက် သူ့မီးဖိုထဲ တာနှင့် ထရံကိုလက်ဝါးနှင့်ရိုက် ကြားရပြန်သည်။ နောက်သုံးရက် လေးရက်ခြားကြားရသည်။

သည်နောက် တစ်လတစ်ခါ ရသည်။ မင်းခေါင်ကြောက်ရွံ့စိတ် သနားခြင်းတွေကြောင့် နောက်တစ် မနက်စောစော ဖြူဖြူနွဲ့ကို အမျှ သူမကို တွေ့ခဲ့သည့်နေရာကို ဆိုင် နှင့်ထွက်ခဲ့သည်။

နှင်းတွေသိပ်သည်းထူထပ်ခြင်း တော့လို့ အဝေးကို လှမ်းမြင်နေရ လမ်းဘေးမှာရပ်နေသည့် မိန်းက က ဖြူဖြူနွဲ့ပါ။ အံ့ဩသွားမိ ဆိုင်ကယ်ကို စက်ကုန်မြှင့်က သူ နေရာရပ်လိုက်ပြီး 'ဖြူနွဲ့ရေ အမျှ အမျှ' ဟု နှုတ်က အော်လိုက်သည် သူမတောင်အောက်ဆင်းပြေး ကွယ်သွားတော့သည်။

ချစ်သူကို စိတ်နာ၊ သူငယ်ချင်း မုန်းတီး၊ မိဘတွေစွဲလမ်းခြင်း ဒီတောင်အကွေ့လေးမှာပဲ ရစ်ဝဲ သိပေမယ့် မင်းခေါင်လည်း မတတ် ပါ။

သူမအတွက် ဒီသံသရာက ပြောက်ဖို့လမ်းမရှိတော့ပြီလား။

ခင်မမလင်း (



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လှမ်း

# ရွှေတိဂုံစေတီတော်မြတ်ဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းများ


ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မြန်မာနိုင်ငံ၏ ကျက်သရေဆောင်စေတီတော်မြတ်ကြီးဖြစ်သည်။ နိုင်ငံတကာနှင့် ဆက်နွှယ်လာလျှင် ရွှေတိဂုံစေတီတော်ကြီးမှာ မြန်မာနိုင်ငံ၏ သင်္ကေတ ပြယုဂ်အဖြစ် သတ်မှတ်ကြသည်။ လီဘာတီကြေးရုပ်ကြီးပုံကို အမေရိကန်နိုင်ငံ နယူးယောက်မြို့နှင့် ယှဉ်တွဲသိရှိထားကြသကဲ့သို့ အီဖယ်မျှော်စင်ပုံကို ပြင်သစ်နိုင်ငံ ပါရီမြို့ဟု တွဲဖက်နားလည်ကြသလို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ပုံမှာ မြန်မာနိုင်ငံ ရန်ကုန်မြို့ဟူ၍ နိုင်ငံတကာမှ အသိအမှတ်ပြုကြလေသည်။ ရွှေတိဂုံစေတီတော်ကြီးမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုဖော်ဆောင်နေသကဲ့သို့ ဗုဒ္ဓသာသနာ ထွန်းကားရာဒေသ ဟူသောပုံရိပ်အဖြစ်လည်း ထင်ဟပ်ပေါ်လွင်နေပေသည်။ ယခုအခါ၌ ကမ္ဘာလှည့်ခရီးသည်များ ဆက်တိုက်ဆိုသလို ဝင်ရောက်လာကြရာ အများစုမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရောက်ဖူးလိုသူ၊ ဖူးမြော်လိုသူခရီးသည်များ ဖြစ်ကြသည်။ နိုင်ငံတကာ၌ မြန်မာနိုင်ငံ၏ သင်္ကေတဟု သိရှိနားလည်ထားကြသော ဤရွှေတိဂုံစေတီတော်မြတ်ကြီးပုံကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ လွယ်လင့်တကူ ပျံ့လွင့်ဆိုက်ရောက်နိုင်သည့် စာပို့တံဆိပ်ခေါင်းများပေါ်၌ ဒီဇိုင်းပုံစံအမျိုးမျိုးဖြင့်ပုံနှိပ်ထုတ်ဝေသင့်ပေသည်။ သို့ရာတွင် ယခုအချိန်အထိ 'ရွှေတိဂုံစေတီတံဆိပ်ခေါင်း'ဟူ၍ တစ်မျိုး၊ နှစ်မျိုးသာ မြန်မာနိုင်ငံအနေဖြင့် ထုတ်ဝေဖူးသည်ကို တွေ့ရှိရသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းများအကြောင်းကို ရေးသား တင်ပြမည်ဖြစ်ပါသဖြင့် 'တံဆိပ်ခေါင်းပစ္စည်း' ဟူသော ဝေါဟာရကို ရှင်းလင်းလိုပါသည်။ တံဆိပ်ခေါင်းပစ္စည်းဟု ဆိုရာတွင် တံဆိပ်ခေါင်းများ အပါအဝင် စာတိုက်မှတရားဝင်ထုတ်ဝေသော စာပို့စာရေးကိရိယာ (postal stationery)၊ ပထမနေ့ထုတ်တံဆိပ်ခေါင်းကပ်စာအိတ်များ (first day covers)၊ အက်ဆေးခေါ် ပုံမနှိပ်မီ နောက်ဆုံးတံဆိပ်ခေါင်းပုံကြမ်းများ(essays)၊တံဆိပ်ခေါင်းပရုပ်ပုံများ (proofs)... စသဖြင့် တံဆိပ်ခေါင်း ဝါသနာရှင်တို့အတွက် စုဆောင်းဖွယ်ရာပစ္စည်းများကို ဆိုလိုသည်။

ဤပစ္စည်းများအနက် 'စာပို့စာရေးကိရိယာ' ဟူသော စကားလုံးကို ထပ်မံရှင်းပြလိုပါသည်။ တံဆိပ်ခေါင်းဝါသနာရှင်တို့မှာ စာတိုက်မှ တရားဝင်ထုတ်ဝေသော ပို့စကတ်၊ လေကြောင်းစာပို့လွှာ၊ စာအိတ် စသည့်ပစ္စည်းများကိုဝယ်ယူ၍ 'စာပို့စာရေးကိရိယာစုဆောင်းမှု' အဖြစ် စုဆောင်းလေ့ရှိကြသည်။ ထို့ကြောင့် ပို့စကတ်ဆိုရာ၌ လမ်းဘေး၌ ရောင်းချလေ့ရှိသော ရောင်စုံ၊ ရုပ်ပုံပို့စကတ်များကို ဆိုလိုခြင်းမဟုတ်ဘဲ စာတိုက်မှထုတ်ဝေသော တရားဝင်ပို့စကတ်များကိုသာ ဆိုလိုခြင်းဖြစ်သည်။ တံဆိပ်ခေါင်းပစ္စည်းအဖြစ်ပါဝင်သော ပစ္စည်းတစ်မျိုးကို




နှစ် (၆၀) နီးပါး စံချိန်ချိုးထားသည့် တစ်မျိုးတည်းသော ရွှေတိဂုံစေတီတံဆိပ်ခေါင်း




၂၀၁၅ ခုနှစ်၊ လွတ်လပ်ရေးနေ့ ရွှေတိဂုံစေတီတော် မက်ဆီမန်ကတ်



www.burmeseclassic.com

www.burmeseclassic.com




ထုတ်ဝေရန် ရည်ရွယ်ခဲ့သော်လည်း
အမှန်တကယ် မထုတ်ဝေဖြစ်ခဲ့သည့်
ဂျပန်ခေတ်
ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်းဒီဇိုင်း




၁၉၄၃ ခုနှစ်၊ ဂျပန်ခေတ် ထွက်ထင်ရှားနေ
ရွှေတိဂုံစေတီ ပို့ကတ်




၁၉၉၄ ခုနှစ်၊ ရန်ကုန်တံဆိပ်ခေါင်းဆောင်းပွဲမှ
ပြန်လည်ထုတ်လုပ်သောရွှေတိဂုံစေတီပို့ကတ်

ထပ်မံ ဖြည့်စွက်တင်ပြလိုသည်မှာ သက်ဆိုင်ရာတံဆိပ်ခေါင်းနှင့် ဆက်စပ်သော ခေတ်အလိုက်ပေါ်ပင်ပစ္စည်းများ (ephemera) ဖြစ်သည်။ နမူနာအနေဖြင့်ပြရသော် ကြော်ငြာစာရွက်များ၊ လက်ကမ်းစာစောင်များ စသည့် ပစ္စည်းများကိုဆိုလိုခြင်း ဖြစ်သည်။ ဤဆောင်းပါး၌ ရွှေတိဂုံစေတီတော်မြတ်ဆိုင်ရာ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းပစ္စည်းများ အကြောင်းကို ရေးသား ပြုစုတင်ပြသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ်အဖြစ် ရွှေတိဂုံစေတီတော်ပုံဖြင့် တံဆိပ်ခေါင်းထုတ်ဝေခဲ့သည်မှာ ၁၉၅၆ ခုနှစ်ကဖြစ်ပြီး နှစ်ပေါင်း (၆၀) ခန့် ဤတံဆိပ်ခေါင်းသည်သာ မြန်မာနိုင်ငံ၏ တစ်မျိုးတည်းသော ရွှေတိဂုံစေတီ တံဆိပ်ခေါင်းအဖြစ် စံချိန်တင်ထားခဲ့သည်။ဆိုလိုသည်မှာ ထိုနှစ်(၆၀)အတွင်း မြန်မာနိုင်ငံမှ ရွှေတိဂုံစေတီတော်ကြီးကို ထင်ရှားပေါ်လွင်သောဒီဇိုင်းဖြင့် တံဆိပ်ခေါင်းမထုတ်ဝေနိုင်ခဲ့ခြင်းကို ညွှန်ပြခြင်း ဖြစ်သည်။ ထိုရွှေတိဂုံစေတီတော်မြတ် တံဆိပ်ခေါင်းမှာ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့်နှစ်အထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်း (၄) မျိုးစုံအနက်မှ (၆၀) ပြားတန် တံဆိပ်ခေါင်းဖြစ်ပြီး ၁၉၅၆ ခုနှစ်၊ မေလ ၂၄ ရက်၊ ကဆုန်လပြည့်နေ့၌ ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ရွှေတိဂုံစေတီတံဆိပ်ခေါင်းအပါအဝင် ထိုတံဆိပ်ခေါင်း (၄) မျိုးကို ဟော်လန်နိုင်ငံ ဂျောအင်ရှန်ဒေးပုံနှိပ်ကုမ္ပဏီ (Joh Enschede) တွင် ဖိုတိုဂရပ်ဗျူးနည်းဖြင့် ပုံနှိပ်ခဲ့ခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းများ




၁၉၃၈ ခုနှစ် ပြိုင်ပွဲဝင်ဆုရ
ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်းဒီဇိုင်း

နှင့်အတူ ပထမနေ့ တံဆိပ်ခေါင်းကပ်စာအိတ်နှင့်စာတိုက်အထူးတံဆိပ်အမှတ် (special postmark) တို့ ထုတ်ဝေထွက်ရှိခဲ့သည်။ အမှန်စင်စစ် နှစ်ပေါင်း (၆၀) အတွင်း ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်းများထုတ်ဝေနိုင်ရန် သင့်တင့်လျော်ကန်သော နှစ်ပတ်လည်၊ အထိမ်းအမှတ်၊ အခါသမယများများစွာပေါ်ထွန်းခဲ့သည်။ ပုံစံပြရလျှင် ၂၀၀၆ ခုနှစ်က ကျရောက်ခဲ့သော ဗုဒ္ဓသာသနာ ၂၅၅၀ ပြည့်နှစ်ကဲ့သို့ ထူးခြားသော အထိမ်းအမှတ်မျိုး၌ ရွှေတိဂုံစေတီတံဆိပ်ခေါင်းထုတ်ဝေသင့်သည် မဟုတ်ပါလော။

ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်းပါဝင်သော ထိုဗုဒ္ဓသာသနာ ၂၅၀၀ တံဆိပ်ခေါင်းစုံနှင့်ပတ်သက်၍ ထူးခြားသော တံဆိပ်ခေါင်းပစ္စည်းတစ်မျိုးကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံ၏ တံဆိပ်ခေါင်းဝါသနာရှင်ဖခင်ကြီးတစ်ဦးဖြစ်သည့် ဦးအောင်မြင့်(ကွယ်လွန်ပြီး)ထံ၌ ဟော်လန်နိုင်ငံ ဂျောအင်ရှန်ဒေးပုံနှိပ်ကုမ္ပဏီမှ ရရှိသော တံဆိပ်ခေါင်းခေါက်ကတ် (stamp folder) တစ်ခုအကြောင်း ဖြစ်သည်။ထူးခြားမှုမှာ ဗုဒ္ဓသာသနာတံဆိပ်ခေါင်း (၄) မျိုးကို ခေါက်ကတ်အတွင်း ကပ်ထားရာ ရွှေတိဂုံစေတီနှင့် ကုသိုလ်တော်ဘုရား တံဆိပ်ခေါင်း (၂) မျိုးမှာ ထုတ်ဝေခဲ့သည့် ပုံစံအတိုင်းဖြစ်သော်လည်း ကျန် (၂) မျိုး ဖြစ်သည့် သဗ္ဗညုပုထိုးနှင့် မဟာပါသာဏလိုဏ်ဂူတော်ကြီး တံဆိပ်ခေါင်းများမှာ မှားယွင်းချက်များတွေ့ရှိရသည်။ သဗ္ဗညုပုထိုးတံဆိပ်ခေါင်းတွင် အာနန္ဒာ (ANANDA) ဟု အင်္ဂလိပ်ဘာသာဖြင့် မှားယွင်းပုံနှိပ်ထားပြီး မဟာပါသာဏလိုဏ်ဂူတော်ကြီး တံဆိပ်ခေါင်းမှာ လက်ဝဲဘက်နှင့် လက်ယာဘက်ဒီဇိုင်းပုံများ ပြောင်းပြန်ဖြစ်နေခြင်း ဖြစ်သည်။ တံဆိပ်ခေါင်းပညာရှင်ကြီးများကမူ ထိုခေါက်ကတ်ပါ တံဆိပ်ခေါင်းများမှာ ပုံမနှိပ်မီနောက်ဆုံးပုံကြမ်း (essay) သို့တည်းမဟုတ် အပ်ပေါက်ရာပါသော ပရုဖ် (perforated proof) များ ဖြစ်နိုင်ခြေရှိသည်ဟု ကောက်ချက်ချကြသည်။ တံဆိပ်ခေါင်းပညာရှင် ဦးစိန်ဝင်းကလည်း ထိုကဲ့သို့သော ခေါက်ကတ်မျိုး (၃)၊ (၄) ကတ်မှာ ၁၉၇၆ ခုနှစ်လောက်က ရန်ကုန်တံဆိပ်ခေါင်း ဈေးကွက်အတွင်းပေါ်ထွက်ခဲ့သော်လည်း အများမှာ ပြည်ပမှလာရောက်ဝယ်ယူသော တံဆိပ်ခေါင်း ဝါသနာရှင်များလက်သို့ ပါသွားနိုင်သည်ဟု မှတ်ချက်ချခဲ့သည်။ ယခုအခါ ထိုခေါက်ကတ်မျိုးတစ်က



www.burmeseclassic.com

www.burmeseclassic.com

မှာ ဦးအောင်မြင့်၏ သားဖြစ်သူ ဒေါက်တာ ကျော်ဝင်း၏ စုဆောင်းမှု၌ရှိနေပေသည်။

**□ ဗြိတိသျှကိုလိုနီခေတ်မှ ရွှေတိဂုံစေတီဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်း**

မြန်မာနိုင်ငံမှ ထုတ်ဝေသော တံဆိပ်ခေါင်းများကို ဝါသနာရှင်တို့က ခေတ်ကာလအလိုက် ပိုင်းခြားစုဆောင်းလေ့ရှိကြရာ ယေဘုယျအားဖြင့် -

၁။ ဗြိတိသျှကိုလိုနီခေတ်
၂။ ဂျပန်ခေတ်နှင့်
၃။ လွတ်လပ်ရေးရပြီးခေတ်

ဟူ၍ ခွဲခြားသတ်မှတ်ကြသည်။

လွတ်လပ်ရေးရပြီး နောက်ခေတ်များကိုမူ နိုင်ငံရေးအစိုးရခေတ်၊ တော်လှန်ရေးအစိုးရခေတ် . . . စသည်ဖြင့် ထပ်မံပိုင်းခြားကြသည်။ ဖော်ပြပါခေတ်ကြီး (၃) ခေတ်အနက် ဗြိတိသျှကိုလိုနီခေတ်နှင့် ဂျပန်ခေတ်တို့တွင်လည်း ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်းထုတ်ဝေနိုင်ရန် ကြိုးပမ်းခဲ့မှုများရှိခဲ့လေသည်။ မြန်မာနိုင်ငံမှာ အိန္ဒိယ၏ပြည်နယ်အဖြစ် ဗြိတိသျှကိုလိုနီခေတ်ကသွတ်သွင်းခံခဲ့ရသည်။ ၁၉၃၇ ခုနှစ်တွင် သီးခြား ကိုလိုနီနိုင်ငံဖြစ်မလာမီ တစ်နှစ်အလို ၁၉၃၆ ခုနှစ်၌ ကိုလိုနီနိုင်ငံသစ်အတွက် စာပို့တံဆိပ်ခေါင်းအသစ်များထုတ်ဝေနိုင်ရန် ရန်ကုန်ဂေဇက် (Rangoon Gazette) သတင်းစာမှကြီးမှူး၍ တံဆိပ်ခေါင်းဒီဇိုင်းပြိုင်ပွဲကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်တံဆိပ်ခေါင်းဒီဇိုင်း စုစုပေါင်း အမျိုး (၃၈၀) ယှဉ်ပြိုင်ခဲ့သည်ဖြစ်ရာ ပြိုင်ပွဲ၏အရေးပါမှုနှင့် ကြီးကျယ်ခမ်းနားမှုကို ခန့်မှန်းနိုင်ပေသည်။ ထိုပြိုင်ပွဲ၏ အကောင်းဆုံး တံဆိပ်ခေါင်းဒီဇိုင်းအစုံကို ရူပီး (၁၀၀) ဆုချီးမြှင့်မည်ဖြစ်ပြီး တစ်မျိုးချင်းအရွေးခံရသော တံဆိပ်ခေါင်းဒီဇိုင်းအတွက် ရူပီး(၅၀)ချီးမြှင့်မည်ဖြစ်ကြောင်းကြေညာခဲ့သည်။ ဆုကြေးငွေများမှာ ထိုခေတ်ကာလတန်ဖိုးဖြင့်တွက်သော် မနည်းလှပေ။ အကဲဖြတ်ဒိုင်များအဖြစ် ဧရာဝတီသင်္ဘောကုမ္ပဏီမှ ကပ္ပတိန်ချပ်(ပ) (Capt.H.Chubb) နှင့် အခြားတံဆိပ်ခေါင်းဝါသနာရှင်တစ်ဦးဖြစ်သူ မစ္စတာတပ် (H.Tubbs) တို့က ဆောင်ရွက်ခဲ့သည်။

တစ်မျိုးချင်း တံဆိပ်ခေါင်းဒီဇိုင်းဆုကို ရန်ကုန်တက္ကသိုလ်မှလက်ထောက်ပန်းချီဆရာ ဦးစိန်ဝမ်းက ရရှိခဲ့ပြီး အကောင်းဆုံး တံဆိပ်ခေါင်းဒီဇိုင်းစုံအတွက် ရန်ကုန်မြို့နေ ဂျီအေဟော်လီ (George Albert Hawley) က ရရှိခဲ့သည်။ ဟော်လီ၏ တံဆိပ်ခေါင်းစုံမူရင်းဒီဇိုင်းပုံများကို ရန်ကုန်ဂေဇက်သတင်းစာအယ်ဒီတာမှတစ်ဆင့် ကပ္ပတိန်ချပ်(ပ)ထံသို့ လွှဲပြောင်းပေးခဲ့သည်။ ၁၉၅၆ ခုနှစ်၌ ကပ္ပတိန်ချပ်(ပ)က သူ၏စုဆောင်းမှုများအားလုံးကို လေလံတင်ရောင်းချခဲ့ရာ ဂျီ အေ ဟော်လီ၏ ပြိုင်ပွဲဝင်မူရင်းလက်ရာများ (essays) များ မပါဝင်ခဲ့ချေ။ သို့ဖြစ်၍ ထိုတံဆိပ်ခေါင်းဒီဇိုင်းမူရင်းများမှာ လုံးဝပျောက်ကွယ်ခဲ့ပြီဟု ယူဆကြသည်။

၁၉၃၆ ခုနှစ် တံဆိပ်ခေါင်းဒီဇိုင်းပြိုင်ပွဲအကြောင်းကို ဤမျှရေးသားတင်ပြနေရခြင်းမှာ ဟော်လီ၏တံဆိပ်ခေါင်းစုံဒီဇိုင်းများ၌ တစ်မျိုးမှာ ရွှေတိဂုံစေတီပုံဒီဇိုင်းဖြစ်နေသောကြောင့် ဖြစ်သည်။ ဟော်လီ၏တံဆိပ်ခေါင်းစုံမှာ အကောင်းဆုံးဒီဇိုင်းဆု ရရှိခဲ့သော်လည်း အမှန်တကယ် တံဆိပ်ခေါင်းပုံနှိပ်ထုတ်ဝေရန်အတွက် ရွေးချယ်ခံရခြင်း မဟုတ်ခဲ့ပေ။ ထိုတံဆိပ်ခေါင်းစုံမှာ ဒီဇိုင်း(၁၂)မျိုးပါဝင်ရာ (၁)ပဲ၊ (၃)ပိုင့်တန် တံဆိပ်ခေါင်းဒီဇိုင်းမှာ ရွှေတိဂုံစေတီတော်ဒီဇိုင်း ဖြစ်လေသည်။ သို့ရာတွင် တံဆိပ်ခေါင်းအဖြစ် ပုံနှိပ်ထုတ်ဝေရန် ရွေးချယ်ခံရခြင်းမရှိခဲ့သဖြင့် ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်း ထွက်ပေါ်လာရေးမှာ ခဲလေသမျှ သဲရေကျခဲ့ရတော့သည်။ ဂျီ၊ အေ၊ ဟော်လီမှာလည်း ၂၀၀၄ ခုနှစ်က အသက်(၉၇)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ယခုကဲ့သို့ ရွှေတိဂုံစေတီဒီဇိုင်းဖော်ပြနိုင်သည်မှာ သူ၏မြေးတော်စပ်သူ ဒေါက်တာရပ်ဆဲလ် (Dr. Russel) ၏ကျေးဇူးဖြင့် မိတ္တူပေးပို့ခဲ့သောကြောင့် သာဖြစ်သည်။မည်သို့ပင်ဖြစ်စေ ဗြိတိသျှကိုလိုနီခေတ်က 'ရွှေတိဂုံစေတီတံဆိပ်ခေါင်း' ဒီဇိုင်းမှာ ပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သော တံဆိပ်ခေါင်းစုံတွင် ပါဝင်ခဲ့သည်ကို ဤဆောင်းပါးဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**□ ဂျပန်ခေတ်ရွှေတိဂုံစေတီတော်ဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းများ**

မြန်မာနိုင်ငံ ဂျပန်ခေတ်က ရွှေတိဂုံစေတီတံဆိပ်ခေါင်းဆိုင်ရာပစ္စည်းတစ်မျိုးထွက်ရှိခဲ့သည်။ သို့ရာတွင် သာမန်ဝါသနာရှင်တစ်ဦးအဖို့ ထိုကဲ့သို့ ပြောဆိုသည်ကို ယုံကြည်ရခက်ခဲနေပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများဆိုင်ရာစာအုပ်များတွင် ဤအကြောင်းနှင့်ပတ်သက်၍ မတွေ့ရှိနိုင်သောကြောင့် ဖြစ်သည်။ သို့သော် အမှန်တကယ်ထွက်ရှိခဲ့သည်ကို ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက် နှစ်ပေါင်း (၄၃) နှစ်ကြာမှ ယူရှု (Yushu) ဟု အမည်ရသည့် ဂျပန်တံဆိပ်ခေါင်းမဂ္ဂဇင်းတစ်စောင်က ဖွင့်ဟရေးသားလိုက်ခြင်း ဖြစ်သည်။ ရေးသားခဲ့သူမှာ မိုရီကာဝါတာမာကီ (Morika-wa Tamaki) ဖြစ်သည်။ သူက ဂျပန်ခေတ်က ရွှေတိဂုံစေတီပုံဖြင့် တံဆိပ်ခေါင်း (၄) မျိုးကို ပုံနှိပ်ခဲ့ဖူးသည်ဟု ရေးသားခဲ့ခြင်း ဖြစ်သည်။ ဤသို့ရေးသားခဲ့ပါသည်ဟုဆိုသည့်တိုင် မယုံကြည်ဖြစ်နေပါက အမည်မဖော်လိုသူ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တစ်ဦး၏ စုဆောင်းမှု၌ အဆိုပါ ဂျပန်ခေတ် ရွှေတိဂုံစေတီ တံဆိပ်ခေါင်း (၄) မျိုးကို စာရေးသူကိုယ်တိုင် အမှန်တကယ် မျက်မြင်တွေ့ရှိပြီးဖြစ်ကြောင်း ရေးသားလိုပါသည်။ ထိုရွှေတိဂုံစေတီပုံဒီဇိုင်းဖြင့် တံဆိပ်ခေါင်းတွင် မြန်မာနိုင်ငံစာပို့ခဟု အဓိပ္ပာယ်ရသည့် BURMA POSTAGE ဟူသည့်စာတန်းနှင့် ၃ပဲဟု အဓိပ္ပာယ်ရှိသည့် THREE ANNASဟူသောစာတန်း များကို ပုံနှိပ်ထားသည်။ တံဆိပ်ခေါင်း (၄) မျိုးမှာ ဒီဇိုင်းတူသော်လည်း အနီ၊ အနက်၊ မရန်းဖျော့နှင့် ခရမ်းညိုဟူ၍ အရောင်များကွဲပြားကြသည်။ တံဆိပ်ခေါင်းစာပေများ၌ ဤ တံဆိပ်ခေါင်း (၄) မျိုး၏အရောင်များကို အနည်းငယ်ကွဲပြားသောအရောင်အမည်များဖြင့် အမျိုးမျိုးရေးသားကြသည်ကို တွေ့ရှိရသည်။

ဂျပန်ခေတ် ရွှေတိဂုံစေတီ တံဆိပ်ခေါင်းများနှင့်ပတ်သက်၍ ဂျပန်တံဆိပ်ခေါင်းအသင်း (JSCA) ၏ တံဆိပ်ခေါင်းကက်တလောက်၌ ၁၉၉၀ ခုနှစ်တွင်မှ ပထမဆုံးအကြိမ် ထည့်သွင်းပါဝင်လာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့အတွက် ရည်ရွယ်၍ ပုံနှိပ်ခဲ့သော်လည်း၊ ဂျာဗားကျွန်း ဗာတာဗီးယား (Batavia) ရှိ ကော်လော့ဖ် (Kolff Co.) ကုမ္ပဏီ၌ မြန်မာတံဆိပ်ခေါင်းများကို ပုံနှိပ်နိုင်ပြီ ဖြစ်သောကြောင့် ရွှေတိဂုံစေတီတံဆိပ်ခေါင်းများကို ဆက်လက်ပုံနှိပ်ခြင်းမပြုတော့ဘဲ ဤအဆင့် (၄မျိုးထိ တစ်ချပ်စီပုံနှိပ်ပြီး) တွင်သာ ရပ်တန့်ခဲ့သည်ဟု ကက်တလောက်ကဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ကမ္ဘာပေါ်၌ ဖော်ပြပါ ရွှေတိဂုံစေတီတံဆိပ်ခေါင်းများမှာ တစ်မျိုးလျှင် အလုံး (၁၀၀) စီသာပေါ်ထွက်ခဲ့သည်။ ဤသို့သော ရှားပါးသည့် အရေအတွက်ကြောင့် တစ်မျိုး၊ တစ်လုံးတည်းကို ဂျပန်ယန်း (၈) သောင်း ဈေးပေါက်ခဲ့သည်။ စင်စစ် ဤရွှေတိဂုံစေတီတံဆိပ်ခေါင်း (အက်ဆေးဟုလည်း ဆိုကြသည်) နှင့်ပတ်သက်၍ ပုံနှိပ်စံနစ်၊ အရောင်သတ်မှတ်မှု၊ မည်သည့်အတွက်ကြောင့် ဆက်လက်ပုံမနှိပ်ခဲ့သနည်း . . . စသည့် အချက်များကို ကွဲပြားသောရေးသားမှုများဖြင့် တံဆိပ်ခေါင်းစာပေများ၌ တွေ့ရှိရသည်။ ဂျပန်တံဆိပ်ခေါင်းများ၏ ပုံနှိပ်လုပ်ငန်းကို ဦးဆောင်တာဝန်ခံခဲ့သူ ယိုကိုဟားမားမြို့ (Yokohama) မှ ဒေါက်တာမိရှိမတိုရှစ်ဆုဂု (Dr. Mishima Toshitsugu) က ၁၉၉၄ ခုနှစ်တွင် မှတ်ချက်ပေးခဲ့သည်မှာ ရွှေတိဂုံစေတီတံဆိပ်ခေါင်းအက်ဆေးများကို တော့ပန်ပုံနှိပ်လုပ်ငန်း (Toppan Printing Co.) တွင် ပုံနှိပ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အခြားရှင်းလင်းချက်များကို ရေးသားခဲ့သည်။ ရွှေတိဂုံစေတီတံဆိပ်ခေါင်းအက်ဆေး (၄) မျိုးကို တစ်ချပ်လျှင် အလုံး (၁၀၀) ပုံနှိပ်ခဲ့သည်ဖြစ်ရာ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့အဖို့ မိမိတို့စုဆောင်းမှုများအတွင်းသို့ 'ရွှေတိဂုံစေတီတံဆိပ်ခေါင်းအက်ဆေး' များကို အရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းအဖြစ်ရေးသားအပ်ပါသည်။

ဂျပန်ခေတ် ရွှေတိဂုံစေတီဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းနောက်တစ်မျိုးမှာ ၁၉၄၃ ခုတွင် ထုတ်ဝေခဲ့သော 'ရွှေတိဂုံစေတီပို့စကတ်' ဖြစ်သည်။ ထိုပို့စကတ်မှာ ဂျပန်ခေတ် မြန်မာ့လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အတွက် စာပို့ဌာနမှထုတ်ဝေသော ပို့စကတ် (၆) မျိုးအနက်မှ (၁) မျိုးဖြစ်သည်။ ယခုအခါ ထိုပို့စကတ်မျိုးမှာ ရှားပါးနေပြီဖြစ်ပြီး၊ ၁၉၈၀ ပြည့်နှစ်ခန့်ကပင်လျှင် တစ်မျိုး တစ်ကတ်ကို ကျပ် (၈) သောင်း၊ (၁)သိန်းဈေးပေါက်ခဲ့သည်ဟု ကြားသိရဖူးသည်။ ရှားပါးသည်ဟုဆိုရာ၌ ဂျပန်ခေတ် လွတ်လပ်ရေးပို့စကတ်အစစ် (genuine) ကို ဆိုလိုသည်။ တစ်ခါတစ်ရံ၌ လမ်းဘေးတံဆိပ်ခေါင်းနှင့် ပို့စကတ်ဆိုင်များတွင် တွေ့ရှိနေရသော ဂျပန်ခေတ် လွတ်လပ်ရေးပို့စကတ်များမှာ ပြန်လည်ထုတ်လုပ် (reproduced)ထားသောကတ်များဖြစ်သည်။ တံဆိပ်ခေါင်းရောင်း-ဝယ်သူ ဦးမြဝင်း



၁၉၃၈ ခုနှစ် ပြိုင်ပွဲဝင်ဆုရ ရွှေတိဂုံစေတီတော်တံဆိပ်ခေါင်းဒီဇိုင်း၊

ဦးစီးခဲ့သောရန်ကုန်တံဆိပ်ခေါင်းဆားဗစ် (Yangon Philatelic Service-YPS) မှ ၁၉၉၄ ခုနှစ်က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဦးမြဝင်း၏အဆိုအရ ဤသို့ ပြန်လည်ထုတ်လုပ်ခြင်းဖြင့် ဂျပန်ခေတ် လွတ်လပ်ရေး ပို့စကတ်ဒီဇိုင်းပုံများကို တွေ့မြင်ဖူးကြပြီး ပို့စကတ်အစစ်များကို မိမိတို့အိမ်၌ တွေ့ရှိလာပါက လက်လွတ်စပယ်လွှင့်ပစ်လိုက်ခြင်းဖြင့် မဆုံးရှုံးကြစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု သိရသည်။ စင်စစ် ဂျပန်ခေတ် ပို့စကတ်မူရင်းနှင့် ပြန်လည်ထုတ်လုပ်သော ပို့စကတ်များ ကွဲပြားခြားနားသည်မှာ သိသာလှပါသည်။

၁။ မူရင်းပို့စကတ်မှာ ဝါကြင့်ကြင့်အရောင်ဖြစ်ပြီး YPS ပို့စကတ်မှာ အတ်ကတ် (art card) ပေါ်၌ ပုံနှိပ်ထားခြင်း။

၂။ မူရင်းဒီဇိုင်းမှာ ကောက်ကြောင်းများသေးငယ်ပြီး ပြန်လည်ထုတ်လုပ်သော YPS ပို့စကတ်မှာ ကောက်ကြောင်းမျဉ်းထူသည်ကို တွေ့ရခြင်း။

၃။ YPS ပို့စကတ်က မူရင်းထက် အရွယ်အစားပိုမိုကြီးမားခြင်း။

၄။ မူရင်းပို့စကတ် နောက်ကျော၌ ဂျပန်ခေတ်က မြန်မာအစိုးရတံဆိပ်ပုံကို ပုံနှိပ်ထားပြီး YPS ပို့စကတ်နောက်ကျောတွင် အင်္ဂလိပ်နှင့် ဂျပန်စာတမ်းများပုံနှိပ်ထားခြင်း . . . စသည်ဖြင့် ခွဲခြားနိုင်သည်။

ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းပစ္စည်းများအနက် ရွှေတိဂုံစေတီဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းနှစ်မျိုးကို ဝါသနာရှင်တို့အနေဖြင့် ရှာဖွေရယူစုဆောင်းနိုင်ပေသည်။

**□ခေတ်သစ်ကာလ ရွှေတိဂုံစေတီဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းများ**

၁၉၅၆ ခုနှစ် ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့် ရွှေတိဂုံစေတီ တံဆိပ်ခေါင်းမှာ တစ်မျိုးတည်းသောရွှေတိဂုံစေတီတံဆိပ်ခေါင်းအဖြစ် နှစ်ပေါင်း (၆၀) နီးပါး စံချိန်တင်ထားနိုင်ခဲ့သည်ဟု အထက်စာပိုဒ်များ၌ ဆိုခဲ့ပြီးဖြစ်သည်။ နှစ် (၆၀) ပြည့်ခါနီးမှ စံချိန်ကျိုးခဲ့ရခြင်းမှာ ယခုနှစ် ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့တွင်ထုတ်ဝေသော တံဆိပ်ခေါင်း (၃) မျိုးအနက် တစ်မျိုးမှာ (၂၀၀)ကျပ် တန်ဖိုးရှိ ရွှေတိဂုံစေတီတံဆိပ်ခေါင်းပါဝင်လာသောကြောင့် ဖြစ်သည်။ ဤတံဆိပ်ခေါင်းမှာ ရွှေတိဂုံစေတီကို အပေါ်စီးမှမြင်တွေ့ရပုံဒီဇိုင်း ဖြစ်သည်။ ထို ၂၀၁၅ လွတ်လပ်ရေးနေ့အတွက် ပုံနှိပ်ရေးနှင့် ပြန်ကြားရေးမှ ပို့စကတ် (၃) မျိုးထုတ်ဝေရာ လွတ်လပ်ရေးတံဆိပ်ခေါင်း (၃) မျိုးပါ ဒီဇိုင်းများအတိုင်း တစ်သဝေမတိမ်း တူညီနေပေသည်။ ဖြစ်နိုင်ခြေရှိသည်မှာ ပုံနှိပ်ရေးနှင့် ပြန်ကြားရေးမှ ထုတ်ဝေသော ပို့စကတ်များပေါ်မှ ဒီဇိုင်းပုံများအတိုင်း တံဆိပ်ခေါင်းအဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ပို့စကတ် ဟူသည်မှာ လက်တစ်ဝါးစာခန့်အရွယ်ရှိပြီး တံဆိပ်ခေါင်းဟူသည်မှာ (၁) လက်မအရွယ်ခန့်သာရှိရာ ပို့စကတ်အရွယ်ဖြင့် ကြည့်ရှု၍ ကောင်းမွန်သော ရွှေတိဂုံစေတီဒီဇိုင်းကို သေးငယ်သော တံဆိပ်ခေါင်းဒီဇိုင်းအဖြစ် အသုံးပြုလိုက်သောအခါ တံဆိပ်ခေါင်းအတွက် ရည်ရွယ်၍ ဒီဇိုင်းထုတ်ခဲ့ခြင်းမဟုတ်သဖြင့် ကြည့်ရှုရသည်မှာ အဆင်ပြေလှသည်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ ထိုနေ့ လွတ်လပ်ရေးနေ့က ဝါသနာရှင်တို့က ရွှေတိဂုံစေတီပို့စကတ်များကို ဝယ်ယူကြ၊ ရွှေတိဂုံစေတီတံဆိပ်ခေါင်းများကပ်ကြပြီး လွတ်လပ်ရေးနေ့ အထူးစာပို့အမှတ်အသားများထုနှိပ်ကြလျက် ရွှေတိဂုံစေတီမက်ဆီမန်ကတ် (maximumcard) များရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြသည်။

မက်ဆီမန်ကတ်ဟူသည်မှာ ပုံအားဖြင့်ပြရသော် 'ရွှေတိဂုံစေတီ' ဟူသောအကြောင်းအရာပါသောပို့စကတ်၊ တံဆိပ်ခေါင်း၊ စာပို့အမှတ်အသား. . . တို့ စုစည်းပါဝင်နေသောကတ်မျိုးကိုခေါ်သည်။

လွတ်လပ်ရေး ရွှေနေ့ကိုပိုင်



www.burmeseclassic.com

www.burmeseclassic.com

...သည်း 'ရွှေတိဂုံစေတီပုံ'ဒီဇိုင်းများ ...ဆိပ်ခေါင်းများပေါ်သို့ ရောက်ခဲ့ပါ ...သေးသည်။ သို့သော် ပေါ်ပေါ်ထင်ထင် ...တ်ဘဲ သေးသေးနုပ်နုပ်ဒီဇိုင်းများ ... ဖြစ်သည်။ ၁၉၆၁ ခုနှစ် ဒုတိယ ...ကြိမ်မြောက် အရှေ့တောင်အာရှကျွန်း ...ယ်အားကစားပွဲ အထိမ်းအမှတ် ပြား ...)တန်တံဆိပ်ခေါင်းတွင် ရွှေတိဂုံဘုရား ... နောက်ခံထားလျက် ကန်တော်ကြီး ...ကမှ မြင်ရသောဒီဇိုင်း ဖြစ်ပါသည်။ ...၅ ခုနှစ် (၅၀) နှစ်မြောက် တပ်မ ...တော်နေ့ဂုဏ်ပြုပြား (၅၀) တန်တံဆိပ် ...င်းပေါ်၌လည်း တော်လှန်ရေးပန်းခြံ ... ရွှေတိဂုံဘုရားပုံကို တွေ့မြင်ရသည်။ ...၀ ပြည့်ကျော်လောက်က မြန်မာ ...ဆိပ်ခေါင်းများကို နိုင်ငံရပ်ခြားတိုင်း ...များသို့ တင်ပို့ရောင်းချရန် မြန်မာ ...တံဆိပ်ခေါင်းအကြံပေးအဖွဲ့(SPAB) ... အစီအစဉ်ဖြင့် ကြိုးပမ်းခဲ့ဖူးသည်။ ...က မြန်မာ့ထုတ်ကုန်-သွင်းကုန် ...င်နီး (MEIC) မှတစ်ဆင့် မြန်မာ ...ဆိပ်ခေါင်းများကိုရောင်းချရန်ကြော်ငြာ ... ထိုကြော်ငြာပေါ်တွင်ရွှေတိဂုံစေတီ ... ပုံနှိပ်ဖော်ပြထားသည်။ မြန်မာနိုင်ငံ ... သင်္ကေတအဖြစ် နိုင်ငံတကာမှ သိရှိ ...ဖြစ်သည့် ရွှေတိဂုံစေတီပုံဒီဇိုင်းကို ...သုံးပြုထားခြင်းဖြစ်သည်။ ဝါသနာရှင် ...က ထိုကြော်ငြာကို ရွှေတိဂုံစေတီ ...ဆိပ်ခေါင်းပစ္စည်းဆိုင်ရာ ခေတ် ...လိုက်ပေါ်ပင်ပစ္စည်း (Ephemera) ...ဖြစ် စုဆောင်းကြသည်။ ယခု ဤ ...ဆောင်းပါးမှာ ဖော်ပြပါ ရွှေတိဂုံစေတီ ...ဆိပ်ခေါင်းပစ္စည်းများကို ရယူ ...ဆောင်းပြီး ရွှေတိဂုံစေတီဆိုင်ရာ ...ဆိပ်ခေါင်းပစ္စည်း စုဆောင်းမှုအဖြစ် ...ပွဲစုဆောင်းနိုင်ရန် တင်ပြထားခြင်း ...သည်။

ကြည်လွင်

...ကားမှုများ -


- ကျော်မြင့်မောင် (၂၀၁၄) 'တံဆိပ်ခေါင်းများပေါ်က ဗုဒ္ဓသာသနာ' ဆိပ်တန်းစာပေ၊ ရန်ကုန်မြို့။
- Dr. Kyaw Win et.al. (2014) "The Toppan Essays". The Burma Fantail Vol 11.No.4.
- Dr. Kyaw Win (2011) "The 1956 Buddha Jayanti Issue" The Burma Fantail Vol 8.No.3.


# ထီး

**ဆရာဦးမောင်မောင်သန်း**

**(ရင်ကိုအေးမြစေသား)**

(၃၂၁) ကြိမ်မြောက် -
ထီးဖွင့်ပွဲကြီးအတွက် -

**တနင်္ဂနွေသားသမီးများ**

စက်တင်ဘာလ ၈၊ ၁၂၊ ၁၃၊ ၁၆၊ ၂၂ ရက်များမှာ ထီထိုးပါ။

တနင်္ဂနွေနံ ဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍အကြော်များနှင့် ဆွမ်းတော်ကပ်ပါ။ နာရီဝက်၊ တစ်နာရီခန့် ဘုရားဝတ်ပြုပါ။ အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလမှာ ၇၊ ၂၊ ၉၊ ၃ ဂဏန်းများနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၃၊ ၁၇၊ ၂၂ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွားပါ။ ပန်းပေါင်းစုံ (၆)မျိုးနှင့် ဘုရားပူဇော်ပါ။ ပြီးရင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ပုတီးစိပ်ခြင်းပြုပါ။ အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလမှာ ၂၊ ၉၊ ၅ ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

စက်တင်ဘာလ ၁၁၊ ၁၄၊ ၁၈၊ ၂၄ ရက်များမှာ ထီထိုးပါ။

သံဃာတော်အရှင်သူမြတ်တစ်ပါးပါးကို ထီးနှင့်ဝတ္ထုငွေများလှူလိုက်ပါ။ ထိုနေ့တွင် ထီထိုးပါ။

အောက်တိုဘာလတွင် ၇၊ ၂၊ ၉၊ ၃ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

စက်တင်ဘာလ ၁၂၊ ၁၅၊ ၂၅ ရက်များမှာ ထီထိုးပါ။

တစ်ရက်အချိန်ယူပါ။ တစ်နေ့တည်း ဘုရား (၉) ဆူပြည့်အောင် လှည့်လည်သွားလာ၍ ဘုရားဖူးပါ။ လှူချင်သလိုလှူပါ။ ပူဇော်ပါ။ ဘုရား (၉)ဆူဖူးပြီးအပြန်မှာထီထိုးပါ။

အောက်တိုဘာလတွင် ၇၊ ၁၊ ၅၊ ၄ ဂဏန်းများ ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

စက်တင်ဘာလ ၁၃၊ ၁၆၊ ၁၉၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွားပါ။ အုန်းဖူးများ၊ အုန်းပန်းများနှင့် ဝေစည်နေအောင်ပူဇော်ပါ။ ပြီးမှ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုပါ။ အပြန်မှာ ထီထိုးပါ။

အောက်တိုဘာလတွင် ၂၊ ၉၊ ၇၊ ၃ ဂဏန်းများနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

စက်တင်ဘာလ ၁၀၊ ၁၄၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား သစ်သီး (၆)မျိုးနှင့် ဆွမ်းတော်ကပ်လှူပါ။ ဒိဝါတပတိဂါထာကို အသံထွက်၍ (၁၀၈)ခေါက်ရအောင် ရွတ်ပါ။ ပြီးမှထီသွားထိုးပါ။

အောက်တိုဘာလတွင် ၇၊ ၁၊ ၂၊ ၄ ဂဏန်းများနှင့်ကံစပ်ပါသည်။

**စနေသားသမီးများ**

စက်တင်ဘာလ ၈၊ ၁၁၊ ၁၅၊ ၁၈၊ ၂၁ ရက်များမှာ ထီထိုးပါ။

အောင်မြင်သောအမိပွာယ်ပါဝင်သည့် သီချင်းသံတစ်မျိုးမျိုးနှင့် ထီသည်လာပြီဆိုလျှင် အိမ်ရှေ့ထွက်၍ ထီထိုးလိုက်ပါ။ ၎င်းနေ့သည် ထီထိုးရက်မဟုတ်လျှင်လည်းနေပါစေ။

အောက်တိုဘာလတွင် ၂၊ ၉၊ ၇၊ ၅ ဂဏန်းများနှင့် ကံစပ်ပါသည်။

စက်တင်ဘာလတွင် -

၁၇ - ၉ - ၂၀၁၅ ကြာသပတေးနေ့နှင့် -

၃၀ - ၉ - ၂၀၁၅ ဗုဒ္ဓဟူးနေ့များတွင် (၇) ရက်သားသမီးများ မည်သူမဆို ထီထိုးဖြစ်အောင်ထိုးပါ။ မိမိ၏မွေးနေ့ကို ဂဏန်းအဖြစ်ထည့်ထိုးပါ။ ဥပမာ ဗုဒ္ဓဟူးသားဖြစ်လျှင် (၄) ဂဏန်းပါပါစေ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

"ဆရာလေး၊ မှတ်မိလား"

"ဟုတ်ကဲ့- မှတ်မိပါတယ် အန်တီ။ ဟိုတစ်ခါလာတုန်းက တရှုပ်ရှုပ်နဲ့ငိုနေလို့ အန်တီငိုလို့ပြီးတဲ့အထိ ကျွန်တော်တောင်စောင့်ပေးခဲ့ရသေးတယ်လေ"

"ဟယ် - ဟုတ်ပ၊ ကြည့်စမ်း မှတ်မိလိုက်တာ"

"လူဒီလောက်များတာတောင်မှတ်မိပါတယ်။ ခုရော အန်တီ အဲ - ကြည့်ရတာ ဒီတစ်ခါတော့ အန်တီ့မျက်နှာလေးကကြည်လို့ပါလား"

"ဟုတ်တယ်၊ အဆင်ကချောလာပြီ။ အဲဒီရန်လုပ်လုပ်နေတဲ့သူကတော် ဈေးမှာ ဆွဲခြင်းကိုနောက်ကဆွဲလိုက်လို့ ဟယ်ဆိုပြီးလှည့်အကြည့် သူကပြုံးပြုံးရယ်ရယ်နဲ့ စကားတွေဘာတွေပြောနေပါရောလား"

"ဟား - ဒါဆို အန်တီအောင်မြင်တယ် ခေါ်တာပေါ့"

"အောင်မြင်တာပေါ့။ ဒါပေမယ့် ဆရာလေးရယ်၊ ဘုရားသွားသွားပြီး တံမြက်စည်းလှည်းရတာငါးခါ။ခြောက်ခါ လောက်ကျမှပဲ အောင်မြင်တော့တယ်။ ပြီးတော့ မဖြစ်နိုင်တာတွေဖြစ်လာလို့ အဲ့လိုကြီးရောရေရှည်ကောင်းပါ့မလား ဆိုပြီး စိတ်ကပူနေရပြန်ပြီ။ သူတို့ကိုမယုံသေးဘူး"

"ယုံလိုက်ပါ အန်တီ၊ အန်တီ့ရဲ့ ကုသိုလ်ကောင်းမှုတွေက အစွမ်းပြလာပါပြီ၊ ယုံလိုက်ပါ။ သူတို့ဒီလိုပဲဆက်ပြီး အန်တီ့အပေါ်ကောင်းသွားပါလိမ့်မယ်။ အန်တီပြုနေတဲ့ ကုသိုလ်ကောင်းမှုကြီး

# မှင်းမြှည့်

## လက်တွေ့အမှိုက်ရှင်း လက်ဝင်းချမ်းသာ





www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ အင်အားကိုယုံပါ။ သံသယမရှိပါနဲ့။ အန်တီ့ကိုကျွန်တော်တောင်ယုံတယ်"

အန်တီ မျက်နှာလေးပြုံးပြီး ဝင်းလာပါတယ်။ ဟိုတစ်ခါနဲ့တော့ ဘာမှမဆိုင်ဘူး တခြားစီ။

"အဲဒါထက် တံမြက်စည်းကမရပ်ရသေးဘူးလားဆရာလေးရယ်၊ ခုဆို အဲ-ရှစ်ခါရှိနေပြီ။ တစ်ပတ်တစ်ခါမပြတ်ဘူးနော"

"ရပါတယ် အန်တီ၊ အဆင်ပြေပြီပဲ။ တစ်လမှတစ်ခါပဲသွားလှည်းတော့ပေါ့၊ ရပါတယ်"

"ကျွန်မကလေ အဲအဲ - အန်တီကလေ"

"ရပါတယ် အန်တီ၊ ပြောလို့ရပါတယ်"

"အဲ - အန်တီကလေ ဆရာလေးခိုင်းလိုက်သလိုပဲ ပါးစပ်က သမ္ဗုဒ္ဓေရွတ်ပြီး ဖြည်းဖြည်းချင်းလှည်း၊ အမှိုက်တွေကိုသေချာကြည့်ပြီး ဪ - ငါ့မှာရှိတဲ့မကောင်းတဲ့အရာမှန်သမျှ ဒီအမှိုက်တွေနဲ့ပါသွားပါရောလား။ ငါဟာတော်တော်လေးကို အတိုက်အခံရန်တွေမရှိတော့တဲ့သူဖြစ်နေပါရောလားဆိုတဲ့စိတ်နဲ့ လှည်းပါတယ်။ တစ်ခါတစ်ခါများဆို ပါးစပ်က အဲလိုကိုရွတ်ပြီးကိုလှည်းတယ်။ ဆရာလေး ပြောထားသလိုပဲ"

"လှည်းတိုင်းပဲလား"

"လှည်းတိုင်းပေါ့၊ ဆရာလေးပြောထားသလိုပဲဆို။ လှည်းတိုင်း အဲလိုစိတ်နဲ့ရွတ်ပြောလိုက်၊ ပါးစပ်နဲ့ရွတ်ပြောလိုက်နဲ့လှည်းတာ၊ နှစ်ခါသုံးခါလည်း လှည်းပြီးရော မရွတ်ဘဲမနေနိုင်တော့ဘူး၊ အကျင့်ပါနေပြီ။ စိတ်ကလည်း ဪ-ဒီအမှိုက်တွေရှင်းသွားလို့ (၇)ရက်သားသမီးတွေ စိတ်ချမ်းချမ်းသာသာဘုရားဖူးရပြီ။ ငါ့မှာကုသိုလ်တွေမနည်းပါလားဆိုပြီး ပီတိတွေလည်းဖြစ်လိုက်တာမှ"

"ဝမ်းသာပါတယ် အန်တီ။ ကျွန်တော့်ရဲ့ အကြံပြုချက်လေးကိုလိုက်လုပ်ပြီး အေးချမ်းသွားတဲ့အကြောင်းလာပြောပြလို့ အန်တီ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်။ အန်တီလာမပြောပြရင် ကျွန်တော်လည်းမသိနိုင်ဘူးလေ"

"ပြောရမှာပေါ့ ဆရာလေးရဲ့။ ပြောရတာက ဒါလောက်လူမြင်တာနဲ့ ပခုံးချင်းဝင်တိုက်၊ စောင်းပြောလုပ်နေတဲ့ သူက ဒီလိုပြောင်းလဲလာတယ်ဆိုတော့ ဆရာလေးကိုလာပြောချင်တာ ပါးစပ်ကိုယားနေတာပဲ"

"တစ်ခုခုနဲ့လည်းချိတ်မိသွားတယ်နဲ့တူပါတယ်"

"ဘာကြီးလဲ"

"ဪ - အန်တီ့ကို သူစကားလာပြောချင်လောက်တဲ့ အကြောင်းတစ်ခုခုနဲ့လည်း ငြိသွားတယ်နဲ့တူတယ်"

"အဲ - အဲဒါလည်းဟုတ်တယ်၊ သူ့အိမ်က ကလေးလေး အန်တီတို့အိမ်ရှေ့မှာ စက်ဘီးနဲ့လဲတော့ အန်တီက အိမ်ရှေ့မှာရပ်နေတာနဲ့ကြုံလို့ ဆွဲထူပြီး ဆေးတွေဘာတွေလဲ အန်တီ့လက်နဲ့ ဒူးခေါင်းကိုလိမ်းပေးလိုက်တာလည်းပါတယ်။ သူတို့က ဈေးကပြန်မလာကြသေးတဲ့အချိန်လေ ဟုတ်တယ်"

"ဒါကြောင့် ကျွန်တော် တွေးနေတာပါ"

"ဒါပေမယ့် ကြမ်းတယ်နော် စရိုက်တွေက။ ပြောမယ်၊ ရန်ဖြစ်မယ်၊ ဘယ်သူကစေ့စေ့လာကြည့်ရဲလဲဆိုတဲ့လူစားတွေ။ ဆရာလေးခိုင်းတာလုပ်ပြီးမှ ပြောင်းလဲပုံတကယ်ထူးသွားတာ"

အဲဒီအန်တီကြောင့်ဖြစ်ခဲ့ရတဲ့ပီတိတွေကိုစဉ်းစားရင်း အဖေနဲ့ခရီးထွက်တုန်းက တိုက်ကြီးမှာ ကားခဏနားနေတုန်း လာနှုတ်ဆက်တဲ့ ဦးလေးကျော်မြင့်ကို ပြေးသတိရလိုက်ပါတယ်။

ဦးလေးကျော်မြင့်ပါ။ မင်းဘူးက အစ်ကိုကျော်မြင့်တော့ မဟုတ်ပါဘူး။ ဟိုက ညီအစ်ကို၊ ဒါက ခင်တာ။

အဲဒီ ဦးလေးကျော်မြင့်လည်း ဒီအတိုင်းပဲ။ သူ့အိမ်မှာ ဟိုလူနဲ့ဒီလူ မတည့်၊ ဒီလူနဲ့ဟိုလူမတည့်တွေဖြစ်ပြီး စကားတွေခဏခဏများ၊ ရန်တွေခဏခဏဖြစ်နေတော့. . .

ကျွန်တော်ဟောတဲ့အချိန်နဲ့တိုက်နေလို့ ကျွန်တော်ပဲပြောခဲ့ရတဲ့ဦးလေးမှတ်မိတယ်။

"ဦးလေးဘုရားတစ်ဆူဆူကိုသွား၊ တံမြက်စည်းသွားလှည်း၊ အမှိုက်တွေကိုကြည့်။ ဟာ - ငါ့ရဲ့မကောင်းတာမှန်သမျှ ဒီအမှိုက်တွေနဲ့ပါကုန်ပြီ။ ငါ့မှာမကောင်းတာတွေမရှိတော့ပါလားဆိုပြီး စိတ်နဲ့ပြော၊ ပါးစပ်နဲ့လည်းပြော၊ ဘာမှမရွတ်နဲ့ ဒါပဲပြောနေပြီးလှည်း"

လို့ပြောလိုက်ရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့မှ တော်တော်လေး အမှိုက်တွေရှင်းသွားတော့မှ 'အင်း - ခုနစ်ရက်သားသမီးတွေဘုရားဖူးလာရင် ဘယ်အမှိုက်မှမရှိတော့ဘူး။ ရှင်းသန့်ပြီး ပြောင်နေပြီ။ ငါ့မှာကုသိုလ်တွေမနည်းဘူးရနေပါလားဆိုပြီး အဲဒီပီတိကိုပဲ ထပ်တလဲလဲခံစားနေခိုင်းတော့တယ်။ လုပ်ခိုင်းလိုက်တာကတော့ (၁၅) ကြိမ်ပဲ။ ဦးလေးက တနင်္လာသားဆိုတော့လေ။

အဲဒါ တိုက်ကြီးမှာ အဆာပြေမုန့်ထိုင်စားနေကြတုန်း လာပြောတယ်ဗျာ။ ခပ်လှမ်းလှမ်းက လှမ်းမြင်လိုက်လို့တဲ့။ အဖေ့ကိုတောင် ပြောတာမဟုတ်ဘူး၊ ကျွန်တော့်ဆီကိုတန်းလာပြီးပြောတာ။ အဖေက ဘေးနားကထိုင်ပြီး မုန့်စားရင်း ပြုံးလို့ပေါ့။ ဘာမှဝင်မစွက်ဘူး၊ နားပဲထောင်နေတယ်။

"လူလေး လုပ်ခိုင်းလိုက်တာ (၇) ကြိမ်လောက်လည်းပြီးရော စထူးလာတယ်"

ဆိုတဲ့ စကားကစတာပါပဲ။

ဟုတ်ပါတယ်။ သူဟာ ကျွန်တော်နဲ့တွေ့စဉ်ကသူ့ကိုယ်သူတောင်သတ်သေချင်စိတ်တွေဖြစ်ရပါတယ်ဆိုတဲ့စကားကို သုံးခါတိတိပြောခဲ့တယ်။ သူ့သားသမီးတွေတစ်ယောက်တစ်ပေါက်ဖြစ်နေကြတာကိုဘယ်လိုမှပတ်ထုတ်လို့မရလို့ အိမ်က အိမ်ပူကြီးဖြစ်နေတယ်ဆိုပြီး မျက်နှာဟာတော်တော်ပျက်နေရှာပါတယ်။ သူဘယ်ကိုထွက်ပြေးပြီး ဘယ်မှာသွားနေလို့နေရမှန်းတောင်မသိပါဘူးတဲ့။

ဟော - ခုများတော့တခြားစီ။ ပြုံးနေလိုက်တာများ ပါးစုန့်လေးတွေတောင်ဖောင်းလို့။ အဲဒီဦးလေးဟာ တကယ်တော့ ရုပ်ချောပါလားလို့တောင် စိတ်ထဲကတွေးနေမိပါသေးတယ်။

"လူလေးရေ အေးလာပြီ၊ သိပ်မဖြစ်ကြတော့ဘူး။ စကားနိုင်လုရင်တောင် တစ်ယောက်နဲ့ တစ်ယောက် ရယ်ရယ်မောမောဖြစ်နေကြတယ်။ ဟိုအရင်တုန်းကလို ငါးစိမ်းတန်းထဲမှာထိုင်နေရသလို မဟုတ်တော့ဘူး"

ဆိုပြီး ပြောပါတယ်။

"အရင်က လူလေးနဲ့ပထမအကြိမ်လာတွေ့တုန်းက ငါးညှီနံ့တွေကိုဟောင်နေတာပဲ။ ဟော - ခုများတော့ ရေချိုးပြီးပြီတဲ့"

ဆိုပြီး အားရပါးရနဲ့ရယ်ရင်း ပြောပြပါတယ်။

ရယ်ပြလိုက်ပါတယ်။ သူဆိုလိုချင်တာက သူ့သားသမီးတွေအိမ်ပူတာငါးစိမ်းတန်းမှာ ငါးသည်တွေရန်ဖြစ်သလိုဖြစ်နေတာကို တင်စားလိုက်တာပါ။ တော်တော်ပြောတတ်တဲ့ဦးလေး။

မင်းဘူးကအစ်ကိုကျော်မြင့်လည်း ဒီအတိုင်းပဲ။ ပုံတိုပတ်စ ဥပမာလေးတွေနဲ့ ပြောတတ်ပါရဲ့။ ရယ်ရတာ အရမ်းပဲ။ ဒီဦးလေးအတိုင်းပဲ။

"လူလေးနဲ့ ဒီမှာလာတွေ့တာ ဘယ်လိုဝမ်းသာမှန်းမသိဘူး။ ဘယ်သွားကြမလို့လဲ"

လို့ မေးလို့ -

"ကျွန်တော့်အဒေါ် ရှိတဲ့ ဇီးကုန်းကိုသွားကြမလို့"

ဆိုပြီး ပြောရင်း ကျွန်တော်တို့စားနေတာကို သူ့ဧည့်ခံပါရစေတဲ့။ အဖေ့ကိုကြည့်ပြီးရယ်နေတော့ အဖေကပြုံးပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။

ပြီးတော့မှ -

"လူလေး၊ ဒါဆို ရန်ကုန်ကိုမလာတော့ဘူး။ ဒီမှာပဲလမ်းကြုံမေးတယ်ပြောလည်း ဦးလေးခံပါ့မယ်။ တစ်ခွန်းတည်းပါ"

ဆိုပြီး လက်ညှိုးလေးထောင်ရင်း-

"ဦးလေး (၁၅) ခါပြည့်တဲ့အထိ သွားလှည်းရုံပဲလား။ ထပ်လှည်းချင်ရင် သွားသွားလှည်းနေလို့မရဘူးလား"

လို့ မေးပါတယ်။

"ရပါတယ်၊ ဦးလေးစေတနာပေါ့"

ဆိုလိုက်တော့ -

"ဟာ - လုပ်ကိုလုပ်ချင်နေတာ၊ ဦးလေးကို စိတ်ချမ်းသာသွားစေတာ ဒီကုသိုလ်ကြီးပဲ။ လူလေးပေးလိုက်တာ (၁၅) ခါပြည့်လည်း အချိန်ရရင်ရသလို သွားလှည်းတော့မယ်။ မလှည်းရရင် မနေနိုင်ပေါင်"

ဆိုလို့ ကျွန်တော်တောင် ရယ်ရပါသေးတယ်။

ဟုတ်ပါတယ်။

စိတ်ချမ်းသာစရာတွေကိုဖြစ်လာစေတဲ့ ဒီအမှိုက်ရှင်းနည်းလေးဟာ လူတော်တော်များများကိုတော့ပေးခဲ့ပြီးပါပြီ။

ငါးယောက်လောက်ပေးလိုက်ရင် လေးယောက်ကတော့ တန်းထူးခြားတာပဲ။ လာလာမြောကြသူတွေလည်းရှိပါတယ်။

အစ်ကိုတစ်ယောက်ဆိုရင် သူ့အလုပ်ထဲမှာ သူ့ကိုအကောင်းမမြင်တာ။ သူ့ရဲ့အထက်လူကြီးကလည်း သူ့ကိုဖိ၊ အောက်လူကလည်း သူ့စကားနားမထောင်။ သူ့မှာစိတ်တွေဆင်းရဲပြီး အလုပ်ကတောင်ထွက်ချင်လွန်းလို့မစားနိုင်မအိပ်နိုင်အလုပ်တွေကလည်းများ။

ဘယ်ရမလဲ၊ အဲဒီနည်းကိုပဲပေးလိုက်တာပေါ့။

သူကကြာတယ်၊ ဆယ်ခါကျော်မှထူးတယ်။ သူက ရွှေတိဂုံဘုရားကြီးရင်ပြင်တော်မှာ သွားသွားလှည်းတာ။ သူ့ကိစ္စတွေက တော်တော်ဆိုးနေတော့ ဆယ်ခါနဲ့တောင်မထူးဘူး။ ကျော်မှထူးတယ်။ သူပြောပြတယ်၊ ညီလေးရာတဲ့ အစ်ကိုလေ အမှိုက်တွေကိုကြည့်ပြီး ငါ့ရဲ့ မကောင်းတာမှန်သမျှ ဒီအမှိုက်တွေထဲပါသွားကုန်ပြီလို့ပြောရင်းလှည်းတာ ကြက်သီးတောင်ထတယ်တဲ့။

ပြီးတော့ သူ့ဟာသူလုပ်တာရှိသေးတယ်။ တွေ့တဲ့အမှိုက်တွေကို ကောက်ပြီး ကောက်တိုင်းကောက်တိုင်းမှာ -

"ကဲ - ငါ့မှာရှိတဲ့မကောင်းတာတွေ ဒီအမှိုက်နဲ့အတူအမှိုက်ပုံးထဲလိုက်သွားတော့"

ဆိုပြီးပြောတယ်တဲ့။ ဒါကတော့ သူ့ဟာသူလုပ်တာ။

အဲဒီအစ်ကို သုံးလလောက်ကြာမှ ပြန်ရောက်လာတယ်။ သူ့မှာတက်ကြွလို့ ပုဆိုးလှလှလေး လက်ထဲမှာကိုင်လာပြီး ညီလေးအတွက် လက်ဆောင်ဆိုတော့ အံ့အားသင့်နေတုန်း ခုနကိစ္စတွေ သူ့ အဆင်ပြေလာတာပြောပြပါတော့တယ်။

ဝမ်းသာလိုက်တာ။

အဲဒီလိုတွေစိတ်ချမ်းသာသွားကြလေ ဝမ်းသာလေပါပဲ။

ကျန်းမာရေးအတွက်တော့ မပေးဖူးပါဘူး။ ဒါကစိတ်ဆင်းရဲနေရတာတွေ ရန်များနေရတာတွေအတွက်သာပေးတာပါ။

ဒီလိုတွေအဆင်ပြေကြတော့ သူ တို့စိတ်ချမ်းသာသလို ကိုယ်တိုင်လည်း စိတ်ချမ်းသာလိုက်တာမှ။

လာလာပြောကြတဲ့သူတွေများလာ ပေမယ့် ခရီးသွားရာကပြန်ရောက်လာ ခါစမှာလာပြောတဲ့အန်တီရယ်၊ ခရီးသွား တုန်း တိုက်ကြီးမှာဆုံခဲ့ရတဲ့ဦးလေးကျော် မြင့်ရယ်က အခုလောလောဆယ် ... နွေးနွေး စိတ်ချမ်းသာ ဝမ်းသာရလို့ ... ဆောင်းပါးလေးဖြစ်လာခဲ့ရတာပါ။

*အများကြီးကြိုးစားသွားပါဦးမယ်*

...ပြည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုး(ရန်ကင်း)

# ပန်းချီမှ ရုပ်ရှင်ဖြစ်လာသည့် "ဇယဒိသ" ဇာတ်ကားကြီး

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် မိရသံတမေ အစရှိသော ဂါထာတော်ဖြင့် တန်ဆာဆင်အပ်သော ဤဇယဒိသဇာတ်တော်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အမိအဘကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ရဟန်းတို့ -

"ရှေးပညာရှိတို့သည် ရွှေပန်းကိုလည်းကောင်း၊ ထီးဖြူကိုလည်းကောင်း စွန့်၍ မိဘတို့ကိုလုပ်ကျွေးဖူးကုန်ပြီ"

ဟု သဗ္ဗညုမြတ်စွာဘုရားသည် မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

(ဇယဒိသမြင်ကွင်းကျယ်ဇာတ်ကားကြီးသည် ဤအချိန်အခါမှစ၍ မြစ်ဖျားခံယူခဲ့လေသည်။)

ဘုရားဟော တိသနိပါတ်လာ 'ဇယဒိသ' ဇာတ်ကားကြီးကို ဒါရိုက်တာစာရေးဆရာသုခက ၁၉၆၁ ခုနှစ်က ရိုက်ကူးတင်ဆက်ခဲ့ပေသည်။ ဇယဒိသဇာတ်ကားကြီးမှာ ဇာတ်လမ်းအားကောင်သလောက် ဇာတ်ကောင်အားလည်း တောင့်တင်းလှပေသည်။ ဆရာသုခကိုယ်တိုင်နှင့် ဇေယျ၊ ဘကွန်း၊ မင်းသားသစ် အောင်မင်း၊ ကြည်ကြည်ဌေး၊ ခင်မေထွေး၊ မေမေဝင်း၊ ကြယ်နီ၊ စိန်ခင်တို့ ခေါင်းဆောင်ပါဝင်ထားကြလေသည်။

## ၁ ဇယဒိသဇာတ်လမ်းအကျဉ်း

လွန်လေပြီးသောအခါက ဝိလတိုင်း ဥတ္တရာဥ္စာလမြို့၌ ပဥ္စာလအမည်ရှိသည့် မင်းကြီးတစ်ပါး မင်းပြုအုပ်ချုပ်လေ၏။ ထိုမင်းကြီးတွင် အဂ္ဂဒေဝီအမည်ရှိသော မိဖုရားကြီးတစ်ပါးရှိလေသည်။

ရှေးဘဝက တစ်ယောက်သော မိန်းမ၊နှန်သူသည် 'ထိုမိဖုရားကြီးမွေးဖွားတိုင်း သားများကိုစားခြင်းငှာ စွမ်းနိုင်သည့်ကိုယ်ဖြစ်ရပါလို၏' ဟု ဆုတောင်းခဲ့သဖြင့် ယခုဘဝဝယ် ဘီလူးမဖြစ်ခဲ့သည်။



ပန်းချီဆရာ ဦးမြတ်ကျော်၏

ထိုဘီလူးမသည် အစောင့်အကြပ်များကြားမှ မိဖုရားကြီးမွေးဖွားခဲ့သော သားများကို ခိုးယူစားခဲ့ပြီးနောက် တတိယမြောက်သောသားတော်အလှည့်သို့ ရောက်ခဲ့လေသည်။ ထိုသားတော်အလှည့်တွင် အစောင့်အကြပ်များစွာချထားပြီးဖြစ်နေ၍ နန်းတွင်း၌စားရန်ခက်သဖြင့် ခိုးပြေးခဲ့ရာမှ ကလေးအငိုတိတ်စေရန် ဘီလူးမက နို့ချိုတိုက်ကျွေးခဲ့သည်။

ဤသို့ဖြင့် တောတွင်းသို့ရောက်ရှိခဲ့ပြီးစားမည်ပြုစဉ် မိမိ၏နို့ကိုစို့ထားသော ကလေးငယ်အား မစားရက်နိုင်တော့ဘဲ မိခင်မေတ္တာဖြင့် သားအမှတ်မွေးစားစောင့်ရှောက်ခဲ့လေသည်။

နန်းတွင်း၌လည်း စတုတ္ထမြောက်သားတော်ကို မွေးဖွားရာ ဘီလူးမလာရောက်မနှောင့်ယှက်တော့သဖြင့် ရန်သူကို အောင်မြင်သည့် အထိမ်းအမှတ်နှင့် ထိုသားတော်အား ဇယဒိသဟု အမည်မှည့်ခဲ့ကြ၏။



ဤရုပ်ရှင်ပန်းချီမှ သက်ဝင်လှုပ်ရှားလာမည့် ရသေ့ကြီးသို့




www.burmeseclassic.com

www.burmeseclassic.com









တောတွင်း၌ ဘီလူးမသည် ထုံး ၏မွေးစားသားငယ်ကို လူသားများမွေး မွေးခဲ့ခြင်းဖြင့် ထိုသားငယ်မှာ ကြီးထွား သန်စွမ်းခဲ့ရတော့သည်။

သို့ဖြင့် လူသားစားမွေးစားသား သည် ပေါရိသာဒအမည်တွင်ကာ တော တွင်းရောက်လာသမျှသော လူသတ္တဝါ မှန်သမျှကို ဖမ်းယူသတ်ဖြတ်စားသော နေလျက်ရှိလေ၏။

တစ်ဖက်နန်းတွင်း၌လည်း ပဥ္စာ မင်းကြီး၏ သားတော် ဇယဒိသသည် ချစ်သူကြင်ရာတော်လောင်းကလေးနှ ပျော်မြူးနေ၏။

မကြာမီ အနှီ ဇယဒိသမင်းသား သည် မင်းအဖြစ်သို့ရောက်ရှိကာ တိုင်း ပြည်အား ကွပ်ကဲအုပ်ချုပ်ခဲ့လေသည်။

အဆိုပါ ဇယဒိသမင်းတွင် အလီ သတ္တုအမည်ရှိသော သားတော်တစ်ပါး ထွန်းကားခဲ့ပြီး ၎င်းအား အိမ်ရှေ့အရာ ပေးကာ ဘဒ္ဒဝတီနှင့် လက်ဆက်ပေး ထားခဲ့သည်။ တစ်နေ့သော် ဇယဒိသ မင်း တောကစားထွက်အံ့ဆဲဆဲ တ သိုလ်ပြည်မှ နန္ဒအမည်ရှိ ပုဏ္ဏား ကဿပမြတ်စွာဘုရား၏ သထာရ လေးဂါထာကို ကြားနာရန် တိုက်တွ လျှောက်ထားရာ ဇယဒိသမင်းက တော ကစားပြန်ရာမှ ကြားနာအံ့ဟု ချိန်း ၏။

သို့ဖြင့် ဇယဒိသမင်းသည် တော ကစားထွက်တော်မူလာပြီး 'လူများသော် လည်း ပွဲမစည်၊ တစ်ယောက်စီ တို ရည်သွေးရအောင်' ဟု သူ၏ ခြွေရံ ပင်းများအား မိန့်တော်မူကာ တစ်ကိုယ် တည်းတောတွင်းသို့ထွက်ခဲ့ရာ -

တောနက်တွင် လူသားစား ပေါ သာဒနှင့်ဆုံမိပြီး ဖမ်းဆီးခြင်းခံရလေ ပေါရိသာဒက ဇယဒိသမင်းအားသတ် စားအံ့ဆဲဆဲတွင် သထာရဟာလေးဂါ ကို ကြားနာပြီးမှ တောတွင်းသို့ တစ် ပြန်လာပြီး အစားခံပါရစေဟုသော ဖြင့် မင်းကြီးမှာ ပြန်ခွင့်ရရှိခဲ့သည်။

မင်းကြီးသည် နန်းတော်သို့ လည်ရောက်ရှိလာပြီး ပုဏ္ဏား၏ ဂါ များကို ကြားနာပြီးသော် သား အလီနသတ္တုအား မင်းအဖြစ်သို့ လွှဲ ၍ ဘီလူးစားခံရန် တောတွင်းသို့ပြ မည်ပြုသည်တွင် သားတော်အလီန မင်းသားက ဖခင်ကိုယ်စား အသက် ကျေးဇူးဆပ်ခွင့်တောင်းပန်ရာ ခ တော်၊ မယ်တော်နှင့် အမတ်ကြီး အမျိုးမျိုးတားမြစ်ကြသော်လည်း မင်း

www.burmeseclassic.com

www.burmeseclassic.com









မှာ နားမဝင်တော့ဘဲ ဇွတ်အတင်း
တောတွင်းသို့ထွက်ခဲ့၏။

အလီနသတ္တုမင်းသားသည် တော
တွင်းသို့ရောက်ခဲ့ပြီး ဘီလူးနှင့်တွေ့လေ
သော် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် ဘီလူး
အားဆုံးမ၏။ ထိုမျှမက ပေါရိသာဒ
အား သင်သည် ဘီလူးစစ်စစ် မဟုတ်၊
သာမန်လူသားတစ်ဦးမျှသာဖြစ်ရမည်ဟု
ပြောဆိုသဖြင့် ပေါရိသာဒက မင်းသား
အား တောတွင်းရှိ ဒိဗ္ဗစက္ခုရသောရသေ့
ကြီးထံ အဆုံးအဖြတ်ခံရန် ခေါ်ဆောင်
သွားခဲ့သည်တွင် ရသေ့ကြီး၏ပြော
ကြားချက်အရ ပေါရိသာဒသည် သာမန်
လူသားဖြစ်ရုံမျှမက ဇယဒိသ၏ နောင်
တော်အရင်းဖြစ်ကြောင်း သိရှိခဲ့ရ၍ တူ
တော်မင်းသားငယ်၏ တိုင်းပြည်သို့ခေါ်
ခြင်းကိုပင် ငြင်းပယ်ကာ ရသေ့ကြီးထံ
တရားကျင့်ရန် ကျန်ရစ်ခဲ့လေ၏။

အလီနသတ္တုမင်းသား ဘီလူးဘေး
လွတ်မြောက်၍ တိုင်းပြည်သို့ချောမော
ပြန်လည်ဆိုက်ရောက်လာခါ ခမည်း
တော် မယ်တော်တို့အား အကြောင်းစုံ
လျှောက်ထားလေသော် ဇယဒိသမင်း
ကြီးတော်တိုင် တောတွင်းရှိ နောင်တော်
အား တိုင်းပြည်ကို အုပ်စိုးမင်းပြုစေခြင်း
ငှာ ပင့်ဖိတ်ရန်တပ်တော်များခင်း၍ ထွက်
တော်မူလာခဲ့လေ၏။

တရားဖြင့် မွေ့လျော်နေပြီဖြစ်
သော နောင်တော်ပေါရိသာဒထံမှောက်
ရောက်ကြလေသော် သူတော်ကောင်း
တရားနှင့်သာ တစ်သက်ပန် မွေ့လျော်
တော့မည်ဖြစ်၍ လူဝတ်ကြောင်သို့ ပြန်
လိုက်လိုတော့ပြီဟု အတန်တန်ငြင်း
ဆန်လိုက်သဖြင့် ဇယဒိသမင်းနှင့် သား
တော် အလီနသတ္တုမင်းသားတို့သည်
တပ်တော်ကိုခေါက်လျက် တိုင်းပြည်သို့
ပြန်လည်ထွက်ခွာခဲ့ရလေတော့သတည်း။

**ဇာတ်ဝင်သရုပ်ဆောင်ကြသူများ**

ဇယဒိသမြင်ကွင်းကျယ်ဇာတ်ကား
တွင် ဇယဒိသမင်းအဖြစ် မင်းသားကြီး
ဦးညျ၊ ဘီလူးမကြီးအသွင်အဖြစ်
မင်းသမီးကြီး မေမေဝင်း၊ ဘီလူးမ၏
သား ပေါရိသာဒအဖြစ် မင်းသားဘကွန်း
က သရုပ်ဆောင်ထားသည်။ မင်းသမီး
မှာ ကြည်ကြည်ဌေးကမူ ဇယဒိသမင်း
၏ချစ်သူကြင်ရာတော်လောင်းကလေး
အဖြစ်လည်းကောင်း၊ မိဖုရားကြီးအဖြစ်
လည်းကောင်း သရုပ်ဆောင်ထားသလို
ဇာတ်ကား၏ အထွတ်အထိပ်တောတွင်း
ဒိဗ္ဗစက္ခုရသော ရသေ့သူတော်စင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဗမာ့တပ်မတော်အင်ဂျင်နီယာတပ်ရင်း၊ မေမြို့တွင် သင်တန်းဆင်းအပြီး ကျောင်းအုပ်ဗိုလ်ကြီးနှင့်အတူ အောင်မင်း (ဝိုင်းပြထားသည်) ကို တွေ့ရ

အဖြစ် ဒါရိုက်တာ စာရေးဆရာသုခ ကိုယ်တိုင်က ပါဝင်သရုပ်ဆောင်ခဲ့လေသည်။

## ◻ အနုပညာသည်ချင်းပေါင်းစည်းမှု

ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားကြီးများတွင် ဓာတ်ပုံအယူအဆများသည် ပန်းချီကားချပ်များသဖွယ်ရှိနေတတ်ကြ၏။

ကမ္ဘာကျော် 'စစ်နှင့်ငြိမ်းချမ်းရေး' ဇာတ်ကား၌ တော်ဝင်ပန်းချီကားများပမာ ရိုက်ကွက်များစွာ ပါဝင်ခဲ့သည်။ ခရစ်တော်ဇာတ်လမ်းဖြစ်သော 'ပည်တော်ဆယ်ပါး' ဇာတ်ကားဆိုလျှင် ဒါရိုက်တာ စီစီဒီမီးလ်သည် ဒုတိယအကြိမ် ၁၉၆၀ ပြည့်နှစ်က ရိုက်ကူးရာတွင် ဆေးရောင်စုံမြင်ကွင်းကျယ်အဖြစ် လက်ထောက်ဒါရိုက်တာပေါင်း (၉၀)ဖြင့် ဘက်စုံအခန်းကဏ္ဍအသီးသီးခွဲ၍တာဝန်ပေးခဲ့သည်။ ထိုလက်ထောက်ဒါရိုက်တာများထဲတွင် အတ်ဒါရိုက်တာအမြောက်အမြားပါဝင်ခဲ့လေသည်။ ရုပ်ရှင်ဇာတ်လမ်းပါ အခမ်းအနားကို ရေးဆွဲစေပြီးမှ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

ထို့အတူပင် 'ဆာဂျီအမ်အိုင်စင်စတိန်း' ကလည်း 'အီဗန်သည်တာရီဘီလ်' ဇာတ်ကားအတွက် ကိုယ်တိုင်ဇာတ်ညွှန်းရေး၊ ကိုယ်တိုင်ဇာတ်ဝင်ပုံကြမ်းပန်းချီများရေးဆွဲလျက် ရိုက်ကူးခဲ့သည်။ ကမ္ဘာကျော် 'ဘင်ဟာ'ဇာတ်ကားကြီးကို ဒုတိယအကြိမ်ပြန်လည်ရိုက်ကူးရာတွင်လည်း ဝီလျံဟိုးလ်ဒင်းနှင့် အက်ဝပ်ကာဖက်နီတို့နှစ်ယောက်ကို အတ်ဒါရိုက်တာအဖြစ် ငှားရမ်းကာ ဆက်တင်ပေါင်းသုံးရာအတွက် ပန်းချီပုံကြမ်းပေါင်း (၁၅၀၀၀) ကို ငါးနှစ်ကြာ သုံတေသနပြုခဲ့ပြီးမှ (၁၄) လကြာ ဆောက်လုပ်



ရိုက်ကူးခဲ့သည်။ ထိုဇာတ်ကားတွင် အတ်ဒါရိုက်တာ၏ အခန်းကဏ္ဍမှာ အရေးပါအရာရောက်ခဲ့သလို အကယ်ဒမီဆုပေါင်း (၁၁) ဆုရရှိခဲ့သည့်အထဲ၌ အတ်ဒါရိုက်တာဆုလည်း အပါအဝင်ဖြစ်ခဲ့ရလေသည်။

ဤကဲ့သို့ ကမ္ဘာ့ရုပ်ရှင်လောကတွင် အတ်ဒါရိုက်တာ၏ အခန်းကဏ္ဍကို အလေးအနက်ထားကာ အကူအညီအများဆုံးရယူခဲ့ရသလို မြန်မာ့ရုပ်ရှင်လောက၌လည်း အတ်ဒါရိုက်တာအဖြစ် ပန်းချီဆရာကြီးများ၏ အကူအညီများ ရယူခဲ့ရသည်။ ရုပ်ရှင်ဇာတ်ဝင်ခန်းများ၌ ပုံကြမ်းပန်းချီရေးဆွဲစေပြီး ရိုက်ကူးထုတ်လုပ်ခဲ့သည့် ဇာတ်ကားများလည်း ရှိခဲ့ပေသည်။

## ◻ ဆက်တင်တာဝန်ခံ(သို့)အတ်ဒါရိုက်တာ

ရှေးခေတ်မြန်မာ့ရုပ်ရှင်လောကတွင် အတ်ဒါရိုက်တာဟူ၍ ခေါ်ဆိုခဲ့ခြင်း မတွေ့ရပေ။ အတ်ဒါရိုက်တာအစား ဆက်တင်တာဝန်ခံဟုသာ သုံးနှုန်း ကြောင်း လေ့လာ တွေ့ရှိရပါသည် ဒါရိုက်တာ ဦးဘရှင်သည် ဆက်တင် အခမ်းအနားတွင် နာမည်ထင်ရှားခဲ့ ဖြစ်ကြောင်း သိရလေသည်။

အတ်ဒါရိုက်တာဆိုသောဝေါဟာ ကို အစောဆုံးအဖြစ် ၁၉၆၀ ပြည့် လောက်မှသာ ရှုမဝဦးကျော်က ပန် ဦးမြတ်ကျော်ကို အတ်ဒါရိုက်တာအ ကူညီရန် ဆွေးနွေးခဲ့ဖူးကြောင်း မှ သားခဲ့ရပါသည်။

စာရေးဆရာ မင်းအောင်ရိုက် သော 'အမုန်း၏နောက်ဝယ်' ဇာတ် နှင့် ရှုမဝဦးကျော်၏ 'ရင်ဝယ်တသိမ့် ဇာတ်ကားတို့တွင် ပန်းချီဆရာ 'ဦးဘရင်ကလေး' ကို လည်းကော စာရေးဆရာသုခ၏ 'ဇယဒိသ' မြင် ကျယ် ဇာတ်ကား၌ ပန်းချီဦးမြတ် ကို လည်းကောင်း၊ စာရေးဆရာဦး (သွေးသောက်) ၏ 'မေတ္တာနုနုစေ ဇာတ်ကား၌ 'ဗဂျီအောင်စိုး' အား ကောင်း၊ ဒါရိုက်တာကြည်စိုးထွန်း 'သူကျွန်မခံပြီ' ဇာတ်ကားတွင် စာ ဆရာချစ်ဦးညိုကို လည်းကောင်း အ ဒါရိုက်တာအဖြစ် နေရာထားတာဝ ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပေ

ဤသို့ အတ်ဒါရိုက်တာအ စာပေ၊ ပန်းချီလောကမှ ပညာ သည် မည်သို့သောအခန်းကဏ္ဍမှ တာဝန်ယူ လုပ်ဆောင်ခဲ့ရပါသ ဥပမာ 'အမုန်း၏နောက်ဝယ်' ဇာတ် တွင် အတ်ဒါရိုက်တာ ပန်းချီဦး လေး၏ ကူညီမှုကြောင့် ဓာတ် အဆာရှုထောင့်တို့မှာ ပန်းချီဆန် နေခဲ့သလို ဇာတ်ဝင်ခန်းပါ ဝန် ၏ ကိုယ်ဟန်ပြမယ်အဖြစ် ရုပ်



www.burmeseclassic.com

www.burmeseclassic.com

ရသော မင်းသမီး နုနုလွင်၏ ကိုယ်နေဟန်ပြအနေအထားအား လှလှပပကြွကြွရွရွကလေးရှိလာစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

စာရေးဆရာ ဒါရိုက်တာသုခက ဇယဒိသမြင်ကွင်းကျယ်ဇာတ်ကားရိုက်ကူးခဲ့စဉ်က အတ်ဒါရိုက်တာအဖြစ် ပန်းချီဦးမြတ်ကျော်ကို ခေါ်ယူခဲ့သည်။ ပန်းချီဦးမြတ်ကျော်သည် 'ဘီလပ်ပြန်ဦးဘဉာဏ်' နှင့် ပိုစတာပန်းချီတွင် နာမည်ကြီးခဲ့သော 'ဦးငွေကိုင်' တို့၏ တပည့်ဖြစ်ခဲ့ပြီး အောဝမ်းရုပ်ရှင်၏ ပန်းချီဆရာတစ်ဦးလည်းဖြစ်သည်။

## ❏ အတ်ဒါရိုက်တာ၏ပညာ

ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးရာ၌ အသုံးပြုရမည့် ဆက်တင်ခေါ် အခန်းအနား အဆောက်အအုံတို့ကို တကယ် အမာခံ သစ်ဝါးပစ္စည်းတို့ဖြင့် မဆောက်လုပ်မီ ဒီဇိုင်းဆရာ သို့မဟုတ် ပန်းချီဆရာတို့က ပုံစံထုတ်ရပါသည်။

ဇာတ်ညွှန်းကို ကြေးအများနိုင်ဆုံးများပြီးမှ ရိုက်ကူးသော ရုပ်ရှင်သည် အမှားအယွင်းနည်း၍ သဘာဝကျကျ အကောင်းဆုံးထွက်ပေါ်လာနိုင်သကဲ့သို့ ဒီဇိုင်းပုံစံကြမ်းတွင်ကြေးများပြီးမှဆောက်လုပ်သော ဆက်တင်အခန်းအနားသည်လည်း အကောင်းဆုံးနှင့် သဘာဝအကျဆုံးဖြစ်လာနိုင်သည်။ မူလက ဒီဇိုင်းပုံစံ မထုတ်ခဲ့ဘဲ ဆက်တင်ကြီးတစ်ခုလုံး ဆောက်လုပ်ပြီးမှ မကြိုက်လို့ပြင်ရသည်မှာ အလဟဿဆုံးရှုံးမှုသာ ဖြစ်သည်။ သို့မဟုတ် နှမြော၍ ပြန်မပြင်ဘဲ ဇွတ်ရိုက်ကူးပါကလည်း သဘာဝကျမှုမှ လက်လွှတ်ရပေမည်။

ဇယဒိသမြင်ကွင်းကျယ်ဇာတ်ကားတွင်မူ ဘာမဆို ပန်းချီမှ ရုပ်ရှင်သို့ဖြစ်လာရပေသည်။

ယုတ်ဆွအဆုံးပြောရသော် ဆက်တင်အခန်းအနားသာလျှင်မဟုတ်၊ ပါဝင်သူများ၏ ပုံပန်းသဏ္ဌာန်ကိုပင် ပန်းချီဆရာက ရုပ်ပုံထုတ်ပေးရ၏။ ထုတ်ပေးသောရုပ်ပုံမှ တကယ့်လူလုံးများ ဖြစ်လာကြသည်။

ပန်းချီဆရာ ဦးမြတ်ကျော်၏ ပုံကြမ်းထုတ်ပေးသော စိပ်ပုတီးနှင့်မုတ်ဆိတ်ဆရာကြီးယောဂီ၏ရုပ်ပုံကိုကြည့်ပါ။ ဒါရိုက်တာဦးသုခကြေးများခဲ့သော ပုံကြမ်းများအနက်မှ နောက်ဆုံးအတည်ပြုသောပုံ ဖြစ်၏။ ထိုပန်းချီမှ ဇယဒိယ ရုပ်ရှင်ဇာတ်ကားတွင် အရေးကြီးသော ဆရာရသေ့ကြီး (ယောဂီ) အခန်းကို ဒါရိုက်တာ စာရေးဆရာသုခကိုယ်တိုင် ရသေ့ကြီးအဖြစ် ပါဝင်သရုပ်ဆောင်လိုက်သည်။ သရုပ်ဆောင်ယောဂီကြီး ပုံကိုကြည့်ပါ။ မြန်မာရုပ်ရှင်ပြဇာတ်အများအပြားတွင် ရသေ့ဆိုလျှင် ဦးခေါင်းပေါ်၌ ဒေါက်ခြာဆောင်းထားရသည်ဟူသောအမြင်နှင့်မတူ ကွဲပြားခြားနားနေလေသည်။ ရုပ်ရှင်ဒါရိုက်တာသည် ပန်းချီဆရာမဟုတ်ပေ။ သူလိုချင်သောပုံစံသည် သူ့ဦးခေါင်း၌သာရှိသည်။ လက်သမားဆရာ၊ ဆက်တင်ဆရာများကို ပုံဆွဲ၍မပြတတ်ပေ။ ထိုအခါ ပန်းချီဆရာနှင့် ဒါရိုက်တာ ပူးပေါင်း၍လုပ်ဆောင်ခြင်းဖြင့် အောင်မြင်မှုရနိုင်သည်။ စက္ကူတစ်ရွက်ပေါ်တွင် အချိန်အနည်းငယ်အတွင်း ပန်းချီဆရာကရေးဆွဲပြ၍ ဒါရိုက်တာက ကြေးများနိုင်သည်။ သို့ဖြင့် မိမိလိုချင်သောပုံစံသည် ထွက်လာသည်။ ပန်းချီဆရာ (အတ်ဒါရိုက်တာ) နှင့်သာ ကြိုတင်၍ တိုင်ပင်ခြင်းမရှိပါက လက်သမားဆရာ၊ ဆက်တင်ဆရာတို့ ဆောက်လုပ်ပြသောပုံစံများကိုကြေးများနေလျှင် အချိန်ကုန်လူပန်း နောက်ဆုံး ကြေးမများနိုင်တော့ဘဲ ရှိရင်းအတိုင်း ရိုက်လိုက်ရပေတော့မည်။

## ❏ ကမ္မဋ္ဌာန်းတဲတစ်လုံး

တောခေါင်ခေါင်တွင် ထိုရသေ့ယောဂီကြီးနေရန် ကမ္မဋ္ဌာန်းတဲတစ်လုံး လိုနေသည်။ ပန်းချီဆရာက တဲပုံစံတစ်ခုရေးလိုက်၏။ ဆရာသုခက တဲပုံစံကို ကြည့်ကာ ခေါင်းခါလိုက်သည်။



**တောရ ယောဂီပုဂ္ဂိုလ်ကြီးအဖြစ် ပါဝင်မည့် ဒါရိုက်တာ သုခ**



**တဲပုံစံ (၁)**

"ဒီတဲက ရိုးရိုးလူတွေနေတဲ့ပုံစံမျိုးပဲ"

ဟု ဆိုလိုက်သည်။

(တဲပုံစံ - ၁ ကိုကြည့်ပါ။)

ပန်းချီဆရာက ထိုတဲပုံစံမှ ဘေးအဖီများကိုဖြုတ်၍ တဲခေါင်ပေါ်တွင် ဘုန်းကြီးကျောင်းဆန်ဆန် ဘုံဆင့်လေးတစ်ဆင့်ထပ်တက်ပြီး တဲပုံကြမ်းနောက်တစ်ခုကို ဒါရိုက်တာလက်ထဲ ထိုးထည့်ပေးလိုက်ပြန်သည်။

သို့ပေမယ့် စာရေးဆရာ ဒါရိုက်တာသုခက ခေါင်းခါလိုက်ပြီး -



**တဲပုံစံ (၂)**

"လူနေတဲ့တဲနဲ့တော့ မတူတော့ပေမယ့် တဲက အပေါ်ဆင့်တွေဘာတွေနဲ့ဖြစ်နေပြန်တော့ လက်သမားအတတ်ကို ကောင်းကောင်းတတ်မှ ဒီလိုတဲမျိုး



**ပန်းချီပုံစံကိုကြည့်၍ ဆက်တင်ဆရာတို့ ဆောက်လုပ်လိုက်သော တဲ (သစ်ရွက်တို့ဖြင့် ကာရံထားသည်)**



www.burmeseclassic.com

www.burmeseclassic.com

ဆောက်နိုင်မှာဗျ။ အခုတောကြီးထဲမှာ ဘယ်လက်သမားကမှလာပြီး ကျကျနန ဆောက်ပေးမှာလဲမဟုတ်ဘူး။ဒါသဘာဝ မကျဘူးထင်တယ်။ ထပ်ပြီးကြိုးစားပါဦး"

ဟု ပြောလိုက်ပြန်သည်။

ထို့ကြောင့် ပန်းချီဆရာသည် ခေါင်ပေါ်မှ ဘုံအဆင့်ကလေးကို ဖြုတ်လိုက်ကာ ခေါင်မြင့်မြင့်နှင့် အလွယ်တကူဆောက်လုပ်နိုင်သော တဲပုံတစ်ခု ထပ်ရေးလိုက်သည်။

(ပုံစံ - ၃ကိုကြည့်ပါ။)



တဲပုံစံ (၃)



ပန်းချီဆရာ ကိုဘသစ်က မေမေဝင်းကို ဘဝပြောင်းမိတ်ကပ် ပြုလုပ်ပေးနေစဉ်







ဇယားဒီသမြင်ကွင်းကျယ်တွင် အစွမ်းထုတ်ပြမည့် ဘီလူးမကြီး မေမေဝင်း

"ဟုတ်ပြီဗျို့ ကြိုက်ပြီ။ ကဲ-ဆက်တင်ဆရာတို့လာကြ။ ဒီပုံစံမျိုးအတိုင်းသာ ဆောက်ကြပေတော့"

ဟု ဒါရိုက်တာသုခက ပြောလိုက်ပြီး ပန်းချီဆရာဦးမြတ်ကျော်ကို ဖက်လိုက်သည်။

ဤသို့ ကြေးများ၍ ကြိုးစားခဲ့ကြခြင်းကြောင့် နောက်ဆုံးတွင် ပန်းချီပုံကြမ်းမှတစ်ဆင့် လိုရာပုံသဏ္ဍာန်ကို ရုပ်ရှင်ဖလင်ကော်ပြားပေါ်၌ စိတ်ကြိုက်ဖန်တီးနိုင်ခဲ့ရတော့၏။

ပန်းချီမှ ရုပ်ရှင်ဖြစ်လာသော အခန်းပေါင်းများစွာသည် ဇယားဒီသမြင်ကွင်းကျယ်ဇာတ်ကားကြီးတွင် အပြည့်အဝကြည့်ရှုခံစားကြရပါလိမ့်မည်ဟု ရဲရဲဝံ့ဝံ့အာမခံကာကြော်ငြာနိုင်ခဲ့လေသည်။

**၂ ကမ္ဘာ့ထွန်းစျာန်ဝင်သွားသော ဒါရိုက်တာစာရေးဆရာသုခ**

ဇယားဒီသမြင်ကွင်းကျယ်ဇာတ်ကားတွင် ဒါရိုက်တာစာရေးဆရာသုခကိုယ်တိုင် ဒိဗ္ဗစက္ခုရသောရသေ့ကြီးအသွင်ဖြင့်ပါဝင်ရာ သူကမ္ဘာ့ဈာန်းထိုင်သောနေရာအတွက် ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယနယ် တောကြီးမျက်မည်းထဲတွင် လိုက်လံရှာဖွေခဲ့ကြသည်။

အလွန်မြင့်မားသော တောင်ကြီးများပေါ်မှ စီးကျလာသော စမ်းချောင်းကလေးတစ်ခု၏ဘေးတွင်အရိပ်အာဝါသ အလွန်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်ကို တွေ့ကြရသည်။

ထိုနေရာကို ဒါရိုက်တာသုခက အတ်ဒါရိုက်တာ ဦးမြတ်ကျော်နှင့်အတူ ရွေးချယ်လိုက်ပြီး သစ်ပင်ကြီးခြေရင်း၌ ကမ္ဘာ့ဈာန်းထိုင်ရန် ဆင့်ကလေးတစ်ခုကို ထိုး၏။ ထိုဆင့်ကလေးသည် စမ်းချောင်းကလေးပေါ်သို့ မိုး၍ထွက်နေသည်။ ရုပ်ရှင်ရိုက်ကူးရမည့်အခန်းမှာ တောတွင်း၌ ကမ္ဘာ့ဈာန်းထိုင်နေသူ ရသေ့ကြီးအား လူသားစား ပေါရိသာဒက တွေ့သွား၍ သတ်စားရန် အနီးသို့ချဉ်းကပ်လာမည့်အခန်း ဖြစ်သည်။

ဒါရိုက်တာသုခက ရုပ်ရှင်မရိုက်မီ ဤသို့မှာကြား၏။

"ကျုပ်ကိုမရိုက်မီ ပထမ ၁၊ ၂၊ ၃၊ ၄၊. . . ၁၅အထိ စိတ်ထဲကရေတွက်ကြပါ။ (၁၅) ရောက်မှ စပြီးတကယ်ရိုက်ပေတော့"

ဟူ၏။

ခါတ်ပုံရိုက်သူများမှာ ဘာ အတွက် ယခုလိုမှာသည်ကို နားမလည်



www.burmeseclassic.com

www.burmeseclassic.com

ကြပေ။ သို့သော် ဒါရိုက်တာညွှန်ကြားသည့်အတိုင်းပင် -

"ဟုတ်ကဲ့"

ဟု ပြောလိုက်ကြရသည်။

ရသေ့ကြီးအသွင် ရုပ်ပြောင်းထားသူ ဒါရိုက်တာသုခသည် သစ်ပင်ကြီးခြေရင်းရှိ ဆင့်ကလေးပေါ်သို့ တက်ထိုင်လိုက်သည်။ ကင်မရာများကလည်း အားလုံးအဆင်သင့်ပြင်ထားကြ၏။

"ကဲ - ရိုက်ကြတော့ပေ့"

ဟု ဒါရိုက်တာသုခက ပြောလိုက်၏။ သို့သော် ရုပ်ရှင်ရိုက်သူများက မရိုက်သေးဘဲ မှာကြားထားသည့်အတိုင်း စိတ်ထဲမှ ၁၊ ၂၊ ၃၊ ၄ စသည်ဖြင့် ၁၅ အထိ ရေတွက်နေကြသည်။ ပြီးမှစတင်ရိုက်ကူးကြသည်။

ရသေ့ကြီးအသွင်ဆောင်ထားသော သုခကား ရုပ်ရှင်ရိုက်ကူးသူများ၏ စိတ်ထဲကရေတွက်နေသော အမှတ်စဉ် ၁၂ သို့ရောက်သည့်အချိန်တွင်ကမ္ဘာလောကကြီးကို မေ့၍နေပြီဖြစ်သည်။ ရုပ်ရှင်ရိုက်ကူးသူများဘာတွေလုပ်နေသည်ကိုလည်းမသိတော့ပေ။

ဒါရိုက်တာစာရေးဆရာသုခသည် တကယ်ပင်ကမ္မဋ္ဌာန်းထိုင်ပစ်လိုက်သည်။ သူ၏ ကမ္မဋ္ဌာန်းထိုင်ရာ စင်မြင့်ကလေးအောက်ရှိ အေးမြကြည်လင်လှသော စမ်းချောင်းကလေးအတွင်းသို့ အာရုံစူးစိုက်ကြည့်ရင်းက ရုပ်ရှင်ရိုက်သူတို့ ရေတွက်နေသော ၁၂ အရောက်တွင် သူသည် တကယ်ပင်ကမ္မဋ္ဌာန်းစျာန်ဝင်သွားလေပြီ။

**▫ ရုပ်ရှင်ရိုက်အဖွဲ့ဝင်တစ်ဦး၏ကိုယ်တွေ့**

ယခုကဲ့သို့ ဒါရိုက်တာ စာရေးဆရာသုခလုပ်ခြင်းမှာ တကယ်ကမ္မဋ္ဌာန်းထိုင်နေသူတစ်ဦး၏မျက်နှာဥပမိရုပ်ကို လိုချင်သောကြောင့် ဖြစ်သည်။

"ပထမ ၁၊ ၂၊ ၃၊ ၄ ရေတွက်နေတုန်းကမျက်နှာနဲ့ ၁၂ ရောက်ပြီးမှ



**မကွေးရာကိုယ်တော်သစ်+ နဂါးတိုခင်မကြီးတို့၏ တတိယမြောက်သမီးတော်ကလေး ခင်မေထွေး (ခေါ်) မကွေးရာထိပ်တင်ထွေး**

မျက်နှာဟာ လုံးဝမတူတော့ဘူးဗျို့။ တစ်ခါတည်းပြောင်းသွားတာပဲ"

ဟု ထိုစဉ်က ရုပ်ရှင်ရိုက်အဖွဲ့ဝင်တစ်ဦးက သူ၏ ကိုယ်တွေ့ကို ပြောပြသည်။

**▫ ဘဝပြောင်းမိတ်ကပ်**

ဇယဒိသမြင်ကွင်းကျယ်တွင် အစွမ်းထုတ်ပြသည့် မင်းသမီးကြီးမှာ မေမေဝင်းဖြစ်သည်။ ချောမောလှပခံ့ညားလှသော လက်ဟောင်းမင်းသမီးကြီး မေမေဝင်းကို ပန်းချီဆရာကိုဘသစ်က ဘီလူးမကြီးအသွင်အဖြစ် ဘဝပြောင်းပေးပုံကို ဘဝပြောင်းမိတ်ကပ်ပြုလုပ်ပေးနေစဉ် တစ်ဆင့်စီ ဓာတ်ပုံဆရာက မှတ်တမ်းတင်ထားပါသည်။

ပန်းချီဆရာက ပထမဦးဆုံး မေမေဝင်း၏မျက်နှာပေါ်တွင် စုတ်တံဖြင့် မျဉ်းကြောင်းများပေးလိုက်သည်။ ထို့နောက် နဖူးမောက်၊နှာရောင်ကောက်ရမည့် အသားဆေးရောင်များကို တဖြည်းဖြည်းဖြည့်သွား၏။ နောက်ဆုံး မျက်ခုံးမွေးထူထူဖြစ်အောင် အမွေးအမှင်များကပ်လိုက်ပြီး သွားစိုက်ဆရာဝန်ထံမှ အထူးပြုလုပ်ပေးထားသော အစွယ်ကြီးကို ပါးစပ်တွင်းထည့်လိုက်ရာ ကြောက်ခမန်းလိလိ ဘီလူးမကြီးမေမေဝင်းဖြစ်သွားပါတော့သည်။

**▫ မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများပေါ်ထွက်ရေး**

ကမ္ဘာ့ရုပ်ရှင်လောကတွင် ဇာတ်ဝင်ခန်းများအတွက် ကြီးကျယ်ခမ်းနားသော သမိုင်းဝင်ရုပ်ကွက်ကြီးများ၊ မြို့များကို ငွေကုန်ကြေးကျများစွာသုံးစွဲ၍ တည်ဆောက်ခဲ့ခြင်းကို ဒေါက်တာဇီဗားဂိုး၊ ဘင်ဟာ၊ ဂန္ဒီ၊ ပညတ်တော်ဆယ်ပါး၊ စစ်နှင့်ငြိမ်းချမ်းရေး၊ လောရင့်အော့ဖ်အာရေဗျ' စသော ဂန္တဝင်ဇာတ်ကားကြီးများက သက်သေထူခဲ့ကြသည်။

ထိုဇာတ်ကားများ ကမ္ဘာကျော်အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်ခဲ့ရခြင်းမှာလည်း ဇာတ်ညွှန်းရေးဆရာ အတ်ဒါရိုက်တာခေါ် အနုပညာဆိုင်ရာ ဒါရိုက်တာနှင့် ဇာတ်ကားတာဝန်ခံဒါရိုက်တာတို့သုံးဦးသုံးဖလှယ် အနုပညာသည်ချင်း ခေါင်းချင်းဆိုင်ပေါင်းစည်း တိုင်ပင်ခဲ့ခြင်းများ၏ ရလဒ်ဟုဆိုက မမှားတန်ရာပေ။ ထို့အတူပင် မြန်မာ့ရုပ်ရှင်လောက၌လည်း ကမ္ဘာ့ရုပ်ရှင်လောကကဲ့သို့ပင် စာပေ၊ ဂီတ၊ ပန်းချီလောကနှင့် ရုပ်ရှင်လောကတို့၏ အနုပညာသည်အချင်းချင်း ပေါင်းစည်းလျက် အဆင့်မြင့်ရုပ်ရှင်ဇာတ်ကားကောင်းများ ပေါ်ထွက်လာနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရပေမည်။

ကိုတိုး (ရန်ကင်း)

**ကိုးကား -**

၁။ တာဝန်ခံအယ်ဒီတာ ရှင်လုံး၏ ဇယဒိသစာစောင်

၂။ အမှတ်မသိ မိုးဂျာနယ်မှ မောင်ကြော့ဝေ၏ အနုပညာသည်ချင်း ပေါင်းစည်းမှုပန်းတိုင်





www.burmeseclassic.com

www.burmeseclassic.com

# လှမြင့်

## ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အဂ္ဂိရတ်ဝါသနာ

စာပေ၊လွတ်လပ်ရေးနှင့်ငြိမ်းချမ်းရေးဖခင်ကြီးဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်း(ခရစ်နှစ်၁၈၇၆-၁၉၆၄)သည် ရှေးမြန်မာမှုလောကီပညာတစ်ခုဖြစ်သော အဂ္ဂိရတ်ပညာကို ငယ်ရွယ်စဉ်ကပင် ဝါသနာထုံခဲ့သည်။ အဂ္ဂိရတ်ပညာဟူသည် ပြဒါး၊ သံ စသည်တို့ကို သေအောင် ဖိုထိုးသော အတတ်ပညာရပ် ဖြစ်သည်။ အဂ္ဂိရတ်ပညာကို မြန်မာ့လောကီရေးပညာတွင် ဖိုထိုးသည့် အတတ်ပညာဟူ၍ ခေါ်ဝေါ်သတ်မှတ်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အသက် (၁၀) နှစ်သားအရွယ် မောင်လွန်းဘဝကပင် မိခင်၏ မောင်အကြီးဖြစ်သော ဘုန်းတော်ကြီးဦးနန္ဒိယနှင့်အတူ မန္တလေးမြို့ မြတောင်ကျောင်းတိုက်၌ နေထိုင်စဉ်ကပင် ဝါသနာပါခဲ့သည်။ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝရောက်စအချိန်တွင် ဘုန်းတော်ကြီးဦးနန္ဒိယနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့တူဝရီးနှစ်ဦးသည် စစ်ကိုင်းဘက်သို့ ကူးပြောင်းနေထိုင်ကာ အရှင်သခင်ပါတော်မူခဲ့ရခြင်းနှင့် သူ့ကျွန်ဘဝဖြစ်ရခြင်းတို့ကို အလွန်ဝမ်းနည်းကြေကွဲစွာ ခံစားရမှုကိုအရင်းခံလျက် အဂ္ဂိရတ်ဖိုထိုးပညာကို တစိုက်မတ်မတ် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းကို -

❑ *ဘရောက်ဘရက်နှင့် နောက်ပျက်ပျက်အရှုးလိုပ၊ အနောက်ဖက်ကူးကာ၊ တောင်စဉ်စစ်ကိုင်းတွင်ဖြင့်၊ ချောင်မြင့်တိုင်းမှာ မောင်ရင်မှိုင်းကြီး ဗိုလ်ဝင်ခံလို့မို့ ဟိုအရင်ယမန်မက်မိသည့်သမထတစ်မျိုးပေပ၊ ဖိုပလ္လင်ပုံမှာ အဂ္ဂိရတ် ရက်ရှိမျှ ထိုးရာက -*

ဟူ၍ ဒေါင်းအိုးဝေမဂ္ဂဇင်းဘွဲ့လေးချိုးကြီးတွင် ရင်ဖွင့်ခံစား ရေးဖွဲ့တင်ပြခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေးသားပြုစုခဲ့သော ဗိုလ်ဋီကာ၊ ဒေါင်းဋီကာ၊ ခွေးဋီကာ၊ ခွေးဂဏ္ဍီ၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဍီ၊ စသော ဋီကာကျမ်းနှင့် ဂဏ္ဍီကျမ်းများတွင်လည်း ရသေ့ကြီးမစ္စတာမောင်မှိုင်း၏ စစ်ကိုင်းတောင်



www.burmeseclassic.com

...သည်ရိုးတစ်လျှောက်၌ ဖိုထိုးပုံ၊ဖားဂမုန်းရှာဖွေပုံ၊ ရွှေဖြစ်ငွေဖြစ်အောင် ဝါယမ...က်၍ အင်္ဂရတ်ဖိုထိုးခဲ့မှုများကို ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ငယ်ရွယ်စဉ် မောင်လွန်း (အသက် ၁၃ နှစ်ဝန်းကျင်) ဘဝကပင် ဦးကြီးဘုန်းကြီးဖြစ်သော ဦးနန္ဒိယ၏အင်္ဂရတ်ဖိုထိုးပညာကို ဝါသနာပါခဲ့ပြီး လူလားမြောက်သည့်အရွယ်အထိ အညာတောရွာဒေသများနှင့် ဇာတိ ပြည်ခရိုင် ရွှေတောင်မြို့များတွင် အင်္ဂရတ်ဖိုထိုးပညာနှင့်လုပ်ငန်းကို အဆက်မပြတ် ပြုလုပ်ခဲ့သည်။ ရွှေတောင်မြို့ ဗိုလ်ရုံကျောင်း၊ မော်လမြိုင်မြို့ တောင်ပိုင်းကျောင်းများတွင်လည်းကောင်း၊ ဝါသနာတူသော အင်္ဂရတ်ပညာရှင်များနှင့်အတူ သထုံ၊ ဇင်းကျိုက်တောင်များသို့လည်း သွားရောက်ခဲ့သည်။ ရန်ကုန်မြို့သို့ ရောက်ရှိ၍ အခြေချနေထိုင်သောအချိန်များတွင်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ရန်ကုန်မြို့ပေါ်ရှိ ဖိုထိုးဝါသနာပါသော ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဖိုထိုးမှုပြုခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် အင်္ဂရတ်ဖိုထိုးပညာကို အသက် ၁၃ နှစ်ရွယ် ၁၈၈၅ ခုနှစ်ဝန်းကျင်မှ ဂျပန်ခေတ် ၁၉၄၂-၄၃ ခုနှစ်ဝန်းကျင်အထိ နှစ်ပေါင်း (၆၀) နီးပါးမျှ ဝါသနာဖြင့် အဆက်မပြတ် ပြုလုပ်ခဲ့ကြောင်း မှတ်သားသိရှိရသည်။ ဂျပန်ခေတ်တွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရန်ကုန်မြို့ ရွှေတောင်ကြားရပ် အိမ်ကြီးတစ်အိမ်၌ ခေတ္တနေထိုင်စဉ် အိမ်နောက်ဖေး၌ ဖိုတဲကြီးဆောက်လုပ်၍ ပဲခူးမြို့မှ ဘုန်းတော်ကြီးတစ်ပါးနှင့်အတူ ဖိုထိုးနေထိုင်ခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အင်္ဂရတ်ပညာရပ်ဖြစ်သော ဖိုထိုးပညာကို ဝါသနာပါခြင်း၊ အဆက်မပြတ်ပြုလုပ်ခဲ့ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ...ကီအကျိုးဖြစ်သော အသက်ရှည်လိုမှု၊ ရွှေဖြစ်၊ ငွေဖြစ်ချမ်းသာလိုမှုဟူသော အတ္တ၏ အကျိုးစီးပွားအတွက် ရည်မှန်းပြုလုပ်ခြင်းမျိုးမဟုတ်ပေ။ ကျွန်ဘဝတွင် ဆင်းရဲတွင်းနက်နေသော အလုပ်သမားများ၊ လယ်သမားများ၊ ...မန် လက်လုပ်လက်စား ဆင်းရဲသားများအား ပေးကမ်းထောက်ပံ့နိုင်စေရေး၊ လွတ်လပ်ရေးအတွက် ငွေကြေးထောက်ပံ့ဆောင်ရွက်နိုင်ရေး ဟူသော ပရဟိတစိတ်ထား အရင်းခံလျက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဆရာကြီးကိုယ်တိုင် ဖော်ထုတ်ပြောဆိုခဲ့သည်။ မြန်မာပြည် လွတ်လပ်ရေးရဖို့အတွက်၊ ဆင်းရဲသား မြန်မာလူထုတစ်ရပ်လုံး ချမ်းသာစေရေးအတွက် ဂဠုန်စားချက်လုပ်ရပ်ဖြစ်သည် ဟူ၍ ပြောဆိုခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း (မစ္စတာမောင်မှိုင်း) ရေးသားပြုစုခဲ့သော မျောက်ဂဏ္ဍိကတွင် -

၂ *ယောဂီကဝိ (မစ္စတာမောင်မှိုင်း) သည်၊ လောကီ၏ ကြီးပွားရာကြီးပွားကြောင်း၊ ရှေးဟောင်းပညာဟု ဆိုအပ်သော လုပ်ရတ်အတတ်၊ အင်္ဂရတ်ထိုးခြင်း၌၊ မကင်းဝါသနာ အထုံပါသည့်အတိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ရွှေဘို၊ ထိုထိုသော ပညာတစ်ခွင်၊ တောင်စဉ်တောင်တန်းတို့၌၊ ရှောင်ဖမ်းယင်း၊ ပြဒါးမသေသဖြင့်၊ အကြေဒဂုံ၊ သထုံနယ်၊ ဇင်းကျိုက်သို့၊ နဝင်းကိုက်၊ အင်းကိုက်၊ ဆင်းလိုက်၍စုန်ခဲ့လေရာ၊ အဆိုပါ ဇင်းကျိုက်တောင်ကြီးသို့ ခရီးသင့်ဆိုက်ရောက်သဖြင့်တဲ့ -*

ဟူ၍ လည်းကောင်း -

မိမိ အင်္ဂရတ်ပညာဖိုထိုးနေခြင်းသည် မိမိအကျိုးစီးပွားအတွက်မဟုတ်ကြောင်း ကျွန်ဘဝတွင် ဆင်းရဲတွင်းနှစ်နေကြသော ပြည်သူလူထုအတွက်ဖြစ်ကြောင်းကိုလည်း -

၂ *ကိုယ့်အမျိုးဘာသာတွေ၊ ငွေရတတ်ယောင်တဲ့။ ဖိုထိုးကာ တစ်နေရပ်တဲ့အပြင်၊ မြေလတ်နယ် သရေခေတ်တွင်မှ၊ ရွှေဖြစ်အောင် ဆရာကြံမဟုတ်လို့-*

ဟူသော လေးချိုးကြီးဖြင့် လည်းကောင်း မိမိ၏ အင်္ဂရတ်ဖိုထိုးဝါသနာပါမှုနှင့် လုပ်ဆောင်မှုများကို ရေးဖွဲ့မှတ်တမ်းတင်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ငယ်ရွယ်စဉ်နှင့် လူလတ်ပိုင်းအရွယ်တွင် အင်္ဂရတ်ဖိုထိုးပညာကို ဝါသနာထုံခဲ့သော်လည်း နောက်ပိုင်းတွင် ဝါသနာအလျောက် အပျင်းပြေသဘော လုပ်ကိုင်ခဲ့ကြောင်းကိုလည်း ရွှေဖြစ်၊ ငွေဖြစ် အဖြူ အဝါလမ်းဘွဲ့စီးပွားရေးလေးချိုးကဗျာကြီးတွင် -

၁ *မက်လဲမက်စရာ၊ လူတကာကိုဖမ်းနေကြ၊ လက်ဝဲလက်ယာ၊ အဖြူအဝါနှစ်လမ်းဟာကြောင့်၊ ရှက်ပဲရှက်သကွာ၊ လူမှာဖြင့် နွမ်းလှပေ့၊ (ဩော်) အမျိုးမျိုးအခန်းခန်း ကြိုးကြိုးပမ်းပမ်းရယ်နှင့်၊ ထိုးထိုးပြီးဆယ်ပေမယ့် မိုးကြိုးလမ်းကိုမှ မဖြစ်ပါ -*

ဟူ၍လည်းကောင်း-

၁ *သဘောအနေ၊ စေတနာရွှင်ရွှင်နှင့်၊ ပြေမြန်မာတစ်ခွင်မှာ၊ ရွှေပဒေသာပင်၊ ငွေပဒေသာပင်ပေါက်ကရော့ဟဲ့လို့၊ ရောက်တတ်ရာရာ ကိုယ့်အထင်နှင့်၊ လျှိုဝင်မှာ ဖိုဆင်လို့ထိုးပေမယ့်၊ အမျိုးကိုအသပြာ ရွှေငွေမထောက်နိုင်တဲ့ပြင်၊ အဘိုးအိုဇရာ၊ အခြေလဲရောက်ခဲ့ပေ့၊ သေပေါက်တယ်မဝေး -*

ဟူ၍ လည်းကောင်း -

ဖိုထိုးသော်လည်း မိမိရည်မှန်းချက်အတိုင်းဖြစ်မလာဘဲ အို၍သေရတော့မည်သာဖြစ်ကြောင်းကိုလည်း ရေးဖွဲ့ဖွင့်ဟ ဝန်ခံတင်ပြခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မိမိ၏ငယ်စဉ်ဘဝနှင့် လူလတ်ပိုင်းဘဝများ၌ အင်္ဂရတ်ဖိုထိုးပညာကို ဝါသနာပါမှုဖြင့် လေ့လာလိုက်စားခဲ့၏။ အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍လည်း အင်္ဂရတ်ဖိုထိုးပညာကို လုပ်ဆောင်ခဲ့သည်။ ထိုအချိန်က အင်္ဂရတ်ဖိုထိုးပညာအစွမ်းဖြင့် ရွှေငွေဖြစ်ချမ်းသာလာခဲ့လျှင် မြန်မာဆင်းရဲသားပြည်သူလူထုအပေါင်းနှင့် လွတ်လပ်ရေးအတွက် အသုံးချရန် ရည်စူးခဲ့သည်။ အင်္ဂရတ်ဖိုထိုးခြင်းကြောင့် မိမိ၏အသက်ရှည်ခြင်း၊ပစ္စည်းဥစ္စာချမ်းသာခြင်း၊တန်ခိုးကျော်စောမှုရှိစေခြင်းတို့ကို မမက်မောခဲ့ပေ။

အသက်အရွယ်ရလာချိန်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မိမိ၏ အင်္ဂရတ်ပညာဝါသနာပါမှုနှင့် ဖိုထိုးခဲ့ခြင်း၏အကျိုးကျေးဇူးကို ဤသို့ဖော်ထုတ်မိန့်ကြားခဲ့သည်။

"အင်္ဂရတ်သမားဟာ ဖိုထိုးနေရင် လူရဲ့အာရုံဟာ အင်္ဂရတ်ဖိုထိုးမှုတစ်ခုတည်းအပေါ်တွင်သာ အာရုံရှိနေတယ်။ တခြားကို လုံးဝစိတ်မပျံ့လွင့်ဘူး။ ဒါဟာ သမထတစ်မျိုးပဲ။ အကုသိုလ်ငြိမ်းတယ်လို့လည်း ယုံပါတယ်"

လှမြင့် (ရန်ကုန်ဘဏ္ဍာသိုက်)

**ကျမ်းကိုး -**

၁။ သခင်ကိုယ်တော်မှိုင်းလေးချိုးပေါင်းချုပ်(ပထမအုပ်) (ရွှေကိုင်းသားတည်းဖြတ်)
၂။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း (လူထုဒေါ်အမာ)



www.burmeseclassic.com

www.burmeseclassic.com

တကယ်ဆိုလျှင် ငါးညှီနံ့ ဆိုသည်မှာ ပျို့အန်ချင်စိတ်ပေါက်လောက်အောင် နံစော်သည့် မနှစ်မြို့ဖွယ်အနံ့ဖြစ်သော်လည်း ယခု ငါးညှီနံ့ကတော့ သင်းသင်းကလေးမွှေးနေပါသည်။

ဘာဖြစ်လို့လဲ။

ဘာကြောင့်ပါလဲ။

❑

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဖြစ်ပါသည်။

ကျွန်တော် ဒုတိယတပ်ရင်းမှူးအဆင့်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့တွင်ရှိသော နယ်မြေခံတပ်ရင်းတစ်ရင်းတွင် တာဝန်ထမ်းဆောင်ရန် အမိန့်ထွက်သည်မို့ ရန်ကုန်မြို့မှ မြိတ်မြို့သို့ လေယာဉ်ဖြင့် ပြောင်းရွှေ့လာပြီး မြိတ်မြို့မှတစ်ဆင့် စက်လှေဖြင့် ဘုတ်ပြင်းသို့ ဆက်လက်ပြောင်းရွှေ့ခဲ့ပါသည်။

ဇနီးနှင့် သားငယ်ကို ပြင်ဦးလွင်တွင်ထားခဲ့ပြီး တစ်ကိုယ်ရေတစ်ကာယမို့ ဝန်စည်စလယ်မများလှပါ။

ထိုစဉ်က ဘုတ်ပြင်းဆိပ်ကမ်းမှာ မော်လမြိုင်ဆိပ်ကမ်း၊ မြိတ်ဆိပ်ကမ်းတို့ကဲ့သို့ ဆိပ်ကမ်းကြီးမဟုတ်ဘဲ ရေတက်ရေကျကိုချိန်ပြီး ချောင်းငယ်ကလေးမှတစ်ဆင့်ဝင်ရသောဆိပ်ကမ်းငယ်လေးသာ ဖြစ်ပါသည်။

# မျိုးညွန့်ဦး

## ငါးညှီနံ့မွှေး





www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ပြင်းဆိပ်ကမ်းကိုခြေချလိုက်သည်နှင့် ငါးညှီနံ့သင်းသင်းကလေးကို ဘုတ်ပြင်းလေနှင့်အတူ ရှူရှိုက်မိပါသည်။

ဤဆိပ်ကမ်းမှာ ငါးဖမ်းလှေများ ဆိုက်ကပ်ရာဆိပ်ကမ်းဖြစ်သည်မို့ ငါးညှီနံ့များရနေခြင်းဖြစ်ပါလိမ့်မည်။ ငါးဖမ်းလှေများ၊ လှေပေါ်မှငါးများနှင့် ထိုငါးများကို ရောင်းဝယ်သယ်ဆောင်နေကြသူများကိုလည်း တွေ့နေရပါသည်။ ဒေသခံများအဖို့ နှာခေါင်းယဉ်နေသဖြင့် အနံ့ရချင်မှရပါလိမ့်မည်။ ကျွန်တော်ကတော့ ယခုမှ ပြောင်းရွှေ့လာသည့်လူစိမ်းမို့ ငါးညှီနံ့ကို သိသိသာသာ ခံစားမိပါသည်။

သို့သော် ဤဆိပ်ကမ်းတွင် နှစ်ပေါင်းကြာရှည်စွာနံ့နေရာမှ စွဲထင်လာသောအနံ့ဖြစ်သည်မို့ သင်းသင်းကလေးသာရနေသဖြင့် တောင်ပေါ်သား ကျွန်တော့်အဖို့ ဒေသအတွေ့အကြုံအသစ်အဆန်းတစ်ခုကိုရလိုက်သလိုသာ ခံစားမိပါသည်။

❑

တပ်သစ်တည်ဆောက်ခါစအချိန်ဖြစ်သဖြင့် တပ်ရင်းမှူးက ကျွန်တော့်ကို အိမ်မပေးနိုင်သေးသောကြောင့် တပ်ရင်းအနီးရှိ ဆီအုန်းခြံကြီးတစ်ခြံအတွင်းမှ တစ်ထပ်အိမ်ကလေးတွင်နေစေပါသည်။

ထိုတစ်ထပ်အိမ်ကလေးကို သက်တမ်းရင့် သီဟိုဠ်ပင်ကြီးများက အုပ်မိုးထား၍ နေ့ခင်းအချိန်တွင်ပင် ခပ်မှောင်မှောင်ဖြစ်နေသည်သာမက စီတန်းစိုက်ပျိုးထားသော များပြားလှသည့် ဆီအုန်းပင်ကြီးများ၏အလယ်တွင်တည်ရှိသဖြင့် လူသူလေးပါးနှင့်အဆက်ပြတ်နေပါသည်။

ကျွန်တော်က တစ်ယောက်တည်းနေတတ်သူမို့ ကြောက်စိတ်တော့မရှိပါ။ သို့သော် တစ်ခုထူးဆန်းသည်က ကျွန်တော် ဤအိမ်ပေါ်သို့တက်လိုက်သည်နှင့် ဘုတ်ပြင်းဆိပ်ကမ်းတွင်ရခဲ့သော ငါးညှီနံ့သင်းသင်းကလေးကို ဆက်လက်ရှူရှိုက်ရမိနေခြင်းပဲဖြစ်ပါသည်။

ဤအိမ်နှင့်ဘုတ်ပြင်းဆိပ်ကမ်းမှာ (၃) မိုင်ခန့်ဝေးသည်မို့ ဤငါးညှီနံ့ကို ဆက်လက်ရနေရန် အကြောင်းမရှိပါ။

ကျွန်တော်ပဲ စိတ်ထင်တာလား ဒါမှမဟုတ် ကျွန်တော့်အဝတ်အစားတွေမှာပဲ အနံ့စွဲနေတာလားဆိုပြီး ရေချိုးလိုက်သော်လည်း အနံ့ကပျောက်မသွားပါ။



www.burmeseclassic.com

www.burmeseclassic.com

ပို၍ထူးဆန်းသည်က ကျွန်တော်တစ်ယောက်တည်းသာ ဤအနံ့ကိုရနေပြီး ကျွန်တော့်တပည့်များနှင့် ကျွန်တော့်ကိုလာရောက်နှုတ်ဆက်ကြသောသူများက ဤအနံ့ကိုမရကြပါ။ ကျွန်တော် အံ့ဩမိပါသည်။

ဘာပဲဖြစ်ဖြစ် ဤငါးညှီနံ့သင်းသင်းကလေးမှာ ကျွန်တော့်အတွက် အနှောင့်အယှက်မဖြစ်ပါ။

ရှမ်းပြည်နယ် ကလောမြို့တွင် ထင်းရှူးရနံ့ကလေးရနေသလို၊

ကရင်ပြည်နယ် သံတောင်ကြီးတွင် လက်ဖက်နံ့သင်းသင်းကလေးရနေသလို၊

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းတွင်လည်း ငါးညှီနံ့မွှေးမွှေးကလေးရနေသည်ဟုသာ မှတ်ယူလိုက်ပါတော့သည်။

❑

ယနေ့ အရေးတကြီးအလုပ်များရှိသဖြင့် ည (၈) နာရီထိုးမှ ကျွန်တော် ရုံးဆင်းရပါသည်။ ညနေကတည်းက အိမ်ပြန်မရောက်သေးသဖြင့် မီးများမဖွင့်ခဲ့ရ။ အိမ်ခေါင်မိုးနှင့်ထိနေသော သီဟိုဠ်ကိုင်းကြီးများကြောင့် မူလကတည်းက အရိပ်ကျနေရာ ယခုလို မိုးမှောင်ကျသောညများတွင် တစ်အိမ်လုံး မှောင်မိုက်နေမှာ သေချာပါသည်။ နားချင်ပြီမို့ ကျွန်တော် ဆိုင်ကယ်ကို ခပ်မြန်မြန်မောင်းပြီး ပြန်လာပါသည်။ ကျွန်တော့်တွင် လက်နှိပ်ဓာတ်မီးမပါပါ။ သို့သော် ဆိုင်ကယ်မီးထိုးပြီး တံခါးဖွင့်ရန် စိတ်ကူးထားပါသည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ တစ်အိမ်လုံး မီးထိန်ထိန်လင်းနေသည်ကိုတွေ့ရသဖြင့် အံ့ဩသွားပါသည်။ အိမ်ရှေ့ဝရန်တာနှင့် ရေချိုးခန်းပါ မီးလင်းနေပါသည်။ အိမ်တံခါးသော့ကလည်း သေသေချာချာခတ်ထားလျက်သားရှိနေပါသည်။ မီးလာစဉ်က မီးပျက်သွားသဖြင့် ခလုတ်များပိတ်ရန်မေ့နေသောကြောင့် မီးပြန်လာသောအခါ မီးများပွင့်နေခြင်းမျိုးမဟုတ်ပါ။ ကျွန်တော်က ရေချိုးခန်းနှင့် ဝရန်တာမီးကို အသုံးပြုပြီးတိုင်း သတိတရပြန်ပိတ်တတ်သဖြင့် အလိုလိုပွင့်နေရန် အကြောင်းမရှိပါ။

ဤအိမ်တွင် ကျွန်တော်တစ်ဦးတည်းသာနေပြီး တပည့်ဖြစ်သူက ထမင်းစားချိန်ရောက်မှ ချိုင့်ဆွဲပြီးလာကျွေးလေ့ရှိပါသည်။ ယနေ့ ကျွန်တော်ရုံးဆင်းနောက်ကျသဖြင့် တပည့်လေးက ညနေက ရုံးသို့လာပို့ပြီးဖြစ်သဖြင့် ဤအိမ်သို့ သူလာမည်လည်းမဟုတ်ပါ။

ကျွန်တော် သရဲခြောက်ခံရပြီဟု ထင်ပါသည်။ ကျွန်တော်က စစ်သားတစ်ယောက်ဖြစ်နေသည့်အပြင် သရဲကို အယုံအကြည်မရှိသူမို့ ကြောက်တော့မကြောက်ပါ။

သို့သော် အိမ်ထဲသို့ဝင်လိုက်သည်နှင့် ငါးညှီနံ့မှာ ပိုမိုသင်းပျံ့လာသဖြင့် အိမ်၏ အလယ်လမ်းကြောင်းအတိုင်း ခြေကိုခပ်ဖွဖွနင်းပြီး သတိထား၍ ရင်တထိတ်ထိတ်ဖြင့် တစ်အိမ်လုံးလျှောက်ကြည့်လိုက်ရာ လမ်း၏တစ်ဖက်တစ်ချက်မှ တိတ်ဆိတ်နေသော အခန်းလွတ်ဝင်ပေါက်တံခါးချပ်များ အလိုလိုပွင့်လာပြီး တစ်စုံတစ်ယောက်ထွက်လာတော့မလိုလို ကျွန်တော်၏ ကျောဘက် မီးဖိုချောင်ထဲမှ အသံတစ်ခုခုကြားလိုက်ရသလိုလို ကျွန်တော်၏ရှေ့တည့်တည့်ရှိ မှန်ပြတင်းအပြင်မှ တစ်ယောက်ယောက်ကချောင်းကြည့်နေပြီး မှန်ကို လက်ဖြင့်တတောက်တောက်ခေါက်နေသံကိုကြားနေရသလိုလိုဖြစ်နေသဖြင့် ကျွန်တော်ကျောချမ်းခဲ့ရပါသည်။

❑

ယနေ့လည်း ရုံးဆင်းနောက်ကျပါသည်။ မည်းမှောင်နေသော မိုးကောင်းကင်တွင် လျှပ်စီးများတဖျပ်ဖျပ်လက်နေပြီး မိုးချုန်းသံတဂျိန်းဂျိန်းမြည်ဟည်းနေကာ လေပြင်းက တဝုန်းဝုန်းတိုက်ခတ်နေသည်မို့ ဆီအုန်းပင်ကြီးက ယိမ်းထိုးနေပါသည်။ မိုးများသော ပင်လယ်ကမ်းခြေဒေသဖြစ်သည့်အပြင် မိုးဦးလေဦးမို့ လောကဓာတ်တစ်ခွင်လုံး ကြောက်မက်ဖွယ်ကောင်းနေပါသည်။ မိုးကတော့ မရွာသေးပါ။

ဒီတစ်ခါတော့ အိမ်မီးများကို ညနေကတည်းက တစ်ခေါက်ပြန်လာပြီး ဖွင့်ထားခဲ့သည်မို့ ဘာကိုမှသံသယဖြစ်စရာမရှိပါ။

သို့သော် အိမ်ရှေ့ရောက်တော့ အံ့ဩဖွယ်ရာတစ်ခုကို တွေ့ရပြန်ပါပြီ။ အိမ်ပေါ်သို့ ဆိုင်ကယ်တွန်းတင်သော ဆင်ခြေလျှောခုံကလေးနှစ်ခုမှာ အိမ်အပြင်သို့ရောက်နေပြီး အိမ်ရှေ့လှေကားထစ်နှစ်ခုပေါ်တွင် ရှေ့နောက်ဆင့်အဆင်သင့်ခင်းကျင်းထားခြင်းကို တွေ့လိုက်ရပါသည်။ ညနေက တစ်ခေါက်ပြန်လာပြီး ကျွန်တော် မီးလာဖွင့်စဉ်က ခင်းထားခြင်းလည်း မဟုတ်ပါ။ ကျွန်တော့်ကိုယ် ကျွန်တော်သိပါသည်။ ကြိုတင်ခင်းထားရန်လည်း စိတ်ကူးမရှိပါ။

ဤခုံကလေးနှစ်ခုမှာ သံကိုယ်ထည်ဖြင့် ပြုလုပ်ထားပြီး ဤအိမ်တွင် ယခင်ကနေခဲ့သူများအသုံးပြုခဲ့ကြသော ခုံကလေးများဖြစ်ပါသည်။

ကျွန်တော်အသုံးလိုသောအခါမှ ထုတ်သုံးပြီး အပြင်သွားလျှင် အိမ်ထဲတွင် မှတ်မှတ်ရရသိမ်းထားခဲ့လေ့ရှိပါသည်။

ယခု ဘယ်လိုလုပ်ပြီး အပြင်ရောက်နေလဲမသိပါ။ ကျွန်တော့်တပည့်လာခင်းထားခြင်းလည်းမဖြစ်နိုင်ပါ။ သူ့တွင် အိမ်သော့အပိုလည်းမရှိပါ။

ထိုစဉ် ဖြုန်းဖြုန်းဖိုင်းဖိုင်းဆိုသလို လေနှင့်အတူ မိုးကြီးပါသည်းထန်စွာရွာချလိုက်သဖြင့် ကျွန်တော်လည်း အိမ်တံခါးကို အပြေးအလွှားဖွင့်ပြီး ဆိုင်ကယ်ကို တွန်းတင်လိုက်ကာ အိမ်ထဲသွင်းလိုက်ရာ မိုးမမိတော့ပါ။

ထိုအချိန်တွင် ငါးညှီနံ့က ပို၍သင်းပျံ့လာပါသည်။

သည်အိမ်မှာ သရဲရှိနေတာတော့ သေချာနေပါပြီ။ သို့သော် သရဲက ကျွန်တော့်အပေါ် ဆိုးရွားသောင်းကျန်းနေသော သရဲဆိုးမဟုတ်ဘဲ ကျွန်တော့်ကို စောင့်ရှောက်နေသော သရဲကောင်းဖြစ်နေသဖြင့် စဉ်းစားရခက်လှပါသည်။

ဘာပဲဖြစ်ဖြစ် သရဲရှိနေတာသိနေတော့ ကြောက်သလိုလို၊စိုးရိမ်ထိတ်လန့်သလိုလိုတော့ဖြစ်မိပါသည်။ စိတ်လည်းရှုပ်မိပါသည်။ တစ်ယောက်တည်းနေရသူမို့ စိတ်ချောက်ချားခြင်းလည်းဖြစ်မိပါသည်။

❑

ဒီကိစ္စကို ကျွန်တော် မည်သူ့ကိုမှ မပြောပြပါ။ ကျွန်တော့်တပည့်ကိုလည်း မပြောပါ။

ကျွန်တော့်ဇနီးသည်ကိုပြောပြပြီး တိုင်ပင်ရန် စိတ်ကူးရှိပါသည်။ သို့သော် ဇနီးသည်က ပြင်ဦးလွင်တွင်နေထိုင်သည့်အပြင် ထိုအချိန်က တယ်လီဖုန်းဆက်သွယ်ရေးများမကောင်းသေးသဖြင့် တိုင်ပင်ရန် အခက်အခဲဖြစ်နေပါသည်။

ထို့ကြောင့် ညစဉ် ဘုရားကျောင်းဆောင်ရှေ့တွင် ဘုရားရှိခိုးပြီး ဂုဏ်တော်ရွတ်ဖတ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့အမျှဝေခြင်း စသည်ဖြင့် တတ်အားသရွေ့ ကုသိုလ်ကောင်းမှုပြုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ပါသော်လည်း ငါးညှီနံ့ကတော့ ပျောက်မသွားပါ။

ထို့ကြောင့် သံဃာတော်များပင့်ဖိတ်ပြီး ဆွမ်းကပ်၍ ကမ္မဝါဖတ်ရန်၊ ပရိတ်ရွတ်ရန်၊ မေတ္တာပို့၊ အမျှဝေရန် စိတ်ကူးမိပါသည်။ စိတ်ကူးမိသည့်အလျောက် သံဃာတော်များထံ သွားရောက်ပြီး အကျိုးအကြောင်းလျှောက်ထားရာ -

"ဒကာကြီးလျှောက်ထားပုံအရ ငါးညှီနံ့အမြဲရနေတယ်ဆိုတော့ ဒကာကြီးဘဝမှာ ငါးနဲ့ပတ်သက်ပြီး ထူးခြားတာ ဘာတွေကြုံခဲ့ရတာရှိသလဲ"

ဘုန်းဘုန်း၏အမေးကို ကျွန်တော်ရုတ်တရက် မဖြေနိုင်ပါ။ လူသားနှင့် ငါးဆိုသည်မှာ အမြဲထိတွေ့နေသည်မို့ လူသားဖြစ်သော ကျွန်တော့်ဘဝတွင် ငါးနှင့် ထိတွေ့မှုကတော့ရှိနေပါသည်။ သို့သော် ထူးခြားတာ ဘာတွေကြုံခဲ့သလဲဆိုတာတော့ ချက်ချင်းစဉ်းစား၍မရပါ။

"ဒကာကြီး စဉ်းစားလို့မရလည်းနေပါ။ ဒကာကြီးအိမ်ကို ဘုန်းဘုန်းတို့ကြွလာပြီး ပရိတ်ရွတ်၊ အမျှဝေပေးပါမယ်။ ဒကာကြီးအဆင်ပြေတဲ့နေ့သာ ရက်သတ်မှတ်လိုက်ပါ"

ဤသို့ဖြင့် ရက်သတ်မှတ်လိုက်ပြီး ဘုန်းဘုန်းကျောင်းမှပြန်ခဲ့ပါသည်။

❑

ယနေ့ ကျွန်တော့်တပည့်က ကျွန်တော့်ကို ကန်စွန်းရွက်ချဉ်ရည်၊ ငါးကြီးသားဟင်း၊ အာလူးကြော်နှင့် ငရုတ်သီးဆားထောင်းတို့ဖြင့် ကျွေးပါသည်။

ကန်စွန်းရွက်ချဉ်ရည်က ငါးပိ၊ မန်ကျည်းသီးမှည့်တို့ဖြင့်ချက်ထားသောကြောင့် အချဉ်အရသာလေးလေးပင်ပင်ရှိလှပါသည်။ အာလူးကြော်ကလည်း ဆီစစ်ထားပြီး ခပ်ပျော့ပျော့လေးကြော်ထားသဖြင့် ကျွန်တော့်အကြိုက်ဖြစ်နေပါသည်။ ငရုတ်သီးဆားထောင်းကလည်း ကြက်သွန်ဖြူကလေးပါထည့်ထောင်းထားပြီး ဆီဆမ်းထားသဖြင့်မွှေးနေပါသည်။ ငါးကြီးသားဟင်းကတော့ ငရုတ်သီးစိမ်းနှင့် ရေစပ်စပ်ချက်ထားပြီး နံနံပင်အုပ်ထားသောကြောင့် စားချင့်စဖွယ်ဖြစ်နေပါသည်။

ဤငါးကြီးသားဟင်းက ဘာငါးကိုချက်ထားလဲတော့မသိပါ။ ပင်လယ်ငါးကြီးတစ်မျိုးမျိုးဖြစ်မည်ထင်ပါသည်။ ဤဒေသတွင် ရေချိုငါးမရှိသလောက်ရှားပါးသည်။ ငါးကြီးသားဟင်းကိုကြည့်ပြီး ကျွန်တော့်ခေါင်းထဲတွင် ဖျတ်ခနဲသတိတစ်ခုရလာပါသည်။ ကျွန်တော့်ဘဝတွင် ငါးနှင့်ပတ်သက်ပြီး ထူးခြားတဲ့အတွေ့အကြုံတစ်ခုပေါ့။

❑

ထိုနေ့က ကျွန်တော်စက်လှေစီးပြီး မြိတ်မှ ဘုတ်ပြင်းသို့ စတင်ပြောင်းလာသောနေ့။

တပ်မတော်သားဘဝတွင် တောင်ပေါ်တောတန်း၊ လယ်ကွင်းမြေပြန့်များတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်လာသော ကျွန်တော့်အဖို့ ပင်လယ်ပြင်တွင် ယခုမှ တာဝန်ထမ်းဆောင်ဖူးခြင်း ဖြစ်ပါသည်။

စက်လှေပေါ်တွင် ကျွန်တော်ကဲ့သို့ တပ်ပြောင်းလာသူများ၊ ဆေးရုံဆင်းလာသူများ၊ သင်တန်းဆင်းလာသူများသာလိုက်ပါလာကြပြီး တစ်စီးလုံး တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုများသာပါသည့်သီးသန့်စက်လှေဖြစ်ပါသည်။ ကျွန်တော်က ဤစက်လှေပေါ်တွင် ရာထူးအဆင့်အကြီးဆုံးမို့ ကျွန်တော်ပဲ ကွပ်ကဲပြီးလိုက်ပါလာပါသည်။

လေငြိမ်ပြီးနေသာနေသည်မို့ တိမ်ကင်းစင်နေသော မိုးကောင်းကင်ကြီးမှာ ပြာလွင်ကြည်လင်နေပြီး ပင်လယ်ပြင်ကြီးမှာလည်း မိုးကောင်းကင်နှင့်အပြိုင် ပြာလဲ့နေပါသည်။ မရောက်ဘူးသေးသော သဘာဝရှုခင်းအသစ်ကိုခံစားရင်း ဇနီးနှင့် သားငယ်တို့ကိုလည်း သတိရနေမိပါသည်။

ထိုစဉ် ဝုန်းခနဲအသံကြီးနှင့်အတူ ခုတ်မောင်းနေသော စက်လှေဘေးရေပြင်ထဲမှ တစ်စုံတစ်ခုခုန်ထွက်လာပြီး ကျွန်တော်တို့စက်လှေပေါ်သို့ အရှိန်ပြင်းစွာ ကျရောက်လာသဖြင့် ရုတ်တရက်မို့ အားလုံး အထိတ်တလန့်ဖြစ်သွားကြပါသည်။

ကျလာသောအရာအား သေချာစွာကြည့်လိုက်ရာ အလျားရှည်ပြီး သန်စွမ်းသောရေမငါးကြီးတစ်ကောင်ဖြစ်နေပါသည်။ ငါးကြီးတစ်ကိုယ်လုံးငွေရောင်တောက်နေသဖြင့် ဖြူစင်ဝင်းပနေပြီး အချင်းတစ်လက်မခွဲခန့်ရှိသော အကြေးခွံကြီးများမှာ နေရောင်အောက်တွင် တဖျတ်ဖျတ်လက်နေပါသည်။ လွန်စွာလှသောငါးကြီး ဖြစ်ပါသည်။ အလျားမှာ (၅) ပေခန့်ရှိသည်မို့ သာမန်လူတစ်ယောက်၏ အရပ်အမောင်းခန့်ရှိနေ၍ လူတစ်ယောက်ကဲ့သို့ အားသန်လှပြီး စက်လှေကုန်းပတ်ပေါ်တွင် ကြောက်အားလန့်အားဖြင့် တဖျတ်ဖျတ်ခုန်နေပါသည်။ ၎င်း၏ခုန်အားမှာ ပြင်းထန်လှသောကြောင့် ရိုက်မိမည်စိုးသဖြင့် စက်လှေပေါ်မှ ခရီးသည်များမှာ ဘေးလွတ်ရာသို့ အထိတ်တလန့်ရှောင်ရှားကြပါသည်။ သို့သော် စစ်သည်အချို့ကတော့ ငါးကြီး ရေပြင်ပေါ်သို့ ပြန်ခုန်ပြီး ကျသွားမည်စိုးသည့်အတွက် လက်ဖြင့် ဝိုင်းဖိထားကြပါသည်။ ဤငါးကြီး စက်လှေပေါ်သို့ကျလာစဉ်က ကုန်းပတ်ပေါ်တွင် ထိုင်နေသော ရဲဘော်လေးတစ်ဦးကိုထိခိုက်မိသွားသဖြင့် ရဲဘော်လေးမှာ ကျောအောင့်သွားပြီး ငါးကြီးကို စူးစူးဝါးဝါးကြည့်နေပါသည်။

ငါးကြီး၏အမျိုးအမည်ကို မည်သူမျှ မသိကြပါ။ ဝိုင်းဖိထားသည့်ကြားမှ လူးလွန့်လှုပ်ရှားနေပြီး အသနားခံသည့်မျက်လုံးဝိုင်းကြီးများဖြင့် ကျွန်တော့်ကိုကြည့်နေသည်မှာ ကရုဏာသက်စရာကောင်းလှပါသည်။ ကျွန်တော့်မျက်စိထဲတွင် ငါးကြီးကို ငါးဟုမမြင်ဘဲ လူသားတစ်ယောက်ဟုမြင်နေမိပါသည်။ ငါးကြီး၏ကိုယ်ခန္ဓာတည်ဆောက်ပုံမှာ မိန်းကလေးတစ်ယောက်၏ ကိုယ်ခန္ဓာအောက်ပိုင်းတည်ဆောက်ပုံကဲ့သို့ သွယ်သွယ်ကလေးဆင်းသွားသဖြင့် ပြေပြစ်လှပပြီး အမြီးနှစ်မြွာမှာလည်း ခြေဖဝါးနှစ်ခုကဲ့သို့ မျက်စိထဲတွင် မြင်နေမိပါသည်။

ဤကဲ့သို့ ရေပြင်ထဲမှငါးကြီး ကုန်းပတ်ပေါ်သို့ ခုန်ပျံကျရောက်လာခြင်းမျိုးမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်ရပ်ဖြစ်ကြောင်း သိရပါသည်။

ငါးကြီးနှင့်ခိုက်မိသဖြင့် ကျောအောင့်သွားသောရဲဘော်လေးကတော့ ငါးကြီးကို သတ်မည်တကဲကဲဖြစ်နေပါသည်။ ကျန်စစ်သည်များကလည်း မပင်မပန်းဘဲ မိမိတို့ရှေ့သို့ရောက်လာသော ငါးကြီးကို ပြန်မလွှတ်လိုကြပါ။

ကျွန်တော်ကတော့ ပြန်လွှတ်လိုက်စေချင်ပါသည်။ ကျွန်တော်သည်လည်း သူတော်ကောင်းတစ်ယောက်တော့ မဟုတ်ပါ။ သို့သော်လည်း သူနိုင်ကိုယ်နိုင်အပြိုင်ကြပြီး မုဆိုးနှင့် သားကောင်လိုအသက်လုရသောပွဲမျိုးမဟုတ်ဘဲ မိမိလက်ခုပ်အတွင်း မတော်တဆရောက်လာသော အသက်တစ်ချောင်းကို မိမိရန်သူမဟုတ်ပါဘဲနှင့် မသတ်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း အများနှင့်တစ်ယောက်ဖြစ်နေသည့်အတွက် သူတို့ဆန္ဒကို ကျွန်တော် မလွန်ဆန်နိုင်ခဲ့ပါ။

နောက်ဆုံးအနေဖြင့် ငါးကြီးကို ကျွန်တော် သေချာစွာကြည့်လိုက်ရာ ငါးကြီး၏မျက်လုံးများတွင် မျက်ရည်များ ဝေ့နေပြီး ပါးစပ်နှင့်ပါးဟက်ကလည်း ဟစိဟစိဖြစ်နေကာ တစ်ကိုယ်လုံးလည်း တုန်နေသဖြင့် မကြည့်ရက်တော့သောကြောင့် မျက်နှာလွှဲလိုက်ရသည်။ စကားသာပြောတတ်လျှင် ကြေကွဲဖွယ်ကောင်းသောအသံကိုကြားရနိုင်ပါသည်။

ဘုတ်ပြင်းရောက်ခါနီး ရုတ်တရက် ရေကျချိန်နှင့်ကြုံသဖြင့် ကျွန်တော်တို့ စက်လှေသောင်တင်သွားပါသည်။ ရေတက်ချိန်နှင့်ကြုံအောင်ချိန်ကိုက်ပြီးထွက်လာသော်လည်း အကြောင်းကြောင်းကြောင့်လွဲသွားပါသည်။

စောစောကလှိုင်းအဖွေးသားဖြင့် တွေ့နေရသော ပင်လယ်ပြင်ကြီးမှာ မျက်လှည့်ပြလိုက်သလို ရေများတဖြည်းဖြည်း လျှောဆင်းပျောက်ကွယ်သွားပြီး စိုစွတ်နေသောသဲသောင်ပြင်ကြီးကိုသာ မျက်စိတစ်ဆုံးတွေ့နေရသည်မှာ အံ့ဩဖွယ်ကောင်းလှပါသည်။ ကျွန်တော်တို့ စက်လှေကြီးမှာ အဆိုပါ ရေမသောင်ပြင်ကြီးပေါ်တွင် ထီးထီးကြီးရပ်နေပြီး သောင်စိုစိုကြီးပေါ်တွင် ပင်လယ်ကဏန်းများ၊ ခရုများ၊ ဝင်ကစွပ်များသွားလာနေသည်ကို အတိုင်းသားတွေ့နေရသည်မှာ အမြင်ဆန်းလှပါသည်။

ညနေစာအတွက် စက်လှေပေါ်တွင်ပင် ချက်ပြုတ်စားသောက်ကြရပေရာ ကျွန်တော့်တပည့်လေးက ငါးဟင်း၊ ချဉ်ရည်ဟင်းတို့ဖြင့် ကျွန်တော့်ကိုကျွေးပါသည်။

ငါးဟင်းက နေ့လယ်ကရသော ငွေရောင်ငါးကြီးကို ခုတ်ထစ်ချက်ပြုတ်ထားခြင်းဖြစ်ရာ ကျွန်တော့်ရင်ထဲတွင် မကောင်းသဖြင့် စားချင်စိတ်မရှိပါ။ စက်လှေပေါ်တွင်မို့ ဆီ၊ ဆား၊ နနွင်း၊ ချင်း မပြည့်စုံသဖြင့် ဟင်းကလည်း ညီလှပါသည်။ ထို့ကြောင့် စား၍လည်းမရပါ။ ထိုညနေက ကျွန်တော် ထမင်းမစားပါ။

❑

"ဒကာကြီးလျှောက်ထားပုံအရဆိုရင် ဒကာကြီးအိမ်မှာ ငါးညှီနံ့ပေးနေတဲ့ ပရလောကသားက အဲဒီငါးကြီးပဲဖြစ်လိမ့်မယ်။ ငါးကြီးက သေခါနီးတော့ ဒကာကြီးကိုစိတ်စွဲသွားတာမို့ ဒကာကြီးနောက်ကိုလိုက်လာတာပဲ။ ဒကာကြီးက သူ့အပေါ် သနားကရုဏာစိတ်ရှိခဲ့တာကို သူသိတော့ ဒကာကြီးကိုလည်း သူက ပြန်စောင့်ရှောက်တာပေါ့ကွယ်။ အဲဒါကြောင့် သူရှိနေတာသိအောင် ငါးညှီနံ့ပေးနေတာပဲ"

"တိရစ္ဆာန်က ဒီလောက်အသိဉာဏ်ရှိပါ့မလား ဘုရား"

"သံသရာကမလွတ်မချင်း (၃၁) ဘုံမှာကျင်လည်နေကြရတဲ့သတ္တဝါမှန်သမျှ ကိုယ်ပြုခဲ့တဲ့ကုသိုလ်၊ အကုသိုလ်တွေပေါ်မှာ မူတည်ပြီး လူဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နဲ့ဖြစ်တတ်ကြပါတယ်။ တိရစ္ဆာန်ဆိုပေမယ့်လည်း အသိဉာဏ်ရှိသင့်သလောက်ရှိပြီး ခံစားတတ်၊ နားလည်တတ်ကြပါတယ်။ ကိုယ့်အပေါ် ကောင်းတဲ့သူကို သူတို့ကလည်း ပြန်ကောင်းတတ်ကြပါတယ်။ ကဲ၊ကဲ- ဘုန်းဘုန်းတို့ ဒီငါးကြီးအတွက်ရည်စူးပြီး အမျှအတန်းပေးဝေလိုက်ကြရအောင်"

သတ်မှတ်ထားသောနေ့ရက်တွင် သံဃာတော်ငါးပါးပင့်ဖိတ်ပြီး ငါးကြီးအတွက်ရည်စူး၍ ကျွန်တော့်အိမ်တွင် ဆွမ်းကပ်၊ ကမ္မဝါဖတ်၊ ပရိတ်ရွတ်၊ အမျှအတန်းဝေပြီးသာဓုခေါ်ခဲ့ပါသည်။

ထူးဆန်းသည်မှာ ထိုအချိန်မှစပြီး ကျွန်တော့်အိမ်တွင် ငါးညှီနံ့မရတော့ပါ။ ငါးကြီး ပရလောကမှကျွတ်လွတ်သွားပြီး ကောင်းရာမွန်ရာရောက်သွားပြီထင်ပါသည်။

ငါးညှီနံ့မရတော့သောအခါ ငါးကြီးကို ကျွန်တော် သတိရနေမိပါသည်။ ပင်လယ်ပြင်ထဲတွင် အဖော်တစ်သိုက်နှင့်အတူ သဘာဝအတိုင်း မြူးထူးပျော်ပါးနေသော ငွေရောင်ငါးကြီးမှာ ကံဆိုးမိုးမှောင်ကျစွာ လူသားတို့လက်တွင်းသို့ကျရောက်ပြီး အသက်ဆုံးခဲ့ရရှာသည်။

လူသားတို့လက်တွင်းသို့ အလိုလိုကျရောက်မလာသောငါးများကိုလည်း လူသားတို့က နည်းမျိုးစုံဖြင့် ရှာဖွေဖမ်းယူပြီး ဘဝပြောင်းစေခဲ့ကြသည်။

နိဗ္ဗာန်သို့မရောက်မချင်း သံသရာတွင် ကျင်လည်ကြရမည်မှန်သော်လည်း သက်တမ်းမကုန်မီ ပြင်ပ ပယောဂတစ်ခုခုကြောင့် မိမိချစ်သောအသိုင်းအဝိုင်းမှ ခွဲခွာကြရသည်က စိတ်ထိခိုက်စရာမဟုတ်ပါလား။

ထိုအချိန်မှစ၍ ကျွန်တော် ငါးကြီးသားမစားတော့ပါ။

မိုးညွန့်ဦး

နတ်မောက်မင်းသန့်နိုင်

## အမျိုးသမီးများအတွက် ဆေးတစ်လက်

အမျိုးသမီးများတွင် မီးယပ်ဓမ္မတာမမှန်သဖြင့် စိတ်ကယောင်ချောက်ချားဖြစ်တတ်ပါသည်။ ရယ်ချင်သလိုလို၊ ငိုချင်သလိုလို၊ လွမ်းဆွတ်သလိုဘာလိုလိုကြီးဖြစ်နေတတ်သည်ကို ကြုံဖူးသူများရှိပါမည်။ ဘာမှမလုပ်ချင်မကိုင်ချင်၊ ဟိုသွားချင်သလိုလိုဒီသွားချင်သလိုလိုနှင့် စိတ်မတည်ငြိမ်ဖြစ်နေတတ်သည်။ တစ်ခါတစ်ရံ တစ်ဦးတည်းထိုင်ပြီး ငေးချင်ရာငေးပြီး တွေတွေငိုင်ငိုင်ကြီးဖြစ်နေတတ်သည်။ တစ်ခါတစ်ရံတွင် တစ်ယောက်တည်း စကားတတွတ်တွတ်ပြောမိနေတတ်ပါသည်။ ထိုသို့ဖြစ်ခြင်းမှာ ကြောက်စရာ၊ စိုးရိမ်စရာမရှိပါ။ အသက်အန္တရာယ်ကိုထိခိုက်နိုင်သောရောဂါမဟုတ်ပါ။ မီးယပ်ဓမ္မတာသွေးမမှန်၍သာ ဖြစ်ပါသည်။ စိတ်ရောဂါအနုစားဖြစ်ပါသည်။

အောက်ပါဆေးနည်းကို သုံးရက်မှ ငါးရက်ဆက်တိုက် ပြုလုပ်သောက်ပေးပါ။ အဆင်ပြေသွားပါမည်။

နွားနို့တစ်ဖန်ခွက်ကိုကျိုပါ။ တစ်ပွက်နှစ်ပွက်ဆူပွက်လျှင် အိုးကိုဖိုမှချပြီး အအေးခံပါ။ ခပ်နွေးနွေးတွင် ကွမ်းရွက် သုံး၊လေးရွက် ကြိတ်ခြေပြီး ညှစ်ယူထားသော ကွမ်းရွက်သတ္တုရည်ကို ထည့်ဖျော်သောက်ပေးပါ။ သုံးရက်ဆက်တိုက်ပြုလုပ်သောက်ပါ။ အလွန်ဆုံး ငါးရက်သောက်လျှင် တည်ငြိမ်အေးချမ်းလာပြီး ရောဂါ သက်သာ ပျောက်ကင်းသွားပါမည်။

အချို့ကျေးလက်ဒေသတွင်အမျိုးသမီးငယ်များ ဤကဲ့သို့ မီးယပ်သွေးမမှန်သဖြင့် ကယောင်ချောက်ချားဖြစ်နေသည်ကို စုန်းပူးသည်၊ ရွာသူပြုစားသည်၊ နတ်ဖမ်းစားသည်ဟု စသည်ဖြင့် အထင်အမြင်လွဲမှားယူဆပြီး ရောဂါတခြား ဆေးတခြားဖြစ်တတ်သဖြင့် အထက်ပါ ကွမ်းရွက်နွားနို့ဆေးတိုက်ကျွေးပေး[illegible] သတိပေး ရေးသားအပ်ပါသည်။

နတ်မောက်မင်းသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာဓရမြန်မာ့အင်္ဂရိတ်ပညာ (၁၄)

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

**၁ အင်္ဂရိတ်ပညာဖြင့်ရွှေလုပ်ကြသူများ**

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆိုလိုသည်မှာ အင်္ဂရိတ်ပညာကို အသုံးချရွှေ စသည့် လုပ်ကိုင်ကြသူများကို ရည်ညွှန်းလိုခြင်း ဖြစ်ပါသည်။ ရွှေလုပ်သည်ဆိုရာတွင် နည်းအမျိုးမျိုး ပါဝင်ပါသည်။ နည်းအမျိုးမျိုးဟုဆိုရာတွင် အဓိကအားဖြင့်အပိုင်းနှစ်ပိုင်းပါဝင်ပါသည်။ ထိုနှစ်ပိုင်းကို အကြမ်းအားဖြင့် အစိပ္ပာယ်ဖွင့်ဆို၍ထင်ရှားအောင်ဖော်ပြရပါမူ ပထမအပိုင်းမှာ အစစ်အမှန်လုပ်ဆောင်ခြင်းအပိုင်းနှင့် အတုအယောင်လုပ်ဆောင်ခြင်းအပိုင်းဟူ၍ နှစ်မျိုးရှိပါသည်။

ပထမပိုင်းဖြစ်သည့် အစစ်အမှန်လုပ်ဆောင်ခြင်းအပိုင်း ဆိုသည်ကို ရှင်းလင်းဖွင့်ဆိုရပါမူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ဝိဇ္ဇာဓရပညာလမ်းကို လိုက်၏။ အဆိုပါ ဝိဇ္ဇာဓရလမ်းတွင်လည်း အင်္ဂရိတ်ပညာလမ်းလို လုပ်ကိုင်၏။ထိုပုဂ္ဂိုလ်သည် မှန်ကန်တိကျကောင်းမွန်သော အင်္ဂရိတ်လမ်းတစ်ခုကို ရရှိရန်လိုအပ်၏။ ထိုသို့ ရရှိသောအခါတွင်မှ ဓာတ်လုံးတည်ပြီးနောက် လမ်းစဉ်ပါဓာတ်စဉ်အတိုင်း အဆင့်ဆင့်တက်သွားရ၏။ ဤသို့တက်သွားပြီးအဆင့်တစ်ခုအခြေအနေတစ်ရပ်တွင် ဓာတ်လုံးအားထွက်ရပ်လမ်းသို့ကူးရမည့်အနေအထားသို့ ရောက်ရှိလာပြီ ဖြစ်၏။ ထိုအခြေအနေအတွက် ထိုဓာတ်လုံးထိုးထားသည့် လုံခွဲနှင့်သော် လည်းကောင်း၊ ထိုဓာတ်လုံးမှထွက်သည့်ပြာကိုသော်လည်းကောင်း၊ အသုံးပြုပြီး အခြားသောအညံ့စားသတ္တုများ ဥပမာ နာကို လည်းကောင်း၊ ကြေးကို လည်းကောင်း၊ ထိုဓာတ်လုံးထိုးထားသည့်လုံခွဲဖြင့် လုံကျင်းခြင်းဖြင့်သော် လည်းကောင်း၊ ပြာဖြင့်ပစ်ခြင်းဖြင့်သော်လည်းကောင်း၊ ပြုလျှင် အဆိုပါအညံ့စားသတ္တုများသည် တော်ဝင်သတ္တုများဖြစ်သော ရွှေ ငွေအဖြစ်သို့ တစ်မဟုတ်ချင်းပင်ပြောင်းလဲသွားနိုင်ခြင်းပင် ဖြစ်၏။

အဆိုပါကဲ့သို့ ရွှေလုပ်နိုင်သည့် ထွက်ရပ်ပေါက်ဓာတ်ကြီးကို ပိုင်ဆိုင်ထားသည့်ပုဂ္ဂိုလ်အဖို့မူကား ထွက်ရပ်ပေါက်လမ်းစဉ်၏ ထွက်ရပ်ပေါက်နိုင်ခြေမှုအတွက် ရာခိုင်နှုန်းထက်ဝက်ကျော်ကို အောင်မြင်ခဲ့ပြီဟု ဆိုရမည်ဖြစ်ပေသည်။

ထွက်ရပ်ပေါက်ဓာတ်ကြီးလမ်းစဉ် လုပ်ကိုင်နေသူအဖို့ကား ထိုဓာတ်လုံး၏ ရွှေဖြစ်နိုင်မှုကား ထွက်ရပ်ပေါက်ကိစ္စအတွက် ပထမအဆင့်စာမေးပွဲကို အောင်မြင်ခဲ့ခြင်း ဖြစ်၏။ အကယ်၍ မိမိ၏ ဓာတ်လုံးသည် ရွှေမဖြစ်သေးပါက မိမိသည်လည်း ဝိဇ္ဇာစော်ပင်မနံသေးဟု ဆိုရမည် ဖြစ်ပါသည်။ ထို့ကြောင့် ဓာတ်လုံးတစ်လုံး၏ ရွှေဖြစ်နိုင်ခြင်းရှိ၊ မရှိဟူသည့်ကိစ္စသည် ထိုဓာတ်လုံး၏ အဆင့် (ဝါ) စံကို ဖော်ပြခြင်း ဖြစ်၏။ ထိုကဲ့သို့ ရွှေဖြစ်သည့် ဓာတ်လုံးမှသာ အထက်သို့ ဆက်တက်နိုင်မည်၊ ထွက်ရပ်ပေါက်နိုင်မည့်၊ စံချိန်စံညွှန်းသတ်မှတ်ချက် ဘောင်သို့ဝင်သည့်ဓာတ်လုံးဖြစ်ပါလိမ့်မည်။

ရွှေဖြစ်ခြင်း ဟူသည် နာ စသည့် မသန့်ရှင်းသော အညစ်အကြေးများ ပါဝင်နေသည့် အညံ့စားသတ္တုကိုပင် ရွှေကဲ့သို့သော အညစ်ကြေးကင်းစင်ဖြူမှုမထင်သော မြင့်မြတ်သည့် တော်ဝင်သတ္တုအဖြစ်သို့ ပြောင်းလဲစေနိုင်ခြင်းဟူသည့်သိဒ္ဓိဝင်ဓာတ်လုံး (ဝါ) ပြဒါးရှင်လုံးသည် သူ၌ ထူးခြားသော အစွမ်းသတ္တိ ထူးရှိနေပြီဖြစ်ကြောင်း ဖော်ပြသည့် သင်္ကေတဖြစ်၏။

ထိုသင်္ကေတ၏ သဘောသဘာဝမှာ ဓာတ်သတ္တုများကိုပင်၊ အညံ့စားမှ အကောင်းစားသို့ပြောင်းလဲစေနိုင်သည့် သတ္တိသည်ပင် လူသားအား ကိလေသာကာမဂုဏ်ထူပြောသည့် သာမန်ပုထုဇဉ်လူသားအဖြစ်မှ ကိလေသာကာမဂုဏ်များနည်းပါးဝေးကွာနေသော သူတော်



www.burmeseclassic.com

စင်အဖြစ်သို့ဦးတည်နေသည့် ကလျာဏလူသားအဖြစ်သို့ ပြောင်းလဲစေနိုင်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရွှေဖြစ်အောင် ပြုလုပ်နိုင်သည့်ဓာတ်လုံးသည် သာမန်ဓာတ်လုံးအဆင့်မဟုတ်ပေ။ အလွန်ပင် မွန်မြတ်သန့်စင်သည့်ဂုဏ်ထူးဝိသေသတို့ကိုဖော်ဆောင်နေပါသည်။ ထူပြောလှသော လောဘ၊ ဒေါသ၊ မောဟတို့နှင့် လားလားမျှ အပ်စပ်မည် မဟုတ်ပါချေ။ သို့ပါသောကြောင့် အဆိုပါ ဓာတ်လုံးပိုင်ရှင်ပုဂ္ဂိုလ်သည် မိမိ၏ ဓာတ်လုံးအဆင့်နှင့်လျော်ညီစွာပင် သူတော်စင်တို့၏မြင့်မြတ်သောအကျင့်ဖြစ်သည့် ဝိဇ္ဇာနှင့် စရဏသဘောတရားတို့ကို လည်းကောင်း၊ လုပ်ငန်းတို့ကို လည်းကောင်း ကောင်းစွာထုံမွှမ်းထားသည့်ပုဂ္ဂိုလ်မျိုးသာ ဖြစ်ရပါလိမ့်မည်။ ထို့အတူ လောဘ၊ ဒေါသ၊ မောဟတို့သည်လည်း ကောင်းစွာချိုးနှိမ်ပယ်သတ်ထားနိုင်သူမျိုးလည်း ဖြစ်ပါသည်။ ထို့အတွက် အဆိုပါဓာတ်လုံး၏ပိုင်ရှင် ဟူသည် သူတော်စင်အဆင့်မျိုးဖြစ်ပါသည်။ ထိုသူတော်စင် ဟူသည် သီလ၊ သမာဓိ၊ ပညာတို့နှင့်ပတ်သက်၍ ဝိသုဒ္ဓိအဆင့်အတန်းမြင့်မားသူမျိုး ဖြစ်၏။

ထို့ကြောင့် သူတော်စင်တို့မည်သည် ရွှေဖြစ်အောင်လုပ်နိုင်သည်ဆိုတိုင်း ရွှေကို ပရမ်းပတာလုပ်ပြီး ရောင်းစားကာ ကိုယ်ကျိုးရှာမည့်သူမျိုး မဟုတ်ပေ။ သူတို့သည် မည်သည့်အခါတွင်မျှ ကိုယ်ကျိုးစီးပွားအတွက် ရွှေလုပ်မည့်သူများလည်း မဟုတ်ပေ။ နောက်ဆုံး သူတို့ ရွှေလုပ်သည်ဆိုလျှင်လည်း ဘာသာ၊ သာသနာအတွက် လိုအပ်ချက်အရသာ လုပ်လိမ့်မည် ဖြစ်၏။ ကျန်ရှိသောလူမှုစီးပွားအဟွက်ကား လားလားမျှ မအပ်မစပ် မတန်မရာဟူ၍သာ သဘောထားရှိပြီး ရွှေကိုလုပ်မည်မဟုတ်ပါချေ။ သူတို့သည် အထက်ပိုင်းတန်ခိုး၊ သိဒ္ဓိ၊ မဟိဒ္ဓိများအတွက်သာ လိုလားကြသူများဖြစ်ကြ၏။ မူလကတည်းကလည်း ရွှေ၊ ငွေဖြစ်ရန် ဦးတည်ပြီး လုပ်ဆောင်ခဲ့ကြ ခြင်း မဟုတ်ပေ။

ထို့အပြင် အဆိုပါ သိဒ္ဓိဝင်ဓာတ်လုံး (ဝါ) ပြဒါးရှင်လုံးများဖြင့် ပြုလုပ်၍ရသော ရွှေသည်လည်း သာမန်ရွှေမျိုး မဟုတ်ပေ။ နှိုင်းယှဉ်အပ်သည်ပင်မဟုတ်ပါချေ။ ထို့ကြောင့် အဆိုပါ ရွှေမျိုးကို သာမန်ရွှေစျေးနှင့် ချင့်တွက်ခြင်းသည် မိုက်မဲရာရောက်ပါသည်။ တန်ရာတန်ဖိုးမသိသူမျိုးကဲ့သို့ဖြစ်သွားနိုင်ပါသည်။ ဤကိစ္စတို့ကား ရွှေလုပ်ခြင်းနှင့် ပတ်သက်၍အစစ်အမှန်ဖြစ်သည့်သဘောသဘာဝကို ဖွင့်ဆိုခြင်းဖြစ်ပါသည်။ ဒုတိယအနေဖြင့်မူ အတုအယောင်ရွှေသဘာဝလုပ်ခြင်းကို ဆက်လက် ဖော်ပြလိုပါသည်။

**□ အတုအယောင်လုပ်ဆောင်ထားသော ရွှေများ**

လောကရှိ လူအများသည် ဝါဝါမြင်ရုံဖြင့် ရွှေဟုထင်တတ်ကြသဖြင့် ရှေးလူကြီးသူမတို့က သတိပေးသည့်အနေဖြင့် ဝါဝါမြင်တိုင်း ရွှေမထင်နဲ့ ဟူသည့်အဆိုအမိန့်ထားခဲ့ခြင်း ဖြစ်ပါသည်။ ဤဆိုရိုးစကားသည် လွန်စွာကျယ်ပြန့်လေးနက်သည့် အဘိဓမ္မာတစ်ရပ်ကို လည်းကောင်း၊ အတွေးအခေါ်တစ်ရပ်ကို လည်းကောင်း ဖော်ဆောင်နေသည်ဟု နားလည်နိုင်ပါသည်။ ဤကား အဆင်းတူပြီး အချင်းမတူသော ပြဿနာပင်ဖြစ်၏။ သံတူကြောင်းကွဲ ဟူသကဲ့သို့ အသံတူသော်လည်း အကြောင်းခြင်းရာကား ကွဲပြားခြားနားလှကြောင်းကို သိရမည် ဖြစ်၏။ အပေါ်ယံအမြင်သည် အစစ်အမှန် ဟုတ်ချင်မှဟုတ်ပေမည်။ ပမာနကျသည့်ကိစ္စမှာ အနှစ်သာရကသာ အဆုံးအဖြတ်ပြုနိုင်မည် ဖြစ်ပေသည်။ အပေါ်ယံမှ သူတော်စင်အရေခြုံထားပြီး အတွင်း၌ဆိုးညစ်သောအလိုဆိုးရှိသည့်ပုဂ္ဂိုလ်မျိုးကဲ့သို့လည်း သုံးသပ်နိုင်၏။

ထို့အတူ ယခု ရွှေလုပ်သည့်ကိစ္စ၌ လည်း ရွှေမဟုတ်သည်ကို အပေါ်ယံအရောင်အဆင်းအရ ရွှေနှင့်တူအောင်ဖန်တီးပြီး ရွှေအဖြစ်လည်းကောင်း၊ ရွှေစျေးနှင့်သော်လည်းကောင်း တန်ဖိုးဖြတ်ပြီး ရောင်းချခြင်း ဖြစ်၏။ အဆိုပါ ရွှေလုပ်သည့်လုပ်ငန်းများစွာပင်ရှိပါသည်။ ဘော်ဝါလုပ်ထုံး၊ ရွှေစပ်တူဖမ်းလုပ်ထုံး၊ ပြဒါးကိုထုံတင်ဖမ်းပြီး ငရဲမီးအစားခံသည့်လုပ်ထုံး၊ ဆေးဒန်းဖြင့်လုပ်သည့်လုပ်ထုံး စသည်တို့များစွာရှိပါသည်။

ဤနေရာ၌ ဘော်နှင့် ရွှေသည် သတ္တုသဘောတရားချင်း အတော်ပင်နီးစပ်စပ်တူ၏။ အရောင်အားဖြင့်သာ ရွှေကဝါပြီး၊ ဘော်ကဖြူခြင်းဖြစ်၏။ ထို့ကြောင့် ဘော်အဖြူကိုအဝါရောင်အဖြစ်သာ ပြောင်းလဲနိုင်ပါက ဘော်ဝါကို ရွှေအဖြစ် ရောင်းချနိုင်မည် ဖြစ်ပါသည်။ ထို့အတူ ဆေးဒန်း၊ ပြဒါး စသည်တို့ကို ငရဲမီးအစားခံနိုင်သည့်အဆင့်သို့ ပြုလုပ်ပြီး ရွှေနှင့်ထိုက်သင့်သလို အချိုးများ အတိုင်းရောစပ်ပြီး ရွှေအဖြစ်ရောင်းစားကြခြင်း ဖြစ်၏။

ဤကဲ့သို့သော သဘောတရားများဖြင့် ရွှေလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်ကို တွေ့ရှိကြရ၏။ ထိုကဲ့သို့ သဘာဝမဟုတ်သည့်လူလုပ်ဖန်တီးထားသောပစ္စည်းကို သဘာဝတွင်းထွက်အစစ်အမှန် ရွှေသဖွယ်ရောနှောပြီးတွင်းထွက်ရွှေအတိုင်း စျေးယူ၍ရောင်းချနေကြခြင်းဖြစ်၏။ ဤကိစ္စသည် စင်စစ်အားဖြင့် လိမ်လည်မှုသာဖြစ်၏။ မသိနားမလည်သူများထံမှ ငွေကြေးကို ညာယူနေကြခြင်းဖြစ်၏။ ထို့ကြောင့်လည်း ရွှေစျေးကွက်တွင် ဆိုင်တစ်ဆိုင်မှ ရွှေဝယ်ယူလျှင် ထိုဆိုင်မှ ဝယ်ယူစဉ်က ရရှိသည့် ဘောက်ချာကို အသေအချာသိမ်းထားရ၏။ ထိုဘောက်ချာကို သိမ်းမထားလျှင်သော်လည်းကောင်း၊ဘောက်ချာပျောက်သွားလျှင်သော်လည်းကောင်း ပြဿနာပေါ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ဘောက်ချာမရှိလျှင် မိမိဝယ်ယူထားသောရွှေထည်ပစ္စည်းကို ပြန်လည်ရောင်းချလိုပါက များစွာပင် အခက်အခဲတွေ့စေနိုင်ပါသည်။ ထို့အပြင် မိမိဝယ်ယူထားသောဆိုင်မှတစ်ပါး အခြားသော မည်သည့်ဆိုင်ကမျှ ထိုရွှေကိုဝယ်ယူကြမည်မဟုတ်ပေ။ ထိုရွှေထည်ကို ရောင်းချမည်ဆိုလျှင်လည်း မိမိဝယ်ယူထားသောဆိုင်ကိုသာ ပြန်ရောင်းနိုင်၏။ ပြန်ရောင်းရာတွင်လည်း ဝယ်ယူထားသည့်ဘောက်ချာပါမှသာ ရောင်းချ၍ရမည်ဖြစ်၏။

ဤအခြင်းအရာကို သုံးသပ်ကြည့်ပါက ရွှေဟုဆိုသောအရာထက်ဘောက်ချာကသာ ပို၍အရေးပါခြင်း ဖြစ်နေ၏။ အရေးပါမှုကိုကြည့်ပြီး တန်ဖိုးဖြတ်မည်ဆိုလျှင် ဘောက်ချာက ရွှေဟုဆိုသောအရာထက် တန်ဖိုးအမှန်တကယ်ရှိနေခြင်းပင် ဖြစ်တော့၏။

ထို့ကြောင့် လူအများ ရွှေဝယ်သည်ဟုဆိုခြင်းမှာ ဘောက်ချာကို ဝယ်နေရသည့်သဘော သက်ရောက်နေသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်သည် ရွှေအရောင်းအဝယ်သဘောထက် ဘောက်ချာအရောင်းအဝယ်အသွင်ကို သာဆောင်နေပါသည်။ တကယ်စင်စစ်တွင်မူ ရွှေဝယ်ယူသူသည် ရွှေဝယ်ယူခြင်းမျိုးမဟုတ်မူတော့ဘဲ ဆိုင်နာမည်နှင့်ဘောက်ချာကိုသာဝယ်ယူရခြင်းဖြစ်နေတော့၏။ ထိုဘောက်ချာကိုပင်လျှင် ငွေတန်းဖိုးတစ်ရပ်သတ်မှတ်ပြီး အဆိုပါ ဘောက်ချာပေးသူအား မိမိ၏ငွေကို ပေးထားရသည့်သဘောပင်ဖြစ်နေသော

www.burmeseclassic.com

၏။ သို့အတွက်ကြောင့် ရွှေဝယ်ယူသည့် မိမိငွေကြေးဖြင့် ရွှေဟုဆိုသောအရာကို ဘောက်ချာ တည်းဟူသော ကြေးခံ စာရွက်ဖြင့် လဲလှယ်ယူသည့်သဘောသာ ဖြစ်နေ၏။ ရွှေဟုဆိုသော အရာဟူသည်မှာလည်း အစစ်အမှန်သဘောထက် အသွင်သဏ္ဌာန်သဘောသာဖော်ဆောင်နေပါတော့၏။ တံလျှပ်ကိုရေထင်အောင် ပြုထားခြင်းသာ ဖြစ်၏။

ထို့ကြောင့်လည်း အဆိုပါလုပ်ထုံး လုပ်နည်းများသည် အဂ္ဂိရတ်ပညာရှင် အစစ်အမှန်များက ပြုလုပ်သည့်အလုပ် မျိုးမဟုတ်ကြပါ။ အဂ္ဂိရတ်သမားအမည်ခံအတုအယောင်များကလုပ်ကြခြင်း ဖြစ်၏။ ရှေးရှေးသော အာစရိယဆရာသခင်တို့၏အလိုတော်ကျလည်း မဟုတ်ပေ။ သမ္မာအာဇီဝလည်းမကျပေ။ ဒုစရိုက်အမှုသာဖြစ်တော့သည်။ ထိုအမှုသည် အခြားသော မကောင်းမှုတို့ထက် ပိုပြီး တာဝန်ကြီး၏။ အဘယ်ကြောင့်ဆိုသော် အဂ္ဂိရတ်လမ်းစဉ်ဟူသည့် မြင့်မြတ်သော လုပ်ငန်းစဉ်ကြီးကို ခုတုံးလုပ်အသုံးချထားသောကြောင့် ဖြစ်၏။

ထို့အတွက် အဆိုပါကိစ္စနှင့် ပတ်သက်ပြီးလုပ်ကိုင်သူများသည် မကောင်းကျိုးများကိုသာ တွေ့ကြုံရလေ့ရှိတတ်ကြောင်း ရှေးပညာရှိသူဟောင်းတို့က အကြိမ်ကြိမ်အထပ်ထပ် မိန့်ဆိုခဲ့ကြဖူးသည်။ ထိုမကောင်းကျိုးနှင့်ပတ်သက်ပြီး အစဉ်အလာအားဖြင့်ဖြစ်လေ့ရှိသည်မှာ အချို့သောသူများသည် အိမ်ခြေယာခြေ ပျောက်အောင် မွဲပြာကျသွားခြင်းမျိုးကိုသော်လည်းကောင်း၊ ဆေးကုသရန်ခက်ခဲသည့်ရောဂါများကျရောက်တတ်ခြင်းမျိုးလည်းကောင်း၊ အရွယ်မတိုင်မီ သေဆုံးရသည့်အဖြစ်မျိုးကို လည်းကောင်း၊ ကြုံတွေ့ရတတ်သည်ဟု အာစရိယဝါဒအရ မှတ်သားရသည့် အစဉ်အလာရှိပါသည်။ ထိုကိစ္စနှင့်ပတ်သက်သည့် အဖြစ်အပျက်သာဓကအချို့ကို ဖော်ပြလိုပါသည်။

**မတော်တဆဖြစ်ရပ်လောအမှန်တကယ် ဘေးဆိုးကြုံတွေ့ရခြင်းလော**

ရွှေလုပ်ခြင်းကိစ္စနှင့် ပတ်သက်၍ ဖြစ်ရပ်အချို့ကို ဖော်ပြလိုပါသည်။ အဆိုပါ အဖြစ်အပျက်များသည် အမှန်တကယ်ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါဖြစ်ရပ်တွင် ပါဝင်သူအချို့၏ အမည်များကို ပြောင်းလဲ၍ ဖော်ပြထားပါသည်။ လွန်ခဲ့သောဆယ်စုနှစ်ကျော်ကာလက ဖြစ်၏။

လူပုဂ္ဂိုလ်တစ်စုသည် ငွေကြေးကလည်း အတော်အသင့်ပြည့်စုံကြွယ်ဝသူများလည်း ဖြစ်၏။ အဂ္ဂိရတ်ပညာကိုလည်း ဝါသနာထုံ၏။ အထူးသဖြင့် သူတို့သည် အဂ္ဂိရတ်ပညာတွင် ပါဝင်သော ရွှေဖြစ်ငွေဖြစ်လုပ်ငန်းကို အထူးစိတ်ဝင်စားကြ၏။ အဘယ်ကြောင့်ဆိုသော် မိမိတို့အနေဖြင့် ရွှေငွေဖြစ်အောင် လုပ်နိုင်ပြီဆိုလျှင် ဤလောကတွင် ကိစ္စပြီးပြီဖြစ်တော့၏။ သဘောထားကြ၏။ ဤနေရာ၌ ကိစ္စပြီးပြီဆိုခြင်းမှာ လောကတွင် မတောင့်မတ မကြောင့်မကြနေထိုင်စားနိုင်မည် ဖြစ်၏။ အဆင့်အတန်းမြင့်မားစွာနေထိုင်နိုင်မည်ဖြစ်၏။ စည်းစိမ်ချမ်းသာပြည့်စုံကာ လောက၌လိုတရ ပြီးပြည့်စုံရလိမ့်မည်ဟု တွေးထင်ခဲ့ကြ၏။

ထို့ကြောင့်လည်း သူတို့သည် အဂ္ဂိရတ်လုပ်ငန်းကို သည်းကြီးမည်းကြီး လုပ်ကိုင်ကြ၏။ နေ့မအားညမနား လုပ်ကိုင်ကြ၏။ ရွှေဖြစ်နိုင်သည်ဟူသော ကြားရသမျှ၊ တွေ့ရသမျှ နည်းပေါင်းစုံကိုလည်း စမ်းသပ်လုပ်ကိုင်ကြ၏။ စမ်းသပ်သည့်လုပ်ငန်းကိုလည်း တစ်ဦးတည်းလုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ လူပေါင်းများစွာဖြင့် လုပ်ငန်းတစ်ခုစီခွဲကာ စမ်းသပ်ရှာဖွေခဲ့ကြ၏။ ထိုသို့ လုပ်ကိုင်ရှာဖွေရင်း အချိန်ကာလသည် ဆယ်စုနှစ်တစ်ခုကျော်အချိန်ကုန်ခဲ့၏။ သို့သော် သူတို့၏ ရွှေဖြစ်ရန် ရည်ရွယ်လုပ်ကိုင်သည့်လုပ်ငန်းသည် အကောင်အထည်ကား ပေါ်မလာခဲ့သေးပေ။ လူအားလုံးလည်း အထူးပင် ပင်ပန်းကြ၏။ ငွေကြေးစိုက်ထုတ်ကုန်ကြခဲ့ရမှုလည်း နည်းနည်းနောနောမဟုတ်ပေ။

နောက်ဆုံးတွင် သူတို့သည် ကြံရာမရတော့သဖြင့် ဘာဆက်လုပ်လျှင်ကောင်းမည်နည်းဟု တိုင်ပင်ကြ၏။ ထိုအခါ အားလုံးက သူတို့တွင် အဂ္ဂိရတ်နှင့် ပတ်သက်သောပညာကား နည်းပါးသေးသောကြောင့် မဖြစ်နိုင်သေးခြင်းဖြစ်မည်။ ထို့အတွက် ဤပညာနှင့်ပတ်သက်၍ အမှန်တကယ်ကျွမ်းကျင်သည့်ဆရာသမားပညာရှင်တစ်ဦးကို ရှာဖွေမှဖြစ်တော့မည်ဟု သဘောပေါက်လက်ခံကြသဖြင့် ဆရာရှာရန်အတွက် မြန်မာပြည်အနှံ့ အရပ်ဒေသအသီးသီးသို့ လှည့်၍ ထွက်ခဲ့ကြ၏။

ထိုအခါ မကြာမတင်မီပင် ဆရာအသီးသီးကို တွေ့ခဲ့ကြရ၏။ ထိုဆရာဆိုသူများကလည်း ပုံစံအသီးသီးနှင့် အမျိုးအစားကလည်း မျိုးစုံအောင် တွေ့ခဲ့ကြရ၏။ အချို့ဆရာတို့ကလည်း ငါးလအတွင်းအပြီးလုပ်ပြမည်ဟုလည်းကောင်း၊ အချို့ကလည်း သုံးလနှင့်အပြီးရမည်ဟူ၍ လည်းကောင်း၊ အချို့ကလည်း နှစ်လနှင့် ဖြစ်သည် ဟူ၍လည်းကောင်း၊ အချို့ကလည်း ဘာမှမလိုဘူး တစ်လနှင့်ပြီးသည်ဟုလည်းကောင်း အမျိုးမျိုးတွေ့ရ၏။ ထို့ကြောင့် သူတို့အုပ်စုလည်း ထိုဆရာများထဲမှ အဖြစ်နိုင်ဆုံးဟု ယူဆရသည့်ဆရာအား ပင့်ဖိတ်ကျွေးမွေးညှဉ့်ခံပြီး ငွေကြေးကုန်တော့ကာ ထိုနည်းကို စမ်းသပ်ခဲ့ကြ၏။ သို့သော်လည်း နောက်ဆုံးတွင် အဖျားရှူးသွားကြသည်ကားများလှ၏။

ဤတွင် အတွေ့အကြုံအရ အချို့သော ဆရာများသည် လုပ်ငန်းစတည်ပြီး အခြေအနေတစ်ခုရောက်သည့်အခါတွင်မှ ပြောလေ့ရှိသည်မှာ -

"ကဲ - ဓာတ်လုံးက အတော့်ကို အခြေအနေကောင်းနေပြီ။ ပိုကောင်းသွားအောင် ရွှေကျွေးရမယ်"

ဟု ဆိုပြီး ရွှေဝယ်ခိုင်း၏။ ရွှေဝယ်ပေးသောအခါတွင်လည်း အချို့သည် ရွှေကို အမှန်တကယ်ကျွေးသည်ရှိသလို၊ အချို့ကလည်း ဝယ်ပေးသည့် ရွှေကို တချို့တစ်ဝက်သာကျွေးပြီး တချို့တစ်ဝက်ကို ကိုယ်ကျိုးအတွက်ယူတတ်ကြသူများလည်းရှိ၏။ အချို့ကလည်း ဝယ်ပေးသည့်ရွှေအားလုံးကို လုံးလုံးမကျွေးဘဲ လိမ်လည်လှည့်ဖြား ထည့်ယောင်ပြကာ ဓာတ်လုံးထဲ အမှန်တကယ်မထည့်ဘဲ သူ့အိတ်ထဲသို့သာ ထည့်လိုက်သူများလည်းရှိ၏။

အချို့သော ဆရာများကလည်း သူ့ထံတွင် အမှန်တကယ်ပင် အဂ္ဂိရတ်ပညာဖြင့် ရွှေလုပ်နည်းရှိသည်။ ထိုနည်းကို အလကားတော့မပေးနိုင်။ သိန်း (၃၀၀) ရမှ ပေးနိုင်မည်၊ သိန်း (၂၀၀) ရမှပေးနိုင်မည်၊ သိန်း (၁၀၀) ရမှပေးနိုင်မည်ဟု ပြောကြပြီး ရွှေလုပ်နည်းကို ရောင်းစားကြသူများလည်း ရှိ၏။

အချို့သော ဆရာများကလည်း သူတို့ရရှိသောရွှေလုပ်နည်းများကို သူတို့ဘာသာသူတို့ အစအဆုံး တစ်ကြိမ်မျှ စမ်းသပ်မှုမပြုရသေးဘဲ အမှန်တကယ်အောင်မြင်ပြီးသယောင် ပြောကြသည်။ ထိုသို့ သူတို့နည်းကို ယုံကြည်အောင် ပြောပြီး လက်တွေ့လုပ်ကိုင်စေ၏။ နောက်ဆုံး မဖြစ်တော့သောအခါတွင်မှ အဖျားရှူးသွားကြ၏။ ထိုကဲ့သို့ လုပ်ကိုင်ကြသည့်ပုဂ္ဂိုလ်များ၏ အကြောင်းမှာ သူတို့သည် အဆိုပါ ရရှိထားသည့်နည်း



www.burmeseclassic.com

www.burmeseclassic.com

လမ်းကို ကိုယ်ပိုင်ငွေကြေးဖြင့် စမ်းသပ်လျှင် ငွေကြေးမြောက်မြားစွာကုန်ကျမည် ဖြစ်၏။ ထို့ကြောင့် ထိုနည်းလမ်းဟုတ်၊ မဟုတ်ကို စမ်းသပ်သိရှိရန် သူတစ်ပါး၏ငွေဖြင့် စမ်းသပ်၍ရအောင် ဥပါယ်တံမျဉ်ဖြင့် ကြံဆောင်လုပ်ကိုင်ကြခြင်း ဖြစ်၏။ ထို့ကြောင့် အဆိုပါနည်းကို သူတစ်ပါးဗိုက်ဖြင့် အငှားမေးထိုးခံစေသည့်နည်းဟု ရှေးဆရာတို့က ဆိုခဲ့ကြခြင်း ဖြစ်၏။

အချို့သော ရွှေလုပ်သည့် အဂ္ဂိရတ်ဆရာများလည်းရှိ၏။ သူတို့တွင်လည်း သူတို့နည်းသူတို့ဟန်ဖြင့် နည်းလမ်းအမျိုးမျိုးရှိကြ၏။ သူတို့ပြောသည့်နည်းလမ်းများမှာ -

ရွှေတိုးနည်း၊ ဘော်ဝါလုပ်နည်း၊ ရွှေလုပ်တူနည်း စသည်ဖြင့် အမျိုးမျိုးသောနည်းလမ်းများရှိကြ၏။ အချို့သော အဂ္ဂိရတ်ဆရာများက ရွှေတိုးနည်းစသည်တို့သည် အနည်းငယ်သာရသောနည်းဖြစ်၏။ သူတို့၏နည်းမှာ ထိုကဲ့သို့မဟုတ်၊ တစ်ထိုင်တည်းနှင့် ရွှေအလေးချိန်များစွာရရှိစေနိုင်သည့် ပစ်လမ်းခတ်လမ်းကိုပြုနိုင်သောနည်းရှိသည်ဟုလည်း ဆိုကြပါသည်။ အဆိုပါ ပစ်လမ်းခတ်လမ်းဆိုသည်မှာ ဓာတ်ထိုးထားသည့် အညံ့စားသတ္တုအား ဆေးတစ်နှမ်းပစ်ရုံဖြင့် ရွှေဖြစ်စေသည့်နည်း ကို ဆိုလိုခြင်း ဖြစ်ပါသည်။

ဤသို့ မြားမြောင်လှသော အနှီနည်းပေါင်းများစွာ၊ ဆရာပေါင်းများစွာ၊ အတွေ့အကြုံပေါင်းများစွာကို တွေ့ခဲ့ရပြီးနောက် သူတို့သည် ငွေလည်းအတော်ပင် ကုန်ခန်းသွားကြပြီ ဖြစ်၏။ အချိန်လည်း တော်တော်ပင်ပေးလိုက်ရ၏။ လူများလည်း ဖတ်ဖတ်မောအောင်ပင်ပန်းလိုက်ကြရ၏။ ထို့ကြောင့် အဆိုပါအဖွဲ့မှ လူအတော်များများသည် စိတ်ပျက်လက်ပျှော့ကာထွက်သွားကြသဖြင့် သူတို့အဖွဲ့တွင် ဦးချစ်ညွန့် ဆိုသူ အပါအဝင် လူ (၃) ယောက်သာ ကျန်ရှိတော့၏။ သူတို့သည်ကား အဆိုပါ ရွှေလုပ်နည်းရှိသည်ဆိုသည်ကို စွဲစွဲမြဲမြဲယုံကြည်ဘားသူများဖြစ်ကြသဖြင့် ဇွဲကောင်းကောင်းဖြင့် တောင့်ခံကျန်ရစ်ခဲ့ကြခြင်း ဖြစ်၏။

သို့သော်လည်း သူတို့သည် ဇွဲကောင်းကောင်းဖြင့် တောင့်ခံကျန်ရစ်စေကာမူ ဤကိစ္စနှင့်ပတ်သက်ပြီး ဘာကစ၍ဘာလုပ်ရမှန်းမသိတော့ပေ။အဘယ်ကြောင့်ဆိုသော် သူတို့သည် နည်းကုန်လမ်းကုန် အစွမ်းကုန်အောင်လုပ်ပြီးကြသူများဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့်လည်း သူတို့သည် ဘာလုပ်လျှင်ကောင်းမည်နည်းဟု တိုင်ပင်နှီးနှောကြရာ အဖြေမထွက်နိုင်အောင်ဘဲဖြစ်ကြရလေ၏။ နောက်အဂ္ဂိရတ်လုပ်ငန်းဆိုင်ရာတို့ကိုခေတ္တနားထားပြီး အကြံဉာဏ်ကောင်းရှာရန်အတွက် လည်းကောင်း၊စိတ်ပြေလက်ပျောက်ဖြစ်စေရန်လည်းကောင်း၊ စိတ်လက်ကြည်လင်လန်းဆန်းသွားစေရန်အတွက် လည်းကောင်း ရည်ရွယ်ချက်ဖြင့် မြန်မာပြည်အနှံ့ရှိ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးထွက်ကြရန် သဘောတူကြ၏။

ထိုသို့ဆုံးဖြတ်ကြပြီးနောက် မရှေးမနှောင်းပင် ဦးချစ်ညွန့်နှင့်အဖွဲ့သည် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်သွားကြလေ၏။

**ကံကောင်းထောက်မခြင်းအစ ဘုရားဖူးခြင်းက**

ဦးချစ်ညွန့်တို့ လူတစ်သိုက်သည် မြန်မာပြည်အောက်ပိုင်း၊ အထက်ပိုင်းတို့တွင်တည်ရှိနေသော တန်ခိုးကြီးဘုရားများသို့ မိမိတို့အစီအစဉ်ဖြင့် သွားရောက်ကြလေ၏။ သူတို့သည် ဘုရားတစ်ဆူရောက်လျှင် တည်းခိုရန် နေရာထိုင်ခင်းကို ဦးစွာရှာ၏။ နေရာထိုင်ခင်းရလျှင် ထိုဘုရားတွင် စိတ်အေးလက်အေးဝတ်ပြုခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဆုတောင်းခြင်းအမှုတို့ကို ပြုကြလေ၏။ ထိုသို့ပြုလုပ်ပြီး စိတ်ကျေနပ်သောအခါတွင်မှ နောက်ဘုရားတစ်ဆူသို့ ဘုရားဖူးဆက်ထွက်ကြ၏။

ဤသို့ ဘုရားဖူးရင်း ခရီးထွက်ကြရာ မြန်မာပြည်အထက်ပိုင်းတွင်ရှိ ဘုရားတစ်ဆူတွင် ကံအားလျော်စွာ အဓိဋ္ဌာန်ဝင်နေသော လူပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ဆုံမိကြ၏။ထိုပုဂ္ဂိုလ်ကား သူ၏အဓိဋ္ဌာန်လုပ်ငန်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှ စိတ်ဝင်စားသူမျိုးမဟုတ်ကြောင်း တွေ့ကြရ၏။ စကားလည်းသိပ်မပြောပေ။ လိုအပ်မှသာ အနည်းငယ်ပြောသူမျိုးဖြစ်၏။ ထိုပုဂ္ဂိုလ်နှင့် ဦးချစ်ညွန့်တို့စတင် ပတ်သက်ရသည့်အကြောင်းမှာ ဤသို့ဖြစ်၏။

တစ်ခု ညဦးပိုင်းအချိန် စေတီတော်၏ရင်ပြင်ပေါ်တွင် အဓိဋ္ဌာန်ဝင်နေသော ဦးချစ်ညွန့်တို့အဖွဲ့မှ ဦးထွန်းတင်ဆိုသူသည် စနေထောင့်တွင် ပုတီးစိပ်အဓိဋ္ဌာန်ဝင်နေရင်းပင် တက်ချက်မြည်ကဲ့သို့လည်းကောင်း၊ သတိလစ်မေ့မြောတော့မည်ကဲ့သို့လည်းကောင်း အကြောများဆွဲကာ တုန်တုန်ယင်ယင်ဖြင့်ယိုင်ကျ

သွားတော့၏။ ထိုအခါ ဦးချစ်ညွန့်တို့
လည်း ကပျာကယာပင် ပြေးလွှား
ပေးကြပြီး ပြုစုကြ၏။ သို့သော်လည်း
ဆေးပညာတတ်သူများမဟုတ်ကြသဖြင့်
ဘာလုပ်၍ဘာကိုင်ရမှန်းမသိဘဲဖြစ်နေ
ကြ၏။ ထို့အပြင် အဆိုပါနေရာသည်
ဆေးရုံ ဆေးခန်းတို့နှင့်အတော်ပင်
လှမ်းနေကြောင်း သိရသဖြင့် ပို၍ပင်
မကိုင်မိလက်မကိုင်မိဖြစ်နေကြတော့၏။

ထိုအချိန်တွင် ရင်ပြင်တော်ပေါ်
အဓိဋ္ဌာန်ဝင်နေသော ပုဂ္ဂိုလ်သည် ဦး
ညွန့်တို့အနားသို့ ရောက်ရှိလာပြီးနောက်
လဲကျနေသူကိုကြည့်ကာ -

"ဘယ်လိုဖြစ်တာလဲ၊ ကျုပ်ကြည့်
ပေးရမလား။ ကျုပ်ဆေးပညာနားလည်
တယ်"

ဟု ဆိုလာ၏။

ထိုအခါ ဦးချစ်ညွန့်သည် အဆို
ပုဂ္ဂိုလ်ကို လွန်ခဲ့သည့်ရက်အနည်းငယ်
စတင်တွေ့ရှိချိန်ကတည်းက ထိုပုဂ္ဂို
၏ နေထိုင်လုပ်ကိုင်ခဲ့သည့် ရက်အနည်း
ငယ် စတင်တွေ့ရှိချိန်ကတည်းက
ပုဂ္ဂိုလ်၏ နေထိုင်လုပ်ကိုင်ပုံကိုကြည့်
စိတ်ထဲမှာ သဘောကျမှုလည်းရှိ
သဖြင့် ချက်ချင်းလက်ငင်း လိုလို
လားပင် ခရီးဦးကြိုပြုလိုက်ပြီး -

"ဟာ - ကံကောင်းတာပဲ၊ ဆ
ကြီးကုပေးနိုင်မယ်ဆိုရင် ကုပေး
ခင်ဗျာ"

ဟု ဆိုလိုက်သောအခါ ဆရာကြီး
က -

"ကဲ - ဒါဆို လူမမာကိုမြန်မြန်
ဟိုဇရပ်ပေါ်ကိုခေါ်လာခဲ့"

ဟု မလှမ်းမကမ်းရှိ ဇရပ်
ဆောင်ကို လက်ညှိုးထိုးညွှန်ပြပြီး ဆ
ကြီးလည်း ဇရပ်ဆီသို့ ခပ်သုတ်သု
လျှောက်သွားလေ၏။

ဦးချစ်ညွန့်တို့လည်း ဦးထွန်း
ကိုမ,ကာ ဇရပ်ဆီသို့ သယ်သွားကြ
ဇရပ်ပေါ်၌ လူမမာကို ကြမ်းပြင်ပေါ်
ချပြီးသည်နှင့် ဆရာကြီးသည် လူမမာ
အသားအရေကို ကိုင်တွယ်စမ်းသပ်
သွေးစမ်းခြင်းများကိုပြုလေ၏။ ထို
ဆရာကြီးစမ်းသပ်နေသည့်အချိန်
လူမမာဦးထွန်းတင်သည် မေးထူး
ပြော၍မရတော့ဘဲ လုံးဝသတိမေ့
နေသကဲ့သို့ဖြစ်နေတော့၏။ ထိုသူ
အသားအရေတို့မှာလည်း ရေခဲတုံး
အေးစက်နေ၏။

ဆရာကြီးသည် သွေးစမ်းကြ
နောက် သူ၏လွယ်အိတ်ထဲသို့
ရာ လက်ညှိုးအရွယ် ဆေးလုံး


အတွဲ (၁၅) အမှတ် (၉) ၂၀၁၅ ခုနှစ် ဇော်တင်ဘာလ
www.burmeseclassic.com

www.burmeseclassic.com

ည်လေး၊ ငါးလုံးခန့်ပါလာ၏။ ထိုအထဲ လိမ္မော်ရောင်အဆင်းရှိသည့် ဆေး လင်းထဲမှ ဆေးမှုန့်နှမ်းစေ့မျှလောက်ကို န်းကလေးတစ်ချောင်းထဲတွင် ထည့် ိုက်၏။ ပြီးလျှင် သောက်ရေအိုးစင်မှ ရေတစ်ခွက်ခပ်ခိုင်းပြီး ထိုရေခွက်ထဲမှ ရေဆယ်စက်ခန့်ကို လက်ဖြင့်တို့ယူပြီး န်းလေးထဲထည့်ကာ ဖျော်လိုက်ပြီး ူမမာ၏ပါးစပ်ကိုဖြဲကာ တစ်စက်ချင်း ပေးလိုက်၏။ ထို့နောက် ဆရာကြီးက နောက်သို့လှည့်ကြည့်လိုက်ပြီး ဦးချစ်ညွန့် ို့အား -

"ဒီမယ် - မောင်ရင်တို့ဒီအနားမှာ င်းမှုန့်နည်းနည်းသွားပြီးရှာလာခဲ့။ မြန် သွား"

ဟု ပြောဆိုလေ၏။

ထို့ကြောင့် ဦးချစ်ညွန့်၏မိတ်ဆွေ န်တစ်ယောက်လည်း ကပျာကယာ ပြီးသွားလေ၏၊

ဆေးတိုက်ပြီးသည်နှင့် ဆရာကြီး ည် လူနာ၏လက်ကောက်ဝတ်ကိုကိုင် သွေးစမ်းပြန်၏။ ပြီးလျှင် လွယ်အိတ် ရှိ ဆေးပုလင်းထဲမှ အဖြူရောင်ဆေး အနည်းငယ်ကိုယူပြီး စက္ကူကတော့ ေးတစ်ခုလုပ်ကာ ဆေးမှုန့်များကို ည့်ပြီး လူနာ၏နှာခေါင်းဝတွင် တော့ မှုတ်သွင်းလိုက်၏။ ထိုကဲ့သို့ ပြုလုပ် င်းကို နှာခေါင်းနှစ်ဖက်စလုံးတွင် ပြု ပ်လိုက်၏။ မကြာမီပင် နနွင်းသွားရှာ ူလည်း ရောက်လာသဖြင့် ဆရာကြီး ဦးချစ်ညွန့်အား -

"ကဲ - အဲဒီနနွင်းမှုန့်တွေနဲ့ လူနာ ကိုယ်လုံးကိုဆတ်ပေတော့"

ဟုပြောလိုက်ရာ ဦးချစ်ညွန့်လည်း ဆတ်သည် ဟူသော ဝေါဟာရကို နား ည်သဖြင့်-

"ဆတ်တယ်ဆိုတာ ဘာလုပ်တာ ဆရာကြီး"

ဟု မေးလိုက်ရာ -

"ဩော် - အေး၊ နနွင်းဆတ်ပေး ယ်ဆိုတာ လူနာရဲ့ခန္ဓာကိုယ်အစိတ် ိုင်းတွေကို နနွင်းနဲ့ဆုပ်ဆုပ်ပေးတာ ပြောတာ"

ဟု ဆိုပြီး ဆရာကြီးကိုယ်တိုင် င်းအနည်းငယ်ကိုယူပြီးလုပ်ပြလိုက် င့် ဦးချစ်ညွန့်တို့လည်း ထိုအတိုင်း ်လုပ်ကြ၏။ ထိုအချိန် ဆရာကြီး ည်း လူနာ၏လက်သွေးကို စမ်းသပ် ည့်လိုက်ပြီး -

"အင်း-သွေးအခြေအနေကတော့ တိုးတက်လာပြီ။ မကြာခင် သတိရ ာ့မယ်"

ဟု မှတ်ချက်ပြုလိုက်၏။

များမကြာမီပင် လူနာသည် လူးလွန့်လှုပ်ရှားကာ မျက်စိပွင့်လာတော့ ၏။ ထိုအခါ ဆရာကြီးလည်း လိုအပ် သောကုသမှုများကို ဆက်လုပ်ပေးလေ ၏။ မိနစ်အနည်းငယ်ကြာသောအခါ လူနာလည်း ထိုင်နိုင်၊ စကားပြောနိုင် သည့်အဆင့်သို့ရောက်လာခဲ့၏။

ထိုအခါ ဦးချစ်ညွန့်က -

"ဆရာကြီး၊ ကျွန်တော့်မိတ်ဆွေက ဘာဖြစ်တာလဲ"

ဟု မေးလိုက်၏။

"သူ့ရောဂါက သွေးရှုတ်တရက် ဆောင့်တက်သွားတဲ့အတွက် အာရုံ ကြောထိခိုက်ပြီး သတိလစ်သွားတာပါ။ နောက်ဆို အစားအသောက်အနေအ ထိုင်ဆင်ခြင်ပေ့ါ။ ကဲ - ခုတော့ ဟောဒီ ဆေးလုံးတွေယူထား။ တစ်နေ့ကို သုံးလုံး သောက်"

ဟု ပြောပြီး ဆေးအနည်းငယ် ထပ်ပေးလေ၏။

ထိုအခါ ဦးချစ်ညွန့်ကစူးစမ်းသည့် သဘောဖြင့် -

"ဆရာကြီးတိုက်တဲ့ဆေးက နည်း နည်းလေးပဲ တိုက်တာတွေ့တယ်။ သိပ် စွမ်းတယ်။ အဲဒါ ဘာဆေးများလဲ ခင်ဗျာ"

ဟု မေးလိုက်ရာ ဆရာကြီးက-

"ဒီဆေးတွေက သာမန်ဆေးတွေ မဟုတ်ဘူး၊ ဝိဇ္ဇာဓရဆေးတွေပဲ။ အဂ္ဂိ ရတ်နည်းနဲ့ဖော်စပ်ရတာကွယ့်"

"ဒါဆို ဆရာကြီးက အဂ္ဂိရတ် ပညာကို တော်တော်သိမယ်ထင်တယ်"

ဟု စူးစမ်းလိုက်ရာ-

"အတော်အသင့်တော့ သိပါ တယ်။ ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး၊ အဂ္ဂိရတ်နဲ့ ပတ်သက်ပြီး သိချင်တာလေးရှိလို့ပါ"

ဟု ဦးချစ်ညွန့်က ပြောလိုက် သဖြင့်-

"မောင်ရင်က အဂ္ဂိရတ်နဲ့ပတ် သက်ပြီး ဘာသိချင်တာလဲ"

ဟု ဆိုလိုက်ရာ ဦးချစ်ညွန့်က -

"ဩော်-အဂ္ဂိရတ်ပညာရပ်မှာ ရွှေ ဖြစ်ငွေဖြစ်ပညာဆိုတာ တကယ်ရှိတာ လား သိချင်လို့ပါ"

ပြောလိုက်ရာ ဆရာကြီးလည်း ဦးချစ်ညွန့်အား စူးစမ်းသည့်အကြည့်ဖြင့် တွေပြီး တစ်ချက်ကြည့်လိုက်၏။ ပြီးမှ ချိန်ချိန်ဆဆဖြင့် -

"ပညာတွေက အားလုံးဖြစ်တယ်၊ မဖြစ်ဘူးဆိုတာမရှိဘူး။ လူတွေကသာ မဖြစ်တာ"

ဟု ဆိုလိုက်၏။

ထိုအခါ ဦးချစ်ညွန့်၏ မျက်နှာ သည် ဝင်းလက်သွားပြီး သူတို့အား အဆိုပါပညာကိုသင်ပေးပါရန်ကို အနူး အညွတ်တောင်းပန်ပြောကြားပြီးနောက် သူတို့ကြုံခဲ့ရသည့်အဂ္ဂိရတ်ဆိုင်ရာအဖြစ် အပျက်များကို ပြောပြလိုက်၏။

ဦးချစ်ညွန့်၏ပြောစကားကို ဆရာ ကြီးသည် အသေအချာ နားထောင်ပြီး နောက်-

"ကျုပ် အဲဒီပညာကို ကောင်း ကောင်းတတ်တယ်။ ဒါပေမယ့် ဒီကနေ့ အချိန်အထိ ဘယ်သူ့ကိုမှလဲသင်မပေး သေးဘူး၊ ကျုပ်ကိုယ်တိုင်လည်း မလုပ် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီပညာဟာ သိပ်ကိုအန္တရာယ်ကြီးတဲ့ပညာဖြစ်နေလို့ ပဲ"

ဟု ဆရာကြီးက ဘွင်းဘွင်းရှင်း ရှင်းပြောလိုက်၏။

ထိုအခါ ဦးချစ်ညွန့်ကလည်း ဇွဲ မလျှော့ဘဲ -

"ဖြစ်နိုင်ရင် သင်ပေးပါ ခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့တစ် ဘဝလုံး ဒီပညာအတွက် ပေးဆပ်ထား တဲ့သူတွေ ဖြစ်ပါတယ်။ ဆရာကြီးအနေ နဲ့သာ လိုက်နာရမယ့်အချက်တွေကိုသာ ပြောပါ။ ကျွန်တော်တို့အတိအကျလိုက် နာပါ့မယ်။ ကတိပေးပါတယ်"

ဟု ပြောလိုက်လျှင် ဆရာကြီး လည်း လေးလေးနက်နက်စဉ်းစားလိုက် ပြီး-

"မောင်ရင်တို့ ဒီလိုလုပ်ပါ။ ကျုပ် ရဲ့အဓိဋ္ဌာန်ကလည်း မပြီးသေးဘူး။ တစ်ပတ်လောက်ကျန်ဦးမယ်။ အဲဒီတော့ ဒီကိစ္စကို အဓိဋ္ဌာန်ပြီးမှပဲ ဆုံးဖြတ်တာ ပေါ့"

ဟု ဆို၏။

❑

ဆရာကြီး အဓိဋ္ဌာန်ဝင်နေသည့် ကျန်ရှိသော ရက်သတ္တပတ်အတွင်း ဦးချစ်ညွန့်တို့လည်း ဇွဲကောင်းကောင်းနှင့် စောင့်ပြီး ဆရာကြီး၏ဝတ်ကြီးဝတ်ငယ် တို့ကို လိုလေသေးမရှိပြုကြ၏။ အဓိဋ္ဌာန် ရက်ပြီးမြောက်သောအခါ ဆရာကြီးက-

"မင်းတို့တွေဟာ ဒီပညာနဲ့ပတ် သက်ပြီး တော်တော်ဇွဲကြီးတာပဲ။ ကတိ ကဝတ်နဲ့ ပတ်သက်ပြီး သစ္စာပြုရမယ်၊ လုပ်နိုင်မလား"

"ဟုတ်ကဲ့၊ လုပ်ပါ့မယ် ဆရာကြီး"

ဟု ကတိပေးသဖြင့် ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com

လည်း ဘုရားရှေ့တွင် သစ္စာပြုတိုင်တည်ကာ အမျိုးမျိုးသော ကတိသစ္စာများကို တိုင်တည်ပေးပြီး ဦးချစ်ညွှန့်တို့က လိုက်ဆိုကြ၏။

ထို့နောက် ဆရာကြီးလည်း ထိုအရပ်ထိုဒေသ၌ပင် ဦးချစ်ညွှန့်တို့အား ပညာရပ်ကို သင်ပေးပြီး လိုအပ်သမျှအရာရာကို လမ်းညွှန်ပြသပေးလိုက်၏။ ထို့အပြင် ဆရာကြီးသည် လက်တွေ့ပါ လုပ်ပြလိုက်ရာ အချိန်အနည်းငယ်အတွင်း ရွှေဖြစ်သွားသည်ကို မြင်လိုက်ရသဖြင့် မှင်တက်မိပြီး အံ့ဩခြင်းမကအံ့ဩသွားခဲ့ကြတော့၏။

သူတို့သည် ဆရာကြီးနှင့် လမ်းခွဲပြီးနောက် မိမိတို့နေထိုင်ရာအရပ်ဒေသသို့ ပြန်လာခဲ့ကြ၏။ ထို့နောက် ဦးချစ်ညွှန့်တို့သည် စိတ်ထဲတွင် အထူးပင် စွဲလမ်းနေသဖြင့် အိမ်ရောက်ရောက်ချင်းပင် ဆရာကြီးသင်ပြပေးသည့်နည်းလမ်းအတိုင်း စမ်းသပ်ထိုးကြည့်ရာ အမှန်တကယ်ပင် ရွှေဖြစ်ကြောင်း တွေ့ရ၏။ ထို့ကြောင့် သူတို့သည် အထူးပင် ပျော်မဆုံးတပြုံးပြုံးဖြစ်ခဲ့ကြလေတော့၏။ ထို့ကြောင့် သူတို့သည် မကြာခဏ ရွှေလုပ်ကြ၏။ လုပ်တိုင်းလည်းဖြစ်ခဲ့၏။

တစ်နေ့တွင် ဦးချစ်ညွှန့်သည် ကိစ္စတစ်ခုရှိသဖြင့် ဆရာကြီးတစ်ဦးဖြစ်သူ ဦးထွန်းလှိုင်ထံ သွားရောက်ခဲ့ကြ၏။ ဦးထွန်းလှိုင်ကို လေးကျွန်းဓာတ်ပိုင်အဖြစ် လူသိများ၏။ အမှန်ကား ဦးထွန်းလှိုင်သည် ဘုရားများစွာကို တည်ထားသည့် သိက်ချုပ်ပုဂ္ဂိုလ်ကြီးလည်း ဖြစ်၏။ သူသည် အဂ္ဂိရတ်ပညာနှင့် အင်းပညာကို ကျွမ်းကျင်သူ ဖြစ်၏။ ဓာတ်များကို အင်းဖြင့်ချုပ်ပြီးထိုးနိုင်သူ ဖြစ်၏။ သူနှင့် ဦးချစ်ညွှန့်တို့သည် ယခင်ကတည်းက ရင်းနှီးပြီးသော ပုဂ္ဂိုလ်များလည်း ဖြစ်၏။ ဦးထွန်းလှိုင်နေသောအရပ်မှာ ညောင်တုန်းမြို့နယ်တွင်ဖြစ်၍ ဦးချစ်ညွှန့်သည် ကားကိုတစ်ဦးတည်းမောင်းဖို့ သွားခဲ့၏။ တစ်ဦးနှင့်တစ်ဦး မတွေ့ကြရသည်မှာလည်း နှစ်ပင်အနည်းငယ်ကြာပြီ ဖြစ်၏။ ထို့ကြောင့် ဦးချစ်ညွှန့်သည် ဦးထွန်းလှိုင်အတွက် သစ်သီးများ၊ စားဖွယ်သောက်ဖွယ်များနှင့် အခြားလက်ဆောင်ပစ္စည်းများကိုပါ တစ်ပါတည်း ယူလာခဲ့၏။

ဤသို့ဖြင့် ဦးချစ်ညွှန့်၏ကားသည် ညောင်တုန်းမြို့အဝင်ရှိ ဦးထွန်းလှိုင်၏ ဓာတ်ခန်းရှေ့သို့ ရောက်ရှိသောအခါ ဦးချစ်ညွှန့်သည် လက်ဆောင်ပစ္စည်းများကို ယူ၍ ဝင်သွားလေ၏။ ထိုအခါ ဓာတ်ခန်းထဲမှ ဦးထွန်းလှိုင်သည် ဦးချစ်ညွှန့်ကို တွေ့လိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် -

"ဟာ - သူဌေးမင်း ကြွလာတယ်၊ လာပါ လာပါ သူဌေးမင်း၊ သူဌေးမင်းကို မျှော်နေပါတယ်"

ဟု ပြောလိုက်သဖြင့် ဦးချစ်ညွှန့်လည်း စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်သွားတော့၏။ မိမိကိုယ်မိမိလည်း မလုံမလဲဖြစ်သွားမိ၏။ ထိုစကားပြောသည့် ဆရာကြီး ဦးထွန်းလှိုင်၏ မျက်နှာသည်လည်း သိပ်မကောင်းလှသည်ကို သတိပြုမိ၏။ ထို့အပြင် ဦးချစ်ညွှန့်က ပြန်လည် စဉ်းစားကြည့်မိသည်မှာ ယခင်က ဦးထွန်းလှိုင်သည် ဦးချစ်ညွှန့်ကို ဤကဲ့သို့ တစ်ကြိမ်မျှ မပြောခဲ့ဖူးခြင်း ဖြစ်၏။ သို့သော် ဦးချစ်ညွှန့်သည် သူ၏စိတ်ထဲမှ သို့လောသို့လော အတွေးများကို ဖျောက်လိုက်ပြီး ဦးထွန်းလှိုင်အား -

"ဆရာကြီး နေကောင်းပါရဲ့လား၊ ဒီမှာ ဆရာကြီးအတွက်"

ဟု ပြောလိုက်သော်လည်း ဦးချစ်ညွှန့်၏စကားမဆုံးမီတွင်ပင် ဦးထွန်းလှိုင် စကားကို ဖြတ်လိုက်ပြီး -

"ဒီမှာ-မောင်ချစ်ညွှန့်၊ အဲဒါတွေက အရေးမကြီးဘူး။ အရေးကြီးတာကို ပြောမယ်။ မင်းတို့ဘာတွေလျှောက်လုပ်နေကြတာလဲ။ ဘာဖြစ်လို့မဟုတ်တရုတ်တွေလုပ်နေကြတာလဲ။ မင်းတို့ ထမင်းငတ်နေကြလို့လား။ မင်းတို့ရွှေလုပ်တာကို ပေါ့သေးသေးထင်နေလား။ ဘာမှတ်လို့လဲ အကုန်ဒုက္ခဖြစ်ကုန်မယ်။ ငါရှင်းရှင်းပဲပြောမယ် သေမယ်"

စကားကို ခပ်ပြင်းပြင်းပြောပြီး မျက်နှာလွှဲနေလိုက်တော့၏။

ထိုအခါတွင်မှ ဦးချစ်ညွှန့်လည်း ခေါင်းနားပန်းကြီးသွားတော့၏။ သူရွှေလုပ်သည့်ကိစ္စကို ဆရာကြီးဦးထွန်းလှိုင် ဘယ်လိုလုပ်ပြီးသိသွားပါသလဲ စဉ်းစားမရအောင်ပင်ဖြစ်သွား၏။ ထိုထက်ပိုဆိုးသည်မှာ နောက်ဆုံးပြောလိုက်သည့် သေမယ်ဆိုသည့်စကားဖြစ်၏။ ထိုစကားများကို ကြားပြီးနောက် ဦးချစ်ညွှန့်သည် စိတ်လေးစွာဖြင့် သူ့အိမ်သို့ ပြန်လာခဲ့၏။ ထိုနေ့ကတည်းက ဦးထွန်းလှိုင်ပြောကြားခဲ့သည်များကို ပြန်လည်စဉ်းစားမိတိုင်း စိတ်ထဲတွင် တစ်မျိုးဖြစ်လာသဖြင့် ရွှေလုပ်ကိုခြင်းမရှိသဖြင့် လုပ်ငန်းကို ယာယီရပ်ဆိုင်းထားလိုက်၏။

ဦးချစ်ညွှန့်၏ကျန်သောမိတ်ဆွေနှစ်ဦးဖြစ်သည့် ဦးထွန်းတင်နှင့် ဦးရွှေသိန်းတို့သည်လည်း အခြားသော နယ်များတွင် သီးခြားစီနေထိုင်ကြရာ ရွှေလုပ်သည့်လုပ်ငန်းကို အသီးသီးလုပ်နေကြ၏။ ဦးချစ်ညွှန့်လည်း ဦးထွန်းလှိုင်ပြောသည့်ကိစ္စနှင့် ပတ်သက်ပြီး သူတို့အားလည်း သတိပေးစကားပြောလို၏။ သို့သော် ဘယ်ပုံဘယ်နည်းပြောရမည်နည်းဟု စဉ်းစား၍မရအောင် ဖြစ်နေ၏။ ထိုသို့စဉ်းစားရင်းပင် သုံးရက်ခန့်အချိန်ကုန်လွန်ခဲ့၏။

ဤသို့ဖြင့် လေးရက်မြောက်နေ့ နံနက်တွင် ဦးချစ်ညွှန့်ထံ ဖုန်းတစ်ခုဝင်လာခဲ့၏။ ထိုဖုန်းကား မန္တလေးတွင်နေသော သူ၏ရွှေလုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဦးထွန်းတင်နှင့် ပတ်သက်သည့် ဖုန်းဖြစ်၏။ ထိုဖုန်းသတင်းတွင် ပါရှိသော အကြောင်းအရာမှာ -

ယမန်နေ့ညက ဦးထွန်းတင်သည် မန္တလေး - မုံရွာသွားလမ်းတွင် ယာ[illegible] မတော်တဆမှုဖြစ်ကာဆုံးသွားပြီဟူသည့် သတင်းပင် ဖြစ်၏။

ထိုဖုန်းသတင်းကို ဦးချစ်ညွှန့်ကြား[illegible] လိုက်ရသည့်အခါ ထိတ်လန့်တုန်လှု[illegible] ခြင်းပြင်းစွာဖြစ်သွားရလေတော့၏။

ထိုသတင်းကြောင့် ဦးချစ်ညွှန့်၏ စိတ်သည် ဆောက်တည်ရာမရဖြစ်သွား[illegible] ပြီး ဆရာကြီးဦးထွန်းလှိုင် ပြောလို[illegible] သည့် ကိုယ့်သဘောနှင့်ကိုယ် ရွှေ[illegible] လျှောက်လုပ်နေလျှင် ဒုက္ခများမည် [illegible] သေမည် ဟူသည့်စကား ပြန်လည်[illegible] ယောင်လာ၏။ ထို့နောက် သူ၏အ[illegible] ကိုလည်း ပြန်လည်စဉ်းစားမိ၏။ သူသ[illegible] ယနေ့ချိန်အထိ ရွှေများသာလုပ်ခဲ့သ[illegible] ထိုရရှိလာသောရွှေများကို အသုံး[illegible] ဗုဒ္ဓသာသနာတော်နှင့် ပတ်သ[illegible] ဘုရားတည်ခြင်း စသော ကုသိုလ်[illegible] များကိုလည်း ဟုတ်ဟုတ်ငြားငြား[illegible] ဘဲ ကိုယ့်အတွက် စဉ်းစားပြီးလုပ်ခဲ့[illegible] သာ ရှိခဲ့၏။ ထို့ကြောင့် ဦးချစ်ညွှန့်[illegible] အပြန်အလှန်စဉ်းစားကြည့်၏။ ရွှေ[illegible] ပြီး ဘုရားတည်လျှင်ကောဟူ၍ [illegible] အို - ရှုပ်ပါတယ်၊ ရွှေတော့မလုပ်[illegible] ဘူး။ ဘုရားတည်လည်း ကိုယ့်လုပ်[illegible] ရှာရတဲ့ငွေနဲ့သာ တည်တော့မယ် [illegible] ဆုံးဖြတ်လိုက်တော့၏။

(ဦးချစ်ညွှန့်တို့၏အဖြစ်အ[illegible] တွင်ပါဝင်သောဦးရွှေသိန်း၏အကြော[illegible] ကို ဆက်လက် ဖော်ပြပါမည်။)

(ရွှေလဆ[illegible]

ဆရာဦးဆက်[illegible]

([illegible]



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွန်ဆေး)

၄

# လေးဖက်နာအတွက် တောဖရုံဆေးရွက်

လေးဖက်နာရောဂါအတွက် တောဖရုံဆေးရွက်အကြောင်းကို သုရဿမဂ္ဂဇင်း ၂၀၁၄ ခုနှစ်၊ မေလထုတ်၊ ဒီဇင်ဘာလထုတ်နှင့် ၂၀၁၅ ခုနှစ်၊ ဧပြီလထုတ်တို့တွင် ရေးသား ဖော်ပြခဲ့ပါသည်။

စာရေးသူ ရေးသားတင်ပြပြီးဖြစ်သည့် ဆေးမြီးတိုများအနက် တောဖရုံဆေးရွက်၊ ခင်ပုပ်မြစ်၊ နွားလားဥသဘာဆေးမြစ်ဥများသည် မြို့တိုင်း၊ နယ်တိုင်းတွင် ရနိုင်မည်မထင်ပါ။ ရှိပင်ရှိငြားသော်လည်း ရှာဖွေတွေ့ရှိရန် ခက်ခဲနိုင်ပါသည်။ တိုက်ဆိုင်စစ်ဆေးရန်လိုပါသည်။ တစ်ခါတစ်ရံ အပင်၊ အမြစ်၊ အသစ်၊ အရွက်၊ အပွင့်တို့တူညီမှုရှိသည့်တိုင် ဒေသအခေါ်အဝေါ် ကွဲပြားတာမျိုးလည်းရှိတတ်ပါသည်။

စာရေးသူတို့မြို့တွင်ပင် တောဖရုံဆေးရွက်ကို သိသူက အနည်းစုမျှသာရှိသည်။ တောဖရုံပင်အမျိုးအစားလေးမျိုးခန့်ရှိသည်။ အများစုက တောဖရုံဆိုသည်နှင့် ကျောက်ဖရုံ၊ ရွှေဖရုံတို့ကို ပြေးမြင်မိတတ်ကြသည်။ လုံးဝမတူပါ။ ရွှေဖရုံ၊ ကျောက်ဖရုံတို့မှာ နွယ်ပင်မျိုး၊ အရွက်ကြီးကြီး အသီးသီးလျှင် အလုံးကြီးကြီးသီးတတ်သည့်မျိုး ဖြစ်ပါသည်။ တောဖရုံကမူ မြေတွင် ခပ်ဝပ်ဝပ်သာ ပေါက်ပွားတတ်ပြီး ရှားပါးပါသည်။ နွယ်ပင်မဟုတ်ပါ။ အတောင့်ငယ်အသီးသီး၍ အစေ့များမှာ မှုန်မှုန်သေးသေးမျှသာ သီးတတ်သည်။ သုရဿ၏စာဖတ်ပရိသတ်များ၊ ဆင့်ပွားသိရှိ စားသုံးလိုသူဝေဒနာရှင်များအတွက် ဆေးရွက်ရယူနိုင်ရန် တယ်လီဖုန်းနံပါတ်များကိုလည်း ဖော်ပြပေးခဲ့ပြီး ဖြစ်ပါသည်။

တောဖရုံဆေးရွက် စားသုံးခြင်းသည် ဆေးဓာတ်စာစားသုံးခြင်း ဖြစ်ပါသည်။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် စားသုံးမည့်သူများသည် ရေးသားဖော်ပြခဲ့ပြီးသော တောဖရုံဆေးရွက်စားသုံးနည်းများကို ရှာဖွေလေ့လာဖတ်ရှုပါဟု တိုက်တွန်းလိုပါသည်။ သို့မှသာ ထိရောက် အကျိုးရှိ၍ ရောဂါပျောက်ကင်းချမ်းသာမှုရရှိမည်ဖြစ်ပါသည်။

❑

လေးဖက်နာရောဂါနှင့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ လေငန်းရောဂါများ ဆက်နွယ်မှုရှိပါသည်။ စာရေးသူကိုယ်တိုင်ပင်လျှင် နှလုံးသွေးကြောကျဉ်းဝေဒနာ ခံစားနေရပါသည်။ ရန်ကုန်မြို့မှ သမားတော်ကြီးများနှင့် ပုံမှန်ပြသကုသမှု ခံယူနေရပါသည်။ ယခုရက်ပိုင်းတွင် နံနက်အိပ်ရာထ လက်သီးဆုပ်ကြည့်သည့်အခါ လက်ဖဝါးများ တင်းရင်းနေတတ်ပါသည်။ ဘုရားဝတ်တက်ပြီး ပဋ္ဌာန်းပစ္စယဒ္ဒေသနိဒ္ဒေသပါဠိတော်ကို စာအုပ်ကိုင်မြောက်ကာ ရွတ်ဆိုပူဇော်ပါသည်။ ထို့နောက် အမှုဝေ၊ နတ်ပို့ပြီးလျှင် လက်မောင်းရင်းမှ နာနေပါတော့သည်။ ထို့ကြောင့် ကိုယ်တိုင်ခံစားနေရသော လေးဖက်နာရောဂါအတွက် တောဖရုံဆေးရွက်ကို ကိုယ်တိုင်ပင် စိမ်ချက်ပြုတ် စားသုံးနေရပါသည်။ လက်တွေ့လည်း သက်သာပျောက်ကင်းမှုကို ခံစားရပါသည်။

ယခု မိုးဦးကာလရောက်သည်နှင့် တောဖရုံပင်များစည်ပင်ဖွံ့ဖြိုးလာပါပြီ။ အရွက်များဝေဝေဆာဆာထွက်လာပါပြီ။ ရယူစားသုံးလိုပါက စားသုံးနိုင်ပါသည်။ တောဖရုံဆေးရွက်ပင်များကို စာရေးသူနှင့် အသိမိတ်ဆွေလေးဦးခန့်က စိုက်ပျိုးထားပြီး ဖြန့်ဝေပေးလျက်ရှိပါသည်။ မြန်အောင်မြို့ အနောက်ဘက် တောင်ရိုးဒေသ ငှက်ကြီးကွင်းကျေးရွာအုပ်စုရှိ မှန်တန်းရွာဘုန်းတော်ကြီးကျောင်းတွင်လည်း စိုက်ပျိုးထားသည်ကို တွေ့ရှိရပါသည်။ မှန်တန်းကျောင်းဆရာတော် ဦးကုန္ဒောဘာသ (မြို့နယ်သံဃနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်) ကလည်း ဖြန့်ဝေချီးမြှင့်ပေးနေပါသည်။ ဆရာတော့်ထံဆေးပင်လာယူသူများကို တောဖရုံအပင်လိုက်နုတ်ပေး၍ ပဥ္စင်းပါးစလုံး ရေစင်စင်ဆေး၊ ငါးရံ့ခေါင်းတို့နှင့် ချက်စားပါဟု ညွှန်ပြတော်မူပါသည်။ ပျောက်ကင်းကြ၍ လာရောက်ယူဆောင်ကြပါသည်။ ဆရာတော်မှလည်း ဆေးပင်များပေးဝေရန် အသင့်ရှိနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တောဖရုံဆေးရွက်စိမ်စားသုံးကြပြီးနောက် အစွမ်းထက်မြက် ပျောက်ကင်းချမ်းသာမှုကို လက်တွေ့ခံစားနေရသူများစွာရှိပါသည်။ ယခင်လများက ဖော်ပြခဲ့သည့်အတိုင်းပင် အရေပြားလေးဖက်နာ၊ အစာအိမ်လေးဖက်နာ၊ သွေးလေးဖက်နာ၊ အဆစ်အမြစ်ရောင်ရမ်းကိုက်ခဲလေးဖက်နာနှင့်ဂေါက်ရောဂါတို့ကို သက်သာပျောက်ကင်းနိုင်ပါသည်။ သုရဿမဂ္ဂဇင်းကို အချို့စာဖတ်သူ၊ သိမ်းဆည်းလိုသူများက (၅) လ၊ (၆) လ စောင့်ဆိုင်းပြီး စာအုပ်အငှားဆိုင်မှ ဈေးဖြတ်ဝယ်ယူကြသည့်အတွက် တစ်ခါတစ်ရံ ငှားရမ်းဖတ်ရှုရန်ပင် အခက်အခဲကြုံတွေ့ကြရကြောင်းကြားသိရပါသည်။

ထို့ကြောင့်ပင် လေးဖက်နာအတွက် တောဖရုံဆေးရွက်စိမ်စားသုံးထိရောက် ပျောက်ကင်း ချမ်းသာမှုကို စဉ်ဆက်မပြတ် ရေးသားတင်ပြနေရခြင်းလည်း ဖြစ်ပါသည်။

ဝေဒနာရှိလျှင်၊ ယုံကြည်အားထားမှုရှိလျှင် တောဖရုံဆေးရွက်ဓာတ်စာကို စိမ်စားသုံး၍ ပျောက်ကင်းမှုအကျိုးကျေးဇူးအား ရယူခံစားနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

www.burmeseclassic.com

www.burmeseclassic.com

၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ၏ တစ်နေ့သောညနေခင်း ဖြစ်ပေသည်။ ရွှေအိုရောင်နေမင်းသည် အနောက်ရိုးမ၏မှိန်ပျပျတောင်ဆွယ်ပေါ်တွင် မေးတင်လျက် အရှေ့တစ်လွှားသို့ငေးမောကြည့်နေယောင်ရှိပေ၏။ နေမင်း၏အရောင်ကြောင့် ရွာ၏အနောက်ဘက်ရှိ အင်းရေပြင်သည် ရွှေမင်ရောင်ဆမ်းကာထားသည့်နှယ် ကြည်နူးဖွယ်ကောင်းလှပေသည်။

ထိုအချိန်တွင် ရွာ၏ ကမ်းနဖူးညောင်ညိုပင်ရိပ်မှ မဝေးလှသော ရေချိုးဆိပ်သည်လည်း လှပသော ပန်းချီကားတစ်ချပ်ပမာ သက်ဝင်လှုပ်ရှားနေပေ၏။ မြောက်လေညင်း၏ကျီစယ်မှုကြောင့် လှိုင်းကြက်ခွပ်ကလေးများသည် ရွှေရောင်တလက်လက်တောက်ပကာ လူးလွန့်လှုပ်ရှားလျက်ရှိပေသည်။

၎င်းရေချိုးဆိပ်၌ စိမ်လိုက်တမ်းရေကစားနေကြသော ကလေးသူငယ်များ၊ အညောင်းပြေရေကူးနေကြသော လူပျိုကာလသားများ၊ ရှက်တက်သဖြင့် မျက်နှာဝှက်ကာ ရေချိုးနေကြသော ကျေးတောသူလှပျိုဖြူများ၊ အသက်အရွယ်ရသောအဒေါ်ကြီးများ၊ ထိုမှတစ်ဖန် အောက်ဘက်နားတွင် ခိုင်းနွားများကို ရေချိုးပေးနေသော ကိုင်းလုပ်သားဦးကြီးများကိုလည်း စိတ်ချမ်းမြေ့ဖွယ် တွေ့နိုင်ပေ၏။

အချိန်အားဖြင့် ညနေ(၅)နာရီခန့် ရှိပေပြီ။ ရွာဝင်လမ်းသည် သစ်ရိပ်ဝါးရိပ်တို့ကြောင့် အနည်းငယ်မှောင်ရီပျိုးလျက်ရှိပေ၏။ ထိုအချိန်တွင် အလုပ်ခွင်မှ ပြန်လာကြသော ကိုင်းလုပ်သားမောင်မယ်များကို လှည်းနှင့်တစ်ဖုံ၊ နွားဆွဲလျက် တစ်နည်း၊ ပေါက်ပြားနှင့် တူးရွင်းများ ထမ်းလျက်တစ်သွယ် အရွယ်စုံအောင်တွေ့ရှိနိုင်ပေ၏။ သူတို့အချင်းချင်းခေါ်သံအော်သံ၊ ရယ်မောသံ၊ နောက်ပြောင်ကျီစယ်သံများနှင့်နွားတွန်သံများကြောင့် ရွာဝင်လမ်းသည် ရှင်လန်းပျော်မွေ့ဖွယ်ကောင်းလောက်အောင် စည်ကားနေပေသည်။

ထိုအချိန်တွင် ချစ်ဖေနှင့် ချစ်ရွှေတို့သည် ရေချိုးပြီး၍ အိမ်ပေါ်တွင် သားရေကွင်းတောက်တမ်းကစားနေကြလေ၏။ ၎င်းတို့၏အမေ ဒေါ်နုသည်ကားတုပ်ကွေးမိနေသောကြောင့် အိမ်ဦးခန်းရှိ သင်ဖြူးဖျာပေါ်တွင် စောင်ခြုံ၍ကွေးနေရလေ၏။ ၎င်းတို့၏ဖခင်ဖြစ်သူ ဦးကျော်ကား အိမ်၏နောက်ဘက်ရှိ ဝါးရုံရိပ်တွင် အကြော်လုပ်ငန်းအတွက် ကုက္ကိုသားထင်းများကိုပေါက်နေပေ၏။

# ဥမ္မာဝေ (မြည်)

## ရင်ပြုအလှူပွဲနှင့်ထူးကဲဖြစ်စဉ်



ထိုသို့ ရေကစားနေကြသော ကလေးသူငယ်များတွင် ချစ်ဖေနှင့် ချစ်ရွှေတို့ညီအစ်ကို မပါဝင်နိုင်ပေ။ မောင်ရင်လောင်းများဖြစ်သောကြောင့် ရေထဲကိုဆင်း၍ရေမချိုးရ၊ တူပုန်းတမ်းမကစားရ၊ သစ်ပင်မတက်ရ ဟူသော ကျေးတောရွာ၏ ဓလေ့ထုံးတမ်း စည်းကမ်းဥပဒေများကြောင့် အိမ်ရှိ စဉ့်အိုးကြီးထဲမှရေကိုသာချိုးရပေ၏။ အင်းရေပြင်တွင်ဆော့ကစား၍ချိုးရသည်လောက် ပျော်စရာမကောင်းလှပေ။

ချစ်ဖေတို့ညီအစ်ကို သားရေကွင်းတောက်တမ်းကစားနေခိုက် (၁၅) မိနစ်ခန့်ကြာသောအခါ ဒေါ်နုသည် ချမ်းစိမ့်စိမ့်ဖြစ်လာသောကြောင့် အနင်းခံလိုသဖြင့် -

"သားတို့ရေ၊ အမေ့ကိုလာပြီးနင်းပေးကြပါဦးကွယ်"

ဟု လှမ်းခေါ်လိုက်လေ၏။

ချစ်ဖေတို့ညီအစ်ကိုလည်း ဒေါ်နု၏ခေါ်သံကိုကြားသဖြင့်

"ဟုတ်ကဲ့ - လာပါပြီ အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ တောက်လက်စ အားရေကွင်းများကို စက္ကူဘူးအတွင်းသို့ ထည့်ကာ သိမ်းလိုက်လေ၏။ ဒေါ်နု သည်း အနင်းခံရန်အတွက် မှောက် လျက်အနေအထားသို့ပြောင်းလိုက်လေ ၏၊ ချစ်ဖေလည်း အမေ့ဒေါ်နုကို လုံခြုံ စေရန်အတွက် စောင်ကိုပြင်၍ခြုံပေး လိုက်လေသည်။ ချစ်ဖေသည် ဒေါ်နု၏ တင်ပါးနှင့်ကျောပြင်ကို နင်းပေးလေ၏။ ချစ်ရွှေက ဒေါ်နု၏ပေါင်နှင့်ခြေသလုံးကို နင်းပေးနေလေ၏။

ထိုသို့နင်းပေးနေကြရာ (၂၀)မိနစ် ခန့်ကြာသောအခါ ပူနွေးလာသော ကြောင့် သားနှစ်ယောက်အား ဆင်းရန်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နုကပြောလေ၏။ သို့သော် သားနှစ်ယောက်က ဆက်လက်၍နင်းပေးနေကြလေသည်။

ထိုအချိန်တွင် ထူးဆန်းသောအနံ့များကို ချစ်ဖေတို့ညီအစ်ကို စတင်ရရှိကြလေသည်။ ပထမ မွှေးသောအနံ့မှာ လက်ဖက်နံ့ဖြစ်ပေ၏။ ချစ်ရွှေသည် ထူးဆန်းသောလက်ဖက်နံ့ကို စတင်ရရှိသူဖြစ်၏။ သို့ဖြစ်၍ အစ်ကိုချစ်ဖေအား -

"ထူးဆန်းလိုက်တာ၊ လက်ဖက်နံ့တွေမွှေးနေတယ်ကွ"

ဟု ပြောလိုက်လေ၏။

ထိုအခါ ချစ်ဖေသည်လည်း လက်ဖက်စိုနံ့ကို စတင်၍ရရှိလာပေ၏။

"အေးကွ၊ ငါလည်း လက်ဖက်စိုနံ့မွှေးနေတယ်"

ဟု ချစ်ရွှေကိုပြန်ပြောလိုက်လေ၏။ ဤသို့ဖြင့် ဆက်လက်၍နင်းပေးနေစဉ် နောက်ထပ်၍ အနံ့တစ်မျိုးရရှိကြလေ၏။ ထိုအနံ့မှာ နှင်းဆီပန်းနံ့ဖြစ်၍ အလွန်မွှေးပေ၏။ နှင်းဆီပန်းရနံ့ကို ညီအစ်ကိုနှစ်ဦးစလုံး တစ်ပြိုင်နက်တည်းရကြလေသည်။ထိုအခါ ချစ်ရွှေက အစ်ကိုဖြစ်သူ ချစ်ဖေအား -

"အစ်ကိုရေ၊ နှင်းဆီပန်းရနံ့ရလာပြန်ပြီကွ။ ထူးတော့ထူးနေပြီ"

ချစ်ဖေကလည်း -

"အေးကွ၊ ငါလည်းမွှေးနေတယ်"

ဤသို့ပြောနေစဉ်တွင် ခေါင်းနားပန်းကြီးက ကြက်သီးမွေးညင်းများထလာတော့သည်။

ထိုစဉ် ဒေါ်နုသည် အနင်းခံနေရာမှ တုန်၍လာလေ၏။ နှုတ်မှလည်း -

"ဟင်း ဟင်း ဟင်း ဟင်း"

ဟု ညည်းတွားလျက် တုန်တုန်ယင်ယင်ဖြစ်လာလေတော့သည်။ချစ်ဖေတို့ညီအစ်ကိုလည်း ကြောက်လန့်စွာဖြင့် ဆင်းပြေးကြလေတော့သည်။ ထို့နောက် ဒေါ်နုသည် လျှင်မြန်စွာထ၍ငုတ်တုတ်ထိုင်နေ၏။ ဒေါ်နု၏မျက်နှာအမူအရာတို့မှာ ကြောက်မက်ဖွယ်ကောင်းလှပေ၏။ မျက်ထောင့်နီကြီးဖြင့် သားနှစ်ယောက်ကိုစိုက်ကြည့်နေပေတော့သည်။

ချစ်ဖေသည် အမေဖြစ်သူ၏မူမမှန်သော မျက်နှာအမူအရာကိုကြည့်၍ ချစ်ရွှေအား -

"ညီလေး၊ အမေဘာဖြစ်တာလဲမသိဘူး။ အဖေ့ကိုအမြန်သွားခေါ်"

ချစ်ရွှေလည်း မိခင်ဖြစ်သူအား သေချာစွာစိုက်ကြည့်ပြီးနောက် -

"အေး၊ အေး- ငါသွားခေါ်လိုက်မယ်"

ဟု ဆိုကာ အိမ်ပေါ်မှပြေးဆင်းသွားလေ၏။

ချစ်ဖေကား သူ၏မိခင်ဘာဖြစ်သည်ကို မစဉ်းစားတတ်အောင်ရှိလေ၏။

ချစ်ရွှေလည်း ဖခင်ဖြစ်သူ ထင်းပေါက်သည့်နေရာသို့ ရောက်သွားပြီးနောက် -

"အဖေ အဖေ၊ အမေဘာဖြစ်နေလဲမသိဘူး။ အမြန်လာကြည့်ပါဦး"

ဦးကျော်လည်း ထင်းပေါက်နေရာမှ ပုဆိန်ကိုပစ်ချထားခဲ့ကာ အိမ်သို့အမြန်သွားလေသည်။ ချစ်ရွှေလည်း အတူပြေး၍လိုက်သွားလေ၏။

အိမ်ပေါ်သို့ ရောက်သောအခါ ဦးကျော်က ဒေါ်နုကို သေချာစွာကြည့်၍ -

"အနုဘာဖြစ်လို့လဲ။ အဖျားတက်နေတာလား"

ထိုအခါ ဒေါ်နုက -

"ဘာဖြစ်ရမှာလဲကွ၊ မင်းမသိဘူးလား"

ဟု ခပ်ပြတ်ပြတ်လေသံနှင့် ပြန်ပြောလေ၏။ ထို့နောက် ဘာမဆက်မပြောဘဲ မျက်ထောင့်နီကြီးဖြင့်ကြည့်နေပေသည်။

ဦးကျော်သည် ဒေါ်နု၏မူမမှန်သောလေသံကြောင့် ခပ်ကြောင်ကြောင်ဖြစ်ကာ မတ်တတ်ရပ်လျက်ကြည့်နေပေ၏။ ထို့နောက် တစ်စုံတစ်ခုကို သတိရလေဟန်ဖြင့် -

"အစ်ကို(အဖေ)လား"

ဟု မေးလေသည်။

သို့သော် ဒေါ်နုက ဘာမှပြန်မပြောပေ။ တွေတွေကြီးကြည့်လျက်သာနေပေ၏။

ဦးကျော်လည်း ဘာဆက်ပြောရမည်မသိသဖြင့်-

"အစ်ကို၊ ရေနွေးကြမ်းသောက်မလား"

ဟု မေးပြီးနောက် ရေနွေးကျိုရန် မီးဖိုဆောင်ဘက်သို့ ဝင်သွားလေ၏။

ဒေါ်နုသည် ဘာမှပြန်မပြောဘဲ မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေပေ၏။

ထိုအချိန်တွင် ဦးကျော်၏အိမ်နီးချင်းဖြစ်သူ ဦးဟန်သိန်းသည် ဦးကျော်တို့အိမ်သို့ဝင်လာပြီး အိမ်၏ခေါင်းရင်းဘက်ရှိ ပက်လက်ကုလားထိုင်တွင် ဝင်၍ထိုင်လေ၏။ ထို့နောက် ဟိုဟိုဒီဒီကြည့်၍ ချစ်ဖေကို -

"ကိုကျော်ဘယ်သွားလဲ"

ဟု မေးလိုက်လေ၏။

ချစ်ဖေမပြောမီပင် ဦးကျော်က-

"ငါ ဒီမှာရှိတယ် ဟန်သိန်း"

ဦးဟန်သိန်းသည် လူပျိုကြီးဖြစ်သည့်ပြင် နောက်ပြောင်တတ်သူဖြစ်ပေသည်။ သဘောကောင်း၍ပျော်ပျော်နေတတ်၏။ ယခုလည်း ဒေါ်နုဘက်သို့ လှည့်ကြည့်ကာ -

"ဩော် - မမနု၊ နေမကောင်းဘူးလား၊ တုပ်ကွေးမိနေပြီလား။ ဘာဆေးသောက်ပြီးပြီလဲ"

ဟု မေးလေ၏။

သို့သော် ဒေါ်နုက ဘာမှပြန်မပြောပေ။

ချစ်ဖေက အရိပ်အခြည်ပြသော်လည်း ဦးဟန်သိန်း မမြင်လိုက်ပေ။ သာမန်နေမကောင်းဖြစ်သည်ထင်၍ -

"ဘာဆေးမှမသောက်ရသေးရင် အစ်ကိုကျော်သောက်တဲ့ဆေးခါးကြီးတစ်ပိုင်းလောက်သောက်လိုက်ပါလား"

ဟု ပြောကာ ရယ်နေလေ၏။

ထိုအချိန်မှာပင် ကိုင်းလုပ်ရာမှ ပြန်လာသောဒေါ်စိန်သည် သူ၏အဒေါ်ဖြစ်သူ ဒေါ်နုတို့အိမ်သို့ဝင်လာလေ၏။ ထို့နောက် အိမ်ပေါ်တက်ပြီးသောအခါ ခေါင်းပေါ်မှ ပုဆိုးဖြင့်ထုပ်လာသော ဘူးညွန့်၊ ခရမ်းချဉ်သီးနှင့် နံနံပင်များကို ချစ်ဖေသို့ပေးလိုက်လေ၏။ ပြီးနောက် မောမောရှိသည်နှင့် နီးစပ်ရာတိုင်ကိုမှီ၍ ထိုင်ချလိုက်ပေ၏။

ထိုအခါ ဦးဟန်သိန်းက -

"မစိန်ရေ မမနု တုပ်ကွေးမိနေတယ်တဲ့။ အဲဒါဘာဆေးမှမသောက်ရသေးဘူးဆိုလို့ အစ်ကိုကျော်သောက်နေကျဆေးခါးကြီးတစ်ပိုင်းလောက်သောက်ခိုင်းနေရတယ်"

ဟု ပြောလေ၏။

ထိုအခါ ဒေါ်စိန်က-

"ဟယ် - မဟုတ်တာဘဲ၊ ကိုဟန်သိန်းကလည်း။ ဘယ့်နှယ်-အရက်တိုက်ရတယ်လို့။ ကွမ်းရွက်ပြုတ်ရည်နဲ့ကျပ်ခိုးဖျော်တိုက်ရင်ရတာပဲ"

ဟု ပြန်ပြောလေ၏။

ဦးဟန်သိန်းနှင့် ဒေါ်စိန်တို့သည် လူပျိုကြီး၊ အပျိုကြီးများဖြစ်ကြ၏။ တစ်ပိုင်းတည်းသားများဖြစ်၍ ရင်းနှီးခင်မင်ကြ၏။

ထိုအချိန်တွင် ဦးကျော်သည် ရေနွေးဆူပြီဖြစ်၍ ကရားထဲသို့ ပြောင်

www.burmeseclassic.com

www.burmeseclassic.com

ထည့်ကာ ယူလာနေချိန်ဖြစ်၏။ ဒေါ်နု သည် ဦးဟန်သိန်းပြောနေသည်ကို မျက်ထောင့်နီကြီးနှင့်ကြည့်ကာနေပြီးနောက် ကြမ်းပြင်ကို လက်ဝါးဖြင့် ဖျန်းခနဲမြည်အောင်ရိုက်လိုက်လေ၏။ ဒေါ်စိန်လန့်သွားကာ နှုတ်မှ -

"ဟဲ့ - ဘုရား၊ ဘုရား"

ဟု တရင်း ပြေးလေရာ ဦးဟန်သိန်းထိုင်နေသော ပက်လက်ကုလားထိုင်လက်တန်းသို့ ကိုင်မိလျက်သားဖြစ်နေပေ၏။

ထို့နောက် ဒေါ်နုသည် ဦးဟန်သိန်းကို မျက်ထောင့်နီကြီးဖြင့်ကြည့်၍-

"ဟန်သိန်း၊ မင်းက ငါ့ကိုနောက်တာပေါ့လေ၊ ဟုတ်လား။ မင်းပြန်ကျမှ ငါလိုက်ပြီးနှုတ်ဆက်လိုက်မယ်"

ဟု ပြောလေ၏။

ရေနွေးကြမ်းယူလာသောဦးကျော်လည်း ဖြုန်းခနဲအံ့အားသင့်သွားသဖြင့် မတ်တတ်ရပ်လျက်ရှိနေပေ၏။ ထို့နောက်မှ ဒေါ်နုရှေ့သို့သွားကာ လင်ပန်းထဲသို့ ရေနွေးကရားကိုချလေ၏။ အကြမ်းပန်းကန်သုံးလုံးကိုဆေးကြော၍ ရေနွေးကြမ်းများငှဲ့၍ထည့်ပေးလိုက်၏။

ထို့နောက် -

"အစ်ကို ရေနွေးကြမ်းသောက်ပါဦး လိုတာရှိရင်လည်းပြောပါ။ မှားတာရှိရင်လည်း ခွင့်လွှတ်ပါ"

ဟု ပြောလေ၏။

သို့သော် ဒေါ်နုသည် ဘာမှပြန်၍မပြောဘဲ ဦးကျော်ထည့်ပေးထားသော ရေနွေးကြမ်းခွက်များကို တစ်ခွက်ပြီးတစ်ခွက်သောက်နေလေ၏။

အံ့ဩဖွယ်ရာကောင်းလှသည်မှာ ဦးကျော်ထည့်ပေးထားသော ရေနွေးကြမ်းများမှာ အငွေ့တထောင်းထောင်းထနေပါလျက် အေးနေသည့်အလားအရှူးရှူးသောက်နေသည်ကို အားလုံးတွေ့လိုက်ရပေသည်။ ရေနွေးကြမ်းသုံးခွက်ကုန်သောအခါ ဒေါ်နုက -

"ငါ့မြေးတွေကို ရှင်ပြုပါ၊ ငါ့ကိုလည်းဖိတ်ပါ"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေ၏။

ထိုအခါ ဝိုင်းဝန်းကြည့်ရှုနေသူအားလုံး အံ့အားသင့်ကြရ၏။ ယခုမှပင် ဦးကျော်၏ဖခင် ဦးဖြူဝင်၍ပူးကပ်ခြင်းဖြစ်ကြောင်းအတိအကျသိရသောကြောင့်ပေ၏။

ဒေါ်စိန်သည် အနည်းငယ်ကြောက်ရွံ့နေသေးသော်လည်း အရဲစွန့်ကာ -

"ဒါနဲ့ အဘရယ်၊ ဘယ်မှာလာဖိတ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"ငါပေါက်ပင်မှာနေတယ်"

ဟု ဒေါ်နုက ပြန်ပြောလေ၏။ ၎င်းပေါက်ပင်ဆိုသည်မှာ ဦးဖြူ၏အိမ်နောက်ဘက်ရှိ ပေါက်ပင်ကိုပြောခြင်းဖြစ်ပေသည်။ ဦးဖြူသေဆုံးစဉ်က ဝမ်းတွင်းကလီစာများကို ၎င်းပေါက်ပင်အောက်တွင် သွားရောက်မြှုပ်နှံခဲ့ကြပေ၏။ ဤသို့ပြောနေစဉ် ဦးဟန်သိန်းက-

"အဘကလည်း၊ ဘာဖြစ်လို့ ပေါက်ပင်မှာနေတာလဲ။ ပဒေသာပင်မှာနေရင်မကောင်းဘူးလား"

ဟု ခပ်နောက်နောက်ဝင်၍ ပြောပြန်လေ၏။

ထိုအခါ ဒေါ်နုသည် ကြမ်းပြင်ကို ဖျန်းခနဲမြည်အောင် ဒုတိယအကြိမ်ရိုက်ပြန်လေ၏။

ထို့နောက် -

"ဟန်သိန်း၊ မင်းက ငါ့ကိုနောက်ပြန်ပြီလား။ အပြန်ကျမှ လိုက်ပြီးနှုတ်ဆက်လိုက်ဦးမယ်"

ဟု ပြောပြီးနောက် -

"ဟင်း ဟင်း ဟင်း"

ဟု ညည်းတွားကာ ထွက်သွားလေတော့၏။ ဒေါ်နု၏ မျက်နှာအမူအရာလည်း မူလအနေအထားအတိုင်း ကြည်ကြည်လင်လင်ဖြစ်၍သွားပေ၏။ သို့သော်လည်း အားနည်းနေသောကြောင့် အိပ်ရာပေါ်တွင် ပြန်၍လှဲနေပေ၏။

ဦးဟန်သိန်းသည် နောက်ပြောင်ပြောတတ်သော်လည်း ဘကြီးဖြူသေဆုံးပြီးနောက် ရုက္ခစိုးနတ်ဘဝရောက်နေသည်ကိုသိရသောအခါ စိတ်မကောင်းစွာဖြင့် -

"အစ်ကိုကျော်ရေ၊ ချစ်ဖေတို့ညီအစ်ကိုကို အမြန်ရှင်ပြုနိုင်အောင်ကြိုးစားမှဖြစ်မယ်။ ရှင်ပြုပြီးရင်တော့ ဘကြီးဖြူလည်းကျွတ်လွတ်ပြီး ကောင်းရာသုဂတိကိုရောက်သွားမယ်"

ဟု ပြောလေ၏။

ထိုအခါ ဦးကျော်က -

"အေးကွ၊ ငါလည်း အဲဒါတွေးမိပါတယ်။ တတ်နိုင်သလောက် ကြိုးစားအလုပ်လုပ်ပြီး ငွေစုရဦးမယ်"

ထို့နောက် ဦးဖြူမသေဆုံးမီက ပြောသောစကားများကို ပြန်လည်ပြောကြားရင်း ဆွေးနွေးနေကြလေသည်။

ဒေါ်စိန်လည်း ဦးဖြူအကြောင်းတွေးကာ ချစ်ဖေတို့ညီအစ်ကိုနှစ်ယောက်ကို ရှင်ပြုရန် စိတ်စွဲလမ်းသွားသော ဦးဖြူ ရုက္ခစိုးဘဝမှ အမြန်ဆုံး ကျွတ်လွတ်ပါစေဟု ဆုတောင်းလိုက်ရပေ၏။ မကြာမီပင် ဦးဟန်သိန်းနှင့် ဒေါ်စိန်တို့လည်း ဦးကျော်ကို နှုတ်ဆက်ကာ ပြန်သွားကြလေ၏။

ဦးဟန်သိန်းနှင့်ဒေါ်စိန်တို့ပြန်သွားကြသောအခါ မိုးချုပ်၍မှောင်လာသဖြင့် ချစ်ဖေသည် မီးခွက်ထွန်းလိုက်ရလေ၏။ ထို့နောက် ပန်းကန်များကို ဆေးကြောကာ ထမင်းစားရန်ပြင်၏။ ထမင်းမစားသေးမီ ဒေါ်နုအတွက် နံနက်ပိုင်းက ပြုတ်ထားသောဆန်ပြုတ်များကိုပြန်နွေးကာတိုက်လေ၏။ ဒေါ်နုဆန်ပြုတ်သောက်နေရသည်မှာ (၃) ရက်ခန့်ရှိပေပြီ။ ခေတ်မီဆေးဝါးရှားပါးချိန်ဖြစ်၍ ကွမ်းရွက်ပြုတ်ရည်နှင့် ကျပ်ခိုးကိုသာ ဆေးအဖြစ် မှီခိုအားထားကာ သောက်ရပေသည်။ ထို့နောက် ဦးကျော်တို့သားအဖတစ်တွေ ထမင်းစားကြလေတော့သည်။ ကိုင်းလုပ်သောဒေသဖြစ်၍ ပဲဟင်းသည်သာ အကောင်းဆုံးဟင်းဖြစ်သောကြောင့် မညည်းညူနိုင်ပါတော့ချေ။

ည (၉)နာရီခန့်ရှိပေပြီ။ ဦးကျော်တို့အိမ်သည် ရွာ၏မြောက်ဘက်အဝင်ဝတွင်ရှိသောကြောင့် လူသူအသွားအလာနည်းလှပေသည်။ သို့ဖြစ်၍ တိတ်ဆိတ်ငြိမ်သက်လှပေ၏။ မြောက်လေသွေးသဖြင့် အအေးဓာတ်ပိုလာသောကြောင့် မအိပ်ချင်သေးသော်လည်း စောင်ထူထူခြုံကာ ကွေးနေရလေသည်။ ဦးကျော်လည်း ညနေက ဒေါ်နုသို့ ရုက္ခစိုးဝင်ရောက်ပူးကပ်ပုံများကို ပြန်လည်မြင်ယောင်ကာ တွေးတောနေလေ၏။ အစ်ကို(အဖေ)ဖြစ်သူ ရုက္ခစိုးဘဝက ကျွတ်လွတ်စေရန် သားနှစ်ယောက်ကို ရှင်ပြုရမည်ဖြစ်ပေ၏။ သို့သော်လည်း ငွေကြေးမပြည့်စုံသေးသဖြင့် ရှင်မပြုနိုင်သေးပေ။ အလုပ်ကို ကြိုးစားလုပ်ရန်နှင့် ငွေကြေးစုဆောင်းမိပါက လာမည့်ကဆုန်လအတွင်းရှင်ပြုနိုင်ရန်စဉ်းစား၍ အိပ်ပျော်သွားလေတော့သတည်း။

❑

ဘကြီးဖြူသေဆုံးသွားခဲ့သည်မှာ တစ်နှစ်ခန့်ကြာခဲ့ပေပြီ။ ဘကြီးဖြူမသေမီက သားသမီး(၈)ယောက်ကို ကိုင်းလုပ်ငန်းဖြင့် လုပ်ကိုင်ကျွေးမွေးခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သားသမီးများ အရွယ်ရောက်မှ မိမိအသက်(၆၀)ကျော်ခန့်တွင် ကိုင်းမလုပ်တော့ဘဲ သားသမီးများကို လွှဲပြောင်းပေး၍လုပ်ကိုင်စေ၏။ ဘကြီးဖြူကိုယ်တိုင်ကတော့ ရွာတွင်အသုံးပြုရန်လိုအပ်သော ခြင်းတောင်း၊ တင်းတောင်း၊ ခံတောင်း၊ စကော၊ ဆန်ခါ၊ ဗန်းများရက်လုပ်ကာ ရောင်းချနေပေ၏။ ကြိုတင်မှာခဲ့လျှင်လည်း ရက်လုပ်ပေး၏။ ဤသို့လုပ်ကိုင်ရောင်းချနေရာမှ -

တစ်နေ့တွင် ဦးကျော်၏ညီဖြစ်သူ ဦးတင်ရှိန်သည် ညနေ (၆) နာရီခန့်တွင် ဦးကျော်တို့အိမ်သို့ ရောက်လာလေ၏။ ထိုအချိန်တွင် ဦးကျော်တို့မိသားစု ညစာထမင်းစားနေချိန်ဖြစ်ပေသည်။ သို့ဖြစ်၍ ဦးတင်ရှိန်သည် ရောက်ခါစတွင် လာရင်းကိစ္စကို ဘာမှမပြောသေးပေ။ သူ့အစ်ကိုကြီး ဦးကျော်တို့မိသားစု ထမင်းစားနေသည်ကို အနှောင့်အယှက်ဖြစ်မည်စိုး၍မပြောခြင်းဖြစ်ပေ၏။

ထို့နောက် ဦးကျော်က ဦးတင်ရှိန်ရောက်လာပြီး ဘာမှမပြောသဖြင့် လှည့်ကြည့်လိုက်ပြီးနောက် -

"ကိုတင်ရှိန် လာလေ၊ ထမင်းစားပါဦးလား။ ဘာကိစ္စရှိလို့လဲ"

ဟု တစ်ဆက်တည်းမေးပြောပြောလေ၏။ ထိုအခါမှ ဦးတင်ရှိန်သည် အစ်ကို ရုတ်တရက် သေဆုံးကြောင်း၊ ဘယ်လိုဖြစ်သည်ကို မသိကြောင်း တစ်ဆက်တည်း ပြောလိုက်လေတော့၏။ သူ၏မျက်နှာသည်လည်း မချိတင်ကဲ ဝမ်းနည်းနေသည်ကိုတွေ့ရပေ၏။

ဦးကျော်နှင့် ဒေါ်နုတို့မိသားစုလည်း-

"ဟင် - အစ်ကိုဘယ်လိုဖြစ်ပါလိမ့်"

ဟု အာမေဋိတ်သံပြုကာ လက်များကိုဆေးလိုက်ပြီးနောက် ထမင်းဝိုင်းကို အမြန်ဆုံးသိမ်းလိုက်ပေသည်။ ထို့နောက် ဦးကျော်နှင့်ဒေါ်နုလည်း ဦးတင်ရှိန်နှင့်အတူ ဘကြီးဖြူသေဆုံးရာအိမ်သို့ ကသုတ်ကရက်ထွက်သွားကြလေသည်။

ချစ်ဖေနှင့် ချစ်ရွှေတို့ညီအစ်ကိုသည် ထမင်းဝိုင်းကိုသိမ်းပြီးနောက် ခေတ္တထိုင်နေကြသည်။ အဘိုးဖြစ်သူ ဘကြီးဖြူ သေဆုံးခြင်းနှင့် ပတ်သက်၍ တစ်ယောက်တစ်ပေါက်ထင်မြင်ချက်များကိုပြောနေကြပေ၏။

ချစ်ဖေက -

"အဘိုးတော့ လေဖြတ်တာနဲ့တူတယ်"

ချစ်ရွှေက-

"ဟုတ်ပဲ့မလားကွ၊ မနေ့ကတောင်တို့ရောက်သွားသေးတာပဲ။အဘိုးရော အဘွားပါ အကောင်းပကတိရှိနေတာပဲ"

"လေဖြတ်တယ်ဆိုတာ ပြောလို့ရတာမဟုတ်ဘူးကွ။ ချက်ချင်းထဖြစ်ရင်လည်းဖြစ်တာပဲကွ"

ဟု ချစ်ဖေမှ ပြန်၍ရှင်းပြလေ၏။

ထိုအခါ ချစ်ရွှေက -

"ဟာ- ဒုက္ခပါပဲကွာ၊ အဘိုးက တို့ရှင်ပြုတာကိုတောင် မတွေ့ရတော့ဘူးပေါ့။ အဘိုးက တို့ကို သိပ်ပြီးရှင်ပြုချင်တာ။ အရင်တုန်းက ခဏခဏပြောနေတာကွ"

ဟု ငိုသံပါကြီးနှင့်ပြောလေတော့၏။

"မငိုပါနဲ့ညီလေးရာ၊ ဘာကြောင့်သေတာလဲဆိုတာ အစ်ကိုသွားပြီးစုံစမ်းလိုက်ဦးမယ်"

"ဒါဆို ငါလည်းလိုက်မယ်ကွာ"

"ငါမကြာပါဘူး ပြန်လာခဲ့မယ်၊ ညီလေးက သတ္တိရှိပါတယ်ကွာ။ အိမ်စောင့်နေခဲ့ပါ"

ဟု ချစ်ဖေက ပြောပြီးနောက် ဘကြီးဖြူဆုံးရာအိမ်သို့ လိုက်သွားလေ၏။ သတ္တိခဲချစ်ရွှေလည်း ဆက်မပြောတော့ဘဲ အိမ်ရှေ့မြေကွက်လပ်တွင်ဆင်း၍တစ်ယောက်တည်းထိုင်နေရပေတော့သည်။ အိမ်ပေါ်တွင် မီးခွက်မထွန်းရသေးသောကြောင့်မှောင်မည်း၍နေလေသည်။

ထို့နောက် တစ်ယောက်တည်းထိုင်နေရင်း အဘိုးဖြစ်သူ ဘကြီးဖြူသေဆုံးရပုံကို သို့လောသို့လောတွေးတောနေလေ၏။ ချစ်ရွှေသည် သတ္တိကောင်းပါသည်ဆိုသော်လည်း အသက်အရွယ်အားဖြင့် ငယ်သေးသည်ဖြစ်ရာ အနည်းငယ်ကြောက်ရွံ့လာလေ၏။ အမှောင်ထုသည်လည်း ပို၍ဝါးမျိုလာလေ၏။ နာရီဝက်ခန့်စောင့်နေသော်လည်း ချစ်ဖေပြန်၍ရောက်မလာသေးပေ။

သို့ဖြစ်၍ -

"ဖြစ်ချင်တာဖြစ် ငါလည်းလိုက်သွားမယ်"

ဟုဆိုကာ အဘိုးသေဆုံးရာအိမ်သို့လိုက်သွားလေတော့သည်။

ဤသို့လိုက်သွားရာတွင် အဘိုးသေဆုံးရာအိမ်သည် မဝေးလှသဖြင့် (၁၅) မိနစ်သာသာသွားရလေ၏။အဘိုးအိမ်သို့ ချစ်ရွှေရောက်သွားသောအခါ အောက်လင်းဓာတ်မီးထွန်းထားသဖြင့် ထိန်လင်းနေ၏။ အခန်းကန့်ထားသော ထရံများကိုခွာထားသဖြင့် ဟာလာဟင်းလင်းကြီးဖြစ်၍နေလေ၏။ အိမ်ပေါ်တွင် လူကြီးတစ်စု ရှုတ်သိုက်ရှုတ်သိုက်ဖြင့် အလုပ်များနေကြလေ၏။

ထိုလူအုပ်ထဲတွင် အဖေဖြစ်သူ ဦးကျော်ကိုရှာကြည့်၏၊ မတွေ့ရပေ။ သို့ဖြစ်၍ အမေဖြစ်သူဒေါ်နုကို ရှာကြည့်ပြန်သော်လည်း မီးဖိုဆောင်ဘက်ရှိ လူအုပ်ထဲတွင်ပျောက်နေလေ၏။ ချစ်ရွှေသည် အဖေနှင့်အမေကိုရှာမတွေ့သောကြောင့် စိတ်အားငယ်ကာ ဖိနပ်ချွတ်ခန်းရှိတိုင်ကိုမှီ၍ ရပ်နေပေ၏။ထိုအချိန်တွင် ညီအစ်ကိုတစ်ဝမ်းကွဲတော်သူ စိုးမောင်က-

"အစ်ကို လာလေ၊ တို့အိမ်မှာလာနေပါလားကွ။ လူတွေရှုပ်နေတယ်"

ချစ်ရွှေ လိုက်မည်ဟုလှည့်ထွက်လိုက်ချိန်တွင် ဦးကျော်နှင့် သူ့ညီ ဦးသန်းတို့နှစ်ယောက် အိမ်နောက်ဘက်မှထွက်လာသည်ကိုတွေ့ရသဖြင့် ချစ်ရွှေက -

"အဖေ၊ အဖေ"

ဟု လှမ်း၍ခေါ်လိုက်လေ၏။

ဦးကျော်သည် ချစ်ရွှေကို မြင်သောအခါ -

"ကောင်လေး၊ မင်းလည်းလိုက်လာတယ်ဟုတ်လား။ အေး- အတော်ပဲ မင်းကို အဖေ တစ်ခုခိုင်းစရာရှိတယ်။ အိမ်ကိုခဏပြန်ပြီး ထင်းရှူးသေတ္တာထဲက သံခွက်ကို ယူလာခဲ့ပါ"

ချစ်ရွှေသည် ဖခင်ဖြစ်သူကခိုင်းသောကြောင့် မငြင်းသာ၍ -

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဟုပြောလိုက်သော်လည်း စိတ်ထဲတွင် ခပ်ရွံ့ရွံ့ဖြစ်နေလေ၏။ ထို့နောက် အရဲစွန့်ကာ ခြေလှမ်းကျဲကျဲဖြင့် အိမ်သို့ပြန်ခဲ့လေ၏။ မီးအိမ်လည်းမပါ၊ လမ်း... လည်းမရှိသဖြင့် လမ်းနှစ်ဖက်ရှိအိမ်များမှ အလင်းရောင်မှိန်ပျပျကိုသာ အား... ၍ပြန်လာခဲ့ရပေ၏။

နောက် (၁၅) မိနစ်မျှလျှောက်... လေရာ မိမိအိမ်သို့ရောက်လာလေ၏။ အိမ်သည် ရွာ၏မြောက်ဘက်အစွန်တွင် ရှိသောကြောင့် လူသူကင်းရှင်းနေ... ခြံအဝင်ဝသို့ရောက်သော် အိမ်ကိုလှမ်း... ကြည့်လိုက်၏။ ကုက္ကိုပင်များ၏အ... ကြောင့် ပို၍မှောင်နေသဖြင့် ဘာ... သဲသဲကွဲကွဲမမြင်ရပေ။ ချစ်ရွှေလ... စိတ်ကိုတင်း၍ခြံတွင်းသို့ဝင်လိုက်...

ခြံတွင်းသို့ရောက်ပြီးနောက် ...


www.burmeseclassic.com

www.burmeseclassic.com

နေကျဖြစ်၍ အခက်အခဲမရှိ အိမ်ပေါက်ဝသို့ရောက်သွားလေ၏။ ဖိနပ်ချွတ်အတက်သည် သစ်တုံးများကို လှေကားအဖြစ်လုပ်ထားသောကြောင့် ချော်မကျစေရန် သတိဖြင့်စမ်း၍နင်းရလေ၏။ သစ်တုံးသုံးတုံးဆုံးသောအခါ တံခါးဝသို့ရောက်လေ၏။တံခါးသည် ဝါးကတ်ကြမ်းတံခါးဖြစ်သောကြောင့် အလွယ်တကူပွင့်သွားလေ၏။

ချစ်ရွှေသည် အိမ်ပေါ်သို့လှမ်းတက်လိုက်ရာ ခင်းထားသောပျဉ်သည် အခံဖြစ်သောဆင့်နှင့် ကွာနေသောကြောင့် ဂျုန်းခနဲ အသံမြည်သွားလေသည်။ ထိုအခါ အတွင်းဘက်အခန်းမှ ပြေးလွှားကုတ်ခြစ်သံများကိုကြားလိုက်ရပြီးနောက် ငြိမ်သက်သွားလေ၏။ အသံများ တိတ်ဆိတ်သွားသောအခါ ပို၍ ချောက်ချားစရာကောင်းလှ၏။ သို့ဖြစ်၍ ချစ်ရွှေသည် ခြေထောက်များကို အသံမြည်အောင် ခပ်ကြမ်းကြမ်းနင်း၍ အိမ်ထဲသို့ဝင်လိုက်ရလေသည်။ ထို့နောက် အရှဲ့စွန်းကသွားလေရာ အိပ်ခန်းအဝသို့ရောက်သွားလေ၏။ အခန်းကိုဖြတ်သွားမည်ပြုစဉ် လူတစ်ရပ်ကျော်ကျော်ခန့် ဖြူဖြူကြီးကိုမြင်လိုက်ရသဖြင့် အံ့သားသင့်ခြင်း၊ ထိတ်လန့်ခြင်းတို့ တစ်ပြိုင်နက်တည်းဖြစ်ကာ မျက်စိကို မှိတ်လိုက်ပြီးနောက် နှုတ်မှ -

"ဘုရား ဘုရား ဘုရား"

ဟု ဆိုလိုက်မိပေ၏။ ခြေထောက်များမှာလည်း ရှေ့သို့မတိုးတော့ဘဲ အလိုလိုပင်ရပ်တန့်သွားပေတော့သည်။ ကြက်သီးများလည်းထသွားကာ အတန်ကြာရပ်နေမိလေ၏။

ထိုသို့ အတန်ကြာအောင်ရပ်နေပြီးနောက် ထူးခြားမှုတစ်စုံတစ်ရာမဖြစ်သောအခါမှ မျက်စိများကိုဖွင့်ကြည့်လိုက်ပေ၏။ ထိုအခါမှ နံနက်စောစောအိပ်ရာထစဉ်က မခေါက်မသိမ်းဘဲ ဖြစ်ကတတ်ဆန်း အခန်းထရံပေါ်သို့ပစ်တင်ထားသော ပိတ်ခြင်ထောင်ဖြူဖြူကြီးကို တွေ့လိုက်ရပေ၏။ ချစ်ရွှေတစ်ယောက် သတိဝင်ကာ ကြောက်စိတ်အနည်းငယ်ပျောက်သွားလေ၏။

ဤသို့ဖြင့် ဆက်လက်လျှောက်သွားပြန်ရာ နောက်ဖေးဘက်ရှိ အခန်းသို့ရောက်သွားလေ၏။ ထင်းရှူးသေတ္တာရှိသောနေရာသို့ရောက်အောင် ဝါးလုံးများဖြင့်ခင်းထားသည့်ကြမ်းပြင်ကို မညီမညာနင်း၍လျှောက်သွားရလေသည်။ စောစောပိုင်းက မိမိခြေသံများကိုကြားရသော်လည်း ယခုအခါ တိတ်ဆိတ်နေပြန်၏။ သို့ဖြစ်၍ ထင်းရှူးသေတ္တာကို တွေ့သည်နှင့် အဖုံးကိုဆွဲမလိုက်ရာ ဝုန်းခနဲမြည်သံနှင့်အတူ ကြွက်ဝမ်းဖြူတစ်ကောင် ကမူးရှူးထိုးထွက်လာကာ ချစ်ရွှေ၏လက်ပေါ်မှ ဖြတ်ပြေးလေ၏။ ချစ်ရွှေလည်း -

"ဟ - ဘာကြီးလဲ"

ဟုအော်ကာ ထ၍ခုန်မိလေတော့၏။

ထို့နောက် စိတ်ကိုငြိမ်အောင်ထိန်း၍ သေတ္တာအတွင်းရှိ သံထည့်ထားသော ငါးသေတ္တာဘူးချွန်သံခွက်ကိုလိုက်ရှာလေရာ ဦးကျော်ဝှက်ထားသော ဆေးခါးကြီးပုလင်းကိုတွေ့ရလေ၏။ ဆက်လက်၍ လက်ဖြင့်စမ်းရှာပြန်ရာ သေတ္တာထောင့်တွင်ထားသောသံခွက်ကိုတွေ့ရလေ၏။ သံခွက်ကိုတွေ့ရသောကြောင့် ကြောက်စိတ်များပျောက်ကာ ဝမ်းသာမိပြန်၏။ သံခွက်ကိုယူပြီးနောက် အိမ်ရှေ့ဘက်သို့ အမြန်ထွက်လာလေ၏။ အမှောင်တွင် ကျင့်သားရသွားသဖြင့် အိမ်အတွင်းသို့ဝင်လာခဲ့စဉ်ကလောက် မကြာလိုက်ပေ။ အိမ်အောက်သို့ဆင်းလိုက်ပြီး နောက်ပြန်လှည့်မကြည့်တော့ဘဲ ခြေလှမ်းကျဲကြီးများဖြင့် အဘိုး၏အသုဘရှိရာအိမ်သို့ ခြေကုန်သုတ်ခဲ့လေ၏။

အသုဘအိမ်သို့ရောက်ပြီးနောက် ဖခင်ဖြစ်သူအားရှာ၍ သံခွက်ကိုပေးလိုက်လေသည်။ ဦးကျော်သည် သံခွက်ထဲမှ ရိုက်တန်ကောင်းဖြစ်သောသံများကိုရွေးထုတ်လိုက်သည်။ ထိုအချိန်တွင် ချစ်ရွှေသည် သူ၏အဘိုး ဘကြီးဖြူ၏အလောင်းကို အနီးကပ် ကြည့်ရှုခွင့်ရလိုက်လေ၏။

ဘကြီးဖြူသေဆုံးပြီးနောက် အသုဘကို မပုပ်မသိုးစေရန် ရင်ခွဲ၍ ဝမ်းတွင်းကလီစာများကိုထုတ်ထားသောကြောင့် ဘကြီးဖြူ၏မျက်နှာတွင် သွေးရောင်မရှိတော့ပေ။ ဝမ်းဗိုက်နေရာတွင် ဝါးခြမ်းများကို ယင်းလိပ်သဏ္ဌာန်ပတ်ထားသဖြင့် တောင့်တောင့်ကြီးဖြစ်နေပေသည်။ အလောင်းထည့်မည့်ခေါင်းကို လက်ပံသားဖြင့်ပြုလုပ်ထားပေရာ အနံ့အသက်မထွက်စေရန်အတွက် ရွှံ့စေးများဖြင့် ထပ်မံဖာထေးထားလေ၏။

ထို့နောက် ဘကြီးဖြူ၏အလောင်းကိုမ၍ ခေါင်းထဲသို့ထည့်လေသည်။ အခေါင်းကိုပိတ်ရန်အတွက် သံရိုက်မည်ပြုသောအခါ အဘွားဒေါ်ဒိုးနှင့် သမီးများက အော်ငိုကြလေသည်။ ထိုသို့ငိုနေစဉ် အဘွားဒေါ်ဒိုးသည် တတ်တတ်သုဖြစ်ပေရာ တက်သွားလေ၏။ သားဖြစ်သူ ဦးတင်ရှိန်နှင့် ဦးသန်းတို့က တွဲထုတ်သွားလေသည်။ သို့ဖြစ်၍ ချစ်ရွှေလည်း ဝမ်းနည်းလာသဖြင့် ငိုနေမိပေ၏။ထိုအချိန်တွင် ဦးကျော်သည် သူ့ဖခင် ဘကြီးဖြူ၏အခေါင်းကို သံရိုက်၍ပိတ်လိုက်လေတော့သည်။

နောက်တစ်နေ့တွင် ဘုန်းတော်ကြီးကျောင်း၌သိမ်းထားသော အလိုက်ဆင်သည့်ပိတ်စများကိုယူ၍ ထမ်းစင်ကို အလှဆင်ကြလေသည်။

သုံးရက်ပြည့်သည့်နေ့ နေ့လယ် (၁) နာရီခန့်တွင် ဆွေမျိုးသားချင်းစုံလင်စွာဖြင့် သုသာန်သို့ ပို့ဆောင်ကြလေ၏။ သုသာန်သွားသောလမ်းသည် လှည်းလမ်းကြောင်းဖြစ်သဖြင့် ဖုန်တထောင်းထောင်းထ၍နေပေသည်။ လိုက်ပါပို့ဆောင်ကြသောလူအုပ်ထဲတွင် အဘွားဒေါ်ဒိုးတို့မိသားစုမှာ မျက်ရည်မဆည်နိုင်အောင်ရှိပေ၏။ အချို့က တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါပို့ဆောင်ရင်း သံဝေဂရနေကြလေသည်။

နောက်နာရီဝက်ခန့်ကြာသောအခါ ရွာဦးဘုန်းတော်ကြီးကျောင်း၏အရှေ့ဘက်ရှိ သုသာန်တွင် သရဏဂုံတင်၍ မီးသဂြိုဟ်လိုက်ပေ၏။ အားလုံးလောင်ကျွမ်းပြီးနောက် အရိုးများကို မြေအိုးတွင်ထည့်၍ အိမ်သို့ပြန်ယူခဲ့ကြသည်။ (၇) ရက်လည်သောအခါ ဆွမ်းသွတ်ပရိတ်တရားနာ၍ ၎င်းအရိုးအိုးအား သုသာန်သို့ပို့ဆောင်၍ မြှုပ်နှံလိုက်တော့၏။ လူ့ဘဝသည်ကား သေခြင်းသာလျှင် အဆုံးသတ်နိဂုံးဖြစ်ပေ၏ဟုတရားကျကာနေမိပေတော့သည်။

❑

ဤသို့ဖြင့် ရက်ကိုလစား၊ လကိုနှစ်စား၍ ကာလကြာသောအခါ 'သေသောသူကြာလျှင်မေ့'ဆိုသောစကားပမာ ဘကြီးဖြူအား အမြဲတမ်းသတိမရနိုင်ကြတော့ပေ။ အဘွားဒေါ်ဒိုးတို့မိသားစုလည်း စားဝတ်နေရေးအတွက် ကိုင်းလုပ်ငန်းတွင်သာ စိတ်ကိုနှစ်မြှုပ်၍လုပ်ကိုင်နေကြရပေသည်။ ဒေါ်နုလည်း တုပ်ကွေးမိသဖြင့် (၇) ရက်ခန့် အကြော်လုပ်ငန်းကိုရပ်နားထားခဲ့ရပေသည်။ယခုအခါ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသဖြင့် အကြော်လုပ်ငန်းကို ပြန်လည်စတင်ရန် ပြင်ဆင်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ် နံနက်ထမင်းစားပြီးနောက် နေ့လယ်ဘက်တွင် ကောက်ညှင်းဆန်နှင့်ဆန်ကြမ်းတို့ကို အချိုးကျရောစပ်ပြီးနောက် ကျောက်ခဲ၊ သဲနှင့် အမှိုက်များ မပါစေရန် သန့်စင်အောင်ရွေးထုတ်ရ၏။ ထို့နောက် ရေစိမ်ထားရ၏။ရေနွေးလောက်ချိန်ရောက်မှ မုန့်ကြိတ်ဆုံတွင်ထည့်၍ ကြိတ်ရပေ၏။ မုန့်နှစ်ရည်များရသောအခါ ပိတ်ပါးအိတ်များတွင်ထည့်၍ နှီးဖြင့်ချည်ကာ ရေစစ်သွားစေရန်ကျောက်တုံးဖြင့်ဖိထားရ၏။ ရေစစ်သွားသောအခါ မုန့်နှစ်ဖတ်များကို အိတ်မှထုတ်၍ ဗန်းများတွင်ခြေကာ နေ့ဘက်တွင် နေလှန်းထားရ၏။

ထိုနည်းတူစွာပင် ဝယ်ထားသော ဘူးသီးများကို လက်ညှိုးခန့် အစိတ်ကလေးများဖြစ်အောင်စိတ်ရ၏။ ညဦးတွင် စိပ်ပြီးနောက် နောက်နေ့တွင် ဗန်းများ၌ ထည့်ကာ ဘူးသီးစိတ်များနွမ်းသွားစေရန် နေလှန်းရပြန်၏။ လှန်းထားသောမုန့်နှစ်ဗန်းများနှင့် ဘူးသီးစိတ်ဗန်းများ နေသွေ့သောအခါ သိမ်းဆည်းထားရ၏။

နောက်နေ့နံနက် (၅)နာရီခန့်တွင် မုန့်နှစ်ခဲများကို ရေနွေးသင့်တော်ရုံထည့်၍ ဆော်ဒါအနည်းငယ်၊ ဆားအနည်းငယ်၊ ငှက်ပျောသီးဖီးကြမ်းအမှည့် (၃) လုံးခန့်ထည့်ပြီးနောက် သမအောင်နယ်ရ၏။ မုန့်ရည်မပျစ်မကျဲအနေတော်ရသောအခါ ဘူးသီးစိတ်များထည့်၍နယ်ရပြန်၏။ ထို့နောက် ဆီကျက်ပြီးသော ဒယ်အိုးတွင် ထည့်၍ကြော်ရသည်။ အကြော်ချပ်များညီညာစေရန် ဘူးသီးစိတ်များကို ဇွန်းဖျားတွင်တင်၍ ညီမျှစွာ ထည့်ရ၏။ ဒယ်အိုးအနေအထားအရ မုန့်ချပ်ကို သင့်တင့်ရုံမျှထည့်၍ကြော်ရသည်။ များလွန်းလျှင် မုန့်ချပ်များတွဲကပ်သွားပေသည်။ သာမန်အားဖြင့် (၅)ချပ်မျှသာထည့်၍ကြော်ရ၏။ သို့မှသာ မုန့်ချပ်များကျက်၍ ပေါ်လာသောအခါ ဝါဝင်းဖောင်းကြွသောအကြော်များကို ရရှိ နိုင်ပေသည်။

သို့ဖြစ်၍ ဒေါ်နုကြော်သော ဘူးသီးကြော်သည် ထိုနယ်တစ်ဝိုက်တွင် နာမည်ကောင်းရပေသည်။ကိုင်းလုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်းမှထွက်သော ပဲ၊ မြေပဲ၊ ငရုတ်စသော ကိုင်းထွက်သီးနှံများ ကို (၁၂)မိုင်ခန့်ဝေးသော ဟင်္သာတမြို့သို့ သွားရောက်၍ ရောင်းချရသည်။ အချို့က လှည်းများဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း၊ လှေကြီးများဖြင့်လည်းကောင်း အလျဉ်းသင့်သလို သွားရောက်၍ရောင်းချရ၏။ ထိုအခါ ဒေါ်နုတို့ရွာ၏မြောက်ဘက်တွင်ရှိသောရွာများမှလာသည့်လှည်းများသည် ဒေါ်နုတို့အကြော်ဆိုင်ကိုဖြတ်၍ သွားကြရမည်ဖြစ်ရာ အကြော်ဆိုင်သို့ရောက်သောအခါ ခရီးတစ်ထောက်နားကြလေ၏။

ထို့နောက် အကြော်ဆိုင်သို့ဝင်၍ အကြော်များဝယ်ကာ ပါလာသော ထမင်းကြမ်းများနှင့် အဆာပြေစားကြလေ၏။ အချို့က အကြော်နှင့်ရေနွေးကြမ်းကို သုံးဆောင်ကြလေ၏။ တစ်ဖန်မြို့သို့ရောက်လျှင်စားရန် ဘူးသီးကြော်များကို ဝယ်သူကဝယ်ကြလေ၏။ ဒေါ်နုသည် ဘူးသီးကြော်များဖြင့် လိုက်ဖက်သည့် အချဉ်ရည်များကိုလည်း စီစဉ်ပေးထား၏။ ကုန်တင်လှည်းများသည် တစ်စီးတည်းလာသည်ကနည်း၍ အုပ်စုအလိုက်လာကြပေရာ လှည်းတပ်ကြီးများချီတက်လာသည်နှင့်တူပေ၏။ ဒေါ်နု၏အကြော်ဆိုင်သည်လည်း လက်မလည်အောင်ရောင်းချ၍နေရပေ၏။

ဒေါ်နုသည် မိမိ၏အကြော်ဆိုင်ကို နိုင်နင်းစွာရောင်းချနိုင်ရန်အတွက် တူမကလေး(၂)ဦးကို အကူခေါ်ထားရ၏။ ကျောင်းပိတ်ရက်များတွင် ချစ်ဖေတို့ညီအစ်ကိုလည်း ကူညီလုပ်ကိုင်ကြလေသည်။ ဤသို့ဖြင့် ဒေါ်နု၏အကြော်လုပ်ငန်းသည် ပိုမို၍တွင်ကျယ်စွာရောင်းချနိုင်ခဲ့ပေသည်။ ဤအကြော်လုပ်ငန်းဖြင့်ပင် ဒေါ်နုတို့မိသားစု စားဝတ်နေရေးအတွက် ကောင်းစွာဖူလုံသည့်အပြင် ပိုငွေများကို စုဆောင်းနိုင်ခဲ့ပေသည်။

ဒေါ်နု၏အကြော်လုပ်ငန်းကောင်းနေသကဲ့သို့ ဦးကျော်၏လွှဆွဲခြင်းလုပ်ငန်းသည်လည်း ပွင့်လင်းရာသီတွင် အလွန်အဆင်ပြေနေ၏။ နေ့စဉ်နှင့်အမျှ လုပ်ငန်းခွင်ဝင်နေရ၏။ ဦးကျော်၏လုပ်ငန်းသည် ပင်ပန်းသလောက် ဝင်ငွေကောင်းရလေ၏။ ဤသို့ဖြင့် ဦးကျော်နှင့် ဒေါ်နုတို့မိသားစုသည် 'အချိန်ရှိခိုက် လုံ့လစိုက်'ဆိုသောစကားပမာ ကြိုးစား၍လုပ်ကိုင်လာကြရာ ဧပြီလကုန်လောက်တွင် ကိုင်းလုပ်ငန်းများလည်း သိမ်းပြီဖြစ်၍ ဒေါ်နု၏အကြော်လုပ်ငန်းကို ရပ်နားလိုက်လေ၏။ သို့သော်လည်း ဒေါ်နုသည် ဘူးသီးကြော်ကိုသာ ရပ်နားခြင်းဖြစ်ပေ၏။ မုန့်လက်ကောက်နှင့် မုန့်သလင်းတောင့်၊ မုန့်ဖွဲလေး စသည့်မုန့်များကို ဆိုင်မထွက်တော့ဘဲ အိမ်မှာပြုလုပ်၍ရောင်းနေပြန်၏။ ဦးကျော်၏လွှဆွဲခြင်းလုပ်ငန်းမှာလည်း ရာသီဥတုဖွင့်ပြင်းလှသောကြောင့် နံနက်ပိုင်းသာအလုပ်ဆင်းနိုင်၍ နေ့လယ်ပိုင်းတွင် အနားယူရလေသည်။

တစ်နေ့တွင် ဦးကျော်တို့မိသားစု ညစာထမင်းစားပြီးနောက် ထိုင်၍စကားပြောနေကြလေသည်။ ထိုအချိန်တွင် ဦးကျော်သည် စုဘူးများကိုဖောက်ကြည့်ရန်သတိရကာ ဗီရိုအတွင်း၌သိမ်းဆည်းထားသောစုဘူး(၂)ဘူးကိုယူ၍ ဖွင့်ကြည့်လိုက်ပေ၏။ အကြွေစေ့များစုထားသောဘူးကို ချစ်ဖေတို့ညီအစ်ကိုကရေတွက်၍ ဒေါ်နုနှင့်ဦးကျော်တို့က ငါးကျပ်တန်၊ တစ်ဆယ်တန်များစုဆောင်းထားသောဘူးကိုရေတွက်ကြ၏။ နှစ်ဘူးပေါင်း၍ စုဆောင်းထားသောငွေမှာ ငွေကျပ်တစ်[...]သောင်းကျော်ရှိကြောင်း တွေ့ကြရလေ၏။

ထိုအခါ ဦးကျော်က-

"မနုရေ ဒီငွေလောက်ဆိုရင် သားတို့ကိုရှင်ပြုပေးလို့ရလောက်ပြီထင်တယ်"

ဒေါ်နုက -

"ဒီငွေလောက်နဲ့တော့ ရှင်မပြုနိုင်သေးဘူး။ ထပ်စုဖို့လိုလိမ့်မယ်"

"တို့အလှူကို အကြီးအကျယ် မလုပ်ဘဲ အကျဉ်းလောက်လုပ်ရင် မကောင်းဘူးလား"

"အေး- ဟုတ်တယ်၊ ဒါဆိုရင် ရွာဦးကျောင်းဆရာတော်ကိုလျှောက်တင်ပြီး ဆောင်ရွက်ကြရင်မကောင်းဘူးလား"

ဤသို့တိုင်ပင်ကြပြီးနောက် -

နောက်တစ်နေ့တွင် ဦးကျော်နှင့် ဒေါ်နုတို့သည် ရွာဦးကျောင်းဆရာတော် ဦးအဘိဝံသထံသို့သွားရောက်၍ အလှူလုပ်မည့်အကြောင်း လျှောက်ထားကြလေ၏။

'ဆရာတော်ဘုရား၊ တပည့်တော်တို့သားနှစ်ယောက်ကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးပါရန်နှင့် အလှူကို အကျဉ်းချုံး၍ လှူဒါန်းမည့်အကြောင်း' လျှောက်ထားတောင်းပန်သေး၏။

ထိုအခါ ဆရာတော်မှ -

"ဒကာကြီးရယ်၊ ရှင်ပြုတယ်ဆိုတာ သင်္ကန်းပရိက္ခရာစုံရင် သာသနာ့ဘောင် သွတ်သွင်းချီးမြှင့်ရရောက်တယ်။ ကျွေးမွေးဧည့်ခံတာကတော့ ကိုယ်တတ်နိုင်သလောက်လှူဒါန်း[...] အလှူအကြီးအကျယ်လုပ်မှမဟုတ်ပါ[...] စေတနာရှေ့ထားပြီး တတ်နိုင်သ[...] ဒါန်းလျှင်လည်း မြတ်တာပါပဲ[...]

www.burmeseclassic.com

ဟု ရှင်းလင်းစွာဟောကြားလိုက်လေ၏။

❑

ဧပြီလသည် ကိုင်းသမားတို့လုပ်ငန်းသိမ်းချိန်ဖြစ်သောကြောင့် ငွေရှင်သောကာလဖြစ်ပေသည်။ ကိုင်းသမားတို့သည် တစ်နှစ်လုံးလုပ်မှ ဤအချိန်တွင် ငွေကိုစုဆောင်းမိကြ၏။ မိုးတွင်းကာလများတွင် ရေမြုပ်သောဒေသဖြစ်၍ အလုပ်မရှိသောကြောင့် ဝင်ငွေမကောင်းပေ။ ယခု ငွေကြေးစုဆောင်းမိချိန်ဖြစ်သောကြောင့် ရွာတိုင်းလိုလိုတွင် အသံချဲ့စက်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံတို့ကို ကြားနေရပေ၏။ အလှူအတန်း၊ မင်္ဂလာဆောင်များလည်း ပေါများလှပေ၏။ သို့ဖြစ်၍ ဦးကျော်နှင့်ဒေါ်နုတို့လည်း ရှင်ပြုအလှူကို အထမြောက်အောင်မြင်အောင်ဆောင်ရွက်ကြရန် ဆုံးဖြတ်လိုက်လေသည်။

နောက်တစ်နေ့တွင် နီးစပ်သောလူကြီးသူမများနှင့် ဆွေမျိုးသားချင်းတို့အားပင့်ဖိတ်၍ အလှူလုပ်ရန် စည်းဝေးတိုင်ပင်ကြလေ၏။ လူကြီးများက-

ယခု တန်ခူးလကုန်၍ ကဆုန်လဆန်းပင်ရောက်နေသဖြင့် ကဆုန်လဆုတ်(၃)ရက်နေ့တွင် အလှူလုပ်မှဖြစ်မည်။ မိုးလည်းနီးလာပြီဖြစ်၍ ကဆုန်လပြည့်ကျော် (၁) ရက်နေ့မှစတင်ဆောင်ရွက်သင့်ကြောင်းဆုံးဖြတ်ကြလေ၏။ ၎င်းနေ့မှစ၍ မဏ္ဍပ်ထိုးခြင်း၊ ရေသိုလှောင်ခြင်း၊ ပစ္စည်းပရိက္ခရာဝယ်ယူခြင်း၊ ချက်ပြုတ်ခြင်း၊ ကျွေးမွေးခြင်း၊ ရှင်လောင်းလှည့်ခြင်း စသောကိစ္စများကို ဆောင်ရွက်ရန် အသေးစိတ် ဆွေးနွေးဆုံးဖြတ်လိုက်ပေသည်။

ဤသို့ဖြင့် ဦးကျော်နှင့် ဒေါ်နုတို့မိသားစုလည်း မိမိတို့၏ ရှင်ပြုအလှူအတွက် ကြိုတင်ပြင်ဆင်ရန်ကိစ္စများကို ဆောင်ရွက်ကြရလေ၏။ နောက်နေ့ နံနက်မိုးလင်းသည်နှင့် ရွာဦးကျောင်းသို့မိသားစုသွားရောက်၍ ဆရာတော်အားကဆုန်လဆုတ် ၃ ရက်နေ့တွင် ရှင်ပြုအလှူ လှူဒါန်းမည်ဖြစ်ကြောင်းလျှောက်ထား၏။ ချစ်ဖေတို့ညီအစ်ကိုနှစ်ယောက်ကိုလည်း ဆရာတော်ထံ အပ်နှံလျက်သင်္ကန်းတောင်းကျက်ခိုင်းရလေ၏။

ဤသို့ဖြင့် အချိန်သည် ကုန်လွယ်သည်ဟုထင်ရလေသည်။ကဆုန်လပြည့်ကျော် ၁ ရက်နေ့သို့ရောက်လာပေ၏။ အစည်းအဝေးမှ ဆုံးဖြတ်ထားသည့်အတိုင်း ဆောင်ရွက်ရန် ဦးကျော်က သက်ဆိုင်ရာအဖွဲ့အစည်းများသို့ နှိုးဆော်ထားပြီး ဖြစ်ပေ၏။ သို့ဖြစ်၍ ကျေးရွာခလေ့အရ လုပ်အားပေးမည့် ကာလသားများသည် မိမိတို့သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ရောက်ရှိလာကြ၏။ မဏ္ဍပ်ထိုးမည့် လူငယ်များက ဝါးခုတ်သူ၊ ဝါးသယ်သူ၊ ပန္နက်ရိုက်သူ၊ တိုင်ထူ၍ မဏ္ဍပ်ဆောက်သူဟူ၍ အသီးသီးတာဝန်ယူဆောင်ရွက်ကြ၏။

ထိုနည်းတူစွာပင် သောက်ရေသုံးရေအတွက် အချို့သောလူငယ်များက ရာဝင်စဥ့်အိုးများကို လှည်းဖြင့်သယ်ယူလာကြ၏။ သယ်ယူလာသော ရာဝင်စဥ့်အိုးသုံးလုံးပြည့်အောင် ရေထမ်းသူလူငယ်များကလည်း အားကြိုးမာန်တက်ထမ်းကြလေ၏။ သုံးရေအတွက်ကိုမူ ရေစည်လှည်းများနှင့်သယ်ယူ၏။ ထိုအချိန်တွင် ဦးကျော်နှင့်ချစ်ရွှေတို့သည် မှာယူထားသောငှက်ပျော်ခိုင်နှင့်အုန်းသီးများဝယ်ရန် ပေါ်သစ်ရွာသို့ လှည်းဖြင့်ထွက်သွားလေ၏။

နေမွန်းတည့်ချိန်ရောက်သောအခါ ဦးကျော်တို့သားအဖနှစ်ယောက်သည် ထွားကျိုင်းလှသော ရခိုင်ငှက်ပျောသီးခိုင်ကြီးနှင့် အုန်းသီးများကို လှည်းနှင့်တင်ကာ ရောက်ရှိလာလေ၏။ ထိုအချိန်တွင် ဦးဟန်သိန်းတို့အဖွဲ့သည် မဏ္ဍပ်ထိုးပြီးဖြစ်၍ ပြန်သွားကြလေ၏။ မဏ္ဍပ်မှာ မိုးကာလဖြစ်၍ လိပ်ခုံးသဏ္ဌာန်ပြုလုပ်ထားပေ၏။ ရေထမ်းသောအဖွဲ့များလည်း လုပ်ငန်းပြီးသဖြင့် ပြန်သွားကြလေ၏။ ဦးကျော်တို့သားအဖလည်း ပါလာသောငှက်ပျောသီးခိုင်နှင့် အုန်းသီးများကို လှည်းပေါ်မှချရလေ၏။ ထို့နောက် နွားများကို လှည်းမှဖြုတ်ကာ အစာကျွေး၊ ရေတိုက်ကြလေသည်။

ဦးကျော်တို့သားအဖ ထမင်းစားအနားယူပြီးနောက် နေ့လယ်(၁)နာရီခန့်တွင် အမျိုးသမီးများရောက်လာကြ၏။ ထိုအမျိုးသမီးအဖွဲ့ကို အပျိုကြီးဒေါ်စိန်ဦးဆောင်သည်။ ဒေါ်စိန်သည် အမျိုးသမီးများကို သုံးဖွဲ့ခွဲပြီးနောက် ဆန်ရွေး၊ ဆန်ပြာအဖွဲ့ကို စတင်လုပ်ဆောင်စေ၏။ မြို့မှရောက်လာမည့်ပစ္စည်းများကို သွားရောက်သယ်ယူရန် အမျိုးသမီးအဖွဲ့တစ်ဖွဲ့ကို လှေဆိပ်သို့စေလွှတ်လိုက်၏။ ကျန်အမျိုးသမီးအဖွဲ့တစ်ဖွဲ့က အိမ်ပေါ်၊ အိမ်အောက် သန့်ရှင်းရေးဆောင်ရွက်ကြရ၏။

ထိုသို့ ဆောင်ရွက်နေကြရာတွင် အမျိုးသမီးများသည် တောခလေ့သဘာဝအတိုင်း ခင်မင်ရင်းနှီးစွာဖြင့် ရယ်ရယ်မောမော ပြောဆိုလုပ်ကိုင်နေကြသဖြင့် ပင်ပန်းသည်ဟုသဘောမထားခဲ့ကြပေ။ ဤသို့ဖြင့် ညနေ(၅)နာရီခန့်တွင် လှေဆိပ်မှ ကုန်သယ်ယူရေးအဖွဲ့သည် လှည်းငှား၍တစ်ဖုံ၊ ခေါင်းဖြင့်ရွက်၍တစ်နည်း ပစ္စည်းပစ္စယများကို သယ်ယူ၍ရောက်လာကြလေ၏။ ထိုအခါ မဏ္ဍပ်အတွင်းရှိအမျိုးသမီးများကကူညီ၍ ပစ္စည်းများကိုသယ်ယူကာ စနစ်တကျသိမ်းဆည်းကြလေ၏။ ထို့နောက် အမျိုးသမီးအဖွဲ့များပြန်သွားကြလေသည်။

ယနေ့သည် ကဆုန်လဆုတ် ၂ ရက်နေ့ဖြစ်ပေသည်။ အလှူ၏အကြိုနေ့လည်းဖြစ်ပေသည်။ နံနက်မိုးလင်းသည်နှင့် ဦးကျော်နှင့် ဒေါ်နုတို့သည် လုပ်အားပေးအဖွဲ့များရောက်လာပါက သောက်သုံးနိုင်ရန် ရေနွေးကြမ်းနှင့်အမြည်းအတွက် လက်ဖက်သုပ်များကို ပြင်ဆင်နေကြပေ၏။နံနက်(၈)နာရီလောက်တွင် ဒေါ်စိန်ဦးဆောင်သောအမျိုးသမီးများရောက်ရှိလာကြ၏။ခဏတာရေနွေးကြမ်းသောက်ကာ စကားပြောကြပြီးနောက် လုပ်ငန်းစကြတော့သည်။

*ယခင်နေ့က မြို့မှဝယ်လာသော* ငါးခြောက်များနှင့် ကြက်သွန်များကို အိတ်များမှထုတ်၍ ငါးခြောက်များကို ပြုတ်ရန် ပိုင်းဖြတ်ကြ၏။ ကြက်သွန်နွှင်သူကနွှင်ကြ၏။ အုန်းသီးများကို အခွံချွတ်ကာ အုန်းသီးခွဲသူကခွဲကြ၏။ အုန်းသီးခြစ်သူကခြစ်ကြ၏။ ထို့နောက် ငါးခြောက်ပြုတ်သူကပြုတ်ကြ၏။ ခြစ်ပြီးသားအုန်းဆန်မှုန့်များကို အုန်းနို့ညှစ်သူကညှစ်ကြသည်။ အချို့က ငါးခြောက်နှပ်နှင့်လိုက်ဖက်သည့် (၁၂)မျိုးဟင်းချိုအတွက် လိုအပ်သောဟင်းအမယ်များကို ပြင်ဆင်နေကြလေ၏။ ဤသို့ဖြင့် နံနက်ပိုင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးနောက် ထမင်းစားရန် အိမ်ပြန်ကြလေ၏။

နေ့လယ် (၂)နာရီခန့်တွင် အလှူအိမ်သို့ပြန်ရောက်လာကြ၏။ နံနက်ပိုင်းကပြုတ်ပြီးသောငါးခြောက်များကို အရိုးထုတ်ကြ၏။ နွှာပြီးသားကြက်သွန်များကို ငါးခြောက်နှပ်ရန်အတွက် သင့်တော်သည့်အရွယ်လှီးကြ၏။ ထို့နောက် အခြားဟင်းအမယ်များဖြစ်သည့် ငါးပိချက်၊ တို့စရာမှစ၍ပြင်ဆင်ကြလေ၏။ ဤသို့ဖြင့် ညနေ(၄)နာရီထိုးတော့သည်။

ထိုအချိန်တွင် ဦးကျော်၏ငြေ

www.burmeseclassic.com

ပေါင်းများဖြစ်သောဦးလှမောင်ဦးဆောင်သည့် ထမင်းချက်အဖွဲ့သည် မိုးဗြဒယ်ကြီးများကို ကိုယ်စီရွက်လျက် ရောက်လာလေ၏။ ဦးကျော်မှ မိုးဗြဒယ်များကို ကူညီ၍ချပေးလိုက်၏။ ထို့နောက် ရေနွေးကြမ်းသောက်၍ အမောအပန်းဖြေကြ၏။ ဦးလှမောင်တို့ထမင်းချက်အဖွဲ့သည် အချက်အပြုတ်ဝါသနာပါသကဲ့သို့ ဆေးခါးကြီးလည်း ကြိုက်နှစ်သက်ကြ၏။

သို့ဖြစ်၍ ဦးကျော်က -

"သူငယ်ချင်းတို့ရေ၊ မင်းတို့ ဆေးခါးကြီးကြိုက်တာ ငါသိပါတယ်။ ဒါပေမယ့် ငါ့အလှူမှာတော့ မင်းတို့ကိုမသုံးစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အများစာချက်ပြုတ်ရတဲ့အတွက် ထမင်းအပျက်မခံနိုင်ဘူး။ ဒါကြောင့် အလှူမှာ မသောက်စေချင်ဘူး"

ထိုအခါ ဦးလှမောင်၊ ဦးဖိုးကျော်နှင့် ဦးထွန်းဝတို့က -

"ကိုကျော်ရယ်၊ တို့လည်း မင်းအလှူမှာ လုပ်အားအလှူပေးချင်လို့ပါ။ တို့လုံးဝမသောက်ဘဲထမင်းကူချက်မှာပါ။ လိုအပ်တဲ့ထမင်းထည့်ဖို့ ခြင်းတောင်းနဲ့ဖိုခုံလောက်တွေကို မနက်ဖြန် တို့လာမှ ယူခဲ့မယ်။ စိတ်မပူနဲ့ သူငယ်ချင်း"

ဟု ကတိပြုလိုက်ကြလေ၏။

ထို့နောက် ဒေါ်စိန်တို့အမျိုးသမီးအဖွဲ့များနှင့် ဦးလှမောင်တို့အဖွဲ့လည်း နှုတ်ဆက် ၍ပြန်သွားကြလေသည်။

'မိုးတွေလေတွေလာပါပေါ့ကဆုန်လပြည့်ကျော်' ဆိုသည့် စကားနှင့်ညီလှပေသည်။ အနောက်တောင်ဆီမှ မိုးချုန်းသံများ ကြားလာရလေသည်။ မကြာမီပင် လျှပ်စီးများ တဝင်းဝင်းလက်လာပေ၏။ မိုးချုန်းသံများလည်း ဆက်တိုက်ကြားလာရသဖြင့် ဦးကျော်နှင့် ဒေါ်နုတို့အဖို့ အလှူအတွက် ရတတ်မအေးနိုင်ဖြစ်ကြလေတော့၏။

ဒေါ်နုက -

"ဘုရား ဘုရား ဘုရား မိုးမရွာပါစေနဲ့"

ဟု နှုတ်မှဖွင့်၍ ဆုတောင်းလေ၏။

"ဒုက္ခပါပဲ၊ မနက်ဖြန်အလှူကို မိုးများဖျက်မလားမသိဘူး။ အေးလေ၊ တို့ကလည်း မိုးဦးကျမှ အလှူလုပ်နိုင်တာကိုး။ မိုးကတော့ ရွာချိန်တန်ရွာမှာပေါ့။ မိုးကိုတော့ အပြစ်မပြောလိုတော့ဘူး။ ကုသိုလ်ကံလို့ပဲမှတ်ရမှာပဲ"

ဟု ဦးကျော်က ဆိုလေ၏။

ဤသို့ မိုးအတွက် စိတ်သောကရောက်နေချိန်တွင် ဒေါ်နုနှင့် မတွေ့ရတာကြာပြီဖြစ်သော ဒေါ်နု၏ ဦးကြီးတော်သူ ရသေ့ကြီးဦးဘဇံသည် မြေးဖြစ်သူမောင်ချိုနှင့်အတူ ရောက်လာလေ၏။

ထိုအခါ ဒေါ်နုလည်း အံ့အားသင့်လျက်-

"ဟင် - ဦးကြီးပါလား၊ အချိန်မတော် ဘယ်ကလှည့်လာတာလဲ"

ဟု မေးလိုက်လေ၏။

သို့သော် ရသေ့ကြီး ဦးဘဇံသည် နားလေးနေသဖြင့် ဒေါ်နုနှုတ်ဆက်သည်ကို သေသေချာချာမကြားလိုက်ပေ။

အိမ်ပေါ်သို့တက်ကာ အိမ်ဦးခန်း၌ထိုင်လေ၏။ ထို့နောက် -

"ငါ ရွာကလေးရွာကနေ လှေကြုံနဲ့လိုက်လာတာ၊ အခု ခင်ဥတို့အိမ်မှာ တစ်ညအိပ်မယ်။ မနက်ဖြန် မိုးလင်းတာနဲ့ တလုတ်ထော်ရွာကို ဆက်သွားရမယ်။ အဲဒီမှာ ဘုရားတစ်ဆူထီးတင်ပေးရဦးမယ်။ နင်တို့အလှူလုပ်မလို့ဆို၊ ခင်ဥပြောလို့ ငါလည်းရောက်လာတာ"

ဟု တစ်ဆက်တည်းပြောလေတော့၏။

ထိုအခါ ဒေါ်နုကလည်း -

"ဟုတ်ပါတယ် ဦးကြီးရယ်၊ ကျွန်မတို့လည်း ခုမှ ငွေကြေးစုဆောင်းမိလို့ အလှူလုပ်ဖြစ်တယ်။ အလှူလုပ်ရပေမယ့် မိုးနဲ့လေနဲ့ဆိုတော့ အလှူအတွက် စိတ်မအေးနိုင်ပါဘူး ဦးကြီးရယ်"

ဟု ညည်းပြောပြောလိုက်လေ၏။

"မိုးတွင်းဆိုတော့လည်း မတတ်နိုင်ပါဘူး ဦးကြီးရယ်"

ဟု ထပ်၍ညည်းညူပြောမိလေတော့၏။

ထိုအခါ ရသေ့ကြီးဦးဘဇံက -

"အေး- စိတ်ပူမယ်ဆိုလည်း ပူလောက်ပေတယ်။ ဒါပေမယ့် ဦးကြီးတတ်စွမ်းသလောက်ကူညီမယ် တူမကြီး၊ သိပ်ပြီး စိတ်မပူပါနဲ့"

ဟု ပြောလေ၏။

ထို့နောက် ဦးကျော်နှင့်ဒေါ်နုတို့အား သောက်တော်ရေတစ်ခွက်သန့်သန့်ပေးရန် ပြောလေ၏။ ထိုအခါ ဒေါ်နုသည် ဘုရားသောက်တော်ရေကပ်သောရေအိုးမှ သောက်ရေကို ဖန်ခွက်တွင်ထည့်၍ အောက်ခံပန်းကန်နှင့်တကွ ရသေ့ကြီးဦးဘဇံအား ဆက်ကပ်လိုက်လေ၏။ ထိုအခါ ရသေ့ကြီးဦးဘဇံသည် ဦးကျော်နှင့် ဒေါ်နုတို့အား ဘုရားကန်တော့၍ ငါးပါးသီလခံယူခိုင်းလေ၏။ ထို့နောက် မတ်ရပ်အနေအထားဖြင့် ဘုရား ရှိခိုးကန်တော့ကာ သောက်တော်ရေ တစ်ခွက်ကို ဘုရားသို့ကပ်လှူပူဇော်၏။ ပြီးလျှင် ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်၍နေပေ၏။

ဤသို့ ရှိခိုးပူဇော်ပြီးနောက် (၁၅) မိနစ်ခန့်ကြာသောအခါ ဦးကျော်နှင့် ဒေါ်နုတို့အား ဤသို့အမိန့်ရှိလေ၏။

"ယခု ဦးကြီး ဘုရားမှာ သစ္စာဆို ၍ သောက်တော်ရေကို လှူဒါန်းထား တယ်။အလှူပြီးမှသာ ဤသောက်တော် ရေကိုစွန့်၍ ရေအသစ်ကပ်လှူပါ"

ဟု ဆိုလေ၏။

ဦးကျော်နှင့် ဒေါ်နုတို့ကလည်း ရသေ့ကြီးမှာကြားသည့်အတိုင်း လိုက်န ဆောင်ရွက်ပါမည်ဟု ကတိပြုကြလေ ၏။ ခေတ္တမျှစကားပြောဆိုပြီးနောက် ဦးကျော်နှင့် ဒေါ်နုတို့မိသားစုသည် ရသေ့ကြီးအား ရှိခိုးကန်တော့ကြပြီး နောက် .လမ်းစရိတ်လှူဒါန်းလိုက်လေ ၏။ မကြာမီမှာပင် ရွာလယ်ပိုင်း ဒေါ်ခင်ဥတို့အိမ်သို့ပြန်ရန် မြေးဖြစ်သူ မောင်ချိုအား ပြောလေ၏။ မောင် လည်း မှောင်လာပြီဖြစ်၍ ဦးကျော် အိမ်မှ မီးအုပ်နှင့်မီးခွက်ကိုယူကာ မီးထွန်း ၍ပြန်သွားကြလေ၏။

ဦးကျော်တို့မိသားစုလည်း ယ ပင် ညစာစားသုံးကြရပေ၏။ ထမင်း ပြီးကြသောအခါ မနက်ဖြန်အလှူအတွ ဆောင်ရွက်ရမည့်ကိစ္စများကို ပြော တိုင်ပင်နေကြလေ၏။ ထိုအချိန်မှာ ဦးဟန်သိန်း၊ ဦးကိုသန်းနှင့် ဒေါ်စိန် သုံးဦးရောက်ရှိလာကြလေ၏။ ဦး သိန်းသည် ရောက်သည်နှင့် -

"ကိုကျော်ရေ၊ မိုးကတော့အ ကို ဖျက်မလားမသိဘူး၊ မှောင်မည်း တာပဲ။ လျှပ်စီးတဝင်းဝင်းနဲ့ မိုးချုန်းသံ လည်းမပြတ်ဘူး။ ကျွန်တော်တို့လည် စိတ်ပူလို့ ကိုသန်းနဲ့ အတူလာခဲ့ လမ်းမှာ မစိန်နဲ့တွေ့လို့ တစ်ခါတည် ခေါ်လာတာ"

ဟု ပြောလေတော့၏။

ထိုအခါ ဦးကျော်က -

"မိုးတွင်း မိုးဦးကျဆိုတော့ ပြော တော့မရဘူး ဟန်သိန်းရေ၊ တို့မကျ တော့လုံပါတယ်နော်"

ဟု ပြန်ပြောလေ၏။

ထို့နောက် ဆက်လက်၍ -

"ဘာမှပူမနေပါနဲ့ကွာ၊ တို ကြီးဦးဘဇံ ခုနကမှပြန်သွား မှာ သစ္စာဆို၊ မန္တန်တွေ ပြီး မို



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးခဲ့တယ်လို့ပြောတယ်ကွ။ တော်တော်တော့ တိုက်ဆိုင်တယ်ဟေ့။ တို့လည်း မိုးရွာမှာစိုးလို့ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေတာ၊ ရသေ့ကြီးဦးဘဇံရောက်လာတော့ အတော့်ကိုဝမ်းသာမိတယ်"

ဟု ပြောလေ၏။

ဒေါ်နုကလည်း -

"မစိန်ရေ၊ ဦးကြီးက အလှူရက်ဒီမှာနေဖို့တားတာကိုမရဘူး။ တလုတ်ထော်ရွာကို ဘုရားထီးတင်သွားရမယ်လို့ပြောတယ်။ တိုက်ဆိုင်မှုလို့ပဲပြောရမှာပဲ။ ဘုရားထီးတင်ရင်လည်း မိုးတား၊ လေတားအတွက် ပွဲတွေပေးကြရမှာပေါ့။ တို့အလှူကုသိုလ်ကထူးတယ်နော်"

ဟု ရယ်မောရှ်ပြောလေ၏။

"မရွာရင်တော့ အားလုံးအတွက် ဘုရားမတာပဲ"

ဟု ဦးဟန်သိန်းက စိုးရိမ်စိတ်ပျောက်သွားဟန်နှင့် ပြန်ပြောလေ၏။ ထို့နောက် မနက်ဖြန် လဆုတ် ၃ ရက်ဖြစ်၍ အလှူအတွက် ဆောင်ရွက်ရန်ကိစ္စများကို အသေးစိတ်ညှိနှိုင်းတိုင်ပင်ကြပြီးနောက် ပြန်သွားကြလေသည်။

❑

ယနေ့သည် အလှူနေ့ဖြစ်ပေသည်။ မနေ့က မိုးသည် ရွာမည်ဟန်ပျိုးသော်လည်း ငြိမ်းသာငြိမ်း၍ မရွာသောမိုးအမျိုးအစားတွင် ပါဝင်ခဲ့ပေသည်။ သို့မဟုတ် ရသေ့ကြီးဦးဘဇံ၏ မန္တန်အစွမ်းကြောင့် မရွာခြင်းလည်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ မိုးမရွာသောကြောင့် အလှူရှင်များဖြစ်ကြသော ဦးကျော်နှင့် ဒေါ်နုတို့သည် အလွန်စိတ်ချမ်းသာ ပျော်ရွှင်ခြင်းဖြစ်ကြ၍ အလှူအတွက် စိတ်လက်ပေါ့ပါးစွာ ဆောင်ရွက်နိုင်ကြလေသည်။

မိုးမလင်းမီကပင် စောစောထ၍ လုပ်အားပေးလာကြမည့် လူငယ်များအတွက် ရေနွေးအိုးကျိုကြလေ၏။ ကြာမီ အမျိုးသမီးများနှင့် အမျိုးသားလူငယ်များ ရောက်ရှိလာကြသည်။ ဦးလှမောင်တို့ ထမင်းချက်အဖွဲ့လည်း ခဲလောက်သုံးလုံးနှင့် ထမင်းထည့်ရန် ခြင်းတောင်းများကို သယ်ဆောင်ကာ ရောက်လာကြ၏။ ဒေါ်နုသည် ဝေယျာဝစ္စဆောင်ရွက်ပေးမည့်အဖွဲ့များအတွက် အဆာပြေစားသောက်ရန် မုန့်လက်ဆောက်နှင့် ရေနွေးကြမ်းတို့ကို လင်ပန်းများဖြင့်ထည့်ကာ ကျွေးမွေးပေ၏။

ခေတ္တမျှစားသောက်ကြပြီးနောက် ဒေါ်စိန်ဦးဆောင်သောအမျိုးသမီးအဖွဲ့များက မီးဖိုများပြင်ဆင်ကာ ထင်းသယ်သူကသယ်၍ ရေသယ်သူကသယ်ကြ၏။ မနေ့ကထွင်ထားသော ငါးခြောက်ပြုတ်ပြီးသားများကို ဆီကျက်ပြီးသားဒယ်အိုးတွင်ထည့်၍နှပ်ကြသည်။ ကြက်သွန်ဥကြီး၊ အုန်းနို့များထည့်ပြီးနောက် မကြာမီပင် ငါးခြောက်နှပ်၏အနံ့များမွှေးကြိုင်လာပေ၏။ တစ်ဖန် ဆက်လက်၍ (၁၂)မျိုးဟင်းချိုချက်ရန် ရေနွေးအိုးတည်ကြလေ၏။ ရေနွေးကျက်သောအခါ ရေဆေးပြီးသား မှိုခြောက်၊ ပန်းခြောက်၊ ကြာဆံ၊ ကြက်သွန်နီ၊ အသားတချို့ကိုဆီသတ်၍ ဟင်းချိုချက်ကြလေ၏။ ထို့နောက် ငါးပိကြော်၊ အချဉ်သုပ်နှင့်တို့စရာအသီးအရွက်များကို အဆင်သင့်ပြင်ဆင်ထားကြ၏။ ဤသို့ဖြင့် အမျိုးသမီးအဖွဲ့များက မြိုင်မြိုင်ဆိုင်ဆိုင်တက်ညီလက်ညီဆောင်ရွက်နိုင်ကြပေသည်။

ထိုအချိန်တွင် ဦးလှမောင်တို့အဖွဲ့လည်း ထမင်းရေခန်းချက်၍ ပထမအကြိမ် (၂) ဒယ်ချက်ပြီးဖြစ်ပေ၏။ သို့ဖြစ်၍ နောက်(၂)ဒယ်အတွက် ဆန်ဆေးသူဆေး၊ ရေနွေးတည်သူတည်ဖြင့် အလုပ်များနေကြပေ၏။ ထမင်းရေခန်းချက်ရာတွင် ဆန်နှင့်ရေကို ချိန်ဆ၍ထည့်ရပေသည်။ ရေများလျှင် ရေစစ်ခွက်နှစ်၍ ခပ်ထုတ်ပစ်ရလေ၏။ရေနည်းလျှင်ကားထမင်းမာ၍ ခဲတတ်လေသည်။ သို့ဖြစ်၍ ဦးလှမောင်သည် ဆန်အနေအထား၊ရေအနေအထား၊ မီးအနေအထားတို့ကို ညီညွတ်မျှတစေရန် အမြဲမပြတ်တမ်းကြီးကြပ်ဆောင်ရွက်ရလေ၏။

ထိုသို့ ချက်ပြုတ်ရေးအဖွဲ့များချက်ပြုတ်နေကြစဉ် ဦးကိုသန်းဦးဆောင်သော ကျွေးမွေးရေးအဖွဲ့များသည် ထမင်းစားစားပွဲခုံဝိုင်းများနှင့်ကျွေးမွေးရာတွင် အသုံးပြုမည့် ပန်းကန်ခွက်ယောက်များကို သယ်ယူကာ ရောက်ရှိလာကြလေ၏။ ၎င်းတို့နှင့်တစ်ချိန်တည်းမှာပင် အ သံချဲ့စက်ဆရာ ဦးဟန်ထွန်းလည်း လှည်းတစ်စီးဖြင့် ရောက်ရှိလာလေ၏။ အသံချဲ့စက်ဆရာဦးဟန်ထွန်းသည် မနေ့ညနေကပင်ရောက်ရှိရမည်ဖြစ်သော်လည်း ပွဲကူးဖြစ်၍နောက်ကျမှရောက်လာ၏။ဤသို့နောက်ကျမှရောက်သော်လည်း ဦးကျော်သည် အပြစ်မတင်ပေ။လူငယ်များအား အသံချဲ့စက်ပစ္စည်းများကို ကူညီ၍ချစေပြီးနောက် စက်စတင်ဖွင့်နိုင်ရန်ပြင်ဆင်ကြလေ၏။ ဟွန်း (၂)လုံးကို မဏ္ဍပ်၏တောင်နှင့်မြောက်သို့ လှည့်ကာ ကုက္ကိုပင်ခွပေါ်တွင် ချည်နှောင်၍ ကြည်နူးဖွယ် ဓာတ်ပြားကို စတင်ဖွင့်လေတော့၏။

ထိုအချိန်သည် (၈)နာရီခန့်ဖြစ်၍ ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ရောက်လာကြလေ၏။ ဦးကျော်၊ ဒေါ်နုနှင့် ဦးဟန်သိန်းတို့သည် ဧည့်ဝတ်ကျေပွန်စွာ ဧည့်ခံ၍နေကြလေ၏။ ထမင်းမစားမီ ဧည့်သည်များအား လက်ဖက်သုပ်၊ ရေနွေးကြမ်းများဖြင့် ဧည့်ခံ၏။ ကျွေးမွေးဧည့်ခံရေးအဖွဲ့များက ဆေးလိပ်၊ လက်ဖက်၊ ကွမ်း၊ ရေနွေးကြမ်းများကို မပြတ်စေရန် သတိပြု၍ ကြည့်ရှုကျွေးမွေးကြလေ၏။

ထိုအချိန် ဦးကိုသန်း ဦးဆောင်သော ကာလသားအဖွဲ့မှ အိုးစည်ဝိုင်းသည် အလှူအိမ်သို့ရောက်ရှိလာကာ အိမ်ရှေ့ခြံစပ် ကုက္ကိုပင်ရိပ်တွင် ဖျော်ဖြေဧည့်ခံ၍ သီဆိုတီးမှုတ်နေကြလေ၏။ တဖြည်းဖြည်းနှင့် အိမ်ပေါ်တွင် လည်းကောင်း၊ အိမ်ရှေ့မဏ္ဍပ်တွင် လည်းကောင်း ဧည့်ပရိသတ်များပြည့်လာတော့၏။ အသံချဲ့စက်သံ၊ အိုးစည်သံ၊ ပရိသတ်များ၏ခေါ်သံ၊ အော်သံ၊ ရယ်သံမောသံတို့ဖြင့် သောသောညံ၍နေလေသည်။ အလွန်ပင်ပျော်စရာကောင်းလှပေတော့၏။

တစ်ချိန်တည်းမှာပင် အိမ်၏နောက်ဘက်အခန်းတွင် မောင်ရင်လောင်းနှစ်ယောက်ကို ထမင်းအရင်ကျွေးပြီးနောက် အလှဆင်နေကြလေ၏။ ဦးကျော်နှင့်ဒေါ်နုတို့သည် ပစ္စည်းဥစ္စာမချမ်းသာသော်လည်း ဆွေမျိုးသားချင်း အလွန်ချမ်းသာကြပေ၏။ နှစ်ဖက်စလုံး ဆွေမျိုးသားချင်းများပြားလွန်းလှ၏။ သို့ဖြစ်၍ မောင်ရင်လောင်းများအားအလှဆင်ပေးရာတွင် ဦးကျော်နှင့်ဒေါ်နုတို့၏တူမများကအဖွဲ့စီဦးဆောင်၍ ပြင်ပေးနေပေ၏။တစ်ဖွဲ့နှင့်တစ်ဖွဲ့ သူ့မောင်ကပိုလှသည်၊ ငါ့မောင်က ပိုလှသည်ဟု မောင်ရင်လောင်းနှစ်ယောက်ကို အလှပြိုင်ကာ တသောသောရယ်မောနေကြလေ၏။

မောင်ရင်လောင်းနှစ်ယောက်တွင် အစ်ကိုဖြစ်သူ ချစ်ဖေသည် အေးဆေးတည်ငြိမ်သော်လည်း ညီဖြစ်သူ ချစ်ရွှေသည် စိတ်ကြမ်းကိုယ်ကြမ်းဖြစ်ပေ၏။ အဆော့အကစားသန်သူဖြစ်၍ အသားများမှာ နေလောင်ကာ ကပွလီပုံပေါ်

www.burmeseclassic.com

နေ၏။ ဘယ်သောအခါမျှ သနပ်ခါး၊ ခေါင်းလိမ်းဆီတို့ကိုမလိမ်းပေ။ ယခု သနပ်ခါး၊ ခေါင်းလိမ်းဆီနှင့် နှုတ်ခမ်းနီ ပါဆိုးရမည်ဖြစ်၍ စိတ်ကောက်ကာ ဂျစ်တိုက်၍ နှုတ်ခမ်းစူထားလေ၏။ ထိုအခါ အစ်မတစ်ဝမ်းကွဲဖြစ်သူ မလှဝင်းက -

"အဲဒီလိုနှုတ်ခမ်းစူထားတော့ နှုတ်ခမ်းနီဆိုးလို့ ပိုကောင်းတာပေါ့"

ဟု ပြောကာ ချစ်ရွှေ၏နှုတ်ခမ်းပေါ်သို့ နှုတ်ခမ်းနီတောင့်ကို ဆွဲလိုက်လေ၏။ ချစ်ရွှေ စိတ်ကောက်နေရာမှ ရယ်ချင်စိတ်ပေါက်သဖြင့် ရယ်လိုက်သောကြောင့် နှုတ်ခမ်းနီများသည် ချစ်ရွှေ၏သွားများပေါ်သို့ ပေကျံသွားလေ၏။ ထိုအခါ အလှဆင်ပေးနေသော အစ်မဝမ်းကွဲတော်သူများက ဝိုင်းကာ ရယ်ကြပြန်သဖြင့် ချစ်ရွှေရှက်ကာ ငိုမဲ့မဲ့ဖြစ်နေလေ၏။ အစ်မဖြစ်သူ မလှဝင်းကချော့၍ ပေနေသောနှုတ်ခမ်းနီများအား တို့ပတ်အဝတ်စဖြင့်သုတ်ကာ -

"မောင်လေး ငြိမ်ငြိမ်နေ၊ အလှပျက်သွားလိမ့်မယ်"

ချစ်ရွှေလည်း နောက်ထပ် အလှောင်မခံရစေရန် ငြိမ်သက်စွာနေရလေ၏။

ထိုအချိန်တွင် ညီအစ်ကိုနှစ်ယောက်စလုံး ဘောင်းဘီတိုများသာဝတ်ထားပေရာ ချစ်ရွှေမှာ ရယ်စရာဖြစ်လေတော့သည်။ မျက်နှာကဖြူ၍ နှုတ်ခမ်းကနီနီ၊ အသားမည်းမည်း၊ ဗိုက်ရွှဲရွဲဖြင့် ဖင်ကောက်ကောက်နှင့် ရင်မောက်ကာ ကော့လန်လန်ဖြစ်နေသောကြောင့် မြင်သမျှလူများ မရယ်ဘဲမနေနိုင်ပေ။ ထို့နောက် ပုဆိုးအသစ်၊ အင်္ကျီအသစ်၊ ခေါင်းပေါင်းနှင့် ခြေအိတ်များကို သေသပ်စွာဝတ်ဆင်ကာ အိမ်ရှေ့ဘက်သို့ထွက်ခဲ့ကြလေ၏။ အိမ်ရှေ့ဘက်ခေါင်းရင်းခန်းတွင် ကော်ဇောများခင်းထားသော ပက်လက်ကုလားထိုင်များပေါ်တွင် စတိုင်ကျကျ ဣန္ဒြေရရဖြင့် ထိုင်နေကြရလေတော့၏။

ဤသို့ဖြင့် သောသောအုပ်အုပ် ရုတ်ရုတ်သဲသဲဖြစ်နေသော ရှင်ပြုအလှူပွဲသည် ဦးဟန်ထွန်း၏အသံချဲ့စက်မှ နှိုးဆော်သံကြောင့် အနည်းငယ်တိတ်ဆိတ်ငြိမ်သက်သွားလေ၏။ ဦးဟန်ထွန်း၏နှိုးဆော်သံမှာ -

"ရပ်ဝေးရပ်နီးမှကြွရောက်လာကြသော အလှူပွဲလာဧည့်ပရိသတ်များအား နံနက်(၁၀)နာရီတွင် စတင်ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်းနှင့် နေ့လယ်(၂)နာရီတွင် ရှင်ပြုအလှူပွဲလှည့်လည်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်"

ဟု နှိုးဆော်ခြင်းဖြစ်ပေသည်။

ချက်ပြုတ်ရေးအဖွဲ့၏အကြောင်းကြားချက်အရ ထမင်းကျွေးရန် အဆင်သင့်ဖြစ်ကြောင်းသိရသောအခါ ဦးကျော်နှင့် ဒေါ်နုတို့သည် ဆွမ်းအုပ်ပြင်၍ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ဆွမ်းကပ်လှူဒါန်းကြလေ၏။ အချိန်မှာ နံနက်(၁၀)နာရီထိုးပြီးသွားပြီဖြစ်၍ ဧည့်ခံကျွေးမွေးရေးအဖွဲ့များက ထမင်းဝိုင်းများပြင်ကာ ရပ်ဝေးဧည့်သည်များကို အိမ်ပေါ်တွင်ကျွေးမွေး၍ ရပ်နီးဧည့်သည်များကို မဏ္ဍပ်အတွင်း၌ပင် ဧည့်ခံကျွေးမွေးကြပေ၏။ ဤသို့ဖြင့် တစ်သုတ်ပြီးတစ်သုတ်ခွဲ၍ ဧည့်ခံကျွေးမွေးကြရာ (၁၁)နာရီကျော်လောက်တွင် ဧည့်ခံခြင်းအစီအစဉ်ပြီးသွားလေ၏။ ဧည့်ခံကျွေးမွေးရေးအဖွဲ့များလည်း နှစ်သုတ်ခွဲကာ စားသောက်ကြရလေတော့၏။

ထမင်းစားသောက်ပြီးသော ရပ်ဝေးဧည့်သည်များကား အိမ်ပေါ်တွင် စကားဖောင်ဖွဲ့နေကြလေ၏။ ရယ်ရယ်မောမော တသောသောနှင့်အပြောတွင် အရယ်နှောနေကြလေ၏။မဏ္ဍပ်အတွင်း၌ကား ထမင်းစားသူကစား၍ ရေနွေးကြမ်းသောက်ကာ ပြောဆိုဆွေးနွေးနေကြလေ၏။ အသံချဲ့စက်မှလည်း 'သပြေတောရွာအလှူပွဲ'ခတ်ပြားကို မရပ်မနားဖွင့်နေလေ၏။ ဦးကိုသန်းဦးဆောင်သော အိုးစည်ဝိုင်းကား 'စိန်အိုးစည်လွယ်သလေလေ့' အစချီသော ထိုခေတ်က အိုးစည်ဝိုင်းကို အသားပေးဂုဏ်ပြုထားသောသီချင်းကိုတီးမှုတ်ကာ ရွှင်မြူးနေကြပေ၏။

ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ကုန်ဆုံးလာပေရာ နေ့လယ်(၁)နာရီခွဲအချိန်သို့ရောက်ရှိလာပေ၏။ ကျွေးမွေးဧည့်ခံရေးအဖွဲ့များလည်း ပစ္စည်းများကိုသိမ်းနေကြ၏။ ရှင်လောင်းလှည့်ခါနီးအချိန်ရောက်လာသဖြင့် မောင်ရှင်လောင်း(၂)ဦးကို အနားပေးကာ ထပ်မံ၍အလှဆင်ကြပြန်၏။ ထိုအချိန်တွင် ဦးဟန်သိန်းနှင့် လှုငယ်(၂)ဦးသည် ပက်လက်ကုလားထိုင်များကို မဏ္ဍပ်အတွင်းသို့ ယူသွားပြီးနောက် ရှင်လောင်းများကိုသယ်ယူရန် လေးတောင်ခန့်ရှိသောဝါးလုံးများနှင့်ချည်နှောင်၍ ဝေါအဖြစ်လုပ်ဆောင်ကြလေ၏။

ထိုအချိန်တွင် ဒေါ်စိန်ညည်သည် ရှင်လောင်းလှည့်ရာတွင်ယူဆောင်သွားမည့် ကန်တော့ပွဲများကိုပြင်လျက်ရှိ၏။ ထိုသို့ကန်တော့ပွဲထိုးရာတွင် ဦးကျော်ဝယ်ယူခဲ့သောငှက်ပျောသီးများမှာ အလွန်ထွားကျိုင်းလေသောကြောင့် ကန်တော့ထိုးသောအုပ်တွင်ထည့်၍မရသဖြင့် ကြွေလင်ပန်းဖြင့် ပြင်ရလေ၏။ ပွဲပြင်ပြီးသောအခါ သမ္မာဒေဝနတ်များကိုပင့်ဖိတ်ရန်အတွက် အလှူရှင် ဒေါ်နုသို့ ပေးအပ်လိုက်လေ၏။ ဒေါ်နုသည် ကန်တော့ပွဲကိုပင့်ချီ၍ ဘုရားကျောင်းဆောင်ရှေ့သို့သယ်ယူလေ၏။ထို့နောက် လက်နှစ်ဖက်ဖြင့် ဦးခေါင်းပေါ်သို့မြှောက်ကာ အရိယာသူတော်စင်များနှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား အလှူသို့ တရားနာကြွရောက်ပါရန် ဖိတ်ကြားလိုက်လေ၏။

ထိုသို့ ဖိတ်ကြားစဉ်ခဏအတွင်းမှာပင် ဒေါ်နု၏လက်များသည် တုန်တုန်ယင်ယင်ဖြစ်လာလေ၏။ အနီးရှိ ဒေါ်စိန်က ပွဲကိုမနိုင်သဖြင့် တုန်သည်ထင်၍ ကူမပေးလေ၏။ ဒေါ်စိန်ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ဒေါ်နုသည် ညည်းညူသောအသံဖြင့် -

"ဟင်းဟင်းဟင်း-အလှူလုပ်ရင် ငါ့ကိုဖိတ်ပါဆိုတာမဖိတ်ကြဘူး။ ဘာကြောင့်မဖိတ်ကြတာလဲ၊ မေ့နေကြတာလား"

ဟု ပြောလေ၏။

ထိုအခါမှပင် ဒေါ်စိန်လည်း ရုက္ခစိုးဖြစ်နေသောဘကြီးဖြူဝင်ရောက်ပူးကပ်သည်ကို သတိပြုမိလေ၏။

သို့ဖြစ်၍ -

"အဘရယ် မှားတာရှိရင် ခွင့်လွှတ်ပါ။ သမီးတို့ အဘတို့အိမ်နောက်ဘေးပေါက်ပင်မှာ လာဖိတ်ပါတယ်။ အဘမသိလိုက်ဘူးလား"

ဟု ပြောလေ၏။

ထိုအခါ ဒေါ်နုသည် မျက်ထောင့်နီကြီးဖြင့် တဆတ်ဆတ်တုန်လျက်မှ-

"အခု ငါပေါက်ပင်မှာနေတာမဟုတ်ဘူး။ -ဘုရားတန်ဆောင်းရှေ့ကထန်းပင်မှာနေတယ်"

ဟု အသံမာမာနှင့်ပြန်ပြောလေ၏။

ထိုအခါ ဒေါ်စိန်က -

"ဘုရားတန်ဆောင်းရှေ့က ထန်းပင်မှာဆိုရင် အခုပဲဖိတ်ကြားခိုင်းပါ့မယ် ခွင့်လွှတ်ပါ"

ဟု တောင်းပန်လေ၏။ ...တစ်ဆက်တည်းဖိတ်ကြားလျှင်ဖြစ်သော်လည်း ...

www.burmeseclassic.com

သေရာရောက်မည်စိုးရိမ်သဖြင့် ဦးကျော်အားသွားရောက်ပင့်ဖိတ်ရန်ပြောလေ၏။ ဦးကျော်လည်း ဘုရားတန်ဆောင်းရှေ့ရှိ ထန်းပင်သို့ ကန်တော့ပွဲကိုသယ်ဆောင်သွား၍ ရှက္ခစိုးဘကြီးဖြူအား ပင့်ဖိတ်ရလေတော့၏။

အိမ်ပေါ်တွင်ရောက်ရှိနေကြသော ဧည့်ပရိသတ်များလည်း ထိုအဖြစ်အပျက်ကိုတွေ့လိုက်ကြရသဖြင့် သို့လောသို့လောနှင့် တွေးတောကာ အချင်းချင်း သတင်းဖလှယ်ကြကုန်၏။ သို့ဖြစ်၍ အကြောင်းစုံသိပြီးသားဖြစ်သောဒေါ်စိန်က -

"ဘကြီးဖြူက မြေးနှစ်ယောက်ကို ရှင်ပြုချင်စိတ်စွဲပြီးဆုံးခဲ့တာ၊ အခုတော့ ရုက္ခစိုးဖြစ်နေလို့ အလှူကိုမဖိတ်ရကောင်းလားဆိုပြီး ဝင်ပူးတာ။ အရင်ဒေါ်လေးနု နေမကောင်းဖြစ်တုန်းကလည်း တစ်ခါဝင်ပူးသေးတယ်"

ဟု ပြောပြရလေ၏။

ထိုသို့ ရှင်းပြလိုက်သောအခါ ပရိသတ်များလည်း အံ့သြတုန်လှုပ်ကာနေကြလေ၏။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ရပုံကို မျက်မြင်ထင်ရှားတွေ့ကြရသဖြင့် တရားကျမိကြလေ၏။

မကြာမီပင် ဦးဟန်ထွန်း၏အသံချဲ့စက်မှ ရှင်လောင်းလှည့်လည်အချိန်ကြရောက်ပြီဖြစ်သဖြင့် ပရိသတ်များနေရာယူပေးကြပါရန် နှိုးဆော်လိုက်လေ၏။ ထိုအချိန်တွင် မနေ့ကမရွာသောမိုးမှာ အနောက်တောင်ထောင့်ဆီမှနေ၍ ဘလိပ်လိပ်တက်၍လာပေ၏။ သို့ဖြစ်၍ ရှင်လောင်းလှည့်ရာတွင် ရွာတောင်ပိုင်းတွင်ရှိသော ရွာဦးနတ်စင်သို့သွားရောက်ကန်တော့ခြင်းမပြုရန် ဆုံးဖြတ်ကြလေ၏။ ရွာဦးနတ်စင်တွင် ကန်တော့မည့်အစား ရုက္ခစိုးနတ်မင်းဘကြီးဖြူစံမြန်းနေသော ဘုရားတန်ဆောင်းရှေ့ရှိထန်းပင်တွင် ဝင်ရောက်ကန်တော့ရန်ဖြစ်ပေ၏။

အလှူပွဲလှည့်လည်ရန် နေရာယူကြသောအခါ ဒေါ်စိန်သည် ရှေ့ဆုံးမှ ကန်တော့ပွဲကိုရွက်လျက် ဦးကျော်သည် သပိတ်ကိုလွယ်ကာ ယပ်ကိုထမ်းလျက်၊ ဒေါ်နုသည် သင်္ကန်းနှစ်စုံကို ကြွေလင်ပန်းတွင်ထည့်ကာရွက်လျက်၊ ၎င်းတို့နောက်တွင် အလှသရဖူကျေးတောသူများက ကွမ်းတောင်၊ ပန်းတောင်ကိုင်လျက် စီးတော်မြင်းမပါ ဝေါယာဉ်ကိုသာစီးကြရသော မောင်ရင်လောင်းနှစ်ဦးသည် ဦးဟန်သိန်းနှင့် ဦးစံမြင့်တို့ဆောင်းပေးသော ရွှေထီးရိပ်တွင် အမြင့်သားထိုင်လျက်၊ ထို့နောက်တွင် လိုက်ပါလာကြသော တရားနာပရိသတ်များ၊ ထို့နောက်တွင် အိုးစည်ဝိုင်းနှင့်အသံချဲ့စက်ထမ်းသူများ၊ လူငယ်များ အသီးသီးတန်းစီကာ ရှင်လောင်းစတင်လှည့်ကြပေတော့သည်။

ဦးကျော်နှင့် ဒေါ်နုတို့အိမ်သည် ရွာ၏ မြောက်ဘက်အစွန်တွင်ရှိသောကြောင့် ရွာဦးဘုန်းတော်ကြီးကျောင်းနှင့် မဝေးလှပေ။ အိမ်မှ ရှင်လောင်းလှည့်ရန် စတင်ထွက်ခွာ၍မကြာမီပင် ဘုရားကုန်းကိုဖြတ်ကြရလေသည်။ ဘုရားကုန်းဟူသည်မှာ အရပ်အခေါ်ဖြစ်၍ တောင်ကုန်းမဟုတ်ပေ။ မြေပြန့်သာဖြစ်၍ စေတီ၊ တန်ဆောင်းဇရပ်များ စီတန်းကာဆောက်လုပ်ထားခြင်းကြောင့် ဘုရားကုန်းဟုခေါ်ကြခြင်း ဖြစ်ပေသည်။ ထိုမှလွန်လျှင် မဟာဗောဓိပင်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းသို့ ရောက်မည်ဖြစ်ပေသည်။

ဤသို့ဖြင့် စီတန်းထွက်ခွာကြရာ တရွေ့ရွေ့နှင့် ဘုရားတန်ဆောင်းရှေ့သို့ ရောက်ရှိလာလေ၏။ အသံချဲ့စက်နှင့် အိုးစည်ဝိုင်းကလည်း အချိန်တိုတောင်းသဖြင့် အပြိုင်တီးမှုတ်ဖျော်ဖြေကြလေ၏။ သို့ရာတွင် အသံချဲ့စက်သံသည် အိုးစည်ဝိုင်း၏တီးမှုတ်သံကို ကျော်လွန်၍ ဖက်ဖူးဆင်သီချင်းဖွင့်နေသည်ကို ကြားရလေ၏။ ဘုရားတန်ဆောင်းရှေ့သို့ ရောက်သောအခါ အသံချဲ့စက်နှင့် အိုးစည်ဝိုင်းကို ခေတ္တအနားပေး၍ ဘုရားအားကန်တော့ကြရလေ၏။ ဘုရားတန်ဆောင်းမှ ပြန်ထွက်သောအခါ တန်ဆောင်းတော်ကြီးရှေ့ရှိ ထန်းပင်တွင် စံမြန်းနေသော ရုက္ခစိုးနတ်မင်းဘကြီးဖြူအား မြေးဖြစ်သူ ရှင်လောင်းနှစ်ဦးကို ပြသ၍ ကန်တော့ကြရပြန်၏။ ထိုအခါ ဦးကျော်နှင့်ဒေါ်နုတို့က အလှူတရားနာရန် ထပ်မံ၍ ပင့်ဖိတ်ကြလေ၏။

ထို့နောက် ဆက်လက်ထွက်ခွာကြရာ မကြာမီပင် ကျောင်းထိုင်ဆရာတော် ဦးအဘိဝံသ သီတင်းသုံးရာဖြစ်သော အဇိနာရာမကျောင်းဝိုင်းသို့ ရောက်ရှိလာကြလေ၏။ အသံချဲ့စက်နှင့် အိုးစည်ဝိုင်းသည်လည်း ရသမျှအချိန်အတွင်း ကြိုးစား၍ဖျော်ဖြေကြလေ၏။ အဇိနာရာမကျောင်းတိုက်ကြီးသည် (၅) ဧကခန့်ကျယ်ဝန်းသော်လည်း အနောက်ဘက်တွင်သာ ကျောင်းပေါင်း (၇) ကျောင်းကို တစ်ပတ်လည်တည်ဆောက်ထားလေ၏။အလယ်တွင် ဓမ္မာရုံရှိသဖြင့် ၎င်းဓမ္မာရုံကို လက်ယာရစ်(၃)ပတ်လှည့်လည်ပြီးနောက် တရားနာရေစက်ချရန်အတွက် စံကျောင်းပေါ်သို့ တက်ကြရလေ၏။

စံကျောင်းပေါ်သို့ မောင်ရင်လောင်းများ၊ အလှူရှင်များနှင့်ဆွေမျိုးသားချင်း ဧည့်ပရိသတ်များတက်ရောက်ခဲ့သော်လည်း အသံချဲ့စက်နှင့်အိုးစည်ဝိုင်းသားများ ကျောင်းအောက်တွင်ကျန်ခဲ့ကြလေ၏။ စံကျောင်းပေါ်တွင် ပရိသတ်စုံညီသောအခါ ဆရာတော်အားကန်တော့ကြပြီးနောက် မောင်ရင်လောင်းများအား သင်္ကန်းတောင်းဆိုရန် ဆရာတော်က အမိန့်ရှိလေ၏။ထို့နောက် မောင်ရင်လောင်းများအား ဆံချကာ ရေချိုးပြီးနောက် သင်္ကန်းဝတ်ဆင်၍ ဆရာတော်ရှေ့တွင် ထိုင်နေကြရလေ၏။ ဆရာတော်မှနေ၍ သားရတနာများကို သာသနာ့ဘောင်သို့သွတ်သွင်းရသဖြင့် ရရှိသောနိဗ္ဗာန်ရောက်ကြောင်းတရားများကို သဒ္ဓါပေါက်အောင် ဟောကြားလေ၏။ ထို့နောက် ရေစက်ချခြင်းကို ဆရာတော်မှ တိုင်ပေးသည့်အတိုင်း ပရိသတ်များကလိုက်ဆိုကြပြီးလျှင် အမျှသုံးကြိမ်ဝေ၍ သာဓုအနုမောဒနာသုံးကြိမ်ခေါ်လိုက်ကြလေသည်။

ထိုအချိန်တွင် ထူးဆန်းသော နှင်းဆီပန်းရနံ့ကို ဦးကျော်နှင့် ဒေါ်နုတို့ ရရှိလိုက်ပေ၏။ သို့ဖြစ်၍ အမျှထပ်ဝေကာ အစ်ကို(အဖေ) ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်လေသည်။ ထို့နောက် ဆရာတော်နှင့် ရှင်သာမဏေများအား ရှိခိုးကန်တော့၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို အသီးသီးလှူဒါန်းဆက်ကပ်လိုက်လေ၏။ ဆရာတော်၏ ညွှန်ကြားချက်အရ အိပ်ရာလိပ်များကို ရှင်သာမဏေများ လဲလျောင်းနားနေရန်အတွက် ခင်းကျင်းပြင်ဆင်ကြရလေ၏။ ထိုသို့ဆောင်ရွက်ကြပြီးနောက် ဦးကျော်နှင့်ဒေါ်နုတို့သည် ရှင်သာမဏေများကို လိုအပ်သောကိစ္စများ မှာကြား၍ ဆရာတော်အား ဦးချကန်တော့ကာ ပရိသတ်များနှင့်အတူ ပြန်ခဲ့ကြလေသည်။

ထိုနေ့ညနေတွင် အလှူရေစက်ချလှူဒါန်းပြီးနောက် အိမ်သို့ပြန်ရောက်ကြသောအခါ မနေ့ကပင် ရွာချင်နေသောမိုးသည် အပြိုးကြီးစွာ အတိုးချ၍ ရွာသွန်းလေတော့သတည်း။

ငြိမ်းခေ (ပြီး)



www.burmeseclassic.com

www.burmeseclassic.com



# အဏ္ဏဝါလှိုင်း (၂)

## ဦးသိန်းရွှေနှင့် ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

ကျွန်တော်က ဦးသိန်းရွှေကြီးကို ခင်ပါသည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်ပြီး စတတ်နောက်တတ်တာမို့ ပိုမိုရင်းနှီးသလိုခံစားရသည်။ စိတ်လွတ်ကိုယ်လွတ်ခင်မင်မိလေသည်။ ဦးသိန်းရွှေကလည်း ကျွန်တော့်အား တူအရင်းလို၊ သားအရင်းလို သဘောထား၍ ဆက်ဆံပါသည်။ ဆုံးမစရာရှိလျှင်လည်း ဆုံးမသည်။ ဝိဇ္ဇာပညာရပ်များကိုလည်း သူသိသမျှ မခြွင်းမချန်သင်ပေးလေသည်။

ကျွန်တော် ပုသိမ်တွင် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၇ ခုနှစ်အထိ အစိုးရတာဝန်ထမ်းဆောင်ခဲ့သည်။ လူပျိုလူလွတ်ဖြစ်၍ အားလပ်ချိန်များနေလေသည်။ အားနေသောအချိန်များကို အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်းဖြင့် အချိန်ကုန်မည့်အစား တရားစာအုပ်ဖတ်ခြင်း၊ တရားဆွေးနွေးခြင်း၊ တရားထိုင်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။ ဦးသိန်းရွှေက ဝိဇ္ဇာဂန္ဓာရီလိုင်းလိုက်စားသည်။ ကျွန်တော်က ဝိသနာမပါဘဲ ဘာသာရေးကိုသာ လိုက်စားသည်။ ကျွန်တော့်အား ဦးသိန်းရွှေမှ လာခေါ်သည်။ ကျွန်တော်က ပျင်းလျှင် သူနှင့်လိုက်သွားသည်။ ဝိဇ္ဇာဂန္ဓာရီအတတ်ပညာတို့ကို အထင်သေးခဲ့မိသည်။ လေ့လာရုံ အချိန်ဖြုန်းရုံသာ ဦးသိန်းရွှေနှင့်လိုက်သွားပါသည်။

### ❑ သရဲနှင့်တွေ့ခဲ့ရခြင်း

တစ်ခါက ဦးသိန်းရွှေ ကျွန်တော့်ထံ ရောက်လာသည်။ ဆရာစု ငွေးချိုရွာတွင် အမိဋ္ဌာန်စခန်းဝင်နေကြောင်းလိုက်ခဲ့ဖို့လာခေါ်ပါသည်။ ဝိဇ္ဇာဂန္ဓာရီအတတ်ပညာကိုလေ့လာဖို့ ကျွန်တော်လိုက်သွားသည်။ ငွေးချိုရွာသည် ပုသိမ်မှန်စက်ရုံသွားကားလမ်းပေါ်တွင်ရှိသည်။ ရွာက လမ်း၏ ညာဘက်တွင် တည်ရှိသည်။ ဘယ်ဘက်ခြမ်းတွင် သချိုင်းကုန်းရှိပြီး ၎င်း၏ဘေးတွင် စေတီ (၁) ဆူနှင့်ဇရပ် (၁) ဆောင်ရှိသည်။

ကျွန်ုပ်နှင့်ဦးသိန်းရွှေသည် ငွေးချိုသို့ရောက်လာပြီး လမ်းဘယ်ဘက်ဘုရား (၁)ဆူဘေး ဇရပ်တန်ဆောင်းသို့ရောက်လာသည်။ ဆရာစုအားဝတ်ချပြီး ကျွန်ုပ်အား မိတ်ဆက်ပေးသည်။

"ဆရာစု၊ ဒါကျွန်တော့်တူလေး[illegible] မောင်စိုင်းလို့ခေါ်တယ်"

"အေး၊ အေး - သားက ဘာ[illegible] သားလဲ"

"သားက တနင်္ဂနွေသားပါ"

"မင်းက ဝိပဿနာကိုအား[illegible] နေပေမယ့် ဝိဇ္ဇာမျိုးစေ့ပါနေတယ်"

"ဟုတ်ကဲ့ ဆရာ"

"အဘအောင်မင်းခေါင်နဲ့ ပဋ္ဌာ[illegible] ဆက်ပါတယ်။ တစ်နေ့ကျရင် အဘ[illegible] ပြန်တွေ့ရမယ့်သူပဲ"

"သားမှတ်သားထားပါမယ်"

"အေး၊ အေး - သားပျင်းရင် သိ[illegible] ရွှေနဲ့လိုက်ခဲ့၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်၏အစ်မကြီးမှာ မဟာ[illegible] တွင် တရားရိပ်သာဝင်ကြသည်။ အစ်[illegible] ကြီးအိမ်တွင် ကြီးပြင်းခဲ့ရသောကြော[illegible] မဟာစည်တရားနှင့် ရင်းနှီးကျွမ်းဝင်[illegible] သည်။ ယခု ဂန္ဓာရ-ဂန္ဓာရီအတတ်ပ[illegible] များနှင့်ဆန့်ကျင်ဘက်ဖြစ်သဖြင့် ဒီပ[illegible] ရပ်အပေါ်စိမ်းနေသည်။ အထင်သေး[illegible] လေသည်။ ထိုစဉ်က ဆရာစုပြော[illegible] စကားများသည် နောင်မှသွေး[illegible] အောင်မှန်ကန်ကြောင်းသိရလေ[illegible]

"သိန်းရွှေရေ၊ စခန်း[illegible] တွေ ဘယ်နှယောက်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ငါးယောက်ရှိပါတယ်"

"အားလုံးစကားကိုနားထောင်ကြ"

"ဟုတ်ကဲ့ အဘ"

"အခုည (၆)နာရီကစပြီး (၁)နာရီ တရားအားထုတ်ရမယ်။ စကားမပြောရဘူး 'အရဟံ' ဂုဏ်တော်ကို မပြတ်ရွတ်နေရမယ်၊ အသံထွက်မရွတ်နဲ့၊ စိတ်နဲ့ရွတ်ရမယ်။ တစ်နာရီပြည့်ရင် အချက်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ"

"အားလုံးငါးပါးသီလခံယူကြပါ"

ဦးသိန်းရွှေနှင့် သူ၏အဖွဲ့ (၁၅) ယောက်တို့သည် ဘုရားတွင် ငါးပါးသီလခံယူကြ၏။ သီလစင်ကြယ်စွာဆောက်တည်ပြီး ဘုရားရင်ပြင်ပေါ်တွင်နေရာယူကြကာ (၁) နာရီကြာ ဗုဒ္ဓါနုဿတိကိုပွားများကြလေသည်။ ကျွန်တော်လည်း ငါးပါးသီလခံယူပြီး (၁)နာရီတရားထိုင်သည်၊ တစ်နာရီပြည့်သောအခါ နာရီမှ ခေါင်းလောင်းမြည်လာသဖြင့် တရားချပြီး တန်ဆောင်းထဲသို့ ပြန်ဝင်လာကြသည်၊

"ဦးသိန်းရွှေကြီး၊ ကျွန်မ သရဲကို တွေ့ရတယ်"

"ဟဲ့-တင်တင်ဝေ၊ မြင်မှမြင်တယ်ပြော။ ဘယ်လိုပုံသဏ္ဍာန်လဲ"

"နှုတ်သီးချွန်ချွန်၊ မည်းမည်းတုံးတုံးကြီး ငှက်လိုပုံပဲ။ ဒါပေမယ့် ငှက်မဟုတ်ဘူး"

"အေး၊အေး - နင်သမာဓိကောင်းလာပြီ။ 'အရဟံ'ဂုဏ်တော်ကိုမပြတ်ရွတ်နေ၊ ကြားလား"

ဤသို့ဖြင့် သူဘာမြင်တယ်ငါဘာမြင်တယ်ဟု တစ်ယောက်တစ်ပေါက် ပြောနေကြလေသည်။ ကျွန်တော်လည်း သူတို့ပြောသောသရဲကို မြင်ချင်လာသည်။ သရဲကိုမယုံ။ အပြင်မှာမရှိဘူးဟု စိတ်ထဲမှာထင်နေသည်။ ဘာပဲပြောပြော ဦးသိန်းရွှေကြီးကိုမေးကြည့်လျှင်ကောင်းမည်။

"ဦးသိန်းရွှေ၊ ခုန တင်တင်ဝေ ပြောတာ တကယ်လား"

"တကယ်မြင်ရလို့ ပြောတာဖြစ်မှာပေါ့"

"ကျွန်တော်လည်း သရဲမြင်ချင်တယ်။ ဘယ်လိုလုပ်ရမလဲ"

"မင်းလည်း တရားထိုင်လို့ သမာဓိရလာရင်မြင်မှာပေါ့"

"ဒါဖြင့် ကျွန်တော်လည်း နေ့တိုင်း တရားထိုင်မယ်။ဆရာစုအဓိဋ္ဌာန်ကိုစခန်းဝင်မယ်"

"ကောင်းပါပြီဗျာ၊ ဒါနဲ့ ဆေးတွေ အင်းတွေကော သောက်မှာလား"

"ဆေးဆိုတ ဘာလဲ"

"ဆေးဆိုတာ ထိုးဆေးကိုပြောတာ၊ ခန္ဓာကိုယ်ကို စုတ်နဲ့ထိုးရတာ။ အစောင့်အပ်တယ်လို့ခေါ်တယ်"

ရှေးခေတ် မြန်မာဆေးဆရာကြီးများ ထိုးကွင်းမင်ကြောင်ထိုးသောစုတ်တံပင် ဖြစ်လေသည်။ ယခု သိပ္ပံခေတ်ရောက်နေပြီ။ ခုချိန်ထိ ထိုးနေဆဲတွေ့ရလေသည်။

"ကျွန်တော် ဆေးမထိုးချင်ဘူး၊ အင်းလည်းမသောက်ချင်ဘူး။ ကျောင်းပျော်အနေနဲ့ပဲ ကျောင်းတက်သလို အဓိဋ္ဌာန်စခန်းဝင်ချင်တယ်"

"အေး - ဒါကတော့ မင်းသဘောပါပဲ။ ဆရာစုနဲ့တွေ့ပေးမယ်။ လာ၊ လာ လိုက်ခဲ့"

ဤသို့ဖြင့် ဆရာစုထံသို့ ကျွန်ုပ်တို့နှစ်ယောက်သွားပြီး အကျိုးအကြောင်းလျှောက်ထားလေသည်။

"သားက ဆေးမထိုးချင်ဘူး၊ ဆေးမပေါက်ချင်ဘူး၊ အင်းမသောက်ချင်ဘူးဆိုလည်းရတယ်။ သားတရားထိုင်ပေါ့။ သားဘယ်လိုမှတ်သလဲ"

"သားက ဖောင်းတယ်၊ ပိန်တယ်ပဲ မှတ်တာ"

"သားဘုရားဂုဏ်တော်တစ်ခုခုကိုမှတ်ပါ။ သမာဓိရင့်လာပါလိမ့်မယ်"

"ဟုတ်ကဲ့ ဆရာ၊ သား ဘုရားဂုဏ်တော်(၉) ပါး ပွားများပါ့မယ်"

"ကောင်းတယ်၊ ကောင်းတယ်"

"သားဘာမှမကြောက်နဲ့၊ သားကိုအဘစောင့်ရှောက်မယ်။ သားဘာမှမဖြစ်စေရဘူး"

"ဟုတ်ကဲ့ ဆရာ"

"ကဲ- အားလုံးနာရီဝက်နားပြီးပြီ။ တစ်နာရီတရားထိုင်မယ်။ ဒီကိုလာကြ"

"ဟုတ်ကဲ့ ဆရာ၊ အားလုံးရောက်ပါပြီ"

"ဒီတစ်ခါ (၁) နာရီကို 'သမ္မာသမ္ဗုဒ္ဓေါ' ဂုဏ်တော်ကိုရွတ်မယ်။ အသံထွက်မရွတ်ရဘူး။ စိတ်ထဲက တရစပ်ရွတ်နေရမယ်"

"ဟုတ်ကဲ့ - ဆရာ၊ တင်ပါးက အောင့်ရင်ကော"

"အောင့်တဲ့နေရာကိုမှန်းပြီး ဒီဂုဏ်တော်ကိုပဲရွတ်ရမယ်။ နေရာရွှေ့ချင်လည်း ဒီဂုဏ်တော်ကိုရွတ်ပြီးမှ ရွှေ့ရ



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဘာလုပ်လုပ်မပြတ်ရွှတ်နေရမယ်"

"ဟုတ်ကဲ့ ဆရာ"

အားလုံး ဆရာစုအား ကန်တော့ပြီး ဘုရားပေါ်သို့ တက်ကြပြန်သည်။ (၁)နာရီအားထုတ်ကြလေသည်။(၆)နာရီမှ (၇)နာရီထိ (၁) ချိန်၊ (၇း၃၀)မှ (၈း၃၀) အထိ (၁) ချိန်၊ (၉)နာရီမှ (၁၀)နာရီထိ (၁)ချိန်၊ (၃)ကြိမ်တရားထိုင်ရလေသည်။ တရားထိုင်ပြီးသောအခါ အင်းရေးဆွဲကြသည်။ အဖွဲ့ဝင်အသစ်များကို ဆေးထိုးပြီး အစောင့်အပ်ကြသည်။

ဦးသိန်းရွှေနှင့်အဖွဲ့က နောက်ဖေးတွင် ကြော်လှော်ချက်ပြုတ်နေကြသည်။ ည(၁)နာရီတိတိတွင် မနောပွဲကပ်ကြမည်။ အညွန့်၊ အရွက်၊ အသီးများကို အစိမ်းရောင်မပျက် ကြော်ကြသည်။ ထမင်းချက်ပြီး မနောပွဲပြင်ဆင်ကြလေသည်။ ည (၁) နာရီတိတိအချိန်တွင် ထမင်း၊ဟင်းများ၊ အညွန့်အဖူးကြော်များ၊ အသီးအနှံများကို စားပွဲဝိုင်းကြီးပေါ်တင်၍ ထမင်း(၅)ပန်းကန်ရှေ့တွင် ဖယောင်းတိုင်(၅)တိုင်ထွန်းညှိပြီး ဝိဇ္ဇာတို့အားပင့်ဖိတ်ကြလေသည်။ ဝိဇ္ဇာများရောက်လာကြပြီး တပည့်များ၏ပူဇော်လှူဒါန်းမှုကို ခံယူပြီး စားသောက်ကြလေသည်။ ပြီးမှ တပည့်များအတွက် ထမင်းပန်းကန်ထဲသို့ဆေးများထည့်ခဲ့ပြီး သိဒ္ဓိမဟိဒ္ဓိတန်ခိုးများထားခဲ့လေတော့သည်။ ဦးသိန်းရွှေမှ ဆရာစု၏ ညွှန်ကြားချက်ဖြင့် မနောပွဲကိုရုပ်သိမ်းလိုက်သည်။ ဆင်နှင်းပန်းကန်ဇောက်ထဲသို့ ထမင်းနှင့်ဟင်းများအားလုံးရော၍နယ်ကြသည်။ ပြီးမှ တပည့်များအားလုံးဝိုင်း၍ စားသောက်ကြလေသည်။

"ဦးသိန်းရွှေ ဒီမနောပွဲကိုစားတော့ ဘာဖြစ်လဲ"

"ဒါဝိဇ္ဇာတွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေကိုပင့်ပြီး ဆက်ကပ်တာဖြစ်တယ်"

"ညဘက် ဆက်ကပ်တော့ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတာ"

"မင်းက ဘုန်းကြီးရဟန်းတွေ ဆွမ်းကပ်တာနဲ့ရောနေတာပါ"

"ဟုတ်တယ် ဟုတ်တယ်"

အေး- ဝိဇ္ဇာတွေ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေက ည(၁)နာရီမှ (၃)နာရီအတွင်းအားကြတယ်။ ကြွလာတတ်ကြတယ်။ သူတို့က သူတို့သားသမီးတွေကို မနောအကြည်ဓာတ်ဖွင့်ပေးတဲ့အနေနဲ့ ဆေးဝါးတွေကို အစားအသောက်ထဲမှာ ထည့်ခဲ့တတ်တယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

ကျွန်ုပ်သည် မနောပွဲဆက်ကပ်ပုံကို ကိုယ်တိုင်တွေ့ကြုံရပြီး ကိုယ်တိုင်စားခဲ့ရလေသည်။ မနောပွဲစားပြီးပါက တစ်နေ့တာကာလ ပြီးဆုံးလေပြီ။ ရွာက အလုပ်သမားများ မိမိတို့လုပ်ငန်းခွင်သို့ ပြန်ဝင်ကြသည်။ တစ်နေ့လုံး မိသားစုကိစ္စ၊ အိမ်ထောင်ရေးကိစ္စများဆောင်ရွက်ပြီး ညနေ (၆) နာရီအရောက် ပြန်လာကြရသည်။ ကျွန်ုပ်သည် နေ့စဉ်အမိဋ္ဌာန်စခန်းဝင်ခဲ့သည်။ (၅) ရက်မြောက်သောနေ့တွင် ကိုသိန်းရွှေတို့ပြောသောဝိဇ္ဇာကိုလည်းကောင်း၊ တင်တင်ဝေတို့ပြောသော သရဲကိုလည်းကောင်း မြင်ချင်လာသည်။ ယနေ့ညတရားအားထုတ်သောအခါ သရဲများကိုမြင်ချင်၍ပင့်ဖိတ်လိုက်သည်။

"ဤသချိုင်းတွင်ရှိသောသရဲတစ္ဆေ မြေဖုတ်ဘီလူးအပေါင်းတို့။ ကျွန်ုပ် သင်တို့ကို သိလိုမြင်လိုလှသဖြင့် ကျွန်ုပ်ပင့်ဖိတ်ပါသည်။ ကျွန်ုပ်အား ကြိုက်သလို စမ်းသပ်နိုင်ကြစေ"

ငွေးချိုဘုရား၏ တနင်္ဂနွေထောင့်တွင်ထိုင်သည်။ ကျွန်ုပ်နားတွင် ဦးစိုးမြင့်၊ ဦးသိန်းရွှေထိုင်သည်။ စနေထောင့်တွင် တင်တင်ဝေတို့သားအမိထိုင်သည်။ သောကြာထောင့်တွင် ကိုသောင်းရွှေကြီး၊ ကိုသောင်းလေးတို့ ထိုင်ကြသည်။ ဆရာစုနှင့်မြင့်သန်းမှာ အင်္ဂါထောင့်တွင်လည်းကောင်း အသီးသီး ဘုရားကိုပတ်၍ တရားထိုင်ကြသည်။ မကြာမီ ကျွန်ုပ်ထံသို့ သရဲတစ်ကောင်ရောက်လာလေသည်။ ကျွန်ုပ်က ဖိတ်တာကိုး၊ သူလာတာပေါ့။ သရဲမှာ နှုတ်သီးချွန်ချွန်၊ နှုတ်ခမ်းမွေးကားကား၊ ကိုယ်လုံးကိုယ်ပေါက်မှာ (၁) တောင်လောက်ရှိမည်။ လူပုံသဏ္ဌာန်ပျောက်၍ ကြွက်ပုံသဏ္ဌာန်ရောက်နေသည်။ မှုန်ဝါးနေသော မှန်ထဲတွင်မြင်ရသောပုံရိပ်ကဲ့သို့ သဲသဲကွဲကွဲမမြင်ရပါ။သို့သော် ကျွန်ုပ်ရှေ့တည်တည်သို့ရောက်လာပြီး မျက်နှာချင်းဆိုင်အနေအထားတွင်ထိုင်ပြီး ကျွန်ုပ်အား သေသေချာချာစိုက်ကြည့်နေလေသည်။ ကျွန်ုပ်သည် အသိတရားများကို စုစည်းလိုက်သည်။ ငါသည် ဘုရားရိပ်၊ တရားရိပ်အောက်တွင်ရောက်နေပြီ။ဘာမှကြောက်စရာမလို။ ငါ၏ခန္ဓာ(၅)ပါး၊ ရုပ်-နာမ်(၂)ပါးအား ဘုရားအား လှူဒါန်းပါ၏။ ဤကုသိုလ်ကြောင့်နိဗ္ဗာန်ရောက်ကြောင်း တရားထူးတရားမြတ်များရရှိပါစေ။ (၁) နာရီမပြည့်မချင်း ငါ့ခန္ဓာကို ငါမငဲ့ကွက်ဘဲ တရားထိုင်မည်ဟု သိဒ္ဓိတင်လိုက်လေသည်။

မကြာမီ သရဲသည် ကျွန်ုပ်၏ လက်နှစ်ဖက်အား စတင်ထိုးဆွနှိပ်စက်လေတော့သည်။ ၎င်း၏ နှုတ်သီးချွန်ချွန်ဖြင့် ညာဘက်လက်ကောက်ဝတ်အပေါ်ဘယ်ခြမ်းအရေပြားကို စတင်ထိုးဆိတ်ပါတော့သည်။ အသည်းခိုက်အောင် နာကျင်လေသည်။ မိမိမှာ 'လောကဝိဒူ' ဂုဏ်တော်ကိုပွားပြီးရွတ်နေ၏။ နာတယ် နာတယ်ဟု မမှတ်ရပါ။ နာသည့်နေရာကို 'လောကဝိဒူ' ဟု မှတ်ရလေသည်။ မျက်ရည်များ စီးကျပြီး အသည်းမှ တဆတ်ဆတ် နာကျင်နေလေသည်။ အပေါ်အရေပြားကို အပ်ဖြင့်သွေးထွက်အောင်ထိုးကြည့်ပါက ခံစားရမည့် ဝေဒနာမျိုး ခံစားနေရသည်။ ကျွန်ုပ် အမိဋ္ဌာန်အပျက်မခံနိုင်။ သေချင်သေပါစေ၊ ငါမလှုပ်ဘူးဟု ဆုံးမ၏။ ငါ့ခန္ဓာကိုယ်မဟုတ်၊ ဘုရားကို လှူဒါန်းထားသော ခန္ဓာကိုယ်ဟု စိတ်ကိုရဲဆေးတင်ရလေသည်။

သရဲသည် နှုတ်သီးချွန်ဖြင့် ထိုးဆိတ်ပြီး အသားတုံးတစ်တုံးပါအောင် ညှပ်၍ဆွဲထုတ်ပြီး စားသောက်နေလေသည်။ ကျွန်ုပ်သည် သရဲကို မေတ္တာပို့သည်။ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးဘယာကင်းပါစေ၊ လိုရာဆန္ဒပြည့်ပါစေ။

'အားပါးပါး. . .' နာလိုက်တာ အသား(၁)တုံးစားပြီး အားမရသေး ကျွန်ုပ်၏ ညာဘက်လက်ကောက်ဝတ် အပေါ်အရေပြားကို ဒုတိယမွှိထိုးဆိတ် ပြီး အသားတုံးပါအောင် ဆွဲယူစား သောက်ပြန်သည်။ ကျွန်ုပ်မှာ မျက်ရည် တွေစီးကျပြီး ခန္ဓာကိုယ်တစ်ခုလုံးတု လှုပ်နေလေသည်။ မိမိအသားအ တို့သည် တ ဆတ်ဆတ်တုန်လှုပ်နေ သည်။ မခံမရပ်နိုင်အောင်နာကျင်သော လည်း သည်းခံအောင့်အည်းနေရသည် ဘုရားရှင်၏ မျက်နှာတော်ကိုမြင်အော ဖူးပြီး 'လောကဝိဒူ'ဂုဏ်တော်ကို မပြ ပွားများနေလေသည်။ မြတ်စွာဘုရား ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်ရှိခိုးပါ လောကကြီးသုံးပါးအား အစိုးရ မူသော မြတ်စွာဘုရား၊ တပည့် ရှိခိုးပါ၏။ ဝေဒနာသက်သာလေ

သရဲမှာမပြန်သေး။ ... အသားစားနေလေသည် ကျွန်ုပ်...



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာပို့လေ၊ သူကပြုံးပြုံးကြီးလုပ်လေ၊ ကျွန်ုပ်ကမေတ္တာပို့လေ၊ သူကပြုံးပြုံးကြီး လုပ်လေနှင့် ကျွန်ုပ်ခန္ဓာမှ အသားတုံးများကို အားရပါးရစားသောက်နေလေသည်။အချိန်ကလည်း မပြည့်နိုင်ပါလား။ (၁) နာရီ မြန်မြန်ပြည့်ပါတော့ဟု ဆုတောင်းနေပြန်သည်။ သံပတ်ပေးထားသောနာရီသည် စက်ချို့ယွင်း၍ရပ်နေသလော၊ သံပတ်ပေးသူမေ့နေသလောစသည်ဖြင့် အချိန်အပေါ် စိတ်ရောက်၍ စိတ်ထွက်သွားပြန်သည်။ စိတ်ထွက်တယ်၊ စိတ်ထွက်တယ်ဟု မှတ်ရမည့်အစား လောကဝိဒူဟုမှတ်ရလေသည်။ ဘယ်စိတ်ပေါ်ပေါ် လောကဝိဒူဂုဏ်တော်ကိုသာ ပွားများရလေသည်။

ဟော-မကြာပါ။သရဲက တတိယမှ ကျွန်ုပ်အရေပြားကိုထိုးဆွပြီး အသားတုံးပါအောင်ဆွဲယူပြန်လေသည်။ ဒီတစ်ခါတော့ ဘယ်လိုမှမအောင့်နိုင်အောင် နာကျင်ခံစားရလေသည်။ သရဲကိုဖမ်းပြီး ကိုင်ပေါက်ချင်စိတ်ဝင်လာလေသည်။ မဟုတ်သေးပါဘူး။ ငါ့စိတ်တွေ ကိလေသာစိတ်တွေဝင်လာတယ်။ စောစောက မေတ္တာပို့လို့ အခုသတ်ချင်စိတ်ဝင်လာပြန်ပြီ။ ငါ့ကိုစမ်းနေတာ၊ ငါ့ရဲ့တရားကို စမ်းနေတာပဲ။ စိတ်ကိုတည်ငြိမ်အောင်ထား၊ ဟုတ်ပြီ-စိတ်တည်ငြိမ်လာပြီ။ နာတာ ငါနာတာမဟုတ်၊ ဘုရားကိုတင်လှူထားသောခန္ဓာက နာတာ။ နာတာကိုသည်းခံ၍ ဘုရားဂုဏ်တော်ကိုမပြတ်ရွတ်နေရလေသည်။ အမိဋ္ဌာန်(၁)နာရီပြည့်တော့မယ်၊ ကြိုးစားထား။ ဘုရားကို အသက်နဲ့ခန္ဓာတောင်လှူထားတာ။ နာတာလောက်ကို ငဲ့မနေနဲ့။ ဒီလို ကိုယ့်ကိုယ်ကိုယ်အားပေးပြီး မလှုပ်မယှက်ငြိမ်သက်စွာဖြင့် 'လောကဝိဒူ'ဂုဏ်တော်ကို ပွားများနေပါသည်။ မိမိ၏မေတ္တာကြောင့်လားမသိ၊ သရဲတော့ အစာဝပြီး ပြန်သွားလေတော့သည်။

မကြာမီ မျှော်လင့်စောင့်စားနေရသောနာရီမှ ခေါင်းလောင်းသံကိုကြားရလေတော့သည်။ ကျွန်ုပ်လည်း ခုမှသက်ပြင်းချနိုင်လေတော့၏။ ဆရာစုသည် တပည့်များကို တန်ဆောင်းအတွင်းသို့ စုဝေးစေပြီး တရားမှတ်ရာတွင် ဖြစ်ပေါ်နေသော အခြေအနေများကို မေးမြန်းလေတော့သည်။ ဦးသိန်းရွှေမှ သရဲတစ်ကောင် နှုတ်သီးချွန်ချွန်ဖြင့်လာကြောင်း၊ သူမြင်ရကြောင်းပြောလေသည်။

ကျွန်ုပ်မှာ ဝမ်းနည်းစွာ ငိုကြွေးပြီး သရဲအကိုက်ခံရကြောင်း၊ ကျွန်ုပ်လက်ကို ဆရာစုအားပြလေသည်။ ကျွန်ုပ်၏ညာဘက်လက်ကောက်ဝတ် အပေါ်အရေပြားတွင် ဖိုခုံလောက်ဆိုင်အပေါက် (၃) ပေါက်ကို တွေ့မြင်ရလေသည်။ သွေးများစို့နေပြီး အပြင်မှာ တကယ်အပေါက် (၃) ပေါက်ကို မြင်ကြရလေသည်။

အားလုံးသောယောဂီများ ကျွန်ုပ်အား ကရုဏာသက်စွာ ဝိုင်းဝန်းကြည့်ရှုကြလေသည်။

ဆရာစုက -

"သားကဘယ်လိုပြောလို့ သရဲက လာတာလဲ"

"သားက သရဲကြည့်ချင်တာ၊ သရဲရှိတာကို သားကမယုံတာ။ ဒါကြောင့် သူတို့ကိုပင့်ဖိတ်ပြီး ကြိုက်သလိုစမ်းသပ်နိုင်ကြောင်း ပြောလိုက်မိတယ်"

"အေး၊အေး- သားဘာမှမဖြစ်စေရဘူး။ သားက ကိုက်တတ်တဲ့ခွေးကို လက်နဲ့သွားဆော့သလို ဆော့မိတာပါ။ ခွေးကိုက်ခံရသလိုပါပဲ။ သားကို ဆေးထည့်ပေးမယ်"

"ဟုတ်ကဲ့ ဆရာ"

"ကိုသောင်းရေ အင်းစာရွက်ယူခဲ့"

ဆရာစုသည် အင်းစာရွက်ပေါ်တွင် (၃) ကွက်အင်းရေးဆွဲပြီး အင်းဆန်သွင်းသည်။ သိဒ္ဓိတင်ပြီး ကျွန်ုပ်၏သရဲကိုက်ခံရသော ဖိုခုံလောက်ဆိုင်အပေါက် (၃) ပေါက်ပေါ်သို့အုပ်ပြီး ပတ်တီးဖြင့်ချည်ထားလေသည်။ နောက်ထပ် တရားထိုင်ရာတွင် သရဲများကိုမဖိတ်ရ၊ မစမ်းရဟု အမိန့်ထုတ်ပြန်လေတော့သည်။

ကျွန်ုပ်လည်း မယုံကြည်သော နာနာဘာဝဝိနာဘာဝသရဲတစ္ဆေမြေဖုတ်ဘီလူးများကို ယခုအချိန်မှစပြီးယုံကြည်ပါတော့သည်။ မယုံလို့မရ၊ လက်တွေ့လေ။

## ၂ နတ်ပြည်(၆)ထပ်ကိုမြင်ရပုံ

ကျွန်ုပ်သည် ကိုယ်ခံပညာမရှိပါက အတိုက်အခိုက်များ၏ရန်ကိုခံစားရသဖြင့် ကိုယ်ခံပညာကို စတင်သင်ယူလေတော့သည်။ သရဲမကိုက်အောင် မိမိခန္ဓာကိုယ်ပေါ်တွင် ဆေးထိုးခြင်းအမှုကို စတင်လက်ခံလိုက်ပါသည်။ ခံဆေးများကိုထိုးသောအခါ ဘုရားတွင်(၅)ပါးသီလခံယူရ၏။တစ်သက်လုံးမကျိုးမပေါက်အောင် (၂)ပါးကိုမြဲအောင်စောင့်ရ၏။ ကာမေသုမိစ္ဆာစာရာကံနှင့် သုရာမေရယကံ(၂)ပါးဖြစ်၏။ အဖွဲ့၏စည်းကမ်းဖြစ်၏။ဤဆေးတော်သည် ဆေးဝိဇ္ဇာမှချပေးသောဆေးဖြစ်သည်။ ဤဆေးတော်ကို အသားထဲသို့ ဝင်ရောက်သည့်အချိန်မှစ၍ သားတော်တနဂ်နွေသားအား 'အစောင့်' များစောင့်ရှောက်ပါစေ။ ကံ(၂)ပါးကို လုံခြုံသမျှထိန်းသိမ်းစောင့်ရှောက်ပါစေ။ စုန်း၊ ပယောဂ၊ သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးများနိုင်နင်းသော ဆရာတစ်ဆူဖြစ်စေဟု အပ်နှံပေးကြလေသည်။

"ဦးသိန်းရွှေ၊ အခု ကျွန်တော့်ကို ဆေးထိုးပြီးပြီ။ အစောင့်လည်း အပ်ပြီးပြီ"

"အေးလေ"

"ဒါဆို ကျွန်တော့်အစောင့်ကိုတွေ့ချင်တယ်။ ကျွန်တော့်ကို တကယ်စောင့်၊ မစောင့်၊ အစောင့်ရှိမရှိဆိုတာလက်တွေ့ပြပေးပါလား"

"အေး၊အေး-မင်းကသိပ်ပွဲကျောင်းသားဆိုတော့ လက်တွေ့မှယုံမယ်ပေါ့"

"လက်တွေ့ဆိုတော့ ပိုယုံတာပေါ့"

"ကောင်းပြီ၊ လာ ငါနဲ့ဘုရားပေါ်လိုက်ခဲ့"

ကျွန်ုပ်သည် ဦးသိန်းရွှေခေါ်ရာနောက်သို့လိုသွားလေသည်။ ဘုရားပေါ်တွင် (၂)ယောက်တည်း လူသူကင်းရှင်းနေလေသည်။ဘုရားအားမီးပူဇော်သည်။ အမွှေးတိုင်ပူဇော်သည်။ ထို့နောက် ကျွန်ုပ်အား ဘုရားရှိခိုးစေပြီး ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး စိတ်ထဲမှ အစောင့်များကို ပင့်ဖိတ်စေပါသည်။

"ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့၊ ရသေ့ရှစ်သောင်းဆရာအပေါင်းတို့၊ ဤတနင်္ဂနွေသားသည် ဘုရားငါးဆူဂိုဏ်းဝင် ဆရာတစ်ဆူဖြစ်ပါသည်။ဂိုဏ်း၏သတ်မှတ်ထားသော ကံ(၂)ပါးကို အသက်ထက်ဆုံး ထိန်းသိမ်းစောင့်ရှောက်မည့်သားတော်ဖြစ်ပါသည်။ ဆေးဝိဇ္ဇာကြီးများချပေးသော ဆေးတော်တို့ဖြင့် အပ်နှံပြီးဖြစ်ပါသည်။ ယခုအချိန်ကစပြီး တနင်္ဂနွေသား၏အစောင့် အမြန်ဆုံးကြွရောက်ပါရန် ပင့်ဖိတ်ပါသည်"

ဦးသိန်းရွှေသည် နှုတ်ဖြင့်ပါပင့်ဖိတ်ပေးပြီး အမွှေးတိုင်ကို ကျွန်ုပ်၏ရှေ့တွင် အနံ့ပေးနေလေသည်။ အမွှေးတိုင်၏ အနံ့သည် ကျွန်ုပ်နှာခေါင်းထဲသို့ဝင်ရောက်လာပြီး မူးသလိုလိုဖြစ်လာသည်။ ကျွန်ုပ်အား 'ဗုဒ္ဓေါ' ဟု အသံထွက်ရွတ်ဖတ်စေခိုင်းပါသည်။ ကျွန်ုပ်လည်း 'ဗုဒ္ဓေါ ဗုဒ္ဓေါ ဗုဒ္ဓေါ'ဟု နှုတ်မှ ခပ်ကျယ်ကျယ်လေးမပြတ်ရွတ်ဖတ်နေလေသည်။

များမကြာမီ ကျွန်ုပ်၏ပါးစပ်များ ရွဲ့လာသည်။ ထုံဆေးထိုးသလိုထူလာ

www.burmeseclassic.com

သည်။ ပါးစပ်ကဆိုတာက 'ဗုဒ္ဓေါ'ထွက်လာသောအသံတို့သည် တရုတ်သံထွက်လာသည်။ ပါးစပ်မှသွားရည်များကျလာပြီး တရုတ်လိုမပြတ်ပြောနေလေတော့သည်။

ဦးသိန်းရွှေ မေးလိုက်၊ ကျွန်ုပ်က ဖြေလိုက်နှင့်အတိုင်အဖောက်ညီနေလေသည်။ ကျွန်ုပ်ပြောတာကို သိနေသော်လည်း ဘာပြောမှန်းမသိ၊ ဘာအဓိပ္ပါယ်လဲမသိပါ။ ဦးသိန်းရွှေက ကုလားလိုပြော၏။ ကျွန်ုပ်က တရုတ်လိုပြော၏။ ကျွန်တော်ပြောတာမဟုတ်၊ အစောင့်က ပြောတာပါ။ ဒါဆို ကျွန်ုပ်၏အစောင့်ကို သိရပြီ။ ကျွန်ုပ်လည်း ခုမှယုံကြည်သွားလေသည်။ ဆရာစုထံသို့သွားပြီး ဆရာစုအား ကန်တော့လိုက်ပါသည်။

"သားရောက်စက ယခုအထိ ဆရာစုအပေါ်တွင် အထင်လွဲခြင်း၊ အထင်သေးခြင်း၊ စော်ကားမော်ကားပြုမိခြင်း စသည့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိပါက ခွင့်လွှတ်ပါရန် ကန်တော့တောင်းပန်အပ်ပါတယ်ဆရာ"

"သာဓု၊ သာဓု၊ သာဓု"

"သားကို သားသမီးလိုချစ်တာပါ။ သား အပြစ်မရှိပါဘူး။ ရှိရင်လည်း ခွင့်လွှတ်ပါတယ်။ ပုဂ္ဂိုလ်ဆိုတာ ရှေ့ကိုကြိုမြင်တယ်။ သားရောက်စက ဆရာပြောသားပဲ၊ သားက ဝိဇ္ဇာမျိုးစေ့ပါတယ်လို့"

"ဟုတ်ကဲ့ ဆရာ"

"အေး၊ အေး - အဓိဋ္ဌာန်(၉)ရက်ပြည့်အောင်ဝင်၊ အကျိုးထူးတရားတွေ့လိမ့်မယ်"

"သား အဓိဋ္ဌာန်(၉)ရက်ဝင်မှာပါ။ ကတိပေးပါတယ်"

"အေး၊ အေး - ကောင်းတယ်"

ကျွန်ုပ်သည် ဆရာစု ခေါင်းဆောင်သော ဆရာအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သွားပြီးနောက် အဓိဋ္ဌာန်(၉)ရက်ပြည့်အောင် ဝင်ခဲ့လေသည်။ အင်းအတတ်၊ မန္တန်အတတ်၊ ပယောဂကုထုံးအတတ်တို့ကို သင်ယူလေတော့သည်။

"ဦးသိန်းရွှေ၊ ကျွန်တော် မသိလို့မေးမယ်"

"ပြောလေ မောင်စိုင်း"

"ဆရာစုက ဘာသာမျိုးစုံတတ်တာသလား၊ အခုသားတို့ပြောတာတွေ နားလည်လား"

"ဘာသာမျိုးစုံတတ်တယ်ဆိုတာ ပုဂ္ဂိုလ်စိတ်၊ လူစိတ်ဆိုတာရှိတယ်"

"ဘယ်လိုလဲ၊ ရှင်းအောင်ပြောပါဦး"

"မင်းတရုတ်လိုပြောနေတာကိုသိတယ်နော်"

"ကျွန်တော်ကိုယ်တိုင်ဝင်ပူးပြီးပြောတာ သိတာပေါ့"

"အေး၊ မင်းကိုစောင့်တဲ့ပုဂ္ဂိုလ်က တရုတ်ပုဂ္ဂိုလ်ပဲ။ သူဝင်ပြီးပူးပြောတာက ပုဂ္ဂိုလ်စိတ်၊ မင်းသိနေတာက လူစိတ်"

"သိပြီ သိပြီ၊ အေး-ပုဂ္ဂိုလ်စိတ်ဝင်နေရင် ပုဂ္ဂိုလ်ပြောသမျှအကုန်သိတယ်။ အင်္ဂလိပ်လို၊ ပြင်သစ်လို၊ ကုလားလို၊ တရုတ်လို၊ ရှမ်းလို ဘယ်ပုဂ္ဂိုလ်ပူးပြောပြောသိတယ်"

"ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေစကားကို ကိုယ့်အစောင့်ကသိတာ ပုဂ္ဂိုလ်စိတ်၊ အခု ကျွန်တော်ပြောဆိုတာတွေ သိတာတွေက လူစိတ်ပေါ့"

"ဟုတ်တယ် မောင်စိုင်း၊မင်းလည်း တရားထိုင်။ သမာဓိရလာရင် မင်းပြောတာတွေ မင်းနားလည်လာလိမ့်မယ်။ ပုဂ္ဂိုလ်သဘောကို လူ့သဘောနဲ့နားလည်လာလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း အဓိဋ္ဌာန်ကို မပျက်မကွက်ဝင်မှာပါ။ တရားမှတ်ရင်လည်း ကြိုးစားမှတ်မှာပါ"

"မင်းက ကျောက်ကောင်းတစ်ပွင့်ပါပဲ။ အစွမ်းအစတွေကို သွေးယူရတာပေါ့"

"ကျေးဇူးလည်းတင်ပါတယ်။ မသိတာတွေကို စိတ်ရှည်ရှည်ထားပြီး ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကျွန်ုပ်တို့တစ်စုသည် (၉) ရက် အဓိဋ္ဌာန်စခန်းပွဲကို နေ့စဉ်ရက်ဆက် မပျက်မကွက် ဆင်နွှဲနေကြလေသည်။ ယနေ့သည် 'ဘဂဝါ' ဂုဏ်တော်ပွားရမည့်နေ့နောက်ဆုံးနေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့လည်းဖြစ်သည်။ ဌေးချိုရွာမှ လူများကလည်း ဘုရားပေါ်သို့ ရောက်လာကြပြီး ဘုရားကိုမီးဖြင့်ပူဇော်ကြလေသည်။ ကျွန်ုပ်တို့လူတစ်စုကလည်း အဓိဋ္ဌာန်မပျက် တရားအားထုတ်ကြလေသည်။ သည်တစ်ခါတော့ သရဲကို မဖိတ်ရဲတော့။ သရဲမလာအောင် အစောင့်တွေချထားသည်။ စည်းတွေကာထားသည်။ ကျွန်တော့်ဘေးတွင် ဦးသိန်းရွှေတစ်ယောက်ရှိသည်။ အနီးကပ် စောင့်ရှောက်နေလေသည်။ ကျွန်ုပ်သည် အကြောက်တရားကိုမေ့ပြီး သမာဓိတရားတိုတည်ကြည်အောင် ကြိုးစားပွားများနေလေသည်။ နှလုံးသား၏တုန်လှုပ်သံကိုကြားနေရလေသည်။ စိတ်တည်ငြိမ်မှုကြားရသောနှလုံးခုန်သံသည် စည်းတီး

သလိုတဒိန်းဒိန်းနှင့်ကြားနေရလေသည်။

နှာခေါင်းမှ ဝင်လေ၊ ထွက်လေကို စိုက်ကြည့်လိုက်သောအခါ အဖြူရောင် အလင်းတန်းကြီးကို ထင်ထင်ရှားရှား တွေ့ရလေသည်။ ဝင်လေကိုတွေ့ရပြီ၊ ထွက်လေကိုမြင်ရပြီ။ သမာဓိအတော်ရလာလေပြီ။ ကျွန်ုပ်၏ ဘေးဘက်တွင် ထွန်းညှိထားသောဖယောင်းတိုင်အလင်းရောင်တို့သည် တဖြည်းဖြည်းကောင်းကင်သို့မြင့်တက်သွားလေသည်။အလင်းရောင်ကိုရှုရင်းရှုရင်းနှင့် မိမိသည် ပေါ့ပါးစွာ ကောင်းကင်သို့ ရောက်သွားလေသည်။ ဘေးသို့သေသေချာချာကြည့်လိုက်သောအခါ နတ်ပြည်ကိုဘွားခနဲ တွေ့လိုက်ရလေသည်။ စူဠာမဏိစေတီကိုဖူးလိုက်ရသည်။ ဘုရားကို နတ်များ အစုလိုက်အဖွဲ့လိုက် မီးပူဇော်နေကြသည်။ နတ်တွေလည်း သီတင်းကျွတ်လပြည့်နေ့ ဘုရားကိုမီးပူဇော်ကြတာပဲလို့ သိလိုက်ရ၏။ နတ်ဘုံတို့သည် မီးပုံးပျံလိုလေထဲတွင် တိုက်အိမ်ဆောက်သလို ဘုံတွေ၊ ပြာသဒ်တွေကို ထင်ထင်ရှားရှားတွေ့မြင်ရလေသည်။ နတ်သားတွေ နတ်သမီးတွေကိုတော့ သဲသဲကွဲကွဲမတွေ့ရ၊ မမြင်ရပါ။ နတ်သမီးတွေက ချော သည်ဟု ဆိုကြသည်။ ရှာဖွေကြည့်ဦးမှ ဟု စိတ်ကူးလိုက်စဉ် -

"ကလင် ကလင် ကလင်"

အချိန်(၁)နာရီပြည့်ပြီဖြစ်ကြောင်း အချက်ပေးလေသည်။ ကျွန်ုပ်၏အာ တို့သည် နတ်ပြည်မှ လူ့ပြည်သို့ ပြ ရောက်လာလေတော့သည်။

အချိန်(၁)နာရီပြည့်ပြီး နာရီဝက် နားကြသည်။ ဆရာစုက တပည့်များကို စုဝေးစေပြီး မိမိတို့တွေ့ရသော အတွေ့ အကြုံများကို စစ်တမ်းထုတ်ကြလေ သည်။ လမ်းမှားလျှင်ပြင်ပေးလေသည်။

"သိန်းရွှေ၊ မင်းဘာမြင်လဲ"

"တပည့်မြင်ရတာ စူဠာမဏိစေတီ မြင်ပါတယ်။ နတ်တွေမီးပူဇော်တာတွေ့ ရပါတယ်"


ကျွန်တော် အတော်အံ့ဩသွား သည်။ ကျွန်တော်တစ်ယောက်တည်း မြင်တာဆိုလျှင် စိတ်ကူးယဉ်တာ၊ အာ ထွက်သွားတာဟု ပြောရမှာပါပဲ။ အခု ဦးသိန်းရွှေကြီးပြောတာ ကြားလိုက်ရ တော့ ငါမြင်တာ တကယ့်နတ်ပြည်ပဲ ဆုံးဖြတ်ချက်ချလိုက်ပါသည်။

အရှေ့ပါဦး

www.burmeseclassic.com

ရန်နိုင်

# မြန်မာ့မုန့်ပဲသရေစာ



'သရေစာ' ဟူသော အသုံးအနှုန်းကို ယခင်က 'သွားရည်စာ' ဟု ရေးထုံးရှိခဲ့သည်။ မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင် 'သရေစာ' ဟု ရေးသည်။ snack ဟု အဓိပ္ပာယ်ဖွင့်သည်။ snack ဆိုသည်က a quick light meal such as sandwich or crackers and cheese ဟု အနက်ပြန်သည်။ ပေါရာဏကထာအဘိဓာန်တွင် သရေစာကို မရွေးမုန့်ဆန်း စသော အစားအစာများဟု ဖော်ပြသည်။

မြန်မာမှုတွင် 'မုန့်ပဲသရေစာ' ဟူသောအသုံးရှိသည်။ မြန်မာတိုင်းရင်းသားတို့၏ အဓိကအစားအစာမဟုတ်သော်လည်း အဆာပြေ အငြိုးပြေစားစရာမျိုး ဖြစ်သည်။ မြန်မာတို့၏မုန့်က အမျိုးမျိုးအစားစား။ မြန်မာ့မုန့်များတွင် ဆန်နှင့် ကောက်ညှင်းသည် အဓိကကုန်ကြမ်း။ အုန်းသီး၊ သကြား၊ ထန်းလျက်၊ နှမ်း၊ မြေပဲ၊ စားတော်ပဲ၊ ပဲလွန်း စသည်တို့က အရန်အင်အား။ မြန်မာမုန့်များ၏ အရသာက အချိုနှင့် အဆိမ့်ဘက်တွင် ကဲကဲသာသာ။ မုန့်တွင်ပဲပါဝင်လာသဖြင့် မုန့်ပဲသရေစာဟု တွဲဖက်သုံးနှုန်းခဲ့ကြလေတန်။

မြန်မာမုန့်များကို ပေါင်း၍တစ်မျိုး၊ မွှတ်၍တစ်ဖုံ၊ ကျို၍တစ်နည်း၊ ဖုတ်၍တစ်သွယ်၊ ချက်၍တစ်လမ်း၊ နှပ်၍၊ လှော်၍၊ ကြော်၍လည်း ပြုလုပ်လေ့ရှိကြသည်။

မြန်မာမုန့်ကို အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အသက်မွေးကြသည်။ မုန့်လုပ်ငန်းရှင်များကို မုန့်သည်၊ အကြော်သည်၊ ဈေးသည် စသည်ဖြင့် ခေါ်ဝေါ်သည်။ မုန့်ကို ကလေးသူငယ်များသာ နှစ်နှစ်ခြိုက်ခြိုက် စွဲမက်ကြသည်မဟုတ် လူကြီးများသည်လည်း ခုံခုံမင်မင်စွဲလမ်းကြသည်။

မြန်မာ့မုန့်ကို သင်္ကြန်ဝါဝင်၊ ဝါထွက် ပွဲလမ်းသဘင်များ၌လုပ်ကြသည်။ ဘုရား၊ ရဟန်းသံဃာများအားဆက်ကပ်လှူဒါန်းလေ့ရှိကြသည်။ ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြား၍ တည်ခင်းကျွေးမွေးကြသည်။ အရပ်တကာသို့ လှည့်လည်ဝေငှကြသည်။ ဤကဲ့သို့ အလှူဒါနပြုမည့်မုန့်များကို အများအပြားလုပ်ကြရာ၌ မုန့်သည်များထံမှ မှာယူလေ့မရှိကြ။ မိမိတို့၏ အစီအစဉ်ဖြင့်သာ သိုင်းသိုင်းဝန်းဝန်း ဆွေမျိုးမိတ်သင်္ဂဟများစုပေါင်း၍ တစ်ယောက်တစ်လက် စုပေါင်းကူညီဆောင်ရွက်လေ့ရှိကြသည်က စိတ်ဝင်စားစရာ။

အဆိုပါ ပွဲတော်နှင့် အလှူဒါနဆိုင်ရာ မုန့်ပဲသရေစာများတွင် ထမနဲ၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ မုန့်ဖက်ထုပ်တို့သည် အထင်ရှားဆုံးပင်။ ကောက်ညှင်းနှင့် ပတ်သက် ဆက်နွှယ်သောမုန့်များက ထူးထူးခြားခြား နှစ်သက်ဖွယ်ရာ အကောင်းဆုံး။

❑

ဒေသအလျောက် အမျိုးအစားကွဲပြားခြားနားကြသော်လည်း မြန်မာတစ်နိုင်ငံလုံး တစ်ပြေးညီ ကြိုက်နှစ်သက်ကြသောမုန့်များမှာ မုန့်ဟင်းခါး၊ ထမနဲခေါ် ထမင်းနဲ့နှင့် ကောက်ညှင်းတို့ ဖြစ်ကြသည်။

'မုန့်ဟင်းခါး' ဟုလည်း ဆိုသည်။ အချို့က ငါးဖြင့်ချက်သဖြင့် 'မုန့်ဟင်းငါး' ဟု ဆိုသည်။ မြို့ချက်၊ တောချက် နှစ်မျိုးရှိသည်။ ဒေသအလိုက်အခေါ် ကွဲပြားသည်။ ရခိုင်မုန့်တီသည်လည်း ရခိုင်မုန့်ဟင်းခါး ဖြစ်သည်။ အလွန်အစပ်တည့်သည်။ ရှမ်းပြည်နယ် အင်းလေးဘက်တွင် 'အင်းမုန့်ဟင်းခါး' စားကောင်းသည်။ အညာဒေသ 'အရည်ဖျော်မုန့်ဟင်းခါး' ကလည်း တစ်မျိုးခံတွင်းတွေ့စရာ။

'ဝါးခယ်မတစ်ပင်တိုင်မုန့်ဟင်းခါး' က အရသာချိုချို။ 'ဖျာပုံမုန့်ဟင်းခါး' ကအသုပ်တစ်မျိုး။ 'မြောင်းမြ-ဒေါ်ချိုမုန့်ဟင်းခါး' ကလည်း နာမည်ကြီး။ 'ငရုတ်ကောင်းမုန့်ဟင်းခါး' ကလည်း ပူပူစပ်စပ်။ 'ထားဝယ်မုန့်လက်သုပ်' ကလည်း မုန့်ဟင်းခါးမျိုးနွယ်စု။ 'ရေစိုမုန့်ဟင်းခါး' ဟုလည်း ထူးထူးခြားခြား။

အချို့ဒေသတွင် မုန့်ဟင်းခါးထဲ၌ ငှက်ပျောအူလှီးထည့်သည်။ အချို့က ကြက်သွန်ဥလိုက်ထည့်သည်။ အချို့က ပိန်းရိုးဖြင့်ချက်သည်။ အင်းလေးတွင် ကြက်သွန်မြိတ်များများထည့်ကြသည်။ ဘဲဥပြုတ်ကို လှီးထည့်သည်ကလည်း တစ်မျိုးတစ်ဘာသာ။ မုန့်ဟင်းခါးကို ငါးဖယ်ကြော်ဖြင့် တွဲဖက်စားသူများသည်။ အိုးဘဲဥဖြည့်စားသူလည်းရှိကြသည်။ များသောအားဖြင့် ဘူးသီးကြော်နှင့် မန္တလေးပဲကြော်က အတွဲညီသည်။ ယခုအခါ ပဲကြော်ကို အသုံးများလာသည်။ သူ့ဒေသအလျောက် ပဲပြုတ်၊ ဗဲပေါင်းဖြင့်လည်း စားကြသည်။ မည်သို့ပင်ဖြစ်စေ မုန့်ဟင်းခါးသည် မြန်မာတိုင်းရင်းသားများနှစ်သက်ခုံမင်ကြသည့် မုန့်ပဲသရေစာတစ်မျိုး ဖြစ်သည်။

မုန့်ဟင်းခါးကို ရဟန်းသံဃာတော်များအား အရုဏ်မုန့်ဟင်းခါးဆွမ်း ဆက်ကပ်လေ့ရှိကြသည်။ သက်ရှည်



www.burmeseclassic.com

ဆွမ်းဟုလည်း ခေါ်ဆိုကြသည်။ အလှူပွဲများတွင် များသောအားဖြင့် မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံကြသည်။ နာရေးကုသိုလ်၊ ရည်စူးကုသိုလ်များတွင်လည်း မုန့်ဟင်းခါးဖြင့် ဒါနပြုတတ်ကြသည်။ မိတ်ဆွေဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြား၍ မုန့်ဟင်းခါးဖြင့် ဧည့်ခံကြသည်။ ရပ်ရွာအတွင်း လှည့်လည်ဝေ၍ ဒါနပြုကြသည်။

❑

ကောက်ညှင်းပေါင်း (၂) မျိုးရှိသည်။ ကောက်ညှင်းငချိပ်ပေါင်းနှင့် ပဲလွန်းစေ့ရော ကောက်ညှင်းအဖြူပေါင်းတို့ ဖြစ်သည်။ ကောက်ညှင်းပြန်ပေါင်းဟူ၍လည်းရှိသေး၏။ ခေါပျဉ်သည်လည်း ကောက်ညှင်းပေါင်းနှင့် ဆက်စပ်သည်။ ကောက်ညှင်းပေါင်းကို ဒေသအလိုက် တွဲဖက်စားသုံးမှုများ ခြားနားသည်။ အုန်းသီးပေါသောအရပ်၌ အုန်းသီးခြစ်၊ နှမ်းထောင်းဖြင့် တွဲဖက်စားသုံးကြသည်။ အထက်အညာဒေသများတွင် စားတော်ပဲပြုတ်ကို နှမ်းဆီရွှဲရွှဲဆမ်း၍ ကောက်ညှင်းပေါင်းကို စားသုံးကြသည်။ အချို့က အကြော်စုံဖြင့်တွဲစားကြသည်။

ပေါင်းပြီးသား ကောက်ညှင်းကို အုန်းနို့ဖြင့် ထပ်မံနယ်ဖတ်၍ပေါင်းသော မုန့်ကို 'ကောက်ညှင်းပြန်ပေါင်း' ဟု ခေါ်သည်။ စားသည့်အခါ အုန်းသီးမှုန့်၊ ပုစွန်ခြောက်မှုန့်များဖြင့် တွဲဖက်စားသုံးလျှင် အလွန်ပင် အရသာရှိလှပါသည်။ ကောက်ညှင်းပေါင်းကို အုန်းနို့ဖြင့်ဆမ်း၍စားသုံးရသောမုန့်ကို 'ကောက်ညှင်းနန်ကထိ' ဟု ခေါ်သည်။

ကောက်ညှင်းနှင့်ပတ်သက်သော အခြားမုန့်တစ်မျိုးမှာ 'မုန့်ဖက်ထုပ်' ဖြစ်သည်။ 'မုန့်ထုပ်ကြီး' ဟုလည်း ခေါ်သည်။ အုန်းသီး၊ သကြားတို့ကို ဌာပနာလျက် ဖက်ဖြင့်ထုပ်၍ပေါင်းရသည်။ အချို့ဒေသတွင် 'အညာသားကျောကုန်းမုန့်' ကိုလည်း မုန့်ဖက်ထုပ်ဟုပင် ခေါ်ကြသည်။ သာဂူကို ရောထည့်၍လုပ်လျှင် 'သာဂူမုန့်ဖက်ထုပ်' ဟု ခေါ်သည်။ မုန့်ဖက်ထုပ်ပုံစံမှာ သုံးမြောင့်သဏ္ဌာန်။

အလားတူ 'ကောက်ညှင်းထုပ်' လည်းရှိသေးသည်။ ငှက်ပျောသီးဌာပနာလျှင် 'ငှက်ပျောသီးကောက်ညှင်းထုပ်' ဟူ၍ လည်းကောင်း၊ ပဲလွန်းရောနှောလျှင် 'ပဲကောက်ညှင်းထုပ်' ဟူ၍ လည်းကောင်း၊ မည်သည့်အရာမျှမပါဝင်လျှင် 'ကောက်ညှင်းအဖြူထုပ်' ဟူ၍ လည်းကောင်း ခွဲခွဲခြားခြားခေါ်ဝေါ်ကြသည်။ ထုပ်ပိုးသည့် ဖက်ကုန်ကြမ်းများမှာ များသောအားဖြင့် 'စလူဖက်၊ ဓနိဖက်၊ တောင်စွန်းဖက်၊ ငှက်ပျောဖက်' တို့ ဖြစ်သည်။

အလားတူ ကောက်ညှင်းမုန့်တစ်မျိုးမှာ 'ကောက်ညှင်းကျည်တောက်' ဖြစ်သည်။ 'ခဲတံကျည်တောက်'၊ 'ခဲလံကျည်တောက်' စသည်ဖြင့် မှုကွဲခေါ်ဝေါ်ကြသည်။ ငါးကြော်၊ အုန်းသီးမှုန့်၊ ထန်းလျက်တို့နှင့်တွဲဖက်၍ စားသုံးလျှင် အလွန်ကောင်း။ မြန်မာတိုင်းရင်းသား လူကြိုက်များသောမုန့် ဖြစ်သည်။

❑ *အစွယ်နှစ်ချောင်းဖြူလွင်လွင်၊*
*တောမှာပေါက်တဲ့ဆင်။*
*ဆဒ္ဒန်ဆင်မင်း သူ့ဝမ်းခေါင်း၊*
*ခြသေ့်အပေါင်းအောင်။*
*လုံစွာပိတ်၍မီးမှာထား၊*
*ငွေတောင့်လိုအလား။*
*ဘုရား တရား တင်ပါလေ၊*
*တို့လည်း အမျှဝေ။ ။*

ရှေးစကားထာကလေးတစ်ပုဒ်။

ဆင်သည် ဗုဒ္ဓဟူးနံ 'ဝါး' ကို ဆိုသည်။ ခြသေ့်သည် အင်္ဂါနံ 'ဆန်' ကိုဆိုသည်။ မီးဖြင့်ဖုတ်လျှင် ငွေတောင့်သဖွယ် ကောက်ညှင်းကျည်တောက်ကို ရရှိသည်ဟု ဆိုလိုရင်း ဖြစ်သည်။ ခဲတံကျည်တောက်၏ ပဟေဠိလင်္ကာဖြစ်သကဲ့သို့ မုန့်လုပ်နည်းစနစ်လည်း ဖြစ်သည်။

'ခဲလံ' သည် ရှမ်းဘာသာစကား 'ခဝ်လံ' မှ ဆင်းသက်သည်ဟုသိရသည်။ 'ဝါးထဲတွင် ဆန်ကိုထည့်၍ချက်သောထမင်း' ဟု အဓိပ္ပာယ်ရသည်။ မြန်မာစကား 'ကျည်တောက်' နှင့် တွဲသည်။ အချို့က မြန်မာစကားသက်သက် 'ကောက်ညှင်းကျည်တောက်' ဟုခေါ်ကြသည်။ ရှေးခေတ် ပေရဏကထာ အဘိဓာန်အရ 'ခဲလံချောင်း' ဟုလည်း မှုကွဲခေါ်ဝေါ်ကြသည်။

တစ်ဖက်တွင် အဆစ်ပိတ်သော တင်းဝါးကို အသုံးများသည်။ ကောက်ညှင်းဆန်ကို ရေစင်စင်ဆေး။ ထို့နောက် ရေကိုစစ်။ ဝါးကျည်တောက်များကို အနေတော်ဖြတ်ထား။ ထိုဝါးများထဲသို့ ကောက်ညှင်းကိုထည့်။ ပထမတစ်ကြိမ် ရေဖြည့်။ မကြာခင် ရေကို ဆန်က စုပ်ယူလိမ့်မည်။ ဒုတိယအကြိမ် ရေထပ်ဖြည့်ရသည်။ လိုအပ်လျှင် အကြိမ်ကြိမ် ရေဖြည့်ရသည်။ ဆန်သည် ကျည်တောက်အတိုင်း အပြည့်အသိပ်မထည့်ရ။ ကောက်ညှင်းသား တိုးလာသည့်အခါ နေရာချန်ရသည်။ သို့မဟုတ်ပါက ဝါးလုံးထက်ခြမ်း ကွဲထွက်သွားနိုင်သည်။

ခဲလံကျည်တောက်များကို စောင်း သည့်အနေအထား ဒေါက်တန်းစီလျက် မီးဖုတ်ရသည်။ အောက်မှ မီးကျီးဖြေ သည်လည်း တစ်မျိုး။ ကောက်ရိုးမီးအုံ ပေး၍လည်းတစ်ဖုံ။ ကျက်သွားသော ကောက်ညှင်းကျည်တောက်ကို ခွာကြည့် လျှင် ဝါးလုံး၏ အမြှေးဖြင့် ညီညီညာ ညာ ကပ်နေသော ကောက်ညှင်းချောင်း မွှေးမွှေးကလေးကိုရသည်။

တစ်ခါက ဝါးလုံးများ ထောင်ထား စဉ် ကင်းခြေများကြီးတစ်ကောင်က ဝါး လုံးထဲသို့ ဝင်သွားသည်ကို မည်သူမျှ မသိလိုက်။ ထုံးစံအတိုင်း ဆန်ထည့် သည်။ ရေထည့်သည်။ အပေါက်ကို ကောက်ရိုးများဖြင့် ပိတ်သည်။ မီးဖုတ် သည်။ ထိုကောက်ညှင်းကျည်တောက် ကို ဖွင့်လိုက်သည့်အခါ ထူးထူးခြားခြား မွှေးမွှေးကြိုင်ကြိုင်။ ကင်းကြီးရှိနေသော နေရာတစ်ဝိုက် ဝါဝါဝင်းဝင်း။ ပင်လယ် ထဲမှ ကင်းပုစွန်ကြီးနှယ် စားချင့်စဖွယ်

အမှတ်မထင်ဖြစ်စဉ်တစ်ခုကြော လူတို့ အကြံပေါ်လာကြသည်။ ရှေ ဒေသ ပေလီအပန်းဖြေစခန်းရှိ ဟိုတယ် တစ်ခုမှ ကောက်ညှင်းကျည်တောက် အချို့တွင် ပုစွန်ထုပ်များထည့်၍ မီးဖု လာကြသည်။ အလွန်စားကောင်း ကြိုင်သောမုန့်မျိုးမို့ တန်ဖိုးကခပ် ကြီး။

အခြားတစ်နည်းမှာ 'ကောက်ညှ ဆီထမင်း' ဖြစ်သည်။ ဦးစွာ ဆီသ ရသည်။ ကောက်ညှင်းနှင့် ရေကို အောင်ရောရသည်။ မီးတွင်ချိုးရအော နှပ်ရသည်။ ဆီထမင်းချိုးသည် အ အရသာရှိသည်။ လူကြိုက်များသ အုန်းသီးမှုန့် နှမ်းထောင်းသင်း ကလေး ပုစွန်ခြောက်မှုန့်၊ ငါးခြ ငှက်ကြော်ကြက်ကြော်၊အမဲသား များဖြင့် တွဲဖက်စားလေ့ရှိကြသည်။

❑

ကောက်ညှင်းကို နှပ်၍ပြုလု သောမုန့်တစ်မျိုးမှာ ထမနဲဖြစ် ထမင်းနဲ့၊ နှမ်းမနဲ၊ ယာဂုပွဲ စသ ခေါ်ဝေါ်သည်။ ပြာသို တပို့တွဲ ဟု ဆိုစမှတ်ရှိသည်။ ကောက်ညှ ထမင်းကို ထပ်တလဲလဲနှံ့ရသော



www.burmeseclassic.com

www.burmeseclassic.com

'ထမင်းနဲ့' 'ထမနဲ' ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ ရှေးခေတ်က ယာဂုထမင်းနဲ့ ဟုလည်း ခေါ်ကြသည်။ နှမ်း၊ နှမ်းဆီများ များထည့်ရသောကြောင့် နှမ်းမနဲ့ဟုခေါ် ကြပြန်သည်။

ရှေးပညာရှိများက 'တပို့တွဲလ ကုံသို့ကျ၊ မာဃ ထွန်းစမြဲ၊ ပေါက်လဲ ပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ' ဟူ၍ လည်း စာချိုးစပ်ဆိုကြသည်။

ရာသီဥတုအရ ချမ်းအေးသည့် ကာလတွင် အပူဓာတ်များပါဝင်သော ထမနဲကို မြန်မာတိုင်းရင်းသားတိုင်း မျှော်လင့်တောင့်တကြသည်။ အစုအဖွဲ့ ဖြင့် ပျော်ပျော်ပါးပါး စုပေါင်းထမနဲထိုး ပွဲများ ကျင်းပကြသည်။ အပြိုင်အဆိုင် အနိုင်မခံ အရှုံးမပေး ထမနဲထိုးယှဉ်ပြိုင် ကြသည်မှာလည်း ပျော်စရာပျော်စရာ။

ထို့နောက် ဘုရားသို့ ဆွမ်းဆက် ကပ်ကြသည်။ ရဟန်းသံဃာများအား ဆွမ်းလောင်းလှူကြသည်။ အရပ်သို့ ဝေငှဒါနပြုကြသည်။ ကောက်ညှင်း၊ အုန်းသီး၊ မြေပဲ၊ ချင်း၊ နှမ်း၊ နှမ်းဆီထည့် ရသည်။ ပါဝင်ပစ္စည်းအချိုးအစားနှင့် ပတ်သက်၍ တေးထပ်ကလေးတစ်ပုဒ် ရှိခဲ့သည်။

- *ကုံရာသီမာသ၊ သဘာဝရှင်စွာ၊ ထာဝရ စဉ်လာ၊ များသူငါ ခြိမ့်သဲ။ ညာဇမ္ဗူ သာခုခေါ်အောင်၊ ယာဂု တော် ကြိုဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ၊ လေးပြီ သာထည့်မြဲ။ ချိန်ပိဿာ လျှံကြည်ရွှဲအောင်လို့၊ နှမ်းဆီလည်း ထည့်ပြန်။ မြေပဲဆန် အဌသုညငယ်နှင့် ဒွတ္တိံသ တိလဇီဖျံ၊ အုန်းသီးစိတ် ကျပ်ဝီသံငယ်၊ လောန တံ ချိန်သတ်နှင့်။ ချင်းနုဖတ် သိဂီမျှင်ရွှေ၊ သုံးကျပ် မသွေ၊ နည်းစဉ်ဆက် သမုဆွေငယ်၊ ဥပဒေ မော်ကွန်းပလေး ။ ။*

အဆိုပါ တေးထပ်အရ ကောက်ညှင်းဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ ချင်း သုံးကျပ်သား၊ မြေပဲရှစ်ဆယ်ကျပ်သား၊ နှမ်းသုံးဆယ့်နှစ်ကျပ်သား၊ အုန်းသီးစိတ် နှစ်ဆယ်ကျပ်သား၊ ဆားခုနစ်ကျပ်သား ပါဝင်သည်ဟု ဆိုလိုသည်။ လုပ်ကိုင်ပုံ နည်းစနစ်မှာ ဆီတစ်ပိဿာတွင် ချင်း ထည့်၍ ဆီသတ်ရသည်။ အချို့က အုန်း သီးစိတ်ကို ဦးစွာထည့်လေ့ရှိကြသည်။ ထို့နောက်မှ ကောက်ညှင်းထည့်၍နှပ်ရ သည်။ ကောက်ညှင်းနှပ်ပြီး ဆီပြန်သော် ဖို့မှချ၍ ယောက်မနှစ်လက်ဖြင့် ကြေ အောင် ပွတ်ခြေနှဲ့နေစဉ် မြေပဲ၊ နှမ်း၊ အုန်းသီးစိတ်၊ ဆားထည့်ရသည်။ ထမနဲ ရသည်။

အလွန်အေးလှသောရာသီတွင် အဆီခြောက်တတ်သဖြင့် ဆီနိုင်သော ထမနဲကို စားသင့်သည်ဟု ယုံကြည်ကြ သည်။ အသားအရေစိုပြည်၍အပူဓာတ် ရလာသည်။ မြန်မာ့ဆေးကျမ်းများအလို အရ ပထဝီပျက်သူများ ထမနဲစားသင့် သည်ဟု အယူရှိသည်။

❑

'မုန့်လုံးရေပေါ်' သည်လည်း မြန်မာ့ရိုးရာ ရာသီမုန့်တစ်မျိုးအဖြစ် ထင်ထင်ရှားရှားလူသိများသည်။ မုန့်လုံး ရေပေါ်သည် အရသာကြောင့်လူကြိုက် များခြင်းမဟုတ်။ ခါသကြန်ကာလများ တွင် လူငယ်မောင်မယ်များ စုပေါင်းလုပ် အားဖြင့် ပျော်ပျော်ပါးပါး လုပ်ကိုင်ကြ သောမုန့်ဖြစ်သောကြောင့် ထင်ရှား ကျော်ကြားသည်။

အချို့က ဗေဒင်ယတြာသဘော အရ ကံပေါ်လိုသဖြင့် မုန့်လုံးရေပေါ်ကို စားကြ၊ လှူကြသည်ကလည်း ချစ်စရာ မြန်မာ့ဓလေ့။ မုန့်လုံးကလေးများကိုပြု လုပ်လျက် ရေနွေးပွက်ပွက်ဆူတွင်ထည့် လိုက်ကြရသည်။ မုန့်ကျက်၍ ရေနွေး မျက်နှာပြင်အထက်သို့ ပေါ်လာသည့် အခါ ဆန်ခါဖြင့် ခပ်ဆယ်စားသုံးကြရ သည်။ ထိုသဘာဝအရ မုန့်လုံးရေပေါ် ဟု အမည်ပေးကြခြင်း။

မုန့်လုံးရေပေါ် ဆိုကတည်းက ရေဖြင့်ကျိုချက်ရသောမုန့်မှန်း သိသာ မြင်သာ။ မုန့်လုံးကြီး၊ မုန့်ပိန္နဲစေ့၊ မုန့် ကြာစေ့၊ မုန့်လက်ဆောင်းတို့သည်လည်း ထိုနည်းတူ။ အဆိုပါမုန့်များသည် ကောက်ညှင်းဆန်သက်သက်သာ ပါဝင် ကြသည်။ မုန့်လုံးထဲတွင် အုန်းသီးမှုန့်နှင့် သကြားကို ဌာပနာသဖြင့် မုန့်လုံးကြီးဖြစ် လာသည်။

မုန့်လုံးရေပေါ်တွင်မူ ထန်းလျက် စိတ်ကလေးများ ဌာပနာသည်။ လူပျို ကလေးများကို ကျီစယ်လိုသဖြင့် အပျိုမ ကလေးများက ထန်းလျက်အစား ငရုတ် သီးစိမ်းများထည့်၍ဘည်ခင်းကြလေ့ရှိ သည်။ အမှတ်မထင် ပူစပ်သော ငရုတ် သီးကို စားမိဝါးမိသောကြောင့် ရှူးရှူးရှဲရှဲ ကြွေပျက်ရသည့် အမူအရာအပေါ် အပျော်ရှာကြခြင်း။

မုန့်လုံးရေပေါ်ကို သကြန်အခါ ရေကစားသူများသို့ စတုဒိသာကျွေးမွေး လေ့ရှိသည်။ အရပ်ထဲတွင် လှည့်လည် ဝေငှ လှူဒါန်းကြသည်။ ဘုရား၊ သံဃာ များထံ ဆက်ကပ်ကြသည်။ ထို့ကြောင့် မုန့်လုံးရေပေါ်သည် ပျော်ပျော်ပါးပါး စုပေါင်းလုပ်အားဖြင့် အလှူဒါနပြုအပ် သောမုန့်အဖြစ် သတ်မှတ်သည်။

❑

မုန့်လက်ဆောင်းသည်လည်း သင်္ကြန်မုန့်တစ်မျိုး ဖြစ်သည်။ မုန့်လုံး ရေပေါ်ကဲ့သို့ ရေနွေးဆူဆူဖြင့် ကျိုချက် ရသောမုန့်ဖြစ်သည်။ ရေနွေးကျက် ကျက်ထဲသို့ ကောက်ညှင်းကိုကြိတ်ထား သောမုန့်နှစ်အား ဆန်ခါဖြင့်ဖိချရသည်။ မုန့်လက်ဆောင်းအဖတ်လေးများအဖြစ် ရေတွင်ခပ်ယူရသည်။ ရေအေးအေး(သို့) ရေခဲတုံး၊ ရေခဲရေများတွင် စိမ်ထားလေ့ ရှိကြသည်။ အုန်းနို့၊ ထန်းလျက်ရည်၊ သကြားရည်များဖြင့် တွဲဖက်သောက် သုံးရသည်။ ပူအိုက်သောရာသီတွင် မုန့်လက်ဆောင်းချိုချိုအေးအေးမွှေးမွှေး ကလေးများက အရသာရှိလွန်းလှပေစွ။

မုန့်လက်ဆောင်းကို ရွှေရင်အေး အဖြစ်လည်း ယနေ့အခါ တီထွင်ကြ သည်။ ကောက်ညှင်းပေါင်း၊ ပေါင်မုန့် သား၊ နို့ဆီ၊ ကျောက်ကျောရောင်စုံ၊ ရေခဲတုံးကလေးများဖြင့် ဆန်းသစ်မှုကို လေးစားရသည်။ မုန့်လက်ဆောင်း၊ ရွှေရင်အေးတို့သည်လည်း ရာသီအလှူ မုန့်များအဖြစ်ထင်ရှားသည်။ စတုဒိသာ ကျွေးမွေးကြသည်။ ဝေငှဒါနပြုလုပ်ကြ သည်။

မြန်မာဓလေ့ရိုးရာ မုန့်ပဲသရေစာ သည် အလွန်စိတ်ဝင်စားဖွယ်ကောင်းလှ သည်။ အမျိုးအစားလည်း စုံစုံလင်လင်။ ယခု စုစည်းတင်ပြထားသည့် မြန်မာ မုန့်ပဲသရေစာများမှာ စုပေါင်းလုပ်အား ပျော်ပျော်ပါးပါးဖြင့် ပွဲတော်ဆိုင်ရာ အလှူဒါနပြုသည့်မုန့်များ ဖြစ်သည်။ အလားတူ မြန်မာတိုင်းရင်းသားများ၏ ဒေသအလျောက် 'တစ်ရွာတစ်ပုဒ်ဆန်း မုန့်ပဲသရေစာ' များကို ဆက်လက် စုဆောင်းတင်ပြခွင့်ပြုပါ။

ခန့်နိုင်

**ဖတ်ရှုမှတ်သားစာကိုးကား**

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၅)
၂။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၉)
၃။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၀)
၄။ 'မုန့်သည် ဒေါ်လှအုန်းမယ်' နှင့် ဆွေးနွေးမေးမြန်းချက်များ



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်၏ မွေးရပ်ဇာတိဖြစ်သော ကွမ်းခြံရွာသည် ရန်ကုန် - ပြည် အဝေးပြေးကားလမ်းမကြီး၏ မိုင်တိုင် အမှတ် (၉၀) တွင် တည်ရှိပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်ရန်အတွက် ဂျပန်ပြည်သို့ စစ်ပညာတော်သင်သွားရောက်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့တွင် တစ်ဦးအပါအဝင်ဖြစ်သော ဗိုလ်ဘုန်းမြင့်သည် ကျွန်တော်တို့ကွမ်းခြံရွာသားစစ်စစ်ဖြစ်၏။ ကျွန်တော်၏အိမ်နှင့် ဗိုလ်ဘုန်းမြင့်၏အိမ်သည် ခြံစည်းရိုးသာခြားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# တက်ပုံ-မောင်မောင်အေး

## ကျွတ်ကြီးဂရန်တောတန်းမှတဲလေးတွင်. . .

စိန်နားကပ်အရောင်ဖြင့်ပါးပြောင်သည်ဆိုသလို ကျွန်တော်ကလည်း လွတ်လပ်ရေးမော်ကွန်းဝင်သူရဲကောင်း ဗိုလ်ဘုန်းမြင့်ကိုမှီ၍ ဗိုလ်ဘုန်းမြင့်ဆိုတာ တို့ကွမ်းခြံရွာသားကွ၊ ငါနဲ့အိမ်နီးချင်းဟု ဝင့်ဝါဂုဏ်ယူ၏။ ဗိုလ်ဘုန်းမြင့်က ကျွန်တော်၏အစ်ကိုအကြီးဆုံး ကိုတင်ဦးနှင့် သက်တူရွယ်တူဖြစ်သောကြောင့် ကျွန်တော်ထက် အသက်အများကြီးကွာပါသည်။ သို့သော် အစ်ကိုလေးဟုပင် ခေါ်ပါသည်။ ကျွန်တော်သာမကဘဲ ကျွန်တော်တို့ ကွမ်းခြံရွာသားအားလုံးပင် ဗိုလ်ဘုန်းမြင့်နှင့် ပတ်သက်၍ ဂုဏ်ယူတတ်ကြသလို ကွမ်းခြံရွာဦးထိပ်ရှိ ယောက်ျားကြီးသုံးဖက်စာမက ကြီးမားသောသခွတ်ဖြူပင်ကြီးရှိနေခြင်းကိုလည်း ဂုဏ်ယူကြ၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုသခွတ်ဖြူပင်ကြီးကလည်း ဗိုလ်ဘုန်းမြင့်တို့အိမ်နားမှာပင်ရှိ၏။ သခွတ်ပင်ကြီး၌ ရုက္ခစိုးကြီးရှိသည်ဟု ယုံကြည်ကြသလို တွေ့ဖူးသူလည်းရှိ၏။ တွေ့ဖူးသူများထဲတွင် ကျွန်တော်၏ အဖေဖြစ်သူ ဦးအောင်ထွေးလည်းပါသည်။

သခွတ်ပင်မှရုက္ခစိုးကြီးအကြောင်းကို ၂၀၁၃ ခု၊ မတ်လထုတ် သူရဿမဂ္ဂဇင်းကြီးတွင် ဖော်ပြခဲ့ပါသည်။ ၂၀၁၄ ခု၊ စက်တင်ဘာ ၂၉ ရက်နေ့က ရန်ကုန်မှ ကွမ်းခြံရွာသို့နေ့ချင်းပြန်ရောက်ခဲ့စဉ်က အဆိုပါ သခွတ်ဖြူပင်ကြီး၌ ရုက္ခစိုးစင်မာန်လေးပြုလုပ်ပေးထားသည်ကို တွေ့ခဲ့ရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း အခြေအနေပေးလျှင် သခွတ်ဖြူပင်ကြီး၌ ရုက္ခ



www.burmeseclassic.com

www.burmeseclassic.com

စိုးကြီးအား RCဗိမာန်လေးဆောက်လုပ်ပသ၍ဒေဝတာဗလိလုပ်မည်ဟုရည်ရွယ်ချက်ရှိပါသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ၁၉၄၇-၄၈ ခုနှစ်များတွင် ကျွန်တော်၏မိဘတို့သည် ဆင်းရဲသားလူတန်းစားများဖြစ်ပေရာ ထိုသခွတ်ဖြူပင်ကြီးအောက်တွင် အကြော်ဆိုင်တဲလေးဆောက်၍အကြော်စုံရောင်းကြရပါသည်။ မိုးကာလတွင် တောင်သူလယ်သမားတို့ လယ်ယာလုပ်ငန်းခွင်ဝင်ချိန်ဖြစ်သောကြောင့် အကြော်ဆိုင်လေးရောင်းမကောင်းတော့ပါ။ ကျွန်တော့်အထက်က အစ်မကြီးဖြစ်သူ မခင်တင်ခေါ် မကုလားမက အငှားကောက်စိုက်လိုက်ရပါသည်။ ကောက်စိုက်ခ တစ်နေ့လျှင် ငါးမတ် (တစ်ကျပ်နှစ်ဆယ့်ငါးပြား) ရပါသည်။ တစ်ခါတစ်ရံ ဆန်မရှိ၍ ဆန်ကွဲချက်စားရသည့်အခါလည်း ရှိပါသည်။

ကျွန်တော်တို့မိသားစုဘဝအခြေအနေသတင်းကို ကြားသိရသော အဖေ၏ ဝမ်းကွဲအစ်မကြီး ဒေါ်စိန်နုက စပါးနှစ်တင်းလာယူရန် လူကြုံဖြင့်အကြောင်းကြားလာပါသည်။ ဒေါ်စိန်နုနေသောရွာသည် ကွမ်းခြံရွာနှင့်လေးမိုင်ခန့်ကွာဝေးသော မန်ကျည်းကွင်းဆိုသောရွာဖြစ်ပါသည်။ ကွမ်းခြံရွာမှ မော်တော်ကားလမ်းမကြီးအတိုင်းသွားရပါသည်။ ခြေကျင်ခရီးနှစ်နာရီခန့်လျှောက်ရပါသည်။ ကားကြုံစီးလျှင်ရသော်လည်း ကားခပေးရမည်နှမြော၍ ခြေကျင်သွားသည်ကများ၏။ တောသူတောင်သားတို့၏ဓလေ့ဖြစ်သည်။

ဒေါ်စိန်နုတို့နေသည့် မန်ကျည်းကွင်းရွာရောက်ခါနီးတွင် ကျတ်ကြီးဂရန်ဆိုသောတောတန်းလေးကို ဖြတ်ကျော်ရပါသည်။ အလျားတစ်မိုင်၊ အနံတစ်မိုင်ခန့်ရှိမည် ထင်ပါသည်။ ဤတောတန်းလေးမျိုးကို ကျွန်တော်တို့ဒေသက ဂရန်ဟု ခေါ်ပါသည်။ ယနေ့အသုံးများနေသည့်မြေဂရန်(Grant)ဆိုသည့်ဝေါဟာရမဟုတ်ပါ။ ရန်ကုန်-ပြည်အဝေးပြေးကားလမ်းဘေးတွင် ထိုသို့သော ဂရန်အမည်ရှိတောတန်းသုံးခုရှိပါသည်။အုတ်ဖိုမြို့နယ်တွင်တစ်ခု၊ လက်ပံတန်းမြို့နယ်တွင်တစ်ခု၊ သာယာဝတီမြို့နယ်တွင်တစ်ခုရှိပါသည်။

ထိုစဉ်က ကျွန်တော်တို့ လက်ပံတန်းမြို့နယ်မှ ဂရန်ကို ကျတ်ကြီးဂရန်ဟုခေါ်သလို သာယာဝတီမြို့နယ်မှဂရန်ကို ငွေချောင်းဂရန်ဟု ခေါ်ပါသည်။ ထိုဂရန်တောတန်းသည် ပဲခူးရိုးမရှိ တောကဲ့သို့ သစ်ကြီးဝါးကြီးမရှိဘဲ လူတစ်ရပ်ကျော်ကျော် ချုံပုတ်ပင်များ၊ ကြခတ်ပါးပင်များသာရှိပါသည်။ ကျတ်ကြီးဂရန်ဟု အမည်တွင်ရခြင်းမှာ ထိုဂရန်တောတန်းတွင် ပရလောကသားများဖြစ်သောကျတ်တို့ရှိသည့်အတွက် ကျတ်ကြီးဂရန်ဟုခေါ်ခြင်းဖြစ်ကြောင်း လူကြီးသူမများကပြောပါသည်။ ကျတ်များရှိမရှိမသိရသော်လည်း ထိုကျတ်ကြီးဂရန်တောထဲ၌ လူဆိုးများခိုအောင်း၍ ခရီးသည်တင်ကားများကို မကြာခဏဓားပြတိုက်သောကြောင့် ၁၉၅၀ ပြည့်နှစ်ခန့်က ပတ်ဝန်းကျင်ကျေးရွာရှိလူများ တစ်အိမ်တစ်ယောက်ထွက်၍ ကျတ်ကြီးဂရန်တောတန်းအား ခုတ်ထွင်ရှင်းလင်းမီးရှို့ပစ်ရပါသည်။

အဖေ ဦးအောင်ထွေးနှင့် အမေ ဒေါ်ဖွားရှင်တို့သည် မန်ကျည်းကွင်းရွာမှ ဒေါ်စိန်နုပေးလိုက်သည့် စပါးနှစ်တင်းအား မောင်းတစ်ထမ်းမယ်တစ်ရွက်ဖြင့် ပင်ပန်းကြီးစွာသယ်ယူခဲ့ကြ၏။မန်ကျည်းကွင်းရွာနှင့် ကွမ်းခြံရွာသည် လေးမိုင်ခန့်ကွာဝေးသည်မို့ ခါးချည့်အောင်ထမ်းကြရပေဦးမည်ဟုစဉ်းစားရင်း လျှောက်လှမ်းခဲ့ကြရာ ကျတ်ကြီးဂရန်အလယ်လောက်တွင်ရှိသော ချောင်းရိုးကူးခုံးတံတားနားသို့ရောက်လာကြ၏။

ချောင်းရိုးလေးသည် ကျတ်ကြီးဂရန်တော၏အလယ်မှ စီးဆင်းလာပြီး အနောက်ဘက်ရထားလမ်းနားမှ ကညင်တစ်ကိုင်းရွာဘက်သို့ စီးဆင်းသွားသော ချောင်းရိုးလေးဖြစ်၏။ ရိုးကူးခုံးတံတားလေး မြောက်ဘက်နားအရောက်တွင် ရှေ့တစ်မိုင်ခန့်ရှိ ငွေတောက်ကွင်းရွာဆီမှ လျှပ်စီးများဝင်းလက်ကာ သည်းကြီးမည်းကြီးမိုးရွာနေသည်ကိုမြင်ကြရ၏။

"ကိုင်း-မရှင်ရရေ့ ရှေ့မှာမိုးတွေတော့ သဲသဲမဲမဲရွာနေပြီ။ ဒီလမ်းတစ်



လျှောက်မှာ မိုးခိုစရာအိမ်ဆိုလို့တစ်လုံးမှမရှိဘူး။ တို့တော့ ဒုက္ခရောက်ပြီထင်တယ်။ စပါးတွေမိုးစိုကုန်ရင်ငတ်ပြီ"

ဟု ဆိုရင်း မိုးခိုစရာတွေ့လို့တွေ့ငြား ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိ၏။ ကြည့်လို့သာကြည့်ရသည်၊ ဤကျတ်ကြီးဂရန်တောတန်း၌ လူသူနေထိုင်သည့်အိမ်မဆိုထားနှင့်၊ တစ်ယောက်တည်းပင်ဖြတ်သန်းသွားလာဝံ့သူမရှိသောနေရာဖြစ်၏။

"ဟုတ်ပ့ါတော် ကိုအောင်ထွေးရယ်၊ ကျုပ်တို့တော့ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာလိုဖြစ်နေပြီ"

ဟု အမေ ဒေါ်ဖွားရှင်က ငိုသံဖြင့်ဆို၏။

ထိုစဉ်မှာပင် ချောင်းရိုးလေး၏မြောက်ဘက် ကမ်းဘေးရှိ ကုက္ကိုပင်ကြီးအောက်တွင် တဲတစ်လုံးကို လှမ်းမြင်လိုက်ကြ၏။ မိုးစက်မိုးပေါက်တို့ကလည်း တဖျောဖျောဖြင့်ကျလာပြီဖြစ်ရာ -

"မရှင်ရေ့ ဟိုမှာ တဲလေးတစ်လုံးဟ။ လာ - အဲဒီတဲသွားကြစို့"

ဆိုရင်း အဖေက တဲလေးရှိရာသို့ဦးဆောင်အပြေးသွား၏။အမေကလည်းနောက်ကအမီလိုက်၏။ တဲလေးအတွင်၌ အသက်ငါးဆယ်ခန့်လူကြီးတစ်ဦးထိုင်၍ရေနွေးကြမ်းသောက်နေသည်ကိုတွေ့ရသဖြင့် အဖေက -

"ဦးကြီးခင်ဗျာ၊ ခဏလောက် မိုးခိုပါရစေ"

ဆိုရာ -

"ရတယ် မောင်ရင် ဝင်ခဲ့ပါ"

ဟု ဆိုသဖြင့် အဖေနှင့်အမေတို့ တဲတွင်းသို့ဝင်ကာ အထမ်းအရွက်များချပြီးမှ အမောဖြေရင်း -

"ကျေးဇူးကြီးလှပါတယ် ဦးကြီးရယ်။ ဒီလိုမိုးကြီးပုံနဲ့ ဦးကြီးတဲသာမတွေ့ရင် ဒုက္ခရောက်ပြီပေါ့"

ဟု ရင်ထဲရှိသည့်အတိုင်း ကျေး... တင်စကားဆို၏။ တဲရှင်ဦးကြီးငြိ... သော ရေနွေးကြမ်းကို လင်မယား... ယောက်သောက်ကြရင်း မိုးလုံးဝစဲသွား... တဲရှင်ဦးကြီးအား နှုတ်ဆက်၍ ခရီးဆ... ခဲ့ကြ၏။ ကွမ်းခြံရွာမရောက်မီ ငွေတော... ကွင်းတာစုရွာရှိသေး၏။ ငွေတော... ကွင်းသည် ရွာသုံးရွာဖြစ်ရာ ငွေတော... ကွင်းတာစု၊ ငွေတောက်ကွင်းအ... ရွာ၊ ကျတ်ကြီးဂရန်ငွေတောက်... ၍ဖြစ်၏။ ငွေတောက်ကွင်း...

www.burmeseclassic.com

www.burmeseclassic.com

ဘွမ်းခြံရွာ၏ မြောက်ဘက် တစ်မိုင်ခန့်တွင်ရှိပါသည်။ အဖေနှင့်အမေတို့သည် ဘွမ်းခြံရွာသို့ နေဝင်ခါနီးမှ ပြန်ရောက်ကြပါသည်။ကျွန်တော်တို့မောင်နှမတစ်စုလည်း ကြီးတော် ဒေါ်စိန်နု ပေးလိုက်သော စပါးနှစ်တင်းရလာ၍ ဝမ်းသာနေကြ၏။

ကျွန်တော်တို့မိသားစုသည် ကိုယ်ပိုင်ခြံမြေမရှိဘဲ ဆွေမျိုးနီးစပ်တော်သော ဒေါ်ပန်းစိန်၏ ခြံဝိုင်းထဲတွင် တဲသာသာ အိမ်ကလေးဆောက်၍နေရခြင်းဖြစ်ပါသည်။ နောက်တစ်နေ့တွင် ခြံရှင်ဖြစ်သူ ဒေါ်ပန်းစိန်သည် မန်ကျည်းကွင်းရွာမှ ဒေါ်စိန်နုက စပါးနှစ်တင်းအလကားပေးလိုက်သည်ဆိုသောသတင်းကြားသဖြင့် ကျွန်တော်တို့အိမ်သို့ လာကြည့်ခြင်းဖြစ်သလို သူ့ထံမှ အမေကချေးထားသည့် ဆန်တစ်ပြည် အချေးလာတောင်းခြင်းလည်းဖြစ်သည်။

ယမန်နေ့က မန်ကျည်းကွင်းရွာမှ စပါးနှစ်တင်းသယ်ယူပြီး အပြန်ခရီးတွင် ကျတ်ကြီးဂရန်တောတန်းအလယ်ချောင်းရိုးလေးနားအရောက်၌ မိုးများသည်းကြီးမည်းကြီးရွာလာသောကြောင့် ချောင်းရိုးလေးကမ်းဘေး ကြီးမားသော ကုက္ကိုပင်ကြီးအောက်ရှိတဲလေးတွင် ဝင်ရောက်မိုးခိုခဲ့ရပုံအား အမေကပြောပြရာ -

"ဟဲ့ - မိဖွားရှင်ရယ် တောက်တီးတောက်တဲ့၊ အဲဒီနေရာမှာ ဘာတဲမှမရှိဘူး။ ကျတ်ကြီးဂရန်တောတန်းမှာ တဲထိုးနေဖို့မပြောနဲ့ တစ်ယောက်စနှစ်ယောက်စတောင်မှ တော်ရုံလူမသွားရဲကြဘူး"

ဟု ဒေါ်ပန်းစိန်ကဆိုရာ အမေကလည်း -

"အရီးပန်းစိန်ရယ်၊ ကျွန်မတို့လင်မယားနှစ်ယောက်စလုံး မိုးဝင်ခိုခဲ့ရတာပါ။ နေ့ကြောင်တောင်ကြီးမှားနိုင်စရာမရှိပါဘူး"

ဟု ပြန်ပြော၏။

"ဟဲ့ - ငါဆိုလိုတာက ညည်းတို့လင်မယား မိုးဝင်ခိုခဲ့တဲ့တဲလေးဟာ လူသားတဲမဟုတ်ဘူး၊ ကျတ်ပြိတ္တာတွေနေတဲ့တဲလေးလို့ပြောတာ"

ဟု ရှင်းပြလေရာ အမေဒေါ်ဖွားရှင်လည်း နောက်ကြောင်းပြန်တွေးရင်း ကြက်သီးမွေးညင်းများပင်ထမိ၏။

အမေက ကြက်သီးမွေးညင်းထသော်လည်း အဖေက အယုံအကြည်မရှိချေ။ အဖေ အယုံအကြည်မရှိခြင်းမှာလည်း အကြောင်းမဲ့မဟုတ်၊ ကျွန်တော်တို့ရွာ၏ အရှေ့မြောက်တွင် ဗုဒ္ဓဘာသာကရင်ရွာ၊ ခရစ်ယာန်ကရင်ရွာများရှိပါသည်။ ထိုကရင်ရွာများမှာ အသုဘရှိလျှင် မြို့ကြီးပြကြီးများ၌ အသုဘအတွက်စားမြိန်စာထုပ်ထည့်ပေးလိုက်သလို သူတို့လေ့ဆန်၊ ငါးပိ၊ ကြက်သွန် စသည်တို့သချိုင်းမြေပုံထပ်တွင် ခြင်းတောင်းသေးဖြင့်ချထားလေ့ရှိ၏။

အဖေသည် ထိုစားမြိန်စာခြင်းလေးများတွေ့လျှင် အိမ်သို့ယူဆောင်လာခဲ့ပြီး ချက်စားသူဖြစ်၏။ ဘယ်သရဲတစ္ဆေကမှ သူ့စာမြိန်စာခြင်းမယူနှင့်ဟု မပြောသလို ညအမှောင်တွင် အိမ်ရှေ့မှ ငါ့စာမြိန်စာခြင်းပြန်ပေးဟု တောင်းသံလည်းမကြားဘူးချေ။ ကျွန်တော်တို့လည်း ကလေးဖြစ်၍ အဖေချက်ကျွေးသမျှစားကြရပါသည်။

နောက်တစ်နေ့တွင် အဖေသည် လက်စွဲတော် ဓားမတစ်ချောင်းယူကာ အစ်ကိုကြီး(သားကြီး)ကိုခေါ်၍ ကျတ်ကြီးဂရန်တောတန်းသို့သွားကြည့်ပါသည်။ ယမန်နေ့က ကုက္ကိုပင်ကြီးကိုတွေ့သော်လည်း ကုက္ကိုပင်ကြီးအောက်မှ တဲလေးကိုမူ အစအနပင်မတွေ့ရပါ။ ထူးဆန်းသည်က ယမန်နေ့က တဲလေးရှိသောနေရာတွင် ခြတောင်ပို့ကြီးတစ်လုံးရှိနေခြင်းပင်တည်း။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့မိသားစုစားရန် ဝမ်းစာစပါးနှစ်တင်းအား မိုးစိုမည့်ဘေးအန္တရာယ်မှ ကာကွယ်ပေးသော ကျတ်ကြီးဂရန်တောတန်းမှ အဘိုးအို တဲလေးရှင်အား ကျေးဇူးတင်ရှိပါကြောင်းနှင့် အဖေ ဦးအောင်ထွေး၊ အမေ ဒေါ်ဖွားရှင်တို့ ကိုယ်တွေ့ကြုံခဲ့ရသည့်ဖြစ်ရပ်အား တင်ပြခြင်းဖြစ်ကြောင်းပါခင်ဗျာ။

**စာကြွင်း -**

ထိုကျတ်ကြီးဂရန်တောတန်းတွင် လူဆိုးများခိုအောင်း၍ ပြည်-ရန်ကုန်ခရီးသည်ကားများအား မကြာခဏ ဓားပြတိုက်သောကြောင့် ပတ်ဝန်းကျင် ကျေးရွာများမှ တစ်အိမ်တစ်ယောက်ထွက်ကာ တောခုတ်ရှင်းလင်း မီးရှို့လိုက်မှ လူဆိုးများ ကွယ်ပျောက်သွားပါသည်။ ၁၉၄၉-၅၀ ခန့်ကဖြစ်ပါသည်။ ယခုအခါ ထိုကျတ်ကြီးဂရန်နေရာတွင် ဓေသန္တရဆေးခန်း၊ ရဲစခန်း၊ အ-ထ-က တို့ဖြင့် စည်ကားသာယာသော စံပြဂရန်ရွာသစ်ဖြစ်နေပါကြောင်း။

ဇေတ်ပုံ-မောင်မောင်ဇအေး

# သီးပူ၊ သီးကျင်သော်

## လူစွမ်းမြင့်(နတ်မောက်)

ချင်း၊ ငရုတ်၊ ကြက်သွန်၊ ငရုတ်ကောင်း၊ အရက် စသော အပူအစပ်စားသုံးမှုများပြားသူများ၊ နေပူထဲတွင် အလုပ်လုပ်ရသူများတွင် အများအားဖြင့် ဆီးပူပြီးကျင်တတ်ပါသည်။

'ဆီးသွားတဲ့အခါ ပူလိုက်တာ စားပါ ဘူးသီးပြုတ်' ဟု အဆိုရှိပါသည်။ ဆီးပူသောအခါ ဘူးသီးနုနုကို လေးစိတ်စိတ်ပြုတ်ပြီး ခရမ်းချဉ်သီးချက်၊ ငါးပိချက်တို့နှင့် အတို့အမြုပ်လုပ်ကာ စားပေးခြင်းဖြင့် အလွယ်အသာ သက်သာပျောက်ကင်းစေပါသည်။

ထိုသို့ ဘူးသီးပြုတ်စားရုံနှင့် မပျောက်ကင်းဘဲ ဆီးပူနေပါက အောက်ပါ မီးဖိုချောင်သုံး ဆေးနည်းလေး ပြုလုပ်သောက်လိုက်ပါ။ မုချပျောက်သွားပါလိမ့်မည်။ ယုံမှားသံသယမဖြစ်ပါနှင့်။ လက်တွေ့အသုံးပြု ပျောက်ကင်းပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမျှလည်းမရှိပါ။

သင့်အိမ်မီးဖိုချောင်မှာရှိတဲ့ ကြက်သွန်နီသုံး၊ လေးဥကို အခွံသင်ထုထောင်းပြီး သတ္တုရည်ညှစ်ယူပါ။ ဟင်းသောက်ဇွန်းနှစ်ဇွန်း၊ သုံးဇွန်းရလျှင် သကြားလက်ဖက်စားတစ်ဇွန်း၊ ရေသုံးဇွန်းနှင့်ကျိုချက်ပြီး အအေးခံကာ သောက်ပေးလိုက်ပါ။ ဆီးပူခံရခက်သည့်ဝေဒနာမှာ နာရီပိုင်းအတွင်း လက်တွေ့ပျောက်ကင်းသွားပါမည်။ ထပ်မံပြီး ရောဂါမဖြစ်အောင် ချင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ အရက်အပူအစပ်တွေ လျှော့စား ရှောင်ရှားပေးပါခင်ဗျာ။

*ကျမ်းမာချမ်းသာလန်းဖြာ*
*ဝမ်းသာကြပါစေ*

လူစွမ်းမြင့် (နတ်မောက်)

www.burmeseclassic.com



# (ရှု) မောင်မောင်တိုးမြင့်

## ကားသမားလူမှုန်းနှင့် လမ်းပေါ်မှ ပရလောကသားများ


ကျွန်တော် ကားသမား မောင်လူမုန်း ဒီအကြောင်းကို ဆရာ့ကိုပြောပြဖို့ ရည်ရွယ်ထားတာကြာခဲ့ပြီဆရာ။ အဖြစ်အပျက်ကလည်း ကျွန်တော်လူမုန်း ကုန်တင်ကားမောင်းစဉ်က တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေဆိုတော့ နှစ်ပေါင်းလည်း အတော်ကြာပြီပေါ့ ဆရာရယ်။ ပြီးတော့ ဒီဖြစ်ရပ်က လူမုန်းကိုယ်တွေ့အဖြစ်တွေ၊ ဖြစ်ရပ်မှန်တွေဆိုပေမယ့် တချို့လူတွေက လက်သင့်ခံချင်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် ပြောသင့်၊ မပြောသင့်ချင့်ချိန်နေတာနဲ့ ဆရာ့ကိုမပြောဖြစ်ခဲ့တာပါ။

လူမုန်းတို့ကားသမားတွေဆိုတာ လမ်းပေါ်မှာ ထမင်းရှာစားနေတဲ့သူတွေဆိုတော့ လမ်းပေါ်မှာနေ၊ လမ်းပေါ်မှာအိပ်၊ လမ်းပေါ်မှာစား ကြောင်နက်စားပွဲရုံက တရုတ်ကြီးကပြောတယ်။

'နီတို့ကားစမားတွေ လမ်းပေါ်မှာနေ၊ ပိုလ်လိုစားပြီး ခွီးလိုအိပ်တဲ့ကောင်တွေ'တဲ့။ ဟုတ်တယ်။ သူပြောတာလက်သင့်ခံတယ်။ လူမုန်းတို့ကားသမားတွေ စားလိုက်ရင် အစားအသောက်ကောင်းတဲ့ဆိုင်ကြီးတွေမှာ ဝင်စားကြ၊ သောက်ကြတယ်။ ပြီး-အိပ်ပြီဆိုတော့ လမ်းကြောပေါ်မှာနေရတာလေ၊ တွေ့တဲ့ [illegible] ကားထိုးရပ်၊ ဖြစ်သလိုအိပ်၊ လမ်းပေါ် [illegible] လည်းအိပ်၊ ကားပေါ်လည်းအိပ်၊ [illegible] ပေါ်မှာလည်းအိပ်၊ အဆင်ပြေတဲ့ [illegible] ဖြစ်သလိုအိပ်ကြရတာလေ။

အထူးသဖြင့် အဲဒီခေတ် [illegible] သမားတွေ ကုန်တင်ကားမောင်း [illegible] တွေဟာ ကိုယ်မောင်းချင်သလို [illegible] လို့ရတာမဟုတ်ဘူး။ စိတ်သွားတိုင်း [illegible] မပါဘူး။ ကုန်တင်ကားတစ်စီးလုံ [illegible] စားဖို့ ဝယ်လိုက်တယ်။ ငွေ [illegible] အောင်၊ ကုန်များများတင်နိုင် [illegible]

www.burmeseclassic.com



ဝယ်လာတဲ့ကားကို ဖရိန်တွေ၊ ထပ်ပိုး၊ ဆက်၊ လေးတွေထပ်ဖြည့်၊ ကားဘီးဆိုက်တွေပြောင်းတပ်၊ အကုန်စိတ်တိုင်းကျပြုပြင်ပြီးမှအသုံးချတာ။ ဒီတော့ ကားကကုန်တွေအဆမတန်တင်မောင်း၊အင်ဂျင်အားရှိသလောက် ပစ်စလက်ခတ်မောင်းမရဘူး။ မောင်းရင် တာယာပူမယ်။ ဘီးကွဲမယ်။ ဖြည်းဖြည်းနဲ့မှန်မှန်မောင်း။ မိုင်နှစ်ဆယ်လောက်သွားပြီးရင် ရပ်၊ နာအတာယာတွေရေလောင်း လေပေါင်ပြည့်မပြည့်သိရအောင် ကားဘီးတွေ တုတ်နဲ့လိုက်ရိုက်ကြည့်၊ အေးသွားပြီဆိုမှ တစ်ခါမောင်း။ ဒါကြောင့် ရန်ကုန်-မုံရွာ၊ မန္တလေး-မုံရွာ ကုန်တင်ကားတွေဟာ



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်ကားတာယာ အပူသက်သာအောင် ညမောင်းမောင်းကြရတာ။ ငွေကျပ်ကိုက်အောင်တင်ထားရတဲ့ကုန်ကများတော့ အန္တရာယ်မဖြစ်အောင် အတော်သတိထားပြီး ထိန်းထိန်းသိမ်းသိမ်းမောင်းကြရတာ။ တင်ထားတဲ့ကုန်များတယ်၊ မများဘူးဆိုတာတော့ လှတောသားသာမေးကြည့်တော့ ဆရာရေ။ ဂိုထောင်ဘီးတပ်ထားတာလို့ ပြောလိမ့်မယ်။

သူ့ခေတ်နဲ့သူ ဒီလိုပဲလုပ်ကိုင်စားကြရတာလေ ဆရာရဲ့။ အခုခေတ်တော့ အဲဒီလိုမလုပ်ရတော့ဘူး။ လမ်းတွေကြံ့ခိုင်မှုရှိအောင် လမ်းရဲ့ခံနိုင်ရည်၊ ဝန်သတ်မှတ်ချက်တွေရှိလာပြီ။ ကားရော၊ ကုန်ပါ တန်ချိန်ဘယ်လောက်ရှိတယ်ဆိုတာသိအောင် ကတ္တားပေါ်တက်ကြရပြီ။ ဟိုးအရင်ကလို တင်ချင်သလိုတင်၊ မောင်းချင်သလိုမောင်းလို့မရတော့ဘူး။

ပြီးတော့ ကားသမား၊ ကားလောကကလည်းအတော်ကျယ်ပြန့်တာ ဆရာရဲ့။ ခရီးသည်တင်ကားမောင်းတဲ့ ကားသမားရှိတယ်၊ အုံတ်၊ သဲကားမောင်းတဲ့သူရှိတယ်၊ လိုင်းဘတ်(စ်)ကားမောင်းတဲ့သူရှိတယ်၊ ဌာနဆိုင်ရာကားမောင်းသမားရှိတယ်၊ တက္ကစီကားသမားတွေရှိတယ်။ ကုမ္ပဏီကားမောင်းတဲ့ကားသမားတွေရှိတယ် အများကြီး။ အဲဒီအများကြီးရှိတဲ့အထဲက လမ်းပေါ်မှာအနေများတာတော့ ကုန်ကားသမားတွေပဲ။ အဲဒီခေတ်ကအနေများတာ။ ဒီကုန်တင်ကားသမားတွေအကြောင်းပြောနေတာက ဒီလိုဆရာရေ။ လူမုန်းတွေ့ရကြုံရတာက ကုန်တင်ကားမောင်းတုန်းကမို့ပါ ဆရာ။

ဟိုအရင် ဘုရားမသိ၊ တရားမသိ၊ လောဘစိတ်တွေနဲ့စီးပွားရှာစဉ်က ဆရာကိုလူမုန်းပြောဖူးတယ်လေ။ လူမုန်း ငွေရချင်တာတစ်ခုပဲသိတာ။ကြောက်လည်း မကြောက်တတ်ဘူးလို့၊ မကြောက်တတ်လို့ တက္ကစီအငှားကားမောင်းတော့ မသေမရှင်လူနာရော၊ သေပြီးသားလူရော ငွေရရင်အကုန်တင်၊ နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ်မောင်းလာတဲ့လူမုန်း။ ကုန်တင်ကားမောင်းမှတွေ့ရတဲ့အဖြစ်ကတော့ လူမုန်းမကြောက်ပေမယ့် လန့်တော့ အတော်လန့်ခဲ့ရပါတယ် ဆရာ။

လူမုန်း ပရလောကသားတွေကိုမတွေ့ခဲ့ဖူးခင်က ကြောက်ဖို့လန့်ဖို့မပြောနဲ့ ရှိတယ်ဆိုတာတောင် လက်ခံချင်တဲ့ကောင်မဟုတ်ဘူး။ မိရိုးဖလာအမည်ခံဗုဒ္ဓဘာသာဝင်ဘဝတုန်းက အသိမရှိခဲ့လို့ပါ။ လမ်းပေါ်မှာနေ ညမှာမှကားထွက်ကြရတဲ့ လူမုန်းတို့ကားသမားတွေ ပရလောကသားတွေနဲ့ကြုံရတာ အဆန်းမဟုတ်ပေမယ့် ပထမတစ်ခါတွေ့စဉ်က တစ္ဆေသရဲနဲ့တွေ့တယ်လို့တောင် မထင်ခဲ့ဘူး။မထင်လို့ကြောက်လည်းမကြောက်ခဲ့ဘူး။ အဲဒီတုန်းက လူမုန်း မုံရွာ ဆူးလေကုန်းရပ်ထဲက ကိုကျော်ကြီးရဲ့ကုန်ကားကိုမောင်းနေတာ။ ကိုကျော်ကြီးက ကုန်တင်ကားကြီးလေး၊ငါးစီးလောက်ရှိတယ်။ ရန်ကုန် - မုံရွာ ကုန်ကားဆွဲတယ်။ မန္တလေး-မုံရွာလည်း သွားတယ်။ လူမုန်း မုံရွာ-ရန်ကုန် ကားကြီးမောင်းနေရာက အဖေနဲ့အမေတို့ အသက်ကြီးလာတော့ ကျန်းမာရေးစိတ်မချတာနဲ့ ကိုကျော်ကြီးကိုပြောပြီး မန္တလေး-မုံရွာ လိုင်းတိုလေးမောင်းနေတယ်။ မန္တလေး-မုံရွာလိုင်းဆိုတော့ ရန်ကုန် - မုံရွာကားကြီးတွေလောက် ကားအခြေအနေကမကောင်းဘူး။ သူကလိုင်းတိုကိုး။ လူမုန်း ကားစပယ်ယာလိုက်တယ်။ ကားတော့မပြင်တတ်ဘူး။ လူမုန်းက ဆရာဦးသောင်းညွှန့်ဝပ်ရှော့ထွက်ဆိုတော့ ကားကောင်းကောင်းပြင်တတ်တယ်ဆိုပါတော့။ သူ့ခေတ်နဲ့သူ လူချောပေါ့လေ။ အဲဒီရက်လူမုန်း မန္တလေးတက်သွားတုန်းက ကားက ကုန်တော်တော်များတယ်။ အင်ဂျင်ကလည်းကောင်းတော့ ကုန်များပေမယ့် မန္တလေးကို ချောချောမောမောရောက်သွားတယ်။ မုံရွာပြန်အဆင်း ကုန်စောင့်နေတဲ့အချိန် အိမ်မှာအတူနေ အဖေနဲ့အမေကို စောင့်ရှောက်ပေးနေတဲ့ ဝမ်းကွဲနှမလေးဆီက ဂိတ်ကိုဖုန်းဝင်လာတယ်။ အမေနေမကောင်းဘူး၊ ဝမ်းပျက်ဝမ်းလျှောတာဆိုလို့ ဆေးရုံချက်ချင်းတင်ခိုင်းလိုက်တယ်။ ဝမ်းပျက်ဝမ်းလျှောတာဆိုတော့ အချိန်မီကုသမှုခံမှလေဆရာရဲ့။ နောက်ကျလို့မရဘူး။ ဘာကြောင့်ပဲ ဝမ်းလျှောလျှော ဆေးရုံဆေးခန်းအရောက်မြန်ဖို့အရေးကြီးတယ်။အမေက အသက်အရွယ်ကြီးပြီဆိုတော့ ပိုပြီးဂရုစိုက်ရတယ်။ အဲဒီတုန်းက ဖုန်းတွေက လက်နဲ့လှည့်ပြီး အိတ်ချိန်းကတစ်ဆင့်ပြောရတဲ့ဖုန်းတွေလေ။ ဖုန်းတစ်ခါပြောဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။

ဒါနဲ့ ဂိတ်မှူးကိုတင်မြက -

"ကဲ - လူမုန်းရေ၊ ခင်ဗျားကုန်စောင့်မနေနဲ့။ဂိတ်ရှိတဲ့ခရမ်းချဉ်သေတ္တာတွေတင်သွား၊ ကုန်နည်းနည်းလျှော့တော့ သွက်သွက်လေးမောင်းသွားတော့"

ပြောပြီး လူမုန်းကို ဦးစားပေးတင်ပေးလိုက်ပါတယ်။ ဂိတ်မှူးကောင်းရှာပါတယ်။ အဲဒီတုန်းက ကုန်စိမ်းကားတွေ တောင်ကြီး၊ ညောင်ရွှေ၊ အောင်ဆန်းဘက်ကလာတဲ့ကားတွေက မုံရွာတောက်လျှောက်မသွားကြသေးဘူး။ မန္တလေးလောက်ပဲဆင်းကြတာ။ ကုန်စိမ်းသေတ္တာတချို့က မုံရွာကားနဲ့ပြောင်းကြတာ။ လူမုန်းလည်း ခရမ်းချဉ်သေတ္တာတွေတင်မောင်းလာလိုက်တာ ညမောင်းမဟုတ်တော့ဘူး။ နေ့မောင်းဖြစ်သွားတော့ပေါ့။မုံရွေး၊ ကြေးမုံကျော်လာတော့ ညမှောင်ရီပျိုးလာပြီ။ အဲ- မြေနဲရွာနားရောက်တော့ ကားရေတိုင်ကီပေါက်ပြီး ရေဆူပြီဗျာ။ တော်ရုံတန်ရုံ ရေတိုင်ကီပေါက်တာလောက်ကတော့ ငှက်ပျောသီးမှည့်နဲ့ဖာမောင်းရင်ရတယ်။ အခုဟာက အပေါက်ကဖာလို့မရအောင်ကြီးနေတာနဲ့ ကားလမ်းဘေးချရပ်၊ စိတ်ကလည်းစောနေ၊ အမေ့အခြေအနေလည်းသိချင်တာနဲ့ ကားကို ဒွေးဝင်းကို အသေအချာပြောထားခဲ့ပြီး မြေနဲရွာတကိုစက်ဘီးငှားပြီး မုံရွာကိုအပြေးနင်းပြန်ခဲ့ပါတယ်။

အချိန်ကလည်း အမှောင်ဘက်ရောက်နေ၊ လမ်းမီးတွေ လူနေအိမ်တွေရှိသေးတာမှမဟုတ်တာ။ မုံရွာနဲ့ကတော့ (၇)မိုင်လောက်ပဲဝေးတာပါ။ အဲဒီတုန်းက မုံရွာမြို့က အခုကားလေးဝင်းနေရာက မုံရွာမြို့။ ကားလေးဝန်းက ဟိုအရင်က မုံရွာချိုင်းကြီး။ လူနေအိမ်ခြေမ[illegible]ဘူး။ လမ်းမကြီးအနောက်ဘက်မှာ သ[illegible]စက်ကြီးဓတ္တ သားရေရုံတွေပဲရှိတယ်။ လမ်းမီးတွေကလည်း လင်းလင်းထိန်ထိန်မရှိ၊ အင်မတန်ခေါင်တဲ့နေရာတွေ[illegible] လူသွားလူလာဆိပ်မရှိပါဘူး။ လူမုန်း မြေနဲက စက်ဘီးလေးနင်းပြန်လာလိုက်တာ မအူရွာကျော်လာတော့ မိုင်တဲ[illegible] လို့ခေါ်တဲ့နေရာ (ယခု ကားကြီးကွင်း[illegible] အရှေ့ဘက်က (ကညန) ရုံး)အရော[illegible] မှာ စက်ဘီးဘေးက ရှပ်ရှပ်အသံကြား[illegible] လို့ကြည့်လိုက်တော့ အတော်ကြီးတဲ့[illegible] နက်ကြီးတစ်ကောင် ကပ်လိုက်လာ[illegible] တယ်။ လူမုန်းစိတ်ထဲမှာဘယ်လိုမှမ[illegible] တတ်ပါဘူး။ ရိုးရိုးခွေးလို့ပဲ အဲဒီအ[illegible] ကထင်ခဲ့တာပါ။ မစဉ်းစားမိလို့ပါ။ [illegible] အချိန်အခါက လမ်းဘေးလူနေအိမ်[illegible] မရှိပါဘူး။ ရွာနဲ့လည်းမနီးပါဘူး။ မ[illegible] ကုန်းဆိုတဲ့ရွာက လမ်းမကြီးနဲ့ (၁)[illegible]



www.burmeseclassic.com

www.burmeseclassic.com

လောက်ဝေးပါတယ်။ ညောင်ပင်ဇောက်ရွာကလည်းဒီလောက်ပါ။ လူနေအိမ်ခြေမရှိဘဲ ဒီခွေးက ဘယ်ကရောက်လာမှန်းမသိပါဘူး။ မကြောက်တော့လည်းမစဉ်းစားမိဘူးပေါ့ဗျာ။

"ဟ-ကောင်ကြီးရ၊ မင်းဘယ်သွားမလို့တုံးကွ။ အေး- ငါ့အဖော်ရတာပေါ့၊ လိုက်ခဲ့ကွာ"

လို့ လူမုန်းပြောပြီး သူနဲ့ယှဉ် စက်ဘီးနင်းလာပါတယ်။ ခွေးနက်ကြီးကလည်း စက်ဘီးဘေးက ရှပ်ရှပ်ရှပ်ရှပ်နဲ့ လိုက်လာပါတယ်။ တစ်ချက်တစ်ချက် လျှာတန်းလန်းနဲ့မျက်လုံးရဲရဲကြီးနဲ့ လူမုန်းကိုမော့မော့ကြည့်ပါတယ်။ လူမုန်းပြောင်ချင်စချင်တာနဲ့ စက်ဘီးကို မြန်မြန်နင်းရင် မြန်မြန်လိုက်ပါတယ်။ နှေးသွားရင် သူလည်း နှေးသွားပါတယ်။ လမ်းတစ်လျှောက်လုံးမှာ မီးလည်းမရှိ၊ လူသွားလူလာလည်းမရှိ။ လူမုန်းနဲ့ သူနဲ့ပဲရှိပါတယ်။ အဲဒီလိုနဲ့ လိုက်လာလိုက်တာ ညောင်ပင်ဇောက်ကွေ့လို့ခေါ်တဲ့လမ်းအကွေ့မရောက်ခင် လမ်းအနောက်ဘက်မှာ အမဲသတ်ရုံ၊ လမ်းအရှေ့ဘက်မှာ ဝက်သတ်ရုံနှစ်ရုံရှိတာ အနောက်ဘက်မှာရှိတဲ့ အမဲသတ်ရုံဘက်ကိုဆင်းနေရစ်ခဲ့ပါတော့တယ်။ လူမုန်းစိတ်ထဲမှာ ရိုးရိုးခွေးလို့ပဲထင်ခဲ့မိလို့ ကြောက်စိတ်လည်းလုံးဝမရှိပါဘူး။

နောက်မှ ရိုးရိုးခွေးမဟုတ်တဲ့အကြောင်းသိရတာကဒီလို။ လူမုန်းတို့ မုံရွာမှာ ဆုတောင်းပြည့်ဘုရားကြီးနဲ့ ရွှေစည်းခုံဘုရားပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော်ကနေ လကုန်ဟဲ့အထိကျင်းပပါတယ်။ အလွန်စည်ကားပါတယ်။ အနီးနားမြို့ရွာကလူတွေအကုန်လာကြတာ လူငယ်လူရွယ်တွေအတွက်လည်း အလွန်ပျော်စရာပေါ့။ အဲဒါ လူမုန်းတို့အိမ် နီးနားချင်းလေးတွေဖြစ်တဲ့ မြင့်ဇော်၊ ကြက်သဲ၊ မောင်ချပ်တို့ သုံးယောက် ဘုရားဈေးကိုသွားလည်ရင်း မအူရွာက မိန်းကလေးတွေနဲ့ ဘုရားဈေးမှာတွေ့၊ ငြိတိတိဖြစ်တော့ သူတို့ရွာအပြန်ညမှာရွာကိုလိုက်ပို့ကြတယ်။ စက်ဘီးတွေနဲ့ပေါ့။ အဲဒီတုန်းက စက်ဘီးခေတ်လေ။ ပို့ပြီး လူသုံးယောက် စက်ဘီးနှစ်စင်းနဲ့ပြန်အလာ မိုင်တဲကွေ့အလွန်ခွေးနက်ကြီးတစ်ကောင်က သစ်ပင်ပေါ်ကဆင်းလိုက်လို့ စက်ဘီးကိုအတင်းနင်းပြေးခဲ့ရတယ်လို့ ပြောပါတယ်။ အဲဒါ မောင်ချပ်ကနောက်ကလိုက်တဲ့လူမို့ သူ့ကို ခုန်ဆွဲခံရတော့ လန့်ပြီးဖျားနေလို့ ဆေးဆရာခေါ် ဆေးကုနေရတယ်ပြောတာနဲ့ လူမုန်းသွားမေးတော့ မောင်ချပ်က -

"မိုင်တဲကွေ့အရောက်မှာ လမ်းအနောက်ဘက် တမာပင်ပေါ်ကဆင်းလိုက်လာတာ ကိုကြီးလူမုန်းရေ၊ အစကကျွန်တော်က ကြောင်ကြီးလို့ထင်တာ ခုန်ဆွဲတော့မှ ခွေးကြီးမှန်းသိရတာ။ ခွေးနက်ကြီးဗျ။ မျက်လုံးရဲရဲ၊ လျှာတွဲလဲနဲ့ ကြောက်စရာကြီးဗျာ"

"အေး- ရိုးရိုးခွေးဆိုရင်တော့ သစ်ပင်ပေါ် မနေဘူးကွ။ ခွေးသစ်ပင်ပေါ် မတက်နိုင်ဘူး"

"မသိဘူးဗျာ၊ ကျွန်တော်တော့ ညကြီးမင်းကြီး မိုင်တဲကွေ့တော့မသွားရဲတော့ဘူး"

အဲဒီလိုအဖြစ်ကြုံမှ ဒီမိုင်တဲ့ကွေ့က လူမုန်းနောက်လိုက်လာတဲ့ခွေးဟာ ပရလောကသားဆိုတာသိရတာ ဆရာရေ။ အဲ- စောစောက စကားပြန်ဆက်ရဦးမယ်။ လူမုန်း မုံရွာရောက်တော့ ညကိုးနာရီကျော်သွားပြီ။ အိမ်မပြန်ဘဲ ဆေးရုံကိုတန်းသွားပြီး အမေ့ဆီကိုအပြေးလာလိုက်တယ်။ အမေနေကောင်းသွားပါပြီ။ ပုလင်းတွေ တောက်လျှောက်ချိတ်တယ်တဲ့။ အမေတွေ့တော့လည်း ပုလင်းချိတ်လျက်ပါ။ ဒီပုလင်းကုန်ရင်ရပ်တော့မယ်တဲ့။ သွေးပေါင်ကောင်းသွားပြီပြောပါတယ်။ အမေ့မျက်နှာလည်း ကြည်ကြည်လင်လင်နဲ့ပါ။ အမေ ဆေးရုံမှာ နှစ်ရက်နေရပါတယ်။

အဲဒီရက်တွေတုန်းက ကြုံရပုံများပြောဦးမယ်ဆရာရေ။ ဆေးရုံမှာ အမေရှိနေစဉ် လူမုန်း အိမ်နဲ့ဆေးရုံ၊ ဆေးရုံနဲ့အိမ်ခေါက်တုံ့ခေါက်ပြန်သွားနေရတယ်။ အမေ့ကို ဆေးရုံတင်ထားတာက ပိုက်ဆံပေးရတဲ့ ဟိုတုန်းက ကျုပ်တို့ အညာအခေါ် ပိုက်ဆံခန်း၊ သီးသန့်ခန်းမှာထားတာ။ အမေ့အခန်းက အဆောင်ဝင်ပေါက်ရဲ့ဒုတိယအခန်း။ ဝင်ဝင်ချင်း ပထမအခန်းကတော့ အမျိုးသမီးရောဂါကြောင့် ဆေးကုနေရတဲ့ အသက်သုံးဆယ်အရွယ်အမျိုးသမီးရဲ့အခန်း၊ အမေ့အခန်းကိုသွားရင် သူ့အခန်းရှေ့ကဖြတ်သွားရတာ။ ဒီရက်အတွင်း ဖြတ်သွားဖြတ်လာ မကြည့်ချင်လည်း အမြဲမြင်နေရတယ်။

အမေဆေးရုံကမဆင်းခင် အရင်တစ်ရက် ညနေ နေဝင်ခါစအချိန်လေးမှာ အမှတ်တမဲ့ လူမုန်း အပေါ့အပါးသွားဖို့ သန့်စင်ခန်းကိုသွားပါတယ်။ အဲဒီမှာ အမျိုးသမီးသန့်စင်ခန်းဘက်က ပထမအခန်းမှာဆေးကုနေတဲ့အမျိုးသမီးဟာ အကျႌအဝါ၊ အစိမ်းထဲက အဝါပွင့်လေးတွေပါတဲ့ထဘီနဲ့ သန့်စင်ခန်းဘက်ကထွက်လာပါတယ်။ လူမုန်းနဲ့ မျက်နှာချင်းဆိုင်တွေ့လိုက်တာပါ။ လူမုန်းစိတ်ထဲမှာ-

'ဩော်-ကလေးမလေးနေကောင်းသွားလို့ အတွဲမပါဘဲ တစ်ယောက်တည်း သန့်စင်ခန်းတောင် လာနိုင်သွားနိုင်ပြီပဲ' လို့ အောက်မေ့လိုက်ပါတယ်။ လူမုန်း သန့်စင်ခန်းကအပြန် အမေ့အခန်းဆီသွားတော့ ဟောဗျာ - ပထမအခန်းက မိန်းကလေးအလောင်းထုတ်သွားပြီ။ ဒါနဲ့ အမေ့အခန်းထဲက နှမလေးကို လူမုန်းမေးမိပါတော့တယ်။

"ညီမလေး နွေးနွေးခင်၊ ဟိုဘက်ခန်းကမိန်းကလေးဆုံးသွားတာ မြန်လှချေလား။ အခုနကမှ အစ်ကိုကြီးနဲ့ သန့်စင်ခန်းအထွက် မျက်နှာချင်းဆိုင်တစ်ယောက်တည်းတွေ့လိုက်သေးတယ်"

"ဟာ - ကိုကြီးလူမုန်းကလည်း ပြောရော့မယ်၊ မဟုတ်တာ"

"ဟုတ်တယ် ညီမလေးရ၊ ကိုကြီးကအသွား သူကအပြန်ဗျာ။ အကျႌအဝါ၊ ထဘီကအစိမ်းဝါလေးနဲ့"

"ဝတ်ထားတဲ့ ထဘီနဲ့ အကျႌက ဟုတ်ပါတယ်။ လူက ဘယ်မှမသွားနိုင်တော့ပါဘူး။ ကိုကြီးထွက်သွားတော့ သူအမောဖောက်နေပြီ ကိုကြီးရဲ့"

"ဟောဗျာ၊ ဟုတ်ရဲ့လားဟာ"

လူမုန်း ဘာမှဆက်ပြောလို့မရတော့ပါဘူး။ ပြောလည်းမပြောတတ်တော့ပါဘူးခင်ဗျား။

အမေ ဆေးရုံကဆင်းနေကောင်းသွားတော့ လူမုန်းလည်း ကားအုံနာကိုကျော်ကြီးကိုပြောပြီး လိုင်းတိုမန္တလေး-မုံရွာ ကုန်ကားလေးမောင်းနေခဲ့ပါတယ်။ ကိုကျော်ကြီးကလည်း အမေနဲ့အဖေ့ကျန်းမာရေးအတွက်မို့ ကျေကျေနပ်နပ်ပဲ မန္တလေးကားကို မောင်းခိုင်းပါတော့တယ်။ မုံရွေး၊ ကြေးမုံရွာက စပယ်ယာ မောင်ဌေးဝင်းလေးနဲ့ အတွဲညီညီချိတက်နေကြပါတယ်။ ဩော် - မုံရွေး၊ ကြေးမုံဆိုလို့ပြောရဦးမယ်။ လူမုန်းတို့ ကုန်ကား မောင်းနေတဲ့ခေတ်က မုံရွေးရွာ နဲ့ ကြေးမုံရွာဟာ ကားသမား၊ စပယ်ယာ၊ ကားအုံနာအလွန်ထွက်တာ။ မုံရွေးနဲ့မုံရွာ ကိုးမိုင်လောက်ရှိတဲ့ လိုင်းတိုကား



www.burmeseclassic.com

www.burmeseclassic.com

သင်းမှာကို ကား (၃၁) စီးအသင်းဝင် ကားရှိတယ်။ အခုတော့ ခေတ်ကာလ အခြေအနေအရ ကားသင်းမရှိတော့ဘူး။ ကားသမားပေါ်သလို ကားလုပ်ငန်းနဲ့ အောင်မြင်တဲ့သူလည်း များပါတယ်။ ကြေးမုံက ကိုကျော်မြင့်၊ မုံရွေးက အုန်းဖိုးရဲ့သား ကိုသိန်းဝင်း၊ ကိုသန်းဝင်းတို့ ဆိုရင် ဝါရင့်ကားသမားကြီးတွေပါ။ ပြီးတော့ ဘုတလင်နယ် ကျီးပင်ချောင်သား ကိုတက်ထွန်းကြီးဆိုရင် မုံရွေးသူ မလှတင့်နဲ့ အိမ်ထောင်ကျ မုံရွေးသားဖြစ်ပြီး ရွှေသိန်းနာမည်နဲ့ ကားလုပ်ငန်းလုပ်လိုက်တာ အလွန်အောင်မြင်ပါတယ်။ အခုတော့ မရှိရှာတော့ပါဘူး။ ဟားခါးလမ်းမှာ ကားအက်စီးဒင့်ဖြစ်လို့ ကွယ်လွန်သွားရှာပါပြီ။ သူတို့မိသားစုဆိုရင် လူမှုန်းနဲ့အလွန်ခင်ပါတယ်။

လူမှုန်း ကုန်ကားလိုင်းမှာ နှစ်အတော်ကြာအောင် ကျင်လည်နေတဲ့ အတွင်း ဒီပရလောကသားတွေနဲ့ အကြိမ်ကြိမ်ကြုံခဲ့ရတာတွေထဲက မှတ်မှတ်ရရတစ်ခုက တစ်ရက်မှာ ကုန်တင်ပြီး ည(၇)နာရီကျော်မှာ မုံရွာကထွက်လာပါတယ်။ မိုးလေးရွာထားလို့ ကားကိုဖြည်းဖြည်းမောင်းခဲ့တယ်။ ကုန်ချိန်ကတော့သိပ်မများပါဘူး။ အသင့်အတင့်ပါ။ ဒါပေမယ့် မိုးရွာထားတော့ လမ်းချောတယ်လေ။ ပြီးတော့ မြေသားလမ်းပခုံးတွေက မိုးရေနဲ့အိနေတော့ ကားအရှောင် လမ်းဘေးချရင် ဖြည်းဖြည်းသတိထားချရတယ်။ အခုတော့ မုံရွာ-မန္တလေးလမ်းက နှစ်စင်းမက ကောင်းကောင်းကြီးရှောင်လို့ရပါပြီ။ ဘေးချစရာမလိုတော့ပါဘူး။ ဖြည်းဖြည်းမောင်းလာရင်း ချောင်းဦးတောင်ဘက် နတ်ရေကန်ရွာလွန်တော့ မျက်နှာချင်းဆိုင်ကားလာလို့ မီးတောင်းပြီး ရှေ့မီးကြီးချပေးလိုက်ပါတယ်။ အဲဒါ လာတဲ့ ကားက မီးချမပေးတာနဲ့ မီးကြီးပြန်တင်မောင်းရပါတယ်။ မီးကြီးနဲ့ထိုးမောင်းနေတုန်းမှာပဲ ရှေ့ကလာတဲ့ကားက လမ်းဘေးဆင်းသွားပြီး ထနောင်းပင်ဝင်တိုက်တာတွေ့လိုက်ရတယ်။ ကားက ဆန်နီပစ်ကပ်အဖြူလေးပါ။ လူမှုန်းလည်း မြင်ကွင်းမှာမြင်လိုက်ရတာကိုပြောဖို့ ဘေးကထိုင်လာတဲ့ ဌေးဝင်းကို ကြည့်လိုက်တော့ ဆရာက ခွေခွေလေးအိပ်လို့ဗျာ။ ဌေးဝင်းကိုနှိုးပြီး အကျိုးအကြောင်းပြောတော့ ဌေးဝင်း ပြူးတူးပြဲတဲနဲ့လျှောက်ကြည့်ပြီး 'ဘယ်မှာလဲအာစရိရဲ့၊ ဘာမှမရှိပါလား'



မြင်ကွင်းကို အသေအချာမြင်ရပြီးမှ အခုဘာမှမရှိတော့ဘူးဆိုတော့ လူမှုန်းအူကြောင်ကြောင်ဖြစ်သွားရပါပြီ။

"အာစရိကတော့လုပ်ပြီ၊ အရက်လည်းမသောက်ဘဲနဲ့။ အရက်သောက်တတ်ရင်လည်း အရက်ကြောင်တယ် ပြောရလေသေးရဲ့"

"အေးကွာ၊ ငါအသေအချာမြင်လိုက်တာကွ"

"မြင်ရရင်ရှိမှာပေါ့ဗျ၊ အခုရှိမှမရှိဘဲ။ မှန်းစမ်း အာစရိ အခုဘယ်ရောက်ပြီလဲ"

"နတ်ရေကန်လွန်လာပြီကွ"

"အာစရိအခုနတမြင်လိုက်ရတာ ဟုတ်ပါပြီ။ အသံလေးဘာလေးမကြားလိုက်ဘူးလား"

"အေး - မင်းပြောမှသတိထားမိတယ်။ အသံတော့သတိမထားမိဘူးကွ"

"အာစရိ မှတ်မိသေးလား၊ ကြာပြီလေ။ မန္တလေးကပြန်လာတဲ့ဆရာဝန်မောင်နှမ အက်စီးဒင့်ဖြစ်တဲ့ထနောင်းပင်"

"အေးဗျာ - ဟုတ်တာပေါ့ကွ။ အဲဒီဆရာဝန်လေးက ငါနဲ့ခင်တယ်ကွ။ အခါတိုင်း မန္တလေးသွားရင် သူကိုယ်တိုင်မမောင်းဘူးကွ။ ကားဒရိုင်ဘာလာလာခေါ်တာ။ ငါနဲ့တွေ့ရင် ငါ့လူထည့်ပေးလိုက်တယ်။ အဲဒီနေ့ကဖြစ်ချင်တော့ သူနဲ့ သူ့အစ်မ နှစ်ယောက်တည်းသွားတာ၊ သူကိုယ်တိုင်မောင်းသွားတယ်။ ငါသတိထားမိတာက ဒီဆရာဝန်လေးက ကားမောင်းရင် ခြေပြင်းတယ်ကွ။ မြို့တွင်းမောင်းတာလို ခြေပြင်းပြင်းနင်းတာ၊ ညမောင်းလည်းဖြစ် ခြေကလည်းပြင်း တော့ မျက်နှာချင်းဆိုင်ကလာတဲ့ကားက မီးချမပေးနဲ့ဆုံသွားတာကွ။ မီးချမပေးဘဲ မီးထိုးထားတော့ မြင်ကွင်းပျောက်သွားပြီး ရှေ့မှာရပ်ထားတဲ့ ကားကြီးနောက်မြီးဘွားခနဲမြင်မှ ဆွဲယိမ်းလိုက်တော့မလွတ်တော့ဘူး။ ကားကြီးနဲ့ဝင်ငြိ ဆွဲယိမ်းတော့အရှိန်လွန် ထနောင်းပင်ဆီရောက်သွားရှာတာကွ"

"ဟုတ်တယ် အာစရိရ၊ ညမောင်းမှာ ကားတွေမီးချမပေးတာ အဆိုးဆုံးပဲ၊ တချို့ကားတွေဆိုရင် မီးချမပေးတဲ့အပြင် အပိုပါတဲ့မီးတွေတောင်ထပ်ဖွင့်ထိုးလိုက်သေးတယ်"

"အဲဒါ စိတ်ဓာတ်ညံ့ဖျင်းပြီး အောက်တန်းကျတာပဲကွ။ ကိုယ်ချင်းစာတရားထားတတ်ဖို့နဲ့ စည်းကမ်းလိုက်နာဖို့က တို့လူတွေမှာ တော်တော်လိုတယ် မောင်ဌေးဝင်းရ။ အဲဒီဆရာဝန်လေးဆိုရင် မိသားစုအတွက်ရော တိုင်းပြည်အတွက်ပါ ဘယ်လောက်နှမြောစရာကောင်းလဲ။ အသက်လေးမှ ငယ်ငယ်လေးရှိသေးတာ"

"ဟုတ်တယ် အာစရိ၊ နှမြောစရာကောင်းတယ်ဗျ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာဖြစ်သွားတာ၊ တော်သေးတယ်၊ အစ်မလေးက ဘာမှမဖြစ်လို့"

"အေးကွာ- မင်းလည်း တစ်နေ့ ကားဒရိုင်ဘာဖြစ်ဦးမှာ၊ ဖြစ်လာရင် လမ်း စည်းကမ်းလိုက်နာပြီး တစ်ဖက်သားကို ကိုယ်ချင်းစာတရားထားပြီး အလုပ်လုပ် ကွ လူကလေး ကြားလား။ အရက်လည်း အစလုပ်မသောက်နဲ့။ သောက်ပြီးမောင်း ရင် ဆုံးဖြတ်ချက်မှားတတ်တယ်"

"ဟုတ်ကဲ့ပါ အာစရိ၊ ကျွန်တော် အာစရိစကားကိုမှတ်ထားပါ့မယ်။ အခု ဟာက ဆရာဝန်လေးက အာစရိနဲ့ခင် တော့ အာစရိ သူ့ကိုသတိရအောင်ပြ တာလားမသိဘူးနော်"

"အေး-ဖြစ်နိုင်တယ်ကွ၊ ကုသိုလ် လုပ် အမျှဝေရမှာပေါ့ကွာ"

နောက်ထပ်တွေ့ရတဲ့ အဖြစ်အ ပျက်ကတော့ လူမှုန်း ကြောက်တော့ မကြောက်ပါဘူး။ ဒါပေမယ့် တော်တော် တော့လန့်သွားမိပါတယ်။ ဒီလိုမိုးတွင်း ကာလ မိုးလေးနည်းနည်းအေးတဲ့အခါ ဆိုရင် လူမှုန်းတို့ကုန်ကားတွေ ကုန်တင် ပြီးရင် မိုးကာဖုံး၊ ကြိုးတုပ်ပြီးမှမောင်း ရပါတယ်။ ကုန်တွေရေစိုလို့ပျက်စီး လျော်ရတယ်လေ။ ကားဂိတ်က

www.burmeseclassic.com

တွေဘာတွေဖြတ် လုပ်စရာကိုင်စရာတွေပြီးတော့ ညမှာ ဖြည်းဖြည်းမောင်းရင်းလာခဲ့ကြပါတယ်။

ဪ - ပြောဦးမယ်။ လူမုန်းကျောင်းက ဆရာဦးသောင်းညွန့်ကားဝပ်ရှော့မှာ ပညာသင်နေတော့ လူမုန်းမှာ လည်ပင်းဖက်သူငယ်ချင်းတစ်ယောက်ရှိပါတယ်။ သူကတော့ ခင်မောင်အေးပါ။ ပညာအတူသင်ကြရင်းက လူမုန်းက ကားပေါ်ရောက်သွားပြီး သူကတော့ ကိုယ်ပိုင်လုပ်ငန်း ကားဝပ်ရှော့ထောင်ပါတယ်။ ဒါပေမယ့် ကားအင်ဂျင်ပိုင်း ရှေ့ပိုင်းဘာညာဒါတွေမလုပ်ဘူး။ တစ်မျိုးတည်း ကားလေးတုပ်ပြင်ထုပ်လေးဆက်၊ လေးပိုင်း၊ လေးထပ် လေးပါဝါတင် ကားလေးတစ်မျိုးတည်းလုပ်တယ်။ တော်တော်အောင်မြင်ပါတယ်။ မုံရွာမှာရှိတဲ့ ကားကြီး၊ ကားလေး လေးတုပ်နဲ့ပတ်သက်ရင် သူ့ဆီသွားကြတာများပါတယ်။ အလုပ်ပေါ်မှာ စေတနာထားတယ်။ ငွေကြေးလည်း သင့်တင့်အောင်တောင်းတော့ အလုပ်ပေးချင်တဲ့သူများပါတယ်။ နွားကောင်းတယ်ဆိုပေမယ့် ဇွဲလေးတော့ပါတာပဲဆိုသလို လုပ်ငန်းမှာတော်တယ်၊ အသောက်အစားလေးနည်းနည်းဖက်တယ်။ ငယ်သူငယ်ချင်းဆိုတော့ သူ့မိန်းမနဲ့လည်း ရင်းနှီးခင်မင်တာပေါ့။ သူ့မှာ သမီးလေးတစ်ယောက်ပဲရှိတယ်။

သူ့မိန်းမနာမည်က မခင်လေးပါ။ လူမုန်းရဲ့အတွေ့အကြုံဇာတ်လမ်းမှာက မခင်လေးတို့သားအမိကအဓိကမို့ ထည့်ပြောနေတာပါ။

လူမုန်းလည်း ကားက ရာသီကုန်လေးတွေ လှိုင်လှိုင်ပေါ်နေတဲ့အချိန်၊ ခေါက်စိတ်နေလို့ ခင်မောင်အေးတို့ မိသားစုနဲ့မတွေ့ဖြစ်တာ အတော်ကြာပါပြီ။

မောင်ဌေးဝင်းနဲ့ဆရာတပည့်နှစ်ယောက် စကားတပြောပြောနဲ့မောင်းလိုက်၊ နားချိန်တန်နားလိုက်နဲ့မောင်းလာရင်းက မျက်စိလည်းညောင်း၊ ခါးလည်းညောင်းလာတာနဲ့ ဗူးဝရွာထောင် ဇရပ်နားမှာ ကားနားလိုက်ပါတယ်။ ကားဆိုင်းလင့်မီးတွေဖွင့်၊ လမ်းဘေးချရပ်ထိုက်ပြီး လူမုန်းကတော့ ကားပေါ်က ဆင်းသေးဘဲ ဒရိုင်ဘာထိုင်ခုံပေါ်မှာ နောက်မှီပြီး ခါးဆန့်နေပါတယ်။ မောင်ဌေးဝင်းကတော့ ကားဘီးတွေလိုက်စစ်ရေလောင်းပြုပြီး -

"အာစရိ၊ ကျွန်တော် ကားခေါင်မိုးပေါ်တက် ခါးဆန့်လိုက်ဦးမယ်နော်။ ကားထွက်မှဆင်းခဲ့တော့မယ်"

လူမုန်းလည်း အေး၊ အေးလို့ပြောပြီး ထိုင်ခုံမှာထိုင်လို့ ခဏအကြာမှာ ဟိုင်းလတ်ကားတစ်စင်းထိုးရပ်လာပါတယ်။ အရင်ဆင်းလာတဲ့ခရီးသည်နှစ်ယောက်ကတော့ ဗူးဝရွာထောင်ရွာဆီကို သွားကြပြီး နောက်မှဆင်းတဲ့အမျိုးသမီးက ကလေးကိုလက်ဆွဲပြီး လူမုန်းကားဆီကိုလာနေပါတယ်။ အစိမ်းရောင်ဝမ်းဆက်ဝတ်ထားတဲ့အမျိုးသမီးဟာ လူမုန်းကားဒရိုင်ဘာထိုင်တဲ့ဘက်ရောက်လာလို့ ကြည့်လိုက်တော့ ဟောဗျာ - ခင်မောင်အေးမိန်းမ မခင်လေးနဲ့ သမီးဖြစ်နေပါရော။ ညဆိုပေမယ့် ကားဆိုင်းလင့်မီးနဲ့ ဘော်ဒီမီးရောင်အောက်မှာမြင်ရပါတယ်။ အနားရောက်လာတော့ -

"ဟောဗျာ - မခင်လေး ဘယ်ကလာလို့ ဘယ်ကိုသွားမလို့လဲ"

"ကျွန်မ မန္တလေးကပြန်လာတာ၊ ကိုလူမုန်းကားမြင်လို့ဆင်းလာတာလေ"

"ဟင် - ကျွန်တော်ကမန္တလေးကို သွားမှာလေ။ မခင်လေးက မုံရွာပြန်မှာမို့လား"

"ဟုတ်ပါတယ်၊ မုံရွာပြန်မှာပါ။ ဒါပေမယ့် ကိုလူမုန်း ကားပေါ်ပါလာတဲ့ ဝက်အူတောင့်တွေစားချင်လို့ပါ"

အဲဒီလိုပဲပြောပြီးရော ကားပေါ်နဲ့ ကားအောက် စကားပြောနေတဲ့ မခင်လေးနဲ့မျက်နှာကြီးဟာ တဖြည်းဖြည်း ကြောက်စရာကောင်းတဲ့မျက်နှာကြီးအဖြစ် ပြောင်းလဲသွားပါတော့တယ်။ ဒါကိုမြင်လည်းမြင်ရော ကိုလူမုန်း ကားသော့ဖွင့်စက်နှိုးပြီး ဝေါခနဲမောင်းထွက်လာလိုက်တာ။ ကားပေါ်က မောင်ဌေးဝင်း အော်သံလည်းမကြား၊ လန့်ပြီးမောင်းတာ ညောင်ပင်ဝန်းနားနေကျ ပခုက္ကူမမြင့်ရီဆိုင်ရောက်မှ ကားထိုးရပ်လိုက်ပါတယ်။ ကားရပ်ပြီး ဆင်းတဲ့အထိ အမောမပြေ၊ အလန့်မပြေသေးပါဘူး။

"ကိုလူမုန်း ဘယ်လိုဖြစ်လို့ ဒီလောက်အလောတကြီးမောင်းဝင်လာရတာလဲ"

"အေး - နောက်မှပြောမယ် မြင့်ရီရာ။ လောလောဆယ် ရေတစ်ခွက်လောက်ပေးစမ်းပါ"

မမြင့်ရီဆီက ရေတောင်းသောက်နေတဲ့အချိန် ကားအမိုးပေါ်က မောင်ဌေးဝင်းဆင်းလာပြီး -

"ဘယ်လိုဖြစ်တာလဲ အာစရိရာ၊ ကျွန်တော့်မှာ ကားပေါ်ကမကျအောင် မိုးကာတုပ်ထားတဲ့ကြိုးတွေဆွဲ၊ ခြေထောက်နဲ့လိမ်ပြီး ဝမ်းလျားမှောက်လိုက်လာရတယ်"

လူမုန်းက နှစ်ယောက်လုံးကိုပြောပြတော့ သူတို့လည်း အံ့ဩနေကြတာပေါ့။ ကားပေါ်မှာ တောင်ကြီးက ကားအဖွဲ့တွေကမှာတဲ့ ဦးအတန်ရဲ့ မုံရွာဝက်အူချောင်းထုပ်ကြီးပါတယ်။ ဒါကိုစားချင်လို့ ပရလောကသားတစ်ကောင်ကောင်က မခင်လေးဟန်ဆောင်ပြီး ကားနားထိရောက်လာတယ်ထင်ပါတယ်။(ဦးအတန်မုံရွာ ဝက်အူချောင်းက အလွန်ကောင်းအလွန်နာမည်ကြီးပါတယ်။ အဲဒီလုပ်ငန်းကို ဦးအတန်မရှိတော့ သူ့သား ကောင်းဝိန်က ဆက်အမွေခံပြီး လုပ်နေတာကောင်းဝိန်တောင်မှ အသက် (၆၀)နားနီးရော့မယ်။) လူမုန်းတစ်သက် ဒီလိုတစ်ခါမှမကြုံဖူးတော့ တော်တော်အံ့ဩမိတယ် ဆရာ။ ထိုင်းတို့၊ မလေးရှားတို့က ဗွီဒီယိုကားတွေထဲကအတိုင်းပဲဆရာရေ။ စကားပြောနေရင်း မခင်လေးမျက်နှာကြီးက ကြောက်စရာလန့်စရာမျက်နှာကြီးဖြစ်သွားတော့ လူမုန်း မလန့်ဘဲနေပါ့မလဲဗျာ။ အဲဒီအချိန်ကတော့ လူမုန်းတစ်ယောက် ဘုရားဝေး၊ တရားဝေး ဝေးသေးတဲ့အချိန်ကိုး ဆရာရဲ့။မကောင်းဆိုးဝါးပရလောကသားတွေကပ်နိုင်တာပေါ့။

မန္တလေးဂိတ်ရောက်တော့ ဂိတ်မှူးကိုတင်မြနဲ့ကားအဖွဲ့တွေကို ဝက်အူချောင်းပြသနာပြောပြတော့ တချို့ကလည်း ရယ်ရယ်မောမောနဲ့ လက်ခံကြတယ်။ တချို့ကျတော့လည်း မယုံသလို၊ လက်သင့်မခံချင်သလိုမို့ လူမုန်း ဆရာ့ကို တော်တော်နဲ့ပြောမပြဖြစ်တာ ဆရာရေ။

အဲဒါ မုံရွာပြန်ရောက်တော့ အိမ်မှာအတူနေ နှမလေးကို ခင်မောင်အေးနဲ့သူ့မိန်းမ မခင်လေးတို့အကြောင်းမေးရသေးတယ်။ ကောင်းကောင်းမွန်မွန်ကျန်းကျန်းမာမာရှိတာသိရမှ စိတ်အေးရတော့တယ်။

အဲဒီနောက်တော့ လူမုန်း ကားမထွက်ခင်၊ ကားမောင်းနေစဉ် ကားနားနေတဲ့အခိုက် ရောက်ရာနေရာမှာ တောစောင့်နတ်၊ တောင်စောင့်နတ် အနီးနားမှာမှီတင်းနေထိုင်ကြတဲ့ ဂန္ဓော၊ သရဲအစရှိတဲ့ ပရလောကသားတွေအားလုံးကို မေတ္တာပို့၊ အမျှပေးဝေတဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာရေ။

မောင်မောင်တိုးမြင့် (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

ဆရာစိုး-ရွှေအာရကာဦး
(...) မိန်းဆောင်

# တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း
## (အဓိကကားချပ်များ/ Major Arcana)
## X. The Wheel of Fortune - ကြမ္မာရဟတ်

[မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့်ကျွန်တော် သို့မဟုတ် တားရော့ပုံပြင် (၁) ဆောင်းပါးအားဖတ်ပြီးမှ တားရော့ကားချပ် ဆောင်းပါးများအား လေ့လာ ဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မည် ဖြစ်ပါသည်။]




### အခြားအမည်ကွဲများ

- The Fortune
- Osiris
- Fate
- Chance
- Tarot
- Rota

### ပတ်သက်ဆက်နွယ်မှုများ

- ကံနှင့်ကံ၏အကျိုး (Karma)
- တနင်္လာဂြိုဟ်၏ ရွေ့လျားမှု/ ပြောင်းလဲမှုမြန်ဆန်ခြင်း။

### သရုပ်ဖော်ပုံ

အနီရောင်ဘက်သန်းတဲ့ လိမ္မော်ရင့်ရောင်မြေကြီးပေါ်မှာ၊ အဝါရောင်တိုင် (၂) တိုင်၊ အဲဒီကြားမှာ ဒေါက်တိုင် (၆) ချောင်းပါတဲ့ အဝါရောင်ဘီး၊ ဘီးရဲ့အပေါ်တည့်တည့်မှာ သရဖူဆောင်းပြီး လက်မှာ ဓားကိုင်ထားပြီးထိုင်နေတဲ့ မျောက်နဲ့တူတဲ့ Sphinx ရုပ်၊ ခန္ဓာကိုယ်က စိမ်းပြာရောင်၊ အတောင်ပံက အနီရောင်၊ ဓားက အဖြူရောင်၊ သရဖူက အဝါရောင်။

လည်နေတဲ့ဘီးရဲ့အဆင်းဘက်နဲ့ အတက်ဘက်မှာ မျောက်နဲ့တူတဲ့သတ္တဝါတစ်ကောင်စီ၊ အနီရောင်နဲ့အပြာရောင် စပ်ကြားဝတ်စုံတွေနဲ့၊ နောက်ခံအရောင်က ဝါကြင့်ကြင့်နဲ့ မပြတ်မသား မထင်မရှား။

အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုးကို ဉာဏ်ပညာနဲ့ ချင့်ချိန်စဉ်းစားတတ်တဲ့ အပြာရောင်ဝတ်စုံကို အပေါ်ပိုင်းတစ်ခုလုံးခြုံထားပြီး လည်ပင်းမှာ အစိမ်းရောင်လည်ပတ် (မှန်ကန်သောကောင်းကျိုးကိုရည်ရွယ်မှု) နဲ့ သတ္တဝါက အပေါ်ကိုတက်နေတဲ့ပုံအဖြစ်ဖော်ပြပြီး အပြာရောင်အနည်းငယ်နဲ့ အနီရောင်များများ၊ အပိုင်းလိုက်ဆက်စပ်ထားတဲ့ အောက်ပိုင်းလုံးရုံ့မျှဝတ်စုံကို ဝတ်ထားတဲ့သတ္တဝါက အဆင်းဘက်ခြမ်း၊ အများအတွက် အကျိုးရှိရာ၊ မှန်ရာကိုသာ ဉာဏ်ပညာအပြည့်နဲ့ ရဲဝံ့စွာ ဆောင်ရွက်တတ်သူအဖြစ် ထိပ်မှာထိုင်နေတဲ့မျောက်နဲ့တူသော Sphinx ရုပ်။

နားလည်သဘောပေါက်ဖို့ရာခက်ခဲပြီး အဓိပ္ပာယ်ကောက်ယူဖို့ရာလည်း သိမ်မွေ့ရှုပ်ထွေးတဲ့အပြင် ဟောကွက်မှာလည်းပိုင်ပိုင်နိုင်နိုင် ပရိသတ်အကြိုက်ဟောကွက်မထွက်တဲ့ကားချပ် ဖြစ်ပါတယ်။

သာမန်ဗေဒင်ဟောပြောမှုသက်သက်အတွက်ဆိုရင်တော့ အပြောင်းအလဲနဲ့ကြုံတွေ့ရမယ်၊ အခြေအနေအသစ်၊ ဝန်းကျင်အသစ်၊ အလုပ်အသစ်ရမယ်။ ကိုယ်ပြုသမျှကံ ကိုယ်ခံရမယ် ဆိုတာလောက်ကို မေးတဲ့အကြောင်းအရာနဲ့ လျော်ညီအောင် ဆက်စပ်ချဲ့ထွင်ဟောပြောရင် လုံလောက်ပါတယ်။ အခု ကျွန်တော်တို့ လေ့လာနေတာက ဗေဒင်ဟောဖို့သက်သက်မဟုတ်ပါဘူး။ တားရော့ရဲ့ဂမ္ဘီရပညာကိုလေ့လာနေတာပါ။ သိရှိနားလည်လာတဲ့အဓိပ္ပာယ်လမ်းညွှန်မှုကို ဗေဒင်ဟောတဲ့နေရာမှာ လိုက်လျောညီထွေဖြစ်အောင် လူ့ဘောင်အတွင်းကနေ အသုံးပြုသွားနိုင်ဖို့ပါ။ စာလုံး-ဝေါဟာရတွေနဲ့ ပုံသေသတ်မှတ်ထားတဲ့ ဟောချက်တွေကို ကျက်မှတ်ပြီး အလွတ်ပြန်ရွတ်ပြနေဖို့ မဟုတ်ပါဘူး။ ကျွန်တော် မကြာခဏ ဖော်ပြခဲ့ပါတယ်။ ပညာဆိုတာ အကြောင်းနဲ့ အကျိုး ဆက်စပ်မှုရှိရပါမယ်။ အကြောင်းမဲ့အကျိုးနဲ့ အကျိုးမဲ့အကြောင်းဆိုတာ မရှိပါဘူး။

အမှား/ အမှန်၊ အကောင်း/ အဆိုးပြောဖို့လောက်ကို နံကြားထောက်ဖြေရင်တောင် မှန်နိုင်ပါတယ်။ တိုက်ဆိုင်မှုများတာနဲ့ နည်းတာပဲ ကွာမှာပါ။ ကျွန်တော်ပြောချင်တာက ဘယ်လိုအကြောင်းကြောင့် ဘယ်လိုကောင်းတယ်၊ ဘယ်လိုအကြောင်းကြောင့် အဆိုးတွေဆိုးတယ်ဆိုတဲ့ အကြောင်းနဲ့ဆက်နွယ်နေတဲ့ သို့မဟုတ် ဒီအကြောင်းတရားကြောင့် ဒီအကျိုးတရားဖြစ်ပေါ်လာတယ်ဆိုတဲ့ တားရော့ပညာရဲ့ အနှစ်သာရကိုသိချင်တာ/ လေ့လာချင်တာ/သဘောပေါက်ချင်တာပါ။ အသုံးပြုချင်တာပါ။

ဒီစာရေးနေတုန်းမှာပဲ မိတ်ဆွေတစ်ယောက်က သူ့တယ်လီဖုန်းလေးဖွင့်ပြီး Facebook ထဲက Tarot ခေါင်းစဉ်နဲ့ စာသားတချို့လာပြတယ်။ Tarot ဆိုတော့ ကိုယ်ဝါသနာပါတဲ့ဘာသာရပ်ဖြစ်ပေတော့ ဖတ်ကြည့်မိတယ်။ တားရော့ဗေဒင်ဆရာသို့မဟုတ်တားရော့ဝါသနာရှင်တစ်ယောက်က ရေးတင်ထားတာ ထင်ပါတယ်။ မှတ်မိသလောက် ပြောပြပါမယ်။

(... တားရော့မှာ ဟော... စနစ်ရယ်လို့မရှိပါ။ ပုံသေနည်းမ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ချင်းစီအလိုက် ကွဲပြားပါလိမ့်မယ်။ အဓိပ္ပာယ်ကောက်ယူရာမှာလည်း ဒီအတိုင်းပါပဲ။ တစ်ယောက်နဲ့တစ်ယောက်ကွာမှာပါ။ သဘောတရားကို ဘယ်လိုမြင်သလဲ တွေးပါ။ အဖြစ်အပျက်နဲ့ ဘယ်လိုဆက်စပ်သလဲကြည့်ပါ။

စိတ်ကိုအတတ်နိုင်ဆုံး တည်ငြိမ်စွာ၊ အကောင်း၊ အဆိုး နှစ်ဖက်စလုံးကို မနင်းဘဲ ပုံမှန်တည့်တည့်ကနေ ခံစားချက်ပြင်းပြင်းမပါဘဲ စိတ်ထဲထင်သည့်အတိုင်းဖတ်ပါ။)

သူရေးထားတာနဲ့ စာလုံးအချို့ကွာကောင်းကွာပါလိမ့်မယ်။ ဖတ်ပြီးတော့လည်း ပြီးသွားတာပါပဲ။ စိတ်ဝင်စားသူတစ်ယောက်က သူ့အမြင်ကို တင်ပြဆွေးနွေးထားတယ်လို့ပဲ ထင်မှတ်လိုက်ပါတယ်။ ဒါပေမယ့် ညအိပ်ရာဝင်တော့ အဲဒီအကြောင်းအရာတွေက ခေါင်းထဲဝင်လာတယ်။ တစ်ခုခုလွဲနေသလို စိတ်ထဲခံစားရတယ်။ သိပ်ဘဝင်မကျဘူး။

နိုင်ငံတကာသုံးစာပေလောကမှာ တားရော့ကို Mysterious Tarot/ Esoteris Tarot စတဲ့ ဝိသေသတွေနဲ့ခေါ်ဆိုကြပါတယ်။ ထူးခြားဆန်းကြယ်ပြီး နားလည်သဘောပေါက်ဖို့ရာ အလွယ်တကူနဲ့ ရှင်းပြရန်ခက်ခဲသော၊ ပဟေဠိဆန်သော တားရော့ပညာ/ (Very Unusual, Understood or liked by only a small number of people, especially those with speeial knowledge:) အခြားပညာရပ်များနှင့်မတူ တစ်မူဆန်းပြားပြီး နက်ခြဲဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်မှုရှိသော ပညာ/ ပညာရှင် (သို့မဟုတ်) ထူးလေ့လာလိုက်စားသူ အနည်းစုသာ နားလည်နိုင်စွမ်းသော၊ ကြိုက်နှစ်သက်နိုင်စွမ်းရှိသော တားရော့ပညာ (ဂမ္ဘီရ-တားရော့) လို့ အဓိပ္ပာယ်ဖွင့်ဆို ဝိသေသပြုခဲ့ကြပါတယ်။

နိုင်ငံအသီးသီးမှသူတော်စင်ပညာရှင်အများစုက ကမ္ဘာ့ဂန္ဓာရီပညာအဖြစ် အလေးအနက် တန်ဖိုးထားတဲ့ ပညာရပ်တစ်ခု၊ နိမိတ်ပုံသင်္ကေတတွေနဲ့ သိမ်မွေ့နက်နဲစွာ ဖွဲ့စည်းပုံဖော်ထားတဲ့ တားရော့ကတ်တစ်ခုကို တစ်ယောက်တစ်ပေါက်စီ စိတ်ထဲကထင်တဲ့အတိုင်း ဖတ်ဖို့/ဟောပြောဖို့ဖြစ်နိုင်ပါ့မလား။ တားရော့ကားတစ်ချပ်ကို အဓိပ္ပာယ်ဖွင့်ဆိုတာနဲ့ ဟောပြောတာက မတူပါဘူး။ အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ အင်မတန်ကျယ်ဝန်းတယ်။ လေးနက်ပါတယ်။ ဆန့်ကျင်ဘက်သဘောတရားတွေ ပါရှိပါတယ်။ ရည်ရွယ်ချက်ရှိပါတယ်။ အဲဒါတွေကို အရောင်တွေ၊ ရုပ်ပုံတွေ၊ ဂြိုဟ်သင်္ကေတတွေ ဝေဝေဆာဆာနဲ့ (Symbolism). အတွေးအခေါ်တစ်ခု၊ အယူအဆတစ်ခုကို လက္ခဏာသင်္ကေတတွေကိုအသုံးပြုဖော်ပြတဲ့ပညာရပ်တစ်ခုကို ပီသစွာရေးဆွဲဖော်ပြထားတာကို ဘာသာပြန်ပေးရတာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် • ဆိုပါတော့။ နက္ခတ်ပညာရပ်ကို အရှေ့တိုင်းနက္ခတ်ရော အနောက်တိုင်းနက္ခတ်ကိုပါ စနစ်တကျ အခြေခံကစပြီး သင်ယူလေ့လာထားတဲ့သူမှ ဒီသင်္ကေတရဲ့အဓိပ္ပာယ်ကို အကြောင်းရင်းနဲ့တကွ အထောက်အထား ခိုင်ခိုင်မာမာနဲ့ ဘာသာပြန်အဓိပ္ပာယ်ကိုပြောစွမ်းနိုင်ပါလိမ့်မယ်။

လက်တွေ့အားဖြင့် အခုဒီဆောင်းပါးကိုဖတ်နေတဲ့ စာဖတ်သူကိုယ်တိုင် ဖြေကြည့်ပါ။ ဒီသင်္ကေတဟာ ဘာကိုရည်ရွယ်ပါသလဲ/ဘာအဓိပ္ပာယ်ပါလဲ/ ဘာကြောင့် ဒီသင်္ကေတဖြစ်ပေါ်လာတာလဲ/ အောက်မှာဖြစ်နိုင်တဲ့ အဖြေဖြေဆိုပုံ (၄)မျိုးကို နမူနာအဖြစ် ကျွန်တော် ဖော်ပြပေးထားပါတယ်။ သင် ဘယ်အမျိုးအစားထဲမှာပါသလဲ။

နံပါတ် (၁) ။ ။ မသိပါဘူး။

တကယ်လည်း မသိဘူး။ မသိတဲ့အကြောင်းကိုလည်း အမှန်အတိုင်းဝန်ခံတယ်။

နံပါတ် (၂) ။ ။ မြားပစ်တဲ့စက်ဝိုင်း။

တကယ်မသိဘူး၊ ဖြစ်နိုင်တယ်ထင်တာကိုမှန်းပြီးခန့်မှန်းပြီးဖြေတယ်။

နံပါတ် (၃) ။ ။ နက္ခတ်ပညာမှာ သုံးတဲ့နေရဲ့သင်္ကေတဖြစ်ပါတယ်။ဒီထက်ပိုမသိပါဘူး။

အဖြေဟာမှန်ပါတယ်။ Sun- နေရဲ့သင်္ကေတဖြစ်ပါတယ်။ ဒီအဖြေကိုဖြေသူက ဒီသင်္ကေတရဲ့အဓိပ္ပာယ်ဟာ နေဖြစ်တယ်လို့ တစ်ယောက်ယောက်ဆီက သိရတာ၊ ကြားရတာ။ သူမှတ်ထားတဲ့အတိုင်းဖြေတာ၊ ဒါပေမယ့် သူဟာ အနောက်နိုင်ငံသုံးနက္ခတ်သင်္ကေတတွေရဲ့ အကြောင်းရင်းနဲ့တကွ ရည်ရွယ်ချက်တွေကို အခြေခံကနေစပြီး စနစ်တကျ သင်ကြား လေ့လာထားခဲ့ခြင်း မရှိဘူး။

နံပါတ် (၄) ။ ။ ဒီသင်္ကေတဟာ တနင်္ဂနွေဂြိုဟ်ရဲ့ သင်္ကေတဖြစ်ပါတယ်။ သင်္ကေတရဲ့သဘောကတော့ အလယ်ဗဟို၊ အချုပ်အခြာ၊ အဓိက - တွေကို ဖော်ညွှန်းထားခြင်း ဖြစ်ပါတယ်။ တနင်္ဂနွေဂြိုဟ်လို့ခေါ်တဲ့နေမင်းဟာ ကျွန်တော်တို့စကြဝဠာရဲ့ အဓိကကျသောကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် နေရာဌာနအလိုက် အကြီးအမှူးနေရာကို တနင်္ဂနွေဂြိုဟ်က အဓိကအဖြစ် ဖော်ညွှန်းထားခြင်း ဖြစ်ပါတယ်။

တနင်္ဂနွေဂြိုဟ်ဟာ ကျွန်တော်တို့ နေစကြဝဠာရဲ့ အလယ်ဗဟိုမှာရှိပြီး ကမ္ဘာနဲ့ဂြိုဟ်အားလုံးကို ထိန်းချုပ်ထားတဲ့အတွက် တနင်္ဂနွေဂြိုဟ်ကို-

- ❑ နက္ခတ်ပညာမှာ - တနင်္ဂနွေဂြိုဟ်
- ❑ တိုင်းပြည်မှာ - မင်း၊ဘုရင်၊သမ္မတ
- ❑ မိသားစုမှာ - ဖခင်
- ❑ ဌာနတစ်ခုမှာ - ဌာနမှူး
- ❑ လူတစ်ယောက်မှာ - ဦးခေါင်း
- ❑ ဦးခေါင်းထဲမှာ - ဦးနှောက်

အစရှိတာတွေကိုလည်းရည်ညွှန်းပါတယ်။

နေရဲ့အပေါ်ယံမျက်နှာပြင်ရဲ့အပူချိန်ဟာ (၆၀၀၀) စင်တီဂရိတ်ရှိပြီး ပြင်းထန်တဲ့ပေါက်ကွဲမှုတွေ အမြဲဖြစ်နေတဲ့အတွက် တနင်္ဂနွေဆိုတဲ့ • ဒီသင်္ကေတကို မြင်လိုက်တာနဲ့-

- ❑ ထက်မြက်ပြင်းထန်ခြင်း၊
- ❑ တေဇောဂြိုဟ်/ အပူဂြိုဟ်/ အလင်းဂြိုဟ်၊ စွမ်းအင်ဂြိုဟ်

အဲဒီကတစ်ဆင့် -

- ❑ မျက်စိ
- ❑ သတ္တိ
- ❑ ရဲရင့်ခြင်း
- ❑ အသက်

နေရောင်ခြည်ထဲမှာ ရောင်စဉ်(၇)မျိုးရှိသော်လည်း ကျွန်တော်တို့မျက်စိနဲ့ အဖြူရောင်၊ (အကြည်ရောင်) တစ်မျိုးကိုသာမြင်ရတယ်။ အဲဒီလိုလှည့်စားတတ်၊ ဖုံးကွယ်ထားတတ်တဲ့အတွက် -

- ❑ မျက်လှည့်ဆရာ၊
- ❑ လူလိမ်
- ❑ မုသားစကား

ဒါတွေကိုသိထားရပါတယ်။

နေမှာဒြပ်စင်များစွာပါဝင်နေသော်လည်း ကယ်(လ်)စီယံ (Ca) လို့ ခေါ်တဲ့ ထုံးဓာတ်က ရာခိုင်နှုန်းများစွာ [illegible] တဲ့အတွက် လူရဲ့ခန္ဓာကိုယ်မှာ [illegible] ကို အဓိကစေးရာဖြစ်တဲ့ [illegible] • က စိုးမိုးထားပါတယ်။ [illegible] မာကျောရှည်လျားတဲ့အတွက် [illegible] မြင့်မားသော သစ်ပင်[illegible] - တညွှန်းဆိုပါတယ်။

အမြင့်နှမ်း[illegible] [illegible] မှတ်စီရောပါ

www.burmeseclassic.com

အပူစွမ်းအားကိုအခြေခံပြီး အပူကြီးတဲ့ရောဂါ၊

နေရဲ့မျက်နှာပြင်ပေါ်မှာဖြစ်ပေါ်နေတဲ့ ပူစီပေါင်းတွေကို အခြေခံပြီး ကိုယ်ရေပြားရောဂါ

အစရှိတဲ့ ပရိယာယ်များကိုယူလို့ရပါ့တယ်။

• နဲ့ပတ်သက်ပြီး ကျွန်တော်သိသမျှ ဒီလောက်ပါပဲ။

သင့်ရဲ့အဖြေဟာ နံပါတ်ဘယ်လောက်ထဲမှာ အကျုံးဝင်ပါသလဲ။

သင်္ကေတတစ်ခုကို သိခြင်း/ နားလည်ခြင်း/သဘောပေါက်ခြင်း/လက်တွေ့အသုံးချနိုင်ခြင်း(ဟောပြောနိုင်ခြင်း) ဆိုတာတွေကလည်း သူ့အဆင့်နဲ့သူ လိုအပ်ပါတယ်။

ဗဟုသုတအဖြစ်လောက်သာသုံးမယ်ဆိုရင်တော့ • ဆိုတာ နေပဲ/ တနင်္ဂနွေဂြိုဟ်ကိုဆိုလိုတာပဲလို့ သဘောပေါက်ရင်ဖြစ်ပါတယ်။

ဒီထက်တစ်ဆင့်တက်ပြီး နက်နက်နဲနဲ အခြေခံတကျ သိလိုသူတွေအတွက် နမူနာအခြေ နံပါတ်(၄)လောက်အထိ သိဖို့လိုပါလိမ့်မယ်။

ဒီလို အခြေခံကျကျ အကြောင်းအကျိုးနဲ့တကွ ပြည့်ပြည့်စုံစုံသိပြီးထားရုံနဲ့ အသုံးချလို့/ ဟောပြောလို့ မရသေးပါဘူး။

အသုံးချနိုင်ဖို့/ ဟောပြောနိုင်ဖို့အတွက် အဲဒီပရိယာယ်တွေထဲကနေပြီး မေးခွန်း သို့မဟုတ် အခြေအနေနဲ့အပ်စပ်တဲ့အချက်တစ်ခုကို ကောက်နုတ်ဖော်ပြနိုင်စွမ်းရှိရမယ်။ပြီးတော့ ကောင်း၊ ဆိုးကိုခွဲခြားဝေဖန်ပေးနိုင်စွမ်းရှိရပါမယ်။

**သင်္ကေတတစ်ခု၏ မှန်ကန်သောဖော်ညွှန်းမှုကိုသိရှိခြင်း**

၁။ • ဒီသင်္ကေတကိုကြည့်ပြီး စိတ်ထဲထင်ရာ မှန်းရမ်းပြောလို့မရပါဘူး။ ရမ်းသန်းပြီး စိတ်ကူးတည့်ရာရေးဆွဲထားတဲ့ပုံတွေ မဟုတ်ပါဘူး။ ပညာရပ်ဆိုတဲ့ ခေါင်းစဉ်အောက်က စနစ်တကျ ရည်ရွယ်ချက်ရှိရှိဖန်တီးထားတဲ့ Symbol တွေ၊ သင်္ကေတတွေဖြစ်ပါတယ်။

ရေးတဲ့လူက ရေးချင်ရာရေးထားရင်တော့ တွေးမြင်တဲ့သူကလည်း သူတွေးချင်စရာ တွေးမြင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ပညာရပ်တစ်ခုရဲ့ဘောင်အတွင်းက စနစ်တကျရေးဆွဲဖန်တီးထားတဲ့ သင်္ကေတတစ်ခုကိုတော့ မိမိထင်ချင်ရာထင်/မြင်ချင်ရာမြင်လို့မရပါဘူး။ မြင်ခွင့်၊ ထင်ခွင့်မရှိပါဘူး။ အဲဒီသင်္ကေတတွေတည်ဆောက်ထားပုံနဲ့မြစ်ဖျားခံလာရာလမ်းကြောင်း၊ History ကို ပညာလမ်းကြောင်းအတိုင်း လေ့လာရှာဖွေစူးစမ်း ခြေရာကောက်ရပါလိမ့်မယ်။

သူ့ပညာရပ်ရဲ့တည်ဆောက်ထားပုံ 'ဘောင်'အတွင်းက မြင်နိုင်/ကြည့်နိုင်အောင် ကြိုးစားရပါလိမ့်မယ်။

မိမိစိတ်ထဲ မြင်ရာထင်ရာကိုပြောမယ်ဆိုရင်တော့ နမူနာနံပါတ်(၂)အဖြေထဲကလို • ကို မြားပစ်စက်ဝိုင်းလို့ဖြေမိတဲ့သူ့အဖြစ်မျိုးနဲ့ တူသွားပါလိမ့်မယ်။ ပညာရပ်တစ်ခုကို စနစ်တကျ လေ့လာလိုက်စား၊ အသုံးပြုနေကြတဲ့ ပညာရပ်ဝန်းတစ်ခုထဲမှာဆိုရင်တော့ လူရယ်စရာဖြစ်သွားပါလိမ့်မယ်။

၂။ ရည်ညွှန်းချက်ပရိယာယ်များအနက်မှ လိုအပ်သော ပရိယာယ်တစ်ခုကိုရွေးကောက်နိုင်စွမ်းရှိခြင်း ။ ။အထက်က နမူနာအဖြစ်ပေးခဲ့တဲ့ • သင်္ကေတအတွက် ဟောချက်ထုတ်ဖို့ လိုလာပြီဆိုပါတော့။ သူ့ရဲ့ပရိယာယ်တွေက အများကြီး။ အကုန်လျှောက်ပြောနေလို့မဖြစ်နိုင်ဘူး။ အဖြေထုတ်ရမယ့်ခေါင်းစဉ်၊ အကြောင်းအရာက ဘာလဲ/ မေးခွန်းက ဘာလဲ။ အဲဒါနဲ့ဆက်စပ်တဲ့ပရိယာယ်ကို ရွေးထုတ်ရမှာဖြစ်တယ်။

- • သင်္ကေတဟာ မေးသူအတွက် ကိုယ်စားပြုတယ်။
- ဖခင်ကိုရည်ညွှန်းတယ်။
- အလုပ်အကိုင်ကိုလည်းညွှန်းတယ်။
- မျက်စိကိုလည်းညွှန်းတယ်။
- အရိုးကိုလည်း ညွှန်းတယ်။

အဲဒီရည်ညွှန်းချက်တွေထဲကဆွဲထုတ်နိုင်ရမယ်။ ဥပမာ ကျန်းမာရေးအကြောင်းမေးမယ်၊ ပြောမယ်ဆိုရင် မျက်စိ/ အရိုး/ အပူဆိုတာတွေကို ရွေးထုတ်ရမယ်။ ၂-တန့်/၁၂-တန့်မှာတည်ရှိနေတဲ့ • ဆိုရင် မျက်စိကို ညွှန်းနိုင်တယ်။ ၃-တန့်/ ၁၁-တန့်မှာရပ်တဲ့ • ဆိုရင် လက်မောင်းရိုး၊ ခြေသလုံးရိုးတို့ကို ညွှန်းနိုင်တယ်။ ၅-တန့်မှာဆိုရင် ဗိုက်၊ အစာအိမ်နဲ့ ပတ်သက်နိုင်တယ် စသည်ဖြင့် မေးခွန်းအကြောင်းအရာပေါ်မှာ မူတည်ပြီး • ရဲ့ ရပ်တည်ရာနဲ့ ဆက်စပ်ဖော်ထုတ်နိုင်ဖို့ လိုပါလိမ့်မယ်။

၃။ အကောင်း၊ အဆိုး ခွဲခြားအဖြေထုတ်ခြင်း။ ။ အသုံးချတဲ့အဆင့်၊ ဟောပြောတဲ့အဆင့်မှာ ဒီအချက်က အရေးအကြီးဆုံးအချက်ပါ။ ။ သင်္ကေတတစ်ခုရဲ့ပရိယာယ်တွေကို အားလုံးသိ… တယ်။ အဲဒီအထဲက လိုအပ်တဲ့အချက် တစ်ချက်ကိုလည်း ရွေးထုတ်နိုင်ပြီ… သော်လည်း အကောင်း၊ အဆိုးခွဲခြားနိုင်… ခြင်းမရှိရင်လည်း/လွဲမှားသွားရင်လည်း ရှေ့ကစဉ်းစားခဲ့တာတွေ အလဟဿ ဖြစ်သွားရပြန်တယ်။

• သင်္ကေတပြုတဲ့ တနင်္ဂနွေဂြိုဟ်… ဟာ ဥစ်အိမ်/ကံသစ်အိမ်/မိတ်အိမ်ဖြစ်… တည်ပြီး ကောင်းတဲ့အတန့်သဘာဝတွေ… မှာလည်းရပ်မယ်။ သောမဂြိုဟ်တွေက… လည်း ပူးယှဉ်မြင်ထားမယ်။ ပါပဂြိုဟ်… တွေရဲ့အမြင်အယှဉ်ကလည်း ကင်းလွတ်… မယ်ဆိုရင် ကာယကံရှင်ဟာ • ရဲ့ကောင်း… သော အကျိုးပြုခြင်းတွေကို တွေ့ကြုံ… ခံစားရပြီး • တနင်္ဂနွေဂြိုဟ်ဟာ နိ… အိမ်၊ ရန်အိမ်၊ ဒုဋ္ဌာနအိမ်တွေမှာရပ်… နေပြီး ပါပဂြိုဟ်တွေရဲ့ ပူးယှဉ်ခြင်းကို… နေရမယ်ဆိုရင်တော့ ကာယကံရှင်ဟာ… • ရဲ့မကောင်းသောအကျိုးပေးမှုတွေ… ခံစားရတော့မှာ သေချာပါတယ်။

အဲဒီလိုလည်း ပညာအမြင်… အကောင်း၊ အဆိုးကို ခွဲခြားနိုင်စွမ်းရှိ… ဒီပညာရပ်/ ဒီသင်္ကေတတွေကို အသုံး… ပြုပြီး ဟောပြောခြင်း/ အသုံးချနိုင်ခြင်း… အဆင့်ကို ရောက်သွားမှာပါ။

အနောက်တိုင်းနက္ခတ်ပညာရပ်… မှာအသုံးပြုတဲ့ လူအသိများတဲ့ သင်္ကေ… တလေးတစ်ခုဖြစ်တဲ့ တနင်္ဂနွေဂြိုဟ်… ကိုယ်စားပြုဖော်ညွှန်းတဲ့ • သင်္ကေ… ကို ဥပမာအဖြစ် တင်ပြပေးတာ… ပညာရပ်တစ်ခုထဲမှာ အသုံးပြုထားတဲ့… စနစ်တကျရေးဆွဲထားတဲ့/အတွေးအခေါ်… အယူအဆတစ်ခုကိုပုံဖော်ပေးတဲ့ Sym… bol သင်္ကေတတစ်ခုရဲ့ အနက်အဓိပ္ပာယ်… ဟာ ဘယ်လောက် သိမ်မွေ့နက်နဲ… ကျယ်ပြန့်ရှိသလဲဆိုတာမြင်စေချင်လို့… သိရုံမြင်ရုံမျှမက လက်တွေ့အသုံးချ… ဟောပြောဖို့ရာဆိုလျှင် ဘယ်လော… အထိ လေးနက်သလဲဆိုတာလည်း … စေချင်ပါတယ်။

• သင်္ကေတဟာ နက္ခတ်ပညာ… အစိတ်အပိုင်းတစ်ခုမျှသာဖြစ်တဲ့ ဂြိုဟ်… တွေရဲ့သင်္ကေတတွေအနက်မှ တနင်္ဂ… ဂြိုဟ်တစ်လုံးရဲ့ သင်္ကေတမျှသာဖြစ်… တယ်။ ဂြိုဟ်တစ်လုံးရဲ့သင်္ကေတတစ်… သာဖြစ်တဲ့ • ဒီသင်္ကေတရဲ့အကြော… အရာ၊ ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်… ဖော်ညွှန်းချက်၊ ဆက်နွယ်ချက်… ယာယ်တွေ၊ အသုံးပြုကြောင်းချက်… ဟာ ဒီလောက် လေးနက်… ကျယ်…



www.burmeseclassic.com

www.burmeseclassic.com

သိမ်မွေ့နေတယ်ဆိုရင် Symbolism လို့ ဘာရားဝင်အမည်တပ်ထားတဲ့ 'အတွေး အခေါ်၊ အယူအဆ၊ ပညာရပ်'တစ်ခုကို အားလုံးသင်္ကေတတွေကိုသာအသုံးပြုပြီး ပြုစုဖော်ပြထားတဲ့ Tarot ပညာရပ် ခေါင်းစဉ်အောက်၊ တားရော့ကားချပ် တွေပေါ်က သင်္ကေတရုပ်ပုံတွေကို၊ တား ရော့ပညာရဲ့ အခြေခံအကြောင်းတရား တွေကို ဘာမှမသိဘဲ၊ ပညာမျက်စိနဲ့ မကြည့်တတ်ဘဲ မိမိစိတ်ထဲ ထင်မြင်တဲ့ အတိုင်းဟောပြောတာကို (တားရော့ ပညာနဲ့ဟောပြောတာပါ) လို့ ပြောခဲ့မယ် ဆိုရင်/ပြောရဲမယ်ဆိုရင် . . . ။

ခေါင်းစဉ်အောက်ကနေလွဲထွက် သွားတာကို နားလည်ခွင့်လွှတ်ပေးပါ။ ရေးနေတဲ့ခေါင်းစဉ်က Wheel of Fortune ပါ။ Facebook ထဲက တားရော့ အကြောင်းလေးဖတ်မိပြီး စဉ်းစားနေမိ တဲ့စိတ်အစဉ်ကို တင်ပြမိတာပါ။ အခု ရေးနေတဲ့နံပါတ် (၁၀) မြောက်ကားချပ် အကြောင်းဆောင်းပါးကလည်း မူလ ကျွန်တော်တင်ပြခဲ့တဲ့ (မျက်မမြင်ပုဏ္ဏား ခြောက်ယောက်နှင့် ကျွန်တော် (သို့မ ဟုတ်) တားရော့ပုံပြင်) ဆိုတဲ့ ခေါင်းစဉ် ကြီးအောက်မှာကနေပြီး တင်ပြနေတာ မို့ မူလခေါင်းစဉ်ကြီးအတွက်တော့ အထောက်အကူဖြစ်မှာပါ။

'လက်တို့ပြီးတော့ ပြောရဦးမယ်' ဆိုတဲ့ဆောင်းပါးထဲကလို (ဘိုးသူတော် မျက်စိလည်လေ ဆွမ်းများများရလေ) လို့ သဘောထားပြီး 'တားရော့ပညာရပ် တွက်'ထဲမှာ ကျွန်တော်မျက်စိလည်ပြီး တွေးရာမြင်ရာတွေ ရေးမိလေလေ၊ စာဖတ်သူတွေအတွက် အကျိုးရှိလေ လေလို့မြင်တတ်ရင်တော့ ကျွန်တော့်ကို ကျေးဇူးတင်မိမယ်ထင်ပါတယ်။

နံပါတ် X-Wheel of Fortune - ကြမ္မာရဟတ်ကားချပ်အကြောင်းဆက် ကြရအောင်။

အပြောင်းအလဲနဲ့ကြုံတွေ့ရမယ်။ အခြေအနေအသစ် ၊ ဝန်းကျင်အသစ်၊ အလုပ်သစ်တွေရမယ်၊ ကိုယ်ပြုသမျှကံ ကိုယ်ခံရမယ်/စံရမယ်လို့ အထက်မှာ ဖော်ပြခဲ့တယ်။ လိုရင်းနှစ်ချုပ်ပြောတာ ။ ကောင်းသော ပြောင်းလဲခြင်းလား/ ဆိုးသော ပြောင်းလဲခြင်းလား ဆိုတဲ့ အမေးက ထင်ပေါ်လာပါတယ်။နောက် ဦး ကိုယ်လုပ်တဲ့ကံ ကိုယ်ခံရ/စံရမယ်ဆို တာလောက်ကို ဗေဒင်မေးစရာမလိုဘူး။ သူတိုင်းသိတယ်လို့ ရင်ထဲမှာမကျေမနပ်

ရှိနေနိုင်ပါတယ်။

ဒီအချက်တွေ အဖြေပေးနိုင်ဖို့ အတွက် Wheel of Fortune ကားချပ်ကို ဂျစ်ပစီတားရော့ပညာဖြစ်တဲ့ Symbolism အရ သင်္ကေတရုပ်ပုံတွေကို ဘယ်လို အတွေးအမြင်၊ အယူအဆတွေနဲ့ ပုံဖော် ဖန်တီးထားသလဲဆိုတာကို ခွဲခြမ်းစိတ် ဖြာကြည့်ရအောင်။

ဘီး-ဝင်ရိုးတစ်ခုပေါ်မှာဗဟိုပြုပြီး အဆက်မပြတ် ထာဝရလည်ပတ်နေတဲ့ ဘီး (ဥပါဒ်-ဌီ-ဘင်)-(ဖြစ်၊ တည်၊ ပျက်) ဆိုတဲ့ လောကဓမ္မကို တင်စားထားပါ တယ်။ ဖြစ်-ပျက်သံသရာလို့လည်းပြော နိုင်ပါတယ်။ လုပ်ငန်းတွေအဆင်ပြေလာ ပြီး စီးပွားတွေတက်လာလိုက်၊ လုပ်ငန်း တွေအဆင်မပြေဖြစ်ပြီး စီးပွားတွေကျ သွားလိုက်၊ စီးပွားရေးတွေအဆင်ပြေတဲ့ အခါ အပေါင်းအသင်း မိတ်ဆွေတွေ တရုန်းရုန်းနဲ့စီးပွားပျက်တဲ့အခါ လမ်းမှာ တွေ့ရင်တောင် ခေါင်းရှောင်သွားကြ၊ စီးပွားတွေတက်၊ လုပ်ငန်းတွေအောင် မြင်၊ ရာထူးတွေကြီးလာတဲ့အခါ ချီးမွမ်း ကြ၊မြှောက်ပင့်ကြ၊ရာထူးပြုတ်၊စီးပွားကျ တဲ့အခါ ဝိုင်းပြီးရှုတ်ချအပြစ်တင်ကြနဲ့ ငိုတစ်လှည့် ရယ်တစ်ခါ လောကဓံရဲ့ အလှည့်အပြောင်း/ အတက်အကျကို လည်း ဖော်ညွှန်းပါတယ်။

ကျွန်တော်တို့ မြတ်ဗုဒ္ဓရဲ့ ဆုံးမ လမ်းညွှန်တွေထဲကတစ်ခုဖြစ်တဲ့ မင်္ဂလ သုတ် (၃၈) ဖြာမင်္ဂလာတရားတော်ထဲ က နောက်ဆုံးဂါထာဖြစ်တဲ့ -

ဖုဋ္ဌဿ လောက ဓမ္မေဟိ
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ။ ။

ဪ အရိယာသူတော်စင်တို့သည် လောကဓံတရား (၈) ပါးနှင့် တွေ့ဆုံခဲ့ သည်ရှိသော် တုန်လှုပ်မှုမရှိ၊ စိုးရိမ်စိတ်၊ ကြောက်လန့်စိတ်မရှိ၊ ပကတိချမ်းသာ စွာရှိ၏လို့ ကျွန်တော် နားလည်ထားပါ

တယ်။ တစ်နည်းအားဖြင့် ပြန်ကောက် ရရင် လောကဓံတရား(၈)ပါးနဲ့ လူတိုင်း မလွဲမသွေ တွေ့ဆုံရမယ်။ အဲဒီအခါ တုန်လှုပ်မှု၊ စိုးရိမ်ကြောက်လန့်မှုမရှိရ အောင် စိတ်ကို သန့်စင်အောင် (အရိ ယာဖြစ်အောင်) ကြိုးစားကျင့်ကြံထားပါ လို့ ကျွန်တော် သဘောပေါက်ပါတယ်။

ဤသဘောတရားအတိုင်းပါပဲ။ တားရော့ပညာအရ ဒီကားချပ်မှာ သင်္ကေတရုပ်ပုံတွေနဲ့ လမ်းညွှန်ထားပါ တယ်။

ဤသတ္တ(၄)မျိုးနဲ့ ပေါင်းစပ်ပုံဖော် ထားတာဖြစ်ပါတယ်။ မြေ၊ ရေ၊ လေ၊ မီး၊ ဓာတ်ကြီး (၄) ပါးကိုပဲ ဖော်ညွှန်းခြင်း ဖြစ်ပါတယ်။ ဓာတ်ကြီး(၄)ပါးကို မျှတ စွာ ပေါင်းစပ်နိုင်ဖို့ ညွှန်းပါတယ်။

လူတိုင်းဟာ မိသားစုအသိုင်းအ ဝိုင်းနဲ့မိမိဘဝစားဝတ်နေရေးအဆင်ပြေ စေဖို့ အခက်အခဲ၊ အကျပ်အတည်း အမျိုးမျိုးကြားမှ ရုန်းကန်လှုပ်ရှားကြိုး စားနေကြရတယ်။ လွန်ကျူးတဲ့အတ္တစိတ် တွေမမွေးဘဲ အတ္တ-ပရမျှတစွာ မေတ္တာ ရှေ့ထားပြီး သမ္မာအာဇီဝကျစွာ လုပ်ကိုင် စားသောက် နေထိုင်နိုင်မယ်ဆိုရင်ဖြင့် လောဘ-ဒေါသ-အတ္တ-မာနတွေကြောင့် ဖြစ်ပေါ်လာရတဲ့ပူပင်သောကတွေကင်း ဝေးပြီး အေးချမ်းတဲ့ဘဝလေးတစ်ခု ပိုင် ဆိုင်ရလိမ့်မယ်လို့ ရည်ရွယ်ရင်းဖြစ်ပါ တယ်။



| ဘီး | - | သင်္ခါရ၊ ဖြစ်-ပျက်၊ | လောကဓံတရား |
|---|---|---|---|
| စဖင့်(Sphinx) | - | လူ | (ခေါင်း) |
| - | - | ခြင်္သေ့ | (လည်ပင်း-ရှေ့လက်) |
| | - | သိမ်းငှက် | (အတောင်ပံ) |
| | - | နွား | (ကိုယ်နောက်ပိုင်း) |

| | | | | | |
|---|---|---|---|---|---|
| ၁။ | ခြင်္သေ့ | - | တေဇောဓာတ် | - | ဘဝ ခိုင်မာ၊ ရှင်သန်၊ တိုးတက်မှု |
| ၂။ | သိမ်းငှက် | - | အာပေါဓာတ် | - | ချစ်ခြင်းမေတ္တာ၊ သံယောဇဉ် |
| ၃။ | လူ | - | ဝါယောဓာတ် | - | ရုန်းကန်မှု၊ ပဋိပက္ခ၊ ပြဿနာ |
| ၄။ | နွား | - | ပထဝီဓာတ် | - | စားဝတ်နေရေး၊ အကျိုးစီးပွား |



www.burmeseclassic.com

www.burmeseclassic.com

တားရော့ကားချပ်နံပါတ်(၁)ဖြစ်တဲ့ Megician ကားချပ်ထဲက စားပွဲပေါ်မှာ တုတ်၊ ခွက်၊ ဓား၊ ကြယ်ဆိုတဲ့ သင်္ကေတတွေနဲ့ ဓာတ်ကြီး (၄) ပါးကို တစ်နည်း ရည်ညွှန်းဖော်ပြခဲ့တယ်။ ဘဝကို ပြည့်စုံအောင်မြင်တိုးတက်စေချင်ရင် ဓာတ်ကြီး (၄) ပါးရဲ့ ပရိယာယ်တွေကို ဟန်ချက်ညီစွာ၊ မျှတစွာတိုးတက်အောင် ကြိုးစားဖို့ လမ်းညွှန်ခဲ့ပါတယ်။

အခု နံပါတ်(၁၀)မြောက်ကားချပ်မှာလည်း ဓာတ်ကြီး(၄)ပါးသဘောကိုပဲ သင်္ကေတတစ်မျိုးနဲ့ နောက်သဘောတရားတစ်မျိုးကို ထပ်ပြောနေပါတယ်။ လူ့ဘဝသက်တမ်းအနေနဲ့ပြောရင် သက်တမ်းတစ်ဝက်ကျိုးခဲ့ပြီပေါ့။ နံပါတ်(၂၁) အထိရှိတာဆိုတော့ နံပါတ် (၁၀) ဟာ သက်တမ်းတစ်ဝက်ကျိုးခဲ့ပြီပေါ့။ ငယ်စဉ်ဘဝတုန်းက ဘာမှမရှိ/ဘာမှမသိသေးတဲ့အတွက် မရှိသေးတာတွေကိုရှိအောင် ကြိုးစားဖို့၊ မသိသေးတာတွေကိုသိအောင်ကြိုးစားဖို့ တားရော့ကတိုက်တွန်းအားပေးခဲ့ပါတယ်။

အခု လူကြီးဖြစ်လာပြီ။ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ၊ အသိပညာတွေရင့်ကျက်လာခဲ့ပြီ။ လူ့ဘဝရဲ့ချိုမြိန်သောအရသာ/ ခါးသီးသောအရသာတွေလည်း အမျိုးမျိုးခံစားခဲ့ဖူးပြီ။ လှုပ်ခတ်စေတဲ့ ခံစားမှုတွေဟာ ငယ်ရွယ်စဉ်ဘဝအတွက်ပဲလိုအပ်တာပါ။ မတွေ့ကြုံမခံစားဖူးတာတွေကို တွေ့ကြုံခံစားချင်တာ လူငယ်ဘဝပါ။ အခု သက်တမ်းတစ်ဝက်ကျိုးလို့ ဘဝနေဝင်ချိန်ကိုဦးတည်တဲ့အကျပိုင်းကို ရောက်နေပြီ။ တည်ငြိမ်အေးချမ်းမှုကသာ ဘဝရဲ့အရသာအစစ်အမှန်ဆိုတာ သိနေလောက်ပြီ/ သိခဲ့ပါပြီ။ ဒါကြောင့် ဒီအချိန်မှာ အတွေးအမြင်တွေပြောင်းသင့်ပြီ။ ရုပ်ပစ္စည်းတွေကြွယ်ဝစွာပိုင်ဆိုင်ဖို့ထက်အေးချမ်းသောမေတ္တာတရား(ပရဟိတစိတ်)တွေကြွယ်ဝစွာပိုင်ဆိုင်ပြီး တည်ငြိမ်ငြိမ်းချမ်းသောဘဝအဖြစ် ကြိုးစား၊ ပြုပြင်၊ ကျင့်ကြံနေထိုင်သွားဖို့ လမ်းညွှန်ထားတာပဲဖြစ်ပါတယ်။

ယောနိသောမနသိကာရ- လက်ရှိရင်ဆိုင်နေရတဲ့ ဘဝအခြေအနေမှာ ကျေနပ်ရောင့်ရဲစွာ (အေးချမ်းစွာ) နေထိုင်နိုင်ဖို့နဲ့ အတ္တ၊ ပရ မျှတစွာ စိတ်မွေးမြူကျင့်ကြံဖို့ Wheel of Fortune က အကြံပြု တိုက်တွန်းထားပါတယ်။ အဲဒါတွေကတော့ အတွင်းနိမိတ်အနေနဲ့ ဖွင့်ဆိုတာဖြစ်ပါတယ်။ အပြင်နိမိတ်အနေနဲ့ကောက်ယူကြည့်ရအောင်။ ငွေကြေးလောင်းကစားမှု၊ စတော့ရှယ်ယာ၊ ငွေတိုးချေးစားမှု၊ စက်မှုလုပ်ငန်း၊ ရေယာဉ်၊ မော်တော်ယာဉ်လုပ်ငန်းတွေနဲ့ပတ်သက်နိုင်ပါတယ်။ အဟောထုတ်ပုံနမူနာလေးတွေနဲ့ လေ့လာကြည့်ရအောင်။

□ **နမူနာ** (၁)

Major ကတ်တွေနဲ့ အဟောလေ့ကျင့်စဉ်ကာလတစ်ခု၊ အမျိုးသမီးတစ်ဦးက မေးလာတယ်။

"ဆရာ၊ ကျွန်မအိမ်ရောင်းဖို့လုပ်ထားတယ်။ အိမ်ရောင်းပြီးမှ တခြားလုပ်စရာရှိတာတွေကို ဆက်လုပ်လို့ရမှာ။ အခု ဝယ်သူတစ်ဦးနဲ့ ဈေးစကားပြောထားတယ်။ သူဆစ်တဲ့ဈေးနဲ့ရောင်းမယ်လို့ ပြောထားတယ်။ အဲဒါ ဝယ်၊ မဝယ် အကြောင်းမပြန်သေးဘူး။ သူကျိန်းသေဝယ်မှာလား။ အဲဒါ သိချင်ပါတယ်"

တားရော့ကိုမေးတဲ့အခါ နံပါတ် (၁၀) Wheel of Fortune ကားချပ်ပေါ်လာပါတယ်။

"ငါ့တူမ၊ ညည်းအိမ်ကိုဝယ်မယ့်သူက ငွေတိုးချေးစားတဲ့သူ ဒါမှမဟုတ် စက်တို့၊ ကားလုပ်ငန်းတို့နဲ့ပတ်သက်တဲ့သူလား၊ အဲဒီလုပ်ငန်းတွေကိုလုပ်နေတဲ့သူဆိုရင် ဝယ်ဖြစ်လိမ့်မယ်"

"ဟုတ်ပါတယ် ဆရာ၊ သူက ဆန်စက်ထောင်ထားပါတယ်။ ငွေကြေးအဆင်ပြေတော့ ယုံကြည်ရတဲ့သူတွေဆိုရင် ငွေလည်းချေးပါတယ်"

"ဒါဆိုရင် သူဝယ်မှာသေချာပါတယ်။ ညည်းလည်း လုပ်ငန်းအပြောင်းအလဲ၊ ဘဝအပြောင်းအလဲတွေလုပ်ဖြစ်ပါလိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာ၊ သူဝယ်မှာသေချာရင် နောက်တစ်ယောက်ထပ်မရှာတော့ပါဘူး။ ရှေ့လုပ်စရာရှိတာလေးတွေ ကြိုတင်ပြင်ဆင်ထားရတော့မှာပေါ့။ ဒီအိမ်ရောင်းပြီး ကျွန်မရွာကိုပြန်မှာ၊ ဟိုမှာပဲလုပ်ကိုင်စားတော့မယ်"

အိမ်ရောင်းဝယ်ဖြစ်သွားပါတယ်။

□ **နမူနာ**(၂)

"ဆရာ၊ သမီးကို တခြားကုမ္ပဏီက သူငယ်ချင်းတစ်ယောက်က သူတို့ကုမ္ပဏီကိုပြောင်းဖို့ခေါ်နေတယ်။ အခုလက်ရှိကုမ္ပဏီမှာ ဆက်လုပ်ရင်ကောင်းမလား၊ သူတို့ကုမ္ပဏီကိုပြောင်းရင်ကောင်းမလား၊ အဲဒါသိချင်လို့ပါ"

"ဒါဆိုရင် ကုမ္ပဏီ(၂)ခုကိုယှဉ်ပြီးမေးမယ်။ ဘယ်ကုမ္ပဏီက သမီးအတွက်သင့်တော်မလဲဆိုတာကို"

"ဟုတ်ကဲ့ပါ ဆရာ"

"အခုမေးတဲ့အမေးတွေကို လေး... လေးနက်နက်စဉ်းစားပြီး ကုမ္ပဏီ(၂)ခုကို... မြင်အောင်အာရုံပြုပြီးမေး၊ ဘယ်ဘက်... ကိုချိုးချလိုက်"

လက်ရှိကုမ္ပဏီအတွက်ထွက်ပေါ်လာတဲ့ကားချပ်က Wheel of Fortune ကားချပ်၊ နောက်ပြောင်းချင်တဲ့ကုမ္ပဏီအတွက်က ကားချပ်နံပါတ် (4) Imperor ကားချပ်။

"သမီးနောက်ပြောင်းချင်တဲ့ကုမ္ပဏီက စည်းကမ်းကြီးလိမ့်မယ်။ သမီးစိတ်ကျဉ်းကျပ်လိမ့်မယ်။ လက်ရှိကုမ္ပဏီက... တော့ တက်လမ်းတော့နှေးလိမ့်မယ်... ဖြည်းဖြည်းမှန်မှန်နဲ့ သမီးရဲ့လုပ်ရည်ကိုင်ရည်ပေါ်ကြည့်ပြီး တိုးတက်မှုရလိမ့်မယ်... ရေရှည်အတွက် အေးအေးချမ်းချမ်း... ကောင်းလိမ့်မယ်"

"ဟုတ်တယ် ဆရာ၊ ဟိုဘက်ကုမ္ပဏီကလူကြီးက အရမ်းစည်းကမ်းကြီး... တဲ့။ အလုပ်ထဲမှာ စကားစမြည်ပြော... တာတောင် မကြိုက်ဘူးတဲ့။ ရုံးတက်၊ ရုံး... ဆင်းလည်း အချိန်အတိအကျနဲ့ သမီး... စိတ်ကျဉ်းကျပ်ရင်မနေတတ်ဘူး။ လက်... အလုပ်မှာ နေသားလည်းကျနေပြီ။ သ... ဝါသနာနဲ့လည်းကိုက်တော့ ဒီမှာပဲဆ... နေတာပဲကောင်းလိမ့်မယ်။ သမီးလည်း... လုပ်သက်လည်းရ၊ လုပ်ငန်းမှာလည်း... ကျွမ်းကျင်နေပြီဆိုတော့ ဒီတစ်ပ... Promotion မှာ သမီးကိုတင်ထားတ... လို့သိရတယ်။ ကျေးဇူးပါပဲ ဆရာရ... အခုမှပဲပြတ်ပြတ်သားသား ဆုံးဖြတ်... တော့တယ်"

□ **နမူနာ**(၃)

"ဆရာ၊ ကျွန်မသမီးလေးအတွက်... ကြည့်ချင်လို့ပါ"

"ဘာအကြောင်းသိချင်တာလဲ"

"အစုံပေါ့ ဆရာရယ်၊ ကျန်းမာ... စီးပွားရေး၊ လူမှုရေးအားလုံးပေါ့။ ဆ... မြင်သမျှပြောပါ"

အသက် (၆၀) ကျော်ခန့် အ... သမီးကြီးတစ်ဦး မေးလည်းမေး၊ မှ... စာအုပ်ကိုလည်းဖွင့်၊ သူ့မှတ်စုစာအ... လည်း ယခုလိုပဲ ဗေဒင်ဟောချက်... လို့ယူဆရတယ်။ အမျိုးသမီးကြီးရဲ့... ပန်နဲ့ စကားပြောဆိုပုံလေသံတွေ... ဗေဒင်ဟောခန်းတွေနဲ့ ကျွမ်းဝင်ပြီး... လို့ထင်ရတယ်။ အကြောင်းအရာအ... ချင်တယ်ဆိုတော့ ကဲ့(လ်)တစ်ဖြ... နည်းကိုသုံးပြီး ကားချပ်(၁၀)ခု... လိုက်ပါတယ်။ အနီးကပ်... အ... နေရာမှာ အခက်အခဲအကျပ်အ...



www.burmeseclassic.com

www.burmeseclassic.com

ကြုံနေခဲ့ရတယ်ဆိုတဲ့ ကားချပ်ကျပြီး အခုလောလောဆယ် ပစ္စုပ္ပန်နေရာမှာ Wheel of Fortune ကားချပ်ကျရောက်ပါတယ်။ အနီးကပ်ဆုံးအနာဂတ်ကာလမှာ ရုတ်တရက်မထင်မှတ်ဘဲ အဆင်ပြေအောင်မြင်မယ့်ကားချပ်၊ ရပ်ဝေးမြေခြားက သတင်းစကား၊ လူပစ္စည်းတွေရောက်ရှိမယ်၊ အဆက်အသွယ်ရမယ်ဆိုတဲ့ကားချပ်ပါ။

"အစ်မကြီး၊ အစ်မကြီးရဲ့သမီးက လက်ရှိအခြေအနေကနေပြီး အပြောင်းအလဲရှိတယ်။ အရင်ဆောင်ရွက်ထားခဲ့ပြီး အဆင်မပြေ၊ ကြန့်ကြာနေတဲ့ကိစ္စတစ်ခုဟာ အခုအခြေအနေမှာ အပြောင်းအလဲဖြစ်ပြီး အဆင်ပြေသွားပြီ။ မကြာခင်မှာလည်း ရပ်ဝေးမြေခြားတစ်နေရာကစာ၊ ဖုန်း၊ ပစ္စည်း၊ လူရောက်လာမယ်။ အဆက်အသွယ်ရမယ်။ကောင်းတဲ့အခြေအနေကိုပြောင်းလဲတာဖြစ်ပါလိမ့်မယ်"

"ဆရာပြောတာမရှင်းဘူး။ ဘာတွေအပြောင်းအလဲဖြစ်မှာလဲ။ ဘာတွေသတင်းစကားရမှာလဲ"

"အစ်မကြီးက ဘာအကြောင်းအရာကိုသိချင်ပါတယ်လို့ ခေါင်းစဉ်တပ်မမေးတော့ ကျွန်တော်ကလည်း ယေဘုယျသဘောပဲပြောနိုင်ပါတယ်။အစ်မကြီးရဲ့သမီးမှာ လက်ရှိဘာတွေအခက်အခဲရှိနေသလဲ၊ ဘာတွေလုပ်ထားလဲ၊ အဲဒီရှိနေတဲ့အခက်အခဲတွေအဆင်ပြေသွားပြီး အခု လုပ်ဖို့ရည်ရွယ်ထားတဲ့ အလုပ်က အဆင်ပြေသွားပြီ၊ အောင်မြင်သွားပြီလို့ပဲပြောနိုင်တယ်။ ရပ်ဝေးမြေခြားမှာ အစ်မကြီးတို့နဲ့အဆက်အသွယ်ဘယ်သူရှိလဲ၊ သူနဲ့ဘာတွေချိတ်ထားတာရှိသလဲ၊ အဲဒီကိစ္စတွေအဆင်ပြေမှာပေါ့။ အစ်မကြီးတို့ လက်ရှိဖြစ်နေတဲ့ အခက်အခဲ၊ လုပ်ငန်းရည်ရွယ်ချက် အခြေအနေတွေနဲ့ ဆက်စပ်တွေးကြည့်ပေါ့။ ကျွန်တော်ကတော့ ဒီလောက်ပဲပြောနိုင်တယ်"

ကျွန်တော့်လေသံ နည်းနည်းမာသွားမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဟန်ပန်သွင်ပြင်က ပညာတတ်အတွေးအခေါ်ရှိပုံရတယ်။ သူ့သမီးရဲ့လက်ရှိဘဝနဲ့ တားရော့ကားချပ်ကပြောတာတွေနဲ့ဆက်စပ်ပြီးတွေးလိုက်ရင် ဘာကိုပြောနေတယ်ဆိုတာ သိနိုင်ရက်နဲ့ ဆက်စပ်မတွေးဘူး။ ဘာသိချင်တာလဲဆိုတော့ အတိအကျခေါင်းစဉ်တပ်မမေးဘူး။ ဗေဒင်ဟောခန်းတွေနဲ့လည်း ရင်းနှီးကျွမ်းဝင်နေပုံရတယ် စကားပြောတဲ့လေသံက။ ဒီတော့ ကျွန်တော့်ကို ပညာလာစမ်းနေတယ်လို့ထင်တယ်။

"စိတ်မရှိပါနဲ့ဆရာရယ်။ ကျွန်မက ဆရာ့ဆောင်းပါးတွေဖတ်ပြီး တမင်စုံစမ်းပြီးလာတာပါ။ ကျွန်မဗေဒင်မေးခဲ့တာတွေအကြိမ်မနည်းတော့ပါဘူး။ ဟောဒီစာအုပ်ဟာ မေးခဲ့တဲ့ဗေဒင်ဆရာတွေရဲ့ ဟောချက်မှတ်တမ်းတွေပါ။ ရန်ကုန်မှာ ပေါ်ခဲ့ဖူးတဲ့ နာမည်ကြီးဗေဒင်ဆရာတွေအားလုံးနီးပါးမေးခဲ့ဖူးပါတယ်။ တချို့က မေးတဲ့ အကြောင်းအရာကိုနင်းပြီး ခွင်ရိုက်တယ်။ ယတြာသောင်းနဲ့သိန်းနဲ့ချီတောင်းတယ်။ အဲဒီလိုတွေကြုံခဲ့ဖူးလို့ ကျွန်မကဘာကိစ္စကိုသိချင်သလဲဆိုတာ တိုက်ရိုက်မမေးရဲတာပါ။ ကျွန်မကို ခွင့်လွှတ်ပါ။ အဖြစ်မှန်က သမီးလေးက စင်ကာပူမှာ အလုပ်သွားလုပ်နေရာက ဒီထက်လခကောင်းတဲ့အလုပ်ရဖို့ ဒီမှာလာပြီးသင်တန်းတွေတက်တယ်။သင်တန်းတွေတက်ပြီးလို့ စင်ကာပူကိုပြန်ထွက်ဖို့ ဗီဇာတင်တာ Reject ထိတာ (၂)ခါရှိပြီ။ သူ့အစ်မကလည်း စင်ကာပူမှာအလုပ်လုပ်နေတာ၊ ရှေ့(၂)ပတ်လောက်နေရင် ခဏပြန်လာမယ်ပြောတယ်။ သူ့အစ်မက သကြန်ပြီးလောက်မှ ပြန်ထွက်မှာ။ သူ့အစ်မနဲ့တစ်ပါတည်းပြန်လိုက်သွားနိုင်မလား အဲဒါသိချင်တာ။ ဆရာတို့ပညာထဲမှာ နိုင်ငံခြားကိုပြန်ထွက်လို့ရ မရမပါဘူးလား"

ကျွန်တော်တို့ ဗေဒင်ပရိယာယ်မှာ နိုင်ငံခြားခရီးလို့ သီးသန့်အဓိပ္ပာယ်မရှိပါ။ မိမိဇာတိလက်ရှိနေရပ်မှ အလှမ်းဝေးကွာသောနေရာလို့ပဲရှိပါတယ်။ နိုင်ငံခြားကိုတိုးလျှိုပေါက်သွားနေကြတဲ့ခေတ်ရောက်တော့ ခေတ်နဲ့အညီနိုင်ငံခြားခရီးလို့ဆွဲပြောကြတာပါ။ တားရော့ပညာမှာလည်း ဒီလိုပါပဲ။ နိုင်ငံခြားဆိုတဲ့ အဓိပ္ပာယ်သီးသန့်ရည်ညွှန်းချက်မရှိပါဘူး။ ရပ်ဝေးမြေခြား မြစ်ကူးချောင်းဖြာလို့ပဲ ပြောနိုင်ပါတယ်။ ဒီခေတ်မှာ နိုင်ငံခြားလို့ယူသော်ရ၏ပေါ့။

ဒီတော့ သူ့သမီးအတွက် ဟောချက်တွေကို ဆက်စပ်အဖြေထုတ်ကြည့်ရင်-

| | | |
|---|---|---|
| ဟောချက် | အတိတ် | - အခက်အခဲ၊ အကျပ်အတည်း |
| | ပစ္စုပ္ပန် | - (အထက်ပါအခြေအနေမှ) ပြောင်းလဲခြင်း (ကောင်းသော) |
| | အနာဂတ် | - ခရီးဝေး၊ ရပ်ဝေးမြေခြားနှင့်ကောင်းသောအဆက်အသွယ်များရမည်။ |
| ဆက်စပ်အဖြေ | ပစ္စုပ္ပန် | - ယခင်အဆင်မပြေခဲ့သော ဗီဇာကိစ္စ- ယခုအဆင်ပြေသွားပြီ။ |
| | အနာဂတ် | - အစ်မဖြစ်သူ အပြန်မှာ အတူလိုက်နိုင်မည်။ |

"အစ်မကြီးရယ်၊ ကျွန်တော်က အကြားအမြင်ဆရာမှမဟုတ်တာ။ အတိအကျ အစ်မကြီးလိုချင်တဲ့စကားလုံး ဘယ်ပြောနိုင်ပါ့မလဲ။ ဆက်စပ်တွေးရင်တော့ နိုင်ငံခြားခရီးထွက်ရမယ်လို့တော့ ပြောလို့ရတာပေါ့။ နောက်ပြီး အစ်မကြီးကလည်း သမီးနိုင်ငံခြားကိစ္စသိချင်လို့ပါဆိုပြီး ခေါင်းစဉ်တပ်မေးတာလည်း မဟုတ်တော့ ကျွန်တော်က ယေဘုယျပဲ ပြောနိုင်တာပေါ့။ ကာယကံရှင်ရဲ့အမေးဆန္ဒကိုလိုက်ပြီး ပညာထဲမှာမပါတာ၊ မတွေ့တာကို ကျွန်တော်မပြောပါဘူး။ ကျွန်တော်တို့အလုပ်က ပညာပေါ်မှာ သစ္စာရှိရပါတယ်။ ကားချပ်ထဲမှာ၊ ပညာထဲမှာမပါတာတွေကို လုပ်ကြံပြောရင် ပညာကွယ်တတ်၊ ကန်းတတ်ပါတယ်။ ပြီးတော့ ဒီပညာရဲ့ ပဲ့ကိုင်ဆရာတွေက သူတော်စင်တွေဖြစ်တဲ့အတွက် ကျွန်တော်တို့လိမ်ညာမပြောရဲပါဘူး"

သူလည်း မကျေမလည်၊ ကျွန်တော်လည်း မကျေမလည်နဲ့ တစ်ခန်းရပ်လိုက်ပါတယ်။

(စကားချပ် ။ ။ သူ့သမီး သကြန်မတိုင်မီ စင်ကာပူသို့ထွက်[illegible] ကြောင်း ၎င်းတို့နှင့် ဆက်စပ်[illegible] နေရာမှ သတင်းရရှိပါသည်။)

သူကပဲလက်ပေါက်[illegible]

ဆက်စပ်မစဉ်း[illegible]

သံသယတွေခံနေ[illegible]

ကျွန်တော်ကပဲ [illegible]

တာလား။

ဆက်စပ်မပြော[illegible]

မူရင်းစာအုပ်[illegible]

ခေါ်နေတာလား။

စာဖတ်သူ[illegible]

စာယူပါတော့။

[illegible]

([illegible])

[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုအန်းသွင်

## ကျွေးရင်စားမယ်၊ စားရင်ကျွေးမယ်

နိုင်ငံကျော် စာရေးဆရာကြီး တစ်ဦး (ယခု - ကွယ်လွန်) သည် သူ၏ အိမ်ရှေ့တွင် -

၂ သောက်ရင်တိုက်မယ်၊
တိုက်ရင်သောက်မယ်

ဟု စာရေးထားသည်ဆို၏။

အရက်သောက်မည့်သူများနှင့် အရက်တိုက်မည့်သူများကို ကြိုဆိုပါ၏ ဆိုသည့် သဘော။

ကျွန်တော်တို့၏ အိမ်တိုင်းလိုလိုတွင် နာရီများရှိကြပါသည်။ နာရီအရွယ်အစား၊ အမျိုးအစားအလိုက် နားစိုက်ထောင်ရ၍ဖြစ်စေ၊ နားစိုက်မထောင်ရဘဲဖြစ်စေ ချက်ချက်ချက်ချက်ဟုသော မြည်သံကိုကြားရပါသည်။တ... ်တော့ နာရီ(အချိန်)က ကျွန်တော်တို့ကို စကားပြောနေခြင်း ဖြစ်ပါသည်။ သူပြောနေသောစကားမှာ-

၁ စားရင်ကျွေးမယ်၊
ကျွေးရင်စားမယ်

ဟူ၍ ဖြစ်ပါသည်။

လူတွင် ကံသုံးပါးရှိပါသည်။ ၎င်းတို့မှာ စိတ်ဖြင့်ကြံစည်မှု မနောကံ၊ နှုတ်ဖြင့်ပြောဆိုမှု ဝစီကံ၊ ကိုယ်ဖြင့်ပြုလုပ်မှု ကာယကံ ဟူ၍ ဖြစ်ပါသည်။ ထိုကံသုံးမျိုးဖြင့်ပင် အမှုသုံးပါးကိုလုပ်ပါသည်။ အမှုသုံးပါးမှာ ကုသိုလ်ရရေး၊ ပညာရရေး၊ ဥစ္စာရရေးတို့ဖြစ်ပါသည်။ ကုသိုလ်နှင့် ပညာတွင် မပါဝင်သောကောင်းကျိုးချမ်းသာအတွက် ပြုလုပ်မှုမှန်သမျှကို ဥစ္စာရရေးတွင်ထည့်ပါသည်။ အမှုဆိုသည်မှာလည်း ပြုလုပ်ခြင်းပင်ဖြစ်၍ ကံဟုပင် ဆိုနိုင်ပါသည်။ အတွင်းကံ၊ အပြင်ကံဟူ၍ ခွဲနိုင်သည်ဟု ထင်ပါ၏။

ကုသိုလ်၊ ပညာ၊ ဥစ္စာရရေး တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ၊ စိတ်၊ နှုတ်၊ ကိုယ်တစ်မျိုးမျိုးဖြင့်ဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေပြုလုပ်နေသမျှ အချိန်က လူကိုကျွေးနေခြင်းသို့မဟုတ် လူက အချိန်ကိုစားနေခြင်း ဖြစ်ပါသည်။

ဤတွင် မနောကံကို စေတနာဟု ခေါ်ပါသည်။ စေတနာကို ကံဟု ဘုရားဟောပါသည်။ ဝစီကံနှင့် ကာယကံတို့တွင် မနောကံပါရပါသည်။ မနောကံပါမှ ပြည့်စုံပါသည်။ ကံမြောက်ပါသည်။ မနောကံလွတ်သွားလျှင်၊ စိတ်အခြားရောက်သွားလျှင် ကံမပြည့်စုံပါ။ ပေါ့သွားသည်။ ကံမမြောက်ဟု ဆိုရပါမည်။ ကုသိုလ်-ပညာ၊ ဥစ္စာရကြောင်းအမှုသုံးပါးကိုပြုရာတွင် မနောကံလွတ်သွားလျှင် ထိုမနောကံလွတ်နေချိန်သည် ကံက လူကိုစားနေသောအချိန်ပင် ဖြစ်ပါသည်။

လူတစ်ယောက်ဆီက အချိန်က ပုံသေစားရသောအချိန်ရှိပါသည်။ ၎င်းမှာ အိပ်ချိန်ဖြစ်ပါသည်။ သာမန်အားဖြင့် (အများအားဖြင့်) လူတို့ (၂၄) နာရီတွင် (၈)နာရီအိပ်ကြပါသည်။ မည်သည့်အချိန်တွင် အိပ်သည်ဖြစ်စေ၊ အိပ်ချိန်မှ ထချိန်ထိ (၈) နာရီကြာတတ်သည်ကို ဆိုပါသည်။

ထို့ကြောင့် လူစားဖို့ အချိန်က (၁၆) နာရီကျန်ပါသည်။ ထိုကျန်သော (၁၆) နာရီစလုံးကို ကုသိုလ်၊ ပညာ၊ ဥစ္စာအတွက် အသုံးချကြပါသလား။ မချနိုင်ပါ။ နားချိန်ရှိပါသေးသည်။ အချို့ နေ့လယ်တစ်နာရီလောက်အိပ်တတ်ပါသေးသည်။ အချိန်က ထပ်စားရပြန်ပါသည်။

ကံသုံးပါးတွင် မနောကံကအရေးကြီးပါသည်။ မနောကံပါမှ စေတနာဖြစ်ပါသည်။ စေတနာပါမှ အလုပ်ဖြစ်ပါသည်။

ကာယံအမှု၊ ဝစီကံအမှုများကို ပြုရာတွင် ကောင်းမှုပြုရာနှင့်မကောင်းမှုပြုရာတို့တွင် စိတ်စေတနာပါဝင်မှုကွာခြားပါသည်။ လေ့ကျင့်မှုမရှိထားသော စိတ်ဖြင့် ဘုရားရှိခိုးလျှင် ကြာသော ဘုရားရှိခိုးတစ်ပုဒ်တွင်ပင် စိတ်အပြင်ထွက်မှုအကြိမ် (၂၀)၊ (၃၀) မက ရှိနိုင်ပါသည်။ မြင်၊ ကြား၊ နံ၊ စား၊ ထိ အာရုံများက မပြတ်ထိနေကြသဖြင့် စိတ်က ထိုအာရုံများသို့ မပြတ်ရောက်သွားတတ်ပါသည်။ ထိုသို့ စိတ်ထွက်နေချိန်သည်လည်း လူကအချိန်ကိုကျွေးနေရခြင်းဖြစ်ပါသည်။

ကြက်တစ်ကောင် အခန်းထဲဝင်လာသဖြင့် ဒေါသဖြင့်လိုက်ရိုက်ရာဝယ် တော်ရုံနှင့်ကိစ္စမပြီး။ ဆိုကြပါစို့။ (၁၅) မိနစ်၊ (၂၀) မိနစ်ကြာမှ မိလို့ဖြစ်စေ၊ လွတ်သွား၍ဖြစ်စေ ကိစ္စပြီးပါသည်။ ထိုအတောအတွင်း စိတ်သည် လေ့ကျင့်ထားခြင်းမရှိဘဲ အပြင်မထွက်သလောက် ရှိနေတတ်ပါသည်။ ဤသည်မှာလည်း လူက အချိန်ကို ကျွေးလိုက်ရခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် အချိန်များများကိုလည်း လူက ကျွေးလိုက်ရပါသည်။

ဤသို့ဖြင့် ကုသိုလ်၊ ပညာ၊ ဥစ္စာအတွက် ကိုယ်နှင့်နှုတ်တို့ဖြင့်လုပ်သော်လည်း စိတ်မပါသဖြင့် အချိန်က(၈) နာရီ (အများအားဖြင့်) ခန့် စားသွားပြန်သည်။ (၂၄) နာရီအနက် (၈) နာရီသာ မိမိအတွက် ကျန်ပါတော့သည်။ မကောင်းမှုဖြင့် အသက်မွေးသူများအဖို့ အကျန်ထဲမှ အကန့်အသတ်မရှိ အကုသိုလ်များလျှင်များသလောက် ကျွေးလိုက်ရပါသည်။ လုံးဝမကျန်သူများလည်းရှိသည်။ အခြားနည်းမျိုးစုံဖြင့် အချိန်ဖြုန်းကြသူများအဖို့ အနုတ်လက္ခဏာပင်ပြနေပေဦးမည်။ အနည်းငယ်ကျန်သူများလည်း ရှိသည်။

သာမန် (အများအားဖြင့်) ခန့်မှန်းခြေ (၄) နာရီခန့်သာကျန်ပါသည်။

ဤတွင် အသိရှိသူများက ပိုစားနိုင်အောင် ကြိုးစားကြပါသည်။

များသောအားဖြင့် နည်းသုံးမျိုးကို အသုံးပြုကြပါသည်။ ၎င်းတို့မှာ (၁) အိပ်ချိန်ကိုလျှော့ခြင်း၊ (၂) အချိန်မဖြုန်းမိစေခြင်း၊ (၃) စိတ်တည်ငြိမ်အောင်လေ့လာနှင့်ခြင်း။ အိပ်စက်ခြင်းနှင့် ပတ်သက်ပြီး စကားစဉ်တစ်ခုရှိသည်။ ၎င်းမှာ-

ညဉ့်ကို (၁)·ညဉ့်ဦးယံ (၆ နာရီမှ ၁၀ နာရီအထိ၊ (၂) သန်းခေါင်ယံ (၁၀ နာရီမှ ၂ နာရီအထိ၊ (၃) မိုးသောက်ယံ (၂ နာရီမှ ၆ နာရီ) အထိဖြစ်ပြီး -

၁။ ရှင်ဘုရင်သည် ညဉ့်သုံးယံတွင် မိုးသောက်ယံတစ်ယံသာအိပ်သည်။ ညဉ့်ဦးယံနှင့် သန်းခေါင်ယံတို့တွင် တိုင်းရေးပြည်ရေးများကို စီမံခန့်ခွဲရသည်။

၂။ သူဌေးသည် ညဉ့်သုံးယံတွင် သန်းခေါင်ယံနှင့် မိုးသောက်ယံ (၂) ယံသာအိပ်သည်။ စီးပွားရေးအတွက် (၁၀) နာရီထိ စီမံခန့်ခွဲရသည်။

၃။ ဆင်းရဲသားသည် ညဉ့်သုံးယံတွင် သုံးယံစလုံးအိပ်သည်။ စီမံခန့်ခွဲစရာဘာမှမရှိ။ သို့သော် လုပ်ငန်းခွင်ဝင်ရန်ရှိ၍ (၆) နာရီကျော်သော် အိပ်ရာမှ ထရသည်။

၄။ သူတောင်းစား (ဆုတောင်းစား) သည် ညဉ့်သုံးယံကိုကျော်ပြီး (၄) ယံရောက်အောင် (နံနက် (၁၀) နာရီအထိ) အိပ်သည်။




www.burmeseclassic.com

www.burmeseclassic.com

သုံ့မှာ အချိန်သတ်မှတ်ထားသည့် လုပ်ငန်းမရှိ။ သွားချင်သည့်အချိန်သွားပြီး တောင်းရန်သာရှိသည်။

အိပ်ချိန်လျှော့ပြီး အချိန်ကို ကောင်းကျိုးအတွက်အသုံးချရာ၌ အချို့ (၄) နာရီသာအိပ်သည်။ အချို့ (၂) နာရီသာအိပ်သည်။ အချို့ (၁) နာရီသာအိပ်သည်။အချို့တစ်မှေးမှေးရုံသာအိပ်သည်။ တစ်မှေးကိုအချိန်များမသွားစေရန် အန်းသီးခေါင်းချပြီးအမာခံတစ်ခုခုကိုချပြီးအိပ်သည်။ အချို့ ကျောမခင်းဘဲထိုင်ပြီးအိပ်သည်။ အချို့အရက်သမားများ အရက်ဖြတ်သကဲ့သို့ အိပ်ချိန်ကိုအကျင့်ရအောင် တဖြည်းဖြည်းလျှော့ပြီး နောက်ဆုံး လုံးဝမအိပ်သူများရှိသည်။

ထိုသူများတွင် တရုတ်ဘုန်းတော်ကြီးတစ်ပါးနှင့် ပြင်သစ်စစ်ဘုရင် နပိုလီယံတို့အကြောင်းကို ကြားဖူးသည်။ တရုတ်ဘုန်းတော်ကြီးတစ်ပါးသည် တရားကျင့်ရာတွင် လုံးဝမအိပ်ဘဲကျင့်သည်။ မျက်ခွံလေးပြီး အိပ်ချင်လာသဖြင့် မျက်ခွံကို ဓားဖြင့်ဖြတ်ပစ်သည်ဟု ဆိုသည်။ (ထိုမျက်ခွံမှလက်ဖက်ပင်ပေါက်လာသည်ဟု ဒဏ္ဍာရီရှိသည်။)

ဒုတိယအချက်ကတော့ အချိန်မဖြုန်းမိအောင် စောင့်ထိန်းခြင်းဖြစ်သည်။ ကုသိုလ်၊ ပညာ၊ ဥစ္စာရကြောင်းမဟုတ်သည့်အလုပ်မှန်သမျှ အချိန်ဖြုန်းခြင်းပင်ဖြစ်သည်။ အပန်းဖြေသည်၊ စိတ်ဖိစီးမှုလျှော့သည် စသည့် အကြောင်းပြချက်ဖြင့် အချို့လိုအပ်သလောက်၊အချို့လိုအပ်သည်ထက် (နည်းနည်းများများ) ပိုပြီးဖျော်ဖြေမှုတစ်ခုခုဖြင့် အချိန်ဖြုန်းတတ်ကြသည်။ ဤသို့မပြုဘဲ ကုသိုလ်၊ ပညာ၊ ဥစ္စာရကြောင်းပြုရင်းဖြင့် အပန်းဖြေနိုင်သည်။ စိတ်ဖိစီးမှုမရှိအောင် စွမ်းဆောင်နိုင်သည်။ ဤနည်းကို သိပြီး ဤနည်းဖြင့် လုံးဝအချိန်မဖြုန်းဘဲ လောကီ၊ လောကုတ္တရာ(၂)ဖက်စလုံး ဘွင် အထွတ်အထိပ်ရောက်သွားသူများရှိသည်။ ထိပ်ဆုံးက အသိပညာရှင်၊အတတ်ပညာရှင်ကြီးများ၊ စီးပွားရေးသမားများသည် လောကီဘက်တွင်ဖြစ်ပြီး သံသရာမှ လွတ်မြောက်သွားသူများ(ဘုရား၊ရဟန္တာ၊ အရိယာများ)သည် လောကုတ္တရာနယ်ပယ်တွင် ဖြစ်၏။

လောကတွင် အချိန်ထက် တန်ဖိုးကြီးသောအရာမရှိ။ နပိုလီယံသည် သူရှုံးသွားသော နောက်ဆုံးစစ်ပွဲတွင် -

"အရှင်နေမင်း၊ ကျွန်ုပ်ကို တစ်နာရီလောက်စောင့်ဆိုင်းပေးလျှင် လောကနှင့် ဘာမဆိုကျွန်ုပ်လုပ်ပေးနိုင်သည်" ဟု ဝင်လုဆဲဆဲနေမင်းကို ပြောခဲ့သည်ဟူ၏။

လောကတွင် မည်သည့်အခါမှ အစားပြန်မလာသောအရာသည် ကုန်ဆုံးသွားသောအချိန်ပင် ဖြစ်သည်။

တတိယအချက်ဖြစ်သော စိတ်ကို တည်ငြိမ်အောင် လေ့ကျင့်ခြင်းသည် အရေးအကြီးဆုံးအချက် ဖြစ်သည်။ စိတ်တည်ငြိမ်မှုမရှိဘဲ မည်သည့်အလုပ်ကိုမျှ ပြည့်ဝအောင်မြင်အောင်မလုပ်နိုင်ပါ။

အိပ်ချိန်ကို လျှော့ပြီး 'အိပ်ချိန်'ဟု သတ်မှတ်ကာ အိပ်သောအချိန်တွင် စိတ်တည်ငြိမ်မှုမရှိဘဲ အတွေးပေါင်းစုံတွေးမိနေလျှင် အိပ်ရသောအချိန်ကို အပြည့်အဝရမည်မဟုတ်ပေ။

အချိန်ကို မဖြုန်းမိစေဘဲ အစွမ်းကုန်အသုံးချသည်ဆိုစေကာမူ စိတ်တည်ငြိမ်မှုမရှိလျှင် အသုံးချသောအချိန်အတွက် အပြည့်အဝ ကောင်းကျိုးမဖြစ်ထွန်းနိုင်ပေ။ ထို့ကြောင့် စိတ်တည်ငြိမ်မှုရအောင် လေ့ကျင့်ရသည်။

လေ့ကျင့်ခြင်းဖြင့် အရာရာကို ပြီးမြောက် အောင်မြင်စေသည်။

အလေ့အကျင့်သည် လူကို ပြီးပြည့်စုံစေ၏ဟူသောစကားရှိသည်။

စိတ်ဖြင့်ပင် ပြုလုပ်၍မရသော ဆပ်ကပ်သမားတို့၏ စွမ်းရည်သည် အလေ့အကျင့်မှရခြင်းဖြစ်သည်။ ထိုလေ့ကျင့်မှုသည်လည်း စိတ်တည်ငြိမ်မှုအပေါ်တွင်သာ တည်သည်။

မြားပစ်သမားသည် နေ့တိုင်း လေ့ကျင့်နေမှ ပစ်မှတ်ကို ထိအောင်ပစ်နိုင်သည်။ သို့သော် လေ့ကျင့်မှုမည်မျှမှန်နေစေကာမူ မြားပစ်ချိန်တွင် စိတ်တည်ငြိမ်မှုမရှိက ပစ်မှတ်ကိုမှန်အောင်မပစ်နိုင်။

ဤတွင် အလုပ်ကိုလည်း လေ့ကျင့်ရမည်။ စိတ်ကိုလည်း လေ့ကျင့်ရမည်။ အရေးကြီးသည်က စိတ်တည်ငြိမ်မှု ပင်တည်း။

လေ့ကျင့်ပြီးသောစိတ်သည် လိုရာကို စေစားနိုင်သည်။ ဆန့်ကျင့်ဘက်သဘောကိုလည်းဖန်တီးနိုင်သည်။ ချက်ချင်းအိပ်ပျော်နိုင်သည်။ သတ်မှတ်သောအချိန်တွင် ပြန်နိုးနိုင်သည်။ လိုအပ်သောအချိန်အတွင်း ငိုက်မျဉ်းခြင်းမရှိဘဲ ကြည်ကြည်လင်လင်နေနိုင်သည်။

စိတ်ကို လေ့ကျင်မှုမှ ရရှိရသော စိတ်၏တည်ငြိမ်မှု (သမာဓိ) စွမ်းအားကို အခြေခံပြီး လောကီကိစ္စများကို ပြီးမြောက်စေနိုင်သည်။ လောကုတ္တရာဘက်တွင်လည်း သံသရာကလွတ်မြောက်၍သည်အထိ စွမ်းဆောင်နိုင်သည်။

စိတ်မတည်မငြိမ်ဖြစ်ရခြင်းမှာ အာရုံနှင့်ကင်းပြီး မနေတတ်သော စိတ်သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော မိမိတို့၏ခန္ဓာကိုယ်တွင်းရှိ အတွင်းအာရုံ (အခံအာရုံ) (၆) ပါးကို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့စိတ်ကူးစရာအပြင် အာရုံ (အတိုက်အာရုံ) (၆) ပါးက ပန်ကာမွှေ့သလို အဆက်မပြတ် လာရောက်တိုက်ခိုက်နေကြသည့်အတွက် အာရုံချင်းတိုက်ရာသို့ စိတ်ကရောက်နေရသဖြင့် စိတ်မတည်ငြိမ်ခြင်း ဖြစ်သည်။

ပြင်ပအာရုံလာမတိုက်နိုင်သော အိပ်ပျော်နေချိန်တွင် စိတ်သည် ဘဝင်စိတ်အဖြစ် အတိတ်အာရုံ (ဟိုဘက်ဘဝ စုတေခါနီးတွင်မြင်ခဲ့သော အာရုံနိမိတ်) နှင့် ပေါင်းသင်းနေပါသည်။

ထိုသို့ အာရုံပေါ် ရာရောက်သွားတတ်သည့်စိတ်ကို ထွက်မသွားစေဘဲ တစ်နေရာတည်းမှာ စူးစိုက်နေအောင် ပြုလုပ်ခြင်းသည် စိတ်ကို တည်ငြိမ်အောင် ပြုလုပ်ခြင်း ဖြစ်၏။

ထိုသို့ပြုလုပ်ရာတွင် အာရုံတစ်ခုတည်းနှင့်စိတ်ကိုစွဲကပ်နေအောင် အားထုတ်ပေမည်။ ထိုစွဲကပ်ရမည့်အာရုံသည် လောဘ၊ ဒေါသ၊ မောဟ၊ မာနစသည့် အကုသိုလ်မှကင်းသော အာရုံဖြစ်ရပေမည်။ ဝင်လေ၊ ထွက်လေကို ရှုမှတ်ခြင်း၊ ဘုရားဂုဏ်တော်ကို ဆင်ခြင်အောက်မေ့ပွားများခြင်း စသည်တို့မှာ စိတ်ကိုတည်ငြိမ်အောင်လေ့ကျင့်ရန် ကောင်းသော နည်းများ ဖြစ်ပေသည်။

လေ့ကျင်ဖန်များလျှင် စိတ်တည်ငြိမ်လာမည်။ တည်ငြိမ်သောစိတ်ဖြင့် မည်သည့်အမှုကိုပြုပြု အပြည့်အဝ အောင်မြင်မည်။

ဤသည်ကား -

လူက အချိန်ကိုစားရန် အားထုတ်ခြင်း ဖြစ်ပါသည်။ စားနိုင်သမျှ အကျိုး (ကောင်းကျိုး) ရှိပါသည်။ အပြည့်အဝ စားနိုင်လျှင် အပြည့်အဝ အောင်မြင်သူ ဖြစ်ပါသည်။

အချိန်က လူကို ပြန်စားလျှင်လည်း အစားခံရသမျှ အဆီ၊ အသား ကောင်းကျိုးချမ်းသာများ ပါသွားပြီး အပြည့်အဝအစားခံရပါလျှင် အမြင်အားဖြင့် လူခန္ဓာကြီးပြည့်ဖနသော်လည်း အနှစ်သာရ (ကောင်းကျိုး) အားဖြင့် ဆေးကျောင်းသားများရှေ့က အရိုးဟုပမာဖြစ်ရပါမည် ဟူ၍. . . ။


ချောင်းအုံအုန်းသင်း

www.burmeseclassic.com


ပြည်မြန်မာ၏ ၂၀၁၅ ခုနှစ်၊ ကန်ရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၉-၉-၂၀၁၅) နေ့မှ (၁၇-၁၀-၂၀၁၅) နေ့အထိကာလ




**သာယနစနစ်မန်ဒိန်းဇာတာခွင်**




**နိယာနစနစ်မန်ဒိန်းဇာတာခွင်**

၁၉-၉-၂၀၁၅ ရက်နေ့ နေ့လယ် ၁း၀၃း၅၀နာရီအချိန်တွင် ကန်ရာသီသို့ တနင်္ဂနွေဂြိုဟ် ဝင်ရောက်ချိန်၌ ဥဒယ လဂ်သည် သာယနဇာတာခွင်မှာ မကာရ ရာသီ ၃ ဒီဂရီ၊ ၄၀ မိနစ်တွင် နိယာန ဇာတာခွင်မှာ, ဓနုရာသီ ၉ ဒီဂရီ၊ ၄၂ မိနစ်မှာ ထွက်ပေါ်သည်။ ၎င်းသည် ၂၀၁၅ ခု၊ ကန်ရာသီ စူဠသင်္ကြန်ဇာတာ ခွင်ပင် ဖြစ်သည်။

ဇာတာခွင်၏ ထူးခြားချက်မှာ ယူရေးနပ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ သည် ဂြိုဟ်ပြိုင်ဖြစ်နေဆဲ ဖြစ်သည်။ နောက် နက်ပကျွန်းဂြိုဟ်နှင့် ကြာသပ တေးဂြိုဟ်တို့သည် ၁၈၀ ဒီဂရီ ဝိသမ အမြင်ရှိလျက် ဗုဒ္ဓဟူးဂြိုဟ်နှင့် ယူရေးနပ် ဂြိုဟ်တို့သည်လည်း ၁၈၀ ဒီဂရီ ဝိသမ အမြင်ရှိနေကြသည်။ ပြီး တနင်္လာဂြိုဟ် နှင့် စနေဂြိုဟ်တို့သည် ၂ ဒီဂရီအတွင်း တနင်္ဂနွေဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့သည် ၅ ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ ထို့အပြင် ယူရေးနပ်ဂြိုဟ်မှ အင်္ဂါဂြိုဟ် ကို ၁၂၀ ဒီဂရီအမြင်၊ အင်္ဂါဂြိုဟ်မှ စနေ ဂြိုဟ်ကို ၉၀ ဒီဂရီအမြင်၊ စနေဂြိုဟ်နှင့် ပူးနေသော တနင်္လာဂြိုဟ်မှ ယူရေးနပ် ဂြိုဟ်နှင့် ဂြိုဟ်ပြိုင်ဖြစ်နေသော နက် ပကျွန်းဂြိုဟ်ကို ၉၀ဒီဂရီအမြင်တို့သည် ထူးခြားသော ကွင်းဆက်ဂြိုဟ်မြင်များ ဖြစ်နေကြသည်။ ယင်းသို့ပင် နက်ပကျွန်း ဂြိုဟ်မှ ကြာသပတေးဂြိုဟ်ကို ၁၈၀ ဒီဂရီ အမြင်၊ ကြာသပတေးဂြိုဟ်က ပလူတို ဂြိုဟ်ကို ၁၂၀ ဒီဂရီအမြင်၊ ပလူတိုဂြိုဟ် က နက်ပကျွန်းဂြိုဟ်နှင့် ဂြိုဟ်ပြိုင်ဖြစ် နေသော ယူရေးနပ်ဂြိုဟ်ကို ၉၀ ဒီဂရီ အမြင်နှင့် မြင်နေပုံတို့သည်လည်း ထူး ခြားသော ကွင်းဆက်အမြင်တို့ဖြစ်သည်။ ယင်းအပြင် ယူရေးနပ်ဂြိုဟ်နှင့် ၁၈၀ ဒီဂရီ ဝိသမအမြင်ဖြင့် အမြင်ခံရသော ဗုဒ္ဓဟူးဂြိုဟ်တို့က ပလူတိုဂြိုဟ်ကို ၉၀ အမြင်သည်လည်း ထူးခြားသောအမြင် တစ်ခုပင်ဖြစ်သည်။

အားလုံးကိုချုပ်၍ ကောက်ချက် ငင်ရလျှင် နိုင်ငံတကာဆက်ဆံရေးကိစ္စ သံတမန်ရေးကိစ္စ၊ အိမ်နီးချင်းတိုင်းပြည် ကိစ္စ၊ နယ်စပ်လုံခြုံရေးကိစ္စ၊ ဒေသလုံခြုံ ရေးကိစ္စ၊ နိုင်ငံတော်အချုပ်အချာကိစ္စ နှင့် ဆက်နွယ်နေသော ရွှေ့ပြောင်းလုပ် သားများအရေး၊ ရွှေ့ပြောင်းနေထိုင်သူ များအရေး၊ ဒုက္ခသည်များအရေး၊ လ နက်ပဋိပက္ခအရေးတို့သည် သခွတ် က မီးတကျည်ကျည်ဖြစ်နေဦးမည် နိုင်ငံတကာအရေး၊ ဘာသာရေး



www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းဈေးမြို့)

# ကျောက်တည်ရောဂါအတွက်

ကွမ်းယာနှင့် အခြားထုံးခတ်ပါသောအစားအစာများစားသုံးခြင်းကြောင့် ဆီးလမ်းကြောင်းတွင် ကျောက်တည်တတ်ပါသည်။ ၎င်းရောဂါသည် အလွန်နာကျင်တတ်ပြီး ကြီးထွားလာလျှင် အသက်ကိုပင် အန္တရာယ်ပြုတတ်ပါသည်။ သို့သော် မိမိတို့ပတ်ဝန်းကျင်တွင် ကျောက်တည်ရောဂါအတွက် ဆေးပင်များရှိနေပါသည်။

ဆေးနည်းမှာ ကုန်းထိကရုံးပင်ကို ပဥ္စင်းပါးစလုံးပါအောင် နုတ်ယူ၍ အခြောက်လှန်းအမှုန့်ပြုပါ။ ၎င်းအမှုန့်ကို ပုလင်း သို့မဟုတ် ဖန်ဘူးထဲထည့်ထားပြီး ဆေးသောက်လိုသောအခါ ၎င်းဆေးမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ရေသန့်သန့်တစ်ဆယ့်ငါးကျပ်သားနှင့်ရော၍ ငါးကျပ်သားခန့်ကျန်သည်အထိပြုတ်ပါ။ ၎င်းဆေးရည်ကို နံနက်တိုင်းသောက်သုံးပေးပါ။ သုံးရက်မှ ခုနစ်ရက်အတွင်း သက်သာပျောက်ကင်းစေပါသည်။သတိပြုရန်မှာ ဆေးသောက်ပြီးချိန် တစ်နာရီအတွင်း ရေနှင့် အရည်ပါသော အစားအစာများကို ရှောင်စားသောက်ပါ။ တစ်နာရီကျော်လျှင်တော့ ရေများများ မကြာခဏသောက်ပေးရပါမည်။

နောက်တစ်နည်းမှာ ကျောက်ကွဲပင်ကို ပဥ္စင်းပါးပါအောင်နုတ်ယူ၍ သုံးခွက်တစ်ခွက်တင်ကျိုပြီး သောက်ပါ။ တစ်ခါသောက် လက်ဖက်ရည်ပန်းကန်လုံးတစ်လုံး၊ တစ်နေ့နှစ်ကြိမ်သောက်ပေးရပါမည်။ ဆီးလမ်းကြောင်းမှ ကျောက်စကျောက်နများ တဖြည်းဖြည်းကျဆင်း၍ ခုနစ်ရက်အတွင်း သက်သာပျောက်ကင်းစေပါသည်။

အခြားတစ်နည်းတစ်ခုမှာ ရှဥ့်မတက်ဥကို ပါးပါးလှီး၍ အခြောက်လှန်းအမှုန့်ပြုပါ။ ၎င်းအမှုန့်လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို သဘာဝနွားနို့စစ်စစ်တစ်ဖန်ခွက်နှင့် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့သုံးကြိမ်သောက်ပေးပါ။ နွားနို့ကို ဆူရုံကျိုချက်ကာ အအေးခံ၍ ဆေးမှုန့်နှင့်ရောကာသောက်သုံးပေးရပါမည်။ ခုနစ်ရက်ခန့် ဆက်တိုက်သောက်ပေးပါ။

ထို့အပြင် လမ်းဘေးတွင် ပေါက်တတ်သော သံမနိုင်ကျောက်မနိုင်ပင်ကိုလည်း အမြစ်ပါအောင်နုတ်ယူ၍ သုံးခွက်တစ်ခွက်တင်ကျို၍ နေ့စဉ်သောက်သုံးပေးပါက ကျောက်တည်ရောဂါကို ပျောက်ကင်းစေပါသည်။

တင်နိုင်ဝင်း (ထမင်းဈေးမြို့)

---

သားရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ NGOအရေးတို့နှင့် ယှက်နွယ်မှုရှိနေလျှင် မြွေပူရာကင်းလျှောက်သလိုရှိနေဦးမည်။ တိုင်းရင်းသားဒေသတိစ္စ၊ တိုင်းရင်းသားရေးရာကိစ္စနှင့် စပ်လျဉ်းသော လက်နက်ကိုင်ပဋိပက္ခအရေး၊ စီမံခန့်ခွဲရေး၊ သယံဇာတဝေပုံကျရရှိရေး စသည်တို့သည် ထင်သလောက် မျှော်မှန်းသလောက် လမ်းပေါက်နိုင်သလိုရှိနေဦးမည်။ လယ်ယာမြေ၊ အိမ်ယာမြေ၊ သစ်တောမြေ၊ မိုင်းတွင်းမြေတို့နှင့် ပတ်သက်ပိုင်ဆိုင်မှုအရှုပ်အထွေး၊ လုပ်ပိုင်ခွင့်အရှုပ်အထွေးတို့နှင့် ဆက်နွယ်နေသော ပြဿနာမီးပြင်းပြင်းထန်ထန် တစ်ကျော့ပြန်ခေါင်းဆောင်လာတတ်မည်။ မော်တော်ကားမီးရထားဆိုင်ရာ (ဝါ) အလုပ်ရုံ စက်ရုံဆိုင်ရာမှာ မတော်တဆထိခိုက်မှုသတိထားဖွယ်ရာ ဖြစ်ပေါ်တတ်မည်။ လူစည်ကားရာနေရာ၊ အဆောက်အအုံကြီးများ၌လည်း မီးဘေး၊ လက်နက်ဘေးကြုံတတ်မည်။

အစိုးရနှင့် လွှတ်တော် ရင်ဆိုင်စစ်ပြိုင်မှုများရှိသလို အစိုးရနှင့် လွှတ်တော်တို့ ဝေဖန်ပြစ်တင်ခံရမှု၊ ထိုးနှက်ရှုတ်ချခံရမှုများရှိတတ်မည်။ သို့သော် ဂုဏ်ယူဝင့်ကြွားစရာများလည်းကြုံတတ်မည်။ အစိုးရ သို့မဟုတ် လွှတ်တော်၏ခေါင်းဆောင်နေရာတချို့ အပြောင်းအလဲဖြစ်ပေါ်တတ်သည်။ အစိုးရ (သို့) လွှတ်တော်နှင့်ဆက်နွယ်နေသော အမျိုးသမီး ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းစရာဖြစ်ပေါ်တတ်မည်။

ဥပဒေပြုပြင်ရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ရွေးချယ်တင်မြှောက်ရေးနှင့်ပတ်သက်၍အတိုက်အခံပြုခံရမှု၊ ဆန္ဒထုတ်ဖော်ခံရမှုများဖြစ်ပေါ်တတ်သလို နှိပ်ကွက်မှု၊ကန့်သတ်မှု၊ အရေးယူမှုများ ပြင်းပြင်းထန်ထန်ပေါ်ပေါက်တတ်သဖြင့် ဝိဝါဒကွဲပြားမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဦးတည်မှုများဖြစ်ပေါ်တတ်မည်။ တိုင်းသူပြည်သားများ ပိုမိုသတိထားရမည်။

ကြိုတင်စီစဉ်ထားသလို ဖြစ်မလာဘဲ မျှော်လင့်မထားသောဖြစ်ရပ်များကြောင့် အစိုးရဆိုင်ရာ လွှတ်တော်ဆိုင်ရာများ၌ ကမောက်ကမကိစ္စများဖြစ်ပေါ်တတ်မည်။ကုန်သွယ်မှုဆိုင်ရာအရှုပ်အထွေး၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာအရှုပ်အရှင်းကြောင့် ရှေ့လမ်းစဉ်အတွက် အဟန့်အတားပြုခံရသလိုရှိတတ်မည်။ ငွေရေးကြေးရေးကိစ္စအထူးသဖြင့် ချေးငွေကိစ္စသည် နိုင်ငံတကာနှင့် နှီးနွယ်နေလျှင် ပိုသတိထားရမည်။

စာနယ်ဇင်းမီဒီယာနှင့် အာဏာရှိပုဂ္ဂိုလ်တို့ မကြာခဏထိပ်တိုက်တွေ့နေရတတ်သဖြင့် နှစ်ဖက်စလုံး ထိမိခိုက်မိများရှိနေဦးမည်။ နိုင်ငံရေး၊ မီဒီယာအရေးနှင့်ပတ်သက်နေသော ပုဂ္ဂိုလ်တစ်ဦးအတွက် ဝမ်းနည်းရတတ်မည်။

တွင်းပြိုမှု၊ မြေပြိုမှု၊ ရေကြီးမှု၊ ရေလျှံမှု၊ မိုးကြီးမှု၊ မိုးခေါင်မှုများရှိတတ်သဖြင့် သတိထားရမည်။ မကြာခဏလေပြင်းကျရောက်ခြင်း၊ လေဆင်နှာမောင်းကျရောက်ခြင်းများ ဖြစ်ပေါ်တတ်မည်။ မိုးကြိုးမုန်တိုင်းသတိထားပါ။

မင်းခိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com

တဟိ တဟိ ပါရမီ သဠယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်မြတ်များကို တန်းဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ တနင်္လာနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကိုအရှေ့အရပ်မှအကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့်စက်ပစ္စည်းအဟောင်းအပျက်အစုတ်များကို ချက်ချင်းရှာဖွေရှင်းလင်းစွန့်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်ဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - တနင်္လာနံထီဆိုင်တွင် (၂) ဂဏန်းများစွာပါသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိ အစချီသော ဘုရားရှိခိုးဂါထာကို ပုတီးစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းကာ စနေနာမည်ရှင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။ နေ့စဉ်ရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ တစ်နိုင်ငံဗိုလ်တခါနှင့်လွှတ်ခြင်းပြုပါ။

**ထီကံကောင်းလိုသူများ** - စနေနံဆိုင်တွင် စနေသားသမီးနှင့် ထီစပ်တူထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်တာရွေးပါစေ။ ထီပေါက်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံအသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းများ ကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး ခွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - စာကလေးလွှတ်ခြင်း၊ စာကလေးများ အစာကျွေးခြင်းပြုပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** -သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာ လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်မှအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိစနေနံပစ္စည်းအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များ စွန့်ပေးခြင်း၊ အမှိုက်များကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းမပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင်၊ စက်ဘီး၊ ဆိုင်ကယ်များနှင့် လှည့်ရောင်းသောထီဆိုင်များတွင် (၂၊ ၃၊ ၆၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အာဟာရမုန့်ဆွမ်းတစ်မျိုးစီဖြင့် နေ့စဉ်ကပ်လှူပူဇော်ပြီး ဒိဗ္ဗတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ အစချီသော ဘုရားရှိခိုးဂါထာကို ပုတီး(၃)ပတ်စိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကိုတနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ်ပြုဟ်သက်အလိုက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ လွန်ကဲစွာ ပနောက် ခြင်းမပြုပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - ငှက်ကလေးများကိုဘေးမဲ့လွှတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်ထံတွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ် ကံစမ်းထားလိုက်ပါ။

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့်ကပ်လှူ ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၆) ဆူလှည့်ပြီး ပန်း (၆) မျိုးစီ ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့တွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင် အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** -အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဘုရားစေတီတစ်ဆူတွင် တံမြက် စည်းလှည်း၊ အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အမည်းရောင်အင်္ကျီဝတ်မသွား နှင့်။

**ထီးကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသောထီကားများတွင် (၂) ဂဏန်းများစွာပါအောင်ရွေး ချယ်ကံစမ်းထားလိုက်ပါ။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့် ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်တန်းဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့်မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့် တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ပလတ်စတစ်ဘူး၊ ခွက်ဟောင်းများ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကိုမကြာခဏအစာကျွေးပါ။

**ကျန်းမာရေး** - မျက်စိဝေဒနာရှင်များကို မျက်မှန်၊ ငွေ၊ ဆေး တတ်နိုင်သမျှလှူပေးပါ။

**ထီးကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည်များ တန်းစီပြီး (၂ စီး၊ ၃ စီး) အိမ်ရှေ့နား ရပ်ရောင်းပါက အစီးတိုင်းတွင် နိုင်သလောက် ထိုးထားလိုက်ပါ။

ယခုလတွင်-

စနေစ-သောကြာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွှတ် ခြင်းဖြင့် အောင်မြင်မှုများစွာရရှိပါ။

ဥပမာ-တင်သူ၊ နွဲ့ဟိန်း။

မိမိကောင်းမှုအကြေ
ဆုမတောင်းဘဲပြု

ပြည်သိန်း



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနလ်ာနာမည်ရှင်၊ တနင်္လာသားသမီးများဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အလုပ်နှင့်ပတ်သက်ပြီး အပြောင်းအလဲများကြုံရတတ်ပါသည်။ သို့သော် အဆင်ပြေသွားမည်။ ဧည့်များလာတတ်သည်။ စကားအရှုပ်အရှင်းများကိုသာ နားမထောင်ပါနှင့်။ ကျန်းမာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ အိမ်ထဲမှာပဲအိပ်ရာမကြာခဏရွှေ့အိပ်ပါ။ ပညာရေးကောင်းနေသော်လည်း စိတ်လေနေတတ်၍ တော်တော်ကြိုးစားရပါမည်။ ထိန်းချုပ်ပါ။ ငယ်ရွယ်သူတို့၏ချစ်ရေးချစ်ရာများ မျက်နှာပွင့်နေတတ်သည်။ ချစ်သူဝိုင်းဝိုင်းလည်တတ်၍ သစ္စာတော့ရှိရပါမည်။ သူချစ်သူဟောင်းကိစ္စ၊ ကိုယ့်ချစ်သူဟောင်းကိစ္စတွေနှင့် စကားနာမထိုးမိပါစေနှင့်။ အိမ်ထောင်ရေးသာယာနေစေရန် စကားတွေဇွတ်တရွတ်ဖိမပြောမိအောင်ဆင်ခြင်ပါ။ ကိစ္စကြီးငယ်ရှိလျှင် ဘုရားစေတီတစ်ဆူဆူကိုအရင်သွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၉)တိုင်ထွန်းညှိပူဇော်ပြီးမှလိုရာကိုသွားပါ။ ထီဝါသနာရှင်များအတွက် (၄၊ ၈၊ ၂၊ ၉၊ ၇) ဂဏန်းတွေနှင့် တနလ်ာနံ၊ ဗုဒ္ဓဟူးနံ ထီဆိုင်တွေအကျိုးပေးပါသည်။

ယတြာ ။ ။ *စာကလေးများလွှတ်ပေးပါ။ ခက်ခဲလျှင် ဆိတ်/စာကလေးကျွေးပါ။*



www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအဟောင်း၊ ရွှေဟောင်းတွေမဝင်ပါစေနှင့်။ အရှုပ်အရှင်းဖြစ်တတ်သည်။ သူတစ်ပါးကိစ္စကို အာမခံတော့မည်ဆိုလျှင် အချိန်ယူပြီးစဉ်းစားပါ။ စက်ဘီး၊ ဆိုင်ကယ်စတာတွေကို အကြမ်း၊ အမြန်စီးတာ လုံးဝ မပြုလုပ်ပါနှင့်။ အကြောနှင့်ဆိုင်သည့်ဝေဒနာတွေဂရုစိုက်ပါ။ ဆီး၊ မျက်စိဂရုစိုက်ပါ။ ဒူးဆစ်တွေနာတတ်လို့ အထိုင်အထဂရုစိုက်ပါ။ လမ်းများများလျှောက်ပေးပါ။ ဆီး၊ ဝမ်း၊ လေမှန်အောင်နေပါ။ အိမ်ထောင်ရေးများသာယာနေရာမှ ဟိုသွားချင်ဒီသွားချင်ကြောင့် မကျေလည်မှုလေးတွေဖြစ်တတ်ပါသည်။ ပညာရေးကံတွေကောင်းသော်လည်း ကြိုးစားလိုက်၊ မကြိုးစားလိုက်ဖြစ်နေတတ်ပါသည်။ စာသင်သားသံဃာတော်အရှင်သူမြတ်များကို လိုအပ်သည့်ပညာစာအုပ်ဝယ်ပြီးလှူပါ။ ချစ်တတ်သူတွေအတွက် စိတ်ချမ်းသာမှုရှိစေရန် ရေသတ္တဝါလေးများကို မကြာခဏအစာကျွေးပါ။ ငှက်ကလေးတွေ၊ ခွေးလေးတွေကိုလည်း ကြုံရင်ကြုံသလို အစာခဏခဏကျွေးပါ။ ထီကံကောင်းနေပါသည်။ စနေနံ၊ သောကြာနံထီဆိုင်များတွင် (၇၊ ၆၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။ မနက်မိုးလင်း မျက်နှာသစ်ပြီးတာနှင့် ဘုရားရှင်ကို သောက်တော်ရေကပ်လှူပူဇော်ပြီး ပရိတ်များကို အသံထွက်ပူဇော်ပါ။ အညံ့များလျော့နည်းသွားပြီး လာဘ်ပွင့်လာပါလိမ့်မည်။

*ယတြာ ။ ။ ရေသတ္တဝါလေးများကို ဘေးမဲ့ပေးပါ။ အစာကျွေးပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ကားမောင်းအထူးဆင်ခြင်ပါ။ ပြဿနာအဟောင်းရှိသူများနှင့် သွားအတူလာအတူမလုပ်ပါနှင့်။ လူမျိုးကွဲတွေနှင့်အလုပ်တူလုပ်လျှင် ကိုယ်ကနစ်နာခံရတတ်ပါသည်။ လူမျိုးကွဲနှင့်စပ်တူမလုပ်ပါနှင့်။ ကျန်းမာရေးတွင် အကြော၊ ဒူး၊ ခါးသတိထားပါ။ ဆီး၊ ဝမ်း၊ လေ မချုပ်ပါစေနှင့်။ ကိုယ်လက်လှုပ်ရှားမှုပါ။ ငါးအရှင်တွေ ခဏခဏလွှတ်ပေးပါ။ အတိုက်အခံများလွန်းလျှင် ဘုရားရင်ပြင်တော်မှာ မကြာမကြာတံမြက်စည်းသွားလှည်းပါ။ အိမ်ထောင်ရေးသာယာနေစေရန် မိသားစုတွေနှင့် ဆန့်ကျင်ဘက်မဖြစ်အောင်နေပါ။ ခက်ထန်ကြမ်းတမ်းသောစကားများမပြောပါနှင့်။ ပညာရေးကံတွေကောင်းနေပါသည်။ ကြိုးစားနေရင်းနှင့် အကြောတွေတက်တတ်သဖြင့်အိပ်ရေးပျက်မခံပါနှင့်။ ချစ်တတ်သူတွေအတွက် စိတ်ချမ်းသာမှုရှိစေရန် ငါးအရှင်လေးတွေ၊ ကဏန်းအရှင်လေးတွေ ခဏခဏဘေးမဲ့လွှတ်ပေးပါ။ ထီဝါသနာပါသူများ တနင်္ဂနွေနံ၊ သောကြာနံထီဆိုင်များတွင် (၁၊ ၆၊ ၄၊ ၈) ဂဏန်းများနှင့်ကံစပ်နေပါသည်။ လောဘမကြီးပါနှင့်။ လူယုံအားကိုးပြီး အလုပ်မလုပ်ပါနှင့်။ ပုံမှန်ပဲကြိုးစားလျှင် အကျိုးပေးလာပါမည်။

*ယတြာ ။ ။ ခြေ ခါးမကောင်းသော အသက်အရွယ်ကြီးသူများကို ငွေ၊ ဆေး၊ အာဟာရလှူပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့် စီးပွားစပ်တူလုပ်၍မရပါ။ အိမ်ဆောက်ခြင်း၊ အိမ်ဝယ်ခြင်းများရသော်လည်း မြေကွက်ဝယ်လျှင် အရှုပ်အရှင်းဖြစ်တတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ၊ လူမှုရေးများထစ်ငေါ့နေပါက ဘုရားရင်ပြင်တော်တွေမှာ တံမြက်စည်းလှည်းပါ။ သမ္ဗုဒ္ဓေဂါထာရွတ်ပြီးလှည်းပါ။ မကြာမကြာသွားပါ။ ကျန်းမာရေးအတွက် ဆေးမကြာမကြာလှူပေးပါ။ ခြေလှမ်းတက်တဲ့နေရာမျိုး၊ လှမ်းဆင်းရတဲ့နေရာမျိုးတွေမှာ သတိထားပါ။ လုပ်ငန်းခွင်မှာ ရာထူးတက်ခြင်း၊ အလုပ်လျှောက်ထားသူများ ရွေးချယ်ခံရခြင်းနှင့် ခရီးဝေးကံတွေလည်းပွင့်နေပါသည်။ ပညာရေးကံတွေကောင်းနေပါသည်။ ကြိုးစားနေရင်းကနည်းနည်းပေါ့လာတတ်ပါသည်။ အပေါင်းအသင်းတွေနှင့် အသွားအလာနည်းနည်းလျှော့ပါ။ အကြော်နှင့်ခဏခဏဆွမ်းတော်ကပ်ပေးပါ။ ချစ်တတ်သူတွေကံကောင်းနေပါသည်။ မိတ်ဆွေအပေါင်းအသင်းများတဲ့ချစ်သူဖြစ်နေလျှင် သဝန်မတိုပါနှင့်။ အနက်ရောင်ပြောင်အကျႌ၊ အိတ်၊ လက်ဆောင်မပေးမိပါစေနှင့်။ ထီဝါသနာရှင်များ သောကြာနံထီဆိုင်တွင် (၆၊ ၁၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ဘုရားစေတီရင်ပြင်တော်များသို့သွား၍ မကြာခဏတံမြက်စည်းလှည်းပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လုပ်နေကျအလုပ်ကလွဲပြီး သူများပြောစကားနှင့် ဒိုပြင်အလုပ်တွေမတိုးချဲ့ပါနှင့်။ အကျိုးမပေးတတ်ပါ။ ငွေကြေးနှင့်ပတ်သက်သော စာရင်းဇယားများ အထူးသဖြင့် အများပိုင်ငွေဖြစ်လျှင် ပိုဂရုစိုက်ရမည့်ကာလဖြစ်ပါသည်။ လောဘမကြီးပါနှင့်။ လောင်းတစားကိစ္စများ အထူးရှောင်ပါ။ ကျန်းမာရေးအတွက် ခြေ၊ ခါး စသော ခန္ဓာကိုယ်အောက်ပိုင်းဂရုစိုက်ပါ။ ဆေးလှူပေးပါ။ လိုအပ်လျှင် သတ်မယ့်ဆဲဆဲ ငါး၊ ကြက်ကိုဝယ်ပြီးလွှတ်ပါ။ အစားဆင်ခြင်ပါ။ မိသားစုထဲမှာ ငွေပြဿနာကြောင့် ခဏခဏ စိတ်ညစ်နေရတတ်ပါသည်။ မလိုအပ်ဘဲငွေတွေကုန်နေတာတွေရှိ နမည်။ သူများကို အားနာပြီး ငွေမချေးပါနှင့်။ ခိုစာ၊ ခွေးစာမပြတ်ကျွေးပါ။ ဒိဝါတပတိဂါထာကို မကြာမကြာအဓိဋ္ဌာန်ဝင်ပါ။ ပညာရေးကံများကောင်းမည်။ ခက်ခက်ခဲခဲကြားကနေ အောင်မြင်မှုများလာမည်။ ချစ်တတ်သူများအတွက် နှစ်ယောက်ဆုံပြီးဖြစ်ဖြစ်၊ တစ်ယောက်ချင်းဖြစ်ဖြစ် ငါးအရှင်လေးတွေ၊ ငှက်လေးတွေ ခဏခဏလွှတ်ပေးပါ။ ထိုဝါသနာရှင်များ တနင်္ဂနွေနံထိဆိုင်တွင် (၁၊ ၃၊ ၄၊ ၈) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ဂုဏ်တော်ကွန်ချာကို နေ့စဉ် (၁၀) မိနစ်ရွတ်ပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးနိုင်မည့်သူများမှာ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးခြားနှင့် စပ်တူလုပ်ငန်းများ အကျိုးမပေး၍ ရှောင်လိုက်ပါ။ ရပ်ဝေးခရီးကြိုဟ်တွေကောင်းပါသည်။ ဘုရားဖူးခရီးများ ထွက်ရတတ်သည်။ အလုပ်ကိစ္စနှင့်ဆိုင်သော ခရီးဝေးကံတွေလည်းကောင်းနေမည်။ အတိုက်အခံများလွန်းပါက သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ ထီးလှူပါ။ ကျန်းမာရေးလိုအပ်ပါက စာကလေးခဏခဏလွှတ်ပေးပါ။ ဆေးလှူပါ။ ပညာရေးကံတွေကောင်းနေပါသည်။ အချိန်တွေ အလကားအပိုအားနေပြီး စာဖက်ကို ဂရုစိုက်မှုနည်းသွားတတ်တာလွဲရင် အောင်မြင်ပါလိမ့်မည်။ ချစ်တတ်သူတွေအတွက် နိုင်ငံခြားခရီးကိစ္စနှင့်ပတ်သက်ပြီး စကားများရတတ်ပါသည်။ စက်ပစ္စည်းအဟောင်းများမဝင်ပါစေနှင့်။ အိမ်တွင်းရေးများ စိတ်ချမ်းသာရပါမည်။ ဆိုင်ကယ်၊ စက်ဘီး အကြမ်းမစီးပါနှင့်။ အမြင့်မှခုန်ချတာမျိုးတွေမလုပ်ပါနှင့်။ ရန်မဖြစ်ပါနှင့်။ ကိုယ်ချင်းစာတရားထားပါ။ သူများပြဿနာထဲကိုကြားမဝင်ပါနှင့်။ ထိုဝါသနာရှင်များအတွက် သောကြာနံ၊ တနင်္ဂနွေနံထိဆိုင်များတွင် (၁၊ ၆၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးနိုင်သူများမှာ သောကြာနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အမွေကိစ္စ၊ မြေကိစ္စများဆောင်ရွက်ရန်မသင့်သောကာလဖြစ်ပါသည်။ သံဃာတော်အရှင်သူမြတ်များကို ထီးလှူပါ။ ငှက်ကလေးများ၊ ငါးကလေးများကို မကြာမကြာဘေးမဲ့ပေးပါ။ မကြာမကြာလမ်းလျှောက်ပြီး အိမ်နှင့်နီးသောဘုရားစေတီကိုသွားပါ။ တံမြက်စည်းသွားလှည်းပါ။ ရန်လုံးဝမဖြစ်ပါနှင့်။ သူများကြားမှာမညပ်အောင်နေပါ။ သူများကိစ္စတွေကူညီပေးမည်ဆိုလျှင် ကြားမညပ်မည့်အနေအထားကသာကူညီပေးပါ။ ကျန်းမာရေးလိုအပ်ပါက ရတနသုတ်တော်ကို အဓိဋ္ဌာန်နှင့်ရွတ်ပါ။ ဆေး၊ အာဟာရလှူပေးပါ။ ငှက်ကလေး၊ ငါးကလေးများကို တစ်နိုင်ဘေးမဲ့မကြာမကြာလွှတ်ပေးပါ။ ပညာရေးကံတွေပေါ့လျော့တတ်သဖြင့် ကောင်းလိုက်၊ ညံ့လိုက်ဖြစ်နေတတ်ပါသည်။ ဝံမှန်ကြိုးစားပါ။ လမ်းထွက်မများပါစေနှင့်။ ချစ်တတ်သူများ စိတ်ချမ်းသာမှုရှိနေစေရန် မျက်မမြင်၊ မျက်စိဝေဒနာရှင်တွေကို လိုအပ်တဲ့ဆေး၊ လိုအပ်တဲ့အာဟာရ၊ ငွေလှူပေးပါ။ ဘာသာတရားကိုင်းရှိုင်းပါ။ ထိုဝါသနာပါသူများ၊ သောကြာနံထိဆိုင်တွင် (၆၊ ၇၊ ၁၊ ၄၊ ၈) ဂဏန်းတွေနှင့် အကျိုးပေးနေပါသည်။

*ယတြာ ။ ။ အရဟံသိဒ္ဓိကိုကြာမြင့်စွာပုတီးစိပ်ပါ။*

ရင်ကိုအေးမြစေသော:

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(အစ)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ ( B.Sc )

**စက်တင်ဘာလ ၁ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အဖြူရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၃ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော(၉)ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၅ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၆ ရက်၊ တနင်္ဂနွေနေ့** -လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၇ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အပြာရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၈ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၉ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင် မြင်ရန် နံနက်အိပ်ရာ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၀ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၁ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနက်ရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၂ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၃ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်

www.burmeseclassic.com

www.burmeseclassic.com

စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၄ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဖြူရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၅ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား (xxx)။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၇ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၈ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်ကအပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေသား။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၁၉ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၀ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၁ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၂ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၁)။ စိုးမိုးရဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သားမှာ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၄ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၈၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၅ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၆ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် ဖေဒါရောင်နှင့် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၇ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အညိုရောင်၊ လိမ္မော်ရောင်။အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၈ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၂၉ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က မီးခိုးရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

ကားဆွဲကောင်းချင်လို့ -

ဆိုပြီး ရောက်ရောက်လာကြသူတွေ -

ကားဆွဲကောင်းသွားလို့ဆိုပြီး နောက်ထပ်ရောက်လာကြသူတွေကြောင့် ဒီသူရဇ္ဇလက်ဆောင်ကို စဉ်းစားခဲ့ရပါတယ်။

ဟုတ်ပါတယ် -

အကြောင်းအမျိုးမျိုးကြောင့် ကားဆွဲမကောင်းရသူတွေရှိနေပါတယ်။

အခုပြောချင်တာ သူတို့အတွက်ပါ။

ကားဆိုတာ -

လူကြီးသူမတွေပြောကြတဲ့စကားလုံးကိုပဲ လွယ်လွယ်ပြောရရင်တော့ နတ်ကြီးတယ်။

နတ်ကြီးတယ်ဆိုတဲ့သဘောဟာ တော်တော်ခရီးရောက်တာကို တွေ့ရပါတယ်။

ကားနဲ့ပတ်သက်ပြီးပြောရမယ်ဆိုရင် တချို့ဆို ပြောမယုံကြုံမှသိ ဆိုသလို အတော့်ကို အံ့သြစရာတွေနဲ့ ကြုံရတာတွေ အများကြီးရှိနေပါတယ်။

တချို့ကားက အပြောမခံဘူး။

မြင်ဖူးတယ်၊အဲသလိုကားမျိုးတွေ။

ဟာကွာ - ဒီသောက်ကားကဘာညာဆိုပြီးဆဲလားဆိုလားလုပ်လိုက်တာနဲ့ တစ်ခုခုချို့ယွင်းပြီ။ ထိုးရပ်ရင်ရပ်တယ်၊ ဘီးပေါက်ရင်ပေါက်သွားတယ်၊ တစ်ခုခုလွတ်ရင်လွတ်သွားတယ်။ ချက်ချင်းတဲ့ပြန်တာပဲ။

လူတစ်ယောက်ဆိုပြောဖူးတယ်။ သူ့ကားဆွဲမကောင်းတာနဲ့ မအေ ××× ကား ဒီနေ့မှ ပိုက်ဆံမဝင်ရင် နင့်ကိုမီးရှို့ပစ်မယ်ဆိုပြီးပြောပြီးထွက်သွားတာတဲ့။ မောင်းပြီး နာရီဝက်လောက်လည်းကြာရော ဘယ်ဘက်ကိုဆွဲချသွားပြီးရပ်ထားတဲ့ကားဘေးကိုပွတ်သွားတယ်တဲ့။ သူလည်း မျက်လုံးတွေပြာပြီးဘာလုပ်ရမှန်းမသိဖြစ်သွားတယ်။ နောက်တော့မှ သူ့ကားဝပ်ရှော့ကမထွက်ခင်မှာ ဟိုလူပြောဒီလူပြောနဲ့ အဲဒီလူသိသွားပြီး ကားကိုတရော်ကင်ပွန်းတွေနဲ့ဆေး တောင်းပန်ရတယ်တဲ့။ သူပြောတာကြောက်စရာကြီး။ တစ်ယောက်ယောက်ကဆွဲချသွားသလို

# ဆရာဦးမောင်မောင်သန်း
([illegible])
# "ကား" လာဘ်ကောင်းခြင်းအတွက်
# သူရဇ္ဇလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ပဲတဲ့၊ ထိန်းလို့လည်းမရဘဲ လူကကြောင်နေတယ်တဲ့။

အဲဒီလိုကားမျိုးတွေ ခဏခဏကြားနေရပါတယ်။

ဟုတ်ပါတယ်၊ တချို့ကားတွေဆဲတာဆိုတာကို လုံးဝမကြိုက်တာရှိပါတယ်။ ညစ်တီးညစ်ပတ်ဆဲဆိုလိုက်တာနဲ့မောင်းမရတော့တာတွေ၊ တစ်ခုခုပျက်သွားတာတွေ၊ ဘာမှအပြစ်ရှာမရဘဲပျက်သွားတာတွေကြားနေရပါတယ်။

ကားတစ်စီးများဆိုရင် ယာဉ်မောင်းက အဲသလိုဆဲဆိုပြီးမှမောင်းသွားတာ၊ လမ်းကျ ဘာမှန်းမသိဘဲ ထိုးရပ်သွားတယ်။ အဲဒီယာဉ်မောင်းကလည်း နည်းနည်းနားလည်တော့ဟိုကလိဒီကလိပေါ့။ ဘယ်လိုမှလုပ်လို့မရတော့တဲ့အဆုံး လမ်းမှာသွားနေတဲ့ကားတွေထဲက တစ်စီးကိုတားပြီး အကူအညီတောင်းရတာပေါ့။ သူအကူအညီတောင်းတဲ့ကားက ယာဉ်မောင်းဆင်းလာပြီး ကားသော့ကိုလှည့်ဖွင့်လိုက်တာ ဒေါက်-ဗိုးပဲ။ သူတောင်အံ့အားကြီးသင့်ပြီး စကားမပြောနိုင်လောက်အောင်ဖြစ်သွားတယ်တဲ့။ အဲဒီအချိန်ကစပြီး သူမောင်းတဲ့ကားလေးကိုသူအမြဲတမ်းချိုချိုသာသာပဲပြောပါတော့တယ်တဲ့။

ကားတစ်စီးကျတော့ ကားရှေ့လေကာမှန်ဘက်ကို ခြေထောက်ကြီးနှစ်ဖက်ထောင်ပြီးတင်သွားပြီးအိပ်တဲ့လူက ဘေးနားမှာထိုင်ရင်းမောင်းသွားတာ မြို့တစ်မြို့လည်းရောက်ခါနီးရော ကားကစလစ်ဖြစ်ပြီး လမ်းဘေးက သစ်ပင်ကြီးကိုဝင်တိုက်လိုက်တာ ယာဉ်မောင်းက ဘာမှမဖြစ်ဘူး၊ ခုန ခြေနှစ်ဖက်ကားမှန်ကိုကန်ပြီးစီးသွားတဲ့လူဒူးပြတ်ထွက်သွားတယ်။

ကြောက်စရာကြီး -

အဲဒါကတော့ အနေအထိုင်မဆင်ခြင်တာ။

အနေအထိုင်မဆင်ခြင်ဘူးဆိုလို့ -



www.burmeseclassic.com

ကားတစ်စီးနဲ့ပတ်သက်ပြီးပြောခဲ့ရတာသွားသတိရလို့ ပြောလိုက်ပါဦးမယ်။

လူတစ်ယောက်ဟာ သူ့ကား ခဏခဏပျက်လွန်းလွန်းပြီး ကားထဲပဲ ထည့်ထည့်နေရလွန်းလို့၊ လိုအပ်တဲ့ကုန်လည်းမရလို့၊ ကုန်မတင်ရဘဲ နယ်မှာ ကြာကြာနေတတ်လို့လာပြောဖူးပါတယ်။

သူ့ကားနံပါတ်ဟာ သူ့ကိုအတော်အကျိုးပေးတဲ့နံပါတ်ပါ။

အရောင်လည်းပြောစရာမရှိဘူး။

သူလည်း ဘုရားဦးတိုက်ထားတဲ့ကား၊ ရွှေညောင်ပင်ပြထားတဲ့ကား၊ ကားလုပ်ငန်းလည်း ကောင်းတဲ့နှစ် -

ဘယ်လိုစဉ်းစားလို့စဉ်းစားရမှန်းမသိတောင်ဖြစ်သွားတယ်။

ဒါပေမယ့် -

အတွေ့အကြုံက မနည်းတော့ဘူးလေ။

သူ့ကားမောင်းတဲ့ ယာဉ်မောင်းနာမည်ကိုမေးလိုက်တော့ အဲဒီမှာအဖြေသွားတွေ့တာပဲ။

ဒါကြောင့် ပြောလိုက်ရတယ်။ ယာဉ်မောင်းကို မေတ္တာရပ်ခံလိုက်ပါ။ ကားပေါ်မှာ သန့်နေအောင်နေဖို့၊ မဖြစ်သင့်တာတွေမဖြစ်ဖို့ ဒါဆိုသူသိပါတယ်လို့ ပြောလိုက်ရတယ်။

အဲဒီလူဟာ ရုတ်တရက်ကြောင်သွားပြီး အံ့သြသွားရာကနေ ဟာ - ဘယ်မြို့ကနေထွက်တော့ မိန်းမတစ်ယောက်ပါသွားတယ်ကြားတယ်ဆိုပြီး သူ့ဟာသူပြောလာပါတယ်။

ပြီးတော့မှ ဩော် . . . ဆိုပြီး ခေါင်းတညိတ်ညိတ်လုပ်နေပါတယ်။

နောက်ပိုင်း ဒီယာဉ်မောင်းပါဘဲ၊ မပြောင်းပါဘူး။ ဒါပေမယ့် သူဘယ်လိုမေတ္တာရပ်ခံလိုက်လဲမသိဘူး။ ကားဘာမှမဖြစ်တော့ဘူး။ သူလည်း တော်တော်စိတ်ချမ်းသာသွားတယ်။ ဒါ သူလာပြောလို့သိရတာ။

တော်တော်များများမဟုတ်ပေမယ့် ကြားကြားတော့နေရတာပဲလေ။ အနေအထိုင်မဆင်ခြင်လို့ဖြစ်ရတဲ့ကားပျက်မှုတွေ၊ လာဘ်ပိတ်မှုတွေ၊ တစ်ခုခုကြုံရတာတွေ ကြားကြားနေရပါတယ်။ ခုနယာဉ်မောင်းလို ဆင်ခြင်လိုက်ပြန်တော့ ကောင်းသွားကြပြန်ရော။

တချို့ကျတော့ -

ကားထဲမှာ အရက်ဝိုင်းဖွဲ့သောက်ကြစားကြနဲ့ပေါ့။

ဖြစ်တာပဲ၊ တစ်မျိုးပြီးတစ်မျိုး။ ကားပျက်လို့ပျက်၊ မှောက်တာတောင်ရှိတယ်။ လုပ်ငန်းအရသွားရတာဆိုရင်လည်း လုပ်ငန်းတွေ အလွဲလွဲအချော်ချော်ဖြစ်လိုဖြစ်နဲ့ -

အဲဒီကိစ္စမျိုးနဲ့ပတ်သက်လို့ လူတစ်ယောက်ပြောတာ ဗဟုသုတရဖူးတယ်။

သူပြောတာက အဲဒီလိုပဲ နယ်ဘက်ကို ကုန်တင်သွားတဲ့ကား။

တစ်နေရာရောက်တော့ ကားခေါင်းခန်းထဲမှာ အရက်ဝိုင်းဖွဲ့ပြီးစားကြသောက်ကြတယ်တဲ့။ သူလည်းပါတယ်၊ သူကမသောက်တတ်ဘူး၊ လူအေး။ ဒီတော့ ကားရှေ့နားကသစ်ပင်တစ်ပင်မှာ ခဏမှီပြီးအိပ်နေတယ်တဲ့။ ကားနဲ့တော့ ကပ်ရက်ပေါ့။ အဲဒီမှာ သူဘာမြင်လဲဆိုတော့ ကားထဲမှာထိုင်သောက်နေကြတဲ့နှစ်ယောက်ကြားမှာ မျက်နှာလေးထောင့်နဲ့မျက်နှာကြီးတစ်ခုပေါ်ပေါ်လာပြီး သူပါဝင်စားနေတာတွေ့တယ်တဲ့။ ပထမ သူထင်တာက သူတို့နှစ်ယောက်နဲ့ခင်တဲ့ ရွာခံလူတစ်ယောက်ဝင်စားနေတယ်ထင်တာ။ နောက်တော့ အဲဒီမျက်နှာကြီးနဲ့လူက စားနေတဲ့လူနှစ်ယောက်ကိုမကြည့်ဘဲ ငုံ့ငုံ့ချည်းစားလိုက်၊ နောက်ဘက်ကိုခေါင်းလှန်လိုက်သလိုလုပ်လိုက်ဖြစ်နေလို့ သူလည်း အံ့အားသင့်သွားပြီး သေချာမျက်လုံးတွေဘာတွေပွတ်သပ်ကြည့်မိတယ်တဲ့။ ထူးဆန်းတာက သူဟာ သွားပြောချင်စိတ်မရှိဘဲ ကြည့်ရင်းနဲ့ပြန်အိပ်ပျော်သွားတယ်တဲ့။

ကားထွက်ခါနီး သူ့ကိုလာနှိုးတော့မှ ဟိုကြည့်ဒီကြည့်ကြည့်ပြီး စောစောကခင်ဗျားတို့နဲ့ အတူစားနေတဲ့လူကြီးကဘယ်ကလဲလို့မေးလိုက်ရော တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြတယ်တဲ့။ ဟိုလူတွေက ဒီကောင် အိပ်ချင်မူးတူးနဲ့ ဘာတွေမြင်နေမှန်းမသိဘူးဆိုပြီး နောက်တောင်နောက်ကြသေးတယ်တဲ့။

အဲဒီကားဟာ အဲဒီရွာကအထွက်မှာ လမ်းဘေးထိုးကျသွားတယ်။ လူတွေတော့ ဘာမှဖြစ်မသွားဘူး။

ပြောရမယ်ဆို တချို့ကားတွေက ပုဂ္ဂိုလ်အပ်ထားတာတွေလည်းရှိတယ်။ ယုံကြည်ရာယုံကြည်ရာပေါ့။

တချို့ကားဆို ဝက်သားတင်တာနဲ့ ဝင်တိုက်တာတွေ၊ ဘီးပွင့်သွားတာတွေ၊ ရေတိုင်ကီကွဲသွားတာတွေ၊ အရေးကြီးတဲ့နေရာကကြိုးတွေပြတ်ထွက်သွားတာတွေ အများကြီးရှိတယ်။ တချို့မှောက်သွားပြီးလူတွေပါအသက်ဆုံးကုန်တာတွေရှိတယ်။

တချို့ကားကျတော့ အမဲသားတင်လို့ လုံးဝမရဘူး။ တင်တာနဲ့ဖြစ်တာပဲ။

အဲဒီလို ဘာမတင်ရညာမတင်ရကားတွေလည်းရှိတယ်။

ဒါ ပိုင်ရှင်ကိုယ်တိုင်ရဲ့ ယုံကြည်မှုပသမှု။

ဒါကိုသွားပြက်ရယ်ပြုလို့မရဘူး။ သူ့စိတ်လေး၊ သူ့ကိုယ်ပိုင်ယုံကြည်ချက်၊ သူကလည်း ဘယ်လိုပုဂ္ဂိုလ်ကိုပသရင်းနဲ့ လုပ်ငန်းတွေဘယ်လိုအောင်မြင်လာလဲမှမသိတာ။

ဒီလိုမျိုး သူ့ကားလေးကို သူယုံကြည်ရာယုံကြည်ရာထားတာကို ပြက်ရယ်ပြုပြီး ထင်ရာလက်တည့်စမ်းလို့မရပါဘူး။ လက်တည့်စမ်းတိုင်း မကောင်းပါဘူး။ ဒါကသူများကိုကူညီရာမရောက်ဘဲ သူများစီးပွားကိုပါ ထိခိုက်အောင်နှောင့်ယှက်တာနဲ့တူပါတယ်။ စဉ်းစားကြည့်ပါ။ ကားပိုင်ရှင်ထိခိုက်သွားရင်ဘာမှလုပ်လို့မရပေမယ့် ယာဉ်မောင်းကတခြားယာဉ်ပိုင်ရှင်နောက်တစ်ယောက်ပြောင်းမောင်းလို့ရပါတယ်။ ဒီတော့ပိုင်ရှင်လည်း ထိခိုက်ဖို့မကောင်းပါဘူး။ ကျေးဇူးသိသင့်ပါတယ်။ ~~ယုံကြည်ရာယုံကြည်ရာပေါ့။ မကူညီချင်ရင်နေပေါ့။ ကိုယ်မယုံရင်နေပေါ့။ မနှောင့်ယှက်သင့်ပါဘူး။

နယ်မြေကြမ်းတဲ့နေရာမျိုးဆိုပါတော့ နတ်ကြီးတယ်၊ အပြောမခံဘူး။ အဲဒီလိုအတိမ်းအစောင်းမခံတဲ့နေရာမျိုးဆို ပြက်ရယ်မပြုသင့်ဘူး။ လက်ခံတာတွေ၊ လက်မခံတာတွေ၊ ယုံကြည်တာတွေ၊ မယုံကြည်တာတွေ ခဏဘေးခိုထားး။ ကိုယ့်ကားပေါ်မှာလိုက်ပြီး စီးနင်းလာတဲ့ခရီးသည်တွေ အန္တရာယ်ကင်းဖို့က ယာဉ်မောင်းမှာ တာဝန်ရှိပါတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်တာကောင်းပါတယ်။ မဆီမဆိုင် မယုံသလိုလို လျှောက်ပြော နှုတ်ကြမ်းပြီး ထိခိုက်ဆုံးရှုံးသွားကြရသူတွေမနည်းတော့ပါဘူး။

ကားဟာ ထူးဆန်းပါတယ်။

တချို့ကားများ လူလိုပြောရင် နား လည်သလိုပါပဲ။

တွေ့ဖူးပါတယ်။ အဘိုးကြီး အဘွားကြီးနှစ်ယောက်ထဲနေတဲ့အိမ်၊ ... တို့ကားလေးအငှားလိုက်တယ်။ ... ပြီဆိုရင် ကားလေးကို စက်ဖွင့်...

www.burmeseclassic.com

www.burmeseclassic.com

# ဒူးနာ၊ ဒူးကိုက်၊ အဆစ်အမြစ်ရောင်သော်

နတ်မောက်မင်းသန့်နိုင်

အသက်အရွယ်အရ လည်းကောင်း၊ တစ်ခုခုထိခိုက်မိ၍သော်လည်းကောင်း၊ ဒူးခေါင်းနာခြင်း၊ ဒူးခေါင်းကိုက်ခဲခြင်း၊ အဆစ်အမြစ်များရောင်ရမ်းနာကျင်ကိုက်ခဲခြင်းများ လူ၏ခန္ဓာကိုယ်တွင် ဖြစ်ပေါ်တတ်ပါသည်။

အသက်(၄၅)နှစ်ကျော်လာလျှင် ရိုးတွင်းခြင်ဆီခန်းလာတတ်ပါသည်။ ခြင်ဆီကို အားပေးသည့် ရုံးပတီသီးကြော်၊ ရုံးပတီသီးမီးကင်၊ရုံးပတီသီးဟင်းချိုများ စားသောက်ပေးရပါမည်။ ခြင်ဆီအားနည်းလျှင် အဆစ်အမြစ်များ ရောင်ရမ်းနာကျင်ကိုက်ခဲလာတတ်ပါသည်။ ငယ်စဉ်နုပျိုစဉ်က အလေးအပင်များ ထမ်းပိုးမ,ခြင်း၊ ဦးခေါင်းနှင့်ရွက်ခြင်းတို့သည် အသက်အရွယ်ကြီးလာသောအခါ ဒဏ်ပေါ်ပြီး အဆစ်အမြစ်ရောင်ရမ်းနာကျင်သည်လည်းရှိတတ်ပါသည်။ ငယ်ရွယ်စဉ်တွင် ဝန်နှင့်အား၊ မြားနှင့်လေး ဆိုသကဲ့သို့ မနိုင်ဝန်များ မထမ်းမပိုးရန် ဆင်ခြင်လုပ်ကိုင်ရပါမည်။ သို့မှသာ အဆစ်အမြစ်တို့ ပုံမှန်သန်စွမ်းမည်ဖြစ်ပါသည်။

ဒူးခေါင်းရောင်ရမ်းခြင်း၊ အဆစ်အမြစ်များရောင်ရမ်းနာကျင်ကိုက်ခဲခြင်းအတွက် အောက်ပါအတိုင်းပြုလုပ်ကုသပေးပါ။

ခံတက်ချဉ်တည်၍သုပ်စားရသော ခံတက်ပင်မှ အရွက်ရင့်ရင့်စိမ်းစိမ်းစိုစိုများ ခူးယူပြီး ညက်စွာထောင်းကြိတ်ပါ။ ရေနှင့်ပျစ်ပျစ်ဖျော်ပြီး မီးဖိုတွင်ခပ်နွေးနွေးကျိုချက်ပါ။ ထိုအရည်ကို အဆစ်အမြစ်ကိုက်ခဲနာကျင်ရာများပေါ် မကြာခဏလိမ်းဆွတ်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။

သောက်ရန်အတွက် ခံတက်ရွက်သတ္တုရည်ဟင်းသောက်ဇွန်း တစ်ဇွန်း၊ ကွမ်းရွက်သတ္တုရည် ဟင်းသောက်ဇွန်း တစ်ဇွန်း၊ ထောပတ်တစ်ဇွန်း ဆတူရောဖျော်သောက်ပေးပါ။ အဆစ်ရောင်ရမ်းနာကျင်ခြင်းများ သက်သာပျောက်ကင်းလာပါမည်။

အထက်ပါ လိမ်းဆွတ်ဆေးရည်၊ သောက်ဆေးရည်နှင့် အဆစ်အမြစ်ရောင်ရမ်းနာကျင်ကိုက်ခဲခြင်းများ လက်တွေ့သက်သာပျောက်ကင်းစေပါသည်။

နတ်မောက်မင်းသန့်နိုင်

---

လေးနဲ့ပုတ်ပြီး 'ကဲ - သားလေး၊ လိုက်သွားလိုက်နော်၊ မေမေဘာသံမှမကြားချင်ဘူးနော်' ဆိုပြီး ပြောတာ။

ကားကလည်း လမ်းမှာ ဘီးလေတောင်မလျော့ဘူး အံ့ရော။ စက်ချို့ယွင်းဖို့များဆို အဝေးကြီး။ သူတို့ကလည်းသိနေတဲ့လူချင်းတောင် ငှားချင်တဲ့လူမှငှားတာ။ သူတို့ကားလေးကိုတယုတယလေးကိုင်တွယ်တဲ့လူကိုပဲရွေးငှားတာ။

အဲဒီလိုမျိုး ခရီးထွက်ခါနီး လူလိုပြောကြတဲ့ကားလေးတွေအများကြီးရှိပါတယ်။ တကယ့်ကိုအံ့သြစရာတွေနဲ့ပြည့်နက်နေတဲ့ကိစ္စတွေပါ။ တချို့ကိစ္စတွေဆို ဉာဏ်မမီပါဘူး။

ဒါကြောင့် -

ကားကို ဂရုစိုက်ဖို့တော့ လိုပါတယ်။

သတိထားဖို့လည်းလိုပါတယ်။

ညစ်တီးညစ်ပတ်ဆဲဆိုပြီးမှမောင်းတာလည်းမောင်းတာပါပဲ။

ဘုရားစာရွတ်မောင်းလည်းမောင်းတာပါပဲ။

ကုသိုလ်စိတ်နဲ့မောင်းတာ ပိုကောင်းပါတယ်။

အဲဒီ ကုသိုလ်စိတ်နဲ့ မောင်းတော့မယ်ဆိုလိုက်တာနဲ့ -

ကားကိုဓာတ်ပုံရိုက်လိုက်ပါ။

ပြီးရင် ပလတ်စတစ်အိတ်အကြည်လေးထဲထည့်လိုက်ပါ။

ဘုရားဆောင်မှာတင်ထားပါ။

အဲဒီကားဓာတ်ပုံပေါ်ကနေ သစ်သီးဆွမ်းတွေထည့်ထားတဲ့ ပန်းကန်တင်ပြီး ဘုရားကိုပူဇော်လိုက်၊ သောက်တော်ရေကပ်လိုက်နဲ့ပူဇော်ပါ။ နေ့စဉ်ပြုလုပ်ပါ။

ကားလေးပေါ်ကနေဘုရားပူဇော်နေတာပါပဲ။

ဖြစ်နိုင်ရင် ကိုယ်မောင်းတဲ့ကားလေးနဲ့နီးရာဘုရားမကြာခဏသွားဖူးပါ။

သံဃာတော် အရှင်သူမြတ်များကို ကုသိုလ်ပြုပါ။

ကိုယ့်ကားလေးကရတဲ့ လုပ်အားကို သံဃာတော် အရှင်သူမြတ်ကိုကန်တော့တာနဲ့အတူတူပါပဲ။

အဲဒီကုသိုလ်ကိုမကြာခဏယူပါ။

ကျီး -

တွေ့တဲ့နေရာမှာကျွေးပါ။

ဘယ်နေရာမှာ ကျီးရှိနိုင်သလဲကြည့်ပါ။

တစ်ယောက်ယောက်နဲ့စကားပြောရင် ကျီးကန်းကျွေးလိုက်ဦးမယ် မပြောပါနဲ့၊ ကျီးကျွေးတယ်ပဲပြောပါ။

ကျီးကိုမကြာမကြာကျွေးပေးပါ။

ကျီးတွေဟာ သူတို့ကိုမကြာမကြာကျွေးတဲ့လူကိုတွေ့ရင် သိကြပါတယ်။ အသံပြုကြပါတယ်။

ဒါကို ကျီးတစိုက်မတ်မတ်ကျွေးနေတဲ့လူတွေကတော့ အသိဆုံးပါ။

ကျီးတွေခင်လာပြီလို့ပြောလို့ရပါတယ်။

ကျီးတွေခင်လာပြီဆိုရင် ကိုယ့်ကိုမြင်လို့ လှမ်းလှမ်းအသံပြုကြပြီဆိုရင် သတိထားကြည့်လိုက်ပါ။

ကားဆွဲကောင်းနေပါပြီ။

ဒါဟာ -

ဒီလအတွက် ပေးချင်တဲ့ သူရဲ့လက်ဆောင်ပါပဲ။

ကားဆွဲကောင်းချင်ပြီဆိုရင် -

ကိုယ်မောင်းနေတဲ့၊ ကိုယ့်ထမင်းရှင်ဖြစ်တဲ့ ကားလေးရဲ့ အကြောင်းကိုတော့ သိထားရပါလိမ့်မယ်။

ခုနလိုမျိုးပေါ့။

ငါဆဲမိလား၊ ငါဘာလုပ်မိလဲ။ကားလေးက ဘယ်လိုမျိုးဆို လက်မခံတတ်တဲ့သဘောရှိလဲ။

ဒါလေးတွေ လေ့လာထားပြီး လိုက်လျောညီထွေနေရင်း၊ ကျီးကျွေးရင်းနဲ့ ကားဆွဲကောင်းလာတာ လက်တွေ့ကြုံရပါလိမ့်မယ်။

ရပ်ဝေးကိုသွားရတဲ့ကားကြီးတွေဆိုရင်လည်း ဆွဲကောင်းလာပါလိမ့်မယ်။

ကားလေးတွေနဲ့ ပတ်သက်ပြီး အများကြီးစိတ်ချမ်းသာလာပါလိမ့်မယ်လို့ မေတ္တာစကားပြောရင်း -

ဖြစ်နိုင်တာကိုပဲ လက်ဆောင်ပေးလိုက်ပါပြီ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com